www.burmeseclassic.com

# အကြောက်တော်လှအောင်

အထိန်းကျော်

MARY HIGGINS CLARK

Still Watch



www.burmeseclassic.com

www.burmeseclassic.com

အထောက်တော်လှအောင်

# အထိန်းတော်

# Still Watch

MARY HIGGINS CLARK

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်(၅၁)၊ ရေကျော်လမ်းမကြီး၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၆၅၈၀

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၉၈၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၄၆၀၉၀၉

❐

ပုံနှိပ်ခြင်း

ဒုတိယအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၀၉ ခုနှစ်။

အုပ်ရေ - ၅၀၀

❐

မျက်နှာဖုံးပုံနှိပ်ခြင်း

**Sky ပုံနှိပ်တိုက်**

အမှတ်-၁၉/B(1)၊ ၅၅-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❐

အတွင်းပုံနှိပ်ခြင်း

**စွယ်တော်ပုံနှိပ်တိုက်**

အမှတ် (၈၇)၊ (၅၆) လမ်း၊ (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❐

ထုတ်ဝေသူ

**ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ**

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❐

မျက်နှာဖုံးဒီဇိုင်း

**ဝင်းမြင့်ဦး**

❐

တန်ဖိုး

**၃၅၀၀ ကျပ်**

၈၉၅.၈၃

လှအောင်၊ အထောက်တော်

အထိန်းတော် / အထောက်တော်လှအောင်။ - ရန်ကုန်။

ချိုတေးသံစာပေ၊ ဒုတိယအကြိမ်၊ ၂၀၀၉ ခုနှစ်။

စာမျက်နှာ-၄၇၀၊ ၁၄.၆၁ × ၂၃.၆၂ စင်တီမီတာ။

မူရင်းအမည် - Mary Higgins Clark by Still Watch

(၁) ဘာသာပြန်သူ - အထောက်တော်လှအောင်

(၂) အထိန်းတော်


www.burmeseclassic.com

www.burmeseclassic.com

၁

## [ ၁ ]

ပက်သည် မော်တော်ကားကို ခပ်ဖြည်းဖြည်းကလေး မောင်းလာသည်။ မျက်လုံးက တော့ ဂျော့တောင်းရပ်ကွက်၏ ကျဉ်းမြောင်းသော လမ်းများကို မလွတ်တမ်း ကြည့်လာသည်။

ကောင်းကင်မှာ မိုးသားတွေ ပြည့်နေပြီး မည်းမှောင်နေသည်။ သို့သော် လည်း လမ်းမီးများသာမက အိမ်များတွင် ထွန်းထားသည့် ရောင်စုံမီးအလှများ ကြောင့် ပတ်ဝန်းကျင်ကို ကောင်းစွာ မြင်နေရလေသည်။

ခရစ္စမတ်ပွဲတော်အတွက် အလှပြင်ပြီးကြလေပြီ။ မီးရောင်များလည်း ထိန်ထိန်လင်းကြလေပြီ။

နှင်းခဲပြင်ပေါ်သို့ ထိုးကျနေသည့် ခရစ္စမတ်ပွဲတော်၏ ရောင်စုံမီးရောင် များသည် လင်းလက် ပြိုးပြက်နေကြလေသည်။

ထိုပတ်ဝန်းကျင်သည် အမေရိကန်လူမျိုးတို့၏ စရိုက်ကို ပီပြင်စွာ ဖော်ပြ နိုင်စွမ်း ရှိသည်ဟုလည်း ဆိုနိုင်ပါသည်။

ပက်က အင်န်လမ်းပေါ်သို့ ချိုးကွေ့လိုက်သည်။ လမ်းတစ်ကန့်လောက် ဆက်မောင်းသွားသည်။ မျက်လုံးကတော့ သူ လိုချင်သော အိမ်နံပါတ်ကို မလွတ်တမ်း ရှာဖွေနေဆဲပင်။

လမ်းဆုံဘစ်ခုကို ကျော်လိုက်သည်။

ဒါပဲ ဖြစ်ရမည်။

ထောင့်အိမ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ဆုံးဖြတ်လိုက်သည်။
နေချင့်စဖွယ် အိမ်... ။
သာယာသော အိမ်... ။
စိတ်ချမ်းမြေ့သော အိမ်... ။

အိမ်ရှေ့မှာ ကားရပ်သည်။ အကျအနထိုင်ပြီး အိမ်ကို အကဲခတ်ကြည့်သည်။

ခရစ္စမတ်ပွဲတော်အတွက် မီးမထွန်းသော အိမ်ဆိုလို့ တစ်လမ်းလုံးတွင် သည်တစ်အိမ်ပဲ ရှိသည်။ ထို့ကြောင့် လှပတင့်တယ်သော အိမ်၏ ကျက်သရေမှာ အမှောင်ထဲတွင် ပျောက်ကွယ်နေရှာလေသည်။

အိမ်ရှေ့ဘက်တွင် နွယ်တက်နေသည့် ကျက်သရေ နွယ်ပင်များ၏ အထိန်းအကွပ်မဲ့မှုကြောင့် ပြတင်းပေါက်ကျယ်ကြီးများလည်း အဖုံးအုပ်ခံနေကြရရှာသည်။

ကွန်ကော့မြို့မှနေ၍ ၉ နာရီ ကြာအောင် သူ ကားမောင်းလာခဲ့ခြင်း ဖြစ်လေရာ တစ်ကိုယ်လုံး နာကျင် ကိုက်ခဲနေသည်။ လှုပ်လိုက်တိုင်း အကြောများက ဆိုင်းနေသည်။

သို့သော်လည်း သည်အိမ်ကြီးရှေ့ ရောက်လာတော့ ထိုနာကျင် ကိုက်ခဲမှုများသည် အလိုလို ပျောက်ကင်းသွားကြသည်ဟု ထင်ရသည်။

စိတ်အနှောင့်အယှက်ကလေး တစ်ခုပဲ သူ့မှာ ရှိနေသည်။ တယ်လီဖုန်း အဆက်ခံလိုက်ရသောကြောင့် ဖြစ်သည်ဟု သူ ထင်သည်။

ငါကလည်း ဖုန်းကို လက်ခံ စကားပြောလိုက်မိပေသကိုးဟု တစ်ဆက်တည်း တွေးကြည့်လိုက်မိသည်။

ဘော့စတွန်မြို့ရှိ ရုပ်မြင်သံကြားဌာနမှ သူ့ အလုပ်မထွက်မီ လေး ငါးရက် အလိုလောက်က ဖြစ်သည်။ အော်ပရေတာ အမျိုးသမီးက သူ့ကို တယ်လီဖုန်း ခေါ်သည်။

"ဖုန်းသရဲတစ်ကောင်က ရှင်နဲ့ စကားပြောချင်တယ်လို့ ဖွတ်ပြောနေတယ်၊ ပြောမလား၊ ပြီးတော့ ကျွန်မ လိုင်းမဖြတ်ဘဲ နားထောင်နေရမလား"

"ပြောတာပေါ့"

ပက်က မိမိ မည်သူ ဖြစ်ကြောင်း တစ်ဖက်လူကို ပြောပြသည်။ ပြီးတော့ အလွန်ပျော့ပျောင်းသည့် တစ်ဖက်မှ အသံကို နားထောင်သည်။

အလွန်ပျော့ပျောင်းသော်လည်း ယောကျာ်းတစ်ယောက် ပြောနေခြင်း ဖြစ်ကြောင်းကတော့ ထင်ရှား သိသာပါသည်။

"ပက်ထရီရှာထရေးမိုး... ဝါရှင်တန်မြို့ကို မင်း လုံးဝမလာပါနဲ့၊ ဆီနိတ်တာ အက်ဘီဂေးလ်ဂျင်းနင်းရဲ့ ဂုဏ်သတင်းကို ပိုပြီး ကျော်ကြားသွားစေမယ့် အစီအစဉ်ကို လုံးဝမထုတ်လွှင့်ပါနဲ့၊ နောက်ပြီးတော့ အဲဟိုအိမ်မှာလည်း လုံးဝမနေပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



အော်ပရေတာ အမျိုးသမီး အုံ့အားသင့်ပြီး အာမေဍိတ်သံ ပြုလိုက်သည်ကို ပက်ထရီရှာထရေးမိုး အတိုင်းသား ကြားလိုက်ရလေသည်။

"ရှင် ဘယ်သူလဲ"

ပက်က ခပ်ဆတ်ဆတ် ပြန်မေးသည်။

ပျော့ပျောင်းသည့် လေသံဖြင့် ဗလုံးဗထွေး ပြန်ဖြေသည်ကို ကြားလိုက်ရသောအခါ ပက်၏ လက်များမှာ ဇောချွေးများ ပြန်လာလေသည်။

"ငါဟာ သနားကြင်နာခြင်းရဲ့ ကောင်းကင်တမန် ဖြစ်တယ်၊ လွတ်မြောက်ခြင်းရဲ့ ကောင်းကင်တမန် ဖြစ်တယ်၊ လက်စားချေခြင်းရဲ့ နတ်သား ဖြစ်တယ်"

ရုပ်မြင်သံကြားဌာနတွင် အလုပ်လုပ်နေသည့် ပက်ကဲ့သို့သော အမျိုးသမီးတစ်ယောက်အဖို့ သည်လို ခြိမ်းခြောက်မှုမျိုးမှာ ရိုးနေချေပြီ။ ဖုန်းသရဲများက ကိစ္စအမျိုးမျိုး၊ အကြောင်းအမျိုးမျိုး ပြပြီး သည်လိုပဲ မကြာခဏ ခြိမ်းခြောက်တတ်သည်။

သို့သော်လည်း ယခု ခြိမ်းခြောက်မှုကတော့ အန္တရာယ် မရှိနိုင်ဟု ပြော၍ မရနိုင်အောင် ဖြစ်နေသည်။

အစိုးရအဖွဲ့တွင်းမှ အမျိုးသမီးများ ကဏ္ဍကို တာဝန်ယူ ထုတ်လွှင့်ပေးရန် ပိုတိုမက် ရုပ်မြင်သံကြားဌာနသို့ ပက်ထရေးမိုး ပြောင်းရွှေ့တော့မည် ဖြစ်ကြောင်း ကြေညာချက် ထုတ်ခဲ့သည်။ ထိုကြေညာချက်ကို စာနယ်ဇင်းများနှင့် အသံလွှင့်ဌာနများ၊ ရုပ်မြင်သံကြားဌာနများက ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပေးခဲ့ကြသည်။

သတင်း ကြေညာချက်များကို ပက် ဂရုစိုက် နားထောင်ခဲ့သည်။ သတင်းများကိုလည်း ဂရုစိုက် ဖတ်ခဲ့သည်။

သူ နေထိုင်မည့် လိပ်စာကို ထည့်သွင်း ဖော်ပြကြလေသလား ဟူသော စိုးရိမ်စိတ်ဖြင့် ဂရုစိုက် ရှာဖွေခဲ့ခြင်း ဖြစ်ပါသည်။

သို့သော်လည်း ဘယ်အထဲမှာမှ မပါပါ။

ဝါရှင်တန် သမာဓိသတင်းစာက သူ့သတင်းကို အပြည့်စုံဆုံး ရေးသား ဖော်ပြခဲ့လေသည်။

**ရွှေရောင်ဆံပင် ရှိသော၊ အသံ အက်တက်တက်ကလေးဖြင့် စကားပြောတတ်သော၊ အညိုရောင် ညှို့မျက်လုံးကြီးများကို ပိုင်ဆိုင်သော ပက်ထရီရှာထရေးမိုးသည် ပိုတိုမက် ရုပ်မြင်သံကြား အစီအစဉ်၏ အဓိက စွဲမက်စရာ အမျိုးသမီးတစ်ယောက် ဖြစ်လာပေတော့မည်။ ပက်သည် ဘော့စတွန် ရုပ်မြင်သံကြားဌာနတွင် တာဝန်ထမ်းဆောင်စဉ်က နာမည်ကြီး ပုဂ္ဂိုလ်တို့၏ ကိုယ်ရေးထုပ္ပတ်များ တင်ဆက်ပေးမှုကြောင့် အကောင်းဆုံး ရုပ်မြင်သံကြား စီစဉ်တင်ဆက်သူ ရွှေတံဆိပ်ဆု ချီးမြှင့်ရန် နှစ်ကြိမ်တိုင်တိုင် နာမည်စာရင်း တင်သွင်းခြင်း ခံရသူ ဖြစ်လေသည်။**

www.burmeseclassic.com

www.burmeseclassic.com



လှတို့သည် မိမိတို့ ဖုံးဖိ ကွယ်ဝှက်ထားလိုသော အချက်များကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဖြစ်လာအောင် ဆွဲဆောင်ရာတွင် ပက်သည် အံ့ဩဖွယ်ကောင်းလောက်အောင် ပါရမီထူးသူ ဖြစ်လေသည်။

ပိုတိုမက် ရုပ်မြင်သံကြားဌာနသို့ ရောက်ပြီး ပက်ထရီရှာထရေးမိုး ပထမဆုံး ထုတ်လွှင့် တင်ဆက်မည့် ပုဂ္ဂိုလ်မှာ ဗာကျိုးနီးယားပြည်နယ်မှ ဝါရင့် ဆီးနိတ်လွှတ်တော် အမျိုးသမီးအမတ် အက်ဘီဂေးလ်ဂျင်းနင်း ဖြစ်မည်ဟု သိရသည်။

ထိုအစီအစဉ်ထဲတွင် ဆီးနိတ်တာ အက်ဘီဂေးလ်ဂျင်းနင်း၏ ပြည်သူနှင့် ဆက်ဆံနေရသော ဘဝသာမက ပြည်သူ မသိသေးသည့် သူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အဖြစ်အပျက်များကိုလည်း ထည့်သွင်း ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း ပိုတိုမက် ရုပ်မြင်သံကြားဌာနကြီး၏ သတင်းဘက်ဆိုင်ရာ ညွှန်ကြားရေးမှူးလည်းဖြစ်၊ သတင်းများ စီစဉ်တင်ဆက်သူလည်း ဖြစ်သည့် လူသာ ပယ်လ်ဟာမ်းက ထုတ်ဖော် ပြောဆိုသည်။

ချောမောလှပပြီး အလွန်တရာ နှုတ်စောင့်စည်းသည့် ဆီးနိတ်တာ ဂျင်းနင်း ရင်ဖွင့်လာအောင် ပက်ထရေးမိုး အဘယ်မျှ ကလော်ထုတ်နိုင်မည်ကို ဝါရှင်တန် မြို့သူမြို့သားများက စိတ်ဝင်တစား စောင့်မျှော်နေကြလေသည်။

'သနားကြင်နာခြင်းရဲ့ ကောင်းကင်တမန်' ဆိုသူ ဖုန်းဆက်သည့် အကြောင်းယခု ပြန်သတိရသောအခါ ပက်မှာ နေမထိ ထိုင်မသာ ဖြစ်လာလေသည်။

အထူးသဖြင့် 'အဲပုဂ်အိမ်' ဟူသော အသုံးအနှုန်းနှင့် လေယူလေသိမ်းသည် ပက်ကို နှိပ်စက်ညှဥ်းပန်းနေသလို ဖြစ်နေချေသည်။

အဲပုဂ်အိမ် အကြောင်း သိသူသည် မည်သူ ဖြစ်မည်နည်း။

မော်တော်ကားမှာ အေးစက်နေသည်။ ကားစက် သတ်ထားသည်မှာလည်း မိနစ် အနည်းငယ် ကြာသွားပြီ ဖြစ်ကြောင်း ပက် သတိထားမိလာသည်။

အတက်ချီကုတ်စ် ကိုင်ထားသူ တစ်ယောက်သည် သူ့နားမှ ဖြတ်ပြီး ခပ်သုတ်သုတ် လျှောက်သွားသည်။ သို့သော်လည်း တစ်ယောက်တည်း ထိုင်ပြီး ငေးနေသည့် ပက်ကို တွေ့သောအခါ ခြေလှမ်း တုံ့သွားကာ ခေတ္တ အကဲခတ်ကြည့်သည်။ ပြီးမှ သူ့လမ်း သူ ဆက်သွားသည်။

"ကောင်မလေးတစ်ယောက် မယောင်မလည် လုပ်နေတာ တွေ့ရတယ်"

ဟု ထိုသူက ရဲကို သတင်းလှမ်းမပေးခင် သည်နေရာမှ ရွှေ့မှ ဖြစ်တော့မည်ဟု ပက်က စဥ်းစားသည်။

ခြံထဲသို့ ဝင်သည့် သံတံခါးကြီး ပွင့်နေသည်။ ပက်က ကားမောင်းဝင်သွားသည်။ ကျောက်ခင်းလမ်းအတိုင်း မောင်းသွားပြီး အိမ်ရှေ့တံခါးမကြီး ရှေ့တည့်တည့်မှာ ရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပိုက်ဆံအိတ်ထဲမှ အိမ်သော့ နှိုက်ရှာသည်။

တံခါးနားက လှေကားထစ်ပေါ်မှာ သူ့ခြေလှမ်းများ ရပ်သွားသည်။ သူ့စိတ်ထဲမှာ မည်သို့ ခံစားနေရသည်ကို ကြိုးစား အာရုံခံကြည့်သည်။

အရေးတကြီး တုံ့ပြန်မှုမျိုးကို ခံစားရလိမ့်မည်ဟု သူ မျှော်မှန်းထားခဲ့သည်။ ယခုတော့ သည်လို မဟုတ်ပါ။ သူ မျှော်မှန်းထားခဲ့သလို မခံစားရတော့ပါ။ နိုးရိုးကလေးပဲ သူ ခံစားနေရပါသည်။

အိမ်ထဲသို့ ဝင်သွားချင်သည်။ ကားထဲမှာ ရှိသည့် အဝတ်အစား သေတ္တာများကို သယ်ချချင်သည်။ နောက်ပြီး ကော်ဖီဖျော်ကာ ဆင်းဒဝစ် လုပ်ချင်သည်။

သူ့စိတ်ထဲမှာ ခံစားနေရသည်များကတော့ ဒါလောက်ပဲ ဖြစ်ပါသည်။

သော့ပေါက်ထဲ သော့ထည့်ပြီး လှည့်လိုက်သည်။ တံခါးကို တွန်းဖွင့်သည်။ မီးခလုတ်ကို တွေ့ရသည်။

အိမ်ကြီးက အရမ်းသန့်ရှင်း သပ်ရပ်နေသည်ဟု ထင်ရလေသည်။

သမံတလင်းက ချောမွေ့နေသည်။

ပန်းဆွဲမီးဆိုင်းများက အရောင်တဖိတ်ဖိတ် တောက်နေသည်။

ဒုတိယအကြိမ် ပြန်ကြည့်လိုက်တော့မှ ဆေးများ အရောင်ပြယ်လွင့်စပြုနေပုံ၊ ကြမ်းများ ကွာထွက်နေပုံ၊ အပွန်းအပဲ့များ ရှိနေပုံတို့ကို သတိထားမိလေတော့သည်။ အိမ်ထောင်ပရိဘောဂ အများစုမှာ အပြီး စွန့်ပစ်ရတော့မည့် ပစ္စည်းများနှင့် ကောင်းစွာ ပြန်လည်ပြုပြင်ပြီးမှသာ သုံးသင့်သည့် ပစ္စည်းများ ဖြစ်နေသည်ကို တွေ့ရလေသည်။

ပြဿနာ မရှိပါ။ ကွန်ကော့အိမ်မှ အထပ်ခိုးပေါ်တွင် အိမ်ထောင်ပရိဘောဂ အကောင်းစားများ သိမ်းထားတာ ရှိပါသည်။ သယ်ယူပို့ဆောင်ရေးကုမ္ပဏီက နက်ဖြန် လာပို့ပေးမည် ဖြစ်လေသည်။

ပထမထပ်မှာ သူ ဖြည်းဖြည်းချင်း လမ်းလျှောက်ကြည့်နေသည်။ လက်ဝဲဘက်တွင် ထမင်းစားခန်းကျယ်ကြီး ရှိသည်။ ဧည့်သည် စောင်သည်များကို ဧည့်ခံသည့်အခါတွင် လည်းကောင်း၊ အလှူအတန်းများ ပြုလုပ်သည့်အခါတွင် လည်းကောင်း အသုံးပြုသည့် ထမင်းစားခန်းကြီး ဖြစ်ပါသည်။ ထို့ကြောင့် အလွန်တရာ ခမ်းနား သပ်ရပ်အောင် တည်ဆောက်ထားသည်။

သူ ၁၆ နှစ်သမီး အရွယ်တုန်းက ကျောင်းမှ လေ့လာရေးခရီး ထွက်ရင်း ဝါရှင်တန်မြို့သို့ ရောက်လာဖူးသည်။ သည်အိမ်ကြီးရှေ့မှ ဖြတ်လျှောက်သွားခဲ့ဖူးသည်။

အပြင်ကနေ ကြည့်တော့ ဒါလောက် ကျယ်လွင့်သည်ဟု မထင်ရ။ ခပ်ကျဉ်းကျဉ်း သာမန်အိမ်တစ်လုံးဟုသာ ထင်မှတ်ရလေသည်။

စားပွဲမှာ ခြစ်ရာတွေ ရှိသည်။ နံရံကပ် ဗီရိုများတွင် အစင်းကြောင်းများ ရှိနေသည်။ ပန်းကန်ခွက်ယောက်များ တင်သည့် ဘောစင်များတွင် အကွက်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ထင်နေသည်။ အလွန်ပူသည့် ထမင်း ဟင်း ပန်းကန်များကို အောက်ခံမရှိဘဲ သည်အတိုင်း တင်သည့်အတွက် ထင်သည့် အကွက်ကြီးများ ဖြစ်လေသည်။

သို့သော်လည်း ပစ္စည်းများ ကောင်းကြောင်းကိုတော့ သူ သေသေချာချာ သိပါသည်။ အဆင့်အတန်းမြင့်သည့် အဖိုးတန်များချည်း ဖြစ်သည်။ ပစ္စလက်ခတ် ပစ်ထားသော်လည်း သူတို့၏ အမျိုးအစား ကောင်းမွန်သော ဂုဏ်သိမ်ကတော့ ပေါ်လွင်နေဆဲပင် ဖြစ်ပါသည်။

မီးဖိုချောင်နှင့် စာကြည့်ခန်းကို ကွက်ခနဲ တစ်ချက် လှမ်းကြည့်သည်။ သို့သော်လည်း ထိုနေရာတွင် မရပ်ဘဲ သိသိကြီးနှင့် ဆက်လျှောက်နေလိုက်သည်။

သတင်းစာများထဲတွင် သည်အိမ်ကြီးအကြောင်း ရေးခဲ့ကြပြီ။ ဘယ်နား တွင် ဘာရှိကြောင်း အသေးစိတ် ရေးခဲ့သည်။ ထို့ကြောင့် ပက်ကလည်း ဘယ်နား ရောက်လျှင် ဘာတွေ့ရမည် ဖြစ်ကြောင်း သိနေသည်။

ညေ့ခန်းသည် ညာဘက်က နောက်ဆုံးအခန်း ဖြစ်သည်။

ညေ့ခန်းအနီးသို့ ချဉ်းကပ်သွားတော့ သူ့လည်ချောင်းများ ခြောက်လာ သည်။ ပြီးတော့ တင်းကျပ်လာသည်။

သည်လို အလုပ်မျိုးကို လုပ်နေတာ…

သည်ကို ပြန်လာတာ…

မေ့ပျောက်ထားလိုက်လျှင် အကောင်းဆုံး ဖြစ်နိုင်သည့် အတိတ်က အကြောင်းများကို ပြန်သတိရအောင် ကြိုးစားနေတာ သူ အရူးထတာလား။

ညေ့ခန်းတံခါးကို ပိတ်ထားသည်။ တံခါး လက်ကိုင်ဘုပေါ်သို့ လက်တင် လိုက်ပြီး တုံ့ဆိုင်းဆိုင်းဖြင့် သူ အသာလှည့်သည်။

ဖြုန်းခနဲ တံခါးပွင့်သွားသည်။

ဘေးက နံရံပေါ်မှာ စမ်းကြည့်သည်။ မီးခလုတ်ကို တွေ့သည်။ မီးဖွင့် လိုက်သည်။

အခန်းကြီးက ကျယ်သည်။ သပ်ရပ်လှပသည်။ မျက်နှာကြက်ကြီးက အမြင့်ကြီး ဖြစ်သည်။ မီးလင်းဖိုကို ကျောက်ဖြူသားများဖြင့် တည်ဆောက်ထား သည်။ အလွန်လှသော မီးလင်းဖိုကြီး ဖြစ်သည်။

ပြတင်းပေါက်နားမှာ ခုံတစ်လုံး ရှိသည်။

ပြီးတော့ အလွန်ကြီးမားလှသည့် စန္ဒရား။ နက်မှောင်သော မဟော်ဂနီသား ဖြင့် ပြုလုပ်ထားသည့် စန္ဒရားကြီး။

ထိုအရာများကလွဲပြီး အခန်းထဲတွင် အခြား ဘာမှ မရှိပါ။

မီးလင်းဖို၏ ညာဘက် ဘေးတွင် ချထားသည့် စန္ဒရားကြီးကတော့ ထင်းထင်းကြီး ပေါ်လွင်နေသည်။

မီးလင်းဖို…

www.burmeseclassic.com

www.burmeseclassic.com



မီးလင်းဖိုဆီ သွားဖို့ သူ ခြေလှမ်းပြင်လိုက်သည်။

သူ့လက်နှစ်ဖက်နှင့် ခြေထောက်များ စတင် တုန်ယင်လှုပ်ရှားလာကြလေသည်။

နဖူးနှင့် လက်ဖဝါးများမှာ ချွေးစေးများ ချက်ချင်း ထွက်လာသည်ကို သတိထားလိုက်မိသည်။

သူ တံတွေလည်း မျိုမချနိုင်တော့ပါ။

အခန်းကြီးသည် သူ့ပတ်လည်မှာ ချာလပတ်လည်လာသည်။

တစ်ဖက်စွန်းရှိ တံခါးမကြီးဆီသို့ ပြေးသွားသည်။ တံခါးကို ကမန်းကတန်း ဖွင့်သည်။ ဖွင့်သွားတော့ ရေခဲပြင် ဖြစ်စပြုနေသည့် မြေကွက်လပ်ကလေးဆီသို့ ပြေးထွက်ခဲ့သည်။

ကြောက်လန့်တကြား အသက်မြန်မြန်ရှူသည်။ အဆုပ်ထဲမှာ လေအေးအေးများ ပြည့်သွားသည်။

တစ်ကိုယ်လုံး ကျင်သွားအောင် အေးလာသည်။ လက်နှစ်ဖက်ဖြင့် လက်မောင်းများကို သိုင်းဖက်ထားလိုက်ရသည်။

သူ့ကိုယ်လုံး ယိမ်းထိုးလာသည်။ လဲကျသွားတော့မည်။ မလဲအောင် တစ်ခုခုကို ကိုင်ထားဖို့ လိုသည်။

အိမ်နံရံကို လှမ်းကိုင်ထားလိုက်ရသည်။

သစ်ရွက် မရှိတော့သည့် သစ်ပင်အားလုံးတို့သည်လည်း သူနှင့်အတူ လိုက်ပြီး ယိမ်းထိုးနေကြသည်ကို တွေ့ရလေသည်။

နှင်းပွင့်များက ခြေမျက်စိ မြုပ်ရုံလောက် ရှိသည်။ ဖိနပ်ထဲသို့ ရေခဲရေများ ဝင်လာကြောင်း သူ သတိထားလိုက်မိသည်။ သို့သော်လည်း မခံမရပ်နိုင်လောက်အောင် အေးမလာသေးသမျှ အိမ်ထဲသို့ ပြန်မဝင်ဖို့ ဆုံးဖြတ်ပြီး ပေရပ်နေလိုက်သည်။

မိနစ်ပေါင်း အတော်များများ ကုန်လွန်သွားသည်။ ထိုအခါကျမှ အခန်းထဲသို့ ပြန်သွားဖို့ သူ့ကိုယ်သူ ယုံကြည်စိတ်ချလာသည်။

တံခါးကို သေသေချာချာ ဂရုစိုက်ပြီး ပိတ်သည်။ အပေါ်မင်းတုပ်၊ အောက် မင်းတုပ်များကို သေချာ တိကျအောင် ပိတ်သည်။

သူ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

ပြီးတော့ နောက်ဘက်သို့ ဖြုန်းခနဲ လှည့်လိုက်သည်။

သို့သော် မြန်မြန်ကြီး သူ ပြန်မသွားပါ။

မလှမ်းချင် လှမ်းချင် ခြေလှမ်းမျိုးဖြင့် မီးလင်းဖိုဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားလေသည်။

မီးလင်းဖိုမှ အဖြူရောင် ကျောက်သားများကို လက်ဖြင့် ပွတ်သပ် ကိုင်တွယ်ခံသပ်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ ကြာမြင့်လွန်းလှသည်။

သင်္ဘောပျက်မှ အပိုင်းအစများ တစ်နေရာသို့ စုစည်း ရောက်ရှိလာသကဲ့သို့ အတိတ်မှ အကြောင်းအရာများသည်လည်း သူ့ဆီသို့ တစ်စစီ ပြန်လည်ရောက်ရှိ လာကြလေသည်။

သူသည် သည်အိမ်ကြီးထဲမှာ ကလေးလေးဘဝဖြင့် နေခဲ့သည့် အကြောင်းများကို လွန်ခဲ့သော နှစ်များတုန်းက အိပ်မက်များ မက်ခဲ့ဖူးသည်။

ပြီးတော့ သေလောက်အောင် ကြောက်သော ကြောက်စိတ်မျိုးဖြင့် အိပ်ရာမှ နိုးခဲ့ရသည်။

အော်ဖို့ ကြိုးစားသည်။

သို့သော် ဘာသံမှ ထွက်မလာ။

အလွန့်အလွန် ကြောက်ခြင်းသည် ဆုံးရှုံးခြင်းနှင့်သာ အဆုံးသတ်လိုက်ရစမြဲ ဖြစ်သည်။

သူ စဉ်းစားကြည့်ခဲ့ဖူးသည်။

အမှန်တရားသည် သည်အိမ်ကြီးထဲမှာသာ ရှိနေသည်ဟူ၍…

ထိုအဖြစ်အပျက်များသည် သည်အိမ်ကြီးထဲမှာပဲ ဖြစ်ပွား ပေါ်ပေါက်ခဲ့ခြင်း ဖြစ်လေသည်။

သတင်းစာများတွင် ဖော်ပြ ပါရှိခဲ့သည့် ခေါင်းစီး စာလုံးမည်းကြီးများသည် အသိဉာဏ်အတွင်းသို့ အတင်း တိုးဝေ့ ပြေးဝင်လာကြလေသည်။

**ဝစ္စကွန်စင် ကွန်ဂရက်လွှတ်တော်အမတ် ဒင်းအဒမ်စ်က လုပ်ပြီး ဆိုရှယ်ကျသည့် သူ့ဇနီးကို ပစ်သတ်ပြီး သူ့ကိုယ်သူ သတ်သေသွားခြင်း၊ သုံးနှစ်အရွယ် သမီးလေး၏ အသက်ကို လုယူနေကြရခြင်း…**

ထိုခေါင်းစီးစာလုံးမည်းကြီးများက ပက်၏ ခေါင်းထဲမှာ လျှပ်ပြက်သလို လင်းလက်နေလေသည်။

ထိုသတင်းများကို သူ အကြိမ်ပေါင်းများစွာ ဖတ်ခဲ့ဖူးပါပြီ။ ဖတ်လွန်းသောကြောင့် အားလုံးကို အလွတ်ပင် ရနေပြီ။

'ကျွန်တော်တော့ ဘယ်လိုမှကို နားလည်လို့ မရတော့ပါဘူးဗျာ၊ ဒင်းနဲ့ ကျွန်တော်ဟာ သိပ်ကို ချစ်ခင်ရင်းနှီးတဲ့ သူငယ်ချင်းတွေ ဖြစ်ပါတယ်၊ သူဟာ ဘယ်လိုအကြောင်းနဲ့မှ ဒေါသတကြီး ပေါက်ကွဲတတ်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး… ဟု ဆီနိတ်လွှတ်တော်အမတ် ဂျွန်-အက်ဖ်-ကနေဒီက ထုတ်ဖော် ပြောဆိုသွားသည်' ဆိုတာမျိုး… ။

www.burmeseclassic.com



မိမိ ဓနီးကို သတ်ပစ်ပြီး မိမိကိုယ်ကိုလည်း ပြန်သတ်ပစ်လောက်အောင် မည်သည့်အကြောင်းက နာမည်ကြီး ကွန်ဂရက် လွှတ်တော်အမတ်ကို စေ့ဆော်လိုက် လေသနည်း။

သူတို့ လင်မယား နှစ်ယောက် ကွာရှင်းပြတ်စဲကြတော့မည် ဆိုသည့် ကောလာဟလ သတင်းများကလည်း ထွက်ပေါ်နေသည်။

ဓနီးဖြစ်သူက သူနှင့် လမ်းခွဲတော့မည်ဟု ဆိုသောကြောင့် ဒင်းအဒမ်စ် ဒေါသကို မထိန်းနိုင်လောက်အောင် ပေါက်ကွဲသွားလေသလား။

သေနတ်ကို သူတို့နှစ်ယောက် သူရ ကိုယ်ရ လုကြပုံပေါ်သည်။ သေနတ် ပေါ်တွင် သူတို့ နှစ်ယောက်စလုံး၏ လက်ဗွေများ ရှိနေသည်။ လက်ဗွေတွေ အချင်းချင်း ထပ်နေသည်။

သူတို့၏ ၃ နှစ်အရွယ် သမီးကလေးကို မီးလင်းဖိုနားမှာ သတိမေ့လျက် တွေ့ရသည်။ ခေါင်းကွဲနေသည်။ ညာဘက်ခြေထောက် ကျိုးနေသည်။

ပက်ကို မိမိတို့ မွေးစားထားခြင်း ဖြစ်ကြောင်း ဗရိုနီကာနှင့် ချားလ်စ် ထရေးမိုးတို့က ပြောပြထားသည်။

သို့သော်လည်း ငယ်ငယ်က ပြောသည် မဟုတ်။ ပက် အထက်တန်း ကျောင်းသူဘဝ ရောက်တော့မှ ဇာတ်လမ်းအမှန်များကို ထုတ်ဖော် ပြောဆိုကြခြင်း ဖြစ်လေသည်။

သူ့မိခင်သည် ဗရိုနီကာ၏ အစ်မအရင်း ဖြစ်ကြောင်း သိရသောအခါ ပက်မှာ အကြီးအကျယ် တုန်လှုပ်ချောက်ချားခဲ့ရဖူးလေသည်။ ဗရိုနီကာနှင့် ချားလ်စ် တို့ကို သူ့မိဘအရင်းဟု တစ်သက်လုံး သိရှိ ယုံကြည်လာခဲ့သောကြောင့် ဖြစ်လေ သည်။

"သမီးဟာ တစ်နှစ်လုံးလုံး ကိုမာဝင်ပြီး သတိလစ်နေတယ်၊ အသက်ရှင် လိမ့်မယ်လို့ ဘယ်သူကမှ မထင်ကြတော့ဘူး"

ဗရိုနီကာက သူ့ကို အဖြစ်မှန်များ ပြန်ပြောပြခဲ့သည်။

"နောက်ဆုံးကျတော့ သမီး သတိပြန်ရလာတယ်၊ ဒါပေမဲ့ သမီးဟာ ကလေးလေး ပြန်ဖြစ်သွားတယ်၊ ဘာမှ မသိတော့ဘူး၊ ဘာမှလည်း မတတ်တော့ဘူး၊ သမီးကို အားလုံး အစကနေ ပြန်သင်ပေးရမယ်၊ မေမေ အဲ အဲ··· သမီးရဲ့ ဘွားဘွား ပေါ့လေ၊ ဘွားဘွားက သမီးရဲ့ နာရေးကြော်ငြာကို သတင်းစာထဲမှာ သွားထည့် လိုက်တယ်၊ ဘာကြောင့်လဲဆိုရင် စိတ်တုန်လှုပ်ချောက်ချားဖွယ် ကောင်းတဲ့ ဇာတ်လမ်း ဆိုးကြီးနဲ့ သမီး ကင်းဝေးသွားအောင်လို့ အဖြစ်ပျောင်းတွေကို သမီးနဲ့ အဆက် အသွယ် ဖြတ်ပြီး ပြည်ဖုံးကား ချလိုက်တဲ့ သဘောပဲ၊ ဒီလိုမှ မဟုတ်ရင် သမီး တစ်သက်လုံး စိတ်ချောက်ချားနေရတော့မယ်လို့ ဘွားဘွား ထင်တယ်။

"အဲဒီအချိန်တုန်းက ချားလ်စ်နဲ့ မေမေက အင်္ဂလန်မှာ နေတယ်၊ ပြီးတော့ သမီးကို မေမေတို့ကပဲ မွေးစားလိုက်တယ်၊ မေမေနဲ့ ရင်းနှီးတဲ့ အပေါင်းအသင်း

www.burmeseclassic.com



အားလုံးကိုတော့ သမီးလေးဟာ အင်္ဂလိပ်မိသားစု တစ်စုက ပေါက်ဖွားတာ ဖြစ်ပြီး အင်္ဂလန်မှာပဲ မေမေတို့က မွေးစားလိုက်တာပါလို့ ပြောထားတယ်''

ဗရိနီကာက အသေးစိတ် ပြန်ပြောပြသောကြောင့် ဇာတ်လမ်းအစုံကို ပက် သိရခြင်း ဖြစ်လေသည်။

ဝါရှင်တန်သို့ ပြောင်းပြီးလျှင် ဂျော့တောင်းအရပ်က အိမ်ကြီးမှာ ပြန်နေမည့် အကြောင်း ပြောပြတုန်းက ဗရိနီကာ ယမ်းပုံမီးကျ ဖြစ်ခဲ့သည်ကိုလည်း ပက်ထရီရှာအနေဖြင့် ယခု ပြန်သတိရနေမိလေသည်။

''သမီး အဲဒီကို ပြန်သွားလို့မျှားတော့ ငါးပါးသာမက သံဃာစင်ပါ မှောက်ပြီလို့ ပြောရတော့မှာပဲ''

ဗရိနီကာ ယမ်းပုံမီးကျရုံသာမက ထိတ်လန့်တကြားလည်း ပြောသေးသည်။

''အဲဒီ ဂျော့တောင်းအိမ်ကြီးကို ငှားထားမယ့်အစား အစကတည်းက သမီးအတွက် ရောင်းပစ်ခဲ့မိရင် ကောင်းမှာ၊ သမီးဟာ ရုပ်မြင်သံကြားလုပ်ငန်းမှာ အခု အရမ်း အောင်မြင်နေပြီ၊ သမီးကို လူတိုင်း သိနေကြပြီ၊ သမီး ဖြစ်ချင်တာတွေ ဖြစ်နိုင်ပြီ၊ ဒီကြားထဲက ဘာဖြစ်လို့ အတိတ်အကြောင်းတွေကို ပြန်ဖော်နေချင်ရတာလဲ၊ ဝါရှင်တန်ကို ပြန်သွားရင် ငယ်ငယ်တုန်းက သမီးကို သိခဲ့တဲ့ လူတွေနဲ့ ပြန်တွေ့နိုင်တယ်၊ တစ်ယောက်ယောက်ကတော့ သမီးကို မှတ်မိမှာပဲ၊ အဲဒီလို မှတ်မိရင် ဇာတ်လမ်းကြီးကို ပြန်နှုးကြတော့မယ်၊ သမီးမှာ ဘယ်လို အကျိုးကျေးဇူး ရှိနိုင်သလဲ''

ပက်ကလည်း ဝါရှင်တန်သို့ ပြောင်းဖြစ်အောင် ပြောင်းမည်။ ပြောင်းပြီးလျှင် ဂျော့တောင်းအိမ်ကြီးမှာ ပြန်နေမည်ဟု ခွတ်ပြောသည်။

ထိုအခါတွင် ဗရိနီကာ၏ နှုတ်ခမ်းများမှာ ဒေါသကြောင့် တင်းတင်းစေ့ သွားလေသည်။ ပြီးတော့ စိတ်ထိခိုက်သည့် လေသံဖြင့်လည်း ပြောသေးသည်။

''သမီးကို လူသစ် စိတ်သစ် ဘဝသစ်မှာ မေမေတို့ တည်ဆောက်ပေးထားပြီးပြီ၊ အားလုံးလည်း ပြည့်စုံနေပြီ၊ လိုလေသေး မရှိအောင် မေမေတို့ ဖန်တီးခဲ့ကြပြီ၊ ဒီကြားထဲက သမီးက သွားချင်သပ ဆိုရင် သွားပါ၊ နောင် တစ်ခုခု ဖြစ်လာတဲ့အခါကျရင် မေမေတို့ မတားကောင်းလား ဆိုတာမျိုး လုံးဝ မပြောနဲ့''

သည်လို ဖြစ်ကြပြီး သူတို့ သားအမိနှစ်ယောက် တင်းကျပ်စွာ ဖက်ထား ခဲ့မိကြသည်။ နှစ်ယောက်စလုံး နတ်ကျသလို ဆတ်ဆတ်တုန်နေကြသည်။

''မေမေရယ်··· သမီးဘဝကိုလည်း စဉ်းစားကြည့်ပါဦး၊ သမီးရဲ့ အလုပ်ဟာ အမှန်တရားကို ရှာဖွေတဲ့ သတင်းစာဆရာ အလုပ်ပါ၊ လူသားတွေရဲ့ ကောင်းတာကိုရော ဆိုးတာကိုပါ တူးဆွ ရှာဖွေတဲ့ အလုပ်ပါ၊ အဲဒီအလုပ်ကို လုပ်နေရတဲ့ သမီးဟာ ကိုယ့်ဘဝအမှန်ကို မသိရဘဲ၊ တူးဆွ ဖော်ထုတ်ခွင့်လည်း မရှိဘဲ နေရမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သမီး စိတ်ထဲမှာ ဘယ်လို ခံစားရမယ် ဆိုတာ စဉ်းစားကြည့်ပါဦး မေမေ ရယ်…”

ပက်ထရီရှာထရွေးမိုးက ဗရိုနီကာကို အနူးအညွတ် တောင်းပန်လေသည်။

ပက်သည် သူ့စိတ်ကို သူ ကောင်းစွာ ထိန်းနိုင်သောအခါ မီးဖိုချောင်ထဲသို့ ဝင်သွားပြီး တယ်လီဖုန်းကို ကောက်ကိုင်သည်။

သူ ငယ်ငယ်တုန်းက ဗရိုနီကာနှင့် ချားလ်စ်ကို နာမည်ခေါ်ခဲ့သည်။

သို့သော်လည်း သူ အရွယ်ကလေး အတော်ရလာသည့်အခါတွင် ဖေဖေ၊ မေမေဟု ပြင်ခေါ်သည်။

ထိုသို့ အခေါ်ခံရပြန်တော့လည်း ဗရိုနီကာတို့ လင်မယားမှာ မနေတတ် မထိုင်တတ်သလို ဖြစ်နေကြပြန်သည်။

တယ်လီဖုန်း ခေါင်းလောင်း တစ်ချက် မြည်ရုံဖြင့် တစ်ဖက်မှ ဗရိုနီကာ က ကောက်ကိုင်သည်။

“ဟိုင်း… မေမေ၊ သမီး ဒီကို ချောချောမောမော ရောက်လာပြီ၊ လမ်းမှာ မော်တော်ကားလည်း တော်တော်ရှင်းတယ်”

“ဒီကို ရောက်ပြီ ဆိုတာ ဘယ်ကို ရောက်တာကို ပြောတာလဲ”

ဗရိုနီကာက ပြန်မေးသည်။

“ဂျော့တောင်းအိမ်ကြီးကို ရောက်တာကို ပြောတာလေ မေမေရဲ့”

အိမ်ထောင်ပရိဘောဂနှင့် အသုံးအဆောင် ပစ္စည်းများ မရောက်သေး မချင်း ဗရိုနီကာက ပက်အို ဟိုတယ်မှာပဲ တည်းနေစေချင်သည်။ ပစ္စည်းများ အားလုံး နေရာချထားပြီးတော့မှ ဂျော့တောင်း အိမ်သို့ ပြောင်းရွှေ့နေစေချင်သည်။ ထို့ကြောင့် တစ်ဖက်မှ အပြင်းအထန် ကန့်ကွက်တော့မည်ကို သိသော ပက်က ကန့်ကွက်စကား မပြောသာအောင် သူ့စကားကို ချက်ချင်း ဆက်ပြောသည်။

“အခုလိုက ပိုကောင်းသွားတယ် မေမေ။ သိတယ် မဟုတ်လား၊ အလုပ်နဲ့ ပတ်သက်တဲ့ ပစ္စည်းပစ္စယတွေကို စာကြည့်ခန်းထဲမှာ နေရာချထားရုံမယ်၊ ပြင်ဆင်မှုတွေ ဒီမှာ လုပ်ရမယ်၊ ဆီနိုက်တာ ဂျင်းနင်းနဲ့ အင်တာဗျူး လုပ်ဖို့ ထိစ္စကို ဒီမှာ လွတ်လွတ်လပ်လပ် ပြင်ဆင်ရမယ်၊ မနက်ဖြန် အလုပ် စတော့မှာ မေမေ”

“သမီး အဲဒီအိမ်ကြီးမှာ နေရတာ နည်းနည်းမှ စိတ်စနိုးစနောင့် မဖြစ်ဘူး လား”

“မဖြစ်ပါဘူး မေမေ”

ထိုသို့ ပြန်ဖြေရင်း ဗရိုနီကာ၏ စိုးရိမ်သောက ရောက်နေသော မျက်နှာ သွယ်သွယ်ကလေးကို မြင်ယောင်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးအကြောင်းကို မေ့ထားလိုက်ပါ မေမေ၊ မေမေတို့ ခရီးသွားဖို့လို့သာ အာရုံစိုက်ပြီး ပြင်ဆင်ပါ၊ ထုပ်လို့ ပိုးလို့ရော ပြီးကုန်ပြီလား မေမေ"

ပက်က သူ့အမေ အာရုံပြောင်းသွားအောင် ခရီးသွားသည့် အကြောင်းကို စကားဦး လှည့်ပစ်လိုက်သည်။

"အားလုံး ပြီးသွားပြီ သမီး၊ အခါကြီး ရက်ကြီးမှာ သမီး တစ်ယောက်တည်း နေရမှာကို မေမေ မကြိုက်လိုက်တာနော်"

"မေမေရယ်... အစီအစဉ် ထုတ်လွှင့်ဖို့အတွက် သမီး အရမ်းအလုပ်များနေမှာပါ၊ အခါကြီး ရက်ကြီး ဆိုတာကိုတောင် သတိရနိုင်မှာ မဟုတ်ပါဘူး၊ နောက်ပြီးတော့ ခရစ္စမတ်ပွဲတော်ရက် အစောပိုင်းတွေမှာ မေမေတို့နဲ့အတူတူ နေခဲ့ရသားပဲ၊ ဘယ်မှာ သမီးတစ်ယောက်တည်း ဟုတ်လို့လဲ၊ ကဲ... ကားပေါ်က ပစ္စည်းတွေ သမီး ပြေးသယ်ချလိုက်ဦးမယ်နော်၊ မေမေနဲ့ ဖေဖေ့ကို သမီး ချစ်တယ်၊ မေမေတို့ရဲ့ ပျားရည်ဆမ်း ဒုတိယခရီးမှာ ဖေဖေက မေမေ့ကို အရူးအမူး ချစ်သွားပါစေလို့ ဆုတောင်းလိုက်ပါတယ် မေမေ"

"ခွေးစုတ်မလေး... မတော်တရော် ပြောတော့မယ်"

ဗရိုနီကာက ကြိမ်းသည်။ သို့သော်လည်း သဘောကျသည့် လေသံများ အပြည့်အဝ ပါနေကြောင်း သူတို့ သားအမိ နှစ်ယောက်စလုံး သိလိုက်ကြပါသည်။

တယ်လီဖုန်း မချမီ ဗရိုနီကာ သမီးကို စိတ်မချနိုင်ဘဲ မှာစရာ ရှိသည်များကို တမှာတည်း မှာနေသေးသည်။

"တံခါးတွေကို လုံအောင် ပိတ်နော် သမီး၊ အပေါ် ချက် အောက်ချက် ပါ သေသေချာချာထိုး"

ပက်က ဂျာကင်အင်္ကျီ ကြယ်သီးများကို တပ်လိုက်သည်။ ပြီးတော့ အေးစိမ့်နေသည့် အိမ်အပြင်ဘက်သို့ ထွက်ခဲ့သည်။

နောက် ၁၀ မိနစ်လုံးလုံး ကားပေါ်မှ ပစ္စည်းများ သယ်ချရင်း သူ အလုပ်ရှုပ်နေသည်။ သေတ္တာနှင့် ဘူးများကို တစ်လုံးပြီး တစ်လုံး သယ်ချသည်။ စောင်နှင့် အိပ်ရာခင်းများ ထည့်ထားသည့် သေတ္တာများက ပိုလေးသည်။ မနိုင်မနင်းနှင့် တစ်ယောက်တည်း အားခဲပြီး သယ်ချသည်။

ထိုသို့ အလေးအပင်များကို မ,သောအခါ သူ့ညာဘက် ခြေထောက်က နာချင်သည်။ ထို့ကြောင့် နည်းနည်း ဆ,ပြီး နင်းရသည်။ ထိုအခါတွင် ထော့နင်းထော့နင်း ဖြစ်လာလေသည်။

ပန်းကန်ခွက်ယောက်များကိုပါ တစ်ပါတည်း ယူလာရ ထိုသေတ္တာများကိုတော့ မီးဖိုချောင်ထဲသို့ တောက်လျှောက် သွင်းရသည်။ မီးဖိုချောင်ထဲ ခပ်မြန်မြန် နေရာချထားသည်။ ရောက်သည်နှင့် ချက်ပြုတ်စားရမည် ဖြစ်သောကြောင့် သည်ပစ္စည်းကို သယ်ယူပို့ဆောင်ရေး ကုမ္ပဏီအား တာဝန်ပေးခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန့်တဲ့ ပစ္စည်းတွေ မနက်ဖြန် အချိန်မီ ရောက်လာပါစေဟုလည်း သယ်ရင်း ပိုးရင်း ဆုတောင်းမိသည်။ တကယ်ဆိုတော့ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများကို တယ်မယုံရ။ ရက်ချိန်း မမှန်ချင်။

ဗီရိုများထဲတွင် အဝတ်အစားများ နေရာချထားပြီး ကော်ဖီဖျော်သည်။ ကော်ဖီ ဖျော်ချိန်မှာပင် တယ်လီဖုန်း ခေါင်းလောင်း မြည်သံကို ကြားလိုက်ရလေသည်။

အလွန်တရာ တိတ်ဆိတ်နေသည့် အိမ်ကြီးထဲတွင် တယ်လီဖုန်း ခေါင်းလောင်းသံက ဗုံးပေါက်ကွဲလိုက်သလား ထင်ရလောက်အောင် မြည်လွန်းလေသည်။

ထို့ကြောင့် ပက်က ထခုန်လိုက်မိသည်။ ကော်ဖီအနည်းငယ် ဖိတ်သွားသည်။ လက်ကို အနည်းငယ် အပူလောင်သွားသည်။

ကော်ဖီပန်းကန်ကို ကောင်တာပေါ်သို့ ကမန်းကတန်း တင်ပြီး တယ်လီဖုန်းကို အလောသုံးဆယ် ဆွဲယူလိုက်သည်။

"ပက်ထရေးမိုး စကားပြောနေပါတယ်ရှင်"

"ဟယ်လို… ပက်"

စကားပြောခွက်ကို သူ တင်းတင်း ဆုပ်လိုက်သည်။ ပြီးတော့ လေသံကိုလည်း မိတ်ဆွေချင်း ပြောသည့် လေသံမျိုး ဖြစ်အောင် ကြိုးစားပြီး ပြန်ထူးလိုက်လေသည်။

"ဟယ်လို… ဆမ်"

ဆမ်မြူယယ်ကင်စလေ…

ပင်စီဗေးနီးယားပြည်နယ်၊ အမှတ် ၂၆ ခရိုင်မှ ကွန်ဂရက်လွှတ်တော်အမတ်…

ရင်ထဲမှာ ရှိသမျှ အသည်းနှလုံးတွေ အားလုံး ပုံပြီး ပက် ချစ်ခဲ့ရသော ချစ်သူ..။

ဝါရှင်တန်မြို့မှာ လာရောက် နေထိုင်နိုင်အောင် ပိုတိုမက်ရပ်မြင်သံကြား ကြီး၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်သည့် အကြောင်းများထဲတွင် ဆမ်မြူယယ်ကင်စလေနှင့် တစ်မြို့တည်း အတူတူ နေရရေးလည်း ပါဝင်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၂

နောက် မိနစ် ၄၀ ခန့် ကြာသောအခါ ပက်သည် ဆွဲကြိုး ကလစ်ကို ခက်ခက်ခဲခဲ တပ်နေရသည်။ တစ်ယောက်တည်း မမီမကမ်းဖြင့် ကလစ်မှာ ချိတ်ထဲသို့ တန်းတန်းမတ်မတ် မဝင်နိုင်ဘဲ ဖြစ်နေသည်။

ထိုအချိန်မှာပင် အိမ်ရှေ့တံခါးမှ လူခေါ်ခေါင်းလောင်း မြည်သံ ကြားရလေသည်။

ဆမ် ရောက်လာပြီဟု ကြေညာလိုက်ခြင်း… ။

ပက်က အစိမ်းရောင် သိုးမွေးထည်ကလေးကို ဝတ်ထားသည်။ အစိမ်းရောင်ကလေးသည် သူ၏ ရွှေရောင်ဆံပင်များ ပို၍ ပေါ်လွင်လာကာ ပို၍လှသွားကြောင်း တစ်ခါတုန်းက ဆမ်က သူ့ကို ပြောဖူးသည်။ ထိုစကားကို မှတ်မိနေသောကြောင့် အစိမ်းရောင်ကို တမင်ရွေးပြီး သူ ဝတ်ဆင်ခြင်း ဖြစ်သည်။

တံခါးခေါင်းလောင်း နောက်တစ်ကြိမ် ထပ်မြည်လာပြန်သည်။

ပက်၏ လက်ချောင်းကလေးများ အရမ်းတုန်လာသည်။ ဆွဲကြိုးကလစ်ကို ဖြောင့်အောင် ဘယ်လိုမှ မတပ်နိုင်တော့။ ထို့ကြောင့် ပိုက်ဆံအိတ်ကို ကမန်းကတန်း ကောက်ယူကာ ထိုအိတ်ထဲသို့ ထည့်လိုက်ရတော့သည်။

အောက်ထပ်သို့ သူ အူယားဖားယား ဆင်းလာသည်။ ဆင်းလာရင်းလည်း သူ့စိတ် တည်ငြိမ်မှု ရအောင် ကြိုးစား ထိန်းနေသည်။

လွန်ခဲ့သော ၈ လလောက်က ဆမ်၏ ဇနီး ဂျင်းနစ် ကွယ်လွန်ခဲ့သည်။ ထိုသို့ ဂျင်းနစ် ကွယ်လွန်ပြီးနောက် ယခု ပထမဆုံးအကြိမ် ဖုန်းဆက်ခြင်း ဖြစ်သည့် အကြောင်းကိုလည်း သူ့ကိုယ်သူ ပြန်သတိပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



လေ့ကား အောက်ဆုံးထစ် ရောက်တော့ သူ့ညာဘက် ခြေထောက်ကို အရမ်းညာပြီး နင်းနေမိကြောင်းနှင့် ထိုသို့ ညာနင်းနေသောကြောင့် ထော့နင်း ထော့နင်း ဖြစ်နေကြောင်း ပက် ပြန်သတိထားမိသည်။

တစ်ခါတုန်းက သူ့ခြေထောက် ထော့နင်း ထော့နင်း ဖြစ်နေသည်ကို လည်းကောင်း၊ အနည်းငယ် ဆာနေသည်ကို လည်းကောင်း ဆမ်က သတိထားမိသွားသည်။ ထို့ကြောင့် အထူးကုဆရာဝန်နှင့် သွားပြကြည့်ဖို့ ဆမ်က သူ့ကို တိုက်တွန်းခဲ့လေသည်။

သည်လိုဖြင့်ပင် ခြေထောက် ထော့နင်းထော့နင်း ဖြစ်ရသည့် အကြောင်းရင်းကို ဆမ်အား ဖွင့်ပြောပြခဲ့မိသည်။

တံခါးအနား ရောက်တော့ သူ ခပ်ကြောင်ကြောင် ဖြစ်နေသည်။ ဘာဆက်လုပ်ရမှန်း မသိအောင် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

နောက်ဆုံးတွင်မှ တံခါးကို ဖြည်းဖြည်းလေး ဖွင့်လိုက်လေသည်။

ဆမ်၏ ကိုယ်လုံးကြီးသည် တံခါးပေါက်တွင် ပြည့်နေပြီလား ထင်မှတ်လိုက်ရလေသည်။ အပြင်မှ တိုးဝင်လာသည့် မီးရောင်ကြောင့် ဆမ်၏ ဆံပင်များ အတော်ဖြူစပြုနေပြီကို မြင်လိုက်ရသည်။

မျက်ခုံးမွေးများက မညီမညာ ရှိနေသည်။ မျက်လုံး၏ အမူအရာကိုလည်း အကဲခတ်ရလေသည်။ နောက်ပြီးတော့ ယခင်က မမြင်ဖူးခဲ့သည့် အရေးအကြောင်းများကို မျက်လုံးပတ်လည်တွင် မြင်တွေ့နေရလေသည်။

သို့သော်လည်း ပက်ကို ကြည့်ပြီး ပြုံးနေသည့် အပြုံးကတော့ ဟိုတုန်းက အပြုံးအတိုင်းပင် ဖြစ်ပါသည်။

နွေးထွေးသော··· ရင်းနှီးသော··· အပြုံး။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်ပြီး ခပ်ကြောင်ကြောင် ရပ်နေမိကြသည်။ တစ်ယောက်ယောက်က စတင်လှုပ်ရှားမည်ကို အပြန်အလှန် စောင့်ဆိုင်းနေကြသည့် သဘောမျိုး ဖြစ်လေသည်။

ပြန်လည် တွေ့ဆုံကြသည့် အကြောင်းကို တစ်ယောက်ယောက်က စတင် ပြောဖို့ ကျန်တစ်ယောက်က စောင့်နေသော သဘောမျိုး ဖြစ်လေသည်။

တံမြက်စည်း အသစ်တစ်ချောင်းကို ဆမ် ယူလာသည်။ ဣန္ဒြေကြီးဖြင့်ပင် ထိုတံမြက်စည်းကို ပက်အား လှမ်းပေးသည်။

"ကိုယ် နေနေတဲ့ ခရိုင်မှာ အားမစ်ရှ်လူမျိုးတချို့ နေနေကြတယ်၊ သူတို့ရဲ့ ယဉ်ကျေးမှုတစ်ခုက အိမ်သစ် တက်ရင် တံမြက်စည်းအသစ် တစ်ချောင်းနဲ့ ဆား တစ်ထုပ် ပေးရတယ်"

ဆမ်က အိတ်ထဲမှ ဆားထုပ်ကို နှိုက်သည်။

"အိမ်သစ်ရဲ့ ထမင်းစားခန်းမှာ ထားဖို့ သူတို့ထုံးစံနဲ့အညီ ပေးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ သူ ခြေတစ်လှမ်း ဝင်သည်။ ပက်၏ ပခုံးပေါ်သို့ လက်တစ်ဖက် တင်လိုက်သည်။ ပြီးတော့ ပက်၏ ပါးကို နမ်းသည်။

"ကိုယ်တို့ မြို့ကနေ မင်းကို ကြိုဆိုနေပါတယ် ပက်၊ နောက်ပြီးတော့ မင်း ဒီကို ပြောင်းလာတာ အရမ်းဝမ်းသာမိပါတယ်"

ကြိုဆိုနှုတ်ဆက်ခြင်း ဆိုတာ ဒါပဲကိုး… ဟု ပက်က တွေးကြည့်သည်။ မိတ်ဟောင်း ဆွေဟောင်းများ ပြန်လည်တွေ့ဆုံကြလေပြီ။

ဝါရှင်တန် ဆိုသည်မှာ အလွန်ကျဉ်းပါသည်။ တစ်ယောက်ယောက်သည် အခြား တစ်ယောက်ယောက် မမြင်အောင် ပုန်းအောင်းနေ၍ မရပါ။

ထိုနည်းတူစွာ မိမိအကြောင်းများကို အခြား တစ်ယောက်ယောက် မသိအောင် ဖုံးဖိထား၍ မရနိုင်ပါ။

အလွန်ကျဉ်းသည့် ဝါရှင်တန်မြို့ကြီးတွင် တစ်ယောက်သည် အခြား တစ်ယောက်ကို မလွဲမသွေ တွေ့ပေလိမ့်မည်။ နောက်ပြီးတော့ အခြားတစ်ယောက် သည် အခြားတစ်ယောက်၏ ဖုံးဖိလျှို့ဝှက်အပ်သော အကြောင်းအရာများကို သေချာ ပေါက် သိရှိပေလိမ့်မည်။

သည်တော့ ဘာကြောင့် ပုန်းကွယ်နေမည်နည်း။

ဘာကြောင့် လျှို့ဝှက်နေမည်နည်း။ အများနည်းတူ ကျင့်ကြံလိုက်ရုံပေါ့။

နောက်ပြီးတော့ ယခု ပွဲသစ်စခြင်း ဖြစ်သည်ဟု ပက် နားလည်လိုက် သည်။ ပွဲဟောင်း ပြီးသွားပြီ။ ယခု ပွဲသစ် စပြီ။

'သည်ပွဲသစ်မှာတော့ ကျွန်မ အနိုင်ရဖို့ သေချာတယ် ဆမ်၊ သေချာပေါက် အနိုင်ရအောင်လည်း လုပ်ရမယ်' ဟု ပက်က သူ့ကိုယ်သူ စိတ်ထဲမှာ ကျိတ်ပြီး ပြောနေမိလေသည်။

ဆမ်ကို ပက် နမ်းသည်။

ပြီးတော့ နောက်သို့ သူ ဆုတ်သည်။ သက်သောင့်သက်သာ ပြုံးပြလိုက် သည်။

"ကျွန်မ ဒီအိမ်မှာ ရှိနေတာ ရှင် ဘယ်လိုလုပ် သိသလဲ၊ အသံများ ဖမ်းထားတာလား"

ပက်က မေးသည်။

"မဟုတ်ပါဘူးကွယ်၊ မနက်ဖြန်ကျရင် အက်ဘီဂေးလ်ရဲ့ ရုံးမှာ မင်း ရှိနေမယ်လို့ သူက ပြောတယ်။ ဒါကြောင့် ပိုတိုမက် ရပ်မြင်သံကြားဌာနကို ဖုန်းဆက် ပြီး မင်းရဲ့ ဖုန်းနံပါတ်ကို မေးတာ"

"ဒီလိုလား"

ဆီနိတ်တာဂျင်းနင်း နာမည်ကို ပြောတော့ ဆမ့်၏ အသံထဲတွင် ရင်းနှီး ကျွမ်းဝင်သည့် အရိပ်အယောင်များ ထင်ရှားစွာ ပါဝင်နေကြောင်း ပက် သတိထားမိ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ နာကျင်သွားသည်။ မျက်နှာကို ကမန်းကတန်း ငုံ့ပစ်လိုက်ရသည်။ ရင်ထဲမှာ နာကျင်သွားသည်ဆိုတော့ မျက်နှာလည်း ပျက်ကောင်းပျက်သွားနိုင်သည်။ ထိုသို့ မျက်နှာပျက်သွားသည်ကို ဆမ် မမြင်စေချင်။

ပိုက်ဆံအိတ်ကို ဖွင့်သည်။ စောစောက ထည့်ထားသည့် ဆွဲကြိုးကို ရှာရင်း အလုပ်ရှုပ်နေဟန်ဆောင်လိုက်သည်။

"ဟောဒီကလစ်က ကျပ်နေလို့ ကျွန်မ စောစောက တပ်တာ တပ်လို့ မရဘူး၊ တပ်ပေးပါနော်"

ဆွဲကြိုးကလေးကို ဆမ်အား လှမ်းပေးရင်း ပြောသည်။

သူ့လည်ပင်းမှာ ဆမ်က တပ်ပေးသည်။ ဆမ်၏ လက်ချောင်းကလေးများ သူ့လည်ပင်းသားနှင့် ကုပ်သားများအား လာထိနေသည်ကို သိရှိ ခံစားနေရသည်။ သူ့လက်ချောင်းကလေးများ နွေးနေသည်။

"ရပြီ၊ မပြုတ်နိုင်တော့ပါဘူး၊ ကဲ··· မင်းရဲ့ အိမ်ကြီးထဲ လှည့်ပြီးကြည့်လို့ ရပြီလား"

ဆမ်က မေးသည်။

"ကြည့်စရာ ဘာမှ မရှိသေးပါဘူးရှင်၊ ပစ္စည်းတွေ သယ်လာပို့ပေးမယ့် ကားက မနက်ဖြန်မှ ရောက်မှာ။ နောက် လေး ငါး ဆယ်ရက်လောက် ကြာရင် ဒီနေရာကြီးတစ်ခုလုံး အသွင်သစ် အမြင်သစ် ဖြစ်သွားတော့မယ်၊ အားလုံး ပြောင်းလဲသွားမယ်၊ ဒါထက် ကျွန်မ ဆာပြီ"

"ကိုယ် မှတ်မိသလောက်တော့ မင်းဟာ အမြဲတမ်းဆာနေတာပဲ"

ဆမ်၏ မျက်လုံးထဲမှာ ရွှတ်နောက်နောက် အမူအရာ ကင်းမဲ့နေသည်။

"မင်းလို လူကောင်သေးသေးလေးက အစားအသောက်တွေ ဒါလောက် အများကြီး စားနိုင်တာတော့ အံ့သြစရာပဲ။ ပြီးတော့ လူကောင်ကလည်း ဝလာတာ မဟုတ်ဘူး၊ စားပစ်လိုက်တာတွေ ဘယ်ရောက်သွားသလဲ ဟင်"

ဆမ် ပြောပုံဆိုပုံ သိမ်မွေ့နူးညံ့လှချည်လားဟု ပက်က အနွေးထည် သိမ်းဆွဲရင်း တွေးကြည့်သည်။ ကျွန်မဟာ အကောင်သေးသလောက် အစားကြီး တယ်လို့ ရှင် သရော်နေတာပေါ့လေ··· ဟုလည်း စဉ်းစားမိသည်။

"ကျွန်မတို့ ဘယ်ကို သွားကြမလဲ ဟင်"

ပက်က မေးသည်။

"မေဆင်ဘာလန့်မှာ စားပွဲ ပြင်ထားပေးဖို့ အကြောင်းကြားထားတယ်၊ အဲဒီက အစားအသောက် ကောင်းတယ်"

ပက်က အနွေးထည်ကို ဆမ်အား လှမ်းပေးပြီး ဝတ်ခိုင်းသည်။

"အဲဒီဆိုင်မှာ ကလေး အစားအစာ ရှိသလား ဟင်"

ဆမ်ကိုလည်း ချိုချိုလွင်လွင်ကလေး မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့၊ အိုး… ဒီလိုကိုး၊ ဆောရီးနော်… စောစောက ကိုယ်ပြောလိုက်တာက မင်းကို ချီးကျူးတဲ့ သဘောပါ၊ ဘယ်လောက်စားစား အဆီတွေများပြီး ကိုယ်လုံး ဝတုတ်မလာဘူးလို့ ဆိုလိုတာပါ"

ဆမ်သည် သူ့ကားကို ပက်၏ ကားနောက်တွင် ရပ်ထားခဲ့သည်။ ကားလမ်းကလေးအတိုင်း သူတို့ လျှောက်သွားကြသည်။ ဆမ်က ပက်၏ လက်မောင်းတစ်ဖက်ကို ဖွဖွကလေး ကိုင်လိုက်သည်။

"ပက်… မင်းရဲ့ ညာခြေထောက်ကို ဆပြီး နင်းနေရပြန်ပြီလား"

ဆမ်က မေးသည်။ သူ့လေသံက စိုးရိမ်သည့် အသံမျိုး ဖြစ်သွားပြန်သည်။

"နည်းနည်းပါ၊ အဝေးကြီး ကားမောင်းလာရတော့ အကြောနည်းနည်းဆိုင်းပြီး တောင့်သလို ဖြစ်နေတယ်"

"ဒီအိမ်ကြီးကို မင်း ပိုင်တာလား ဟင်၊ ကိုယ် မေးတာ မှားသွားရင် ဘယ်လိုမှ မအောက်မေ့နဲ့နော်"

သူတို့နှစ်ယောက် အတူတူ အိပ်ခဲ့ကြသည့် ညတစ်ညတုန်းက သူ့မိဘများအကြောင်း ပက်က ပြောပြခဲ့ဖူးသည်။

ထို့ကြောင့် စိတ်အာရုံ တခြားသို့ လွင့်မျောသွားသည့်ကြားမှ ပက်က ခေါင်းညိတ်ပြလိုက်ရသည်။

ထိုနေ့ညတုန်းက ပက်နှင့် ဆမ်သည် ကိပ်ကော့ပင်လယ်ကမ်းခြေရှိ အက်ဘ်တိုက်ဟိုတယ်ကလေးမှာ အတူတူ ရှိနေကြသည်။

ပင်လယ်လေကို ရှူချင်သည်။ ပြီးတော့ ချစ်သူ၏ ထွေးပိုက်ယုယခြင်းကို ခံယူလိုသည်။ နောက်ပြီးတော့ စားပွဲတစ်လုံးမှာ ထိုင်ပြီး လက်ချင်းဆက်ကာ မျက်လုံးချင်း ဆိုင်ကြည့်နေကြချင်သည်။ အပြုံးချင်းလည်း ဖလှယ်နေချင်သည်။

ထိုညတုန်းက သူတို့နှစ်ယောက် ထိုအတိုင်းပဲ နေထိုင်ခဲ့ကြပါသည်။

ထိုနေ့ညသည် သူတို့နှစ်ယောက်၏ အချစ်ခရီးလမ်း နိဂုံးချုပ်သည့် ညလည်း ဖြစ်ပါသည်။

မနက်ဖြန်မနက်ကျလျှင် နံနက်စာစားပွဲတွင် တိတ်ဆိတ်ငြိမ်သက်စွာ အတူထိုင်ကြမည်။ ကြေကွဲဝမ်းနည်းစွာဖြင့် နံနက်စာ အတူစားကြမည်။

ပြီးလျှင် လေယာဉ်ပျံတစ်စီးစီနှင့် ကိုယ့်လမ်း ကိုယ် သွားကြရပေတော့မည်။

ဒါတွေအားလုံးကို သူတို့နှစ်ယောက် ဆွေးနွေးသဘောတူပြီး ဖြစ်သည်။

သူတို့ချင်း အပြန်အလှန် ပတ်သက်နေစရာ အကြောင်းမရှိတော့။ သံယောဇဉ်များ ထားနေစရာ အကြောင်းမရှိတော့။

ဆမ်၏ ဇနီးသည် ဘီးတပ်ကုလားထိုင်ပေါ်မှာ နေနေရသော ရောဂါသည် တစ်ယောက် ဖြစ်လေသည်။ ရောဂါကလည်း ကျွမ်းနေပြီ။ ထိုသို့သော ရောဂါသည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အဖို့ မိမိ လင်ယောက်ျားက အခြား အမျိုးသမီးတစ်ယောက်နှင့် ညှိုင်နေကြောင်း မသိသင့်ပေ။

သူ ခံစားနေရသည့် မူလရောဂါကပင် ကျွမ်းလှချေပြီ။ ထိုကြားထဲတွင် အသည်းကွဲရမည့် သတင်းမျိုးကို ဘာကြောင့် ထပ်မံကြားသင့်ပါသနည်း။

"ဘာပဲဖြစ်ဖြစ် ကိုယ်တို့နှစ်ယောက် ဒီအတိုင်း နေသွားကြလို့တော့ တစ်နေ့မဟုတ် တစ်နေ့ သူ သိတော့မှာပဲ"

ဟုလည်း ဆမ်က ပြောခဲ့သည်။

မှန်ပါသည်။

သည်လို ဇာတ်လမ်းမျိုးကို ဘယ်လောက် ကြာအောင် သူတို့ ဖုံးဖိမျိုသိပ်ထားနိုင်ကြမည်နည်း။

ပက်က သူ့အတွေးများကို ဖွတ်ဖြတ်ပစ်သည်။ လက်ရှိ အခြေအနေသို့ အာရုံပြန်စုစည်းယူသည်။ ပြီးတော့ အကြောင်းအရာကိုလည်း ပြောင်းလဲပစ်လိုက်လေသည်။

"ဒီလမ်းက အရမ်းလှတာပဲနော်၊ ကျွန်မဖြင့် ခရစ္စမတ်ကတ်ပြားထဲက ပန်းချီကားလေးကို ပြန်အမှတ်ရနေမိတယ်"

ရောင်စုံလျှပ်စစ်မီးတွေ ထိန်ထိန်လင်းနေသည့် လမ်းမကြီးကို လှမ်းကြည့်ပြီး ပက်က ပြောသည်။

"ခရစ္စမတ်ပွဲတော် ကာလမှာတော့ ဂျော့တောင်းအရပ်ရဲ့ လမ်းတိုင်းဟာ ခရစ္စမတ်ကတ်ပြားထဲက ပန်းချီကားနဲ့ တူကြတာချည်းပါပဲ"

ဆမ်က အလိုက်သင့် ပြောသည်။ ပြီးတော့ သူကပဲ ဆက်ပြောပြန်သည်။

"အတိတ်က အကြောင်းတွေ ပြန်ပေါ်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ကူးကြီးကတော့ အတော်ကြောင်တာပဲ ပက်၊ အဲဒီကိစ္စကြီး မေ့ပစ်လိုက်စမ်းပါ"

မော်တော်ကားနားသို့ သူတို့ ရောက်လာကြသည်။ ဆမ်က တံခါးဖွင့်ပေးသည်။ ပက်က ဝင်ထိုင်သည်။ ပက်က ဆမ် သူ့နေရာမှာ သွားထိုင်သည်အထိ ဘာမှ မပြောသေးဘဲ စောင့်နေသည်။ ဆမ် ထိုင်ပြီးတော့မှ သူ ပြောသည်။

"မေ့မပစ်နိုင်ဘူး ဆမ်၊ အဲဒီအကြောင်းကြီးက ကျွန်မကို အမြဲတမ်း နှိပ်စက်ပုတ် နှိုးဆော်နေသလို ဖြစ်နေတယ်၊ အဲဒီအကြောင်းတွေကို ကျွန်မ မသိရဘဲနဲ့တော့ စိတ်၏ ချမ်းသာခြင်းကို ဘယ်တော့မှ ရနိုင်တော့မှာ မဟုတ်ဘူး၊ ဒီအိမ်ကြီးမှာ အတိတ်တုန်းက ဘာဖြစ်ခဲ့တယ် ဆိုတာ သိမှ ဖြစ်တော့မယ်"

သူတို့ ကားမောင်း ထွက်လာကြသည်။ လမ်းဆုံတစ်ခုကို ဖြတ်ကူးမည် အပြုတွင် ဆမ်က ကားအရှိန်ကို လျှော့ချလိုက်သည်။

"ပက်… မင်း ဘာလုပ်နေတယ် ဆိုတာ သေသေချာချာ ပြန်စဉ်းစားလေ၊ မင်း ဘာလုပ်ဖို့ ကြိုးစားနေတယ် ဆိုတာ မင်းကိုယ်တိုင်ကော သိရဲ့လား၊ အဲဒီညကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်စဉ်းစားပါ၊ အင်မတန် စိတ်မချမ်းသာစရာကောင်းတဲ့ မတော်တဆမှုကြီးပဲ၊ တကယ့်ကို မတော်တဆမှုကြီးပဲ၊ မင်းဒဏ်ရာ အနာတရ ဖြစ်အောင် မင်းအဖေက လုံးဝမရည်ရွယ်ခဲ့ဘူး၊ နောက်ပြီးတော့ မင်းအမေကိုလည်း သေစေလိုတဲ့ စိတ်နဲ့ သတ်ပစ်လိုက်တာ မဟုတ်ဘူး၊ မတော်တဆ ဖြစ်ကုန်တာ၊ အားလုံး မတော်တဆ ဖြစ်ကုန်တာ၊ အဲဒါကို မင်းက အသစ်ပြန်ဖြစ်အောင် ပြန်ကြိုးစားပုံဖော်နေတယ်၊ မင်းကိုယ်မင်း ပြန်ညှဉ်းဆဲနေတာနဲ့ အတူတူပဲ မဟုတ်လား''

ပက်က သူ့ကို ဖျတ်ခနဲ ပြန်လှည့်ကြည့်သည်။ ဆမ်၏ ဘေးတစောင်းပုံကို အကဲခတ်ကြည့်နေမိသည်။ ယောက်ျား ပီပီသသ ချောမောခံ့ညားသူ ဖြစ်သည်။

ဆမ်၏ အပေါ်ရုံ သိုးမွေးအင်္ကျီကြီးက ပက်၏ ပါးတစ်ခြမ်းကို လာရောက် ပွတ်တိုက်မိနေသည်။

''ဆမ်··· ပင်လယ်ထဲမှာ လှိုင်းမူးဖူးသလား ဟင်''

ပက်က သူ့ကို စိုက်ကြည့်နေရင်းက မေးသည်။

''တစ်ခါ နှစ်ခါလောက်ပဲ မူးဖူးပါတယ်၊ တကယ်တော့ ကိုယ်ဟာ လှိုင်းဒဏ်ကို ခံနိုင်တဲ့ သင်္ဘောသားကောင်း တစ်ယောက်ပဲလေ''

''ကျွန်မလည်း လှိုင်းဒဏ်ကို အတော်အသင့် ခံနိုင်ပါတယ် ဆမ်၊ ဒါပေမဲ့ တစ်ခါတုန်းက နွေရာသီမှာ ချားလ်စ်နဲ့ ဗရိုနီကာတို့နဲ့ ဒုတိယမြောက် အယ်လီဇဘက် ဘုရင်မ သင်္ဘောကြီး စီးပြီး အင်္ဂလန်ကနေ အမေရိကကို ပြန်လာတာ မှတ်မိတယ်၊ ပင်လယ်ထဲမှာ ကျွန်မတို့ သင်္ဘော မုန်တိုင်းမိတယ်၊ ကျွန်မဖြင့် လှိုင်းမူးလိုက်တာ ဘာပြောကောင်းမလဲ၊ မှတ်မိသမျှထဲမှာတော့ အဆိုးဆုံး လှိုင်းမူးခဲ့တာပဲ၊ ဒါပေမဲ့ အဲဒါကို ကျွန်မ ပြန်ခံစားချင်နေတယ်၊ မထူးဆန်းဘူးလား၊ အဲဒီသဘောမျိုးပါပဲ၊ ကျွန်မရဲ့ အဖေရင်းရယ်၊ အမေရင်းရယ်၊ ကျွန်မရယ် ဘာတွေ ဖြစ်ခဲ့ကြတယ် ဆိုတာကို ပြန်သိချင်နေတယ်၊ တချို့ဟာတွေကို နည်းနည်းချင်း ကျွန်မ ပြန်မှတ်မိစ ပြုနေပြီ''

ဆမ်က ကားကို ပင်စီဗေးနီးယားရိပ်သာလမ်းသို့ ချိုးကွေ့ မောင်းဝင် နေသည်။

''ဘယ်လိုဟာမျိုးတွေ ပြန်မှတ်မိနေတာလဲ''

''အသံတွေ··· အမူအရာတွေ··· တစ်ခါတလေကျတော့ အရမ်းဝါးတာ ပဲ၊ ဘာမှ မထင်ရှားဘူး၊ ဒါပေမဲ့ ကျွန်မ အိပ်ရာက နိုးစမှာ သိသိသာသာကြီးကို ထင်ထင်ရှားရှား မှတ်မိနေသလို ဖြစ်နေပြန်ရော၊ ဒါပေမဲ့ အဲဒီမှတ်မိတာလေးတွေ စုစည်းယူဖို့လည်း ကြိုးစားရော အားလုံး ဝါးသွားပြီး မေ့ကုန်ပြန်တယ်၊ ဘာသလို ပုံပြန်ဖော်လို့ မရတော့ဘူး။

''အိမ်မွေးချတဲ့ နည်းကို မနှစ်တုန်းက စိတ်ရောဂါအထူးကုဆရာဝန်ကြီး ကြိုးစားကြည့်ဖူးတယ်၊ ဒါလည်း အလုပ်မဖြစ်ဘူး၊ အဲဒီနောက် မှတ်ဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်တာတွေ ကျွန်မ ရှာဖတ်တယ်၊ နှစ်နှစ်အရွယ်တုန်းက ဖြစ်ပျက်ခဲ့တာတွေကို ပြန်မှတ်မိအောင် ဘယ်လိုလုပ်ရတယ် ဆိုတဲ့ ဆောင်းပါးတစ်ပုဒ် သွားတွေ့တယ်၊ သုတေသန လုပ်ပြီး ရေးထားတဲ့ ဆောင်းပါးပဲ၊ ဆောင်းပါးရှင် အကြံပေးတာက အဲဒီအရွယ်အကြောင်းတွေကို ပြန်မှတ်မိချင်ရင် အဲဒီအရွယ်တုန်းက ရှိခဲ့တဲ့ ပတ်ဝန်းကျင်ကို ပြန်ဖန်တီးရမယ်တဲ့၊ အဲဒီပတ်ဝန်းကျင်မှာ ပြန်နေရမယ်တဲ့၊ ကံကောင်းဖို့လား၊ ကံဆိုးဖို့လားတော့ မသိဘူးပေါ့လေ၊ ဒါပေမဲ့ အဲဒီအရွယ်တုန်းက ပတ်ဝန်းကျင်အနေအထားကိုတော့ ကျွန်မ ပြန်ဖန်တီးယူလို့ ရနေတယ်''

ပက်က သူ့စိတ်ထဲမှာ ရှိနေသည်များကို ရည်လျားစွာ ရှင်းပြလေသည်။

''ကိုယ်ကတော့ အခုအချိန်အထိ အင်မတန် ကြောင်တဲ့ စိတ်ကူးလို့ ထင်နေတုန်းပဲ''

ပက်က မော်တော်ကား ပြတင်းပေါက်ကို ကျော်ပြီး ပတ်ဝန်းကျင်ကို ကြည့်နေသည်။

မြို့အနေအထား၊ လမ်းအနေအထားများကို မှတ်မိအောင် ကြိုးစားနေသည်။

စိတ်ကူးထဲမှာ ပေါ်လာသည့် မြေပုံပါ ဖော်ပြချက်များနှင့် တိုက်ဆိုင်ကြည့်နေမိသည်။

သို့သော်လည်း ကားရှိန်က မြန်လွန်းသောကြောင့် ကောင်းကောင်းမမှတ်မိနိုင်ပါ။

နောက်ပြီးတော့ ညကလည်း ဖြစ်နေသည်။

ဘာတစ်ခုမှ သေသေချာချာ ရေရေရာရာကို မမြင်ရ။

သူတို့နှစ်ယောက်စလုံး စကားမပြောဖြစ်ကြ။

မေဆင်ဘလန့်ဟိုတယ်သို့ ရောက်လာသည်။ စားပွဲထိုးချုပ်က ဆမ်ကို ရင်းနှီး လှိုက်လှဲစွာ ကြိုဆိုသည်။

ပြီးတော့ သီးသန့် ချန်ထားပေးသည့် စားပွဲဆီသို့ သူတို့ကို ခေါ်သွားကာ နေရာချထားပေးသည်။

''ထုံးစံအတိုင်းပဲလား''

ကုလားထိုင်များတွင် အသီးသီး ဝင်ထိုင်ပြီးသောအခါ ဆမ်က မေးသည်။

ပက်က ခေါင်းညိတ်ပြသည်။ ဆမ်နှင့် ပူးပူးကပ်ကပ် နေနေသည့် အသိကြီးက ခေါင်းထဲသို့ ဝင်လာနေသည်။ နောက်ပြီးတော့ သည်နေရာ၊ သည်ပတ်ဝန်းကျင်များနှင့် ဆမ်၏ ရင်းနှီးကျွမ်းဝင်မှုကိုလည်း သတိထားမိနေသည်။

ယခု စားပွဲသည် ဆမ် ထိုင်နေကျ အနှစ်သက်ဆုံး စားပွဲလား။ အမျိုးသမီး ဘယ်လောက်များများကို သည်စားပွဲသို့ သူ ခေါ်လာခဲ့ဖူးသနည်း။

''ရှီးဗားဝီစကီ နှစ်ခွက်ပေး၊ ရေခဲတုံးထည့်၊ ဆော်ဒါထည့်၊ သံပရာသီး တစ်စိတ်စီ ညှစ်ထည့်''

www.burmeseclassic.com

www.burmeseclassic.com



ဆမ်က စားပွဲထိုးချုပ်ကို မှာသည်။ ပြီးတော့ စားပွဲထိုးချုပ် ထွက်သွားသည်ကို စောင့်နေသည်။ မကြားနိုင်တော့သည့် နေရာသို့ ရောက်တော့မှ ပက်ဘက်သို့ လှည့်ပြောသည်။

"ကိုင်း… လွန်ခဲ့တဲ့ နှစ်တွေမှာ ဘာတွေ ဖြစ်ခဲ့တယ်၊ ဘာတွေ လုပ်ခဲ့တယ် ဆိုတာ ပြောပြစမ်းပါဦး၊ ဘာတစ်ခုမှ ချန်မထားနဲ့ နော်"

"အောင်မယ်လေး… ပြောလို့ ဘယ်ဆုံးနိုင်တော့မှာလဲ၊ နောက်ပြီးတော့ အကုန်လုံးကိုလည်း ဘယ်မှတ်မိနိုင်ပါ့မလဲ၊ ခဏလောက်တော့ ကျွန်မကို ပြန်စဉ်းစားခွင့် ပေးဦးမှပေါ့ရှင်"

ကိပ်ကော့ပင်လယ်ကမ်းခြေရှိ အက်ဘ်တိုက် ဟိုတယ်ကလေးမှာ သူတို့နှစ်ယောက် နောက်ဆုံး ခွဲခွာခဲ့ကြပြီးနောက် သူတို့ချင်း မတွေ့တော့ရန် သဘောတူခဲ့သည်။

ထို့နောက် ယခု ပထမဆုံးအကြိမ် ပြန်တွေ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ပက်က သိပ်အရေးမကြီးသည့် အကြောင်းအရာများကိုတော့ ပြန်ပြောပြမနေတော့ချေ။

ဆမ်နှင့် ခွဲလိုက်ရသည့်အခါတွင် သူ ဘယ်လောက် စိတ်ဆင်းရဲခဲ့ရကြောင်းများကိုလည်း အလွမ်းသယ်မနေတော့ချေ။

သူ့လုပ်ငန်းကိုင်ငန်းအကြောင်းကို ပြောပြသည်။

ဘော့စ်တွန်မြို့ ရုပ်မြင်သံကြားဌာနမှာ ဝင်ရောက် လုပ်ကိုင်စဉ်က အသစ်ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် အမျိုးသမီး မြို့တော်ဝန်အကြောင်း ထုတ်လွှင့်ခဲ့ကြောင်း၊ ထိုလွှင့်ထုတ်ချက်ကြောင့် အကောင်းဆုံး ရုပ်မြင်သံကြား သတင်းစာဆရာဆု ချီးမြှင့်ရန် နာမည်စာရင်း တင်သွင်းခြင်း ခံခဲ့ရဖူးကြောင်း၊ ယခု ပိုတိုမက်ရုပ်မြင်သံကြားဌာနသို့ ပြောင်းရွှေ့ အလုပ်ဝင်ကြောင်း၊ ဆီးနိတ်လွှတ်တော်အမတ်ဂျင်းနင်းအကြောင်း ထုတ်လွှင့်ဖို့ စီစဉ်ပြီး ဖြစ်ကြောင်းများကို ပြောပြသည်။

"ဘာဖြစ်လို့ အက်ဘီဂေးလ်အကြောင်းကို ထုတ်လွှင့်ရတာလဲ"

ဆမ်က မေးသည်။

"ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်ဟာ အမျိုးသမီးသမ္မတလောင်းတစ်ယောက် ရွေးချယ်ဖို့ အကောင်းဆုံးအချိန် ဖြစ်နေပြီလို့ ကျွန်မ ထင်လို့ပါပဲ၊ နှစ်နှစ်အတွင်းမှာ သမ္မတရွေးပွဲ လုပ်တော့မယ်လေ၊ အဲဒီရွေးပွဲမှာ အက်ဘီဂေးလ်ဂျင်းနင်းဟာ သမ္မတလောင်း ဖြစ်လာနိုင်စရာ အကြောင်းတွေ အများကြီး ရှိနေတယ်၊ လက်ရှိ သူ့အနေအထားကို ကြည့်၊ ကွန်ဂရက်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆယ်နှစ် တာဝန်ထမ်းဆောင်ခဲ့တယ်၊ အခု ဆီးနိတ်လွှတ်တော်မှာ တစ်ခါမြောက် သက်တမ်းတာဝန်ကို ယူနေပြီ၊ နိုင်ငံတကာ ဆက်သွယ်ရေးကော်မတီအဖွဲ့ဝင်၊ ဘတ်ဂျက်ကော်မတီအဖွဲ့ဝင်၊ ပထမဆုံး လက်ထောက် လူများစု အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်… အဲဒီအရည်အချင်းတွေနဲ့ ဆောင်ရွက်ချက်တွေကို ကြည့်ရင် အမျိုးသမီးသမ္မတလောင်းအဖြစ် သူ့ကို မရွေးချယ်နိုင်ဘူးလား၊ နောက်ပြီးတော့ လက်ရှိ ကွန်ဂရက်လွှတ်တော် အစည်းအဝေးမှာ ဘတ်ဂျက်ကို ဆွေးနွေးနေကြတယ်၊ သမ္မတက သူ တင်ထားတဲ့ ဘတ်ဂျက်ကို ဝိုင်းဝန်းထောက်ခံစေချင်မှာပေါ့၊ ဒီကိစ္စမှာလည်း အက်ဘီဂေးလ်ရဲ့ အကူအညီကို သမ္မတက ရအောင် ယူစရာ အကြောင်း ရှိနေတယ် မဟုတ်လား"

"ဟုတ်တယ်၊ ဒါ အမှန်ပဲ၊ ဒါအပြင် တခြား ဘာအကြောင်းတွေ ရှိသေးသလဲ၊ သူကရော သမ္မတ အကြိုက်ကို လိုက်ပါ့မလား"

"ရှင်ကရော အက်ဘီဂေးလ်နဲ့ ပတ်သက်လို့ ဘယ်လို ထင်သလဲ"

ပက်က ပြန်မေးသည်။

ဆမ်က ပခုံးတွန့်လိုက်သည်။

"ကောင်းပါတယ်၊ အင်မတန်ကို ကောင်းတဲ့ အမျိုးသမီးကြီးတစ်ယောက် ဖြစ်ပါတယ်၊ ဒါပေမဲ့ အရေးကြီးတာတွေကို တောင် ခလုတ်တိုက်၊ မြောက် ခလုတ်တိုက် ဖြစ်တတ်တယ်၊ စိတ်ဆိုးလာပြီဆိုရင် ဘာကိုမှ စဉ်းစားမနေဘူး၊ ပတ်ဝန်းကျင်ကို သတိထားရကောင်းမှန်း မသိဘူး၊ ပြောရမယ့် လူလား… မပြောရမယ့် လူလား စဉ်းစားမနေဘူး၊ ပေါက်ကွဲပစ်လိုက်တာပဲ"

"လွှတ်တော်ထဲမှာ ရှိနေကြတဲ့ အမျိုးသား ကိုယ်စားလှယ်တွေ အများစုတလည်း အဲဒီလို အကျင့်စရိုက်တွေ ရှိနေကြတာပဲ မဟုတ်လား"

ပက်က ပြန်မေးသည်။

"ရှိနိုင်ပါတယ်"

"ရှိနိုင်တာ မဟုတ်ဘူး၊ သေသေချာချာကို ရှိနေတာ"

စားပွဲထိုး ရောက်လာသည်။ အစားအသောက်များ သူတို့ မှာကြသည်။ သူတို့ နှစ်ယောက် အကြိုက်ချင်းလည်း တူလှသည်။ ထို့ကြောင့် ထိုစဉ် အတူတွဲနေကြတုန်းက စားခဲ့ သောက်ခဲ့ကြသည်များကို ပြန်လည်သတိရနေမိကြလေသည်။

ထိုအကြောင်းများကို ပြောဖြစ်ကြပြန်သည်။

"အက်ဘီဂေးလ်အကြောင်း ပြန်ဆက်ကြဦးစို့၊ သူ့အကြောင်း ရုပ်မြင်သံကြားက ထုတ်လွှင့်ဖို့ သဘောတူလိုက်တာနဲ့ ပတ်သက်လို့တော့ ကိုယ် အကြီးအကျယ် အံ့အားသင့်သွားမိတယ်"

"ပွင့်ပွင့်လင်းလင်း ပြောရမယ် ဆိုရင်တော့ ကျွန်မ ကိုယ်တိုင်လည်း အကြီးအကျယ် အံ့သြသွားမိတယ်၊ လွန်ခဲ့တဲ့ သုံးလလောက်က သူ့ဆီကို ကျွန်မ စာတစ်စောင် ရေးပို့ခဲ့ဖူးတယ်၊ သူ့အကြောင်းတွေကို ကျွန်မ သုတေသနလုပ်ခဲ့တယ်၊ ဒီလို လုပ်ရင်း သူ့အကြောင်း ပိုသိလာရတဲ့အခါမှာ သူ့ကို ပိုစိတ်ဝင်စားခဲ့တယ်၊ သူ့နောက်ကြောင်း ရာဇဝင်နဲ့ ပတ်သက်လို့ ရှင် ဘယ်လောက်များများ သိထားသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူဟာ ဗာကျီးနီးယားနယ်က သူ့ယောက်ျား ဆုံးသွားတဲ့အခါမှာ သူ့ယောက်ျားကိုယ်စား ကွန်ဂရက်လွှတ်တော်အမတ် ဖြစ်လာခဲ့တယ်၊ အလုပ်ကို မနားမနေ လုပ်လေ့ရှိတယ်"

"မှန်တယ်၊ အဲဒီအတိုင်း အတိအကျပဲ၊ လူတွေ အားလုံးက သူ့ကို အဲဒီအတိုင်းပဲ မြင်တယ်၊ တကယ့်အမှန်က အက်ဘီဂေးလ်ဟာ နယူးယောက်ပြည်နယ် မြောက်ပိုင်းက လာတာ၊ ဗာကျီးနီးယားနယ် ဇာတိ မဟုတ်ဘူး၊ နယူးယောက်ပြည်နယ် အလှမယ်အဖြစ် အရွေးခံရဖူးတယ်။ ဒါပေမဲ့ အတ္တလန်းတစ်မြို့မှာ ကျင်းပတဲ့ အမေရိကန်ပြည်ထောင်စု မယ်ရွေးပွဲကိုတော့ ဆက်မသွားတော့ဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာပဲ ရက်ကလစ်တက္ကသိုလ် တက်ဖို့ ပညာသင်ဆုကို သူ ရနေတယ်လေ၊ အတ္တလန်းတစ်မြို့ကို သွားပြီး အမေရိကန်ပြည်ထောင်စု မယ်ရွေးပွဲဝင်ရင် တက္ကသိုလ်တက်ဖို့ အချိန်မရဘူး၊ တစ်နှစ် ပုပ်သွားမယ်၊ သူက တစ်နှစ် အပုပ်မခံနိုင်ဘူး၊ သူ မုဆိုးမ ဖြစ်တော့ သူ့အသက် သုံးဆယ့်တစ်နှစ်ပဲ ရှိသေးတယ်၊ သူ့ယောက်ျားကို သူ အရမ်းချစ်တယ်၊ ဘယ်လောက်တောင် ချစ်သလဲ ဆိုရင် သူ့ယောက်ျား သေသွားတာ နှစ်ပေါင်းအစိတ် ကြာတဲ့အထိ နောက်အိမ်ထောင် ထပ်မပြုတာ ကြည့်"

"သူ အိမ်ထောင်မပြုတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ တစ်ယောက်တည်း ထီးတည်း နေတာတော့ မဟုတ်ဘူးနော်"

"အဲဒီအကြောင်းကိုတော့ ကျွန်မ မသိပါဘူး၊ ဒါပေမဲ့ ကျွန်မ စုဆောင်း ရရှိတဲ့ အချက်အလက်တွေကို ကြည့်ပြီး ပြောရမယ်ဆိုရင် သူဟာ အချိန်ရှိသမျှ… အချိန်ရှိသမျှ ဆိုတာ နေ့ရော ညပါ ပြောတာနော်၊ အဲဒီလို အချိန်ရှိသမျှ အလုပ်ထဲမှာ သူ နစ်မြုပ်နေတာကိုပဲ တွေ့ရတယ်"

"ဒါလည်း မှန်ပါတယ်"

ဆမ်က ထောက်ခံသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ သူ့ဆီ ကျွန်မ ရေးလိုက်တဲ့ စာထဲမှာ ဘာကြောင့် သူ့အကြောင်း စီစဉ်ထုတ်လွှင့်ချင်တာလဲ ဆိုတာကိုပါ ထည့်ရေးခဲ့တယ်၊ ရုပ်မြင်သံကြား ကြည့်ရှုသူများက သူ့အပေါ် ရင်းနှီးသွားစေချင်လို့ ဒီအစီအစဉ်ကို လုပ်ရတာပါလို့၊ ဒါပေမဲ့ ခါးခါးသီးသီးကြီးကို သူက ငြင်းလိုက်တယ်၊ ကျွန်မ ရဖူးတဲ့ ငြင်းဆိုချက်တွေထဲမှာတော့ အခါးသီးဆုံးပဲ။

"အဲဒီလို ဖြစ်ခဲ့ကြပြီး လွန်ခဲ့တဲ့ ရက်သတ္တ နှစ်ပတ်လောက်တုန်းက လူသာပယ်လ်ဟမ်းက ကျွန်မဆီ ဖုန်းဆက်တယ်၊ ဘော့စတွန်မြို့ကို သူ လာခဲ့မယ်တဲ့ အကြောင်းရင်းကတော့ ကျွန်မကို နေ့လယ်စာ ကျွေးရင်း အလုပ်ကိစ္စ ဆွေးနွေး ဖို့ပါပဲတဲ့၊ အလုပ်ကိစ္စ ဆိုတာက ပိုတိုမက်ရုပ်မြင်သံကြားဌာနကို ပြောင်းပြီး သူနဲ့ အတူတူ ကျွန်မ အလုပ်လုပ်ဖို့ ကမ်းလှမ်းဖို့ပါပဲတဲ့၊ အဲဒီလိုနဲ့ ကျွန်မ ရှိနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘော့စတွန်မြို့ကို သူ ရောက်လာတယ်၊ ကျွန်မနဲ့ နေ့လယ်စာ အတူတူ စားကြတယ်။

“ဆိနိတ်တာအက်ဘီဂေးလ်ဆီ ကျွန်မ ရေးလိုက်တဲ့စာကို အက်ဘီဂေးလ်က သူ့ကို ပြတယ်လို့ နေ့လယ်စာ စားရင်း သူ ပြောပြတယ်၊ သူက အစိုးရအဖွဲ့တွင်းမှ အမျိုးသမီးများ ဆိုတဲ့ ခေါင်းစဉ်နဲ့ ကဏ္ဍတစ်ခု ထုတ်လွှင့်တင်ဆက်ဖို့ စဉ်းစားနေခဲ့တယ်တဲ့၊ နောက်ပြီးတော့ ကျွန်မ တင်ဆက်ခဲ့တဲ့ အစီအစဉ်တွေကိုလည်း သူ ဂရုစိုက်ကြည့်တဲ့အကြောင်းနဲ့ ကျွန်မ တင်ဆက်ပုံကို သဘောကျကြောင်း ပြောပြတယ်၊ ဒါကြောင့် သူ စိတ်ကူးထားတဲ့ အစိုးရအဖွဲ့အတွင်းမှ အမျိုးသမီးများ ကဏ္ဍကို တင်ဆက်ဖို့ အသင့်တော်ဆုံးလူဟာ ကျွန်မပဲ ဖြစ်တယ်လို့လည်း ဆုံးဖြတ်ချက် ချလိုက်တယ်တဲ့၊ သူ တင်ဆက်နေတဲ့ ခုနစ်နာရီ အစီအစဉ်မှာ ကျွန်မကို ပါဝင်စေချင်တယ်တဲ့။

“ကျွန်မ ရင်ထဲမှာ ဘယ်လို ခံစားသွားရမယ် ဆိုတာ ရှင် တွေးကြည့်နိုင်ပါတယ် ဆမ်၊ ပယ်လ်ဟာမ်ဟာ ရုပ်မြင်သံကြားလောကမှာ သိပ်ကို အောင်မြင်နေတဲ့ သတင်း စီစဉ်တင်ဆက်သူ တစ်ယောက် ဖြစ်ပါတယ်၊ အင်မတန် အရေးကြီးတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်တယ်၊ နောက်ပြီးတော့ ပိုတိုမက်ရုပ်မြင်သံကြားဌာန ဆိုတာလည်း ကျွန်မတို့ တိုင်းပြည်မှာ အကြီးဆုံးတွေထဲက တစ်ခု မဟုတ်လား၊ ကျွန်မကို ပေးမယ့် လခကလည်း အရမ်းကို မက်လောက်တယ်။

“သူက ဆိနိတ်တာအက်ဘီဂေးလ်ဂျင်းနင်း အကြောင်း တင်ဆက်တဲ့ အစီအစဉ်နဲ့ ကျွန်မကို ပွဲထုတ်ပေးချင်တယ်၊ နောက်ပြီးတော့ မြန်နိုင်သမျှ မြန်မြန်လည်း ထုတ်လွှင့်နေချင်တယ်၊ ဒါပေမဲ့ ကျွန်မ မသိတာ တစ်ခု ရှိနေတယ်၊ ဆိနိတ်တာဂျင်းနင်းဟာ ကျွန်မ စာရေး ကမ်းလှမ်းတုန်းက ငြင်းလိုက်ပြီး အခုမှ ဘာကြောင့် သဘောထား ပြောင်းလဲသွားသလဲ ဆိုတာပါပဲ”

“ဘာကြောင့် သဘောထား ပြောင်းလဲသွားသလဲ ဆိုတာ မင်းကို ကိုယ် ပြောပြနိုင်ပါတယ်၊ ဒုတိယသမ္မတဟာ ရာထူးက နုတ်ထွက်တော့မယ့်ဆဲဆဲကလေး ဖြစ်နေပြီ၊ သူ့ကျန်းမာရေး အခြေအနေဟာ လူအများ သိထားကြတာထက် အများကြီး ပိုဆိုးနေပြီ”

ပက်က ဇွန်းနှင့် ခက်ရင်းများကို ချထားလိုက်ပြီး ဆမ်ကို အံ့သြတကြီး စိုက်ကြည့်နေလိုက်မိသည်။

“ဆမ်… ရှင် ဆိုလိုတာက…”

“ကိုယ် ဆိုလိုတာက သမ္မတကြီးဟာ တာဝန်ထမ်းဆောင်ဖို့ သက်တမ်း နှစ်နှစ်ပျော့ပျော့ပဲ လိုတော့တယ်၊ ဒီလိုအချိန်မျိုးမှာ ဒီနိုင်ငံအတွက် ပထမဆုံးသော အမျိုးသမီး ဒုတိယသမ္မတကို ခန့်ထားလိုက်မယ်ဆိုရင် ဒီတိုင်းပြည်မှာ ရှိနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတွေ ဘယ်လောက် ပျော်ကြမလဲ၊ ဒီထက် ပိုပျော်နိုင်မယ့်ဟာ ရှိနိုင်သေးရဲ့လား''

''အင်း… ဒီအတိုင်းဆိုရင် ဆီနိတ်တာဂျင်းနင်းဟာ ပထမဆုံး အမျိုးသမီး ဒုတိယသမ္မတ ဖြစ်လာမယ်၊ ဒါကြောင့် နောက်သမ္မတလောင်း ရွေးပွဲမှာ သူ့ကို ရွေးဖို့ ဘယ်သူကမှ ငြင်းနိုင်ကြတော့မှာ မဟုတ်ဘူး ဆိုတဲ့ သဘောပေါ့နော်''

''နေဦး ပက်… နေဦး၊ မင်း တွေးတာ သိပ်မြန်လွန်းနေပြီ၊ ကိုယ် ပြောတာက အကယ်၍များ ဒုတိယသမ္မတ ရာထူးက နုတ်ထွက်ခဲ့ရင်လို့ ပြောတာပါ၊ အဲဒီလိုများ နုတ်ထွက်ခဲ့မယ် ဆိုရင်တော့ ဒုတိယသမ္မတ နေရာကို အစားထိုးဖို့ အကောင်းဆုံး အမျိုးသမီးဟာ အက်ဘီဂေးလ်ဂျင်းနင်းနဲ့ ကလဲယားလောရင့်စ်တို့ နှစ်ယောက်ပဲ ရှိတယ် မဟုတ်လား၊ သူတို့နှစ်ယောက်အနက် တစ်ယောက် ယောက်ကို ရွေးရတော့မှာပေါ့။

''အခြေအနေ အမှန်အတိုင်း ပြောမယ်ဆိုရင် ကလဲယားလောရင့်စ်ဟာ ဆီးနိတ်လွှတ်တော်ထဲမှာ အထင်ရှား အကျော်ကြားဆုံး အမျိုးသမီးပဲ၊ ဉာဏ် ထက်မြက်တယ်၊ အာဝဇ္ဇန်းရွှင်တယ်၊ ပထမတန်းစား ဥပဒေပညာရှင် ဖြစ်တယ်၊ သူ့ကို ဒုတိယသမ္မတ ရာထူးပေးလိုက်ရင် သူ့တာဝန်တွေကို စွမ်းစွမ်းတမံ ဆောင်ရွက် နိုင်မှာ သေချာတယ်။

''ဒါပေမဲ့ အက်ဘီဂေးလ်ဂျင်းနင်းက ဆီးနိတ်လွှတ်တော်ထဲ ရောက်နေ တာ ကြာပြီ၊ သူက သက်တမ်းရင့်တယ်၊ သမ္မတကြီးနဲ့ ကလဲယားတို့ နှစ်ယောက် က တစ်နယ်တည်းက တက်လာကြတယ်၊ နိုင်ငံရေး သဘောတရားအရတော့ တစ်နယ်တည်းက တက်လာသူကို ဒုတိယအကြီးဆုံး ရာထူးပေးဖို့ မသင့်တော်နေ ဘူး၊ အဲဒီလို ထည့်စဉ်းစားမယ် ဆိုရင် ဒုတိယသမ္မတ ရာထူးကိုလည်း အမျိုးသမီး ကိုပဲ ပေးမယ်ဆိုရင် အဖြစ်နိုင်ဆုံးကတော့ အက်ဘီဂေးလ်ပဲ။

''နောက်တစ်နည်းလည်း စဉ်းစားနိုင်သေးတယ်၊ ဒုတိယသမ္မတလောင်း ဟာ လူကြိုက်များဖို့ ကျော်ကြားဖို့ လူသိများဖို့ လိုတယ် မဟုတ်လား၊ အဲဒီဘက် က ကြည့်ပြန်ရင် အက်ဘီဂေးလ်က အားနည်းနေပြန်ရော၊ လွှတ်တော်ထဲမှာလည်း သူ့မှာ ရန်သူတွေ ပတ်လည်ဝိုင်းနေတယ်၊ ကလဲယားလောက်လည်း ကျော်ကြား ခြင်း မရှိသေးဘူး''

''ဒီအတိုင်းဆိုရင် အက်ဘီဂေးလ်အကြောင်း လူတွေ ပိုသိလာအောင်၊ ပိုပြီးနာမည်ကြီးလာအောင် လူသာပယ်လ်ဟမ်းက အချိန်မီ တွန်းတင်ပေးလိုက်ချင် တဲ့ သဘောမျိုး ရှိနေတယ်လို့ ရှင် ဆိုလိုချင်တာပေါ့ ဆမ်၊ ဟုတ်ပါသလား''

''ပယ်လ်ဟမ်းအကြောင်း မင်း ပြောပြထားသလောက်ကို အခြေခံပြီး စဉ်းစားကြည့်ရင် ဒါဟာ ကိုယ့်ရဲ့ ခန့်မှန်းတွေးထင်ချက်ပဲ ဖြစ်ပါတယ်၊ အက်ဘီဂေးလ် ကို ပြည်သူအများက ဝိုင်းဝန်းထောက်ခံလာအောင် သူ လှုံ့ဆော်ပေးချင်တဲ့ သဘော

www.burmeseclassic.com

www.burmeseclassic.com



မျိုး ရှိကောင်းရှိလိမ့်မယ်လို့ ကိုယ် ထင်တယ်၊ သူတို့ နှစ်ယောက် ရင်းနှီးခဲ့ကြတာ ကြာပြီ၊ ဒါကြောင့် သူနဲ့ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ကို ဒုတိယသမ္မတ ဖြစ်စေချင်တဲ့ ဆန္ဒ ပယ်လ်ဟမ်းမှာ သေချာပေါက် ရှိရမှာပဲပေါ့"

ညစာကို တိတ်ဆိတ်စွာ သူတို့ ဆက်စားနေကြသည်။ ပက်ကတော့ ဆမ် ပြောပြသည့် အကြောင်းများကို စဉ်းစားရင်း သုံးသပ်ကြည့်နေသည်။

အလွန်ဖြစ်နိုင်သော သုံးသပ်ချက်များ ဖြစ်ပါသည်။

လူသာပယ်လ်ဟမ်းက သူ့ကို ဖြုန်းစားဒိုင်းစားကြီး အလုပ်ပေးဖို့ ကမ်းလှမ်းလိုက်ခြင်းက သက်သေခံနေသည်။ အချိန် သိပ်မရှိတော့သောကြောင့် တက်သုတ်နှင်ချင်သည့် သဘောရပါမည်။

"ဟေး… ကိုယ့်ကို သတိရသေးရဲ့လား"

တိတ်ဆိတ်မှုကို ဆမ်က ချိုးဖောက်လိုက်သည်။

"လွန်ခဲ့တဲ့ နှစ်နှစ်အတွင်း ကိုယ် ဘာတွေ ဖြစ်နေခဲ့တယ် ဆိုတာ မင်း မေးသေးပါလား"

"ရှင် ဘာတွေ ဖြစ်နေတယ်ဆိုတာ ကျွန်မက အမြဲတမ်း နားစွင့်နေတာ ပါ ဆမ်"

ပက်က အေးအေးဆေးဆေး ပြောပြသည်။

"ကွန်ဂရက်လွှတ်တော်အမတ်အဖြစ် ရှင် ပြန်အရွေးခံရတော့ ရှင့်ကို ချီးမူးပြီး ကျွန်မ တစ်ယောက်တည်း အထိမ်းအမှတ်ကလေး တစ်ခု လုပ်လိုက်ပါ တယ်၊ ရှင် ပြန်အရွေးခံရတာ ကျွန်မ နည်းနည်းကလေးမှ မအံ့သြပါဘူး။ ဂျင်းနစ် ဆုံးတုန်းကလည်း ရှင့်ဆီကို ကျွန်မ စာပေါင်းများစွာ ရေးခဲ့တယ်၊ ဒါပေမဲ့ တစ်စောင် မှ မထည့်ဖြစ်ခဲ့ဘူး၊ ရေးလိုက် ဆုတ်ပစ်လိုက်၊ ပြန်ရေးလိုက် ထပ်ဆုတ်ပစ်လိုက် နဲ့ မထည့်ဖြစ်ခဲ့တာပါ၊ ရှင်နဲ့ ပတ်သက်ပြီး ကျွန်မ ဘယ်လိုပြောရမှန်း မသိခဲ့ဘူး လေ၊ ဒါပေမဲ့ ရှင့်အတွက်တော့ ကျွန်မ အရမ်းကို စိတ်ထိခိုက်ခဲ့ရပါတယ်၊ ရှင် အရမ်းဒုက္ခရောက်ခဲ့မှာပေါ့"

"ဟုတ်တယ်၊ ဒုက္ခရောက်ခဲ့တယ်၊ ဂျင်းနစ် အသက်ရှင်လျက် နေရဖို့ အချိန် သိပ်မရှိတော့ဘူးဆိုတာ သေသေချာချာ သိလာရတဲ့ အချိန်မှာ ကိုယ့်အချိန် တွေ အားလုံး သူ့ကိုပဲ ပုံပေးလိုက်တယ်၊ သူ့အနားမှာပဲ အချိန်ပြည့် နေပေးခဲ့တယ်၊ လွှတ်တော်အစည်းအဝေးကိုတောင် မတက်တော့ဘူး၊ အဲဒီလို နေပေးလိုက်တာ အကျိုးရှိသွားပါတယ်၊ ဂျင်းနစ် အများကြီး စိတ်ချမ်းသာသွားတယ်လေ"

"ရှင် ဒီလို လုပ်လိုက်တာ မှန်ကြောင်း ကျွန်မ အကြွင်းမဲ့ ယုံကြည်ပါ တယ်ရှင်"

ပက်တွင် မေးစရာ မေးခွန်းတ ရှိနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆမ်… ကျွန်မဆီကို ဖုန်းဆက်ဖို့ ဒါလောက်တောင် အချိန်တွေ အကြာကြီး ရှင် ဘာဖြစ်လို့ စောင့်နေတာလဲ ဟင်၊ တည့်တည့်ပဲ မေးစမ်းပါရစေ၊ ဝါရှင်တန်မြို့ ကိုသာ ကျွန်မ ရောက်မလာရင် ကျွန်မဆီကို ရှင် လုံးဝဖုန်းဆက်မှာ မဟုတ်ဘူးပေါ့ နော်"

ပတ်ဝန်းကျင်ရှိ အခြား စားသောက်နေကြသူများ၏ စကားပြောသံများ၊ ဇွန်းသံ ပန်းကန်သံများကို ပက် မကြားတော့ပါ။

တထောင်းထောင်း ထနေသည့် ဟင်းနံ့ကျွေးနံ့များကိုလည်း နှာခေါင်းက မသိတော့ပါ။

ခမ်းနားသပ်ရပ်စွာ မွမ်းမံပြင်ဆင်ထားသည့် ပတ်ဝန်းကျင်၏ အလှအပ များကိုလည်း သူ မခံစားနိုင်တော့ပါ။

ဆမ့်ထံမှ ထွက်ပေါ်လာမည့် အဖြေကိုသာလျှင် သူ စိတ်လော်ကြီးစွာဖြင့် စောင့်မျှော်နေလေသည်။

"မင်းကို ကိုယ် ဖုန်းဆက်ခဲ့ပါတယ်"

ဆမ်က တည်ငြိမ်စွာ ပြန်ဖြေသည်။

"အကြိမ်ပေါင်း များစွာကို ဆက်ခဲ့ပါတယ်၊ ဒါပေမဲ့ ဖုန်းခေါ်သံ ဆုံးလို့ မင်းဘက်က ပြန်ထူးခါနီးတိုင်း ဖုန်းကို ကိုယ် ပစ်ချခဲ့တာချည်းပဲ၊ ပက်… မင်းနဲ့ ကိုယ် တွေ့စတုန်းက မင်းဟာ စေ့စပ်ကြောင်းလမ်းတော့မယ့်ဆဲဆဲနော်၊ ကိုယ့်ကြောင့် စေ့စပ်ကြောင်းလမ်းဖို့ ကိစ္စ ပျက်သွားတယ်၊ မင်းဘဝကို ကိုယ် ဖျက်ဆီးလိုက်သလို ဖြစ်သွားတယ်"

"ကျွန်မ ဘဝထဲကို ရှင် ရောက်လာသည် ဖြစ်စေ၊ ရောက်မလာသည် ဖြစ်စေ စေ့စပ်ကြောင်းလမ်းဖို့ ကိစ္စကတော့ ပျက်မှာပါပဲ၊ ကျွန်မနဲ့ စေ့စပ်မယ့် ရှော့ဘ်ဟာ လူကောင်းတစ်ယောက်ပါ၊ ဒါပေမဲ့ ဘဝခရီးဖော် တစ်ယောက်ဟာ လူကောင်း ဖြစ်ရုံလေးနဲ့ မလုံလောက်သေးပါဘူးလေ"

"သူဟာ အင်မတန်တော်တဲ့ ရှေ့နေတစ်ယောက်ပါ၊ သူ့ရဲ့ အနာဂတ် ခရီးလမ်းကြောင်းဟာလည်း ဖြောင့်ဖြူးနေတယ်၊ တစ်နေ့သောအခါမှာ အောင်မြင် မှာလည်း သေချာတယ်၊ မင်းရဲ့ ဘဝထဲကို ကိုယ်သာ ရောက်မလာရင် မင်းတို့ နှစ်ယောက် အိမ်ထောင်ကျနေလောက်ပြီ၊ ပက်… ကိုယ့်အသက် လေးဆယ့်ရှစ်နှစ် ရှိပြီ။

"မင်းက နှစ်ဆယ့်ခုနစ်နှစ်၊ ကိုယ်ဟာ နောက် သုံးလ ကြာရင် မြေး ရတော့မယ်၊ ဘိုးအေ ဖြစ်တော့မယ်၊ မင်း သားသမီးကလေးတွေ မွေးချင်တာ မင်း သိတယ်၊ ဒါပေမဲ့ ကိုယ်ကတော့ သားသမီးတွေ ရှိတဲ့ မိသားစုအသစ်တစ်ခုကို ပြုစုပျိုးထောင်ပေးနိုင်တဲ့ ခွန်အားတွေ ကုန်ခန်းသွားပြီ"

"အင်း… ဒီလိုကိုး၊ ကျွန်မ တစ်ခုလောက် မေးကြည့်ဖို့ရလား ဆမ်"

www.burmeseclassic.com

www.burmeseclassic.com



"မေးပါ"

"ကျွန်မကို ရှင် ချစ်ရဲ့လား၊ ဒါမှမဟုတ် အချစ်ဆိုတာ မပါဘဲ ရှင် စကားတွေ ပြောနေတာလား"

"မင်းကို ကိုယ် ချစ်ပါတယ်၊ ဘယ်လောက်များ ချစ်သလဲဆိုရင် မင်းနဲ့ သက်တူရွယ်တူ တစ်ယောက် မင်း တွေ့သွားအောင် အခွင့်အရေးတွေ ပေးနိုင်တဲ့အထိ ကို ချစ်ပါတယ်"

"ဒီလိုဆိုရင် ရှင်ကရော ရှင်နဲ့ သက်တူရွယ်တူ တစ်ယောက်ယောက်ကို တွေ့နေပြီလား"

"တွေ့နေပြီလို့ ဘယ်လိုမှ တိတိကျကျ မပြောနိုင်ပါဘူး"

"သြော်..."

ပက်က ကြိုးစား ပြုံးသည်။

"ကဲ... ဒီအတိုင်းဆိုရင် ကျွန်မတို့နှစ်ယောက် အပြန်အလှန် ဖုံးကွယ် ထားတာ ဘာတစ်ခုမှ မရှိတော့ဘူး၊ အားလုံး ပွင့်လင်းသွားပြီ၊ ဒါကြောင့် ကျွန်မကို ညစာပွဲလေး တစ်ပွဲလောက်မှ မကျွေးတော့ဘူးလား ရှင်"

ရင်ထဲက အလုံးကြီး ကျသွားသလို ဆမ် အတော်ကြီး စိတ်သက်သာရာ ရသွားကြောင်း သိသာထင်ရှားပါသည်။

မိမိက သူ့ကို အကျပ်ကိုင်တော့မည်ဟုများ ဆမ်က ထင်နေသလားဟု ပက်က စဉ်းစားကြည့်သည်။

ဆမ်ကို ကြည့်ရသည်မှာ စိတ်ပန်း ကိုယ်နွမ်းဖြင့် အရမ်းပင်ပန်းနေပုံရ သည်။ စိတ်ဓာတ်လည်း ကျနေပုံရသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်တုန်းက ကျော်ဖြတ်ခဲ့သည့် စိတ်ဓာတ်များ ဘယ်ရောက်ကုန်ပြီနည်း။

နောက်တစ်နာရီလောက် ကြာသောအခါ ဆမ်က ပက်ကို သူ၏အိမ်သို့ ကားဖြင့် ပြန်ပို့ပေးသည်။ ကားပေါ်က ဆင်းတော့မှ ဆမ်နှင့် ဆွေးနွေးရမည့် ပြဿနာကို ပက် သတိရသည်။

"ဆမ်... လွန်ခဲ့တဲ့ အပတ်က ကျွန်မ ဘော့စတွန်ရုံးမှာ ရှိနေတုန်း ရုံးသူရဲတစ်ယောက် ဖုန်းဆက်ပြီး ခြိမ်းခြောက်တာကို ခံခဲ့ရတယ်"

ပြီးတော့ အဖြစ်အပျက်ကို အစအဆုံး ရှင်းပြသည်။

"လွှတ်တော်မှာလည်း အဲဒီလို ဖုန်းနဲ့ ခြိမ်းခြောက်တာတွေ၊ စာရေး ခြိမ်းခြောက်တာတွေ မကြာခဏ ရတတ်သလား ဟင်"

ဆမ်က ထိုအကြောင်းကို သိပ်ပြီး အလေးအနက်ထားပုံ မရပေ။

"ဒါလောက်လည်း မဟုတ်ပါဘူး၊ ရောက်လာရင်လည်း လွှတ်တော် အမတ်တွေက သိပ်လေးလေးနက်နက် သဘောမထားကြပါဘူး"

ပက်၏ ပါးကို နမ်းနှုတ်ဆက်ရင်း သူက တစ်ချက် ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အခုပဲ တစ်ခု စဉ်းစားနေတယ်၊ ကလဲယားလောရင့်စ်နဲ့ စကားပြောကြည့်ရရင် ဘယ်လောက် ကောင်းမလဲ၊ အက်ဘီဂေးလ်ကို သူ ဘယ်လောက်လန့်နေတယ် ဆိုတာ အကဲခတ်ကြည့်ရရင် ဘယ်လောက် ကောင်းမလဲလို့ စဉ်းစားကြည့်နေမိတယ်"

ဆမ် ကားမောင်းထွက်သွားသည်ကို ပက်က ကြည့်နေသည်။ ပြီးတော့ တံခါးပိတ်ပြီး မင်းတုပ်ထိုးသည်။

သူ၏ အထီးကျန်စိတ်ကို ဘာမှ မရှိသော အိမ်ကြီးက ထပ်ဆောင်းအားဖြည့်ပေးနေသလို ဖြစ်နေသည်။

အိမ်ထောင် ပရိဘောဂများ ရောက်လာလျှင်တော့ ပြောင်းလဲသွားကောင်းပါရဲ့ဟု သူ့ကိုယ်သူ အားပေးလိုက်မိလေသည်။

ကြမ်းပြင်ပေါ်မှာ ကျနေသည့် အရာဝတ္ထုတစ်ခုက သူ့မျက်စိကို ဖမ်းယူဆွဲဆောင်လိုက်လေသည်။

အဖြူရောင် စာအိတ်တစ်လုံး ဖြစ်သည်။ သူ အပြင်သွားနေတုန်း တံခါးအောက်မှ ထိုးသွင်းခဲ့ခြင်း ဖြစ်ပုံရသည်။

ခပ်စောင်းစောင်း လက်ရေးများဖြင့် သူ့နာမည်ကို ရေးထားသည်။

အိမ်ပွဲစားရုံးမှ ရေးလိုက်သည့်စာ ဖြစ်နိုင်သည်ဟု သူ့ကိုယ်သူ ပြောမိသည်။

သို့သော်လည်း စာအိတ်ပေါ်တွင် ကုမ္ပဏီနာမည် ပုံနှိပ်ထားခြင်း မရှိ။ စာပို့သူ နာမည်လည်း မပါ။ အမျိုးအစားကလည်း အပေါစား ဖြစ်သည်။

သူ ဖြည်းဖြည်းချင်း ဖွင့်သည်။

စာရွက်ကလေး တစ်ရွက် ထွက်လာသည်။ စာကြောင်းတစ်ကြောင်း ပါသည်။

'မလာနဲ့လို့ မင်းကို ငါ ပြောထားပြီးပြီ...'

□

www.burmeseclassic.com

www.burmeseclassic.com

## ၃

နောက်တစ်နေ့ မနက် ၆ နာရီတွင် နာရီနှိုးစက် မြည်သည်။ ဖက်က အိပ်ရာပေါ်မှ ထိုလိုချင်ချင် အောက်သို့ ဆင်းလိုက်လေသည်။

မွေ့ရာကြီးက ဇုလုံးခုနှင့် တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်နိုင်ခဲ့။ ကြက်အိပ်ကြက်နိုး ဖြစ်နေသည်။

ချိုးချိုးချွတ်ချွတ် အသံများကိုလည်း ဟိုမှ သည်မှ ကြားနေရသည်ဟု ထင်နေသည်။

ညဦးတုန်းက အိမ်ပြန်အလာတွင် တွေ့ရသည့် ခြိမ်းခြောက်စာကို မေ့ပျောက်အိပ်ရန် ကြိုးစားသည်။ မစဉ်းစားဖြစ်အောင် ကြိုးစားသည်။

သို့သော်လည်း သူ မအောင်မြင်ပါ။

စဉ်းစားဖြစ်သည့်အခါတွင်လည်း အရူးတစ်ယောက်ယောက် အရူးထပြီး ပြေးသွားခြင်းမျှသာ ဖြစ်ရမည်ဟု သူ့ကိုယ်သူ အားပေးကြည့်သည်။

ဒါလည်း မအောင်မြင်ပါ။

တစ်စုံတစ်ယောက်ကတော့ သူ့ကို စောင့်ဆိုင်း ကြည့်ရှုနေရမည်။

ပစ္စည်းများ သယ်ယူလာမည့် မော်တော်ကားမှာ မနက် ၈ နာရီတွင် ရောက်လာမည်ဟု ကုမ္ပဏီက ပြောသည်။

မြေတိုက်ခန်းထဲမှာ သိမ်းဆည်းထားသော ဖိုင်တွဲများကို အပေါ်ထပ် စာကြည့်ခန်းထဲသို့ ပြောင်းရွှေ့ထားရန်လည်း သူ စီစဉ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမံတလင်းနှင့် အုတ်နံရံများကြောင့် မြေတိုက်ခန်းက စိုထိုင်းထိုင်း ဖြစ်နေသည်။

ဥယျာဉ်ထဲမှာ သုံးသည့် စားပွဲ၊ ကုလားထိုင်များကို အခန်းအလယ်မှာ စုပုံချထားသည်ကို တွေ့ရသည်။ ဂိုဒေါင်သပ်သပ် ရှိရာ ထိုစားပွဲ၊ ကုလားထိုင်များကို ဘာကြောင့် ဂိုဒေါင်ထဲ မထားဘဲ သည်မှာ လာထားသည်ကို သူ မစဉ်းစားတတ်ချေ။

မြေတိုက်ခန်းတံခါးကို ရောမသော့ခလောက်ကြီးဖြင့် ခတ်ထားသည်ကို တွေ့ရသည်။ သော့ခလောက်ကို ကြည့်ခြင်းအားဖြင့် နှစ်ပေါင်းများစွာ ကြာအောင် အဖွင့် အပိတ် မလုပ်ဘဲ ပစ်ထားခြင်း ခံရနေကြောင်း သိသာ ထင်ရှားလှပါသည်။

ထိုသော့ကို ချားလ်စ် ထုတ်ပေးစဉ်က သူ့ကို သတိပေးခဲ့သေးသည်။

"မြေတိုက်ခန်းထဲမှာ သမီး ဘာတွေ တွေ့ရမယ်ဆိုတာ ဖေဖေလည်း အတိအကျ မသိဘူး၊ ဒင်းရဲ့ ရုံးမှာ ရှိတဲ့ ကိုယ်ပိုင်ပစ္စည်းတွေ အားလုံး အိမ်ပြန်သယ်ခဲ့ရမယ်လို့ သမီးရဲ့ အတွား ပြောတဲ့အတိုင်း တွေ့သမျှ အကုန်သယ်ပြီး အဲဒီမြေတိုက်ခန်းထဲ ထည့်ထားလိုက်တာပဲ၊ ဖေဖေတို့ တစ်ခါမှ မရှင်းဖူးဘူး"

သော့ထည့်ပြီး လှည့်လှည့်ချင်း ကျပ်နေသည်။

သော့ချောင်းက တုတ်တုတ်မျှ မလှုပ်။ မြေတိုက်ခန်းမှာ စိုထိုင်းထိုင်း ဖြစ်နေသည်။ အနံ့အသက်ကလည်း အောက်သိုးသိုး ဖြစ်နေသည်။ မှိုစော် အောက်စော်များ ရောပြီး နံနေသည်။

သည်အတိုင်းဆိုလျှင် သော့ခလောက်ထဲမှာ သံချေးတက်ပြီး ဖွင့်လို့ရပါ့ မလားဟု တွေးနေမိသည်။

ထိုအချိန်မှာပင် သော့တဖြည်းဖြည်းချင်း လည်သွားကာ ပွင့်သွားသည်။

တံခါးကို သူ ဖွင့်လိုက်သည်။

တံခါး ပွင့်သွားတော့ အောက်သိုးသိုး အနံ့ကြီးက မခံမရပ်နိုင်အောင် ထောင်းခနဲ ထွက်လာသည်။

ဖိုင်တွဲများ ထားသည့် ရုံးသုံးစင်ကြီး နှစ်စင်မှာ ပိုးမျှင်များ၊ ဖုန်များ မြင်မကောင်းအောင် ဖုံးအုပ်နေသည်။

ထိုစင်များ၏ မူလပင်ကို အရောင်ကိုပင် ခန့်မှန်း၍ မရနိုင်တော့ပေ။

ကြီးမားလေးလံသည့် ဘူးကြီးများကိုလည်း ထိုစင်နှစ်ခု၏ ဘေးမှာ တွေ့ရသည်။

ထို့ကြောင့် ထိုအမှတ်အသားပေါ်မှ ဖုန်များကို လက်မနှင့် အားစိုက်ပွတ် ကြည့်သည်။

တဖြည်းဖြည်းနှင့် အမှတ်အသား ပေါ်လာသည်။

'ကွန်ဂရက်လွှတ်တော်အမတ် ဒင်းအခမ်စ် စာအုပ်များ'

www.burmeseclassic.com

www.burmeseclassic.com



'ကွန်ဂရက်လွှတ်တော်အမတ် ခင်းအဒမ်စ် ပုဂ္ဂိုလ်ရေးရာများ'
'ကွန်ဂရက်လွှတ်တော်အမတ် ခင်းအဒမ်စ် အကိုးအကားများ'
မှတ်တမ်းမှတ်ရာများကို အမျိုးအစားအလိုက် ခွဲကာ ဘူးကြီးများဖြင့် ထည့်သိမ်းထားခြင်း ဖြစ်ကြောင်း တွေ့ရသည်။

ဗီရိုများကိုလည်း လက်နှင့် ပွတ်ကြည့်သည်။

'ကွန်ဂရက်လွှတ်တော်အမတ် ခင်းအဒမ်စ် ကိုယ်ရေးကိုယ်တာများ' ဆိုသော စာတန်းရေးပြီး ကပ်ထားသည်ကို တွေ့ရသည်။ သူ့ရုံးမှ ပစ္စည်းများ ပြန်ယူလာပြီး အထဲမှာ ထားသည်ဆိုတော့ သူ့ကွန်ဂရက်လွှတ်တော်နှင့် ပတ်သက်သည်များ၊ နိုင်ငံရေးနှင့် ပတ်သက်သည်များသာ ဖြစ်ရပေမည်ဟု ပက်က တွေးကြည့်သည်။

'ကွန်ဂရက်လွှတ်တော်အမတ် ခင်းအဒမ်စ်'

ပက်က အသံကျယ်ကျယ်ဖြင့် ရွတ်ဖတ်ကြည့်သည်။

ပြီးတော့ သတိထားပြီး ဖြည်းဖြည်းချင်း ထပ်ရွတ်ကြည့်ပြန်သည်။

အတော်တော့ ရယ်စရာကောင်းသည်ဟု သူ ထင်မိသည်။ ခင်းအဒမ်စ်ကို ကွန်ဂရက်လွှတ်တော် အမတ်တစ်ယောက်အဖြစ် သိရှိခံစား၍ မရ။ သည်အိမ်ကြီးနှင့် သက်ဆိုင်ခဲ့ဖူးသော လူသားတစ်ယောက်အဖြစ်သာ သူ သိရှိခံစားခဲ့ရသည်။

သူဟာ ဘယ်လို နိုင်ငံရေးသမားမျိုးလဲ။

ဘယ်လို ကွန်ဂရက်လွှတ်တော် ကိုယ်စားလှယ်မျိုးလဲ။

ဘယ်လို အမတ်မျိုးလဲ။

သူတို့ သေဆုံးစဉ်က သတင်းစာများတွင် သူတို့ ဓာတ်ပုံများကို ဖော်ပြခဲ့ကြသည်။ သတင်းစာများတွင် ပါရှိသော ထိုဓာတ်ပုံများမှတစ်ပါး အခြားဓာတ်ပုံကို ပက် မမြင်ဖူးပါ။

ဗရိုနီကာက ဓာတ်ပုံအယ်လ်ဘမ်တစ်ခု ပြဖူးသည်။

သို့သော်လည်း ရီနီ ကလေးဘဝတုန်းက ရိုက်ထားသည့် ဓာတ်ပုံများ၊ ရီနီ အပျိုဖြစ်စ ကပွဲသွားစဉ်က ရိုက်ထားသည့် ဓာတ်ပုံများ၊ ပထမဆုံး ကြေးစား ပြဓာတ်ကစဉ်က ဓာတ်ပုံများ၊ ပက်ကို ချီပိုးထားသည့် ဓာတ်ပုံများသာ ပါသည်။

ခင်းအဒမ်စ်၏ ဓာတ်ပုံများကို ဗရိုနီကာ ဘာကြောင့် သိမ်းဆည်းမထားသလဲ ဆိုသည်မှာ ဘယ်လိုမှ မတွေးတတ်အောင် ဖြစ်နေခဲ့ရသည်။

ဖိုင်တွဲများ ထည့်ထားသည့် ဗီရိုသော့ကိုလည်း ချားလ်စ်က ပေးလိုက်သည်။ ထိုသော့ဖြင့် ဖွင့်မည်လုပ်တုန်း ပက် နှာချေသည်။

ထိုပစ္စည်းများကို သည်နေရာမှာပင် စစ်ဆေးကြည့်ရှုခြင်းသည် အလွန် မိုက်မဲရာကျကြောင်း သဘောပေါက်လာသည်။ မျက်လုံးထဲသို့လည်း ဖုန်များ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေအားလုံး စာကြည့်ခန်းထဲသို့ ရွှေ့ပြီးမှ အေးအေးဆေးဆေး စစ်ဆေးကြည့်ဖို့ သူ ဆုံးဖြတ်လိုက်သည်။ ပထမဆုံးအနေဖြင့် ဖုံးနေသည့် ဖုန်များ၊ ပင့်ကူအိမ်များကို ရှင်းပစ်ရမည်။

အတော်တော့ ပင်ပန်းမည်ကို သိသည်။ သည်အခန်းထဲမှာ လက်ဆေးကြွေဇလုံ မရှိ။

ထို့ကြောင့် အပေါ်ထပ်မီးဖိုချောင်သို့ တက်ပြီး အဝတ်ကို ရေဆွတ်ကာ အောက်ပြန်ယူလာပြီး တိုက်ရတော့သည်။

အခေါက်ခေါက်အခါခါ တက်လိုက်၊ ဆင်းလိုက် ဗီရိုနှင့် ဘူးများပေါ်မှ ဖုန်များ၊ ပင့်ကူအိမ်များကို ရေစိုဝတ်နှင့် တိုက်လိုက် လုပ်ယူရသည်။

အချို့ဖုန်များမှာ နှစ်ကြာလွန်းသောကြောင့် ရေစိုဝတ်နှင့် တိုက်၍ပင် မရနိုင်လောက်အောင် စွဲကပ်နေသည်။

ထို့ကြောင့် ဓားကို ယူပြီး ခြစ်ထုတ်ပစ်ရသည်။ အထပ်ထပ်အခါခါ ခြစ်ထုတ်လိုက်တော့မှ ပင်ကိုအရောင် ပေါ်လာသည်။ ဗီရိုများမှာ အစိမ်းရောင် ဖြစ်သည်။

သူ ကျေနပ်သွားသည်။ အားလုံး အကောင်းပကတိ ရှိနေသည်။ သံချေးတက်ခြင်း၊ ပိုးစားခြင်း လုံးဝမရှိ။

စာကြည့်ခန်း အရှေ့ဘက်ခြမ်း နံရံတွင် ကပ်ထားဖို့ စိတ်ကူးသည်။ ဘူးများကိုလည်း ဟိုဘက်ခြမ်းမှာပင် ထားရမည်။

ထိုပစ္စည်းများကို သေသေချာချာ သန့်စင်ပြီးနောက် တစ်စုံတစ်ယောက်က မြင်လျှင် ဘော့စတွန်မြို့မှ ယူလာခြင်း မဟုတ်ပါဟု မည်သူမှ ငြင်းဆိုနိုင်ကြတော့မည် မဟုတ်ချေ။

ဗရိနိကာကတော့ ကျေနပ်မည် မဟုတ်။ သူ့ကို ပြောခဲ့သည့် ဗရိနိကာ၏ စကားများကို ပြန်လည်ကြားယောင်နေမိသေးသည်။

"ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောနဲ့ သမီး၊ ကိုယ့်ရှေ့ရေးအတွက်ပဲ စဉ်းစား၊ တစ်နေ့ကျရင် သမီး အိမ်ထောင်ပြုရမှာပဲ၊ သားတွေ သမီးတွေ မွေးရမှာပဲ၊ အဲဒီလို သားသမီးတွေ ရလာတဲ့အခါမှာ သမီးရဲ့ ညာဘက်ခြေထောက် နည်းနည်းဆာနေတာဟာ သမီး ဖေဖေက သမီးကို သတ်ဖို့ ကြိုးစားရာက ရလာတဲ့ ဒဏ်ရာပါ ဆိုတာကို သမီးရဲ့ သားသမီးတွေကို အသိပေးချင်သလား၊ ဟင်... သမီး စဉ်းစားစမ်း"

ဖုန်များ ပေကျံနေသောကြောင့် မျက်နှာသစ်ချိန်၊ လက်ဆေးချိန်ကလေးပင် မရလိုက်တော့ဘဲ ဘော့စတွန်မြို့မှ ပစ္စည်းများ သယ်လာသည့် မော်တော်ကား ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်တင်ကားကြီး တစ်စီးတိုက် အိမ်ထောင်ပရိဘောဂများ၊ အသုံးအဆောင်ပစ္စည်းများကို ထိုကားနှင့် ပါလာသော ကုမ္ပဏီ အလုပ်သမား သုံးယောက်တို့က နေ့အားမနေ သယ်ချကာ နေရာပါ တစ်ခါတည်း ချထားပေးကြသည်။

အခန်းများတွင် ကော်ဇောများ ခင်းခြင်း၊ ပန်းကန်ခွက်ယောက်များကို သူ့နေရာနှင့်သူ နေသားတကျ ထားခြင်း၊ စတိုခန်းထဲ ထားရမည့် ပစ္စည်းများကို စတိုခန်းထဲသို့ သွင်းပေးခြင်းဖြင့် နေ့တစ်ဝက်လုံးလုံး အချိန်ကုန်သွားသည်။

သို့သော်လည်း စိုစိုပိုပို ရလိုက်သော အပိုကြေးကြောင့် အလုပ်သမား သုံးယောက်စလုံး ပျော်ရွှင်စွာ ပြန်သွားကြလေသည်။

ပက်က တစ်ယောက်တည်း ဧည့်ခန်းထဲသို့ ဝင်သွားသည်။ ပြောင်းလဲသွားမှုကား မယုံကြည်နိုင်စရာ ကောင်းလှပေသည်။ စောစောတုန်းက မြင်ကွင်းနှင့် ဘာမှမဆိုင်တော့။

အလွန်ကျယ်ပြောသည့် ဧည့်ခန်းကြီးကို ခန်းလုံးပြည့်ကော်ဇောကြီး ခင်းပြီးပြီ။

ဆိုဖာများ နေရာချထားပြီးပြီ။ ဆိုဖာများကို လှပသည့် ဇာများဖြင့် ဖုံးအုပ်ပြီးပြီ။ မီးလင်းဖိုရှေ့မှာ ကုလားထိုင်တစ်လုံး ချထားပြီးပြီ။

အားလုံး ဟိုတုန်းကအတိုင်း ဖြစ်သွားပြီဟု ထင်သည်။

သည်တော့ ဘာတွေ ခံစားရသလဲ။

သူ စဉ်းစားကြည့်သည်။

သို့သော်လည်း ဘာမှ မသေချာပါ။

ကြောက်စိတ်တော့ လုံးဝမရှိပါ။ မီးလင်းဖိုနားသို့ သူ တိုးသွားကြည့်သည်။ လုံးလုံးမကြောက်ပါ။

သည်လို ဆိုလျှင် ဘာခံစားနေရသနည်း။

နောက်ကြောင်းတွေကို ဘာပြန်မှတ်မိနေသနည်း။

ဘာတွေကို သတိရနေသနည်း။

ဧည့်ခန်းကို ယခင်အတိုင်း ပြန်လည်ပြင်ဆင်ပြီးပြီ။

သည်အခန်းထဲမှာ မိသားစု ပျော်ရွှင်စွာ နေခဲ့ကြသည့် အကြောင်းများ ပြန်ပေါ်လာသလား။

သည်လိုဆိုလျှင် ဘာတွေကို မှတ်မိရမည်နည်း။

ညနေ ၃ နာရီထိုးရန် ၅ မိနစ်အလိုတွင် ပက်ထရီရှာထရေးမိုးသည် ဆီးနိုက်လွှတ်တော်မှ အဆောက်အအုံကြီး၏ ရှေ့တွင် အငှားကားပေါ်မှ ဆင်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အပူချိန်ဒီဂရီက တရကြမ်း ထိုးဆင်းနေသည်။ ထိုင်နေရင်းမှာပင် အအေးဓာတ်က ပိုသည်ထက် ပိုလာသည်။

သို့သော်လည်း ဆီးနိတ်လွှတ်တော်အမတ်များ၏ ရုံးအဆောက်အအုံကြီးကို အပူငွေ့ လုံလောက်စွာ ပေးထားရာ ထိုရုံးခန်းအတွင်းသို့ ဝင်လိုက်ရသောကြောင့် ပက် စိတ်ချမ်းသာသွားသည်။

လုံခြုံရေးတာဝန်ခံက ပက်ကို လက်နက် ရှာဖွေသည့် စက်ရှေ့မှ ဖြတ်လျှောက်စေသည်။ ကျေနပ်တော့မှ ဓာတ်လှေကား ရှိရာသို့ လိုက်ပို့ပေးသည်။

နောက် မိနစ်အနည်းငယ် ကြာတော့ ပက်က အက်ဘီဂေးလ်ဂျင်းနင်း၏ ရုံးခန်းဝမှ ညှို့ကြိုစာရေးမလေးကို သူ့နာမည် ထုတ်ဖော် ပြောပြနေသည်။

"ဆီနိတ်တာဂျင်းနင်း နည်းနည်းလေး နောက်ကျပါလိမ့်မယ် ရှင်၊ သူနဲ့ တွေ့ချင်တဲ့ သူ့ရဲ့ မဲဆန္ဒရှင်တွေ အများကြီး စောင့်နေပါတယ်၊ အဲဒီမဲဆန္ဒရှင်တွေကို နှုတ်ဆက်နေရမှာမို့ နည်းနည်းနောက်ကျမှာပါ၊ ဒါပေမဲ့ သိပ်ပြီး မကြာနိုင်ပါဘူး"

ညှို့ကြိုစာရေးမ ခပ်ငယ်ငယ်က ပက်ကို ရှင်းပြသည်။

"စောင့်နိုင်ပါတယ်"

ပက်က ထိုသို့ ပြန်ဖြေပြီး နောက်မှီမတ်မတ် ရှိသည့် ကုလားထိုင်တစ်လုံးကို ရွေးထိုင်သည်။

ပြီးတော့ ပတ်ဝန်းကျင် အနေအထားကို အကဲခတ်ကြည့်သည်။

အက်ဘီဂေးလ် ရုံးခန်းသည် ဆီးနိတ်လွှတ်တော် အမတ်များ၏ ရုံးခန်းများထဲတွင် အကောင်းဆုံးနှင့် အကွက်အကွင်း အကျဆုံး ရုံးခန်းဖြစ်ပုံ ရသည်။ ထောင့်ခန်း ဖြစ်သောကြောင့် ပို၍လည်း ကျယ်ပုံရသည်။ အခြား ရုံးခန်းများနှင့် ဆက်သွယ်ရာတွင်လည်း လွယ်ကူသည်။

ဘောင်သွင်းထားသည့် အက်ဘီဂေးလ်၏ ဓာတ်ပုံများကို နံရံပေါ်တွင် ချိတ်ဆွဲထားသည်။ သတင်းစာများတွင် ဖော်ပြခြင်း ခံခဲ့ရသည့် ဓာတ်ပုံများ ဖြစ်ပုံရသည်။

စားပွဲတစ်လုံးကို တွေ့ရသည်။ ရှင်းနေသည်။ အက်ဘီဂေးလ်သည် အလုပ်ကို အကြွေးမထားကြောင်းကို ထိုစားပွဲက ဖော်ပြနေသလို ရှိသည်။

ကြွားနေကျ အသံကို ကြားလိုက်ရသည်။ တောင်ပိုင်းသားသံ နည်းနည်း ဝဲနေသည်။ ညင်သာပျော့ပျောင်းသည်။ ညှို့သည်ကို ဖော်ဖော်ရွေရွေ ပြောနေသည့် အသံ ဖြစ်သည်။

"အခုလို အပင်ပန်းခံပြီး တကူးတက ဝင်လာ နှုတ်ဆက်တာ ဝမ်းသာလိုက်တာရှင်၊ ကျွန်မမှာ အချိန်အားကလေး နည်းနည်းပါးပါးလောက်များ ရှိရင် ဘယ်လောက် ကောင်းလိုက်မလဲနော်"

www.burmeseclassic.com

www.burmeseclassic.com



ညွှဲ့သည် နှစ်ယောက်သည် အသက် ၆၀ ကျော်အရွယ် ဖြစ်ပြီး လင်မယား ဖြစ်ပုံရသည်။

"ရွှေးကောက်ပွဲရန်ပုံငွေ အလှူခံတုန်းက အချိန်မရွေး ဝင်လာနိုင်ပါတယ် လို့ ခင်ဗျား ပြောလို့ ကျွန်တော်တို့ ဝင်လာကြတာပါ ဆီနိတ်တာ၊ ဒါကြောင့် တို့ ဝါရှင်တန် ရောက်တုန်း ဆီနိတ်တာကို ဝင်နှုတ်ဆက်ကြရအောင်လို့ ကျွန်တော့် မိန်းကို ပြောပြီး ဝင်ဖြစ်အောင် ဝင်လာတာပါ"

"ကျွန်မတို့က ညစာ ကျွေးချင်လို့ပါ ဆီနိတ်တာ၊ အဲဒီလောက်ကလေးမှ အချိန်မပေးနိုင်ဘူးလား ရှင်"

အမျိုးသမီးကြီးက မေးသည်။

"မအားနိုင်လွန်းလို့ပါ ရှင်၊ အဲဒီလောက် အချိန်ကလေးကို ကျွန်မကလည်း အားလိုက်ချင်စမ်းပါတယ်"

ဆီနိတ်တာ အက်ဘီဂေးလ်က ညွှဲ့သည် လင်မယားကို မသိမသာ အပြင်သို့ ပြန်တွန်းလွှတ်နေသည်ကို ပက်က အကဲခတ်ကြည့်နေသည်။ တံခါးအပြင် သို့ ညွှဲ့သည် နှစ်ယောက် ရောက်သွားသည်နှင့် အက်ဘီဂေးလ်က တံခါးကို ခပ်မြန်မြန် ပိတ်လိုက်လေသည်။

'တော်လိုက်တာ... သပ်ရပ်လိုက်တာ...' ဟု ပက်က တွေးကြည့်နေမိ သည်။ ထိုသို့ တွေးလိုက်မိရင်း သူ့တစ်ကိုယ်လုံး ကြက်သီးများ ထသွားလေသည်။

အက်ဘီဂေးလ်က နောက်သို့ ပြန်လှည့်သည်။ ခဏ ရပ်နေသည်။ အနီးကပ် ပြီး အကဲခတ်ကြည့်နိုင်အောင် ပက်ကို အခွင့်အရေး ပေးလိုက်သကဲ့သို့ ဖြစ်နေ သည်။ ပက်ကလည်း ရသည့် အခွင့်အရေးကို မလွှတ်တမ်း ယူကာ ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်ရှုနေသည်။

ဆီနိတ်တာ အက်ဘီဂေးလ် ဒါလောက် အရပ်ရှည်ကြောင်းကို ပက် မေ့နေသည်။ ယခု အနီးကပ် မြင်ရတော့မှ သတိရသည်။ ၅ ပေနှင့် ၉ လက်မ ရှိသည်။ ရပ်ရည်က အင်မတန် ကြော့ရှင်းလှပသည်။ ဝတ်ပုံစားပုံကလည်း သပ်ရပ် သည်။

ဆံပင်ကို တိုတို ညှပ်ထားသည်။ အပြာရောင် မျက်လုံးများက အမြဲတမ်း တောက်ပနေသည်။ နှုတ်ခမ်းများက အရောင်ဖျော့နေသည်။ နှုတ်ခမ်းဆိုးဆေး ဆိုးထားခြင်း မရှိချေ။ သို့သော်လည်း သူ၏ အလှကတော့ လျော့ပါးမသွားပါ။

မျက်လုံးများ ပတ်လည်နှင့် ပါးစပ်ပတ်လည်တွင် အရေးအကြောင်းများ ရှိနေသည်။ သို့သော် လွန်ခဲ့သည့် ၆ နှစ်လောက်တုန်းကလည်း အက်ဘီဂေးလ်၏ ရုပ်ရည်သည် သည်အတိုင်း ရှိနေလေသည်။

ပက်က အသေးစိတ် ကြည့်ရှုနေဆဲမှာပင် ဆီနိတ်တာ၏ မျက်လုံးများက သူ့ကိုယ်ပေါ်သို့ ကျရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟလို…"

ဆီနိတ်တာက အော်ဟစ် နှုတ်ဆက်ရင်း သူ့ဆီသို့ လျင်မြန်စွာ ရွေ့လာသည်။ မျက်နှာပေါ်တွင် အပြစ်တင်သည့် အမူအရာ ပေါ်လာသည်။ ထိုအမူအရာသည် ချက်ချင်းပင် စိတ်မကောင်းသည့် အမူအရာမျိုးသို့ ပြောင်းသွားသည်။

"စင်ဒီ… မစ္စထရေးမိုး ဒီကို ရောက်နေပြီဆိုတဲ့ အကြောင်း မင်း ငါ့ကို ပြောသင့်တာပေါ့"

စိတ်မကောင်းသည့် အမူအရာသည် ဝမ်းနည်းသည့် အမူအရာသို့ ပြောင်းလဲသွားပြန်သည်။

"အေး အေး… ထားလိုက်ပါတော့၊ ဘာမှတော့ မဖြစ်ပါဘူး၊ အခန်းထဲသွားကြရအောင် မစ္စထရေးမိုး၊ ဒါထက်… မင်းကို ပက်လို့ပဲ ခေါ်ပါရစေနော်၊ လူသာကတော့ မင်း တော်ကြောင်း၊ ကောင်းကြောင်းတွေ အရမ်းပြောတာပဲ၊ သူ ပြောလွန်းလို့ ကိုယ်တောင် မင်းကို အရမ်းရင်းနှီးနေပြီ၊ နောက်ပြီးတော့ ဘော့စတွန် ရုပ်မြင်သံကြားမှာ မင်း တင်ဆက်ခဲ့တဲ့ အစီအစဉ်တွေကိုလည်း ကိုယ်ကြည့်ပြီးပြီ၊ လူသာက ယူလာပြတယ်၊ အရမ်းကောင်းတာပဲ၊ စာထဲမှာ မင်း ရေးခဲ့သလိုပဲ၊ ကိုယ်တို့နှစ်ယောက်ဟာ အရင် နှစ်ပေါင်းများစွာကတည်းက တွေ့ဆုံသိကျွမ်းခဲ့ကြသလို ဖြစ်နေတယ်၊ ဝယ်လက်စလေးမှာ ကိုယ် မိန့်ခွန်း လာပြောတုန်းက ကိုယ်တို့ ဆုံခဲ့ဖူးတယ် ထင်တယ်၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ရှင်"

အတွင်းဘက်ရှိ ရုံးခန်းအတွင်းသို့ ပက်က အက်ဘီဂေးလ်၏ နောက်မှ ဝင်လိုက်သွားသည်။ အထဲရောက်တော့ ရုံးခန်းကို သိမ်းကျုံး အကဲခတ်ကြည့်သည်။

"ချစ်စရာကောင်းလိုက်တာ…" ဟုလည်း အံ့သြမဆုံးသည့် အသံဖြင့် ထုတ်ဖော် ပြောလိုက်မိသည်။

အံ့လည်း အံ့သြလောက်ပါပေသည်။ အခန်းကို မွမ်းမံပြင်ဆင်ထားပုံမှာ ဖော်ပြ၍ပင် တိကျပြည့်စုံနိုင်မည် မဟုတ်ပေ။

ပက်က ဆီနိတ်တာ၏ စားပွဲနှင့် အနီးဆုံး ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

ရုံးခန်းကို ပက် သဘောကျသွားကြောင်း မြင်တွေ့ရသဖြင့် ဆီနိတ်တာသည် အတော်လေး ကျေနပ်သွားပုံရလေသည်။

"ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက် လွှတ်တော် ကိုယ်စားလှယ်တချို့ကတော့ ရုံးခန်းထဲမှာ ရှုပ်ပွနေမှ လုပ်တတ်ကိုင်တတ်တယ်လို့ ပြောကြတယ်၊ ကိုယ်ကတော့ ဒီလို မဟုတ်ဘူး၊ သပ်ရပ်နေမှ အလုပ်လုပ်လို့ရတယ်၊ ရှုပ်နေရင် ဘယ်လိုမှ လုပ်လို့မရတော့ဘူး၊ သန့်ရှင်းသပ်ရပ်တာတို့ ညီညီညာညာ ရှိနေတာတို့မှာ ကိုယ့်အဖို့

www.burmeseclassic.com

www.burmeseclassic.com



သိပ်အရေးကြီးတယ်၊ အဲဒီလို ပတ်ဝန်းကျင်မျိုးမှာသာ ကိုယ် အာရုံဝင်စားလို့ ရတယ်"

ဆီနိုတ်တာက စကား ခဏဖြတ်သည်။

"တစ်နာရီအတွင်း ကိုယ်တို့ မဲခွဲ ဆုံးဖြတ်စရာ တစ်ခု ရှိနေတယ်၊ ဒါကြောင့် အလုပ်ကိစ္စကိုပဲ တောက်လျှောက် ပြောလိုက်ကြရင် ကောင်းမယ် ထင်တယ်၊ ရုပ်မြင်သံကြားကနေ အခုလို အထူးအစီအစဉ်အဖြစ်နဲ့ ထုတ်လွှင့်ရမှာကို ကိုယ် သိပ်မုန်းတဲ့အကြောင်း လူသာက မင်းကို ပြောထားပြီးရောပေါ့နော်"

ဟု ဆက်မေးသည်။

ပက်က မိမိကို ထိမလာအောင် ရှောင်ဖို့ တိမ်းဖို့ စဉ်းစားလိုက်သည်။

လူပေါင်းများစွာတို့သည် သူတို့အကြောင်း ထုတ်လွှင့်မည် စီစဉ်သောအခါ မလိုလား မနှစ်သက်ကြောင်း ပြောတတ်ကြသည်။ နောက်ဆုံးတော့လည်း အလိုတူ မြပင် ဖြစ်ပါသည်။

"ဟုတ်ကဲ့… ပြောပါတယ်ရှင်၊ ဒါပေမဲ့ ဒီလို ထုတ်လွှင့်လိုက်ပြီးတဲ့ နောက် ရရှိလာမယ့် အဖြေကို ရှင် သဘောကျသွားမှာပဲ ဆိုတာကိုတော့ ကျွန်မ ရိုးရိုးသားသားပဲ ယုံကြည်နေပါတယ်"

"ကိုယ်ကလည်း အဲဒီမျှော်လင့်ချက်ကလေး တစ်ခုနဲ့ အခုလို ထုတ်လွှင့်ဖို့ကို သဘောတူလိုက်တာပါ၊ ကိုယ် ရိုးရိုးသားသားပဲ ပြောပါ့မယ်၊ မင်းနဲ့ လူသာကြောင့် ကိုယ် လက်ခံလိုက်တာ၊ တခြား ရုပ်မြင်သံကြားဆရာတွေနဲ့ဆို လုံးဝ လက်ခံမှာ မဟုတ်ဘူး၊ သူတို့ကိုလည်း ကိုယ် မယုံဘူး၊ ရှေးခေတ်က နိုင်ငံရေးသမားတွေလိုပဲ ရိုးသားချင်တယ်၊ ဆိုခဲ့စေ မြဲစေ ဖြစ်ချင်တယ်"

"အဲဒီခေတ်ကတော့ ကုန်ပါပြီရှင်၊ အဲဒီခေတ် နိုင်ငံရေးသမားတွေကလည်း တိုင်းသူပြည်သားတွေအတွက် တကယ်ပဲ ရိုးရိုးသားသားနဲ့ ကိုယ်ကျိုးစွန့်ပြီး လုပ်ခဲ့ကြတာ မဟုတ်လား"

အက်ဘီဂေးလ်က သူ့စားပွဲ အံဆွဲထဲက စီးကရက်ဘူး ဆွဲထုတ်လိုက်သည်။

"လူမြင်ကွင်းမှာ ကိုယ် ဘယ်တော့မှ စီးကရက် မသောက်ဘူး"

မနေတတ် မထိုင်တတ်သလို သူ ပြောသည်။

"တစ်ခါ သောက်ဖူးတယ်၊ တစ်ခါတည်းပဲ သောက်ဖူးပါတယ်၊ နောက်နေ့ထုတ် သတင်းစာရာစ်စောင်မှာ စီးကရက် လက်ကြား ညှပ်ထားတဲ့ ကိုယ့်ဓာတ်ပုံကြီး ပါလာတယ်၊ အဲဒီအချိန်တုန်းက ကိုယ်က ကွန်ဂရက်လွှတ်တော်အမတ်၊ ဘာပြောကောင်းမလဲ၊ လာလိုက်တဲ့ ဆဲစာတွေ၊ ကိုယ့်မဲဆန္ဒရှင်တွေဆီက ဝိုင်းရေးလိုက်ကြတဲ့ စာတွေလေ၊ သူတို့ သားငယ် သမီးငယ်တွေကို နမူနာဆိုးတွေ ပြနေတာလားပေါ့၊ အတုယူအောင် စရိုက်ဆိုးတွေ ပေးနေတာလားပေါ့၊ မင်းရော ဆေးလိပ် သောက်သလား"

www.burmeseclassic.com

www.burmeseclassic.com



ပက်ဆီသို့ စီးကရက်ဘူးကို ကမ်းပေးသည်။

ပက်က ခေါင်းခါသည်။

"မသောက်တတ်ပါဘူးရှင်၊ ကျေးဇူးတင်ပါတယ်၊ အသက် ၁၈ နှစ် မပြည့်မချင်း ဆေးလိပ်မသောက်ဖို့ ဖေဖေက ပြောခဲ့တယ်၊ ၁၈ နှစ် ပြည့်တော့ သောက်ချင်စိတ်လည်း မရှိတော့ပါဘူး"

"မင်းက မိဘစကား တယ်နားထောင်တာကိုး၊ ကွယ်ရာမှာ ခိုးသောက်ကြည့်တာတောင် မရှိဘူးလား"

"မရှိပါဘူး"

ဆီနိတ်တာက ပြုံးသည်။

"ကောင်းလိုက်တာကွယ်၊ ဆမ်ကင်စလေနဲ့ ကိုယ်က သတင်းစာဆရာတွေအပေါ်မှာ နည်းနည်းကလေးမှ ယုံကြည်မှု ရှိတာ မဟုတ်ဘူး၊ သူ့ကို မင်း သိတယ် မဟုတ်လား၊ အခု ထုတ်လွှင့်မယ့် အစီအစဉ်အကြောင်း သူ့ကို ကိုယ် ပြောပြတယ်၊ မင်းဟာ တခြား သတင်းစာဆရာတွေနဲ့ မတူပါဘူးလို့တော့ သူက အာမခံချက်ပေးပါတယ်"

"ဟုတ်လား… တော်ရှာသားပဲ"

ပက်က ပြောရိုးပြောစဉ် ပြောသည့်ပုံမျိုး ဖြစ်အောင် သတိထား ပြောသည်။

ပြီးတော့ အက်ဘီဂေးလ်ကို တည့်တည့်ကြည့်သည်။

"ဆီနိတ်တာ… အချိန်ကုန် သက်သာသွားအောင် ဒီလို လုပ်ရင် မကောင်းဘူးလား၊ အခုလို ထုတ်လွှင့်မယ့် ကိစ္စမှာ ဆီနိတ်တာရဲ့ စိတ်ကို ဘယ်ဟာက နှောင့်ယှက်နေတယ် ဆိုတာရယ်၊ ဘာကြောင့် နှောင့်ယှက်နေတယ် ဆိုတာရယ် တိတိကျကျ ပြောပြပါလား၊ အဲဒီလို သိထားရရင် ကျွန်မအနေနဲ့ ကြိုတင်ရှောင်တိမ်း နိုင်မယ်၊ စီစဉ်တင်ဆက်ဖို့ ပြင်ဆင်ရာမှာလည်း အချိန်ကုန် အများကြီး သက်သာသွားမယ်"

စဉ်းစားနေသော ဆီနိတ်တာ၏ မျက်နှာကို ပက်က အကဲခတ်ကြည့်နေသည်။

"ကိုယ့်ရဲ့ ကိုယ်ပိုင်ဘဝနဲ့ ပတ်သက်ပြီး ဘယ်သူကမှ ကျေနပ်ရောင့်ရဲနိုင်ခြင်း မရှိတာဟာ အင်မတန် ဒေါသဖြစ်စရာ ကောင်းတယ်၊ ကိုယ်ဟာ အသက် ၃၁ နှစ် အရွယ်ကတည်းက မုဆိုးမ ဖြစ်ခဲ့ရတာပါ၊ ကိုယ့်ယောကျ်ား ကွယ်လွန်သွားတဲ့အခါမှာ ကွန်ဂရက်လွှတ်တော်ထဲက သူ့နေရာကို ကိုယ် တာဝန် ဝင်ယူခဲ့ရတယ်၊ အဲဒီနောက် ရွေးကောက်ပွဲမှာ ဝင်အရွေးခံလို့ ကိုယ့်ဘာသာကိုယ် ကွန်ဂရက်လွှတ်တော် အမတ် ဖြစ်ခဲ့ရတယ်၊ အဲဒီနောက် ဆီးနိတ် လွှတ်တော်အမတ်အဖြစ် အဆင့်ဆင့် တက်လာခဲ့ရတာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်စိတ်ထဲမှာတော့ ကိုယ်ဟာ ကွယ်လွန်သွားတဲ့ ယောက်ျားနဲ့အတူတူ ပူးတွဲပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေရတယ်လို့ပဲ ခံစားနေရတယ်၊ ကိုယ့်အလုပ်ကို ကိုယ် ချစ်တယ်၊ ဒါကြောင့် ကိုယ့်အလုပ်နဲ့ ကိုယ် ဆက်ထပ်ထားလိုက်တယ်လို့ ပြောနိုင်တယ်၊ ဒါပေမဲ့ ကိုယ်ဟာ ကလေးလေး တစ်ယောက်လို မျက်ရည် တစမ်းစမ်းနဲ့ အသနားခံတတ်တဲ့ မိန်းမစားမျိုးတော့ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုရင် ကိုယ် သားသမီး မရခဲ့ဖူးလို့လည်း ဖြစ်တယ်။

"ကိုယ်ဟာ ကလဲယားလောရင့်စ်နဲ့ ဘယ်လိုနည်းနဲ့မှ မတူနိုင်ဘူး၊ သူ့လို အပ်ကြီးချိုပြီး ရှိနေတဲ့ မြေးတွေနဲ့ အတူတူ ဓာတ်ပုံအရိုက်မခံနိုင်ဘူး၊ နောက်ပြီးတော့ မင်းကို တစ်ခု သတိပေးလိုက်ရဦးမယ် ပက်၊ ရေကူးဝတ်စုံ ဝတ်ထားတဲ့ ကိုယ့်ဓာတ်ပုံ ဖော်ပြတာမျိုးကို လုံးဝခွင့်မပြုနိုင်ဘူး၊ ဒေါက်မြင့်ဖိနပ်ကြီး စီးပြီး ခေါင်းပေါ်မှာ အပေါ်စား သရဖူဆောင်းထားတဲ့ ပုံမျိုး ဖော်ပြတာမျိုးကို လုံးဝခွင့်မပြုနိုင်ဘူး"

"ဒါပေမဲ့ နယူးယောက်ပြည်နယ်မယ် ရှင် ဖြစ်ခဲ့ဖူးတာပဲ၊ အဲဒါကို မှတ်ထားလိုက်လို့ ဘယ်ရမလဲ"

"မရဘူးလား၊ ဖယ်ထားလို့ မရဘူးလား"

ဆီနိတ်တာ၏ မျက်လုံးများမှာ မယုံကြည်နိုင်သလို အရောင် တဖျပ်ဖျပ် တောက်လာသည်။

"ကိုယ့်ခင်ပွန်း ဝေးလတ် ကွယ်လွန်ပြီး သိပ်မကြာခင်ကလေးမှာ ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကလေး တစ်ခုကို မင်း သိရဲ့လား"

ပက်က နားမလည်သလို ပြန်ငေးကြည့်နေသည်။ ဆီနိတ်တာကပဲ သူ့ဘာသာသူ ဆက်ပြောသည်။

"လူရှုပ်လူပွေ သတင်းစာဆရာတစ်ယောက်က သူ့သတင်းစာထဲမှာ ကိုယ့်ဓာတ်ပုံတစ်ပုံ ထည့်တယ်လေ၊ ထည့်တဲ့ ဓာတ်ပုံက နယူးယောက်ပြည်နယ်မယ်တွဲ ရတဲ့ ဓာတ်ပုံ၊ ပုံအောက်မှာ 'အမှန်တကယ် ဆုချီးမြှင့်ခြင်းခံရသော ဆုသည် တောင်ပိုင်းသားများ အကျိုးအတွက် ကွန်ဂရက်လွှတ်တော်အမတ် လုပ်ဖို့လား' ဆိုတဲ့ စာရေးလိုက်တယ်၊ ကိုယ့်ကို ဝေးလတ်ရဲ့ သက်တမ်းပြည့်အောင် ထမ်းဆောင်စေဖို့ ကွန်ဂရက်လွှတ်တော်အမတ်အဖြစ် ခန့်ဖို့ ဆုံးဖြတ်ထားတဲ့ ပြည်နယ် အုပ်ချုပ်ရေးမှူးဟာ သဘောထား ပြောင်းလုဆဲဆဲကလေးအထိ ဖြစ်သွားတယ်။

"ဒီနေရာမှာ ဂျက်ကနေဒီက ကြားဝင်ပြီး ပြည်နယ်အုပ်ချုပ်ရေးမှူးကို ပြောရတော့တယ်၊ ကိုယ်ဟာ ကိုယ့်ခင်ပွန်း ရွေးကောက် တင်မြှောက်ခြင်း ခံရတဲ့ နေ့ကစပြီး ကွန်ဂရက်လွှတ်တော်အမတ် တာဝန်တွေကို ခင်ပွန်းသည်နဲ့ အတူတူ ပူးတွဲထမ်းဆောင်ခဲ့သူ ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး နားဝင်အောင် ရှင်းပြခဲ့တယ်၊ ကနေဒီသာ အင်မတန် ဩဇာတိက္ကမကြီးသူ မဟုတ်ခဲ့ရင် ကိုယ် ဒီနေရာ

www.burmeseclassic.com

www.burmeseclassic.com



ကို တက်ရောက်လာနိုင်တော့မှာလဲ၊ အဲဒီတော့ မလုပ်ပါနဲ့ ပက်ထရေးမိုး၊ ထားလိုက်ပါ၊ ကျေးဇူးတင်ပါတယ်၊ ပြည်နယ်မယ်ဘွဲ့ ရတဲ့အကြောင်း လုံးဝမထည့်ပါနဲ့၊ မယ်ဘွဲ့ရတဲ့ ဓာတ်ပုံ လုံးဝမဖော်ပြပါနဲ့။

"မင်း တင်ဆက်မယ့် ကိုယ့်ရဲ့ဘဝကို တက္ကသိုလ် ကျောင်းသူဘဝက စပါ၊ ပြီးရင် ဝေးလတ်နဲ့ လက်ထပ်တဲ့ အကြောင်း၊ ဝေးလတ် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကွန်ဂရက်လွှတ်တော်အမတ် ရွေးကောက်ပွဲမှာ မဲဆွယ်ပွဲတွေက စပြီး ကိုယ် ပါဝင်ခဲ့ကြောင်း၊ နောက် ဝေးလတ်ရဲ့ ကွန်ဂရက်လွှတ်တော် တာဝန်တွေကိုပါ နောက်ပိုင်းကနေပြီး မောင်တစ်ထမ်း မယ်တစ်ရွက် ပါဝင်ပတ်သက်ခဲ့ကြောင်း တွေကိုပဲ ဖော်ပြပါ၊ ကိုယ့်ဘဝဟာ အဲဒီက စတာပဲ"

ရှင့်ဘဝမှာ အစပိုင်း နှစ်ပေါင်း နှစ်ဆယ်ဟာ လုံးဝမရှိခဲ့ဘူး ဆိုတဲ့ သဘောမျိုး လုပ်လို့ ဘယ်ရမလဲ··· ဟု ပက်က တွေးကြည့်သည်။

နောက်ပြီးတော့ ဘာကြောင့် ဓာတ်မြှုပ်ပစ်ချင်ရတာလဲ··· ။

ပက်က အကြံပြုသည်။

"အက်ပယ်လ်ဂျန်းရှင်းမြို့မှာ ရှိတဲ့ ရှင်တို့ရဲ့ မိသားစု အိမ်ရှေ့မှာ ကလေးအရွယ်တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံကလေးနဲ့ ကျွန်မရဲ့ အထူးအစီအစဉ်ကို စပြီး ဖွင့်လိုက်ချင်တာ၊ ရှင့်ရဲ့ နောက်ပိုင်း ကိုယ်ရေးရာဇဝင်ကို အဲဒီနေရာက စဖို့ ကျွန်မက စီစဉ်ထားတာ"

"ပက်··· အဲဒီအိမ်ဟာ ကိုယ့်ရဲ့ မိသားစု နေအိမ်လို့ ဘယ်တုန်းကမှ ကိုယ် မပြောခဲ့ဖူးဘူး၊ အဲဒီအိမ်မှာ ကိုယ် နေခဲ့တယ်လို့သာ ကိုယ် ပြောတယ်၊ မှန်တဲ့အတိုင်း ပြောရရင် ကိုယ့်အမေဟာ ဆောင်းဒါးစ်တို့ အိမ်မှာ အိမ်ဖော် လုပ်ခဲ့တယ်၊ ပြီးတော့ ကိုယ်တို့ သားအမိဟာ ဆောင်းဒါးစ်တို့ အိမ်ရဲ့ နောက်ဘက်က အစေခံတန်းလျားက အခန်းကျဉ်းကျဉ်းကလေးမှာ နေခဲ့ကြတယ်။

"ကိုယ်ဟာ ဗာဂျီးနီးယားပြည်နယ်က ဝါရင့် ဆီးနိတ်လွှတ်တော်အမတ် တစ်ဦး ဖြစ်တယ် ဆိုတာကို မမေ့ပါနဲ့ ပက်ထရေးမိုး၊ ဂျင်းနင်း မိသားစုဟာ ဗာဂျီးနီးယားပြည်နယ်မှာ လွန်ခဲ့တဲ့ နှစ်ပေါင်း မြောက်မြားစွာကတည်းက ထင်ရှားကျော်ကြားခဲ့တယ်၊ ကိုယ့်ယောက္ခမ အဘွားကြီးက ကိုယ့်ကို 'ဝေးလတ်ရဲ့ ယန်းကီးမယား' လို့ပဲ အမြဲတမ်း ခေါ်တယ်၊ ကိုယ်ဟာ ဗာဂျီးနီးယားပြည်နယ်က ဂျင်းနင်းမိသားစု အဆက်ပဲ ဖြစ်တယ် ဆိုတာ ခိုင်မာအောင် ကြိုးစားခဲ့တယ်၊ နယူးယောက်ပြည်နယ် အထက်ပိုင်း အက်ပယ်လ်ဂျန်းရှင်းမြို့ကလေးက အက်ဘီဂေးလ်ဖော်စတာ ဖြစ်တယ် ဆိုတာကို မေ့ပစ်ရမယ်၊ မင်း စီစဉ်တင်ဆက်ရမှာလည်း အဲဒီအတိုင်းပဲ စီစဉ်တင်ဆက်ရမယ် ဟုတ်ပြီလား"

တံခါးခေါက်သံ ကြားရသည်။ အရေးတကြီး မျက်နှာ အမူအရာနှင့် အသက် သုံးဆယ်ကျော် ယောက်ျားတစ်ယောက် ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုးတိုးကျဲတဲ ဆံပင် ရှိသည်။ ခေါင်းပြောင်နေသည်။ ပြောင်နေသည့် ခေါင်းကို ကျိုးတိုးကျဲတဲ ဆံပင်ကလေးများနှင့် ကြိုးစား ဖုံးအုပ်ထားသည်။ ကွင်း မပါသော မျက်မှန်က သူ့အသက်ကို ပို၍ ရင့်ကျက်စေသည်။

"ဆီနိတ်တာ… အစည်းအဝေးခန်းမထဲမှာ မဲခွဲကြတော့မယ်၊ ဆယ့်ငါး မိနစ်ပဲ လိုတော့ကြောင်း သတိပေး ခေါင်းလောင်းတောင် အခုပဲ ထိုးပြီးသွားပြီ"

ထိုသူက ပြောသည်။

ဆီနိတ်တာက ထိုင်ရာမှ ဖြုန်းခနဲ ထရပ်သည်။

"ပက်… ဆောရီးပဲကွယ်၊ ကဲ… အရေးထဲမှာပဲ မိတ်ဆက်ပေးရဦး မယ်၊ သူက ဖီးလစ်ဘတ်ကလေး၊ ကိုယ့်ရဲ့ အုပ်ချုပ်မှုလက်ထောက်ပါ၊ တိုဘီနဲ့ သူက လိုအပ်တဲ့ အထောက်အထားတွေကို စုဆောင်းပေးပါလိမ့်မယ်၊ သတင်းစာ ဖြတ်ပိုင်းတို့၊ ပေးစာတို့၊ ဓာတ်ပုံအယ်လ်ဘမ်တို့၊ မှတ်တမ်းတင် ရုပ်ရှင်ကားတို့ကို စုဆောင်းပေးလိမ့်မယ်၊ အဲဒါတွေကို မင်း အရင်ကြည့်လိုက်ပါလား၊ ကြည့်ပြီးတဲ့ နောက် တစ်ရက် နှစ်ရက် နေမှ ကိုယ်တို့ နှစ်ယောက် ပြန်ပြီး ဆွေးနွေးညှိနှိုင်း ကြသေးတာပေါ့၊ အဲဒီလိုပဲ လုပ်လိုက်ကြရအောင်နော်"

သဘောတူရုံမှတစ်ပါး ပက်ထရေးမိုး ဘာမှ မတတ်နိုင်တော့ပါ။ သည် အကြောင်း လူသာပယ်လ်ဟမ်းကို ပြောပြရမယ်… ။

ဆီနိတ်တာကို နားချခိုင်းရမည်။ မိမိတို့ စီစဉ်ထားသည်များကို နှောင့်ယှက် ဖျက်ဆီးခြင်း မခံနိုင်ပါ။

ပက်သည် တိုတောင်းသည့် အချိန်ကလေးအတွင်းမှာပင် တသီကြီး တွေးစားနေသည်။

ဖီးလစ်ဘတ်ကလေက သူ့ကို ဂရုတစိုက် လေ့လာနေကြောင်း သတိပြု လိုက်မိသည်။

ဖီးလစ်၏ အမူအရာထဲမှာ ရန်လိုသည့် အမူအရာမျိုးကို တွေ့လိုက်ရလေ သလားဟုလည်း ပက် စဉ်းစားကြည့်သည်။

"မင်းကို တိုဘီက ကားနဲ့ ပြန်ပို့ပေးလိမ့်မယ်နော်"

ဆီနိတ်တာက စကားကို ခပ်မြန်မြန် ဆက်သည်။

"တိုဘီ ဘယ်မှာလဲ ဖီး" ဟုလည်း ဆက်တိုက် မေးသည်။

"ဟောဒီမှာပါ ဆီနိတ်တာ၊ ကိုယ့်အလုပ်သာ ကိုယ် ဆက်လုပ်ပါ"

ရှင်မြူးသည့် အသံတစ်ခုက ချက်ချင်း ပေါ်ထွက်လာသည်။ ပက်က လှမ်းကြည့်သည်။

အလွန်ထွားကျိုင်းသည့် လူကြီးတစ်ယောက် အခန်းထဲသို့ လှစ်ခနဲ ရောက် လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီးက ဖောင်းဖောင်းကြီး ဖြစ်နေသည်။ မျက်လုံးအိမ်များက နိမ့်နေသည်။ ဆံပင်တွေ ဖြူစပြုပြီ။

အပြာရင့်ရောင် ဝတ်စုံ ဝတ်ထားသည်။ ဦးထုပ်ကို လက်ထဲမှာ ကိုင်ထားသည်။

သူ့လက်များ...

ပက်က သူ့လက်များပေါ်သို့ အာရုံ ရောက်သွားသည်။ သူ မြင်ဖူးသမျှထဲတွင် အကြီးဆုံးလက်များ ဖြစ်လေသည်။

ထိုလက်ပေါ်တွင် တစ်လက်မ ပတ်လည်ခန့် စတုရန်းပုံရှိသော မဟူရာ လက်စွပ်ကြီးကိုလည်း ဝတ်ထားသည်။

ကြီးမားသော လက်များနှင့် ကြီးမားသည့် လက်စွပ်ကြီးမှာ လိုက်ဖက်သည်ဟု ဆိုနိုင်ပါသည်။

ကိုယ့်အလုပ်သာ ကိုယ် ဆက်လုပ်ပါ။

ထိုလူကြီးသည် ထိုစကားကို တကယ်ပဲ ပြောလိုက်သလား။

ပက်က အံ့သြတကြီးဖြင့် ဆီနိတ်တာကို လှမ်းကြည့်လိုက်မိသည်။ သို့သော်လည်း ဆီနိတ်တာ အက်ဘီဂေးလ်ဂျင်းနင်းသည် ဘာမှ မဖြစ်သလို ရယ်မောနေသည်။

ပက်မှာ ပို၍ အံ့သြမဆုံးနိုင်အောင် ဖြစ်သွားလေတော့သည်။

"ပက်... သူက တိုဘီဂေါ်ဒွန်း၊ သူ့အလုပ်က ဘာလဲဆိုတာ မင်းကို အိမ်ပြန်ပို့ပေးရင်း သူ ပြောပြပါလိမ့်မယ်၊ သူဟာ ကိုယ်နဲ့ အတူတူ နေခဲ့တာ နှစ်ပေါင်း အစိတ်တောင် ရှိသွားပြီ၊ ဒါပေမဲ့ သူ့အလုပ် ဘာလဲ ဆိုတာ အခုအချိန် အထိ ကိုယ် ဝေခွဲလို့ မရနိုင်သေးဘူး၊ သူလည်း အက်ပယ်လ်ဂျန်းရှင်းမြို့ကပဲ၊ အဲဒီ မြို့သူမြို့သားတွေထဲမှာတော့ သူဟာ အကောင်းဆုံးလူပဲ၊ ကဲ... ကိုယ် ပြေးမှ ဖြစ်တော့မယ်၊ လာဟေ့... ဖီး"

သူတို့နှစ်ယောက် ထွက်သွားကြသည်။

အထူး စီစဉ်တင်ဆက်ဖို့ ပြင်ဆင်ထားတာကြီး ဘာတွေ ဖြစ်ကုန်တော့ မှာလဲ... ဟု ပက်က စဉ်းစားနေမိသည်။

အက်ဘီဂေးလ်နှင့် တွေ့လျှင် မေးဖို့ အသေးစိတ် ပြင်ဆင်လာခဲ့သည်။ မေးခွန်းတွေချည်း စာမျက်နှာ ၃ မျက်နှာ ရှိသည်။

မေးချင်သည့် မေးခွန်းများသာမက ဆွေးနွေးလိုသည့် အချက်များလည်း ရေးယူလာသည်။

အားလုံးမှာ အက်ဘီဂေးလ်၏ ဂုဏ်သိက္ခာကို မြင့်တက်စေဖို့များချည်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုဘီသည် ကလေးဘဝကတည်းက အောက်ဘီဂေးလ်ဂျင်းနင်းကို သိကျွမ်းခဲ့ပုံရသည်။

ထို့ကြောင့်လည်း ဆီနိတ်တာ အမတ်ရင့်မကြီး တစ်ယောက်ကို မျက်နှာစိမ်းရှေ့၌ မထီလေးစားစကား ပြောနိုင်ခြင်း ဖြစ်ပေလိမ့်မည်။

သည်အတိုင်းဆိုလျှင် အိမ်အပြန်လမ်းတွင် သိလိုသည်များကို မေးကြည့်ရမည်။ သူ ဖြေနိုင်ကောင်းပါရဲ့ဟု ပက်က စိတ်ကူးကြည့်နေမိလေသည်။

ဧည့်ကြိုဌာနသို့ ပက် အရောက်တွင် ရှေ့ခန်းတံခါး ဖြုန်းခနဲ ပွင့်သွားသည်။

ဆီနိတ်တာဂျင်းနင်း အူယားဖားယား ပြန်ပြေးဝင်လာသည်။ သူ့နောက်မှာလည်း ဖီးလစ်ဘတ်ကလေ ကပ်လျက် ပါသည်။

"တိုဘီ… ဘုရား ဘုရား… နင့်ကို အုပ်မိသေးလို့ တော်ပါသေးရဲ့ဟယ်"

ဆီနိတ်တာက သွက်သွက် ပြောသည်။

"ည ၇ နာရီမထိုးမချင်း သံရုံးက ဧည့်ခံပွဲကို ငါ တက်စရာ မလိုသေးဘူး ဆိုတဲ့ စိတ်ကူးကို နင် ဘယ်လိုလုပ် ရလာတာလဲ ဟင်"

ဆီနိတ်တာက ရန်တွေ့သည့် လေသံဖြင့် မေးသည်။

"ကျုပ်ကို ခင်ဗျားပဲ အဲဒီအတိုင်း ပြောတာပဲလေဗျာ"

"နင့်ကို အဲဒီအတိုင်း ငါ ပြောမိချင် ပြောမိမှာပေါ့ဟဲ့၊ ဒါပေမဲ့ ငါ့အချိန်းအချက်တွေကို နင် ပြန်တိုက်ကြည့်ပါလား၊ ပြန်စစ်ဆေးကြည့်ပါလား၊ နင့်အလုပ်က အဲဒါတွေ လုပ်ဖို့ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်… ဆီနိတ်တာ"

သည်တစ်ခါတော့ ယဉ်ကျေးသိမ်မွေ့စွာ သူ ပြန်ဖြေသည်။

"၆ နာရီတိတိ ရောက်အောင် ငါ သွားရမှာ၊ ၆ နာရီထိုးဖို့ ၁၅ မိနစ်အလိုမှာ အောက်က စောင့်နေ"

ဆောင့်ဆောင့်အောင့်အောင့် စကားလုံးများ ထွက်လာသည်။

"ဆီနိတ်တာ… မဲပေးဖို့ နောက်ကျနေတော့မယ် ခင်ဗျာ၊ အခုချက်ချင်းသွားမှ မီနိုင်တော့မယ်"

တိုဘီက ယဉ်ကျေးစွာ သတိပေးပြန်သည်။

"ငါ့နောက်စေ့မှာ မျက်လုံး အပိုပေါက်ပြီး နင့်ကို စောင့်ကြည့်မနေနိုင်သမျှတော့ နေရာတကာမှာ ငါ နောက်ကျနေတော့မှာပဲ"

ပြေးထွက်သွားရင်း တံခါးကို ဝုန်းခနဲ ပိတ်သွားသည်။

တိုဘီက ရယ်သည်။

"ကျုပ်တို့လည်း သွားကြစို့ မစ္စထရေးမိုး"

ပက်က တိတ်ဆိတ်စွာ ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗရိုနီကာနှင့် ချားလ်စ်တို့က အိမ်မှ အိမ်ဖော်တစ်ယောက်ယောက်ကို အလုပ်ကိစ္စနှင့် ပတ်သက်၍ ဆူပူကြိမ်းမောင်းသောအခါ ပမာမခန့် ပြန်ပြောတာမျိုး ပက် တစ်ခါမှ မကြုံဖူး မကြားဖူးပါ။

နွားသိုးကြီးတစ်ကောင်လို ထွားကျိုင်းလှသည့် ဒရိုင်ဘာ တိုဘီဂေါ်ဒွန်းနှင့် ဆီးနိတ်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျင်းနင်းတို့၏ ဆက်ဆံရေးကို ယခုလို ကိုးရိုးကားရားနိုင်အောင် မည်သို့သော အခြေအနေများက ဖန်တီးပေးထားလေသနည်းဟု ပက် စဉ်းစားကြည့်နေမိသည်။

အဖြေကို တွေ့အောင်ရှာဖို့ ပက် ဆုံးဖြတ်လိုက်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၄

တရကြမ်း မောင်းနှင်နေကြသည့် မော်တော်ကားများ ကြားမှာ တိုဘီကလည်း ထက်ဒီးလက်ကားကြီးကို ကျွမ်းကျင်စွာဖြင့် တရကြမ်း မောင်းနေသည်။

မွန်းလွဲပိုင်းအချိန် ဝါရှင်တန်မြို့၏ လမ်းမများသည် ဒရိုင်ဘာတို့၏ အိပ်မက်ဆိုးများဖြင့် ဖုံးလွှမ်းနေတတ်ကြောင်း တိုဘီ စဉ်းစားကြည့်မိသည်မှာ အကြိမ်ပေါင်း ရာချီ ရှိချေပြီ။

ကမ္ဘာလှည့်ခရီးသည်များကြောင့်လည်း ပိုဆိုးသည်။ ခရီးသည်များက အားငှားမောင်းကြသည်။ မောင်းနေကျ မဟုတ်သောကြောင့် လမ်းအချက်ပြ ဆိုင်းဘုတ်များ၊ ပတ်ဝန်းကျင်စိမ်းများကို ကြည့်ပြီး မောင်းနှင်နေရာ ယာဉ်ကြောများ ကြောခဲ ပိတ်ဆို့ကုန်တော့သည်။

နောက်ကြည့်မှန်ထဲသို့ သူ ကြည့်လိုက်သည်။ မြင်လိုက်ရသည့် မြင်ကွင်း ကို သူ သဘောကျသွားသည်။

ပက်ထရီရှာထရေးမိုး…

သူတို့ လူရွေး မှန်သွားပါသည်။

ပက်ထရီရှာထရေးမိုး တင်ဆက် ထုတ်လွှင့်မည့် အထူးအစီအစဉ်ကို ထုတ်ခံလိုက်ဖို့ အက်ဘီကို သူရယ်၊ ဗီးရယ်၊ ပယ်လ်ဟာမ်းရယ် သုံးယောက် ဝိုင်းပြီး ပြောကြရခြင်း ဖြစ်လေသည်။

ထို့ကြောင့်လည်း အစစအရာရာ ချောမောပြေပြစ်ဖို့ မိမိမှာ တာဝန်ပိုကြီး နေသည်ဟု တိုဘီ၏ စိတ်ထဲမှာ ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် အက်ဘီ စိတ်လှုပ်ရှားနေသည်ကို အပြစ်တင်စရာ အကြောင်းမရှိပါ။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဘာမဆို ဖြစ်နိုင်သော အခြေအနေမှာ အက်ဘီ ရောက်နေသည်။

နောက်ကြည့်မှန်ထဲမှာ ပက်နှင့် သူ မျက်လုံးချင်း ဆုံသွားသည်။ မိန်းကလေး၏ အပြုံးက အလွန်လှသည်။

ပက်သည် ထူးချွန်သူ မိန်းကလေးတစ်ဦး ဖြစ်ကြောင်း၊ သူနှင့် စကားပြောနေရင်း မိမိ မပြောလိုသော်လည်း သူ သိချင်သည့် အကြောင်းအရာများကို အလိုအလျောက် ပြောဖြစ်သွားအောင် စွမ်းဆောင်နိုင်သည့် အမျိုးသမီး ဖြစ်ကြောင်း အက်ဘီအား ဆမ်ကင်စလေ ပြောပြနေသည်ကို သူ ကြားဖူးလေသည်။

ပက်ကလည်း တိုဘီကို ကြည့်ပြီး မည်သည့်ပုံစံနှင့် ချဉ်းကပ်ရလျှင် ကောင်းမည်နည်းဟု စဉ်းစားပြီး အကောင်းဆုံး နည်းလမ်းသည် တိုက်ရိုက်တဲ့တိုး ပြောဆို ဆက်ဆံခြင်းပင် ဖြစ်မည်ဟု သူ ဆုံးဖြတ်လိုက်သည်။

လမ်းဆုံတစ်နေရာအရောက် အချက်ပြမီးအနီတွင် မော်တော်ကား ရပ်လိုက်ချိန်၌ ပက်က ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြီး တဲ့တိုး မေးချလိုက်သည်။

"တိုဘီ… ဆီနိတ်တာကို 'ကိုယ့်အလုပ်သာ ကိုယ် ဆက်လုပ်ပါ' လို့ ရှင် ပြောလိုက်တာကို ကျွန်မ ကြားရတော့ နားမလည်နိုင်အောင် ဖြစ်သွားတယ်၊ ကျွန်မ ပွင့်ပွင့်လင်းလင်း ဝန်ခံတာပါ နော်"

ထိုစကား ကြားတော့ တိုဘီက နောက်လှည့်ပြီး ပက်ကို တည့်တည့်ကြည့်သည်။

"အင်း… မင်းနဲ့ ပထမဆုံးအကြိမ် တွေ့ရတဲ့အခါမျိုးမှာ ဒီစကားမျိုး ကျုပ် မပြောသင့်ပါဘူး၊ အမှန်တော့ အဲဒီစကားမျိုးတွေဟာ ကိုယ် ပြောနေကျ မဟုတ်ပါဘူး၊ အက်ဘီဟာ အသက်ရှူချိန်တောင် ကောင်းကောင်း မရလောက်အောင် အလုပ်များတယ်၊ သူ့မှာ အစီအစဉ်တွေ ပြည့်နေတာပဲ၊ အခုပဲ ကြည့်၊ မဲထည့်ဖို့ အချိန်ကပ်နေပြီ၊ လမ်းမှာလည်း သူ့ကို မေးခွန်းထုတ်ဖို့ သတင်းထောက်တွေ စောင့်နေတယ်၊ ဒီအချိန်မှာ သူနဲ့ စကားလက်ဆုံကျနေလို့ မဖြစ်ဘူး၊ သူ လုပ်စရာ ရှိတာကို ဆက်လုပ်ဖို့ ကျုပ်အနေနဲ့ သတိပေးရမယ်၊ သတိပေးရာမှာလည်း သွယ်ဝိုက်မနေဘဲ တိတိလင်းလင်း တဲ့တိုးပဲ ပြောရတော့မယ်၊ ဒါပေမဲ့ ကျုပ်တို့ကို အထင်မလွဲပါနဲ့၊ သူ့ကို ကျုပ် လေးစားပါတယ်၊ နောက်ပြီးတော့ ကျုပ်အပေါ် အကြီးအကျယ် သူ ပေါက်ကွဲတော့မယ် ထင်ပြီး အစိုးရိမ်လည်း မပိုလိုက်နဲ့ ၅ မိနစ်အတွင်း အဲဒါတွေ အားလုံး မေ့သွားမှာ သေချာတယ်"

"ရှင်တို့နှစ်ယောက် အတူ ကြီးပြင်းခဲ့ကြတာလား ဟင်"

ပက်က သိမ်မွေ့စွာ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အချက်ပြမီး စိမ်းသွားသည်။ တိုဘီ မောင်းလာသည့် ကက်ဒီးလက်ကားကြီးက ညင်သာစွာ ရွေ့သွားသည်။ ရှေ့မှာ ခံနေသည့် စတေရှင်ဝက်ဂွန်ကားတစ်စီးကို ကျွမ်းကျင်စွာ ကျော်တက်ကာ တိုဘီက ယာဉ်ကြောအမှန်ကို ရအောင် ယူလိုက်သည်။ ပြီးမှ ပက်ကို ပြန်ဖြေသည်။

"အင်း… အဲဒီသဘောမျိုးတော့လည်း မဟုတ်ဘူးလို့ ဆိုရမှာပဲ၊ အက်ပယ်လ်ဂျန်းရှင်းမြို့လေးမှာ ရှိတဲ့ ကလေးတွေ အားလုံးဟာ ကျောင်းတစ်ကျောင်းတည်းမှာပဲ အတူတူ တက်ကြရတယ်လေ၊ သာသနာပြုကျောင်းကို သွားတဲ့ ကလေးတွေက လွဲလို့ပေါ့၊ ဒါပေမဲ့ သူက ကျုပ်ထက် အသက်ကြီးပြီး ကျောင်းနေတာ နှစ်နှစ်လောက် စောတယ်၊ ဒီတော့ ကျုပ်တို့ နှစ်ယောက်ဟာ ဘယ်တော့မှ တစ်တန်းတည်း မနေရတော့ဘူးပေါ့၊ နောက် ကျုပ် နှစ်ဆယ့်ငါးနှစ်သား အရွယ်ကျတော့ ကျုပ်တို့မြို့ရဲ့ လူချမ်းသာရပ်ကွက်က အလုပ်ရုံတစ်ခုမှာ ကျုပ် သွားအလုပ်လုပ်တယ်၊ အက်ဘီတို့က ဆောင်းဒါးစ်ရဲ့ အိမ်မှာ နေတဲ့အကြောင်း မင်းကို ပြောပြထားပြီးပြီ ထင်တယ်"

"ဟုတ်ကဲ့… ပြောပြပါတယ်"

"ကျုပ် အလုပ်လုပ်တဲ့ နေရာနဲ့ သူတို့ နေတဲ့ ဆောင်းဒါးစ်ရဲ့ အိမ်ဟာ အိမ် လေးလုံးပဲ ခြားတယ်၊ တစ်နေ့ကျတော့ အက်ဘီရဲ့ အော်သံကို ကျုပ် ကြားလိုက်ရတယ်၊ ဆောင်းဒါးစ်တို့အိမ်နဲ့ မျက်နှာချင်းဆိုင်အိမ်မှာ နေတဲ့ အဘိုးကြီး တစ်ယောက်က ဘာအရူးထတယ် မသိဘူး၊ ဂျာမန် ရှက်ပက်ခွေးဆိုးကြီး တစ်ကောင် မွေးထားတယ်၊ တစ်နေ့ကျတော့ ခြံတံခါး ပွင့်နေတယ်၊ ခြံပြင်ကို ခွေးထွက်လာတဲ့ အချိန်နဲ့ အဲဒီရှေ့က အက်ဘီ ဖြတ်တဲ့အချိန်နဲ့ တိုက်ဆိုင်နေတော့တယ်၊ ခွေးက သူ့နောက်ကို တန်းလိုက်တော့တာပဲ"

"ဒီတော့ ရှင် ဝင်ကယ်လိုက်တယ်ပေါ့လေ"

ပက်က ကောက်ကာငင်ကာ မေးသည်။

"သိပ်မှန်တာပေါ့၊ ကျုပ်က အော်ပြီး မေးလိုက်ရင်း ခွေး အာရုံပြောင်းသွားအောင် လုပ်လိုက်တယ်၊ ကျုပ် ကံဆိုးသွားတယ်၊ ခွေးရဲ့ လည်ပတ်ကို မိမိရရ ဖမ်းမချုပ်လိုက်နိုင်မီ ခွေး အကိုက်ခံလိုက်ရတယ်၊ ဒီနောက်တော့ အဲဒီအိမ်မှာ ခွေး မမွေးတော့ဘူး"

နောက်ဆုံး စကားလုံးများကို တိုဘီက ဝင့်ကြွားသည့် လေသံဖြင့် ပြောသည်။

ပက်က ပခုံးတွင် လွယ်ထားသည့် အိတ်ထဲမှ အသံဖမ်းစက်ကို လက်တစ်ဖက်ဖြင့် ဖွင့်လိုက်သည်။

"ဒါကြောင့် ရှင်တို့နှစ်ယောက် ဒါလောက် ရင်းနှီးနေကြတာကိုး၊ ဂျူးလူမျိုးတွေမှာ အစွဲအလမ်း တစ်ခု ရှိတယ်၊ လူတစ်ယောက်ယောက်က အခြား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ အသက်ကို ကယ်ဖူးရင် အကယ်ခံရသူရဲ့ ကံကြမ္မာဟာ ငါ့လက်ထဲမှာ ရှိသွားပြီလို့ ကယ်တဲ့လူက ယုံကြည်သွားတယ်တဲ့။ ဒါကြောင့် အဲဒီလူ ဒုက္ခမရောက်အောင် တစ်သက်လုံး ဆက်ပြီး စောင့်ရှောက်နေတော့တယ်တဲ့၊ အဲဒီအစွဲအလမ်းအတိုင်း ပြောရမယ်ဆိုရင် ရှင်ကလည်း ဆီနိတ်တာ ဘယ်လိုအကြောင်းနဲ့မှ ဒုက္ခမရောက်အောင် တာဝန်ယူ စောင့်ရှောက်ပေးနေတဲ့ သဘောမျိုးပေါ့"

"အင်း… ကျုပ်ကတော့ နားမလည်ဘူးပေါ့လေ၊ ဒါပေမဲ့ အဲဒီအတိုင်းပဲ ဖြစ်နိုင်ပါတယ်၊ နောက်ပြီး ကျုပ်တို့ ကလေးဘဝတုန်းက ကျုပ်အပေါ် အက်ဘီကောင်းခဲ့တာတွလည်း ရှိတယ်"

မော်တော်ကား ရပ်သွားသည်။

"စိတ်မရှိပါနဲ့ မစ္စထရေးမိုး၊ ဟိုက မီးစိမ်းကို မီနိုင်ရဲ့သားနဲ့ ရှေ့ကားကို မောင်းနေတဲ့ ခွေးသားက လမ်းဘေး ဆိုင်းဘုတ်တွေကို လျှောက်ဖတ်နေတယ်ဗျာ"

"ရပါတယ်ရှင်၊ ကျွန်မမှာ အရေးတကြီးကိစ္စ ဘာမှ မရှိပါဘူး၊ ဆီနိတ်တာက ရှင့်အပေါ်မှာ အတော်ကောင်းခဲ့သလား"

"ကောင်းခဲ့တယ် ဆိုပါတော့ဗျာ၊ ထားလိုက်ပါလေ… ဒီအကြောင်းတွေ အယ်ပယ်လ်ဂျန်းရှင်းမြို့အကြောင်း ကျွန်တော် ပြောရင် ဆီနိတ်တာက မကြိုက်ဘူး"

"သူ့ကို ရှင် ဘယ်လောက် ကူညီခဲ့တယ် ဆိုတာနဲ့ ရှင်ဟာ သူ့အဖို့ ဘယ်လောက် အကူအညီရတယ် ဆိုတာတော့ သူ ပြောပြမှာ သေချာပါတယ်၊ ကျွန်မကို ခွေးက လိုက်တယ်၊ တစ်ယောက်ယောက်က အနာခံပြီး ကျွန်မကို ဝင်ကယ်မယ်သာဆိုရင် ကျွန်မ ဘယ်လို ခံစားရမယ်ဆိုတာ စိတ်ကူးကြည့်လို့တောင် ရပါတယ် ရှင်"

ပက်က ပျော်ရွှင်သည့် လေသံကလေးဖြင့် ပြောသည်။

"အက်ဘီက အရမ်းကျေးဇူးသိတတ်သူပါ၊ ကျုပ် လက်မောင်းမှာ ခွေးကိုက်လို့ သွေးတွေ ထွက်နေတယ်၊ သူက သူ့ဆွယ်တာအင်္ကျီလေးနဲ့ ပတ်ပေးတယ်၊ ပြီးတော့ ဆေးရုံ အရေးပေါ်လူနာခန်းကို လိုက်ပို့ပေးတယ်၊ ဆရာဝန်တွေ ကျုပ်ဒဏ်ရာကို ချုပ်ပေးနေတုန်း သူက ထိုင်စောင့်နေတယ်၊ အဲဒီကစပြီး ကျုပ်တို့နှစ်ယောက် ရာသက်ပန် ချစ်သွားကြတော့တာပဲ"

တိုဘီက ပက်ကို သမင်လည်ပြန် ပြန်လှည့်ကြည့်သည်။

"အင်း… ရာသက်ပန် ချစ်သွားကြတယ် ဆိုလို့…"

တိုဘီက ထိုစကားလုံးကို အလေးအနက် ပြောသည်။

"သမီးရည်းစားလို ချစ်တာကို ကျုပ် ဆိုလိုတာ မဟုတ်ပါဘူး၊ သူငယ်ချင်းလို ချစ်သွားကြတာကို ပြောတာပါ၊ အရမ်းခင်သွားကြတာကို ပြောတာပါ၊ အက်ဘီဟာ ချစ်သူတစ်ယောက်လို ကျုပ် ချစ်နိုင်တဲ့ အမျိုးသမီး မဟုတ်ဘူး၊ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပုံမျိုးကို မကြိုက်ဘူး၊ မင်းကို ပြောပြနေစရာတောင် မလိုပါဘူးလေ၊ မင်းသဘောပေါက်ပြီး ဖြစ်မှာပါ၊ ဒါပေမဲ့ နေ့လယ်နေ့ခင်းမှာ ကျုပ် အလုပ်လုပ်နေတဲ့ဆီကို လာပြီး စကားပြောလေ့ရှိတယ်၊ အက်ပယ်လ်ဂျန်းရှင်းမြို့ကို ကျုပ် မုန်းတီးသလို သူကလည်း အရမ်းမုန်းနေတယ်၊ ကျုပ်က ကျောင်းမှာ အင်္ဂလိပ်စာ ညံ့တော့ သူက ပြပေးတယ်၊ စာသင်ဖို့ ကျုပ် ဝါသနာမပါဘူး၊ စာဆိုရင် စိတ်မဝင်စားချင်ဘူး၊ စက်ကိရိယာနဲ့ ပတ်သက်လို့တော့ လာမစမ်းနဲ့၊ မြင်ရုံနဲ့ တတ်တယ်၊ ဒါပေမဲ့ ဝါကျတစ်ကြောင်း သဒ္ဒါမှန်အောင်တော့ မရေးခိုင်းနဲ့၊ ဘယ်တော့မှ မှန်မှာ မဟုတ်ဘူး"

တိုဘီက စကားဖြတ်သည်။ ကားကို ဂရုစိုက် မောင်းပြန်သည်။ ကားတွေက အရမ်းများနေသည်။

"ဒီလိုနဲ့ပဲ အက်ဘီက တက္ကသိုလ် ရောက်သွားတယ်၊ ကျုပ်က နယူးယောက်မြို့ကို လွှင့်သွားတယ်၊ အိမ်ထောင်ကျတယ်၊ ဒါပေမဲ့ ကြာကြာ မမြဲပါဘူး၊ မြင်းပွဲမှာ အလုပ် သွားလုပ်တယ်၊ ရှာလို့ ရလိုက်၊ မြင်းရှုံးလိုက်နဲ့ လုံးလည်ချာလပတ်လိုက်နေတာပါပဲ၊ နောက် သူဌေးတစ်ယောက်ဆီမှာ ဒရိုင်ဘာ ဝင်လုပ်တယ်၊ အဲဒီအချိန်လောက်မှာပဲ အက်ဘီ အိမ်ထောင်ကျတယ်၊ သူ့ယောက်ျားက ကွန်ဂရက်လွှတ်တော်အမတ်။

"တစ်နေ့ကျတော့ အက်ဘီရဲ့ ကားဒရိုင်ဘာ အရက်မူးပြီး မောင်းလို့ ကားတိုက်မှု ဖြစ်ကြောင်း သတင်းစာထဲမှာ ဖတ်လိုက်ရတယ်၊ ဘယ် ဒီလို ဖြစ်မလဲလို့ ကျုပ် တွေးလိုက်မိတယ်၊ သူ့ဆီကို စာတစ်စောင် ရေးပို့လိုက်တယ်၊ နောက် ရက်သတ္တ နှစ်ပတ်လောက် ကြာတော့ သူ့ယောက်ျားက ကျုပ်ကို ဒရိုင်ဘာခန့်လိုက်တာပဲ၊ အဲဒါ ဘယ်လောက် ကြာသွားပြီလဲ ဆိုရင် နှစ်ပေါင်း အစိတ်တောင် ကြာသွားပြီ၊ မစ္စထရေးမိုး... အိမ်နံပါတ် ဘယ်လောက်လဲ ပြောပါဦး၊ အင်န်လမ်းထဲကို ကျုပ်တို့ ရောက်နေပြီ"

"နံပါတ် သုံးထောင်၊ ထောင့်အိမ်ပဲ၊ ဟိုရှေ့က လမ်းဆုံရဲ့ ထောင့်က အိမ်"

"အဲဒီအိမ်လား..."

တိုဘီက မေးသည်။ သူ့အထဲတွင် ပါသွားသည့် တုန်လှုပ်ချောက်ချားမှုကို ဖုံးကွယ်ဖို့ သူ ကြိုးစားသည်။ သို့သော်လည်း သူ အများကြီး နောက်ကျသွားပါပြီ။

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ ဟင်"

"အဲဒီအိမ်မှာ ညှော်ခံပွဲတွေ လုပ်တိုင်း အက်ဘီနဲ့ ဝေးလတ်ဂျင်းနင်းတို့ကို ကားမောင်းပြီး ကျုပ် လိုက်ပို့ရလေ့ ရှိတယ်၊ ခင်းအဒမ်စ်လို့ ခေါ်တဲ့ ကွန်ဂရက်လွှတ်တော်အမတ် သူ့မိန်းမကို သတ်ပစ်ပြီး သူ့ကိုယ်သူလည်း ပြန်သတ်သေသွားတယ် ဆိုတဲ့ အကြောင်း တခြားလူတွေက မင်းကို ပြောမပြကြဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ အသံသည် တည်တည်ငြိမ်ငြိမ် ရှိနေလိမ့်မည်ဟု ပက်က မျှော်လင့်မိပါသည်။

“ဒီအိမ်ကို ငှားဖို့ ကျွန်မအဖေရဲ့ ရှေ့နေက စီစဉ်ပေးတာပါ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကြာခဲ့တုန်းက ဒီအိမ်ပေါ်မှာ ကြေကွဲစရာကောင်းတဲ့ အဖြစ်တစ်ခု ဖြစ်ခဲ့တယ်လို့တော့ သူက ပြောပါတယ်၊ ဒီထက်ပိုပြီး မပြောပါဘူး”

ကျောက်ခင်းကွက်လပ်ကလေးတွင် တိုဘီက ကားကို ရပ်လိုက်သည်။

“မေ့ပျောက်ပစ်လိုက်ဖို့တော့ ကောင်းပါပြီလေ၊ ဒင်းအဒမ်စ် ဆိုတဲ့ အမတ်က သူ့သမီးကလေးကိုတောင် သတ်ပစ်ဖို့ ကြိုးစားသေးတာ၊ နောက်တော့ ကလေးလည်း သေသွားတာပါပဲ၊ သိပ်ချစ်စရာကောင်းတဲ့ ကလေးလေး၊ နာမည်က ကယ်ရီ…တဲ့၊ ခုထိ ကျုပ် မှတ်မိသေးတယ်၊ ဘယ်တတ်နိုင်မှာလဲနော်”

တိုဘီက စိတ်ပျက်လက်ပျက် ပုံစံမျိုးဖြင့် ခေါင်းယမ်းသည်။

“ဟိုရှေ့နား နည်းနည်းတိုးရပ်မှ၊ တော်တော်ကြာ ယာဉ်ထိန်းရဲက ဒုက္ခပေးနေဦးမယ်”

ပက်က ကားတံခါးဖွင့်ဖို့ လက်တင်ဆီသို့ လက်လှမ်းလိုက်သည်။ သို့သော်လည်း တိုဘီက အလွန်လျင်မြန်လွန်းလှပါသည်။ ဒရိုင်ဘာ နေရာမှ ဆင်းကာ ကားကို ကွေ့ပတ်လာပြီး ပက်အတွက် တံခါးဖွင့်ပေးထားပြီး ဖြစ်နေသည်။ ပြီးတော့ ပက်၏ လက်မောင်းကိုလည်း ဖေးကိုင် တွဲမပေးထားသည်။

“မစ္စထရေးမိုး… သတိထား ဆင်းနော်၊ နှင်းခဲတွေ တအားများနေပြီ”

ဟုလည်း ပြောသေးသည်။

“ဟုတ်ကဲ့၊ မြင်ပါတယ်ရှင်… ကျေးဇူးတင်ပါတယ်”

နေဝင်စောပြီး စောစောမှောင်သည်ကိုပင် ကျေးဇူးတင်ရသေးတော့သည်။ ထိုသို့ မဟုတ်လျှင် ပက်၏ မျက်နှာပေါ်မှ ခံစားရချက် အမူအရာကို တိုဘီ မြင်ကာ အကဲခတ်မိသွားနိုင်သည်။

တိုဘီသည် စာသင်၍ မတတ်လွယ်သော်လည်း လူကဲခတ်တော့ အလွန်ပါးနပ်သူ ဖြစ်ပုံရသည်။

ဟိုတုန်းက သည်အိမ်ကြီးမှာ ရှိခဲ့မည့် အနေအထားများကို တွေးကြည့်သည်။ ညတစ်ညကို အာရုံပြုပြီး တွေးကြည့်သည်။ မှန်ပါသည်။ ထိုအချိန်တုန်းက သည်အိမ်ကြီးမှာ ဧည့်ခံပွဲတွေ ခြိမ့်ခြိမ့်သဲခဲ့ပေလိမ့်မည်။

အက်ဘီဂေးလ်ဂျင်းနင်းမှာ အသက် ၅၆ နှစ် ရှိပြီ။ ဝေးလတ်ဂျင်းနင်းက သူ့ထက် ၈ နှစ်၊ ၉ နှစ်လောက် ကြီးသည်။ ပက်၏ အဖေ အသက်ရှင်နေဦးမည် ဆိုပါက ယခုအခါ ၆၀ ကျော်ကျော်လေးလောက်တော့ ရှိပေမည်။

ထိုအချိန်တုန်းကတော့ သူတို့ လူသိုက်သည် ခေတ်ပြိုင် မိတ်ဆွေရင်းချာများ ဖြစ်ကြပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုဘီက ကားပေါ်မှ ပစ္စည်းများ ယူသည်။ ပက်က ဒင်းနှင့် ရီနီအဒမ်စ် အကြောင်းကို လည်းကောင်း၊ 'သိပ်ချစ်စရာကောင်းတဲ့ ကလေးလေး၊ နာမည်က ဘယ်ရီ…' အကြောင်းကို လည်းကောင်း မေးကြည့်ဖို့ စိတ်ကူးလိုက်သေးသည်။

နေဦးလေ… အခု မမေးနဲ့ဦး။

သူ့ကိုယ်သူ သတိပေးသည်။

ကြီးမားသည့် ဘူးကြီး နှစ်လုံးကို တစ်ဖက်စီ ကိုင်ရင်း တိုဘီက အိမ်ထဲသို့ ပက်၏ နောက်မှ ဝင်လိုက်လာသည်။ ထိုဘူးကြီး နှစ်လုံး အတော်လေးမည် ဖြစ်ကြောင်း ပက် ခန့်မှန်းမိသည်။ သို့သော်လည်း တိုဘီက ဟန်မပျက် အေးအေး ဆေးဆေး သယ်ယူလာနိုင်သည်။

ပက်က တိုဘီကို စာကြည့်ခန်းထဲ ခေါ်သွားသည်။ ပြီးတော့ ဘူးနှစ်ဘူး ချထားရမည့် နေရာကို ပြသည်။ ဟိုဘက်တစ်ခြမ်းတွင် ထားသည့် ဘူးများပေါ်၌ သူ့အဖေ အမည်များ ကပ်ထားလေသည်။ တိုဘီ မမြင်စေချင်။

သို့သော်လည်း တိုဘီက ထိုဘက်သို့ ယောင်လို့ပင် လှည့်မကြည့်ချေ။

"ကျုပ် သွားတော့မှ ဖြစ်မယ် မစ္စထရေးမိုး"

ပြီးတော့ တိုဘီက သူ ချထားပေးသည့် ဘူးများကို လက်ညှိုးထိုးပြပြီး ရှင်းပြနေသည်။

"ဟောဒီဘူးထဲမှာ သတင်းစာ ဖြတ်ပိုင်းတွေနဲ့ ဓာတ်ပုံ အယ်လ်ဘမ်တွေ ရှိတယ်၊ နောက်ဘူးထဲမှာတော့ မဲဆန္ဒရှင်တွေဆီက ရေးလိုက်တဲ့ စာတွေ ရှိတယ်၊ သူတို့ရဲ့ ကိုယ်ရေးကိုယ်တာ အကြောင်းတွေ ပါတယ်၊ အက်ဘီက သူတို့ကို ဘယ်လို အကူအညီပေးခဲ့တဲ့အတွက် ဘယ်လို အကျိုးရှိသွားကြောင်း ရေးထားတဲ့ စာတွေ ပါတယ်၊ နောက်ပြီး မှတ်တမ်း ရုပ်ရှင်ကားတွေ ပါတယ်၊ အများစုကတော့ သူ့ယောက်ျား မဆုံးခင်က ရိုက်ထားခဲ့တဲ့ ရုပ်ရှင်တွေပဲ၊ သူတို့ အပေါင်းအသင်းတွေနဲ့ ဘယ်လို နေခဲ့တယ်၊ သူတို့ လင်မယား ဘယ်လို နေခဲ့တယ် ဆိုတာတွေပါပဲ၊ အဲဒီရုပ်ရှင်တွေကို မင်းအတွက် အချိန်မရွေး ကျုပ် လာပြပေးပါ့မယ်၊ ဘယ်သူတွေ ဆိုတာရော ဘယ်နေရာမှာ ရိုက်တာ ဆိုတာရော ကျုပ် ရှင်းပြနိုင်တာပေါ့"

"ဒါတွေကို ကျွန်မ အရင်ဆုံး စစ်ကြည့်လိုက်ဦးမယ်လေ၊ ပြီးတော့မှ ရှင့်ကို ခေါ်မယ်နော်၊ ကျေးဇူးတင်ပါတယ် ရှင်၊ ဒီစီမံကိန်းမှာတော့ ရှင့်အကူအညီ တွေကို အများကြီး ယူရတော့မှာပဲ တိုဘီ၊ ဆီနိတ်တာ စိတ်ချမ်းသာသွားအောင် ကျွန်မတို့ နှစ်ယောက် ကြိုးစားလုပ်ကြတာပေါ့"

"သူ စိတ်မချမ်းသာဘူး ဆိုရင်လည်း ကျုပ်တို့နှစ်ယောက် အရင် သိကြ ရမှာပါ"

တိုဘီ၏ မျက်နှာပြုံးပြုံးကြီး ပြုံးသွားလေသည်။

"ဂွဒ်နိုက်… မစ္စထရေးမိုး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ပက်လို့ပဲ ခေါ်ပါတော့လား၊ ဆီနိတ်တာကိုတောင် အက်ဘီလို့ ရှင် ခေါ်သေးတာပဲ"

"သူ့ကို အဲဒီလို ခေါ်နိုင်တာ ကျုပ် တစ်ယောက်ပဲ ရှိပါတယ်၊ အဲဒီနာမည်ကြီးကို အခေါ်ခံရတာ သူ မုန်းတယ်၊ ဒါပေမဲ့ ဘယ်သူ သိနိုင်မှာလဲနော်၊ တစ်နေ့နေ့သောအခါမှာ မင်းရဲ့ အသက်ကိုလည်း ကျုပ်က ကယ်ချင် ကယ်နေရဦးမှာ မဟုတ်လား"

"အောင်မယ်လေး… အဲဒီလို အခွင့်အရေးများ ပေါ်လာလို့ကတော့ တစ်မိနစ်ကလေးတောင် အချိန်မဆိုင်းလိုက်ပါနဲ့ နော်"

ပက်က လက်ကမ်းပေးလိုက်သည်။ ကြီးမားသော တိုဘီ၏ လက်ကြီးထဲတွင် သူ့လက်ကလေး ပျောက်ကွယ်သွားသည်ကို ကြည့်နေလိုက်မိသည်။

တိုဘီ ထွက်သွားတော့ တံခါးပေါက်မှာ သူ ရပ်နေသည်။ သူ့အတွေးများ လွင့်ပါးနေသည်။

ဒင်းအဒမ်စ်၏ နာမည်ကို ဖော်ပြောခံရတိုင်း မျက်နှာပျက်မသွားအောင် ထိန်းနိုင်ဖို့ အရေးကြီးလေသည်။

ကားထဲတွင် အရောင်ရိပ်ကျနေသည့် အချိန်၌ အဒမ်စ်၏ နာမည်ကို တိုဘီက ထုတ်ဖော် ပြောလာသောကြောင့် ကံကောင်းသည်ဟုပင် ဆိုရပေတော့မည်။

အိမ်အပြင် မှောင်တွင်း တစ်နေရာမှနေ၍ တစ်စုံတစ်ယောက်က တိုဘီ ကားမောင်းထွက်သွားသည်ကို စောင့်ကြည့်နေသည်။

နောက်ပြီးတော့ တံခါးဝတွင် ရပ်နေသည့် ပက်ကိုလည်း ဒေါသတကြီးဖြင့် သူ အကဲခတ်ကြည့်သည်။

လက်နှစ်ဖက်ကို အပေါ်ရုံအင်္ကျီကြီး၏ အိတ်များထဲသို့ ထည့်ထားသည်။ ဘောင်းဘီ အဖြူရောင်၊ ခြေအိတ် အဖြူရောင်နှင့် အဖြူရောင် ခွာပါသော ဖိနပ်တို့ကို စီးထားသည်။

အိတ်ထဲ နှိုက်ထားသည့် လက်နှစ်ဖက်ကို လက်သီး ဆုပ်ထားသည်။ တင်းတင်းဆုပ်ထားသောကြောင့် အကြောများ တင်းနေသည်ကို သိရှိခံစားနေရသည်။

သူ့ဆံပင်များက ငွေရောင် ပေါက်နေကြသည်။ ထိုဆံပင်များကို နဖူးအုပ်မိအောင် ရှေ့သို့ငိုက်ပြီး ဖြီးချထားသည်။ မျက်နှာပုံကလည်း တစ်မျိုး ထူးဆန်းနေလေသည်။

ဒီကောင်မလေး ဤအရပ်သို့ ရောက်လာနေပြီ။ မနေ့ညတုန်းက ကားပေါ်မှ ပစ္စည်းတွေ ချတာ သူ မြင်လိုက်ရသည်။ သူ သတိပေးထားသည့် ကြားထဲက

www.burmeseclassic.com

www.burmeseclassic.com



သည်ကောင်မလေးသည် ရုပ်မြင်သံကြား အထူးအစီအစဉ်ကို တင်ဆက် ထုတ်လွှင့်ပေတော့မည်။

ယခု ဝင်လာပြီး ထွက်သွားသည့် ကားမှာ ဆီးနိတ်လွှတ်တော်အမတ်၏ ကား ဖြစ်သည်။ ကားပေါ်မှ ချပေးသွားသည့် ဘူးများထဲတွင် မှတ်တမ်းများ ပါပေလိမ့်မည်။

သည်အတိုင်းဆိုလျှင် ပက်ထရီရှာထရေးမိုး ဆိုသော မိန်းကလေးသည် သည်အိမ်ထဲမှာ နေထိုင်ပေတော့မည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာတုန်းက တစ်မနက်ခင်း၏ မြင်ကွင်းများ သူ့မျက်လုံးထဲသို့ ပြန်ရောက်လာသည်။

ယောကျ်ား လုပ်သူသည် စားပွဲနှင့် ဆိုဖာကြား ကြမ်းပြင်ပေါ်တွင် ပက်လက်ကြီး လဲနေသည်။

အမျိုးသမီး၏ မျက်လုံးများက ပွင့်နေသည်။ တစ်နေရာကို စိုက်ကြည့်နေသလို ဖြစ်နေသည်။ သို့သော်လည်း ဘာကိုမှ သူ မမြင်ရတော့ပါ။

သမီး ငယ်ငယ်လေး၏ ဆံပင်ကတော့ ခြောက်နေသော သွေးများဖြင့် ခဲနေလေသည်။

ထိုမြင်ကွင်းများကို သူ ပြန်လည်မြင်ယောင်နေသည်။

အမှောင်ရိပ်ထဲမှာ ရပ်ပြီး ပက်ကို သူ အကဲခတ်ကြည့်နေသည်။

ပက်က တံခါးပိတ်သွားသည်။ သို့သော်လည်း သူသည် ပက်ထံမှ ခွဲခွာ၍ သွားနိုင်စွမ်း မရှိသူ တစ်ယောက်လို ထိုနေရာမှာ အကြာကြီး ငြိမ်သက် တိတ်ဆိတ်စွာ ရပ်နေမိလေသည်။

ပက်က မီးဖိုချောင်ထဲမှာ ရေနွေးကျိုနေသည်။ ထိုအချိန်တွင် တယ်လီဖုန်း ခေါင်းလောင်း မြည်သည်။

ဆမ် ဖုန်းဆက်တာတော့ မဖြစ်နိုင်။ သို့သော်လည်း...

လှစ်ခနဲ အပြုံးကလေး သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။ ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို..."

တစ်ဖက်မှ လေသံကလေးကို ကြားရသည်။

"ပက်ထရီရှာထရေးမိုး..."

"ဟုတ်ပါတယ်၊ ရှင် ဘယ်သူလဲ"

မေးမည့်သာ မေးရသည်။ လေသံကလေးနှင့် ပြောနေသော တစ်ဖက်မှ လူ မည်သူ ဖြစ်ကြောင်း ပက် သိပြီးပါပြီ။

"မင်း ငါ့စာ ရသလား"

ပက်သည် သူ့အသံကို တည်ငြိမ်အောင် အစွမ်းကုန် ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာကြောင့် ဒါလောက်တောင် စိတ်တွေ လှုပ်ရှားနေတယ် ဆိုတာ ကျွန်မ နားမလည်နိုင်တော့ဘူး၊ ကျွန်မကို အဲဒီအကြောင်း ပြောပြစမ်းပါ"

"ဆိနိတ်တာအကြောင်း ထုတ်လွှင့်မယ့် မင်းရဲ့ အစီအစဉ်အကြောင်း မေ့ပစ်လိုက်စမ်းပါ မစ္စထရေးမိုး၊ မင်းကို ငါ ပြစ်ဒဏ်မပေးချင်ဘူး၊ ငါ ပြစ်ဒဏ်ပေးဖြစ်သွားအောင် မလုပ်ပါနဲ့၊ ဒါပေမဲ့ ဘုရားသခင် ဟောကြားသွားတာကိုတော့ မင်း မမေ့ပါနဲ့၊ ဘုရားသခင်က ကျွန်ုပ်၏ သားတော် သမီးတော် တစ်စုံတစ်ယောက် အတိဒုက္ခရောက်အောင် ပြုလုပ် ကျူးလွန်သော သူသည် တူညီသော ဘေးဒုက္ခကို ခံစားရပေလိမ့်မည်...လို့ ဟောသွားတယ် မဟုတ်လား"

တယ်လီဖုန်းလိုင်း ပြတ်သွားသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## [ ၅ ]

ခုန်းဆက်သူသည် အရှုံးတစ်ကောင်ပဲ ဖြစ်ရမည်။ မိန်းမများသည် တိုင်းပြည်တာဝန်များကို ထမ်းဆောင်ရန် မလို၊ မီးဖိုချောင်ထဲမှာသာ ကျောက်ချနေရမည်ဟု ယုံကြည်ထားသော ကြောင်က လွဲပြီး ဘာကောင်မှ မဖြစ်နိုင်ဟု ပက် တွေးထင်နေမိသည်။

နယူးယောက်မြို့မှာတုန်းက တွေ့ခဲ့ဖူးသည့် ကြောင်တစ်ယောက် အကြောင်း ပက် ပြန်သတိရသည်။ ပဥ္စမရိပ်သာမှာ ဖြစ်သည်။ 'မိန်းမများသည် လင်ကို ပြုစုဖို့ တာဝန်မှလွဲပြီး အခြား ဘာတာဝန်မှ ယူစရာ မလို' ဟူသော ဆိုင်းဘုတ် ထောင်ပြီး မှန်မှန် ချီတက် ဆန္ဒပြခဲ့သည်။

သို့သော်လည်း ထိုသူသည် မည်သူ့ကိုမှ ဒုက္ခမပေး။ မည်သူ့ကိုမှ ရန်မရှာ။ သူ့ဘာသာ ဆိုင်းဘုတ်ထောင်ပြီး ဆန္ဒပြခြင်းသာ ဖြစ်သည်။

ယခုလည်း ဒါမျိုးပဲ ဖြစ်နိုင်သည်။ သည်ထက် ပိုလာစရာ အကြောင်း မရှိဟု ပက် ယုံကြည်လိုက်လေသည်။

ညစာကို စာကြည့်ခန်းထဲ ယူပြီး စားသည်။ ညစာ စားရင်း အက်ဘီဂေးလ်၏ မှတ်တမ်းများကို ရွေးသည်။ ရွေးရင်းလည်း လေ့လာသည်။

မှတ်တမ်းများကို ဖတ်ရင်း အက်ဘီဂေးလ်ကို သူ ပို၍ပို၍ အထင်ကြီးလာသည်။

မိမိသည် အလုပ်နှင့် ထိမ်းမြားလက်ထပ်ထားသူ ဖြစ်ကြောင်း ဆီးနိတ်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျင်းနင်းက ပြောခဲ့သည်။ အမှန်အတိုင်း သူ ပြောခြင်း ဖြစ်ကြောင်း ပက် ယုံကြည်သွားသည်။

www.burmeseclassic.com



အလုပ်နှင့် လက်ထပ်ခဲ့သည် ဆိုတော့ မဲဆန္ဒရှင်များသည် သူ၏ သားသမီးများ၊ အိမ်သူအိမ်သားများသာ ဖြစ်ကြပေတော့မည်။

မနက်ဖြန် မနက် လူသာပယ်လ်ဟာမ်းနှင့် တွေ့ဖို့ ချိန်းဆိုထားပြီး ဖြစ်သည်။ ထို့ကြောင့် ညသန်းခေါင်တွင် ပက် အိပ်ရာဝင်ခဲ့သည်။

သူ ယူထားသည့် အိပ်ခန်းသည် အကျယ်ဆုံး အိပ်ခန်း ဖြစ်သည်။ အိမ်ထောင်ပရိဘောဂ အကောင်းစားများချည်း သုံးစွဲထားသည်။ ဟိုတုန်းကတည်းက ရှိခဲ့သည့် ပစ္စည်းများ ဖြစ်ပါသည်။ သည်အိမ်ကြီးအတွက် တမင်သက်သက် ဝယ်ယူဖြည့်ဆည်းထားသည့် ပစ္စည်းများ ဖြစ်လေသည်။

ပက်အတွက် ဇရိုနီကာက မွေ့ရာကအစ ပို့ပေးလိုက်သည်။ ထို့ကြောင့် မွေ့ရာပေါ်မှာ သူ သက်သောင့်သက်သာ အိပ်စက်နိုင်ပါသည်။

သို့သော် ရုတ်တရက် သူ အိပ်မပျော်။

မနက်တုန်းက မြေတိုက်ခန်းနှင့် အပေါ်ထပ် မီးဖိုချောင်ကို အခေါက်ခေါက် အခါခါ ကူးပြီး ဗီရိုများနှင့် စာအုပ်စင်များကို ရေပတ်တိုက်ခဲ့သည်။ ထို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။

ညာဘက် ခြေထောက်ကလည်း စစ်ခနဲ စစ်ခနဲ ထိုးနာနေသည်။

ပျော်စရာ ကောင်းတာလေးတွေ သူ တွေးကြည့်သည်။ စိတ်ဂနာမငြိမ်ဘဲ တစ်ဖက်သို့ စောင်းလိုက်သည်။

သူ ပြုံးသည်။ သို့သော်လည်း အပြုံးက မဲ့သွားသည်။

ဆမ်အကြောင်းကို သူ စဉ်းစားသည်။

ပိုတိုမက် ရုပ်မြင်သံကြားဌာနသည် ဖရာဂတ်ပန်းခြံအနီးမှာ ရှိသည်။ ထိုအဆောက်အအုံကြီးထဲသို့ ပက်ထရီရှာထရေးမိုး ဝင်လာသည့် အချိန်ကလေးမှာပင် ဘော့စတွန် ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူး (သတင်း) ပြောလိုက်သည့် စကားများကို သူ ပြန်လည် ကြားယောင်လာသည်။

"သူတို့ ကမ်းလှမ်းလာတဲ့ အလုပ်ကို လက်ခံဖို့နဲ့ ပတ်သက်လို့တော့ ဘာပြဿနာမှ မရှိပါဘူး ပက်၊ လူသာပယ်လ်ဟာမ်းလို ပုဂ္ဂိုလ်မျိုးနဲ့ အလုပ်တွဲပြီး လုပ်ခွင့်ရဖို့ ဆိုတာ တစ်သက်မှာ တစ်ခါ မရနိုင်တဲ့ အခွင့်အရေးမျိုးပဲ၊ ပိုတိုမက်ရဲ့ အလုပ်ကို လက်ခံဖို့ စီဘီအက်စ်က သူ အလုပ်ထွက်သွားတုန်းက ဆိုရင် စီဘီအက်စ် မှာ အကြီးအကျယ် ဖရိုဖရဲ ကသောင်းကနင်း ဖြစ်ခဲ့တာပေါ့"

ထိုစကားများကို ပက် ပြန်လည်ကြားယောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပက်နှင့် တွေ့ပြီး အလုပ်ကိစ္စ စကားပြောဖို့ ဘော့စတွန်မြို့သို့ လူသာ လိုက်လာသည်။ သူတို့နှစ်ယောက် ဟိုတယ်တစ်ခုမှာ နေ့လယ်စာ သွားစားကြသည်။ စားသောက်ခန်းထဲမှာ ရှိသူ အားလုံးက သူတို့ စားပွဲကိုပဲ ဝိုင်းကြည့်နေကြသည်။

ဘော့စတွန်နယ်တစ်လွှားတွင် ထိုအဖြစ်အပျက်မျိုးသည် ပက်အဖို့ အထူးအဆန်း မဟုတ်ပါ။ ဘော့စတွန် ရုပ်မြင်သံကြားတွင် သတင်းကြေညာပြီး အထူးအစီအစဉ်များ တင်ဆက်နေသော ပက်ကို မသိသူ မရှိသလောက် ရှားပါသည်။

သို့သော် ယခု လူတွေ ဝိုင်းကြည့်နေသည်မှာ သူ့ကို မဟုတ်ပါ။ လူသာ ပယ်လ်ဟာမ်းကို ဝိုင်းကြည့်နေကြခြင်း ဖြစ်ပါသည်။

အချို့က ကြည့်ရုံသာ မဟုတ်။ သူ ရှိရာသို့ အလုအယက် ပြေးလာပြီး အော်တိုစာအုပ်တွင် လက်မှတ် ရေးထိုးခိုင်းကြလေသည်။

ထို့ကြောင့် ပက်က လူသာကို မေးကြည့်သည်။

"ရှင် သွားလေရာမှာ လူတွေ ဝိုင်းမကြည့်တဲ့ နေရာများ ရှိသေးသလား တင်"

"မရှိသလောက် ရှားပါတယ် ဆိုပါတော့ကွယ်၊ ဒီစကားတွေ ပြောရတာ ကျုပ် စိတ်ချမ်းသာပါတယ်၊ ဒါပေမဲ့ မကြာခင် မင်းလည်း ဘယ်နေရာကို ရောက်သွားပြီဆိုတာ မင်း သိရပါစေမယ်၊ နောက် ၆ လ ကြာရင် မင်း သွားလေရာရာကို လူတွေ တကောက်ကောက် လိုက်နေလိမ့်မယ်၊ အမေရိကန်ပြည်ထောင်စုထဲမှာ ရှိတဲ့ အမျိုးသမီးငယ်ငယ်တွေက မင်း ဝတ်ပုံစားပုံကို အတုခိုး ဝတ်ဆင်ကြလိမ့်မယ်၊ ယုတ်စွအဆုံး အသံကိုတောင် မင်းလို အက်တက်တက်ကလေး ဖြစ်အောင် လုပ်ပြီး ပြောကြလိမ့်မယ်"

ဒါတော့ ပိုတာပါ… ဟု ပက်က တွေးလိုက်သည်။ သို့သော်လည်း သူ ကျေနပ်သွားပါသည်။ စိတ်ကြီးလည်း ဝင်သွားသည်။

"မစ္စတာပယ်လ်ဟာမ်း…" ဟု ဒုတိယအကြိမ် ခေါ်ပြီးသောအခါ-

"ပက်… မင်းနဲ့ ကျုပ်ဟာ လုပ်ဖော်ကိုင်ဖက် ဖြစ်နေပြီ၊ ကျုပ်မှာ နာမည်ရင်း ရှိတယ်၊ အဲဒီနာမည်ကို သုံးပါ"

ဟု လူသာက ပြောသည်။

ဘော့စတွန်မြို့မှာ တွေ့ကြတုန်းက လူသာပယ်လ်ဟာမ်းသည် အလွန် ဆော်ရွှေပြီး အလွန်ချစ်စရာ၊ ခင်မင်စရာကောင်းခဲ့သည်။ သို့သော်လည်း ထိုအချိန်သည် မိမိကို သူတို့ဆီ အလုပ်ပြောင်းလုပ်ဖို့ ချဉ်းကပ်နေချိန် ဖြစ်ပါလား…ဟု လည်း ပက် တွေးမိလေသည်။

ယခု ထိုသို့ မဟုတ်တော့။ လူသာသည် မိမိ၏ အထက်လူကြီး ဖြစ်သွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ညှော်ကြိုဌာနတွင် မိမိ မည်သူ ဖြစ်ကြောင်းနှင့် လူသာပယ်လ်ဟာမ်းကို တွေ့ဖို့ လာခြင်းဖြစ်ကြောင်း ပြောသည်။ ညှော်ကြို စာရေးမလေးက သက်ဆိုင်ရာ သို့ အကြောင်းကြားပြီး ခဏအကြာမှာပင် ညှော်ကြိုဌာနသို့ လူသာ ကိုယ်တိုင် ထွက်လာပြီး ပက်ကို ကြိုဆိုသည်။

ဖော်ရွေလိုက်လှဲသော အသံဖြင့် သူက ပြောသည်။

"ပက်… ဝမ်းသာလိုက်တာကွယ်၊ အခုလို ရောက်လာတာ ဝမ်းသာ လိုက်တာ၊ လာ… ဝိုင်းတော်သားတွေနဲ့ လိုက်မိတ်ဆက်ပေးမယ်"

လူသာက သူ့ကို သတင်းခန်းထဲသို့ ခေါ်သွားပြီး အမှုထမ်း အားလုံးနှင့် မိတ်ဆက်ပေးသည်။

သတင်းခန်းထဲက မြင်ကွင်းကို မြင်ရသည်နှင့် ပက် အကျေနပ်ကြီး ကျေနပ်သွားသည်။

အမျိုးသမီး ငယ်ငယ်တစ်ယောက်က သူ့စားပွဲမှာ ထိုင်ပြီး သတင်းခေါင်းစဉ် များကို တကုန်းကုန်း တပ်နေသည်။

စစ်ဘက်ရေးရာ ကျွမ်းကျင်သူ တစ်ယောက်က အပတ်စဉ် လွှင့်ထုတ်ရ မည့် သူ၏ အစီအစဉ်အတွက် အသံသွင်းနေသည်။ မိမိ သက်ဆိုင်ရာ အလုပ်ကို လုပ်ကိုင်နေကြပုံမှာ တည်ငြိမ်လှလေသည်။

သို့သော်လည်း သတင်းစာဆရာတို့၏ အတွင်းစိတ်သန္တာန်သည် အပြင်ပန်း ပုံမျိုး မရှိကြောင်း ပက် ကောင်းကောင်း သိပါသည်။

သတင်းစာဆရာ ဆိုသည်မှာ သတင်းနှင့် ပတ်သက်ပြီး အမြဲတမ်း စိတ်စော နေကြသူများ ဖြစ်သည်။ တစ်နေရာရာမှာ သတင်းတစ်ခုခု ဖြစ်ဖို့ကို အမြဲတမ်း အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေကြသူများ ဖြစ်သည်။

အလွန်တရာ ကြီးကျယ်သည့် သတင်းကြီး တစ်ခုခု ဖြစ်ပွားပေါ်ပေါက် လာလျှင် နိုင်နိုင်နင်းနင်းမှ ကိုင်တွယ်နိုင်ပါမည်လား ဆိုတာ အချိန်ရှိသမျှ စိုးရိမ် ကြောင့်ကြနေကြသူများ ဖြစ်လေသည်။

အခြား သတင်းဌာနများထက် မိမိဌာနက အမြဲတမ်း ကျော်နေဖို့ကိုလည်း ဇောအကပ်ကြီး ကပ်နေကြသူများ ဖြစ်လေသည်။

ဆီးနိတ်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျင်းနင်း အကြောင်း အသံသွင်း ဖို့ အဆင်သင့် မဖြစ်သေးမီ ကာလတွင် စာမူ ရေးသားခြင်း၊ တည်းဖြတ်ခြင်းများကို ပက်၏ အိမ်မှာပင် စိတ်တိုင်းကျ လုပ်ဖို့ လူသာပယ်လ်ဟာမ်းက ပက်ကို ခွင့်ပြုခဲ့ လေသည်။

ပက်အတွက် သီးသန့် ပြင်ဆင်ထားပြီး ဖြစ်သော ရုံးခန်းကိုလည်း လူသာက လိုက်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့ရုံးခန်းထဲသို့ ခေါ်သွားသည်။ ကျယ်ပြန့်သော ထောင့်ခန်းကြီး ဖြစ်ပြီး အခန်းကို ဝက်သစ်ချသားများဖြင့် လှလှပပ ပြင်ဆင်ထားလေသည်။

"နေတတ်သလို နေ ပက်၊ တစ်နေရာကို တယ်လီဖုန်း ပြန်ဆက်လိုက်ဦး မယ်"

သူ ဖုန်းဆက်နေခိုက် ပက်အဖို့ သူ့ကို အနီးကပ် လေ့လာရန် အကောင်း ဆုံး အခွင့်အရေးကို ရရှိလိုက်လေသည်။

လူချောတစ်ယောက် ဖြစ်သည်။

သပ်ရပ်စွာ ဝတ်ဆင်ထားသည်။

ဆံပင်ကို သပ်ရပ်စွာ ဖြီးထားသည်။

အသားအရေများ တင်းတင်းရင်းရင်းနှင့် စိုပြည်ကာ အရွယ်တင်လှသည်။

မကြာသေးခင်ကပင် သူ၏ အသက် ၆၀ ပြည့် မွေးနေ့ပွဲကို ကျင်းပခဲ့ သည်။

သူ့ဇနီးသည်နှင့် တွဲရိုက်ထားသည့် ဓာတ်ပုံများနှင့် သူ့မွေးနေ့ပွဲအကြောင်း သတင်းများ၊ စာနယ်ဇင်းတိုင်းလိုလိုမှာ ပါခဲ့သည်။

ယခု အနီးကပ် ကြည့်သောအခါ အသက် ၆၀ ဟု ယုံကြည်ဖို့ပင် ခက်ခဲ သွားလေသည်။

လူသာက ဖုန်း ပြန်ချထားလိုက်သည်။

"ဘယ်လိုလဲ၊ မင်း လေ့လာအကဲခတ်တဲ့ စာမေးပွဲမှာ ကျုပ် အောင်သွား ပြီလား"

လူသာက မေးသည်။ သူ့မျက်လုံးများက အရောင်တောက်ကာ ပျော်မြူး နေပုံရသည်။

"အမှတ် ၁၀၀ အပြည့်နဲ့ကို အောင်ပါတယ်ရှင်"

ပက်ကလည်း ရွှင်ရွှင်ကလေး ပြန်ပြောသည်။

သို့သော်လည်း သူ့စိတ်ထဲမှာ စိမ်းသလိုလို ဖြစ်နေသည်။

သတင်းလုပ်ငန်းသည် သူ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်သည်။

ဘာမှ စိမ်းနေစရာ အကြောင်းမရှိ။

လုပ်ငန်းသစ် မဟုတ်။ လုပ်နေကျ ဖြစ်သည်။

သို့သော်လည်း ယခု ဘာကြောင့်စိမ်းသည်ဟု စိတ်ထဲမှာ ခံစားနေရသနည်း။

ပက် အဖြေရှာ၍ မရပါ။

"အခုလို ကြားရတာ ဝမ်းသာပါတယ်ကွယ်၊ မင်းကသာ ကျုပ်ကို အခုလို အကဲမခတ်ဘူး၊ မလေ့လာဘူး ဆိုရင် ကျုပ် အတော်စိတ်ပူမိမှာပဲ၊ မနေ့တုန်း က အက်ဘီဂေးလ်နဲ့ မင်း တွေ့ခဲ့ပြီးပြီ မဟုတ်လား၊ အက်ဘီဂေးလ်က မင်းကို အရမ်းအထင်ကြီးသွားပြီ၊ ဒီလို လုပ်နိုင်တဲ့အတွက် ချီးကျူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စိတ်ချမ်းသာစရာ စကားကလေးများကို ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် ပြောနေရာက အလုပ်ကိစ္စသို့ လူသာက ဖြုန်းခနဲ စကားပြောင်းပစ်လိုက်လေသည်။

ပက်ကလည်း ထိုအပြုအမူကို သဘောကျ နှစ်ခြိုက်ပါသည်။ အချိန်ဖြုန်းမနေချင်ပါ။ ပြဿနာ တစ်ခုခု ရှိသည် ဆိုလျှင်လည်း လာမည့်ဘေး ပြေးတွေ့ပစ်လိုက်ချင်သည်။

ထို့ကြောင့် ပက်က တည်ငြိမ်သော လေသံဖြင့် ပြန်ပြောသည်။

"သူ့ကို ကျွန်မ အရမ်းအထင်ကြီးသွားပါတယ်၊ ဘယ်သူမဆို အထင်ကြီးမှာပါပဲ၊ သူနဲ့ အတူတူ တွေ့ပြီး စကားပြောရသလောက်နဲ့ အကဲခတ်ရသလောက်ကို ပြောတာပေါ့လေ"

"သိပါတယ် သိပါတယ်··· အက်ဘီဂေးလ်ဟာ ချုပ်ကိုင်ဖို့ အင်မတန်ခက်တဲ့ အမျိုးသမီး၊ ဒါကြောင့်မို့လို့ သူ့ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တဲ့ အထောက်အထား အားလုံး ထုပ်ပိုးပြီး မင်းဆီ ပို့ပေးဖို့ သူ့ကို ကျုပ် ပြောထားတာ၊ ဒီအစီအစဉ် ချောချောမောမော ဖြစ်အောင် သူ့ဘက်က ကူလိမ့်မယ် ဆိုတာကိုတော့ မျှော်လင့်မထားနဲ့၊ ဘာတစ်ခုမှ ရမှာ မဟုတ်ဘူး၊ အစီအစဉ် ထုတ်လွှင့်ဖို့ရက်ကို ၂၇ ရက်နေ့ ကျုပ် သတ်မှတ်ထားတယ်"

"၂၇ ရက်··· ဒီဇင်ဘာ ၂၇ ရက်လား"

မိမိ၏အသံ အတော်ကြီး ကျယ်သွားကြောင်း ပက် သတိထားလိုက်မိလေသည်။ မယုံကြည်နိုင်အောင် ဖြစ်သွားသောကြောင့် အသံမြင့်သွားခြင်း ဖြစ်သည်။

"ဒီဇင်ဘာ ၂၇ ရက်ဆိုတာ နောက် ဗုဒ္ဓဟူးနေ့ပဲ၊ ဒီအတိုင်းဆိုရင် အသံသွင်းဖို့ရော၊ စာမူ တည်းဖြတ်ဖို့ရော အစက အဆုံးအထိ တစ်ပတ်အတွင်း အပြီးလုပ်ရမယ်ဆိုတဲ့ သဘော ဖြစ်နေတာပေါ့"

"အဲဒီအတိုင်း အမှန်ပါပဲ၊ မင်းဟာ ဒီလို အလုပ်မျိုးကို လုပ်နိုင်တဲ့သူပဲလေ"

ပက် ပြောသည်မှာ မှန်ကြောင်း လူသာက အတည်ပြုသည်။

"ဒါပေမဲ့ ဘာဖြစ်လို့ ဒါလောက်တောင် ဖုတ်ပူမီးတိုက် လုပ်ရတာလဲဟင်"

လူသာက ကိုယ်လုံးကို ကုလားထိုင် နောက်မှီပေါ်သို့ မှီချလိုက်သည်။ ခြေထောက်နှစ်ချောင်းကို ချိတ်သည်။ ပက်ကို ပြုံးကြည့်သည်။

"ဘာကြောင့်လဲ ဆိုရင် ဒါဟာ သမိုင်းဝင်မှတ်တမ်းကြီးတစ်ခု ဖြစ်သွားမှာမို့ပဲ၊ ပက်ထရေးမိုး··· မင်းမှာ ရှင်ဘုရင်တစ်ပါးကို နန်းတင်ပေးဖို့ အခွင့်အရေးကြီး ရနေပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



ဆမ် ပြောခဲ့ဖူးသည့် အကြောင်းကို ပက်က ပြန်စဉ်းစားကြည့်လိုက်မိလေသည်။

"ဒုတိယသမ္မတလား…"

"ဟုတ်တယ်၊ ဒုတိယသမ္မတ"

လူသာက အတည်ပြုပေးပြန်သည်။

"မင်းမှာ ချက်ဆို နားခွက်က မီးတောက်တဲ့ အရည်အချင်း ရှိတာ ဝမ်းသာပါတယ်၊ လက်ရှိ ဒုတိယသမ္မတရဲ့ ကျန်းမာရေး အခြေအနေဟာ လွန်ခဲ့တဲ့ နှစ်ကစပြီး ယိုယွင်းလာခဲ့တယ်။ အခုဆိုရင် သူ့ရဲ့ နှလုံးဟာ အတော်ကြီး ပျက်စီးနေပြီလို့ ဆေးရုံမှာ ရှိတဲ့ ကျုပ်ရဲ့ သူလျှိုတွေက ကျုပ်ကို သတင်းပေးတယ်၊ သူ အသက်ရှင်ချင်သေးတယ် ဆိုရင် သူ့ရဲ့ လက်ရှိဘဝပုံစံကို ပြောင်းလဲပစ်ရမယ်။

"ဆိုလိုတာကတော့ ဒုတိယသမ္မတ ရာထူးကနေ နုတ်ထွက်ရမယ် ဆိုတာပဲ၊ အလုပ် နည်းနည်းလုပ်ရမယ်၊ များများ အနားယူရမယ်၊ စိတ်လှုပ်ရှားစရာတွေနဲ့ ကင်းအောင် နေရမယ်၊ ဒါတောင်မှ ဘယ်လောက်ကြာကြာ နေရမယ် ဆိုတာ ဘယ်သူမှ ကံသေကံမ မပြောနိုင်ဘူး"

လူသာပယ်လ်ဟမ်းက ကိုယ်ကို ပြန်မတ်လိုက်သည်။

"သူ့နေရာကို အစားထိုးဖို့ အလားအလာ ရှိတဲ့လူ သုံး လေးယောက်ဆီကို သမ္မတကြီးအနေနဲ့ လျှို့ဝှက်စုံထောက်တွေ လွှတ်ပြီး အကဲခတ်ခိုင်းပုံရတယ်၊ ဒါပေမဲ့ အများဆုံး ထင်ကြေးအပေးခံနေရသူကတော့ အက်ဘီဂေးလ်ပဲ၊ ဒီလို အချိန်မျိုးမှာ ကျုပ်တို့က အက်ဘီဂေးလ်အကြောင်း အထူးတင်ဆက်ပေးလိုက်ရင် သန်းပေါင်းများစွာသော ပြည်သူတွေက အက်ဘီဂေးလ်ကို အာရုံစိုက်ကြမယ်၊ အဲဒီလို အာရုံစိုက်မိလာရင် သမ္မတကြီးဆီ စာရေးပြီး အက်ဘီဂေးလ်ကို ဒုတိယသမ္မတ ခန့်ဖို့ တိုက်တွန်းကြလိမ့်မယ်၊ ကျုပ်တို့ တင်ဆက်မယ့် အစီအစဉ်ဟာ အက်ဘီဂေးလ် အတွက် အဲဒီလောက်အထိ တာသွားနိုင်တယ်၊ နောက်ပြီးတော့ မင်းရဲ့ လုပ်ငန်း တိုးတက်ရာ တိုးတက်ကြောင်းနဲ့ မင်း နာမည်ကြီးဖို့ ကိစ္စကိုပါ ထည့်စဉ်းစား…"

ဆမ်ကတော့ လက်ရှိ ဒုတိယသမ္မတ နုတ်ထွက်သွားနိုင်ကြောင်းနှင့် ထိုသို့ နုတ်ထွက်သွားလျှင် အက်ဘီဂေးလ် ဒုတိယသမ္မတ ဖြစ်လာနိုင်ကြောင်း အလားအလာ ရှိသည့် သဘောလောက်သာ ပြောသည်။

သို့သော် လူသာပယ်လ်ဟမ်းကမူ ထိုအတိုင်း မုချ ဖြစ်ရမည်ဟု ယုံကြည်နေလေသည်။

ထိုအတိုင်း မှန်လျှင် အချိန်တိကျဖို့ ဘယ်လောက်တောင် အရေးကြီးလိုက်ပါသလဲ။ အားလုံးကို အံကိုက် ဖြစ်သွားဖို့ လိုသည်။ အံကိုက် ဖြစ်သွားလျှင် ထိုအစီအစဉ်ကို တင်ဆက် ထုတ်လွှင့်သည့် သတင်းစာဆရာအဖို့ မိုးပေါ်သို့ ရောက်သွားတော့မည်မှာ ဇဗေဒင်မေးနေစရာ မလိုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သည်လို ဘဝမျိုးကို မည်ကဲ့သို့သော အမျိုးသမီး သတင်းစာဆရာသည် မမက်မောဘဲ နေပါမည်နည်း။

"ဒုတိယသမ္မတကြီးရဲ့ ကျန်းမာရေး အခြေအနေ မကောင်းကြောင်း အပြင်ကို သတင်းပေါက်ကြားသွားမယ် ဆိုရင်…"

ပက်၏ စကား မဆုံးခင် လူသာက ဝင်ပြောသည်။

"သတင်း ပေါက်ကြားတယ် ဆိုတာထက်တောင် လွန်နေပါပြီကွာ၊ ဒီနေ့ ကျူပ် ထုတ်လွှင့်မယ့် သတင်းအစီအစဉ်ထဲမှာတောင် အဲဒီသတင်း ပါနေပြီ၊ ဒါတင်မက သမ္မတကြီးက ဒုတိယသမ္မတ နေရာကို အမျိုးသမီးတစ်ယောက်နဲ့ အစားထိုး ခန့်ထားဖို့ စဉ်းစားနေတယ်လို့ ကောလာဟလ ဖြစ်နေပြီ ဆိုတဲ့အထိတောင် ကျူပ် လွှင့်တော့မယ်"

"ဒီလိုဆိုရင် ဆီနိတ်တာဂျင်းနင်းအကြောင်း အထူးအစီအစဉ်ကို နောက် အပတ်မှာ လွှင့်ထုတ်မယ်၊ အခုအချိန်အထိ ဂျင်းနင်းဟာ လူသိမများသေးဘူး၊ ဒါကြောင့် ဂျင်းနင်း ဘာလဲ ဆိုတာ တိုင်းသူပြည်သားတွေက သိချင်ကြမယ်၊ ဒီလိုအချိန်မှာ ကျွန်မတို့က သူ့အကြောင်း ထုတ်လွှင့်ပေးလိုက်တယ် ဆိုတာမျိုးပေါ့"

"သိပ်မှန်တာပေါ့၊ အဲဒီအတိုင်း တစ်လုံး မလွဲဘဲ၊ အခုဆိုရင် ဒီအစီအစဉ် ဟာ အစောဆုံး ထုတ်လွှင့်နိုင်ဖို့ ဘယ်လောက် အရေးကြီးကြောင်းနဲ့ အထူးအစီအစဉ် ဖြစ်ကြောင်း မင်း သဘောပေါက်သွားပြီ မဟုတ်လား"

"ဒီအစီအစဉ်ဟာ ဒါလောက်တောင် အရေးကြီးတယ် ဆိုရင် ကျွန်မ ပေါ့ပေါ့ဆဆ လုပ်လို့ မရတော့ဘူး၊ ပြည်သူတွေက သူ့အကြောင်း စရေစေ့တွင်းကျ သိချင်ကြတော့မယ်၊ သိချင်တဲ့ ဆန္ဒ ပြည့်ဝအောင် ကျွန်မ ဖြည့်ဆည်းပေးရတော့ မယ်၊ ပြည်သူတွေက သူနဲ့ ပတ်သက်လို့ ဘယ်လို တွေးထင်နေကြတယ် ဆိုတာကို တောင် သိနိုင်အောင် ကြိုးစားပြီး အဲဒါကိုပါ တင်ဆက်ပေးသင့်တယ်"

"နောက်ပြီးတော့ရော…"

"လူကြီးပိုင်းကတော့ သူ့ကို မာဂရက်ချေ့စ်စမစ်နဲ့ နှိုင်းယှဉ်နေကြတယ်၊ အက်ဘီဂေးလ်ဟာ အထင်ကြီးလောက်တယ်၊ ဖွဲ့သတ္တိ ရှိတယ်၊ ထက်မြက်တယ်လို့ တောင် ပြောနေကြတယ်"

"အဲဒီကောက်ချက်နဲ့ ပတ်သက်ပြီး ဘာများ မှားနေသလဲ"

"လူကြီးပိုင်းက သူ့ကို မြင်နေတာက တစ်မျိုး ဖြစ်နေတယ်၊ သာမန် လူသားတစ်ယောက်အနေနဲ့ မြင်နေတယ်၊ ပြည်သူတွေနဲ့ ကင်းကွာတယ်၊ ပုံစံအတိုင်း လုပ်တယ်လို့ မြင်နေတယ်"

"ဆက်ပြောပါဦး…"

"လူငယ်တွေရဲ့ အမြင်ကတော့ တစ်မျိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို တစ်မျိုးလဲ"

"ဆီနိတ်တာဂျင်းနင်းဟာ နယူးယောက်ပြည်နယ် မယ်ဘွဲ့ ရခဲ့သူ ဖြစ်ကြောင်း ကျွန်မ ပြောပြတော့ သူတို့ အရမ်းအထင်ကြီးကြတယ်၊ သူတို့က ဒီထက်သိချင်ကြတယ်၊ မယ်ဘွဲ့ကို ဘယ်တုန်းက ဘယ်လို ရခဲ့တာလဲပေါ့၊ နောက်တစ်ခုအတိထားရဦးမယ်၊ အက်ဘီဂေးလ်ဂျင်းနင်းကို ဒုတိယသမ္မတ ရာထူးပေးလိုက်ရင်သူဟာ ဒီတိုင်းပြည်ကြီး တစ်ခုလုံးရဲ့ ဒုတိယခေါင်းဆောင် ဖြစ်သွားပြီ၊ သူ့ပြည်နယ်ဒား တစ်ခုတည်းကို ကိုယ်စားပြုလို့ မရတော့ဘူး၊ ငါဟာ ဗာဂျီးနီးယားပြည်နယ်က လာတာ ဆိုတာမျိုး လုပ်လို့ မရတော့ဘူး၊ ဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ သူနေပြီလို့ ကျွန်မ ထင်တယ်၊ သူ့ဘဝရဲ့ ပထမပိုင်း နှစ် ၂၀ ကို ကျွန်မတို့ကဖောက်ထားပေးရမယ် ဆိုတာကြီးကလည်း တစ်မျိုး ဖြစ်နေတယ်"

"အက်ပယ်လ်ဂျန်းရှင်းမြို့ အကြောင်းကိုတော့ လုံးဝ ထုတ်ဖော်ခွင့်သူက ပေးမှာ မဟုတ်ဘူး"

လူသာက လေသံပြတ်ပြတ်ဖြင့် ပြောသည်။

"ဒီတော့ အက်ပယ်လ်ဂျန်းရှင်းနဲ့ ပတ်သက်ပြီး အချိန်ကုန်ခံမနေနဲ့တော့၊ နယူးယောက်ပြည်နယ် မယ်ဘွဲ့ကို သူ ပြန်အပ်တုန်းက လူတွေက သူ့ကို ကြိုးစင်တင် သတ်ပစ်ချင်ကြတဲ့အကြောင်း ကျုပ်ကို သူ ပြောပြတယ်"

"လူသာ... အဲဒီအတိုင်း သူ ပြောတယ် ဆိုရင်တော့ သူ မှားနေပြီ၊ ရွေးလန်းတစ်မြို့ကို အမေရိကန်ပြည်ထောင်စုမယ် အရွေးခံဖို့ အက်ဘီဂေးလ်တာနဲ့ ပတ်သက်ပြီး အက်ပယ်လ်ဂျန်းရှင်း မြို့သူမြို့သားတွေက နည်းနည်းလေး အရေးစိုက်တယ် ထင်သလား၊ ကျွန်မ တော်တော်များများ လေ့လာပြီးပါပြီ၊ ရွေးပွဲ ဆိုတာ ဒီခေတ်မှာ အောက်သွားပါပြီ၊ ဘယ်သူကမှ ကြီးကြီးကျယ်ကျယ်ထားနေကြတော့တာ မဟုတ်ပါဘူး"

လူသာက လက်ချောင်းကလေးများဖြင့် စားပွဲကို ခေါက်နေသည်။ ပြောသည့် အချက်များ မှန်ကန်ကြောင်း သူ့ဇာတိစိတ်က သူ့ကို ပြောနေသည်။ သော်လည်း အက်ဘီဂေးလ်က အက်ပယ်လ်ဂျန်းရှင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ဘွဲ့ ရခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ လည်းကောင်း အလွန်ခေါင်းမာနေသည်ကမှောင့် ဖြစ်နေသည်။

အက်ဘီဂေးလ် ငယ်စဉ်ဘဝအကြောင်း အချို့အဝက်ကို ထုတ်လွှင့်ပေးဖို့ပြောကြလျှင် ကောင်းမည်လား... ။

ဘာပဲဖြစ်ဖြစ် အက်ဘီဂေးလ် ဒုတိယသမ္မတ ဖြစ်ရေး အရေးသည်... သမ္မတ ဖြစ်ရသည်မှာ မိမိတို့ အကူအညီကြောင့် ဖြစ်ရမည်။ သို့ဆိုလျှင် ကျေးဇူးကို အက်ဘီဂေးလ် ဆပ်၍ ကုန်နိုင်တော့မည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သူ အရှည်ကြီး စဉ်းစားနေသည်။ ထိုသို့ စဉ်းစားနေခိုက်မှာ ပက်ထရေးမိုးက သူ့ကို တည်ငြိမ်စွာ စောင့်ကြည့် အကဲခတ်နေကြောင်း သတိထားလိုက်မိလေသည်။

ယခင်ယခင် သူ အလုပ်ခန့်ခဲ့သူများသည် ပက်လို မဟုတ်။ စတွေ့လျှင်တွေ့ချင်း သူ ပြောသမျှ နားထောင်ကြသည်။ သူ ခိုင်းသမျှ လုပ်ကြသည်။ ဘာမဆို သူ့အကြိုက် လိုက်ကြသည်။

ပက်ထရေးမိုးကတော့ ထိုအစားထဲက ဟုတ်ပုံမရ။

ပိုတိုမက် ရပ်မြင်သံကြားဌာနတွင် လာရောက် အလုပ်လုပ်ရန် ကမ်းလှမ်းပြီးကတည်းက ပက်ထရေးမိုး အကြောင်းကို သူ စဉ်းစားကြည့်နေသည်မှာ ရက်သတ္တ နှစ်ပတ် ကြာမြင့်ခဲ့ချေပြီ။

အလွန်တော်သော မိန်းကလေး ဖြစ်သည်။ ကန်ထရိုက်စာချုပ်နှင့် ပတ်သက်၍လည်း မေးသင့်မေးထိုက်သည့် မေးခွန်းများ တစ်ခုမှ မကျန်အောင် စေ့စပ်မေးမြန်းနိုင်ခဲ့လေသည်။

ရုပ်ရည် အလွန်ချော်မောလှပသော မိန်းကလေးလည်း ဖြစ်သည်။ အင်တာဗျူး လုပ်သည့် အတတ်ပညာတွင် မွေးရာပါ အစွမ်းထက်သူ ဖြစ်သည်။

သူ့မျက်လုံးများနှင့် အက်ထက်တက် ရှတာတ အသံကိုက လူတစ်ဖက်သားကို ညှို့ယူဖမ်းစားနိုင်စွမ်း ကြီးမားလှသည်။

သူ၏ အင်တာဗျူး ပြုလုပ်ခြင်း ခံရမည်ဆိုလျှင် တစ်ဖက်သားသည် 'မပြောပါဘူး' ဟု တင်းမခံနိုင်ချေ။ သူ မေးသမျှ၊ သူ သိချင်သမျှများကို မခြွင်းမချန် ပြောရတတ်သည်။

ထိုမျှ အစွမ်းထက်သော မိန်းကလေးတစ်ယောက် ဖြစ်သည်။

လူတစ်ဖက်သားကို ညှို့ယူဖမ်းစားနိုင်သည့် ရုပ်ရည်ကလည်း မည်သူနှင့်မှ မနှိုင်းယှဉ်သာပေ။

"အက်ဘိဂေးလ်ရဲ့ ပုဂ္ဂလိကဘဝကို မင်း ဘယ်လို ချဉ်းကပ်လေ့လာဖို့ စီစဉ်ထားတယ် ဆိုတာ ပြောစမ်းပါဦး"

လူသာက အမိန့်ပေးသည့် လေသံမျိုးဖြင့် ပြောသည်။

"ပထမ အယ်ပယ်လ်ဂျန်းရှင်းက စရမယ်"

ပက်ကလည်း တစ်ချက်ကလေး မဆိုင်းဘဲ ရုတ်ခြည်း ပြန်ဖြေသည်။

"အက်ပယ်လ်ဂျန်းရှင်းမြို့ကို ကျွန်မကိုယ်တိုင် သွားမယ်၊ ဟိုမှာ ဘာတွေ သိနိုင်မလဲဆိုတာ လေ့လာမယ်၊ တီဗွီရိုက်ဖို့ အကွက်အကွင်းတွေလည်း ရှိနေဦးမ ထင်တယ်၊ မြို့ရဲ့ ပုံပန်းသဏ္ဌာန် အနေအထားတို့၊ သူ နေခဲ့တဲ့ အိမ်တို့ အဲဒါတွေ ရိုက်ပြနိုင်တာပဲ၊ သူ့အမေက အိမ်ဖော် လုပ်တယ်၊ သူက ကောလိပ်ကျောင်း အစိုးရ ထောက်ပံ့ကြေးနဲ့ တက်တယ်၊ ဒါတွေဟာလည်း လူစိတ်ဝင်စားစ

www.burmeseclassic.com



အချက်တွေပဲ မဟုတ်လား၊ နောက်ပြီးတော့ အမေရိကန်ပြည်ထောင်စု သမိုင်းမှာ အမျိုးသမီးတစ်ယောက် ဒုတိယသမ္မတ ဖြစ်လာမယ် ဆိုတာဟာ ဘယ်လောက် ကြီးကျယ်သလဲ''

ပက်က သူ့ပိုက်ဆံအိတ်ထဲမှ မှတ်စုစာအုပ်ကလေးကို ဆွဲထုတ်လိုက်သည်။ စာမျက်နှာများကို မြန်မြန်လှန်သည်။

ပြီးတော့ ဆက်ပြောသည်။

''ဝေးလတ်ဂျင်းနင်းနဲ့ သူ အိမ်ထောင်ကျပြီးစက အဖြစ်အပျက်တွေကို လည်း ကျွန်မတို့ လေ့လာရမယ်၊ သူတို့ရဲ့ မှတ်တမ်း ရုပ်ရှင်တွေကိုတော့ မကြည့်ရ သေးဘူး၊ ဒါပေမဲ့ အဲဒီရုပ်ရှင်တွေထဲမှာ လူတွေ စိတ်ဝင်စားနိုင်မယ့် သူတို့ရဲ့ အများသိတဲ့ ဘဝနဲ့ အများ မသိတဲ့ ကိုယ်ပိုင်ဘဝ အဆစ်အပိုင်းတွေ အများကြီး ရှိနေမှာ သေချာတယ်''

လူသာက သဘောတူ လက်ခံသည့် အမူအရာဖြင့် ခေါင်းညိတ်နေသည်။

''နောက်ပြီးတော့ အဲဒီရုပ်ရှင်ထဲမှာ ဂျက်ကနေဒီကိုလည်း တော်တော် များများ တွေ့မှာ သေချာတယ်၊ ဂျက်ကနေဒီနဲ့ ဝေးလတ်ဂျင်းနင်းဟာ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေတွေ၊ အဲဒီအချိန်တုန်းက ဂျက်က ဆီးနိတ်လွှတ်တော်အမတ်ပဲ ရှိသေးတယ်၊ ဝေးလတ်နဲ့ အက်ဘီဂေးလ်တို့က ကောလိပ်ကျောင်းမှာ တွေ့ခဲ့ကြတာ၊ အဲဒီအကြောင်း လူတွေ သိပ်မသိသေးဘူး၊ ကနေဒီအကြောင်း ပါလာရင် ချန်ထားခဲ့ ပါ၊ ဘာမှ မထည့်နဲ့၊ ဝေးလတ် သေတော့ အသုဘမှာ အက်ဘီဂေးလ်ကို ကနေဒီ က တွဲပို့ပေးတာ မင်း သိသလား''

ပက်က သူ့မှတ်စုစာအုပ်ထဲမှာ အချို့ ရေးမှတ်သည်။

''ဝေးလတ်ဂျင်းနင်းမှာ ဆွေမျိုးရင်းချာတွေ မရှိဘူးလား''

ဟု ပက်က ပြန်မေးသည်။

''ရှိမယ် မထင်ဘူး၊ ဆွေမျိုးရင်းချာပါလို့ တစ်ယောက်မှ ပေါ်ထွက်မလာ ဘူး''

လူသာက စားပွဲပေါ်မှ စီးကရက်ဘူးကို စိတ်မရှည်နိုင်သလို လှမ်းဆွဲယူ သည်။

''ဒီဆေးလိပ်ဖြတ်ဖို့ ကြိုးစားနေတာ အောင်ကို မအောင်မြင်နိုင်ဘူး''

ပြောရင်း ဆိုရင်း တစ်လိပ် မီးညှိသည်။ အတော်ကလေး နေသာထိုင်သာ ရှိသွားပုံပေါက်သည်။

''အဲဒီခေတ်တုန်းက ကျုပ် ဝါရှင်တန်ကို ရောက်နေရင် ကောင်းမှာ၊ ဒါပေမဲ့ နယူးယောက်က ပိုပြီး အလုပ်ဖြစ်မယ်လို့ ဟိုတုန်းက ထင်ခဲ့မိတယ်၊ ဘယ်တမ်းကျတော့ ရောမ သတင်းကြီးတွေ မှန်သမျှ ဝါရှင်တန်မှာ ဖြစ်ခဲ့တာ ချည်းပဲ၊ အရှုးထတဲ့ လူတွေလည်း ဝါရှင်တန်မှာ ပိုပေါခဲ့တယ်၊ ကနေဒီတို့ ညီ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို နှစ်ယောက် လုပ်ကြံခံရတယ်၊ ဝေးလတ် လေယာဉ်ပျံ ပျက်ကျပြီး သေတယ်၊ ဒင်းအဒမ်စ် သူ့ကိုယ်သူ သတ်သေသွားတယ်၊ သူ့အကြောင်း မင်း ကြားဖူးတယ် မဟုတ်လား''

''ဒင်းအဒမ်စ်လား…''

ပက်က ပြန်မေးသည်။

''သူ့မိန်းမကို သတ်ပစ်တယ်၊ သူ့ကိုယ်သူ သတ်ပစ်တယ်၊ သူ့သမီးကလေးကို သတ်တာလည်း သေလုမြောပါးပဲ၊ ဒါပေမဲ့ နောက်တော့လည်း အဲဒီကလေးလေးပါ သေသွားတာပါပဲ၊ သေသွားတာ ကောင်းတယ်၊ ဘာကြောင့်လဲ ဆိုတော့ ကလေးရဲ့ ဦးနှောက်က ပျက်စီးသွားပြီလေ၊ သူက ဝစ္စကွန်စင်ပြည်နယ်က တက်တဲ့ ကွန်ဂရက်လွှတ်တော်အမတ်၊ ဘာကြောင့် ဒီလို ဖြစ်တယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ ကျုပ်အထင်ကတော့ ရုတ်တရက် စိတ်ဖောက်ပြန်သွားတာနဲ့ တူပါတယ်၊ အခု အစီအစဉ်ကို စုဆောင်းရင် သူ့ပုံတွေဖြစ်ဖြစ်၊ သူ့မိန်းမရဲ့ ပုံတွေဖြစ်ဖြစ် တွေ့လာရင် ဖယ်ထုတ်ပစ်လိုက်ပါ၊ အုပ်စု ဓာတ်ပုံတွေထဲမှာ ပါနေရင်လည်း ဖယ်ထုတ်လိုက်ပါ၊ သူတို့အကြောင်း ဘာမှ မထည့်ပါနဲ့၊ ဘယ်သူကမှ ပြန်သတိမရချင်ကြတော့ဘူး''

လူသာက ရှင်းပြနေသည်။

မိမိ၏ မျက်နှာပေါ်တွင် စိတ်ထိခိုက်သည့် အမူအရာ ပေါ်မသွားပါစေနှင့်ဟု ပက်က ကျိတ်ပြီး မျှော်လင့်လိုက်သည်။

သူ စကားပြန်ပြောတော့ အသံက စောစောကထက် သွက်လာသည်ကိုတော့ သတိထားလိုက်မိလေသည်။

''ကလေးသူငယ် ပြန်ပေးဆွဲခြင်းမှ ကာကွယ်နိုင်ရေး ဥပဒေကို အက်တီကေးယ် တင်ခဲ့တယ်၊ အဲဒီအတွက် ကျေးဇူးတင်ကြောင်း ကလေး မိဘတွေက ပို့်ရေးကြတဲ့ စာတွေလည်း ကျွန်မ ဖတ်ကြည့်ပြီးပြီ။ အဲဒီလို စာရေးတဲ့ မိသားစုတစ်စုကိုလည်း အင်တာဗျူး လုပ်ဖို့ စိတ်ကူးထားတယ်၊ မြေးတွေ အများကြီးရှိနေတဲ့ ကလဲယားလောရင့်စ်ကို တစ်နည်းနည်းနဲ့တော့ ဂယက်ရိုက်သွားမှာပဲ''

လူသာက ခေါင်းညိတ်သည်။

''ကောင်းတယ်၊ အဲဒီစာတွေ ပေးလေ၊ တခြား တစ်ယောက်ယောက်ကို ကျုပ် တာဝန်ပေးလိုက်မယ်၊ ဒါထက် ကြုံတုန်း ပြောရဦးမယ်၊ မင်းအစီအစဉ်ထဲမှာ အယ်လီနာဘာရောင်း အကြောင်း မပါသေးဘူး၊ သူ့အကြောင်းတော့ သေသေချာချာ ပါစေချင်တယ်၊ သူလည်း အက်ပယ်လ်ဂျန်းရှင်းမြို့က လာတယ်ဆိုတာ မင်း သိပါတယ်၊ ဈေးဆိုင်မှာ ပစ္စည်းခိုးတာ မိပြီးတဲ့နောက် ကျောင်းအုပ်ဆရာမကြီးက အက်ဘီကေးလ်ဆီမှာ အလုပ်ပြောပေးတာ၊ အဲဒီနည်းနဲ့ သူ အလုပ်ရခဲ့တာ''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စိတ်ကူးကတော့ တစ်မျိုး ဖြစ်နေတယ်၊ သူ့အကြောင်းကို မထည့်ချင်ဘူး၊ မြှုပ်ထားချင်တယ်၊ ဆီနိတ်တာ အက်ဘီဂေးလ်ဂျင်းနင်းဟာ ရာဇဝတ်မှုနဲ့ ပြစ်ဒဏ်ပေးခံရဖူးတဲ့ မိန်းကလေးတစ်ယောက်ကို အလုပ်ပေးတယ်၊ ဒီတစ်ခုတည်းနဲ့တင် အတော် အရှုပ်ဆိုးနေပြီ၊ သူ့ဆီ ရောက်တော့ ရွှေးကောက်ပွဲ ရန်ပုံငွေ ခုနစ်သောင်းခွဲ ခိုးမှုနဲ့ အယ်လီနာဘရောင်း အစွပ်စွဲခံရတယ်၊ သူကတော့ သူ မယူပါဘူးလို့ ကျမ်းကျိန် အစစ်ခံရတယ်၊ ဒါပေမဲ့ အက်ဘီဂေးလ်ရဲ့ သက်သေထွက်ချက် တစ်ခုတည်းနဲ့ သူ ထောင်ကျသွားတယ်။

"အဲဒီ ဓာတ်ပုံတွေ ရှင် မြင်ဖူးသလား ဟင်၊ ငွေခိုးမှုနဲ့ ထောင်ချခံရလို့ ထောင်ပို့ခါနီး ဓာတ်ပုံ သတင်းစာတွေထဲမှာ ပါတယ်၊ အဲဒီတုန်းက သူ့အသက် ၂၇ နှစ် ရှိပြီ၊ ဒါပေမဲ့ သူ့ရုပ်ကလေးဟာ ဆယ့်ခြောက်နှစ်သမီးကလေးလို့ပဲ ထင်ရတယ်၊ လူတွေဟာ အားနည်းသူကို သနားစမြဲပဲ၊ အားနည်းသူဘက်ကို ဘက်လိုက်စမြဲပဲ။ အခု ကျွန်မတို့ တင်ဆက်မယ့် အထူးအစီအစဉ်ဟာ အက်ဘီဂေးလ်ကို လူတိုင်း ဝိုင်းချစ်သွားဖို့ မဟုတ်လား၊ အယ်လီနာဘရောင်းရဲ့ အမှုမှာတော့ အက်ဘီဂေးလ်ဟာ မိန်းမကြမ်းကြီး ဖြစ်နေတယ်"

ပက်က သူ့ဘက်က ထင်မြင်ချက်ကို ရှင်းပြသည်။

"ဒီလိုလည်း မဟုတ်သေးဘူး၊ တရားဥပဒေပိုင်းဆိုင်ရာ တာဝန်ရှိသူတွေအပိုင်းက ချို့ယွင်းတာတွေလည်း အများကြီး ရှိခဲ့တယ်၊ အက်ဘီဂေးလ်ကို လူတွေချစ်စေချင်တယ် ဆိုရင် ဒီလို လုပ်ပါ၊ အယ်လီနာ ကျူးလွန်တဲ့ ပြစ်မှုမျိုးဟာ အရင်အမှုတွေတုန်းက ထောင်ဒဏ် အများကြီး ခံခဲ့ကြရတယ်၊ အခု အယ်လီနာ ခံရတဲ့ ပြစ်ဒဏ်ဟာ ဘာမှ မပြောပလောက်ဘူး၊ ဒါဟာ အက်ဘီဂေးလ်ကြောင့် ဖြစ်သွားတာလို့ မင်း တင်ပြနိုင်တယ်၊ အယ်လီနာအပေါ် သိပ်ပြီးတော့လည်း အသနားခံမနေနဲ့၊ ထောင်ထဲမှာ သူ စိတ်ဖောက်ပြန်သွားတယ်၊ ဒါကြောင့် စိတ်ရောဂါကုဆေးရုံကို ပြောင်းပို့ပေးလိုက်တယ်၊ အဲဒီကတစ်ဆင့် အာမခံပေးလိုက်ပြီး အပြင်လူနာအဖြစ် ဆက်ကုပေးထားတယ်၊ အာမခံလည်း ရရော ဆေးရုံကို မလာတော့ဘဲ ထွက်ပြေးသွားပြီလေ၊ အဲဒီလို အစားထဲက၊ တခြား ဘာပြောစရာ ရှိသေးသလဲ"

"အက်ပယ်လ်ဂျန်းရှင်းမြို့ကို ဒီနေ့ညပဲ ကျွန်မ လိုက်သွားချင်ပါတယ်၊ တစ်ခုခု ထူးရင် ရှင့်ဆီကို ဖုန်းပြန်ဆက်ပြီး ကင်မရာအဖွဲ့ ခေါ်ပါ့မယ်၊ အဲဒီမြို့လာပြီးရင် ဆီနိတ်တာ သူ့ရုံးမှာ အလုပ်လုပ်နေပုံကို တစ်ရက် နှစ်ရက်လောက် ဓာတ်တမ်းတင် တီဗွီရိုက်ပြီး အသံသွင်းချင်တယ်၊ တစ်ရက် နှစ်ရက်ပေါ့"

လူသာက ထိုင်ရာမှ ထသည်။

သူတို့ တွေ့ဆုံခြင်း ပြီးဆုံးသွားပြီ ဆိုသည့် သဘော ဖြစ်သည်။

"ကောင်းပြီလေ၊ မင်း ဟိုကို အရင်သွားလိုက်လေ၊ ဘာကွယ့်… အက်ပယ်လ်ဂျန်းရှင်း… နာမည်ကြီးက ခပ်ကြောင်ကြောင်ပဲ၊ ရနိုင်သမျှ အကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံးတွေကို ရှာကြည့်ပါ၊ သိုသိုသိပ်သိပ်လည်း ရှိပေစေ၊ သူတို့အကြောင်းတွေ ရုပ်မြင်သံကြားမှာ ပါတော့မယ် ဆိုတာ မင်းနဲ့ တွေ့တဲ့ လူတွေ မသိစေနဲ့၊ တော်တော်ကြာ လုပ်ပွဲကြီးတွေ ဆင်ကွက်တွေလို ဖြစ်ကုန်လိမ့်မယ်၊ ဝတ်ကောင်းစားလှ ဝတ်တာတို့၊ စကားကြီးစကားကျယ်တွေ ပြောတာတို့ ဖြစ်ကုန်ရင် မကောင်းဘူး"

"တည်တည်တံ့တံ့ လူတွေနဲ့ တွေ့နိုင်အောင် ကျွန်မ ကြိုးစားမှာပါ"

ပက်က မသိမသာ ပြုံးပြလိုက်သည်။

အခန်းထဲမှ ထွက်သွားသော ပက်ကို လူသာပယ်လ်ဟာမ်းက အကဲခတ်ကြည့်နေသည်။ ကိုယ်ပေါ်မှာ ရှိသည့် အဝတ်အစားနှင့် အသုံးအဆောင် အားလုံး အဖိုးတန်များချည်း ဖြစ်သည်။

ငွေ…

ပက်ထရီရှာထရေးမိုးမှာ ငွေအများကြီး ရှိကြောင်း၊ အမွေတွေ အများကြီး ရထားသောကြောင့် ချမ်းသာကြွယ်ဝသော မိန်းကလေး ဖြစ်ကြောင်း သူ သိပါသည်။

ပက်က သူ့နည်းသူ့ဟန်ဖြင့် စီစဉ်တင်ဆက်ဖို့ လုပ်နေပြီ။ ဒါကို ခွင့်ပြုလိုက်သည်မှာ မှန်ရဲ့လားဟုလည်း သူ စဉ်းစားကြည့်သည်။

အက်ဘီဂေးလ်ကရော ကြိုက်ပါမည်လား။

သူ့ရပ်ရွာ ဖြစ်သည့် အက်ပယ်လ်ဂျန်းရှင်းမြို့သို့ ပက် သွားနေပြီကို သိလျှင် ဒေါသူပုန်များ ထနေဦးမည်လား။

လူသာက အင်တာကွမ်း ခလုတ်ကို ဖွင့်လိုက်သည်။

"ဆီနိတ်တာဂျင်းနင်း ရုံးကို ဖုန်းဆက်ပေးစမ်း"

ထိုသို့ ပြောပြီးမှ သူ တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။ ချက်ချင်း စကားပြင်ပြောသည်။

"နေပါစေတော့ကွာ…"

ဖုန်း ပြန်ချထားပြီး ပခုံးတွန့်လိုက်သည်။

ဒုက္ခကို ဘာကြောင့် စောစောစီးစီး ရှာမည်နည်း။

□

www.burmeseclassic.com

www.burmeseclassic.com

# [ ၆ ]

ပယ်လ်ဟမ်း၏ ရုံးခန်းထဲမှ ထွက်လာသောအခါ သတင်းခန်းထဲမှာ ရှိနေသူများက သူ့ကို မသိမသာ မျက်လုံး ဖွေကြည့်နေကြကြောင်း ပက် အလိုလို သိရှိခံစားရပါသည်။

ထို့ကြောင့် သူ့မျက်နှာကို အများ သိသာထင်ရှားစေအောင် ခပ်ပြုံးပြုံး လေး ထားလိုက်သည်။ ခြေလှမ်းကိုလည်း ခပ်ကျဲကျဲ လှမ်းသည်။

လူသာပယ်လ်ဟမ်းက သူ့အပေါ် အရမ်းလိုက်လျောသည်။ အရမ်းဖော်ရွေသည်။ အက်ပယ်လ်ဂျန်းရှင်းသို့ သွားခွင့်ပေးလိုက်ခြင်းမှာ အက်ဘီဂေးလ် စိတ်ဆိုးမည်ကို သိသိကြီးနှင့် သူ စွန့်စားပြီး ခွင့်ပြုလိုက်ခြင်း ဖြစ်ကြောင်းလည်း ပက် သိသည်။

အန္တရာယ် ဖြစ်နိုင်လောက်သည့် အစီအစဉ်များကို ပက်အား ယုံယုံကြည်ကြည်နှင့် သူ ခွင့်ပြုနေခြင်း ဖြစ်ကြောင်းကိုပါ ပက် သိသည်။

ဒီတော့ ဘာဖြစ်သလဲ၊ ငါ့အပေါ်မှာ ယုံကြည်မှုရှိတာ ကောင်းတာပေါ့…

ဟု စိတ်ကူးမိသည်။

အပြင်မှာ အရမ်းအေးနေသည်။ သို့သော်လည်း လင်းလင်းချင်းချင်း ရှိသည်။

လမ်းပေါ်မှာ ရှင်းနေသည်။ အိမ်ကို လမ်းလျှောက်ပြန်ဖို့ သူ ပိုင်းဖြတ်လိုက်သည်။ ခရီးက နှစ်မိုင်လောက်ပဲ ရှိသည်။ လေ့ကျင့်ခန်း လုပ်ဖို့လည်း သူ လိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်းအဒမ်စ် အကြောင်း ပယ်လ်ပာမ်းက ပြောသောအခါ မိမိက ဘာကြောင့် အမှန်ကို ထုတ်ဖော် ဝန်မခံမိသနည်းဟုလည်း သူ့ကိုယ်သူ ပြန်စဉ်းစားသည်။ မနေ့တုန်းက တိုဘီကလည်း ထိုအကြောင်းကိုပင် ပြောသေးသည်။

ခင်းအဒမ်စ်၏ နာမည်ကို ပြောလိုက်တိုင်း၊ သို့တည်းမဟုတ် သူတို့အကြောင်းကို ပြောလိုက်တိုင်း ကြားရသူတိုင်းက နောက်တွန့်သွားကြသည့် သဘောမျိုး ဖြစ်နေသည်။ အဒမ်စ်တို့ မိသားစုကို သိသည်ဟု မည်သူကမှ ဝန်မခံချင်ကြ။

ငါ့အကြောင်း လူသာ ဘာပြောသလဲ… ။

ကလေးမလေး သေသွားပြီဟု သူ ထင်နေသည်။ ပြီးတော့ ဦးနှောက်လည်း ပျက်စီးသွားသည်ဟု ပြောသည်။ ဦးနှောက် ပျက်စီးပြီး အသက်ရှင်နေမည့် အတူတူ သေသွားခြင်းက ကောင်းသည်ဟူသော သဘောမျိုးလည်း ပြောသည်။

ငါ့ဦးနှောက် မပျက်ပါဘူး။ ညာဘက် ခြေထောက်ပဲ ပျက်စီးသွားတာပါ။ ဒီလို ဖြစ်အောင် လုပ်တဲ့ ငါ့အဖေကို ငါ မုန်းတယ်။ ငါ့အမေကို သူ သတ်တယ်။ ပြီးတော့ ငါ့ကို သတ်ပစ်ဖို့လည်း ကြိုးစားတယ်။

သို့သော် ထိုသို့ ဖောက်ပြန်သွားရသည့် အကြောင်းရင်း ရှိရမည်။ ထိုအကြောင်းကိုသာ သူ သိချင်နေသည်။

၁ နာရီထိုးရန် ဆယ့်ငါးမိနစ် အလိုတွင် သူ အိမ် ပြန်ရောက်လာသည်။ ကိုယ့်အိမ်ကိုယ့်ရာမို့ စိတ်သက်သာရာ ရသွားသည်။

လက်ဖက်ရည်နှင့် ဆင်းဒဝစ် မြန်မြန်လုပ်ပြီး လေယာဉ်ကုမ္ပဏီကို ဖုန်းဆက်သည်။ 'ကိုင်ထားပါဦး' ပြောပြီး အတော်ကြာတော့မှ စာရေးတစ်ယောက် လာကိုင်သည်။ ညနေ ၄ နာရီ မိနစ် ၄၀ တွင် အယ်လ်ဘာနီမြို့သို့ ထွက်မည့် လေယာဉ်ပျံလက်မှတ်နှင့် အယ်လ်ဘာနီမြို့ ရောက်လျှင် အသုံးပြုဖို့ အငှားကား အဆင်သင့် လုပ်ပေးရန် စီစဉ်သည်။

အချိန်အနည်းငယ် ရသေးသောကြောင့် သူ့အဖေ၏ မှတ်တမ်းမှတ်ရာများကို မွှေနှောက်ကြည့်ရှုရန် ဆုံးဖြတ်လိုက်သည်။

ပထမဆုံး ဘူးကို ခပ်ဖြည်းဖြည်း ဖွင့်သည်။

ပျော်မြူးနေသည့် ကလေးတစ်ယောက်ကို ပခုံးပေါ် ထမ်းပြီး ရယ်မောနေသော အရပ်ရှည်ရှည် ယောကျ်ားတစ်ယောက်၏ ဓာတ်ပုံ ထွက်လာသည်။

ကလေးငယ်လေး၏ မျက်လုံးများက ဝိုင်းစက်ကာ အရမ်းပျော်နေသည်။ လက်ဝါး နှစ်ဖက် ထောင်ထားသည်။ လက်ခုပ်တီးနေခြင်း ဖြစ်သည်။ ကလေးရော ယောကျ်ားပါ ရေကူးဝတ်စုံများနှင့် ဖြစ်သည်။

သူတို့နောက်မှာ လှိုင်းလုံးကြီး ရှိနေသည်။ သူတို့ အရိပ်များ ရှည်သောကြောင့် ညနေစောင်းမှန်း သိသာသည်။

ဖေဖေရဲ့ သမီးလေး…၊

www.burmeseclassic.com

www.burmeseclassic.com



ပက်က နာကြည်းစွာ တွေးကြည့်သည်။

အဖေ ဖြစ်သူက ပခုံးပေါ် တင်ထမ်းထားခြင်း ခံရသော ကလေးများကို ပက် တွေ့ဖူးပါသည်။ ထိုကလေးများသည် လိမ့်ကျမည်စိုးသဖြင့် အဖေ၏ ပခုံးစွန်းကိုသော် လည်းကောင်း၊ ဆံပင်များကိုသော် လည်းကောင်း ကြောက်အားလန့်အားဖြင့် တအား ဆုပ်ကိုင်ထားကြမြဲ ဖြစ်သည်။

ယခု ကလေးကတော့ ထိုသို့ မဟုတ်ချေ။ သူ့အဖေကို ယုံကြည်စိတ်ချပုံပေါ်သည်။ သူ့အဖေ ပခုံးပေါ်မှ ဘယ်နည်းနှင့်မှ လိမ့်မကျနိုင်ဟု ယုံကြည်သည့် အမူအရာကို အထင်အရှား မြင်နေရသည်။

ပက်က ဓာတ်ပုံကို ကြမ်းပေါ်မှာ ချပြီး ဘူးထဲမှ လက်ကျန်များကို သွန်ချလိုက်သည်။ ကြမ်းပြင်တစ်ခုလုံး ကွန်ဂရက်လွှတ်တော်အမတ် ဒင်းအဒမ်စ်၏ မှတ်တမ်းမှတ်ရာများ၊ ဓာတ်ပုံများနှင့် ဖုံးလွှမ်းသွားလေတော့သည်။

စန္ဒရား ထိုင်တီးနေသည့် သူ့အမေ ပုံလည်း ပါသည်။ အလွန်ချောမောလှသော အမျိုးသမီး ဖြစ်သည်။ သို့သော်လည်း ပက်သည် အဖေနှင့် ပိုတူသည်။ ထိုအကြောင်းကိုလည်း ပက် သိသည်။

ဒိုင်ယာရီများ၊ စာမေးပွဲ အောင်လက်မှတ်များပါ တွေ့ရသည်။ သူ့အဖေသည် စာမေးပွဲတိုင်းတွင် အမှတ်ကောင်းကောင်းနှင့် အောင်မြင်ခဲ့သူ ဖြစ်သည်။

အချိန်းအချက် မှတ်တမ်းစာအုပ်ကို ဖွင့်ကြည့်သည်။ ပွဲစာကျဲအောင် ရေးခြစ်ထားသည်ကို တွေ့ရသည်။ ထိုအချက်တွင်လည်း မိမိသည် အဖေတူကြောင်း ပက် သတိထားလိုက်မိသည်။

သူတို့ သားအဖ ဓာတ်ပုံကို ပြန်ကြည့်သည်။ သူတို့သားအဖ အရမ်းပျော်နေကြကြောင်းကို လည်းကောင်း၊ သူ့ကို မော့ကြည့်နေသည့် သူ့အဖေသည် သူ့ကို အဘယ်မျှ ချစ်ကြောင်း ပေါ်လွင်နေသည်ကို လည်းကောင်း သူ မငြင်းနိုင်အောင် အကဲခတ်မိနေလေသည်။

သူ့ကို ဆုပ်ကိုင်ထားသည့် သူ့အဖေ၏ လက်သည် မြဲမြံလှလေသည်။

တယ်လီဖုန်း ခေါင်းလောင်းမြည်သည်။ ထိုင်ရာမှ ကမန်းကတန်း ထသည်။ လေယာဉ်ပျံ ကွင်းဆင်းဖို့ အချိန် နောက်ကျသွားပြီလားဟု စိုးရိမ်သွားသည်။ ခရီးသွားဖို့ အဝတ်အစားပင် မထည့်ရသေး။

"မက်..."

ဆက်သူမှာ ဆမ် ဖြစ်သည်။

"ဟိုင်း..."

ပက်က နှုတ်ခမ်းကို ကိုက်ထားလိုက်သည်။

"ပက် ထုံးစံအတိုင်း ကိုယ် အချိန်ကလေးလုပြီး ဆက်လိုက်တာ။ အခု ၅ မိနစ်အတွင်း ကော်မတီ အစည်းအဝေး စတော့မယ်လေ၊ သောကြာနေ့ကျ

www.burmeseclassic.com

www.burmeseclassic.com



ရင် သမ္မတ အိမ်ဖြူတော်မှာ ကနေဒါဝန်ကြီးချုပ်သစ်ကို ဂုဏ်ပြုပြီး တည်ခင်းမယ့် ညစာစားပွဲ ရှိတယ်၊ ကိုယ်နဲ့အတူတူ လိုက်မလား၊ လိုက်မယ်ဆိုရင် မင်း နာမည် စာရင်း ကြိုပေးရမယ်''

''အိမ်ဖြူတော်ကိုလား… အောင်မယ်လေး… ဝမ်းသာလိုက်တာ၊ ကျွန်မ အရမ်းလိုက်ချင်တာပဲ''

တုန်ယင်နေသည့် အသံကို တစ်ဖက်မှ မရိပ်မိအောင် ကြိုးစားထိန်းရင်း ပက်က ပြန်ပြောသည်။

ဆမ်၏ လေသံ ပြောင်းသွားသည်။

''ပက် တစ်ခုခု ဖြစ်နေသလား၊ မင်း စိတ်တွေ လှုပ်ရှားနေတယ် ထင်တယ်၊ မင်း ငိုနေတာတော့ မဟုတ်ပါဘူးနော်''

နောက်ဆုံးတွင်မှ သူ့အသံကို သူ ထိန်းနိုင်လေတော့သည်။

''အို… မဟုတ်ပါဘူး ဆမ်၊ မဟုတ်ပါဘူး၊ ကျွန်မ အအေးမိချင်သလိုလို ဖြစ်နေလို့ပါ''

□

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

အယ်လ်ဘာနီလေဆိပ် ရောက်တော့ ပက်က အသင့်ရှိနေသည့် အငှားကားကို ဆက်ခံရယူသည်။ ၂၇ မိုင် ဝေးသော အက်ပယ်လ်ဂျုန်းရှင်းသို့ သွားသည့် မြေပုံကို ဖါ စာရေးနှင့်အတူ လေ့လာကြည့်သည်။

"မြန်မြန်သွားရင် ကောင်းမယ် မစ္စ၊ ဒီနေ့ည ဆီးနှင်းတွေ တစ်ပေလောက် ကျလိမ့်မယ်"

စာရေးက သတိပေးသည်။

"ဟိုရောက်ရင် ဘယ်မှာ တည်းလို့ ကောင်းမယ် ဆိုတာများ အကြံမပေး နိုင်ဘူးလား"

"မြို့ထဲမှာ နေချင်တယ် ဆိုရင်တော့ အက်ပယ်လ် တည်းခိုခန်းမှာ တည်းပါ၊ ဒါပေမဲ့ အက်ပယ်လ်လို မြို့ကြီးမှာ အရမ်းကြီး သပ်ရပ်တဲ့ တည်းခိုခန်း တော့ မဟုတ်ဘူးပေါ့လေ"

စာရေးက တစ်ချက် ရယ်သည်။ ပြီးတော့မှ ဆက်ပြောသည်။

"နောက်ပြီးတော့ ဖုန်းကြိုဆက်ပြီး အခန်းငှားဖို့လည်း ရတက်မအေး ဖြစ်ပါနဲ့ဗျာ"

ပက်က ခရီးဆောင်အိတ်နှင့် မော်တော်ကား သော့ကို ကောက်ယူသည်။ စာရေးထံမှ ဟုတ်ဟုတ်ငြားငြား အကူအညီ ရသည်တော့ မဟုတ်။ သို့သော်လည်း ကျေးဇူးတင်စကားတော့ သူ ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'အက်ပယ်လ် တည်းခိုခန်း' ဟူသော ဆိုင်းဘုတ် တပ်ထားသည့် စိတ်ပျက်ဖွယ် အဆောက်အအုံ တစ်ခု တည်ရှိရာ ခြံဝင်းအတွင်းသို့ သူ့မော်တော်ကား မောင်းဝင်လိုက်သည့် အချိန်မှာပင် ဆီးနှင်းပွင့်များ တသောသော စတင် ကျရောက်လေသည်။

လေဆိပ်တုန်းက စာရေး ပြောလိုက်သလိုပင် 'အခန်းများ အားသည်' ဆိုသော ဆိုင်းဘုတ် ချိတ်ထားသည်ကိုလည်း တွေ့ရသည်။ ရှုပ်ပွနေသော အခန်းကျဉ်းကလေးထဲမှာ ထိုင်နေသည့် ဧည့်ကြိုစာရေးမှာ အသက် ၇၀ ကျော်ပေပြီ။ မျက်မှန်က နှာခေါင်းအလယ်လောက်သို့ လျှောကျနေသည်။ ပါးရေနားရေများ တွန့်ကာ ဆံပင်ဖြူများက ထိုးထိုးထောင်ထောင် ဖြစ်နေသည်။ မျက်လုံးများကလည်း အရောင်ရှိနေကြပြီ။

သို့သော်လည်း ခရီးဆောင်အိတ်ကို ဆွဲပြီး အခန်းတံခါးကို တွန်းဝင်သွားသော ပက်ကို တွေ့လိုက်ရတော့ သူ့မျက်လုံးများ အရောင်တောက်လာလေသည်။

"တစ်ည နှစ်ညလောက် တည်းဖို့ တစ်ယောက်ခန်း တစ်ခန်းလောက်များ ရနိုင်မလား"

ပက်က ဧည့်ကြိုစာရေး အဘိုးကြီးကို မေးကြည့်သည်။

အဘိုးကြီးက ပြုံးသည်။ ဆေးကြေးစွဲနေသော သွားကျိုးများ ပေါ်လာသည်။

"တစ်ည နှစ်ည မဟုတ်ပါဘူးဗျာ၊ နေချင်သလောက် နေလို့ရပါတယ် မစ္စ၊ နောက်ပြီးတော့ တစ်ယောက်ခန်းတင်မကဘူး၊ နှစ်ယောက်ခန်း ယူမလား၊ သမ္မတ မိသားစု အခန်းကျယ်ကြီး ယူမလား၊ ကြိုက်ရာအခန်း ရနိုင်ပါတယ်"

အဘိုးကြီးက ပြောရင်း ရယ်သည်။ စူးရှကြမ်းတမ်းသည့် ရယ်သံကြီး ပေါ်ထွက်လာသည်။

ပက်က ယဉ်ကျေးစွာ ပြုံးပြသည်။ ဧည့်သည် မှတ်ပုံတင်ကတ်ပြားကို ဆွဲယူပြီး ဖြည့်သည်။ သို့သော်လည်း 'အလုပ်ဌာန' ဆိုသော ကွက်လပ်ကိုတော့ သည်အတိုင်း ထားလိုက်သည်။

သူ့ကို မည်သူမှန်း မသိစေလိုသေးပါ၊ လူတွေ မသိအောင် ထိန်းနိုင်သမျှ ထိန်းထားပြီး သူတစ်ယောက်တည်း အခွင့်အရေး ရနိုင်သမျှ ရအောင် ယူကာ လွတ်လွတ်လပ်လပ် စုံစမ်းချင်သေးသည်။

ဧည့်ကြိုစာရေးက ကတ်ပြားကို စစ်ဆေးကြည့်သည်။ အလုပ်အကိုင်ကို မသိရသောကြောင့် သူ အတော် စိတ်ပျက်သွားပုံရသည်။

"အခန်းနံပါတ် ၃ ကို ပေးမယ်နော်၊ ဆီးနှင်းတွေ အရမ်းကျတော့မယ်၊ အခန်းနံပါတ် ၁ က ရုံးခန်းနဲ့ နီးတော့ လိုတာကို လွယ်လွယ် ပြောနိုင်တာပေါ့၊ ပြီးတော့ ကျုပ်တို့မှာ စားသောက်ခန်း သေးသေးလေး တစ်ခုလည်း ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ကြိုစာရေးက တစ်ဖက်သို့ လက်ညှိုးထိုးပြသည်။ နံရံနားတွင် စားပွဲသေးသေးကလေး သုံးလုံး ချထားသည်ကို တွေ့ရသည်။

"ရိုးရိုးနံနက်စာလောက်တော့ ဒီမှာ ရနိုင်ပါတယ်၊ လက်ဖက်ရည်၊ ကော်ဖီနဲ့ ပေါင်မုန့်မီးကင်လောက်ပေါ့၊ ဒါထက် စကားမစပ် ဘာကိစ္စ ဒီမြို့ကို လာတာလဲ ဟင်"

အဘိုးကြီးက ပက်ကို မျက်မှောင်ကုတ်ကြည့်ပြီး မေးသည်။

"အလုပ်ကိစ္စပါ"

ပက်က ဖြေသည်။ ပြီးတော့ ခပ်မြန်မြန် စကားဆက်သည်။

"ကျွန်မ ညစာ မစားရသေးဘူး၊ အခန်းထဲမှာ အိတ်သွားထားလိုက်ဦးမယ်၊ စားသောက်ဆိုင် တစ်ဆိုင်လောက် ဘယ်နားမှာ ရှိတယ် ဆိုတာလည်း ညွှန်ပြပါဦး နော်"

ဧည့်ကြိုစာရေးက နာရီကို လှမ်းကြည့်သည်။

"ဒါဆို မင်း မြန်မြန်လုပ်မှ၊ လင့်ပ်လိုက်တာ စားသောက်ဆိုင်က ည ၉ နာရီမှာ ပိတ်တယ်၊ အခု ၈ နာရီထိုးတော့မယ်၊ ဒီကနေ ကားမောင်းသွား၊ ဘယ်ဘက်ကို ကွေ့၊ အကွက် နှစ်ကွက်ကျော်ရင် ဘယ်ဘက်ကိုပဲ ထပ်ကွေ့၊ လမ်းကြီးပေါ် ရောက်မယ်၊ ညာဘက်မှာ၊ ရှာရ လွယ်ပါတယ်၊ မလွဲနိုင်ပါဘူး၊ ဟောဒီမှာ အခန်းသော့"

အဘိုးကြီးက သော့လှမ်းပေးသည်။ ပြီးတော့ ပက်၏ မှတ်ပုံတင်ကတ်ပြားကို ပြန်ကြည့်သည်။

"မစ္စထရေးမိုး၊ ကျုပ်နာမည် ထရာဗစ်ဘလောဂျက်ပါ၊ ဒီတည်းခိုခန်း ပိုင်ရှင်ပါပဲ"

သူ့လေသံထဲမှာ ဝင့်ကြွားသည့် အသံနှင့် တောင်းပန်သည့် အသံများ ရောစွက် ပါဝင်နေလေသည်။

လင့်ပ်လိုက်တာ စားသောက်ဆိုင်သည် ထိုအချိန်၌ ထိုနေရာတစ်ဝိုက်တွင် ရှိသည့် တစ်ခုတည်းသော စားသောက်ဆိုင် ဖြစ်လေသည်။ ဆိုင်ရှေ့တွင် ရနိုင်သည့် အစားအသောက် စာရင်းကို သင်ပုန်းမှာ ရေးပြီး ထောင်ထားသည်။

ဆိုင်ထဲမှာ အရောင်ပြယ်လွင့်နေသည့် ဖယောင်းပုဆိုး ခင်းထားသည့် စားပွဲ တစ်ဒါဇင်လောက် ရှိမည်။ စားပွဲခင်းများက အရောင်မထွက်။ ထိုအပေါ်တွင် မီးပူ တိုက်မထားသောကြောင့် တွန့်ကျေနေသော လက်သုတ်ပဝါများကို ဖရိုဖရဲ ချထားသည်။ ယခင် စားသွားသူများကြောင့် စွန်းထင်းနေသည့် စားပွဲခင်းကို မလဲထားတာပဲ ဖြစ်ရမည်ဟု ပက်က စဉ်းစားကြည့်လိုက်သည်။

စားပွဲတစ်လုံးတွင် အဘိုးကြီး အဘွားကြီး တစ်စုံတွဲ ထိုင်နေသည်ကို တွေ့ရသည်။ သူတို့ရှေ့တွင် ပန်းကန်နှင့် အမောက် စားသောက်ဖွယ်ရာ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှံကျလုနီးပါး မောက်နေခြင်း ဖြစ်သည်။ အရောင်ခပ်မည်းမည်း အသားများ ဖြစ်သည်ကို တွေ့ရသည်။

အဘိုးကြီးနှင့် အဘွားကြီးက ထိုအသားကို တိတ်ဆိတ်စွာ ဝါးနေကြသည်။

ထွက်လာသည့် အနံ့ကတော့ စားချင်စဖွယ် ဖြစ်သည်ကိုမူ ပက် ဝန်ခံလိုက်မိပါသည်။ ထိုအနံ့ကို ရတော့မှပဲ သူကိုယ်တိုင်လည်း အဘယ်မျှ ဆာလောင်မွတ်သိပ်နေပြီ ဖြစ်ကြောင်း သတိထားမိတော့သည်။

ဆိုင်ထဲမှာ စားပွဲထိုးဆိုလို့ အမျိုးသမီးတစ်ယောက်ပဲ ရှိသည်။ အသက် ၅၅ နှစ်အရွယ်လောက် ဖြစ်သည်။ အထိုက်အလျောက် သန့်ပြန့်သည့် ခါးစည်းအဝတ် စည်းထားသည်။ အဝါရောင် ဆွယ်တာအထူကြီး ဝတ်ထားသည်။ အင်္ကျီကြီး ဝသည်။

ပက်ကို တွေ့လိုက်တော့ အားပါးတရ ပြုံးသည်။

"တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်"

စားပွဲထိုး အမျိုးသမီးက ပတ်ဝန်းကျင်ကို လှည့်ကြည့်ပြီး ချီတုံချတုံ ဖြစ်နေသည်။ ပြီးတော့မှ ပြတင်းပေါက်စာစ်ခုနားရှိ စားပွဲတစ်လုံးဆီသို့ ခေါ်သွားသည်။

"ဒီနေရာ ကောင်းတယ်၊ အပြင်က ရှမျှော်ခင်းကို လှမ်းကြည့်ရင်း စားနိုင်တာပေါ့"

ပက်၏ နှုတ်ခမ်း တွန့်သွားသည်ဟု ထင်လိုက်ရသည်။

ရှုမျှော်ခင်း… တဲ့။

မည်းမှောင် ညစ်ပတ်နေသည့် လမ်းပေါ်တွင် သူ ငှားလာသည့် ကား ရပ်ထားသည့် မြင်ကွင်းကိုသာ မြင်ရသည်။ သူ့ကိုယ်သူတောင် ပြန်ရှက်မိသွားသည်။ လူသာပယ်လ်ဟမ်း ဆိုလည်း သည်လိုပဲ ရှက်ကိုးရှက်ကန်း ဖြစ်မှာ သေချာသည်ဟု ပက် တွေးကြည့်မိလေသည်။

"တစ်ခုခု သောက်မယ် မဟုတ်လား၊ ဘီယာနဲ့ ဝိုင် ရှိတယ်၊ အစား အသောက်ပါ တစ်ခါတည်း မှာလိုက်ရင် ကောင်းမယ် ထင်တယ်၊ ဆိုင်ပိတ်ချိန် နီးနေပြီ"

ပက်က ဝိုင်အရက်နှင့် အစားအသောက် စာရင်း တောင်းသည်။

"ဒုက္ခခံပြီး အစားအသောက် စာရင်း ကြည့်မနေပါနဲ့တော့ကွယ်၊ အမဲသား နှပ် စားကြည့်ပါလား၊ အရသာ သိပ်ရှိတယ်"

ပက်က အခန်းတစ်ဖက်ခြမ်းသို့ ရုတ်တရက် လှမ်းကြည့်မိလိုက်သည်။ အဘိုးကြီးနှင့် အဘွားကြီး စားနေသည်မှာလည်း အမဲနှပ်ပင် ဖြစ်ရပေမည်ဟု တွေးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက် အများကြီးတော့ မပေးပါနဲ့၊ တစ်ဝက်လောက်ဆိုရင်…"

စားပွဲထိုး အမျိုးသမီးကြီးက ပြုံးသည်။ အချောင်း ကြီးပြီး ညီညာဖြူဖွေးသည့် သွားများ ပေါ်လာသည်။ ပြီးတော့ ခပ်တိုးတိုး ပြောသည်။

"စိတ်ချ စိတ်ချ… သူတို့ကို တမင်ပိုပေးတာ၊ သူတို့က တစ်ပတ်မှာ တစ်ခါလောက် စားနိုင်တာလေ၊ ဒါကြောင့် ကောင်းကောင်းလုပ်ပြီး ပိုပိုသာသာ လေးလည်း ပေးတာပါ"

ဝိုင်အရက်က သူတို့ဒေသထွက် ပစ္စည်း ဖြစ်သည်။ သို့သော်လည်း အရသာ ဆိုးပါ။

ခဏနေတော့ အငွေ့တထောင်းထောင်း ထနေသည့် အမဲသားနှပ်နှင့် ဘီစကစ်များ ယူပြီး မီးဖိုချောင်ထဲမှ စားပွဲထိုး အမျိုးသမီး ထွက်လာသည်။

အမဲနှပ်က အရသာရှိလှပါသည်။ ဝိုင်အရက်နှင့် စိမ်ပြီး အသီးအရွက်များနှင့် ရောနှပ်ထားသောကြောင့် မွှေးကြိုင်နေသည်။ အနှစ်ကလည်း ပျစ်နေသည်။ ဆားပတ်လည်း နိုင်သည်။ ဘီစကစ်ကလည်း ပူပူနွေးနွေးနှင့် အရသာရှိလှပါသည်။

ဘုရားသခင်… ဒီအတိုင်းသာ ညတိုင်း ငါ စားနေရရင် ငါ့ကိုယ်လုံးကြီး ဟာ အိမ်ကြီးတစ်လုံးလောက် ဖြစ်သွားတော့မယ် ထင်တယ်… ဟု ပက် တွေးသည်။

သို့သော်လည်း သူ အရမ်း စိတ်လက်ပေါ့ပါးနေသည်။

စားပြီးသောအခါ စားပွဲထိုး အမျိုးသမီးကြီးက ပန်းကန်များ သိမ်းသွားပြီး ကော်ဖီအိုးနှင့် ပြန်ထွက်လာသည်။

"မင်းကို ငါ ထပ်ခါတလဲလဲ ကြည့်နေတာ၊ သိတယ်လို့ ထင်တယ်၊ မင်းကို ရုပ်မြင်သံကြားထဲမှာ မြင်ဖူးတယ်လို့ ထင်တယ်"

အမျိုးသမီးကြီးက ပက်ကို စေ့စေ့ကြည့်ရင်း ပြောသည်။

ပက်မှာ မတတ်သာတော့သောကြောင့် ခေါင်းညိတ်ပြလိုက်ရလေသည်။ သည်ရုပ်ကြီးကို လူတွေ သိနေတော့လည်း မည်သို့မှ မဖုံးကွယ်နိုင်တော့ချေ။

"သိပ်သေချာတာပေါ့၊ မင်းဟာ ပက်ထရီရှာထရေးမိုးပဲ၊ ဘော့စတွန်မြို့မှာ ရှိတဲ့ ငါ့ညီမဝမ်းကွဲဆီ အလည်သွားတိုင်း ဟိုက တီဗွီမှာ မင်းကို မြင်နေရတာပဲ၊ မင်း ဒီမြို့ကို ဘာကိစ္စလာတယ် ဆိုတာလည်း ငါ သိပြီ၊ မင်းဟာ အက်ဘီဖော်စတာ ကိုယ်ချင်းလေ… ဆီနိတ်တာဂျင်းနင်းရဲ့ အစီအစဉ် တင်ဆက်ဖို့ လုပ်နေတာ မဟုတ် လား"

"သူ့ကို ရှင် သိသလား"

ပက်က ခပ်မြန်မြန် ပြန်မေးသည်။

"သိသလား မေးရင် သိတယ်လို့ပဲ ဖြေရမယ် ထင်တယ်၊ မင်းနဲ့ အတူတူ ကော်ဖီ ထိုင်သောက်မယ် နော်"

ယဉ်ကျေးမှု သဘောအရသာ သူ မေးခြင်း ဖြစ်သည်။ လက်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ဘေးစားပွဲပေါ်ရှိ ပန်းကန်လွတ်ကို လှမ်းဆွဲယူနှင့်ပြီး ဖြစ်လေသည်။ ပြီးတော့ သူ၏ လေးပင်သော ကိုယ်လုံးကြီးကို ပက်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်ပေါ်သို့ ပစ်တင်လိုက်သည်။

"ငါ့ယောက်ျားက ထမင်း ဟင်း ချက်တယ်၊ ဆိုင်တော့ သူပဲ ကြည့်သိမ်းပါလိမ့်မယ်၊ ဒီနေ့သူ လှူပါးတယ်၊ ဒါပေမဲ့ ငါ့ခြေထောက်ကတော့ ကိုက်တာပဲ၊ ဒီလိုပဲ တမတ်တတ်တတ် နေရတယ် ဆိုတော့…"

ပက်က စိတ်မကောင်းသံညှို့ အသံ ပြုလိုက်သည်။

"အက်ဘီဂေးလ်ဂျင်းနင်း၊ အင်း… အက်ဘီဂေးလ်ဂျင်းနင်း"

နာမည်ကို အသံထွက် ရေရွတ်ရင်း သူ စဉ်းစားနေသည်။

"အက်ပယ်လ်ဂျန်းရှင်းက လူတွေကိုပါ မင်း အစီအစဉ်ထဲမှာ ထည့်လွှင့်သွားမှာလား"

ပက်က ထိုမေးခွန်းကို ရိုးရိုးသားသားပဲ ဖြေသည်။

"ကျွန်မ သေသေချာချာ မဆုံးဖြတ်ရသေးပါဘူး ရှင်၊ ဆီနိတ်တာကို ရှင် ကောင်းကောင်းသိပါသလား"

"ကောင်းကောင်း သိတယ်ဆိုတဲ့ အသုံးအနှုန်းကိုတော့ သုံးလို့ မရနိုင်ဘူး၊ ကျောင်းတုန်းက သူနဲ့ ငါဟာ တစ်တန်းတည်းပဲ၊ ဒါပေမဲ့ အက်ဘီက စကားနည်းတယ်၊ သူ့ဘာသာသူ နေတယ်၊ သူ့စိတ်ထဲမှာ ဘာရှိနေတယ်၊ သူ ဘာတွေ စဉ်းစားနေတယ် ဆိုတာ ဘယ်တော့မှ ခန့်မှန်းလို့ မရနိုင်ဘူး၊ မိန်းကလေးတွေ ဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ကိုယ် ဘာဖြစ်တယ် ဆိုတာ အကုန် ဖွင့်ပြောကြတာ မဟုတ်လား၊ ပြီးတော့လည်း ကိုယ့်အုပ်စုကလေးနဲ့ ကိုယ် နေတတ်ကြတယ်၊ အက်ဘီကတော့ ဒီလို မဟုတ်ဘူး၊ သူ့မှာ ရင်းနှီးတဲ့ သူငယ်ချင်း တစ်ယောက်လောက် ရှိခဲ့တယ် ဆိုတာကိုတောင် ငါတော့ လုံးဝမမှတ်မိတော့ဘူး"

"တခြား မိန်းကလေးတွေက သူ့အပေါ် ဘယ်လို သဘောထားကြသလဲ"

ပက်က မေးသည်။

"ဘယ်လို သဘောထားကြသလဲ ဆိုတာကတော့ မင်း စဉ်းစားကြည့်ရင် သိနိုင်ပါတယ်လေ၊ တစ်ယောက်ယောက်ဟာ အက်ဘီလို သိပ်ချောမောလှပမယ် ဆိုရင် ကျန်မိန်းကလေးတွေက မနာလို ဖြစ်ကြမှာပေါ့၊ ဒီလို ချောမောလှပတဲ့ မိန်းကလေးဟာ အရမ်း စိတ်ကြီးဝင်နေမှာပဲလို့ ထင်ကြမယ်၊ တို့ကိုလည်း အဖက်လုပ်ချင်မှာ မဟုတ်ဘူးလို့ ထင်ကြမယ်၊ ဒီလိုနဲ့ပဲ သူဟာ အလိုလိုနေရင်း အပေါင်းအသင်း နည်းသွားတော့တာပဲလေ"

ပက်က အမျိုးသမီးကြီးကို ခဏကြာအောင် အကဲခတ်ကြည့်နေသည်။ ပြီးမှ မေးသည်။

"ရှင်လည်း သူ့အပေါ်မှာ ဒီလိုပဲ မြင်ပါသလား မစ္စက်…"

www.burmeseclassic.com

www.burmeseclassic.com



"စတပ်ဘင်စ်… ငါ့နာမည် အီသယ်စတပ်ဘင်စ်၊ အင်း… မှန်တဲ့အတိုင်း ပြောရမယ် ဆိုရင်တော့ ငါလည်း တခြားမိန်းကလေးတွေနဲ့ တစ်သဘောတည်းလို့ ထင်ရမယ်၊ ဒါပေမဲ့ ငါကတော့ အက်ဘီအပေါ်မှာ နားလည်နိုင်တယ်၊ အက်ဘီက မြို့လေးမှာ ရိုးရိုးကုပ်ကုပ်နဲ့ပဲ အရွယ်ရောက်ချင်တယ်၊ ပြီးရင် ဒီအရပ်ကနေပြီး တခြားကို ထွက်သွားမယ်၊ ကျောင်းမှာ သူ ပါဝင်ပတ်သက်တဲ့ လှုပ်ရှားမှု ဆိုလို့ အားကစားရည်လုပွဲပဲ ရှိတယ်၊ တခြား ဘယ်သူမှ မပါဘူး၊ အဝတ်အစားလည်း ကြိုက်သလို ဝတ်တာ မဟုတ်ဘူး၊ အပေါ်စားကလေးတွေကိုပဲ ရိုးရိုးကုပ်ကုပ် ဝတ်တယ်၊ သူ့အမေက ဆောင်းဒါ့းစ်တို့ အိမ်မှာ ထမင်းချက်၊ သူ့အမေ ထမင်းချက် ဖြစ်နေတာကို အက်ဘီ အရှမ်းရှက်တယ် ထင်တယ်"

"ကျွန်မ နားလည်ထားသလောက် ပြောရရင်တော့ သူ့အမေဟာ အိမ်သန့်ရှင်းရေး တာဝန်ခံ ဆိုသလားလို့"

ဟု ပက်က ပြောသည်။

"ထမင်းချက်ပါ"

အီသယ်က အပိုင်ပြောသည်။

"သူနဲ့ အက်ဘီက မီးဖိုချောင် နောက်ဘက်မှာ ရှိတဲ့ အခန်းကျဉ်းကျဉ်း လေးထဲမှာ နေကြတယ်၊ ငါ့အမေက ဆောင်းဒါ့းစ်တို့ အိမ်ကို တစ်ပတ် တစ်ခါ သွားပြီး သန့်ရှင်းရေး လုပ်ပေးရတယ်၊ ဒါကြောင့် ငါ သိတာ"

အိမ်သန့်ရှင်းရေး အလုပ်သမားသည် ထမင်းချက်ထက် ပိုအဆင့်အတန်း မြင့်သယောင် ပြောနေခြင်း ဖြစ်သည်။ ပက်က အမှတ်တမဲ့ ပခုံးတွန့်လိုက်မိလေ သည်။

ပြောသမျှကို သူ ရေးမှတ်သည်။ အသံဖမ်းစက်ကို သုံးလျှင် အချို့လူများ မပြောဆိုရဲ၍ တွန့်သွားတတ်ကြသည်။ အချို့ကျတော့လည်း ပိုကောင်းလာသည်။

ပက်က စမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

"အသံသွင်းစက်နဲ့ ကျွန်မ ဖမ်းထားမယ် ဆိုရင် ရှင် ဘယ်လိုမှ မအောက်မေ့ ဘူးနော်"

"မအောက်မေ့ပါဘူး၊ ငါ ပိုပြီး ကျယ်ကျယ်ပြောပေးရမလား"

"မလိုပါဘူး၊ အခုအတိုင်း ကောင်းပါတယ်"

ပက်က အသံသွင်းစက် ထုတ်သည်။ သူတို့ နှစ်ယောက်ကြား စားပွဲပေါ် တင်ထားလိုက်သည်။

"အက်ဘီဂေးလ်အကြောင်း ရှင် မှတ်မိသမျှ ပြောပြပေးပါနော်၊ သူ့အမေ ထမင်းချက် ဖြစ်နေတဲ့အတွက် အက်ဘီဂေးလ်အဖို့ စိတ်အနှောင့်အယှက် ဖြစ်နေရတယ် ဆိုတဲ့ သဘောမျိုး စောစောက ရှင် ပြောလိုက်တယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းကို ဆမ်သာ ကြားမည်ဆိုလျှင် ဘယ်လိုများ တုံ့ပြန်လေမလဲဟု တွေးကြည့်သည်။ မလိုအပ်သော မေးခွန်းဟု ထင်ကောင်းထင်လိမ့်မည်။

အီသယ်က ရေမ တံတောင်ဆစ်ကြီးကို စားပွဲပေါ်မှာ ထောက်လိုက်သည်။

"ဟုတ်တယ်၊ သူ့ဘဝ သိမ်ငယ်နေတာကို အက်ဘီ အမြဲ ခံစားနေရ ကြောင်း မာမာက မကြာမကြာ ပြန်ပြောပြတတ်တယ်၊ လမ်းပေါ်က လူတစ်ယောက် ဖြတ်လျှောက်သွားရင် အက်ဘီက အိမ်ရှေ့ထွက်ပြီး လမ်းသလားပြပြီတဲ့၊ ဒီအိမ်ကြီး ဟာ သူ့အိမ်ဆိုတဲ့ သဘောမျိုးပေါ့၊ ဘယ်သူမှ လှည့်မကြည့်တဲ့အခါကျမှ အိမ် နောက်ဖေးကို သူ ပြန်လာတတ်တယ်၊ ဒီလို လုပ်ရမလား ဆိုပြီး သူ့အမေက အမြဲတမ်း ဆူတယ်၊ ဒါပေမဲ့ မရပါဘူး"

"အီသယ်… ဇ နာရီထိုးပြီလေ"

ပက်က မော့ကြည့်သည်။ ပျော်ရွှင်တတ်သော မျက်နှာနှင့် ဂင်တိုတို ယောက်ျားကြီးတစ်ယောက် သူတို့ စားပွဲနားမှာ လာရပ်သည်။ ခါးစည်းအဝတ်ကို သူ ဖြုတ်သည်။ စားပွဲပေါ်က အသံသွင်းစက်ကို ကြည့်သည်။

အီသယ်က ထိုလူကြီးကို အကျိုးအကြောင်း ရှင်းပြသည်။ ပြီးတော့ ပက်နှင့်လည်း မိတ်ဆက်ပေးသည်။

"ဒါ ငါ့ယောက်ျား အာနီ"

အင်တာဗျူးထဲမှာ သူလည်း ဝင်ပါဖို့ အာနီ အလွန်စိတ်ဝင်စားသွားပုံ လေသည်။

"ပိုင်စိုးပိုင်နင်း အိမ်ရှေ့ခန်းကို ထွက်လာတဲ့ အက်ဘီကို မစွက်ဆောင်းဒါ ဖမ်းမိပြီး ဒူးနေရာ ဒူး၊ တော်နေရာ တော် နေဖို့ ပြောတဲ့အကြောင်း ပြောပြလိုက်ပါဦး"

အာနီက သူ့မိန်းမကို ပြောသည်။ နောက်ပြီးတော့ သူကပဲ ဆက်ပြော သည်။

"အိမ်ဘေး ကားလမ်းကနေပြီး အိမ်နောက်ဘက်ကို အက်ဘီ ပြန်ပြေး တာ မှတ်မိနေသေးတယ်"

အီသယ်၏ မျက်နှာ ဝင်းလက်သွားသည်။

"အိုး… ဟုတ်တာပေါ့၊ အဖြစ်က အရမ်း ဆိုးတာ၊ ဟုတ်တယ်ဆ ဘယ်လောက် ရှက်စရာ ကောင်းသလဲ၊ အက်ဘီရဲ့ မျက်နှာကလေးကို မြင် မာမာတောင် သနားလို့ မဆုံးနိုင်အောင် ဖြစ်နေသေးတယ်လေ၊ အက်ဘီ ဘယ်လော ရှက်သွားသလဲ ဆိုရင် သူ့ပါးပြင် နီရဲသွားတာ သွေးပေါက်ပေါက် ကျတော့မတ ပဲတဲ့"

အလုပ်သမား တန်းလျားသို့ ပြန်အသွားခိုင်းခံရသည့် အပျိုအရွယ် အက်ဘီဂေးလ်၏ ကိုယ်ရေးကိုယ်တာများကို စပ်စုလေ့လာနေမိပြီဟုလည်း စိတ် မှာ ခံစားလာရသည်။ သည့်အကြောင်းအရာကြီးကို ဆက်မပြောသင့်တော့

www.burmeseclassic.com



အာနိက ဝိုင်အရက် ထပ်ယူဖို့ ပြောသည်။ ပက်က ငြင်းသည်။

"အက်ဘီ… အဲလေ ဆီနိတ်တာဂျင်းနင်းဟာ ရက်ကလစ်တက္ကသိုလ် ကမှ ပညာသင်ဆုတောင် ရတယ်ဆိုတော့ စာ အင်မတန်တော်တဲ့ ကျောင်းသူ ယောက် ဖြစ်ပုံရတယ်၊ သူဟာ အတန်းထဲမှာ အမြဲတမ်း ပထမ ရသလား"

"အိုး… အင်္ဂလိပ်ဘာသာရယ်၊ သမိုင်းရယ်၊ ဘာသာစကားမှာရယ်တော့ တော်တယ်၊ ဒါပေမဲ့ သင်္ချာနဲ့ သိပ္ပံကျတော့ ညံ့သလား မမေးနဲ့၊ ဘိတ်ချေး ပဲ"

"ကျွန်မနဲ့ တူလိုက်တာ၊ မယ်ရွေးပွဲအကြောင်း ပြောကြရအောင်"

ပက်က ပြုံးရင်း စကားဆက်မေးသည်။

အီသယ်က အားပါးတရ ရယ်သည်။

"အက်ပယ်လ်ကျွန်းရှင်း မယ်ရွေးပွဲမှာ နောက်ဆုံးပိတ် ဆန်ခါတင် လေးယောက် တယ်လေ၊ မင်း အခု အင်တာဗျူး လုပ်နေတဲ့ အဘွားကြီးလည်း အဲဒီလေးယောက် တစ်ယောက်ပေါ့၊ ဟီး ဟီး… ယုံချင်ယုံ မယုံချင်နေ၊ အဲဒီအချိန်တုန်းက ကိုယ်ဒလေးချိန်ဟာ တစ်ရာ တစ်ဆယ့် ရှစ်ပေါင်ပဲ ရှိတယ်၊ နောက်ပြီးတော့ ချောပြီး တအားချစ်စရာ ကောင်းတာ၊ ဟီး ဟီး…"

သေချာပေါက် ပေါ်ထွက်လာမည် ဖြစ်သော မှတ်ချက်ကို ပက်က စောင့် ကိုက်သည်။ သူ စောင့်ကြိုခြင်းကို အာနိက ဖြည့်ဆည်းပေးလိုက်ပါသည်။

"အခုလည်း… မင်းဟာ တအားချောပြီး တအား ချစ်စရာကောင်းနေ ပါပဲ အချစ်ရယ်"

အာနိက စကား ဆုံးတော့ အီသယ်က ဆက်ပြောသည်။

"အက်ဘီ မယ်ဘွဲ့ ရသွားတယ်၊ အဲဒီနောက် နယူးယောက်ပြည်နယ် ရွေးပွဲ ဆက်ဝင်တယ်၊ အဲဒီမယ်ရွေးပွဲမှာပါ ဆက်ပြီး နယူးယောက်ပြည်နယ် ဖြစ် သူ အရွေးခံရတော့ တို့ အားလုံး အံ့အားသင့်ကုန်တယ်၊ နမ်းပါများတော့ မြင်ပါများတော့ ငယ် ဆိုတာလိုပဲ၊ တို့အဖို့တော့ သူဟာ အမြဲ မြင်နေရတော့ ကို ဒါလောက် အထင်မကြီးကြဘူးပေါ့၊ ချောမှန်း လှမှန်းတော့ သိပါတယ်၊ မဲ့ ဟိုမှာ သွားပြိုင်ရင် ဒါလောက် ဖြစ်လိမ့်မယ် မထင်ဘူး"

အီသယ်က ရယ်ပြန်သည်။

"အဲဒီ နွေရာသီတုန်းကတော့ ငါတို့ တစ်မြို့လုံး သူ့အကြောင်းပဲ ပြော အောင် အက်ဘီ လုပ်ထားနိုင်တယ်လို့ပဲ ပြောရတော့မှာပဲ၊ ဩဂုတ်လထဲမှာ မြို့ရဲ့ ကလပ်သင်းမှာ ရောမကပွဲကြီးတစ်ခု လုပ်တယ်၊ မြို့နီးချုပ်စပ်မှာ ရှိတဲ့ သားသမီးတွေ အကုန်လာကြတယ် ဆိုပါတော့၊ မြို့နီးချုပ်စပ် မဟုတ်ပါဘူး တစ်နယ်လုံးပါပဲ၊ သူဌေး သားသမီးတွေချည်း တက်ကြတဲ့ ပွဲဆိုတော့ တို့ နိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အဲဒီပွဲကို အက်ဘီဖော်စတာ တက်သတော့၊ ငါ သတင်းပြန်ကြား ရတဲ့အတိုင်း ပြောရမယ်ဆိုရင် အက်ဘီဟာ နတ်သမီးလေးတစ်ပါးလိုကို လှတာ ပဲတဲ့၊ အဖြူရောင် ဂါဝန်ကြီးကလည်း အရမ်းအဖိုးတန်ပြီး အရမ်းလှတာပဲတဲ့၊ စာတွေ ကွပ်ထားလိုက်တာများ မြင်သူတိုင်း ငေးယူရတယ်တဲ့၊ သူ့ကို ဘယ်သူ ခေါ်သွားတယ်ဆိုတာ ခန့်မှန်းမိရဲ့လား"

ပက်က ဘာမှ မဖြေဘဲ ငြိမ်ပြီး နားထောင်နေသည်။

"ဂျရယ်မီဆောင်းဒါးစ်ပေါ့၊ ဂျရယ်မီဆောင်းဒါးစ်က ယေးလ်တက္ကသိုလ် က ဘွဲ့ရပြီး အိမ်ပြန်ရောက်လာခါစ၊ နောက်ပြီးတော့ အီဗလင်ကလင်တန်နဲ့လည်း စေ့စပ်ထားတယ်၊ ဒါပေမဲ့ အဲဒီညတုန်းကတော့ သူနဲ့ အက်ဘီဟာ တစ်ညလုံး လက်တွဲမဖြုတ်ဘူး၊ အက်ဘီရဲ့ လက်ကို သူ နမ်းလိုက်ရတာလည်း မမောနိုင် မပန်းနိုင်ဘဲတဲ့၊ သူတို့နှစ်ယောက် တွဲကနေရင်းလည်း နမ်းလို့ကို မပြီးနိုင်ဘူးတဲ့"

"နောက်နေ့ကျတော့ တစ်မြို့လုံး ဒီအကြောင်းကိုပဲ ပြောမဆုံးနိုင်အောင် ဖြစ်နေကြတော့တယ်၊ မစ္စက်ဆောင်းဒါးစ်တော့ ဘုံဆောင့်နေတော့မှာပဲလို့ မာမာ က ပြောတယ်၊ သူ့ရဲ့ တစ်ဦးတည်းသော သားက ထမင်းချက် သမီးကို တန်းတန်းစွဲ ဖြစ်သွားတာ မဟုတ်လား၊ အဲဒီနောက်…"

အီသယ်က စကားဖြတ်ပြီး ပခုံးတွန့်လိုက်သည်။ ပြီးမှ ဆက်ပြောသည်။

"ဇာတ်လမ်းက အဲဒီအတိုင်း အဆုံးသတ်သွားတော့တယ်၊ အက်ဘီက နယူးယောက်ပြည်နယ်ဘွဲ့ကို ပြန်အပ်တယ်၊ ပြီးတော့ တက္ကသိုလ် ဆက်တက်ဖို့ ဒီမြို့ကနေ ထွက်သွားတယ်၊ သူ ဘယ်နည်းနဲ့မှ အမေရိကန်ပြည်ထောင်စုမယ် မဖြစ်နိုင်တာကို သူ သိလို့ နုတ်ထွက်လိုက်တာပါလို့လည်း သူက ပြောသွားတယ်တဲ့၊ သူ သီချင်းလည်း မဆိုတတ်ဘူး၊ ကလည်း မကတတ်ဘူး၊ အတ္တလန်းတစ်မြို့ ပြိုင်ပွဲမှာ သွားပြိုင်ပြီးမှ ရှုံးပြီး ပြန်လာရတာမျိုးကို သူ အဖြစ်မခံနိုင်ဘူးလို့ ပြော သွားတယ်တဲ့၊ ပြည်ထောင်စုမယ်ပြိုင်ပွဲမှာ သူ ဝတ်ဖို့ အဝတ်အစားကိုတောင် မြို့လူထုက အလှူငွေကောက်ပြီး ပြင်ဆင်ထားကြပြီ၊ အားလုံး စိတ်မကောင်း ဖြစ်ကုန်ကြတာပေါ့"

"မြို့မျက်နှာဖုံး လူကြီးတွေကို အက်ဘီက သက်သက်အရှက်ခွဲတာပါလို့ ပြောတဲ့ ငနဲနှစ်ယောက်ကို တိုဘီ အပြတ်ဆော်ပစ်တာရော မှတ်မိသေးတယ် မဟုတ်လား"

အာနီက အီသယ်ကို ထောက်ပေးသည်။

"တိုဘီဂေါ်ဝွန်းလား"

ပက်က ခပ်သွက်သွက် ဝင်မေးသည်။

အာနီက ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့၊ အက်ဘီကို ထိရင် မချည့်အောင်နာတဲ့ အကောင်၊ တို့ယောက်ျားလေး ချင်း ပြောတာတောင် ရှိတယ်၊ တိုဘီရှေ့မှာ အက်ဘီအကြောင်း မကောင်းပြောရင် ထမဆုံး ဆေးရုံမှာ ပြသွားမယ်ဆိုတဲ့ စကားလေ"

"သူက အခု အက်ဘီဆီမှာ အလုပ် လုပ်နေတယ်"

ဟု ပက်က ပြောသည်။

"နောက်တာ မဟုတ်ပါဘူးနော်"

အာနီက ခေါင်းယမ်းနေသည်။ ပြီးတော့ ဆက်ပြောပြန်သည်။

"ကျုပ်က နှုတ်ဆက်လိုက်တယ်လို့ ပြောပေးပါနော်၊ မြင်းပွဲမှာ ရှုံးတုန်းပဲ လားလို့ မေးကြောင်းလည်း ပြောပြလိုက်ပါ"

အက်ပယ်လ် တည်းခိုခန်းသို့ ပက် ပြန်ရောက်တော့ ည ၁၁ နာရီထိုးနေပေပြီ။ သူ့အခန်းနံပါတ်တစ်မှာလည်း ရေခဲမတတ် အေးနေသည်။

ခရီးဆောင်အိတ်ကို ကမန်းကတန်း ဖြေသည်။ အခန်းထဲတွင် ဗီရို မရှိပါ။ တံခါးတွင် ချိတ်တစ်ခုသာ ရှိသည်။

မြန်မြန်အဝတ်ချွတ်သည်။ ရေမြန်မြန်ချိုးသည်။ ရေခြောက်အောင် သုတ်သည်။ ဆံပင် ဖြီးသည်။ မှတ်စုစာအုပ်ကို ကိုင်ပြီး အိပ်ရာပေါ် တက်ထိုင်သည်။

ထုံးစံအတိုင်း ခြေထောက်က ကိုက်လာသည်။ တင်ပါးဆုံရိုးထဲမှာလည်း ကိုက်လာသည်။

ညဦးပိုင်းတုန်းက မှတ်လာသည့် မှတ်စုများကို ကြည့်သည်။

အီသယ်၏ ပြောဆိုချက်အရ ဆိုလျှင် ကလပ်အသင်း၏ ကပွဲပြီးသည်နှင့် ဖရက်ဖော်စတာသည် ဆောင်းဒါးစ်တို့အိမ်မှ သူ့သဘောနှင့် သူ အလုပ်ထွက်သွား ခြင်းလော၊ သို့တည်းမဟုတ် အလုပ်ထုတ်ခံရခြင်းလော ဆိုသည်ကို မည်သူမှ မသိကြဟု ဆိုသည်။

သို့သော်လည်း ဆေးရုံမှ အလုပ်မှာ သူ့အတွက် အဆင်ပြေပုံ မရပေ။ အလွန်နေသဖြင့် အလုပ်လုပ်ရသည်မှာ မလွယ်။

"ငါ အရမ်းဝနေတယ်လို့ မင်း ထင်တယ် မဟုတ်လား၊ အက်ဘီ့အမေ ဖရန်ဆေဖော်စတာကို မြင်စေချင်တယ်၊ ငါ ဝတယ် ဆိုတာ ဘာဟုတ်ဦးမှာလဲ"

ဟု အီသယ်က ပြောသည်။

ဖရန်ဆေဖော်စတာ ကွယ်လွန်သည်မှာ ကြာပါပြီ။ အက်ဘီဂေးလ်ကို လည်း သူတို့ မြို့သူမြို့သားများ ပြန်မတွေ့ကြရတော့။

ဂျရယ်မီဆောင်းဒါးစ် အကြောင်း ပြောသောအခါတွင် အီသယ်မှာ ငိုရှိုက် နှုတ်သွက်အာသွက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂျူရယ်မီနဲ့ မယူဖြစ်တာ အက်ဘီဂေးလ် သိပ်ကံကောင်းသွားတယ်၊ ဘယ်တော့မှ လက်ကြောတင်းအောင် အလုပ်လုပ်တဲ့လူ မဟုတ်ဘူး၊ မိဘ အမွေအနှစ်တွေ ကျန်နေခဲ့လို့ သူ ကံကောင်းနေတာ၊ အမွေသာ မရလိုက်ရင် လှေျာမှာ မြက်ပေါက်ပြီး သေတာ ကြာလှပြီ၊ သူ့အဖေက သူတို့ ထုတ်ချင်တိုင်း ထုတ်လို့မရအောင် အာမခံစာချုပ်တွေချည်း လုပ်ထားခဲ့တယ်လို့ ပြောကြတယ်၊ အဲဒါကို ဂျူရယ်မီ ကျိတ်မနိုင် ခဲမရနိုင်ဆုံး ဖြစ်နေတာပေါ့၊ လူကို ကြည့်လိုက်ရင်တော့ သံကြိုးတမန်ကြီးလိုလို အင်္ဂလိပ် နယ်စား ပယ်စားကြီးလိုလိုနဲ့၊ အမှန်ကတော့ လူ့ဘူးတောင်းကြီး... ယစ်ထုပ်ကြီး..."

ပက်က မီးမှိတ်လိုက်သည်။ မနက်ဖြန်ကျလျှင် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီးနှင့် သွားတွေ့ရမည်။ အယ်လီနာဘရောင်း ဆိုသော အမျိုးသမီးကို အက်ဘီဂေးလ်ဆီမှာ အလုပ်ပြောပေးသည့် ကျောင်းအုပ်ဆရာမကြီး ဖြစ်သည်။

နောက်ပြီးတော့ ဂျူရယ်မီဆောင်းဒါးစ်နှင့်လည်း တွေ့ခွင့်တောင်းရဦးမည်။

တစ်ညလုံး ဆီးနှင်းတွေ ကျသည်။

လေးလက်မ... ငါးလက်မလောက် ထု ရှိသည်။

သို့သော်လည်း အက်ပယ်လ် တည်းခိုခန်းတွင် ပိုင်ရှင်နှင့်အတူ ပက်ကော်ဖီသောက်နေချိန်၌ လမ်းပေါ်က ဆီးနှင်းခဲများကို အလုပ်သမားများဖြင့် ရှင်းပြီး ဖြစ်နေလေပြီ။

အက်ပယ်လ်ဂျန်းရှင်းမြို့ထဲ ကားမောင်းရသည်မှာ အလွန်စိတ်ပျက်စရာကောင်းလှပါသည်။

ဘာတစ်ခုမှ စိတ်ဝင်စားစရာ မရှိ။

ဆိုင်အတော်များများ ပိတ်ထားသည်။

ခရစ္စမတ်ပွဲတော် အထိမ်းအမှတ်အဖြစ် မီးထွန်းသည့် နေရာဆိုလို့ လမ်းမကြီးတစ်နေရာမှာသာ ရှိသည်။

ကျန်သည့် နေရာများတွင် ဘာထူးခြားချက်မှ မရှိ။

အိမ်တွေက အိမ်ဟောင်းတွေ ဖြစ်သည်။

အိမ်သစ်တစ်လုံးမှ မတွေ့ရ။

လမ်းဘေးမှာ ရပ်ထားသည့် ကားအားလုံးကလည်း ကားဟောင်းတွေချည်း ဖြစ်သည်။

အိမ်ပြင် ထွက်သည့် လူကိုလည်း မတွေ့ရသလောက် ရှိသည်။ အနည်းအကျဉ်းသာ ထွက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်မြို့သူမြို့သားများသည် အက်ဘီဂေးလ်လိုပင် အမွေးအတောင် စုံလျှင် သည်မြို့ကို ကျောခိုင်းစွန့်ခွာပြီး ရေကြည်ရာ မြက်နုရာ ရှာဖွေ သွားရောက်လေ သလားဟု ပက် တွေးကြည့်သည်။

ထိုသို့ သွားသည် ဆိုလျှင်လည်း သူတို့ကို မည်သို့ အပြစ်ဆိုနိုင်ပါမည်နည်း။

'အက်ပယ်လ်ဂျန်းနင်း အပတ်စဉ် သတင်းစာ' ဟူသော ဆိုင်းဘုတ်ကို တစ်နေရာတွင် မြင်လိုက်ရသောအခါ ပက်သည် သူ့မော်တော်ကားကို ထိုအဆောက် အအုံရှေ့တွင် အလိုလို ထိုးရပ်မိပြီးသား ဖြစ်နေတော့သည်။

သတင်းစာတိုက်ထဲသို့ သူ ဝင်သွားသည်။

လူနှစ်ယောက် အလုပ်လုပ်နေသည်ကို တွေ့ရသည်။

ခပ်ရွယ်ရွယ် အမျိုးသမီးတစ်ယောက်က တယ်လီဖုန်းနှင့် ကြော်ငြာ လက်ခံနေသည်။

အသက် ၆၀ လောက် အမျိုးသားကြီးတစ်ယောက်ကတော့ ရှိုးရှိုး လက်နှိပ်စက်တစ်လုံးဖြင့် တချောက်ချောက် ရိုက်နေသည်။

လက်နှိပ်စက် ရိုက်နေသူမှာ ထို 'အက်ပယ်လ်ဂျန်းရှင်း သတင်းစာ' ပိုင်ရှင် လည်း ဖြစ်၊ အယ်ဒီတာလည်း ဖြစ်သော အက်ဒွင်ရှက်ဖတ် ဖြစ်သည်။ ပက်ကို လှိုက်လှဲပျူငှာစွာ ကြိုဆိုလက်ခံသည်။

အက်ဘီဂေးလ်အကြောင်း ပက် သိထားသည်ထက် ပို၍ ထူးခြားအောင် သူ ဘာမှ မပြောပြနိုင်ပါ။

သို့သော်လည်း အက်ဘီဂေးလ် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မယ်ရွေးပွဲသတင်း ပါသော သတင်းစာ အဟောင်းများကိုတော့ သူ စိတ်အားထက်သန်စွာ ရှာဖွေပေး သည်။

အက်ပယ်လ်ဂျန်းရှင်းမြို့ မယ်ရွေးပွဲနှင့် နယူးယောက်ပြည်နယ် မယ်ရွေးပွဲ သတင်းများ ဖြစ်သည်။

နယူးယောက်ပြည်နယ် မယ်ရွေးပွဲ ဓာတ်ပုံကတော့ ပက် ရှာဖွေ တွေ့ရှိ ထားပြီး ဖြစ်သည်။

သို့သော်လည်း အက်ပယ်လ်ဂျန်းရှင်းမြို့ မယ်ရွေးပွဲ ပုံကိုတော့ မတွေ့ရ သေးပေ။

ယခု အက်ဒွင်ရှက်ဖတ် ရှာပေးတော့မှပဲ တွေ့ရခြင်း ဖြစ်သည်။

ဆုယူ စင်မြင့်တွင် အက်ဘီ ရပ်နေသည်။

သူ့ပတ်လည်တွင် ပြိုင်ပွဲဝင် အခြားအမျိုးသမီး သုံးယောက် ခြံရံနေသည်။

အားလုံး ပြုံးနေကြသည်။

အစွန်ဆုံးမှ မိန်းကလေးသည် အီသယ်စတပ်ဘင်စ် ဖြစ်ကြောင်း ပက် ချက်ချင်း သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူလည်း ဝမ်းသာအားရ ပြုံးနေသည်။

သို့သော်လည်း အက်ဘီဂေးလ်၏ အပြုံးကတော့ အေးတိအေးစက်နိုင်လှသည်။ မဲ့ပြုံး ပြုံးနေသည်ဟု ဆိုနိုင်သည်။ သည်နေရာနှင့် သူ နည်းနည်းကလေးမှ မအပ်စပ်သည့် ပုံမျိုး။

"နောက်ထပ် ပုံတွေ အတွင်းထဲမှာ အများကြီး ရှိသေးတယ်"

အယ်ဒီတာ ရှက်ဖတ်က လောကွတ်လုပ်ပြီး အတွင်းစာမျက်နှာများကို လှန်လှောပြသည်။

ပက် ပါးစပ် ဟောင်းလောင်းပွင့်သွားသည်။

သွယ်သွယ်လျလျဖြင့် အလွန်လှပသည့် အက်ဘီဂေးလ်လို မိန်းကလေးမျိုးကို ဂင်တိုတိုနှင့် ပုံပျက်ချင်တိုင်း ပျက်လောက်အောင် ဝနေသော အမျိုးသမီးကြီးက ဘယ်လိုလုပ်ပြီးတော့များ မွေးထုတ်လိုက်ပါလိမ့်ဟု စဉ်းစားစရာပင် ဖြစ်တော့သည်။

ပုံစာက- 'အယ်ပယ်လ်ဂျန်းရှင်း အလှမယ်အား သူ့မိခင်က နှုတ်ဆက်နေပုံ' ဟု ရေးသားထားလေသည်။

"အဲဒီသတင်းစာတွေ ယူသွားလေ၊ ကျုပ်မှာ ကော်ပီအပိုတွေ ရှိပါတယ်၊ ခင်ဗျားရဲ့ အထူးအစီအစဉ်ထဲမှာ အဲဒါတွေ ထည့်သုံးမယ်ဆိုရင် အထောက်အထား ရတဲ့ နေရာလေး ဖော်ပြဖို့သာ မမေ့ပါနဲ့"

အက်ဒွင်ရှက်ဖတ်က အတင်းတိုးပေးနေသည်။

ငြင်း၍ မဖြစ်နိုင်တော့ကြောင်း ပက် သဘောပေါက်သွားသည်။ အလွန်ဝသော မိခင်နှင့် အလွန်လှသော သမီးတို့၏ ပုံကတော့ သုံးပျော်ကြောင်းလည်း သူ စိတ်ကူးပေါက်လိုက်ပါသည်။

ကျေးဇူးတင်စကား ပြောပြီး ခပ်မြန်မြန် ထွက်ခဲ့ရသည်။

ဗဟိုလမ်းမကြီးအတိုင်း မိုင်ဝက်လောက် မောင်းမိတော့ မြို့အနေအထားက ပြောင်းလာသည်။

လမ်းတွေ ကျယ်လာသည်။ ဝင်းကြီး ခြံကြီးများ၊ အိမ်ကြီးရခိုင်များ၊ တိုက်ကြီးတာကြီးများကို တွေ့လာရသည်။ အိမ်များ၊ ဝင်းခြံများကိုလည်း သပ်သပ်ရပ်ရပ် မွမ်းမံ ပြင်ဆင်ထားကြသည်ကို သတိထားမိသည်။

ဆောင်းဒါးစ်တို့၏ အိမ်ကြီးကို အဝါနုရောင် ဆေးသုတ်ထားသည်။ တရုတ်ကပ်မှန်များကတော့ အနက်ရောင် ဖြစ်သည်။ ထောင့်အိမ် ဖြစ်ပြီး ခြံဝမှ အိမ်ဆီသို့ ရောက်အောင် ဝင်သွားရသည့် ကားလမ်းကလည်း အထိုက်အလျောက် ရှည်လျားသည်။ ထိုကားလမ်း ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်များ စီတန်းစိုက်ပျိုးထားသည်။

ဗိသုကာ လက်ရာမြောက်လှသော အိမ်ကြီး ဖြစ်ကြောင်း ပက် ချက်ချင်း သတိပြုလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာ ကားရပ်ပြီး လှေကားအတိုင်း တက်သွားကာ အနီးကပ်ကြည့်မှတော့မှ ဆေးများ ကွာစပြုနေသည်ကို လည်းကောင်း၊ ပြတင်းပေါက်ပေါင်များမှ သစ်သားများ ပျက်စီးစပြုနေသည်ကို လည်းကောင်း သတိပြုမိလေသည်။

လူခေါ်ခလုတ်ကလေးကို နှိပ်လိုက်သောအခါ အတွင်းဘက်တွင် ခေါင်းလောင်းမြည်သွားသံကို သဲ့သဲ့ ကြားလိုက်ရလေသည်။

ဆံပင်ဖြူနေပြီဖြစ်သော ပိန်ပိန်ပါးပါး အမျိုးသမီးကြီးတစ်ယောက် ထွက်လာသည်။ ခါးစည်းအဝတ်ကို တစ်ပိုင်းဖုံးရုံ စည်းထားသည်။

"မစ္စတာဆောင်းဒါးစ်က မျှော်နေပါတယ် ရှင်၊ စာကြည့်ခန်းထဲမှာ ရှိပါတယ်"

ဟု အမျိုးသမီးကြီးက ပြောသည်။

မရမ်းရောင် ကတ္တီပါ ဂျာကင်အင်္ကျီ ဝတ်ထားသော ဂျရယ်မီဆောင်းဒါးစ်သည် မီးလင်းဖိုရှေ့ရှိ နောက်မှီ မြင့်သော ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။ မျက်ထောက်ကို ချိတ်ထားသည်။

လှိုင်းထနေသည့် ဆံပင်များက လှသည်။ မျက်လုံးများကတော့ ကြည့်လိုက်လျှင် အရက်သမားမှန်း သိသာပါသည်။

ကုလားထိုင် လက်ကိုင်ကို အားပြုပြီး သူ ထိုင်ရာမှ ထကာ ဆီးကြိုနှုတ်ဆက်သည်။

"မစ္စထရေးမိုး…"

အသံကတော့ ကောင်းစွာ လေ့ကျင့်ပေးထားသည့် အထက်တန်းစားတို့၏ အသံမျိုး ဖြစ်လေသည်။

"မင်းဟာ ပက်ထရီရှာထရေးမိုး ဖြစ်ကြောင်း တယ်လီဖုန်းနဲ့ စကားပြောတုန်းက မပြောဘဲကိုး"

"ပြောပြရလောက်အောင်လည်း ကျွန်မက မကြီးကျယ်ပါဘူး ရှင်"

ပက်က ပြုံးရင်း ပြန်ဖြေသည်။

"ဘယ့်နှယ် မကြီးကျယ်ရမှာလဲ၊ မင်းကို မင်းလည်း ဒါလောက် မနှိမ့်ချပါနဲ့။ မင်းဟာ အက်ဘီဂေးလ် အကြောင်း အထူးအစီအစဉ်တစ်ခုကို စီစဉ်တင်ဆက်မယ့် မိန်းကလေးပဲ"

သူနှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်တွင် ဝင်ထိုင်ရန် လက်ဖြင့်ယမ်းပြသည်။

"ဘလဒ်မေရီ သောက်မယ်နော်"

"ကျေးဇူးတင်ပါတယ် ရှင်"

သူ့အနားက ဘလဒ်မေရီ အရက်ပုလင်းမှာ တစ်ဝက်ကျိုးနှင့်နေသည်ကို သတိထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော် အမျိုးသမီးကြီးက ပက်၏ ကုတ်အင်္ကျီကို သိမ်းပေးသည်။

"ကျေးဇူးတင်ပါတယ် အင်နာ၊ အခုအချိန်မှာ မင်း အကူအညီကို ဒါလောက်ပဲ လိုပါသေးတယ်၊ ခဏကြာရင်တော့ မစ္စထရေးမိုးက နေ့လယ်စာကို ကျုပ်နဲ့ အတူတူ စားလိမ့်မယ်"

ဂျူရယ်မီဆောင်းဒါးစ်၏ လေယူလေသိမ်းသည် အိမ်ဖော် အမျိုးသမီးနှင့် ပြောသောအခါ ပိုပြီး ကိန်းကြီးခန်းကြီးနိုင်ကာ ပို၍လည်း အူကြောင်ကြောင် ဖြစ်နေလေသည်။

အိမ်ဖော် အမျိုးသမီးက အခန်းထဲမှ ထွက်သွားသည်။

"မင်း တံခါးပိတ်ထားခဲ့နိုင်ပါတယ် အင်နာ၊ ကျေးဇူးတင်ပါတယ်"

တံခါးခလုတ်ကျသံ ကြားသည်အထိ ဆောင်းဒါးစ်က စောင့်နေသည်။ ခလုတ်ကျသံ ကြားတော့ သူ သက်ပြင်းချသည်။

"ဒီခေတ်မှာ အိမ်ဖော်ကောင်းကောင်း ဆိုတာ ရဖို့ မဖြစ်နိုင်တော့ဘူး၊ မီးဖိုချောင်ကို ဖရန့်ဆေးဖော်စတာက ကြီးကြပ်ကွပ်ကဲပြီး ထမင်းစားခန်းကို အက်ဘီက ပြင်ဆင် မွမ်းမံပေးတဲ့ ခေတ်မျိုးကိုတော့ ဘယ်လိုမှ ပြန်မရောက်နိုင်တော့ပါဘူး၊ သူတို့လို တော်တဲ့ အိမ်အကူမျိုး မရနိုင်တော့ဘူး"

သူ လွမ်းလွမ်းဆွေးဆွေး ပြန်လည် တမ်းတနေပုံပေါ်သည်။

ပက်က တစ်စုံတစ်ရာ ပြန်မပြောဘဲ ငြိမ်နေသည်။ သည့်လူကြီး ရက်စက်ကြမ်းကြုတ်သည့် အကြောင်းများမှာ မကြားချင် အဆုံး ဖြစ်ခဲ့လေသည်။

သူ ညွှန်ပြသည့် ကုလားထိုင်မှာ ပက်က ဝင်ထိုင်သည်။ သူ ကမ်းပေးသည့် အရက်ခွက်ကို လှမ်းယူသည်။ သူ ဘာပြောမလဲဟု စောင့်နေသည်။

ဆောင်းဒါးစ်က မျက်လုံး တစ်ဖက်ကို မြှင့်လိုက်သည်။

"မင်းမှာ အသံသွင်းစက် မပါဘူးလား"

"ပါပါတယ်ရှင်… ဒါပေမဲ့ ရှင်က မသုံးစေချင်ရင် ကျွန်မ မသုံးပါဘူး"

"ဒီလို မဟုတ်ပါဘူး၊ ကျုပ် ပြောတဲ့ စကားလုံးတိုင်း စကားလုံးတိုင်းကို မပျောက် မပျက် တည်ရှိနေစေချင်တယ်၊ ကျုပ် ပြောတဲ့အတိုင်း အသံဖမ်းယူထားစေချင်တယ်၊ ဘာကြောင့်လဲ ဆိုတော့ တစ်နေ့ကျရင် ဆီးနိတ်တာ အက်ဘီဖော်စတာ … အဲ စိတ်မရှိပါနဲ့ ဆီနိတ်တာအက်ဘီဂေးလ်ကျင်းနင်း၊ အထိမ်းအမှတ် စာကြည့်တိုက်ကြီးတွေ ဘာတွေများ တည်ထောင်ဖြစ်ရင် သူ့ မကောင်းကြောင်း ကျုပ် ပြောတာ နားထောင်ချင်တဲ့ လူတွေ ရှိလာရင် ခလုတ်ကလေး နှိပ်လိုက်ရုံနဲ့ နားထောင်နိုင်ကြတာပေါ့"

ပက်က ဘာမှ ပြန်မပြောဘဲ လွယ်အိတ်ထဲမှ အသံသွင်းစက်နှင့် မှတ်စုစာအုပ်ကို တိတ်ဆိတ်စွာ ထုတ်ယူသည်။ မိမိ ကြားရတော့မည့် အကြောင်းအရာများသည် ဘယ်လိုမှ အသုံးဝင်တော့မည် မဟုတ်ကြောင်းကိုလည်း ပက်က သဘောပေါက် နားလည်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆီနိတ်တာရဲ့ ဘဝကို ရှင် မျက်ခြည်မပြတ် စောင့်ကြည့်နေတာပေါ့ နော်"

ပက်က ရေလာမြောင်းပေး စကားပြောလိုက်သည်။

"မျက်တောင်ကလေး တစ်ချက်တောင် မခတ်ဘဲ စောင့်ကြည့်နေပါတယ် ဗျာ အက်ဘီကို ကျုပ် အများကြီး အထင်ကြီးပါတယ်၊ သူ ဆယ့်ခုနစ်နှစ်သမီး အရွယ် သူ့အမေရဲ့ အိမ်အလုပ်တွေကို ဝိုင်းကူလုပ်ကတည်းက သူ့ကို ကျုပ် အထင်ကြီးခဲ့တာပဲ၊ အင်မတန် လိမ္မာရေးခြားရှိတဲ့ မိန်းကလေးပါ"

"ရှင့်အမေကို ကူညီတာနဲ့ ပတ်သက်လို့ရော လိမ္မာရေးခြား ရှိတယ်လို့ ဆိုနိုင်ပါသလား"

"ကျုပ်အမေကို ကူညီတာနဲ့ ပတ်သက်လို့တော့ အဲဒီလို မပြောနိုင်ဘူး၊ မျှော်လင့်ချက် ရှိလို့ ကူညီတာလေ၊ အမွေတွေ အားလုံးကို သိမ်းကျုံးရတော့မယ့် သူတို့ရဲ့ တစ်ဦးတည်းသော သားချောကြီးက ယေးလ်တက္ကသိုလ်ကနေ အိမ်ပြန် လာတော့မယ် မဟုတ်လား၊ ဒါလောက်ဆိုရင် ပုံပေါ်ရောပေါ့… ဟုတ်ပြီလား"

"သားချောကြီး ဆိုတာက ရှင်ပေါ့လေ"

ပက်က စိတ်မပါဘဲ ပြုံးပြသည်။ ဆောင်းဒါးစ်သည် ငေါ့လွန်းနေသည်။ သူကိုယ်သူလည်း အမွှမ်းတင်လွန်းနေသည်။ ထိုအချက်များကြောင့်ပင် သူ့ကို အထင်သေးစရာ ဖြစ်နေတော့သည်။

"မင်း ခန့်မှန်းကြည့်နိုင်သားပဲ၊ သတင်းစာထဲမှာ သူ့ဓာတ်ပုံတွေ မကြာ ခဏ ပါတာကို တွေ့ရတယ်၊ ဒါပေမဲ့ ဓာတ်ပုံနဲ့ အပြင်ရုပ်ဟာ တူချင်မှ တူတာ မဟုတ်လား၊ အက်ဘီက ဓာတ်ပုံ သိပ်စားတယ်၊ အပြင်မှာရော သူ့ရုပ်က ဘယ်လို နေသလဲ"

"သူ သိပ်ကို လှတာပါပဲရှင်"

ပက်က ပြန်ဖြေသည်။

ဆောင်းဒါးစ် မကျေမနပ် ဖြစ်သွားပုံရသည်။ ဆီနိတ်တာဟာ မျက်နှာ အရေပြားတွေ တင်းအောင် ခွဲစိတ်ကုသထားပါတယ် ဆိုတာမျိုး သူ ကြားချင်ပုံရ ကြောင်း ပက်က သေချာပေါက် သိလေသည်။

အလွန်ချောပြီး အလွန်ငယ်ရွယ်ခဲ့သည့် အက်ဘီသည် ဂျရယ်မီဆောင်းဒါးစ် ဆို လူမျိုးကို မျက်စိကျခဲ့ဖူးသည် ဆိုခြင်းမှာ ဘယ်လိုမှ မယုံကြည်နိုင်စရာတောင် ဖြစ်လာသည်ဟု ပက် စဉ်းစားကြည့်သည်။

"တိုဘီဂေါ်ဂွန်းရော ဘယ်လို နေသလဲ။ အက်ဘီရဲ့ ရုံရှေ့တော် လုပ်လိုက်၊ ဘေးကျွန် လုပ်လိုက်နဲ့ တာဝန်ထမ်းဆောင်နေတုန်းပဲလား"

ဆောင်းဒါးစ်က မေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တိုဘီက ဆီနိတ်တာအတွက် အလုပ် လုပ်ပေးနေတာပါ၊ ဆီနိတ်တာရဲ့ အခွန်အတာကိုလည်း သူ အင်မတန် ခံတယ်၊ ဆီနိတ်တာကလည်း သူ့ကို သိပ် အားကိုးပုံရပါတယ်"

သူ သုံးလိုက်သည့် 'ရဲရွေတော်နှင့် ကျေးကျွန်' ဆိုသော စကားလုံးကိုပင် စဉ်းစားကြည့်နေသည်။ တိုဘီနှင့် အက်ဘီဂေးလ်ဂျင်းနင်းတို့၏ ဆက်ဆံရေးကို ကြည့်လျှင် ထိုစကားလုံးများသည် အလျော်ကန်ဆုံး ဖြစ်ကြောင်းတော့ ပက် သဘောပေါက်သွားပါသည်။

"သူတို့နှစ်ယောက်ဟာ ကနေ့ထက်တိုင်အောင် မီးဖိုထဲမှာ ဖုတ်ထားတဲ့ သစ်အယ်သီးကို လုစားနေတုန်းပဲလို့ ကျုပ် ထင်တယ်"

"အဲဒါ ဘာကို ဆိုလိုတာပါလဲ ရှင်"

ဂျူရယ်မီက လက်မြှောက်ပြလိုက်သည်။

"ထားလိုက်ပါတော့၊ ဘာမှ မဟုတ်ပါဘူး၊ အိမ်နီးချင်း မွေးတဲ့ ခွေးကိုက် ခံရမယ့်ဘေးက အက်ဘီကို သူ ဘယ်လို ကယ်လိုက်ကြောင်း တိုဘီက မင်းကို ပြောပြပြီးပြီ ဆိုတာတော့ သေချာတယ်"

"ဟုတ်ကဲ့၊ သူ ပြောပါတယ်"

"ဒီလိုဆိုရင် တစ်ညမှာ ခိုးထားတဲ့ ကားကို သူ အပျော်မောင်းသွားလို့ အမှုဖြစ်တဲ့အခါ အက်ဘီက သူနဲ့အတူ ရှိနေပါတယ်လို့ သက်သေထွက်ပေးတာ ရော သူ ပြောပြဖူးသေးလား"

"မပြောဖူးပါဘူး၊ အပျော်မောင်းသွားတယ် ဆိုရင် သိပ်ကြီးကျယ်တဲ့ ရာဇဝတ်မှုတော့ မဟုတ်နိုင်ဘူးပေါ့နော်"

"သူ့ကို ဖမ်းဖို့ လိုက်တဲ့ ရဲကားက မထိန်းနိုင်လို့ လမ်းဘေးမှာ ရှိနေ... သားအမိ သုံးယောက်ကို တိုက်သတ်လိုက်မိတဲ့အခါကျတော့ အမှုက ကြီးသွားတော့ တာပေါ့ကွာ၊ သူနဲ့ ရုပ်ချင်းတူတဲ့ လူတစ်ယောက် အခိုးခံရတဲ့ ကားနားမှာ မယော... မလည် လုပ်နေတာ တွေ့တယ်ဆိုတဲ့ ထွက်ဆိုချက် ရှိတယ်။

"ဒါပေမဲ့... အက်ဘီဂေးလ်က အဲဒီအမှု ဖြစ်ပွားတဲ့အချိန်မှာ တိုဘီ... သူ အင်္ဂလိပ်စာ ပြပေးနေပါတယ်လို့ သက်သေထွက်တယ်၊ ဟောဒီ အိမ်ထဲ... စာပြပေးနေတာပါတဲ့၊ အက်ဘီဂေးလ်ရဲ့ အဲဒီ ထွက်ဆိုချက် တစ်ခုတည်းနဲ့ တိုး... ပါလို့ သေသေချာချာ မစွပ်စွဲနိုင်တဲ့ မျက်မြင်သက်သေရဲ့ ထွက်ဆိုချက် ပျက်... တာပဲ၊ ဘာမှ အရေးမယူတော့ဘူး၊ ကားခိုးပြီး အပျော်မောင်းပြေးသူကိုလ... ဖမ်းမမိတော့ဘူး၊ လူပေါင်း များစွာကတော့ တိုဘီဂေါ်ဝှန်းပဲ ဖြစ်ရမယ်လို့ ယုံကြ... ကြတယ်၊ သူဟာ စက်ပစ္စည်းနဲ့ ပတ်သက်လာရင် သိပ်စိတ်ဝင်စားတယ်၊ အခိုး... ရတဲ့ ကားကလည်း ပြိုင်ကားအသစ်၊ သူ စိတ်ဝင်စားတဲ့ ကားမျိုးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆီနိတ်တာက သူ့အတွက် လိမ်လည်ပြီး သက်သေခံပေးတယ်လို့ ရှင်ဆိုလိုချင်တာလား ဟင်"

"ဘယ်လိုမှ ဆိုလိုချင်တာ မဟုတ်ပါဘူးဗျာ၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ… ဒီအရပ်မှာ ရှိတဲ့ လူတွေကတော့ မှတ်ဉာဏ် အင်မတန်ကောင်းကြတယ်၊ အချိန်တွေ ဘယ်လောက်ကြာကြာ ရှေးတုန်းက အဖြစ်အပျက်တွေကို မှတ်မိကြတယ်၊ အက်ဘီဂေးလ်က ကျမ်းကိုင်ပြီး အစစ်ခံခဲ့တာပါ၊ တိုဘီကို အဲဒီပြိုင်ကားထဲမှာ ဆတ်ပူးလက်ကြပ် မိရင်လည်း သူ ဘာမှ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ သူဟာ ဆယ့်ခြောက်နှစ်မှ မပြည့်သေးဘဲကိုး၊ ကလေးသူငယ် အက်ဥပဒေထဲမှာ အကျုံးဝင်သွားတာပေါ့၊ အဲဒီအချိန်မှာ အသက် ဆယ့်ရှစ်နှစ် ပြည့်ပြီး ဖြစ်နေတဲ့ အက်ဘီဂေးလ်သာ လိမ်လည်ထွက်ဆိုမှုနဲ့ အပြစ်ရနိုင်စရာ အကြောင်းရှိတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ…၊ တိုဘီကတော့ ဟန်ကျသွားတာပါပဲ၊ အင်္ဂလိပ်စာမှာ သူ သဒ္ဒါ တော်တော်တိုးတက်နေပြီလား"

"ကျွန်မကတော့ သူ စာတတ်တယ်လို့ ထင်တာပါပဲ"

"သူနဲ့ စကားကြာကြာ ပြောကြည့်ရင် သိပါတယ်၊ ကဲ… အက်ဘီဂေးလ်အကြောင်း ကျုပ်ကို ပြောပြပါဦး၊ သူက ယောက်ျားတွေကို အင်မတန် သဘောကျတဲ့ မိန်းမ၊ အခုရော ဘယ်ယောက်ျားနဲ့ ငြိနေပြန်သလဲ"

"ဘယ်သူနဲ့မှ ငြိမနေပါဘူး၊ သူ ပြောပြတဲ့အတိုင်း ဆိုရင် သူ့ယောက်ျား ကို သူ အရမ်းချစ်တာပဲ၊ ဘာနဲ့မှ အစားထိုးလို့တောင် မရနိုင်ပါဘူး"

"ဆိုပါတော့… ဆိုပါတော့…"

ဂျူရယ်မီဆောင်းဒါးစ်က ဖန်ခွက်ထဲက လက်ကျန်အရက်ကို ရှင်းလိုက်သည်။

"သူ့မှာ မျိုးရိုးရယ်၊ နောက်ကြောင်းရယ် မရှိဘူးလို့တော့ မင်း မထင်လိုက်ပါနဲ့၊ သူ့အဖေ အရက်သမား ရှိတယ်၊ သေအောင်ကို အရက်သောက်သွားတဲ့ လူ။ သူ ခြောက်နှစ်သမီးလောက်က သေသွားတယ်၊ နောက်ပြီးတော့ အိုးတွေ ခွက်တွေကြားမှာပဲ နေနေတဲ့ သူ့အမေ ထမင်းချက် ရှိတယ်"

မိမိ၏ အစီအစဉ်ထဲတွင် သုံး၍ရနိုင်သော အချက်ကလေးများ ထွက်လာအောင် လုပ်ဦးမှပဲဟု ပက်က ဆုံးဖြတ်လိုက်လေသည်။

"ဒီအိမ်ကြီးအကြောင်း ပြောပြပါဦးလား ရှင်၊ အက်ဘီဂေးလ်က ဒီအိမ်ကြီး ထဲမှာပဲ ကြီးပြင်းခဲ့တာ မဟုတ်ပါလား၊ ဒီအိမ်ကြီးကို ရှင့်မိသားစုက ဆောက်ခဲ့တာ လား"

ဂျူရယ်မီဆောင်းဒါးစ်သည် သူ့အိမ်ကြီးနှင့် သူ့မိသားစုအတွက် အလွန် မာန်မာနတက်ပြီး ဂုဏ်ယူနေသူ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နာရီလုံးလုံး အရက်ကို မပြတ်တမ်း သောက်ရင်း သူတို့ မျိုးရိုး ကြီးကျယ်ပုံနှင့် သည်အိမ်ကြီးကို သူတို့မိသားစု မည်သို့မည်ပုံ ဆောက်ခဲ့ ကြောင်းများကို မနားတမ်း ပြောလေတော့သည်။

"ဇာတ်လမ်းကတော့ ဒါပါပဲ၊ ဒါပေမဲ့ ဆောင်းဒါးစ်ရဲ့ နာမည်ကို ဆက်ခံ သွားမယ့် မျိုးဆက် ပြတ်သွားတဲ့အတွက်တော့ ကျုပ် သိပ်ကို ဝမ်းနည်းမိတယ်"

သူ့ဇာတ်လမ်းကို အဆုံးသတ်လိုက်ရင်း ပြောသည်။ ပြီးတော့ ပက်ကို သူ ပြုံးကြည့်သည်။

"မင်းဟာ အင်မတန် နားထောင်တတ်တဲ့ မိန်းကလေးပဲ၊ ကျုပ် သိပ်ပြီး လေကြောရှည်မသွားပါဘူးနော်"

ပက်ကလည်း ပြန်ပြုံးပြသည်။

"မရှည်ပါဘူး ရှင်၊ ကျွန်မ အမေကလည်း သူတို့ မိသားစုအကြောင်း ပြောပြပါတယ်၊ ဒါကြောင့် ကျွန်မအဖို့ ဒါမျိုးတွေ နားထောင်ရတာ နားယဉ်နေပါပြီ"

"ဒီလိုဆိုရင် မင်းမိသားစုအကြောင်း ပြောပြပါဦးလား၊ မင်း နေ့လယ်စာ စားသွားမှာပဲ၊ အချိန်ရပါတယ်"

"ပြောပြခွင့် ကြုံမယ်ဆိုရင် ဝမ်းသာပါတယ်"

"ဒီလိုဆိုရင် နေ့လယ်စာကို ဒီနေရာမှာပဲ စားလိုက်ကြရအောင်၊ ထမင်း စားခန်းထဲမှာထက် ပိုပြီး သက်သောင့်သက်သာ ရှိပါတယ်၊ မင်း စိတ်တိုင်းကျပါ တယ်နော်"

ထမင်းစားခန်းထဲမှာထက် အရက်ပုလင်းနှင့် ပိုနီးသည့် နေရာကို သူ ရွေးခြင်း ဖြစ်ကြောင်း ပက်က စိတ်ထဲမှာ ကျိတ်ပြီး မှတ်ချက်ချနေမိသည်။

အက်ဘီဂေးလ်ဂျင်းနှင့်အကြောင်း စကားဦး ပြန်လည်အောင် အကွက် ချောင်းဖို့လောက်ပဲ ပက်က စိတ်ဝင်စားနေသည်။

"ကျုပ် ဖနီး ခရီးသွားနေချိန်ဆိုရင် အင်နာကပဲ အချက်အပြုတ် တာဝန် ယူတယ်၊ မင်းတော့ ခံတွင်းတွေ့ချင်မှ တွေ့မယ်၊ အက်ဘီရဲ့ အမေလို ထမင်းချက် မျိုးတော့ ဘယ်တော့မှ ရနိုင်တော့မှာ မဟုတ်ဘူး၊ ဟုတ်တယ်... ဖရန့်ဆေဖော်စတာ ဟာ သူ့လက်ရာနဲ့ ပတ်သက်ပြီးတော့လည်း သူ အမြဲ ဂုဏ်ယူတယ်၊ ဘာချက်ချက် ကောင်းတယ်၊ လက်ဆိပ်ကို ပါတဲ့ အမျိုးသမီးကြီး၊ အက်ဘီရော ကိုယ်တိုင် ချက်သလား"

"ကျွန်မ မသိပါဘူးရှင်"

ပက်က ပြန်ဖြေသည်။ ပက်၏ အသံသည် သူ့ကိုယ်သူ ယုံကြည် စေရောကထက် ပိုရှိလာကြောင်း ဖော်ပြနေသည်။

"မစ္စတာဆောင်းဒါးစ်... ရှင်ဟာ ဆိုနီတ်တာဂျင်းနှင့်အပေါ် စိတ်ဆို နေတယ်လို့ ကျွန်မ ထင်နေပါတယ်၊ ကျွန်မ မှားများသွားပါသလား ရှင်၊ ကျွန်

www.burmeseclassic.com



သည်ထားတာကတော့ တစ်ချိန်တုန်းက ရှင်တို့နှစ်ယောက်ဟာ အပြန်အလှန် ချစ်ခင်ခဲ့ကြဖူးတယ် ဆိုတာပါပဲ''

''အက်ဘီကို ကျုပ်က စိတ်ဆိုးနေသလား၊ စိတ်ဆိုးသလား…''

သူ့အသံ လေးလေးပင်ပင်ကြီး ဖြစ်လာသည်။ စကားလုံးများလည်း သိပ်ပြီး မပီချင်တော့။ ဝါးတားတား ဖြစ်လာသည်။

''မင်းကို အရူးလုပ်ပြီး သူ့ကိုယ်သူတော့ ထိပ်တန်းရောက်တဲ့အထိ အောင်မြင်အောင် လုပ်သွားတဲ့ လူတစ်ယောက်ကို မင်း စိတ်မဆိုးဘဲ နေမလား''

ဟု သူက ဆက်မေးသည်။

စလာပြီ… စလာပြီ။ စိတ် အဆွခံလိုက်ရသောအခါတွင် ဖုံးဖိထားသည် များကို ဖွင့်ချတတ်ကြသော လူတို့၏ စရိုက်အတိုင်း အိတ်သွန်ဖာမှောက် ပြောဖို့ အစရလာပြီ ဖြစ်ကြောင်း ပက် သဘောပေါက် နားလည်လိုက်လေသည်။

အကြိမ်ပေါင်းများစွာ အင်တာဗျူး လုပ်ခဲ့သည့် သူ၏ အတွေ့အကြုံများက သူ့ကို ဒါမျိုး သင်ပြပေးထားပြီး ဖြစ်သည်။

ပက်က ဆောင်းဒါးစ်ကို အကဲခတ်နေသည်။ ယစ်ထုပ်ကြီးသည် သူ့ စိတ်အကြောင်းကို ပြန်ပြောင်းစဉ်းစားနေသည်။ သူသည် ဟန်ဆောင်တတ်သူ မဟုတ်ပုံမရပါ။ နာကြည်းခြင်း၊ ဒေါသဖြစ်ခြင်းများကို ဟန်မဆောင်တတ်သော သူ၏ မျက်လုံးထဲမှာ အထင်းသား မြင်တွေ့နေရပေသည်။

''အက်ဘီဂေးလ်…''

နာမည်ကို သူ ခေါ်သည်။ သူ့လေသံ တည်ငြိမ်နေသည်။

''အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်က ဆီးနိတ်လွှတ်တော် အမတ်…''

ခေါင်းညွတ်ပြီး သူ အလေးပြုလိုက်သည်။

''ခင်မင်လေးစားအပ်ပါတဲ့ ပက်ထရီရှာထရေးမိုး ခင်ဗျား… မိန်းကလေး ဟာ အက်ဘီဂေးလ်ရဲ့ တစ်ချိန်တုန်းက ခင်ပွန်းလောင်း ဖြစ်ခဲ့ဖူးသူနဲ့ စကားပြော နေတာ ဖြစ်ပါတယ်''

ပက်ထရီရှာ အံ့အားသင့်သွားသည်။ အချိန်မီ ဖုံးဖိလိုက်နိုင်ခြင်းပင် မရှိတော့ချေ။

''ရှင်နဲ့ အက်ဘီဂေးလ်တို့ နှစ်ယောက် စေ့စပ်ခဲ့ကြပါသလား''

ဟုလည်း အံ့ဩသံနှင့် မေးသည်။

''အဲဒီနေ့တုန်းက ဒီအိမ်ကြီးမှာ သူ ရှိတယ်၊ အချိန်ကာလအားဖြင့်တော့ သိပ်အကြာကြီး မဟုတ်ဘူးပေါ့လေ၊ ဒါပေမဲ့ စီမံကိန်းတွေ ချမှတ်နိုင်လောက်အောင် ထိုလောက်တဲ့ အချိန်ကာလတော့ ရှိပါတယ်၊ သူဟာ ပြည်နယ် မယ်ဘွဲ့ ရထားတယ်၊ ဒါပေမဲ့ ဒီထက်ပိုပြီး ဆက်လုပ်နေစရာ မလိုဘူး ဆိုတဲ့ အသိဉာဏ် သူ့မှာ အလုံ

www.burmeseclassic.com



အလောက် ရှိတယ်၊ အဲဒီလောက်လည်း တော်တယ်၊ အတ္တလန်းတစ်မြို့မှာ ဆက်လုပ်မယ့် ရွေးပွဲကို မသွားသင့်ကြောင်း သူ သိတယ်၊ ရက်ကလစ်တက္ကသိုလ်မှာ ပညာသင် ထောက်ပံ့ကြေးနဲ့ ပညာဆက်သင်ခွင့် ရဖို့ သူ ကြိုးစားတယ်၊ ဒါပေမဲ့ သူ့ရဲ့ သင်္ချာနဲ့ သိပ္ပံဘာသာမှာ ရတဲ့ အမှတ်တွေဟာ ပညာသင်ဆု ရလောက်တဲ့ အမှတ်တွေ မဟုတ်ဘူး၊ ဟုတ်တယ်··· အက်ဘီဟာ ကိုယ့်ရပ် ကိုယ့်ရွာက သာမန် ကောလိပ်ကျောင်းကို တက်ချင်တဲ့ မိန်းမ မဟုတ်ဘူး၊ ဒါလောက်နဲ့ မတင်းတိမ်နိုင်ဘူး၊ တက်ချင်တဲ့ ကျောင်းကို တက်ဖို့ရာကလည်း အမှတ်မမီ၊ ရတဲ့ အမှတ်နဲ့ တက်ရမယ့် ကျောင်းကျတော့လည်း မတက်ချင်၊ သူ့မှာ အဲဒီလို အကျပ်အတည်းနဲ့ တိုးနေတယ်၊ ဒီအကျပ်အတည်းကို ဖြေရှင်းဖို့ စီမံကိန်းတွေ ချတဲ့ နေရာမှာ တိုဘီရဲ့ အကူအညီကို သူ ဘယ်လောက်များ ယူခဲ့ရသလဲ ဆိုတာ ကနေ့ထက်တိုင်အောင် ကျုပ် စဉ်းစားလို့ မရနိုင်အောင် ဖြစ်နေတုန်းပဲ"

အရေးကြီးလာပြီ ဖြစ်သောကြောင့် ပက်က အထူးအာရုံစိုက် နားထောင်နေသည်။

"အဲဒီအချိန်မှာပဲ ကျုပ်ကလည်း ယေးလ်တက္ကသိုလ်ကနေ ဘွဲ့ရလာခါစ၊ အဖေရဲ့ လုပ်ငန်းခွင်တွေထဲကို ဝင်ရတော့မယ့်ဆဲဆဲ၊ အဖေ့လုပ်ငန်းရဲ့ နောင် အလား အလာကိုလည်း ကျုပ်က သိပ်မက်မောမိဘူး၊ တစ်ချိန်တည်းမှာပဲ ကျုပ် အဖေ သူငယ်ချင်းရဲ့ သမီးနဲ့ စေ့စပ်ကြောင်းလမ်းဖို့လည်း လူကြီးတွေက စီစဉ်နေကြတယ်၊ ကျုပ်က သိပ်စိတ်မပါဘူး၊ ကျုပ် စိတ်ကို လှုပ်ရှားစေနိုင်တဲ့ အမျိုးသမီးလည်း မဟုတ်ဘူး။

"ဒီလို အချိန်မျိုးမှာ ကျုပ် အိမ်ထဲမှာက အက်ဘီဂေးလ် ရှိနေတယ်၊ သူနဲ့သာ လက်ထပ်လိုက်နိုင်မယ် ဆိုရင် ကျုပ် ဘယ်လောက် စိတ်ချမ်းသာသွားမယ် ဆိုတာ မက်လောက်အောင် သူက ပြောပြလာတယ်၊ တစ်နေကုန် တစ်နေခန်း ချက်ပြုတ်ပြုတ်ပြီး လုပ်ကိုင်နဲ့ အလုပ်များခဲ့တဲ့ သူ့အမေက ညဘက်မှာ ကုလားသေ ကုလားမော အိပ်တော့တယ်၊ အဲဒီအချိန်မှာ အက်ဘီဂေးလ်က ကျုပ် အိပ်ရာထဲကို တိတ်တိတ်ကလေး ရောက်နေပြီ၊ ပြီးတော့ ကျုပ်တို့ မြို့ ကလပ်အသင်းက ကျင်းပတဲ့ နှစ်ပတ်လည်ကပွဲကြီးကို သူနဲ့အတူ တွဲကတယ်၊ ကျုပ်နဲ့ လက်ထပ်ဖို့ သူက တောင်းဆိုတယ်။

"ကျုပ်တို့ အိမ်ပြန်လာပြီး အိပ်ပျော်နေတဲ့ မိဘတွေကို နှိုးတယ်၊ ပျော်စရာ ကောင်းတဲ့ သတင်းကို ဖွင့်ပြောပြလိုက်တယ်၊ အဲဒီအချိန်မှာ ဘယ်လိုတွေ ဖြစ်ကြတယ် ဆိုတာ မင်း စိတ်ကူးနဲ့ မှန်းကြည့်နိုင်မလား"

ပက်က ငြိမ်နေလိုက်သည်။

"အက်ဘီဂေးလ်ကို အိမ်နောက်ဖေးတံခါးကိုပဲ အသုံးပြုရမယ်လို့ အမိန့် ပေးရတာကို အင်မတန် မြိန်ရေရှက်ရေ ရှိခဲ့တဲ့ ကျုပ်အမေဟာ သူ ပိုးမွေးသင့်

www.burmeseclassic.com

www.burmeseclassic.com



ချွေပြီး စီစဉ်ထားခဲ့တဲ့ သူ့ရဲ့ တစ်ဦးတည်းသော သားနဲ့ ပတ်သက်တဲ့ အစီအစဉ်တွေ အားလုံး ပျက်ပြားကုန်တာကို မျက်ဝါးထင်ထင် မြင်ရတယ်လေ''

''နောက် နှစ်ဆယ့်လေးနာရီ ကြာတော့ အက်ဘီဂေးလ်ဟာ ကျုပ်အဖေ ပေးလိုက်တဲ့ ဒေါ်လာ တစ်သောင်းတန် ချက်လက်မှတ်ရယ်၊ မြို့လူထုက လှူဒါန်း ပေးကမ်းထားတဲ့ အဝတ်အစားကလေးတွေရယ်ကို ပိုက်ပြီး ကျုပ်တို့ မြို့က အပြီး အပိုင် ထွက်ခွာသွားတော့တယ်၊ ရက်ကလစ်တက္ကသိုလ်ကိုလည်း သူ တက်ခွင့် ရသွားတော့တယ်၊ သဘောပေါက်ပြီ မဟုတ်လား၊ အင်မတန် နာမည်ကြီးတဲ့ တက္ကသိုလ်ကို တက်ဖို့ သူ လိုနေတဲ့ တစ်ခုတည်းသော အရာက ငွေ မဟုတ်လား။

''သူ့နောက်ကို ကျုပ် လိုက်သွားပါသေးတယ်၊ သူနဲ့ ပတ်သက်ပြီး ကျုပ် အဖေ ပြောခဲ့တာတွေ အားလုံး တစ်လုံး မကျန် သွေးထွက်အောင် မှန်ပါတယ်လို့ ကျုပ်ကို သူက ပြောလိုက်တယ်လေ၊ ကျုပ် ဒါလောက် နွားကျခဲ့တာကို တစ်သက်လုံး မမေ့ဖို့ ကျုပ်အဖေကလည်း အသက်ထွက်ခါနီး အချိန်အထိ ပြောသွားသေးတယ်၊ ကျုပ် အိမ်ထောင်သက် သုံးဆယ့်ငါးနှစ် ရှိလာပြီ၊ ကျုပ် မိန်းမ အီဗလင်က အက်ဘီဂေးလ် ဆိုတဲ့ နာမည်ကို အခုထက်တိုင်အောင် နားထောင်လို့ မရသေးဘူး၊ ကျုပ်အမေကတော့ ဖရန်ဆေဖော်စတာကို အိမ်ထဲကနေပြီး ပျော်ပျော်ပါးပါးကြီး မောင်းထုတ်ပစ်လိုက်တယ်၊ သားရေပေါ်အိပ် သားရေနားစား လုပ်တယ်၊ အရိပ်နေနေ အခက်ချိုးချိုး လုပ်တယ်လို့ ကျုပ်အမေက ပြောတယ်၊ အဲဒီအချိန်က စပြီးတော့ ကျုပ်တို့လည်း ထမင်းချက်ကောင်းကောင်း မရတော့တာ ဒီကနေ့အထိပဲ''

အခန်းထဲမှ ခြေသံ မကြားအောင် ပက် ထွက်လာသောအချိန်တွင် ဂျရယ်မီဆောင်းဒါးစ်သည် ခေါင်းငိုက်စိုက် ချကာ ထိုင်လျက်ကြီး အိပ်ပျော်နေလေသည်။

၂ နာရီထိုးဖို့ ၁၅ မိနစ်လောက်ပဲ လိုတော့သည်။ တစ်မိုးလုံး မိုးသားတွေ ဖုံးနေသည်။ သို့သော်လည်း ဆီးနှင်းများ ကျဖို့ သေချာနေသည်။

ပက်က ဆက်လက်တွေ့ဆုံရန် ချိန်းထားသည့် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး မာဂရက်လန်ဂလေ၏ အိမ်ရှိရာသို့ ကားမောင်းလာရင်း ဂျရယ်မီဆောင်းဒါးစ် ပြောခဲ့သည်များကို စဉ်းစားလာသည်။

အက်ဘီဂေးလ်ဖော်စတာ ဂျင်းနင်းကို မိန်းမလည် ပိုင်းလုံးမ၊ လျှာနှစ်ခွဟု ဆောင်းဒါးစ်က ပြောခဲ့သည်။

ထိုစွပ်စွဲချက်များ မည်မျှ မှန်ပါသနည်း။

ဘယ်လိုပဲဖြစ်ဖြစ် ဆီနိတ်တာ အက်ဘီဂေးလ်ဖော်စတာဂျင်းနင်း၏ ဘဝ တစ်စိတ်တစ်ပိုင်းကိုတော့ သိလိုက်ရလေပြီ။

❑

www.burmeseclassic.com

www.burmeseclassic.com

## [ ၈ ]

၂ နာရီထိုးရန် ၁၅ မိနစ် အလိုတွင် မာဂရက်လန်ဂလေက နောက်ထပ် ကော်ဖီတစ်အိုး ထပ်ဖျော်သည်။ ဗိုက်ထဲမှာ နာချင်သလိုလို ဖြစ်နေရာ မကြာမီမှာပင် အစာအိမ် ရောဂါ ထဦးတော့မည် ဖြစ်ကြောင်း သိနေသည်။

သူ စိတ်လှုပ်ရှားသည့်အခါတိုင်း သူ့ စာကြည့်ခန်းထဲသို့ ဝင်သွားလေ့ ရှိသည်။ ပြီးတော့ ပြတင်းပေါက်နားမှာ ရှိနေသည့် ကတ္တီပါသားလို နူးညံ့သော သစ်ရွက်စိမ်းများကို သူ ငေးကြည့်သည်။

ပက်ထရီရှာထရေးမိုးက ဖုန်းဆက်ပြီး လာရောက် တွေ့ဆုံခွင့် တောင်းစဉ် တုန်းက သူသည် ရိုတ်စပီးယား၏ ဆွန်းနက် ကဗျာများကို ပြန်ဖတ်ရင်း နံနက်စာ စားနေခိုက် ဖြစ်သည်။

မာဂရက်လန်ဂလေက စိတ်ထိခိုက်စွာဖြင့် ခေါင်းကို ယမ်းခါနေမိသည်။ သူ့အသက် ၇၃ နှစ် ရှိပြီး အနည်းငယ် ခါးကိုင်းနေပြီ။ ဆံပင်တွေလည်း ဖြူလှပြီ။ ရင်ဘတ်တွင် '၄၅' ဂဏန်းကို သံလွင်ရွက် ပတ်ထားသည့် ရင်ထိုးကလေး ထိုး ထားသည်။

ကျောင်းဆရာမအဖြစ်နှင့် လည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီးအဖြစ် နှင့် လည်းကောင်း '၄၅' နှစ်လုံးလုံး တာဝန် ထမ်းဆောင်ခဲ့သည့် အထိမ်းအမှတ် အဖြစ် သူ ပင်စင်ယူတုန်းက ကျောင်းမှ ပေးသည့် ရွှေရင်ထိုးကလေး ဖြစ်လေသည်။

၂ နာရီနှင့် ၁၀ မိနစ် ရှိသွားပြီ။ ပက်ထရီရှာထရေးမိုး စိတ်ပြောင်းသွား ပြီနဲ့ တူတယ်ဟု တွေးလိုက်ဆဲမှာပင် လမ်းမပေါ်မှာ ကားငယ်လေးတစ်စီး ခပ် ဖြည်းဖြည်း မောင်းလာသည်ကို လှမ်းမြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားက စာတိုက်ပုံးနားမှာ ခဏရပ်သည်။ အိမ်နံပါတ်ကို ကားမောင်းသူက စစ်ဆေးကြည့်နေပုံရသည်။

မာဂရက်လန်ဂလေက အိမ်ရှေ့ဘက်သို့ မသွားချင် သွားချင်နှင့် လျှောက်သွားသည်။

ပက်က သူ နောက်ကျသည့်အတွက် တောင်းပန်စကား ပြောသည်။

"ကျွန်မ လမ်းမှားပြီး မျက်စိလည်နေလို့ပါရှင်"

ပြီးတော့ မာဂရက် ညွှန်ပြသည့် ကော်ဖီကို ဝမ်းသာအားရ လက်ခံသည်။

စောစောတုန်းက မာဂရက် ခံစားခဲ့ရသည့် ပူပင်သောကများမှာ ပြေပျောက်စပြုလာသည်။ သည်မိန်းကလေးမှာ စဉ်းစားစရာ ဖြစ်လာသည်ဟု သူ တွေးကြည့်သည်။

ပြောင်လက်အောင် တိုက်ထားသည့် ကြမ်းပေါ်သို့ မနင်းမိ ခြေသုတ်ခုံတွင် သူ့ဖိနပ်ကို ပြောင်စင်အောင် စနစ်တကျ တိုက်နေသည်ကို မြင်လိုက်ကတည်းက မာဂရက်၏ သဘောထား ပြောင်းလဲစပြုလာခြင်း ဖြစ်သည်။

နောက်ပြီးတော့ ရွှေရောင်ဆံပင်၊ ဝိုင်းစက်သော အညိုရောင် မျက်လုံးကျယ်ကြီးများဖြင့် အလွန်ချောမောလှပသည့် မိန်းမငယ်လေး ဖြစ်နေသည်။

တယ်လီဖုန်း ဆက်ပြီး လာတွေ့ခွင့် တောင်းတုန်းက ခပ်ရွာရွာ မိန်းကလေး ဖြစ်မည်ဟု ထင်ခဲ့သည်။

သို့သော်လည်း ယခု မာဂရက်က အယ်လီနှာဘရောင်း အကြောင်း ရှင်းပြတော့ ငြိမ်သက်စွာ နားထောင်နေသည်။

"အဖြစ်က ဒါပါပဲ၊ ဝါရှင်တန်မှာ ငွေတွေ ပျောက်သွားတုန်းက အယ်လီနှာဟာ ဟိုတုန်းကလည်း သူခိုး ဖြစ်ခဲ့ဖူးကြောင်း လူတိုင်းက ပြောနေကြတယ်၊ မစ္စထရေးမိုး... သူ အထက်တန်းကျောင်းသူ ဘဝတုန်းက သူ ခိုးပါတယ်လို့ အစွပ်စွဲခံရတဲ့ ပစ္စည်းရဲ့ တန်ဖိုးက ဘယ်လောက် ရှိတယ် ဆိုတာ သိသလား"

"မသိပါဘူး ရှင်"

"ခြောက်ဒေါ်လာ၊ သူ့ဘဝဟာ ခြောက်ဒေါ်လာတန် ရေမွှေးပုလင်းကလေး တစ်ပုလင်းကြောင့် ပျက်စီးရတော့တယ်၊ မစ္စထရေးမိုး... ပစ္စည်းတစ်ခုခုကို ဝယ်မယ်လုပ်ပြီး လက်ထဲမှာ ကိုင်ရင်း သတိလစ်လို့ ပိုက်ဆံမပေးမိဘဲ ဆိုင်ထဲက ထွက်လာမိတာမျိုးများ ကြုံဖူးသလား"

"တစ်ခါတလေ ကြုံတတ်ပါတယ်၊ ဒါပေမဲ့ ခြောက်ဒေါ်လာတန်လောက် ပစ္စည်းလေးကို သတိမေ့ပြီး ကိုင်သွားမိတာနဲ့ ထောင်ချပစ်တယ် ဆိုတာတော့ ဘယ်နည်းနဲ့မှ မရှိနိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မြို့ထဲမှ အလစ်သုတ်သမားတွေ သိပ်များနေတဲ့ အခါမျိုး၊ ဒီတစ်ခါ ဖမ်းမိရင် မှတ်လောက်သားလောက်အောင် စံပြအဖြစ်နဲ့ အပြစ်ဒဏ်ပေးမယ်လို့ ခရိုင်တရားသူကြီးကလည်း ကြေညာထားတဲ့ အခါမျိုးမှာ ဖြစ်ပါတယ်"

"ဒီလိုဆိုရင် အယ်လီနာက အဲဒီလို စံပြ ပြစ်ဒဏ်ပေးတာနဲ့ တိုးသွားတာလား ရှင်"

"ဟုတ်တယ်"

မာဂရက်လန်ဂလေ၏ နဖူးပေါ်တွင် ဆီးကင်းခန့် ချွေးသီးချွေးပေါက်ကြီးများ ထွက်လာသည်။

နဖူးကြောကြီးများကလည်း မြင်မကောင်းအောင် ထောင်ထလာသည်။ အသား အရောင်က အပြာဘက်သို့ ချက်ချင်း ပြောင်းသွားသည်။

"ဆရာမကြီး… ဆရာမကြီး နေကောင်းရဲ့လား ဟင်၊ ဘာဖြစ်သွားတာလဲ ဆရာမကြီး၊ ကျွန်မ ရေတစ်ခွက် ပြေးခပ်ပေးရမလား"

ပက်က စိုးရိမ်တကြီး မေးသည်။

အဘွားကြီးက ခေါင်းခါပြသည်။

"မခပ်ပါနဲ့ကွယ်၊ ကောင်းသွားမှာပါ၊ ခဏလေး နားနေလိုက်မယ် နော်"

သူတို့နှစ်ယောက် တိတ်ဆိတ်စွာ ထိုင်နေကြသည်။ အတော်လေး ကြာတော့ မာဂရက်၏ မျက်နှာပေါ်တွင် မူလ သွေးရောင် ပြန်ပေါ်လာသည်။

"ကောင်းသွားပါပြီ၊ အယ်လီနာအကြောင်း ပြောရင်း စိတ်ထိခိုက်လွန်းလို့ ဖြစ်သွားတာပါ၊ သူ့အဖြစ်ကို သဘောပေါက်တယ် မဟုတ်လား၊ မစ္စထရေးမိုး… တရားသူကြီးက စံပြအဖြစ် အယ်လီနာကို အပြစ်ဒဏ်ပေးတယ်လေ၊ ကလေးထောင်မှာ ရက်ပေါင်း ၃၀ လောက် ထောင်ဒဏ် ကျခံဖို့ စီရင်ချက် ချလိုက်တယ်၊ ကလေးထောင်က ပြန်လာပြီးတဲ့နောက် အဲဒီကလေးလည်း ပြောင်းလဲသွားတော့တာပဲ၊ အရင်နဲ့ မတူတော့ဘူး၊ တချို့လူတွေဟာ အရှက်ခွဲခံရတဲ့ ဒဏ် မခံနိုင်ကြဘူးလေ၊ သူ့ကို ငါကလွဲပြီး ဘယ်သူကမှ မယုံကြည်ကြဘူး၊ သိတယ် မဟုတ်လား လူငယ်တွေအကြောင်း ငါ ကောင်းကောင်းသိတာပေါ့၊ သူဟာ သတ္တိရှိတဲ့ ကလေး မဟုတ်ပါဘူး၊ အတန်းထဲမှာ ဆရာ စာသင်နေချိန် စကားပြောတာတို့၊ ချွင်းဂမ်ဝါးတာတို့ ဘယ်တော့မှ မလုပ်ဘူး၊ စာမေးပွဲမှာ ခိုးချတာမျိုးလည်း ဘယ်တော့မှ မလုပ်ဘူး၊ သူဟာ လိမ္မာရုံတင်မကဘူး၊ ကြောက်လည်း အရမ်းကြောက်တတ်တယ်"

မာဂရက်လန်ဂလေသည် စကားကို အကုန်မပြောဘဲ တစ်ခုခုကို ချန်ထားပုံရသည်။ ပက်၏ စိတ်ထဲမှာ အလိုလို သိနေသည်။

ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။ လေသံကို အနူးညံ့ဆုံး… အယဉ်ကျေးဆုံး ဖြစ်အောင် သူ ကြိုးစားပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကြီး စိတ်တော့ မရှိပါနဲ့နော်၊ ဒါပေမဲ့ ဇာတ်လမ်းက အခု ကြီး ပြောပြတာထက် တစ်ခုခု လိုနေသေးတယ်လို့ ကျွန်မ စိတ်ထဲမှာ နေရပါတယ်"

ဆရာမကြီး၏ နှုတ်ခမ်းများ တွန့်သွားသည်။

"အယ်လီနာမှာ ရှိတဲ့ ပိုက်ဆံက ရေမွှေးပုလင်းဖိုး မပြည့်ဘူး၊ သူ့အတွက် လင်းကို သပ်သပ်ဖယ်ထားပေးဖို့ သူက သွားမပြောလို့၊ အဲဒီအချိန်မှာ အဖမ်းခံ အဲဒီနေ့ညတုန်းက မွေးနေ့ပွဲတစ်ခုကို သူ သွားစရာ ရှိတယ်၊ ဒါပေမဲ့ သူကြီးက သူ ပြောတာကို မယုံဘူး"

ကျွန်မလည်း မယုံပါဘူး… ဟု ပက်က စိတ်ထဲမှာ ပြောလိုက်မိသည်။

မာဂရက်လန်ဂလေက အယ်လီနာအပေါ် အသနားပိုပြီး အကြွင်းမဲ့ ယုံကြည် ည်။ မာဂရက် ပြောပြသည်များကို မယုံကြည်နိုင်သဖြင့် ဗက်က စိတ်မကောင်း ဖြစ်မိသေးသည်။

"ချစ်စရာကောင်းတဲ့ အဲဒီ ကလေးမလေးဟာ ညနေပေါင်း များစွာမှာ ရောက်လာခဲ့ပါတယ် ကွယ်၊ ဘာကြောင့်လဲဆိုတော့ လောကကြီးမှာ သူ့ကို ကြည်တဲ့ လူဆိုလို့ ငါ တစ်ယောက်တည်းပဲ ရှိတာ မဟုတ်လား၊ တို့ကျောင်းက ဆယ်တန်းအောင်တော့ အက်ဘီဂေးလ်ဆီကို ငါပဲ စာလှမ်းရေးပြီး အလုပ်ပြော ိုက်တာပါ၊ ဒါနဲ့ အက်ဘီဂေးလ်ရဲ့ ရုံးမှာ သူ အလုပ်ရသွားတာ"

"အယ်လီနာကို ဆီးနိတ်တာ အက်ဘီဂေးလ်က ယုံကြည်ပြီး ပုံအပ်လိုက် ရွေးကောက်ပွဲရန်ပုံငွေတွေကို အယ်လီနာ ခိုးဖို့ အခွင့်အရေး ရသွားတယ် ာရော မှန်ပါသလား ဆရာမကြီး"

မာဂရက်၏ မျက်နှာမှာ အလွန်ပင်ပန်း နွမ်းနယ်သွားလေသည်။ ပြီးတော့ င်းကြီး ပြောသည်။

"အဲဒီပြဿနာတွေ ဖြစ်တုန်းက ကျောင်းက တစ်နှစ် နားခွင့်ပေးလို့ ပတိုက်မှာ ငါ ခရီးသွားနေတယ်၊ အိမ်ပြန်ရောက်လာတဲ့အခါ သူတို့ အမှုကြီး သွားပြီ၊ အယ်လီနာကို ထောင်ချပစ်လိုက်တယ်၊ ထောင်ထဲမှာ သူ စိတ်ဖောက် တယ်၊ ထောင်ဆေးရုံ စိတ်ရောဂါကုဌာနမှာ တက်ကုရတယ်၊ သူ့ဆီကို ငါ မှန်ရေးပါတယ်၊ ဒါပေမဲ့ သူ တစ်ခါမှ စာမပြန်ဘူး။

"အဲဒီနောက်ပိုင်းမှာ ငါ သိရသလောက်က သူ့ကျန်းမာရေး အခြေအနေ လာတယ်၊ ဒါကြောင့် သူ့ကို အာမခံနဲ့ ထောင်အပြင်မှာ နေခွင့်ပေးလိုက်တယ်၊ ပေမဲ့ ဆေးခန်းမှာတော့ တစ်ပတ် နှစ်ခါ လာပြရမယ်ဆိုတဲ့ စည်းကမ်းချက် တယ်၊ အစပိုင်းက တစ်ပတ် နှစ်ကြိမ် မှန်မှန် လာပြီး နောက်တစ်နေ့မှာ သူ ုံးပျောက်သွားတော့တာပဲ၊ အဲဒါ ၉ နှစ် ကြာသွားပြီ"

"အဲဒီနောက် သူ့သတင်း ဘာမှ ထပ်မကြားတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါ မကြားဘူး… အဲ…"

မာဂရက်က ထိုင်ရာမှ ထသည်။

"ဆောရီးနော်… ကော်ဖီနည်းနည်းလောက် ထပ်ယူပါဦးလား၊ အိုးထဲမှာ ဖျော်ပြီးသားတွေ အများကြီး ရှိသေးတယ်၊ ငါလည်း နည်းနည်း ထပ်သောက်လိုက်မယ်၊ အမှန်က ဒါလောက်နဲ့ တော်လောက်ပြီ၊ ဒါပေမဲ့ နည်းနည်းတော့ ထပ်သောက်လိုက်ဦးမယ်လေ"

မာဂရက်က ကြိုးစား ပြုံးပြပြီး မီးဖိုချောင်ထဲသို့ ဝင်သွားသည်။ ပက်က အသံသွင်းစက်ကို ပိတ်လိုက်သည်။

အယ်လီနာနှင့် မာဂရက် အဆက်အသွယ် ရသွားပြီ ဖြစ်ကြောင်း ပက် သိလိုက်သည်။

မာဂရက် ပြန်လာတော့ ပက်က လေပျော့ကလေးဖြင့် မေးသည်။

"အခု အယ်လီနာအကြောင်း ဆရာမကြီး ဘာများ သိပါသလဲ ရှင်"

မာဂရက်က ကော်ဖီအိုးကို စားပွဲပေါ်မှာ တင်ပြီး ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။

ပက်ထရေးမိုးကို ယုံကြည်လိုက်ခြင်းအားဖြင့် အယ်လီနာအဖို့ နစ်နာသွားစရာ ရှိသလားဟု သူ တွေးကြည့်သည်။

သူ ပြောမည့် စကားများကြောင့် အယ်လီနာမှာ အပြစ် ပိုကြီးသွားနိုင်သလားဟု ဆင်ခြင်သည်။

စာကလေးတစ်ကောင် ပျံသွားပြီး ဆီးနှင်းတွေ ဖုံးနေသည့် သစ်ကိုင်းပေါ်မှာ သွားနားသည်။

မာဂရက်က စိတ် တုံးတုံးချလိုက်သည်။

ပက်ထရီရှာထရေးမိုးကို ယုံကြည်စိတ်ချရမည်။ စာတွေ ထုတ်ပြရမည်။ မိမိ ဘာယုံကြည်သည်ကို ဖွင့်ပြောပြရမည်။

ပက် ဘက်သို့ သူ ပြန်လှည့်လာသည်။ ပက်နှင့် မျက်လုံးချင်း ဆိုင်ကြည့်သည်။ မာဂရက်၏ မျက်လုံးထဲတွင် စိတ်ထိခိုက်သည့် အရိပ်အယောင်များ ထင်ရှားစွာ ပေါ်ထွက်နေသည်။

"မင်းကို ပြစရာ ရှိတယ်"

ဖြုန်းစားကြီး သူ ပြောချလိုက်သည်။

ပြီးတော့ အတွင်းခန်းထဲသို့ ဝင်သွားသည်။

သူ ပြန်ထွက်လာသောအခါ လက်နှစ်ဖက်နှင့် စာရွက်အချို့ ကိုင်လာသည်ကို တွေ့ရသည်။

"အယ်လီနာဆီက စာနှစ်စောင် ရဖူးတယ်"

လက်တစ်ဖက်တွင် ကိုင်ထားသည့် စာရွက်ကို ကမ်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယောဒီစာက ပိုက်ဆံခိုးမှု ဖြစ်တဲ့နေ့က ရေးလိုက်တဲ့ စာပဲ၊ ဖတ်ကြည့် ပါ။ မစ္စထရေးမိုး ဖတ်ကြည့်စမ်းပါ"

စာရွက်မှာ အတော်နွမ်းနေပြီ။ အကြိမ်ကြိမ် ဖတ်ထားဟန် တူသည်။ က်က ရက်စွဲကို ကြည့်သည်။ ဆယ့်တစ်နှစ်လောက်ပင် ကြာမြင့်သွားချေပြီ။ ကို ခပ်သွက်သွက်ကလေး ဖတ်ကြည့်လိုက်သည်။

ဥရောပတွင် ဆရာမကြီး တစ်နှစ်ပတ်လုံး လှည့်လည် ခရီးသွားရင်း ယူနေရသောကြောင့် စိတ်ချမ်းသာနေရမည်ဟု မျှော်လင့် ယုံကြည်ကြောင်း၊ ည်း ရာထူးတစ်ဆင့် တိုးရကာ အလုပ်ထဲတွင် ပျော်ပိုက်နေကြောင်း၊ အားလပ် များတွင် ဂျော့ဝါရှင်တန်တက္ကသိုလ်ရှိ ပန်းချီသင်တန်းကို တက်နေကြောင်း၊ စာမရေးမီကလေးကပင် ပြင်ပ မြင်ကွင်း လေ့ကျင့်ခန်းများ သွားဆွဲပြီး ရောက်လာခြင်း ဖြစ်ကြောင်း ချီဇာပိခ်ပင်လယ်အော်တွင် ရှုမျှော်ခင်း ဆွဲရန် ကို လေ့ကျင့်ခန်း ပေးထားကြောင်းများ ပါသည်။

မာဂရက်လန်ဂလေ မျဉ်းသားထားသည့် စာကြောင်းများလည်း ရှိသည်။ စာကြောင်းများမှာ...

**'ဒါပေမဲ့ ချီဇာပိခ်ကို ကျွန်မ ဘယ်လိုမှ မရောက်နိုင်ပါဘူး၊ ဆီနိတ်တာ ဂျင်းနင်း လက်တိုလက်တောင်း ခိုင်းတာတွေကို လုပ်ပေးနေရပါတယ်၊ သူ စိန်လက်စွပ်ကို ရွေးကောက်ပွဲ အောင်နိုင်ရေး ရုံးခန်းထဲမှာ ထားပစ်ခဲ့ ပြီး အာမခံသေတ္တာထဲမှာ သော့ခတ်ထားခဲ့တယ်လို့ ထင်ချင်လည်း ထင် နေတတ်တယ်၊ ဒါပေမဲ့ စိန်လက်စွပ်က သေတ္တာထဲမှာ မဟုတ်ဘူး၊ ကျွန်မ အခုပဲ ဘတ်စ်ကားနဲ့ ပြန်တော့မလို့'**

ဒါဟာ လုံလောက်တဲ့ သက်သေခံလားဟုပင် ပက်က တွေးကြည့်သည်။

ပက်က မော့ကြည့်သည်။ သူ့ကို မျှော်လင့်ခြင်း ကြီးစွာဖြင့် ကြည့်နေ သာ မာဂရက်လန်ဂလေ၏ မျက်လုံးများနှင့် တည့်တည့်သွားတိုးသည်။

မာဂရက်က မေးသည်။

"တွေ့တယ် မဟုတ်လား၊ အခိုးခံရတဲ့ ညကပဲ ငါ့ဆီကို အယ်လီနာက ရေးလိုက်တာ၊ သူက ဘယ်လိုလုပ်ပြီး အဲဒီအကြောင်း ဇာတ်လမ်းဆင်နိုင်မှာလဲ"

သူ ပြောသည်ကို ပက်ကတော့ ဘယ်လိုမှ နားမလည်နိုင်ပါ။ သည်စာကလေး ကြောင့် ပစ္စည်းခိုးသူသည် အယ်လီနာ မဖြစ်နိုင်ကြောင်း ဘယ်လိုမှ မခိုင်လုံနိုင်ပါ။

"သူ့မှာ အပြစ်မရှိကြောင်း သက်သေခံချက် တစ်ခု ရအောင် တမင် ကြံရေးလိုက်တာလည်း ဖြစ်ချင် ဖြစ်မှာပေါ့"

ပက်က ပြန်ဖြေသည်။

"အပြစ်မရှိကြောင်း သက်သေခံချက် ရအောင် စာရေးမယ်ဆိုရင် လနဲ့ ကြာမှ စာရနိုင်မယ့် လူဆီကိုတော့ ရေးမှာ မဟုတ်ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



မာဂရက်က ခပ်တင်းတင်း ပြောသည်။ ထို့နောက် သူ သက်ပြင်းချသည်။

"ဟုတ်ပြီလေ… ဒီစာ အလိုအရ ငါက စဉ်းစားကြည့်တာပါ၊ အယ်လီနာရဲ့ အမှု ပိုရှုပ်ထွေးသွားအောင်တော့ မင်း မလုပ်တန်ကောင်းဘူးလို့ ငါ မျှော်လင့်ပါတယ်၊ ဒီတစ်ခါ ထပ်ပြီး ဒုက္ခရောက်ရင် သူ့ဘဝ ရေစုန်မျောပြီ၊ လုံးဝအထီးကျန်ဖြစ်သွားပြီ"

မာဂရက် ကိုင်ထားသည့် အခြား စာတစ်စောင်ကို ပက်က လှမ်းကြည့်နေသည်။

"ဆေးရုံကို သွားမပြဘဲ သူ ပျောက်သွားပြီးတဲ့နောက်ရော ဆရာမကြီးဆီ သူ စာရေးသေးသလား"

"ရေးတယ်၊ လွန်ခဲ့တဲ့ ၆ နှစ်လောက်က ဟောဒီစာတစ်စောင် ထပ်ရောက်လာတယ်"

ပက်က စာကို လှမ်းယူသည်။ အပေါ်စား စာရွက်နှင့် ရေးထားသောစာ ဖြစ်လေသည်။

ချစ်သော ဆရာမကြီးရှင့်…

သိပေါင်း ကျွမ်းပေါင်း မိတ်ပေါင်း ဆွေပေါင်းတွေနဲ့ အဆက်အသွယ် မလုပ်ဘဲ နေတာဟာ ကျွန်မအဖို့ အကောင်းဆုံး ဖြစ်ကြောင်း ကျေးဇူးပြုပြီး ဆရာမကြီး သဘောပေါက် နားလည်စေချင်ပါတယ်။ ကျွန်မကို တွေ့သွားရင် ကျွန်မ ထောင်ထဲကို ပြန်ဝင်သွားရမှာ ဖြစ်ပါတယ်။

အဲဒီပိုက်ဆံကို ကျွန်မ လက်ဖျားနဲ့တောင် မတို့ခဲ့ကြောင်း ဆရာမကြီးကို ကျိန်ပြီး ကျွန်မ ပြောရဲပါတယ်။ ကျွန်မရဲ့ ကျန်းမာရေး အခြေအနေ အရမ်းဆိုးနေပါတယ်။ ဒါပေမဲ့ ကျွန်မ ဘဝကို ပြန်ထူထောင်နိုင်ဖို့ ကြိုးစားနေပါတယ်။

ကောင်းတဲ့ ရက်တွေလည်း ရှိတတ်ပါတယ်၊ ကျွန်မဘဝ ပြန်ကောင်းလာမယ် ဆိုတာ ကျွန်မ သေသေချာချာ ယုံကြည်နေပါတယ်။

တစ်ခါ တစ်ခါကျတော့လည်း ကျွန်မ အရမ်းကြောက်ပါတယ်။ တစ်ယောက်ယောက်က ကျွန်မကို မှတ်မိသွားမှာကို ကြောက်တာပါ။ ဆရာမကြီးကို ကျွန်မ ခဏခဏ သတိရပါတယ်။ ဆရာမကြီးကို ချစ်တယ်။ ပြီးတော့ လွမ်းလည်း လွမ်းတယ်။

စာအောက်တွင် ရေးထိုးထားသည့် အယ်လီနာ၏ လက်မှတ်မှာ တွန့်လိမ်နေသည်။ လက်ရေးများကလည်း မညီညာ။ စောစောပိုင်းက ရေးခဲ့သည့် စာ

www.burmeseclassic.com

 

ဘက်ရေး နှင့် ယှဉ်ကြည့်လျှင် သိသိသာသာကြီး ဆိုးရွားသွားသည်ကို အထင်အရှား မြင်တွေ့ နိုင်သည်။

အယ်လီနာနှင့် ပတ်သက်၍ မာဂရက်လန်ဂလေ သိသမျှ တစ်ခုမကျန် ထုတ်ဖော်ပြောအောင် အစ်ထုတ်သည့် ပက်၏ ပညာစွမ်းမှာ ဒါအကုန်ပဲ ဖြစ်သည်။

"ကျွန်မတို့ ရုပ်မြင်သံကြား အထူးအစီအစဉ်ထဲမှာ ဒီအမှုအကြောင်း ထည့်ဖို့လည်း ကျွန်မတို့ စီစဉ်ထားပါတယ်၊ တကယ်လို့ တစ်ယောက်ယောက်က အယ်လီနာကို မှတ်မိသွားပြီး ထောင်ထဲ ပြန်ထည့်မယ် ဆိုရင်လည်း ဟိုတုန်းကလို အာမခံ ပြန်ပေးထားဖို့ ကျွန်မတို့ ကြိုးစား ဆောင်ရွက်ပေးပါ့မယ်၊ အဲဒီလို လုပ် ဆိုက်ခြင်းအားဖြင့် အယ်လီနာဟာ သူ့တစ်သက်လုံး ပုန်းအောင်းနေစရာ မလိုတော့ ဘူးပေါ့"

"သူနဲ့ ငါ တွေ့ချင်တယ်"

မာဂရက်က လေသံကလေးဖြင့် ပြောသည်။ သူ့မျက်လုံးထဲမှာ မျက်ရည် တွေ ဝိုင်းလာသည်။ မျက်ရည်ကြောင့် မျက်လုံး၏ အရောင် ပိုတောက်လာသည်။

"ငါ့တစ်သက်မှာ ကိုယ့်သမီးလေး အရင်း တစ်ယောက်လို သဘောထား မိတာ သူ တစ်ယောက်ပဲ ရှိသေးတယ်၊ ခဏနေဦး... မင်းကို သူ့ဓာတ်ပုံ ငါ ပြမယ်"

စာအုပ်စင်၏ အောက်ဆုံးအထပ်တွင် ကျောင်းနှစ်လည်မဂ္ဂဇင်းများကို အထပ်လိုက် ပုံထားလေသည်။

"ငါ အလုပ်လုပ်နေတုန်းက ထုတ်ခဲ့တဲ့ မဂ္ဂဇင်းတွေလေ၊ နှစ်အလိုက် အစုံ ရှိတယ်"

မာဂရက်က ပက်ကို လှည့်ရှင်းပြသည်။

ပြီးတော့ စာအုပ်အပေါ်ဆုံးမှ မဂ္ဂဇင်းကို ကောက်ယူလိုက်သည်။

"ဒါပေမဲ့ အယ်လီနာရဲ့ ပုံပါတဲ့ မဂ္ဂဇင်းကို အပေါ်ဆုံးမှာ တင်ထား တယ်"

မဂ္ဂဇင်း စာမျက်နှာများကို လှန်လှောရှာသည်။ တစ်နေရာမှာ သွားတွေ့ သည်။

"တို့ကျောင်းက သူ ဆယ်တန်းအောင်တာ ၁၇ နှစ်တောင် ရှိသွားပြီ၊ ဒီမှာ ကြည့်ပါဦး... ဘယ်လောက် ချစ်စရာကောင်းသလဲ"

ဓာတ်ပုံထဲက မိန်းကလေးမှာ ကြည့်ပျော်ရှုပျော် ရှိပါသည်။ ဆံပင်ကလေး များ ဖွာဆန်ကျဲနေသည်။ မျက်လုံးများက အပြစ်ကင်းစင်ကြောင်းနှင့် ရိုးသား ကြောင်းကို ဖော်ပြနေကြသည်။

အောက်က ပုံစာတွင်-

www.burmeseclassic.com

www.burmeseclassic.com



'အယ်လီနာဘာရောင်း'

ဝါသနာ - ပန်းချီရေးဆွဲခြင်း

ရည်မှန်းချက် - အတွင်းရေးမှူး

ပါဝင်လှုပ်ရှားမှု - ဓမ္မသီချင်း သီဆိုခြင်း

အားကစား - စကိတ်စီးခြင်း

ဟောကိန်း - ထိပ်တန်းအရာရှိကြီးတစ်ဦး၏ ညာလက်ရုံး ဖြစ်နိုင်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျပြီး ကလေး နှစ်ယောက် ရနိုင်သည်။

အနှစ်သက်ဆုံးအရာ - ပါရီမြို့၏ ညဦးယံ ရေမွှေး

"ဘုရားသခင်... ရက်စက်လိုက်ကြတာ"

ပက်က ဖတ်ပြီးသည်နှင့် မယုံကြည်နိုင်သလို ဘုရား တမိသည်အထိ ဖြစ်သွားလေသည်။

"အစစ်ပဲပေါ့၊ ဒါကြောင့်မို့လို့ သူ့ကို ဒီအရပ်မှာ မနေစေချင်တာ၊ ဒီအရပ်နဲ့ ဝေးအောင် အက်ဘ်ဘီဆီကို ပို့ပေးလိုက်တာ"

ပက်က ခေါင်းကို ခါယမ်းနေမိသည်။ နှစ်လည်မဂ္ဂဇင်း အပုံကြီးကိုလည်း လှမ်းကြည့်နေမိသည်။

"ဒါထက် စကားစပ်မိတုန်း ပြောရဦးမယ် ဆရာမကြီး၊ ဆီနိတ်တာ ဂျင်းနင်း ပါတဲ့ နှစ်လည်မဂ္ဂဇင်းရော် ဆရာမကြီးဆီမှာ ရှိပါသလား"

"ရှိတာပေါ့ကွယ်၊ သေသေချာချာ ရှိတာပေါ့၊ နေဦး... ရှာလိုက်ဦးမယ် ဟောဒီအပုံထဲမှာပဲ ရှိပါတယ်"

မာဂရက်လန်ဂလေ လှန်လှောကြည့်သည့် ဒုတိယစာအုပ်သည် သူတို့ လိုချင်သော စာအုပ်ပင် ဖြစ်နေလေသည်။

ပက်က အက်ဘ်ဂေးလ်၏ ပုံကို စိုက်ကြည့်သည်။ ကုပ်ပေါ်သို့ ဆံပင်ရှေ ဝဲကျနေသည်။ ပါးစပ်ကလေး အနည်းငယ် ဟနေသည်။ ဓာတ်ပုံရိုက်သည့် အချိန် က ဓာတ်ပုံဆရာက-

"ရိုက်မယ်နော်... ပြုံးပြုံးလေး နေကြ"

ဟု ပြောသောအခါတွင် လိုက်ရယ်လိုက်ပုံ ရသည်။

သို့သော်လည်း ရယ်သည့်ပုံ ပီပီပြင်ပြင် မပေါ်ဘဲ ဖြစ်သွားသည်။

မျက်လုံးကြီးများက ဝိုင်းစက်နေသည်။ မျက်တောင်ကော့ကြီးများ ထူထ သည်။ တည်ငြိမ်သော မျက်လုံးမှာ အကဲခတ်ရ ခက်လေသည်။

ပုံစာတွင်-

www.burmeseclassic.com

www.burmeseclassic.com



'အက်ဘီဂေးလ်ဖော်စတာ (အက်ဘီ)

ဝါသနာ　- ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ခြင်း

ရည်မှန်းချက်　- နိုင်ငံရေးလုပ်ရန်

ပါဝင်လှုပ်ရှားမှု　- စကားရည်လုခြင်း

ယောက်ကိန်း　- အက်ပယ်လ်ဂျန်းရှင်းမှ ပြည်နယ်လွှတ်တော် အမျိုးသမီး ကိုယ်စားလှယ် ဖြစ်လာမည်။

အနှစ်သက်ဆုံးအရာ - စာကြည့်တိုက်ထဲမှာ ရှိသမျှ စာအုပ်များ

"ပြည်နယ်လွှတ်တော် အမျိုးသမီးကိုယ်စားလှယ်တဲ့၊ တယ်ဟုတ်ပါလား" ပက်က အံ့ဩတကြီး ပြောသည်။

နောက် နာရီဝက် ကြာတော့ ထိုအိမ်ထဲမှ ပက် ထွက်လာခဲ့သည်။ [illegible]တ်တာအက်ဘီဂေးလ်ဂျန်းရှင်း အကြောင်း ပါသည့် နှစ်လည်မဂ္ဂဇင်းကို ချိုင်း[illegible] ညှပ်လာခဲ့သည်။

မော်တော်ကားထဲ ဝင်ထိုင်မိသောအခါ အက်ပယ်လ်ဂျန်းရှင်းမြို့သို့ ရုပ်မြင်[illegible]ကြား ကင်မရာဆရာများ လွှတ်ဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။

အက်ဘီဂေးလ်၏ နောက်ခံသမိုင်းကြောင်းအဖြစ် အက်ပယ်လ်ဂျန်းရှင်း[illegible] မြင်ကွင်းများကို ရိုက်ရမည်။ မြို့၏ ဗဟိုလမ်းမကြီး၊ အက်ဘီ နေထိုင်ခဲ့သည့် [illegible]ောင်းဒါးစ်တို့၏ နေအိမ်ကြီး၊ အထက်တန်းကျောင်း၊ နောက်ပြီးတော့... အယ်လ်[illegible]မြို့သို့ သွားသည့် အဝေးပြေးလမ်းမများကို ရိုက်ခိုင်းရမည်။

ထိုနောက်ခံများကို ပြသနေခိုက် ဆီနိတ်တာဂျင်းနင်းကို အက်ပယ်လ်မြို့[illegible] သူ ကြီးပြင်းခဲ့ပုံ၊ ငယ်ငယ်ကတည်းက နိုင်ငံရေးကို ဝါသနာပါခဲ့ပုံများ [illegible]ပြောခိုင်းရမည်။

ထိုအခန်းကို နယူးယောက်ပြည်နယ် မယ်ဘွဲ့ ရသည့် ဓာတ်ပုံဖြင့် ပိတ်[illegible]ရမည်။

ပြီးတော့ အထက်တန်းကျောင်း နှစ်လည်မဂ္ဂဇင်းထဲတွင် ပါသည့် သူ့[illegible]တ်ပုံနှင့် ဖော်ပြချက်၊ သူ့ဘဝအတွက် အရေးအကြီးဆုံး ဆုံးဖြတ်ချက် ဖြစ်သော [illegible]လန်တစ်မြို့ကို မသွားတော့ဖို့ သူ ဆုံးဖြတ်လိုက်ပုံ၊ သူ၏ ရှင်းလင်းပြောပြချက်[illegible]ကို ဆက်လက် တင်ဆက်သွားရမည်။

ဓာတ်လမ်းကို သူ အကွက်ဆင်ကြည့်နေသည်။ သို့သော်လည်း သူ့စိတ်[illegible] ငြိမ်လှသည်တော့ မဟုတ်ပါ။

ပက်သည် မြို့ထဲမှာ လှည့်ပတ်ပြီး ကားမောင်းကြည့်သည်။ ကင်မရာ[illegible]သမားများ ရိုက်ရမည့် နေရာများကို မှတ်သားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အက်ပယ်လ် တည်းခိုခန်းမှ အခန်း ပြန်အပ်သည်။

အယ်လ်ဘာနီလေဆိပ်သို့ ကားမောင်းထွက်လာသည်။ အငှားကားကို ပြန်အပ်သည်။

နောက်ဆုံး စိတ်ချမ်းချမ်းသာသာဖြင့် ဝါရှင်တန်မြို့သို့ လေယာဉ်ပျံစီးပြီး ပြန်လာခဲ့လေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## [ ၉ ]

ဝါရှင်တန်မြို့သည် ဘယ်နေရာကနေပြီး ဘယ်အချိန်မှာပဲ ကြည့်ကြည့်၊ အမြဲတမ်း [illegible]ဝနေသည်ဟု ပက် ထင်လေသည်။

ကွန်ဂရက်လွှတ်တော် အစည်းအဝေးများ ကျင်းပရာ ကက်ပီတော်လ် အဆောက်အအုံကြီးတွင် လည်းကောင်း၊ အခြား အထိမ်းအမှတ် အဆောက်အအုံကြီးများတွင် လည်းကောင်း၊ ညအခါ မီးထွန်းညှိထားပုံမှာ နှလုံးစိတ်ဝမ်း အေးချမ်းရော ကောင်းလှလေသည်။

ဝါရှင်တန်မြို့နှင့် ပက်ထရီရှာထရေးမိုး ကင်းကွာသွားသည်မှာ နာရီသုံးဆယ်မျှသာ ကြာမြင့်သေးသည်။ သို့သော်လည်း ရက်ပေါင်းများစွာ ကြာမြင့်သွားပြီဟု ပက် ထင်သည်။

လေယာဉ်ပျံက ညင်ညင်သာသာကလေး ဆင်းလာသည်။ ပြီးတော့ ညင်သာစွာပင် ကွင်းကို ဖြတ်ပြီး ဘီးလိမ့်ယူလာသည်။

သူ့အိမ်တံခါးကို ဖွင့်အဝင်လိုက်မှာပင် တယ်လီဖုန်း ခေါင်းလောင်းမြည်နေသံကို ကြားရသည်။ အပြေးအလွှား သွားကိုင်လိုက်ရသည်။

ဆက်သူမှာ လူသာပယ်လ်ဟာမ်း ဖြစ်သည်။ စိတ်ဆိုးနေသော အသံဖြင့် ပြောသည်။

"ပက်… မင်းကို အခုလို ဖမ်းမိလိုက်တဲ့အတွက် ဝမ်းသာပါတယ်၊ အက်ပယ်လ်ဂျန်းရှင်း ရောက်ရင် ဘယ်မှာ တည်းမယ်ဆိုတာ မင်း ကျုပ်ကို လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



ပြောမသွားဘူး၊ ဘယ်မှာ တည်းနေတယ် ဆိုတာ သိရအောင် ကြိုးစားရှာလို့ သိလည်းသိရော မင်းက အခန်းအပ်ပြီး ထွက်သွားနေပြီ''

''စိတ်မကောင်းပါဘူး ရှင်၊ အမှန်တော့ ဒီနေ့ မနက်စောစောက ရှင့်ဆီကို ကျွန်မ ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြဖို့ ကောင်းတာ''

''မနက်ဖြန် ဘတ်ဂျက်မဲ မခွဲခင် အရေးကြီးတဲ့ မိန့်ခွန်းတစ်ခုကို အက်ဘီ ဂေးလ် ပြောစရာ ရှိတယ်၊ သူ့ရုံးမှာ မင်း တစ်နေ့လုံး လာနေပါလို့ သူက အကြံ ပေးတယ်၊ မနက် ၆ နာရီခွဲ ရုံးကို သူ ရောက်တယ်''

''ကျွန်မ ရောက်အောင် သွားလိုက်ပါ့မယ်''

''သူ့မြို့မှာ မင်း လုပ်ရကိုင်ရတာ အဆင်ပြေရဲ့လား''

''သိပ်စိတ်ဝင်စားစရာ ကောင်းတယ်၊ သူ့ကို လူတွေ သနားသွားအောင် လုပ်နိုင်တဲ့ အကွက်တွေ အများကြီး ရခဲ့တယ်''

''အဲဒီအကြောင်းတွေ ကျုပ် နားထောင်ချင်တယ်၊ အခုပဲ ဂျော်ဂီကလပ် မှာ ကျုပ် ညစာ စားလို့ ပြီးတယ်၊ ဒါကြောင့် ၁၀ မိနစ်အတွင်း မင်းအိမ်ကို ရောက်အောင် လာခဲ့မယ်''

လူသာက ဖုန်းချသွားသည်။

အဝတ်အစားပင် ကောင်းကောင်းလဲချိန် မရလိုက်ဘဲ လူသာပယ်လ်ဟမ်း ရောက်လာလေသည်။

စာကြည့်ခန်းထဲမှာ အက်ဘီဂေးလ်ဂျင်းနင်း၏ မှတ်တမ်းမှတ်ရာများနှင့် ရှုပ်ပွနေသည်။ ထို့ကြောင့် ပက်က လူသာကို ဧည့်ခန်းထဲသို့ ခေါ်သွားပြီး နေရာ ထိုင်ခင်း ပေးကာ အရက်ပါ သောက်ဖို့ ပြောသည်။

အရက် ထည့်ယူပြီး ပြန်လာသောအခါ လူသာသည် မီးလင်းဖိုပေါ်ရှိ ဖယောင်းတိုင် ထွန်းသည့် စင်ကို စိတ်ဝင်တစား ကြည့်နေသည်ကို တွေ့ရသည်။

''မျိုးကောင်းပြီး အင်မတန် လှတာပဲ၊ ဒီအခန်းထဲမှာ ရှိနေတာတွေ အားလုံး လှတယ်''

လူသာက ပက်ကို လှည့်ပြောသည်။

ဘော့စတွန်မြို့တန်းကလည်း သူ့ရုံးခန်းထဲမှာ ယခုလို အကောင်းစား အဖိုးတန်ပစ္စည်းများချည်း အသုံးပြု ပြင်ဆင်ထားခဲ့ကြောင်းကို ပက်က ထုတ် မပြောပြဘဲ နေလိုက်သည်။

''ကျွန်မ မိဘတွေက စုပေါင်းအိမ်ရာကို ပြောင်းရွှေ့နေကြဖို့ စီစဉ်နေပြီ၊ ဒါကြောင့် ဒီပစ္စည်းတွေကို ကျွန်မ သုံးချင် သုံး၊ မသုံးချင်ရင် ဂိုဒေါင်ထဲ ထည့်ထားရ တော့မယ်လို့ အမေက ပြောတာနဲ့ ကျွန်မလည်း ဒီကို ယူလာပြီး ပြင်ဆင်ထားလိုက် တာပါ''

ပက်က ဘာမှ မဖြစ်သည့် လေသံမျိုးဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသာက နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာ ထိုင်သည်။ သူ့ရှေ့တွင် ချပေး ထားသည့် အရက်ခွက်ကို ကောက်ကိုင်သည်။

"ကျုပ် မင်းအရွယ်တုန်းက ဘော်ဒါဆောင်မှာပဲ နေနိုင်တယ်၊ ကိုယ်ပိုင် အိမ်နဲ့ ဘယ်နေနိုင်မလဲ၊ ဒီလို အိမ်ကြီးအိမ်ကောင်းမျိုးလည်း ငှားမနေနိုင်ပါဘူး"

လူသာက သူ့ဘေး ဆိုဖာပေါ်သို့ လက်ပုတ်ပြသည်။

"လာ… ဒီမှာ လာထိုင်ပြီး အက်ပယ်လ်ဂျုန်းရှင်းမြို့အကြောင်း ပြောပြ စမ်းပါ"

အို… ဘယ်ဖြစ်မလဲ။ ဒီနေ့ညတော့ ဒါမျိုးနဲ့ လာစလို့ မရဘူး။ အလုပ် လုပ်ရမယ်မှ မကြိုးသေးဘူး၊ အီစီကလီ လုပ်ချင်တာက အရင်ဆိုတာမျိုးတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဟု ပက်က တွေးကြည့်သည်။

သူ ခေါ်သည်ကို မသိချင်ယောင်ဆောင်ပြီး စားပွဲ ခြားနေသည့် မျက်နှာ ချင်းဆိုင်မှ ကုလားထိုင်ပေါ်တွင် ဆက်ထိုင်မြဲ ထိုင်နေလိုက်သည်။

အက်ပယ်လ်ဂျုန်းရှင်းမြို့ အကြောင်းကို သည်နေရာက နေပြီးတော့ ပြောပြ တော့မည်။ ဘာမှ မကျေနပ်စရာ အကြောင်းမရှိဟု ဆုံးဖြတ်ချက် ချလိုက်သည်။ ပြီးတော့ သူ တွေ့ကြုံခဲ့ရသည်များကို တည်တည်ငြိမ်ငြိမ်နှင့် ပြောပြသည်။

"အက်ဘီဂေးလ်ဟာ အဲဒီအပိုင်းမှာတော့ အလှဆုံး မိန်းကလေးပဲ၊ အားလုံး ထဲမှာ သူ အချောဆုံးပဲ၊ ဒါပေမဲ့ သူ ဒါလောက် မထင်ပေါ် မကျော်ကြားဘူး၊ အဲဒီနယ်အကြောင်း ပြောလိုက်ရင် သူ ဘာကြောင့် မနေတတ် မထိုင်တတ် ဖြစ် နေတယ် ဆိုတာ ကျွန်မ အခုမှပဲ နားလည် သဘောပေါက်တော့တယ်၊ ဂျရယ်မီ ဆောင်းဒါးစ်ရဲ့ ပါးစပ်က အင်မတန် သရမ်းတာပဲ၊ သေမှပဲ အပြော လျှော့တော့မယ့် လူမျိုး၊ နယူးယောက်ပြည်နယ် မယ် အရွေးခံခဲ့ရတဲ့ အကြောင်းတွေပါ ပြန်ဖော်ရ တော့မယ်၊ ဘယ်လိုမှ ရှောင်လို့ မရနိုင်ဘူး၊ ပြန်ဖော်ပြန်ရင်လည်း ဟိုတုန်းက အကြောင်းတွေကို အားလုံးက စားမြုံ့ပြန်ကြဦးမှာ သေချာတယ်၊ အတ္တလန်းတစ် မြို့မှာ ကျင်းပမယ့် အမေရိကန်ပြည်ထောင်စု မယ်ရွေးပွဲ သွားဝင်ဖို့ သူတို့ မြို့သူ မြို့သားတွေက တစ်ယောက် နှစ်ဒေါ်လာစီ ကောက်ပြီး အက်ဘီဂေးလ်အတွက် အဝတ်အစား ဝယ်ချုပ်ပေးခဲ့ကြတာ၊ အဲဒီအကြောင်းတွေလည်း ပြန်ပေါ်မှာပဲ၊ ဒီလို အားကြိုးမာန်တက် ငွေကောက်ခံပြီးတော့မှ သူက ပြိုင်ပွဲမဝင်တော့ဘဲ လစ်သွားတာ၊ အက်ပယ်လ်ဂျုန်းရှင်းမယ်… ဟောဒီမှာ သူ့ဓာတ်ပုံ၊ ကျွန်မ ပြမယ်"

ဓာတ်ပုံကို မြင်သောအခါ လူသာက လေချွန်သည်။

"ဒါလောက် ကြီးတဲ့ တောင်ပို့ကြီးဟာ အက်ဘီဂေးလ်ရဲ့ အမေဆိုတာ ဘယ်လိုမှ မယုံစရာပဲ"

အကောင်းဆုံး မှတ်ချက်ကို သူ ချလိုက်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ အက်ပယ်လ်ဂျန်းရှင်းကိုရော အဲဒီမှာ သူနဲ့ ပတ်သက်ခဲ့သူတွေ အားလုံးကိုပါ မေ့ပစ်ချင်ဖို့ လုံလောက်တဲ့ အကြောင်းပြချက်တွေ သူ့မှာ ရှိနေပြီပဲ၊ လူ စိတ်ဝင်စားမယ့် အကြောင်းအချက်တွေလည်း မင်း အများကြီး ရလာခဲ့တယ် မဟုတ်လား"

"ထည့်ရမယ့် အချက်အလက် အကြောင်းအရာတွေကတော့ အများကြီးပဲ၊ များလွန်းလို့ အတော်များများကိုတောင် ချန်ရစ်ခဲ့ရလိမ့်မယ်၊ သူ့အကြောင်း နောက်ခံတွေအဖြစ်နဲ့ မြို့နယ်၊ ကျောင်းရယ်၊ သူ နေထိုင်ကြီးပြင်းခဲ့တဲ့ နေအိမ်ရယ်ကို ရိုက်ပြရမယ်၊ ပြီးရင် သူ နေခဲ့တဲ့ ကျောင်းက ကျောင်းအုပ်နဲ့ တွေ့ဆုံမေးမြန်းရမယ်၊ ကျောင်းအုပ်က မာဂရက်လန်ဂလေ၊ အခု ပင်စင်ယူသွားပြီ၊ အက်ဘီဂေးလ်ဟာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့တို့၊ တရားရေးအဖွဲ့တို့ အစည်းအဝေး ထိုင်ရလည်း သွားနားထောင်နေတတ်တယ်၊ အဲဒီအကြောင်းတွေ ထည့်ရမယ်၊ ပြီးရင် ကျောင်းနှစ်လည်မဂ္ဂဇင်းမှာ ပါတဲ့ သူ့အကြောင်း ဖော်ပြချက်နဲ့ အဲဒီအခန်းကို အဆုံးသတ်ရမယ်၊ နောက်ပြီးတော့ ဆီနိတ်တာဟာ အသက် ၂၁ အရွယ်ကျမှ ဒီကမ္ဘာပေါ်ကို ဖုတ်ခနဲ ကျလာတဲ့ ပန်းကန်ပြားပျံ မဟုတ်ကြောင်း သဘောပေါက်အောင် ကျွန်မတို့ လုပ်ဖို့ လိုတယ်၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ… ဒီမှတ်တမ်းထဲမှာ ပါဝင်ကူညီဖို့တော့ သူ သဘောတူလိုက်ပြီ၊ သူ ကြိုက်သလို ဇာတ်ကြိုးဆွဲမသွားဖို့ပဲ"

ပက်က အသေးစိတ် ရှင်းပြသည်။

"သူ ကြိုက်သလိုတော့ ဇာတ်ကြိုး ဆွဲမသွားပါဘူး၊ ဒါပေမဲ့ သူ မကြိုက်ရင် ပယ်ချနိုင်တဲ့ ဗီတိုအာဏာတော့ သူ့မှာ ရှိတယ် နော်၊ အဲဒါကို မမေ့နဲ့ ပက်၊ ဒီမှတ်တမ်းကို ကျုပ်တို့ချည်း လုပ်နေကြတာ မဟုတ်ဘူး၊ သူနဲ့ အတူတူ လုပ်နေတာ၊ သူ့ပူးပေါင်းကူညီမှုဟာ ကျုပ်တို့အဖို့ သိပ်အရေးကြီးတယ်"

လူသာ ထိုင်ရာမှ ထသည်။

"တို့နှစ်ယောက်ကြားမှာ မင်းက ဒီစားပွဲကြီးနဲ့ ခြားထားလိုက်တာကိုး"

သူက ထိုစားပွဲကို ကွေ့ပတ်ပြီး ပက် ရှိရာသို့ လာသည်။ ပြီးတော့ သူ့လက်နှစ်ဖက်ကို ပက်၏ လက်များပေါ်မှာ တင်ထားလိုက်သည်။

ပက်က ကမန်းကတန်း ထသည်။ သို့သော်လည်း သူ့လှုပ်ရှားမှု လုံလောက်အောင် မမြန်ဆန်လှပါ။

လူသာက ပက်ကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

"မင်းဟာ မိန်းမချောကလေးပဲ ပက်"

ပက်၏ မေးစေ့ကို ကိုင်ပြီး မျက်နှာကို သူ ဆွဲမော့လိုက်သည်။

သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ ပက် ကြိုးစားပါသည်။ သို့သော်လည်း သူ့လက်များသည် ပြုတ်တူနှင့် ညှပ်ထားဘိသကဲ့သို့ သန်မာ ခိုင်မြဲလှသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် သူ့ရင်ဘတ်ကို တံတောင်ဆစ်နှင့် ဖမ်းထောက်လိုက်ရသည်။

"လွှတ်ပါ…"

သူ ပြုံးသည်။

"ပက်… မင်း အိမ်ရဲ့ ကျန်နေသေးတဲ့ အခန်းတွေကို ဘာဖြစ်လို့ ကျုပ်ကို လိုက်မပြတာလဲ"

သူ ဘာဆိုလိုကြောင်း ပက် ကောင်းကောင်း သိပါသည်။ အစီပွာယ် တောက် ဘယ်လိုမှ မလွဲနိုင်ပါ။

"အတော်ညဥ့်နက်နေပါပြီ ရှင်၊ ဒါပေမဲ့ ရှင် ပြန်ရင်း စာကြည့်ခန်းနဲ့ ထမင်းစားခန်းကိုတော့ ကြည့်သွားနိုင်ပါတယ်၊ အခန်းတွေကို ပြီးအောင် မပြင်ဆင်ရသေးဘူး၊ ပြီးတော့မှ ကြည့်ရင် ပိုကောင်းတာပေါ့၊ ပန်းချီကားတွေ ဓာတ်ပုံတွေလည်း အဲဒီအခါကျတော့မှ ချိတ်လို့ ပြီးမှာ"

ပက်က အလိုက်သင့် ပြောသည်။

"မင်းရဲ့ အိပ်ခန်းက ဘယ်မှာလဲ"

"အပေါ်ထပ်မှာပါ"

"ကျုပ် ကြည့်ချင်တယ်"

"ဒါဆိုရင်တော့ ကျွန်မ ပြောမှ ဖြစ်တော့မယ်၊ တကယ်လို့ ကျွန်မရဲ့ အိပ်ခန်းကိုပါ ပြင်ပြီးသည့်တိုင်အောင် ရှင့်ကိုတော့ နေရာ သတ်မှတ်ပေးမှ ဖြစ်တော့မယ်၊ အမျိုးသမီးဆောင်တွေမှာ ဘယ်နေရာအထိပဲ ဧည့်သည်လာနိုင်တယ် ဆိုတာမျိုးပေါ့၊ အထူးသဖြင့် ယောကျ်ား ဧည့်သည်တွေ မသွားရမယ့် နေရာကို သတ်မှတ်ရတော့မယ်"

"မင်း နောက်နေတာတော့ မဟုတ်ပါဘူးနော်"

"ကျွန်မဘက်ကတော့ နောက်ပြောင်နေတာပဲ ဖြစ်လိုက်ချင်ပါတယ်၊ ဒါပေမဲ့ ရှင့်ဘက်က အတည် ဖြစ်လာတော့ ကျွန်မဘက်ကလည်း အတည်ပြောနေရတာပါ၊ နောက်တစ်နည်း ပြောမယ်၊ ကျွန်မဟာ အလုပ်တစ်ခု ရဖို့အတွက် ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ဝင်မအိပ်ဘူး၊ ဒီနေ့ည မအိပ်သလို မနက်ဖြန်လည်း မအိပ်ဘူး၊ နောက်နှစ်မှာလည်း မအိပ်ဘူး"

"ဒီလိုကိုး…"

ပက်က အပြင်ခန်းထဲသို့ ဦးဆောင် ခေါ်သွားသည်။ အပြင်ခန်းထဲ ရောက်တော့ သူ့ကုတ်အင်္ကျီကို ချိတ်မှ ဖြုတ်ပေးသည်။

သူက အင်္ကျီဝတ်သည်။ ပြီးတော့ ပက်ကို ချဉ်စူးစူး အပြုံးမျိုးဖြင့် ပြုံးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေကျတော့ မင်းတို့လို အိပ်မပျော်တဲ့ ရောဂါ ရှိသူတွေဟာ အလုပ်တာဝန်ပိုင်းနဲ့ ပတ်သက်လာရင် အခက်အခဲတွေ ရှိလာတတ်တယ်၊ သူတို့ဟာ ခပ်ညံ့ညံ့ နေရာတွေမှာပဲ ပျော်မြူးတတ်ကြတယ်၊ တောထဲမှာ ပျော်တတ်ကြတယ်၊ အက်ပယ်လ်ကျန်းရှင်း ဆိုတဲ့ တောမြို့လေးမှာ ရုပ်မြင်သံကြားဌာန မရှိဘူးလား၊ အဲဒါကိုတော့ မင်း သိဖို့ လိုလိမ့်မယ် ထင်တယ် ပက်"

မနက် ၆ နာရီ တိခနဲဆိုလျှင် တိုဘီသည် အက်ဘီဂေးလ်၏ နောက်ဖေး တံခါးပေါက်သို့ ရောက်စမြဲ ဖြစ်လေသည်။

မီးဖိုချောင်ကြီးက ကျယ်သည်။ ပစ္စည်းအစုံ ရှိသည်။ အက်ဘီဂေးလ်၏ အနှားယူ အပန်းဖြေခြင်းသည် မီးဖိုချောင်ထဲ ဝင်ပြီး ချက်ခြင်း ပြုတ်ခြင်း ဖြစ်သည်။ ဟင်း အမယ်ပေါင်းများစွာကို လည်းကောင်း၊ အချဉ်မျိုးစုံကို လည်းကောင်း သူ ပြုလုပ်လေ့ရှိသည်။

သို့သော် သူ ထိုသို့ ချက်ပြုတ်ခြင်းကို အထူးလျှို့ဝှက်ထားရလေသည်။ အပြင်သို့ လုံးဝ အပေါက်ကြား မခံ။ အခြား မည်သူမှ မသိစေရ။

'ထမင်းချက်' ဆိုသော စကားလုံးကြီးကို ဆီနိတ်တာအက်ဘီဂေးလ် ဂျင်းနင်း အမုန်းဆုံး ဖြစ်လေသည်။

သူကိုယ်တိုင်ကတော့ တစ်ဆုပ် တစ်လုတ်ပဲ စားသည်။ အလွန် အစားနည်းသည်။ သူ့အမေ၏ ပုံပန်းသဏ္ဌာန်ကြီးက သူ့ကို အမြဲတမ်း ခြိမ်းခြောက်နေကြောင်းကို တိုဘီ သိသည်။

ဖရန်ဆေးဖော်စတာတို့ ကိုယ်လုံးကိုယ်ထည် ကြီးပုံမျိုးကတော့ ရှားမှ ရှားသည်။ ခြေထောက်ကြီးများက သစ်ပင် ပင်စည်ကြီးများလို တုတ်ခိုင်သည်။ ထိုမျှ ကြီးမားတုတ်ခိုင်သည့် ခြေချောင်းကြီးများနှင့် ကိုယ်ခန္ဓာကြီးကို ကျယ်ပြန့်သည့် ခြေဖဝါးကြီးများပေါ်တွင် တည်ဆောက်ထားသည်။

ထိုခြေဖဝါးကြီးများနှင့် တော်သည့် ဖိနပ် ရှာရသည်ကပင် သူ့အဖို့ ရောမ အလုပ်ကြီးတစ်ခု ဖြစ်နေလေတော့သည်။

တိုဘီက မော်တော်ကား ဂိုထောင်အပေါ်ထပ်မှာ နေသည်။ မနက်တိုင်း လိုလို မီးဖိုချောင်ထဲသို့ သူ လာပြီး ကော်ဖီဖျော်လေ့ ရှိသည်။ ထို့နောက် အက်ဘီကို ရုံးသို့ လိုက်ပို့သည်။ သူက နံနက်စာ တဝကြီး စားသည်။

အက်ဘီက သူ့ကို ခိုင်းစရာ မရှိတော့ဘူး ဆိုလျှင် ပိုကာဝိုင်းကောင်းကောင်း တစ်ခုမှာ အချိန် သွားဖြုန်းနေတတ်လေသည်။

မီးဖိုချောင်ထဲသို့ အက်ဘီဂေးလ် ဝင်လာသည်။ ဝတ်ကောင်းစားလှများကို လဲလှယ် ဝတ်ဆင်ထားပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တယ်လှတာပဲ အက်ဘီ"

တိုဘီက ဆီးပြောသည်။

အက်ဘီဂေးလ်က ခပ်မြန်မြန် ပြုံးသည်။ ပြီးတော့ ထိုအပြုံး ချက်ချင်း ပျောက်သွားလေသည်။ ဆီးနိတ်လွှတ်တော်ထဲမှာ အရေးကြီးသည့် မိန့်ခွန်းတစ်ခုခု သူ ပြောရတော့မည် ဆိုလျှင် သည်လိုပဲ သူ စိတ်လှုပ်ရှားစမြဲ ဖြစ်လေသည်။

နောက်ပြီးတော့ ဘာတစ်ခုမှလည်း သူ အမှားအယွင်း မခံနိုင်ချေ။ တစ်ခုခု မှားလျှင် သူ အရမ်းစိတ်တိုပြီ။

"ကော်ဖီ သောက်ပြီး အချိန်ဖြုန်းမနေနဲ့"

တိုဘီကို လှမ်းငေါက်သည်။

"အချိန်တွေ အများကြီး ရှိပါသေးတယ်"

သူ စိတ်အေးလက်အေး ရှိအောင် တိုဘီက ချော့သည်။

"ခင်ဗျားရုံးကို ၆ နာရီခွဲ အရောက် ပို့ပေးပါ့မယ်၊ ကော်ဖီ သောက်လိုက်ပါဦး၊ ခင်ဗျား ဗိုက်ထဲမှာ ဘာမှ မရှိရင် အလကားနေရင်း စိတ်တိုနေတတ်တာ၊ ကိုယ့်ဘာသာ ကိုယ်လည်း သိရဲ့သားနဲ့"

အက်ဘီဂေးလ်က ဘာမှ မပြောဘဲ တိုဘီ ထည့်ပေးသည့် ကော်ဖီကို တိတ်ဆိတ်စွာ သောက်သည်။

ထို့နောက် တိုဘီက ကော်ဖီပန်းကန် နှစ်စုံကို ရေစင်ထဲမှာ ထည့်ထားပစ်ခဲ့သည်။ သူ ပန်းကန်ဆေးနေလျှင် အချိန်ကုန်သည် ဆိုပြီး အက်ဘီဂေးလ် နေမထိထိုင်မသာ ဖြစ်နေဦးမည်ကို သိသောကြောင့် ဆေးမနေတော့ဘဲ သည်အတိုင်း ထားပစ်ခဲ့ခြင်း ဖြစ်လေသည်။

အိမ်ရှေ့တွင် မော်တော်ကား အဆင်သင့် ရပ်ထားပြီး ဖြစ်သည်။ ကုတ်အင်္ကျီနှင့် လက်ဆွဲအိတ် ယူရန် အက်ဘီဂေးလ် သွားနေခိုက် တိုဘီက ကားဆီသို့ ခပ်သုတ်သုတ် ပြေးကာ အပူပေးစက်ကို ဖွင့်ထားနှင့်လေသည်။

၆ နာရီနှင့် ၁၀ မိနစ်တိတိတွင် သူတို့ မော်တော်ကား မောင်းထွက်လာလေသည်။

အက်ဘီဂေးလ်သည် သူ မိန့်ခွန်း ပြောရမည့်နေ့ဆိုလျှင် တောင့်တောင့်ကြီး ဖြစ်နေတတ်သည်။ စိတ်ကိုလည်း ဘယ်တော့မှ လျှော့ထားလေ့ မရှိ။ အားလုံးကို တင်းထားသည်။

မနေ့ညတုန်းကလည်း စောစော အိပ်ရာဝင်သည်။ သို့သော်လည်း သူ အိပ်မှအိပ်ရဲ့လားဟု တိုဘီ စဉ်းစားကြည့်နေသည်။ သည်လို ညမျိုးတွင် အိပ်ရေးကောင်းကောင်းဝအောင် အိပ်ထားရန် အရေးကြီးသည်။

အက်ဘီ သက်ပြင်းချသံနှင့် ချောက်ခနဲ လက်ကိုင်အိတ် ပိတ်လိုက်သံကို သူ ကြားလိုက်ရသည်။ နောက်ကြည့်မှန်ထဲမှတစ်ဆင့် သူ အကဲခတ်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အက်ဘီက ဓာတ်ဘူးထဲမှ ကော်ဖီ ထည့်သောက်နေသည်။

"ညတုန်းက ကောင်းကောင်းအနားယူခဲ့ရရဲ့လား ဆီနိတ်တာ"

တစ်ခါတစ်ရံတွင် တိုဘီက 'ဆီနိတ်တာ' ဟု ခေါ်တတ်သည်။

သူတို့ နှစ်ယောက်ချင်း ရှိသည့်တိုင်အောင် ခေါ်တတ်သည်။

မည်သို့ပင်ဖြစ်စေ မိမိသည် မိမိ၏ နေရာမှန်ကို သိကြောင်း အက်ဘီဂေးလ်အား သတိပေးသည့် သဘောမျိုးလည်း ဖြစ်လေသည်။

"ကောင်းကောင်း အိပ်မပျော်ပါဘူးဟယ်၊ ဒီကနေ့ အစီအစဉ်အကြောင်းကို စဉ်းစားနေမိလို့"

ဒင်းအဒမ်စ်၏ နေအိမ်ကြီးတွင် ပက်ထရီရှာထရေးမိုး နေနေသည့်အကြောင်း အက်ဘီကို သူ မပြောရသေးချေ။

အက်ဘီဂေးလ်သည် အယူသီးသူ ဖြစ်သည်။

ထို့ကြောင့်လည်း ယခုလို အချိန်မျိုးတွင် စိတ်အနှောင့်အယှက် မဖြစ်စေရန် မပြောဘဲ နေခြင်းက ကောင်းသည်ဟု ဆုံးဖြတ်ပြီး ဆိတ်ဆိတ်ပင် နေလိုက်တော့သည်။

ပက်သည် နာရီနှိုးစက်ကို မနက် ၅ နာရီမှာ သံပတ်ပေးထားသည်။ ရုပ်မြင်သံကြားအလုပ်တွင် စိတ်တည်ငြိမ်မှုသည် အလွန်အရေးကြီးကြောင်း အတွေ့အကြုံများအရ သူ သိထားသည်။

စိတ်မတည်မငြိမ်နှင့် ကွန်နက်တီးကတ်ပြည်နယ် အုပ်ချုပ်ရေးမှူးကို အင်တာဗျူး လုပ်ခဲ့မိရာ ကြိုတင်ပြင်ဆင်ထားသည့် မေးခွန်းအတော်များများ မေ့ကျန်ခဲ့ဖူးသည်။

အက်ပယ်လ် တည်းခိုခန်းတုန်းက ကျဉ်းကျဉ်းကျပ်ကျပ် အိပ်ရာကလေးတွင် အိပ်စက်ခဲ့ရသည်။ ယခု ကိုယ့်အိမ်ကိုယ့်ရာ ပြန်ရောက်တော့မှပဲ ဖိမ်ရှိရှိနှင့် အိပ်ရလေတော့သည်။ သို့သော် အိပ်မက်ဆိုးများ မက်နေသည်။ အိပ်မက်ထဲမှာ လူသာက သူ့ကို အကြမ်းဖက်နေသည်။

လူသာပယ်လ်ဟမ်းလို မတရား အခွင့်အရေး ရယူချင်သူများ ရုပ်မြင်သံကြားလောကတွင် အင်မတန်ပေါသည်။ သူတို့အလိုသို့ မလိုက်လျောလျှင် ရန်ငြိုးထားတတ်ကြသည်။ အခွင့်အရေး ရသောအခါ ဒုက္ခပေးတတ်ကြသည်။

သူ အဝတ်အစား မြန်မြန်လဲသည်။ သိုးမွေးထည်များကို ရွေးဝတ်သည်။ ဒီဇင်ဘာ၏ ထုံးစံအတိုင်း အပြင်မှာ လေတိုက်နေသည်။

ပြတင်းပေါက်အချို့ ပွင့်နေသည်။ လေခပ်ကြမ်းကြမ်း တိုးသောအခါ လေတိုးသံကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်သို့ ဆင်းသည့် လှေကားနား ရောက်လာသည်။
အသံများ ပိုကျယ်လာသည်။
လေတိုးသံ မဟုတ်တော့ဘဲ ကလေးလေးတစ်ယောက်၏ အော်သံလိုလို ...လာရသည်။
အောက်ထပ်ကို ငါ ပြေးဆင်းသွားတယ်။
ငါ အရမ်းကြောက်နေတယ်။
ပြီးတော့ ငါ ငိုနေတယ်။
မှတ်မိသလိုလို ရှိလာသည်။
ထို့ကြောင့် လှေကားလက်တန်းကို တင်းတင်းကြီး ဆုပ်ထားလိုက်မိသည်။
အပြင်းအထန် စဉ်းစားသည်။
ပြန်မှတ်မိသလိုလို ဖြစ်လာသည်။
သို့သော် ဘာမှ သဲသဲကွဲကွဲ မမှတ်မိပါ။
ဆီနိတ်တာ လွှတ်တော်ရုံးသို့ ထွက်လာရင်း အာရုံက တခြားသို့ လွင့်သွား...။
အတိတ်အကြောင်းများကို ပို၍ မမှတ်မိအောင် ဖြစ်သွားသည်။
နောက်ပြီးတော့ ကြောက်လည်း ကြောက်လာသည်။
ဘာကြောင့် ကြောက်နေရသနည်း။
ထိုညတုန်းက ဘာတွေ ဖြစ်ပျက်ခဲ့ကြောင်း သူ ဘယ်လောက်များ ပြန် ...မိနိုင်ပါမည်နည်း။

... ရောက်သွားသော ရုံးပေါက်ဝမှနေ၍ ဖီးလစ်ဘတ်ကလေက အဆင်သင့် ...င့်ကြိုနေသည်ကို တွေ့ရသည်။
မနက် စောစောစီးစီး သာသာယာယာ ရှိသော်လည်း ဖီးလစ်၏ အမူအရာ ... ပို့ပြီး သတိထားနေပုံမျိုး ပေါ်နေသည်။ ဖော်ဖော်ရွေရွေလည်း မရှိလှပေ။
သူ ဘာကို ကြောက်နေသနည်း။
ပက်က တွေးကြည့်သည်။
"ကိုလိုနီစခန်းတစ်ခုထဲ ရောက်နေတဲ့ ဗြိတိသျှသူလျှိုလို့များ ကျွန်မကို ...နေသလား"
ပက်က နောက်သလိုလို ပြောင်သလိုလိုနှင့် မေးသည်။
ဖီးလစ်ဘတ်ကလေက ပြုံးသည် ဆိုရုံကလေး ပြုံးသည်။ ဟာသမမြောက် ... အပြုံးမျိုး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ဗြိတိသျှသူလျှိုလို့သာ ကျွန်တော်တို့က ထင်မယ်ဆိုရင် ကိုလို စခန်းနားကို ခင်ဗျား ဘယ်နည်းနဲ့မှ ရောက်လာနိုင်မှာ မဟုတ်ဘူး"

သူက အတည်ပေါက် ပြန်ပြောသည်။

"ခဏနေရင် ဆီနိတ်တာ ရောက်လာပါတော့မယ်၊ သူ့ရဲ့ တစ်နေ့တာလုပ် တွေကို ခင်ဗျား ကြည့်ချင်မှာပဲ၊ ဒါမှ သူ ဘယ်လောက် အလုပ်များတယ် ဆိုတာ ခင်ဗျား သဘောပေါက်သွားမှာ မဟုတ်လား"

အစီအစဉ် စာရွက်များကို ပက် ဖတ်နေခိုက် ဖီးလစ်က သူ့ပခုံး ကျော်ပြီး နောက်ဘက်သို့ လှမ်းကြည့်သည်။

"အစီအစဉ်အတိုင်းတော့ တိတိကျကျ မဖြစ်နိုင်ဘူးပေါ့၊ အဲဒီထဲ လူ သုံးယောက်ကိုတော့ ကျွန်တော်တို့ ပယ်လိုက်ရမယ်၊ ဆီနိတ်တာရဲ့ ရုံးခန်းထဲ ခင်ဗျား ထိုင်ပြီး သူ ဘာတွေ လုပ်နေတယ်ဆိုတာ ကြည့်လိုက်ရင် သူ့ရဲ့ တစ်နေ့ လုပ်ငန်းတွေထဲက ဘယ်အခန်းလေးနဲ့ ခင်ဗျားရဲ့ ရုပ်မြင်သံကြား တင်ဆက်မှု စမယ်ဆိုတာ စိတ်ကူးရပါလိမ့်မယ်၊ အရေးကြီးတဲ့ လျှို့ဝှက်ကိစ္စတွေ ဆွေးနွေး အခါကျတော့ အပြင်ကို ခဏထွက်ပေးပေါ့ဗျာ၊ အဲဒီအခါမှာ ခင်ဗျား ထိုင် သီးခြား ရုံးခန်းလေး တစ်ခန်းလည်း ကျွန်တော် စီစဉ်ထားပါတယ်၊ အဲဒီအထဲ သွားထိုင်နေရင် ဒီရုံးခန်းထဲမှာ ခင်ဗျား ရှိမနေတော့ဘူး ဆိုတဲ့ သဘောလည်း ဖြစ်သွားတာပေါ့"

ဖီးလစ်က အသေးစိတ် ရှင်းပြသည်။

"ရှင်က အကုန်လုံးကို ဇေ့ဇေ့စပ်စပ် စီစဉ်ထားတာကိုး၊ ကဲ… အ ပါးရ တစ်ချက်လောက် ပြုံးလိုက်စမ်းပါ၊ ကျွန်မတို့ ရုပ်မြင်သံကြား ရိုက်တဲ့ ကျရင်လည်း ရှင် ပြုံးရဦးမှာပဲဥစ္စာ"

"ခင်ဗျားတို့ အစီအစဉ် အချောသတ်ပြီးတော့မှပဲ အားရပါးရ ပြုံးနိုင် မှာပါဗျာ"

သို့သော် စောစောကနှင့်စာလျှင် သူ အတော်ကလေး နေသာထိုင် ရှိသွားပုံတော့ ရသည်။

မိနစ်အနည်းငယ် ကြာတော့ အက်ဘီဂေးလ် ဝင်လာသည်။

"မင်း ရောက်လာတာ ဝမ်းသာလိုက်တာကွယ်"

အခန်းထဲ ဝင်လျှင်ဝင်ချင်း ပက်ကို လှမ်းပြောသည်။

"မင်းနဲ့ ဘယ်လိုမှ အဆက်အသွယ် လုပ်လို့မရတော့ မင်း ခရီးထွ ပြီ ထင်ပြီး တို့ စိတ်မကောင်း ဖြစ်နေတာ"

ဟုလည်း ဆက်ပြောသည်။

"ရှင် မှာထားတဲ့အကြောင်း မနေ့ညကမှ သိရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား… မင်း လာနိုင်မယ် မလာနိုင်ဘူး ဆိုတာ လူသာကလည်း ရာရာ မပြောနိုင်ဘူး ဖြစ်နေတယ်"

ပက် ဘယ်ရောက်နေသည်ကို ဆီနိတ်တာက သိချင်သည်။ ပက်ကလည်း ဘယ်သွားနေကြောင်း ပြောမပြနိုင်။

"ရုပ်မြင်သံကြား အစီအစဉ် ရိုက်ကူးပြီးတဲ့ အချိန်အထိတော့ ကျွန်မဟာ ာက်မှာ အရိပ်လို ကပ်ပါနေရတော့မှာပဲ၊ ဒါလောက်တောင် ကပ်နေလို့ စိတ်အနှောင့်အယှက် ဖြစ်နိုင်တယ်"

အက်ဘီဂေးလ်ကတော့ ထိုမျှ ပြောရုံနှင့်လည်း သိပ်ကျေနပ်ပုံ မပေါ်သေး

"ငါ့အနေနဲ့ ချက်ချင်း အဆက်အသွယ်ရမှ ဖြစ်မှာ၊ ငါ့ကို မေးစရာ တွေ မင်းမှာ အများကြီး ရှိနေတယ်လို့ လူသာက ပြောတယ်၊ ငါ့မှာ အစီအစဉ် ည်း ကျပ်နေတယ်၊ ဒါကြောင့် ဘယ်အချိန်မှာ အားမယ်ဆိုတာ ဘယ်လိုမှ ပြောနိုင်ဘူး၊ အားတော့မှသာ အားရော၊ ကဲ… အလုပ် တန်းလုပ်ကြရအောင်"

အက်ဘီဂေးလ်ဂျင်းနင်း၏ သီးသန့်ရုံးခန်းအတွင်းသို့ ပက်က ဝင်လိုက် ည်။ သို့သော်လည်း အခန်းထဲမှာ သူ ရှိနေသည်ဟု မထင်မှတ်ရလေအောင် ကုန် သိုသိုသိပ်သိပ် နေသည်။

တအောင့်ကြာတော့မှပင် အက်ဘီဂေးလ်သည် ဖီးလစ်နှင့် အရေးတကြီး ပြောနေတော့သည်။

သူ့စားပွဲပေါ်သို့ အစီရင်ခံစာတစ်စောင် အရောက် နောက်ကျနေသည်။ ကြောင့် နောက်ကျနေသနည်းဟု သူက ဖီးလစ်ကို လေသံမာမာဖြင့် တန်းမေး

"ဒီအစီရင်ခံစာဟာ လွန်ခဲ့တဲ့ အပတ်ကတည်းက ငါ့စားပွဲပေါ်ကို ရောက် မှာ"

"ကိန်းဂဏန်းတွေ မစုဆောင်းရသေးလို့ပါ ခင်ဗျာ"

ဖီးလစ်က ပြန်ဖြေသည်။

"ဘာကြောင့်လဲ"

"ရှီးရှီးပါပဲ၊ အချိန်မရလို့ပါ"

"နေ့ဘက်မှာ အချိန်မရရင် ညဘက်မှာ အချိန်ရရမှာပေါ့၊ ငါ့အမှုထမ်း ထဲမှာ နာရီကြည့်ပြီး အလုပ်လုပ်နေတဲ့ လူရှိရင် ဘယ်သူလဲဆိုတာ ငါ သိချင် ဘာကြောင့်လဲဆိုတာ ငါ သိချင်တယ်"

အက်ဘီဂေးလ်က အလွန်ပြတ်သားသော လေသံဖြင့် ခပ်ဆတ်ဆတ်ကြီး သည်။

www.burmeseclassic.com



၇ နာရီတိတိတွင် ဧည့်သည်များကို စတင် လက်ခံတွေ့ဆုံသည်။ သူ့ ရုံးခန်းထဲသို့ ရောက်လာသည့် ဧည့်သည်တိုင်းကို ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ ကြီး ဆက်ဆံ စကားပြောသည်။

ရေနံကုမ္ပဏီများအတွက် မဲဆွယ်ရေး တာဝန်ခံများ။

ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး ဆော်ဩသူများ။

စစ်ပြန် စစ်မှုထမ်းဟောင်းများ။

အိမ်ရာ ဆောက်လုပ်ရေး ဥပဒေကြမ်း တင်သွင်းရမည့် ကိစ္စများ။

အလယ်အလတ်တန်းစား ဝင်ငွေ ရှိသူများ ဝင်ငွေခွန်ပေးရေး ကိစ္စနှင့် ပတ်သက်သည့် ကိုယ်စားလှယ်များ။

လူမှုဖူလုံရေး ခွင့်ပြုငွေတွင် ဖြတ်တောက်သည့်အတွက် ကန့်ကွက်ကြမည့် ကိုယ်စားလှယ် အဖွဲ့ဝင်များ။

ဆီးနိတ်လွှတ်တော် စတင် ကျင်းပသောအခါ ပက်သည် အစည်းအဝေး ခန်းမဆီသို့ အက်ဘီဂေးလ်နှင့်အတူ လိုက်သွားသည်။ သူနှင့်အတူ ဖီးလစ်လည်း လိုက်လာသည်။

သတင်းစာဆရာများအတွက် သတ်မှတ်ပေးထားသည့် သီးသန့်နေရာတွင် ပက် ထိုင်ခွင့်မရသေး။

ထို့ကြောင့် ရိုးရိုး လေ့လာသူများအတွက် သတ်မှတ်ပေးထားသော နေရာ တွင်သာ ဖီးလစ်နှင့်အတူ သွားထိုင်ရလေသည်။

အဝတ်အစား လဲခန်းမှတစ်ဆင့် အစည်းအဝေး ခန်းမကြီးထဲသို့ ဆီးနိတ် လွှတ်တော်အမတ်များ ဝင်ရောက်လာကြသည်ကို ပက်က သေသေချာချာ ကြည့် လေ့လာနေသည်။

လမ်းလျှောက်လာကြရင်း တစ်ယောက်နှင့် တစ်ယောက် နှုတ်ဆက်ကြ သည်။ သူတို့ မျက်နှာများ ပြုံးနေသည်။ အားလုံး စိတ်အေးလက်အေး ရှိနေကြ ကြောင်း အလွန်သိသာ ထင်ရှားသည်။

အမတ်များမှာ အရွယ်မျိုးစုံ၊ ပုံသဏ္ဍာန် မျိုးစုံ ဖြစ်သည်။ အရပ်မြင့်သူ ပုသူ၊ ဝသူ၊ ပိန်သူ။ မနိမ့်မမြင့် ရှိသူ၊ မပိန်လွန်း မဝလွန်းသူ။

အချို့က ဆံပင် အရှည်ကြီး ထားကြပြီး၊ အချို့က မတိုမရှည်၊ အချို့က ခပ်တိုတို ညှပ်ထားကြသည်။ အချို့ကတော့ ထိပ်ပြောင်ကြီးများ ဖြစ်သည်။

အမတ် လေး ငါးယောက်ကမှ တက္ကသိုလ်ကျောင်းတိုက်မှ ပါမောက္ခ များ ဂိုက်မျိုး ပေါက်နေသည်။

အက်ဘီဂေးလ်အပြင် အခြား အမျိုးသမီး ဆီးနိတ်လွှတ်တော်အမတ် နှစ်ယောက်လည်း ရှိသေးသည်။ အိုဟိုင်းယိုးပြည်နယ်မှ ကလဲယားဘောရင့်စ်၊ နယူးဟင့်ပ်ရှိုင်းယားပြည်နယ်မှ ဖစ်လစ်ဟိုလ်ဇာတို့ ဖြစ်လေသည်။ ဖစ်လစ်ဟိုလ်

www.burmeseclassic.com

www.burmeseclassic.com



သည် တစ်သီးပုဂ္ဂလ ဖြစ်လေရာ သူ အရွေးခံရတုန်းက ကျွက်ကျွက်ညံသွားခဲ့ဖူးသည်။

ပက်က ကလဲယားလောရင့်စ်ကို ပိုပြီး စိတ်ဝင်စားသည်။ ထို့ကြောင့်လည်း သူ့ကိုပဲ အသေးစိတ် လေ့လာအကဲခတ်နေမိသည်။

ကလဲယားသည် ဆီးနိတ်လွှတ်တော်အမတ် သက်တမ်း နုနယ်သေးသူဖြစ်သည်။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်ထားသည်။ ဆံပင်တိုတို ညှပ်ထားသည်။ ဆံပင်တိုကလေးများက လှိုင်းတွန့်နေသည်။

သူ့အပေါင်းအသင်းများက သူ့ကို ဆီးကြို နှုတ်ဆက်ကြသည်။ သူက တစ်စုံတစ်ရာ ပြန်ပြောတိုင်း တသောသော ရယ်မောကြလေသည်။

ကလဲယားလောရင့်စ်သည် အလွန် အာဝဇ္ဇန်းရွှင်ကြောင်းနှင့် တခ်ဏပွတ္တိဉာဏ် ကောင်းကြောင်း နာမည်ကြီးလှသည်။

ပြင်းပြင်းထန်ထန် အငြင်းပွားနေရသည့် ပြဿနာများ ဆိုလျှင်လည်း ကလဲယားလောရင့်စ် ဝင်ရောက် ဖျန်ဖြေလျှင် ရောရောရှုရှု ပြီးစီးသွားတတ်သည် ဟုလည်း လူပြောများလှသည်။

ပက် 'ဟာသ' ဆိုသော စာလုံးကလေးကို သူ့မှတ်စု စာအုပ်ထဲမှာ ရေးချပြီး အောက်မှာ မျဉ်းသားထားလိုက်သည်။

အက်ဘီဂေးလ်ဂျင်းနင်းကတော့ တည်လွန်းသည်။ ဘာမဆို အလေးအနက်သဘောထားလွန်းသည်။

ဆီးနိတ်လွှတ်တော် အမတ်များ နေရာယူရန်နှင့် ငြိမ်သက်စွာ ထိုင်ရန် အချက်ပေး ခေါင်းလောင်းသံ ပေါ်ထွက်လာသည်။

ဒုတိယသမ္မတ မကျန်းမာသောကြောင့် အောကင်ဆတ်ပြည်နယ်မှ ဝါရင့် ဆီးနိတ်လွှတ်တော် ကိုယ်စားလှယ်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပသွားပြီး နောက်ဆုံးတွင် အက်ဘီဂေးလ်ဂျင်းနင်း ဆွေးနွေးဝေဖန်ရန် ဖြစ်သည်။

သူ့နာမည် ကြေညာလိုက်သည်နှင့် အက်ဘီဂေးလ်က တည်ငြိမ်စွာ ရပ်သည်။ စာကြည့်မျက်မှန်ကို ဣန္ဒြေရရ တပ်သည်။

"သမ္မာကျမ်းစာအုပ်ထဲမှာ ထင်ရှားကျော်ကြားတဲ့ ဝါကျ နှစ်ခု ရှိပါတယ်၊ ဘာလဲဆိုတော့ 'ဘုရားသခင်က ပေးတော်မူသည်၊ ပြီးတော့ ယူတော်မူသည်' ဆိုတဲ့ ဝါကျပါပဲ၊ အခုလည်း ကျွန်မတို့ အစိုးရက ငွေတွေကို တစ်သုံးတည်း သုံးနေတာဟာ ပေးပစ်နေတာနဲ့ အတူတူပါပဲ၊ အတောမသတ်အောင် ပေးပစ်နေတာနဲ့ အတူတူပါပဲ၊ အဲဒီလို စည်းမဲ့ကမ်းမဲ့ ပေးပစ်နေတာနဲ့ အတူ ယူတဲ့လူတွေကလည်း လက်မတွန့်တမ်း ယူပစ်နေကြပါတယ်၊ ဖြုန်းတီးပစ်နေကြပါတယ်။ လိုအပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာတွေမှာ သုံးတာကို ဘာမှ ဝေဖန်စရာ အကြောင်း မရှိပေမဲ့ မလိုအပ်ဘဲ သုံးဖြုန်းပစ်နေတာကိုတော့ ကျွန်မတို့ ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်ပါဘူး"

အက်ဘီဂေးလ်သည် စကားပြော အလွန်ကောင်းသည့် အမျိုးသမီး ဖြစ်ပါသည်။ သူ့မိန့်ခွန်းကို ကြိုတင်ပြီး သေသေချာချာ ပြင်ဆင်ထားခဲ့သည်။ အထောက်အထားများကိုလည်း ခိုင်လုံအောင် ရှာဖွေ ထည့်သွင်းထားသည်။ သာမန် အချက်ကလေးများကိုပင် မလွဲမှားရအောင် ဂရုစိုက် ပြင်ဆင် ထည့်သွင်း ရေးသားထားသည်။

သူ့မိန့်ခွန်းမှာ ၁ နာရီနှင့် ၁၀ မိနစ် ကြာသည်။ အားလုံး စိတ်ပါဝင်စားစွာ နားထောင်ကြသည်။ လက်ခုပ်သံ တဖြောင်းဖြောင်း ဖြစ်နေသည်။

အစည်းအဝေး ရပ်နားလိုက်သောအခါ လူများစု ခေါင်းဆောင် အဖတ်က အက်ဘီဂေးလ်ဆီသို့ အူယားဖားယား သွားရောက် ချီးကျူးစကား ပြောသည်။

ပက်နှင့် ဖီးလစ်က အက်ဘီဂေးလ် ပတ်လည်တွင် လူရှင်းသည်အထိ စောင့်နေကြသည်။ ချီးကျူးစကား ပြောသူတွေ များလှသည်။ လူတွေ ဝိုင်းအုံနေသောကြောင့် တော်တော်နှင့် မပြန်နိုင်။

လူရှင်းသွားတော့မှ သူတို့ သုံးယောက် ရုံးသို့ အတူတူ ပြန်လျှောက်လာခဲ့ကြသည်။

"ဘယ်လို နေလဲ၊ ကောင်းတယ် မဟုတ်လား"

အက်ဘီဂေးလ်က မေးသည်။ သို့သော်လည်း သူ့လေသံထဲမှာ မေးခွန်းမေးသည့် သဘောမျိုး မပါပါ။

"အရမ်းကို ကောင်းပါတယ် ဆိုနိုတ်တာ"

ဖီးလစ်ဘတ်ကလေက မဆိုင်းမတွ ချက်ချင်းပြန်ဖြေသည်။

"ပက်ကရော ဘယ်လို သဘောရသလဲ"

အက်ဘီဂေးလ်က ပက်ကို လှည့်ကြည့်ပြီး ဆက်မေးပြန်သည်။

"ကျွန်မတို့ အသံသွင်းမထားလိုက်မိတာ အသည်းနာလို့ မဆုံးတော့ဘူး"

ပက်က တကယ်ပဲ ရိုးရိုးသားသား ပြန်ပြောလိုက်မိလေသည်။

"အဲဒီ မိန့်ခွန်းထဲက ကောက်နုတ်ချက်တချို့ကို ကျွန်မတို့ တင်ဆက်မယ့် အထူးအစီအစဉ်ထဲမှာ ထည့်သုံးချင်တယ်"

နေ့လယ်စာကို အက်ဘီဂေးလ်၏ ရုံးမှာပင် သူတို့ စားကြသည်။ အက်ဘီဂေးလ်က သူ၏ နေ့လယ်စာအဖြစ် ကြက်ဥအကျက် အပြုတ်နှင့် ကော်ဖီကြမ်းမှာသည်။ နေ့လယ်စာ စားနေတုန်း ဖုန်းလာသောကြောင့် လေးကြိမ်တိုင်တိုင် ထပြောရသေးသည်။

တစ်ယောက်သည် သူ ရွေးကောက်ပွဲ ဝင်စဉ်က သူ့ဘက်က မဲဆွယ်ပေးခဲ့သည့် အမျိုးသမီးတစ်ယောက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ မဂ္ဂီ"

"………"

"အို… မဟုတ်တာ၊ အနှောင့်အယှက် မဖြစ်ပါဘူး၊ မင်းတို့ အသုံးလိုတဲ့ အချိန်မှာ ကိုယ် အမြဲတမ်း အဆင်သင့် ဖြစ်နေတာ မင်း အသိသားနဲ့၊ ကဲ ပြော… ကိုယ် ဘာလုပ်ပေးရမလဲ"

အက်ဘီဂေးလ်၏ မျက်နှာ တင်းမာသွားပုံ၊ မျက်မှောင်ကုတ်သွားပုံ၊ နဖူးပေါ်တွင် အရေးများ တွန့်သွားပုံတို့ကို ပက်က ဘေးမှနေ၍ အကဲခတ် စောင့်ကြည့်နေသည်။

"မင်း အမေ ခေါင်းတောင် မထူနိုင်တာကို ဆေးရုံပေါ်ကနေ ပြန်ခေါ်သွားခိုင်းနေတယ်လို့ မင်း ဆိုလိုတာလား မဂ္ဂီ"

"…………"

"ဖြစ်မှ ဖြစ်ရလေတယ်၊ ပို့ထားစရာ ဘိုးဘွားရိပ်သာ တစ်ခုခု မင်း စိတ်ကူးထားတာ ရှိသလား"

"…………"

အက်ဘီဂေးလ်၏ နောက်တွင် ထိုင်နေသည့် လက်ထောက်အမျိုးသမီးသည် ထိုအစီရင်ခံစာကို ပြုစုပေးသူ ဖြစ်နိုင်သည်။ ဟန်ပန်ကတော့ ဘာကိုမဆို အထူးလေ့လာလိုက်စားတတ်သည့် ပုံစံမျိုး ဖြစ်သည်။

ကလဲယားလောရင့်စ် အစီရင်ခံစာ ဖတ်နေခိုက်တွင် အက်ဘီဂေးလ်က ထိုမိန်းကလေးကို မကြာခဏ လှည့်ကြည့်သည်။

မိန်းကလေးမှာ အကြီးအကျယ် စိတ်သောက ရောက်သွားပုံပေါ်သည်။ မနေတတ် မထိုင်တတ်လည်း ဖြစ်နေသည်။

တစ်မျက်နှာလုံး ရဲရဲနီနေသည်။ တဆတ်ဆတ် တုန်နေသည့် နှုတ်ခမ်းများကို ထိန်းသည့်အနေဖြင့် တအား ဖိကိုက်ထားသည်။

အက်ဘီဂေးလ်က စကားဝင်ဖြတ်သည်။ ကလဲယားလောရင့်စ်က ရပ်ပစ်လိုက်သည်။

"သဘာပတိကြီးရှင့်၊ အခုလို ဝင်ပြီး ကူညီတဲ့အတွက် ဆီနိတ်တာလောရင့်စ်ကို ကျေးဇူးတင်ပါတယ်၊ တစ်ပြိုင်တည်းမှာပဲ အခုလို ကိန်းဂဏန်းအမှားတွေ တင်ပြမိတဲ့အတွက် ကော်မတီဝင် လူကြီးမင်းများ အားလုံးကိုရော သက်ဆိုင်ရာများကိုပါ တောင်းပန်ပါတယ်၊ ကျွန်မရဲ့ မှားယွင်းချက်နဲ့ မသေချာမှုကြောင့် ဒီအစည်းအဝေးကို တက်လာကြတဲ့ လူကြီးမင်းများ အားလုံးရဲ့ အဖိုးတန် အချိန်တွေကို ဖြုန်းတီးပစ်လိုက်သလိုလည်း ဖြစ်သွားပါတယ်၊ အဲဒီအတွက်လည်း အနူးအညွတ် တောင်းပန်ပါတယ်၊ နောင် ဒါမျိုး မဖြစ်စေရဘူးဆိုတာ ကျွန်မ အခိုင်အမာ ကတိပေးပါတယ် ရှင်"

www.burmeseclassic.com

www.burmeseclassic.com



အက်ဘီဂေးလ်က ကော်မတီကို တောင်းပန်သည်။

ပြီးတော့ သူ့လက်ထောက်ကို လှည့်ကြည့်သည်။

လှုပ်ရှားသွားသော အက်ဘီဂေးလ်၏ နှုတ်ခမ်းက-

"နင့်ကို ငါ အလုပ်ထုတ်ပစ်လိုက်ပြီ"

ဟု ပြောလိုက်ခြင်း ဖြစ်ကြောင်း ပက် သေသေချာချာ သိလိုက်လေသည်။

အမျိုးသမီးလေးက ထိုင်ရာမှ ထပြီး အစည်းအဝေး ခန်းမထဲမှ ထွက်သွားသည်။ သူ့ပါးပြင်ပေါ်တွင် မျက်ရည်စများ စီးကျလာသည်ကိုလည်း ပက် လှမ်းမြင်လိုက်ရလေသည်။

ပက်မှာ စိတ်ထဲက ကျိတ်ပြီး ညည်းတွားလိုက်မိလေသည်။

ကော်မတီ အစည်းအဝေးကို ရုပ်မြင်သံကြားရိုက်ပြီး တိုက်ရိုက်လွှင့်ထုတ်ပေးနေသည်။

အစည်းအဝေးတွင် ဘာတွေ ဖြစ်ကုန်ကြသည်ကို တစ်တိုင်း တစ်ပြည်လုံးက မြင်တွေ့နေရသည်။

နောက်ပြီးတော့ အစီရင်ခံစာ အမှားကြီး တင်ပြလာသည့် လက်ထောက်ကို အက်ဘီဂေးလ်က ထိုင်ရာမှ မထ အလုပ်ထုတ်ပစ်လိုက်သည်ကို လည်းကောင်း၊ ထိုလက်ထောက် အမျိုးသမီး ငိုယိုပြီး အစည်းအဝေး ခန်းမထဲမှ ထွက်ပြေးသွားသည်ကို လည်းကောင်း မျက်ဝါးထင်ထင် မြင်လိုက်ကြရလေသည်။

ထိုမြင်ကွင်းကို မြင်လိုက်ကြရသူတိုင်းသည် လက်ထောက် အမျိုးသမီးကို သနားပိုမိကြမည်မှာ သေချာလေသည်။

ထို့ကြောင့်လည်း ပက်က စိတ်ထဲမှာ ကျိတ်ပြီး မသက်မသာ ညည်းတွားလိုက်မိခြင်း ဖြစ်လေသည်။

အစည်းအဝေး ပြီးတော့ အက်ဘီဂေးလ်က သူ့ရုံးသို့ ဒုန်းစိုင်း ပြန်လာသည်။ ကော်မတီအစည်းအဝေးတွင် ဘာဖြစ်ခဲ့သည်ကို ရုံးသူရုံးသားများ အားလုံးက သိပြီး ဖြစ်နေကြောင်း သိသာထင်ရှားပါသည်။

အပြင်ရုံးခန်းမှာ ရှိသည့် အတွင်းရေးမှူးများ၊ လက်ထောက်များသည် အက်ဘီဂေးလ် ဝုန်းဒိုင်းကျဲပြီး ဝင်လာချိန်တွင် လုံးဝခေါင်းမထောင်ဘဲ မျက်လွှာချထားကြသည်။

ကံဆိုးရှာသော လက်ထောက်အမျိုးသမီးကလေးကတော့ ပြတင်းပေါက်နားမှာ သွားပြီး ငေးငေးငိုင်ငိုင် ဖြစ်ရင်း မျက်ရည်သုတ်နေသည်။

"ဖီးလစ်... လာစမ်း"

အက်ဘီဂေးလ်က အော်သည်။

"ပက်... မင်းပါ လိုက်ခဲ့၊ ဒီရုံးမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ မင်း သေသေချာချာ သဘောပေါက်သွားစေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



အက်ဘီဂေးလ် ရုံးခန်းထဲသို့ သူ့နောက်မှနေ၍ ဖီးလစ်နှင့် ပက်တို့ နှစ်ယောက် ဝင်လိုက်သွားကြလေသည်။

အက်ဘီဂေးလ်က ကုလားထိုင်မှာ ထိုင်ချသည်။

သူ့မျက်နှာ သွေးဆုတ်နေသည်။

သို့သော်လည်း နှုတ်ခမ်းကို တင်းတင်းစေ့ကာ အံကြိတ်ထားသည်။

သူ့စိတ်ကို သူ နိုင်နင်းအောင် ထိန်းထားပုံရသည်။

"ဘာဖြစ်တာလဲ ဖီးလစ်"

သူ မေးသည်။ သူ့လေသံက သံမှန် ဖြစ်သည်။

ဖီးလစ်သည် အမြဲတမ်း တည်ငြိမ်သူ ဖြစ်သည်။ ယခုတော့ ဖီးလစ်လည်း စိတ်လှုပ်ရှားနေပုံရသည်။ အကျိုးအကြောင်း ပြောပြတော့ သူ့အသံ မှုပျက်နေသည်။

"ဆီနိုတ်တာ... တခြား အမျိုးသမီးတစ်ယောက်နဲ့ ကျွန်တော် အခုပဲ စကားပြောခဲ့ရပါတယ်၊ အယ်လီနာရဲ့ ယောက်ျား အိမ်ပေါ်က ဆင်းသွားတာ နှစ်ပတ်လောက် ရှိသွားပါပြီတဲ့၊ ဒါကြောင့် အယ်လီနာ အကြီးအကျယ် စိတ်ထိခိုက်နေပါတယ်လို့ သူတို့က ကျွန်တော့်ကို ပြောကြပါတယ်၊ ဆီနိုတ်တာ သိတဲ့အတိုင်းပါ၊ အယ်လီနာဟာ ကျွန်တော်တို့ဆီမှာ အလုပ် လုပ်တာ သုံးနှစ် ရှိသွားပါပြီ၊ ကျွန်တော်တို့ ရုံးမှာ ရှိတဲ့ အတော်ဆုံး လက်ထောက်တွေထဲမှာ သူလည်း တစ်ယောက် အပါအဝင် ဖြစ်ပါတယ်၊ သူ့စိတ်ကို သူ ပြန်ထိန်းထားနိုင်တဲ့အထိ သူ့ကို ခွင့်ပေးထားနိုင်မလား၊ ဒီအလုပ်ကို သူ အရမ်းမြတ်နိုးပါတယ်"

"အရမ်းကို မြတ်နိုးသလား၊ ရုပ်မြင်သံကြား တိုက်ရိုက်လွှင့်နေတဲ့ ဒီလို အစည်းအဝေးမှာ ငါ ဒီလိုဖြစ်အောင် လုပ်လိုက်တာဟာ ဒီအလုပ်ကို အရမ်းမြတ်နိုးလွန်းလို့လား၊ ငါ့ကို အရှုံးလုပ်လိုက်တာ၊ အလုပ်ကို မြတ်နိုးလို့လား၊ သူ့ကို ငါ မလိုချင်တော့ဘူး ဖီးလစ်၊ ငါ့ရုံးထဲက ၁၅ မိနစ်အတွင်း ထွက်သွားခိုင်းပါ၊ နောက်ပြီးတော့ မင်းကိုယ်တိုင် အလုပ်ထုတ်အပစ်မခံရတာ သိပ်ကို ကံကောင်းသွားတယ်လို့လည်း သဘောပေါက်ပါ။

"အစီရင်ခံစာတစ်ခု နောက်ကျနေရင် ဘာကြောင့် နောက်ကျနေတယ် ဆိုတာကို အကျိုးအကြောင်း သိအောင် မင်း လုပ်ရမယ်၊ ဒါဟာ မင်းရဲ့ တာဝန်၊ အဖြစ်မှန်ကို သိအောင် စုံစမ်းရမယ်၊ ဦးနှောက် ရှိတဲ့ လူတွေဟာ အလုပ်ကို မြတ်နိုးကြတယ်၊ အလုပ်လုပ်ချင်ကြတယ်၊ ငါလည်း အတူတူပဲ၊ ငါ့ပတ်လည်မှာ တုံးတွေ ဝိုင်းဝိုင်းလည်နေတဲ့အတွက် ငါ နွားလုံးလုံး အဖြစ်ခံရတော့မှာလား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး ဆီနိုတ်တာ"

ဖီးလစ်က မပီမသ ပြောသည်။

"ငါ့ရုံးမှာ တစ်ခါတောင် အမှားမခံနိုင်ဘူး၊ နောက်ပြင်ပါ့မယ် ဆိုတာမျိုး မလိုချင်ဘူး၊ ငါ့အမှုထမ်းတွေ အားလုံးကို ငါ သတိပေးထားပြီးပြီ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆီနိတ်တာ"

"ဒီလိုဆိုရင် ငါ့ရုံးခန်းထဲက အခု ထွက်သွားပြီး ငါ ပြောတဲ့အတိုင်း လုပ်"

ဟူး…

ပက်က သက်ပြင်း မှုတ်ထုတ်လိုက်မိသည်။

ဖီးလစ်က သူနှင့် ဆက်ဆံရာတွင် အကြီးအကျယ် သတိထားပြီး ဆက်ဆံနေသည်နှင့် ပတ်သက်၍ ဘာမှ အံ့သြစရာ မဟုတ်တော့ကြောင်း ပက် သတိထားလိုက်မိသည်။

မိမိကို အက်ဘီဂေးလ် စိုက်ကြည့်နေကြောင်း ပက် သတိထားလိုက်မိသည်။

"ဘယ်လို သဘောရသလဲ ပက်"

အက်ဘီဂေးလ်က လေအေးအေးနှင့် ခပ်တိုးတိုး မေးသည်။

"ကိုယ့်ကို ဘီလူးမကြီးလို့ မင်း ထင်သွားပြီ မဟုတ်လား"

ပက် ပြန်ပေးမည့် အဖြေကို သူ မစောင့်ပါ။

"ငါ့ရုံးမှာ ရှိနေသူတွေ အားလုံး ငါ ချမှတ်ထားတဲ့ စည်းကမ်းကို သိကြတယ်၊ ကိုယ်ရေးကိုယ်တာ ပြဿနာတစ်ခုခုကြောင့် ရုံးလုပ်ငန်းကို မလုပ်နိုင်ဘူး ဆိုရင် ရုံးမတက်နဲ့၊ သူတို့တာဝန်က အကျိုးအကြောင်း ဖော်ပြပြီး ခွင့်ယူဖို့ပဲ၊ အဲဒီလို ခွင့်ယူထားရင် သူ့တာဝန်ကို တခြား တစ်ယောက်က ဆက်လုပ်သွားလိမ့်မယ်၊ ဒီစည်းကမ်းအတိုင်း လိုက်နာရင် အခုန ပေါ်ခဲ့တဲ့ ပြဿနာမျိုး မပေါ်နိုင်တော့ဘူးပေါ့။

"တာဝန်ရှိတဲ့ အမှုထမ်းတစ်ယောက်ယောက် မှားသွားရင် ငါ့ကို လာထိခိုက်တယ်၊ နှစ်နှစ်ရှိတော့ ငါပဲ၊ ငါဟာ အလုပ်ကို မနားတမ်း လုပ်နေရတယ်၊ အဲဒီအတိုင်း နှစ်ပေါင်းများစွာ ကြာအောင် လုပ်ခဲ့ရတယ်၊ တစ်ယောက်ယောက်ရဲ့ မိုက်မဲမှုကို ခွင့်လွှတ်လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီမှာ ပက်… အဲဒီလိုသာ ပျော့ပျော့ညံ့ညံ့ လုပ်နေရင် အမှားကို ထပ်ခါတလဲလဲ ကျူးလွန်ကြလိမ့်မယ်၊ ကဲ… နောက်အစီအစဉ် တစ်ခု ဆက်လိုက်ဦးမယ်နော်"

□

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

ညနေ ၅ နာရီထိုးဖို့ ၁၅ မိနစ် လိုသောအခါ အတွင်းရေးမှူးတစ်ယောက်က အက်ဘီဂေးလ်ဂျင်းနင်း၏ ရုံးခန်းတံခါးကို ကြောက်ကြောက်လန့်လန့်ဖြင့် လာခေါက်သည်။

"မစ္စထရေးမိုး... ဖုန်းလာပါတယ်ရှင်"

လေသံကလေးဖြင့် သူ ပြောသည်။

ဖုန်းဆက်သူမှာ ဆမ် ဖြစ်သည်။

အလုပ်ထုတ်ခံလိုက်ရသည့် လက်ထောက် အမျိုးသမီးလေး၏ မျက်နှာကို မြင်ယောင်နေမိသော ပက်သည် စိတ်မချမ်းမသာ ဖြစ်နေမိသည်။ ယနေ့ သူတို့ ကြုံတွေ့ရသည်များမှာ စိတ်ထိခိုက်စရာတွေက များနေသည်။

ထိုသို့သော အချိန်တွင် ဆမ်၏ အသံကို ကြားလိုက်ရတော့ သူ အထိုက်အလျောက် စိတ်သက်သာရာ ရသွားလေသည်။

"ဟဲလို... ဆမ်"

အက်ဘီဂေးလ်က ဖျတ်ခနဲ သူ့ကို လှမ်းကြည့်လိုက်ကြောင်း အလိုလို သိရှိ ခံစားလိုက်ရလေသည်။

"ကိုယ့်သူလျှိုတွေက မင်း ကက်ပီတောလ်တောင်ကုန်းပေါ် ရောက်နေသယ်လို့ သတင်းပေးကြတယ်၊ ညစာ သွားစားကြရအောင်လေ"

"ညစာ စားဖို့လား၊ ကျွန်မ လိုက်စားနိုင်မှာ မဟုတ်ဘူး ဆမ်၊ ဒီနေ့ည အလုပ်လုပ်စရာတွေ ရှိနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



“အလုပ်လုပ်စရာ ရှိသလို စားဖို့လည်း လိုတာပေါ့ကွယ်၊ နေ့လယ်စာ တုန်းက မင်း ဘာစားထားသလဲ၊ အက်ဘီဂေးလ်ရဲ့ ကြက်ဥအကျက်ပြုတ် မာမာကြီး တွေလား”

ပက်က မရယ်လိုက်မိဖို့ ကြိုးစားလိုက်ရလေသည်။ သူ ဘာတွေ ပြောနေ ကြောင်း အက်ဘီဂေးလ်က သေသေချာချာ နားစွင့်ထောင်နေသည်။

“ခပ်စောစော သွားပြီး ခပ်မြန်မြန် စားရမယ် ဆိုရင်တော့”

ပက်က တစ်ထစ် လျှော့ပေးလိုက်သည်။

“ကိုယ့်ဘက်က ဖြစ်ပါတယ်။ မင်းကို အဲဒီရုံးအောက်မှာ နောက်နာရီဝက် ကြာရင် လာခေါ်မယ်လေ၊ စောင့်နေနော်”

ပက်က ဖုန်းကို ပြန်ချထားလိုက်ပြီး အက်ဘီဂေးလ်ဂျင်းနင်းကို လှမ်း ကြည့်လိုက်မိလေသည်။

“တို့ ပေးထားတဲ့ မှတ်တမ်း ရုပ်ရှင်တွေ အားလုံး မင်း ကြည့်ပြီးပြီလား”

အက်ဘီဂေးလ်က မေးသည်။

“မကြည့်ရသေးပါဘူး”

“တချို့တလေရော ကြည့်ပြီးပြီလား”

“မကြည့်ရသေးပါဘူး”

ပက်က ဝန်ခံလိုက်ရသည်။

ဘုရားသခင်… သူ့လက်အောက်ငယ်သား မဖြစ်ခဲ့တာပဲ ကံကောင်း သေးတော့… ဟု ပက်က စိတ်ထဲက ကျိတ်တွေးမိလေသည်။

“ငါ စိတ်ကူးထားတာက မင်း ဒီနေ့ ညစာ ငါနဲ့အတူတူ ပြန်လာစားပြီး မှတ်တမ်းရုပ်ရှင်တွေအကြောင်း ဆွေးနွေးရင် ကောင်းမလားလို့၊ ဘယ်အပိုင်းတွေ ထည့်မယ်၊ ဘယ်အပိုင်းတွေကို ဘယ်နေရာလောက်က ဖြစ်ပစ်မယ် ဆိုတာလေး တွေ တိုင်ပင်မယ်လို့ စိတ်ကူးထားတာ၊ မင်း ထည့်ချင်တာတွေရော ဘာတွေ ရှိ သေးသလဲလို့ သိချင်တာလည်း ပါတာပေါ့လေ”

သူ စကားဖြတ်ထားသည်။ ပက်က စောင့်နေသည်။

“အခုတော့ မင်းက ဘာမှ မကြည့်ရသေးဘူး ဆိုတော့ အင်း… တခြား ဖတ်စရာ ရှိတာတွေပဲ ဒီနေ့ညတော့ ငါ ဖတ်နေမှ ဖြစ်တော့မှာပေါ့”

အက်ဘီဂေးလ်က ပြုံးသည်။

“ဝါရှင်တန်မြို့မှာ ရှိတဲ့ လူပျို လူလွတ်တွေထဲမှာတော့ ဆမ်ကင်စလေ ဟာ အရည်အချင်း အပြည့်ဆုံးပဲ၊ သူ့အကြောင်း မင်း ဒါလောက် သိနေတယ်ဆိုတာ ငါဖြင့် အကဲတောင် မခတ်မိပါဘူး”

ပက်က ပေါ့ပေါ့ပါးပါး သဘောမျိုး ဖြစ်အောင် ကြိုးစားဖြေသည်။

“ဒါလောက်လည်း မသိပါဘူး ရှင်”

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဆမ်သည် သူနှင့် ကင်းကွာပြီး မနေနိုင်အောင် ဖြစ်နေကြောင်းကို ထိုသို့ ပြောနေဆဲမှာပင် စဉ်းစားလိုက်မိလေသည်။

ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ သူ လှမ်းကြည့်သည်။ သူ့မျက်နှာပေါ်မှာ ဖြစ်ပေါ်လာမည့် အမူအရာကို အက်ဘီဂေးလ် မမြင်အောင် မျက်နှာလွှဲလိုက်သည့် သဘော ဖြစ်ပါသည်။

အပြင်မှာ မှောင်နေပြီ။ သူတို့ နေရာသည် အမြင့်ပိုင်း နေရာ ဖြစ်သောကြောင့် အားလုံးကို အပေါ်စီးမှ မြင်နေရသည်။ ရောင်စုံမီးများ ထွန်းညှိထားသည့် မြို့တွင်းသည် ပန်းချီကားတစ်ချပ်လို လှပပေသည်။

"လှလိုက်တာနော်..."

ပက်က အသံထွက်ပြီး ပြောလိုက်မိလေသည်။

အက်ဘီဂေးလ်ကလည်း ပြတင်းပေါက်ဆီသို့ မျက်နှာလှည့်သွားသည်။

"ဟုတ်တယ်... လှတယ်၊ ဒီလိုအချိန်မျိုး အဲဒီနေရာကို လှမ်းကြည့်လိုက်ရင်း စိတ်ချမ်းသာသွားတယ်၊ တစ်နေ့တာအတွင်း ကိုယ် လုပ်ခဲ့တဲ့ အလုပ်တွေကို ပြန်စဉ်းစားရင်း ကျေနပ်မှုလည်း ရမိတယ်၊ ဒီနေ့ ဆောင်ရွက်ပေးခဲ့တဲ့ အထဲမှာ ...တို့ သားအမိ ကိစ္စကိုပဲ ကြည့်၊ သူတို့ အဆင်ပြေသွားပြီ၊ စိတ်ချမ်းသာသွားကြ... ဘတ်ဂျက်မှာလည်း မလိုဘဲ ဖြုန်းတီးနေတာတွေကို ထောက်ပြနိုင်ခဲ့တယ်။ ...အကျိုးကို ဆောင်ရွက်ပေးနိုင်ခဲ့တာတွေပဲ မဟုတ်လား"

သူ့အလုပ်အကြောင်းကို ပြောသောအခါ ဆီနီတ်တာ အက်ဘီဂေးလ်ဂျင်းနင်း... အသံထဲတွင် ခံစားချက်တွေ၊ ခွန်အားတွေ အပြည့် ပါဝင်နေကြောင်း သိသာထင်ရှားသည်။

သူသည် စကားလုံးတိုင်းကို တကယ် ခံစားပြီး ပြောနေခြင်း ဖြစ်ကြောင်း ... စဉ်းစားကြည့်နေသည်။

နောက်ပြီးတော့ လွန်ခဲ့သည့် နာရီအနည်းငယ်အတွင်းက သူ အလုပ်ထုတ်...လိုက်သည့် အမျိုးသမီးလေးအကြောင်း သူ့ခေါင်းထဲမှာ လုံးဝ မရှိတော့ကြောင်း ...ထင်ရှားလေသည်။

...တ်လွှတ်တော် အမတ်များ ရုံးအဆောက်အအုံ အောက်သို့ ကမန်းကတန်း ...ရင်း ပက်မှာ ချမ်းစိမ့်စိမ့် ဖြစ်လာသည်။

ဆမ်၏ မော်တော်ကားက ရောက်နှင့်နေသည်။ ဆမ်က သူ့ပါးကို နမ်းပြီး ...ဆက်သည်။

"အစီအစဉ် တင်ဆက်သူကြီး... ကျန်းကျန်းမာမာပဲ မဟုတ်လား"

ဆမ်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ကိုယ်လုံး နုံးနေပြီ၊ ဆီနိုက်တာဂျင်းနင်းနဲ့ အလုပ်လုပ်ရတာ နည်းနည်းမှ မစားသာဘူး"

ပက်က ခွမ်းနယ်စွာ ပြန်ပြောပြသည်။

ဆမ်က ပြုံးသည်။

"မင်း ဘာကို ဆိုလိုကြောင်း ကိုယ် သိပါတယ်၊ ဥပဒေရေးရာကော်မတီ တစ်ခုမှာ အက်ဘီဂေးလ်နဲ့ အတူတူ အလုပ်လုပ်ဖူးတယ်၊ အလုပ် ဘယ်လောက် လုပ်လုပ် နည်းနည်းကလေးမှ မောတဲ့ပန်းတဲ့ မိန်းမ မဟုတ်ဘူး"

မော်တော်ကားတွေ ရှုပ်နေသည်။ ဆမ်က ကားကို သတိထား မောင်းနေ ရင်း ပက်ကို လှည့်ကြည့်သည်။

"ဂျော့တောင်းရပ်ကွက်က ဂရင်းမီးယားဆိုင်ကို သွားရင် ကောင်းမယ် ထင်တယ်၊ လူရှင်းနေတယ်၊ နေရာထိုင်ခင်း ကောင်းတယ်၊ အစားအသောက်လည်း ကောင်းတယ်၊ နောက်ပြီးတော့ မင်းအိမ်နဲ့လည်း နီးတယ်"

ဂရင်းမီးယား စားသောက်ဆိုင်သို့ သူတို့ ရောက်သွားသောအခါ အမှန်ပင် ရှင်းနေသည်ကို တွေ့ရလေသည်။

"ဝါရှင်တန် မြို့သူမြို့သားတွေက ၆ နာရီထိုးဖို့ ၁၅ မိနစ် အလိုမှာ ညစာ မစားတတ်ကြဘူးလေ"

ဆမ်က ပြုံးပြီး ပြောသည်။

စားပွဲထိုးက သူတို့ ကြိုက်ရာ စားပွဲကို ရွေးပြီး ထိုင်နိုင်ပါသည်ဟု ဖော်ရွေစွာ ပြောသည်။

အရက် သောက်ကြရင်း ထိုတစ်နေ့တာ၏ အတွေ့အကြုံများကို ပက်က ပြောပြသည်။ ကိန်းဂဏန်း အမှားများကို ကော်မတီ အစည်းအဝေးတွင် အက်ဘီဂေးလ် က တင်ပြသည့်အကြောင်း၊ ထိုကိန်းဂဏန်းများ စုဆောင်းပေးသည့် မိန်းကလေးကို တစ်ထိုင်တည်း အလုပ်ထုတ်ပစ်လိုက်သည့် အကြောင်းများကိုပါ ပက်က အသေးစိတ် ပြောပြသည်။

"အက်ဘီဂေးလ်အဖို့ ကံဆိုးတာပေါ့၊ ကိုယ့်အရှက်ကို ခွဲမယ့်လူကို ကိုယ့်အမှုထမ်းထဲမှာ ဘယ်လိုလုပ် ထားမလဲ"

ဆမ်က လေတစ်ချက် ချွန်လိုက်ရင်း ပြောသည်။

"ဒီလို အဖြစ်မျိုးဟာ သမ္မတကြီးရဲ့ ဆုံးဖြတ်ချက်ကို အပြောင်းအလဲများ ဖြစ်စေနိုင်သလား ဟင်"

ပက်က မေးသည်။

"ပက်… သမ္မတကြီးရဲ့ ဆုံးဖြတ်ချက်ကို အရာရာတိုင်းက ပြောင်းလဲ သွားစေနိုင်တယ်၊ အမှားလေး တစ်ခုဟာ တစ်ဘဝလုံးကို ပျက်ပြားသွားစေနိုင် တယ်၊ မင်း ကိုယ်ပိုင်အသိဉာဏ်နဲ့ပဲ စဉ်းစားကြည့်လေ၊ ချက်ပါဒ့်စခင်များ

www.burmeseclassic.com

www.burmeseclassic.com



တော်ကား ရေထဲ ထိုးကျပြီး အတွင်းရေးမှူး အမျိုးသမီးလေး မသေခဲ့ဘူး ရင် တက်ဒီကနေဒီဟာ ဒီကနေ့ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတ ဖြစ်နေ ကပြီ၊ ဝါးတားဂိတ် ပြဿနာတို့ ဘာတို့ ပြန်စဉ်းစားကြည့်၊ တစ်ချက်ကလေး လိုက်တာနဲ့ ဘဝပျက်ကုန်ကြတာချည်းပဲ မဟုတ်လား၊ ဒါမျိုးတွေဟာ ဘယ်တော့ ရပ်တန့်တော့မှာ မဟုတ်ဘူး။

"ယောက်ျားပဲ ဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အာဏာတစ်ခုခု ရယူထားပြီ ရင် အရာရာတိုင်းက သူတို့ကို ရောင်ပြန်ဟပ်နေတာပဲ။ ရွေးကောက်ပွဲ ရန်ပုံငွေ ပျောက်သွားပေမယ့် အက်ဘီဂေးလ် ဘာမှ မဖြစ်ဘဲ ရာထူးမြဲနေတာဟာ ကြည့်နိုင်စရာပဲ၊ အဲဒီ ငွေပျောက်တဲ့ အမှုမှာ သူ့လက်ထောက် အမျိုးသမီးကို သူ အကာအကွယ်ပေးခဲ့မယ်ဆိုရင် သူလည်း အခုလို ရာထူးမြဲနေမှာ မဟုတ် ဒုက္ခရောက်သွားမှာ သေချာတယ်၊ ငွေပျောက်မှုမှာ ထောင်ကျသွားတဲ့ မိန်းကလေး ညေက ဘယ်သူ..."

"အယ်လီနာဘာရောင်း..."

ပက်က ပြန်ပြောရင်း အယ်လီနာဘာရောင်း အကြောင်းကို စဉ်းစားနေမိ သည်။

အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး မာဂရက်လန်ဂလေ ပြောလိုက်သည့် များကိုလည်း ပြန်လည်ကြားယောင်နေမိသည်။

'အယ်လီနာ မခိုးနိုင်ပါဘူး၊ သူ အရမ်းကြောက်တတ်တယ်...' ဆိုတဲ့

"အယ်လီနာက သူ့မှာ အပြစ်မရှိပါဘူးလို့ တစ်လျှောက်လုံး ငြင်းခဲ့တာ"

ပက်က ဆမ်ကို ပြောပြသည်။

ဆမ်က ပခုံးတွန့်လိုက်သည်။

"ပက်... ပြည်နယ် တရားစွဲဆိုရေး အရာရှိအဖြစ် ၄ နှစ်လုံးလုံး ကိုယ် ခဲ့တာပါ၊ ကိုယ့်အတွေ့အကြုံကို မင်း သိချင်သလား၊ တရားခံ ၁၀ ယောက် ၉ ယောက်က သူတို့မှာ အပြစ်မရှိပါဘူးလို့ ကျမ်းကျိန် ထွက်ဆိုကြတယ်၊ ကျန်တဲ့ ကျောက်မှာ အနည်းဆုံး ၈ ယောက်ကတော့ လူလိမ်တွေချည်းပဲ"

"ဘာပဲဖြစ်ဖြစ်လေ... လူ ၁၀ ယောက်မှာ ရိုးသားတဲ့ လူတစ်ယောက် ရှိနေသေးတာပဲ မဟုတ်လား"

ပက်က အလျှော့မပေး။

"အမှန်ကို ပြောတဲ့ တရားခံဆိုတာ အင်မတန်ကို ရှားပါတယ်"

ဆမ်က လေအေးနှင့် ပြန်ပြောသည်။

"ကဲ... မင်း ဘာစားမလဲ"

ပက်သည် ဆမ်ကို တစ်နာရီခွဲလုံးလုံး အနီးကပ် လေ့လာခွင့် ကောင်းကောင်း ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ ရှင့်အတွက် အင်မတန် သင့်လျော်တဲ့ မိန်းကလေးတစ်ယောက် ပါပဲ ရှင်… ဟုလည်း သူ တွေးကြည့်နေမိသည်။

"ရှင် စိတ်ချမ်းသာအောင် ကျွန်မ တတ်နိုင်ပါတယ်၊ ရှင် မရဖူးတဲ့ အိမ်ထောင်သုခကိုလည်း ကျွန်မ ပေးနိုင်ပါတယ်၊ ဂျင်းနစ်နဲ့တုန်းက ရှင် စိတ်မချမ်းသာ ခဲ့ရဘူး မဟုတ်လား၊ ဂျင်းနစ်က တစ်လျှောက်လုံး ဂီလာန ဖြစ်နေခဲ့တာ မဟုတ်လား၊ ကျွန်မနဲ့ကျရင် ဒီလို မဖြစ်စေရပါဘူး"

ညစာ စားပြီး ကော်ဖီသောက်ရင်း ဆမ်က မေးသည်။

"အဲဒီအိမ်ကြီးထဲမှာ နေရတာ ဘယ်လို နေသလဲ၊ အဆင်ပြေရဲ့လား ဘာပြဿနာ ပေါ်သေးသလဲ"

ပက်မှာ ရုတ်တရက် ချီတုံချတုံ ဖြစ်နေသည်။ ပြီးတော့မှ အမှန်အတိုင်း ဖွင့်ပြောရန် ဆုံးဖြတ်ကာ တံခါးအောက်ကနေ၍ ခြိမ်းခြောက်စာတိုကလေး တစ်ခု ထိုးသွင်းသွားသည့် အကြောင်းနှင့် ဖုန်းဆက်ပြီး ခြိမ်းခြောက်သည့် အကြောင်းများ ကို မခြွင်းမချန် ပြန်ပြောပြလိုက်လေသည်။

"ဒါပေမဲ့ ဒါတွေဟာ တစ်ယောက်ယောက်က ပျော်စေ ပျက်စေ ကလက် စေ လုပ်နေတာပါလို့ ရှင် ပြောတယ် မဟုတ်လား ဆမ်"

ပက်က မေးခွန်းနှင့် အဆုံးသတ်လိုက်သည်။ တစ်ဆက်တည်းလည်း ပြုံးပြသည်။

ဆမ်က ပြန်ပြုံးမပြပါ။

"ဘော့စတွန် ရုပ်မြင်သံကြားဌာနမှာ ရှိနေတုန်းက ဖုန်းတစ်ကြိမ် ဆက် ပြီး ခြိမ်းခြောက်တာလောက်တော့ အရေးမကြီးလို့သာ ကိုယ် ဆိုလိုတာပါ၊ ဒါပေမဲ့ အခုတော့ တစ်မျိုး ဖြစ်သွားပြီလေ၊ လွန်ခဲ့တဲ့ သုံးရက်အတွင်း ဖုန်းတစ်ကြိမ် အဆက် ခံရပြီး ခြိမ်းခြောက်စာတစ်စောင် အပေးခံရတယ်လို့ မင်း ပြောတယ် မဟုတ်လား စာကို အိမ်အထိ လာပြီး တံခါးအောက်က ထိုးထည့်သွားတယ် ဆိုတော့ အရေး မကြီးဘူးလို့ မပြောတော့ဘူး၊ ဒီအရူးက မင်း လိပ်စာကို ဘယ်လိုလုပ်ပြီး ရသွား တာလဲ"

"ရှင်ရော ဘယ်လိုလုပ် ရခဲ့တာလဲ"

ပက်က ပြန်မေးသည်။

"ပိုတိုမက် ရုပ်မြင်သံကြားဌာနကို ဖုန်းလှမ်းဆက်ပြီး မေးတာ၊ ကိုယ်က မင်းရဲ့ မိတ်ဆွေပါလို့ ပြောပြတယ်၊ အဲဒါလောက်ကလေး ပြောရုံနဲ့ အဲဒီမှာ ရှိနေ တဲ့ အတွင်းရေးမှူးက မင်းရဲ့ ဖုန်းနံပါတ်ရော၊ အိမ်လိပ်စာပါ တစ်ခါတည်း ပေးတော့တာပဲ၊ ဒါတင်မကသေးဘူး၊ မင်း ဘယ်တော့ ရောက်မယ် ဆိုတာ အသေးစိတ် ပြောပြတယ်၊ မှန်တဲ့အတိုင်း ပြောရမယ်ဆိုရင် မင်းနဲ့ ပတ်သက်တဲ့ အချက်အလက် အသေးစိတ်ကို ဒါလောက် လွယ်လွယ်ကူကူ ပေးတာကို အတော် အံ့သြမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ခွင့်ပြုထားတာပါ၊ တမင်လည်း ပြောခိုင်းထားတာပါ၊ ဘာကြောင့်လဲဆိုတော့ အက်ဘ်ဂေးလ်နဲ့ ပတ်သက်တဲ့ အထူးအစီအစဉ်ကို စီစဉ်ရာမှာ အဲဒီအိမ်ကို ရုံးအဖြစ်နဲ့ သုံးဖို့ ကျွန်မ စီစဉ်ထားတယ်၊ အဲဒီလို အထူးအစီအစဉ် တစ်ခုခု တင်ဆက်ဖို့ ပြင်ဆင်နေတယ် ဆိုတာ ကြားရင် လူတွေက ဝိုင်းကူညီချင်ကြတယ်၊ သူတို့ သိထားတာလေးတွေ လှမ်းပြောတတ်ကြတယ်၊ ပြောပြရင် ရှင် အံ့ဩသွားမယ်၊ စိတ်ဝင်စားသူတွေက ဒီလို ဝိုင်းကူကြတဲ့အတွက် အစီအစဉ် ပိုကောင်းသွားတာတွေ ကျွန်မ ကြုံဖူးတယ်၊ ဒါကြောင့် တစ်ယောက်ယောက်က အဲဒီအကြောင်းနဲ့ ကျွန်မကို အဆက်အသွယ် လုပ်ချင်တယ်ဆိုရင် လိပ်စာ ရှာမရတာတို့၊ ဖုန်းနံပါတ် မသိတာတို့ မဖြစ်စေချင်ဘူး၊ ဖုန်းနံပါတ်နဲ့ လိပ်စာ ပေးလိုက်လို့လည်း စိုးရိမ်စရာ အကြောင်းပေါ်လာလိမ့်မယ်လို့ ကျွန်မ မထင်ဘူးလေ"

"ဒီအတိုင်းဆိုရင် အဲဒီ ခွေးကောင်လည်း ကိုယ့်နည်းအတိုင်း မင်းလိပ်စာကို ရသွားတာ ဖြစ်မယ်၊ ဒါထက် အဲဒီစာကလေး မင်းဆီမှာ ရှိသေးသလား"

"ကျွန်မ ပိုက်ဆံအိတ်ထဲမှာ ပါတယ်"

ပိုက်ဆံအိတ်ထဲမှာ ထည့်သိမ်းထားသော စာရွက်ကလေးကို နှိုက်ပေးလိုက်သည်။ လွှင့်မပစ်လိုက်မိသည်မှာ တော်သေးသည်။

ဆမ်က စာကို လေ့လာကြည့်သည်။ မျက်မှောင်ကုတ်ပြီး အာရုံကို စိုက်ကြည့်နေသည်။

"ဒီစာကနေပြီး သဲလွန်စကို ဘယ်သူမှ ရှာနိုင်မယ် မထင်ဘူး၊ ဒါပေမဲ့ ရဲအုပ်ကာလ်ဆန်ကို ဒီစာ ပြလိုက်မယ်နော်၊ သူက အက်ဖ်ဘီအိုင်က စုံထောက်၊ နောက်ပြီး လက်ရေးပါရဂူ၊ ဒီတစ်ခါ မင်းကို ဖုန်းဆက်ပြီး ခြိမ်းခြောက်ရင် ဖုန်းကို ပြန်မတင်လိုက်နဲ့၊ ဘေးမှာ ချထား"

ည ၈ နာရီခွဲတော့ ပက်ကို သူ့အိမ်ရှေ့မှာ ဆမ်က ချထားပေးသည်။

"အပြင်မီးတွေကို တစ်ညလုံး ထွန်းထားလိုက်ပါ၊ တစ်ယောက်ယောက်က မှောင်ရိပ်ခိုပြီး မင်းအိမ်နားကို ကပ်လို့ မရတော့ဘူးပေါ့၊ မီးထွန်းထားတော့ ဝင်လာရင်လည်း ဘေးဘီက မြင်နိုင်တာပေါ့"

အိမ်ပေါက်ဝတွင် အတူတူ ရပ်နေရင်း ဆမ်က ပြောနေသည်။

ပက်က ဆမ်ကို မော့ကြည့်သည်။ စောစောတုန်းက သက်သောင့်သက်သာ ရှိသည့် အမူအရာများ လုံးဝမရှိတော့ပြီ။ စိုးရိမ်သည့် အမူအရာ ပေါ်နေသည်။ မျက်ခမ်းတစ်ဝိုက်တွင်လည်း အရေးအကြောင်းများ ချက်ချင်း ပေါ်လာသည်ကို တွေ့ရသည်။

ဂျင်းနစ်အတွက် ရှင် တစ်သက်လုံး သောကရောက်ခဲ့ရ၊ စိုးရိမ်ခဲ့ရတာ မဟုတ်လား၊ ဒါကြောင့် ကျွန်မအတွက် ထပ်ပြီး သောကမရောက်စေချင်ပါဘူး ဘယ် အကြောင်း တစ်ခုခုကြောင့်လည်း မစိုးရိမ်စေချင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပက်က တွေးလိုက်မိသည်။

ထို့ကြောင့် သူ စိတ်သက်သာရာ ရသွားစေရန်နှင့် သူတို့နှစ်ယောက် အတူရှိနေသည့် ညဦးကာလကလေး၏ စိတ်ချမ်းသာဖွယ်ရာ အဖြစ်ကို ပြန်ပြောင်း သတိရစေရန် ပက်က ကြိုးစားသည်။

"ရွာခံတစ်ယောက်အနေနဲ့ ကျွန်မကို အခုလို လိုက်လိုက်လဲ့လဲ့ ထပ်ကြိုဆို တာ ကျေးဇူးတင်ပါတယ် ရှင်၊ ကွန်ဂရက်လွှတ်တော်ရဲ့ ကြိုဆိုရေး ကော်မတီမှာ ရှင့်ကို ဥက္ကဋ္ဌ ခန့်ကြပါလိမ့်မယ်"

ပက်က ခပ်သောသောကလေး ပြောလိုက်သည်။

တစ်ချက်တော့ သူ ပြုံးသည်။ ထိုခဏလေးမှာပင် သူ၏ မျက်နှာနှင့် မျက်လုံးထဲမှ သောကရိပ်များ ပျောက်ကွယ်သွားသည်။

"မြို့ပေါ်မှာ ရှိတဲ့ အချောဆုံး အလှဆုံး မိန်းကလေးတွေနဲ့ တွေ့ရင် ဘယ်လို ယဉ်ကျေးသိမ်မွေ့ပြီး ဘယ်လို အလိုက်သိရမယ်ဆိုတာ မေမေက ကိုယ့်ကို ကောင်းကောင်း သင်ပေးထားခဲ့တယ်"

ပက်ကို သူ့လက်နှစ်ဖက်နှင့် သိုင်းဖက်လိုက်သည်။ ခဏကြာအောင် သူတို့နှစ်ယောက် တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေကြသည်။

ပြီးတော့ ပက်၏ ပါးကို သူ ငုံ့နမ်းသည်။

"တစ်ခုတည်းကို ရှင် စွဲစွဲမြဲမြဲ မထားတတ်တဲ့အတွက် ဝမ်းသာပါတယ် ရှင်"

ပက်က ခပ်တိုးတိုးကလေး ပြောသည်။

"ဘာ..."

"ဟိုနေ့ညတုန်းက ကျွန်မရဲ့ ညာဘက် မျက်လုံးအောက်ကို ရှင် နမ်းခဲ့ တယ်လေ၊ ဒီနေ့ညတော့ ဘယ်ဘက်..."

"ဂွဒ်နိုက်... ပက်၊ တံခါးတွေ လုံအောင် ပိတ်နော်"

စာကြည့်ခန်းထဲသို့ ပက် မရောက်မီမှာပင် တယ်လီဖုန်း ခေါင်းလောင်း မြည်သည်။ ခေါင်းလောင်းမြည်သံက အဆက်မပြတ် မြည်နေသည်။

ရုတ်တရက် ဖုန်းကောက် ကိုင်ဖို့ကိုပင် သူ ကြောက်သွားမိလေသည်။

"ပက်ထရေးမိုး..."

သူ့အသံသည် မာတောင့်တောင့်နှင့် အက်ကွဲကွဲကြီးအဖြစ် သူ့နားထဲသို့ ပြန်ဝင်လာလေသည်။

"မစ္စထရေးမိုး..."

တစ်ဖက်မှ အမျိုးသမီး အသံကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ လိုင်လာသက်ချာပါ၊ မင်းရဲ့ အိမ်နီးချင်းပါ၊ မင်းရဲ့ မျက်နှာချင်းဆိုင် အိမ်မှာ နေတယ်၊ မင်း အခုပဲ အိမ်ပြန်ရောက်လာတာ ငါ သိပါတယ်၊ ဒါပေမဲ့··· တို့အိမ်ကို မင်း ခဏလောက် ကူးလာနိုင်မလား ဟင်၊ မင်း သိမှဖြစ်မယ့် အင်မတန် အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေလို့ပါ"

လိုင်လာသက်ချာ··· ပက် စဉ်းစားကြည့်သည်။

လိုင်လာသက်ချာ··· ဟုတ်ပြီ။ သိပြီ။ အကြားအမြင် ရနေသလိုလို နာမည်ကြီးနေသော စိတ်ပညာရှင် တစ်ယောက် ဖြစ်သည်။ စိတ်ပညာနှင့် ပတ်သက်သည့် စာအုပ်ပေါင်း အတော်များများကိုလည်း ရေးဖူးသည်။

ပျောက်ဆုံးသွားသော ကလေးငယ် တစ်ယောက်ကို သူ၏ အကြားအမြင်လိုလို၊ နတ်ဝင်သည်လိုလို ပညာဖြင့် ပြန်တွေ့အောင် ဟောကိန်းထုတ်နိုင်ခဲ့သည့် အတွက် ဂုဏ်ပြုပွဲတစ်ခုကို လွန်ခဲ့သည့် သုံး လေးလလောက်ကပင် ပြုလုပ်ခဲ့ဖူးသေးသည်။

ထိုအကြောင်းများကို ပက် ပြန်သတိရလာသည်။

"ကျွန်မ အခုချက်ချင်း လာခဲ့ပါ့မယ်"

ပက်က စိတ်မပါ့တပါဖြင့် သဘောတူလိုက်ရသည်။

"ဒါပေမဲ့ ကျွန်မ ကြာကြာတော့ နေနိုင်မှာ မဟုတ်ပါဘူးရှင်၊ ခဏလေးပဲ နေနိုင်ပါလိမ့်မယ်"

ပက်က ဖုန်းချပြီး ချက်ချင်းပင် လမ်းတစ်ဖက်ခြမ်းသို့ ကူးသွားလိုက်သည်။

လမ်းလျှောက်ရသည်မှာ အတော်စိတ်ညစ်စရာ ကောင်းသည်။ ရေခဲတွေ ပျော်ကျနေသောကြောင့် ရွံ့ဗွက်များ ဖြစ်ကာ ပေပေရေရေ ရှိလှသည်။ ချော်လည်း ချော်သည်။

သို့သော်လည်း စိတ်မသက်မသာ ဖြစ်နေမှုကို ခေါင်းထဲမှ တွန်းထုတ်ပစ်နိုင်ရန် သူ ကြိုးစားနေသည်။

လိုင်လာသက်ချာ ပြောမည့် အကြောင်းအရာကို သူ နားမထောင်ချင်ကြောင်းလည်း သူ့ဘာသာသူ အတပ်သိနေလေသည်။ သို့သော်လည်း မျက်နှာချင်းဆိုင် အိမ်သို့ သူ လျှောက်လာခဲ့တော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၁ ]

တံခါးခေါင်းလောင်း တီးလိုက်သောအခါ အိမ်ဖော်အမျိုးသမီးတစ်ယောက်က တံခါး လာဖွင့်ပေးသည်။ ပြီးတော့ ပက်ကို ဧည့်ခန်းထဲသို့ လိုက်ပို့ပေးလေသည်။

လိုင်လာသက်ချာ ဆိုသော အမျိုးသမီးကြီးသည် မည်သို့သော ပုံမျိုး ရှိမည်ကို ပက် မပြောတတ်ပါ။ ခေါင်းပေါင်းကြီး ပေါင်းထားသော ဂျစ်ပစီမကြီး လို ရှိမည်ဟု စိတ်အာရုံထဲမှာ မြင်ယောင်နေမိသည်။

တကယ် တွေ့တော့ သူ မြင်ယောင်နေသလို မဟုတ်ပါ။ သူလို ကိုယ်လုံး ရုပ်ရည် ရှိသည့် ဖော်ရွေသူ အမျိုးသမီးကြီးတစ်ဦး ဖြစ်ကြောင်း တွေ့ရလေသည်။

ဖြူနေသည့် ဆံပင်များကို စုထုံးထားသည်။ အလွန် အကင်းပါးသည့် အမျိုးသမီးကြီး ဖြစ်ကြောင်း တစ်ချက်ကလေး မြင်လိုက်ရုံနှင့် သိသာလှပေသည်။ မျက်လုံးများက တဖိတ်ဖိတ် အရောင်တောက်နေသည်။

လှိုက်လှဲပျူငှာသော အပြုံးဖြင့် ပက်ကို ထိုင်ရာမှ ထပြီး ခရီးဦးကြို ပြုလေသည်။

"ပက်ထရီရှာထရေးမိုး... တွေ့ရတာ အရမ်းဝမ်းသာပါတယ်၊ ကျောတောင် ရုပ်ကွက်ကနေပြီးတော့လည်း မင်းကို လှိုက်လှဲစွာ ကြိုဆိုနေပါတယ်"

ပက်၏ လက်ကို ဖမ်းဆုပ်သည်။ လေးနက်သော လေသံဖြင့် ပြောသည်။ ပက်ကို ခြေဆုံးခေါင်းဖျား ကြည့်ရှုကာ သေသေချာချာ အကဲခတ်သည်။

"အထူးအစီအစဉ်တစ်ခု တင်ဆက်ဖို့ ပြင်ဆင်နေတဲ့ အခုလို အချိန်မျိုးမှာ မင်း ဘယ်လောက်တောင် အလုပ်တွေ များနေမယ် ဆိုတာ ငါ ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



သိပါတယ် ပက်၊ မင်းရဲ့ စီမံကိန်းဟာ အင်မတန် ကြီးကျယ်ကြောင်းနဲ့ သိပ်ကို အောင်မြင်မယ် ဆိုတာလည်း ငါ သေချာပေါက် ပြောနိုင်ပါတယ်၊ လူသာပယ်လ်ဟမ်း ရဲ့ အလုပ် အတူတူလုပ်ရတာ ဘယ်လို နေသလဲ''

''အခုအချိန်အထိတော့ အဆင်ပြေနေတုန်းပါပဲ ရှင်''

''အဲဒီအတိုင်းပဲ ဆက်သွားနိုင်ပါစေလို့ ဆုတောင်းပါတယ် ကွယ်''

လိုင်လာသက်ချာသည် မျက်မှန်ကို ငွေကြိုးတပ်ပြီး လည်ပင်းမှာ တွဲလောင်း ချထားသည်။ ထိုမျက်မှန်ကို ညာဘက် လက်ဖြင့် ကိုင်ပြီး ဘယ်ဘက်လက်ကို သာပုတ်နေသည်။ စိတ်မှတ်မထင် လုပ်နေခြင်း ဖြစ်ကြောင်း ထင်ရှားသည်။

ခဏနေတော့ သူက ပြောသည်။

''ငါ အချိန်မရဘူး၊ ခဏလေးပဲ မင်းနဲ့ စကားပြောနိုင်မယ်၊ နာရီဝက် တွင်း အစည်းအဝေးတစ်ခု တက်စရာ ရှိနေတယ်၊ နောက်ပြီးတော့ မနက်ဖြန် နက်ကျရင်လည်း အစောဆုံးထွက်တဲ့ လေယာဉ်ပျံနဲ့ ကာလီဖိုးနီးယားကို လိုက် သွားစရာ ရှိနေတယ်၊ ဒါကြောင့်မို့လို့ မင်းဆီကို ဖုန်းဆက်ဖို့ ငါ ပိုင်းဖြတ်လိုက်ရ တာ၊ သာမန် အချိန်တွေမှာတော့ ဒီလို အလုပ်မျိုး ငါ လုပ်လေ့မရှိပါဘူး၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ၊ မင်းကို အသိမပေးဘဲနဲ့တော့ ဘယ်ခရီးကိုမှ မသွား နိုင်ကြောင်း ငါ့အသိစိတ်ကြီးက ငါ့ကို ပြန်သတိပေးပြီး ဟန့်တားနေတယ်၊ လွန်ခဲ့တဲ့ နှစ်ဆယ့်သုံးနှစ်လောက်တုန်းက မင်း အခု ငှားနေနေတဲ့ အိမ်ထဲမှာ လူသတ်မှုနဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုကြီး တစ်ခု ဖြစ်ပွားခဲ့ဖူးတယ် ဆိုတာ မင်း သိသလား''

''ကျွန်မကို ပြောကြပါတယ်''

အမှန်နှင့် အနီးစပ်ဆုံး အဖြေကို ပက် ပေးလိုက်ခြင်း ဖြစ်လေသည်။

''အဲဒီလို ဖြစ်ခဲ့တဲ့အတွက် မင်း စိတ်မလှုပ်ရှားဘူးလား၊ မကြောက်မိ ဘူးလား''

''မစ္စက်သက်ချာ… ကျေးတောင်းအရပ်မှာ ရှိတဲ့ အိမ်အများစုရဲ့ သက်တမ်း ဟာ နှစ်ပေါင်း နှစ်ရာကျော်လောက် ရှိကုန်ကြပါပြီ၊ အဲဒီ အိမ်တိုင်း အိမ်တိုင်းမှာ လူတွေ သေခဲ့ကြဖူးပြီ ဆိုတာလည်း အင်မတန်ကို သေချာပါတယ် ရှင်''

''အဲဒါနဲ့ မတူဘူးလေ''

အဘွားကြီး၏ လေသံက ပိုမြန်လာသည်။ ထိုအသံထဲတွင် စိတ်လှုပ်ရှား မှုသည်း ရောစွက်နေသည်။

''အဲဒီလို စိတ်မချမ်းသာစရာ အဖြစ်ကြီး မဖြစ်ပွားခင် တစ်နှစ်၊ ဒါမှ မဟုတ် တစ်နှစ်ကျော်ကျော်လောက်မှာ ဒီအိမ်ကို ငါ့ယောက်ျားနဲ့ ငါ ပြောင်းလာခဲ့ ကြတယ်၊ အဒမ်စ်တို့ အိမ်ပတ်ပတ်လည်မှာ အမှောင်ထုကြီး ဖုံးနေတယ်လို့ ငါ့ ခေါင်းထဲမှာ ပေါ်လာကြောင်း ငါ့ယောက်ျားကို ပထမဆုံးအကြိမ် ငါ ပြောပြခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



ကို အခုအချိန်အထိ ကောင်းကောင်းမှတ်မိနေသေးတယ်၊ အဲဒီနောက်ပိုင်း လတွေမှာလည်း ငါ့အာရုံထဲမှာ မကြာခဏ ပြန်မြင်နေတယ်၊ မြင်နေရုံတင် မကဘူး၊ သူတို့ အိမ်ကြီးပတ်ပတ်လည်မှာ အမှောင်တိုက်ကြီး ကျနေတာကိုပဲ မကြာခဏ မြင်နေတာ''

လိုင်လာသက်ချာက ခဏဖြတ်သည်။

ပက်က အထူးအာရုံစိုက် နားထောင်နေသည်။

''ဒင်းနဲ့ ရီနီတို့ လင်မယားဟာ အင်မတန် ချစ်စရာကောင်းတယ်၊ လူတိုင်းသူတို့ကို ခင်ကြတယ်၊ ဒင်းက အင်မတန် ချောတယ်၊ ဆွဲဆောင်မှု အပြည့်အဝရှိပြီး လူတိုင်းကို အာရုံပြုစေနိုင်တဲ့ ယောက်ျားတစ်ယောက်ပဲ၊ ရီနီကတော့ တစ်မျိုးအရမ်းအေးတယ်၊ စကားနည်းတယ်၊ သဘော ကောင်းတယ်၊ သူ့ဘာသာသူ အေးအေးဆေးဆေး နေတာ များတယ်၊ သူဟာ ဒင်းလို နိုင်ငံရေးသမားတစ်ယောက်ရဲ့ မယား မဖြစ်သင့်ဘူးလို့တောင် ငါ့စိတ်ထဲမှာ ခံစားခဲ့ရတယ်၊ အသွင်မတူတဲ့ သူတို့ရဲ့ အိမ်ထောင်ရေးဟာ တစ်နေ့နေ့မှာတော့ တစ်ခုခု ဖြစ်တော့မှာပဲလို့ စိတ်ထဲမှာ ထင်နေခဲ့တယ်၊ ဒါပေမဲ့ သူက သူ့ယောက်ျားကို အရမ်းချစ်တယ်လေ၊ ငုံထားမတတ်ကို ချစ်တာ၊ နောက်ပြီးတော့ သူတို့လင်မယား နှစ်ယောက်စလုံးက သူတို့သမီးလေးအပေါ် ပုံအောချစ်တာများ ပြောမနေနဲ့တော့''

ပက်က တုတ်တုတ်မှ မလှုပ်ဘဲ ငြိမ်နေပြီး နားထောင်နေသည်။

''ရီနီ မသေခင် လေး ငါးရက် အလိုမှာ ရီနီက ငါ့ကို ပြောတယ်၊ ကယ်ရီကို ခေါ်ပြီး နယူးအင်္ဂလန်ကို သူ ပြန်တော့မယ်တဲ့၊ ကယ်ရီ ဆိုတာ သူတို့ရဲ့ သမီးလေး၊ အခု မင်း ငှားနေနေတဲ့ သူတို့အိမ်ရှေ့မှာ ရပ်ပြီး တို့ စကားပြောနေခဲ့တာ၊ ဒုက္ခရောက်တော့မယ်၊ အန္တရာယ် တစ်ခုခု တွေ့တော့မယ် ဆိုတာ ငါ့အာရုံထဲမှာ အလိုလို သိနေတယ်၊ ဘယ်လို သိနေတယ် ဆိုတာတော့ တခြားလူ သဘောပေါက်အောင် ငါ ပြန်မပြောတတ်ဘူး။

''ရီနီကို သတိပေးဖို့ ငါ ကြိုးစားတယ်၊ အေးလေ··· သူ သဘောပေါက်အောင် ကြိုးစားပြီး ပြောပြတယ် ဆိုပါတော့၊ နယူးအင်္ဂလန်ကို ပြန်ဖို့ ဆုံးဖြတ်ချက်ကို ပြန်ပြင်ဖို့ အကြောင်းမရှိဘူးဆိုရင် အချိန်ဆွဲမနေနဲ့တော့၊ မြန်မြန်သာ သွားကြတော့လို့ ငါ ပြောပြတယ်၊ ဒါပေမဲ့ အချိန်က သိပ်ကို နောက်ကျသွားပြီ၊ ကြေကွဲစရာ အဖြစ်ကြီးကို သူတို့မိသားစု ကြုံတွေ့ကြရတော့တာပဲ။

''အဲဒီနောက်ပိုင်း အချိန်ကစပြီး ဒီအိမ်ကြီးနဲ့ ပတ်သက်လို့ ငါ့စိတ်ထဲမှာ ဘာမှ မဖြစ်ခဲ့ဘူး၊ အာရုံထဲမှာလည်း ဘာမှ မပေါ်ခဲ့ဘူး၊ အခု မင်း ရောက်လာတဲ့ အချိန်အထိပဲ ဆိုပါတော့၊ ဒါပေမဲ့ လွန်ခဲ့တဲ့ သုံး လေးရက်လောက်က စပြီး ငါ့အာရုံထဲမှာ အရင်ကအတိုင်း ပြန်ပေါ်လာပြန်တယ်၊ အိမ်ကြီးပတ်လည်မှာ မှောင်နေတယ်လို့ ခံစားရတယ်၊ ဘာကြောင့် ဒီလို ခံစားရတယ် ဆိုတာ ငါ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဟိုတုန်းက ဒင်းအဒမ်စ်တို့ ရှိနေတုန်းက ခံစားခဲ့ရတဲ့ အာရုံအတိုင်း ပြန်ပြီး ခံစားနေရတာ ဖြစ်တယ်၊ ဒီအမှောင်ထုကြီးဟာ မင်းနဲ့ ပတ်သက်နေတယ် ဆိုလည်း ငါ့အာရုံထဲမှာ ခံစားသိရှိနေရတယ်၊ မင်း တခြားကို ပြောင်းသွားနိုင် မလား၊ ဒီအိမ်ကြီးမှာ မင်း မနေသင့်ဘူး''

လိုင်လာသက်ချာက ပက်ကို အကဲခတ်ကြည့်နေသည်။

ပက်က စကားလုံးများကို သတိထား ရွေးပြီး ပြန်မေးသည်။

''အဲဒီအိမ်ထဲမှာ ကျွန်မ ဆက်မနေဖို့ သတိပေးတာဟာ အာရုံထဲမှာ ခံစားနေရတာ သက်သက်ကြောင့်လား ရှင်၊ ဒါမှမဟုတ် တခြား အကြောင်းပြချက် တစ်ခုခုများ ရှိပါသေးသလား''

''ရှိတာပေါ့ကွယ်၊ လွန်ခဲ့တဲ့ သုံးရက်လောက်တုန်းက ဟောဟိုထောင့်မှာ လူတစ်ယောက် မယောင်မလည် လုပ်နေတာကို ငါ့အိမ်ဖော်က လှမ်းမြင်ခဲ့ရတယ်၊ ပြီးတော့ အိမ်ဘေးက နှင်းခဲပြင်ပေါ်မှာ ခြေရာတွေ ပွနေတာ တွေ့ရပြန်တယ်၊ သူ့ခိုးကပ်ပြီ ထင်ပြီး ရဲကို တို့ အကြောင်းကြားထားတယ်၊ မနေ့က မနက် ဆီးနှင်း တွေ ထပ်ကျပြီး လူခြေရာအသစ်တွေကို ထပ်တွေ့ရပြန်တယ်၊ ခြေရာရှင်ဟာ ဆောင်ဇလပ်ပင်ကြီးနားလောက်အထိပဲ သွားတာ တွေ့ရတယ်၊ အဲဒီဘက်ကို သွားရင် သူ့ကို တို့အိမ်ကနေ လှမ်းကြည့်လို့ မမြင်နိုင်ဘူး၊ လမ်းပေါ်ကနေပြီးတော့ လည်း မမြင်နိုင်ဘူး၊ သူ့အဖို့ မျက်ကွယ်ကောင်းကောင်း ရနေတယ်''

မစ္စက်သက်ချာက ရတ်တရက် ချမ်းသွားသည့် ပုံစံမျိုးဖြင့် သူ့ကိုယ်လုံး ကို လက်နှစ်ဖက်ဖြင့် ပြန်ဖက်ထားလိုက်လေသည်။

သူ့မျက်နှာပေါ်တွင် အရေးအကြောင်းများလည်း ချက်ချင်း ပေါ်လာသည်။

ပက်၏ မျက်နှာကို သူ မျက်တောင်မခတ် စူးစိုက်ကြည့်နေသည်။

ပက်က ပြန်ကြည့်သည်။ သူ့မျက်လုံးများ ပို၍ဝိုင်းစက်လာပုံ၊ တစ်စုံတစ်ခု ကို မှတ်မိသည့် အရိပ်အယောင်များကို ထိုမျက်လုံးထဲသို့ ရောက်ရှိလာပုံများကို ပက် မြင်လိုက်ရလေသည်။

နောက် ခဏကြာတော့ ပက်က နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

အဘွားကြီး ပို၍ စိတ်မတည်မငြိမ် ဖြစ်လာသည်။ ဟန်လည်း ဆောင်မနေ တော့။ ထိုအိမ်ကြီးမှနေ၍ တခြား တစ်နေရာသို့ ပက် ပြောင်းသွားဖို့ကို သူ ထပ်ပြီး တိုက်တွန်းပြန်သည်။

ငါ ဘယ်သူ ဖြစ်ကြောင်း လိုင်လာသက်ချာ သိသွားပြီဟု ပက်က တွေးကြည့်လိုက်မိ လေသည်။ သေချာပါသည်။ ဘယ်နည်းနှင့်မှ မမှားနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



စာကြည့်ခန်းသို့ သူ တိုက်ရိုက် သွားသည်။ ဖန်ခွက်ထဲသို့ ဘရန်ဒီအရက် တော်တော်များများလေး ထည့်ပြီး သောက်ချလိုက်သည်။ တစ်ကိုယ်လုံး နွေးခဲ ဖြစ်သွားပြီး နေသာထိုင်သာ ရှိသွားသည်။

"အင်း... တော်သေးတယ်" ဟု သူ မပီမသ ပြောသည်။

အိမ်အပြင်မှာ မှောင်နေသည့်အကြောင်းကို သူ မစဉ်းစားမိအောင် ကြိုးစား သည်။

ဘယ်လိုပဲဖြစ်ဖြစ် မယောင်မလည် လုပ်မည့် သူကို တစ်နေရာရာမှနေ၍ ရဲတပ်ဖွဲ့ဝင်များ စောင့်ကြည့်နေကောင်း နေပေလိမ့်မည်။ သူ့စိတ် တည်ငြိမ်လာ အောင် သူ ကြိုးစားသည်။

သည်အိမ်ကြီးမှ ပြောင်းသွားရန် ရီနီကို လိုင်လာက မေတ္တာရပ်ခံ တောင်းပန် ခဲ့သည်တဲ့။

သူ့အမေက ထိုမေတ္တာရပ်ခံချက်ကို လက်ခံပြီး သတိပေးချက်အား နာခံခဲ့မည် ဆိုပါစို့။ ကြေကွဲဖွယ် နှစ်လောင်းပြိုင် ဇာတ်လမ်းကြီးကို ရှောင်လွှဲနိုင် ပါမည်လား။

ငါကရော လိုင်လာ၏ ပြောစကားကို နားထောင်ပြီး ယခုပင် ဟိုတယ် တစ်ခုခုသို့ ရွှေ့ပြောင်း တည်းခိုနေရမည်လော။ သို့တည်းမဟုတ် အိမ်ခန်းတစ်ခန်း ရှာဖွေ ငှားရမ်းနေရမည်လော။

"မပြောင်းနိုင်ဘူး... ဘယ်နည်းနဲ့မှ မပြောင်းနိုင်ဘူး"

ပက်က အသံ အတော်ကျယ်ကျယ်ကလေး ထွက်အောင် အော်ပြောလိုက် မိလေသည်။

အက်ဘီဂေးလ်နှင့် ပတ်သက်သည့် အထူးအစီအစဉ် တင်ဆက်ဖို့ သူ့မှာ ပြင်ဆင်ချိန် နည်းနည်းကလေးပဲ ရသည်။

နောက်ထပ် နေရာထိုင်ခင်း အသစ် ရှာရင်း အချိန်ကုန်ခံဖို့ ဆိုသည်မှာ စဉ်းတောင် မစဉ်းစားနိုင်သော ကိစ္စ ဖြစ်သည်။ ရှိထားသည့် အချိန်ကလေးကို မည်သည့်နည်းနှင့်မှ အကြောင်းမဲ့ အကုန်မခံနိုင်ပါ။

နောက်တစ်မျိုး သူ စဉ်းစားကြည့်သည်။

လိုင်လာသက်ချာသည် ဘေးဒုက္ခ တစ်ခုခုကို အာရုံခံစားနိုင်သည်ထား ထိုသို့ အာရုံ ခံစားနိုင်ခြင်းသည် ထိုဘေးဒုက္ခ ကျရောက်လာခြင်း မရှိအောင် ဟန့်တားနိုင်သည် ဆိုသည့် သဘောမျိုး မဟုတ်ချေ။

ဟိုတုန်းက အကြောင်းကို ပက်က ပြန်စဉ်းစားကြည့်သည်။

လိုင်လာသက်ချာ သတိပေးသည့်အတိုင်း သူ့အမေက နားထောင်ပြီး နယူးအင်္ဂလန်သို့ ပြန်သွားသည်ပဲ ထားဦး။ ဒက်ဒီသည် အမေ့နောက်သို့ လိုက်သွား မည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမေ့နောက်သို့ ဒက်ဒီ လိုက်သွားလျှင် ယခု သည်အိမ်ကြီးမှာ ဖြစ်ပွားခဲ့သော လူသတ်မှုနှင့် မိမိကိုယ်မိမိ ပြန်သတ်သေမှုသည် နယူးအင်္ဂလန်မှာ ဖြစ်ပွားပေါ်ပေါက်ရမည်ပင်။

နေရာ လွှဲသွားခြင်းသာ ကွာမည်။ အဖြစ်ဆိုးကြီးကတော့ ဖြစ်ကို ဖြစ်ရမည်။

သည်နေရာက ငါ ပြောင်းသွားလျှင်လည်း အကြောင်းကတော့ ထူးမည်မဟုတ်။ ငါ့ကို တွေ့ချင်သူသည် မတွေ့ တွေ့အောင် ရှာမည်သာ ဖြစ်သည်။ တစ်နေရာ မဟုတ် တစ်နေရာမှာ တွေ့မည်သာ ဖြစ်သည်။

ထို့ကြောင့် နေရာသစ်မှာ သွားနေလျှင်လည်း သည်နေရာမှာကဲ့သို့ပင် သတိ ဝီရိယနှင့် နေနေရမည်။

သည်အိမ်မှာ နေပြီး သတိထားလျှင်လည်း ဖြစ်နိုင်သည်ဟု သူ တွေးကြည့်နေသည်။

ထိုသို့ တွေးရင်းလည်း လိုင်လာသက်ချာ အကြောင်းကို သူ တစ်ဆက်တည်း စဉ်းစားသည်။

လိုင်လာဟာ ငါ့အဖေနဲ့ အမေကို အတော်ကြီး ဂရုစိုက်သားပဲ၊ ငါ့ကိုလည်း ကလေးအရွယ်တုန်းက ကောင်းကောင်း သိခဲ့ပုံ ရတယ်။

ငါတို့ မိသားစုကို သူ အတော်ရင်းနှီးပုံရသည်။

အက်ဘီဂေးလ် အစီအစဉ် ပြီးရင် လိုင်လာနဲ့ ငါ စကားပြောကြည့်ရမယ်။ သူ ဘယ်လောက်များ မှတ်မိနေသေးသလဲ ဆိုတာ မေးကြည့်ရမယ်။ အစ်ပိုင်းတစ်စစီ မထင်မရှား မှတ်မိနေတဲ့ ငါ့မှတ်ဉာဏ်ကို သူ ဆက်စပ်ကောင်းဆက်စပ်ပေးနိုင်မယ် ထင်ပါရဲ့။

ဘာပဲဖြစ်ဖြစ် ခုအချိန်ကတော့ ဒါတွေကို မစဉ်းစားနိုင်သေး။ အက်ဘီဂေးလ်ရဲ့ မှတ်တမ်းများ၊ မှတ်တမ်းရုပ်ရှင်များကို ကြည့်ရှု စစ်ဆေးကာ အထူးအစီအစဉ်အတွက် ပြင်ဆင်ရပေဦးမည်။

မှတ်တမ်းရုပ်ရှင်ကားထုပ်များကို တိုဘီက ဘူးတစ်ခုထဲမှာ စုထည့်ထားသည်ကို တွေ့ရသောကြောင့် စိတ်ပျက်သွားမိသည်။

သို့သော်လည်း သူ ကံကောင်းပါသည်။

ရုပ်ရှင်ကားထုပ်တိုင်းတွင် အကြောင်းအရာ ဖော်ပြထားသည့် စာတန်းကလေးများ ကပ်ထားသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ထိုစာတန်းကလေးများကို ကြည့်ပြီး အမျိုးအစားများ ခွဲခြားရွေးချယ်လိုက်သည်။

နိုင်ငံရေးနှင့် ဆိုင်သည့် လှုပ်ရှားမှုများ…

ရွေးကောက်ပွဲ မဲဆွယ်မှုများ…

www.burmeseclassic.com

www.burmeseclassic.com



မိန့်ခွန်းများ…

နောက်ဆုံးတွင် သူ စိတ်အဝင်စားဆုံး ရုပ်ရှင်ကားများကို သွားတွေ့ရလေသည်။

ကိုယ်ရေးကိုယ်တာနှင့် သက်ဆိုင်သည့် ရုပ်ရှင်ကားများ ဖြစ်သည်။

သူ အကြည့်ချင်ဆုံးသော မှတ်တမ်းများ ဖြစ်လေသည်။

စာတန်းကလေးတွင် 'ဝေးလတ်နှင့် အက်ဘီဂေးလ် မင်္ဂလာဆောင်ဧည့်ခံပွဲ' ဟူ၍ ရေးထားသည်ကို တွေ့လိုက်ရသည်။

သူတို့နှစ်ယောက် ခိုးပြေးကြခြင်း ဖြစ်ကြောင်း ပက် သိထားသည်။ ခိုးပြေးကြစဉ်က ဝေးလတ်ဂျင်းနင်းသည် ဟားဗတ်တက္ကသိုလ်မှ ဘွဲ့မရသေး။

နောက်ဆုံးနှစ် တက်နေဆဲ တန်းလန်းကြီး ဖြစ်သည်။

အက်ဘီကလည်း ရက်ကလစ်တက္ကသိုလ်မှ ပထမနှစ် အောင်ပြီးခါစသာ ရှိသေးသည်။

သူတို့နှစ်ယောက် လက်ထပ်ပြီးနောက် လအနည်းငယ် အကြာတွင် ဝေးလတ်က ကွန်ဂရက်လွှတ်တော် အမတ်အဖြစ် ဝင်ရောက် ယှဉ်ပြိုင် အရွေးခံသည်။

ရွေးကောက်ပွဲ အနိုင်ရရှိရေး၊ မဲဆွယ်တရားပွဲများ စသည်တို့တွင် အက်ဘီဂေးလ်က ဝေးလတ်ကို အောက်ခြေသိမ်း အကူအညီ ပေးခဲ့သည်။

နောက်ပိုင်းတွင်မှ ရစ်ချ်မွန်တက္ကသိုလ်သို့ ပြောင်းပြီး ဘွဲ့ယူသည်။

ဘာပဲဖြစ်ဖြစ် ဇာဂျီးနီးယားပြည်နယ်သို့ အက်ဘီဂေးလ်ကို ဝေးလတ်ခေါ်လာပြီးနောက် ဧည့်ခံပွဲတစ်ခု ပြုလုပ်သဖြင့် ပက်အဖို့ စိတ်အဆာပြေသွားပါသည်။

ရုပ်ရှင်ကားကို ဥယျာဉ်ထဲတွင် ကျင်းပသည့် ဧည့်ခံပွဲ မြင်ကွင်းကျယ်ကြီးဖြင့် စတင် ဖွင့်လှစ်လိုက်လေသည်။

အရိပ်ကောင်းသော သစ်ပင်များကို နောက်ခံထားပြီး ရောင်စုံထီးများမိုးထားသည့် စားပွဲများ ခင်းကျင်းထားပုံ ဖြစ်သည်။

စားပွဲထိုးများက ရောင်စုံ လက်နေသည့် ဧည့်သည်များကြားတွင် ဗျာမခတ်မျှ သွားလာ လှုပ်ရှားနေကြလေသည်။

အမျိုးသမီး ဧည့်သည်များသည် နွေဝတ်စုံများကို ဝတ်ဆင်၍ လည်းကောင်း၊ အရုပ်များ ရေးခြယ်ထားသည့် ဦးထုပ်ကြီးများ ဆောင်း၍ လည်းကောင်း၊ ယောကျ်ားများကမူ ဂျက်ကက် အနက်နှင့် ဘောင်းဘီအဖြူကို ဝတ်ဆင်၍ လည်းကောင်း မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်လာကြလေသည်။

ဧည့်သည်များကို ကြိုဆိုလက်ခံသည့် နေရာတွင် အသက်ရှုမှားလောက်အောင် ချောမောလှပသော အမျိုးသမီးငယ်ငယ် တစ်ယောက်ကို တွေ့ရလေသည်။

အဖြူရောင် ပိုးဂါဝန်ကြီးကို သူ ဝတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကား သတို့သမီး အက်ဘီဂေးလ်ပင် ဖြစ်လေသည်။

သူ့ဘေးမှာ ကျောင်းဆရာပုံမျိုး ရှိသည့် ယောက်ျားတစ်ယောက် ရပ်နေသည်။

သူကား သတို့သား ဝေးလတ်ဂျင်းနင်း ဖြစ်လေသည်။ သူ့ကို မြင်ရသည်မှာ အလွန်တရာ ပျို့မျစ်နုနယ်လေသည်။

သူတို့ဘေးမှာ အဘွားကြီးတစ်ယောက် ရပ်နေသည်။ အက်ဘီဂေးလ်၏ ဘေးဘက်မှာ ရပ်နေခြင်း ဖြစ်သည်။ ဝေးလတ်ဂျင်းနင်း၏ အမေ ဖြစ်ကြောင်း သိသာထင်ရှားလှသည်။

မျက်နှာထား တင်းလှသည်။ မင်းစိုးရာဇဂိုဏ်းမျိုး ဖမ်းထားသည်။ ဒေါသဖြစ်နေသည့် အရေးအကြောင်းများ သူ့မျက်နှာပေါ်တွင် အထင်အရှား ရှိနေသည်။

ဧည့်သည်များ သူ့ရှေ့မှ ခပ်ဖြည်းဖြည်း ဖြတ်လျှောက်သွားကြသောအခါ အဘွားကြီးက အက်ဘီဂေးလ်နှင့် မိတ်ဆက်ပေးသည်။

သို့သော်လည်း အက်ဘီဂေးလ်၏ မျက်နှာကို တစ်ချက်ကလေး လှည့်မကြည့်။

ထိုကိစ္စနှင့် ပတ်သက်၍ ဆီနီတ်တာ အက်ဘီဂေးလ်က ပြောဖူးပါသည်။

"ငါ့ယောက္ခမကြီးက ငါဟာ သူ့သားကို ခိုးယူသွားတဲ့ ယန်းကီးမလို့ပဲ သတ်မှတ်ထားတာ"

အခု အဘွားကြီး၏ အမူအရာကို ကြည့်ရခြင်းအားဖြင့် အက်ဘီဂေးလ် ချဲ့ကားပြောဆိုခြင်း မဟုတ်ကြောင်း သေချာသွားပါတော့သည်။

ပက်က ဝေးလတ်ဂျင်းနင်းကို သေသေချာချာ ဂရုစိုက်ကြည့်သည်။

သူသည် အက်ဘီဂေးလ်ထက် နည်းနည်းကလေး ပိုအရပ်ရှည်သည်၊ ဆံပင် အရောင်က သဲရောင် ဖြစ်သည်။

ဆံပင်ပါးပါးနှင့် ပျော့ပျောင်းပုံရသည်။ မျက်နှာ အမူအရာက နူးညံ့သိမ်မွေ့သည်။

သူ့အမူအရာက တစ်ခုတော့ ထူးဆန်းနေသည်။ ရှက်ကိုးရှက်ကန်း ဖြစ်နေသော အမူအရာ ဖြစ်သည်။

ဧည့်သည်များကို လက်ခွဲနှုတ်ဆက်သည့်အခါတွင် လည်းကောင်း၊ အမျိုးသမီး များ၏ ပါးကို နမ်းပြီး နှုတ်ဆက်သည့်အခါတွင်သော် လည်းကောင်း သူ မနေတတ် မထိုင်တတ် ဖြစ်နေသည်။

သူတို့ သုံးယောက်ထဲတွင် အက်ဘီဂေးလ် တစ်ယောက်သာလျှင် သက်သောင့် သက်သာ ရှိသည်။ ဘာမှ မဖြစ်သလို နေနိုင်သည်။

ချက်ချင်း သူ ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်နှင့် မိတ်ဆက်ပေးခံရသောအခါ ထိုလူ၏ အမည်ကို ဂရုစိုက် မှတ်သားသည့်အနေဖြင့် ခေါင်းကလေးကို ရှေ့သို့ ငိုက်လိုက်သည်။ မိတ်ဆက်ပေးသည်ကို တလေးတစား နားထောင်သည်။

ပြီးတော့ လက်ဇွပ်များကိုလည်း ပြရင်း မိတ်ဆက်ပေးသူနှင့်လည်း လက်ဆွဲ နှုတ်ဆက်ရင်း သူ့လက်ကလေးကို ရှေ့သို့ ကမ်းပေးလိုက်လေသည်။

အသံထွက်ရုပ်ရှင် ဆိုလျှင် မည်မျှ ကောင်းလိုက်မည်နည်းဟု ပက်က တမ်းတလိုက်မိလေသည်။

နောက်ဆုံး ရောက်လာသည့် ဧည့်သည်ကို ဆီးကြို နှုတ်ဆက်ကြသည်။

အက်ဘီဂေးလ်နှင့် ဝေးလတ်တို့ တစ်ယောက် တစ်ယောက် လှည့်ကြည့်ကြသည်ကို ပက်က သေသေချာချာ ဂရုစိုက်ကြည့်နေသည်။

ဝေးလတ်၏ အမေက ရှေ့တည့်တည့်သို့သာ ကြည့်နေသည်။ ယခုအခါ တွင် အဘွားကြီး၏ မျက်နှာပေါ်တွင် ဒေါသရိပ်များ အတော်ကလေး ပြေလျော့သွားသည်။ တစ်စုံတစ်ရာကို စဉ်းစားနေပုံရသည်။

ပြီးတော့ သူ အားပါးတရ ပြုံးလိုက်သည်။

အရပ်မြင့်မြင့် ရွှေရောင်ဆံပင်နှင့် ယောကျ်ားတစ်ယောက် သူ့အနားသို့ ကပ်လာသည်။

သူ့ကို ဖက်လိုက်သည်။ ပြီးတော့ လွှတ်ပေးသည်။ နောက်တစ်ကြိမ် ထပ်ဖက်ထားလိုက်ပြန်သည်။ အဘွားကြီးကို လွှတ်လိုက်ကာ သတို့သမီးနှင့် သတို့သား ကို လှည့်နှုတ်ဆက်သည်။

ပက်က ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။

ထိုယောကျ်ား၏ မျက်နှာကို အပြည့် မြင်ရသည်။

ပက်က ရုပ်ရှင်ပြစက်ကို ရပ်ထားလိုက်သည်။

နောက်ဆုံး ရောက်လာသော ယောကျ်ားသည် သူ့အဖေ ဒင်းအဒမ် ဖြစ်လေသည်။

သူ အရမ်းငယ်နေသည်ဟု ပက် ထင်သည်။ ဘယ်နည်းနှင့်မှ သူ အသက် သုံးဆယ် မကျော်နိုင်သေး။

လည်ချောင်းထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်လာသောကြောင့် ပက်က တံတွေး မျိုချလိုက်ရသည်။

သည်လို ပုံမျိုး ရှိသည့် အဖေ့ပုံကို မှတ်မိလေသလား၊ ပက် ပြန်စဉ်းစား ကြည့်သည်။ သည်ရုပ်မျိုးကို မှတ်မိသလား။

ရင်အုပ်ကြီးက ကျယ်လွန်းလှရာ မြင်ကွင်းတစ်ခုလုံး ပြည့်နေတော့သည်။

နတ်သားငယ် တစ်ပါးလို အလွန် ချောမောလှပလေသည်ဟု ပက် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အရုပ်က ဝေးလတ်၏ ခေါင်းပေါ်မှာ မိုးနေသည်။ သံလိုက်လို ဆွဲဆောင်နိုင်သည့် ဓာတ်လည်း အပြည့်ပါသည်။

မျက်နှာကို တစ်လက်မချင်း တစ်လက်မချင်း ပက်က ကြည့်ရှုလေ့လာနေသည်။

ရုပ်ရှင်ပြစက်ကို ရပ်ထားသောကြောင့် ပိတ်ကားပေါ်တွင် ရုပ်သေပုံပေါ်နေသည်။ နည်းနည်းကလေးမှ တုန်ခါခြင်း မရှိ။

တစ်မိနစ်လောက် ကြာအောင် သူ လေ့လာသည်။

သူ့အမေ ဘယ်မှာလဲ… ဟု တွေးကြည့်သည်။

နောက်မှ သူ သတိရသည်။ ထိုရုပ်ရှင်ရိုက်ချိန်က သူ့အမေသည် ဘော့စတွန် အနုပညာသင်ကျောင်းတွင် ကျောင်းသူဘဝမှာသာ ရှိသေးသည်။ စန္ဒရားဆရာမ ဖြစ်ဖို့ ကြိုးစားနေဆဲ ဖြစ်သည်။

ထိုစဉ်တုန်းက ဒင်းအဒမ်စ်သည် ဝစ္စကွန်စင် မဲဆန္ဒနယ်မှ ပူပူနွေးနွေး အရွေးခံရခါစ ကွန်ဂရက်လွှတ်တော် အမတ်လက်သစ် ဖြစ်သည်။ အလွန်ကျန်းမာ တက်ကြွနေသည့် အချိန်အခါ ဖြစ်လေသည်။

ပက်က ခလုတ်ကို နှိပ်လိုက်သည်။ အရုပ်များ ပြန်လည် အသက်ဝင်လှုပ်ရှားလာကြသည်။

ဒင်းအဒမ်စ်က ဝေးလတ်ဂျင်းနင်းနှင့် နောက်ပြောင်နေသည်။ တဝါးဝါး ရယ်နေသည်။

အက်ဘီဂေးလ်က သူ့ဆီသို့ လက်ကမ်းပေးသည်။ သို့သော် ဒင်းအဒမ်စ်က ထိုလက်ကို ဆွဲယူဖို့ နေနေသာသာ ငုံ၍ပင် မကြည့်ဘဲ ပါးပြင်ကိုသာ နမ်းပြီး နှုတ်ဆက်လိုက်လေသည်။

ထိုအခါတွင်လည်း သူတို့ အားလုံး ရယ်ကြပြန်သည်။

ကုန်းလျှောကလေးအတိုင်း သူတို့ ဆင်းလျှောက်သွားကြတော့ ကင်မရာက သူတို့နောက်သို့ လိုက်သွားသည်။ ဧည့်သည်များဆီသို့ သူတို့ ရောက်သွားကြသည်။ ဧည့်သည်များနှင့် စကားပြောကြသည်။

ဒင်းအဒမ်စ်က ဝေးလတ်၏ အမေကို လက်ကိုင်ပြီး တွဲပေးလာသည်။ အဘွားကြီးက ဒင်းကို စကားတွေ ဖောင်လောက်အောင် ပြောလာသည်။ သူတို့နှစ်ယောက် အပြန်အလှန် ချစ်ခင်ကြင်နာကြောင်း သိသာ ထင်ရှားလေသည်။

မှတ်တမ်းရုပ်ရှင်ကား ဆုံးသွားသောအခါ ပက်က ပြန်ရစ်သည်။ ပြန်ပြသည်။ သူ့အစီအစဉ်တွင် သုံးဖို့ ရည်စူးသည့် အခန်းများကို မှတ်သည်။

ဝေးလတ်နှင့် အက်ဘီဂေးလ်က ကိတ်မုန့်ကြီးကို လှီးကြသည်။ အပြန်အလှန် ဆုတောင်းသည်။ ကပွဲ စသည်။ သူတို့ လင်မယားက ပထမဆုံး စတင်ကပြီး ကပွဲကို ဖွင့်လှစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညွှန်သည်များကို ဂျင်းနင်းတို့ ကြိုဆိုနေကြသည့် အခန်းမှာမူ သုံး၍ လုံးဝမဖြစ်နိုင်ကြောင်း ပက် ချက်ချင်း သဘောပေါက်လိုက်ပါသည်။ မကျေမနပ်နှင့် စူဆောင့်နေသော အဘွားကြီး၏ မျက်နှာ အမူအရာမှာ သိသာထင်ရှားလွန်းနေသည်။ ဘယ်လိုမှ ဖျောက်ဖျက်၍ မရနိုင်လောက်အောင် ပေါ်လွင်နေသည်။

နောက်ပြီးတော့ ထိုအပိုင်းကို သုံးမည်ဆိုလျှင် ဒင်းအဒမ်စ်၏ အကွက်များကိုလည်း ဖယ်၍ရမည် မဟုတ်။ သူ့အစီအစဉ်ထဲမှာ ဒင်းအဒမ်စ်လည်း ပါ၍ မဖြစ်နိုင်။

ထိုမင်္ဂလာညှော်ခံပွဲ ကျင်းပနေသည့် အချိန်တုန်းက အက်ဘီဂေးလ်၏ စိတ်ထဲတွင် မည်သို့ ခံစားနေရမည်နည်း။

ပက် စဉ်းစားကြည့်သည်။ ဝေးလတ်ဂျင်းနင်းတို့၏ အိမ်က ကြီးကျယ်ခမ်းနားလွန်းလှသည်။ အလွန်တရာ လှပသည်။ ဇာကြိုးနီးယားပြည်နယ်၏ အစဉ်အလာ မပျက် နူးညံ့သိမ်မွေ့မှုများ၊ ယဉ်ကျေးဖော်ရွေမှုများဖြင့်လည်း လွှမ်းခြုံထားသည်။

သူသည် အက်ပယ်လ်ဂျန်းရှင်းမြို့ကလေးရှိ ဆောင်းဒါးစ်တို့ အိမ်နောက်ဘက်က အလွန်တရာ ကျဉ်းမြောင်းသည့် အစေခံတန်းလျားကလေးမှာ နေထိုင် ကြီးပြင်းခဲ့ရသူ ဖြစ်သည်။

ထိုအစေခံတန်းလျားကလေးမှ ပြောင်းရွှေ့လာခဲ့သည်မှာလည်း ဘယ်လောက်မှ မကြာမြင့်သေး။

ထိုမျှ သေးနုပ်သည့် အစေခံတန်းလျားကလေးမှ တစ်ဆင့် ယခုလောက် ကြီးကျယ်ခမ်းနားလှပသည့် အိမ်ကြီးရခိုင်သို့ အိမ်ရှင်မအဖြစ် ပြောင်းရွှေ့လာရသောအခါ စိတ်ထဲမှာ မည်သို့များ ခံစားနေရမည်နည်းဟု ပက်က သိချင်နေခြင်း ဖြစ်လေသည်။

ဆောင်းဒါးစ်တို့၏ အိမ်ကြီး···

အက်ဘီဂေးလ်၏ အမေ····

မှန်ပါသည်။ အက်ဘီဂေးလ်၏ အမေ ဖရန်ဆေဖော်စတာ အဲဒီနေ့တုန်းက ဘယ်ရောက်နေသလဲ။

သူ့သမီး၏ မင်္ဂလာဆောင်ကို မတက်ဖို့ တမင်ပဲ ဆုံးဖြတ်ပြီး တစ်နေရာရာသို့ သွားရှောင်နေခြင်းလား။ သည်လူတွေ၊ သည်ပတ်ဝန်းကျင်တွေသည် မိမိနှင့် မည်သို့မှ မအပ်စပ်ကြောင်း သဘောပေါက် ခံစားရပြီး ဝေးဝေးမှာ ရှောင်နေခြင်းလား။

သို့တည်းမဟုတ် အက်ဘီဂေးလ် ကိုယ်တိုင်ကပဲ သူ့မင်္ဂလာဆောင်ကို သူ့အမေ မတက်ဖို့ ဆုံးဖြတ်ချက် ချလိုက်လေသလား။

www.burmeseclassic.com

www.burmeseclassic.com



အခြား အခွေများကို တစ်ခွေပြီး တစ်ခွေ ပက်က ကြည့်ရှုလေ့လာသည်။ သူ့အဖေ၏ ရုပ်ပုံ ပေါ်လာသည့်အခါတိုင်း စိတ်ချောက်ချားရစမြဲ ဖြစ်သည်။ စိတ်ချောက်ချားမှုကို အနိုင်နိုင် ထိန်းရသည်။

ရုပ်ရှင်များတွင် ရက်စွဲများ ရေးထိုးထားခြင်း မရှိပါ။ သို့သော်လည်း နောက် အစဉ်ကို ကောင်းစွာ စီစဉ်၍ ရနေသည်။

ပထမဆုံးသော မဲဆွယ်ပွဲ အပျော်တမ်း မဟုတ်ဘဲ ရုပ်ရှင်ပညာသည်များ က ရိုက်ကူးမှတ်တမ်းတင်ထားသည့် ကား ဖြစ်သည်။

အက်ဘီဂေးလ်နှင့် ဝေးလတ်သည် လက်ချင်းတွဲပြီး လမ်းထဲမှာ လျှောက် နေသည်။ လမ်းပေါ်မှာ သွားလာနေသူများကို နှုတ်ဆက်ကြသည်။

ပြည်သူ့အိမ်ရာ စီမံကိန်းကို အက်ဘီဂေးလ်နှင့် ဝေးလတ်တို့ စစ်ဆေး ကြည့်ရှုနေကြပုံ။

ကြေညာသူ၏ အသံကို ကြားရသည်။

"ဝေးလတ်ဂျင်းနင်းရဲ့ မဲဆွယ်ပွဲ ဖြစ်ပါတယ်၊ သူ့ရဲ့ ဦးလေးတော်သူ ကွယ်လွန်သူ ကွန်ဂရက်လွှတ်တော်အမတ် ဒေါ်တာဂျင်းနင်းရဲ့ မဲဆန္ဒနယ်မှာ ဝင်ရောက် အရွေးခံမှာ ဖြစ်ပါတယ်၊ မဲဆန္ဒနယ်အတွင်းမှာ ရှိတဲ့ နယ်သူနယ်သားများ ရဲ့ အကျိုးကို မျိုးရိုးစဉ်ဆက်မပြတ် သယ်ပိုးထမ်းရွက်ပေးလိုတဲ့အတွက် ဝေးလတ် ဂျင်းနင်းက ယခုလို ဝင်ရောက် အရွေးခံခြင်း ဖြစ်ပါတယ်"

အက်ဘီဂေးလ်နှင့် အင်တာဗျူး လုပ်သည့် အခန်းလည်း ပါရှိသည်။

"ပျားရည်ဆမ်းခရီး ထွက်ရင်း မဲဆွယ်ပွဲမှာ ဝင်နွှဲနေရတဲ့အတွက် စိတ်ထဲ မှာ ဘယ်လို ခံစားရပါသလဲ"

အက်ဘီဂေးလ်က ပြန်ဖြေသည်။

"အများအကျိုး ဆောင်ရွက်မယ့် ကျွန်မ ယောကျာ်းနဲ့ မခွဲဘဲ လက်ချင်း တွဲပြီး အခုလို အများအကျိုးပြု လုပ်ငန်းတွေ လုပ်ရတာလောက် စိတ်ချမ်းသာစရာ ကောင်းတာ ဘာမှ မရှိတော့ပါဘူး ရှင်"

အက်ဘီဂေးလ်၏ အသံလေးက တစ်မျိုး ဖြစ်နေသည်။ နည်းနည်းမြင့် နေသလားဟု ပက် တွေးကြည့်သည်။

အမှန်တော့ တောင်ပိုင်းသားသံ နည်းနည်းကလေး ဝဲနေခြင်း ဖြစ်သည်။

ပက်က အချိန်ကာလများကို စိတ်ထဲမှာ ကမန်းကတန်း တွက်ကြည့် သည်။ ဗာဂျီးနီးယားပြည်နယ်သို့ အက်ဘီဂေးလ် ရောက်လာသည်မှာ သုံးလပင် မပြည့်တတ်သေး။

သူ့အစီအစဉ်ထဲမှာ ထည့်ဖို့ ထိုအပိုင်းများကိုလည်း သေသေချာချာ မှတ်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မဲဆွယ်ပွဲ ငါးပွဲအတွက် မှတ်တမ်းတင် ရုပ်ရှင်ကားများ ရှိသည်။ တဖြည်းဖြည်း အရှိန်လေး ရလာသည်နှင့် အက်ဘီဂေးလ်သည် သူ့ယောက်ျား နောက်တစ်ကြိမ် ပြန်အရွေးခံရရေးနှင့် ပတ်သက်ပြီး အဓိကအခန်းကဏ္ဍမှ ပါဝင် လှုပ်ရှားလာသည် ကိုလည်း တွေ့ရလေသည်။

သူ့မိန့်ခွန်းများထဲတွင် မကြာခဏဆိုသလို…

"ကျွန်မ ယောက်ျား ဝါရှင်တန်မြို့ကို သွားပြီး ရှင်တို့အတွက် ဆောင်ရွက်စရာ ရှိတာတွေကို ဆောင်ရွက်နေပါတယ်၊ ကျွန်မ ယောက်ျားဟာ တခြား လွှတ်တော်အမတ်တွေနဲ့ မတူပါဘူး၊ ကိုယ် ပြန်လည်အရွေးခံရရေးအတွက် မဲဆွယ်နေတာနဲ့ အချိန်ကို ဖြုန်းတီးပစ်မနေပါဘူး၊ မဲဆွယ်ရမယ့် အချိန်မှာကိုပဲ လွှတ်တော်ထဲမှာ မဲဆန္ဒရှင်တွေ အကျိုးကို မနားမနေ သယ်ပိုး ဆောင်ရွက်နေပါတယ်၊ ဒါကြောင့် ဒီနေရာကို လာပြီး မဲဆွယ်တရား မဟောနိုင်တာ ဖြစ်ပါတယ်၊ ဒါပေမဲ့ ရှင်တို့ အားလုံးကို ကျွန်မ ယောက်ျားက လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်လိုက်တဲ့ အကြောင်း ကလေးတော့ ပြောပါရစေ"

ဝေးလတ်တို့ အိမ်ကြီးတွင် မကြာခဏ ကျင်းပသည့် လူမှုရေး အခမ်းအနားကို ကြည့်ရသည်မှာ စိတ်ထိခိုက်ဖွယ် ကောင်းလှပါသည်။ ပက်သည် သူ့စိတ်ကို သူ တင်းပြီး ထိုကားများကို ကြည့်သည်။

'ဝေးလတ်၏ ၃၅ နှစ်မြောက် မွေးနေ့ပွဲ'…

ငယ်ရွယ်နုပျိုသော လင်မယားနှစ်စုံ တက်ရောက်လာကြသည်ကို တွေ့ရလေသည်။ အက်ဘီဂေးလ်နှင့် ဝေးလတ်တို့နှင့်အတူ တွဲပြီး ရုပ်ရှင် ရုပ်သေများ အရိုက်ခံသည်။

ပထမ တစ်စုံတွဲက ဂျက်နှင့် ဂျက်ကီကနေဒီ။

နောက်တစ်စုံတွဲက ဒင်းနှင့် ရီနီအဒမ်စ်။

သူတို့ နှစ်စုံတွဲစလုံး လက်ထပ်ပြီးကြသည်မှာ ဘာမှ မကြာသေး။

ပက်အဖို့ သူ့အမေ၏ ရုပ်ရှင်ကားကို ပထမဆုံးအကြိမ်အဖြစ်နှင့် ကြည့်မြင်ဖူးခြင်း ဖြစ်လေသည်။

သူ့အမေ ရီနီအဒမ်စ်သည် အစိမ်းနုရောင် ဂါဝန်ကို ဝတ်ဆင်ထားလေသည်။ ဆံပင်များသည် ကုပ်ပေါ်မှာ ဝဲပြီး လှပစွာ ဖုံးအုပ်ထားလေသည်။ နက်မှောင်သော ဆံပင်များ ဖြစ်ပါသည်။

ရီနီ၏ အမူအရာသည် အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်နေပုံရသည်။ အမ်းတန်းတန်း ဖြစ်နေသည့် သဘော။

သို့သော်လည်း သူ့ယောက်ျားကို မော့ကြည့်ပြီး ပြုံးပြသည့် အမူအရာကတော့ ယောက်ျားကို အလွန်တရာ ချစ်မြတ်နိုးကြောင်း ထင်းထင်းကြီး ပေါ်လွင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပက်မှာ ထိုအမှုအရာများကို မကြည့်ရက်အောင် ဖြစ်နေမိလေသည်။ အလင်းများကို ပြန်မရစ်မိသည့်အတွက် တော်တော့သည်။

နောက်အခန်း အနည်းငယ် ကျော်သွားတော့ ကနေဒီတို့ လင်မယားနှင့် ဂျင်းနင်းတို့ လင်မယား အတူတွဲပြီး ဓာတ်ပုံ အရိုက်ခံကြလေသည်။

ပက်က ထိုအခန်းကို သူ့မှတ်စုစာအုပ်ကလေးထဲတွင် ရေးမှတ်ထားလိုက်သည်။ အစီအစဉ်ထဲမှာ ထည့်ရမည်။

ထိုအခန်းသည် သူ့အစီအစဉ်တွင် အလွန်စိတ်ဝင်စားစရာ ကောင်းမည့် အခန်း ဖြစ်မှာ သေချာကြောင်းလည်း စိတ်ထဲက သိလိုက်သည်။ ထိုသို့ ဖြစ်မည်ကို ခါးသီးစွာ တွေးလိုက်မိခြင်းလည်း ဖြစ်ပါသည်။

ကွန်ဂရက်လွှတ်တော်အမတ် ဒင်းအဒမ်စ်နှင့် သူကိုယ်တိုင် သတ်ပစ်လိုက်သော သူ့ဇနီးသည်ကိုတော့ သည်အစီအစဉ်ထဲမှာ လုံးဝ ထည့်သွင်း၍ မဖြစ်နိုင်ချေ။

သူ နောက်ဆုံး ကြည့်သည့် မှတ်တမ်းရုပ်ရှင်ကားသည် ဝေးလတ်ဂျင်းနင်း၏ အသုဘ အခမ်းအနား ဖြစ်လေသည်။ ဘုရားရှိခိုးကျောင်း၏ အပြင်ဘက် မြင်ကွင်းမှ စတင် ရိုက်ကူးသည်။

နောက်ခံ စကားပြောသူက အသံကို တမင်နှိမ့်ပြီး ပြောနေသည်။

"ကွန်ဂရက်လွှတ်တော်အမတ်. ဂျင်းနင်းရဲ့ ကြွင်းကျန်ရစ်တဲ့ ရုပ်ကလာပ်ဟာ အခုကလေးတင်ပဲ ရောက်ရှိလို့ လာပါပြီ ခင်ဗျာ။ ဆွေမျိုးများ၊ နိုင်ငံခေါင်းဆောင်များနဲ့ မိတ်ဆွေသင်္ဂဟများက စင်းလုံးငှား လေယာဉ်ပျံ ပျက်ကျပြီး ကွယ်လွန်သွားရှာတဲ့ ဗာဂျီးနီးယားပြည်နယ်ရဲ့ ကွန်ဂရက်လွှတ်တော်အမတ် ဂျင်းနင်းကို နောက်ဆုံး နှုတ်ဆက်ခြင်းအနေနဲ့ ဘုရားရှိခိုးကျောင်းအတွင်းမှာ နှုတ်ဆက်နေကြပါတယ်။

"ကွန်ဂရက်လွှတ်တော်အမတ် ဝေးလတ်ဂျင်းနင်းဟာ စီစဉ်ထားတဲ့ နိုင်ငံရေး တရားပွဲတစ်ခုမှာ တက်ရောက်ဟောပြောဖို့ စင်းလုံးငှား လေယာဉ်ပျံနဲ့ အသွားမှာ လေယာဉ်ပျံ ပျက်ကျပြီး ကွယ်လွန်သွားတာ ဖြစ်ပါတယ်၊ သူ့လေယာဉ်ပျံကို မောင်းနှင်သွားတဲ့ လေယာဉ်မှူး ဂျော့ဂရာနေလည်း သူနဲ့အတူတူ ရုတ်ခြည်း ကွယ်လွန်သွားခဲ့ပါတယ်။

"အသက် ငယ်ငယ်နဲ့ မုဆိုးမ ဖြစ်သွားရှာတဲ့ အက်ဘီဂေးလ်ဂျင်းနင်းကို မက်ဆာချူးဆက်ပြည်နယ်ရဲ့ ဆီးနိတ်လွှတ်တော်အမတ် ဂျွန်ဖစ်ဇ်ဂျရယ်ကနေဒီက တွဲယူ စောင့်ရှောက်ပြီး ခေါ်ယူလာပါတယ်၊ ကွန်ဂရက်လွှတ်တော်အမတ် ဝေးလတ်ဂျင်းနင်းရဲ့ မိခင် မစ္စက်စတူးဝပ်ဂျင်းနင်းကိုတော့ ဝစ္စကွန်စင်ပြည်နယ်က ကွန်ဂရက်လွှတ်တော်အမတ် ဒင်းအဒမ်စ်က တွဲယူ စောင့်ရှောက်ပြီး ခေါ်ယူလာပါတယ် ခင်ဗျာ၊ ဆီးနိတ်လွှတ်တော်အမတ် ဒင်းအဒမ်စ်တို့ဟာ ကွယ်လွန်သူ ဝေးလတ်ဂျင်းနင်းရဲ့ အရင်းနှီးဆုံး မိတ်ဆွေများ ဖြစ်ကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးကားပေါ်မှ အက်ဘီဂေးလ် ဆင်းလာပုံကို ပက်က သေသေချာချာ အကဲခတ်ကြည့်နေသည်။

မျက်နှာကို ချီထားသည်။ အနက်ရောင်ဇာက ရွှေရောင်ဆံပင်ကိုပါ ဖုံးထားသည်။ အနက်ရောင် ဝတ်စုံကို ရိုးရိုးကလေး ဝတ်ထားသည်။

မက်ဆာချူးဆက်ပြည်နယ်မှ ရုပ်ရည် ခံ့ညားချောမောသော လူငယ် ဆီးနိတ်လွှတ်တော်အမတ် ကနေဒီက ညှိုးငယ်သော မျက်နှာထားဖြင့် အက်ဘီဂေးလ်ကို လက်ကမ်းပေးသည်။

ဝေးလတ်၏ မိခင် မစ္စက်စတူးဝပ်ဂျင်းနင်းသည် အလွန်အမင်း စိတ်ထိခိုက်နေပုံရသည်။

မော်တော်ကားပေါ်မှ သူ့ကို တွဲချပေးသောအခါ သူ့မျက်လုံးအစုံသည် နိုင်ငံတော်အလံ လွှမ်းထားသည့် အလောင်းပေါ်မှာ စူးစိုက် ရောက်ရှိနေလေသည်။

လက်ချင်း တင်းတင်း ဆုပ်ကိုင်ထားသည်။

စိတ်ထိခိုက်မှုကို အစွမ်းကုန် ထိန်းသိမ်းသည့်အနေဖြင့် ခေါင်းကို ခပ်သာသာ ယမ်းခါနေသည်။

ပက် ကြည့်နေဆဲမှာပင် သူ့အဖေ ဒင်းအဒမ်စ်၏ လက်တစ်ဖက်က မစ္စက်ဂျင်းနင်း၏ တံတောင်ဆစ်ကို ဖေးကိုင်လိုက်လေသည်။

ပြီးတော့ ဘုရားရှိခိုးကျောင်းဆီသို့ ခပ်ဖြည်းဖြည်း တွဲခေါ်သွားသည်ကို မြင်ရသည်။

တစ်ညဦးပိုင်းအတွင်း သူ ကြည့်နိုင်သမျှ မှတ်တမ်းရုပ်ရှင်များကို မနား တမ်း ကြည့်ပစ်လိုက်လေသည်။

သူ တင်ဆက်မည့် အထူးအစီအစဉ်တွင် လူအများ စိတ်အဝင်စားဆုံး ဖြစ်နိုင်မည့် အပိုင်းမှာ ထိုမှတ်တမ်းဟောင်းများသာ ဖြစ်မည့်အကြောင်း ပက် သဘောပေါက်ပြီးလည်း ဖြစ်လေသည်။

စာကြည့်ခန်းထဲမှ မီးများ ပိတ်လိုက်ပြီး အပြင်ခန်းမထဲသို့ သူ ထွက်လာခဲ့လေသည်။

ခန်းမထဲမှာ လေဝင်နေသည်။ စာကြည့်ခန်းထဲမှာတုန်းက လုံးဝ လေမဝင်။ ပြတင်းပေါက်အားလုံးကို ပိတ်ထားသောကြောင့် ဖြစ်သည်။

ထမင်းစားခန်း၊ မီးဖိုချောင်နှင့် အိမ်အဝင် အခန်းကျယ်များကို စစ်ဆေးကြည့်သည်။ တံခါးအားလုံး ပိတ်ထားပြီး မင်းတုပ်များ ကျကျနန ထိုးထားသည်ကို တွေ့ရသည်။

သို့သော်လည်း ခန်းမထဲသို့ လေဝင်နေသည်။

သူ ကြောက်လာသည်။ ထို့ကြောင့် အသက်ရှူ မြန်လာသည်။ ဧည့်ခန်း၏ တံခါးမကြီးကို ပိတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတံခါးလက်ကိုင်ပေါ်သို့ သူ လက်တင်လိုက်မိသည်။ လက်ကိုင်မှာ ရေခဲတုံးလို အေးစက်နေသည်။

ဖြည်းဖြည်းချင်း တံခါးကို ဖွင့်လိုက်သည်။ ရေခဲတမျှ အေးစက်နေသည့် လေက သူ့ကို တိုးဝှေ့တိုက်ခိုက်သည်။ ပန်းဆိုင်းမီးခလုတ်ကို သူ ဖွင့်လိုက်သည်။ အခန်းထဲမှာ လင်းသွားသည်။

ပန်းခြံထဲသို့ ဆင်းသည့် တံခါးမကြီး ပွင့်နေသည်။

ထိုတံခါးမကြီးမှ မှန်ကွဲနေသည်။ မှန်ကွဲများ၊ ကော်ဇောပေါ်သို့ ကျနေသည်။

ထို့နောက် ထိုအရာကို သူ မြင်လိုက်ရလေသည်။

မီးလင်းဖိုနားမှာ ပိုးစိုးပက်စက် တုံးလုံးလဲနေသည်။

ညာဘက်ခြေထောက်က သူ့အောက်မှာ လိမ်နေသည်။

ခါးစည်းအဝတ်မှ သွေးများ စွန်းပေနေသည်။

ရက်ဂက်ဒီအင်န် မိန်းကလေး ရုပ်ကလေး ဖြစ်လေသည်။

ပက်သည် ထိုအရုပ်ကလေးနားမှာ ဒူးထောက်လျက် ထိုင်လိုက်မိသည်။ အရုပ်ကလေးကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

မဲ့နေသော နှုတ်ခမ်းဖြစ်အောင် အလွန်ကျွမ်းကျင်သည့် လက်ဖြင့် ရေးဆွဲထားသည်ကို တွေ့ရသည်။

ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်းများ ပေါ်လွင်အောင်လည်း ဆွဲထားသည်။

အမှန်တော့ ရက်ဂက်ဒီအင် မိန်းကလေးရုပ်များမှာ ပြုံးနေသည့် အရုပ်ကလေးများချည်း ဖြစ်သည်။

ယခု အရုပ်ကလေးကိုတော့ နာကြည်းစွာ ငိုကြွေးထားသော ပုံမျိုးဖြစ်အောင် ပြောင်းလဲပြီး ဆေးရောင်ခြယ်ထားလေသည်။

အထိတ်တလန့်ဖြင့် မအော်လိုက်မိအောင် ပက်က သူ့ပါးစပ်ကို လက်ဖြင့် အနိုးကတန်း ပိတ်လိုက်လေသည်။

သည်နေရာကို ဘယ်သူ ရောက်လာခဲ့သနည်း။

ဘာလုပ်ဖို့ ရောက်လာသနည်း။

အရုပ်ကလေးရှိ သွေးစွန်းနေသော ခါးစည်းအဝတ်တွင် စာရွက်တစ်ရွက် ချိတ်တွဲထားသည်။

စာရွက်ကလေးကို သူ လှမ်းကိုင်လိုက်သည်။

သွေးစွန်းနေသည့် ခါးစည်းအဝတ်ကလေးကို လက်နှင့် ထိလိုက်သော အခါ လက်ချောင်းကလေးများ တွန့်ခနဲ ဖြစ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင် စာများကဲ့သို့ပင် အပေါ်စားစာရွက်ဖြင့် ရေးထားသော စာတစ်စောင် ဖြစ်နေသည်။

လက်ရေးကလည်း ယခင်လက်ရေးအတိုင်း သေးသေးကလေးနှင့် ခပ်စောင်းစောင်း ဖြစ်သည်။

**'ဒါ နောက်ဆုံး သတိပေးခြင်းပဲ။ အက်ဘီဂေးလ်ဂျင်းနင်း နာမည်ပိုကြီးသွားအောင် တင်ဆက်မယ့် အစီအစဉ်ကို လုံးဝမလုပ်ပါနဲ့'**

တကျွိကျွိ အသံတစ်ခုကို ကြားလိုက်ရသည်။

ပန်းခြံထဲသို့ ဆင်းသည့် တံခါးများအနက် တံခါးတစ်ခုက လှုပ်နေသည်။

ထိုနေရာတွင် တစ်ယောက်ယောက် ရှိနေသလား။

ပက်က ထိုင်ရာမှ ခုန်ထသည်။

သို့သော်လည်း မည်သူမှ မရှိပါ။

လေတိုက်သောကြောင့် တံခါးရွက်က ရှေ့တိုးနောက်ငင် လှုပ်ယမ်းနေခြင်းသာ ဖြစ်လေသည်။

ပက်က တံခါးရှိရာသို့ အခန်းကို ဖြတ်ပြေးသည်။ တံခါးရွက် နှစ်ရွက်ကို ဆွဲစေ့ပြီး မင်းတုပ် ထိုးလိုက်သည်။

သို့သော်လည်း ဘာမှ အကြောင်းထူးမည် မဟုတ်ပါ။ မှန်ချပ်ကို ရိုက်ခွဲထားသောကြောင့် ထိုအပေါက်မှနေ၍ လက်လျှိုပြီး အချိန်မရွေး ပြန်ဖွင့်နိုင်မည်သာ ဖြစ်လေသည်။

ဖောက်ထွင်း ဝင်ရောက်သူသည် သည်အနီးတစ်ဝိုက်တွင် ရှိနေနိုင်သေးသည်။ ပန်းခြံထဲရှိ ပန်းရုံများ နောက်ကွယ်တွင် ပုန်းအောင်းနေနိုင်သေးသည်။

တယ်လီဖုန်း ရှိရာသို့ ပြေးသည်။ ဖုန်းနံပါတ်များကို လှည့်သည်။ သူ့လက်ချောင်းကလေးများ တဆတ်ဆတ် တုန်ယင်နေသည်။

တစ်ဖက်မှ ရဲအရာရှိ၏ အသံကို ကြားရတော့ အားတက်သွားသည်။

"ကျွန်တော်တို့ ရဲကားတစ်စီး အခုချက်ချင်း လွှတ်လိုက်ပါ့မယ်"

ရဲကား အလာကို စောင့်နေရင်း စောစောက စာတိုကလေးကို ပြန်ဖတ်သည်။

အက်ဘီဂေးလ်ဂျင်းနင်းနှင့် ပတ်သက်သော အထူးအစီအစဉ်ကို တင်ဆက်ခြင်း မပြုရန် ခြိမ်းခြောက် တားမြစ်ခြင်းသည် ယခု စတုတ္ထအကြိမ်မြောက် ဖြစ်လေသည်။

သူ ချက်ချင်း မသင်္ကာ ဖြစ်လာသည်။

သူ့ကို ခြိမ်းခြောက်နေခြင်းသည် အပျော်အပြက် မဟုတ်။ အမှန်တကယ် ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးနှင့် ပတ်သက်နေသလား။ ဆီးနိတ်လွှတ်တော်အမတ် အက်ဘီ ေးလ်ဂျင်းနင်းတွင် မည်သို့သော အရှုပ်အထွေးတွေ ရှိနေသနည်း။

ရက်ဂက်ဒီအင်န် မိန်းမရုပ်ကလေးကို ပုံပျက်ပန်းပျက် ဖြစ်အောင် ပြုလုပ်ပြီး ထည့်ထားခဲ့ခြင်းသည် ဘာသဘောလဲ။

တစ်စုံတစ်ရာကို သူ မှတ်မိလာသည်။ ထို့ကြောင့် သူ တုန်လှုပ်ချောက်ချားသွားသည်။

ရက်ဂက်ဒီအင်န် အရုပ်၏ မူလ ပုံပန်းသဏ္ဌာန်ကို ပျက်ယွင်းအောင် ပြုလုပ်ထားသည်။ တောက်ပြောင်သော မျက်နှာကို ဆေးပြင်ဆိုးထားသည်။ အနားကပ်ပြီး ကြည့်သောအခါ အရုပ်ကလေး၏ ပုံသဏ္ဌာန်မှာ ကြောက်ရွံ့စိုးရိမ်နေသည့်အလက် ထူးဆန်းစွာပင် ကိုးရိုးကားရားကြီး ဖြစ်နေသည်။

သွေးစွန်းနေသည့် အရုပ်ကလေး၏ ခါးစည်းအဝတ်သည်ပင်လျှင် ထိတ်လန့်ဖွယ် မဟုတ်ဘဲ တစ်မျိုး ဖြစ်နေသည်။

ငါသာ သတင်းစာတိုက်က သတင်းထောက် ဆိုရင် မနက်ဖြန် သတင်းစာမျက်နှာဖုံးမှာ သည်အရုပ်ကလေးပုံကို ထည့်မိမှာပဲဟု ပက်က တွေးကြည့်နေမိသည်။

ရဲကားမှ ဥသြသံကို ကြားလိုက်ရသောအခါ သူ ချက်ချင်း ဆုံးဖြတ်ချက် ချလိုက်မိလေသည်။

ရက်ဂက်ဒီအင်န် အရုပ်ကလေး၏ ခါးစည်းအဝတ်မှ စာရွက်ကလေးကို ဖြုတ်ယူပြီး မီးလင်းဖို အမိုးပေါ်မှာ တင်ထားလိုက်သည်။

ပြီးတော့ စာကြည့်ခန်းထဲသို့ ပြေးဝင်သွားသည်။ စားပွဲအောက်က ဘူးကြီးတစ်ခုကို ဆွဲထုတ်ပြီး အရုပ်ကလေးကို ဘူးထဲသို့ ပစ်ထည့်လိုက်သည်။ အရုပ်ကလေး၏ ခါးစည်းအဝတ်က သူ့စိတ်ကို ချောက်ချားစေလျက် ရှိသည်။

တံခါးခေါင်းလောင်း မြည်နေပြီ။

အရုပ်ကလေးမှ ခါးစည်းအဝတ်ကို ဆွဲဖြုတ်လိုက်သည်။ ပြီးတော့ စားပွဲအောက်ရှိ ဘူးထဲသို့ပင် ထိုးကြိတ်ထည့်လိုက်သည်။

ခါးစည်းအဝတ် မရှိတော့သောအခါ အရုပ်ကလေး၏ ပုံပန်းသဏ္ဌာန်သည် နာကျင်သည့် ပုံမျိုး ပေါ်သွားလေသည်။

ဘူးကို စားပွဲအောက်သို့ ပြန်တွန်းသွင်းလိုက်သည်။

ရဲသားများကို တံခါးဖွင့်ပေးရန် အိမ်ရှေ့သို့ အပြေးအလွှား လာခဲ့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

အမိုးပေါ်ရှိ မီးနီအခုံးကြီးကို မီးဖွင့်ပြီး ပတ်ချာလှည့်ကာ ရဲကားနှစ်စီး ခြံထဲသို့ ဝင်လာသည်။ တတိယမြောက် ကားတစ်စီးက သူတို့နောက်မှ ကပ်ပါလာသည်။ သတင်းစာတိုက်မှ ကား မဖြစ်ပါစေနှင့်ဟု ပက်က စိတ်ထဲမှာ ကျိတ်ပြီး ဆုတောင်း သည်။

သို့သော်လည်း သူ့ဆုတောင်း မပြည့်ရှာပါ။

မှန်ရိုက်ခွဲပြီး အဖွင့်ခံရသည့် တံခါးကို ပတ်ပတ်လည်မှ ဓာတ်ပုံတွေ ရိုက်ကြသည်။ မြေပြင်ကို တစ်လက်မမျှ မကျန်ရအောင် ရှာဖွေကြသည်။ ညှပ်ခ ထဲတွင် ရှိရှိသမျှတို့ကို ပေါင်ဒါမှုန့်များ ဖြူးပြီး လက်ဗွေပုံစံယူကြသည်။

ခြိမ်းခြောက်သူ ရေးထားခဲ့သည့် စာကလေးနှင့် ပတ်သက်ပြီး အဖြေရှာ ခက်နေတော့သည်။

"တစ်ခုခုနဲ့ တွယ်ပြီး ထားပစ်ခဲ့တာပဲ"

စုံထောက်က စာရွက်ကလေးကို စေ့စေ့စပ်စပ် ကြည့်ပြီး မှတ်ချက်ချ သည်။

"ဒီစာကို ခင်ဗျား ဘယ်နေရာမှာ တွေ့သလဲ"

ပက်ကို မေးသည်။

"ဟောဒီ နေရာပါပဲ၊ မီးလင်းဖိုနားမှာ..."

ပက်၏ အဖြေမှာ မုသားသုံးရာ မကျ။ မီးလင်းဖိုအနီးမှ အမှန်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပါလာသော သတင်းထောက်မှာ သမာဓိသတင်းစာတိုက်မှ ဖြစ်သည်။ ခြိမ်းခြောက်သူ ရေးသွားသော စာကို ဖတ်ပါရစေဟု ပြောနေသည်။

"ဒီစာအကြောင်း သတင်းစာထဲမှာတော့ မထည့်စေချင်ဘူး၊ အများ ပြည်သူ မသိစေချင်ဘူး"

ပက်က ကန့်ကွက်သည်။

သို့သော်လည်း သက်ဆိုင်ရာက သတင်းထောက်ကို စာဖတ်ခွင့် ပေးလိုက် လေသည်။

"ဒါ နောက်ဆုံး သတိပေးခြင်းပဲလို့ ရေးထားတာက ဘာအဓိပ္ပာယ်လဲ၊ ဒါ့အပြင် တခြားနည်းနဲ့ ခြိမ်းခြောက်ခံရတာတွေ ရှိနေသေးသလား"

စုံထောက်က မေးသည်။

သည်အိမ်ကြီးထဲတွင် လာမနေဖို့ ခြိမ်းခြောက်သည့် အကြောင်းကို ပက်က ဖုံးထားလိုက်သည်။ သို့သော်လည်း ဖုန်း နှစ်ခါဆက်ပြီး အခြိမ်းခြောက်ခံရသည့် အကြောင်းနှင့် သည်အိမ်ကြီးသို့ ရောက်လာသည့် ညတုန်းက ပထမဆုံး တွေ့ရသည့် စာတိုကလေး အကြောင်းကိုတော့ ပြောပြလိုက်သည်။

"ဒီစာမှာတော့ လက်မှတ်ထိုးထားတာ မရှိဘူး၊ အရင်စာမှာရော လက်မှတ် ထိုးထားသလား"

စုံထောက်က စေ့စေ့စပ်စပ် လေ့လာနေသည်။

"အရင်စာ ဘယ်မှာလဲ"

"ကျွန်မ သိမ်းမထားလိုက်မိဘူး၊ ဒီစာထဲမှာလည်း လက်မှတ်ထိုးမထား ခဲ့ဘူး"

"ဒါပေမဲ့ သူ့ကိုယ်သူ ဖုန်းဆက်တော့ သူဟာ လက်စားချေခြင်းရဲ့ နတ်သား ဖြစ်တယ်လို့ ပြောသွားတယ်ဆို..."

စုံထောက်က မေးသည်။

"သူ ပြောသွားတာက ငါဟာ သနားကြင်နာခြင်းရဲ့ ကောင်းကင်တမန် လည်း ဖြစ်တယ်၊ လွတ်မြောက်ခြင်းရဲ့ ကောင်းကင်တမန်လည်း ဖြစ်တယ်၊ လက်စားချေခြင်းရဲ့ နတ်သား ဖြစ်တယ် ဆိုတဲ့ သဘောမျိုး ပြောသွားတာပါ"

ပက်က ယခင်စာထဲကအတိုင်း ပြန်ရွတ်ပြသည်။

"ရူးကြောင်ကြောင် တစ်ကောင်ကောင်က ရေးတဲ့ သဘောမျိုးပါပဲ"

စုံထောက်က ချင်းချင်း မှတ်ချက်ချသည်။ ပြီးတော့ ပက်ကို ခြေဆုံး ခေါင်းဆုံး ကြည့်ပြီး အကဲခတ်နေပြန်သည်။

"ဒီတစ်ခါမှာ အပင်ပန်းခံပြီး ဖောက်ထွင်းလာတာ ရယ်စရာတော့ ကောင်း တယ်၊ အရင်တုန်းကလိုပဲ စာရွက်ကလေးကို တံခါးအောက်ကနေ ဘာဖြစ်လို့ ထိုးထည့်မသွားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပက်မှာ အတော်ကြီးကို စိတ်ပျက်လက်ပျက် ဖြစ်မိသည်။ သတင်းထောက်က တစ်လုံးမကျန် ရေးမှတ်ယူနေသည်ကို သည်အတိုင်း ငေးကြည့်နေလိုက်မိသည်။

စိတ်တိုင်းကျ စစ်ဆေးပြီးတော့ ရဲကားများ ပြန်သွားကြသည်။

ဧည့်ခန်းထဲ၌ရှိသော စားပွဲ ကုလားထိုင်များ အားလုံး၊ ကြမ်းပြင်တစ်ပြင်လုံး လက်ဗွေယူသည့် ပေါင်ဒါမှုန့်များဖြင့် ဖုံးလွှမ်း ပေကျံနေသည်။

ပန်းခြံဘက်သို့ ဆင်းသည့် အဖျက်ခံရသော တံခါးကိုမူ ဝိုင်ယာကြိုး အထပ်ထပ်ဖြင့် တုပ်ပေးသွားသည်။ ထိုနေရာကို နောက်တစ်ကြိမ် ဖောက်ထွင်းဝင်ရောက်ဖို့တော့ မလွယ်ကူတော့ချေ။

သည်အတိုင်း အိပ်လို့လည်း ပျော်မည် မဟုတ်။

ဧည့်ခန်းထဲမှာ ပေကျံနေသည့် ပေါင်ဒါမှုန့်များ၊ ဖုန်များ၊ သဲများကို ဖုန်စုပ်စက်ဖြင့် ရှင်းလင်းပစ်ရန် ပက်က ဆုံးဖြတ်လိုက်သည်။ သို့မှသာ သူ့စိတ် အထိုက်အလျောက် ပြေပျောက်ပေမည်။

သန့်ရှင်းရေး လုပ်နေဆဲတွင် ဒဏ်ရာအနာတရ ဖြစ်အောင် လုပ်ထားသော ရက်ဂက်ဒီအင်န် အရုပ်ကလေးကိုတော့ ဘယ်လိုနည်းနှင့်မှ မေ့ပျောက်၍မရ...

**ကလေးက အခန်းတွင်းသို့ ပြေးဝင်လာသည်... ပြီးတော့ ခလုတ်တိုက်သည်... ခပ်ပျော့ပျော့ အရာဝတ္ထု တစ်ခုပေါ်သို့ ကလေး လဲပြိုကျသွားသည်... သူ့လက်များမှာ စိုထိုင်းထိုင်း ကပ်စေးစေး ဖြစ်လာသည်... ပြီးတော့ ကလေးက မော့ကြည့်လိုက်သောအခါ...**

ဘာကို ငါ မြင်ခဲ့ရသနည်း။

ပက်က သူ့ကိုယ်သူ အပြင်းအထန် ပြန်မေးသည်။

မော့ကြည့်လိုက်တော့ ဘာကို ငါ မြင်ခဲ့ရသလဲ...

သူ့လက်များသည် အသိစိတ် ကင်းမဲ့စွာဖြင့် စက်ရုပ်လို လှုပ်ရှားလုပ်ကိုင်နေကြသည်။ စေးကပ်ကပ် ဖြစ်နေသော လက်ဗွေယူသည့် ပေါင်ဒါမှုန့်များကို ဖုန်စုပ်စက်ဖြင့် စုပ်ယူသည်။

လုပသော ရှေးဟောင်းစားပွဲနှင့် ကုလားထိုင်များကိုတော့ သားရေ အဝတ်ဖြင့် စိတ်ရှည်လက်ရှည် ပွတ်တိုက်သည်။ ရွှေ့သင့်သည့် ကုလားထိုင်များကို ရွှေ့သည်။

ကော်ဇောပေါ်မှာ ရဲအဖွဲ့ဝင်တို့၏ ခြေရာများ အနှံ့အပြား ထင်ကျန်သည်။ ထိုခြေရာများပေါ်တွင် သဲတွေ ထင်ကျန်နေရစ်သည်။

ဘာကို ငါ မြင်ခဲ့ရသလဲ...

နေရာ ရွှေ့သွားသည့် စားပွဲ ကုလားထိုင်များကို မူလအတိုင်း ဖြစ်ရန် ပြန်ရွှေ့သည်။ ရွှေ့နေရင်းလည်း ဒါက ဒီနေရာ မဟုတ်သေးဘူး၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းက စန္ဒရားပေါ်က၊ ဖိနပ်စီးရန် ကုလားထိုင်က တံခါးမကြီးနားက စသည် မြင့်လည်း ပြန်တွေးကြည့်ကာ နေရာမှန် ပြန်ရောက်အောင် ချထားသည်။

ထိုအလုပ်များ လုပ်ကိုင်ပြီးတော့မှ သူ ဘာတွေ လုပ်ခဲ့သည်ကို ပြန်လည် သတိရတော့သည်။

ထိုအခါကျမှပင် ဖိနပ်စီးလျှင် ထိုင်သည့် ကုလားထိုင်ကို အလုပ်သမားများ နေရာမှားပြီး ချထားခဲ့ကြောင်း သူ မြင်ယောင်မိသလိုလို ဖြစ်လာသည်။

**သူသည် အပေါ်ထပ်မှ ပြေးဆင်းလာပြီး အခန်းထဲသို့ ဝင်လာသည်။ သူ တအားအော်သည်… 'ဒက်ဒီ… ဒက်ဒီ…' သူ့အမေ၏ ကိုယ်လုံး ကို ဝင်ခလုတ်တိုက်မိသည်။ ပြီးတော့ သူ့အမေ၏ ကိုယ်လုံးပေါ်သို့ လဲကျသွားသည်။ သူ့အမေ သွေးတွေ ထွက်နေသည်… သူ မော့ကြည့် လိုက်သည်။ ထိုသို့ မော့ကြည့်လိုက်သောအခါ…**

ပြီးတော့ အမှောင်ကြီး ဖုံးလွှမ်းသွားလေတော့သည်။

နာရီကို ကြည့်လိုက်တော့ သန်းခေါင်ကျော်ပြီး နံနက် ၃ နာရီထိုးနေသည် ကို တွေ့ရသည်။

ယနေ့ညတော့ သည်ထက်ပိုပြီး သူ မစဉ်းစားနိုင်တော့။

သူ အရမ်းမောနေပြီ၊ ခြေထောက်ကလည်း အရမ်းကိုက်လာသည်။ သည်လိုသာ ကိုက်နေလျှင် မနက်ဖြန် ထော့နင်းထော့နင်း ဖြစ်တော့မည်။ လူတွေ သတိထားမိလောက်အောင် ဖြစ်တော့မည်။

ဖုန်စုပ်စက်ကို စတိုခန်းထဲမှာ ပြန်သိမ်းပြီး အပေါ်ထပ်သို့ သူ တက်ခဲ့သည်။

နက် ၈ နာရီထိုးတော့ တယ်လီဖုန်း ခေါင်းလောင်း မြည်သည်။ ဆက်သူမှာ သာပယ်လ်ဟမ်း ဖြစ်သည်။

ပက်မှာ အလွန်အကျွံ အိပ်ထားသောကြောင့် ရီဝေဝေ ဖြစ်နေသည်။ ကြားထဲမှာပင် လူသာ စိတ်တိုနေသည်ကို သတိထားလိုက်မိလေသည်။

"ပက်… ညတုန်းက မင်းအိမ် အဖောက်ခံရတယ်လို့ ကျုပ် နားလည် ယ်၊ မင်း ဘာမှ မဖြစ်ပါဘူးနော်"

ပက်က မျက်တောင်ခတ်သည်။ အိပ်ချင်စိတ် ပြေသွားအောင် ကြိုးစား သည်။ ရီဝေဝေ ဖြစ်နေသည်များကို ကြိုးစား ဖျောက်သည်။

"ဟုတ်ကဲ့၊ ကျွန်မ ဘာမှ မဖြစ်ပါဘူး"

"မင်း သတင်းက သမာဓိသတင်းစာ မျက်နှာဖုံးမှာ ပါလာတယ်၊ ခေါင်းစဉ် က အတော်မိုက်တာပဲ၊ 'သတင်း စီစဉ်တင်ဆက်သူ အမျိုးသမီး၏ အသက် ရန်ရှာ ခြင်း'တဲ့၊ အဖွင့်ပိုဒ်ကို ကျုပ် ဖတ်ပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



လူသာပယ်လ်ဟမ်းက တစ်ဖက်မှ ဖတ်ပြနေသည်။

ပက်က သည်ဘက်မှ နားထောင်ရသည်။ အိပ်ချင်စိတ်များလည်း ပြေပျောက်သွားလေသည်။

*'ဂျော့တောင်းရပ်ကွက်တွင် ● နေထိုင်သည့် ရုပ်မြင်သံကြား သတင်းတင်ဆက်သူ ပက်ထရီရှာထရေးမိုး၏ အသက်အန္တရာယ်ကို အခြိမ်းခြောက်ခံနေရရာ ယနေ့ ည ထပ်မံ အခြိမ်းခြောက်ခံရပြန်သည်။ ပက်ထရေးမိုးစီစဉ်တင်ဆက်ရန် ရှိသော ဆီးနိတ်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျင်းနင်းနှင့် ပတ်သက်သည့် အထူးအစီအစဉ်ကို တင်ဆက်ထုတ်လွှင့်ခြင်း မပြုရန် ခြိမ်းခြောက်နေခြင်း ဖြစ်သည်။ ထိုအစီအစဉ်ကို ပက်ထရေးမိုးက လာမည့် ဗုဒ္ဓဟူးနေ့တွင် ပိုတိုမက် ရုပ်မြင်သံကြား အစီအစဉ်မှတစ်ဆင့် ထုတ်လွှင့်တော့မည် ဖြစ်သည်။'*

"သတင်း ပထမပိုဒ်က အဲဒါပဲ၊ အက်ဘီဂေးလ် လိုအပ်နေတဲ့ ကြော်ငြာအားလုံး ပြည့်စုံသွားတော့တာပေါ့ကွာ"

"ကျွန်… ကျွန်မ စိတ်မကောင်းပါဘူး ရှင်"

ပက်က ထစ်ထစ်ငေါ့ငေါ့ ပြန်ပြောသည်။

"လူဆိုး ရေးပေးသွားတဲ့ စာကို သတင်းထောက် မမြင်အောင် ကျွန်မ ကြိုးစားပါသေးတယ်"

"ရဲကို ဖုန်းဆက်ခေါ်မယ့်အစား ကျူပ်ကို အရင်ဆုံး ဖုန်းဆက်ကြည့်ဖို့ ရော နည်းနည်းလေးမှ မင်း စိတ်ကူးမရဘူးလား၊ မင်းမှာ တကယ့်ကို ဦးနှောက်ရှိတယ်လို့ အစတုန်းက ငါ အရမ်း အထင်ကြီးခဲ့တယ်၊ ဒါပေမဲ့ ညတုန်းက မင်း လုပ်လိုက်ပုံကတော့ ငါ အထင်ကြီးထားတာနဲ့ တခြားစီကို ဖြစ်သွားတော့တာပဲ၊ တို့အနေနဲ့ အလွတ်စုံထောက် ငှားပြီး မင်းအိမ်ကို စောင့်ကြည့်ခိုင်းလို့လည်း ရတာပဲ၊ မင်းကို ခြိမ်းခြောက်နေတယ် ဆိုတဲ့ အကောင်ဟာ ဘာအန္တရာယ်မှ မပေးနိုင်တဲ့ ရူးကြောင်ကြောင် အကောင်တစ်ယောက်လည်း ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ဝါရှင်တန်မြို့ပေါ်မှာ ရှိတဲ့ လူတွေကတော့ အက်ဘီဂေးလ်ကို ဘယ်သူကများ ဒါလောက်တောင် မုန်းတီးနေသလဲ ဆိုတဲ့ မေးခွန်းကို တစ်မေးတည်း မေးနေကြတော့မှာပဲ"

သူ ပြောသည်မှာ မှန်ပါသည်။

"ကျွန်မ စိတ်မကောင်းပါဘူး ရှင်"

ပက်က ထပ်တောင်းပန်ပြန်သည်။

ပြီးတော့ ဆက်ပြောသည်။

"လူတစ်ယောက်ယောက်ဟာ အိမ်အဖောက်ထွင်း ခံရမယ်၊ နောက်ပြီးတော့ လူဆိုးဟာ အိမ်ထဲမှာလည်း ရှိနေနိုင်သေးတယ်လို့ ထင်ရတဲ့ အခြေအနေမျိုး ရောက်ရင် အဲဒီလူဟာ သာမန်အားဖြင့်တော့ ရဲကို အရင်ဆုံး ဖုန်းဆက် အကြောင်းကြားမိမှာပဲလို့ ကျွန်မ ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စကြောင့် တို့မှာ ဘယ်လောက် ထိခိုက်နစ်နာလာမယ် ဆိုတာ သေသေချာချာ မသိရသေးခင်တော့ ဘာမှ ဆက်မဆွေးနွေးတာပဲ ကောင်းတယ်၊ အက်ဘီဂေးလ်ရဲ့ ရုပ်ရှင်တွေ ကြည့်ပြီးပြီလား"

"ဟုတ်ကဲ့၊ ကြည့်ပြီးပါပြီ၊ အင်မတန်ကောင်းတဲ့ အထောက်အထားတွေ ည်း ကျွန်မ ရွေးထားပြီးပါပြီ၊ တည်းဖြတ်ဖို့ပဲ လိုပါတယ်"

"အက်ပယ်လ်ကျွန်းရှင်းမြို့ကို မင်း ရောက်ခဲ့တဲ့ အကြောင်း အက်ဘီဂေးလ် ကို မပြောဘူး မဟုတ်လား"

"မပြောပါဘူး"

"မင်းမှာ ဦးနှောက် ရှိသေးတယ် ဆိုရင် ပြောမှာ မဟုတ်ဘူး၊ ဒီအချိန်မှာ တော့ ဒါလောက်ပဲ သူ ကြားသင့်သေးတယ်"

နှုတ်ဆက်စကားလေးပင် ပြောမနေတော့ဘဲ လူသာက ဖုန်းပြန်ချသွားလေ သည်။

သာ၏ အကျင့်မှာ မနက် ၈ နာရီတိတိတွင် မုန့်ဆိုင်သို့ သွားပြီး နံနက်စာ စားဖို့ ဝယ်သည်။ ပြီးတော့ သတင်းစာဆိုင်သို့ သွားကာ သတင်းစာတစ်စောင် ဝယ်မြဲ ဖြစ်သည်။

ယနေ့တော့ သူ့အကျင့်ကို ပြောင်းပြန် လုပ်လိုက်သည်။

အိမ်ထဲသို့ ဖောက်ထွင်း ဝင်ရောက်ခဲ့မှုနှင့် ပတ်သက်၍ သတင်းစာတွေက ဘာရေးမည်နည်း ဆိုသည်ကို သူ အရမ်းသိချင်နေသည်။ ထို့ကြောင့် သတင်းစာဆိုင် သို့ အရင်ဆုံး သွားလိုက်သည်။

ပါပါသည်။ သတင်းစာ၏ မျက်နှာဖုံးမှာကို ပါပါသည်။

သတင်းကို အစအဆုံး ဖတ်ကြည့်သည်။ တစ်ပိုဒ်ချင်း၊ တစ်ကြောင်းချင်း၊ တစ်လုံးချင်းကို အရသာခံပြီး သူ ဖတ်သည်။

ပြီးတော့ သူ မျက်မှောင်ကုတ်သွားသည်။

သတင်းထဲမှာ ရက်ဂက်ဒီအင်န် အရုပ်ကလေးအကြောင်း တစ်လုံးတစ်ပါဒ မှ မပါ။

ထိုအရုပ်ကလေးကို ထားခဲ့ခြင်းနှင့် ပတ်သက်ပြီး သူ့မှာ အဓိပ္ပာယ်တွေ အများကြီး ရှိသည်။ သည်အိမ်ကြီးထဲမှာ တစ်ချိန်တုန်းက နှစ်လောင်းပြိုင် လူသတ်မှု ကြီး ဖြစ်ခဲ့သည်။ ထိုအဖြစ်အပျက်မျိုး ယခုလည်း ပြန်ဖြစ်နိုင်သည်ဟု အဓိပ္ပာယ် ကောက်ယူနိုင်စေရန် ထိုအရုပ်ကလေးကို သူ တမင်ထားခဲ့ခြင်း ဖြစ်သည်။

မုန့်နှစ်ခု ဝယ်ပြီး အကွက် သုံးကွက်ကျော် ဝေးသော သူ့အိမ် ရှိရာသို့ လမ်းလျှောက်ပြန်လာခဲ့သည်။ သူ့အိမ် ဆိုသည်မှာ ပြုလုနီးပါး ဖြစ်နေသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျားကန်ထားရသည့် အဆောက်အအုံကြီး တစ်ခုမှ ဒုတိယထပ်တွင် ရှိသော အခန်းကျဉ်းတစ်ခု ဖြစ်သည်။

သူ့အိမ်နှင့် မိုင်ဝက်လောက် ဝေးသည့် နေရာတွင် ဆိုင်ကြီး ကနားကြီးတွေ ရှိသည်။ အထက်တန်းစား ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေ ရှိသည်။

သို့သော်လည်း ထိုအရပ်နှင့် ဘာမှ မဝေးသည့် သူတို့ ရပ်ကွက်မှာတော့ အလွန်စုတ်ချာသည့် ဈေးဆိုင်ကလေးများသာ ရှိသည်။

ဂလိုရီ၏ အိပ်ခန်းတံခါး ပွင့်နေသည်။ အနီရဲရဲ ဆွယ်တာအင်္ကျီကလေးနှင့် ဂျင်းဘောင်းဘီကို ဂလိုရီ ဝတ်ဆင်ထားပြီး ဖြစ်ကြောင်း ထိုတံခါးပေါက်မှနေ၍ လှမ်းမြင်နေရသည်။

ယခု နောက်ပိုင်းတွင် ဂလိုရီသည် သူ့ရုံးမှ မိန်းကလေးတစ်ယောက်နှင့် အပေါင်းအသင်း ဖြစ်နေသည်။ ထိုမိန်းကလေးက ဂလိုရီကို အလှအပ ပြင်တတ်အောင်၊ ဆံပင်တိုတို ဖြတ်တတ်အောင် သင်ပေးနေသည်။

အာသာ ဝင်လာသည်ကို ဂလိုရီ ကြားသည်။ သို့သော်လည်း မော့မကြည့်။

သူ သက်ပြင်းချလိုက်သည်။

သူ့အပေါ် ဂလိုရီ၏ ဆက်ဆံပုံသည် ယခင်လို မဟုတ်တော့။ ခပ်စိမ်းစိမ်း ဖြစ်လာသည်။ စိတ်လည်း ရှည်ပုံမရတော့။

မနေ့ညတုန်းက အဖြစ်ကိုပဲ ကြည့်။

သူက မစ္စက်ရောဒရစ်အကြောင်း ပြောပြသည်။ မစ္စက်ရောဒရစ်သည် ပုံမှန် သောက်ရမည့် ဆေးကိုပင် မျိုမချနိုင်တော့။ ထို့ကြောင့် သူက ဆေးကို အမှုန့်ချေပေးသည်။ ပြီးတော့ အဝင် သက်သာအောင် ပေါင်မုန့်နှင့် ရောကာ မျှောချခိုင်းသည်။

ထိုအကြောင်း အာသာက ပြန်ပြောသည်။

သို့သော် ဂလိုရီက ဆုံးအောင် နားမထောင်။

"ဖေဖေ… လူအိုရုံအကြောင်းက လွဲပြီး တခြား အကြောင်း ပြောစရာ ကျွန်မတို့မှာ မရှိတော့ဘူးလား ဟင်"

ထို့နောက် သူ့ရုံးမှ အခြား မိန်းကလေးများနှင့်အတူ ရုပ်ရှင်ကြည့်ဖို့ ထွက်သွားလေတော့သည်။

ယခုလည်း အာသာက ဝယ်လာသည့် မုန့်နှစ်ခုကို ပန်းကန်ပြားထဲမှာ ထည့်သည်။ ပြီးတော့ အိုးထဲက ကော်ဖီကို ပန်းကန်ထဲသို့ ထည့်သည်။

"မနက်စာ စားကြရအောင်"

ဟုလည်း ဂလိုရီကို လှမ်းအော်ခေါ်လိုက်သည်။

ဂလိုရီက အာသာ ရှိနေသည့် မီးဖိုချောင်ထဲသို့ အပြေးအလွှား ဝင်လာသည်။ ကုတ်အင်္ကျီ ဝတ်ထားပြီးပြီ။ ပိုက်ဆံအိတ်ကို ချိုင်းကြားမှာ ညှပ်ထားပြီးပြီ။ အပြင်ထွက်ဖို့ နည်းနည်းကလေးမှ မဆိုင်းနိုင်သည့်ပုံမျိုး ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို…"

အာသာက နူးညံ့ပျော့ပျောင်းသည့် လေသံကလေးဖြင့် ခေါ်သည်။

"ငါ့သမီးကလေး ဒီနေ့ အရမ်းလှနေပါလား ဟေ့"

ဂုလိုရီက ပြုံးဖော်ကလေးပင် မရ။

အာသာက ဆက်မေးသည်။

"ကောင်းပါတယ်၊ ဒီမှာ… ကျွန်မအတွက် ဘာမှ ဒုက္ခရှာမနေနဲ့တော့၊ ကျွန်မ ဘာမှ မစားတော့ဘူး၊ ရုံးက သူငယ်ချင်းတွေနဲ့ စားဖို့ ချိန်းထားပြီးနေပြီ"

သူ အကြီးအကျယ် စိတ်ထိခိုက်သွားတော့သည်။ သူတို့ အလုပ်မသွားခင် ဂုလိုရီနှင့်အတူတူ နံနက်စာ အတူစားရသည်ကို သူ သဘောကျသည်။

သူ စိတ်ထိခိုက်သွားသည်ကို ဂုလိုရီ ရိပ်မိလိုက်ပုံပေါ်သည်။

သူ့ကို တည့်တည့်စိုက်ကြည့်သည်။ သူ့မျက်လုံးထဲက အမူအရာမှာ ပျော့ပျောင်းသွားသောကြောင့် ဖြစ်သည်။

ပြီးတော့ သူ ပြောသည်။

"ဖေဖေဟာ ကျွန်မအပေါ်မှာ အရမ်းကောင်းတယ်နော်"

သူ့လေသံထဲမှာလည်း အနည်းငယ် စိတ်ထိခိုက်သွားသည့် အသံမျိုး ရောစွက်ပါဝင်နေသည်။

ဂုလိုရီယာ ထွက်သွားပြီးသည့်နောက် မိနစ်ပေါင်းများစွာ ကြာအောင် ထိုနေရာမှာ သူ ထိုင်ပြီး ငေးမိငေးရာ ငေးနေမိလေသည်။

မနေ့ညတုန်းက သူ အရမ်းပင်ပန်းခဲ့သည်။

နှစ်ပေါင်း မြောက်မြားစွာ ကြာမြင့်ပြီးမှ ထိုအိမ်ကြီးထဲရှိ ထိုအခန်းထဲသို့ ဂုလိုရီ၏ ရက်ဂက်ဒီအင်န် အရုပ်ကလေး ချထားခဲ့ရန် သူ ဖောက်ထွင်း ဝင်ရောက်ခဲ့သည်။

ဟိုနှစ်ပေါင်းများစွာ ကြာတုန်းက ကလေးမလေး လဲနေသည့် နေရာ တည့်တည့်မှာပင် အရုပ်ကလေးကို သူ ချထားပေးခဲ့သည်။

မီးလင်းဖိုနားတွင် ရက်ဂက်ဒီအင်န် အရုပ်ကလေး ချထားပြီးသောအခါ အရုပ်ကလေး၏ ညာဘက် ခြေထောက်ကို လိမ်ချိုးပြီး ကိုယ်လုံးကလေး အောက်သို့ ခြိထိုးသွင်းလိုက်သည်။

တစ်ဖက်သို့ ပြန်လှည့်လိုက်သောအခါ ယောက်ျားတစ်ယောက်နှင့် မိန်းမ တစ်ယောက်တို့၏ အလောင်းများကို တွေ့ရဦးမည်လားဟု စိတ်ထဲမှာ ထင်ယောင် ထင်မှားပါ ဖြစ်နေမိလေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၃ ]

လူသာပယ်လ်ဟမ်း ဖုန်းဆက်ပြီးသောအခါ အိပ်ရာမှ ထသည်။ ကော်ဖီ ဖျော်သည်။ ဇာတ်လမ်း အစီအစဉ်များကို စတင် တည်းဖြတ်သည်။

အက်ဘီဂေးလ် အကြောင်းကို အပိုင်း နှစ်ပိုင်း ခွဲပြီး တင်ဆက်ရန် သူ စိတ်ကူးထားသည်။

ပထမပိုင်းမှာ အက်ပယ်လ်ဂျန်းရှင်း၌ အက်ဘီဂေးလ် ငယ်စဉ်ဘဝက နေထိုင်ခဲ့သည့် အကြောင်းများနှင့် စတင် ဖွင့်လှစ်ပြီး၊ ဒုတိယပိုင်းကိုမူ ဝေးလတ် ဂျင်းနင်းနှင့် လက်ထပ်သည့် မင်္ဂလာအခမ်းအနားဖြင့် ဖွင့်ပေးရန် ဖြစ်သည်။

ထိုအစီအစဉ်အကြောင်းကို လေးလေးနက်နက် စဉ်းစားကြည့်လေ၊ လူသာ စိတ်ဆိုးသည်မှာ တရားမျှတသည်ဟု နားလည်လေ ဖြစ်လာသည်။

အက်ဘီဂေးလ်သည် အလိုလိုကမှ သည်အစီအစဉ် တင်ဆက်ရေးကို အင်တင်တင် လုပ်နေရာ သူ့အကြောင်းနှင့် ပတ်သက်ပြီး အိမ်ဖောက်ခံရမှု၊ အခြိမ်းခြောက် ခံရမှုများအထိ ဖြစ်လာသောအခါ ပို၍ ငြင်းချင်စိတ် ပေါ်လာနိုင်သည်။

ရက်ဂက်ဒီအင်န် အရုပ်ကလေးကို ငါ ဝှက်ထားလိုက်မိတာ တော်သေး တော့ဟုလည်း စဉ်းစားမိလေသည်။

မနက် ၉ နာရီထိုးတော့ စာကြည့်ခန်းထဲ သွားပြီး ကျန်နေသေးသည့် မှတ်တမ်းရုပ်ရှင်ကားများကို စဉ်းစားမိလေသည်။

အယ်လီနာဘရောင်း အမှုနှင့် ပတ်သက်သည့် အထောက်အထား ဗွီဒီယို တိပ်ခွေများကို လူသာက အဆင်သင့် တည်းဖြတ်ပြီး ပို့ပေးထားသည်။ ထိုအခွေကို ပက်က ဖွင့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အယ်လီနာဘရောင်းကို ထောင်ဒဏ် အပြစ်ပေးလိုက်ကြောင်း ရုံးတော်က ဆုံးဖြတ်ချက်ချပြီး တရားရုံးမှ ထွက်လာသော အက်ဘီဂေးလ်ကို ရိုက်ပြထားသည်။

အက်ဘီဂေးလ်က ဝမ်းနည်းစကားကိုလည်း ပြောသည်။

"ဒီနေ့ဟာ ကျွန်မအဖို့ အလွန့်အလွန်ကို စိတ်ထိခိုက်ပြီး ကြေကွဲဝမ်းနည်းစရာကောင်းတဲ့နေ့ ဖြစ်ပါတယ်၊ အခုအချိန်မှာတော့ ကျန်နေသေးတဲ့ ပိုက်ဆံတွေ ဘယ်နေရာမှာ သွားဝှက်ထားတယ် ဆိုတာ အယ်လီနာအနေနဲ့ အမှန်အတိုင်း ဖွင့်ပြောပြဖို့ကိုပဲ မျှော်လင့်ရပါတော့တယ်၊ ဒီငွေတွေဟာ ရွှေးကောက်ပွဲ ရန်ပုံငွေတွေ ဖြစ်ပါတယ်၊ ဒါပေမဲ့ သာမန် ရွေးကောက်ပွဲ ရန်ပုံငွေထက်လည်း ပိုအရေးကြီးပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ ကျွန်မ ဖက်တွယ်ထားတဲ့ ပန်းတိုင်ကို ယုံကြည်ပြီး ပြည်သူတွေက လှူဒါန်းထားတဲ့ ရန်ပုံငွေတွေ ဖြစ်လို့ပါပဲ"

သတင်းထောက်တစ်ယောက်က မေးသည်။

"ဆီနိတ်တာ ခင်ဗျား... ဒီအတိုင်းဆိုရင် ခင်ဗျား စိန်လက်စွပ်ကို အာမခံသေတ္တာထဲမှာ သွားကြည့်ပေးဖို့ အယ်လီနာကို ခင်ဗျားရဲ့ ကားဒရိုင်ဘာက ဖုန်းဆက်ပြီး နိုင်းတယ်လို့ အယ်လီနာက ထပ်ခါတလဲလဲ ထွက်ဆိုခဲ့တာဟာ လုံးဝ မမှန်ဘူးလို့ ဆိုလိုပါသလား ခင်ဗျာ"

"အဲဒီနေ့ မနက်တုန်းက ကျွန်မရဲ့ ကားဒရိုင်ဘာဟာ အစည်းအဝေး တက်စရာ ရှိတဲ့ ကျွန်မကို ကားမောင်းပြီး လိုက်ပို့ပေးနေပါတယ်၊ လက်စွပ်က ကျွန်မ လက်မှာ ဝတ်ထားလျက် ရှိနေပါတယ်"

ထို့နောက် အယ်လီနာဘရောင်း၏ ပုံကို ရိုက်ပြသည်။ အနီးကပ် ရိုက်ပြသည့် ရိုက်ချက် ဖြစ်သောကြောင့် မျက်နှာ အမူအရာ ခံစားချက် စသည်များကို အသေးစိတ် မြင်နိုင်လေသည်။

အယ်လီနာ၏ မျက်နှာကလေးမှာ သေးငယ်ပြီး သွေးရောင် ကင်းမဲ့နေသည်။ ပါးစပ်ကလေးက အရမ်းကြောက်နေပုံ ပေါ်ပြီး မျက်လုံးများကမူ ရှက်ကိုးရှက်ကန်း အမူအရာ ပေါ်လွင်နေလေသည်။

ထိုအခွေသည် တက္ကသိုလ်ကျောင်းသားများအား အက်ဘီဂေးလ် မိန့်ခွန်းပြောသည့် အခန်းဖြင့် အဆုံးသတ်သည်။

သူ ဟောပြောသည့် အကြောင်းအရာမှာ 'ပြည်သူ့ယုံကြည်ကိုးစားမှု' ဖြစ်သည်။ ပြည်သူက ရွေးကောက် တင်မြှောက်ခြင်း ခံထားရသည့် ကိုယ်စားလှယ်များသည် သူတို့၏ အမှုထမ်းများနှင့် ပတ်သက်ပြီး လုံးဝဥဿုံ တာဝန်ယူရမည် ဖြစ်သော အနှစ်သာရကို အဓိကထားပြီး ဟောပြောသွားခြင်း ဖြစ်လေသည်။

လူသာ စုစည်းပြီး အဆင်သင့် တည်းဖြတ်ပေးထားသော နောက်အခွေတစ်ခု ရှိသေးသည်။ လေယာဉ်ပျံ ပျက်ကျမှုများ ကင်းဝေးရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းအရာနှင့် ပတ်သက်သည့် ဟောပြောချက်များ၊ သက်သေ ထွက်ချက်များ၊ ထင်မြင်ချက်များ ပါသည်။ အများစုမှာ အက်ဘီဂေးလ်၏ မိန့်ခွန်း များနှင့် ဝေဖန်ချက်များ ဖြစ်သည်။

သူ ယခုကဲ့သို့ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမ ဖြစ်ရခြင်းမှာ သူ့ယောက်ျား က အတွေ့အကြုံ ရင့်ကျက်သော လေယာဉ်မှူးတစ်ယောက်ကို ယုံစားမိပြီး ထို လေယာဉ်မှူး မောင်းနှင်သည့် ပစ္စည်းအညံ့များ တပ်ဆင်ထားသော လေယာဉ်ပျံကို စီးမိသောကြောင့် ဖြစ်သည်ဟု ထပ်ခါတလဲလဲ ပြောဆိုသွားသည်ကိုလည်း တွေ့ရ သည်။

ထိုအခွေများ၏ အဆုံးတိုင်းတွင် လူသာ၏ မှတ်ချက် ထည့်ထားသည်ကို တွေ့ရလေသည်။

'ထိုအကြောင်းအရာကို ဆီနီတ်တာကျင်းနင်းနှင့် ပက်ထရီရှာ ၂ မိနစ်ကြာ ဆွေးနွေးရန်' ဟူသော မှတ်ချက် ဖြစ်လေသည်။

ထိုမှတ်ချက်ကြောင့် ပက်က နှုတ်ခမ်းကို နာနာကိုက်လိုက်လေသည်။

လူသာ ရွေးချယ်ပြီး တည်ဖြတ်ပေးထားသော အပိုင်း နှစ်ပိုင်းစလုံးသည် ပက် တင်ပြလိုသည်နှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေသည်။

ငါ့ဘာသာ ငါ တီထွင် တင်ဆက်မယ့် အစီအစဉ်ကို သူက ဘာကြောင့် ဝင်ပြီး လက်ဝါးကြီးအုပ်ချင်ရတာလဲဟု သူ တွေးကြည့်နေမိသည်။

ယခုတော့ အစီအစဉ်ကြီး တစ်ခုလုံးကို အတင်း တက်သုတ်နှင် တင်ဆက် လိုက်သလို ဖြစ်နေသည်။

'တက်သုတ်နှင်သည်' ဆိုသော စကားလုံးလည်း တိတိကျကျ မမှန်သေး ပါ။ တကယ်ဆိုတော့ 'အလွန်ညံ့ဖျင်းစွာ စီစဉ် တည်းဖြတ်လိုက်ခြင်း'သာ ဖြစ်သည် ဟု ပက်က တွေးကြည့်နေလေမိသည်။

မဲဆန္ဒရှင်များထံမှ အက်ဘီဂေးလ်ထံသို့ ရေးသည့် စာများကို စော ဖတ်ရှုကြည့်နေသည့် အချိန်မှာပင် တယ်လီဖုန်းခေါင်းလောင်း မြည်သည်။

ဆက်သူမှာ ဆမ် ဖြစ်သည်။

"ပက်... ကိုယ် သတင်းစာဖတ်ပြီးပြီ၊ ဘာဖြစ်တယ် ဆိုတာ သိပြီ။ ကိုယ် နေနေတဲ့ အဆောက်အအုံက အခန်းငှားတဲ့ ရုံးမှာလည်း ကိုယ် သွားစုံစမ်း ကြည့်ပြီးပြီ"

ဝါးတားဂိတ် အဆောက်အအုံမှာ ဆမ် နေနေသည်။

"အားနေတဲ့ အခန်းတွေ ဒီမှာ အများကြီး ရှိနေတယ်၊ မင်းကို ခြိမ်းခြောက် နေတဲ့ အကောင်ကို ဖမ်းမိတဲ့အထိတော့ ဒီက အခန်းတစ်ခန်းခန်းမှာ ပေးချေ နဲ့ ငှားနေစေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆမ်… ကျွန်မ ပြောင်းလာလို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ရှင်၊ ကျွန်မ တင်ဆက်မယ့် အစီအစဉ် ဘယ်လောက် အရေးကြီးကြောင်းနဲ့ ကျွန်မ ဘယ်လောက် စိတ်မောနေရတယ် ဆိုတာ ရှင်လည်း အသိသားနဲ့၊ သော့ပြင်မယ့် လူလည်း လာနေပါပြီ၊ ရဲကလည်း စောင့်ကြည့်ပေးပါလိမ့်မယ်၊ နောက်ပြီးတော့ ကျွန်မအလုပ်နဲ့ ပတ်သက်တာတွေ အားလုံးကိုလည်း ဒီအိမ်မှာ ဆင်ထားတာ မဟုတ်လား"

ထိုသို့ ပြောပြီး ပက်က စကားလမ်းကြောင်းကို ပြောင်းပစ်လိုက်ဖို့ ကြိုးစားသည်။

"ဒါတွေက အရေးမကြီးပါဘူးလေ၊ ကျွန်မရဲ့ တကယ့်ပြဿနာက အိမ်ဖြူတော် ညစာစားပွဲကို ဘာအဝတ်အစား ဝတ်ပြီး တက်ရမလဲ ဆိုတာပဲ"

"မလိုပါဘူးကွယ်၊ ဘာပဲဝတ်ဝတ် မင်း အမြဲလှနေတာပဲ၊ အက်ဘီဂေးလ်လည်း အဲဒီ ညစာစားပွဲ တက်လိမ့်မယ်၊ ဒီနေ့မနက်ပဲ ကိုယ် သူနဲ့ သွားတိုးခဲ့သေးတယ်"

ဆမ် ဖုန်းပြန်ချသွားသည်။

ခဏနေတော့ ဆီနိတ်တာ အက်ဘီဂေးလ်ဂျင်းနင်း ဖုန်းဆက်သည်။ လူဆိုးလောက်ထွင်း ဝင်ရောက်ခြင်း ခံရသည့်အတွက် သူ စိတ်ထိခိုက် ချောက်ချားရကြောင်း ပြောသည်။ ပြီးတော့ လိုရင်းကို သူ တန်းပြောလေသည်။

"အခုလို ဖြစ်ရတာဟာ ငါ့အစီအစဉ်ကို တင်ဆက်ဖို့ မင်းတို့ ပြင်ဆင်ကြတဲ့အတွက် ဖြစ်ရတာပဲ၊ ဆိုးတာပေါ့ကွယ်၊ ဒါကြောင့် ဒီအစီအစဉ်ကြီး မြန်မြန်ချုပ်ဖြစ်လိုက်စေချင်တယ် ပက်၊ တင်ဆက်ပြီးသွားတော့မှပဲ အဲဒီ ရှုးကြောင်ကြောင်အကောင်ရဲ့ ခြိမ်းခြောက်မှုက မင်း လွတ်တော့မယ်၊ ငါ ပို့ပေးလိုက်တဲ့ မှတ်တမ်းရုပ်ရှင်ကားတွေ မင်း ကြည့်ပြီးပြီလား"

"ဟုတ်ကဲ့၊ ကြည့်ပြီးပါပြီ၊ အရမ်းကို စိတ်ဝင်စားစရာ ကောင်းတာပဲ၊ ဒါပေမဲ့ တိုဘီရဲ့ အကူအညီတော့ ကျွန်မ ရမှ ဖြစ်မယ် ဆီနိတ်တာ၊ ဘာကြောင့်လဲဆိုတော့ အဲဒီအထဲမှာ ပါတဲ့ နေရာတွေ လူပုဂ္ဂိုလ်တွေနဲ့ အကြောင်းအရာတွေကို အသေအချာ သိတဲ့ လူတစ်ယောက်က ကျွန်မကို ရှင်းပြဖို့ လိုပါတယ်၊ အဲဒါတွေရဲ့ နောက်ခံအကြောင်းတွေပါ သိတဲ့လူ ဖြစ်ဖို့ လိုတာပေါ့"

တစ်နာရီအတွင်း တိုဘီကို လွှတ်ပေးမည် ဖြစ်ကြောင်း အက်ဘီဂေးလ်က ကတိပေးသည်။

ပက်က ဖုန်းပြန်ချရင်း အက်ဘီဂေးလ်အကြောင်းကို စဉ်းစားနေသည်။ အက်ဘီဂေးလ်သည် မလှမလဲ ဖြစ်နေပုံ ရသည်ဟု သူ့စိတ်ထဲမှာ ခံစားသိရှိနေသည်။

နောက် ၄၅ မိနစ်လောက် ကြာတော့ တိုဘီ ရောက်လာသည်။ အသားစိုင်တွေ များလှသော သူ့မျက်နှာကြီး ပြုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုခွေးသား ဒီအိမ်ထဲ ဖောက်ထွင်းပြီး ဝင်တဲ့ အချိန်တုန်းက ငါ ဒီမှာ ရှိနေချင်စမ်းတယ် ပက်၊ ရှိနေလို့များတော့ အဲဒီအကောင်ကို နုပ်နုပ်စဉ်းပြီး အမှုန့်ချေပစ်လိုက်မယ်"

ပက်ကို တွေ့တွေ့ချင်း တိုဘီက ပြောသည်။

"ယုံပါတယ် ရှင်"

စာကြည့်ခန်းထဲသို့ သူတို့ ဝင်သွားကြသည်။ တိုဘီက စာကြည့်စားပွဲက ကုလားထိုင်မှာ ဝင်ထိုင်သည်။

ပက်က ရုပ်ရှင်ပြစက်ကို ဖွင့်သည်။ သိချင်သည်များကို မေးသည်။

တိုဘီက တစ်ခုချင်း လက်ညှိုးထိုးပြပြီး ဖြေသည်။

"အဲဒီအဘိုးကြီးက ကွန်ဂရက်လွှတ်တော်အမတ် ပိုတာဂျင်းနင်း ဆိုတာပေါ့၊ သူ့နေရာကနေပြီး ဝေးလတ်ဂျင်းနင်း ဝင်အရွေးမခံဘူး ဆိုရင် သူ အနားမယူသေးဘူးလို့ ပြောတယ်၊ သူတို့ မဲဆန္ဒနယ်ကို သူတို့သာ ပိုင်ရမယ်လို့ မင်းစိုးရာဇာစိတ် ပေါက်နေကြတဲ့ လူတွေလေ၊ ကမ္ဘာကြီးကိုပါ သူတို့ ပိုင်တယ်လို့ ထင်ကြတာ၊ ဒါပေမဲ့ သူ ကောင်းတာလေး တစ်ခုတော့ ရှိပါတယ်"

ပက်က မှတ်စုစာအုပ်နှင့် အသင့် နားထောင်နေသည်။

"ဝေးလတ် သေသွားတော့ အဲဒီနေရာကနေပြီး အက်ဘီဂေးလ် ဆက် အရွေးခံဖို့ ကိစ္စ ပေါ်လာတယ်၊ အဲဒါကို ဝေးလတ်ရဲ့ အမေ မိန်းမရှုပ်ကြီးက ကပျက်ယပျက် လုပ်နေတယ်လေ၊ အဲဒီအခါမှာ အဘိုးကြီးက အက်ဘီဂေးလ် ဘက်က ပြတ်ပြတ်သားသား ရပ်ခဲ့တယ်၊ အက်ဘီဂေးလ် ကွန်ဂရက်မှာ အရွေးခံ ရအောင် အကြီးအကျယ် နှောင့်ယှက်တဲ့ မိန်းမကြီးပေါ့၊ တို့ အချင်းချင်းမို့ ပြောရဦး မယ်၊ အက်ဘီဂေးလ်က ဝေးလတ်ထက် အများကြီး ပိုတော်တယ်၊ ဝေးလတ်က သိပ်ထက်ထက်မြက်မြက် မရှိလှဘူးလေ၊ တယ်လည်း မစွာလှဘူး၊ အက်ဘီဂေးလ် ကတော့ ထက်တယ်၊ စွာတယ်၊ ကျုပ် ဆိုလိုတာ မင်း နားလည်ပါတယ် နော်"

တိုဘီ မလာခင်တုန်းက သူ့ကို စောင့်ရင်း ပက်က သတင်းစာ ဖြတ်ပိုင်း များကို လေ့လာကြည့်ခဲ့သည်။ အယ်လီနာဘရောင်း၏ အမှုနှင့် ပတ်သက်သည့် သတင်းစာ ဖြတ်ပိုင်းများ ဖြစ်သည်။

သတင်းစာများတွင် ပါရှိသည့် သတင်းအရဆိုလျှင် အမှုသွား အမှုလာက အလွန်ရှင်းပါသည်။

အယ်လီနာဘရောင်း၏ ထွက်ဆိုချက်တွင် တိုဘီက သူ့ထံသို့ ဖုန်းဆက်ပြီး ရွေးကောက်ပွဲ အနိုင်ရရှိရေး ရုံးသို့ သွားခိုင်းကြောင်း ပါရှိသည်။ နောက်ပြီးတော့ အယ်လီနာ၏ အိမ် စတိုခန်းထဲမှ ဒေါ်လာ ငါးထောင် တွေ့ရသည်ဟု အစီရင်ခံ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မခိုင်လုံတဲ့ ဇာတ်လမ်းနဲ့ သူ လွတ်နိုင်မယ်လို့ အယ်လီနာဘာရောင်း ဘာကြောင့်များ ယုံကြည်ထားတယ်လို့ ရှင် ထင်သလဲ"

သတင်းစာ ဖြတ်ပိုင်းများကို ကြည့်ရင်း ပက်က တိုဘီကို မေးကြည့်သည်။

တိုဘီက ကုလားထိုင် နောက်မှီပေါ်သို့ မှီချလိုက်သည်။ ခြေထောက်ချင်း ချိတ်သည်။ ပြီးတော့ ပခုံးတွန့်သည်။

သူ့ရင်ဘတ် အိတ်ထဲတွင် ဆေးပြင်းလိပ် ထည့်ထားသည်ကို ပက် တွေ့ရသည်။ ထို့ကြောင့် ဆေးလိပ် သောက်လိုက သောက်နိုင်ကြောင်း ပြောလိုက်သည်။ စိတ်ထဲကတော့ အကြီးအကျယ် တွန့်သွားမိလေသည်။

ကျေးဇူးအားရစွာ သူ ပြုံးလိုက်သည်။ သူ့မျက်နှာပေါ်က အသားစိုင်ကြီးများ တွန့်သွားသည်။

"ကျေးဇူးတင်လိုက်တာကွာ၊ အရမ်းကို ကျေးဇူးတင်ပါတယ်၊ ဆီနိုတ်တာ ဆေးပြင်းလိပ်အနံ့ကို နည်းနည်းလေးမှ ခံနိုင်တာ မဟုတ်ဘူး၊ ကားထဲမှာ ပြီး ဘယ်လောက် ကြာအောင် စောင့်ရ စောင့်ရ တစ်ဖွာလောက်တောင် ရာဘူး"

ဆေးပြင်းလိပ်ကို သူ မီးညှိပြီး နှစ်နှစ်ခြိုက်ခြိုက်ကြီး ဖွာရှိုက်နေသည်။

"အယ်လီနာဘာရောင်းအကြောင်း ပြောပြပါဦး"

ပက်က သတိပေးလိုက်သည်။ ဒူးပေါ်မှာ တံတောင် ထောက်ပြီး လက် မေးတင်ကာ သူ ပြောပြမည့် အကြောင်းအရာကို နားထောင်ဖို့ အသင့် ထားလိုက်သည်။

"ကျုပ် တွက်ကြည့်တာပေါ့လေ၊ ဒီငွေ ပျောက်သွားတာကို လူတွေ ချင်း သိကြမှာ မဟုတ်ဘူးလို့ အယ်လီနာ ထင်ပုံရတယ်၊ အဲဒီအမှု ဖြစ်ပြီး ပိုင်းကျမှ စည်းကမ်းတွေ တင်းကျပ်လာတာ၊ ဟိုတုန်းက ဒီလို မဟုတ်သေး ဒါကြောင့် ငွေပျောက်နေတာကို ချက်ချင်း သိမှာ မဟုတ်ဘူးလို့ သူ ထင်ခဲ့ပုံ အနည်းဆုံး ရက်သတ္တ နှစ်ပတ် သုံးပတ်လောက် စစ်ဆေးကြည့်ကြတာမှ တာဘဲ။

"ဒါပေမဲ့ ငွေက နည်းတာမှ မဟုတ်ဘဲ၊ ခုနစ်သောင်းခွဲတောင်၊ နောက် တော့ ချက်လက်မှတ်လည်း မဟုတ်ဘူး၊ ငွေသားတွေ။

"မစ္စထရေးမိုး... အဲ ပက်... ကုမ္ပဏီ အမြောက်အမြားဟာ နှစ်ဖက် ကို ရန်ပုံငွေ လျှုကြတဲ့ အကြောင်းတော့ မင်း သဘောပေါက် နားလည်ထားဖို့ မယ်၊ ဘာကြောင့်လဲ ဆိုတော့ နိုင်တဲ့ဘက်ကို ရန်ပုံငွေ ထည့်လိုက်မိတာ အောင် လုပ်ကြတာလေ၊ ဘယ်သူနိုင်နိုင် သူ ကူညီပြီးသားဆိုတဲ့ သဘော ဖြစ်အောင်ပေါ့၊ ဒါပေမဲ့ ဆီနိုတ်တာရဲ့ လက်ထဲကို ငွေသား ထည့်ပေးနိုင်တာ မဟုတ်ဘူး၊ တရားဥပဒေက ခွင့်မပြုဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ငွေလှူချင်တဲ့ ကုမ္ပဏီ သူဌေးကြီးတစ်ယောက်က ဆီးနိတ်လွှတ်တော် အမတ်တစ်ယောက်ရဲ့ ရုံးကို သွားရမယ်၊ သူ ငွေ ဘယ်လောက် လှူချင်လာကြောင်း အသိပေးရမယ်၊ လှူတဲ့ ငွေအရေအတွက်က များများပေါ့လေ၊ အဲဒီလို ပြောပြီး အမတ်တစ်ယောက်ရဲ့ လက်ထောက် တစ်ယောက်နဲ့ အလှူရှင်တို့ အပြင်ထွက်ပြီး လမ်းလျှောက်ကြမယ်၊ အဲဒီလို လမ်းလျှောက်ရင်း ငွေပေးလိုက်ရမယ်၊ လက်ထောက်က ရုံးကို ပြန်လာပြီး အလှူငွေကို အာမခံသေတ္တာထဲမှာ သိမ်းထားရမယ်၊ ဘယ်တော့မှ လက်ဖျားနဲ့တောင် မတို့ဘူး၊ ဒါပေမဲ့ ဘယ်သူက ငွေဘယ်လောက် လှူသွားကြောင်း၊ ဘယ်နေ့က လှူကြောင်း၊ ငွေကို ဘယ်နေရာမှာ ထားကြောင်း သူ သိတယ်၊ ကိုယ်နဲ့ ပြိုင်ဘက်က ရွေးကောက်ပွဲမှာ အနိုင်ရသွားရင် ဒီရန်ပုံငွေကိုစွ သိပ်မထင်ရှားအောင် လုပ်တဲ့ သဘောပေါ့၊ ကျုပ် ဆိုလိုတာ မင်း သဘောပေါက်တယ် မဟုတ်လား"

"ဒီလိုကိုး…"

"ကျုပ် ပြောတာကို အဓိပ္ပာယ်ကောက် မလွဲလိုက်နဲ့ဦး၊ ဒါဟာ တရားဝင်တယ်၊ ဥပဒေနဲ့ ညီတယ်၊ အက်ဘီဂေးလ်အတွက် အလှူငွေ အတော်များများကို ဖီးလစ်က လက်ခံခဲ့တယ်၊ အဲဒီအကြောင်းကို အယ်လီနာပါ သိခဲ့တယ်၊ သူ့ရဲ့ ရည်းစားက ငွေလိုနေလို့ သူ့ဆီမှာ ကျားပိန်တွယ် တွယ်ပြီး တောင်းနေတာလည်း ဖြစ်ချင် ဖြစ်နိုင်တာပေါ့၊ သူ ကံဆိုးချင်တော့ ကျုပ်တို့က ငွေတွေကို ရက်ဆိုင်းမနေဘဲ စစ်ဆေးကြည့်လိုက်တယ်၊ ငွေပျောက်နေတာ တွေ့ရတယ်၊ အယ်လီနာက သူ လွှတ်ရာလွှတ်ကြောင်းအတွက် လက်တန်းဇာတ်လမ်းတွေ တင်လာတော့တာပဲ"

"အယ်လီနာဟာ လည်လည်ဝယ်ဝယ် ရှိတဲ့ မိန်းကလေး တစ်ယောက် ဖြစ်တယ်လို့ ကျွန်မတော့ အခုအချိန်အထိ ထင်လို့ မရသေးဘူး"

ပက်က တွေးတွေးဆဆ ပြောသည်။ အက်ပယ်လ်ဂျန်းရှင်းတုန်းက နှစ်လည်မဂ္ဂဇင်းထဲတွင် သူ တွေ့ခဲ့သည့် အယ်လီနာဘရောင်း၏ ရုပ်ကလေးကို သူ မြင်ယောင်နေသည်။

"အင်း…. တရားစွဲဆိုရေးအရာရှိက ပြောသလိုပေါ့၊ ငြိမ်တဲ့ ရေမှာ နောက်တတ်တယ်တဲ့၊ ဒါထက် မင်းကို လောတယ်လို့လည်း မထင်စေချင်ပါဘူး၊ ဒါပေမဲ့ ဆီနိတ်တာက ကျုပ်ကို မျှော်လှရော့မယ် ထင်တယ်"

"မေးခွန်းတစ်ခု နှစ်ခုလောက်ပဲ ရှိပါတော့တယ် ရှင်၊ အခုပဲ ပြီးသွားတော့မှာပါ"

ထိုအချိန်မှာပင် တယ်လီဖုန်း ခေါင်းလောင်း မြည်သည်။

"ကျွန်မ ခပ်မြန်မြန်ပဲ စကားဖြတ်လိုက်ပါ့မယ်"

ပက်က တိုဘီကို လှမ်းပြောရင်း ဖုန်းကို ကောက်ကိုင်သည်။

"ပက်ထရေးမိုး စကားပြောနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းရဲ့လား မိန်းကလေး"

အလွန်အကျွံ ဟန်လုပ်ပြောလေ့ရှိသော အသံကို ပက်က ချက်ချင်း မှတ်မိလိုက်လေသည်။

"ဟဲလို… မစ္စတာဆောင်းဒါးစ်"

ထိုသို့ အသံထွက်ပြီး ပြန်နှုတ်ဆက်လိုက်မိပြီးမှ ဂျရယ်မီဆောင်းဒါးစ်ကို တိုဘီ သိကြောင်း အမှတ်ရလိုက်လေသည်။ လုံး၀ နောက်ကျသွားခဲ့ပါပြီ။

'မစ္စတာဆောင်းဒါးစ်' ဆိုသော အမည်ကို ကြားလိုက်သည်နှင့် တိုဘီ၏ ခေါင်း ဆတ်ခနဲ ထောင်သွားသည်။ ဆောင်းဒါးစ် ဆိုသော နာမည်သည် အက်ပယ်လ် ချန်းရှင်းမြို့ကလေးတွင် သူ သိခဲ့သော ဂျရယ်မီဆောင်းဒါးစ်ပဲ ဖြစ်ရမည်ဟု ခန့်မှန်းမိသွားလေသလား… ပက် စဉ်းစားကြည့်သည်။

"မနေ့ ညဦးပိုင်းတုန်းက မင်းဆီကို ကျုပ် ဖုန်းအကြိမ်ကြိမ် ဆက်ခဲ့တယ်၊ ဆက်တိုင်း လွဲနေတယ်"

ဆောင်းဒါးစ်က ပြောသည်။ သည်တစ်ကြိမ်တော့ သူ အရက်မူးမနေသည်မှာ သေချာသည်။ ပုံမှန်အသံကို ကြားနေရသောကြောင့် ပက်က အခိုင်အမာ ပြောနိုင်ခြင်း ဖြစ်လေသည်။

"ရှင် ဆက်ကြောင်း နာမည်မှ မပြောခဲ့ဘဲကိုး"

"ဖုန်းဖြေစက်ထဲကို ပြောထားရင် မသိစေချင်သူတွေ သိနိုင် ကြားနိုင်တယ်လေ၊ မဟုတ်ဘူးလား"

"ခဏလေးနော်"

ပက်က တိုဘီကို မော့ကြည့်သည်။ တိုဘီသည် ဆေးပြင်းလိပ် သောက်ရင်း တစ်စုံတစ်ခုကို စဉ်းစားသလို လုပ်နေသည်။ ပက် တယ်လီဖုန်း စကားပြောနေခြင်းကိုလည်း စိတ်မဝင်စားဟန်ဆောင်နေသည်။

သူနှင့် နှစ်ပေါင်း ၃၅ နှစ် ကြာအောင် ကွဲကွာနေခဲ့သော ဆောင်းဒါးစ်နှင့် ယခု ဆောင်းဒါးစ် တစ်ယောက်တည်း ဖြစ်နိုင်သည်ဟု မတွက်ဆမိသောကြောင့်လည်း ဖြစ်နိုင်သည်။

"တိုဘီ… ကျွန်မတို့ နှစ်ယောက်ချင်း ပြောမှ ဖြစ်မယ့် တယ်လီဖုန်းမို့လို့ ရှင် ဘယ်လိုမှ မအောက်မေ့ဘူး ဆိုရင်…"

ပက် စကားမဆုံးမီမှာပင် သူ ကမန်းကတန်း မတ်တတ်ရပ်သည်။

"အပြင်ကို သွားပြီး စောင့်ပေးစေချင်သလား"

ဟု ပြန်မေးသည်။

"မလိုပါဘူး တိုဘီ၊ ကျွန်မ မီးဖိုထဲမှာ ရှိတဲ့ လိုင်းခွဲဖုန်းနဲ့ သွားစကားပြောပါ့မယ်၊ ဒီဖုန်းကိုသာ ခဏလေး ကိုင်ထားပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



'တိုဘီ' ဆိုသော နာမည်ကို ပက်က တမင် ပီပီသသနှင့် ကျယ်ကျယ် ပြောသည်။ တစ်ဖက်မှ ဂျူရယ်မီဆောင်းဒါးစ် မှတ်မိပြီး သူ ဖုန်းသွားမကိုင်မီ တောင်တောင်မြောက်မြောက်များ ပြောမနေစေရန် သွယ်ဝိုက်၍ သတိပေးလိုက်သည့် သဘောလည်း ဖြစ်လေသည်။

တိုဘီက ဘာမှ မဖြစ်သလို ဖုန်းကို လှမ်းယူကာ ကိုင်ထားပေးသည်။ သို့သော်လည်း ယခု ဆက်နေသူမှာ အက်ပယ်လ်ဂျန်းရှင်းမြို့တွင် သူ သိခဲ့သော ဂျူရယ်မီဆောင်းဒါးစ်ပင် ဖြစ်ကြောင်း သူ သိနေသည်မှာ သေချာသည်။

ဆောင်းဒါးစ်က ပက်ထရေးမိုးကို ဘာကြောင့် ဖုန်းဆက်သနည်း။ သူနှင့် ပက် အဆက်အသွယ် ရှိနေသလား။ သည်အကြောင်းကိုသာ သိလျှင် အက်ဘီဂေးလ်တော့ ဘုံဆောင့်တော့မည် ဖြစ်ကြောင်း တိုဘီက တွေးကြည့်နေမိလေသည်။

ဖုန်းကိုင်ထားပေးရင်း တစ်ဖက်လူ၏ အသက်ရှူသံကို သူ ကြားနေရလေသည်။ သူ သိသော ခွေးသားကြီးပဲ ဖြစ်ရမည်။ ခွေးသားကြီးသည် အက်ဘီဂေးလ်၏ ဘဝကို တစ်စစီ ဖြစ်အောင် ဖျက်ဆီးပစ်ဖို့ ကြိုးစားခဲ့ဖူးသော... ။

ပက်၏ အသံ ပေါ်လာသည်။

"တိုဘီ... ကျေးဇူးပြုပြီး ဖုန်းချပေးပါနော်"

"ချလိုက်ပြီ ပက်"

တိုဘီက သူ့အသံကို အလွန်လိုက်လှဲသော အသံမျိုး ဖြစ်အောင် ကြိုးစားဟန်ဆောင် ပြောသည်။

တကယ်လည်း စကားပြောခွက်ကို ပြန်ချထားလိုက်သည်။ နောက်တစ်ကြိမ် ကောက်ယူပြီး ခိုးနားထောင်ဖို့ သူ လုံးဝမကြိုးစားပါ။

"တိုဘီ..."

ဂျူရယ်မီဆောင်းဒါးစ်က မယုံကြည်နိုင်သည့် လေသံမျိုးဖြင့် ထိုနာမည်ကို ခေါ်သည်။ ပြီးတော့ ပက်ကို ဆက်ပြောသည်။

"တိုဘီဂေါ်ဝွန်း ဆိုတဲ့ ငတိနဲ့ မင်း လေပေးဖြောင့်နေတယ်လို့ ကျုပ်ကို ပြောဖို့ မလိုတော့ပါဘူး"

"ကျွန်မ တင်ဆက်မယ့် အစီအစဉ်အတွက် လိုအပ်တဲ့ နောက်ကြောင်း သမိုင်းတွေနဲ့ ပတ်သက်ပြီး ကျွန်မကို လာကူနေတာပါ၊ ကျွန်မ မသိတာတွေ မရှင်းလင်းတာတွေ လာရှင်းပြနေတာပါ"

ပက်က ပြန်ဖြေသည်။ သူ့အသံကို နှိမ့်ပြောသည်။

"ဟုတ်တာပေါ့၊ ဟုတ်တာပေါ့ ကျုပ်တို့ရဲ့ ဆီးနိတ်လွှတ်တော် အမျိုးသမီး အမတ်ကြီးနဲ့ အဲဒီငတိက နေရာတကာမှာ တပူးတွဲတွဲ ရှိနေတာ မဟုတ်လား ပက်... မင်းကို ဖုန်းဆက်ရတဲ့ အကြောင်းရင်းက ဒီလိုပါ၊ မင်း လာတုန်းက မင်းကလည်း အမေးကောင်း၊ ကျုပ်ကလည်း အရက် အသောက်ကောင်းပြီး

www.burmeseclassic.com



...သင့်ပြောထိုက်တာတွေထက် ကျုပ် ပိုပြောလိုက်တယ် ထင်တယ်၊ ကျုပ်တို့ ...ယောက် ပြောခဲ့တာတွေကို ဘယ်သူမှ မသိအောင် ဖုံးဖိပေးထားစေချင်ပါတယ်၊ ...တိုဘီငေးလ်နဲ့ ကျုပ် ရှုပ်ခဲ့ဖူးတာတွေကို ရပ်မြင်သံကြားကနေပြီး တစ်ကမ္ဘာလုံး ...ြင်အောင် ကြားအောင် လွှင့်ထုတ်တာကို ကျုပ် ဇနီးနဲ့ သမီးက ဘယ်နည်းနဲ့မှ ...သဘောတူညီနိုင်ကြမှာ မဟုတ်ဘူး"

"ကျွန်မကို ရှင် ပြောပြလိုက်တာတွေထဲက အပိုင်းအစကလေး တစ်ခု ...ကိုတောင် ကိုးကားဖို့ ကျွန်မမှာ ရည်စူးချက် မရှိပါဘူး ရှင်၊ ဒီလို ပုဂ္ဂိုလ်ရေးဆိုင်ရာ ...အကြောင်းအဖျင်းတွေကို 'မီရာ' သတင်းစာကသာ စိတ်ဝင်စားချင် ဝင်စားပါလိမ့် ...မယ်၊ ကျွန်မကတော့ နည်းနည်းကလေးမှ စိတ်မဝင်စားပါဘူး၊ စိတ်ချပါ..."

ပက်က ပြတ်ပြတ်သားသားပဲ အကြောင်းပြန်လိုက်သည်။

"ကောင်းပါလေ့ဗျာ... ကောင်းပါလေ့၊ အခုမှပဲ ကျုပ် သက်ပြင်းချနိုင် ...တော့တယ်"

ဆောင်းဒါးစ်၏ အသံသည် စောစောကထက် ပို၍ ရင်းရင်းနှီးနှီး ရှိလာ ...သည်။

"ဒါထက် ကလပ်မှာ အက်ဒွင်ရက်ဖတ်နဲ့ ကျုပ် တွေ့တယ်၊ အက်ဘီ ...ယ်ရွေးပွဲဝင်တဲ့ သတင်းနဲ့ ဓာတ်ပုံ ပါတဲ့ သတင်းစာ မင်းကို သူ ပေးလိုက်ကြောင်း ...ပြောပြတယ်၊ အဲဒီအကြောင်း ကျုပ် မေ့နေတယ်၊ အက်ပယ်လ်ဂျန်းရှင်းမယ် ...ရွေးခံရတုန်းက သူ့အမေနဲ့ အတူတူ တွဲရိုက်ထားတဲ့ ဓာတ်ပုံကိုတော့ မင်း ...သုံးချင်လိမ့်မယ်လို့ ကျုပ် မှန်းကြည့်မိတယ်၊ အဲဒီပုံက အဓိပ္ပာယ်တွေ အများကြီး ...ထွက်နေတယ် မဟုတ်လား"

"ကျွန်မတော့ မထင်ပါဘူး"

ပက်က အေးစက်သော လေသံဖြင့် ပြန်ပြောသည်။ ဆောင်းဒါးစ်နှင့် ...ဆက်ပြောနေရသည်ကို သူ စိတ်မရှည်နိုင်တော့ချေ။

"ကျွန်မမှာ အလုပ်ရှိနေသေးတယ် မစ္စတာဆောင်းဒါးစ်"

ပက်က ထိုမျှ ပြောပြီး ဖုန်းကို ပြန်ချပစ်လိုက်လေသည်။ ပြီးတော့ ...စာကြည့်ခန်းထဲသို့ ပြန်လာခဲ့သည်။

တိုဘီသည် စောစောက ကုလားထိုင်မှာပင် ပုံမပျက် ထိုင်နေသည်ကို ...တွေ့ရသည်။ သို့သော်လည်း တစ်ခုခုတော့ ပြောင်းလဲသွားသည်ကို သတိထားလိုက် ...မိလေသည်။

စောစောတုန်းကလို ယဉ်ယဉ်ကျေးကျေး ပျော့ပျော့ပျောင်းပျောင်း မရှိ ...တော့။ အလုပ်ထဲမှာလည်း စိတ်မဝင်စားတော့။

ခဏနေတော့ သူ ပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်သွားသည်နှင့် အခန်းထဲမှ ဆေးပြင်းလိပ်နံ့များ လွင့်ထွက်သွားစေရန် ပြတင်းပေါက် တံခါးများကို ပက်က လိုက်ဖွင့်ပစ်လိုက်သည်။ သို့သော်လည်း အခန်းထဲမှာ ဆေးပြင်းလိပ်နံ့ကြီး စွဲကျန်နေရစ်သည်။

ပက်သည် သူ့စိတ်များ ပြန်လည် လှုပ်ရှားလာကြောင်းနှင့် ချိုးချိုးချွတ်ချွတ် အသံ ကြားတိုင်း လန့်နေမိကြောင်း သူ့ကိုယ်သူ သတိထားလိုက်မိသည်။

ဆီနိတ်တာ အက်ဘီဂေးလ်၏ ရုံးသို့ ပြန်ရောက်သည်နှင့် တိုဘီသည် ဖီးလစ်ကို တောက်လျှောက် သွားတွေ့သည်။

"မိုးလေဝသ အခြေအနေ ဘယ်လိုနေသလဲ"

ဖီးလစ်ကို သူ မေးကြည့်သည်။

ဖီးလစ်က မျက်လုံးကို အပေါ်လှန်ကြည့်သည်။

"ပက်ထရီရှာထရေးမိုး အိမ် အဖောက်ခံရတာနဲ့ ပတ်သက်ပြီး ဆီနိတ်တာ စိတ်လှုပ်ရှားနေတယ်၊ စောစောတုန်းက လူသာပယ်လ်ဟာမ်းနဲ့ ဖုန်းစကားပြောတယ်၊ အစီအစဉ်နဲ့ ပတ်သက်ပြီး သူ စိတ်ဆိုးနေတယ်၊ အစီအစဉ်ကို အချိန်မရွေး ရပ်ပစ် ခိုင်းနိုင်တယ်၊ ပက်ထရီရှာထရေးမိုး အခြေအနေရော ဘယ်လို ရှိသလဲ"

အက်ပယ်လ်ဂျန်းရှင်းမြို့နှင့် ပတ်သက်ပြီး ပြောဖို့ တိုဘီတွင် အဆင်သင့် မဖြစ်သေး။ သို့သော်လည်း ဒင်းအဒမ်စ်၏ နေအိမ်ကို ဘယ်လိုနည်းနှင့် ငှားရမ်း ရရှိထားကြောင်း စုံစမ်းကြည့်ဖို့တော့ ဖီးလစ်ကို သူ ပြောလိုက်သည်။ ထိုအကြောင်း ကတော့ စောစောကတည်းက သူ့ခေါင်းထဲ ဝင်နေခဲ့သည်။

အက်ဘီဂေးလ်၏ ရုံးတံခါးကို သူ သွားခေါက်သည်။

အက်ဘီဂေးလ် နှုတ်ဆိတ်နေသည်။ ငြိမ်လည်း ငြိမ်နေသည်။ အလွန်အမင်း ငြိမ်နေခြင်း ဖြစ်သည်။ ထိုအမူအရာသည် သူ သောကရောက်နေသည် ဆိုသည့် သဘော ဖြစ်သည်။

သူ့ရှေ့မှာ ညနေ သတင်းစာ တစ်စောင် ရှိနေသည်။ ထိုသတင်းစာကို မေးငေါ့ပြသည်။

"ဖတ်ကြည့်စမ်း"

နာမည်ကြီးသူတို့ အတွင်းရေးကဏ္ဍတွင်-

*'ဆီးနိတ်လွှတ်တော်အမတ် ဂျင်းနင်းအကြောင်း အထူးအစီအစဉ် မတင်ဆက်မီတွင် ပက်ထရီရှာထရေးမိုး၏ အသက်အန္တရာယ်အား ခြိမ်းခြောက်သူ မည်သူမည်ဝါ ဖြစ်နိုင်ကြောင်း ဆီးနိတ်လွှတ်တော်အမတ်များ သတင်းချင်း လောင်းကစား ပြုလုပ်နေကြသည်။ အမတ်တိုင်းမှာ မသင်္ကာသူ တစ်ယောက်စီ ရှိနေကြသည်။ ချောမောလှပသော ဗာဂျီးနီးယားပြည်နယ် အမတ်*

www.burmeseclassic.com



*သည် ဘာမဆို အလွန်တိကျသူ ဖြစ်ကြောင်း နာမည်ကျော်သူ တစ်ဦး လည်း ဖြစ်လေသည်။'*

တိုဘီ ကြည့်နေဆဲ ခဏမှာပင် အက်ဘီဂေးလ်ဂျင်းနင်းသည် ဒေါသ ...က်ခြောင်းခြောင်း ထွက်လာပြီး သတင်းစာကို ဆွဲယူ လုံးချေကာ အမှိုက်ခြင်း ...သို့ ပစ်ထည့်လိုက်လေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

ဆမ်ကင်စလေသည် ရှပ်အင်္ကျီမှ နောက်ဆုံး ကြယ်သီးကို တပ်လိုက်ပြီး လည်စည်းကို နေသားတကျ ဖြစ်အောင် ချည်နှောင်လိုက်လေသည်။

သူ့အိပ်ခန်းထဲရှိ မီးလင်းဖို နဖူးစည်းပေါ်မှ နာရီကို လှမ်းကြည့်သည်။ ဝီစကီတစ်ခွက် သောက်ဖို့လောက်တော့ အချိန်ကောင်းကောင်း ရသေးကြောင်း ဆုံးဖြတ်ချက်ချလိုက်သည်။

အရက် ထည့်ပြီးနောက် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ မျှော်ကြည့်လိုက်သည်။ ဝါးတားဂိတ် အဆောက်အအုံရှိ သူ့အခန်းထဲမှနေ ကြည့်လျှင် ကနေ စင်တာကို အပေါ်စီးမှနေ၍ မြင်နေရလေသည်။

ဂျင်းနစ် ကွယ်လွန်သွားပြီးသည့် နောက်တွင် ရှယ်ဗီချေ့စ်အရပ်ရှိ အိမ်ကြီးမှာ ဆက်နေဖို့ သူ့မှာ အကြောင်းမရှိတော့။

သမီးလုပ်သူ ကာရင်က သူ့ယောက်ျားနှင့်အတူ ဆန်ဖရန်စစ္စကိုသို့ သွားနေနေသည်။

မွေးရာသီများကျတော့လည်း သည်အရပ်သို့ ပြန်မလာတော့ဘဲ ပမ်းစပရင်းသို့ သွားရောက် အနားယူလေ့ ရှိကြလေသည်။ ထို့ကြောင့် အိမ်ကြီးရခိုင်နှင့်နေရန် ပို၍ အကြောင်းမရှိတော့ခြင်း ဖြစ်သည်။

အိမ်ထောင်ပရိဘောဂများကိုလည်း ဆမ်က သမီးဖြစ်သူ ကာရင် ကြိုက်ရာ ယူစေသည်။ သူ မလိုချင်သည့် ပစ္စည်းများကို ရောင်းပစ်လိုက်သည်။

ကိုယ်နှမ်း စိတ်ပန်းခဲ့ရသည်များကို ခဝါချပြီး ဘဝသစ်ကို ပြန်လည် တည်ထောင်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆမ်က အရက်ဖန်ခွက် ကိုင်ပြီး ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ ဒီတိုမက်မြစ်ကြီးကို လှမ်းကြည့်သည်။ ပတ်ဝန်းကျင်ရှိ မီးရောင်များဖြင့် အရောင် အဖိတ်ဖိတ် တောက်နေသည်။

အလွန်တရာ စွဲမက်စရာကောင်းသည့် မြင်ကွင်း ဖြစ်ပါသည်။ ထို့ကြောင့် လည်း 'ပိုတိုမက်ဝေဒနာ' ဟု တင်စားခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်၊ ထိုဝေဒနာကို ခံစားလိုသောကြောင့် သည်အရပ်သို့လူအများ လာကြသည်။

ပက် တစ်ယောက်ရော သည်ဝေဒနာကို ခံစားနေရပြီလား့ဟု သူ တွေး ကြည့်နေသည်။

ပက်အတွက် သူ အလွန်အမင်း စိတ်ပူနေသည်။ အက်ဖ်ဘီအိုင်မှ သူ့ မိတ်ဆွေ ဂျက်ကာလ်ဆန်က သူ့ကို တည့်တည့်ပဲ ပြောခဲ့သည်။

"ပထမအကြိမ် ဖုန်းဆက်ပြီး ခြိမ်းခြောက်တာ ခံရတယ်၊ ဒုတိယအကြိမ် ကျတော့ တံခါးအောက်ကနေပြီး ခြိမ်းခြောက်စာကို လာထိုးထည့်သွားတယ်၊ တတိယအကြိမ် ဖုန်းဆက်ပြီး ခြိမ်းခြောက်ပြန်တယ်၊ စတုတ္ထအကြိမ်ကျတော့ အိမ်ထဲကိုတောင် ဖောက်ထွင်းပြီး ဝင်လာပြီ။ နောက်တစ်ကြိမ် ဘာဖြစ်မယ် ဆိုတာ ခင်ဗျားဘာသာ တွေးယူတော့ပေါ့ဗျာ။

"လက်ရေးကို လေ့လာကြည့်၊ စိတ်ဖောက်ပြန်နေသူ တစ်ယောက် ရေးကြောင်း သိသာတယ်၊ စိတ်ဖောက်ပြန်သူ ဆိုတာ ဘာမဆို လုပ်နိုင်တယ်၊ ဒါကြောင့် သိပ်ကို စိတ်ဖောက်ပြန်သွားပြီဆိုရင် ခင်ဗျားရဲ့ ပက်ထရေးမိုးကို သတယ်ပဲ အသက်အန္တရာယ်ပေးတော့မယ်"

ခင်ဗျားရဲ့ ပက်ထရေးမိုး…

ဂျင်းနစ် ကွယ်လွန်ပြီးနောက် လပေါင်းများစွာတိုင်အောင် ပက်နှင့် ဆက်အသွယ် မလုပ်မိစေရန် သူ စိတ်ကို တင်းထားခဲ့သည်။ တတ်နိုင်သလောက် လည်း မစဉ်းစားဘဲ နေသည်။

ထိုသို့ စိတ်ကို ထိန်းနိုင်ခဲ့သည့်အတွက်လည်း သူ့ကိုယ်သူ ကျေးဇူးတင်မိ လေသည်။

ထို့ကြောင့်လည်း သူနှင့် ဂျင်းနစ်တို့သည် ဟိုတုန်းက ရရှိခဲ့ဖူးသည့် ရင်းနှီးမှု၊ ချစ်ခင်မြတ်နိုးမှုနှင့် ကြင်နာမှုများကို ပြန်လည်ရရှိနိုင်ခဲ့သည်။

နောက်ပြီးတော့ မိမိ၏ အချစ်ကို ပြန်လည်ရရှိပြီ ဖြစ်ကြောင်း သိရှိ လေလည်သွားပြီးမှ ဂျင်းနစ် ကွယ်လွန်သွားခြင်း ဖြစ်ကြောင်းများကို သူ တသီကြီး စဉ်းစားနေမိလေသည်။

သည့်နောက်တော့ သူ့ဘဝမှာ ခန်းခြောက်သွားလေသည်။ ဘာမှ မကျန် တော့။ အသက်ရှင်နေသော်လည်း ဘဝ သေနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ အသက်က ကြီးပြီး အရွယ်က အိုလာပြီ။

အသက် ၂၇ နှစ်သာ ရှိသေးသည့် မိန်းမပျိုကလေး တစ်ယောက်အတွက်တော့ အလွန်ကို အိုမင်းမစွမ်းသည့် အသက် ဖြစ်လေသည်။

ငြိမ်းချမ်းရေးကိုပဲ သူ ရိုးရိုးသားသား လိုချင်ပါသည်။ အတတ်နိုင်ဆုံး အေးအေးဆေးဆေးပဲ နေချင်သည်။

ထို့နောက် ဝါရှင်တန်တွင် ပက် အလုပ် လာလုပ်မည့် အကြောင်းကို သတင်းစာထဲမှာ သူ ဖတ်လိုက်ရသည်။ ထို့ကြောင့် ပက်ကို ဖုန်းဆက်ပြီး ညစာ အတူလိုက်စားဖို့ ဖိတ်ရန် သူ ဆုံးဖြတ်လိုက်သည်။

ပက်နှင့် မတွေ့အောင် ရှောင်နေဖို့ သူ့မှာ အကြောင်းမရှိပါ။ နောက်ပြီးတော့ ရှောင်လိုစိတ်လည်း မရှိပါ။

သူတို့နှစ်ယောက် ပထမဆုံးအကြိမ် ပြန်တွေ့ကြသည့် ပွဲတွင် လွတ်လွတ်လပ်လပ် စကားပြောချင်သည်။ ပတ်ဝန်းကျင်တွင် လူတွေ ရှိနေသောကြောင့် အပြောအဆိုက စပြီး ဆင်ခြင်နေရသည်မျိုးကို သူ မလိုလားပါ။

ထို့ကြောင့် လူရှင်းသည့် နေရာသို့ သွားရန် သူ ပြောခဲ့သည်။

နှစ်ယောက် ပြန်တွေ့ကြတော့မှ ပက်အပေါ်တွင် သူ စိတ်မကုန်နိုင်သေးကြောင်း သဘောပေါက်သည်။ စိတ်မကုန်ရုံမက အချစ်စိတ်သည် ပိုလို့ပင် ကြီးမားရင့်သန်လာနေကြောင်းကိုပါ သတိထားမိသည်။

ပက်ကလည်း ထိုအတိုင်းပင်။ သူ့အပေါ် သံယောဇဉ် ရှိနေတုန်း၊ မေတ္တာ ရှိနေတုန်းပင်။

ပက် လိုချင်သည်မှာ သူ၏ မေတ္တာပင် ဖြစ်သည်။

သူကရော ဘာလိုချင်သလဲ။

"ငါ မသိဘူး"

အသံထွက်ပြီး အကျယ်ကြီး အော်လိုက်မိသည်။

တစ်ပြိုင်တည်းမှာပင် ဂျက်ကာလ်ဆန် သတိပေးစကားများကို နားထဲမှာ ကြားယောင်လာသည်။

ပက်များ တစ်ခုခု ဖြစ်သွားလျှင်...

အဆောက်အအုံတွင်းပြော တယ်လီဖုန်း ခေါင်းလောင်း မြည်သည်။

"မော်တော်ကား ရောက်ပါပြီ အမတ်မင်း"

အောက်မှ တံခါးစောင့်က ပြောသည်။

"ကျေးဇူးပဲ... အခု ဆင်းခဲ့မယ်"

အရက် တစ်ဝက်၊ ကျန်နေသေးသည့် ဖန်ခွက်ကို ကောင်တာပေါ်မှာ တင်ထားခဲ့တာ အပေါ်ရုံအင်္ကျီ ယူရန် အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လှုပ်ရှားမှုများ အရှိန်မြန်နေသည်။
မိနစ်အနည်းငယ်အတွင်း ပက်နှင့် တွေ့ရတော့မည် မဟုတ်လား။

အိမ်ဖြူတော် ညစာ စားပွဲသို့ မြစိမ်းရောင်ဂါဝန် ဝတ်တက်ရန် ပက် ဆုံးဖြတ်လိုက်သည်။ ဇရိုနီကာ တိုက်တွန်းသောကြောင့် ဝယ်ဖြစ်ခဲ့ရာ ယခုတော့ အလောတော် ဖြစ်သွားလေသည်။

သူ့အဘွားထံမှ အမွေ ဆက်ခံရရှိသည့် မြလက်ဝတ်လက်စားများကို ဆင်လိုက်တော့ လိုက်ဖက်သွားလေသည်။

ဆမ်က သူ့ကို ကားနှင့် လာကြိုသည်။

"မင်းရုပ်က အမျိုးသမီးသတင်းထောက်နဲ့ မတူဘူး"

ဆမ်က ပြောသည်။

"ချီးကျူးတာလား ဟင်၊ ကျွမ်မ နားမလည်ဘူး"

ဟု ပက်က ပြန်မေးသည်။

ဆမ်ကို သူ လှည့်ကြည့်သည်။ အလွန်သပ်ရပ်စွာ ဝတ်ထားသည်။ ဝါရှင်တန်မြို့ရှိ အရည်အချင်း အရှိဆုံး လူပျိုလူလွတ်များထဲတွင် တစ်ယောက် အပါအဝင် ဖြစ်ကြောင်း အက်ဘီဂေးလ်က သူနှင့် ပတ်သက်ပြီး မှတ်ချက်ချဖူးသည်ကို ပြန်သတိရသည်။

"ချီးကျူးတာပါ၊ နောက်ထပ် ဖုန်းဆက်ပြီး ခြိမ်းခြောက်တာမျိုး လုပ်သေးသလား"

ဆမ်က တစ်ဆက်တည်း မေးသည်။

"မလုပ်ပါဘူး"

ရက်ဂက်ဒီအင်န် အရုပ်ကလေး အကြောင်းကို ဆမ်အား ပြောမပြရသေးချေ။ ယခုအချိန်မှာ ထိုအကြောင်း မပြောတော့ဖို့ သူ ဆုံးဖြတ်လိုက်သည်။

"တော်သေးတာပေါ့၊ မင်း ထုတ်လွှင့်မယ့် အစီအစဉ်ကြီး ပြီးသွားမှပဲ ကိုယ် စိတ်အေးနိုင်တော့မှာပဲ"

"ရှင် စိတ်အေးရမှာပါ"

အိမ်ဖြူတော်သို့ ကားစီးသွားရင်း ပက်၏ လုပ်ငန်းအကြောင်းနှင့် ဘာတွေ လုပ်နေသလဲဟု ဆမ်က မေးသည်။

"အလုပ် လုပ်နေရတာပေါ့"

ပက်က မဆိုင်းမတွ ပြန်ဖြေသည်။

"ကျွန်မ ရွေးတဲ့ အခန်းတွေကို လူသာပယ်လ်ဟာမ်းက သဘောတူလိုက်တယ်၊ တင်ဆက်ဖို့ အစီအစဉ်တွေ အားလုံး ရေးပြီးသွားပြီ။ ဆီနိတ်တာရဲ့ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်း ဘဝအကြောင်း ထည့်ဖို့ကို လူသာက အကျောက်အကန် ကန့်ကွက်နေတယ်၊ ဘယ်လိုမှ ပြောလို့မရဘူး၊ အမှန်ကတော့ ကျွန်မ တင်ဆက်ချင်တာက မှတ်တမ်းတင် အဖြစ်နဲ့ တင်ဆက်ချင်တာ၊ ဒါပေမဲ့ သူက အက်ဘီဂေးလ် ဘုန်းတော်ဘွဲ့ လုပ်ချင်နေတယ်၊ သတင်းစာပညာအရ ဘယ်လိုမှ လုပ်ဖို့ မကောင်းဘူး''

''အဲဒီတော့ မင်း ဘာမှ မတတ်နိုင်တော့ဘူးလား''

''အလုပ်က ထွက်ပစ်နိုင်တာပေါ့၊ ဒါပေမဲ့ အလုပ်ဝင်ပြီး တစ်ပတ်ကြာရုံနဲ့ အလုပ်ထွက်ဖို့ ဒီမြို့ကို ကျွန်မ လာတာ မဟုတ်ဘူး၊ ဒါကြောင့် စိတ်ကိုထိန်းပြီး အောင့်ခံနေရတယ်''

၁၈ လမ်းနှင့် ပင်စီဗေးနီးယား ရိပ်သာထောင့်သို့ သူတို့ မော်တော်ကား ရောက်လာသည်။

''ဆမ်… ဟိုတုန်းက ဒီထောင့်မှာ ဟိုတယ် ရှိခဲ့ဖူးလား ဟင်''

လမ်းထောင့်ကို ပြပြီး မက်က မေးသည်။

''ရှိတယ်၊ ရော်ဂျာစမစ်… တဲ့၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က သူတို့ ဖြိုချပစ်လိုက်ကြပြီ''

**ငါ ငယ်ငယ်လေးတုန်းက ဒီဟိုတယ်မှာ လုပ်ခဲ့တဲ့ ခရစ္စမတ် ပါတီတစ်ခု ကို တက်ခဲ့ဖူးတယ်။ အနီရောင် ကတ္တီပါ အင်္ကျီကလေးရယ်… အဖြူရောင် ဘောင်းဘီရယ်… အနက်ရောင် သားရေ ခြေညှပ်ဖိနပ်ကလေးရယ် စီးထားခဲ့တယ်။**

**အင်္ကျီပေါ်ကို ရေခဲမုန့်တွေ ဖိတ်ကျကုန်လို့ ငါ ငိုလိုက်ရတာ။ အဲဒီလိုဆိုတော့ ဒက်ဒီက– 'ကယ်ရီ… သမီးအပြစ်မှ မဟုတ်ဘဲကွယ်၊ မငိုပါနဲ့' လို့ ငါ့ကို ပြောခဲ့သေးတယ်။**

အိမ်ဖြူတော်၏ အရှေ့မြောက်ဘက် ဂိတ်ဝတွင် သူတို့ မော်တော်ကား ရပ်ပေးလိုက်ရသည်။ အစစ်ဆေးခံရန် မော်တော်ကားများ တန်းစီနေသည်။ လုံခြုံရေးအတွက် မော်တော်ကား တစ်စီးချင်းကို စစ်ဆေးသည်။

သူတို့အလှည့် ရောက်လာသည်။ လုံခြုံရေး တာဝန်ခံ အရာရှိက သူတို့ နာမည်ကို ဧည့်သည်စာရင်းနှင့် တိုက်ဆိုင် စစ်ဆေးကြည့်သည်။ အလွန်လေးစားသည့် အမူအရာဖြင့် ဆက်ဆံသည်။

အဆောက်အအုံထဲမှာ အလွန်ခမ်းနားစွာ ပြင်ဆင်ထားသည်။ ရေတပ် ဘင်ခရာတီးဝိုင်းက တေးသံစုံများကို တီးမှုတ် ဖျော်ဖြေနေသည်။

စားပွဲထိုးများက ရှမ်ပိန်အရက်များ တည်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်များထဲတွင် ပက် မှတ်မိနေသည့် မျက်နှာ အတော်များများကို တွေ့ရသည်။ ရုပ်ရှင်ဇာတ်လိုက် မင်းသား၊ မင်းသမီးများ၊ ဆီးနိတ်လွှတ်တော်နှင့် ကွန်ဂရက်လွှတ်တော်အမတ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နာမည်ကြီး ပုဂ္ဂိုလ် များ ပြဇာတ်ဒါရိုက်တာများ ဖြစ်သည်။

"အိမ်ဖြူတော်ကို အရင်တုန်းက မင်း ရောက်ဖူးသလား"

ဆမ်က မေးသည်။

"ဆယ့်ခြောက်နှစ်သမီး အရွယ်တုန်းက ကျောင်းက လေ့လာရေးအဖွဲ့နဲ့ တစ်ခါ ရောက်ဖူးတယ်"

ဆမ်က ပက်ကို တစ်နေရာသို့ ဆွဲခေါ်သွားသည်။

"လာ... ဝါရှင်တန်မှာ အလုပ် လုပ်တော့မယ်ဆိုရင် လူတချို့ကို သိထားရင် ကောင်းတယ်"

ခဏကြာတော့ ဆမ်က ပက်ကို သမ္မတကြီး၏ ပြန်ကြားရေးအရာရှိ ဘရိုင်ယင်ဆေလမ်နှင့် မိတ်ဆက်ပေးလေသည်။

ဘရိုင်ယင်ဆေလမ်မှာ ဝဝဖိုင့်ဖိုင့်နှင့် ခင်မင်ဖွယ်ရာကောင်းသူ တစ်ယောက် ဖြစ်လေသည်။

"ကျုပ်တို့ကို သတင်းစာ မျက်နှာဖုံးပေါ်ကနေပြီး ဖယ်ထုတ်ပစ်လိုက်ဖို့ ကြိုးစားနေပြီလား မစ္စထရေးမိုး"

ဘရိုင်ယင်ဆေလမ်က ပြုံးပြီး မေးသည်။

သည်အတိုင်းဆိုလျှင် သူ့အိမ် ဖောက်ထွင်းခံရသည့် အကြောင်းကို အိမ်ဖြူ တော်တွင်လည်း ပြောဆိုနေကြသည်မှာ သေချာသွားလေသည်။

"ရဲက သဲလွန်စ ရပြီတဲ့လား"

"ရဦးမယ် မထင်ပါဘူးရှင်၊ ရှုးကြောင်ကြောင် တစ်ယောက် အရူးထ သွားသို့ပဲ ကျွန်မတို့ အားလုံးက ထင်နေကြပါတယ်"

ပင်နီဆေလမ်ကမူ သေးသေးသွယ်သွယ် တောင့်တောင့်တင်းတင်း ဖြစ် သည်။ တောက်ပသော မျက်လုံးများ ရှိသည်။ အသက် လေးဆယ်ကျော်ရုံလောက် ရှိဦးမည်။

"သမ္မတကြီးဆီကို လာတဲ့ ခြိမ်းခြောက်စာတွေ မရေမတွက်နိုင်အောင် ရှိသည်း ဘရိုင်ယင် ဖတ်နေရတာပဲလေ"

"ဒီလိုပဲပေါ့၊ လူထုခေါင်းဆောင် ဆိုတာ အမြဲအန္တရာယ် ရှိနေတာ၊ ဒါတာပိုကြီးလေ အန္တရာယ် ပိုများလေပဲ၊ စိတ်ရှုးပေါက်တဲ့ လူတွေက ရန်ရှာချင် ကြတာ မဟုတ်လား၊ အက်ဘီဂေးလ်ဂျင်းနင်း ဆိုတာကလည်း နာမည်ကြီး တာလား၊ ဟော... သူ့အကြောင်း စကားတောင် မဆုံးသေးဘူး၊ သူ လာနေပြီ"

တစ်ဖက်သို့ လှည့်ကြည့်လိုက်ပြီး ဘရိုင်ယင်က ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အက်ဘီဂေးလ်ဂျင်းနင်းကို ကြည့်ကြပါဦး၊ မလှဘူးလား"

ထိုအချိန်ကလေးမှာပင် ခန်းမကြီးထဲသို့ အက်ဘီဂေးလ် ဝင်လာလေသည်။ အလွန်အမင်းကြီး ပြင်ဆင်ထားခြင်း မရှိပါ။ သို့သော်လည်း ထိုသို့ ရိုးရိုးလေး ပြင်ဆင်ထားခြင်းကပင် သူ့အလှကို ထင်းခနဲ ပေါ်လွင်စေသလို ဖြစ်နေသည်။

လူများနှင့် နှုတ်ဆက်သောအခါ သာသာကလေး ရယ်သည်။ အသက် ၈၀ ကျော် သံအမတ်ကြီးတစ်ယောက်နှင့် နှုတ်ဆက်သောအခါတွင် လိုအပ်သည်ထက် အချိန် ပိုကြာအောင် လက်ဆွဲနှုတ်ဆက်သည်။

အက်ဘီဂေးလ် ဝင်လာသောကြောင့် အခန်းထဲမှာ ရှိနေသည့် အခြား အမျိုးသမီးများ အရောင် မှေးမှိန်သွားသည်ဟုပင် ဆိုနိုင်ပါသည်။

အက်ဘီဂေးလ်သည် သူ ရောက်ရမည့် အချိန်ကို သေသေချာချာ ရွေးချယ် သတ်မှတ်ထားပုံ ရသည်။ သူ ရောက်ပြီး ခဏအကြာမှာပင် ဘင်ခရာ တီးဝိုင်းမှ သမ္မတကြီးအား ဂုဏ်ပြုသည့် ဂုဏ်ပြုတေးကို စတင် တီးမှုတ်တော့သည်။

သမ္မတကြီးနှင့် သမ္မတကတော်တို့ လှေကားမှ ဆင်းလာကြသည်။ သူတို့ နှင့်အတူ ဧည့်သည်တော် ကနေဒါဝန်ကြီးနှင့် ဇနီးတို့ ပါလာသည်။

ဂုဏ်ပြုတေး ဆုံးသွားသောအခါ ကနေဒါနိုင်ငံတော် သီချင်းကို တီးမှုတ် ပေးသည်။

သမ္မတကြီးနှင့် သမ္မတကတော်ကို နှုတ်ဆက်ရန် တန်းစီကြသည်။ သမ္မတကြီး နှင့် သမ္မတကတော် အနီးသို့ ပက်နှင့် ဆမ်တို့ ချဉ်းကပ်သွားသောအခါ ပက်မှာ ရင်တွေ ခုန်နေလေသည်။

သမ္မတကတော်မှာ ဓာတ်ပုံထဲမှာထက် ပို၍ဆွဲဆောင်မှု ရှိသည်ကို တွေ့ သည်။ မျက်နှာသွယ်သွယ်၊ နှုတ်ခမ်းထူထူနှင့် ဖြစ်သည်။ ဆံပင်များ အနည်းငယ် ဖြူစပြုနေပြီ။

သူ ကြီးလာလျှင် ရုပ်မြင်သံကြားဌာန တစ်ခုခုမှာ ဝင်ရောက် အလုပ်လုပ် ဖို့ ငယ်စဉ်က ရည်မှန်းချက် ရှိခဲ့ဖူးကြောင်း ပက်ကို သမ္မတကတော်က ပြောပြ သည်။ ပြီးတော့ သမ္မတကြီးကို မော့ကြည့်ရင်း တစ်ချက် ရယ်ကာ ဆက်ပြောသည်။

"ဒါပေမဲ့ကွယ်... ရုပ်မြင်သံကြား လွှင့်ထုတ်သူ ဖြစ်မလာဘဲ ယော ရှယ်ရှယ်နဲ့ အိမ်ထောင်ကျသွားတော့တာပါပဲ"

"ဟုတ်တယ်လေ... တခြားတစ်ယောက်ယောက် ဦးမသွားခင် ကိုယ်က ရအောင် ယူလိုက်ရတာ"

သမ္မတကြီးကလည်း အလိုက်သင့် ရယ်စရာ ပြောသည်။ ပြီးတော့

"ပက်... တွေ့ရတာ ဝမ်းသာပါတယ်" ဟု ဆက်ပြောသည်။

ကမ္ဘာပေါ်တွင် အာဏာအကြီးဆုံး ပုဂ္ဂိုလ်တစ်ယောက်နှင့် လက် နှုတ်ဆက်နေရကြောင်း အသိစိတ် ဝင်လာသောအခါ ပက်သည် အကြီးအကျယ် စိတ်လှုပ်ရှားနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့် ဝေးသွားသောအခါ ဆမ်က အကျိုးအကြောင်း ရှင်းပြသည်။

"တကယ် စိတ်ကောင်းရှိတဲ့ လင်မယား၊ သမ္မတကြီးကိုယ်တိုင်က ...တ်မြက်တယ်၊ သူ ဒုတိယသက်တမ်း ပြည့်တော့မယ် ဆိုတာကိုတောင် မယုံနိုင် ...ဘဲ၊ ငယ်ငယ်လေး ရှိသေးတယ်၊ ခြောက်ဆယ် မပြည့်သေးဘူး၊ သူ့ အသက် ...နေဦးမယ့် အချိန်တွေမှာ ဘာတွေလုပ်ပြီး အချိန်ဖြုန်းမယ်ဆိုတာ သိပ်စိတ်ဝင်စား ...ာ ကောင်းတယ်"

ပက်က သမ္မတကတော်ကို လေ့လာ အကဲခတ်နေသည်။

"သူ့အကြောင်း အစီအစဉ်လုပ်ပြီး လွှင့်ထုတ်ရရင် ကောင်းမှာပဲ၊ သူ့ ...ိုယ်သူ အင်မတန် ယုံကြည်ပုံ ရတယ်"

ပက်က ဆမ်ကို ပြောသည်။

"သူ့အဖေက အင်္ဂလန်ပြည်ဆိုင်ရာ အမေရိကန် သံအမတ်ကြီး၊ သူ့အဘိုး ...ာ ဒုတိယသမ္မတ၊ ပိုက်ဆံကလည်း မတရား ချမ်းသာတယ်၊ ဒီတော့လည်း သူ့ ...ိုယ်သူ ကောင်းကောင်းကြီး ယုံကြည်နေပြီပေါ့"

ထမင်းစားခန်းမကြီးထဲမှာ စားပွဲများကို သပ်ရပ်ညီညာစွာ ခင်းကျင်းထား ...ီး ရွှေရောင် အနားကွပ်ထားသော စားပွဲခင်း အစိမ်းများကို ခင်းထားသည်။ ...းပွဲတိုင်းတွင် နှင်းဆီပန်း အနီရဲရဲ ပန်းအိုးများ တင်ထားသည်။

"ကိုယ်တို့နှစ်ယောက် အတူတူ မထိုင်ရတဲ့အတွက် စိတ်မကောင်းပါဘူး၊ ...ါပေမဲ့ မင်း ထိုင်ရမယ့် စားပွဲက ကောင်းပါတယ်၊ အက်ဘီဂေးလ် ဘယ်လို ...းပွဲမျိုးမှာ ထိုင်ရတယ် ဆိုတာ သတိထား လေ့လာထား"

အက်ဘီဂေးလ်သည် သမ္မတကြီး စားပွဲတွင် နေရာရသည်။ သမ္မတကြီးနှင့် ...ည့်သည်တော် ဝန်ကြီးချုပ်တို့ကြားတွင် ထိုင်ရသည်။

"ကင်မရာများ ပါလာရင် ဘယ်လောက် ကောင်းလိုက်မလဲ နော်၊ ...ဒီပုံကို ရိုက်ထားရအောင်"

ပက်က မချင့်မရဲ ပြောသည်။

ပက်၏ စားပွဲတွင် တပ်ပေါင်းစုများ၏ သေနာပတိချုပ်၊ တက္ကသိုလ် ...ျောင်းအုပ်ကြီး တစ်ယောက်၊ ပူလစ်ဇာဆု ရထားသည့် ပြဇာတ်ရေးဆရာ၊ ...န်းတော်ကြီးတစ်ပါးနှင့် လင်ကွန်းစင်တာ ညွှန်ကြားရေးမှူးတို့ ထိုင်ကြရလေသည်။

ပက်က ပတ်ဝန်းကျင်ကို လှည့်အကဲခတ်သည်။ ဆမ် ဘယ်နေရာမှာ ...ိုင်နေရသည်ကို ရှာသည်။

ဆမ်လည်း သမ္မတကြီး၏ စားပွဲတွင် ထိုင်ရလေသည်။ ဆီနိတ်တာ ...က်ဘီဂေးလ်ဂျင်းနင်းနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်သည်။

သူတို့ချင်း တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ပြီး ပြုံးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ စစ်ခနဲ နာသွားသော ပက်သည် မျက်နှာကို တစ်ဖက်သို့ ကမန်းကတန်း လွှဲလိုက်ရလေသည်။

ညစာ စားပွဲ ပြီးဆုံးခါနီးတော့ ဒုတိယသမ္မတ၏ ကျန်းမာရေးအတွက် သူနှင့်အတူ ဆုတောင်းပေးပါရန် သမ္မတကြီးက ဧည့်သည်တော်များကို ဖိတ်ခေါ် လိုက်လေသည်။

"ဒုတိယသမ္မတကြီးဟာ ကျန်းမာနေတုန်းက တစ်နေ့ကို ၁၄ နာရီ အလုပ်လုပ်ခဲ့တဲ့ ထူးခြားသူ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ပါတယ်၊ သူ့ရဲ့ ကျန်းမာရေး ကိုတောင် ငဲ့ညှာနေသူ မဟုတ်ပါဘူး"

ဟု ထည့်သွင်း ပြောဆိုသွားသည်။

သမ္မတကြီး၏ ပြောစကားအရ ဒုတိယသမ္မတသည် သူ၏ တာဝန်ဝတ္တရား များကို ပြန်လည်ထမ်းဆောင်နိုင်ဖွယ်ရာ အကြောင်း မရှိတော့သည်ကို တက်ရောက် လာကြသူတိုင်းက ခန့်မှန်းလိုက်မိကြလေသည်။

မိနစ်ခွန်း ပြောပြီး ထိုင်ချလိုက်သောအခါ သမ္မတကြီးက အက်ဘီဂေးလ် ကို ကြည့်ပြီး ပြုံးလိုက်သည်ကို အားလုံး မြင်လိုက်ကြရလေသည်။

ထိုအမူအရာသည် တစ်စုံတစ်ရာကို ဆိုလိုကြောင်းလည်း အားလုံးက သဘောပေါက်လိုက်ကြလေသည်။

"ကဲ··· ဘယ်လိုလဲ၊ စိတ်ချမ်းသာရဲ့ မဟုတ်လား"

အပြန်လမ်းတွင် ဆမ်က ပက်ကို မေးသည်။ ပြီးတော့ သူကပဲ ဆက် ပြောသည်။

"မင်းတို့ စားပွဲမှာ ထိုင်နေတဲ့ ပြဇာတ်ရေးဆရာက မင်းကို အတော် စိတ်ဝင်စားနေပုံရတယ်၊ မင်း သူနဲ့ တွဲကတာ သုံးကြိမ်လား··· လေးကြိမ်လားပဲ ဟုတ်တယ်နော်"

"ရှင်က အက်ဘီဂေးလ်နဲ့ သွားတွဲကနေလို့ ကျွန်မကလည်း ကြိုရာနဲ့ ကရတာပါရှင်၊ ဆမ်··· သမ္မတကြီးရဲ့ စားပွဲမှာ ထိုင်ခွင့်ရတာ ဂုဏ်ယူစရာကြီးပဲ နော်"

"ဟုတ်တယ်၊ ဂုဏ်ယူစရာပဲ"

သူတို့နှစ်ယောက်ကြားမှာ ထူးဆန်းသော မလွှတ်လပ်မှု တစ်မျိုး ပေါ်ပေါက် လာသည်။

ထိုအချိန်ကလေးသည် ချက်ချင်း ဆိုသလိုပင် ပက်အဖို့ အလွန်ပြီးငွေ့စရာ ကောင်းသည့် အချိန်ကလေး ဖြစ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီး၏ ညစာစားပွဲသို့ တက်ရောက်ခွင့်ရအောင် စီစဉ်ပေးခြင်းသည် ဝါရှင်တန်ရှိ တွေ့သင့်တွေ့ထိုက်သူများနှင့် တွေ့ပေးရန်သက်သက်ပင် ဖြစ်လေသလားဟု ပက်က စဉ်းစားကြည့်သည်။

မိမိ၏ ဘဝတွင်းမှ သူ ထွက်ခွာမသွားမီ မိမိ နေသားတကျ ဖြစ်နေအောင် စီစဉ်ပေးနေခြင်းလားဟုလည်း စဉ်းစားစရာ ဖြစ်လာသည်။

အိမ်ပြန်ရောက်ပြီး တံခါးသော့ ဖွင့်နေခိုက်တွင် ဆမ်က ရပ်စောင့်နေသည်။ သို့သော်လည်း အရက်တစ်ခွက်လောက် ဝင်သောက်ဖို့ကိုတော့ သူ ငြင်းပယ်လိုက်လေသည်။

"မဝင်တော့ဘူး၊ မနက်ဖြန်ကျရင် ကိုယ် ခရီးရှည်ကြီး သွားရမယ်၊ မနက် ၆ နာရီ ထွက်မယ့် လေယာဉ်ပျံနဲ့ ပမ်းစပရိန်းကို သွားမလို့လေ၊ ကာရင်နဲ့ ဂျွမ် ဟိုတိုမှာ အနားယူနေတယ်၊ ခရစ္စမတ်ပွဲတော် ရုံးပိတ်ရက်မှာ မင်းရော ကျွန်းကော့ကို ပြန်မှာလား"

ဗရိုနီကာနှင့် ချားလ်စ်တို့ ခရီးထွက်နေကြကြောင်း ပြောမပြလိုတော့ပေ။

"ကျွန်မ မနားနိုင်ပါဘူး၊ ရုံးပိတ်ရက် တစ်လျှောက်လုံးမှာ အလုပ်လုပ်ရမယ်"

"အဲဒီလိုဆိုရင် မင်းရဲ့ ရုပ်မြင်သံကြား အထူးအစီအစဉ် ပြီးမှ ကိုယ်တို့နှစ်ယောက်တည်း နောက်ကျပွဲကလေး ကျင်းပကြမယ်၊ ပြီးတော့ အဲဒီအခါကျရင် မင်းကို ခရစ္စမတ် လက်ဆောင်ကလေးလည်း ပေးရဦးမယ်"

"ဒါဆို ဟန်ကျတာပေါ့"

ပက်က သူ့အသံကို ဆမ်၏ အသံကဲ့သို့ပင် မိတ်ဆွေချင်း ပြောသည့် ပုံမှန်အသံမျိုး ဖြစ်အောင် ကြိုးစားပြောသည်။ သူ့ရင်ထဲတွင် ဟာလာဟင်းလင်းကြီး ဖြစ်နေသည်ကို ရိပ်မိမသွားစေလိုပါ။

"မင်း အရမ်းချစ်စရာ ကောင်းတာပဲ ပက်၊ မင်း ဘယ်လောက် လှကြောင်း လူတွေ ပြောနေကြတာ ကိုယ် နားနဲ့ ဆတ်ဆတ် ကြားခဲ့ရတယ်"

"ကျွန်မနဲ့ သက်တူရွယ်တူတွေက ပြောတာပဲ ဖြစ်ပါလိမ့်မယ် ထင်တယ်၊ ဂွဒ်နိုက် ဆမ်"

ပက်က ပြောပြောဆိုဆို တံခါးကို တွန်းဖွင့်ကာ အတွင်းသို့ ဝင်သွားလေသည်။

"ဒါ ဘာလုပ်တာလဲ ပက်"

ဆမ်က အခန်းထဲသို့ ဝင်လိုက်သည်။ ပက်ကို သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။ ပက်၏ ပခုံးပေါ်မှ အနွေးထည်က အောက်သို့ လျှောကျသွားသည်။ ဆမ်က ပက်၏ ကိုယ်လုံးကို သူ့ဘက်သို့ ဆွဲယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပက်က သူ့လည်ပင်းကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်သည်။ သူ့ကုတ်အင်္ကျီ ကော်လာကို လက်ချောင်းကလေးများနှင့် စမ်းမိသည်။ ကော်လာ၏ အပေါ်နားတွင် သူ့ဇက်သားကို စမ်းမိသည်။ ဇက်သားများ အေးနေသည်။

ပြီးတော့ သန်မာသည့် ဆံပင်များထဲသို့ သူ့လက်ချောင်းများ ထိုးထည့်ကာ ဆုပ်လိမ်နေမိသည်။

သူ ကောင်းစွာ မှတ်မိနေသည့် ဆမ်၏ ကိုယ်သင်းနံ့များကို ရှူရှိုက်ရသည်။ သူ့ကိုယ်လုံးကို ဆမ် ပြန်ဖက်ထားကြောင်းလည်း သိနေသည်။

"အချစ်ရယ်... ရှင့်ကို ကျွန်မ အရမ်းချစ်ပါတယ်၊ အရမ်းလည်း လွမ်းရပါတယ်"

ပက်က လေသံကလေးဖြင့် ရေရွတ်နေမိသည်။

ထိုစကားလုံးများသည် ဆမ်၏ မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်သလို ဖြစ်သွားပုံရလေသည်။

ဆမ်က သူ့ကိုယ်လုံးကို ပြန်မတ်လိုက်သည်။ နောက်ဘက်သို့လည်း ခြေလှမ်းဆုတ်လိုက်သည်။

ပက်မှာ ကြက်သေ သေသွားလေသည်။ ဆမ်ကို ဖက်ထားသည့် လက်နှစ်ဖက် ပြုတ်ကျသွားသည်။

"ဆမ်..."

"ပက်... ကိုယ် စိတ်မကောင်းပါဘူးကွယ်"

ဆမ်က ကြိုးစားပြုံးသည်။

"မင်းဟာ သိပ်ကို ချစ်စရာကောင်းပါတယ်၊ သိပ်ကို လှပါတယ်။ မင်းအဖို့ တန်ဖိုးရှိတဲ့ အလှပဲ ဖြစ်ပါစေ"

သူတို့နှစ်ယောက် အတန်ကြာအောင် အပြန်အလှန် ငေးကြည့်နေကြသည်။ ထို့နောက် ဆမ်က ပက်၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"ကိုယ်က မင်းနဲ့ မတန်ပါဘူး ပက်၊ ဒီထက် ရေ့ကိုတိုးဖို့ မတော်ဘူး။ မင်း နစ်နာအောင် ကိုယ် မလုပ်သင့်ဘူး၊ မင်းဟာ သိပ်ကို ချောမောလှပတဲ့ မိန်းမငယ်လေးပါ၊ နောက် ၆ လလောက်အတွင်း မင်းဘေးမှာ မင်းနဲ့ သက်တူရွယ်တူ ယောကျ်ားလေးတွေ ဝိုင်းဝိုင်းလည်နေပါလိမ့်မယ်၊ သူတို့ဟာ မင်း ဖြစ်သင့်တဲ့ ရသင့်တဲ့ ဘဝကို တည်ဆောက်ပေးနိုင်တဲ့လူတွေ ဖြစ်လိမ့်မယ်၊ ကိုယ်ကတော့ ခေတ်ကုန်ပြီ၊ ဟုတ်တယ်... ကိုယ့်ခေတ် ကုန်သွားပြီ၊ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းက ကိုယ် ရှုံးတော့မလို့ သိသီလေး လိုတယ်၊ ကိုယ်နဲ့ ပြိုင်ဘက်က ဘာမြေပြင်သလဲ၊ သွေးသစ်လောင်းချိန် တန်ပြီတဲ့၊ ဆမ်ကင်စလေဟာ ဒီနယ်က အမတ် ဖြစ်နေတာ အချိန်တွေ သိပ်ကြာလွန်းသွားပြီတဲ့၊ ခေတ်ရေစီးကြောင်းထဲမှာ သူ

နေပြီ၊ အမှန်တကယ် သူတို့ လိုအပ်နေတာတွေကို ကိုယ်တို့ လုပ်ပေးရတော့

"ဒီတော့ အဲဒါကို ရှင် ယုံသွားပြီပေါ့လေ"
"ယုံတယ်၊ ဘာကြောင့်လဲ ဆိုတော့ မှန်နေလို့ပဲ၊ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်
မှာ ကိုယ်ဟာ အခွံကြီး ဖြစ်သွားပြီ၊ ဘာအဆံမှ မရှိတော့အောင် ဂျင်းနစ်က
သွားပြီ၊ ကိုယ်ဟာ ဘာတန်ဖိုးမှ မရှိတော့ဘူး၊ ဒါကြောင့် ဟိုတစ်ခါ မှားခဲ့သလို
ဘဝ နစ်နာအောင် ကိုယ် ဘာမှ မလုပ်နိုင်တော့ဘူး ပက်"
"ကျွန်မကို ရှင် ရှောင်ပြေးနေတဲ့အတွက် ကျွန်မဘဝ ဘယ်လောက်
နေရတယ် ဆိုတာကိုတော့ ရှင် စွေးမကြည့်ဘူးလား ဆမ်"
အပြန်အလှန် ငေးကြည့်နေကြပြန်သည်။ သို့သော်လည်း သူတို့ မပျော်ပါ။
"အဲဒီလိုလည်း မယုံချင်ဘူး၊ ကိုယ့်ကိုယ်ကိုယ်လည်း ယုံခွင့် မပေးနိုင်ဘူး"
ပြီးတော့ သူ ထွက်သွားလေတော့သည်။

□

www.burmeseclassic.com

## [ ၁၅ ]

ယခုတစ်လော ဂလိုရီ အချိုးပြောင်းနေသည်။ မနက်ဆိုလျှင် ဆံပင်ကို သေသေချာချာ ဖြီးသည်။ အဝတ်အစား အသစ်တွေ ဝယ်သည်။ အရောင်တွေ စုံလှသည်။ ပုံတွေ ဆန်းလှသည်။

ယခု ရက်ပိုင်းအတွင်းမှာပင် နားကပ်အသစ် နှစ်ရန် ဝယ်သည်။ သူ နားကပ် ပန်သည်ကို အာသာ ဘယ်တုန်းကမှ မမြင်ဖူးခဲ့။

ယခုကျတော့ သူ့အချိုးတွေ ပြောင်းချင်တိုင်း ပြောင်းနေသည်။

သူ့ဖို့ နေ့လယ်စာ မလုပ်ဖို့နှင့် အပြင်မှာ စားမည်ဖြစ်ကြောင်းလည်း နေ့တိုင်း ပြောလာသည်။

“မင်းဘာသာမင်း စားမှာလား”

အာသာက မေးကြည့်သည်။

“မဟုတ်ပါဘူး ဖေဖေ”

“အိုပါးလ်နဲ့အတူ စားမှာလား”

“ကျွန်မ အပြင်မှာ စားမှာပါ”

စိတ်မရှည်သည့် အသံများ ပါနေသည်။ သည်လို လေသံမျိုးကို ဘယ်တုန်းကမှ မကြားခဲ့ဖူးချေ။

သူ့အလုပ်အကြောင်းကိုလည်း နည်းနည်းလေးမှ နားမထောင်ချင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူစက် တပ်ဆင်ပေးသော်လည်း အဘွားကြီး မစ္စက်ဂေးလ်...စ်ဝိုင်းသည် အရမ်းချောင်းဆိုးပြီး ဝေဒနာကို ကြီးစွာ ခံစားနေရသည့် အကြောင်း ...နှစ်ကြိမ်တိုင် ကြိုးစား ပြောပြသည်။

သို့သော်လည်း ဂလိုရီက နားထောင်ဖို့ ငြင်းနေသည်။

အခါတိုင်းကတော့ သူ့လူနာများ ဝေဒနာကို မည်သို့မည်ပုံ ဆိုးရွားစွာ ...ရကြောင်း ပြောပြလျှင် ဂလိုရီသည် သနားကြင်နာသော မျက်နှာကလေးဖြင့် ...ပါဝင်စားစွာ နားထောင်ခဲ့လေသည်။

ရောဂါ သိပ်သည်းပြီး မချိမဆံ့ ဖြစ်နေသူများကို ကောင်းကင်တမန်၏ ... ကြင်နာမှုကို ခံယူစေကြောင်း ပြောပြသည့်အခါများတွင်လည်း ဂလိုရီကပါ ... တစ်သဘောတည်း ရှိခဲ့လေသည်။

ယခု ဂလိုရီ အချိုးပြောင်းနေသည်။

မစ္စက်ဂေးလက်စ်ဝိုင်းကို ဘုရားသခင်ထံသို့ ပို့ပေးတုန်းကလည်း ဂလိုရီ ...ကြောင်းကို စဉ်းစားနေမိသဖြင့် အလုပ်ထဲမှာ ရာနှုန်းပြည့် သူ စိတ်မဝင်စားခဲ့ ...

မစ္စဂေးလက်စ်ဝိုင်း အိပ်ပျော်နေသည်ဟု သူ ထင်ခဲ့သည်။

သို့သော်လည်း အသက်ရှူစက် ပလပ်ကို ဆွဲဖြုတ်လိုက်ပြီး မစ္စက်ဂေးလက်စ်ဝိုင်း ...တွက် ဆုတောင်းပေးသည့် အချိန်မှာပင် အဘွားကြီးက မျက်လုံး ဖွင့်ကြည့် ...သည်။

သူ ဘာလုပ်ကြောင်း အဘွားကြီး သဘောပေါက် နားလည်သွားသည်။ ...ယ်သည့် မေးစေ့ကလေး ရှုံ့တွသွားသည်။ ပြီးတော့ လေသံကလေးနှင့် ...ပြောသည်။

"မလုပ်ပါနဲ့... မလုပ်ပါနဲ့... ဘုရားသခင် ကယ်တော်မူပါ"

အဘွားကြီး၏ မျက်လုံးအစုံထဲက အမူအရာကို သူ သေသေချာချာ ...ကြည့်ပြီး အကဲခတ်နေသည်။ အထိတ်တလန့် ဖြစ်နေသော မျက်လုံးများသည် ...ကိုမှ မခံစားရတော့သော မှန်သားပြင် အဖြစ်သို့ ပြောင်းလဲသွားလေသည်။

နောက်ပြီးတော့ မစ္စက်ဂေးလက်စ်ဝိုင်း၏ အခန်းထဲမှ သူ ထွက်သွားသည် ... ဓွေက်ဟားနစ်က မြင်လိုက်ရသည်။

မစ္စက်ဂေးလက်စ်ဝိုင်း အသက်ပျောက်နေသည်ကို ပထမဆုံး မြင်တွေ့ ...မှာ သူနာပြုဆရာမ ရှီးဟန်း ဖြစ်သည်။

မစ္စက်ဂေးလက်စ်ဝိုင်း ရိုးရိုးသားသား သေဆုံးသွားရခြင်း ဖြစ်သည်ဟု ... လုံးဝလက်မခံပေ။

ထို့ကြောင့် အသက်ရှူစက်ကို စစ်ဆေးခိုင်းသည်။ ဘာချို့ယွင်းချက်မှ ...။ အကောင်းပကတိ အခြေအနေမှာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မစ္စက်ဟားနစ်နှင့် သူနာပြုဆရာမ ရှီးဟန်း သွားတွေ့သည်။ မစ္စက်ဟားနစ် အရမ်း စိတ်လှုပ်ရှားနေသည်။ မစ္စက်ဂေးလက်စ်ပိုင်း၏ အခန်းကို... လုက်ညှိုး တထိုးထိုး လုပ်နေသည်။

လူအိုရုံမှာ သူနာပြုဆရာမ ရှီးဟန်းက လွဲလျှင် အားလုံး သူ့ကို သဘော... ကြပါသည်။ ရှီးဟန်းကတော့ သူ့ကို အမြဲတမ်း အပြစ်မြင်နေသည်။ အမြဲတမ်း... ဆူပူကြိမ်းမောင်းနေသည်။

"ကျွန်မတို့မှာ ဘုန်းတော်ကြီးတွေ ရှိတယ်၊ လူနာတွေကို ရှင် သွား... တရားဟောစရာ ဘာအကြောင်းမှ မရှိဘူး"

ထိုနေ့တုန်းက သူနာပြုဆရာမ ရှီးဟန်း တာဝန်ကျသည့်နေ့ ဖြစ်သည်... သူ မသိ။ သိလျှင် မစ္စက်ဂေးလက်စ်ပိုင်း အနားသို့ သူ ကပ်မည် မဟုတ်ပါ...

ဆီးနိတ်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျင်းနင်းအကြောင်း ရုပ်မြင်သံကြား... မှ တင်ဆက်မည့် ကိစ္စနှင့် ပတ်သက်၍ တစ်ချိန်လုံး သူ ပူပင်သောက ရောက်... ရလေသည်။

ထို့ကြောင့်လည်း တစ်ခုခုကို အာရုံ မစူးစိုက်နိုင်အောင် ဖြစ်နေသည်... စိတ်ကို တည်တည်ငြိမ်ငြိမ် ထားပြီး အလုပ် မလုပ်နိုင်အောင် ဖြစ်နေသည်။

အက်ဘီဂေးလ်ဂျင်းနင်း၏ အစီအစဉ်ကို မထုတ်လွှင့်ဖို့ ပက်ထရီရှာထ... ကို သူ လေးကြိမ်တိုင်တိုင် သတိပေးပြီး ဖြစ်သည်။

ငါးကြိမ်မြောက် သတိပေးခြင်း ဆိုသည်မှာ မည်သည့်နည်းနှင့်မှ ... တော့မည် မဟုတ်ချေ။

ပက်သည် ဘယ်လို ကြိုးစားလို့မှ အိပ်မပျော်တော့ပေ။ အိပ်ရာပေါ်မှာ ဘယ်... လူးလိမ့် ဖြစ်နေသည်။

စာအုပ်တစ်အုပ်ကို လှမ်းဆွဲပြီး ဖတ်ဖို့ ကြိုးစားသည်။ သို့သော်... စာအုပ်ထဲမှာ အာရုံဝင်စား၍ လုံးဝမရ။ နောက်ဆုံးတော့ ထိုကြိုးစားချက်ကို... လက်လျှော့လိုက်ရသည်။

သန်းခေါင်ကျော် ၁ နာရီထိုးတော့ မျက်လုံးကို သူ မှိတ်ထား... သို့သော် အိပ်မပျော်။

၃ နာရီထိုးတော့ အောက်ထပ် ဆင်းသည်။ နွားနို့ နွေးသည်။ တံခါး... နားမှ ခန်းမီးများကို သူ ဖွင့်ထားသည်။ လှေကားနားကတော့ မှောင်နေ...

လက်တန်းကို ကိုင်ပြီး တစ်ဆစ်ချိုး လှေကားထစ်များအတိုင်း သူ... ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်မှာ ရှိနေသည့် လူများ မမြင်အောင် လှေကားထစ်များအပေါ်တွင် သူ ထိုင်နေလေ့ ရှိခဲ့သည်။ ပြီးတော့ အသာကလေး ကွယ်ပြီး အောက်ထပ်မှ လူများကို ချောင်းကြည့်သည်။ ထိုစဉ်က ပန်းပွင့်ကလေးများ ထိုးထားသည့် အပြာရောင် ညဝတ်အင်္ကျီကလေးကို ငါ ဝတ်ထားခဲ့သည်။ ဟုတ်သည်… ပြီးတော့ အဲဒီညက သည်နေရာမှာ ငါ ထိုင်နေခဲ့သည်… ပြီးတော့ ငါ အရမ်းကြောက်နေသည်။ ထို့ကြောင့် အိပ်ရာထဲသို့ ငါ ပြန်သွားခဲ့သည်…

အဲဒီနောက်ရော…

"ငါ မသိဘူး၊ ငါ ဘာမှ မသိတော့ဘူး"

အသံထွက်ပြီး သူ တအား အော်ပစ်လိုက်မိသည်။

နွားနို့တစ်ခွက် သောက်သည်။ သို့သော်လည်း သူ အိပ်ပျော်သွားအောင် ထိုနွားနို့က မတတ်နိုင်ပါ။

မနက် ၄ နာရီထိုးတော့ အောက်သို့ တစ်ခေါက် ပြန်ဆင်းသွားပြန်သည်။ ပြီးစီးသလောက် ဖြစ်နေသော ဇာတ်လမ်းအစီအစဉ် စာရွက်များကို ယူကြည့်သည်။

သူ တင်ဆက်မည့် အစီအစဉ်ကို သူနှင့် ဆီနိတ်တာ အက်ဘီဂေးလ်ဂျင်းနင်းတို့ စတူဒီယိုထဲမှာ အတူ ထိုင်နေသည့် အခန်းဖြင့် စဖွင့်မည်။ နောက်ခံတွင် အက်ဘီဂေးလ်နှင့် ဝေးလတ်ဂျင်းနင်းတို့ မင်္ဂလာဆောင်ခဲ့ပွဲ ဓာတ်ပုံကြီးကို ချဲ့ပြီး ချိတ်ဆွဲထားရမည်။

ဝေးလတ်၏ မိခင် မစ္စက်စတူးဝပ်ဂျင်းနင်းကိုတော့ ပုံထဲကနေ ဖယ်ထုတ်ထားလိုက်သည်။

မင်္ဂလာဆောင်ခဲ့ပွဲ မှတ်တမ်းရုပ်ရှင်ကို ပြမည်။ ထိုသို့ ပြနေခိုက် အက်ဘီဂေးလ်က ရက်ကလစ်တက္ကသိုလ်မှာ သူ တက်နေတုန်း ဝေးလတ်နှင့် မည်သို့မည်ပုံ တွေ့ဆုံခဲ့ကြပုံကို ပြောပြနေရမည်။

ကွန်ဂရက်လွှတ်တော်အမတ် ရွေးကောက်ပွဲ ဝင်စဉ်က အက်ဘီဂေးလ်နှင့် အတူ မဲဆွယ်ခဲ့ကြသည်များကို ပြရမည်။ ထိုသို့ နိုင်ငံရေးထဲမှာ ရောပါလာရင်း တဖြည်းဖြည်း ပိုမိုစိတ်ဝင်စားခဲ့ပုံများကို အက်ဘီဂေးလ်က ပြောပြနေရမည်။

ဝေးလတ်၏ ၃၅ နှစ်မြောက် မွေးနေ့ပွဲသည် ဇာတ်ရှိန် တက်စေမည့် အခမ်းအနား ဖြစ်သည်။ ကနေဒီ မိသားစုနှင့် သူတို့ တပူးတွဲတွဲ ရှိလာကြသောကြောင့် ဖြစ်သည်။

ထို့နောက် ဝေးလတ်၏ အသုဘ အခမ်းအနား။

အက်ဘီဂေးလ်ကို ဂျက်ကနေဒီက တွဲယူ ခေါ်ဆောင်လာသည့် အခန်း။ သို့သော်လည်း သီးခြား ကားတစ်စီးဖြင့် ဝေးလတ်၏ မိခင် ရောက်လာသည့် အခန်းကိုတော့ ဖြတ်ထုတ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဝတ်စုံနက်ကို ဝတ်ဆင်ပြီး ညှိုးငယ်သော မျက်နှာ အမူအရာနှင့် ကွန်ဂရက်လွှတ်တော်အမတ်အဖြစ် အက်ဘီဂေးလ်ဂျင်းနင်း ကျမ်းသစ္စာ ကျိန်ဆိုပုံ…။

ထိုအခန်းများ ပြီးတော့ ရွေးကောက်ပွဲ ရန်ပုံငွေ အခိုးခံရမှုနှင့် လေယာဉ်ပျံများ ပျက်ကျမှု နည်းပါးရေးနှင့် ပပျောက်ရေးအတွက် အက်ဘီဂေးလ်၏ မိန့်ခွန်းများ… အစစ်ခံချက်များ… ကြားနာမှုများ… ။

*ထိုအခန်းများကို ပက်က စိတ်တိုင်းမကျလှ။ ဟန်လုပ်နေသော အခန်းများ* ဖြစ်သည်ဟု သူ ထင်သည်။

အယ်လီနှာဘရောင်း၏ ထိတ်လန့် ကြောက်ရွံ့နေသော မျက်နှာကလေးကို မကြည့်ရက်အောင် ဖြစ်နေမိသည်။ ထို့ပြင်လောက် ကြောက်လန့်နေသည့် မိန်းကလေးက ဒေါ်လာ ခုနစ်သောင်းခွဲကို မည်သို့ ခိုးယူမည်နည်း။

နောက်ပြီး အက်ဘီဂေးလ်က သူ့ယောက်ျား သေဆုံးရခြင်းသည် လေယာဉ်မှုးကြောင့်ဟု ဆိုကာ လေယာဉ်မှုးအပေါ်သို့ အားလုံး ပုံချလိုက်သည်။

လေယာဉ်ပျက်ကျရာတွင် ထိုလေယာဉ်မှုး ကိုယ်တိုင်လည်း ပါဝင်ပြီး အသက် ဆုံးရှုံးခဲ့ရသည်ကို ပက်က အလေးအနက် ထည့်သွင်း စဉ်းစားသည်။

သို့သော်လည်း ထိုအခန်းများ ပြောင်းလဲပစ်ရန် လူသာပယ်လ်ဟမ်းကို ဘယ်လိုမှ နားချ၍ ရနိုင်မည် မဟုတ်ကြောင်းကို ပက် ကောင်းကောင်း သိနေသည်။

ခရစ္စမတ်ပြီး နောက်တစ်နေ့တွင် အက်ဘီဂေးလ်ကို သူ၏ ရုံးခန်းထဲမှာ သူတို့ တီဗီရိုက်ကြမည် ဖြစ်သည်။ သူ့အမှုထမ်းများနှင့် အထူးတလည် ရွေးချယ်ထားသော ဧည့်သည်အချို့ ပါဝင်မည်။

လွှတ်တော်အစည်းအဝေးများ ရပ်ဆိုင်းထားသောကြောင့် တီဗီရိုက်ရန် ခရီးတွင်မည် ဖြစ်ပါသည်။

အက်ဘီဂေးလ်နှင့် သူ့မိတ်ဆွေအချို့ကို အက်ပယ်လ်ဂျန်းရှင်းမြို့ မြင်ကွင်းနှင့် ရိုက်ဖို့လောက်တော့ လူသာပယ်လ်ဟမ်းက သဘောတူသည်။ နည်းနည်းတော့ တော်သေးသည်ဟု ဆိုရမည်။

အက်ဘီဂေးလ် ကိုယ်တိုင် ပြင်ဆင်သည့် ကိုယ်တိုင် ယူစား ဟင်းစားပွဲ ပါဝင်သော ခရစ္စမတ် ညစာစားပွဲတစ်ခု လုပ်ဖို့၊ ဝါရှင်တန်မြို့ပေါ်ရှိ ထင်ရှားသူအချို့နှင့် ခရစ္စမတ်ပွဲတော်တွင် မိသားစုနှင့် ပြန်မတွေ့နိုင်ကြသော အက်ဘီဂေးလ်၏ ရုံးမှ အမှုထမ်းများကို ဖိတ်ဖို့ ပက်က အကြံပေးသည်။ ထိုအကြံပေးချက်ကိုလည်း လက်ခံလိုက်ကြသည်။

နောက်ဆုံး အခန်းသည် အက်ဘီဂေးလ် ရုံးမှ အိမ်သို့ ပြန်လာသည့်အခန်း ဖြစ်သည်။ ညနေ နေဝင်ရီတရော အချိန်တွင် အတက်ချီကော့စ်ကို ရှိုင်းကြားညှပ်ပြီး ပြန်လာရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းဖြင့် ဓာတ်သိမ်း…။

ပြီးတော့ ပက်၏ အသံဖြင့်…

"အမေရိကန်ပြည်ထောင်စုအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ သန်းပေါင်းများစွာသော အခြား အရွယ်ရောက်ပြီးသူ လူလွတ်များလိုပဲ ဆီးနိတ်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျင်းနင်းဟာလည်း သူ့ရဲ့ မိသားစု၊ သူ့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ သူ့ရဲ့ အပန်းဖြေ နားနေချိန်များကို ရရှိခံစားနေပါပြီ၊ အဲဒါတွေကို ဆီးနိတ်တာ ဘယ်မှာ တွေ့သလဲဆိုရင် သူ့အလုပ်ထဲမှာပဲ တွေ့ရှိ ခံစားနေရတာ ဖြစ်ပါတယ် ရှင်"

ထိုစကားလုံးများကို ပက်အတွက် လူသာက ရေးပေးသည်။ ထိုစကားလုံးများဖြင့် အထူးတင်ဆက်မှုကို အဆုံးသတ်မည် ဖြစ်သည်။

မနက် ၈ နာရီထိုးတော့ ပက်က လူသာကို ဖုန်းလှမ်းဆက်သည်။ ဆီးနိတ်တာ၏ ငယ်ငယ် ဘဝအကြောင်းများ ထည့်သွင်း ထုတ်လွှင့်ခွင့် ပေးဖို့ ဆီးနိတ်တာကို ထပ်နှုးရန် တိုက်တွန်းသည်။

"အခုအတိုင်းဆိုရင် အစီအစဉ်ကြီးက ခြောက်ကပ်ကပ်ကြီး ဖြစ်နေတယ်၊ လွှင့်ရမှာက မိနစ် ၃၀ တောင်၊ လူတွေ ပျင်းကုန်ကြလိမ့်မယ်"

"မှတ်တမ်းရုပ်ရှင်တွေ အားလုံး မင်း ကြည့်ပြီးပြီလား"

လူသာက ဖြတ်မေးသည်။

"ကြည့်ပြီးပါပြီ"

"ဓာတ်ပုံက နည်းနည်းလေးရယ်"

"နောက်ထပ် ဓာတ်ပုံတွေ ရနိုင်ဦးမလား ဆိုတာ ဖုန်းဆက်ပြီး မေးကြည့်မယ်၊ နေ နေ… ကျုပ်ပဲ ဆက်လိုက်မယ်၊ အခုအချိန်မှာတော့ မင်းဟာ ဆီးနိတ်တာ ဆိုသဘောမကျတဲ့ စာရင်းထဲကို ရောက်နေပြီ"

နောက် ၄၅ မိနစ်လောက် ကြာတော့ ဖီးလစ် ဖုန်းလှမ်းဆက်သည်။ နေ့ခင်းလောက် ကျလျှင် တိုဘီကို လွှတ်ပြီး ဓာတ်ပုံများ ပို့ပေးမည် ဖြစ်ကြောင်း၊ ထိုအထဲတွင် ဖိတ်ဝင်စားမည့် ပုံများ ပါမည်ဟု ဆီးနိတ်တာက ယုံကြည်ကြောင်းဖြင့် ပက်ကို ပြောသည်။

ပက်မှာ စိတ်မငြိမ်နိုင်အောင် ဖြစ်နေသည်။ စာကြည့်ခန်းထဲသို့ သူ ဝင်သွားပြန်သည်။ ဘူးကြီး တစ်ဘူးကို စားပွဲအောက်သို့ သူ ထိုးကြိတ်သွင်းထားသည်။ ထိုဘူးကြီးထဲမှာ အရုပ်ကလေး ရှိသည်။

သူ့အဖေနှင့် ပတ်သက်သည့် အထောက်အထားများကို သူ မွှေနှောက်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘူးထဲမှ ရက်ဂက်ဒီအင်န် အရုပ်ကလေးကို ထုတ်မိသောအခါ ပြတင်းပေါက်နားသို့ ယူသွားမိသည်။ အပြင်မှ အလင်းရောင်ဖြင့် သေသေချာချာ စစ်ဆေးကြည့်ရှုသည်။

သနားစရာကောင်းသည့် အမူအရာမျိုး ဖြစ်အောင် တတ်ကျွမ်းသူတစ်ယောက်က ဆေးခြယ်ပေးထားခြင်း ဖြစ်သည်။ တကယ်လည်း သနားစရာကောင်းသည့် အရုပ်ကလေး ဖြစ်နေသည်။

ငါနဲ့ တူအောင်များ လုပ်ထားသလား…ဟု ပက်က တွေးသည်။

အရုပ်ကလေးကို ဘေးမှာချပြီး ဘူးထဲက အထုပ်များကို စတင်ဖြေသည်။

သူ့အဖေနှင့် အမေ၏ ဓာတ်ပုံများ… စာများ… စာရွက်များ… ဓာတ်ပုံအယ်လ်ဘမ်များ ထွက်လာသည်။

ထိုပစ္စည်းများကို မွှေနှောက်ရင်း သူ့လက်မှာ ဖုန်များဖြင့် ညစ်ပတ်လာသည်။

ကော်ဇောပေါ်မှာ ဖင်ချပြီး တင်ပျဉ်ခွေ ထိုင်သည်။ ပြီးတော့ ဘူးထဲမှ ပစ္စည်းများကို စိမ်ပြေနပြေ တစ်ခုချင်း စစ်ဆေးကြည့်လေတော့သည်။

ကျောင်းက ပေးသည့် ဒင်းအဒမ်စ်အတွက် ပညာရည် အစီရင်ခံစာကတ်ပြားများ ထွက်လာသည်။ လအလိုက်၊ နှစ်အလိုက် စနစ်တကျ သိမ်းထားသည်။ စာမေးပွဲများတွင် ရသည့် အမှတ်များက ကောင်းလှသည်။ ရာပြည့်အမှတ်များချည်းလိုလို ဖြစ်နေသည်ကို တွေ့ရသည်။

သူ့အဖေသည် မေးလ်ဝေါကီးမြို့မှ မိုင် ၅၀ လောက် ဝေးသည့် ယာတောထဲက အိမ်ခပ်သေးသေးတစ်လုံးမှာ နေထိုင်ရသူ ဖြစ်လေသည်။

သူ့မိဘများနှင့် ရိုက်ထားသည့် ဓာတ်ပုံများ ထွက်လာသည်။ ငါ့အဘိုးနဲ့ ငါ့အဘွားပါလား… ဟု ပက်က တွေးမိသည်။ သို့သော်လည်း သူ့အဘိုး အဘွားများ၏ အမည်ကို သူ မသိပါ။

ဓာတ်ပုံတစ်ပုံ၏ နောက်ကျောတွင်- 'အိုင်းရင်းနှင့် ဝီလ်ဆင်ကို ဒင်းနှင့်အတူ တွေ့ရစဉ်၊ ဒင်း ၆ လသား' ဟူသော စာကြောင်းကလေး ရေးထားသည်ကို တွေ့ရသည်။

စာအိတ်များ စုစည်းထားသည့် အထုပ်ကို ကောက်ယူသည်။ ပတ်ထားသည့် သားရေကွင်း ပြတ်သွားပြီး ကော်ဇောပေါ်မှာ စာများ ပြန့်ကျဲကုန်သည်။ ကမန်းကတန်း ပြန်လိုက်ကောက်ပြီး စုသည်။

စာတစ်စောင်က ထူးထူးခြားခြား သူ့မျက်လုံးကို ဖမ်းယူထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သော မေမေ...

ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဘွဲ့ရအောင်၊ ပြီးတော့ ဥပဒေဘွဲ့ ပါ ရအောင် မေမေ အရာရာကို စွန့်လွှတ်၊ အစစ အနစ်နာခံပြီး နှစ်ပေါင်း များစွာ ကြာအောင် ဒုက္ခခံခဲ့တဲ့အတွက် ကျွန်တော် ပြောစရာဆိုလို့ 'ကျေးဇူးတင်ပါတယ်' ဆိုတဲ့ စကားတစ်ခွန်းပဲ ရှိပါတော့တယ် မေမေ။

မေမေ အဝတ်အစားသစ် မဝယ်ဘဲ ရှိတာလေးတွေကိုပဲ ဖြစ်သလို ဝတ်ခဲ့တာတွေ တခြား အမျိုးသမီးတွေလို အပြင်မထွက်ဘဲ အိမ်တွင်းပုန်း လုပ်ပြီး မြိုးခြိုခဲ့တာတွေ အားလုံးကို ကျွန်တော် သိပါတယ်။ ဖေဖေ့လို ဖြစ်ရအောင် ကြိုးစားပါ့မယ်လို့ ဟိုတုန်းကတည်းက ကျွန်တော် ကတိ ပေးထားခဲ့တယ် မဟုတ်လား။ ကတိတည်ရပါစေမယ် မေမေ။ မေမေ့ကို ကျွန်တော် ချစ်တယ်။

နောက်ပြီးတော့ ဆရာဝန်ဆီကို သွားဖို့ သတိရပါ မေမေ။ ကျွန်တော် တောင်းပန်ပါတယ်။ မေမေ့ ချောင်းဆိုးရောဂါဟာ သိပ်ကို ဆိုးလာနေပြီ။

မေမေရဲ့ ချစ်သော သား...

ခင်...

အိုင်းရင်းဝဏ္ဏာအဒမ်စ်၏ နာရေးကြော်ငြာကလေးကို ထိုစာ၏ အောက်မှာ ...ထားသည်ကို တွေ့ရသည်။ ထိုစာ ရပြီး နောက် ၆ လ အကြာတွင် ကွယ်လွန် ...ခြင်း ဖြစ်လေသည်။

ပက်၏ မျက်လုံးအိမ်ထဲမှာ မျက်ရည်များ ပြည့်လာသည်။ မြင်ကွင်းများ ...သွားသည်။ အမေကို ဘယ်လောက် ချစ်ကြောင်း မရှက်မကြောက် ဖော်ထုတ် ...ရဲ့သူသည် သူ့အဖေ ဖြစ်လေသည်။

သည်လို အချစ်ကြီးတတ်သော သူ့အဖေအကြောင်း အချို့အဝက်ကို သူ ပြန်မှတ်မိသည်။ ဖေဖေ အိမ်ပြန်လာသောအခါ ဖေဖေနှင့် လက်ချင်း ချိတ်ပြီး ဝမ်းသာအားရ သူ အော်ရယ်ခဲ့သည်။

ဒက်ဒီ... ဒက်ဒီ..

အဖေက သူ့ကို လေထဲသို့ မြှောက်သည်။ ပြီးတော့ အလွန်သေချာ သော သန်မာသည့် လက်များဖြင့် ပြန်ဖမ်းယူသည်။

အိမ်ဝင်းထဲက မော်တော်ကားလမ်းပေါ်မှာ သုံးဘီးစက်ဘီးကလေး သူ စီးခဲ့သည်။ စက်ဘီးကလေး မှောက်သွားသည်။

ဒူးပြဲသွားသည်... အဖေ့အသံကို ကြားရသည်... 'မနာဘူး ကယ်ရီ... မနာပါဘူး၊ နောက်ဆိုရင် ဒီနေရာလေး ရှင်းပေးထားမယ် နော်... သမီးလေးက ဘာရေခဲမုန့် စားမလဲ'

www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါင်းလောင်း မြည်သည်။ စာများနှင့် ဓာတ်ပုံများကို စုကိုင်ရင်း မတ်တတ် ထရပ်သည်။ စာအချို့နှင့် ဓာတ်ပုံအချို့ လက်ထဲမှ လွတ်ကျသွားသည်။ အားလုံးကို လုံးထွေးကာ ဘူးထဲသို့ ပြန်ထည့်သည်။

အခန်းထဲက ထွက်ဖို့ ဟန်ပြင်သည်။ သူ့မိဘများ၏ ဓာတ်ပုံများနှင့် ရက်ဂက်ဒီအင်္ကျီ အရုပ်ကလေး ကျန်နေကြောင်း တွေ့ရသဖြင့် ဘူးထဲသို့ ကောက်ထည့်ရပြန်သည်။ ပြီးတော့ ဘူးကို စားပွဲအောက်သို့ ခပ်သုတ်သုတ် ထိုးသွင်းလိုက်သည်။

အိမ်ရှေ့တံခါးကို သူ ဖွင့်လိုက်သောအခါ တိုဘီသည် နောက်ထပ် ခေါင်းလောင်းတီးဖို့ ဟန်ပြင်နေဆဲ ဖြစ်သည်။

ပက်က စိတ်မပါ့တပါဖြင့် နောက်ဆုတ်ပေးလိုက်သည်။ အပေါက်ဝမှာ တိုဘီ၏ ကိုယ်လုံးကြီးဖြင့် ပြည့်သွားသည်။

"ကျုပ်က လက်လျှော့လိုက်တော့မလို့"

ယဉ်ကျေးဖွယ်ရာသည့် အသံနှင့် ကြိုးစား ပြောသည်။ သို့သော်လည်း ယဉ်ကျေးသည့် အသံမျိုး ပေါ်ထွက်မလာပါ။

"ဘာကိစ္စ လက်လျှော့ရမှာလဲ တိုဘီ"

ပက်က အေးစက်သည့် လေသံဖြင့် ပြန်ပြောသည်။

ခဏလေး စောင့်ရုံနှင့် စိတ်မရှည်နိုင်အောင် သူက ဘာကောင်မို့လို့လဲဟု ပက်က စိတ်ထဲမှာ ကျိတ်တွေးလိုက်မိလေသည်။

တိုဘီက ပက်ကို အကဲခတ်ကြည့်နေသည်။ ပက်က သူ့ကိုယ်သူ ပြန်ငုံ့ကြည့်သည်။ လက်နှစ်ဖက်စလုံး ပေကျံ ညစ်ပတ်နေသည်။ ထိုလက်များဖြင့် မျက်နှာကိုလည်း ကိုင်မိသည်။ ထို့ကြောင့် မျက်နှာလည်း ညစ်ပတ်ပေကျံနေမည်မှာ သေချာသည်။

"မင်းကို ကြည့်ရတာ ရွှံ့တွေနဲ့ ကစားနေတဲ့အတိုင်းပဲ"

သူ နားမလည်နိုင်သလို ဖြစ်နေပုံရသည်။ မသင်္ကာသည့် အမူအရာလည်း သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။

ပက်က ဘာမှ ပြန်မဖြေ။

သူ့ချိုင်းကြားမှာ အထုပ်ကြီး တစ်ထုပ် ပါလာသည်။ အရွယ်ကြီးလွန်းသော မဟူရာလက်စွပ်ကြီးကလည်း သူ့လက်ပေါ်မှာ လှုပ်နေသည်။

"ဒီအထုပ်ကို ဘယ်မှာ ထားပေးရမလဲ ပက်၊ စာကြည့်ခန်းထဲမှာလား"

"ဟုတ်တယ်"

ပက်နောက်မှ သူ အရမ်းကပ်ပြီး လိုက်လာသည်။ ပက် ရပ်လိုက်လျှင် ဝင်တိုက်မိနိုင်လောက်အောင် ပူးကပ်နေခြင်း ဖြစ်လေရာ ပက်မှာ မနေတတ် မထိုင်တတ်အောင် ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်ပျဉ်ခွေပြီး အကြာကြီး ထိုင်ထားသောကြောင့် သူ့ညာဘက် ခြေထောက် ထော့နင်းထော့နင်း ဖြစ်နေသည်။ ပက်ကလည်း ထိုခြေထောက်ကို ညာပြီး နေမိသည်။

"မင်း ထော့နင်းထော့နင်း ဖြစ်နေပါလား ပက်၊ ဘာဖြစ်လို့လဲ၊ ရေခဲပြင် ပေါ်မှာ လဲလို့လား"

ဘာတစ်ခုမှ အလစ်မပေးပါလားဟု ပက်က တွေးနေမိသည်။

"အဲဒီအထုပ်ကို စားပွဲပေါ်မှာ တင်ထားခဲ့ပါ"

ပက်က ပြောသည်။

"အိုကေ… ကျုပ် အခုချက်ချင်း ပြန်မှဖြစ်မယ်၊ ဒီဓာတ်ပုံအယ်လ်ဘမ် ပျောက်နေတာ အတော်ရှာယူရလို့ ဆိုနိုတ်တာက သိပ်မကြည်ဘူး၊ ကျုပ်ဘာသာ ပဲ၊ တံခါးပိတ်ထားပေးခဲ့မယ်၊ မင်း လိုက်ပိတ်မနေနဲ့တော့"

အိမ်ရှေ့ တံခါးပိတ်သံ ကြားသည်အထိ ပက်က စောင့်နေသည်။ အသံ ကြားတော့မှ အတွင်းမင်းတုပ် ထိုးရန် တံခါးရှိရာသို့ လျှောက်လာသည်။

တံခါးနား ရောက်တော့ တံခါးပြန်ပွင့်သွားသည်။ ထိုနေရာတွင် သူ ရပ်နေသည်ကို မြင်သွားသောကြောင့် တိုဘီ လန့်သွားပုံပေါ်သည်။ ပြီးတော့ ကျေမနပ် အမူအရာဖြင့် ပြုံးသည်။

"ဒီသော့ မနိုင်ဘူး၊ ချက်သိတဲ့လူဆိုရင် အလွယ်ကလေးနဲ့ ဖွင့်လို့ရတယ် ၊ သေချာအောင် အတွင်းက မင်းတုပ်ကို ချထားလိုက်"

တိုဘီက သတိပေးပြီး ထွက်သွားသည်။

စာကြည့်ခန်းထဲ ပြန်လာပြီး တိုဘီ ယူလာသည့် အထုပ်ကို ဖြေလိုက်သည်။ အက်ဘီဂေးလ်နှင့် ပတ်သက်သော ဖြတ်စဖျင်းတောင်းတွေ ထွက်လာသည်။

သတင်းစာ ဖြတ်ပိုင်းများ… မဲဆန္ဒရှင်များထံမှ ပေးစာများ… ဓာတ်ပုံ များ… ။

ဓာတ်ပုံများမှာ နိုင်ငံရေး အခမ်းအနားများ၊ နိုင်ငံတော် ညစာ စားပွဲများ၊ ကြိုးဖြတ်ပြီး အခမ်းအနား ဖွင့်နေပုံများ၊ ကျမ်းသစ္စာ ကျိန်ဆိုပွဲ အခမ်းအနားများမှ ပုံများ ဖြစ်လေသည်။

ရေကန်တစ်ခု ဘေးတွင် စောင်ခင်းပြီး အက်ဘီဂေးလ်နှင့် ဝေးလတ်တို့ အတူထိုင်နေသည့်ပုံ တစ်ပုံ ပါသည်။ တစ်ယောက်ကို တစ်ယောက် မြတ်နိုးစွာ ကြည့်နေကြသည်ဟု ထင်မှတ်ဖွယ်ရာ ဖြစ်သည်။

အသုံးဝင်မည့်ပုံ အနည်းငယ်တော့ တွေ့ရသည်။ သို့သော်လည်း သိပ်မက် လောက်သည်တော့ မဟုတ်။

အောက်ကျနေသည့် ပုံများကို ပြန်ကောက်သည်။ ဓာတ်ပုံတစ်ပုံ အောက်မှ အကောင်းစား စာရေးစက္ကူ အခေါက် တစ်ခေါက် ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပက်က ဖွင့်ကြည့်သည်။ စာတစ်စောင် ဖြစ်နေသည်။
ဖတ်ကြည့်သည်။

**ဘီလီအချစ်ရေ…**

**နေ့ခင်းတုန်းက အချစ် ပြောခဲ့တဲ့ မိန့်ခွန်းဟာ အရမ်းကို ကောင်းတာပဲကွယ်။ အချစ်အတွက် ကျွန်မ အရမ်းဂုဏ်ယူမိပါတယ်။**

**မောင့်ကို ကျွန်မ ချစ်တယ်။ ဘဝတစ်သက်တာလုံး မောင်နဲ့ အတူတူ နေဖို့ကို မျှော်မှန်းကြည့်နေမိတယ်။ မောင်နဲ့အတူတူ လက်တွဲပြီး အလုပ်လုပ်သွားဖို့ စိတ်စောနေမိတယ်။**

**တကယ်ပါပဲ အချစ်ရယ်… ကျွန်မတို့ နှစ်ယောက်ဟာ ဒီကမ္ဘာလောကကြီးထဲမှာ ဘာနဲ့မှ မတူအောင် အထူးခြားဆုံးတွေ ဖြစ်နိုင်ပါတယ်ကွယ်။**

**အေ**

စာမှာ ရေးထိုးထားသည့် ရက်စွဲသည် မေလ ၁၃ ရက်နေ့ ဖြစ်သည်။

မိန့်ခွန်းပြောဖို့ ဝေးလတ်ဂျင်းနင်း လေယာဉ်ပျံဖြင့် သွားပြီး လေယာဉ်ပျက်ကျသောကြောင့် ကွယ်လွန်သည်မှာ မေလ ၂၀ ရက်နေ့ ဖြစ်လေသည်။

အလွန်အဖိုးတန်သည့် စာကလေးတစ်စောင်ကို ရလိုက်ခြင်း ဖြစ်သည်။ ပက် အရမ်းပျော်သွားသည်။

ဆီးနိတ်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျင်းနင်းကို အေးတိအေးစက်နိုင်သည်၊ မေတ္တာတရား ခေါင်းပါးသည်ဟု လူတွေက ထင်ကြသည်။

ဘယ်မှာ မေတ္တာတရား ခေါင်းပါးလို့လဲ။ သည်စာကလေးက သက်သေခံနေသည်။ အစီအစဉ် တင်ဆက်သည့်အခါတွင် ထိုစာကလေးကို အက်ဘီဂေးလ်ကိုယ်တိုင် ဖတ်ဖို့ တိုက်တွန်းပေးရန် လူသာကို ပြောရမည်။

"ဘီလီ အချစ်ရေ…"

ပက်က အသံကျယ်ကျယ် ထွက်ပြီး ဖတ်ကြည့်သည်။

သို့သော်လည်း ချောချောမောမော သူ ဖတ်၍မရ။ စာတွေ မှားနေသည်။ ဘာကြောင့် ထစ်နေသနည်း။ ဘာကြောင့် မှားဖတ်မိသနည်း။

တစ်ကြိမ် ထပ်ပြီး ကြိုးစားဖတ်ကြည့်သည်။

"ဘီလီ အချစ်ရေ… နေ့ခင်းတုန်းက အချစ် ပြောခဲ့တဲ့ မိန့်ခွန်းဟာ အရမ်းကို ကောင်းတာပဲကွယ်"

□

www.burmeseclassic.com

www.burmeseclassic.com

## ၁၆

ဒီဇင်ဘာ ၂၃ ရက်နေ့ မွန်းလွဲ ၂ နာရီ အချိန်တွင် ဆီးနိတ်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျင်းနင်းသည် သူ၏ စာကြည့်ခန်းထဲမှာ တိုဘီ၊ ဖီးလစ်တို့နှင့်အတူ ထိုင်ပြီး အမေရိကန်ပြည်ထောင်စု၏ ဒုတိယသမ္မတ ရာထူးမှ တရားဝင် နုတ်ထွက်ကြောင်း နုတ်ထွက်စာ တင်သွင်းသည့် အခမ်းအနားကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသည်ကို ကြည့်နေလေသည်။

သမ္မတကြီးက နုတ်ထွက်စာကို လက်ခံယူသည်။

အက်ဘီဂေးလ်၏ နှုတ်ခမ်းများ ခြောက်နေသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ လက်သည်းများက သူ့လက်ဖဝါးကို စူးနေသည်။

ဒုတိယသမ္မတ မိန့်ခွန်း ပြောသည်ကို အက်ဘီဂေးလ် အာရုံစိုက် နားထောင်နေသည်။

ဒုတိယသမ္မတသည် ဆေးရုံ ခုတင်ပေါ်တွင် ခေါင်းအုံးပေါ်မှာ လှဲနေသည်။ သူ့မျက်နှာ ဖြူနေသည်။ သေအံ့မူးမူး ဖြစ်နေသည့် အခြေအနေကို သိသာထင်ရှားစွာ မြင်တွေ့ရသည်။

သို့သော်လည်း သူ့အသံက အံ့သြဖွယ်ကောင်းအောင် မာကျောနေသည်။

"ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်ကို နှစ်ဆန်း တစ်ရက်နေ့ နောက်ပိုင်းအထိ ထိန်းထားနိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ထမ်းဆောင်ခဲ့တဲ့ တာဝန် ဝတ္တရားတွေကို နောက်လူ ထမ်းဆောင်နိုင်ဖို့နဲ့ သမ္မတကြီးအနေနဲ့ လွတ်လွတ်လပ်လပ် အစားထိုးနိုင်ဖို့ အမြန်ဆုံး နေရာဖယ်ပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိပေ

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ သိရှိခံစားလာရပါတယ်၊ ဒါကြောင့် ကျွန်တော့်ရဲ့ နုတ်ထွက်စာကို အခု တင်သွင်းလိုက်ပါတယ်။

"ဒုတိယသမ္မတအဖြစ်နဲ့ နှစ်ကြိမ်တိုင် ထမ်းဆောင်ဖို့ ယုံယုံကြည်ကြည် အပ်နှင်းခဲ့တဲ့ သမ္မတကြီးနဲ့ ကျွန်တော်တို့ပါတီကို ကျေးဇူးတင်ပါတယ်၊ ဒီလို တာဝန်မှာ နှစ်ကြိမ်တိုင် ထမ်းဆောင်ခွင့်ပြုခဲ့တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ တိုင်းသူပြည်သားများကိုလည်း ကျေးဇူးတင်ပါတယ်"

မိတ်ဆွေဟောင်းလည်း ဖြစ်၊ လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်သည့် ဒုတိယသမ္မတ၏ နုတ်ထွက်စာကို သမ္မတကြီးက ဝမ်းနည်းစွာဖြင့် လက်ခံခဲ့လေသည်။

ဒုတိယသမ္မတ အစားထိုး ခန့်ထားရေးနှင့် ပတ်သက်၍ သတင်းထောက်များက မေးကြသည်။

"ကျွန်တော် စိတ်ကူးထားတာ ရှိပါတယ်"

သမ္မတကြီးက ထိုမျှလောက်ပဲ ဖြေသည်။ သတင်းထောက်များက စိတ်ကူးထားသူ၏ အမည်ကို ဖော်ပြရန် တိုက်တွန်းကြသော်လည်း ငြင်းဆိုလိုက်သည်။

တိုဘီက လေတစ်ချက် ချွန်သည်။

"ဒါပဲ၊ ဖြစ်သင့်တာ ဖြစ်လာပြီ အက်ဘီ" ဟုလည်း ပြောသည်။

"ဆိနိတ်တာ… ကျွန်တော့် စကားကို မှတ်ထား"

ဖီးလစ်၏ စကား မဆုံးပါ။

"တိတ်စမ်း… ဟိုမှာ နားထောင်"

အက်ဘီဂေးလ်က ငေါက်သည်။

ဆေးရုံပေါ်က မြင်ကွင်း ပျောက်သွားသည်။ ပိုတိုမက် ရုပ်မြင်သံကြား သတင်း စီစဉ်တင်ဆက်သူ လူသာပယ်လ်ဟာမ်း၏ ရုပ်ပုံ ပေါ်လာသည်။

"သမိုင်းမှာ တွင်ရစ်စေမယ့် အချိန်ကာလပါပဲ ခင်ဗျာ"

လူသာက ခပ်ကြွားကြွား ပြောသည်။

နုတ်ထွက်လွှာ တင်သွားသော ဒုတိယသမ္မတ၏ ကိုယ်ရေးအကျဉ်းကို သူ ဆက်ပြောသည်။ ပြီးတော့ လိုရင်းကို တိုက်ရိုက် ပြောလေသည်။

"အမျိုးသမီးတစ်ယောက်ကို ဒုတိယသမ္မတအဖြစ် ရွေးဖို့ အချိန်ဟာ ကျရောက်လို့ လာပါပြီ ခင်ဗျာ၊ အတွေ့အကြုံ ရင့်ကျက်ပြီး လုပ်ငန်း ကျွမ်းကျင်တဲ့ အမျိုးသမီးတစ်ယောက်ကို ရွေးချယ်ရပါတော့မယ်၊ သမ္မတကြီး ခင်ဗျာ… အဲဒီ အမျိုးသမီးကို အခုပဲ ရွေးလိုက်ပါတော့လား ခင်ဗျား"

အက်ဘီဂေးလ်က ဆတ်ခနဲ ရယ်လိုက်သည်။

"ငါ့ကို ရည်စူးပြီး ပြောနေတာ" ဟုလည်း ပြောသည်။

တယ်လီဖုန်းခေါင်းလောင်း စမြည်သည်။

"သတင်းထောက်တွေပဲ ဖြစ်မှာပဲ၊ ငါ အိမ်မှာ ရှိမနေဘူးလို့ ပြောလိုက်"

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နာရီလောက် ကြာတော့ အိမ်ရှေ့တွင် သတင်းထောက်တပ်ကြီး ကျော ရောက်ရှိနေကြလေပြီ။ မလွှဲသာတော့သောကြောင့် အက်ဘီဂေးလ်က သတင်းထောက်များကို အတွေ့ခံလိုက်ရသည်။

သူငယ်ချင်း မိတ်ဆွေများကို ခရစ္စမတ်ညစာကျွေးရန် ပြင်ဆင်နေသော ကြောင့် အလုပ်များနေပါသည်ဟု အက်ဘီဂေးလ်က ပြောသည်။

ဒုတိယသမ္မအဖြစ် သူ့ကို ခန့်ထားလိမ့်မည်ဟု ခန့်မှန်းမိပါသလားဟု တစ်ယောက်က မေးသည်။

"ဒီမေးခွန်းကို ကျွန်မ ဖြေနိုင်မှာ မဟုတ်ဘူးဆိုတာ ရှင်လည်း သိနေသားနဲ့"

အက်ဘီဂေးလ်က ခပ်လျောင်လျောင်ကလေး ပြန်ဖြေလိုက်သည်။

သတင်းထောက်များ ပြန်သွားပြီး တံခါးပိတ်လိုက်သောအခါ သူ့အမူအရာ မှာ ချက်ချင်း ပြောင်းလဲသွားလေတော့သည်။

တိုဘီသည်ပင်လျှင် အနေအထိုင် အပြောအဆို ဆင်ခြင်ရလေတော့သည်။

အက်ဘီဂေးလ်က တစ်အိမ်လုံး ကြားလောက်အောင် အော်ဟစ် ပြောဆို သည်။

"ဟုတ်တယ်၊ ကျွန်မ တွေ့ပြီးပြီ၊ ရှင် တစ်ခုခု သိချင်နေတယ် မဟုတ်လား၊ အခု အားလုံး သပိတ်ဝင် အိတ်ဝင် ဖြစ်နေပြီ၊ ရှင့် အထူးအစီအစဉ်ကြီး မထုတ်လွှင့် နိုင်လည်း ရတယ်၊ ရှင့်အထူးအစီအစဉ်ကြီးဟာ ဘာမှ အဓိပ္ပာယ်ရှိမှာ မဟုတ်ဘူးလို့ အစကတည်းက ကျွန်မ ပြောခဲ့တယ် မဟုတ်လား၊ ကျွန်မကို ကူညီချင်လို့ပါ… ဆိုတဲ့ စကားမျိုး ပြောမလာပါနဲ့၊ ရှင့် ကျေးဇူးတွေ ကျွန်မအပေါ်မှာ ရှိနေတယ် ဆိုတဲ့ အပေါက်မျိုး ဖြစ်အောင် ရှင် ချိုးလိုက်တာ မဟုတ်လား၊ ဒါကို ရှင်ရော ကျွန်မပါ သိနေတာပဲ"

ခဏနေတော့ အက်ဘီဂေးလ်၏ အသံ တိုးသွားတော့သည်။

ဖီးလစ်နှင့် တိုဘီက အချင်းချင်း ကြည့်ပြီး မျက်နှာရိပ် မျက်နှာကဲဖြင့် အချက်ပြကြသည်။

"ခင်ဗျား ဘာတွေ သိခဲ့ရသလဲ"

ဟု ဖီးလစ်က မေးသည်။

"လွန်ခဲ့တဲ့ အပတ်က အက်ပယ်လ်ဂျန်းရှင်းကို ပက်ထရေးမိုး ရောက် သွားတယ်၊ သတင်းစာတိုက်ကို ဝင်တယ်၊ ဟိုတုန်းက သတင်းစာတွေ ရသွားတယ်၊ ဆောင်းဒါးစ် အိမ်ကို သွားတယ်၊ အက်ဘီ ကလေးအရွယ်တုန်းက အက်ဘီပေါ်မှာ ကောင်းခဲ့တဲ့ ငတိတစ်ယောက်ပဲ ဆိုပါတော့၊ အဲဒီငတိက အက်ဘီအကြောင်း အိတ်သွန်ဖာမှောက် ပြောပြလိုက်တယ်၊ အဲဒီနောက် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး နဲ့ သွားတွေ့တယ်၊ အက်ဘီတို့ရဲ့ ဆရာမကြီးပဲ၊ ဆောင်းဒါးစ်က ပက်ကို ဖုန်းဆက် တဲ့အချိန်မှာ ပက်အနားမှာ ငါကိုယ်တိုင် ရှိနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတွေကြောင့် ဆိုနိုက်တာမှာ ဘယ်လောက်အထိ နစ်နာသွားနိုင် သလဲ"

ဟု ဖီးလစ်က ဆက်မေးသည်။

တိုဘီက ပခုံးတွန့်သည်။

"သူတို့အပေါ်မှာ တည်တာပေါ့၊ အိမ်ကြီးအကြောင်းရော မင်း ဘာ သိရပြီလဲ"

"အတော်အသင့်တော့ သိပါပြီ"

ဖီးလစ်က တိုဘီကို ပြောပြသည်။

"အိမ်ငှား မြေငှားကုမ္ပဏီနဲ့ အဆက်အသွယ် လုပ်ကြည့်တယ်၊ အိမ်ငှား ချင်တဲ့ လူတွေ တန်းစီစောင့်နေကြတယ်တဲ့၊ ဒါပေမဲ့ အိမ်ပိုင်ရှင်ရဲ့ မိသားစုထဲက အမွေစားအမွေခံ တစ်ယောက် လာနေဖို့ ရှိတဲ့အတွက် မငှားဘူးလို့ သူတို့ စာချုပ် ကိုင်တွယ်ပေးနေတဲ့ ဘဏ်တိုက်က အကြောင်းကြားတယ်တဲ့"

"မိသားစုထဲက အမွေစား အမွေခံတစ်ယောက်…"

တိုဘီက ရေရွတ်ကြည့်နေသည်။

"မိသားစုထဲက ဘယ်သူလဲကွ"

"ကျွန်တော်ကတော့ ပက်ထရေးမိုးလို့ ထင်တာပဲ"

ဖီးလစ်က ငေါ့တော့တော့ ပြောသည်။

"ငါ့ကို လာငေါ့မနေနဲ့၊ အဲဒီအိမ်ကို ဘယ်သူ ပိုင်နေသလဲ ဆိုတာ ငါ သိချင်တယ်၊ နောက်ပြီးတော့ ဘယ်အမျိုးက သုံးနေသလဲ ဆိုတာ သိချင်တယ်"

တိုဘီက လေသံမာမာနှင့် ပြန်ငေါက်သည်။

•

ဒုတိယသမ္မတ နုတ်ထွက်စာ တင်သည့် အခမ်းအနားကို ပိုတိုမက် ရုပ်မြင်သံကြား က ထုတ်လွှင့်ပြရာ ပက်က ရှုပ်ထွေးသော စိတ်ခံစားချက်များဖြင့် ကြည့်နေမိလေ သည်။

နိဂုံးချုပ်ခါနီးတွင် နှစ်သစ် မကူးခင်တော့ သမ္မတကြီးအနေဖြင့် ဒုတိယ သမ္မတအသစ် အမည်ကို ထုတ်ဖော်ကြေညာဦးမည် မဟုတ်ကြောင်း သတင်းကြေညာ သူက အသံလွှင့်သွားသည်။

အက်ဘီဂေးလ်အကြောင်း ငါတို့ ထုတ်လွှင့်မှာက ၂၇ ရက်နေ့ဟု ပက်က တွေးကြည့်နေသည်။

ပထမဆုံးသော အမျိုးသမီး ဒုတိယသမ္မတရွေးပွဲနှင့် လာတိုးနေသော အကြောင်း ကိုးဟု ဝါရှင်တန်မြို့သို့ ပက် ရောက်လာသည့် ပထမဆုံးညက ဆမ်က ပြောကြား ထုတ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိမ်၏ ဟောကိန်း ယခု မှန်နေလေပြီ။

အိပ်မက်ဆိုးများ မက်ပြီး သူ အိပ်မပျော်နိုင်အောင် ဖြစ်နေပြန်လေသည်။

အဖေနှင့် အမေကို သူ သေသေချာချာ ပြန်မှတ်မိရဲ့လား။ သူ ကြည့်လိုက်ရသည့် ရုပ်ရှင်များ၊ ဓာတ်ပုံများကြောင့် အားလုံး ရောထွေးကုန်သလား။ ပက်ပြန်စဉ်းစားကြည့်သည်။

သူ့ဒူးကို ပတ်တီးစည်းပေးသည့် အကြောင်းနှင့် ရေခဲမုန့် လိုက်ဝယ်ကျွေးသည့် အကြောင်းများကို မှတ်မိလာသည်။ ဒါတော့ သေချာသည်။

သို့သော်လည်း ဒေါသတကြီး အော်ဟစ်နေကြသံများ၊ စိတ်လှုပ်ရှားစွာ ငိုသည့် အသံများကို ကြားရသောအခါတွင် ခေါင်းအုံးကို ဆွဲပြီး သူ့နားကို ဖိကပ်ထားလိုက်မိလေသည်။

အဖေနှင့် ပတ်သက်သည့် အထောက်အထားများကို ကုန်စင်အောင် ဆက်ကြည့်ဖို့ သူ ဆုံးဖြတ်လိုက်သည်။

စာများ၊ ဓာတ်ပုံများကို သူ မွှေပြန်သည်။ ထိုသို့ မွှေရင်း သူ့အမေနှင့် ပတ်သက်သည်များကို ပိုတွေ့လာရပြန်သည်။ သူ့အမေ ရီနီထံသို့ သူ့အဘွား ရေးသည့် စာများကို တွေ့ရသည်။

စာတစ်စောင်က ကြေကွဲစရာ အဖြစ်ဆိုးကြီး မဖြစ်ပွားမီ ၆ လလောက်က ရေးလိုက်သော စာ ဖြစ်လေသည်။

**သမီး ရီနီ . . .**

**သမီးရဲ့ စာကို ဖတ်ရလို့ မေမေ စိတ်မကောင်းပါ။ စိတ်ကျရောဂါကို သမီး ပြန်ခံစားနေရပြန်ပြီဆိုရင် အချိန်ဆွဲမနေဘဲ ဆရာဝန်နဲ့ ပြေးတွေ့လိုက်တာ အကောင်းဆုံးပါပဲ၊ ပြေးတွေ့လိုက်ပါ သမီး . . .**

သူ့အဖေနှင့် ပတ်သက်၍ 'ဒင်းအဒမ်စ်ဟာ မတည်ငြိမ်သူ တစ်ယောက်ဖြစ်ကြောင်း' သူ့အဘွား ပြောသည်ဟု သတင်းစာတစ်စောင်က ရေးသည်ကိုလည်း တွေ့ရလေသည်။

သူတို့ မကွယ်လွန်မီ တစ်နှစ်လောက် သူ့အဖေက သူ့အမေထံသို့ ရေးသည့် စာတစ်စောင်ကိုလည်း တွေ့ရသည်။

**ချစ်သော ရီနီ . . .**

**နွေကျရင် မင်းနဲ့ ကယ်ရီ နယူးဟင့်ပ်ရှိုင်းယားမှာ မနေကြဘူးဆိုတာ သိရလို့ ကိုယ် အတော်စိတ်မချမ်းမသာ ဖြစ်မိတယ်။ မင်းတို့နှစ်ယောက်ကို ကိုယ် ဘယ်လောက်လွမ်းတယ် ဆိုတာ မင်း သိဖို့ကောင်းပါတယ်။ ကိုယ်ကတော့ ဝစ္စကွန်စင်ကို သွားမှ ဖြစ်မယ်။**

www.burmeseclassic.com

www.burmeseclassic.com



**မင်း ကိုယ်နဲ့ လိုက်နေကြည့်ပါလား၊ ဟိုမှာ လိုက်နေတုန်း မင်း လေ့ကျင့်ဖို့ စတိုင်းဝေး အမျိုးအစား စန္ဒရားကြီးတစ်လုံး ငှားထားလိုက်တာ ပေါ့။ မင်း အမေရဲ့ စန္ဒရားကလေးကတော့ အလုပ်မဖြစ်ဘူး ဆိုတာ ကိုယ် သိပါတယ်။**

**ကိုယ်နဲ့ လိုက်ခဲ့ပါ အချစ်ရယ်… ကိုယ် တောင်းပန်ပါတယ်။**

ဒူးမှာ ဒဏ်ရာရပြီး ပတ်တီးစည်းတဲ့ အကြောင်းကလေးကို ပက် ပြန်စဉ်းစား ကြည့်သည်။ သို့သော်လည်း ဘာတစ်ခုမှ ပီပီပြင်ပြင် ပေါ်မလာပေ။ ပြင်းပြင်းထန်ထန် စဉ်းစားလေ၊ ပျောက်သွားလေ ဖြစ်နေသည်။

ဘူးကြီးတစ်ခုထဲမှာတော့ ခရစ္စမတ်ပွဲတော်နှင့် သက်ဆိုင်သည့် ပစ္စည်းများ ကို တွေ့ရသည်။ ရောင်စုံမီးလုံးကလေးများလည်း ရှိနေသည်။

ထိုဘူးကြီးကို ဖွင့်မိတော့ ငါလည်း ခရစ္စမတ်သစ်ပင် တစ်ပင် သွားဝယ်မှပဲ ဟူသော စိတ်ကူးကို ရလာလေသည်။

ချားလ်စ်နှင့် ဗရိုနီကာတို့ ယခု ဘယ်ရောက်နေကြပြီနည်း။ သူတို့ ခရီးစဉ်နှင့် တိုက်ကြည့်သည်။ မနက်ဖြန်ဆိုလျှင် သူတို့ သင်္ဘောကြီး စိန့်ဂျွန်းဆိပ်ကမ်း သို့ ရောက်မည်။

ခရစ္စမတ်ပွဲတော်နေ့တွင် သူတို့ကို ဖုန်းဆက်ကြည့်ဖို့ စိတ်ကူးသည်။

စာတိုက်မှ စာများ လာဝေသွားသည်။ အသိမိတ်ဆွေများ ပေးပို့လိုက်သည့် ခရစ္စမတ် ကတ်ပြားများ၊ စာများ ပါလာသည်။

ဘော့စတွန်မြို့မှာ ကျန်ခဲ့သည့် သူငယ်ချင်းများက ပွဲတော်ရက်တွင် တစ်ရက် လောက် အလည်ပြန်လာရန် စာရေးကြသည်။

'မင်း တင်ဆက်မယ့် အစီအစဉ်ကို တို့အားလုံး စောင့်မျှော်နေကြတယ်…' ဟူ၍ လည်းကောင်း။

'ဒီတစ်ခါတော့ အကောင်းဆုံး ရုပ်မြင်သံကြား စီစဉ်တင်ဆက်သူ ဆုရ တော့မှာ သေချာတယ်' ဟု လည်းကောင်း ရေးသူက ရေးကြသည်။

စာတစ်စောင်ကတော့ ဘော့စတွန် ရုပ်မြင်သံကြားဌာနသို့ ရောက်သွားပြီး ဟိုကတစ်ဆင့် ထပ်ဆင့်ပေးပို့လိုက်ခြင်း ဖြစ်လေသည်။

စာအိတ်ပေါ်တွင် 'ကက်သရင်းဂရာနေ၊ ၂၂၊ ဘော်လ်ဆန်ရပ်၊ ရစ်ချ်မွန် ဗာဂျီးနီးယား' ဟူသော ပေးပို့သူ၏ လိပ်စာ ရေးထားသည်ကို တွေ့ရသည်။

စာက တိုတိုပဲ ဖြစ်သည်။

**လေးစားအပ်ပါသော မစ္စထရေးမိုး…**

**ဆီနိတ်တာ အက်ဘီဂေးလ်ဂျင်းနင်း အကြောင်း မင်း တင်ဆက် ထုတ်လွှင့်ဖို့ စီစဉ်နေတယ်ဆိုတဲ့ အကြောင်း သတင်းစာများမှာ ဖတ်ရတယ်။**

www.burmeseclassic.com

www.burmeseclassic.com



မင်း တင်ဆက်ခဲ့ဖူးတဲ့ အစီအစဉ်များကို ကြည့်ခဲ့ဖူးပါတယ်။ သဘောလည်း ကျပါတယ်။ ဒါကြောင့် အခု အက်ဘီဂေးလ်ဂျင်းနင်း အကြောင်း တင်ဆက်ရာမှာ အဆင်မသင့်ရင် တရားတဘောင်တွေ ဖြစ်ကုန်နိုင်ကြောင်း မင်းကို အသိပေးဖို့ ဆန္ဒရှိလာပါတယ်။

ဝေးလတ်ဂျင်းနင်း သေရတဲ့ အကြောင်းရင်းနဲ့ ပတ်သက်ပြီး ဆီရိတ်တာကို ဆွေးနွေးဖို့ အခွင့်အရေး မပေးပါနဲ့လို့ မင်းကို သတိပေးပါရစေ။

ဝေးလတ် သေရတာဟာ လေယာဉ်မှူးရဲ့ အမှားကြောင့် ဖြစ်တယ်လို့ အပြစ်ပုံချတာမျိုး မပြောပါစေနဲ့။ မင်းအတွက် သတိပေးတာပါ။ အဲဒီလေယာဉ်မှူးဟာ ငါ့ယောက်ျားပါပဲ။ လေယာဉ်ပျက်ကျရာမှာ သူလည်း အသက်ဆုံးရှုံးခဲ့ရပါတယ်။

စိတ်ထိခိုက်နေရတဲ့ ငါလို မုဆိုးမတစ်ယောက်ကို သူ ထိခိုက်စော်ကားမယ်ဆိုရင် ခံနိုင်မယ် မဟုတ်ပါဘူး။ ငါနဲ့ မင်း စကားပြောချင်တယ်ဆိုရင် ဖုန်းနံပါတ် ၈၀၄-၅၅၅-၆၈၄၁ ကို ဆက်ပါ။

ပက်က တယ်လီဖုန်းနားသို့ လျှောက်သွားပြီး ထိုနံပါတ်ကို လှည့်သည်။ ခေါင်းပေါင်းများစွာ ခေါ်နေသည်။ သူ လက်လျှော့ပြီး ဖုန်းချမည်အပြုတွင် တစ်ဖက်မှ ကောက်ကိုင်သည်။

အလောတကြီး စကားပြောသည်။ ထူးသူမှာ ကက်သရင်းဂရာနေ ဖြစ်သည်။ နောက်ဘက်မှာ လူသံတွေ ဆူနေသည်။ လူအုပ်ကြီး ကြားထဲမှနေ၍ စကားပြောနေသည့် ပုံစံမျိုး ဖြစ်နေသည်။

ပက်က သူနှင့် တွေ့ဖို့ ချိန်းသည်။

"မနက်ဖြန် လာခဲ့ပါလား၊ ငါက ရှေးဟောင်းပစ္စည်းဆိုင် ဖွင့်ထားတယ်၊ ဒီနေ့က ဆိုင်ဖွင့်ပြီး ရောင်းနေရလို့"

ဟု တစ်ဖက်မှ အမျိုးသမီးကြီးက ပြောပြသည်။

တွေ့မည့်အချိန်ကို သူတို့ ညှိကြသည်။ ဘယ်ကို လာရမည် ဖြစ်ကြောင်း အမျိုးသမီးကြီးက ပက်ကို လမ်းညွှန်သည်။

ထိုနေ့ ညနေပိုင်းက ပက် ဈေးထွက်ဝယ်သည်။ ဆမ်အတွက် ခရုစ္စမတ် အဆက်ဆောင်ပစ္စည်း ဝယ်သည်။ ပြီးတော့ သူ့အိမ်မှာ ထားဖို့ ခရစ္စမတ်သစ်ပင် ဝယ်သည်။ နောက်ထပ် စားစရာများ ဝယ်သည်။

ညဦးပိုင်းတွင် သူ့အိမ်မှာ ခရစ္စမတ်သစ်ပင်လေးကို ပြင်ဆင်ပြီးစီးသွားသည်။ ရောင်စုံ မီးလုံးကလေးများ ဆင်ပြီး ထွန်းလိုက်သည်။

ညစာ ပြင်ဆင်ပြီး စားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်မြင်သံကြား ဖွင့်လိုက်သည်။ သမ္မတကြီးနှင့် သမ္မတကတော်ကို တွေ့လိုက်ရသည်။ 'လေတပ်မတော် အမှတ် တစ် လေယာဉ်' နှင့် သူတို့ အနားယူ ခရီးထွက်ကြရန် ဖြစ်သည်။

သမ္မတ ပတ်လည်မှာ သတင်းထောက်တွေ ဝိုင်းနေသည်။ ဒုတိယသမ္မတ အဖြစ် မည်သူ့ကို ရွေးသနည်းဟု ဝိုင်းမေးကြသည်။

"နှစ်သစ်ကူးနေ့ကျရင် ဘယ်အမျိုးသမီး ဖြစ်မယ်ဆိုတာ ခင်ဗျားတို့ကို ကျွန်တော် ဖွင့်ပြောပါ့မယ်၊ မဲရီးခရစ္စမတ်"

သမ္မတကြီးက ဒါပဲ ပြောသည်။

"ဘယ်အမျိုးသမီး ဖြစ်မယ် ဆိုတာ…"

ထိုစကားလုံးကို ပက်က သေသေချာချာ မှတ်ထားလိုက်သည်။ မတော်တဆ ပြောမိခြင်းတော့ မည်သည့်နည်းနှင့်မှ မဟုတ်တန်ရာ။

မှန်ပါသည်။ တမင် ရည်စူးပြီး 'အမျိုးသမီး' ဆိုသော စကားလုံးကို ထည့်သွင်းပြောသွားခြင်း ဖြစ်ရပေမည်။

ခဏနေတော့ ပမ်းစပရိန်းမှနေ၍ ဆမ် ဖုန်းလှမ်းဆက်သည်။

"ပက်… အခြေအနေ ဘယ်လိုလဲ"

ဆမ်၏ အသံကို ကြားရတော့ သူ့နှုတ်ခမ်းတွေ ခြောက်မကုန်ပါစေနှင့်ဟု ကျိတ်ပြီး ဆုတောင်းလိုက်မိလေသည်။

"ကောင်းပါတယ် ရှင်၊ ရုပ်မြင်သံကြားက အခု လွှင့်သွားတဲ့ သမ္မတကြီး သတင်း မြင်လိုက်သလား"

"မြင်တယ်၊ အခုအတိုင်းဆိုရင် နှစ်ယောက်တည်းက တစ်ယောက် ဖြစ်ဖို့ သေချာသွားပြီ၊ အမျိုးသမီးတစ်ယောက်ကို ဒုတိယသမ္မတအဖြစ် ရွေးမယ်ဆိုတာ သူ အတိအလင်း ကြေညာပြီး ဖြစ်သွားပြီလေ၊ အက်ဘီဂေးလ်ကို အခုပဲ ကိုယ် ဖုန်းဆက်တော့မလို့၊ အခုလောက်ဆို သူ သိပ်ပြီး စိတ်လှုပ်ရှားနေရောပေါ့"

ပက်က မျက်ခုံး ပင့်လိုက်သည်။

"သူ့နေရာမှာ ကျွန်မ နေကြည့်ချင်လိုက်တာ"

ထိုသို့ ပြောရင်း သူ့ခါးပတ်ခေါင်းကို လက်နှင့် ပွတ်နေမိသည်။

"အဲဒီမှာ မိုးလေဝသ အခြေအနေ ဘယ်လိုနေလဲ ဆမ်"

"အရမ်းပူတယ်၊ အမှန်အတိုင်း ပြောရရင် ခရစ္စမတ်ပွဲတော်ကို သိပ်အေး တဲ့ နေရာမှာသာ ကုန်လွန်စေချင်တယ်"

"အဲဒီလိုဆိုရင် အစကတည်းက အဲဒီကို မသွားနဲ့ပေါ့၊ ကျွန်မကတော့ ဈေးသွားဝယ်ရင်း ခရစ္စမတ်သစ်ပင် တစ်ပင်ပါ ဝယ်လာခဲ့တယ်၊ ဒီမှာတော့ အရမ်းအေးတာပဲ"

"ခရစ္စမတ်နေ့မှာ မင်း ဘာလုပ်ဖို့ စီစဉ်ထားသလဲ၊ အက်ဘီဂေးလ်ရဲ့ ညစာစားပွဲကိုရော တက်ဦးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"တက်မယ်၊ ရှင့်ကို မဖိတ်တာ ကျွန်မ အံ့ဩတယ် ဆမ်"

"ဖိတ်ပါတယ်၊ ဒါပေမဲ့ ပက်… ဒီအချိန်မှာ ကိုယ့်အနေနှင့် ကာရင်တို့ တွမ်တို့နဲ့အတူနေဖို့ ပိုအရေးကြီးလာတယ်လေ၊ အခုဟာက ကာရင်ရဲ့ မိသားစု ဖြစ်နေပြီ မဟုတ်လား၊ ကိုယ့်မိသားစု မဟုတ်တော့ သူတို့ အလိုကိုလည်း ကိုယ့် အနေနဲ့ သိတတ်ဖို့ လိုတာပေါ့"

ပက်က စိတ်ကို မထိန်းနိုင်တော့သဖြင့် လှမ်းနှောက်လိုက်သည်။

"တွမ်ရဲ့ အမေက ရှင့်ကို ပြုစုမှာပေါ့ ဆမ်၊ ရှင် လိုတာတွေ သူ လုပ် ပေးမှာပေါ့"

ထိုစကား ကြားတော့ ဆမ်က ရယ်သည်။

"မလုပ်ပါနဲ့ကွယ်၊ နှစ်ဆန်းတဲ့အထိ ကိုယ် ဒီမှာ နေမှာ မဟုတ်ပါဘူး၊ ခရစ္စမတ်ပွဲတော်ပြီး နှစ်ရက် သုံးရက် နေရင် ပြန်လာခဲ့မှာပါ၊ မင်းကို ခြိမ်းခြောက် တာ နှောက်ထပ် ဖြစ်သေးသလား"

"မဖြစ်ပါဘူး၊ ဖုန်းကလေးတောင် ဆက်ပြီး ခြိမ်းခြောက်တာမျိုး မလုပ် တော့ပါဘူး၊ ဆမ်… ရှင့်ကို ကျွန်မ လွမ်းတယ်"

ပက်က ထိုစကားကို ပြောင်ပြောင်တင်းတင်းကြီး ပြောချလိုက်လေသည်။

ဆမ်ဘက်က ရုတ်တရက် အသံတိတ်သွားသည်။

သောကရောက်နေသည့် ဆမ်၏ မျက်နှာကြီးကို ပက်က တွေး၍ မြင်ယောင် နေမိသည်။ အသင့်လျော် အမှန်ကန်ဆုံး စကားကို ပြန်ပြောဖို့ ကြိုးစားနေလိမ့်မည်။ ရှင့်အချိုးတွေဟာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းကနဲ့ နည်းနည်းလေးမှ မတူတော့ ပါလားဟု ပက်က တွေးကြည့်နေမိလေသည်။

"ဆမ်…"

တစ်ဖက်မှ ဘာသံမှ မကြားရတော့သောကြောင့် ပက်က ခေါ်ကြည့် သည်။

အလွန် ထိန်းချုပ်ထားသည့် အသံကို သူ ကြားရလေသည်။

"ကိုယ်လည်း မင်းကို လွမ်းပါတယ်၊ ကိုယ့်အတွက်တော့ မင်းဟာ အရမ်းကို အရေးကြီးသူ တစ်ယောက်ပါပဲ"

သူ့ပြောပုံကြီးက တစ်မျိုးကြီး ဖြစ်နေကြောင်း ပက်က စဉ်းစားကြည့်မိ လိုက်လေသည်။

"ကျွန်မအဖို့တော့ ရှင်ဟာ သိပ်ကို သိပ်ကို ရင်းနှီးချစ်ခင်တဲ့ မိတ်ဆွေ တစ်ယောက်ပါ"

သူ ပြန်ပြောမည့် စကားကို နားမထောင်တော့ဘဲ ပက်က တယ်လီဖုန်းကို ပြန်ချထားလိုက်လေတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

[___၁၇___]

"ဖေဖေ… ကျွန်မရဲ့ ရက်ဂက်ဒီအင်န် အရုပ်ကလေးများ မြင်မိသလား ဟင်" ဟု ဂလိုရီက မေးသည်။

အာသာက ဂလိုရီကို ပြုံးကြည့်သည်။ သူ စိတ်လှုပ်ရှားသွားသည်ကို မမြင်ပါစေနှင့်ဟုလည်း စိတ်ထဲမှာ ဆုတောင်းလိုက်မိလေသည်။

"မမြင်ပါဘူးကွယ်၊ မမြင်မိပါဘူး၊ မင်း အိပ်ခန်းထဲက ဗီရိုထဲမှာ ထည့်ထားတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မတော့ မစဉ်းစားတတ်အောင် ဖြစ်နေတယ်၊ ဖေဖေ လွှင့်ပစ်လိုက်တာတော့ မဟုတ်ပါဘူးနော်"

"ဘာဖြစ်လို့ ဖေဖေက လွှင့်ပစ်ရမှာလဲကွယ်"

"ကျွန်မလည်း မပြောတတ်တော့ပါဘူး"

စားပွဲဘေးမှာ ဂလိုရီ မတ်တတ်ရပ်သည်။

"ခရစ္စမတ်ပွဲတော်အတွက် ကျွန်မ ဈေးနည်းနည်း ထွက်ဝယ်လိုက်ဦးမယ်၊ သိပ်မကြာပါဘူး"

သူ့အမူအရာမှာ စိတ်ပူနေပုံရသည်။ ပြီးတော့ သူကပဲ ဆက်မေးပြန်သည်။

"ဖေဖေ… အခုတစ်လော ဖေဖေ ပြန်နေမကောင်းချင်ဘူးနဲ့ တူတယ်၊ ဖေဖေ ညဘက် ထယောင်နေပြန်ပြီ၊ ကျွန်မ အခန်းထဲကနေပြီး ဖေဖေ ယောင်တာတွေ ကြားနေရတယ်၊ တစ်ခုခုအတွက် ဖေဖေ စိတ်ပူနေသလား ဟင်၊ အရင်တုန်းက ကြားခဲ့ဖူးတဲ့ အသံတွေ ပြန်ကြားနေပြန်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဂလိုရီ၏ မျက်လုံးထဲတွင် ထိတ်လန့်စိုးရိမ်သည့် အရိပ်အယောင်များကို မြင်တွေ့နေရလေသည်။ ထိုအသံများအကြောင်း ဂလိုရီကို လုံးဝမပြောမိခဲ့လျှင် ကောင်းမည်။

အမှန်တော့ ဂလိုရီသည် ဘာကိုမှ နားမလည်နိုင်ပါ။ ထိုအသံများ အကြောင်း သူ့ကို ပြောပြခဲ့ခြင်းအားဖြင့် ဆိုးကျိုးသာ ဖြစ်ပေါ်စေနိုင်သည်။ သူနှင့် ပတ်သက်ပြီး စိတ်သောက ရောက်ရခြင်းသာ အဖတ်တင်သည်။

"အို… မဟုတ်ပါဘူးကွယ်၊ ဘာမှ မကြားပါဘူး၊ အသံတွေ ကြားနေ ရတယ်လို့ သမီးကို ပြောခဲ့တာ အတည်မဟုတ်ပါဘူး၊ ရယ်စရာအဖြစ် ပြောခဲ့တာပါ"

သို့သော်လည်း သူ့ကို ဂလိုရီ မယုံကြည်ကြောင်း သူ သေချာပေါက် သိသည်။

ဂလိုရီက သူ့လက်မောင်းကို လာကိုင်သည်။

"ဖေဖေ အိပ်ပျော်နေတုန်း မစ္စက်ဂေးလက်စ်ဝိုင်းရဲ့ နာမည်ကို ယောင်ပြီး ခေါ်နေတယ်၊ သူဟာ မကြာသေးခင်တုန်းကမှ လူအိုရုံမှာ သေသွားတဲ့ အမျိုးသမီးကြီး အား ဟင်"

ဂလိုရီ အပြင်ထွက်သွားသောအခါ အာသာသည် မီးဖိုချောင်ထဲက စားပွဲမှာ အကြာကြီး ဆက်ထိုင်နေသည်။ သူ အပြန်ပြန်အလှန်လှန် စဉ်းစားနေသည်။

မစ္စက်ဂေလက်စ်ဝိုင်းနှင့် ပတ်သက်၍ သူနာပြုဆရာမ ရှိုဟန်းနှင့် ဆရာဝန် များက သူ့ကို စစ်ဆေးနေကြသည်။ မစ္စက်ဂေးလက်စ်ဝိုင်းကို သူ သွားကြည့်၊ ကြည့် မေးကြသည်။

"ကျွန်တော် သွားကြည့်ပါတယ်၊ သူ နေရထိုင်ရတာ သက်သောင့်သက်သာ ရှိ မရှိ သိချင်လို့ ဝင်ကြည့်တာ ဖြစ်ပါတယ်"

သူ ဝန်ခံလိုက်ရပါသည်။

"သူ့အခန်းထဲကို ဘယ်နှကြိမ်လောက် ဝင်သွားပြီး ကြည့်သလဲ"

ဟု ဆက်မေးကြသည်။

"တစ်ကြိမ်ပါပဲ၊ သူ အိပ်ပျော်နေတယ်၊ နောက်ပြီးတော့ သက်သောင့် သက်သာလည်း ရှိနေပါတယ်"

"မစ္စက်ဟားနစ်နဲ့ မစ္စက်ဒရူရီတို့ နှစ်ယောက်ကတော့ ခင်ဗျားကို မြင် လိုက်ကြရတယ်လို့ ထင်နေတယ်။ ဒါပေမဲ့ မစ္စက်ဒရူရီက ခင်ဗျားကို ၅ နာရီ ကျော်ကျော်လောက်မှာ မြင်တယ်လို့ ပြောပြီး မစ္စက်ဟားနစ်ကတော့ အဲဒီထက် နောက်ကျတယ်လို့ အခိုင်အမာ ပြောနေတယ်"

"မစ္စက်ဟားနစ် ပြောတာ မှားပါတယ်။ ကျွန်တော် တစ်ခါတည်းပဲ ဝင်ကြည့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် ဆရာဝန်နှင့် သူနာပြုဆရာမများ ယုံကြည်သင့်ပါသည်။ မစ္စက်ပ်ဘားနစ်သည် တစ်ချိန်လုံးလိုလို သူငယ်ပြန်နေသော အဘွားကြီး ဖြစ်သည်။

သို့သော်လည်း သူငယ်မပြန်သည့် အချိန်များမှာတော့ အလွန်တရာ ပါးရည်နပ်ရည် ရှိသည့် အဘွားကြီး ဖြစ်ပါသည်။

ထိုအကြောင်းများ ပြန်စဉ်းစားနေရင်း သတင်းစာကို ရုတ်တရက် ကောက်ယူကြည့်သည်။

မနေ့တုန်းက မက်ထရိုရထား စီးပြီး သူ အိမ်ပြန်လာခဲ့သည်။ ဈေးဝယ်ပြီး ပြန်လာသည့် အဘွားကြီးတစ်ယောက်နှင့် ဘူတာရုံမှာ ဆုံသည်။ အဘွားကြီးက ဈေးပစ္စည်းများ ထည့်ထားသည့် အိတ်ကို ဆွဲရင်း တုတ်တစ်ချောင်းကို ကောက်ကာ ပလက်ဖောင်းပေါ်မှာ ရထား ရပ်စောင့်နေသည်။

အဘွားကြီး၏ ဈေးအိတ်ကို ကူသယ်ပေးဖို့ သူ ရှေ့တိုးရန် ဟန်အပြင် လိုက်တွင် အမြန်ရထားက အသံကျယ်လောင်စွာဖြင့် ဘူတာတွင်းသို့ ဝင်လာသည်။

လူအုပ်ကြီးက ရထားဆီသို့ တိုးသွားသည်။ ထိုလူအုပ်ကြီးထဲတွင် စာအုပ် တပွေ့တပိုက်ကြီးနှင့် လူငယ်တစ်ယောက်လည်း ပါသည်။ ထိုလူငယ်က ထိုင်ခုံ ရဖို့ ရထားပေါ်သို့ အလုအယက် တက်ရာ အဘွားကြီးကို တိုက်မိသွားသည်။ အဘွားကြီးမှာ လဲတော့ ပြိုတော့မလို ဖြစ်သွားသည်။

ရထားတံခါး မပိတ်မီကလေးမှာပင် အဘွားကြီးကို ရထားပေါ်သို့ ရောက်အောင် သူ ဆွဲတင်ပေးခဲ့နိုင်သည့် အဖြစ်ကို ပြန်လည်အမှတ်ရနေမိသည်။

"ဘာမှ မဖြစ်ပါဘူးနော်"

အဘွားကြီးကို သူ မေးကြည့်ခဲ့သည်။

"မဖြစ်ပါဘူးကွယ်၊ မဖြစ်ပါဘူး၊ လဲများသွားတော့မလားလို့ လန့်လိုက်တာ၊ ဒီခေတ် လူငယ်တွေဟာ အရမ်းနမော်နမဲ့နိုင်တာပဲ၊ တို့ခေတ်တုန်းကနဲ့များ ကွာပါ့"

"လူငယ်တွေဟာ ကြမ်းကြုတ်တယ်"

သူက လေပျော့ကလေးနှင့် ပြောသည်။

ဒူးပွန့်ဘူတာရုံတွင် စာအုပ် တစ်ပွေ့တစ်ပိုက်နှင့် လူငယ် ဆင်းသည်။ ပလက်ဖောင်းကို ဖြတ်လျှောက်သွားသည်။ ရထား ပြောင်းစီးရန် ဖြစ်ပုံရသည်။

အသာက သူ့နောက်မှ ဆင်းလိုက်သွားသည်။ လူအုပ်ကြီး၏ ရှေ့ ပလက်ဖောင်းအစပ်တွင် ထိုလူငယ် ရပ်သောအခါ သူက ဘေးမှာ ကပ်ပြီး ရပ်သည်။

ရထား ဝင်လာတော့ သူ့နောက်ဘက်သို့ နေရာရွှေ့သည်။ ပြီးနောက် ဆတ်ခနဲ တစ်ချက် တိုးသည်။ ထိုလူငယ်၏ လက်ထဲမှ စာအုပ်တစ်အုပ် လွတ်ကျသွားသည်။ လူငယ်က စာအုပ်ကို လိုက်ဖမ်းသည်။ လူငယ်၏ ဟန်ချက် ပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကို အသာကလေး တွန်းချလိုက်ဖို့ အလွန်လွယ်ကူသွားပါသည်။
လူငယ်သည် စာအုပ်များနှင့်အတူ မီးရထားသံလမ်းပေါ်သို့ ကန့်လန့်ဖြတ်...သွားလေတော့သည်။
သူ့ရှေ့မှာ ရှိနေသည့် သတင်းစာကို တစ်ကြိမ် ပြန်ကြည့်သည်။
သတင်း ပါပါသည်။ စာမျက်နှာ ၃ တွင်။ '၁၉ နှစ်အရွယ် ကျောင်းသား...ထရီ ရထားကြိတ်မိ၍ သေခြင်း' ခေါင်းစဉ်ဖြင့် သတင်း ပါလာပါသည်။ ...တ်တဆမှု ဖြစ်သည်ဟု သတင်းစာက ရေးသည်။
လက်ထဲမှ စာအုပ် လွတ်ကျသွားသောကြောင့် ထိုစာအုပ်ကို လိုက်ဖမ်း... အရှိန်လွန်ကာ ရထားသံလမ်းပေါ်သို့ လိမ့်ကျသွားပြီး ဝင်လာနေသည့် ရထား... ဝင်ကြိတ်သွားသည်ကို ဘေးမှ ရပ်နေသူ တစ်ဦးက မြင်သည်ဟုလည်း ...ဆိုရှိသည်။
အာသာ၏ လက်ထဲမှ ကော်ဖီပန်းကန်မှာ အေးစက်နေပြီ။ ကော်ဖီတစ်ခွက် ...ဦးမည်။ ပြီးလျှင် အလုပ်သွားမည်။
သူ အလေးဂရုပြုခြင်းကို စောင့်မျှော်နေကြသည့် သက်ကြီးရွယ်အိုများ ...အိုရုံတွင် အများကြီး ရှိနေသည်။
သူ့စိတ်အာရုံများက ပက်ထရီရှာထရေးမိုးထံ ရောက်ရောက်နေသည်။ ...ကြောင့်လည်း မစ္စက်ဂေးလက်စ်ဝိုင်း ကိစ္စတုန်းက သူ သတိလစ်ခဲ့ခြင်း ဖြစ်လေ...သည်။ နောက်ဆိုလျှင် သတိထားရမည်။
မနက်ဖြန် အလုပ်မှ အိမ်အပြန် နောက်ကျမည့်အကြောင်း ဂလိုရီကို ... ကြိုပြောထားရမည်။
ပက်ထရီရှာထရေးမိုး အိမ်သို့ သူ ပြန်သွားစရာ အကြောင်း ရှိနေသည်။
အိမ်ထဲသို့ သူ ပြန်ဝင်ရဦးမည်။
ဂလိုရီက သူ့အရုပ်ကလေးကို ပြန်လိုချင်နေသည်။

...ဘာ ၂၄ ရက်နေ့ မနက် ၁၀ နာရီအချိန်တွင် ရစ်ချ်မွန်မြို့သို့ ပက်ထရီရှာ ...ကလာခဲ့သည်။
နေ သာနေသည်။ လင်းလင်းချင်းချင်း သာနေသည်။ သို့သော်လည်း ...က်နေသည့် လေကတော့ အရမ်းကာရော အေးနေသည်။ သည်နှစ် ခရစ္စမတ် ...အေးပိမည်မှာ သေချာနေသည်။
အဝေးပြေးလမ်းမကြီးမှ ဖဲ့ဆင်းပြီး ရစ်ချ်မွန်မြို့ထဲသို့ ဝင်ခဲ့သည်။ သုံးခါ ...သောက် လမ်းမှားသွားပြီးမှ သတိထားပြီး လိပ်စာကို ရှာသည်။ နောက်ဆုံး သူ ...ရောက်လိုသည့် လိပ်စာကို တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး ရှေးကျူဒေါ်ခေတ်ပုံစံ အိမ်များ ဆောက်လုပ်ထားကြသည် ကို တွေ့သည်။ မကြီးမငယ် အရွယ်များ ဖြစ်သည်။

သူ သွားလိုသော အိမ်နံပါတ် ၂၂ သည် အနီးအနားရှိ အိမ်များထက် အနည်းငယ် ပိုကြီးသည်။ 'ရှေးဟောင်းပစ္စည်းများ' ဆိုသော စာလုံးကို မြက်ခင်း တွင် မြက်များနှင့် ပုံဖော်ထားသည်ကိုလည်း တွေ့ရသည်။

ကက်သရင်းဂရာနေက အိမ်ပေါက်ဝမှနေ၍ သူ့ကို စောင့်ကြိုနေသည်။ အသက် ငါးဆယ်လောက် ရှိမည်။ မျက်နှာပေါက်က လေးထောင့်စပ်စပ် ဖြစ် မျက်လုံးများက ပြာသည်။ စူးစမ်းလေ့လာတတ်သော မျက်လုံးများ ဖြစ်ကြောင်း သိသာသည်။ ကိုယ်လုံးကိုယ်ပေါက် သွယ်သည်။ ဆံပင်များကို တိုတိုညှပ်ထား သည်။

ပက်၏ လက်ကို လှိုက်လှိုက်လှဲလှဲ ဆွဲယူ နှုတ်ဆက်သည်။

"မင်းကို တရင်းတနှီး သိနေတယ်လို့ စိတ်ထဲမှာ ခံစားနေရတယ်ကွယ် နယူးအင်္ဂလန်ကို ပစ္စည်းဝယ်ဖို့ မကြာခဏ ငါ ရောက်တယ်၊ အဲဒီလို ရောက်တိုင်း ရုပ်မြင်သံကြားမှာ မင်း ထုတ်လွှင့်တဲ့ အစီအစဉ်ကို မလွှတ်တမ်း ကြည့်ဖြစ်ခဲ့တယ်"

အောက်ထပ်ကို ပြခန်းများအဖြစ် အသုံးချထားသည်။ ရှေးဟောင်းပစ္စည်း များ ဖြစ်သော စားပွဲ၊ ကုလားထိုင်များ၊ ခုတင် ညောင်စောင်းများ၊ ပန်းအိုးများ မှန်အိမ်များ၊ ပန်းချီကားများ၊ အရှေ့တိုင်းဖြစ် ကော်ဇောများ၊ ပန်းကန်ခွက်ယောက် များ… စုံလှသည်။ ပစ္စည်းတိုင်းတွင် ဈေးနှုန်းကတ်ပြားကလေးများ ကပ်ထား လေသည်။

၈ ရာစု နှစ်ဦးပိုင်းသုံး စာအုပ် ဗီရိုတစ်လုံးကိုလည်း တွေ့ရသည်။ ဖောင်း ပန်းပုရုပ်များ ထွင်းထုထားသည်။

ထိုဗီရိုရှေ့တွင် ခွေးတစ်ကောင် အိပ်နေသည်။

"ငါက အပေါ်ထပ်မှာ နေတယ်၊ ထုံးစံကတော့ ဒီနေ့ဟာ ဆိုင်ပိတ် နေ့ပဲ၊ ဒါပေမဲ့ လူတစ်ယောက်က လက်ဆောင်ပစ္စည်း ဝယ်ချင်လို့ပါ ဆိုပြီး ဖုန်း ဆက်ထားတာနဲ့ ဖွင့်စောင့်နေရတာ၊ ကော်ဖီ သောက်မယ်နော်"

ကက်သရင်းဂရာနေက သူ့ဆိုင်အကြောင်း ရှင်းပြရင်း ပက်ကို တစ်ဆက် တည်း မေးသည်။

ပက်က ကုတ်အင်္ကျီ ချွတ်သည်။ ဆိုင်ထဲမှာ ခင်းကျင်းထားသည့် ပစ္စည်း များကို လှည့်ကြည့်ပြီး အကဲခတ်သည်။

"အကုန်လုံး အင်မတန်လှတဲ့ ပစ္စည်းတွေချည်းပဲနော်"

ပက်က ပြောသည်။ ထိုစကားကြောင့် မစ္စက်ဂရာနေ အတော်ကျေနပ်သွား ပုံရသည်။

"လှတယ်ထင်ပြီး စုဆောင်းထားတာတွေပါပဲကွယ်၊ ငါက ရှေးဟောင်း

www.burmeseclassic.com

www.burmeseclassic.com



...တွေကို မနားတမ်း ရှာဖွေစုဆောင်းပြီး လိုအပ်သလို အထိုက်အလျောက် ...တယ်၊ ပြီးတော့ ပြန်ရောင်းတယ်၊ ငါ့အလုပ်ရှုံက မော်တော်ကား ဂိုထောင် ...မှာ...''

ရှေးဟောင်း ကော်ဖီကရားထဲမှ ကော်ဖီကို ပန်းကန်ထဲသို့ ငှဲ့ထည့်ပေး ...၏။

''နောက်ပြီးတော့ ငါကိုယ်တိုင်ကလည်း အလှအပတွေ ဝိုင်းဝိုင်းလည်ပြီး ...ကြားထဲမှာ နေရတာကို သဘောကျတယ်၊ မင်းလို ရွှေရောင်ဆံပင်ကလေးနဲ့ ...ချောကလေးဟာလည်း မင်း အခုထိုင်နေတဲ့ ညောင်စောင်းနဲ့ သိပ်လိုက်တယ်''

ပက် ထိုင်နေသည့် ညောင်စောင်းသည် ၁၈ ရာစုနှစ် အစောပိုင်း၏ ...ည်ကျော် အင်္ဂလိပ် လက်သမားဆရာကြီး သောမတ်ချစ်ပင်ဒေးလ်၏ လက်ရာ ...လေသည်။

''ကျေးဇူးတင်ပါတယ် ရှင်''

အဘွားကြီးသည် အတော်ပွင့်လင်းကြောင်း ပက် သဘောပေါက်သွား ...ည်။ သူ ပြောချင်သည်ကို ရိုးရိုးသားသားနှင့် တိုက်ရိုက် ပြောဆိုတတ်သည့် ...ဘွားကြီး ဖြစ်လေသည်။

သည်အတိုင်း ဆိုလျှင်တော့ မိမိ လာရင်းကိစ္စကို လိုရင်းသို့ ရောက်အောင် ...လွယ်တကူ ပြောနိုင်မည် ဖြစ်ကြောင်း ပက် နားလည်လိုက်သည်။

''မစ္စက်ဂရာနေ -- ရှင် ရေးလိုက်တဲ့ စာဟာ အတော်ကို တုန်လှုပ် ...ောက်ချားစရာ ကောင်းတယ် ဆိုတာကိုတော့ ရှင်လည်း သဘောပေါက်ထားပြီး ...ဖြစ်မှာပါ၊ ဒါပေမဲ့ ရုပ်မြင်သံကြားဌာန အကြီးအကဲဆီကို တိုက်ရိုက်မရေးဘဲ ...ျွန်မဆီကို ဘာဖြစ်လို့ လှမ်းရေးတယ် ဆိုတာ ရှင်းပြပေးနိုင်မလား ရှင်'

ကက်သရင်းဂရာနေက ကော်ဖီကို တစ်ငုံ သောက်သည်။

''စောစောက မင်းကို ပြောခဲ့သလိုပဲ၊ မင်းရဲ့ ရုပ်မြင်သံကြား အစီအစဉ် ...တွေ အတော်များများကို ငါ ကြည့်ဖူးတယ်၊ မင်း တင်ဆက်တာတွေဟာ အင်မတန် ...ကို ပြည့်ပြည့်စုံစုံ ရှိတယ်လို့လည်း ငါ့စိတ်ထဲမှာ ခံစားရတယ်၊ နောက်ပြီးတော့ ...ဆပ်ပြီး လိမ်ညာမှုကြီးတစ်ခု ပြုလုပ်ရာမှာ မင်းဟာ စိတ်ပါလက်ပါ ကူညီမယ့် ...မိန်းကလေးတစ်ယောက်လို့လည်း ငါ မထင်မိဘူး၊ ဒါကြောင့် ဂျင်းနင်းရဲ့ အကြောင်း ...တင်ဆက်တဲ့အခါမှာ ဂျော့ဂရာနေရဲ့ နာမည်ကို ထုတ်ဖော်မသုံးမိဖို့ မင်းဆီကို ...စာရေးပြီး မေတ္တာရပ်ခံလိုက်တာပဲ၊ ဝေးလတ် သေဆုံးရတာနဲ့ ပတ်သက်လို့ ...လေယာဉ်မှူးရဲ့ အမှား ဖြစ်ကြောင်း အက်ဘီငေးလ်ဂျင်းနင်း ထုတ်ဖော်မပြောအောင် ...တားလိုက်တဲ့ သဘောပါပဲ၊ ငါ့ယောက်ျားဟာ အတောင်ပံရှိတဲ့ ဘယ်လိုပစ္စည်း ...မျိုးကိုမဆို မိုးပေါ် တက်အောင် ပျံသန်းပေးနိုင်တဲ့ လူစားမျိုးပါ''

www.burmeseclassic.com

www.burmeseclassic.com



တည်းဖြတ်ပြီး ဖြစ်နေသော ဗီဒီယို ကက်ဆက်ခွေများ အကြောင်းကို ပက်က စဉ်းစားကြည့်နေမိလေသည်။

ဆီနိတ်တာဂျင်းနင်းက လေယာဉ်မှူးကို ရှုတ်ချပြစ်တင်ထားသည်။ သို့သော်လည်း လေယာဉ်မှူး၏ နာမည်ကို သူ ထုတ်ဖော်ပြောသလား။

ပက် မရေမရာ ဖြစ်နေသည်။

သို့သော်လည်း 'လေယာဉ်ပျံ ပျက်ကျမှုနှင့် အချို့သော အသေးစိတ် အချက်အလက်များကို သူ သတိရနေသည်။

"လေယာဉ်ပျက်ကျမှုနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးကြည့်တဲ့အခါမှာ ရှင့်ယောက်ျားက လေယာဉ်ပျံကို အရမ်းနိမ့်နိမ့်ကလေး ပျံသန်းခဲ့တယ် ဆိုတာကို တော့ စစ်ဆေးတွေ့ရှိခဲ့ရတယ် မဟုတ်လား"

ပက်က မေးကြည့်သည်။

"လေယာဉ်ပျံကို နိမ့်နိမ့်ကလေး ပျံသန်းသွားတယ်။ တောင်နဲ့ ဝင်တိုက်ခဲ့ တယ်။ ဒါတွေ မှန်တယ်။ ဒါပေမဲ့ ဒီအကြောင်း အက်ဘီဂေးလ်ဂျင်းနင်း ထုတ်ဖော် ပြောပုံပြောနည်းဟာ မှုမမှန်ဘူး၊ လေယာဉ်ပျံ ပျက်မကျစေရေး၊ လေကြောင်း လုံခြုံရေးများနှင့် ပတ်သက်ပြီး ပြောရေးဆိုခွင့်ရှိသူ တစ်ယောက်အနေမျိုးနဲ့ သတင်းအ ထဲမှာ သူ့အကြောင်း ပါလာအောင် ပြောတာမျိုး ဖြစ်နေတယ်၊ အမှန်တော့ သူ အဲဒီစကား ပြောကတည်းက ငါ ချက်ချင်း ကန့်ကွက်ခဲ့ဖို့ ကောင်းတာ"

စာအုပ်ဗီရိုရှေ့တွင် အိပ်ပျော်နေသည့် ခွေးကလေး ခေါင်းထောင်ထလာ သည်။ သူ့သခင်မ၏ အသံ အတော်ကလေး ကျယ်သွားသောကြောင့် အိပ်ရာမှ နိုးသွားဟန်တူသည်။

အကြောဆန့်ပြီး အခန်းကို ဖြတ်လျှောက်လာကာ သူ့သခင်မ ခြေထောက် နားမှာ ဝပ်သွားပြန်သည်။

"ရှင် ဘာဖြစ်လို့ ချက်ချင်း မကန့်ကွက်ခဲ့တာလဲ"

"အကြောင်းတွေ အများကြီး ရှိပါတယ်၊ လေယာဉ်ပျံ ပျက်ကျပြီး သိပ်မကြာခင်မှာ ငါ့သားလေး မျက်နှာမြင်တယ်၊ နောက်ပြီးတော့ ဝေးလတ်ရဲ့ အမေကို ညှာလိုက်ချင်တာလည်း ပါတယ်"

"ဝေးလတ် အမေကို ဘယ်လို ညှာချင်တာလဲ"

"ဒီလိုလေကွယ်... ဝေးလတ်ဂျင်းနင်း ခရီးသွားတာကို ဂျော့က လေယာဉ်ပျံ မောင်းပြီး မကြာခဏ လိုက်ပို့ပေးရတယ်၊ ဒါကြောင့် သူတို့နှစ်ယောက်က အရမ်း ရင်းနှီးနေကြပြီ၊ အဲဒီလို ရင်းနှီးနေကြတာကို အဘွားကြီးက သိတယ်၊ လေယာဉ် ပျက်ကို တွေ့ပြီးတာနဲ့ အဘွားကြီးက ငါ့ဆီကို ရောက်လာတယ်၊ ငါ့ဆီကို လာ တာနော်၊ သူ့ချွေးမဆီကို သွားတာ မဟုတ်ဘူး၊ လေယာဉ်ပျံ ပျက်ကျတဲ့ နောက် ဆက်တွဲ သတင်းကို တို့နှစ်ယောက် အတူတူ ထိုင်စောင့်ကြတယ်၊ နောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ငါ့သားလေးအတွက် ပညာသင်စရိတ် ငွေတွေ အများကြီး သူ ပေးတယ်၊ ပညာသင်စရိတ်အဖြစ် ဘဏ်မှာ အပ်ပေးတယ်၊ အဲဒီအကြောင်းတွေကြောင့် သူ့ကို ငါ ညှာရတော့မယ်၊ အက်ဘီဂေးလ်ဂျင်းနင်း ဒုက္ခရောက်သွားအောင် ငါ့မှာ ရှိနေတဲ့ လက်နက်တွေကို သုံးလိုက်ရင် အဘွားကြီး စိတ်မချမ်းမသာ ဖြစ်တော့မယ်၊ အဲဒီလို မဖြစ်စေချင်ဘူး၊ တို့နှစ်ယောက်စလုံးမှာ မသက်သာစိတ်တွေ ရှိနေကြတယ်၊ ဒါပေမဲ့ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်ရင် အဘွားကြီးလည်း နစ်နာမယ် မဟုတ်လား"

ရှေးဟောင်း တိုင်ကပ်နာရီကြီးက သံစုံမြည်ပြီး နာရီထိုးသည်။

တစ်နာရီ ထိုးပြီ။

သူတို့ ထိုင်နေသည့် အခန်းထဲသို့ နေရောင်ထိုးကျနေသည်။

ကက်သရင်းက သူ့လက်ချောင်းကလေးများကို လိမ်နေသည်။ ထိုလက်ချောင်းကလေးတွင် လက်ထပ်လက်စွပ် ဝတ်ထားသည်ကို ပက် သတိထားမိသည်။ ဂျော့ဂရာနေ ကွယ်လွန်သွားသော်လည်း သူ နောက်အိမ်ထောင် ထပ်ပြုခြင်း မရှိတော့ချေ။

"အက်ဘီဂေးလ် ဒုက္ခရောက်သွားအောင် အသုံးပြုနိုင်တဲ့ ဘယ်လိုလက်နက်မျိုးတွေ ရှိနေတာလဲ"

ပက်က မေးသည်။

"အက်ဘီဂေးလ်ရဲ့ ဘဝ ပျက်စီးသွားအောင် ငါ ဖျက်ပစ်လိုက်နိုင်တယ်၊ ဝေးလတ်ဟာ သူနဲ့ ပေါင်းသင်းနေရတာ နည်းနည်းလေးမှ စိတ်မချမ်းသာဘူး၊ နိုင်ငံရေးကိုလည်း စိတ်ကုန်နေပြီ၊ ရွေးကောက်ပွဲ ထပ်မဝင်တော့ဖို့ သူ သေတဲ့နေ့မှာပဲ သူ ဆုံးဖြတ်လိုက်တယ်၊ ကြေညာချက်ထုတ်ဖို့လည်း စီစဉ်ခဲ့တယ်၊ ကောလိပ်ကျောင်းရဲ့ ဥက္ကဋ္ဌရာထူးကို သူ လက်ခံထားပြီးပြီ၊ ကျောင်းဆရာဘဝနဲ့ပဲ နေသွားချင်ပြီတဲ့၊ သေခါနီးလေးမှာပဲ လေယာဉ်ပျံကွင်းမှာ အက်ဘီဂေးလ်နဲ့ သူ အကြီးအကျယ် ရန်ဖြစ်ကြသေးတာပေါ့။

"နိုင်ငံရေးလောကက အနားယူမယ်လို့ မကြေညာဖို့နဲ့ အနားလည်း မယူဖို့အတွက် အက်ဘီဂေးလ်က သူ့ကို အကြီးအကျယ် တောင်းပန်တယ်၊ အဲဒီလို တောင်းပန်တော့ ဂျော့နဲ့ ငါ့ရှေ့မှာပဲ ဝေးလတ်က ပြန်ပြောတယ်၊ 'အက်ဘီဂေးလ် နိုင်ငံရေးလောကထဲက ငါ ထွက်တာ မထွက်တာ မင်းအဖို့ ဘာမှ အကြောင်းထူးတော့မှာ မဟုတ်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ တို့နှစ်ယောက် ရေစက်ကုန်နေလို့ပဲ ဖြစ်တယ်၊ မင်းနဲ့ ငါ ပြတ်စဲတော့မှာမို့ မင်းအဖို့ ဘာမှ မထူးခြားနိုင်တော့ဘူးလို့ တို့ရှေ့မှာ ပြောသွားတယ်"

"ဒီအတိုင်းဆိုရင် အက်ဘီဂေးလ်နဲ့ ဝေးလတ်ဂျင်းနင်းတို့ဟာ ကွာရှင်းပြတ်စဲကြတော့မယ့်ဆဲဆဲပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ အင်မတန် ကြီးမြတ်တဲ့ မုဆိုးမကြီးအဖြစ် ကောင်းကောင်းကြီး အယောင်ဆောင်နိုင်တော့တာပေါ့၊ ငါ့သား ဂျော့ဂရာနေဂျူနီယာက အခုလေတပ်မှာ လေသူရဲ၊ သူ့အဖေကို သူ လုံးဝမသိခဲ့ဘူးလေ၊ ဒါပေမဲ့ အက်ဘီဂေးလ် မဟုတ်မဟတ် ပြောတာတွေကြောင့် ငါ့သားလေး အရှက်တကွဲ အကျိုးနည်းဖြစ်ရမှာကို ငါ မလိုလားဘူး၊ တကယ်လို့ သူ့ကို ငါ တရားစွဲလိုက်ရင် ငါ ရှုံးသည်ဖြစ်စေ၊ နိုင်သည် ဖြစ်စေ အက်ဘီဂေးလ်ဟာ တစ်သက်လုံး ဟန်ဆောင်ပြီး လိမ်ညာစားလာတာ ဆိုတာတွေတော့ အားလုံး ပေါ်ကုန်မှာပေါ့"

ပက်က စကားမမှားအောင် စကားလုံးကို ကြိုးစားရွေးချယ်နေသည်။

"မစ္စက်ဂရာနေ… ရှင့်ယောက်ျားရဲ့ ဂုဏ်သိက္ခာကို မထိခိုက်အောင်တော့ ကျွန်မ သေသေချာချာ ဂရုစိုက်ပါ့မယ်၊ ဒါပေမဲ့ ကျွန်မ တစ်ခုတော့ ပြောချင်ပါတယ်၊ အက်ဘီဂေးလ်နဲ့ ပတ်သက်တဲ့ ဖိုင်တွဲတွေ အထောက်အထားတွေကို ကျွန်မ အားလုံး မွှေနှောက်ကြည့်ပြီးပါပြီ၊ အဲဒီအထောက်အထားတွေအရ ပြောရမယ်ဆိုရင် အက်ဘီဂေးလ်နဲ့ ဝေးလတ်ဂျင်းနင်းတို့ဟာ တစ်ယောက်အပေါ် တစ်ယောက် အင်မတန် အချစ်ကြီးကြတယ်လို့ သဘောပေါက်ပါတယ်"

ကက်သရင်းဂရာနေ၏ မျက်နှာပေါ်တွင် မဲ့ပြုံးတစ်ခု ပေါ်လာသည်။

"အခု မင်း ပြောလိုက်တဲ့ စကားကို အက်ဘီဂေးလ်သာ ကြားရမယ်ဆိုရင် သူ့မျက်နှာပေါ်မှာ ဘယ်လိုအမူအရာမျိုး ပေါ်သွားမယ် ဆိုတာ မြင်လိုက်ချင်စမ်းတော့တယ်ကွယ်"

မစ္စက်ဂရာနေက ပက်၏ မျက်နှာကို စိုက်ကြည့်သည်။

"မင်းကို တစ်ခု ပြောမယ်၊ ဒီကနေ ပြန်ရင် ဟေးလ်ခရက်စ်အရပ်ကို ကျော်ပြီး တစ်မိုင်လောက် မင်း ကားမောင်းသွားကြည့်စမ်းပါ၊ အဲဒီနေရာတွေဟာ ဂျင်းနင်းတို့ ဘိုးဘွားဘီဘင်က ပိုင်ခဲ့တဲ့ ခြံတွေ မြေတွေပဲ၊ သူတို့ ဘယ်လောက် ချမ်းသာတယ်ဆိုတာ အဲဒီဟာတွေကို မြင်ရင် မင်း သဘောပေါက်လိမ့်မယ်၊ နောက်ပြီး ဝေးလတ်ဂျင်းနင်းရဲ့ အမေဟာ ဘယ်လောက် ခေါင်းမာသလဲ ဆိုတာလည်း အဲဒီနေရာ ရောက်ရင် မင်း ကိုယ်တွေ့မျက်မြင် ဖြစ်ရစေမယ်၊ ဘာကြောင့်လဲဆိုတော့ အဘွားကြီးက သူ့ချွေးမအရင်းကို ဘာအမွေမှ မပေးခဲ့ဘူးလေ၊ မြေတစ်လက်မ မပေးသလို ပိုက်ဆံလည်း ခြူးတစ်ပြား မပေးခဲ့ဘူး၊ ဘာအမွေမှ မပေးခဲ့ဘူး"

နောက် ၁၅ မိနစ်လောက် ကြာတော့ ပက်သည် ဂျင်းနင်းတို့၏ ပိုင်နက်နယ်မြေပေါ်သို့ ရောက်နေသည်။

အလွန်လှပပြီး မြတ်နိုးစရာ ကောင်းလှသည့် အိမ်ကြီးတစ်ခေါင်ကို ခြံဝါးခါးမှ ကျော်ပြီး ပက် လှမ်းကြည့်နေမိသည်။ ခြံထဲတွင် ဆီးနှင်းများ ပေါ်တစ်ကွက်သည်တစ်ကွက် ဖုံးလွှမ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အက်ဘီဂေးလ်သည် ဝေးလတ်၏ ဇနီးတစ်ယောက်အနေဖြင့် ကွန်ဂရက် လွှတ်တော်မှ အမတ်နေရာကို အမွေဆက်ခံခွင့် ရခဲ့သည်။

ထိုနည်းတူစွာ သည်မြေတွေ၊ သည်အိမ်တွေကိုလည်း သူပဲ ဆက်ခံပိုင်ခွင့် ရှိရပေမည်။

အကယ်၍ ဝေးလတ် မသေဘဲ သူတို့ ကွာရှင်းပြတ်စဲဖြစ်ကြမည်ဆိုလျှင် အက်ဘီဂေးလ်သည် ပတ်ဝန်းကျင် အသိုင်းအဝိုင်း၏ ကြည်ခြင်းကို ခံရမှာ သေချာ သလောက် ဖြစ်နေသည်။

ကက်သရင်းဂရာနေ ပြောသည့်အတိုင်းသာ မှန်ပါမူ လွန်ခဲ့သည့် နှစ်ပေါင်း အစိတ်က သူတို့နှစ်ယောက် မကွာရှင်းနိုင်ခဲ့သောကြောင့် အက်ဘီဂေးလ် အလွန် ကံကောင်းသွားသည်ဟု ဆိုရချေတော့မည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၈

"အရမ်းကြည့်လို့ကောင်းတယ် အက်ဘီ"

တိုဘီက ယဉ်ယဉ်ကျေးကျေး ပြောသည်။

"ဓာတ်ပုံတော့ အတော်စားမယ်"

အက်ဘီဂေးလ်ကလည်း တိုဘီကို ထောက်ခံသည်။

သူတို့နှစ်ယောက်သည် အက်ဘီဂေးလ်၏ ဧည့်ခန်းထဲမှာ ရှိသော ခရစ္စမတ် သစ်ပင်ကို သဘောကျ နှစ်ခြိုက်စွာ ကြည့်နေကြသည်။ စားပွဲပေါ်မှာလည်း ခရစ္စမတ် ညစာစားပွဲအတွက် ပန်းကန်ခွက်ယောက်များ အသင့်ပြင်ဆင်ထားပြီး ဖြစ်နေလေသည်။

"မနက်ဖြန်ဆိုရင်တော့ ဒီအိမ် ပတ်လည်မှာ သတင်းထောက်တွေ ခြေချင်း လိမ်နေကြတော့မှာပဲ၊ ဘုရားရှိခိုးကျောင်းမှာ အစောဆုံး ဝတ်ပြုချိန် ဘယ်အချိန်လဲ ဆိုတာ စုံစမ်းထားစမ်း၊ သတင်းထောက်တွေကို ဘုရားရှိခိုးကျောင်းမှာပဲ ... အတွေ့ခံလိုက်မယ်"

"ဘယ်အမျိုးသမီးကို ဒုတိယသမ္မတအဖြစ် ရွေးချယ်ကြောင်း ကျွန်တော် ကြေညာပါ့မယ်"

နိုင်ငံတော်သမ္မတကြီးက ထိုအတိုင်း အတိအလင်း ထုတ်ဖော်ပြောခဲ့သည်။ ထိုအချိန်မှစပြီး အက်ဘီဂေးလ်မှာ အလွန်အမင်း စိတ်လှုပ်ရှားခဲ့ရလေသည်။

သို့သော်လည်း သတင်းထောက်များ ရှေ့တွင် သူ စကားအများမခံနိုင်...

"ဒုတိယသမ္မတ အဖြစ်နိုင်ဆုံးကတော့ ငါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် သူ ပြောခဲ့သည်။

"ကလဲယားက သမ္မတကြီးနဲ့ တစ်နယ်တည်းသားတွေ ဖြစ်နေတယ်၊ ဒါကြောင့် သူ့ကို ဒုတိယသမ္မတ ပေးလို့ ဘယ်တော်မလဲ၊ ရုပ်မြင်သံကြားလွှင့်မယ့် အစီအစဉ်ကြီးနဲ့ ငါနဲ့ မပတ်သက်မိရင် ဘယ်လောက်များ ကောင်းလိုက်မလဲနော်"

"အဲဒီအစီစဉ်က ခင်ဗျားကို အကျိုးပြုမှာပါ"

နှစ်သိမ့်သည့် အပြောမျိုးကို တိုဘီက ပြောသည်။ သို့သော်လည်း စိတ်ထဲတတော့ ကျိတ်ပြီး အက်ဘီဂေးလ်အတွက် သူ ပူမိလေသည်။

"တိုဘီ... အဆင့်မြင့်တဲ့ တာဝန်ကြီး တစ်ခုခုအတွက် ငါ ရွေးကောက်ပွဲဝင်မယ် ဆိုရင်တော့ သူတို့ တင်ဆက်မယ့် အစီအစဉ်က ငါ့အတွက် အထောက်အကူပြုကောင်း ပြုလိမ့်မယ်၊ ဒါပေမဲ့ အခုကိစ္စကတော့ တစ်မျိုး၊ ငါ့အကြောင်း တင်ဆက်တာကို သမ္မတကြီးက ကြည့်မိတာနဲ့ ချက်ချင်း ထိုင်ရာက ခုန်ထပြီး ဒုတိယသမ္မတဟာ သူပဲကွ ဆိုတာမျိုးတော့ ဘယ်နည်းနဲ့မှ ဖြစ်လာမှာ မဟုတ်ဘူး၊ ဒုတိယသမ္မတအဖြစ် မကြေညာခင်မှာ ငါ့မှာ ဘာအပြစ်တွေများ ရှိနေသလဲ ဆိုတာကိုပဲ သေချာအောင် စောင့်ကြည့်နေတာမျိုးပဲ ဖြစ်သွားနိုင်တယ်"

အက်ဘီ မှန်ကြောင်း တိုဘီ သိသည်။

"မပူပါနဲ့၊ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျား နောက်ဆုတ်ချင်လို့ မရနိုင်တော့ဘူး၊ ဒီအစီအစဉ်ကို လွှင့်ထုတ်မယ့်အကြောင်း လူသိရှင်ကြား ကြေညာပြီးနေပြီ"

တိုဘီက သူ စိတ်သက်သာရရအောင် ပြောသည်။

ခရစ္စမတ် ညစာစားပွဲသို့ သေသေချာချာ လူရွေးပြီး ဖိတ်သည်။ ထိုလက်ရွေးစင်များအနက် ဆီးနိတ်လွှတ်တော်အမတ် နှစ်ဦး၊ ကွန်ဂရက်လွှတ်တော်အမတ် သုံးဦး၊ တရားရုံးချုပ်တရားသူကြီး တစ်ဦးနှင့် လူသာပယ်လ်ဟမ်းတို့ ပါဝင်ကြလေသည်။

ဆမ်ကင်စလေ ကာလီဖိုးနီးယားကို သွားမနေရင် ဘယ်လောက်ကောင်းမလဲနော်... ဟု အက်ဘီဂေးလ်က တမ်းတသည်။

ည ၆ နာရီထိုးတော့ အားလုံး ပြင်ဆင် ပြီးစီးသွားသည်။ အက်ဘီက ဘဲငန်းတစ်ကောင်ကို ချက်ထားသည်။ မနက်ဖြန် ညစာတွင် အသားအေးဟင်း တစ်မည်အဖြစ် ကျွေးရန် ဖြစ်သည်။

ဟင်းနံ့က တထောင်းထောင်း ထွက်နေသည်။ တစ်အိမ်လုံးကို ဖုံးလွှမ်းနေသည်။

ထိုဟင်းနံ့ကို ရှူရှိုက်မိသောအခါ တိုဘီက အက်ပယ်လ်ဂျန်းရှင်းတုန်းက ဆောင်းဒါးစ်တို့ အိမ် မီးဖိုချောင်ကို ပြန်လည်အမှတ်ရနေမိသည်။

ဆောင်းဒါးစ်တို့၏ မီးဖိုချောင်သည်လည်း အက်ဘီတို့ အမေ ချက်သည့် ဟင်းနံ့များဖြင့် အမြဲတမ်း မွှေးကြိုင်နေတတ်သည်။ အက်ဘီတို့ အမေလို ဟင်းချက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသူ တစ်ယောက်ကို ရှာတွေ့ဖို့ ဆိုသည်မှာ မလွယ်။

"ဒီလိုဆိုရင် ကျွန်တော် လစ်တော့မယ် အက်ဘီ"

"ကောင်မတွေ တစ်ပြုံကြီးနဲ့ ချိန်းထားပြီးပြီလား တိုဘီ"

"တစ်ပြုံကြီးတော့ မဟုတ်ပါဘူး"

တိုဘီက ပြန်ဖြေသည်။ မှန်ပါသည်။ တစ်ပြုံကြီးတော့ မဟုတ်ပါ။ စားသောက်ဆိုင် တစ်ဆိုင်မှ စားပွဲထိုး အမျိုးသမီးတစ်ယောက်နှင့် ချိန်းထားခြင်းသာ ဖြစ်ပါသည်။ ဟိုကောင်မက သူ့အပေါ် စိတ်ကုန်စပြုလာပြီ။

ကောင်မတွေ အားလုံး သည်အတိုင်းပဲ ဖြစ်သည်။ တွဲပြီး မကြာခင်မှာပင် တိုဘီကို သူတို့ စိတ်ကုန်သွားတတ်ကြလေသည်။

"မနက်ကျမှ တွေ့တော့မယ်၊ ငါ့ကို စောစော လာခေါ်နော်"

"စိတ်ချပါ ဆီနီတ်တာ၊ အိပ်ရေးဝအောင် အိပ်လိုက်ပါ၊ မနက်ဖြန်ကျ တော့ ခင်ဗျား လှလှပပ ဖြစ်နေချင်တယ် မဟုတ်လား"

ခရစ္စမတ် သစ်ပင်ကို အက်ဘီ စိတ်တိုင်းကျ ပြင်ဆင်နေခိုက်မှာပင် တိုဘီလည်း အခန်းထဲမှ ထွက်ခဲ့သည်။ သူ့အခန်းသို့ သူ ပြန်သွားသည်။ ရေချိုး သည်။ အဝတ်အစား လဲသည်။

စားပွဲထိုး ကောင်မလေးက သူ ယနေ့ည ဘာမှ ချက်မည် မဟုတ်ကြောင်း သူ့ကို ပြောထားသည်။ ထို့ကြောင့် အပြောင်းအလဲ သဘောမျိုး ဖြစ်အောင် သူတို့ နှစ်ယောက် အပြင်မှာ ညစာ သွားစားကြမည်။ ပြီးတော့ ကောင်မလေး အခန်းသို့ ပြန်ပြီး တစ်ခွက် တစ်ဖလား အစာပိတ် ထပ်သောက်မည်။

တိုဘီသည် သူ ကြိုက်သည့် မြင်းကောင်းကောင်းများ တွေ့ထားလို့များလာ တော့ အစားအသောက်အတွက် ပိုက်ဆံ ကုန်ရမည်ကို သိပ်ဝါသနာမပါ။ ထိုမြင်းတို့ သာ ရှိသမျှ ပိုက်ဆံ ပုံအော လောင်းချင်နေသည်။

အဝတ်အစား လဲပြီး မှန်ထဲမှာ နောက်ဆုံး ကြည့်လိုက်သည့် အချိန်တွင် တယ်လီဖုန်း ခေါင်းလောင်း မြည်သည်။

ဆက်သူမှာ အက်ဘီဂေးလ် ဖြစ်သည်။

"အခု ချက်ချင်း အပြင်သွားပြီး ငါ့ဖို့ နေရှင်နယ်မီရာ ဂျာနယ်တစ်စောင် ဝယ်ပေးစမ်း"

အက်ဘီဂေးလ်က အမိန့်ပေးသည်။

"နေရှင်နယ်မီရာလား"

"ငါ ပြောနေတာ နင် ကြားတယ် မဟုတ်လား၊ သွား... အခုချက်ချင်း သွားဝယ်ခဲ့၊ ဗီးလစ် ဖုန်းဆက်တယ်၊ အက်ပယ်လ်ဂျန်းရှင်း မယ်ဘွဲ့ရတုန်းက ငါ့အမေနဲ့ အတူတူ တွဲရိုက်ထားတဲ့ ဓာတ်ပုံ မျက်နှာဖုံးမှာ ပါနေတယ်တဲ့၊ ဓာတ်ပုံ ကို ဘယ်သူ ရှာလို့ တွေ့သွားတာလဲ၊ ဘယ်သူ တွေ့သွားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



တိုဘီက တယ်လီဖုန်းကို တင်းတင်း ဆုပ်ထားမိသည်။

အက်ပယ်လ်ဂျန်းရှင်းမြို့ရှိ သတင်းစာတိုက်သို့ ပက်ထရေးမိုး ရောက်ခဲ့သည်။ ဂျရယ်မီဆောင်းဒါးစ်က ပက်ထရေးမိုးကို ဖုန်းလှမ်းဆက်သည်။

"ဆီနိုတ်တာ… တစ်ယောက်ယောက်ကများ ခင်ဗျား ချောက်ကျအောင် လုပ်မယ်ဆိုရင် အဲဒီလူကို စိစိညက်ညက် အမှုန့်ကြေသွားအောင် ကျွန်တော် ခြေပစ်လိုက်ပါ့မယ်"

ပက်ထရေးမိုး ည ၃ နာရီခွဲတွင် အိမ်သို့ ပြန်ရောက်လာသည်။ တစ်နာရီလောက် အိပ်ပစ်လိုက်မည်ဟု သူ စိတ်ကူးထားသည်။

ထုံးစံအတိုင်း မနေ့ညတုန်းက ဓာတ်ပုံများ တက်ရိုက်ခြင်း၊ မကြိုက်သေးသဖြင့် နေရာ ရွှေ့ခြင်း၊ ပြင်ဆင်ခြင်းများကို ဆက်တိုက် လုပ်ခဲ့သဖြင့် ခြေထောက်က ကိုက်ချင်နေသည်။

နောက်ပြီးတော့ ရစ်ချ်မွန်မြို့ကို အသွား အပြန် ကားမောင်းထားသည့် ဒဏ်ကလည်း ရှိသေးသည်။ ထို့ကြောင့် ခေါင်းထဲမှာလည်း သိပ်မကြည်လင်လှဘဲ မှုန်နောက်နောက် ဖြစ်နေသည်။

သို့သော်လည်း အိမ်ထဲသို့ သူ အပြည့်အဝ ပြန်မရောက်သေးသည့် အချိန်မှာပင် တယ်လီဖုန်း ခေါင်းလောင်းက မြည်နှင့်လေသည်။

လိုင်လာသက်ချာ ဆက်ခြင်း ဖြစ်သည်။

"မင်းကို ဖမ်းမိလို့ ဝမ်းသာလိုက်တာကွယ်၊ ပက်… မင်းကို ငါ စောင့်ကြည့်နေတာ၊ ဒီနေ့ည မင်း အားတယ် မဟုတ်လား"

"အမှန်အတိုင်း ပြောရမယ် ဆိုရင်…"

ပက် စကားမဆက်တော့ပါ။ စိတ္တဗေဒပညာရှင် တစ်ယောက်ကို လိမ်ပြောဖို့ ဆိုသည်မှာ လွယ်တော့ မလွယ်လှတော့ချေ။ ယုတ္တိတန်နိုင်သည့် အကြောင်း တစ်ခုခုကို သူ အပြေးအလွှား စဉ်းစားသေးသည်။ သို့သော် ဘာမှ ပေါ်မလာ။

လိုင်လာက သူ့စကားကို ဖြတ်ပြောသည်။

"ဒီနေ့ ညတော့ အလုပ်မများပါနဲ့ကွယ်၊ သံအမတ်ကြီးက ထုံးစံအတိုင်း ရွေးမတ်အကြို ညစာ စားပွဲတစ်ခု တည်ခင်းမယ်၊ မင်းကို ခေါ်ခဲ့ချင်တယ်လို့ ငါ ဖုန်းဆက်ပြီး သူ့ကို ပြောလိုက်ပြီးပြီ၊ ဘာပဲဖြစ်ဖြစ်လေ… တို့ အားလုံးဟာ အိမ်နီးချင်းတွေ မဟုတ်လား၊ မင်းကိုပါ ခေါ်ခဲ့ချင်တယ် ဆိုလို့ သူကလည်း ဝမ်းသာသွားပါတယ်"

အသက် ၈၀ ကျော်ပြီ ဖြစ်သော အငြိမ်းစား သံအမတ်ကြီးသည် သူတို့ ရပ်ကွက်၏ အထင်ရှား အကျော်ကြားဆုံးသော ပုဂ္ဂိုလ်ကြီး တစ်ဦး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါရှင်တန်မြို့သို့ ရောက်ရှိလာကြသည့် ကမ္ဘာ့ခေါင်းဆောင် အသီးအသီး အနက် သူ့ကို ဝင်ရောက်နှုတ်ဆက်ခြင်း မရှိဘဲ ပြန်သွားသူဆိုလို့ အနည်းအကျဉ်းမျှသာ ရှိပါသည်။

"ကျွန်မလည်း အရမ်းလိုက်ချင်ပါတယ် ရှင်၊ ကျွန်မကို အခုလို သတိရတဲ့အတွက် ကျေးဇူးတင်ပါတယ် နော်"

ပက်က လှိုက်လှိုက်လှဲလှဲ ပြန်ပြောသည်။

တယ်လီဖုန်း ပြန်ချပြီး ပက်က အပေါ်ထပ်ရှိ အိပ်ခန်းထဲသို့ တက်သွားသည်။ သံအမတ်ကြီး၏ ညစာ စားပွဲသို့ တက်ရောက်သူများသည် ဝတ်ကောင်းစားလှများကို ဝတ်လာမည်မှာ သေချာသည်။ ထို့ကြောင့် သူကလည်း ထိုက်တန်အောင်တော့ ဝတ်သွားဖို့ စိတ်ကူးသည်။

သူ ဝတ်ရမည့် အဝတ်အစားကိုလည်း ရွေးချယ် ဆုံးဖြတ်လိုက်သည်။

တစ်နာရီလောက် မအိပ်မီ ရေချိုး ကြွေဇလုံထဲမှာ ၁၅ မိနစ်လောက် ရေစိမ်ပြီး ချိုးဖို့တော့ အချိန်ရသေးသည်။

ရေစိမ်နေခိုက် သူ့ရေချိုးခန်း နံရံတွင် ကပ်ထားသည့် စက္ကူများ ကွာနေကြောင်းနှင့် တစ်စုံတစ်ယောက်က ချောင်းမြောင်းကြည့်ရှုလျှင် ရနိုင်ကြောင်းများကို သတိထားမိလေသည်။

နံရံကို ကြည့်ရင်း ငယ်ငယ်တုန်းက အကြောင်းများကို ခပ်ရေးရေး မှတ်မိနေသည်။

**ခုတင်ပေါ်မှာ အလွန်နူးညံ့သည့် ပိုးသားကို ဖြန့်ခင်းထားသည်…**
**ကြမ်းပြင်ပေါ်မှာတော့ အပြာရောင် ကော်ဇော ခင်းထားသည်…**

BURMESE CLASSIC

သို့သော် သည်ထက်ပိုပြီး စဉ်းစားမရတော့။ ထို့ကြောင့် လက်စသတ်လိုက်ပြီး ကိုယ်ပေါ်မှ ရေများကို ခြောက်အောင် သုတ်သည်။

အိပ်ခန်းထဲမှာ ညနေခင်း နေရောင်ခြည်များ ထိုးဝင်နေသည်။ သေချာအောင် နာရီကို ၄ နာရီခွဲမှာ နှိုးစက်ပေးထားလိုက်သည်။

**ဒေါသတကြီး အော်ဟစ် ပြောဆိုနေကြသည့် အသံများ… စောင်ကို သူ ခေါင်းမြီးခြုံထားသည်… နောက်ထပ် ကျယ်လောင်သော အသံတစ်ခု… ဖိနပ် မပါသော သူ၏ ခြေထောက်သည် ကြမ်းပြင်ပေါ်မှာ တိတ်ဆိတ်စွာ ရွေ့လျားနေသည်…**

နှိုးစက်သံ မြည်သည်။ သူ အိပ်ရာမှ လန့်နိုးသွားသည်။

နဖူးကို သူ ပွတ်သည်။ အိပ်မက်ကို ပြန်စဉ်းစားသည်။ ရေချိုးခန်းရှိ နံရံကပ် စက္ကူကြောင့် တစ်စုံတစ်ရာကို ပြန်သတိရလာခြင်းလား။

ဖြစ်ရလေတယ်နော်… နာရီ နှိုးစက်ပေးမထားခဲ့မိရင် ဘယ်လောက်များ ကောင်းလိုက်လေမလဲ… ဟု သူ တွေးကြည့်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် နီးလာပြီ… အမှန်တရားပေါ်ဖို့ နီးလာပြီ… အဖြစ်အပျက်များကို ပြန်သတိရဖို့ နီးလာပြီ… တစ်ကြိမ်ထက် တစ်ကြိမ် ပိုပြီး ထင်ထင်ရှားရှား တော်မိလာပြီဟု သူ စဉ်းစားနေမိသည်။

အိပ်ရာမှ ထပြီး အဝတ်အစား လဲခန်းထဲသို့ သူ လျှောက်သွားလေသည်။ မှန်ထဲမှာ ကြည့်သည်။ သူ့မျက်နှာသည် အာရုံစိုက်လွန်းသောကြောင့် သွေးရောင် ပြည်းနေသည်။

အပြင် ခန်းမထဲဆီမှ အသံတစ်သံကို ကြားလိုက်ရသဖြင့် နောက်သို့ သူ ရုတ်တရက် ပြန်လှည့်လိုက်သည်။ သူ့လည်ပင်းကိုလည်း လက်တစ်ဖက်ဖြင့် ပြန်ကိုင်ထားလိုက်မိသည်။

သို့သော် ဘာမှ မဟုတ်ပါ။ ထုံးစံအတိုင်း ချိုးချိုးချွတ်ချွတ် မြည်ခြင်းသာ ဖြစ်ပါသည်။

၅ နာရီတိတိတွင် လိုင်လာသက်ချာ၏ တံခါး ခေါင်းလောင်း တီးသံကို ကြားလိုက်ရလေသည်။

တံခါး သွားဖွင့်လိုက်တော့ အပေါက်ဝမှာ ရပ်နေသည့် လိုင်လာကို တွေ့ရသည်။ ဝတ်စား ပြင်ဆင်ထားသည့် လိုင်လာမှာ လှနေသည်။ နှင်းဆီသွေး ရောင် ပါးပြင်နှစ်ဖက်နှင့် ဖြူဖွေးသော ဆံပင်များမှာ လိုက်ဖက်လှလေသည်။

“ဝိုင်အရက်ကလေး တစ်ခွက်လောက် သောက်ဖို့ ကျွန်မတို့မှာ အချိန် ရှိုးမလား ဟင်”

ပက်က ဆီးမေးသည်။

“ရပါတယ်”

လိုင်လာက အခန်းထဲသို့ ဝင်လာပြီး ပြင်ဆင်ထားသည့် အိမ်ထောင် ပရိဘောဂများနှင့် အလှပြပစ္စည်းများကို လှည့်ကြည့်နေသည်။

“ဒီပစ္စည်းတွေကို ဟိုတုန်းကတည်းက ငါ သိပ်သဘောကျတာ။ အခု ဒါတွေကို မင်း ပြန်ယူလာနိုင်တဲ့အတွက် ဝမ်းသာပါတယ်ကွယ်”

ဟု လိုင်လာက ပြောသည်။

“ကျွန်မလေ… ကျွန်မ… အဲဒီလို ဖြစ်ခဲ့တဲ့ ညအကြောင်းကို စဉ်းစား နေမိတယ်၊ သိတယ် မဟုတ်လား”

ပက်က ဖွင့်ပြောမိသည်။

ပက်က စားစရာ သောက်စရာများကို စားပွဲပေါ်မှာ ပြင်ဆင်နေခိုက်တွင် လိုင်လာက အခန်းဝမှာ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

“ဟုတ်တယ်… မင်း သေသေချာချာ ပြန်ပြင်ထားတာကိုး၊ ဒါတွေဟာ ဟိုတုန်းကအတိုင်းပဲ၊ အချိန်တွေကတော့ သိပ်ကြာခဲ့ပြီပေါ့၊ ဒါပေမဲ့ အခုလို ပြန်ပြင် ထားလိုက်တော့ မှတ်မိလာတယ်၊ ကော်ဇော ခင်းထားတာရော၊ ဟောဟို ပန်းချီကား

www.burmeseclassic.com



တွေ ချိတ်ထားတာရော အတူတူပဲ၊ ဒီလို ပြန်မြင်ရတော့ ငါ့စိတ်ထဲမှာ ထင့်တင့်တင့် ဖြစ်နေတာ အံ့သြစရာ မဟုတ်ပါဘူး၊ ပက်… ဒီလို ပြန်ပြင်ထားတာ မှန်တယ်လို့ မင်း ထင်သလား ဟင်"

စားပွဲမှာ သူတို့ ဝင်ထိုင်ကြသည်။ ပက်က ရှယ်ရီ အရက်ချိုများ ထည့်ပေးသည်။

"ဒီလို ပြန်ပြင်ထားတာ မှန်တယ် မှားတယ်တော့ ကျွန်မ မသိပါဘူးရှင်၊ ဒါပေမဲ့ လိုအပ်တယ် ဆိုတာကိုတော့ ကျွန်မ သိပါတယ်"

ပက်က ပြောသည်။

"မင်း ဘယ်လောက်များများ ပြန်မှတ်မိသလဲ"

"အပိုင်းကလေးတွေ… အစကလေးတွေပါပဲ၊ သူတို့ချင်းကိုတောင် ဆက်စပ်ကြည့်လို့ မရပါဘူး"

"ဟိုတုန်းကတော့ ဆေးရုံကို ငါ မကြာခဏ ဖုန်းဆက်ပြီး မင်းရဲ့ ကျန်းမာရေး အခြေအနေကို မေးကြည့်လေ့ ရှိတယ်၊ မင်းဟာ ဆေးရုံပေါ်မှာ လပေါင်းများစွာ ကြာအောင် သတိလစ်နေတယ်၊ နောက်တော့ မင်းကို တခြား ပြောင်းပစ်လိုက်တယ်၊ ဘယ်နည်းနဲ့မှ မင်း ပြန်ကောင်းနိုင်တော့မှာ မဟုတ်ဘူးလို့ တို့အားလုံး နားလည်လိုက်ကြတယ်၊ အဲဒီနောက် မင်းရဲ့ နာရေးကြော်ငြာ သတင်းစာထဲမှာ ပါလာတော့တာပဲ"

"ဗရိုနီကာ… ကျွန်မ အမေရဲ့ ညီမ ဗရိုနီကာနဲ့ သူ့ယောက်ျားက ကျွန်မကို မွေးစားတယ်၊ ထိခိုက်ကြေကွဲစရာ ဇာတ်လမ်းကြီးတွေ ကျွန်မတို့နောက် လိုက်မနေတော့အောင် အဘွားက အဆက်ဖြတ်ပစ်ချင်တယ်၊ ဒါကြောင့် ကျွန်မ သေတယ်ဆိုပြီး ဇာတ်သိမ်းပစ်လိုက်တာ"

"ဒါကြောင့်မို့လို့ မင်းရဲ့ နာမည်ကိုပါ သူတို့ ပြောင်းပစ်လိုက်ကြတာလား"

လိုင်လာက မေးသည်။

"ကျွန်မ နာမည်က ပက်ထရီရှာကယ်ရီ၊ ကယ်ရီ ဆိုတဲ့ နာမည်ကို ပေးထားတာကတော့ ကျွန်မအဖေရဲ့ စိတ်ကူးလို့ ထင်တယ်၊ ပက်ထရီရှာ ဆိုတာကတော့ ကျွန်မ အဘွားရဲ့ နာမည်၊ ကျွန်မရဲ့ နောက်ဆုံးနာမည်ကို ပြောင်းမယ့် အတူတူ အားလုံးကို ပြောင်းလိုက်တော့မယ်လို့ သူတို့ ဆုံးဖြတ်လိုက်ပုံရတယ်၊ ကျွန်မ အထင်ပေါ့လေ"

"အင်း… ဒီလိုနဲ့ ကယ်ရီအဒမ်စ်ဟာ ပက်ထရီရှာထရေးမိုး ဖြစ်သွားတာ ပေါ့နော်၊ ဒီကို ပြောင်းလာရင် ဘာတွေ တွေ့ရလိမ့်မယ်လို့များ မင်း မျှော်လင့်ထားသလဲ"

လိုင်လာက ရှယ်ရီ အရက်ချိုကို တစ်ငုံ ငုံပြီး ဖန်ခွက်ကို စားပွဲပေါ်မှာ ပြန်ချထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပက်ကမူ အရမ်း စိတ်လှုပ်ရှားနေသည်။ စန္ဒရားဆီသို့ သူ လျှောက်သွားသည်။ အဖုံး ဖွင့်မည် ရွယ်ပြီးမှ လက်ကို ပြန်ရုပ်လိုက်သည်။

လိုင်လာက သူ့ကို အကဲခတ်ကြည့်နေသည်။

"မင်းရော စန္ဒရား တီးသလား"

"အပျင်းပြေ တောင်ခေါက် မြောက်ခေါက်ပါ"

"မင်းအမေကတော့ မနားတမ်းကို တီးနေတော့တာ၊ သူ စန္ဒရားတီးတတ်တာ မင်း သိတယ်နော်"

"ဟုတ်ကဲ့… သိပါတယ်၊ ကျွန်မရဲ့ မွေးစားအမေ ဗရိုနီကာက ကျွန်မအမေအကြောင်း ပြောပြပါတယ်။ ကျွန်မ ဒီကို ပြောင်းလာရတဲ့ အကြောင်းက ဒီလိုလေ၊ ပထမတုန်းကတော့ ဒီအိမ်ကြီးထဲမှာ ဘာတွေ ဖြစ်ခဲ့တယ် ဆိုတာကို သိချင်တယ်။ အဲဒီနောက်တော့ ကျွန်မ အဖေကို မုန်းတီးမိကြောင်း သဘောပေါက်လာတယ်။ ကျွန်မ ဒဏ်ရာ အနာတရ ဖြစ်အောင် လုပ်တဲ့အတွက် အဖေ့ကို မုန်းတယ်၊ နောက်ပြီး ကျွန်မ အမေနဲ့ ကျွန်မကို သေကွဲ ကွဲအောင် ခွဲတဲ့အတွက် မုန်းတယ်။

"ကျွန်မ အဖေဟာ စိတ်မမှန်တော့ဘူးလားလို့ စဉ်းစားကြည့်တယ်၊ အဲဒီလို စိတ်မမှန်တဲ့ အထောက်အထားတွေ တွေ့ရလိမ့်မယ်လို့လည်း ထင်ခဲ့မိတယ်၊ စိတ်မမှန်လို့ ထင်မိထင်ရာတွေ လျှောက်လုပ်သလားလို့ စဉ်းစားကြည့်တယ်၊ ဒါပေမဲ့ ကျွန်မ ဘာမှ မသိနိုင်ခဲ့ဘူး၊ အခုတော့ အကြောင်းအရာ သေးသေးကလေးတွေကို ပြန်မှတ်မိစပြုလာတယ်၊ တကယ် ဖြစ်ခဲ့တာတွေဟာ အဲဒီထက် ကြီးကျယ်ရမယ် ဆိုတာကိုလည်း သဘောပေါက်လာတယ်။ တကယ်လို့သာ ဒီအဖြစ်အပျက်ကြီး မဖြစ်ခဲ့ဘူးဆိုရင်…"

အလောင်းများ ရှိနေခဲ့သည့် နေရာဆီသို့ ပက်က အမှုအရာဖြင့် လှမ်းပြသည်။

"ဒီအဖြစ်အပျက်ကြီး မဖြစ်ခဲ့ဘူးဆိုရင် ကျွန်မဟာလည်း အခု ကျွန်မ ဖြစ်မနေနိုင်တော့ဘူး၊ တခြား မိန်းကလေးတစ်ယောက် ဖြစ်သွားတော့မယ်၊ အဲဒီတုန်းက ဒဏ်ရာရခဲ့တဲ့ ကလေးဟာ ကျွန်မပဲ ဖြစ်တယ် ဆိုတဲ့ ဆက်စပ်နေတဲ့ အချက်တွေကို ကျွန်မ သိချင်တယ်၊ ပြန်ဆက်စပ်ကြည့်ချင်တယ်၊ ကျွန်မ ငယ်စဉ်က ဒီမှာ နေခဲ့တဲ့ အဖြစ်အပျက်တွေကို မမှတ်မိတော့ဘူး၊ စိတ်ထဲမှာ ခံစားနေရတာတွေကတော့ အမျိုးမျိုးပေါ့လေ၊ ကျွန်မ အမေဟာ အင်မတန် အပြစ်ကင်းစင်ပြီး ချောမောလှပတဲ့ နတ်သမီးလေး၊ အဖေကတော့ ဘီလူး သရဲကြီး၊ အဲဒီလိုမျိုး၊ ကျွန်မ အဖေဟာ အမေရဲ့ ဂီတပညာရှင် ဖြစ်နိုင်တဲ့ ဘဝကိုရော၊ နောက်ဆုံး သူ့အသက်ကိုပါ ဆုံးရှုံးစေလိုက်တယ်လို့ ကျွန်မရဲ့ မွေးစားအမေ ဗရိုနီကာက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ကျွန်မ အဖေရဲ့ ဘဝကရော ဘယ်လိုလဲ၊ အမေဟာ နိုင်ငံရေး သမား တစ်ယောက်ကိုလက်ထပ်ယူခဲ့တယ်၊ ဒါပေမဲ့ သူ့ဘဝနဲ့အတူတူ ဆိုးသည့် ကောင်းဖက် နေမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးတော့ မရှိဘူး၊ အဖေ့ဘဝကို ခွဲဝေမယူ ဘူး၊ အဲဒါကျတော့ရော တရားရဲ့လား၊ ကျွန်မကြောင့် သူတို့နှစ်ယောက် ကြားမှာ ဘယ်လို အခက်အခဲတွေ ဖြစ်ပေါ်စေခဲ့သလဲ၊ ဒီအိမ်ဟာ အရမ်းကို သေးလွန်းတယ် လို့ ဗရိုနီကာက တစ်ခါတုန်းက ကျွန်မကို ပြောဖူးတယ်၊ ကျွန်မ အမေ စန္ဒရားတီး လေ့ကျင့်တဲ့အခါမှာ ကျွန်မ အိပ်ရာက လန့်နိုးပြီး ငိုတော့တာပဲ"

"မင်းကြောင့်တော့ သူတို့နှစ်ယောက်ကြားမှာ ဘာမှ ပြဿနာ မပေါ် နိုင်ပါဘူးကွယ်၊ ဒီလိုတော့ မင်းကိုယ်မင်း မထင်ပါနဲ့ ပက်၊ မင်းကြောင့် သူတို့ အားလုံး အသက်ဝင် လှုပ်ရှားခဲ့ကြတာပါ"

လိုင်နာက ပက်ကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်နေသည်။

"မင်းကို ကြည့်ရတာ မင်း ရခဲ့တဲ့ ဒဏ်ရာတွေ ကောင်းကောင်း ပျောက် သွားသလိုပဲနော်"

"နှစ်ပေါင်းများစွာ ကြာအောင် ကုယူရတယ်၊ ကျွန်မ သတိပြန်ရလာ တော့ အရင် တတ်ထားတာလေးတွေ အားလုံး မေ့ကုန်ပြီ၊ အားလုံးကို အစကနေပြီး ပြန်သင်ယူရတယ်၊ စကားလုံးတွေကို နားမလည်တော့ဘူး၊ ဇွန်း ခက်ရင်း ဆိုတာ ဘာအတွက် သုံးရတယ် ဆိုတာလည်း မသိတော့ဘူး၊ ကျွန်မ ၇ နှစ်သမီးအရွယ် အထိ ခြေထောက်ကို ပတ်တီး စည်းထားရတယ်"

သူ့ခန္ဓာကိုယ်မှာ အတော်ကလေး နွေးလာကြောင်း လိုင်လာ သတိထားမိ သည်။ အခုနတုန်းကတော့ သူ့တစ်ကိုယ်လုံး အေးစက်နေသည်ဟု ခံစားရသည်။ ဘာကြောင့် ယခုလို ပြောင်းလဲသွားကြောင်း သူ မစူးစမ်းချင်တော့ပါ။

ယခုအခန်းသည် ယခင် ကြေကွဲစရာ နှစ်လောင်းပြိုင် လူသတ်မှုကြီး ဖြစ်ပွားစဉ်က ပုံစံမျိုးတော့ ထပ်တူထပ်မျှ ပြန်မဖြစ်သေးကြောင်း လိုင်လာ သိသည်။

ထိုင်ရာမှ သူ ထသည်။

"တို့ကို သံအမတ်ကြီး စောင့်မနေရအောင် သွားကြစို့လား"

လိုင်လာက ခပ်သွက်သွက် ပြောသည်။

ပက်၏ ပါးရိုးများနှင့် နှုတ်ခမ်းများသည် သူ့အမေ ရီနီနှင့် တူပြီး မျက်လုံး ဝိုင်းကြီးများနှင့် ရွှေရောင်ဆံပင်ကမူ သူ့အဖေ အဒမ်စ်၏ အမွေဖြစ်ကြောင်း သူ သိမြင်နေရလေသည်။

"ကောင်းပါပြီ ရှင်… ဒါထက် လိုင်လာ၊ ကျွန်မကို ရှင် သေသေချာချာ အကဲခတ်ပြီးပြီ၊ ကျွန်မ ဘယ်သူနဲ့ တူတယ်ဆိုတာ ပြောပါဦး"

ပက်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်စလုံးနဲ့ တူတယ်၊ ဒါပေမဲ့ မင်းဟာ အဖေနဲ့ ပိုတူတယ်လို့ ထင်တယ်"

လိုင်လာက သူ့စိတ်ထဲ ရှိသည့်အတိုင်း ရိုးသားစွာ ပြောပြသည်။

"အောင်မယ်လေး… အလုံးစုံတော့ မတူပါရစေနဲ့လို့ ဘုရားသခင်ဆီမှာ တောင်းပါတယ် ရှင်"

ပက်က ပြုံးဖို့ ကြိုးစားသည်။ သို့သော်လည်း သူ မအောင်မြင်ရှာပါ။ တစ်ဝက်တစ်ပျက်မှာပင် သူ့အပြုံးက ပျက်ပြယ်သွားလေတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၉ ]

သစ်ပင်ရိပ်များနှင့် ချုံပုတ်များ နောက်ကွယ်တွင် လုံလုံခြုံခြုံ ပုန်းအောင်းနေ
အာသာက ပက်နှင့် လိုင်လာကို ပြတင်းပေါက်မှတစ်ဆင့် လှမ်းကြည့်ပြီး အကဲခတ်
နေလေသည်။

တစ်အိမ်လုံး မီးတွေ ထိန်ထိန်လင်းအောင် ဖွင့်ထားသည်က တစ်ကြောင်း
အိမ်ဘေးတွင် မော်တော်ကား ရပ်ထားသည်က တစ်ကြောင်းတို့ကြောင့်
စိတ်အပျက်ကြီး ပျက်နေမိလေသည်။

အရုပ်ကလေးကို ယနေ့ညတော့ ရှာနိုင်တော့မည် မဟုတ်ဟုလည်း ထင်
မိသည်။ ခရစ္စမတ်လက်ဆောင်အဖြစ် အရုပ်ကလေးကို ဂလိုရီအား
ပြန်ပေးချင်သည့် စိတ်ကို သူ ဘယ်လို ချိုးနှိမ်၍မှ မရနိုင်အောင် ဖြစ်နေသည်။

အမျိုးသမီးနှစ်ယောက် ပြောနေသည့် စကားများကို သူ ကြိုးစားနားထော
ကြည့်သည်။ သို့သော်လည်း သဲသဲကွဲကွဲ မကြားရ။ ကြားရသည့် တစ်လုံးတ
ရှိသော်လည်း အဓိပ္ပာယ် ဆက်စပ်၍ မရချေ။

သူတို့ နှစ်ယောက်စလုံး ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြသည်
သူတို့ အပြင်ထွက်ကြမှာလား။

စောင့်ဖို့ သူ ဆုံးဖြတ်လိုက်သည်။

ပက်ထရီရှာ၏ မျက်နှာအမူအရာကို သူ အငမ်းမရ အကဲခတ် ကြည့်
နေသည်။ လေးလေးနက်နက် အမူအရာမျိုး ဖြစ်သည်။ စိတ်ထိခိုက်သည့် အမူအရာ
ကိုလည်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ သတိပေးထားသည်ကို လိုက်နာတော့မည်လားဟု တွေးကြည့်သည်။ …ထရီရှာ၏ အသက်အန္တရာယ် ကင်းဝေးရေးအတွက် ထိုအတိုင်းပဲ ဖြစ်ပါစေဟု …သူ ဆုတောင်းမိလေသည်။

မိနစ် အနည်းငယ် ကြာအောင် သူ စောင့်ကြည့် အကဲခတ်ပြီးသောအခါ …မျိုးသမီး နှစ်ယောက်က ထိုင်ရာမှ ထကြသည်။

သူတို့ အပြင်ထွက်ကြတော့မှာပါကလား။

ခြေသံ လုံနိုင်သမျှ လုံအောင် အိမ်ဘေးမှနေ၍ သူ ကပ်လျှောက်သွားသည်။ …ရှေ့တံခါး ဖွင့်သံ ကြားရသည်။ သူတို့ ကားယူမသွား။ အနီးအနားက အိမ် …အိမ်သော်လည်းကောင်း၊ အနီးတစ်ဝိုက်ရှိ စားသောက်ဆိုင် တစ်ဆိုင်ဆိုင်သို့ …သော်လည်းကောင်း သွားကြခြင်းသာ ဖြစ်ရမည်။

သူ တက်သုတ်နှင်ရတော့မည်။

ပန်းခြံကလေးဆီသို့ သူ အပြေးအလွှား ပြန်လာသည်။ ညှော့ခန်း မီးများကို …ထရီရှာထရေးမိုးက ဖွင့်သွားသည်။ ထို့ကြောင့် ပန်းခြံမှတစ်ဆင့် ဝင်သည့် …ခါးတွင် သော့အသစ် ခတ်ထားကြောင်း တွေ့ရသည်။ မှန်ကို ခွဲသော်လည်း …သော့ကိုတော့ ဖျက်ဖို့ မလွယ်ကူနိုင်။

သည်လို ဖြစ်နိုင်ကြောင်း သူ ကြိုတင် မျှော်မှန်းထားခဲ့ပြီး ဖြစ်ပါသည်။ …ကြောင့် သော့သစ် ခတ်ထားလျှင် ဘာလုပ်ရမည်ကိုလည်း သူ ကြိုတင် တွေးဆ …ထားခဲ့သည်။

ပန်းခြံဘေးက သစ်ပင်ကြီးကို သူ မြင်ထားပြီး ဖြစ်သည်။ တက်ဖို့ …လွယ်သည်။ ကိုင်းတွေ ရှုပ်သည်။ ထိုကိုင်းများက အပေါ်ထပ် ပြတင်းပေါက်တစ်ခု …နှင့် ကပ်နေသည်။ အသာကလေး ကူးသွားနိုင်သည်။

ရက်ဂက်ဒီအင်န် အရုပ်ကလေးအား ပစ်ခဲ့သည့် ညတုန်းက ထိုပြတင်းပေါက် …ကို သူ လေ့လာကြည့်ခဲ့ဖူးသည်။ အပေါ်ချက် ပြုတ်နေသည်။ တံခါးရွက်လည်း …ဟောင်နေသည်။ အသာကလေး ဖွင့်ဝင်နိုင်သည်။ ထိုပြတင်းပေါက်မှတစ်ဆင့် အပေါ်ထပ်သို့ ရောက်သွားမည် ဖြစ်သည်။

နောက်မိနစ် အနည်းငယ် ကြာတော့ ထိုပြတင်းပေါက်မှတစ်ဆင့် ပက်၏ …အိမ်အပေါ်ထပ်သို့ သူ ရောက်သွားလေတော့သည်။

အထူးအာရုံစိုက်ပြီး နားထောင်ကြည့်သည်။ အပေါ်ထပ်မှ အခန်းသည် …ဘာမှ ရှိပုံမရ။ သတိနှင့် လက်နှိပ်ဓာတ်မီး ဖွင့်ကြည့်သည်။ မှန်ပါသည်။ အခန်းထဲ …မှာ ရှင်းနေသည်။ အပြင်ထွက်သည့် တံခါးလည်း ပွင့်နေသည်ကို တွေ့ရသည်။

အိမ်ကြီးထဲမှာ သူ တစ်ယောက်တည်း ရှိနေကြောင်း သေချာသွားသည်။

ရှာဖွေမှုကြီးကို မည်သည့်နေရာမှ စတင်ရမည်နည်း။

သည်အရုပ်ကလေး တစ်ခုကြောင့် သူ ဒုက္ခတွေ ပွေလှပြီ။

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ကလေး၏ ခါးစည်းအဝတ်မှာ ဆွတ်ဖို့ သွေးကို လူအိုရုံရှိ သွေးဘဏ်မှ ခိုးသည်။ ကံကောင်းထောက်မသောကြောင့် သီသီကလေး လွတ်ခဲ့ရသည်။ ဓာတ်ခွဲခန်းထဲမှ သေပြေး ရှင်ပြေး ထွက်ပြေးခဲ့ရသည်။

သည်အရုပ်ကလေးကို ဂလိုရီ အဘယ်မျှ မြတ်နိုးကြောင်း သူ မေ့သွားသည်။ ဂလိုရီ၏ အိပ်ခန်းထဲသို့ သူ ခြေဖျားထောက်ပြီး ခိုးဝင်သည့်အခါတိုင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် ဂလိုရီသည် အရုပ်ကလေးကို မြတ်မြတ်နိုးနိုး ပွေ့ဖက်ထားသည်နှင့် အမြဲ ကြုံရသည်။

ရက်သတ္တ တစ်ပတ်အတွင်း သည်အိမ်ကြီးထဲသို့ ဒုတိယအကြိမ် ပြန်လည် ဝင်ရောက်မိသည့် သူ့အဖြစ်ကို သူကိုယ်တိုင်ပင် မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သော နံနက်ခင်းတစ်ခု၏ မြင်ကွင်းကို သူ ကောင်းကောင်းကြီး မှတ်မိနေပါသေးသည်။

လူနာတင်ကား…

တဖျပ်ဖျပ် လက်နေသည့် အချက်ပြမီး…

မနားတမ်း မြည်နေသည့် အချက်ပေး ဥဩသံ…

ခြံဝင်းသို့ ဝင်သွားသော ကားလမ်းပေါ်တွင် ကားဘီး တရွတ်တိုက်ပြီး ပါသွားသည့် အသံ…

လူများနှင့် ပြည့်ကျပ်နေသော ပလက်ဖောင်းများ…

အဖိုးတန် အဝတ်အစားများကို ဖိုသီဖတ်သီ ဝတ်ပြီး ပြေးထွက်လာကြသည့် အိမ်နီးနားချင်းများ…

ထိုသို့သော မြင်ကွင်းများ…

အင်န်လမ်းကို ပိတ်ဆို့ထားသည့် ရဲကားများ…

နေရာတကာတွင် စောင့်ကြပ်နေကြသည့် ရဲတပ်ဖွဲ့ဝင်များ…

မိန်းမတစ်ယောက်၏ ကြောက်လန့်တကြား အော်ဟစ်သံများ…

ထိုမိန်းမသည် အလောင်းများ တွေ့သည့် အိမ်မှ အိမ်ဖော် အမျိုးသမီး ဖြစ်လေသည်။

ဂျော့တောင်းဆေးရုံမှ အာသာနှင့် လူနာတင်ယာဉ် အဖွဲ့သား တစ်ယောက်တို့သည် ထိုအိမ်အတွင်းသို့ ဒရောသောပါး ဝင်ရောက်ခဲ့ကြသည်။

အပေါက်ဝတွင် အသက်ငယ်ငယ် ရဲသားတစ်ယောက် ရပ်စောင့်နေသည်။

"အလျင်စလို လုပ်မနေပါနဲ့တော့ဗျာ၊ ခင်ဗျားတို့ရဲ့ အကူအညီကို သူတို့ မလိုတော့ပါဘူး"

အစောင့်ရဲသားက သူတို့ကို ဆီးပြောသည်။

ယောက်ျားဖြစ်သူက ကြမ်းပြင်ပေါ်တွင် ပက်လက် လဲကျနေသည်။ နားထင်တည့်တည့်မှ သေနတ် ကျည်ဆန် ဝင်သွားသည်ကို ကြည့်ခြင်းအားဖြင့် ချက်ချင်း သေဆုံးသွားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်က ယောက်ျား အလောင်းနှင့် အမျိုးသမီး အလောင်းကြားတွင် ရှိနေသည်။

အမျိုးသမီးက မှောက်လျက် လဲကျနေသည်။ သူ့ရင်ဘတ်မှ သွေးများ ထွက်နေသည်။ သူ့ပတ်လည်ရှိ အောက်ခံ ကော်ဇောမှာ သွေးကွက်ကြီး စွန်းနေသည်။ မျက်လုံးများ ပွင့်နေသည်။ တည့်တည့်ကို ကြည့်နေသည်။ ဘာကိုမှ မမြင်နိုင်တော့။ ဘာဖြစ်သွားပါလိမ့်၊ ဘယ်လို ဖြစ်သွားပါလိမ့်ဟု နားမလည်နိုင်သော ကြောင့် ကြောင်သွားသည့် အမူအရာမျိုး ဖြစ်နေသည်။

အမျိုးသမီးမှာ အသက် ၃၀ ထက် ပိုဦးမည် မဟုတ်။ နက်မှောင်သည့် ဆံပင်များက ပခုံးပေါ်တွင် ဖွာရရာကြဲကျနေသည်။ မျက်နှာသွယ်သွယ်၊ နှာတံ ပေါ်ပေါ်နှင့် မိန်းမချော တစ်ယောက် ဖြစ်သည်။ အဝါရောင် ဂါဝန်ကို ဝတ်ထားသည်။

အာသာသည် ထိုအလောင်း နှစ်လောင်းအနီးမှာ လဲကျနေသော ကလေးမလေးကို ပထမဆုံး ငုံ့ကြည့်သည်။ ရွှေရောင် ဆံပင်ကလေးများသည် သွေးများနှင့် ခဲခြောက်ကာ ကပ်နေသည်။ ညာဘက် ခြေထောက်က ရှေ့ဘက်မှာ ကားရားဖြစ်နေသည်။ ထိုခြေထောက်မှ အရိုးတစ်ချောင်းက မြင်မကောင်းအောင် ငေါ်ထွက်နေသည်။

သူက ကလေးမလေးကို ပိုပြီး အနီးကပ် ကြည့်သည်။

"အသက်ရှင်နေသေးတာပဲ"

လေသံကလေးဖြင့် သူ ရွတ်သည်။

အပေါ်သို့ သူ မော့ကြည့်သည်။ သူတို့မှာ အို အမျိုးအစား သွေးပုလင်း အဆင်သင့် ပါလာသည်။ အောက်ဆီဂျင်ဘူးလည်း ပါလာသည်။

ထို့ကြောင့် ချက်ချင်း သွေးသွင်းသည်။ အောက်ဆီဂျင် မျက်နှာဖုံး စွပ်ပေးသည်။ ကလေးမလေး၏ ခေါင်းကို အာသာက ယုယုယယ ကိုင်တွယ်ပေးသည်။ နဖူးကလေးကို အသာအယာ သပ်ပေးနေမိသည်။ ကောက်နေသော ကလေးမလေး၏ ရွှေရောင်ဆံပင်များသည် သူ၏ လက်ချောင်းများကြားသို့ ရောက်လာသည်။

ထိုကလေးမလေး၏ နာမည် ကယ်ရီ ဖြစ်ကြောင်း တစ်စုံတစ်ယောက်က လှမ်းပြောသံ ကြားရသည်။

"ဘုရားသခင်မှာ ဆန္ဒတော် ရှိမယ်ဆိုရင် မင်းအသက် ရှင်အောင် ငါ ကယ်ပါ့မယ် ကယ်ရီ"

သူ တိုးတိုးကလေး ပြောနေမိသည်။

"ဘယ်လိုလုပ် ရှင်နိုင်တော့မှာလဲ"

အလုပ်သင်ဆရာဝန်က ခပ်ကြမ်းကြမ်းတမ်းတမ်း ပြောသည်။ ပြီးတော့ သူ့ကို ဘေးသို့ တွန်းဖယ်ပစ်လိုက်သည်။-

www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်ဖွဲ့မှ ဓာတ်ပုံဆရာက ကလေးမလေးကို လည်းကောင်း၊ ယောက်ျား နှင့် မိန်းမ အလောင်းများကို လည်းကောင်း ဓာတ်ပုံများ ရိုက်ယူနေသည်။

အခြား ရဲတပ်ဖွဲ့ဝင် တစ်ဦးက ကော်ဇောပေါ်တွင် အလောင်းများ တည်ရှိနေပုံကို မြေဖြူနှင့် မှတ်သားနေသည်။

သည်အိမ်ကြီးသည် အကုသိုလ်များ ပြည့်နှက်နေသည့် ယုတ်ညံ့သော အိမ်ကြီး ဖြစ်ကြောင်း၊ အမျိုးသမီးတစ်ယောက်နှင့် ကလေးမလေး တစ်ယောက်တည်း ဟူသော ဖြူစင်သည့် အပြစ်ကင်းမဲ့သော ပန်းနှစ်ပွင့်ကို တမင်တကာ ခြေမွပစ်လိုက်သည့် နေရာ ဖြစ်ကြောင်း ထိုအချိန်ကတည်းက သူ့စိတ်ထဲမှာ ခံစားနေခဲ့ရလေသည်။

တစ်ခါတုန်းက ဂလိုရီနှင့် သူ သည်အိမ်ကြီးရှေ့မှ ဖြတ်လျှောက်သွားဖူးသည်။ အိမ်ကြီးကို လက်ညှိုးထိုးပြပြီး တစ်ချိန်တုန်းက သည်အိမ်ကြီးထဲတွင် ဘာတွေ ဖြစ်ခဲ့ကြောင်း ဂလိုရီကို သူ ရှင်းပြခဲ့ဖူးသည်။

ကယ်ရီ ဆိုသော ကလေးမလေးသည် ဂျော့တောင်းဆေးရုံပေါ်ရှိ အထူးဂရုစိုက် ကုသသည့် အခန်းထဲမှာ နှစ်လတိုင်တိုင် ကြာမြင့်ခဲ့သည်။ အခွင့်သာတိုင်း ကလေးမလေးကို သူ ဝင်ဝင်ကြည့်သည်။ ဘယ်တော့မှ နိုးမနေ။ အမြဲ အိပ်ပျော်နေသည်။ အိပ်ပျော်နေသည့် အရုပ်ကလေးလို ဖြစ်နေသည်။

သည်ကလေးလေးသည် မည်သည့်နည်းနှင့်မှ အသက်ရှင်နိုင်တော့မည် မဟုတ်ကြောင်း တဖြည်းဖြည်း သူ နားလည်လာသည်။

ထို့ကြောင့် ကလေးမလေးကို ဘုရားသခင်ဆီသို့ ပို့ပေးရန် သူ ကြိုးစားဖူးသည်။ သို့သော် သူ တစ်စုံတစ်ရာ မဆောင်ရွက်မီမှာပင် ကလေးမလေးကို ဘော့စတွန်မြို့ရှိ နာတာရှည်ရောဂါသည်များ ကုသသည့် ဆေးရုံသို့ ပို့ပစ်လိုက်ကြလေသည်။

ထိုသို့ ပို့ပြီး သိပ်မကြာမြင့်မီမှာပင် ကယ်ရီ ဆိုသော ထိုကလေးမလေး ကွယ်လွန်ကြောင်း သတင်းစာထဲမှာ နာရေးကြော်ငြာ သူ ဖတ်လိုက်ရသည်။

သူ့ညီမလေးမှာ အရုပ်ကလေး တစ်ရုပ် ရှိခဲ့ဖူးသည်။

"အဲဒီအရုပ်ကလေး ငါ့ကို ခဏပေးဆော့ပါနော်၊ သူ ဖျားနေတယ်တဲ့ ကစားရအောင်၊ သူ နေကောင်းသွားအောင် ငါက ဆေးကုပေးမယ်လေ"

ဟု သူ့ညီမလေးကို သူ ပြောခဲ့ဖူးသည်။

သူ့အဖေ၏ ကြီးမားကြမ်းတမ်းသော လက်ကြီးက သူ့မျက်နှာပေါ်သို့ အညှာတာ ကင်းမဲ့စွာ ကျရောက်လာသည်။ နှာခေါင်းထဲမှ သွေးများ စီးကျလာသည်။

"နေကောင်းသွားအောင် ဆေးကုပေးမယ် ဆိုတာ အဲဒါပဲကွ"

ဟုလည်း သူ့အဖေက ကြမ်းတမ်းစွာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းများကို သူ ပြန်ပြောင်းသတိရနေမိသည်။

ဂလိုရီ၏ အရုပ်ကလေးကို ပက်ထရီရှာထရေးမိုး၏ အိမ်ခန်းထဲမှာ သူ တောင်ရှာသည်။ ဗီရိုကို ဖွင့်သည်။ တစ်ဆင့်ချင်း ရှာ၏။

သို့သော် အရုပ်ကို မတွေ့။ ပက်ထရီရှာထရေးမိုး၏ မရေမတွက်နိုင်သော ဝတ်ကောင်းစားလှများကို ကြည့်ပြီး ဒေါသစိတ်များသာလျှင် သူ့ရင်ထဲမှာ ကြီးထွားလာလေသည်။

အဝတ်အစားများမှာ အရောင်စုံ၊ အသွေးစုံ၊ ပုံမျိုးစုံ၊ အမျိုးအစားစုံ ဖြစ်သည်။ အားလုံး အဖိုးတန်များချည်း ဖြစ်သည်။ အဝတ်အစား အတော်များများကို သူ မမြင်ဖူးချေ။ အချို့ကိုမူ စာနယ်ဇင်းများတွင် ပါသည့် ကြော်ငြာများထဲမှာသာ မြင်ဖူးသေးသည်။

သည်လို အဝတ်အစားများကို ဂလိုရီလည်း မဝတ်နိုင်ချေ။ ဂလိုရီသည် အပေါစား ဘောင်းဘီများ၊ အပေါစား ဆွယ်တာများကိုသာ အပေါစား ဆိုင်များမှာ သွားဝယ်ပြီး ဝတ်နိုင်သည်။

လူအိုရုံမှာ ရှိနေကြသည့် အဘိုး အဘွားများသည်လည်း ဖလန်နယ်အင်္ကျီများကိုသာ ဝတ်နိုင်ကြသည်။

မြောက်မြားစွာသော အဝတ်အစားများအနက် အဝတ်တစ်ထည်ကတော့ သူ့စိတ်ကို ချောက်ချောက်ချားချား ဖြစ်သွားရစေပါသည်။

အညိုရောင် သိုးမွေးထည် ဖြစ်သည်။ ဘုန်းကြီးများ ဝတ်ဆင်သည့် ဝတ်ရုံကြီးနှင့် တူသည်။ ခါးပတ်နှင့် ဖြစ်သည်။ ထိုအဝတ်ကြီးကို သူ့ကိုယ်မှာ ကပ်ကြည့်သည်။ ပြီးတော့ လက်တစ်ဖက်ဖြင့် ကိုင်ထားသည်။

ထို့နောက် အံဆွဲများထဲမှာ ရှာကြည့်သည်။ ထိုအံဆွဲများထဲမှာလည်း ဂလိုရီ၏ အရုပ်မရှိ။ သည်အတိုင်း ဆိုလျှင်တော့ အိပ်ခန်းထဲမှာ သိမ်းဆည်းထားပုံ မပေါ်ချေ။

သူ အချိန်ဖြုန်းမနေနိုင်တော့ပါ။

အခြား အိပ်ခန်းများကို သူ ကြည့်သေးသည်။ သို့သော်လည်း အခြား အိပ်ခန်းများ အားလုံး ဘာမှ မရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေကြသည်။

ထို့ကြောင့် အောက်ထပ်သို့ သူ ဆင်းခဲ့သည်။

ပက်ထရီရှာထရေးမိုးသည် တစ်အိမ်လုံးရှိ မီးများကို ဖွင့်ထားခဲ့သည်။ အခန်းတိုင်းမှာ မီးတွေ လင်းနေသည်။ ဧည့်ခန်းထဲမှာရော၊ စာကြည့်ခန်းထဲမှာရော ထိန်ထိန်လင်းနေသည်။

ခရစ္စမတ်သစ်ပင်မှာပါ မီးများကို ထွန်းထားပစ်ခဲ့သည်။

ယခုလို အလဟဿ မီးသုံးခြင်းသည် ဖြုန်းတီးခြင်းသာ ဖြစ်ကြောင်း သူ တွေးရင်း ဒေါသဖြစ်လာသည်။

www.burmeseclassic.com



ယခုလို လျှပ်စစ်ခေတ်အားများကို ဖောဖောသီသီ သုံးစွဲနေခြင်းမှာ တရား မျှတခြင်း မရှိပါ။ သက်ကြီးရွယ်အို အတော်များများမှာ အပူပေးစက်ကိုပင် မဖွင့်နိုင်ရှာဘဲ ချမ်းချမ်းစီးစီး နေနေကြရသည်။ ပက်ထရီရှာထရေးမိုးကတော့ ဖြန်းတီးနေသည်။

ခရစ္စမတ်သစ်ပင်မှာ ခြောက်သွေ့နေချေပြီ။

သည်အပင်ကို မီးတစ်ချက်လောက် တို့လိုက်ရရင် ဟုန်းခနဲ ထလောင် သွားတော့မှာပဲ။ အကိုင်းအခက်ကလေးတွေနဲ့ အလှပြင်ထားတဲ့ ပစ္စည်းကလေးတွေ ပါ ပြာကျသွားမှာပဲဟု သူ တွေးကြည့်မိသည်။

ခရစ္စမတ်သစ်ပင်တွင် အလှပြင်ဆင်ထားသည့် ပစ္စည်းကလေး တစ်ခု ပြုတ်ကျနေသည်။ ထို့ကြောင့် ကောက်ပြီး နေရာတကျ ပြန်တပ်ပေးသည်။

ဧည့်ခန်းထဲမှာ ပစ္စည်းဝှက်ထားနိုင်သည့် နေရာ မရှိချေ။ ထို့ကြောင့် နောက်တစ်ခန်းသို့ ပြောင်းခဲ့သည်။

သူ နောက်ဆုံး ရှာသော အခန်းမှာ စာကြည့်ခန်း ဖြစ်သည်။

ဖိုင်တွဲများကို ဗီရိုထဲ ထည့်ပြီး သော့ခတ်ထားသည်။ ထိုဗီရိုထဲတွင် အရုပ်ကို ထည့်ကောင်း ထည့်ထားနိုင်သည်။

ထိုသို့ စဉ်းစားနေဆဲမှာပင် စားပွဲအောက်ထဲသို့ အတွင်းကျကျ ရောက် အောင် ထိုးကြိတ်သွင်းထားသည့် ဘူးကြီး တစ်ဘူးကို သတိထားမိသည်။

ထိုဘူးကြီးကို မြင်လိုက်သည်နှင့် သူ လိုချင်သော အရုပ်သည် ထိုဘူးထဲ မှာ ရှိနေကြောင်း သူ အလိုလို သိနေသည်။

ဘူးကြီးကို စားပွဲ အပြင်သို့ ဆွဲထုတ်သည်။ ပစ္စည်းများ အပြည့်အသိပ် ထည့်ထားသောကြောင့် အတော်အားစိုက်ပြီး ဆွဲထုတ်ရသည်။

သို့သော်လည်း ဆွဲထုတ်ပြီး ဖွင့်လိုက်သည်နှင့် သူ ဝမ်းသာလွန်းသော ကြောင့် ရင်တွေ ခုန်လာသည်။

ဂလိုရီ၏ အဖိုးတန် အရုပ်ကလေးမှာ ထိုစက္ကူဘူးကြီးထဲမှာ ရှိနေသော ကြောင့် ဖြစ်လေသည်။

ခါးစည်းအဝတ်ကလေးတော့ မရှိတော့ပါ။ သို့သော်လည်း ထိုအဝတ်ကလေး ရှာခြင်းဖြင့် အချိန်ဖြုန်းမနေနိုင်တော့ပါ။

အခန်းအားလုံးသို့ သူ ပြန်သွားသည်။ သူ ဝင်ရောက်ခဲ့သည့် ခြေရာ လက်ရာများ ကျန် မကျန် ဂရုစိုက် စစ်ဆေးသည်။

မီးလုံးများကို ဖွင့်ခြင်း၊ ပိတ်ခြင်း မလုပ်ပါ။ တံခါးများကိုလည်း မကိုင် မတို့ပါ။ မူလအတိုင်း အခြေအနေမပျက် ထားသည်။

လူအိုရုံမှာ အလုပ်လုပ်ရင်းဖြင့် သူ့မှာ အတွေ့အကြုံများစွာ ရခဲ့သည်။

ပက်ထရီရှာထရေးမိုးက ထိုအရုပ်ကလေးကို ရှာကြည့်မည် ဆိုလျှင်တော့ သူ့အိမ်ထဲသို့ တစ်ယောက်ယောက် ဝင်သွားပြီ ဖြစ်ကြောင်း သိမည် ဖြစ်လေသည်။

www.burmeseclassic.com

သို့သော်လည်း အရုပ်ထည့်ထားသည့် စက္ကူဘူးကြီးကို စားပွဲအောက် အတွင်းပိုင်း ရောက်အောင် ထိုးထည့်ထားသည်ကို ကြည့်ခြင်းအားဖြင့် မြန်မြန် ဆန်ဆန်တော့ သိဦးမည် မဟုတ်။ သိပ်အသုံးမလိုသောကြောင့် အတွင်းပိုင်း ရောက် အောင် တွန်းသွင်းထားခြင်း ဖြစ်ရပေမည်။

ဒုတိယအထပ်ရှိ အိပ်ခန်း ပြတင်းပေါက်မှ သူ ဝင်ခဲ့ရာ ယခု အိမ်ထဲမှ ပြန်ထွက်လျှင်လည်း ထိုလာလမ်းအတိုင်း ပြန်ထွက်ရမည်။ ထိုအိပ်ခန်းကို ပက်ထရီရှာ ရေးမိုး လုံးဝ အသုံးမပြု။ ထို့ကြောင့်လည်း ရက်အတော် ကြာသည့်တိုင်အောင် ထိုအိပ်ခန်းထဲသို့ သူ ဝင်ကြည့်ဖြစ်မည် မဟုတ်ချေ။

၅ နာရီခွဲတွင် သူ အိမ်ထဲသို့ ဝင်ခဲ့သည်။ ကောလိပ်ကျောင်းနားမှာ ရှိသော ဘုရားရှိခိုးကျောင်းမှ ၆ နာရီထိုးသံကို သစ်ပင်ပေါ်မှ သူ ပြန်ဆင်းနေသည့် အချိန်မှာပင် ကြားလိုက်ရလေသည်။

ဝန်းခြံကို ဖြတ်ပြီး ခိုးကြောင်ခိုးဝှက် သူ လျှောက်ခဲ့သည်။ ပြီးတော့ အပြင်ထွက်ပြီး ညအမှောင်ထဲမှာ သူ ပျောက်ကွယ်သွားလေတော့သည်။

သံအမတ်ကြီး၏ အိမ်မှာ ကြီးလွန်းလှသည်။ အခန်းကြီးတွေက အရမ်းကျယ်သည်။ ချောမွေ့သော နံရံများပေါ်တွင် သူ စုဆောင်းထားသည့် ပန်းချီကားပေါင်း မြောက်မြား စွာကို ချိတ်ဆွဲထားသည်။

ကျယ်လွင့်သောကြောင့် နေရ ထိုင်ရ သက်သာသည်။ ရှေးဟောင်းပစ္စည်း အတော်များများကိုလည်း ဝယ်ယူစုဆောင်းထားသည်ကို တွေ့ရသည်။ အိမ်ထောင် ပရိဘောဂ အများစုမှာ ရှေးဟောင်းပစ္စည်းများ ဖြစ်လေသည်။ ထိုပစ္စည်းများကို တ် မျက်စိအကျကြီး ကျသွားသည်။

ခရစ္စမတ် သစ်ပင်ကြီးက အကြီးကြီး ဖြစ်သည်။ သစ်ပင်တွင် အလှအပ များကို ပြင်ဆင် ချိတ်ဆွဲထားသည်။ အားလုံး ငွေရောင်ဖြစ်ပြီး ပန်းခြံသို့ ဆင်းသည့် တံခါးပေါက်ဝမှာ စိုက်ထူထားသည်။

ညစာအတွက် အစားအသောက်များကို စားပွဲကြီးပေါ်တွင် ပြင်ဆင်ထား သည်။ ကိုယ်တိုင် ယူစား ညစာ စားပွဲဖြစ်ပြီး အဖိုးတန် စားကောင်းသောက်ဖွယ် များချည်း ဖြစ်သည်။

ယဉ်ကျေး ဖော်ရွေသည့် စားပွဲထိုး နှစ်ယောက်က ဧည့်သည်များ၏ ဖန်ခွက်များကို ရှမ်ပိန်အရက်များ ထည့်ပေးနေသည်။

သံအမတ်ကြီး မစ္စတာကာဒယ်သည် ပိန်ပိန်သေးသေး လူဖလံကလေး ဖြစ်သည်။ ဆံပင်တွေ တစ်ခေါင်းလုံး ဖြူလှပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပက်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုသည်။ သူ့ညီမ ရှိစီနာဗန်ကလိပ်နှင့် ပက်ကို မိတ်ဆက်ပေးသည်။ သူနှင့် အတူနေသော ညီမ ဖြစ်သည်။

“ငါက သူ့ညီမလေး၊ အသက် ၇၄ နှစ်ပဲ ရှိသေးတယ်၊ သူ့အသက် ၈၂ နှစ် ရှိပြီ”

ရှိစီနာဗန်ကလိပ်က ပက်အား ရှင်းပြသည်။

ညစာ စားပွဲသို့ တက်လာသူပေါင်း ၄၀ လောက် ရှိသည်။ နာမည် အကြီးဆုံးပုဂ္ဂိုလ်များကို လိုင်လာက လက်ညှိုးထိုးပြီး ပက်က ပြောပြနေသည်။

“ဟိုနားက စုံတွဲက ဗြိတိသျှ သံအမတ်ကြီး ဆာဂျွန်နဲ့ သူ့ဇနီး ဒီကလီမင်၊ ဟိုဘက်ကဟာက ပြင်သစ်သံအမတ်ကြီး ဒေါ်နယ်အာလင်… သူ ကမ္ဘာ့ဘဏ် အကြီးအကဲအဖြစ် မကြာခင် ခန့်တော့မယ်၊ မီးလင်းဖိုဘေးမှာ နေတဲ့ အရပ် ထောင်ထောင်မောင်းမောင်း လူကတော့ ဗိုလ်ချုပ်ကြီး ဝေးလ် သူ့ကိုလည်း နေတိုးတပ်ပေါင်းစုများရဲ့ အကြီးအကဲအဖြစ် ခန့်လိုက်ပြီလေ၊ တစ်ယောက်က ဆီးနိတ်လွှတ်တော်အမတ် ဗုစ်တ်လော့၊ သူနဲ့ အတူတူ ရပ်နေတာ က သူ့မိန်းမ မဟုတ်ဘူး”

သိသင့်သိထိုက်သော ဧည့်သည်များအကြောင်း ရှင်းပြရုံသာမက အိမ်ရှင် ချင်းများနှင့်လည်း လိုင်လာက မိတ်ဆက်ပေးသည်။

အားလုံးက မိမိကို စိတ်ဝင်စားနေကြကြောင်း အံ့အားသင့်စွာ တွေ့ရလေသည်။

အိမ်ထဲကို ဖောက်ထွင်းဝင်တာနဲ့ ပတ်သက်လို့ ဘယ်သူ ဖြစ်နိုင်တယ် ဆိုတာ သဲလွန်စ ရပြီလား။

ဆီနိတ်တာဂျင်းနင်းကို ဒုတိယသမ္မတ ခန့်တော့မယ်လို့ ထင်သလား သူ ဒုတိယသမ္မတ ဖြစ်မှာစိုးလို့ အခုလို ခြိမ်းခြောက်တာလား။

ရုပ်မြင်သံကြားက ထုတ်လွှင့်မယ့် အစီအစဉ်ကြီး တစ်ခုလုံးကို ကြား ပြီး အပြည့်အစုံ ရိုက်ကူးထားတာလား။

မေးခွန်းတွေ များလှသည်။

ဝါရှင်တန် သမာဓိသတင်းစာ ပင်တိုင်ဆောင်းပါးရှင် ဂျိုနာဘာတာ သည် သူတို့အနားသို့ ရောက်လာသည်။ ပြီးတော့ သူတို့ ပြောနေကြသည်များ စိတ်ပါဝင်စားစွာ အာရုံစိုက် နားထောင်လေသည်။ အထူးသဖြင့် ပက် ပြောနေသည် များကို ပိုပြီး ဂရုပြု နားထောင်သည်။

“မင်း အိမ်ထဲကို တစ်စုံတစ်ယောက်က ဖောက်ထွင်း ဝင်ပြီး ခြိမ်းခြောက် စာကို ထားခဲ့တယ် ဆိုတော့ အင်မတန်ကို ထူးခြားတဲ့ အဖြစ်အပျက်ပဲလေ၊ ဒါပေမဲ့ မင်းကတော့ အဲဒီအဖြစ်အပျက်ကြီးကို သိပ်အရေးတကြီး သဘောမျိုး ထား မရဘူး”

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးရှင် ဂျီနှာဘာတာဖီးက ပက်ကို ပြောသည်။ ပက်က ဘာမှ ရေးမကြီးသလို ကြိုးစားဟန်ဆောင်သည်။

"အရူးတစ်ယောက်က ဝင်ရှုပ်သွားတယ်လို့ပဲ ကျွန်မတို့ အားလုံးက ဘောရကြပါတယ် ရှင်၊ ဒီအပြုအမူဟာ ဆီနိုတ်တာဂျင်းနင်းကို ထိခိုက်စေမယ် ရင် ကျွန်မ စိတ်မကောင်းပါဘူး၊ တရားမျှတတယ်လို့လည်း မထင်ပါဘူး"

ဆောင်းပါးရှင် ဂျီနှာက ပြုံးသည်။

"အခု မင်း ရောက်နေတာ ဝါရှင်တန်မြို့ကြီးနော်၊ သတင်းတစ်ခုခု ဖြစ် ပြီဆိုရင် မသိကျိုးကျွန် လုပ်နေလို့ မရဘူး၊ မင်းက ဘာမှ မဖြုသလိုပဲ၊ ဒါပေမဲ့ သာ မင်း နေရာမှာဆိုရင် ငါ့အိမ်ထဲကို ဖောက်ထွင်းဝင်ပြီး အသက် အန္တရာယ်ကို ခြိမ်းခြောက်တာ ခံရမယ်ဆိုရင် အကြီးအကျယ် တုန်လှုပ်ချောက်ချားမိမှာပဲ"

"အထူးသဖြင့် အခု နေနေတဲ့ အိမ်ကြီးထဲမှာ ဖြစ်မယ်ဆိုရင်ပေါ့လေ၊ ဒီအိမ်ကြီးထဲမှာ အဒမ်စ်တို့ မိသားစု နှစ်လောင်းပြိုင် အသတ်ခံခဲ့ရတဲ့ အမှု ကြောင်းရော မင်း ကြားဖူးလား"

ဘေးမှ အမျိုးသမီးတစ်ယောက်က ဝင်မေးသည်။

ပက်က သူ ကိုင်ထားသည့် ရှမ်ပိန်ခွက်ထဲမှ အမြှုပ်ကလေးများကို ငုံ့ ကြည့်နေသည်။

"ဟုတ်ကဲ့... ကျွန်မ ကြားပြီးပါပြီ၊ ဒါပေမဲ့ အဲဒီလို ဖြစ်ခဲ့တာက နှစ်တွေ သိပ်ကြာသွားပြီပဲ၊ မဟုတ်ဘူးလား"

"ကျွန်မတို့ အဲဒီအကြောင်းကြီး ပြောနေကြလို့ တော်ပါ့မလား၊ ဒီနေ့ဟာ ရွှေမတ်ပွဲတော် အကြိုနေ့ကြီး ဖြစ်နေတယ်လေ"

လိုင်လာက စကားဝင်ဖြတ်တယ်။

"ခဏလေး နေပါဦး"

ဂျီနှာက ကမန်းကတန်း ပြောသည်။ ပြီးတော့ သူ သိချင်သည်များကို ဆက်မေးသည်။

"အဒမ်စ်... ကွန်ဂရက်လွှတ်တော်အမတ် အဒမ်စ်ကို ပြောတာလား၊ သူ့ကိုယ်သူ သတ်သေသွားတဲ့ ကွန်ဂရက်လွှတ်တော်အမတ် မဟုတ်လား၊ ပက်က အဲဒီအိမ်ကြီးမှာ နေနေတာလား၊ သတင်းစာတွေက ဘာကြောင့်များ အဲဒီအကြောင်း ကို မျက်စိ လျှမ်းကုန်ကြပါလိမ့်နော်"

"အိမ် အဖောက်ထွင်းခံရတာနဲ့ အဲဒီအကြောင်းနဲ့ ဘာများ ဆိုင်လို့လဲရှင့်"

လိုင်လာက ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည်။

ပက်၏ လက်မောင်းကို လိုင်လာက အသာညှစ်လိုက်သည်။ ပက် မျက်နှာ ပျက်သွားပုံရသည်။ သူ့ကိုယ်သူ မသိလိုက်။

သူတို့ဝိုင်းသို့ သံအမတ်ကြီး ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အားမနာနဲ့နော်၊ ဝအောင် သုံးဆောင်ကြပါ"

သူတို့ လူသိုက်ကို လောကွတ် စကားပြောသည်။

ပက်က သံအမတ်ကြီး နောက်သို့ လိုက်သွားရန် ခြေလှမ်းပြင်လိုက်သည်။ သို့သော်လည်း ဆောင်းပါးရှင် ဂျိန်နာက အခြား အမျိုးသမီးတစ်ယောက်ကို ... မေးလိုက်သည့် မေးခွန်းက သူ့ခြေလှမ်းများကို ရပ်တန့်သွားစေလေသည်။

"အဲဒီအမှုကြီး ဖြစ်ခဲ့တဲ့ အချိန်တုန်းက ရှင်လည်း ဒီဂျော့တောင်း... နေနေတာလား"

"ဟုတ်တယ်၊ ဒီမှာပဲ နေခဲ့တာပေါ့"

အမေးခံရသော အမျိုးသမီးက ပြန်ဖြေသည်။ ပြီးတော့ သူကပဲ ... အကြောင်း ဆက်ရှင်းပြသည်။

"သူတို့နဲ့ အိမ် နှစ်လုံးကျော်မှာ ကျွန်မတို့ နေခဲ့တာ၊ အဲဒီတုန်းက ကျွန်... အမေလည်း အသက်ရှင်လျက် ရှိသေးတယ်၊ အဒမ်စ်တို့ လင်မယားနဲ့ ကျွန်... ကောင်းကောင်းရင်းနှီးကြတာပေါ့"

"ဟုတ်လား... အဲဒီတုန်းက ဝါရှင်တန်မြို့ကို ကျွန်မ မရောက်သေး... ဒါပေမဲ့ အဲဒီအကြောင်းကိုတော့ ကြားတယ်၊ တခြား ကောလာဟလသတင်းတွေ... လည်း ကြားခဲ့တယ်၊ အများ မသိသေးတာတွေ အများကြီး ရှိနေသေးတယ် ဆို... အမှန်ပဲလား"

ဂျိန်နာက အဒမ်စ်တို့နှင့် အိမ်နီးနားချင်း ဆိုသော အမျိုးသမီးကို ဆက်... သည်။

"သိပ်ကို မှန်တာပေါ့"

အိမ်နီးနားချင်း အမျိုးသမီးက မဲ့ကာရွဲ့ကာ ပြောသည်။

"ရိနီရဲ့ အမေက ဖွင့်ချလိုက်တာလေ၊ ဘော့စတွန်မြို့မှာ သတင်း... ရှင်းလင်းပွဲ လုပ်တယ်၊ အဒမ်စ်နဲ့ လက်ထပ်မိတာ မှားကြောင်း ရိနီ သဘောပေါ... နေပြီတဲ့၊ ဒါကြောင့် ဒင်းအဒမ်စ်နဲ့ ကွာရှင်းပြတ်စဲဖို့ သူတို့ စီစဉ်နေကြတယ်... ထုတ်ပြောပြလိုက်တယ်"

"ပက်... စားစရာ တစ်ခုခု သွားယူကြရအောင်လား"

လိုင်လာက ပက်ကို တခြား တစ်နေရာသို့ သွားဖို့ တိုက်တွန်းလာသည်...

"ကွာရှင်းပြတ်စဲခွင့်ရော အဲဒီရိနီ ရသလား"

ဂျိန်နာက မေးသည်။

ထိုမေးခွန်းကိုမူ တခြား တစ်ယောက်က ဝင်ဖြေသည်။

"ကျွန်မကတော့ မထင်ဘူး၊ ရိနီက ဒင်းအဒမ်စ်ကို အရူးအမူး ချစ်... အရမ်းလည်း အူတိုတာပဲ၊ သိပ်သဘောထား သေးတယ်၊ သူ့အလုပ်နဲ့ ပတ်သက်... တော့လည်း နည်းနည်းလေးမှ ရိနီ ကျေနပ်တာ မဟုတ်ဘူး၊ ခည့်ခံပွဲတွေမှာ ဆို...

www.burmeseclassic.com

www.burmeseclassic.com



လည်း တခြား အမျိုးသမီးတွေနဲ့ သူ့ယောကျ်ား တွဲတာကို မကြိုက်ဘူး၊ စကားလည်း မပြောဘူး၊ သူက စန္ဒရားအတီး သင်နေတယ်၊ တစ်နေ့ကို ၈ နာရီလောက် လေ့ကျင့်တယ်၊ ပူအိုက်တဲ့ ရာသီမျိုးဆိုရင် သည်းမခံနိုင်ဘူး၊ ရာသီဥတု ပူပြင်းခြောက်သွေ့တာက တစ်ကြောင်း၊ သူ့စန္ဒရားသံကြီးက နှိပ်စက်တာက တစ်ကြောင်းလေ၊ စာကယ်ပါပဲ၊ ခလုတ်တွေပေါ်မှာ ကြောင်လျှောက်နေသလားလို့ ထင်ရတယ်''

ဒါကိုတော့ ငါ မယုံနိုင်ပါဟု ပက်က စိတ်ထဲမှာ ကျိတ်ပြီး တွေးနေမိလေသည်။ ယုံလည်း မယုံချင်ပါ။

ဆောင်းပါးရှင်က ဘာများ ဆက်မေးနေပါလိမ့်... ။

ဒင်းအဒမ်စ်ဟာ မိန်းမ လိုက်စားတယ်လို့ နာမည်ကြီးနေတယ် မဟုတ်ဘူးလား... ဟု မေးလိုက်လေသည်။

''လူကတော့ အမျိုးသမီးတွေ ကျလောက်အောင်ကို ချောတယ်၊ သူက လည်း အဲဒီအခွင့်အရေးမျိုး ရရင် ယူတတ်တယ်''

အိမ်နီးနားချင်း အမျိုးသမီးက ထိုသို့ ဖြေရင်း ပခုံးတွန့်သည်။

''ညနေဘက်ဆိုရင် ကယ်ရီလို့ ခေါ်တဲ့ သူ့သမီးလေးနဲ့ အတူတူ လမ်းလျှောက်လေ့ ရှိတယ်၊ ကျွန်မနဲ့ မကြာခဏ ဆုံတတ်ပါတယ်၊ ကဲ... ကျွန်မတို့ အစရာ တစ်ခုခု ယူဖို့ တန်းစီကြရအောင်လား ဟင်''

''အဒမ်စ်ဟာ ဘေးလူ သိသာအောင်ကို မိန်းမရှုပ်တဲ့ လူလား ဟင်''

ဂျီနာက မေးပြန်သည်။

''ဒီလိုကြီးတော့ မဟုတ်ပါဘူး၊ ဒီအကြောင်းတွေ ဘေးလူက ပြောတယ်ဆိုတာလည်း ရီနီရဲ့ အမေက အစပျိုးပေးလိုက်လို့ ဖြစ်ကုန်တာပါ၊ သူ့ကြောင့် အာတွေ ဖြစ်ကုန်တယ်ဆိုတာ သူ သိသွားပါတယ်၊ သေနတ်ပေါ်မှာ သူတို့ လင်မယား နှစ်ယောက်စလုံးရဲ့ လက်ဗွေတွေ တွေ့ရတယ်၊ ရီနီက စပစ်တာလို့ ကျွန်မတို့ သားအမိကတော့ ထင်တယ်၊ ကယ်ရီကလေးလည်း သူ့အမေကြောင့် ဒဏ်ရာရသွားရတာပဲ ဖြစ်မယ်၊ စန္ဒရားတီးနေတဲ့ သူ့လက်ချောင်းကလေးတွေဟာ သေနတ်ခလုတ်ဖြုတ်ဖို့ကျတော့ သန်တယ်နော်၊ အဲဒါကိုတော့ မမေ့နဲ့၊ ဘာမှ အပြစ်မရှိတဲ့ ကိုယ့်သမီးကလေးအပေါ် ဒီလို ရက်စက်တာမျိုးတော့ ကျွန်မ နည်းနည်းလေးမှ ခွင့်မလွှတ်နိုင်ဘူး''

□

www.burmeseclassic.com

www.burmeseclassic.com

# ၂၀

ဆမ်က ဘီယာကို ဖြည်းဖြည်းချင်း ငုံကာ ပမ်းစပရိမ်းကလပ်ထဲမှာ ရှိနေသော
လူများကို ရည်ရွယ်ချက် ကင်းမဲ့စွာဖြင့် ငေးကြည့်နေသည်။

တစ်ဖက်သို့ သူ့မျက်နှာ လှည့်လိုက်သည်။ သူ့သမီးကို တွေ့သည်
ပြုံးပြလိုက်သည်။

သူ့သမီး ကာရင်သည် အမေ၏ အသားအရောင်၊ အမေ၏ ရွှေရောင်ဆံပင်
များကို အမွေရလိုက်သူ ဖြစ်လေသည်။

သူ့ယောက်ျား၏ လက်မောင်းပေါ်မှာ လက်တစ်ဖက် တင်ထားသည်။

သောမတ်ဝေါလ်တန်စနိုး···

လူတော်လူကောင်းကလေး ဖြစ်ကြောင်း ဆမ်က တွေးကြည့်နေသည်။

ပြီးတော့ သူ့သမီးအတွက်လည်း ခင်ပွန်းကောင်း တစ်ယောက် ဖြစ်ပေ
သည်။ အောင်မြင်နေသည့် စီးပွားရေးသမား တစ်ယောက်လည်း ဖြစ်သည်။

သို့သော်လည်း သူတို့ မိသားစု ဘဝသည် ဆမ်၏ အကြိုက်နှင့်တော့
တခြားစီ ဖြစ်နေသည်။

သမီး ကာရင် လင်ကောင်းသားကောင်း ရသည့်အတွက် ဝမ်းသာသည်
မှာ မှန်သည်။ သို့သော်လည်း သူနှင့် သူတို့ မိသားစု အကြိုက်ချင်း၊ စရိုက်ချင်း
ကွာခြားနေလေသည်။

ပမ်းစပရိမ်းသို့ သူ ရောက်သည့် အချိန်မှစ၍ အမျိုးသမီးပေါင်း မြောက်မြား
စွာနှင့် သူ့ကို မိတ်ဆက်ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အသက် ၄၀ ကျော် မုဆိုးမများ၊ ကိုယ်ပိုင် အလုပ်အကိုင် ရှိသည့် အမျိုးသမီးများ ဖြစ်ပြီး လက်ကျန် ဘဝကလေးမှာ ပျော်ရွှင်နိုင်ရန် ယောကျ်ား တစ်ယောက်ယောက်ကို ကောက်ယူကြမည့် မိန်းမများချည်း ဖြစ်သည်။

သို့သော် ဆမ် စိတ်မဝင်စားပါ။

သူ စိတ်ချမ်းသာရာသည် အဘယ်မှာနည်း။

သူ အကြိုက်တွေ့နိုင်သည့် အရပ်သည် ဘယ်အရပ်နည်း။

ဝါရှင်တန်ပဲ ဖြစ်ပါသည်။ ဝါရှင်တန်မှာသာ သူ စိတ်ချမ်းသာနိုင်ပါမည်။ ဝါရှင်တန်မှာသာ သူ့အကြိုက် တွေ့နိုင်ပါသည်။

သည်အရပ်မှာ သမီးနှင့် အတူတူ နေရသည်ကတော့ ကောင်းပါ၏။ သို့သော်လည်း ကျန်လူများက သူ့ကို စိတ်ချမ်းသာမှု မပေးနိုင်ကြချေ။

နောက်ပြီးတော့ သူ့သမီး ဂရုစိုက်နေသူများကို သူ ဂရုမစိုက်နိုင်။ သူ့သမီး အရမ်း ကျေနပ်နေသော သူများကို သူ မကျေနပ်နိုင်။

ငါ့သမီး အသက်က ၂၄ နှစ် ရှိနေပြီ။ အိမ်ထောင်ကျပြီး အိမ်ထောင်သုခ နည်း ခံစားနေရပြီ။ မကြာခင် ကလေး မွေးတော့မည်။

သည်လို အချိန်မျိုးတွင်… လင်ယူနိုင်ရန် လွတ်လပ်နေကြသည့် အသက် ၄၀ ကျော် အမျိုးသမီးများနှင့် မိတ်ဆက်ပေးနေခြင်းကို ငါက ဘာကြောင့် ခံယူနေတော့မည်နည်းဟု သူ တွေးကြည့်နေသည်။

"ဒက်ဒီ… ဘာဖြစ်လို့ မျက်မှောင်ကြီး ကုတ်ထားရတာလဲ"

ကာရင်က သူ့ကို လှမ်းပြောရင်း စားပွဲပေါ် ကျော်ကာ သူ့ကို နမ်းသည်။ ပြီးတော့ သူ့ခုံမှာ ပြန်ထိုင်သည်။ သူ့ယောကျ်ားက သူ့ကို လက်တစ်ဖက်နှင့် သိုင်းဖက်ထားသည်။

မျှော်လင့်ချက် အပြည့် ရှိနေကြသော တွမ်တို့ မိသားစု၏ မျက်နှာများကို သူ ကြည့်ပြီး အကဲခတ်နေမိသည်။

ယခုအချိန်မှာတော့ သူ့ကို အားလုံးက ဂရုစိုက်နေကြသေးသည်။ ရက် အနည်းငယ် ကြာတော့ ဒါလောက် ဂရုစိုက်နိုင်တော့မည် မဟုတ်။

ထိုမျှမက သူတို့ကို တစ်နည်းတစ်ဖုံ အနှောင့်အယှက် ဖြစ်စေသည့် ညှိုသည်ဘဝသို့လည်း ရောက်ချင် ရောက်သွားနိုင်လေသည်။

"သမီး… သမ္မတကြီး ဆိနိတ်တာဂျင်းနင်းကို ဒုတိယသမ္မတ ခန့်မယ် ထင်သလားလို့ သမီး မေးခဲ့တယ် မဟုတ်လား၊ အဲဒီတုန်းက ဒက်ဒီ မသိဘူးလို့ ဖြေခဲ့တယ် မဟုတ်လား၊ ဝိုပြီးတော့ ရိုးရိုးသားသား ဖြေရမယ်ဆိုရင် အဲဒီရာထူးကို ဆီနိတ်တာဂျင်းနင်း ရလိမ့်မယ်လို့ ဒက်ဒီ ထင်တယ်"

အတွင်းရေးစကား ပြောသည့် လေသံမျိုးဖြင့် ဆမ်က သူ့သမီးကို ပြောပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံး အားလုံးသည် သူ့အပေါ်သို့ စုပြုံကျရောက်လာကြလေသည်။

"မနက်ဖြန်ညမှာ ဆီနိတ်တာဂျင်းနင်းက သူ့အိမ်မှာ ခရစ္စမတ်ပွဲတော် အထိမ်းအမှတ် ညစာစားပွဲ တည်ခင်း ဧည့်ခံလိမ့်မယ်၊ အဲဒီညစာစားပွဲအကြောင်း ရုပ်မြင်သံကြား အစီအစဉ်မှာလည်း ပါလိမ့်မယ်၊ ဂျင်းနင်းက ဒက်ဒီကိုလည်း အဲဒီညစာစားပွဲ တက်စေချင်တယ်၊ သမီး ဘယ်လိုမှ မအောက်မေ့ဘူးဆိုရင် အဲဒီ အခမ်းအနားကို ဒက်ဒီ တက်ရမလားလို့ စဉ်းစားနေတယ်"

ဆမ်၏ ဆိုလိုချက်ကို အားလုံး သဘောပေါက် နားလည်ကြပါသည်။ ကာရင်၏ ယောက္ခမကြီးကလည်း အချိန်ဇယားတစ်ခု ပို့ပေးထားသည်။

မနက်ဖြန် မနက် ၈ နာရီ ထွက်သည့် လေယာဉ်ပျံနှင့် လိုက်သွားလျှင် ဝါရှင်တန်သို့ ညနေ ၄ နာရီခွဲ ရောက်သွားမည်။ အရှေ့ဘက်ကမ်းခြေ စံတော်ချိန် ဖြစ်သည်။

ရုပ်မြင်သံကြား အစီအစဉ်တွင် ထည့်သွင်း လွှင့်ထုတ်မည့် ညစာ စားပွဲသို့ တက်ရခြင်းမှာ ဘယ်လောက် စိတ်ဝင်စားဖို့ ကောင်းလိုက်ပါသနည်း။ နောက်ပြီးတော့ ထိုအစီအစဉ်ကိုလည်း လူတိုင်းက မျှော်လင့်စောင့်စားနေကြသည်။

ကာရင် တစ်ယောက်တည်း ငြိမ်နေသည်။ ပြီးတော့မှ သူက ရယ်ပြီး ပြောသည်။

"ဒက်ဒီ... ပေါကြောင်ကြောင် စကားတွေ လျှောက်ပြောမနေနဲ့ ဆီနိတ်တာ အက်ဘီဂေးလ်ဂျင်းနင်းက ဒက်ဒီကို မျက်စိကျနေတယ်လို့ ပြောနေကြတဲ့ ကောလာဟလ သတင်းတွေကို သမီး ကြားပြီးပါပြီနော်"

□

www.burmeseclassic.com

www.burmeseclassic.com

## [ ၂၁ ]

ည ၉ နာရီနှင့် ၁၅ မိနစ်တွင် ပက်နှင့် လိုင်လာသည် သံအမတ်ကြီး အိမ် ညစာစားပွဲမှ လမ်းလျှောက်ပြီး တိတ်ဆိတ်စွာ ပြန်လာကြသည်။

သူတို့ အိမ်နား ရောက်တော့မှ လိုင်လာက စကား စပြောလေသည်။

"ပက်… ငါ ဘယ်လောက်တောင် စိတ်မကောင်း ဖြစ်ရတယ် ဆိုတာ ပြောမပြနိုင်အောင်ပါပဲကွယ်"

"အဲဒီအမျိုးသမီးကြီး ပြောသွားတာတွေ ဘယ်လောက် မှန်သလဲ၊ ဘယ်လောက်ထိအောင် သူ ချဲ့ကားထားသလဲ ဆိုတာ ကျွန်မ သိရမှ ဖြစ်တော့မယ်"

ပက်က ထိုသို့ ပြန်ပြောရင်း သူ့ခေါင်းထဲတွင်မူ ညစာ စားပွဲတုန်းက အမျိုးသမီးကြီး ပြောပြလိုက်သည့် စကားလုံးများ။ အကြောင်းအရာများကသာ ကြီးစိုး လွှမ်းမိုးနေတော့သည်။

**စိတ်မမှန်သူ…**

**သမီးလေးကို ဒဏ်ရာအနာတရ ဖြစ်အောင် လုပ်သူ…**

**စန္ဒရားပေါ် ကြောင်တက်ခုန်သလို ဖြစ်အောင် တီးတတ်သူ…**

**အိမ်နီးနားချင်းများ နားမခံနိုင်…**

"ဟုတ်တယ်၊ သူ ပြောတာတွေ ဘယ်လောက် မှန်သလဲ ဆိုတာ ကျွန်မ သိဖို့ တကယ် လိုအပ်လာပြီ"

"ပက်… သူ ပြောတာတွေ စိတ်ထဲမှာ ထားမနေနဲ့၊ အဲဒီမိန်းမဟာ သူများအတင်း ပြောဖို့ အင်မတန် ဝါသနာကြီးတဲ့ မိန်းမ၊ အဲဒီအိမ်ကြီးရဲ့ နောက်ခံ

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းအကြောင်း ဝါရှင်တန် သမာဓိသတင်းစာက ဆောင်းပါးရှင် အမျိုးသမီးကို သူ ပြောပြကတည်းက သူ မရိုးသားတာပါ၊ သူ့ကိုယ်သူလည်း မရိုးသားကြောင်း သိနေပါတယ်၊ ဒါတွေကို စိတ်ထဲမှာ ထားမနေနဲ့"

"သူ မှားနေပြီ၊ ဟုတ်တယ်၊ သူ မှားနေပြီ"

ပက်က အနိမ့် အမြင့် မရှိသော အသံဖြင့် ပြောသည်။

လိုင်လာ၏ ခြံပေါက်ဝသို့ ရောက်လာကြသည်။ လမ်းတစ်ဖက်ခြမ်းရှိ သူ၏ အိမ်ကြီးကို ပက်က လှမ်းမျှော်ကြည့်သည်။

အိမ်အောက်ထပ်မှာ ရှိသော မီးများ အကုန်လုံးလိုလိုကို သူ ဖွင့်ထားခဲ့သည်။ သို့သော်လည်း တစ်စုံတစ်ခု၏ အရိပ်ထိုးခြင်း ခံနေရသည်ဟု သူ့စိတ်ထဲမှာ ခံစားနေရလေသည်။

မီးတွေ ထွန်းထားသော အိမ်ကြီးသည် လင်းလင်းချင်းချင်း မရှိချင်။

"ကျွန်မ သေသေချာချာ မှတ်မိနေတာ တစ်ခုတော့ ရှိတယ်၊ သိလား… အဲဒီညတုန်းက အပေါ်ထပ်ကနေပြီး ကျွန်မ ပြေးဆင်းလာခဲ့တယ်၊ ဧည့်ခန်းထဲကို ပြေးဝင်သွားတော့ လဲကျနေတဲ့ ကျွန်မ အမေရဲ့ ကိုယ်လုံးကို ဝင်တိုက်မိတယ်"

ပက်က လိုင်လာကို လှည့်ကြည့်သည်။

"အဲဒါကြောင့် ကျွန်မ စိတ်ထဲမှာ ခံစား သိရှိနေရတာက သူတို့ ပြောသလို မဟုတ်ဘူး၊ အဖေနဲ့ အမေ ဖြစ်နေကြတဲ့ ပြဿနာထဲမှာ ကျွန်မက ဝင်ပြီး ကန့်လန့်ကန့်လန့် ဖြစ်နေရပါမလား ဆိုပြီး၊ အကြီးအကျယ် ဒေါသပေါက်ကွဲသွားတဲ့ အဖေက ကျွန်မကို သတ်ပစ်ဖို့ ကြိုးစားတာပဲ ဖြစ်မယ်"

လိုင်လာက တစ်စုံတစ်ရာ ပြန်မဖြေ။ ပက်အတွက်သာ သူ စိတ်မကောင်း ဖြစ်နေမိလေသည်။

"ကယ်ရီ… မင်းကို ငါ ကူညီချင်လိုက်တာကွယ်"

ပက်က လိုင်လာ၏ လက်ကို ညှစ်လိုက်သည်။

"အခု လုပ်နေတာတွေဟာ ကျွန်မကို ရှင် အကူအညီပေးနေတာပေါ့ လိုင်လာ၊ ဂွဒ်နိုက်နော်"

ပက်က ပြောပြီး သူ့အိမ်ဘက်သို့ ဆက်လျှောက်လာခဲ့၏။

စာကြည့်ခန်းထဲရှိ စားပွဲပေါ်မှ တယ်လီဖုန်းနှင့် တွဲထားသော ဖုန်းဖြေစက် အချက်ပြ မီးလင်းနေသည်ကို တွေ့ရသည်။ ပက်က တိပ်ခွေကို ပြန်ရစ်သည်။ တယ်လီဖုန်း တစ်ကြိမ် ခေါ်ထားသည်ကို တွေ့ရသည်။

"လူသတပယ်လ်ဟာမ်း စကားပြောနေတယ်၊ အခု ည ၇ နာရီနဲ့ မိနစ် ၂၀ ရှိပြီ၊ ကျုပ်တို့ ပြဿနာပေါ်ကုန်ပြီ၊ မင်း ဘယ်အချိန်မှပဲ အိမ်ကို ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ရောက် ဆီနိတ်တာဂျင်းနင်း အိမ်ကို ဖုန်းဆက်ပါ၊ အဲဒီမှာ ကျုပ် ရှိနေမယ်၊ ဖုန်းနံပါတ်က ၇၀၃/၅၅၅-၀၁၄၃၊ အဲဒီအိမ်မှာ ဒီနေ့ည တို့အားလုံး မဖြစ်မနေ တွေ့မှ ဖြစ်တော့မယ်"

ဖုန်းခြေစက်ထဲမှ လူသာ၏ အသံ ပေါ်ထွက်လာသည်။

ပက်၏ နှုတ်ခမ်းများ ခြောက်သွားသည်။

ပေးထားသည့် ဖုန်းနံပါတ်ကို လှည့်သည်။ တစ်ဖက်မှ အလုပ်များနေပုံ ရသည်။ လိုင်းမအားသည်နှင့်ချည်း ဆုံနေသည်။ သုံးကြိမ်လောက် ကြိုးစားတော့မှ အဆက်အသွယ် ရသည်။

တိုဘီက ဖုန်းကိုင်သည်။

"ပက်ထရေးမိုး စကားပြောနေပါတယ် တိုဘီ၊ ဘာတွေ ဖြစ်ကုန်လို့လဲ"

"အများကြီးပဲ၊ မင်း ဘယ်မှာလဲ"

"အိမ်မှာ..."

"ကောင်းပြီ၊ မင်းကို လာကြိုဖို့ မစ္စတာပယ်လ်ဟာမ်းရဲ့ မော်တော်ကားကို အဆင်သင့် စောင့်ခိုင်းထားတယ်၊ ၁၀ မိနစ်အတွင်း ရောက်လာလိမ့်မယ်"

"တိုဘီ... ဘာတွေ မှားကုန်လို့လဲ"

"မစ္စထရေးမိုး ဘာတွေ မှားကုန်သလဲ ဆိုတာ မင်းကိုယ်တိုင်က ဆီနိတ်တာကို ရှင်းပြရမယ့် ကိစ္စပဲ"

ဖုန်းချသွားသည်။

နောက်နာရီဝက်လောက် ကြာတော့ လူသာပယ်လ်ဟာမ်း လွှတ်လိုက်သည့် ရုပ်မြင်သံကြားဌာနမှ မော်တော်ကားသည် ဆီနိတ်တာအက်ဘီဂေးလ်ဂျင်းနင်း၏ အိမ်ရှေ့မှာ ရပ်သွားသည်။

အက်ဘီဂေးလ်၏ အိမ်သို့ ကားစီးလာရာ လမ်းတစ်လျှောက်တွင် ပက်သည် မဆုံးနိုင်သော အတွေးပေါင်းစုံဖြင့် အကြီးအကျယ် သောကရောက်ခဲ့ရလေသည်။

သို့သော်လည်း သူ့အတွေး အားလုံးသည် နောက်ဆုံးတော့ အက်ဘီဂေးလ် တည်းဟူသော ဘူတာမှာချည်း သွားဆိုက်နေသည်။

ဆီနိတ်တာ အက်ဘီဂေးလ်ဂျင်းနင်းသည် ရုပ်မြင်သံကြား အထူးအစီအစဉ်မှ တင်ဆက်မည့် အစီအစဉ်ကို ပယ်ဖျက်လိုက်ပြီလား၊ ထိုသို့ ပယ်ဖျက်ခြင်းအတွက် မိမိမှာ တာဝန်ရှိသွားပြီလား ဆိုသော အတွေးများချည်း ဖြစ်နေလေသည်။

အက်ဘီဂေးလ်သည် စိတ်ချောက်ချားနေပြီလား။ အရှက်တကွဲ အကျိုးနည်းတွေ ဖြစ်နေပြီလား။

မျက်နှာထားကြီးနှင့် ဖြစ်နေသော တိုဘီက ပက်ကို တံခါးလာဖွင့်ပေးသည်။ ပြီးတော့ စာကြည့်ခန်းထဲသို့ ခေါ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်စီအစည်းအဝေး ထိုင်နေသကဲ့သို့ တင်းမာသည့် မျက်နှာများဖြင့် စားပွဲတစ်လုံးမှာ ဝိုင်းထိုင်နေကြသည်။ အားလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုအခြေအနေကို ကြည့်ခြင်းအားဖြင့် သဘောထား ကွဲလွဲမှုတွေလည်း ဖြစ်ပေါ်နေ ကြောင်း အကဲခတ်၍ ရသည်။

ဆီးနိုက်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျင်းနင်းက ပက်ကို မျက်နှာထား ကြီးနှင့် အေးတိအေးစက် စိုက်ကြည့်နေသည်။

အက်ဘီဂေးလ်၏ ညာဘက်တွင် ဖီးလစ် ထိုင်နေသည်။ သူ့မျက်နှာပေါ် တွင် သွေးရောင် ကင်းမဲ့နေသည်။

သူတို့နှင့် မျက်နှာချင်းဆိုင်မှာ လူသာပယ်လ်ဟမ်း ထိုင်သည်။ လူသာ၏ မျက်နှာကမူ နလုံးရောဂါ အဖြစ်ခံလိုက်ရသူလို ပြာနှမ်းနှမ်း ဖြစ်နေသည်။

ဒါဟာ တရားရုံးမှာ တရားခံတစ်ယောက် အမှုစစ်နေတာ မဟုတ်ဘူး သိချင်တာ တစ်ခုခုကို စုံစမ်းမေးမြန်းတာသာ ဖြစ်တယ်… ဟု ပက်က စဉ်းစား ကြည့်သည်။

ငါ့မှာ အပြစ်ရှိနေတယ် ဆိုတာကိုတော့ သူတို့ ဆုံးဖြတ်ချက်ချပြီးကြတဲ့ ပုံပဲ၊ ဒါပေမဲ့ ဘာအတွက်လဲ… ။

သူ့ကို မည်သူကမှ 'ထိုင်ပါ' ဟု မပြော။ တိုဘီကမူ ကုလားထိုင်တစ်လုံး ပေါ်သို့ သူ့ကိုယ်ခန္ဓာကြီးကို ပစ်ချလိုက်သည်။

"ဆီနိတ်တာ… တစ်ခုခုတော့ အကြီးအကျယ် မှားနေပြီနဲ့ တူတယ် အဲဒီအမှားဟာလည်း ကျွန်မနဲ့ တိုက်ရိုက်သက်ဆိုင်နေပုံရတယ်၊ ဘာဖြစ်တယ် ဆိုတာ တစ်ယောက်ယောက်က ကျွန်မကို ပြောပြပါလား"

ပက်က တည်ငြိမ်စွာ ပြောသည်။

စားပွဲအလယ်ခေါင်တွင် ဂျာနယ်တစ်စောင် ရှိနေသည်။ ဖီးလစ်က ထို ဂျာနယ်ဆီသို့ မျက်လုံးတစ်ချက် ဝင့်လိုက်ပြီး ပက်ဆီသို့ တွန်းပို့လိုက်လေသည်။

"အဲဒီဓာတ်ပုံကို သူတို့ ဘယ်က ရသလဲ"

ဖီးလစ်က အေးစက်သော လေသံဖြင့် မေးသည်။

ပက်က နေရှင်နယ်မီရာ ဂျာနယ် မျက်နှာဖုံးကို ငုံ့ကြည့်လိုက်သည်။

**'ပထမဆုံး အမျိုးသမီး ဒု-သမ္မတ အက်ပယ်လ်ဂျန်းရှင်းမယ် ဖြစ်မည် လော'**

ဟူသော ခေါင်းစဉ်စာလုံး အမည်းကြီးက ပက်ကို ပြန်ကြည့်နေသည်။

ကျန်မျက်နှာဖုံး စာမျက်နှာတစ်ခုလုံးကို ဓာတ်ပုံကြီးတစ်ပုံက အပြည့် နေရာယူထားသည်။

အက်ပယ်လ်ဂျန်းရှင်းမြို့ မယ်အရွေးခံရသဖြင့် သရဖူဆောင်းထားသော အက်ဘီဂေးလ်နှင့် သူ့မိခင် အတူယှဉ်တွဲ ရပ်နေသည့် ဓာတ်ပုံ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပုံကို ဂျာနယ် မျက်နှာဖုံး ပြည့်အောင် အကြီးကြီး ချဲ့ထားသည်။ ကြီးက ကြီးလွန်းသောကြောင့် နဂိုကတည်းက အလွန်ဝသည့် ဖရင်ဆေဖော်စတာ ကိုယ်လုံးကြီးမှာ ပို၍ ကြီးနေလေသည်။ အသားစိုင်ကြီးများ အစုံ့အစုံ့ ထွက်နေ သူ့ကို တမင် ရက်စက်သလိုလည်း ဖြစ်သွားလေသည်။

သူ ဝတ်ဆင်ထားသည့် အဝတ်အစားကလည်း ပုံပန်းမကျ။ အက်ဘီဂေးလ် ဖော်ထားသည်။ လက်တစ်ဖက်မှ အသားစိုင်ကြီးများကလည်း ပြုတ်ကျတော့ မလား ထင်ရလောက်အောင် ကြီးမားသည်။

သူ့သမီး မယ်ဘွဲ့ ရသောကြောင့် ဂုဏ်ယူဝင့်ကြွားစွာ ပြုံးနေသည်။ ထိုသို့ ပြုံးလိုက်သောကြောင့် မေးစေ့ကလေး နှစ်ထပ် ဖြစ်သွားကာ တွဲကျနေလေ သည်။

"ဒီပုံကို ခင်ဗျား အရင်ကတည်းက မြင်ဖူးတယ်"

ဖီးလစ်က ခပ်ဆတ်ဆတ် ပြောပြန်သည်။

"ဟုတ်တယ်"

ပက်က ခပ်အေးအေး ပြန်ဖြေသည်။ ထိုပုံကြီးသည် အက်ဘီဂေးလ်ကို အဘယ်မျှ ခြောက်လှန့်လိုက်လေမည်နည်းဟုလည်း တွေးကြည့်လိုက်မိလေသည်။

အက်ပယ်လ်ဂျန်းရှင်းမြို့တွင် နေထိုင် ကြီးပြင်းခဲ့ရသည့် ဘဝကို ဇာတ်မြှုပ် ထားရန် နှစ်ပေါင်း သုံးဆယ်လုံးလုံး အက်ဘီဂေးလ် ကြိုးစားခဲ့သည်။ ယခုတော့ တစ်သက်လုံး ဖုံးသမျှ ကုန်းတော့မှပေါ် ဆိုတာမျိုး ဖြစ်သွားတော့သည်။ ထိုအကြောင်း များကိုလည်း ပက်က တွေးကြည့်နေမိသည်။

ပက်က အခြားသူများကို နည်းနည်းလေးမှ ဂရုစိုက်မနေတော့ဘဲ အက်ဘီဂေးလ် ကို တည့်တည့်ကြည့်ပြီး ပြောသည်။

"ဒီခေတ်ပုံ မီရာဂျာနယ်က ရသွားတာဟာ ကျွန်မနဲ့ ဘယ်လိုမှ မပတ်သက် ပါဘူးလို့ ပြောရင်လည်း ရှင်ကတော့ ဘယ်နည်းနဲ့မှ မယုံဘူး မဟုတ်လား"

"ဒီမှာ နားထောင်ဦး··· မစ္စထရေးမိုး"

ကြားမှ တိုဘီက ဝင်ပြောသည်။

"အပင်ပန်းခံပြီး လိမ်မနေပါနဲ့တော့၊ အက်ပယ်လ်ဂျန်းရှင်းမြို့ကို မင်း သွားပြီး မွှေနှောက်ခဲ့တာ ကျုပ် သိတယ်၊ ဟိုတုန်းက ထုတ်ခဲ့တဲ့ သတင်းစာတွေကို လည်း သတင်းစာတိုက်မှာ သွားပြီး လှန်လှောရှာခဲ့တယ်၊ ဆောင်းဒါးစ် ဖုန်းဆက် တုန်းက မင်းအိမ်မှာပဲ ကျုပ် ရှိနေခဲ့တာပဲ"

တိုဘီက ယခင်တုန်းက ပက်ကို လေးလေးစားစား ဆက်ဆံသည်။ ယခုမူ ထိုလေးစားမှုများ အားလုံး ပျောက်ကွယ်ကုန်ပြီ။

"မသွားရဘူးလို့ ကျုပ် တားနေတဲ့ ကြားထဲကနေပြီး အက်ပယ်လ်ဂျန်းရှင်း မြို့ကို မင်း သွားဖြစ်အောင် သွားတဲ့အကြောင်း ဆီနိတ်တာကို ကျုပ် ပြောပြလိုက် ပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



လူသာကလည်း မိုးကြိုးထစ်သလို ဟိန်းလိုက်လေသည်။

ထိုဟိန်းဟောက်ချက်ကိုလည်း ပက်က ချက်ချင်း သဘောပေါက်သည်။ အက်ပယ်လ်ဂျန်းရှင်းမြို့သို့ သူ သွားခွင့်ပြုသည့်အကြောင်း အက်ဘီဂေးလ်ကို အသိမပေးလိုက်ပါနဲ့ဟု ကြိုတင်ပိတ်လိုက်သည့် သဘောသာ ဖြစ်လေသည်။

သို့သော် ယခုအချိန်မှာတော့ လူသာသည် အကြောင်း မဟုတ်တော့ပါ။ အကြောင်းဟုတ်နေသည်က အက်ဘီဂေးလ်သာ ဖြစ်လေသည်။

"ဆီနီတ်တာ... ရှင် ဘယ်လောက် ခံစားနေရမယ်ဆိုတာ ကျွန်မ ကောင်းကောင်းနားလည်..."

ပက်က ရှင်းပြဖို့ ကြိုးစားသည်။ သို့သော်လည်း သူ့စကား မဆုံးပါ။ အက်ဘီဂေးလ်က ထိုင်နေရာမှ ဝုန်းခနဲ ခုန်ထသည်။

"မင်း တကယ် နားလည်သလား၊ တကယ် သဘောပေါက်သလား။ ကိစ္စကတော့ ပြီးသွားပါပြီ၊ ဒါပေမဲ့ မင်းကို ပြောပြပါရစေဦး၊ အင်မတန်စုတ်ပွဲတဲ့ အက်ပယ်လ်ဂျန်းရှင်း ဆိုတဲ့ မြို့မှာ ငါ့ဘဝ စခဲ့ရတယ် ဆိုတာကို ငါ အရမ်းရှက် တယ်၊ မင်း အဲဒီမြို့ သွားပြီး ငါ့နောက်ကြောင်းတွေကို မွှေနှောက် ရှာဖွေခဲ့တယ် ဆိုတာ နောက်ဆုံးကျတော့မှ လူသာနဲ့ တိုဘီက ပြောလို့ ငါ သိရတယ်၊ ဒီတော့ ပဲ ဂျရယ်မီနဲ့ မင်း တွေ့ခဲ့ကြတယ် ဆိုတာကိုပါ ငါ သိရတယ်၊ ဘာမှ တန်ဖိုးမရှိတဲ့ အဲဒီ အယုတ်တမာကောင်က မင်းကို ဘာတွေ ပြောလိုက်သလဲ၊ ငါဟာ သူတို့အိမ် ရှေ့ပေါက်က ဝင်ထွက်ခွင့် မရဘဲ နောက်ဖေးပေါက်ကသာ အဝင်အထွက် လုပ်ခွင့် ရှိတယ် ဆိုတာတွေ ပြောပြလိုက်တယ် မဟုတ်လား၊ ငါ့အမေဟာလည်း ဘာမှ မဟုတ်ဘူး၊ သူများအိမ်က ထမင်းချက် တစ်ယောက်သာ ဖြစ်တယ် ဆိုတာ တွေ ပြောပြလိုက်တယ် မဟုတ်လား၊ ဒီအတိုင်း သူ ပြောလိုက်တယ် ဆိုတာ လောင်းတောင် လောင်းရဲသေးတယ်"

အက်ဘီဂေးလ်သည် ဒေါသတကြီးဖြင့် ပျစ်ပျစ်နှစ်နှစ် ပြောပစ်နေသည်။

"ဒီဓာတ်ပုံကိုလည်း မင်း ထုတ်ပေးလိုက်တယ် ဆိုတာ ငါ သိတယ်။ ပက်ထရေးမိုး... နောက်ပြီးတော့ ဘာကြောင့် ဒီလို ထုတ်ပေးလိုက်တယ် ဆိုတာ ကိုပါ ငါ သိတယ်၊ ငါ့အကြောင်းကို မင်းနည်းမင်းဟန်နဲ့ မင်းစိတ်ကြိုက် ပုံဖော်ဖို့ မင်း ဆုံးဖြတ်ထားတယ်၊ အဲဒီဆုံးဖြတ်ချက်အတိုင်း မဖြစ် ဖြစ်အောင် အကောင် အထည်ဖော်မှာပဲ၊ စိုင်ကော်လို့ ချုံပေါ် ရောက်ရတာမျိုးတွေကို မင်း သဘောကျတယ် မဟုတ်လား၊ ငါ့ဆီကို မင်း ရေးတဲ့ စာတွေထဲမှာ ဒီအစီအစဉ် လက်ခံဖို့ ငါ့ကို မင်း အမျိုးမျိုး သွေးဆောင်ခဲ့တယ်။

"ငါကလည်း နားကျတယ်၊ မင်း သွေးဆောင်ဖြားယောင်းတာကို ယုံခဲ့တယ်၊ ဒါကြောင့် ဒီအစီအစဉ် ထုတ်လွှင့်ဖို့ ငါ သဘောတူခဲ့တယ်၊ ဒီ သဘောတူညီချက်လည်း ရရော ငါ့အကြောင်းကို မင်းက မင်းကြိုက်သလို တင်ပြဖို့ စီစဉ်တော့တာပဲ၊ 'ပက်ထရီရှာ ထရေးမိုး တယ်စွမ်းပါလား' လို့ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြောမှတ်ဖြစ် ကျွန်ရစ်ခဲ့အောင် မင်း စီစဉ်တော့တာပဲ၊ ကာယကံရှင် ဖြစ်တဲ့ ကျွန်တော့ ဘာဖြစ်ဖြစ်ပေါ့လေ၊ ငါ့ဘဝ သက်တမ်းတစ်လျှောက်လုံး မနားမနေ ကြိုးစား တည်ဆောက်ထားခဲ့ရတာတွေ ဘယ်လောက်ပဲ ပျက်စီးသွား ပျက်စီးသွား ပေါ့လေ၊ မင်း နာမည်ရရင် ပြီးရော၊ မင်း ကြိုက်သလို တင်ဆက်ခွင့်ရရင် ပြီးရော ဆိုတဲ့ သဘောနဲ့ လုပ်လိုက်တာပဲ"

"ကျွန်မရဲ့ အနာဂတ် ဘဝတက်လမ်း သာယာဖြောင့်ဖြူးဖို့အတွက် ဒီဓာတ်ပုံကို ဂျာနယ်တိုက်ကို ပို့ပေးလိုက်တယ်လို့ ရှင် တကယ်ပဲ ယုံကြည်နေ သလား"

ပက်က အက်ဘီဂေးလ်ကို မေးသည်။ ပြီးတော့ ထိုင်နေသူများ၏ မျက်နှာ များကို တစ်ယောက်ချင်း လိုက်ကြည့်သည်။

"လူသာ… ကျွန်မတို့ ဇာတ်ညွှန်းကို ဆီနီတ်တာ မြင်ပြီးပြီလား"

"မြင်ပြီးပြီ"

"နောက်တစ်မျိုး ရေးသားထားတဲ့ ဇာတ်ညွှန်းရော…"

"အဲဒါကို မေ့ထားလိုက်ပါ"

"နောက်တစ်မျိုး ဆိုတာ ဘာလဲ"

ဖီးလစ်က လှမ်းမေးသည်။

"အဲဒီဇာတ်ညွှန်းကိုသာ သုံးပေးပါလို့ လူသာကို ကျွန်မ တောင်းပန်နေတဲ့ ဇာတ်ညွှန်းတစ်ခုကို ပြောတာ၊ အဲဒီဇာတ်ညွှန်းထဲမှာ အက်ပယ်လ်ဂျန်းရှင်း မယ် ရွေးပွဲ မပါဘူး၊ ဒီဓာတ်ပုံလည်း မပါဘူး၊ ဆီနီတ်တာ… ရှင့်စိတ်ကူးနဲ့ ရှင်ကတော့ မှန်နေပါတယ်၊ နောက်ပြီးတော့ ကျွန်မနဲ့ ပတ်သက်ပြီး ရှင် ပြောတာလည်း မှန်ပါ တယ်၊ ဒီတင်ဆက်မှုကို ကျွန်မနည်းနဲ့ ကျွန်မ တင်ဆက်ချင်တယ်၊ ဒါပေမဲ့ ကျွန်မ မှာ အကောင်းဆုံး အကြောင်းပြချက် ရှိတယ်၊ ရှင့်ကို ကျွန်မ အရမ်းအထင်ကြီးခဲ့ တယ်၊ ရှင့်ဆီကို ကျွန်မ စာရေးတဲ့ အချိန်တုန်းက ရှင်ဟာ ဒုတိယသမ္မတ ဖြစ် ဖို့ အခွင့်အလမ်း မပေါ်သေးဘူး၊ ကျွန်မ ထင်တာက ရှင်ဟာ နောင်နှစ်မှာ ရွေးချယ်တော့မယ့် သမ္မတလောင်း ပြိုင်ပွဲမှာ ဝင်ပြိုင်လိမ့်မယ်လို့သာ တွက်ဆ ထားခဲ့တယ်"

ပက်က အသက်ရှူဖို့ ခဏ စကားဖြတ်သည်။ ပြီးတော့ တက်သုတ်နှင် ပြီး တအား ဆက်ပြောပြန်သည်။

"ရှင့်ဆီကို ကျွန်မ ပထမဆုံး ရေးပို့တဲ့စာကို ရှင် ပြန်ရှာပြီး ဖတ်ကြည့် စေချင်တယ်၊ ကျွန်မ စိတ်ထဲမှာ ဘာရှိခဲ့တယ် ဆိုတာ ရှင် ပြန်မြင်ရပါလိမ့်မယ်၊ ရှင့်ကို အမေရိကန် ပြည်သူတွေက ေသွးအေးတယ်၊ စိတ်ထိန်းနိုင်တယ်လို့ မြင်ထား ကြတယ်၊ သူတို့ရဲ့ အဲဒီလိုထင်မြင်ချက်နဲ့ ပတ်သက်လာရင် အခု ဓာတ်ပုံဟာ အကောင်းဆုံး ဥပမာတစ်ခုပဲ၊ ဒါပေမဲ့ ရှင်ဟာ ဒီဓာတ်ပုံနဲ့ ပတ်သက်ပြီး အရှုံး ပေါ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဓာတ်ပုံထဲက ရှင့်အမေရဲ့ မျက်နှာအမူအရာကို သေသေချာချာ ပြန်ကြည့်စမ်းပါ၊ ရှင် မယ်တွေ့ရတဲ့အတွက် ရှင့်အမေက အရမ်းဂုဏ်ယူနေတယ်၊ အရမ်း ဝမ်းသာနေတယ်၊ နောက်ပြီးတော့ ရှင့်အမေဟာ အရမ်းဝတယ်၊ အဲဒီလို ဝတဲ့အတွက် ရှင် စိတ်အနှောင့်အယှက် ဖြစ်နေတာလား၊ သန်းပေါင်းများစွာသော လူတွေဟာ ဝကြတာပဲ၊ ရှင်တို့အမေ ခေတ်တုန်းကဆိုရင် အသက်ကြီးလာသူတိုင်းလိုလို ဝကြ တာပဲ၊ ဒီလို ဝလို့ ဘာများ စိတ်အနှောင့်အယှက်ဖြစ်စရာ အကြောင်း ရှိသလဲ

"ကျွန်မသာ ရှင့်နေရာမှာဆိုရင် အခုလို ရှင့်ရဲ့ နောက်ကြောင်းတွေကို လိုက်စုံစမ်းနေတဲ့အတွက် ဝမ်းတောင်သာဦးမယ်၊ ဘာကြောင့် မယ်ပြိုင်ပွဲ ဝင်သလဲ တကယ်လို့ အနိုင်ရခဲ့ရင် အမေ ဂုဏ်ယူစေချင်လို့၊ အမေ စိတ်ချမ်းသာစေချင်လို့ ဝင်တယ်ပေါ့၊ ကိုယ့်သမီးလေး မယ်ရွေးပွဲမှာ အနိုင်ရတာကို ဝမ်းမသာဘူးဆိုတဲ့ အမေ ကမ္ဘာလောကကြီးမှာ မရှိနိုင်ပါဘူး။

"ကျွန်မ ပြင်ဆင်ထားတဲ့ ဇာတ်ညွှန်းကို လူသာက ရှင့်ကို ပြကောင်း ပြပါလိမ့်မယ်၊ ဒါပေမဲ့ ရှင့်ကို ကျွန်မ တစ်ခုတော့ ပြောလိုက်မယ်၊ တကယ်လို့ ရှင်ဟာ ဒုတိယသမ္မတအဖြစ် အခန့်မခံရဘူး ဆိုရင် သတင်းစာထဲမှာ ဒီဓာတ်ပုံ ပါလာတာကြောင့် မဖြစ်နိုင်ဘူး၊ ရှင့်ရဲ့ နောက်ကြောင်းတွေ မပေါ်အောင် အထက်က ဖုံးဖိထားတဲ့ အကြောင်းကြောင့်သာ ဖြစ်ရမယ်"

ပက်က စကား ခဏဖြတ်သည်။

"ကျွန်မကို အိမ်ပြန်ပို့ပေးဖို့ ဒရိုင်ဘာကို ပြောပြီး ခေါ်သွားမယ်"

ထိုသို့ ပြောပြီး သူ့မျက်လုံးများ အရောင် တဖိတ်ဖိတ် တောက်လာသည်။ လူသာဘက်သို့ လှည့်လိုက်သည်။

"မနက်ကျရင် ကျွန်မကို ဖုန်းဆက်ပါ။ ဒီအစီအစဉ် တင်ဆက်ချင်သေးရင် ရှင် ဆန္ဒရှိသေးတယ်၊ မရှိတော့ဘူးဆိုတာ ကျွန်မကို ပြောပါ"

ထို့နောက် အက်ဘီဂေးလ်ကို လှည့်နှုတ်ဆက်သည်။

"ဂွဒ်နိုက်… ဆီနိတ်တာ"

သူ အိမ်ပြန်ဖို့ တစ်ဖက်သို့ လှည့်လိုက်သည်။ သို့သော်လည်း လူသာ၏ အသံက သူ့ခြေလှမ်းများကို ရပ်တန့်သွားစေသည်။

"တိုဘီ… အဲဒီကုလားထိုင်ပေါ်မှာ ကျောက်ချပြီး ထိုင်မနေစမ်းပါနဲ့ ကော်ဖီ သွားဖျော်ချေ၊ ပက်… ပြန်ထိုင်ပါဦး၊ ဒီကိစ္စတွေ ပြေလည်သွားအောင် ကျုပ်တို့ ရှင်းလိုက်ကြရအောင်"

ပက် အိမ်သို့ ပြန်ရောက်တော့ သန်းခေါင်ကျော် ၁ နာရီခွဲချေပြီ။ ညဝတ်အင်္ကျီ လဲသည်။ လက်ဖက်ရည် ဖျော်သည်။ လက်ဖက်ရည်ကို ဧည့်ခန်းထဲသို့ ယူလာပြီး ဆိုဖာတစ်လုံးပေါ်မှာ ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခရစ္စမတ်သစ်ပင်ကလေးကို ငေးကြည့်နေသည်။ တစ်နေ့တာ ကြုံခဲ့ရသည်များကို ပြန်ပြောင်းစဉ်းစားကြည့်နေသည်။

ကက်သရင်းဂရာနေ ပြောလိုက်သည့် စကားကို လက်ခံရမည်ဆိုလျှင် အက်ဘီဂေးလ်နှင့် ဝေးလတ်ဂျင်းနင်းတို့ တစ်ယောက်ကို တစ်ယောက် အလွန်ချစ်ပြီး အလွန်သံယောဇဉ်ကြီးကြသည် ဆိုခြင်းမှာ လိမ်ညာပြောဆိုခြင်းများသာ ဖြစ်ရပေလိမ့်မည်။

သံအမတ်ကြီး၏ ညစာစားပွဲတွင် ကြားခဲ့သော စကားကို လက်ခံလိုက်ရမည် ဆိုလျှင် သူ့အမေသည် စိတ်မမှန်သော အရူးတစ်ယောက်သာ ဖြစ်သည်ဟု ယုံကြည်လိုက်ရပေတော့မည်။

ဆီနီတ်တာ အက်ဘီဂေးလ်ဂျင်းနင်း ပြောသည့် စကားများကို လက်ခံရမည်ဆိုလျှင် ဂျရယ်မီဆောင်းဒါးစ်သည် အက်ဘီဂေးလ်ကို သက်သက်သွားပုပ်ချသလွှင့် ပြောနေခြင်း ဖြစ်ကြောင်း ယုံကြည်ရပေတော့မည်။

နေရှင်နယ်မီရာ ဂျာနယ်တိုက်သို့ အက်ဘီဂေးလ်၏ ဓာတ်ပုံ ပို့လိုက်သူမှာ ဂျရယ်မီဆောင်းဒါးစ်သာ ဖြစ်ရပေမည်။ ဆောင်းဒါးစ်သည် ထိုသို့ ပြုလုပ်မည့် လူစားမျိုးလည်း ဖြစ်လေသည်။

လက်ကျန် လက်ဖက်ရည်ကို မော့ချလိုက်ပြီး ထိုင်ရာမှ ထသည်။ ဘာမှ ဆက်စဉ်းစားနေစရာ အကြောင်းမရှိတော့။

ခရစ္စမတ် သစ်ပင်ကလေးဆီသို့ လျှောက်သွားသည်။ သစ်ပင်တွင် ချိတ်ဆွဲထားသည့် ရောင်စုံမီးကလေးများကို ပိတ်ဖို့ မီးခလုတ်ဆီသို့ လက်လှမ်းလိုက်သည်။

သူ လက်တွန့်သွားသည်။

လိုင်လာနှင့် သူ ရှယ်ရီအရက် သောက်နေစဉ်တုန်းက ခရစ္စမတ်သစ်ပင်မှာ အလှဆင်ထားသည့် ပစ္စည်းကလေးတစ်ခု ကြမ်းပြင်ပေါ်သို့ ပြုတ်ကျနေသည်ကို သတိထားခဲ့မိသည်ဟု ထင်သည်။ ယခု မတွေ့တော့။

ငါ့ အထင်မှားတာ ဖြစ်မှာပါလေဟု တွေးလိုက်သည်။

ပခုံးနှစ်ဖက်ကို တွန့်ပြီး အိပ်ရာဝင်ခဲ့လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၂ ]

ခရစ္စမတ်ပွဲတော်နေ့ မနက် ၉ နာရီခွဲတွင် တိုဘီသည် အက်ဘီဂေးလ်ဂျင်း မီးဖိုထဲတွင် ရပ်နေပြီး ကော်ဖီဆူအောင် စောင့်နေသည်။ အက်ဘီ ရောက် ကော်ဖီဆူပြီး တစ်ခွက်လောက် သောက်လိုက်ရလျှင် ကောင်းမည်ဟု သူ စိ နေသည်။

ကလေးဘဝကတည်းက အက်ဘီအကြောင်းကို သူ သေသေ သိခဲ့သည်။ သို့သော်လည်း အက်ဘီ၏ စိတ်နေစိတ်ထား မည်သို့ ရှိကြောင်း တစ်ခါတော့ သူ ဘယ်လိုမှ မခန့်မှန်းတတ်တော့ချေ။

မနေ့ညတုန်းကတော့ အခြေအနေတွေ အားလုံး ရှုပ်ထွေးကုန်သ

သူတို့ တစ်သက်တွင် အက်ဘီ အရမ်းစိတ်လှုပ်ရှားပြီး ချောက်ချော ချား ဖြစ်တာမျိုး နှစ်ကြိမ်သာ ကြုံခဲ့ဖူးသည်။

သို့သော်လည်း ထိုနှစ်ကြိမ်အကြောင်းကို သူ ပြန်မစဉ်းစား ကြိုးစားပြီး မေ့ပျောက်ထားခဲ့လေသည်။

ပက်ထရေးမိုး ပြန်သွားပြီးနောက် အက်ဘီရယ်၊ ပယ်လ်ဟ ဖီးလစ်ရယ် ဆက်ထိုင်ပြီး ဘာလုပ်ရမည်ကို ဆွေးနွေးတိုင်ပင်ကြ

ထိုသို့ တိုင်ပင်ဆွေးနွေးကြရာတွင် အက်ဘီက ပယ်လ်ဟမ်းကို ရန်တွေ့သည်။ ပက်ထရေးမိုးသည် ကာလဲယာလောရင့်စ် ဒုတိယသမ္မတ ဖြ လုပ်နေသည်။ ပယ်လ်ဟမ်းလည်း အတူတူ ဖြစ်သည်ဟု စွပ်စွဲသည်။

www.burmeseclassic.com

www.burmeseclassic.com



အက်ဘီ အတော်လွန်သွားကြောင်း တိုဘီ သိသည်။ သို့သော်လည်း ပယ်လ်ဟမ်းက စိတ်ရှည်လက်ရှည်ဖြင့် သည်းခံနေသည်ကို တွေ့ရလေသည်။ ထိုအဖြစ်ကြောင့် တိုဘီမှာ အံ့ဩမဆုံးနိုင်အောင် ဖြစ်ရသည်။

နောက်ဆုံးတွင်မှ ဖီးက ဝင်အဖြေပေးရသည်။

"ကျွန်တော်တို့ တိုင်းပြည်မှာ ရှိတဲ့ ရုပ်မြင်သံကြား တင်ဆက်သူတွေထဲမှာတော့ ပယ်လ်ဟမ်းသာ အကောင်းဆုံးနဲ့ အကြီးကျယ်ဆုံး ပုဂ္ဂိုလ်ပဲ၊ သူ့မှာ ထိုးသတ် သန်းပေါင်းများစွာ ရှိတယ်၊ ဒါပေမဲ့ သူ့အသက် ၆၀ ရှိပြီ၊ ဒီလို တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှား လုပ်ရတာကိုလည်း သူ ငြီးငွေ့ပုံရပြီ၊ ဒါကြောင့် အက်ဒွပ်ဆရီး လမ်းစဉ်ကိုပဲ သူ လိုက်ချင်ပုံရတယ်၊ မာရီးဟာ နောက်ဆုံးမှာ အမေရိကန် သတင်းပြန်ကြားရေး ဌာနကြီးရဲ့ အကြီးအကဲအဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရတယ် မဟုတ်လား၊ အဲဒီရာထူးရဲ့ အရသာကို ပယ်လ်ဟမ်း မှန်းဆမိနိုင်ပုံရတယ်၊ အဲဒီရာထူးကို သူ ရည်မှန်းပုံရတယ်၊ အပြိုင်အဆိုင် သိပ်မလုပ်ရတော့ပေမယ့် ဂုဏ်သိက္ခာ အရှိန်းကြီးမြင့်တဲ့ ရာထူး၊ ဒါကြောင့် ဆီနိတ်တာကို ဒုတိယသမ္မတဖြစ်ရင် အဲဒီရာထူးမှာ သူ့ကို ခန့်၊ အဲဒီလို အပေးအယူ သဘောမျိုး သူ့မှာ ရှိတယ်၊ ဒါကြောင့် ဆီနိတ်တာရဲ့ အအော်အငေါက်ကို သူ သည်းခံနေတာသာ ဖြစ်ပါတယ်"

ပယ်လ်ဟမ်း ပြောပြသည်ကိုလည်း တိုဘီအနေဖြင့် လက်ခံရမည်သာ ဖြစ်သည်။ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ ထိခိုက်နစ်နာစေနိုင်သည့် အဖြစ်အပျက်ကို ပြုလုပ်ပြီးသွားချေပြီ။

သူတို့ တင်ဆက်မည့် ရုပ်မြင်သံကြား အစီအစဉ်တွင် အက်ပယ်လ်ဂျုန်းရှင်းမြို့ မယ်ရွေးပွဲအကြောင်း မပါလျှင် ထိုတင်ဆက်မှုသည် ဘာမှ မပြည့်စုံသည့်၊ မပီပြင်သည့် အစီအစဉ် တစ်ခုသာ ဖြစ်ပေတော့မည်။

"နေရှင်နယ်မီရာဂျာနယ် မျက်နှာဖုံးမှာ ခင်ဗျား ဓာတ်ပုံကြီး ပါသွားပြီဆိုတာကို ခင်ဗျား ဘယ်လိုနည်းနဲ့မှ မသိချင်ယောင်ဆောင်လို့ မရတော့ဘူး"

ပယ်လ်ဟမ်းက အက်ဘီကို ဖိဖိစီးစီး ပြောနေသည်။

"ဒီဂျာနယ်ကို လူ လေးသန်း ဖတ်တယ်၊ အဲဒီ လေးသန်းက နောက်ထပ် လူပေါင်း ဘယ်လောက်များများကို လက်ဆင့်ကမ်းလိုက်သေးတယ် ဆိုတာ ဘုရားသခင် ကလွဲပြီး ဘယ်သူမှ မသိနိုင်ဘူး၊ ဒီဓာတ်ပုံကို တခြား သတင်းစာတွေကလည်း ထပ်ဆင့်ကူးယူပြီး ဖော်ပြကြဦးမယ်၊ အဲဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြည်သူတွေကို ခင်ဗျား ဘာပြောမလဲ ဆိုတာကိုသာ ဆုံးဖြတ်ရတော့မယ်"

အက်ဘီကတော့ စိတ်ဆိုးမပြေသေး။

"သူတို့ကို ဘာပြောရမှာလဲ··· သူတို့ကို မှန်တဲ့အတိုင်း ပြောပြလိုက်ရုံပေါ့၊ ကျွန်မ အဖေဟာ ဆန်ကုန်မြေလေးကြီး၊ သူ့တစ်သက်မှာ သူ လုပ်သွားတဲ့ အမှန်ကန်ဆုံး လုပ်ရပ်ဟာ ကျွန်မ ၆ နှစ်သမီးအရွယ်မှာ သေပေးသွားတာ တစ်ခုပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လို့ ပြောရမှာပေါ့၊ ကျွန်မ အမေဟာလည်း သူများအိမ်မှာ ထမင်းချက်ရတဲ့ အိမ်ဖော်တစ်ယောက်သာ ဖြစ်ပြီး ကျွန်မနဲ့ ပတ်သက်တဲ့ အမြင့်မားဆုံး ရည်မှန်းချက်ကလည်း အက်ပယ်လ်ဂျုန်းရှင်းမြို့ မယ်နဲ့ အကောင်းဆုံး ထမင်းချက်တစ်ယောက် ဖြစ်လာရေးပဲ ဆိုတာကို ပြောရမှာပေါ့၊ အမေရိကန်ပြည်ထောင်စုကြီးရဲ့ ဒုတိယ သမ္မတ တစ်ယောက်ရဲ့ နောက်ကြောင်းရာဇဝင်ဟာ ဒီလိုပဲ ရှိနေသင့်တယ် မဟုတ်ဘူးလား၊ ဒါမှပဲ သူတို့ ကျေနပ်ကြတော့မှာ မဟုတ်လား"

အက်ဘီဂေးလ်၏ ပါးပြင်ပေါ်တွင် မျက်ရည်များ ရွှဲနေသည်။ အက်ဘီဂေး သည် ငိုတတ်သော၊ မျက်ရည်လွယ်တတ်သော အမျိုးသမီးတစ်ယောက် မဟုတ် သူ မျက်ရည်ကျသည်ကို တိုဘီ သုံး လေးကြိမ်လောက်ပဲ မြင်ဖူးသေးသည်။

မနေသာတော့သည့် အဆုံးတွင် တိုဘီက ဝင်ပြောရတော့သည်။

"အက်ဘီ… ကျွန်တော် ပြောတာ နားထောင်ပါ၊ ခင်ဗျားဟာ ဖရင်း ဖော်စတာရဲ့ ဓာတ်ပုံကြီးနဲ့ အတူတူ တွဲလျက်ပါနေပြီ။ ဒီတော့ ပက်ထရေး ပြောသလို ဆက်ပြီး အလိုက်သင့် လှုပ်ရှားရုံပဲ ရှိတော့တယ်"

တိုဘီ၏ စကားကို ကြားတော့ အက်ဘီ အတော်ကြီး တည်ငြိမ်သွားသည် သူ့ကို အက်ဘီ ယုံကြည်သည်လေ။

ထိုအကြောင်းများကို ပြန်စဉ်းစားနေခိုက် အက်ဘီ၏ ခြေသံများ တိုဘီ ကြားလိုက်ရလေသည်။ သူ ဘယ်လို အဝတ်အစား ဝတ်ဆင်လာသည် ဆိုသည်ကို တိုဘီ အရမ်းသိချင်နေသည်။

ဘုရားရှိခိုးကျောင်းတွင် ခရစ္စမတ် ဝတ်ပြုပွဲသို့ တက်သင့်ကြောင်း ပယ်လ်ဟမ်းက ပြောသည်။ ပြီးတော့ ဓာတ်ပုံစားမည့် အဝတ်အစားကို ဝတ်ဆင် ကြောင်းလည်း အကြံပေးသည်။

သို့သော်လည်း သိပ်ကြီးအဖိုးတန်သည့် အဝတ်အစား မဖြစ်ဖို့တော့ သတိပေးသွားလေသည်။

"ကတိုးသားရေအင်္ကျီကိုတော့ အိမ်မှာပဲ ထားခဲ့ပါဗျာ"

ဟုလည်း ပယ်လ်ဟမ်းက ပြောသည်။

"ဂွတ်မောနင်း… တိုဘီ၊ မဲရီး ခရစ္စမတ်"

အက်ဘီဂေးလ်က စတင် နှုတ်ဆက်သည်။ လေသံက ငေါ့တော့ ဖြစ်သည်။ သို့သော်လည်း သူ ထိန်းထားသည်။ နောက်လှည့်မကြည့်ခင်ကတည်းက အက်ဘီဂေးလ် တည်ငြိမ်မှုရနေပြီ ဖြစ်ကြောင်း တိုဘီက သိပြီး ဖြစ်ပါသည်။

"မဲရီး ခရစ္စမတ် ဆီနိတ်တာ"

တိုဘီက လှည့်မကြည့်ဘဲ ပြောသည်။ ပြီးတော့မှ နောက်ဘက်သို့ လှည့် လိုက်သည်။

"ဟာ… ခင်ဗျား လှလိုက်တာဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အက်ဘီဂေးလ်သည် ရိုးရိုးအဝတ်အစားကို ရိုးရိုးကလေး ဝတ်ဆင်ထားသည်။ တကယ်ကို ကြည့်ကောင်းလှပါသည်။

အက်ဘီဂေးလ်သည် ရိုးရိုးအဝတ်အစားကို ရိုးရိုးကလေး ဝတ်ဆင်ထားသည်။ တကယ်ကို ကြည့်ကောင်းလှပါသည်။

အက်ဘီက သူ့အတွက် ပြင်ဆင်ထားသော ကော်ဖီပန်းကန်ကို ကောက်ယူလိုက်သည်။

"ဒီလိုပဲ ဖြစ်ကြရမှာ မဟုတ်လား တိုဘီ"

"ဟုတ်ပါတယ်၊ ဒီလိုပဲ ဖြစ်ကြရမှာပါ ဆီနိုတ်တာ"

ဘုရားရှိခိုးကျောင်း အပြင်ဘက်တွင် အုပ်စုကြီး ဖွဲ့ပြီး သူတို့ စောင့်ဆိုင်းနေကြလေသည်။

တံခါးဖွင့်ပြီး ကားပေါ်မှ အက်ဘီဂေးလ် ဆင်းသည်နှင့် တစ်ပြိုင်တည်း ရှပ်မြင်သံကြား သတင်းထောက် တစ်ယောက်က မိုက်ကရိုဖုန်းကို ရှေ့သို့ ထိုးပေးလိုက်သည်။

"မဲရီး ခရစ္စမတ် ဆီနိုတ်တာ"

"မဲရီး ခရစ္စမတ် ဘော့ပ်"

အက်ဘီ တော်သည်မှာ ဒါမျိုးတွေ ဖြစ်သည်။ တိုဘီက ကောင်းကောင်းကြီး သတိထားလိုက်မိသည်။ သတင်းထောက် အားလုံးကို နာမည်နှင့်တကွ သိအောင် သူ ကြိုးစားထားသည်။

နာမည်ကြီးသည် ဖြစ်စေ၊ လူမသိသော သတင်းထောက် ဖြစ်စေ အက်ဘီကတော့ နာမည် ခေါ်ပြီး ရင်းရင်းနှီးနှီး ပြန်လည် နှုတ်ဆက်နိုင်စွမ်း ရှိသော အမျိုးသမီး ဖြစ်သည်။

"ဆီနိုတ်တာ… အခု ခဏနေရင် ခင်ဗျားဟာ ဘုရားရှိခိုးကျောင်းထဲမှာ ဝတ်ပြု ဆုတောင်းတော့မှာပါ၊ ထူးထူးခြားခြား ဆုတောင်းစရာများ ရှိနေပါသလား ခင်ဗျာ"

အက်ဘီက အတော်ကလေး ကြာအောင် တုံ့ဆိုင်းဆိုင်း လုပ်နေလိုက်သည်။ ပြီးတော့မှ သူ ဖြေသည်။

"ဘော့ပ်… ကျွန်မတို့ အားလုံးဟာ ကမ္ဘာငြိမ်းချမ်းရေးအတွက် ဆုတောင်းကြရမှာပဲ မဟုတ်လား၊ နောက်ပြီးတော့ ဝေဒနာခံစားနေရသူတွေ အတွက်လည်း ဆုတောင်းပေးကြရမယ်လေ၊ အခုလို ခရစ္စမတ်ပွဲတော် အချိန်အခါမှာ လူသားတိုင်း စားကောင်းသောက်ဖွယ်များကို ဝဝလင်လင် စားသောက်နေကြရတယ် ဆိုတာကို သိရမယ်ဆိုရင် ဝမ်းသာစရာ မကောင်းပေဘူးလား"

www.burmeseclassic.com



အက်ဘီက ပြုံးသည်။ ပြီးတော့ ဘုရားရှိခိုးကျောင်းအတွင်းသို့ ဝင်သည့် လူအုပ်ကြီးနှင့် ရောနှောကာ သူလည်း ဘုရားရှိခိုးကျောင်းဝင်းအတွင်းသို့ လိုက်ပါသွားလေတော့သည်။

တိုဘီက ကားရှိရာသို့ ပြန်လာသည်။ မလွယ်ပါလားဟု သူ တွေးသည်။

ထိုင်ခုံအောက်က မြင်းပွဲအစီအစဉ်နှင့် မြင်းတစ် စာအုပ်ကို သူ ဆွဲထုတ်လိုက်သည်။ မြင်းတစ်များကို ကြည့်သည်။

ယခုနောက်ပိုင်း မြင်းလောင်းရာတွင် သူ ကံမလိုက်လှ။ သူ့ ကံဇာတာသည် အကောင်းဘက်သို့ ပြောင်းချိန်တန်ပါပြီ။

ဝတ်ပြု ဆုတောင်းပွဲသည် ၁ နာရီနှင့် ၁၅ မိနစ် ကြာမြင့်သည်။ ဆီနိုတ်တာ ထွက်လာသည့်အခါ အခြား သတင်းထောက် တစ်ယောက်က အဆင်သင့် စောင့်နေပြန်ပါသည်။

သည်တစ်ယောက်ကတော့ အတော်ကလေး ခက်ခဲသည့် မေးခွန်းကို မေးလာလေတော့သည်။

"ဆီနိုတ်တာ··· နောက်ဆုံးထုတ် နေရှင်နယ်မီရာ မျက်နှာဖုံးကို မြင်ပြီးပါပြီလား ခင်ဗျာ"

တိုဘီက ကားတစ်ဖက်ခြမ်းသို့ ကွေ့သွားပြီး အက်ဘီအတွက် ကားတံခါးဖွင့်ပေးရန် အသင့်ပြင်လိုက်သည်။

ထိုအချိန်မှာပင် ထိုမေးခွန်းကို ကြားလိုက်ရသောကြောင့် သူ အသက်မရှူဝံ့ဘဲ အောင့်ထားသည်။ အက်ဘီဂေးလ် မည်သို့ ကိုင်တွယ်ဖြေရှင်းသွားမည်ကို ရင်တထိတ်ထိတ်ဖြင့် စောင့်နားထောင်နေမိသည်။

အက်ဘီက ပြုံးသည်။ လှိုက်လှဲသော၊ နွေးထွေးသော၊ ရင်းနှီးသော ကြည်နူးသော အပြုံးမျိုး ဖြစ်ပါသည်။

"ဟုတ်ကဲ့··· မြင်ပြီးပြီပေါ့ ရှင်"

"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လို သဘောရပါသလဲ ဆီနိုတ်တာ"

အက်ဘီက အားပါးတရ ရယ်သည်။

"ကျွန်မ အံ့အားသင့်သွားတယ်၊ မှန်တဲ့အတိုင်း ပြောရမယ် ဆိုရင်တော့ ကျွန်မအကြောင်း ပါလေ့ပါထရှိတာက ကွန်ဂရက်ရှင်နယ်ရီကော့ သတင်းမဟုတ်လား၊ နေရှင်နယ်မီရာမှာက သိပ်ပါတတ်တာ မဟုတ်ဘူး"

"အဲဒီဓာတ်ပုံကြောင့် ခင်ဗျား စိတ်ချောက်ချားသွားတာတို့၊ ဒေါသပေါက်ကွဲသွားတာတို့များ ဖြစ်မိသေးသလား ဆီနိုတ်တာ"

"မဟုတ်တာရှင်၊ လုံးဝမဖြစ်ပါဘူး၊ ဘာကြောင့် ဖြစ်ရမှာလဲ၊ အခု

www.burmeseclassic.com



အခါကြီး ရက်ကြီးတွေမှာ ကျွန်မတို့တွေဟာ ကွယ်လွန်သွားကြပြီဖြစ်တဲ့ ကိုယ်နဲ့ ရင်းနှီးချစ်ခင်သူတွေကို အောက်မေ့ လွမ်းဆွတ်တတ်ကြစမြဲ မဟုတ်လား၊ ဒီလို အခါမျိုးမှာ ကျွန်မ သိပ်ချစ်တဲ့ အမေနဲ့ ကျွန်မပုံကို ထည့်ပေးတာ ဝမ်းသာစရာကြီး ပေါ့၊ နောက်ပြီးတော့ မယ်ပြိုင်ပွဲမှာ ကျွန်မ အနိုင်ရတော့ ကျွန်မ အမေ ဘယ်လောက် ပျော်သွားတယ် ဆိုတာကိုပါ ကျွန်မ ပြန်သတိရနေမိတယ်၊ အဲဒီပြိုင်ပွဲကို ဝင်ရတာ ဟာလည်း မေမေ စိတ်ချမ်းသာအောင်လို့ပါ၊ ကျွန်မ အမေက မုဆိုးမ၊ သိတယ် မဟုတ်လား၊ ကျွန်မ လူလားမြောက်အောင် သူတစ်ယောက်တည်း ရုန်းကန်ပြီး စောင့်ရှောက်ကျွေးမွေးခဲ့ရတာ၊ ကျွန်မတို့ သားအမိချင်း အရမ်းကို… အရမ်းကို ချစ်ကြတာပါရှင်”

ယခုမှ သူ့မျက်လုံးများ မျက်ရည်ဝိုင်းလာသည်။ နှုတ်ခမ်းများ တဆတ်ဆတ် တုန်လာသည်။ ခါးကို ဆတ်ခနဲ ချိုးပြီး ကားထဲသို့ သူ ကမန်းကတန်း ဝင်လိုက်သည်။

တိုဘီကလည်း ကားတံခါးကို ချက်ချင်း ပိတ်လိုက်သည်။ ဘုရားရှိခိုး ကျောင်းတွင် ဘုရား သွားဝတ်ပြုပြီးနောက် ပက် အိမ်ပြန်ရောက်လာတော့ ဖုန်းဖြေစက် မှ အချက်ပြမီး လင်းနေသည်ကို တွေ့ရသည်။

ထို့ကြောင့် တိပ်ကို နောက်ပြန်ရစ်သည်။ ဆုံးသွားတော့ ဖွင့်ကြည့်သည်။ ပထမဆုံး ဖုန်းခေါ်သူ သုံးဦးကတော့ ဘာမှ မပြောမသွား။

သူတို့ ပြီးသွားတော့ ဆမ်၏ စူးရှရှအသံကို ကြားရသည်။

“ပက်… မင်းနဲ့ ဖုန်းအဆက်အသွယ် ရဖို့ ကိုယ် ကြိုးစားနေတာ၊ အခုပဲ ဝါရှင်တန်ကို ထွက်မယ့် လေယာဉ်ပျံပေါ်ကို ကိုယ် တက်တော့မလို့၊ ဒီနေ့ည အက်ဘီဂေးလ်ရဲ့ ညစာ စားပွဲမှာ မင်းနဲ့ တွေ့ကြမယ်နော်”

ဒီလို ပြန်လာတာ ချစ်စရာကောင်းလိုက်တာကွယ်ဟု ပက်က တွေးသည်။ ဆမ်သည် စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များတွင် သူ့သမီး မိသားစုနှင့် ပမ်းစပရိန်း မှာ အတူနေဖို့ စီစဉ်ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ယခုတော့ အူယားဖားယား အိမ်ပြန်ပြေးလာနေပြီ။

အက်ဘီဂေးလ်က သူ့ကို ပြန်ခေါ်တာ ဖြစ်ဖို့ သေချာသည်။ သူ၏ ခရစ္စမတ်ပွဲတော် အထိမ်းအမှတ် ညစာ စားပွဲတွင် သူနှင့် အရင်းနှီးဆုံးလူများ သူနှင့်အတူ ရှိနေစေချင်သည်။

ဆမ်နှင့် အက်ဘီဂေးလ်ကြားမှာ တစ်ခုခုတော့ ရှိနေသည်။ အက်ဘီဂေးလ် က ဆမ်ထက် အသက် ၈ နှစ် ပိုကြီးသည်။ သို့သော်လည်း အက်ဘီဂေးလ်က အရွယ်တင်သောကြောင့် ဒါလောက် ကွာသည်ဟု မထင်ရ။

မည်သို့ဆိုစေ ကိုယ့်ထက် အသက်ပိုကြီးသည့် မိန်းမများနှင့် လက်ထပ် သည့် ယောက်ျားလည်း အများအပြား ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသာပယ်လ်ဟာမ်းလည်း ဖုန်းဆက်သည်။

"ဒုတိယ ဇာတ်ညွှန်းကို အကောင်အထည်ဖော်ဖို့ ဆက်လုပ်ပါ၊ ညနေ ၄ နာရီတိတိ ဆီနိတ်တာရဲ့ ညစာ စားပွဲကို အရောက်လာပါ၊ သတင်းထောက်တွေက မင်းကို နေရှင်နယ်မီရာဂျာနယ် အကြောင်း မေးရင် မတွေ့ရသေးဘူးလို့ ပြန်ဖြေပါ"

နောက်ထပ် ပေါ်လာသည့် အသံကတော့ ပျော့ပျောင်းနူးညံ့ပြီး တစ်စုံတစ်ရာသော ဒုက္ခနှင့် ကြုံတွေ့နေရသည့် အသံမျိုး ဖြစ်လေသည်။

"မစ္စထရေးမိုး… အား… ပက်… ငါ့ကိုတော့ မင်း မှတ်မိမှာ မဟုတ်ဘူး (နားထားသည်) ဟုတ်ပါတယ်လေ… မင်းက လူတွေအများကြီးနဲ့ တွေ့နေရတာ မဟုတ်လား (နားထားသည်) ငါ မြန်မြန်ပြောမှ ဖြစ်မယ်၊ အခု စကားပြောနေတာ မာဂရက်လန်ဂလေပါ၊ ကျောင်းအုပ်ဆရာမကြီးလေ… အငြိမ်းစားကျောင်းအုပ်ဆရာမကြီးလေ… ဟုတ်ပါတယ်၊ အက်ပယ်လ်ဂျန်းရှင်း အထက်တန်းကျောင်းက"

သတင်းစကား ပြောခွင့်ပြုသည့် အချိန်ကုန်ဆုံးသွားသောကြောင့် ပြတ်သွားသည်။

ဆန့်တင့်ငင့် ဖြစ်သွားသဖြင့် ပက်မှာ အားမလိုအားမရနှင့် နှုတ်ခမ်းကို ကိုက်လိုက်မိလေသည်။

သို့သော်လည်း မစ္စလန်ဂလေက ဖုန်းပြန်ဆက်ရှာပါသည်။ သည်တစ်ကြိမ်မှာတော့ စကားကို သူ ခပ်မြန်မြန် ပြောသည်။

"ဆက်နှပြောပါရစေဦး၊ ငါ့ကို ဖုန်းနံပါတ် ၅၀၈/၅၅၅-၂၄၆၀ ကို ပြန်ဆက်ပါနော်"

ထို့နောက် အသက်ရှူသံ ခပ်ပြင်းပြင်းများကို ကြားနေရသည်။ ပြီးတော့ ငိုသံပါကြီးနှင့် ပြောချလိုက်လေသည်။

"မစ္စထရေးမိုး… ဒီနေ့ပဲ အယ်လီနာက ငါ့ဆီကို ဖုန်းဆက်တယ်"

ပက်က သူ ပြောသည့် နံပါတ်အတိုင်း ချက်ချင်း ကောက်ဆက်သည်။ ခေါင်းလောင်းသံ တစ်ချက် မြည်ရုံဖြင့် တစ်ဖက်မှ ဖုန်းကို ကောက်ကိုင်သည်။

ပက်က သူ မည်သူမည်ဝါ ဖြစ်ကြောင်း ပြောပြသည်။ သို့သော်လည်း မစ္စလန်ဂလေက သူ ပြောသည်ကို ဆုံးအောင် နားထောင်မနေတော့ဘဲ ဖြတ်ပြောသည်။

"မစ္စထရေးမိုး… နှစ်ပေါင်းများစွာ ကြာအောင် ပျောက်နေတဲ့ အယ်လီနာရဲ့ အသံကို ကြားရပြီ၊ ငါ ဘုရားရှိခိုးကျောင်းက ပြန်လာပြီး အိမ်ထဲ ဝင်လိုက်တော့ တယ်လီဖုန်း ခေါင်းလောင်း မြည်နေတယ်၊ ကောင်ကိုင်လိုက်တော့ အင်[illegible] ချိအေးပြီး ရှက်ကိုးရှက်ကန်း အသံကလေးနဲ့ ဟယ်လို…လို့ သူ နှုတ်[illegible]တယ်၊ ပြီးတော့ တို့နှစ်ယောက် ငိုကြတော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မစ္စလန်ဂလေ… အယ်လီနှာ ဘယ်မှာလဲ၊ သူ ဘာလုပ်နေသလဲ ဟင်"

တစ်ဖက်က ရုတ်တရက် စကားမပြန်။

ပြန်ပြောသောအခါ မာဂရက်လန်ဂလေသည် အတော်သတိထားပြီး ပြောသည်။ စကား မှားမသွားအောင် စကားလုံးများကို အတိကျဆုံး ဖြစ်အောင် ရွေးချယ်ပြီးမှ ပြောကြောင်း သေချာသည်။

"သူ ဘယ်မှာ ရှိနေတယ် ဆိုတာကိုတော့ ငါ့ကို ပြောမသွားဘူး၊ သူ အများကြီး ကျန်းမာလာပြီတဲ့၊ တစ်သက်လုံး အခုလို ပုန်းအောင်းနေရတဲ့ ဘဝမှာ သည်း မနေချင်ပါဘူးတဲ့၊ ပြန်ပြီး အဖမ်းခံလိုက်ဖို့ သူ စဉ်းစားနေတယ်လို့ ပြောတယ်၊ ပြန်ပြီး အဖမ်းခံလိုက်ရင် ထောင်ထဲကို သူ ပြန်ရောက်သွားမှာ သူ သိတယ်၊ အာမခံဥပဒေကို သူ ချိုးဖောက်ထားတာ မဟုတ်လား၊ ဒီတစ်ခါတော့ သူ့ကို ငါ့အနေနဲ့ ထောင်ဝင်စာ လာတွေ့စေချင်ပါတယ်တဲ့"

"သူ့ဘာသာသူ သွားပြီး အဖမ်းခံလိုက်တော့မယ်တဲ့လား"

ပက်က ထိုသို့ ရေရွတ်ရင်း အယ်လီနှာ၏ မျက်နှာကလေးကို စိတ်ကူးနှင့် ကြည့်နေမိသည်။ ရုံးတော်မှ စီရင်ချက်ချပြီးစက ခိုကိုးရာမဲ့ ဖြစ်နေသော အယ်လီနှာ ဘရောင်း၏ မျက်နှာကလေးကို ပြန်လည်မြင်ယောင်နေမိလေသည်။

"သူ့ကို ဆရာမကြီး ဘာပြန်ပြောလိုက်သလဲ ဟင်"

"မင်းကို ဖုန်းဆက်ကြည့်ဖို့ သူ့ကို ငါ တောင်းပန်တယ်၊ သူ အာမခံ ပြန်ရအောင် မင်း လုပ်ပေးနိုင်လိမ့်မယ်လို့ ငါ ထင်တယ်လေ"

ပြောနေရင်းမှာပင် မာဂရက်လန်ဂလေက ငိုချလိုက်သည်။ ပြီးတော့မှ ငိုသံပါကြီးနှင့် ဆက်ပြောသည်။

"မစ္စထရေးမိုး… အဲဒီကလေးမလေး ထောင်ထဲကို ပြန်ရောက်မသွားပါစေနဲ့ကွယ်"

"ကျွန်မ ကြိုးစားပါ့မယ်"

ပက်က ကတိပေးသည်။

"ကျွန်မမှာ သူ့ကို ကူညီနိုင်မယ့် မိတ်ဆွေ ကွန်ဂရက်လွှတ်တော်အမတ် တစ်ယောက် ရှိပါတယ်၊ ဆရာမကြီး… သူ့ကို ကျွန်မ ဘယ်လို ဆက်သွယ်ရမယ် ဆိုတာ ကျေးဇူးပြုပြီး ပြောပြပါရှင်၊ သူ့အတွက် ကျွန်မ ပြောနေတာပါ"

"ငါ မသိပါဘူးကွယ်၊ ရိုးရိုးသားသား ပြောတာပါ၊ သူ ဘယ်မှာနေတယ် ဆိုတာ ငါ လုံးဝမသိပါဘူး"

"တကယ်လို့ ဆရာမကြီးကို သူ ဖုန်းပြန်ဆက်ရင် သူ သွားအဖမ်းမခံခင် ကျွန်မဆီကို ဖုန်းဆက်ဖို့ ပြောပေးပါ။ သူ အာမခံရဖို့ အခြေအနေ အများကြီး ကောင်းသွားနိုင်ပါတယ်"

www.burmeseclassic.com



"မင်း ကူညီချင်တယ် ဆိုတာ ငါ သိပါတယ်၊ မင်းဟာ လူကောင်း တစ်ယောက် ဖြစ်ကြောင်းလည်း ငါ သိပါတယ်"

ထိုသို့ ပြောပြီး မာဂရက်လန်ဂလေ၏ လေသံ ပြောင်းသွားလေသည်။

"ငါ အရမ်းဝမ်းသာနေတဲ့အကြောင်း ပြောရဦးမယ်၊ မစ္စတာပယ်လ်ဟမ်း က ငါ့ကို ဖုန်းဆက်တယ်၊ မင်း စီစဉ်တင်ဆက်မယ့် အထူးအစီအစဉ်ထဲမှာ ငါ့ ကိုပါ ထည့်သွင်းဖို့ ပြောတယ်၊ မနက်ဖြန်ကျရင် ငါ့ဆီကို တစ်ယောက်ယောက် လွှတ်လိုက်ပြီး တွေ့ဆုံမေးမြန်းခြင်း လုပ်မယ်တဲ့၊ တီဗွီပါ တစ်ခါတည်း ရိုက်ယူ သွားမယ်တဲ့"

သည်အတိုင်းဆိုလျှင် သူ့အကြံပေးချက်များကို လူသာ လက်ခံလိုက်ပြီ ပေါ့။ ထို့ကြောင့် အားပေးသည့် လေသံဖြင့် ပက်က ပြန်ပြောသည်။

"ကျွန်မ ဝမ်းသာပါတယ် ဆရာမကြီး၊ ကျွန်မဆီ ဖုန်းဆက်ဖို့ အယ်လီနှာ ကို ပြောပေးဖို့ မမေ့ပါနဲ့နော်"

တယ်လီဖုန်း စကားပြောခွက်ကို ဖြည်းလေးစွာ သူ ပြန်ချထားလိုက် သည်။ ပြီးတော့ သူ စဉ်းစားနေသည်။

မာဂရက်လန်ဂလေ ယုံကြည်နေသကဲ့သို့ အယ်လီနှာဘရောင်းသည် တကယ် ပဲ အကြောက်ကြီးတတ်သည့် မိန်းကလေး ဖြစ်မည်ဆိုပါက ယခုလို ပြန်လည်အဖမ်းခံ ဖို့ ဆုံးဖြတ်ချက်ချရန် သူ အတော်ကြိုးစားပြီး သတ္တိမွေးရပေလိမ့်မည်။

သို့သော်လည်း အက်ဘီဂေးလ်ဂျင်းနင်းအတွက်တော့ အတော်ကြီးကို အနေရ အထိုင်ရ ခက်ပေလိမ့်မည်။

အယ်လီနှာ ငွေခိုးသည်ဟု သူက စွပ်စွဲသည်။ ခိုကိုးရာမဲ့ ဖြစ်နေရှာသော အယ်လီနှာကမူ သူ့မှာ ဘာအပြစ်မှ မရှိကြောင်း တွင်တွင်ပြောရင်း ထောင်ထဲသို့ ပြန်ဝင်သွားမည့် အရေးကြောင့် ဖြစ်လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

[ ၂၃ ]

လူအိုရဲ့ စကြံအတိုင်း လမ်းလျှောက်သွားရင်း တင်းမာမှု တစ်ခုခုတော့ ချက်ချင်း ပေါ်ပေါက်နေပြီ ဖြစ်ကြောင်း အာသာ အလိုလို သိရှိခံစားလိုက်ရလေသည်။

သည်နေရာကို သာမန်အားဖြင့် ကြည့်လိုက်မည်ဆိုလျှင် အလွန်တရာ အေးချမ်းလှပါသည်။ ခရစ္စမတ်သစ်ပင်များ၊ ဆုတောင်းမေတ္တာ ပို့သသည့် ကတ်ပြား များကို လှပစွာ ပြင်ဆင်ထားကြလေသည်။

အဘိုး အဘွားတို့၏ အခန်းပေါက်ဝများတွင် ခရစ္စမတ် ဆုတောင်း ကတ်ပြား များ ချိတ်ဆွဲထားပေသည်။

အနားယူ အပန်းဖြေခန်းထဲတွင် ခရစ္စမတ် တေးသီချင်းများကို သံစုံဖွင့် ပေးထားလေသည်။

သို့သော်လည်း တစ်ခုခုတော့ မှားနေပြီ။

"မင်္ဂလာရှိသော မနက်ခင်းပါ မစ္စက်ဟာနစ်၊ နေကောင်းထိုင်ကောင်း ရှိပါတယ် နော်"

တောင်ဝှေးတစ်ချောင်းဖြင့် ခန်းမထဲမှာ လမ်းလျှောက်နေသော အဘွားကြီး ကို အာသာက နှုတ်ဆက်သည်။

အဘွားကြီး၏ ခါးမှာ အလွန်ကိုင်းနေသည်။ မျက်နှာလည်း ဖြူရော်ရော် ဖြစ်နေသည်။ ဆံပင်တွေ ရှုပ်ပွနေသည်။

အဘွားကြီးက ခေါင်းမထောင်ဘဲ သူ့ကို မျက်လုံး လှန်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်တွင်း ဟောက်ပက် ဖြစ်နေသည်။ မျက်ရည်များ ဝိုင်းနေသည်။ ပြီးတော့ ကြောက်ရွံ့သည့် အမူအရာများကိုလည်း ထိုမျက်လုံးအစုံထဲမှာ မြင်တွေ့နေရသည်။

"ငါနဲ့ ဝေးဝေးမှာ နေပါ အာသာ"

အဘွားကြီးက ပြောသည်။ သူ့အသံ တုန်ယင်နေသည်။

"အနီတာဂေးလက်စ်ဝိုင်း အခန်းထဲက မင်း ထွက်လာတာ ငါ မြင်တဲ့ အကြောင်း သူတို့ကို ငါ ပြောပြလိုက်ပြီ၊ ငါ မမှားဘူး၊ မင်းကို ငါ မြင်လိုက်တာ အမှန်ပဲ"

သူက အဘွားကြီး၏ လက်မောင်းကို သွားကိုင်သည်။ အဘွားကြီးက နောက်ဘက်သို့ တွန့်သွားသည်။

"မစ္စက်ဂေးလက်စ်ဝိုင်းရဲ့ အခန်းထဲမှာ ကျွန်တော် ရှိနေတာ အမှန်ပဲလေ၊ သူနဲ့ ကျွန်တော်က မိတ်ဆွေတွေပဲ"

"သူဟာ မင်းမိတ်ဆွေ မဟုတ်ဘူး၊ မင်းကို သူ ကြောက်နေတယ်"

ဒေါသထွက်သည့် အရိပ်အယောင် ပေါ်ထွက်မသွားအောင် သူ ကြိုးစား ထိန်းသိမ်းနေရသည်။

"ဒီမှာ မစ္စက်ဟားနစ်..."

"မှန်တာကို ငါ ပြောနေတာ၊ အနီတာ မသေချင်သေးဘူး၊ အသက်ရှင် နေချင်သေးတယ်၊ သူ့သမီး အင်နာမာရီက သူ့ကို လာတွေ့တော့မလို့၊ အရှေ့ဘက် ပိုင်းကို အနီတာ ပြန်မရောက်တာ နှစ်နှစ် ရှိပြီ၊ သူ့သမီး အင်နာမာရီနဲ့ မတွေ့ရတာ နှစ်နှစ် ရှိပြီ၊ သမီးနဲ့ တွေ့ပြီးရင် သေပျော်ပါပြီလို့လည်း အနီတာက ငါ့ကို ပြော တယ်၊ သူ ရိုးရိုးသားသား သေသွားတာ မဟုတ်ဘူး၊ အဲဒီအကြောင်းလည်း သူတို့ကို ငါ ပြောပြလိုက်ပြီ"

စကြံ တစ်နေရာရှိ စားပွဲတစ်လုံးတွင် သူနာပြုဆရာမချုပ် အယ်လီဇဘက် ရှီးဟာန်း ထိုင်နေသည်။

သူ့ကို အာသာ အရမ်းမုန်းပါသည်။ မျက်နှာက အမြဲတမ်း ခုနစ်ခေါက် ချိုး ရှစ်ခေါက်ချိုး ဖြစ်နေတတ်သည်။

သူ ဒေါသဖြစ်လာပြီဆိုလျှင် သူ့မျက်လုံးများက အပြာရောင်မှ သံချေး အညိုရောင်သို့ ပြောင်းလဲသွားတတ်သော အမျိုးသမီး ဖြစ်သည်။

"အာသာ အလုပ်မစခင် ရုံးခန်းကို ခဏလိုက်ခဲ့ဦး"

သူနာပြုဆရာမချုပ် အယ်လီဇဘက်ရှီးဟာန်းက သူ့ကို ဆီးပြောသည်။ ရုံးခန်း ရှိရာသို့ သူ့နောက်မှ လိုက်သွားသည်။

သူတို့ လူအိုရုံမှာ ရှိနေသည့် အဘိုး အဘွားများကို တွေ့လိုသူများ၊ ပန်းခြင်း သော် လည်းကောင်း၊ အစားအစာသော် လည်းကောင်း ပေးလိုသူများသည် ထို ရုံးခန်းမှာ လာရောက် အစီအစဉ် ပြုလုပ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယနေ့တော့ ထိုသို့သော ဧည့်သည် အမျိုးအစား တစ်ယောက်မျှလေမှ မတွေ့ရပါ။

သို့သော်လည်း ကလေး မျက်နှာလေးနှင့် လူ ခပ်ငယ်ငယ်တစ်ယောက်တော့ ရှိနေသည်။ မိုးကာအင်္ကျီ ဝတ်ထားသည်။ သူ့ဖိနပ်က ဆေးရောင် ပျောက်နေသည်။

သူက အားရပါးရ ပြုံးပြသည်။ အလွန်ဖော်ရွေသည့် အပြုံး ဖြစ်ပါသည်။ သို့သော်လည်း အာသာသည် ဒါလောက် တုံးသူ မဟုတ်ပါ။

"ကျွန်တော် စုံထောက်အရာရှိ ဘားရှေ့ပါ" ဟု ထိုသူက ပြောသည်။

လူအိုရုံ အုပ်ချုပ်ရေးမှူး ဒေါက်တာကိုးလ်လည်း ထိုနေရာမှာ ရှိနေသည်။

"အာသာ... ထိုင်ပါ"

ဒေါက်တာကိုးလ်က ပြောသည်။ သူ့လေသံကို တရင်းတနှီး ရှိသည့်အနှံမျိုး ပေါ်အောင် ကြိုးစားပြောသည်။

"ကျေးဇူးတင်ပါတယ် ဆရာမရှီးဟာန်း၊ မင်း စောင့်နေဖို့ မလိုတော့ပါဘူး"

အာသာက နောက်မှီ မတ်သော ကုလားထိုင်ကို ရွေးထိုင်သည်။ ပေါင်ပေါ်တွင် လက်နှစ်ဖက်ကို ယှက်ထားဖို့လည်း သူ သတိရလိုက်မိပါသည်။

သူ့အမူအရာ ဇဝေဇဝါ ဖြစ်နေသည်။ ဘာဖြစ်နေသည်ကို မစဉ်းစားတတ်သော အမူအရာမျိုး ပေါ်လွင်နေသည်။

ထိုအမူအရာမျိုး ဖြစ်အောင် မှန်ရှေ့မှာ သူ အကြိမ်ကြိမ် ကြိုးစားလေ့ကျင့်ထားခဲ့ပြီး ဖြစ်လေသည်။

"အာသာ... လွန်ခဲ့တဲ့ ကြာသပတေးနေ့က မစ္စက်ဂေးလက်စ်ဝိုင်းဆုံးသွားတယ်"

စုံထောက် ဘားရှေ့က ပြောသည်။

အာသာ ခေါင်းညိတ်ပြသည်။ ပြီးတော့ စိတ်မကောင်းသည့် အမူအရာမျိုး ပေါ်အောင်လည်း ကြိုးစားဟန်ဆောင်လိုက်သည်။

အလာတုန်းက မစ္စက်ဟားနစ်နှင့် ခန်းမထဲမှာ တွေ့ခဲ့သည်ကို ပြန်စဉ်းစားပြီး သူ ချက်ချင်း ပျော်သွားသည်။

"သိပါတယ် ခင်ဗျာ၊ သူ့ နည်းနည်းလောက် အသက်ပိုရှည်ပါစေတော့ဗျို့ ကျွန်တော် အရမ်းဆုတောင်းနေတာ၊ သူ့သမီးက သူနဲ့ လာတွေ့တော့မလို့လေ၊ သူ့သမီးနဲ့ မတွေ့ရတာ နှစ်နှစ်လောက် ရှိနေပြီ"

"အဲဒီအကြောင်း မင်း သိထားသလား"

ဟု ဒေါက်တာကိုးလ်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် ခင်ဗျာ၊ မစ္စက်ဂေးလက်စ်ဝိုင်းက ကျွန်တော့်ကို ပြောပြ တာပါ"

"ဒီလိုကိုး... သူ့သမီး လာမယ့်အကြောင်း မင်းကို သူ ပြောပြထားတယ် ဆိုတာ တို့ဖြင့် ရိပ်တောင် မရိပ်မိပါဘူး"

"ဒေါက်တာ... မစ္စက်ဂေးလက်စ်ဝိုင်းကို ထမင်း တစ်ခါကျွေးရင် ဘယ်လောက် ကြာတယ်ဆိုတာ ဒေါက်တာ သိပါတယ်၊ တစ်ခါတလေကျတော့ ဆက်မစားနိုင်ဘဲ နားတောင် နေရသေးတယ် မဟုတ်လား၊ အဲဒီလို အခါမျိုးမှာ လည်း ရောက်တတ်ရာရာ ကျွန်တော်တို့ ပြောနေကြတာပဲ"

"အာသာ... မစ္စက်ဂေးလက်စ်ဝိုင်း သေသွားတာ မြင်ရတော့ ခင်ဗျား ပျော်သွားသလား"

ဘားရော့က မေးသည်။

"ကင်ဆာရောဂါ အခြေအနေ အရမ်းဆိုးမလာခင် သူ သေသွားတာ ကျွန်တော် ဝမ်းသာပါတယ်၊ ရောဂါကြီးလာရင် သူ ဝေဒနာကို အရမ်းခံစားရမယ် ကျွန်တော် ပြောတာ မှန်တယ် မဟုတ်လား ဒေါက်တာ"

ဒေါက်တာကိုးလ်ကို သူက လှည့်ကြည့်သည်။ သူ့မျက်လုံးများ ဝိုင်းစက် နေအောင်လည်း လုပ်ထားသည်။

"ဟုတ်တယ်၊ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ဘယ်သူမှတော့ တိတိကျကျ ပြောနိုင်တာ မဟုတ်ပါဘူး"

ဒေါက်တာကိုးလ်က စိတ်မပါဘဲ ပြန်ဖြေသည်။

"ဒါပေမဲ့ မစ္စက်ဂေးလက်စ်ဝိုင်းကတော့ သူ့သမီး အင်နာမာရီနဲ့ တွေ့ဖို့ အသက်ရှင်နေဖို့ လိုအပ်တယ်၊ အဲဒီအတွက်လည်း သူနဲ့ ကျွန်တော် မကြာခဏ ဆုတောင်းလေ့ရှိကြပါတယ်၊ သူပိုင် သမ္မာကျမ်းစာအုပ်ကလေးထဲက ဆုတောင်း တွေကိုလည်း ကျွန်တော့်ကို သူက ဖတ်ခိုင်းတတ်တယ်"

စုံထောက် ဘားရော့က သူ့ကို စေ့စေ့စပ်စပ် လေ့လာ အကဲခတ်နေသည်။

"အာသာ... လွန်ခဲ့တဲ့ တနင်္လာနေ့က မစ္စက်ဂေးလက်စ်ဝိုင်းရဲ့ အခန်း ကို ခင်ဗျား သွားခဲ့တယ် မဟုတ်လား"

ဟု မေးသည်။

"ဟုတ်ပါတယ်၊ သူနာပြုဆရာမချုပ် လှည့်မစစ်ဆေးခင် ကျွန်တော် သူ့အခန်းထဲကို သွားပါတယ်၊ ဒါပေမဲ့ သူ့အတွက် ဘာမှ လုပ်ပေးစရာ မရှိဘူး"

"၄ နာရီထိုးဖို့ ၅ မိနစ် အလိုလောက်မှာ မစ္စက်ဂေးလက်စ်ဝိုင်းရဲ့ အခန်း ထဲက ခင်ဗျား ထွက်လာတာကို မစ္စက်ဟားနစ်က မြင်လိုက်ရတယ်လို့ ပြောတယ် အဲဒါ မှန်သလား"

www.burmeseclassic.com

www.burmeseclassic.com



အာသာက စကား မမှားအောင် အဖြေကို စဉ်းစားနေသည်။ စကားလုံးကို သေသေချာချာ ရွေးပြီးမှ ပြန်ဖြေသည်။

"မဟုတ်ပါဘူး၊ သူ့အခန်းထဲကို ကျွန်တော် မဝင်ပါဘူး၊ အပြင်ကနေပြီး အခန်းထဲကို လှမ်းကြည့်တာပါ၊ ဒါပေမဲ့ သူ အိပ်ပျော်နေတယ်၊ တစ်ညလုံး သူ ကောင်းကောင်း အိပ်မပျော်ခဲ့ဘူး၊ ဒါကြောင့် ကျွန်တော် စိတ်ပူပြီး သွားကြည့်တာပါ၊ ကျွန်တော် အခန်းထဲ လှမ်းကြည့်နေတာကို မစ္စက်ဟားနစ်က လှမ်းမြင်တာပါ"

ဒေါက်တာကိုးလ်က ကုလားထိုင် နောက်မှီပေါ်သို့ မှီချလိုက်သည်။ သူ အတော်လေး စိတ်သက်သာရာ ရသွားသည်။

စုံထောက် ဘားရော့၏ အသံက ပိုမိုပျော့ပျောင်းလာသည်။

"အရင်တစ်ခါ ခင်ဗျား ပြောတုန်းကတော့ မစ္စက်ဟားနစ် ပြောတာ မှားတယ်ဆို၊ ခင်ဗျားကို မမြင်ဘူးဆို"

"ဒီလို မဟုတ်ပါဘူး၊ မစ္စက်ဂေးလက်စ်ဝိုင်းရဲ့ အခန်းထဲကို ကျွန်တော် အခါ ဝင်သလားလို့ တစ်ယောက်ယောက်က မေးရင် မဟုတ်ဘူးလို့သာ ကျွန်တော် ဖြေခဲ့တာပါ၊ ကျွန်တော် မဝင်ခဲ့ပါဘူး၊ ဒါပေမဲ့ အဲဒီအကြောင်းကို ကျွန်တော် ပြန်စဉ်းစားကြည့်တော့ အခန်းထဲကို အပြင်ကနေပြီး ကျွန်တော် လှမ်းကြည့်တာကို ပြန်မှတ်မိပါတယ်၊ အဲဒါကြောင့် မစ္စက်ဟားနစ်ရော ကျွန်တော်ပါ နှစ်ယောက်စလုံး မှန်ပါတယ်၊ မဟုတ်ဘူးလား"

ဒေါက်တာကိုးလ်၏ မျက်နှာ ပြုံးလာသည်။

"ကျုပ်တို့ လူအိုရုံမှာ အကူအလုပ်သမားတွေထဲမှာ အာသာဟာ အဘိုးအဘွားတွေအပေါ် ဂရုအစိုက်ဆုံး အလုပ်သမား တစ်ယောက်ပဲ၊ ခင်ဗျားကို ကျွန်တော် စောစောက ပြောတယ် မဟုတ်လား မစ္စတာဘားရော့"

သို့သော်လည်း စုံထောက် ဘားရော့က မပြုံးချေ။

"အာသာ… ခင်ဗျားလို အခြား အကူအလုပ်သမားတွေလည်း အဘိုးအဘွားတွေနဲ့ အတူတူ ဘုရားရှိခိုးတာတွေ ဘာတွေ လုပ်သလား၊ ဒါမှမဟုတ် ခင်ဗျား တစ်ယောက်တည်း ဒီအလုပ်ကို လုပ်သလား"

"အင်း… ကျွန်တော် တစ်ယောက်ပဲ ဒီအလုပ်မျိုး လုပ်တယ် ထင်ပါတယ်၊ ဒီလိုလေ… တစ်ခါတုန်းက ကျွန်တော် ကျမ်းစာသင်ကျောင်း တက်ဖူးတယ်၊ ဘုန်းကြီးလုပ်ဖို့ ကျွန်တော် အစီအစဉ် လုပ်ခဲ့တယ်လေ၊ ဒါပေမဲ့ မကျန်းမမာ ဖြစ်ပြီး ကျမ်းစာသင်ကျောင်းက ထွက်ခဲ့ရတယ်၊ ဒါကြောင့် မကြာခဏ ဆိုသလို ကျွန်တော့်ကိုယ် ကျွန်တော် ဘုန်းကြီးလို့ပဲ ထင်နေတတ်တယ်"

စုံထောက် ဘားရော့၏ မျက်လုံးအရောင်မှာ ပျော့ပျောင်း ကြည်လင်လာသည်။ ယုံကြည်သည့် အရိပ်အယောင်များ ပေါ်လာသည်။

www.burmeseclassic.com



"ကျွမ်းစာသင်ကျောင်း တက်တုန်းက ခင်ဗျား အသက် ဘယ်လောက် ရှိပြီလဲ အာသာ"

ကြင်နာသည့် လေသံဖြင့် မေးသည်။

"အသက် ၂၀ ရှိပါပြီ၊ အသက် ၂၀ နဲ့ ၆ လသားမှာ အဲဒီကျောင်းက ကျွန်တော် ထွက်ခဲ့တာပါ"

"ဟုတ်လား… ခင်ဗျား ဘယ်ကျွမ်းစာသင်ကျောင်းမှာ တက်ခဲ့တယ် ဆိုတာလည်း ပြောပါဦး အာသာ"

"မင်နီဆိုတာပြည်နယ် ကော်လိပ်ချ်ဗီးလ်မြို့က ဘက်နက်ဒစ်တိုင်း ကျွမ်းစာ သင်ကျောင်းပါ ခင်ဗျာ"

စုံထောက် ဘားရော့က မှတ်စုစာအုပ်ကလေး ဆွဲထုတ်ပြီး အာသာ ပြောပြသည့် ကျောင်းနာမည်ကို ရေးမှတ်နေလေသည်။ မိမိ ပြောတာ မှားသွားပြီ ဖြစ်ကြောင်း အချိန် အတော်နှောက်ကျမှ အာသာ သဘောပေါက်လိုက်လေတော့ သည်။

သည်အတိုင်းဆိုလျှင် သူ တက်ခဲ့သည့် ကျွမ်းစာသင်ကျောင်းနှင့် စုံထောက် ဘားရော့ အဆက်အသွယ် လုပ်ပြီး သူ့အကြောင်း စုံစမ်းတော့မည်။ သူသည် မကျွန်းမာ၍ မဟုတ်ဘဲ ဘုန်းတော်ကြီး ဒါမိန်း ကွယ်လွန်ပြီးနောက် ကျွမ်းစာသင် ကျောင်းမှ ထွက်ခဲ့ရခြင်း ဖြစ်ကြောင်း ဟိုကလူတွေက သူ့ကို ပြောပြပေတော့မည်။

ထိုကိစ္စနှင့် ပတ်သက်၍ တစ်နေကုန် အာသာ သောကရောက်နေရသည်။

ဒေါက်တာကိုးလ်က အလုပ် သွားလုပ်နိုင်ပြီ ဖြစ်ကြောင်း ပြောသဖြင့် သူ ထွက်လာခဲ့သည်။ သို့သော်လည်း သူနာပြုဆရာမချုပ် ရှီးဟန်းက သူ့ကို မသင်္ကာသည့် မျက်လုံးများဖြင့် မကြာခဏ ကြည့်နေသည်ဟု စိတ်ထဲမှာ ခံစားနေ သည်။

အခြား အဘိုး အဘွားများက သူ့ကို ကြည့်နေပုံမှာလည်း အခါတိုင်းလို မဟုတ်တော့ချေ။

အဘိုး မစ္စတာထိုမင်ကို လိုအပ်သည်များ ပြုလုပ်ပေးဖို့ အခန်းထဲသို့ ဝင်သွားတော့ အထဲမှာ ရှိနေသည့် အဘိုး၏ သမီးက သူ့ကို ဆီးပြောသည်။

"အာသာ… အခုအချိန်ကစပြီး ကျွန်မ အဖေကို ရှင် ဘာမှ လုပ်ပေးဖို့ မလိုတော့ဘူး၊ တခြား အလုပ်သမားတစ်ယောက် ပြောင်းပြီး တာဝန်ပေးဖို့ သူနာပြု ဆရာမချုပ် ရှီးဟန်းကို ကျွန်မ ပြောပြီးပြီ"

ထိုသို့ အပြောခံရခြင်းသည် သူ့မျက်နှာကို ဖြတ်အရိုက်ခံလိုက်ရခြင်းနှင့် အတူတူပင် ဖြစ်လေသည်။

"ဒီရောဂါကို ငါ အကြာကြီး ခံစားမနေနိုင်တော့ဘူးကွာ"

ဟု အဘိုးထိုမင်က လွန်ခဲ့သည့် အပတ်ထဲက သူ့ကို ပြောခဲ့သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားသခင်ကလည်း အကြာကြီး ခံစားခိုင်းထားမှာ မဟုတ်ပါဘူး ခင်ဗျာ"

ဟု သူကလည်း ပြန်လည်နှစ်သိမ့်ခဲ့ဖူးလေသည်။

ယခုတော့ သူ့အနားကပ်ခွင့် မရှိတော့ပြီ။

အပန်းဖြေခန်းထဲမှာ အဘိုးဝိုလန်က မတ်တတ်ရပ်ဖို့ ကြိုးစားနေသည်။ သူ့ကို ကူညီဖို့ ဖြတ်လျှောက်သွားတော့ အာသာက မျက်နှာကို အချိုနိုင်ဆုံး ပြုံးထားလိုက်လေသည်။

အဘိုးဝိုလန်ကို အိမ်သာသို့ ပို့ပြီး သူ့နေရာသို့ ပြန်တွဲခေါ်လာပေးသည်။

ထိုအချိန်မှာပင် ခေါင်းကိုက်နေပြီ ဖြစ်ကြောင်း သဘောပေါက်လာသည်။ သူ့မျက်လုံးထဲမှာလည်း တောက်ပပြောင်လက်သည့် အလင်းရောင်များ ကခုန်နေကြလေသည်။

နောက် ဘာဖြစ်တော့မည်ကို သူ သိနေသည်။

အဘိုးဝိုလန်ကို သူ့ကုလားထိုင်ပေါ်သို့ ပြန်တင်ပေးရင်း ရုပ်မြင်သံကြားစက်ကို လှမ်းကြည့်မိသည်။ ဖန်သားပြင်က မှုန်မှိုင်းနေသည်။ ပြီးတော့ တမန်တော် နတ်သား၏ မျက်နှာ ပေါ်လာသည်။

"အာသာ… ဒီနေရာမှာ မင်း ဆက်နေဖို့ မလုံခြုံတော့ဘူး"

ဟု တမန်တော် နတ်သားက သူ့ကို ပြောသည်။

"ကျွန်တော် နားလည်ပါတယ်"

သူ ပြန်ပြောလိုက်ရာ အသံပါ ထွက်သွားသည်။ ထို့ကြောင့် အဘိုးဝိုလန်က-

"တိတ်တိတ် နေစမ်းကွာ" ဟု သူ့ကို မာန်သည်။

သူ့အတွက် ပေးထားသည့် အဝတ်အစား လဲခန်းကလေးထဲသို့ ရောက်လာသောအခါ သူ့ကိုယ်ပိုင်ပစ္စည်းကလေးများကို သိမ်းဆည်းသည်။ ဌာနက ထုတ်ပေးထားသည့် ယူနီဖောင်းများနှင့် ရှူးဖိနပ် အဟောင်းများကိုတော့ ထားရစ်ခဲ့သည်။

မနက်ဖြန်နှင့် သန်ဘက်ခါ ဗုဒ္ဓဟူးနေ့သည် သူ့နားရက် ဖြစ်သည်။ ထို့ကြောင့် ကြာသပတေးနေ့တွင် သူ ပြန်လာတော့မည် မဟုတ်ကြောင်း လူအိုရုံမှာ ရှိသူများ ရုတ်တရက် ရိပ်မိကြမည် မဟုတ်။ သူ့အဝတ်အစား လဲခန်းကလေးကိုလည်း လာရောက် စစ်ဆေးကြည့်စရာ အကြောင်း မရှိပေ။ သို့ဆိုလျှင် သူ့ပစ္စည်းများ ဘာမှ မကျန်တော့သည်ကိုလည်း သိကြမည် မဟုတ်။

အညိုနှင့် အနီရောင် ဂျာကင်အင်္ကျီကို သူ လဲဝတ်သည်။ မနက်တုန်းက သူ ဝယ်လာပြီး သည့်အခန်းထဲမှာ သိမ်းထားခဲ့ခြင်း ဖြစ်သည်။ ဂလိုရီနှင့် သူ ချိန်းပြီး ရုပ်ရှင် သွားကြည့်လျှင်သော် လည်းကောင်း၊ တစ်နေရာရာသို့ သွားလိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



သော် လည်းကောင်း သပ်ရပ်သည့် အဝတ်အစားကို အလွယ်တကူ ဝတ်ဆင်သွားနိုင်စေရန် သည်မှာ အဆင်သင့် သိမ်းထားခြင်း ဖြစ်လေသည်။

မိုးကာအင်္ကျီအိတ်ထဲသို့ ခြေအိတ်တစ်စုံ ထည့်သည်။ ထိုခြေအိတ်ထဲမှာ ဒေါ်လာ သုံးရာ ထည့်ပြီး သူ သိမ်းထားသည်။

အရေးပေါ် ငွေလိုလာပါက ချက်ချင်း ရနိုင်ရန် အိမ်မှာရော၊ အလုပ်ထဲမှာပါ သူ ငွေ အလွယ်ဆောင်ထားသည်။ အကြောင်းတစ်ခုခု ပေါ်လာလျှင် လွတ်ရာကင်းရာသို့ ချက်ချင်း ထွက်ပြေးရမည် မဟုတ်လား။

သူ့အဝတ်လဲခန်းထဲမှာ အေးစိမ့်ပြီး စိုထိုင်းထိုင်း ဖြစ်နေသည်။ သူ့အနီးပတ်ဝန်းကျင်တွင် မည်သူ တစ်စုံတစ်ယောက်မှ မရှိ။ နာတာလူးပွဲတော်ရက်ဖြစ်သောကြောင့် အလုပ်သမား အများစုကို ရက်အားပေးထားသည်။

သူကတော့ တမင် စေတနာ့ဝန်ထမ်း အလုပ်လာဆင်းခြင်း ဖြစ်သည်။

သူ့လက်များသည် ခြောက်သွေ့နေသည်။ အငြိမ်မနေနိုင်အောင်လည်း ဖြစ်နေသည်။ သူ့စိတ်တွေ အရမ်းလှုပ်ရှားနေသည်။

သူ့အပေါ်မှာ သည်လို ဆက်ဆံဖို့ မကောင်း။ လူကြီးလူကောင်းကဲ့သို့ ဆက်ဆံသင့်သည်။ ထိုအတွေးကြောင့်လည်း သူ စိတ်ပိုလှုပ်ရှားလာသည်။

ပတ်ဝန်းကျင်ကို သူ လှည့်ကြည့်သည်။ ပစ္စည်းအားလုံးကို စတိုခန်းကြီးထဲမှာ ထည့်ပြီး သော့ခတ်ထားသည်။ လှေကားနားမှာတော့ ပစ္စည်းအဟောင်းများနှင့် ကြမ်းတိုက်ပစ္စည်းများ၊ သန့်ရှင်းရေးပစ္စည်းများ ရှိသည်။ မလျှော်ရသေးသော ကော်ဇောတွေ ရှိသည်။

အပေါ်ထပ်က လူတွေအကြောင်း သူ စဉ်းစားသည်။

မစ္စက်ဟားနစ်က သူ့ကို စွပ်စွပ်စွဲစွဲ ပြောသည်။

အဘိုးထိုမင်၏ သမီးက သူ့အဖေနှင့် ဝေးဝေးမှာ နေပါဟု သူ့ကို ပြောသည်။

သူနာပြုဆရာမချုပ် ရှီးဟန်းက သူ့ကို မသင်္ကာသော မျက်လုံးများဖြင့် ကြည့်သည်။

သူ့အကြောင်း တီးတိုးပြောကြသည်။ စူးစမ်းကြသည်။ သူ့ကို ဝိုင်းပယ်ထုတ်ကြသည်။ ဘာကြောင့် ဒီလို အတင့်ရဲကြလေသနည်း။

တာပင်တိုင်ဆီဘူး တစ်ဝက်ကို ဗီရိုထဲမှာ တွေ့သည်။ အဖုံးကို ဖွင့်လိုက်သည်။ တာပင်တိုင်ဆီများကို ကြမ်းပေါ်သို့ လောင်းချသည်။

ဗီရိုတံခါးကို ဖွင့်လျက် ထားပစ်ခဲ့သည်။ အထဲတွင် လွှင့်ပစ်ရမည့် အမှိုက်သရိုက်များ ရှိနေသည်။

အာသာသည် ဆေးလိပ်သောက်တတ်သူ မဟုတ်ပါ။ သို့သော်လည်း လူအိုရုံသို့ လာသည့် ဧည့်သည်များ ထားပစ်ခဲ့သော စီးကရက်များကို သူ သိမ်းထားလေ့ရှိသည်။ အချို့ကို ဂလိုရီ သောက်ဖို့ အိမ်သို့ ပြန်ယူသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစီးကရက်များအနက် ဆေးလမ်းစီးကရက် တစ်လိပ် ထုတ်ပြီး မီးညှိသည်။ မီးငြိမ်းမသွားဘဲ တစ်လိပ်လုံး ကုန်အောင် လောင်စေရန် သေချာအောင်ခွာသည်။ ပြီးတော့ အမှိုက်များ ထည့်ထားသည့် အိတ်တစ်လုံးကို ဖွင့်ကာ မီးညှိပြီးဖြစ်သော စီးကရက်ကို ထည့်လိုက်သည်။

အချိန် သိပ်အကြာကြီး စောင့်ရမည် မဟုတ်ပါ။ စီးကရက်က မီးဆက်လောင်မည်။ ထိုမီးက အိတ်ထဲရှိ အမှိုက်သရိုက်များကို ကူးမည်။ ထို့နောက် အခြားအမှိုက်အိတ်များသို့ ကူးကာ တာပင်တိုင်ဆီများသို့ ဆက်လောင်ပြီး မီးတောက်ကြီးဖြစ်သွားမည်။

ထိုအခါတွင် ဘယ်လိုမှ ထိန်းနိုင်တော့မည် မဟုတ်။ အဆောက်အအုံကြီးတစ်ခုလုံးသို့ ကူးစက် လောင်ကျွမ်းသွားပေလိမ့်မည်။

တစ်စုံတစ်ယောက်က မီးနှင့် စီးကရက်တိုကို အမှိုက်ပုံဘက်သို့ အမှတ်တမဲ့ လွှင့်ပစ်ခဲ့ရာမှ မတော်တဆ မီးလောင်ခြင်းအဖြစ် ယူဆကြမည်။

အမှိုက်များ ထည့်ထားသည့် အိတ်ကို သူ ပြန်ပိတ်လိုက်သည်။ အထဲမှာလိုက်ပြီး လောင်နေစေရန် ဖြစ်သည်။ သူ့နှာခေါင်းထဲသို့ မီးခိုးနံ့များ လုံးခနဲ ဝင်လာသည်။

အဆောက်အအုံပေါ်မှ သူ ကမန်းကတန်း ပြေးဆင်းခဲ့သည်။ လူသူကင်းနေသည့် လမ်းအတိုင်း ဘူတာရုံဆီသို့ လျှောက်လာသည်။

အာသာ အိမ်ပြန်ရောက်လာတော့ ဂလိုရီသည် ခုံရှည်ပေါ်မှာ ထိုင်ပြီး စာအုပ်တစ်အုပ်ဖတ်နေသည်။

အလွန်လှပသည့် အပြာရောင် အင်္ကျီကလေးကို ဝတ်ထားသည်။ ဇစ်ကိုလည်ပင်း လုံသည်အထိ ဆွဲတင်နိုင်သော အင်္ကျီ ဖြစ်သည်။

ဂလိုရီ ဖတ်နေသော စာအုပ်မှာ ၁၅ ဒေါ်လာနှင့် ၉၅ ဆင့် ပေးရသည့် ရောင်းအကောင်းဆုံး စာရင်းဝင် ဝတ္ထုစာအုပ် ဖြစ်သည်။

အာသာ၏ တစ်သက်တွင် တစ်ဒေါ်လာတန်ထက် ပိုသည့် စာအုပ်ကို တစ်ခါမှ မဝယ်ဖူးချေ။ ဂလိုရီနှင့် သူ တွေ့ပြီးသည့် နောက်ပိုင်းတွင်လည်း အဟောင်းဆိုင်များမှာသာ သူတို့ စာအုပ်ဝယ်ကြသည်။

စာအုပ် ကိုယ်စီနှင့် စာထိုင်ဖတ်ရခြင်းသည် သူတို့အဖို့ အပန်းဖြေအနားယူခြင်း ဖြစ်လေသည်။

ယခု စာအုပ် အသစ်ကျပ်ချွတ်မှာ ဂလိုရီ၏ ရုံးမှ မိန်းကလေးများက သူ့ကို လက်ဆောင်ပေးလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဂလိုရီက သူ့အတွက် ညစာကို အဆင်သင့် ပြင်ဆင်ထားပေးသည်။ သို့သော်လည်း ခရစ္စမတ်ညစာကို သူ တစ်ယောက်တည်း မစားလိုပါ။

ဂလိုရီကို ခေါ်တော့ သူမ မဆာသေးဟု ပြောသည်။ တစ်စုံတစ်ရာကို အလေးအနက် တွေးနေပုံရသည်။ မကြာခဏလည်း သူ့ကို စိုက်ကြည့်နေသည်။ ထိုသို့ စိုက်ကြည့်နေကြောင်း သူ အကြိမ်ကြိမ် မြင်လိုက်ရသည်။

ဂလိုရီ၏ မျက်လုံးများသည် တစ်စုံတစ်ရာကို စူးစမ်းနေသည်။ ပြီးတော့ အခက်အခဲ တစ်ခုခုနှင့် ကြုံတွေ့နေရသည့် အရိပ်အယောင်များလည်း ပါသည်။

ထိုမျက်လုံးများကို မြင်ရတော့ မစ္စက်ဟားနစ်က သူ့ကို ကြည့်သည့် အမူအရာကို သွားသတိရမိလေသည်။ သူ့ကို ကြောက်နေသည့် ပုံမျိုး ဖြစ်သည်။ ဂလိုရီအနေဖြင့် သူ့ကို ကြောက်နေတာမျိုး မဖြစ်စေချင်ပါ။

"မင်းဖို့ လက်ဆောင်ပါလာတယ်၊ မင်း သဘောကျမယ် ဆိုတာ ငါ သိတယ်"

မနေ့တုန်းက ဈေးသို့ သူ သွားသည်။ ရက်ဂက်ဒီအင်န် အရုပ်ကလေး အတွက် ခါးစည်းအဝတ် အသစ်ကလေး တစ်ခု ဝယ်သည်။ ယခင် ခါးစည်းဝတ် ဟောင်းက သွေးစွန်းပြီးနောက် ပက်ထရီရှာထရေးမိုး၏ အိမ်ထဲမှာ ပျောက်၍ ကျန်ရစ်ခဲ့သည်။ ထိုနေရာမှာ အစားထိုးသည်။

ထိုအရုပ်ကလေးကို ကျကျနန ထုပ်ပြီး သူ ယူလာခဲ့ခြင်း ဖြစ်လေသည်။

"ဖေဖေ့ကို ပေးဖို့ ကျွန်မမှာလည်း လက်ဆောင် ရှိတယ်"

ဟု ဂလိုရီကလည်း ပြန်ပြောသည်။

လက်ဆောင်ပစ္စည်းချင်း လဲကြသည်။ သူတို့ မျက်နှာ အမူအရာများက တည်တည်ကြီးများ ဖြစ်နေကြသည်။

"မင်း အရင်ဖွင့်"

အာသာက ပြောသည်။ အရုပ်ကလေးကို မြင်လိုက်ရသောအခါ ဂလိုရီ၏ မျက်နှာပေါ်တွင် မည်သို့သော အမူအရာ ပေါ်သွားသည်ကို သူ ကြည့်ချင်သည်။ သူ အရမ်းကြီး ပျော်ပေလိမ့်မည်။

"ကောင်းပါပြီ"

ဂလိုရီက ပြုံးသည်။ သူ့ဆံပင်အရောင်များ ဖျော့သွားသည်ကို အာသာ သတိထားမိသည်။ သူ နေမကောင်းဖြစ်နေသလားဟု တွေးကြည့်မိသည်။

ဖဲကြိုးကလေးကို သူ ဂရုတစိုက် ဖြေသည်။ ပြီးတော့ စက္ကူများကို တွန်းဖွင့်လိုက်သည်။

"ဘာလေးပါလိမ့်... အိုး... ဖေဖေ"

ဂလိုရီ အထိတ်တလန့် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဖေဖေ ပြန်တွေ့ပြီကိုး… ခါးစည်းအသစ်ကလေးက လှလိုက်တာ နော်"

ဂလိုရီ အရမ်း စိတ်ချမ်းသာသွားပုံရသည်။ ပြီးတော့ သူ တွေတွေကလေး ဖြစ်သွားသည်။

"ဝမ်းနည်းကြေကွဲနေတဲ့ ဒီမျက်နှာကလေးကို ကြည့်ပါဦး၊ ဘယ်လောက် သနားစရာ ကောင်းလိုက်သလဲ နော်၊ တစ်ချိန်တုန်းက ကျွန်မကိုယ်တိုင်လည်း ဒီလိုပဲ ဝမ်းပန်းတနည်း ဖြစ်ခဲ့ဖူးတယ်၊ အဲဒီအကြောင်းကို ပြန်စဉ်းစားရင်း ကျွန်မ မျက်နှာနဲ့ တူအောင် ဆေးရောင်ခြယ်ထားတာ၊ အဲဒီအချိန်တုန်းက ကျွန်မလည်း အရမ်းနေမကောင်း ဖြစ်နေတယ်၊ ဟုတ်တယ်နော်"

"မင်း သူ့နဲ့ အတူတူ ပြန်အိပ်တော့မှာ မဟုတ်လား၊ ဒါကြောင့် ဒီအရုပ်ကလေးကို မင်း လိုချင်နေတာ မဟုတ်လား"

"အို… မဟုတ်ပါဘူး ဖေဖေ၊ မဟုတ်ပါဘူး၊ သူ့ကို ကျွန်မ ကြည့်နေချင်လို့ပါ၊ ဖေဖေ့ လက်ဆောင်ထုပ်ကလေးကို ဖွင့်လိုက်ဦးလေ၊ ဖေဖေ ပျော်သွားလိမ့်မယ်လို့ ကျွန်မ ထင်တယ်"

လှပသော အပြာနှင့် အဖြူရောင် သိုးမွေးဆွယ်တာကလေး ဖြစ်သည်။

"ဖေဖေ့အတွက် ကျွန်မကိုယ်တိုင် ထိုးပေးတာ၊ ဆွယ်တာတစ်ထည် ပြီးသွားအောင် ထိုးနိုင်တယ်ဆိုတော့ ကျွန်မ နေကောင်းသွားပြီလို့ ဆိုလိုတာပေါ့ ဖေဖေ၊ ဒါကြောင့် ကျွန်မ လမ်းကိုပဲ ကျွန်မ ဆက်လျှောက်ရတော့မယ်၊ အခု အချိန်ကျပြီ၊ မဟုတ်ဘူးလား ဖေဖေ"

ဂလိုရီက အလွန်ပျော်ရွှင်သည့် လေသံကလေးဖြင့် သူ့ကို ရှင်းပြနေလေသည်။ တကယ်လည်း သူ ပျော်နေခြင်း ဖြစ်သည်။

"ငါကတော့ မင်းကို ဒီအတိုင်းပဲ နေစေချင်ပါတယ်၊ မင်းကို အခုလိုပဲ စောင့်ရှောက်သွားချင်တယ်"

"ဒါပေမဲ့ သိပ်မကြာတော့မယ့် အချိန် တစ်ချိန်ချိန်မှာ အဲဒီလိုနေဖို့ ဖြစ်နိုင်တော့မှာ မဟုတ်ဘူးလေ"

ဂလိုရီ ဘာကို ဆိုလိုကြောင်း သူတို့ နှစ်ယောက်စလုံး သိကြလေသည်။ ယခု သူ့ကို ပြောပြဖို့ အချိန်ကျပြီ။

"ဂလိုရီ…"

အာသာက အထူးဂရုစိုက်ပြီး ပြောသည်။

"သိပ်အရေးကြီးတဲ့ အထူးတာဝန်တစ်ရပ် ထမ်းဆောင်ဖို့ ဒီကနေ့ ငါ့ကို တာဝန်ပေးတယ်၊ တင်နက်ဆီပြည်နယ်မှာ ရှိတဲ့ လူအိုရဲ့ အတော်များများမှာ အလုပ်သမား အရမ်းလိုနေတယ်၊ အထူးသဖြင့် အအိုးအိမ် အဘွားအိုများအပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ငါလို ကြင်ကြင်နာနာ ပြုစုမယ့်လူမျိုး လိုနေတယ်၊ ဒါကြောင့် လူကြီးတွေက ငါ့ကို အဲဒီ လွှတ်နေတယ်၊ ကြိုက်တဲ့ လူအိုရုံ တစ်ရုံရုံမှာ ဝင်လုပ်ဖို့ ပြောနေတယ်"

"ပြောင်းရမှာလား… ထပ်ပြောင်းရဦးမှာလား"

ဂလိုရီမှာ အတော်တုန်လှုပ်သွားသည်။

"ဟုတ်တယ် ဂလိုရီ… ငါဟာ ဘုရားသခင်ရဲ့ အလုပ်တွေကို လုပ်ခဲ့တာပါ၊ အခု တစ်ခါတော့ မင်းရဲ့ အကူအညီကို ငါ တောင်းရတော့မယ်၊ မင်းကြောင့် ငါ အများကြီး စိတ်ချမ်းသာရတယ်၊ ကြာသပတေးနေ့ မနက်ပိုင်းမှာ တို့ ပြောင်းကြရအောင်"

ထိုနေ့ မနက်လောက်အထိတော့ သူ့အဖို့ လုံခြုံမှု အပြည့်အဝ ရနေသည် ဖြစ်ကြောင်း သူ သေချာပေါက် သိထားသည်။

မီးလောင်မှုကြောင့် အကြီးအကျယ် ရှုပ်ထွေးကုန်မည်။ သူနှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာများလည်း လူအိုရုံမီးထဲမှာ အားလုံး ပါသွားမည်။ သို့ဆိုလျှင် အလုပ်တစ်ခုနှင့် တစ်ခုကြား အချိန်အများကြီး ခြားနေသည့် အထောက်အထားများကိုလည်း ရဲများအနေဖြင့် ရှာဖွေတွေ့ရှိနိုင်တော့မည် မဟုတ်။

ကျမ်းစာသင်ကျောင်းမှ ထွက်လာပြီး သူ အကြာကြီး ပျောက်နေသည့် ကာလမှတ်တမ်းမှ မရှိ။ ထိုသို့ မှတ်တမ်း မရှိသည့်အတွက် နောက်ကြောင်းများ လိုက်လာနိုင်သည်။

မစ္စက်ဂေးလက်စ်ဝိုင်း သေဆုံးမှုနှင့် ပတ်သက်၍ ရဲက သူ့ကို စစ်ဆေးမေးမြန်းလိုသည့် အချိန်တွင် သူနှင့် ဂလိုရီသည် တစ်ရပ်တစ်ကျေးသို့ ရောက်နေပြီ လိုအပ်နေသည်။

ဂလိုရီက အကြာကြီး ငြိမ်နေသည်။ အတော်ကြာမှ စကားပြောသည်။

"ဖေဖေ… ဗုဒ္ဓဟူးနေ့ည လွှင့်ထုတ်မယ့် ရုပ်မြင်သံကြား အစီအစဉ်ထဲမှာ ကျွန်မ ဓာတ်ပုံ ပါနေမယ်ဆိုရင် ကျွန်မ ဆိုင်ရာမှာ သွားပြီး အဖမ်းခံလိုက်တော့မယ်။ သူတို့ လွှင့်ထုတ်လိုက်ရင် တစ်ပြည်လုံးမှာ ရှိတဲ့ လူတွေက ကျွန်မပုံကို မြင်သွားကြမယ်။

အဲဒီလိုဆိုရင် အခုအတိုင်း ကျွန်မ သွားချင်ရာ သွားနေလို့ ရတော့မှာ မဟုတ်ဘူး၊ တစ်ယောက်ယောက်က ကျွန်မကို မြင်သွားရင် ကျွန်မ ဘယ်သူလဲ ဆိုတာ မှတ်မိသွားမှာ သေချာတယ်၊ ကျွန်မ ဓာတ်ပုံကို သူတို့ မထုတ်လွှင့်ရင်တော့ ဖေဖေနဲ့ အတူတူ ကျွန်မ လိုက်လာနိုင်ပါတယ်"

ဂလိုရီ၏ နှုတ်ခမ်းများ တွန့်သွားလေသည်။ သူ မျက်ရည်ကျလုလု ဖြစ်နေကြောင်း အာသာက သိလိုက်သည်။

ထို့ကြောင့် သူ့အနားသို့ ထသွားပြီး ဂလိုရီ၏ ပါးကို အသာပုတ်လိုက်သည်။ ကြာသပတေးနေ့အထိ စောင့်နေရသည့် တစ်ခုတည်းသော အကြောင်းရင်း

www.burmeseclassic.com

www.burmeseclassic.com



သည် ထိုရုပ်မြင်သံကြား အစီအစဉ်ကြီးကြောင့် ဖြစ်ကြောင်းကိုတော့ ဂလိုရီကို သူ ပြောမပြနိုင်ချေ။

ဂလိုရီ ငိုချလိုက်သည်။

"ဖေဖေ… ကျွန်မ ဒီမှာ နေရတာ ပျော်စပြုလာပါပြီ၊ ဖေဖေ့ကို သူတို့ ရိုင်မိတဲ့အတွက် အခုလို တစ်နေရာပြီး တစ်နေရာ မနားတမ်း ပြောင်းရွှေ့သွားနေရတာဟာ တရားတယ်လို့ ကျွန်မတော့ နည်းနည်းလေးမှ မထင်ဘူး"

❑

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၄ ]

မွန်းလွဲ ၁ နာရီနှင့် မိနစ် ၃၀ အချိန်တွင် လိုင်လာသည် ပက်၏ တံခါးခေါင်းလောင်းကို တီးလိုက်လေသည်။ အထုပ်ကလေး တစ်ထုပ်ကိုလည်း သူ ယူလာသည်။

"မဲရီး ခရစ္စမတ်"

တံခါး လာဖွင့်ပေးသော ပက်ကို သူက နှုတ်ဆက်သည်။

"မဲရီး ခရစ္စမတ်… အိမ်ထဲကို ကြွပါရှင်"

လိုင်လာ အလည်လာသည့်အတွက် ပက် အရမ်းပျော်သွားလေသည်။ အယ်လီနာ အဖမ်းခံမည့် ကိစ္စကို လူသာအား ပြောပြသင့်၊ မသင့် သူ မဝေခွဲနိုင်အောင် ဖြစ်နေသည်။ နောက်ပြီးတော့ ကက်သရင်းဂရာနေ အကြောင်းနှင့် ပတ်သက်၍လည်း သူ့ကို မည်သို့ ပြောရမည်နည်းဟု စဉ်းစားမရအောင် ဖြစ်နေသည်။

သူတို့ အစီအစဉ်အတိုင်း ထုတ်လွှင့်လျှင် ကက်သရင်းဂရာနေက သူတို့ကို တရားစွဲမှာ သေချာသည်။ ထိုသို့ တရားစွဲလျှင် လူသာ အကြီးအကျယ် နစ်နာသွားနိုင်သည်။

ထိုသို့သော အချိန်မျိုးတွင် လိုင်လာ ရောက်လာခြင်း ဖြစ်လေသည်။

"အကြာကြီး မနေပါဘူး၊ တစ်မိနစ်လောက်ပါ၊ မင်းကို သစ်သီးလက်ဆောင်ကလေး ပေးချင်လို့၊ ငါ့လက်ရာတွေထဲမှာတော့ ဒီမုန့်က အကောင်းဆုံးလေ"

လိုင်လာက ပြောသည်။

ပက်က လိုင်လာ၏ ကိုယ်လုံးကို အားရပါးရ ဖက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုလို လာတာ ကျွန်မ ဝမ်းသာလိုက်တာ၊ ခရစ္စမတ်နေ့ကြီးမှာ ...ယောက်တည်း နေရတာ ကြောင်လွန်းလို့၊ ရှယ်ရီအရက်ချိုလေး တစ်ခွက် ...ာက်တော့ သောက်ဖို့ အချိန်ရပါသေးတယ် နော်"

လိုင်လာက သူ၏ လက်ပတ်နာရီကို ပြန်ကြည့်သည်။

"၂ နာရီထိုးဖို့ ၁၀ မိနစ် အလိုမှာတော့ ဒီအိမ်ကနေ ထွက်မှဖြစ်မယ်"

ဟုလည်း ပြောသည်။

ပက်က လိုင်လာကို ဧည့်ခန်းထဲသို့ ခေါ်သွားသည်။ မုန့်ကို ပန်းကန်ထဲမှာ ...ည့်သည်။ ဓားနှင့် ဖန်ခွက်များ သွားယူသည်။ ပြီးတော့ ရှယ်ရီအရက် ငှဲ့ထည့် ...ည်။ သစ်သီးကိတ်မုန့်ကို အရုပ်ကလေးများ လှီးသည်။

"ကောင်းလိုက်တာ၊ အရမ်း အရသာရှိတာပဲ"

မုန့်ကို မြည်းကြည့်ပြီး ချက်ချင်း ပြောသည်။

"တကယ် ကောင်းတယ်နော်"

လိုင်လာက ပြောရင်း အခန်းပတ်လည်ကို လှည့်ကြည့်သည်။

"ဒီအခန်းထဲမှာ တချို့ဟာတွေ မင်း နေရာပြင်ထားလိုက်တာကိုး"

"ပန်းချီကား နှစ်ချပ်ကို နေရာရွှေ့ချိတ်လိုက်တယ်၊ နေရာမှားနေတာ ...ျွန်မ သဘောပေါက်လာတယ်"

"ဘယ်လောက်အထိ မင်း ပြန်အမှတ်ရနေပြီလဲ"

"နည်းနည်းပါးပါးပဲ၊ ကျွန်မ စာကြည့်ခန်းထဲမှာ ထိုင်အလုပ်လုပ်နေရင်း ...စ်ခုခုက နှိုးဆော်သလို ဖြစ်ပြီး ဒီအခန်းထဲကို ဝင်လာခဲ့တယ်၊ ဒီအခန်းထဲ ...ောက်ရောက်ချင်း အဲဒီပန်းချီကား နှစ်ချပ် နေရာမှားနေတယ်လို့ စိတ်ထဲမှာ ...လိုလို သိလာတယ်"

"တခြား ဘာရှိသေးသလဲ ပက်၊ ဒီထက် ပိုသိတာတွေများ ရှိပြီလား"

"မှတ်မိတာတွေက အစကလေးတွေ ဖြစ်နေတယ်၊ ပြည့်ပြည့်စုံစုံ တစ်ခုမှ ...ဟုတ်ဘူး၊ ဘာကြောင့် အဲဒီလို ဖြစ်နေတယ် ဆိုတာကိုလည်း ကျွန်မ မသိဘူး"

ပက်က ရိုးရိုးသားသား ပြောသည်။

"ပက်… မင်း ဒီအိမ်ကြီးမှာ မနေပါနဲ့ကွယ်၊ အိမ်ခန်းတစ်ခုခုကို ...ပြောင်းပါ၊ ဒါမှမဟုတ်ရင် ဟိုတယ်တစ်ခုခုကို ပြောင်းပါ"

လိုင်လာက လက်အုပ်ကလေး ချီပြီး တောင်းပန်ဟန် ပြုသည်။

"ကျွန်မ မပြောင်းနိုင်ဘူး လိုင်လာ၊ ဒါပေမဲ့ ကျွန်မကို အခု ကူညီပါ၊ ...ရစ္စမတ်ပွဲတော်ရက်မှာ ဒီအခန်းထဲကို ရှင် ရောက်ခဲ့ဖူးသလား၊ အဲဒီတုန်းက ...ဘယ်လိုနေသလဲ ဟင်"

ပက်က မေးသည်။

"နောက်ဆုံးနှစ်မှာ ငါ ရောက်လာတုန်းက မင်းက ၃ နှစ်ခွဲပဲ ရှိသေး ...တယ်၊ ဒါပေမဲ့ ခရစ္စမတ်ပွဲတော် ဆိုတာ ဘာဖြစ်ကြောင်းတော့ နားလည်နေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



မင်းအဖေနဲ့ အမေက မင်းနဲ့ အရုမ်းပျော်နေကြတယ်၊ အဲဒီနေ့ဟာ သူတို့ တထော ပျော်နေကြတဲ့ နေ့ပဲ''

''အဲဒီနေ့အကြောင်းကို ကျွန်မ နည်းနည်းပါးပါး ပြန်မှတ်မိတယ်၊ ကျွ မှာ လမ်းလျှောက်တတ်တဲ့ အရုပ်ကလေး ရှိတယ်လေ၊ အဲဒီအရုပ်ကလေးနဲ့ အတူ လမ်းလျှောက်ဖို့ ကျွန်မ ကြိုးစားနေခဲ့တယ်၊ အဲဒါတွေရော မှန်ရဲ့လား ဟင်''

''မှန်တယ်၊ မင်းမှာ လမ်းလျှောက်လို့ရတဲ့ အရုပ်ကလေး တစ် ရှိတယ်''

''ကျွန်မ အမေက အဲဒီနေ့ခင်းမှာ စန္ဒရားတီးတယ်လေ၊ ဟုတ်တယ် မဟုတ်လား''

''ဟုတ်တယ်''

ပက်က စန္ဒရား ရှိရာသို့ လျှောက်သွားသည်။ အဖုံးဖွင့်သည်။

''အဲဒီ ခရစ္စမတ်ပွဲတော် နေ့တုန်းက ကျွန်မ အမေ ဘာသီချင်း တီးခဲ့တယ် ဆိုတာကိုရော မှတ်မိသေးသလား ဟင်''

''မှတ်မိတာပေါ့၊ သူ အကြိုက်ဆုံး ခရစ္စမတ်ပွဲတော် သီချင်းပဲ၊ ခရစ္စ ပွဲတော်ရဲ့ ခေါင်းလောင်းများ ဆိုတဲ့ သီချင်း''

''ဟုတ်ကဲ့၊ ကျွန်မ သိပါတယ်၊ ဗရိုနီကာက ကျွန်မကို အဲဒီသီချ တက်ထားစေချင်တယ်၊ ကျွန်မရဲ့ အဘွားလည်း အဲဒီသီချင်းကို သိပ်ကြိုက်တယ် ဗရိုနီကာက ပြောပါတယ်''

ပက်၏ လက်ချောင်းကလေးများသည် စန္ဒရားခလုတ်များပေါ် ဖြည်းဖြည်းချင်း စတင် ပြေးလွှားကြလေသည်။

လိုင်လာက သူ့ကို ကြည့်ပြီး သေသေချာချာ နားထောင်နေသည်။

နောက်ဆုံး တီးလုံးများ ကွယ်ပျောက်သွားသောအခါ လိုင်လာက ပြောသည်။

''မင်းအမေရဲ့ လက်ကွက်တွေနဲ့ အရမ်းတူတာပဲ၊ မင်းဟာ အ သမီးပဲလို့ တစ်ခါတုန်းက ငါ ပြောဖူးတယ် မဟုတ်လား၊ အခု မင်းကို ကြည့် တော့မှ မင်းဟာ အဖေနဲ့ အရမ်းတူတာကို ပိုပြီး သတိထားမိလာတယ်၊ မင်းအ ကောင်းကောင်း သိပြီး ရင်းနှီးခဲ့တဲ့ လူတစ်ယောက်ဆိုရင် မင်းဟာ ဒင်းအ ရဲ့ သမီးဖြစ်ကြောင်း သေချာပေါက် ဆက်စပ်ယူနိုင်မှာပဲ။

ညနေ ၃ နာရီထိုးတော့ ပိုတို့မက် ရုပ်မြင်သံကြားဌာနမှ အင်ဂျင်နီယာများ များနှင့် ကင်မရာဆရာများသည် ဆီးနိတ်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျ ၏ အိမ်သို့ ရောက်ရှိကြသည်။ အက်ဘီဂေးလ်၏ ခရစ္စမတ်နေ့ အထိမ်းအ သစာစားပွဲကို ရုပ်မြင်သံကြား ရိုက်ကူးရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းနှင့် ထမင်းစားခန်းထဲတွင် မီးနှင့် ကင်မရာများ သူတို့ ပြင်ဆင်...ကြသည်ကို တိုဘီက လင်းယုန်မျက်လုံးဖြင့် အလစ်မပေးစတမ်း စောင့်ကြည့်...လေသည်။

· သူတို့ကို မသင်္ကာသောကြောင့် စောင့်ကြည့်နေသည့် ပုံမျိုးတော့ မဟုတ်။ ...ခွဲ ကုလားထိုင်များ မကျိုးမပဲ့စေရန် အပွန်းအရှ အခြစ် မဖြစ်စေရန် စောင့်ကြည့်...သည့် သဘောမျိုး ဖြစ်သည်။

သည်အိမ်ထဲတွင် ရှိနေသော ပစ္စည်းများအပေါ် အက်ဘီ အဘယ်မျှ...စ်ဖိုးထားကြောင်းကို သူ သိသည်။

ပက်ထရေးမိုးနှင့် လူသာပယ်လ်ဟာမ်းတို့ နှစ်ယောက် ရောက်လာကြ...သည်။ သို့သော် ၂ မိနစ်လောက် ခြားပြီး တခြားစီ ရောက်လာကြခြင်း ဖြစ်သည်။

ပက်က အဖြူရောင် သိုးမွေးဝတ်စုံကို ဝတ်လာသည်။ လှပသော သူ၏ ...ကိုယ်လုံးကိုယ်ပေါက် ကောင်းကောင်းကြီးပေါ်လွင်နေသော ဝတ်စုံ ဖြစ်လေသည်။

ဆံပင်ကို ထုံးပြီး အလှပြင်လာသည်။

သူ သည်လို ဝတ်စားဆင်ယင်သည်ကို တိုဘီ တစ်ခါမှ မမြင်ဖူးချေ။ ...က်၏ ရုပ် တစ်မျိုး ပြောင်းသွားသည်။ ပြောင်းသွားသော ရုပ်ကို မြင်ဖူးသလိုလို ...နေသည်။ ဘယ်သူနဲ့များ တူနေပါလိမ့်။ သူ့ကို မြင်လိုက်ရတော့ ဘယ်သူ့ကိုများ ...ားအမှတ်ရနေမိပါလိမ့်... ။

တိုဘီ အပြင်းအထန် စဉ်းစားကြည့်နေသည်။

ပက်ကို ကြည့်ရသည်မှာ စိတ်လှုပ်ရှားပုံ မပေါ်။ တည်ငြိမ်အေးဆေးနေ...သည်။

သို့သော် ပယ်လ်ဟာမ်းကတော့ သည်လို မဟုတ်။ သူ အိမ်ထဲသို့ ရောက်လျှင် ...ရောက်ချင်း ကင်မရာဆရာ တစ်ယောက်ကို အော်ဟစ် ငေါက်ငမ်းလေတော့သည်။

အက်ဘီဂေးလ်လည်း စိတ်လှုပ်ရှားနေသည်။ သူ့ကိုယ်သူ ထိန်းသော်လည်း ...ထိန်း၍ မရ။ ပက်ထရေးမိုးနှင့် ပြဿနာကလေး တက်လိုက်သေးသည်။

ပက်က ကိုယ်ယူ ကိုယ်စား ထမင်းစားပွဲပေါ်၌ ပြင်ဆင်ထားသည်များကို ...အက်ဘီဂေးလ်အား စစ်ဆေးစေချင်သည်။ ထိုသို့ စစ်ဆေးပြီး အချို့ပန်းကန်များအား ...နေရာပြင် ချထားစေသည်ကို ရုပ်မြင်သံကြား ရိုက်လိုသည်။

အက်ဘီဂေးလ်က သူ့အစားအသောက်များကို စောစောစီးစီး ထုတ်ပြီး ...ပြင်ဆင်လို။

"ဆီနိတ်တာ... ဒီအကွက်ကို အခုအချိန်မှာ ရိုက်ထားမှ အကောင်းဆုံး ...ဖြစ်လိမ့်မယ်၊ တော်တော်ကြာ ဧည့်သည်တွေ ရောက်လာရင် ရှင့်ပတ်လည်မှာ ...ည့်သည်တွေ ဝိုင်းနေလိမ့်မယ်၊ စားပွဲကို ကြည့်ရှုစစ်ဆေးချိန် ရမှာ မဟုတ်ဘူး။ ...ကြောင့် အခုအချိန်မှာ ရိုက်တာက ပိုပြီး လွယ်ကူလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပက်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"အပြာရုပ်ရှင်ကားထဲကလို ငါ့ပတ်လည်မှာ ဧည့်သည်တွေ ဝိုင်းအုံရ
တာမျိုး ငါ အဖြစ်မခံနိုင်ဘူး"

အက်ဘီဂေးလ်က ခပ်ရွှာရွှာ ပြန်ပက်ပစ်လိုက်သည်။ စကားလုံးက
ကြမ်းတမ်းလှသည်။

"ဒီလိုဆိုရင် ဒီစားပွဲကိုပဲ ကျွန်မတို့ အခု စပြီးရိုက်ကြစို့"

ပက်သည် တစ်စုံတစ်ခုကို သူ လိုချင်ပြီ ဆိုလျှင် လွယ်လွယ်နှင့် အ
ပေးသွားတတ်သည့် မိန်းကလေးမျိုး မဟုတ်ကြောင်း တိုဘီက သတိထားလို
လေသည်။

အစားအသောက်များ အားလုံးကို အက်ဘီဂေးလ် ကိုယ်တိုင် ပြင်
ချက်ပြုတ်ကြောင်း လူသာပယ်လ်ဟမ်းက မှတ်ချက်စကား ပြောသည်။

ထိုကိစ္စနှင့် ပတ်သက်၍လည်း အငြင်းအခုံပွဲကလေး တစ်ပွဲ ဖြစ်ကြ
သည်။

မီးဖိုချောင်ထဲမှာ အက်ဘီဂေးလ် အလုပ်လုပ်နေသည်ကို ပက်က ရ
သံကြား ရိုက်ချင်သည်။

"ဆီနိုက်တာ… ညည့်ခံပွဲတစ်ခု လုပ်တော့မယ်ဆိုရင် ချက်ပြုတ်ကြေ
တတ်သူ တစ်ယောက်ကို ဖုန်းကလေးဆက်ပြီး ခေါ်လိုက်တာပဲလို့ ရှင်နဲ့ ပ
ပြီး လူတွေက ထင်နေကြတယ်၊ ဒါပေမဲ့ မိန်းမတိုင်းဟာ တစ်နေ့အတွက်
သုံးနပ်ကို သူတို့ကိုယ်တိုင် ပြင်ဆင် ချက်ပြုတ်နေကြရတယ်၊ အဲဒီလိုအချိန်
ရှင့်ရဲ့ ညစာ စားပွဲကြီးအတွက် ရှင့်ကိုယ်တိုင် စီမံပြင်ဆင် ချက်ပြုတ်တယ်
ကို အဲဒီမိန်းမတွေ သိသွားကြရင် ဘယ်လောက်များ ရှင့်အပေါ် အထ
ချစ်ခင်သွားကြမလဲ၊ ချက်ရပြုတ်ရတာ ဝါသနာပါတယ် ဆိုတာ လူတွေအ
အထူးအဆန်း ကိစ္စကြီးတစ်ရပ်မှ မဟုတ်ဘဲ"

အက်ဘီဂေးလ်ကတော့ ဖွတ်ငြင်းသည်။

သို့သော် ပက်က မလျှော့တမ်း တိုက်တွန်းနေသည်။

"ဆီနိုက်တာ… ကျွန်မတို့ အားလုံး ဒီကို ရောက်နေကြရတဲ့ တစ်
သော ရည်ရွယ်ချက်က ရှင်ဟာ သူလို ကိုယ်လို သာမန်လူသား တစ်ယေ
ဖြစ်ပါတယ် ဆိုတာကို တိုင်းသူပြည်သား အားလုံး သိနားလည်သွားကြဖို့ပဲ
တယ်"

နောက်ဆုံးတွင် ပက်ထရေးမိုးတို့ တင်ပြသည့် အစီအစဉ်အတိုင်း
သရုပ်ဆောင်ပေးရန် တိုဘီက ဝင်ပြီး တိုက်တွန်းပေးရလေသည်။

"ကဲ… လာပါ၊ သူတို့ ပြောတာကို လက်ခံပြီး သရုပ်ဆောင်လို
ဆီနိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ခါးစည်း အဝတ်ကလေး တပ်ဆင်ရန်ကိုလည်း အက်ဘီဂေးလ်က ငြင်းသည်။ လှလှပပ ချုပ်ထားသည့် ဝတ်စုံကလေး၏ အလှကို အဖုံးမခံနိုင်ဟု ပြောပြီး ငြင်းဆန်သည်။

သို့သော်လည်း အစားအသောက်များကို သူ စတင် ပြင်ဆင်သောအခါ သူ့ လုပ်ပုံကိုင်ပုံ၊ လက်အနေအထား၊ ကျွမ်းကျင်မှုများကို ကြည့်ခြင်းအားဖြင့် အက်ဘီဂေးလ်သည် ကောင်းစွာ သင်ယူတတ်မြောက်ထားသည့် ထမင်းချက်ကောင်း တစ်ယောက် ဖြစ်ကြောင်း မြင်ရသူတိုင်း ချက်ချင်း အကဲခတ်မိကြလေသည်။

ထမင်းချက်တစ်ယောက်အဖြစ် အလွန်နာမည်ကြီးခဲ့သော ဖရင်ဆေဖော်စတာ ၏ သမီးဖြစ်သည် ဆိုတော့ သည်လောက်တော့ ဖြစ်ရပေမည်ပေါ့ဟု တိုဘီက စဉ်းစားနေသည်။

ကင်မရာသမားများက ရုပ်မြင်သံကြား စတင်ရိုက်ကူးကြသောအခါတွင် အက်ဘီဂေးလ်မှာ နေသာထိုင်သာ ရှိသွားလေသည်။ တစ်နေရာမှာသာ နှစ်ခါ ပြန်ရိုက်ရသည်။

"ဆီနိုတ်တာ... ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့ လိုချင်တာ ရပြီဆိုတာ သေချာပါတယ်၊ အင်မတန်ကို ကောင်းပါတယ်၊ အဲဒီတော့ ဆီနိုတ်တာ စိတ်မရှိဘူး ဆိုရင် အဝတ်အစားကလေး လဲလိုက်စေချင်တယ်၊ ညေ့ခံပွဲမှာ ဝတ်ဖို့ ရှင် စိတ်ကူးထားတဲ့ ဘာမဆို ဝတ်ပါ၊ နောက်အဝတ်အစားနဲ့ အခန်းတွေကို တကယ့် ညေ့ခံပွဲမှာ ကျွန်မတို့ ရိုက်ယူပါ့မယ်"

ဟု ပက်က ပြောသည်။

အက်ဘီဂေးလ် ဘာများ ဝတ်လာလေမည်နည်း ဆိုသည်ကို တိုဘီက အရမ်းစိတ်စောနေသည်။ မတော်တရော်တွေ ဝတ်လာမည်ကို စိုးရိမ်နေသည်။

သို့သော် အက်ဘီဂေးလ်ကတော့ လေကလေး တချွန်ချွန် စိတ်အေး လက်အေး အဝတ်လဲနေသည်။

အဝတ်အစား လဲပြီး သူ ပြန်ထွက်လာသောအခါကျမှ တိုဘီ သက်ပြင်းချနိုင်လေတော့သည်။ အက်ဘီဂေးလ်သည် အလွန်သားနားလှပသည့် အဝတ်အစားဖြင့် ဣန္ဒြေရစွာ လှပနေသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်လေသည်။

မိတ်ကပ်ကတော့ အခါတိုင်းထက် ထူသည်ကို သတိထားမိသည်။

နောက်ပြီးတော့ အက်ဘီဂေးလ် အရမ်းပျော်နေသည်။ ဘာကြောင့် ထိုသို့ ပျော်နေခြင်း ဖြစ်ကြောင်း တိုဘီ သိသည်။

ဆမ်ကင်စလေက ညစာ စားပွဲကို သူ လာတက်မည် ဖြစ်ကြောင်း အနောက်ဘက်ကမ်းခြေ ပမ်းစပရိန်းမှနေ၍ ဖုန်းလှမ်းဆက်ပြီး အကြောင်းကြားထားသောကြောင့် ဒါလောက် ရွှင်မြူးနေခြင်း ဖြစ်ပါသည်။

မိမိကို ဆမ် သဘောမကျကြောင်း တိုဘီ သိသည်။ သို့သော်လည်း ဒါ ပြဿနာ မဟုတ်ပါ။ ဆမ်ရော ဘာသားနှင့် ထုထားတာမို့လဲ။ သူလည်း

www.burmeseclassic.com

www.burmeseclassic.com



တခြားယောက်ျားများထက် ပိုပြီး အချိန်ကြာကြာ အက်ဘီဂေးလ်နှင့် တွဲခွင့်ရမည် မဟုတ်။ အချိန်တန်တော့ အက်ဘီဂေးလ်က ကန်ထုတ်လိုက်မည်သာ ဖြစ်သည်။

အက်ဘီဂေးလ်သည် ယောက်ျားများကို နိုင်နင်းအောင် ကိုင်တွယ်နိုင်စွမ်း ရှိသည့် အမျိုးသမီးတစ်ယောက် ဖြစ်လေသည်။

တိုဘီကတော့ တခြား ဖြစ်သည်။ သူသည် အက်ဘီဂေးလ်၏ ဘဝ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ သူတို့နှစ်ယောက်ကတော့ သေမှပဲ သေကွဲ ကွဲကြမည့် သူ နှစ်ဦး ဖြစ်သည်။ အသက်ရှင်နေလို့ကတော့ မည်သည့်နည်းနှင့်မှ ကွဲစရာ အကြောင်းမရှိ။

တိုဘီ မရှိလျှင် အက်ဘီဂေးလ်သည်လည်း မရှိနိုင်တော့။ ဒါကို အက်ဘီဂေးလ် ကောင်းကောင်းသိထားလေသည်။

အစားအသောက် စားပွဲတွင် ပြင်ဆင်နေသည့် အက်ဘီဂေးလ်ကို ကြည့် ရင်း တိုဘီက အကြီးအကျယ် စိတ်မကောင်း ဖြစ်နေမိသည်။

ကျောင်းတုန်းကသာ သူ စာတော်ခဲ့လျှင် သည်ဘဝမျိုး ရောက်မည် မဟုတ်။ ဟိုစပ်စပ် သည့်စပ်စပ် မဟုတ်ဘဲ အင်ဂျင်နီယာတစ်ယောက်သော်လည်း ဖြစ်နေပေလိမ့်မည်။

ယခုမူ ဟိုနားစပ်စပ်၊ သည်နားစပ်စပ်ဖြင့် တကယ်တမ်းကျတော့ ဘယ် နေရာမှာမှ ဟုတ်တိပတ်တိ အသုံးမဝင်ချေ။

ပညာမတတ်လျှင် ထားဦး… ။

ယခုလို ပုံပျက်ပန်းပျက်ကြီး ဖြစ်မနေဘဲ ဂျရယ်မီဆောင်းဒါးစ် ဆိုသော အယုတ်တမာကောင်လို ချောမောမည် ဆိုလျှင်လည်း အက်ဘီက သူ့အပေါ် ကျကောင်း ကျနိုင်သေးသည်။

ယခုကတော့ ရုပ်ကလည်း မလှ၊ ပညာကလည်း မတတ်။

အတွေးပေါင်းစုံကို စိတ်ထဲမှ တွန်းထုတ်လိုက်ပြီး အလုပ်ဘက်သို့ အာရုံ ပြန်ဝင်စားသည်။

၅ နာရီတိတိတွင် ပထမဦးဆုံး မော်တော်ကားတစ်စီး မောင်းဝင်လာသည်။ ခဏကြာ တော့ အငြိမ်းစား ဗဟိုတရားရုံး တရားသူကြီးနှင့် ဇနီးတို့ အခန်းကြီးထဲသို့ ဝင် လာသည်။

"မဲရီး ခရစ္စမတ် ဒုတိယသမ္မတကြီး"

အငြိမ်းစား တရားသူကြီးက နှုတ်ဆက်သည်။

အခြား ဧည့်သည်များလည်း ဆက်တိုက် ရောက်လာကြသည်။ စားပွဲထိုး များက ရှမ်ပိန်များ လိုက်ထည့်ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရက်ပြင်းတွေကို နောက်ဆုံးမှ တိုက်ရင် ကောင်းမယ်"

ဟု လူသာက အကြံပေးထားသည်။

ဆမ်သည် နောက်ဆုံးပိတ်မှ ရောက်လာသော ဧည့်သည် ဖြစ်သည်။ အက်ဘီဂေးလ်က ကိုယ်တိုင် တံခါး သွားဖွင့်ပေးသည်။

ဆမ်၏ ပါးကို နမ်းပြီး နှုတ်ဆက်သည့် နှုတ်ဆက်အနမ်းမှာ အကြင်နာတွေ ပိုလွန်းသည်။

လူသာက ကင်မရာကို ထိုအကွက်အား မိမိရရ ရိုက်နိုင်ရန် ညွှန်ကြားနေသည်။

ပက်ကတော့ ထိုအဖြစ်ကို ကြည့်ပြီး အသည်းကွဲမတတ် ခံစားလိုက်ရသေးသည်။

ဆမ်နှင့် အက်ဘီဂေးလ်သည် လိုက်ဖက်ညီသော ထူးခြားသည့် အတွဲတစ်တွဲ ဖြစ်သွားသည်။ နှစ်ယောက်စလုံး ထောင်ထောင်မောင်းမောင်း ဖြစ်ကြသည်။

အက်ဘီဂေးလ်၏ နီညိုရောင်ဆံပင်သည် ဆမ်၏ နက်မှောင်သော ဆံပင်များနှင့် လည်းကောင်း၊ ဆမ်၏ ကွက်ကျားဖြူစပြုပြီ ဖြစ်သော ဆံပင်သည် အက်ဘီဂေးလ်၏ မျက်လုံးပတ်လည်တွင် ပေါ်နေပြီ ဖြစ်သည့် အရေးအကြောင်းများနှင့် လည်းကောင်း အတွဲညီသော လိုက်ဖက်ဖြစ်နေလေတော့သည်။

ဆမ်၏ ပတ်လည်မှာ လူတွေ ဝိုင်းနေကြောင်းနှင့် လူတိုင်းက ဆမ်၏ အနီးသို့ သွားလိုကြကြောင်း ပက် မြင်နေရသည်။

ဆမ်ကို ရိုးရိုးဆမ်အဖြစ်နှင့်ပဲ သူ မြင်ခဲ့သည်။ ဩဇာတိက္ကမကြီးသည့် ကျွန်ုပ်ရက်လွှတ်တော်အမတ် တစ်ယောက်အနေဖြင့် သူ မမြင်ခဲ့မိ။

အဖေနှင့် အမေတို့၏ ဆက်ဆံရေးသည်လည်း မည်သို့ ရှိခဲ့လေမည်နည်း။ အဖေနှင့် အမေသည် အပန်းဖြေခရီးထွက်ရင်း တွေ့ခဲ့ကြခြင်း ဖြစ်သည်။ ပြီးတော့ တစ်လအတွင်း လက်ထပ်ခဲ့ကြသည်။

တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်း မသိခဲ့ကြ။ အပြန်အလှန် နားလည်မှု မရှိကြ။ တစ်ယောက်၏ ပတ်ဝန်းကျင်ကို တစ်ယောက်က ရောင်းနှိုးခဲ့ကြ။ တစ်ယောက်၏ ဘဝကို တစ်ယောက်က မခံစားတတ်ခဲ့ကြ။

သည်လိုက စပြီး အဖေနှင့် အမေတို့ကြားမှာ ပဋိပက္ခများ စတင်ဖြစ်ပေါ်ခဲ့ရလေတော့သည်။

ကျွန်မကတော့ ရှင်နဲ့ ပဋိပက္ခ မဖြစ်ပါဘူး ဆမ်၊ ရှင့်ပတ်ဝန်းကျင်ကို ကျွန်မ သဘောကျပါတယ်။

အက်ဘီဂေးလ်က ပြက်လုံး တစ်ခုခု ပြောပုံရသည်။ အားလုံးက ဝိုင်းရယ်ကြသည်။ ဆမ်ကလည်း သူ့ကို ပြုံးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်မတန် ကောင်းတဲ့ အကွက်ပဲ ပက်၊ သိပ်ကို ကြာမှုပါတဲ့ ဟန်မ
မျိုးပေါ့၊ ကျွန်တော် ဆိုလိုတာကို သိတယ် မဟုတ်လား၊ ဆီနီတ်တာဂျင်းနင်း
ယောက်ျားတစ်ယောက်ယောက်နဲ့ တွဲပြီးတော့ မြင်ရခဲ့တယ်၊ လူတွေက ဒါမျိုး
ကြိုက်တယ်"

ကင်မရာဆရာက ပက်ကို ပြောသည်။ ပြီးတော့ ကျေကျေနပ်နပ်ကြီး
ပြုံးနေလေသည်။

"ချစ်သူကို လူတိုင်း ချစ်ပါတယ်"

ဟု ပက်က ပြန်ပြောသည်။

"ဒါလောက်ဆိုရင် လုံလောက်ပါပြီ"

လူသာက ဖြုန်းစားကြီး အမိန့်ပေးလိုက်သည်။

"ဆီနီတ်တာနဲ့ ဧည့်သည်တွေ လွတ်လွတ်လပ်လပ် နေကြပါစေတော့
ပက်… မနက်ဖြန် မနက် ဆက်ရိုက်ဖို့ ဆီနီတ်တာရဲ့ ရုံးကို လာပါ၊ ကျုပ်တ
အက်ပယ်လ်ဂျန်းရှင်းမြို့ကို သွားမယ်၊ ဘာတွေ ပါအောင် ထည့်ရိုက်ဖို့ လိုတယ်
ဆိုတာ မင်း သိပါတယ်"

လူသာက ကျောခိုင်းလိုက်သည်။ ပက်ကို သွားနိုင်ပြီဟု ပြောလိုက်သည်
သဘော ဖြစ်သည်။

သည်လို ခပ်တန်းတန်း ဆက်ဆံခြင်းသည် နေရှင်နယ်မီရာဂျာနယ် မျက်နှာ
တွင် ဓာတ်ပုံ ပါသွားခြင်းကြောင့်လား။ ဒါမှမဟုတ် သူနှင့်အတူ အိပ်ဖို့ ငြင်း
ခဲ့သောကြောင့်လား။

အချိန်ကသာ အဖြေပေးနိုင်ပါလိမ့်မည်။

ဧည့်သည်တွေ ကြားထဲမှ အသာကလေး ထွက်လာခဲ့သည်။ ခန်းမ
အပြင်ဘက်ခန်းကလေးထဲတွင် သူ့ကုတ်အင်္ကျီ ချွတ်ထားခဲ့သည်။ အဝတ်အစား
ထားသည့် အခန်းကလေးနား ရောက်တော့ နောက်မှ အသံကြားရသည်။

"ပက်…"

နောက်သို့ သူ လှည့်ကြည့်သည်။

ဆမ်…

တံခါးပေါက်မှာ ဆမ် ရပ်နေသည်။ သူ့ကို စိုက်ကြည့်နေသည်။

"ဩ… အမတ်မင်းပါလား၊ မင်္ဂလာရှိတဲ့ နှာတာလူးပွဲတော် အချိန်
ဖြစ်ပါစေရှင်"

ပက်က ပြောပြောဆိုဆို သူ့ကုတ်အင်္ကျီကို လှမ်းဆွဲယူသည်။

"ပက်… မင်း ပြန်တော့မလို့လား"

"မပြန်ဖို့ ကျွန်မကို ဘယ်သူကမှ ဖိတ်မထားဘူးလေ"

ရှေ့သို့ သူ တိုးလာသည်။ ပက်၏ လက်ထဲမှ ကုတ်အင်္ကျီကို လှမ်းယူ
သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေရှင်နယ်မီရာ မျက်နှာဖုံးမှာ ပါတဲ့ ဓာတ်ပုံကိစ္စက ဘယ်လို ဖြစ်တာလဲ"

ပက်က အကျိုးအကြောင်း ရှင်းပြသည်။

"ထုတ်လွှင့်မယ့် အစီအစဉ်ကို ကျွန်မ ကြိုက်တဲ့ ပုံစံမျိုးနဲ့ ထုတ်လွှင့်နိုင်အောင် ဒီဓာတ်ပုံကို ကျွန်မကပဲ တစ်ဖက်လှည့်နဲ့ နေရှင်နယ်မီရာကို ပေးလိုက်တယ်လို့ ဆီနိတ်တာက ယုံကြည်နေတယ်"

ဆမ်က ပက်၏ ပခုံးပေါ်သို့ လက်လာတင်သည်။

"မင်း ပေးလိုက်တာ မဟုတ်ဘူးပေါ့"

"မေးခွန်းကြီးလို မေးလိုက်တာလား ဆမ်"

နေရှင်နယ်မီရာ မျက်နှာဖုံးမှာ ပါသည့် ဓာတ်ပုံကိစ္စသည် ပက်နှင့် ဆက်ဆိုင်နေသည်ဟု သူ တကယ်ပဲ ထင်နေလေသလား။

သည်အတိုင်းဆိုလျှင်တော့ မိမိအကြောင်းကို ဆမ် ဘာမှ မသိသေး။ သည်လိုမှ မဟုတ်လျှင်လည်း သည်လောကကြီးတွင် မိမိ သိနားလည်နိုင်သည့် ယောကျ်ားဆို၍ တစ်ယောက်မှ မရှိသေးဟု ပက် တွေးကြည့်နေမိသည်။

"ပက်… ကိုယ် အခု မပြန်နိုင်သေးဘူး၊ ဒါပေမဲ့ တစ်နာရီလောက်အတွင်းမှာတော့ ပြန်နိုင်ပါလိမ့်မယ် ထင်တယ်၊ မင်း အိမ်ကို တန်းပြန်မှာပဲလား"

"ဟုတ်ပါတယ်၊ အိမ်ကိုပဲ တန်းပြန်မှာပါ၊ ဘာဖြစ်လို့လဲ ဆမ်"

"မြန်နိုင်သမျှ မြန်အောင် ကိုယ် ကြိုးစားပြီး လိုက်လာခဲ့မယ်၊ ပြီးတော့ တစ်နေရာမှာ မင်းကို ညစာ လိုက်ကျွေးမယ်"

ပက်က သူ့ကို မော့ကြည့်သည်။

"ဆိုင်ကောင်းကောင်းတွေ အားလုံး ပိတ်ထားကြမှာပါ၊ ဒီမှာပဲ စားလိုက်ပါ ဆမ်၊ စိတ်ချမ်းသာသလို နေပါ"

ပက်က သူ့လက်ထဲမှ ရုန်းထွက်ဖို့ ကြိုးစားသည်။

"မစ္စထရေးမိုး… ကျုပ်ကို ကားသော့ ပေးပါလား၊ မင်း မော်တော်ကားကို သွားယူခဲ့ပေးပါ့မယ်"

သူတို့နှစ်ယောက် ဖျတ်ခနဲ လူချင်း ခွာလိုက်ကြသည်။ နှစ်ယောက်စလုံး ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

"တိုဘီ… ဒီမှာ ဘာလာလုပ်နေတာလဲ"

ဆမ်က ခပ်ငေါက်ငေါက် လှမ်းမေးသည်။

တိုဘီက အရေးမစိုက်သည့် အမူအရာမျိုးဖြင့် ဆမ်ကို ကြည့်သည်။

"ဆီနိတ်တာက ဧည့်သည်တွေကို ညစာ ကျွေးတော့မလို့ပါ အမတ်မင်း၊ ဧည့်သည်တွေကို လိုက်ရှိုးဆော်ပေးဖို့ ဆီနိတ်တာက ကျွန်တော့်ကို တာဝန်ပေးလိုက်ပါတယ်၊ အထူးသဖြင့် အမတ်မင်းကို ရှာပြီး ပြောပေးဖို့ တာဝန်ပေးလိုက်ပါတယ်"

ဆမ်က ပက်၏ ကုတ်အင်္ကျီကို ကိုင်ထားဆဲ ဖြစ်သည်။ ပက်က လှမ်းယူသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကားရပ်ထားတဲ့ နေရာကို ကျွန်မဘာသာပဲ သွားလိုက်ပါ့မယ် တိုဘီ"

ပက်က ထိုသို့ ပြန်ဖြေရင်း တိုဘီကို တည့်တည့် စိုက်ကြည့်သည်။ အပေါက်ဝ အလယ်တည့်တည့်မှာ သူ ရပ်နေသည်။ သူ့ကိုယ်လုံးကြီးဖြင့် အပေါက်ပိတ်နေသည်။ ပက်က ရှေ့သို့ တိုးဖို့ ကြိုးစားသည်။ သို့သော်လည်း သူက ဖယ်မပေး

"ကျွန်မ အပြင်ထွက်လို့ ရမလား"

ပက်က မေးသည်။

တိုဘီက ပက်ကို စိုက်ကြည့်နေသည်။ သူ့အမူအရာသည် စိတ်ပျံ့လွင့်နေပုံရသည်။

"အို… ရပါတယ် ရပါတယ်၊ စိတ်မရှိပါနဲ့"

ဘေးသို့ သူ ဖယ်ပေးသည်။ ပက်က သူ့ကိုယ်လုံးနှင့် မတိုက်မိအောင် သတိထား ရှောင်ပြီး အပြင်သို့ ထွက်ခဲ့သည်။

အက်ဘီဂေးလ်နှင့် ဆမ်တို့ နှစ်ယောက် နှစ်ပါးကြည်စွာ ဖက်လဲတကင်း နှုတ်ဆက်ကြသည့် မြင်ကွင်းကို မေ့ဖျောက်ပစ်နိုင်အောင် ပက်က မော်တော်ကားကို တရကြမ်း မောင်းပြီး ပြန်လာခဲ့သည်။

အခြားဧည့်သည်များကလည်း ဆမ်နှင့် အက်ဘီဂေးလ်ကို စုံတွဲတစ်တွဲကဲ့သို့ သဘောထားပြီး ဆက်ဆံကြသည်ကို မြင်တွေ့နေရလေသည်။

ထို့ကြောင့်လည်း သူ ပိုပြီး အသည်းနာမိသည်။

သူ အိမ်ပြန်ရောက်တော့ ၈ နာရီထိုးဖို့ ၁၅ မိနစ် လိုသေးသည်။ ဆော့သော်ရှိ လိုသော်ရှိ ဆိုပြီး ကြက်ဆင်သားဟင်း ချက်ထားခဲ့မိသောကြောင့် တော်သေးတော့သည်။ ဘာမှ မချက်ခဲ့မိလျှင် ငတ်ပေါက်တိုးဖို့ သေချာသည်။

ဆင်းဒဝစ် လုပ်သည်။ ဝိုင်အရက် တစ်ခွက် ထည့်သည်။

သည်အိမ်ကြီးသည် မည်းမှောင်ပြီး ဟာလာဟင်းလင်း ဖြစ်နေသည်ဟု သူ့စိတ်ထဲမှာ ခံစားနေရသည်။

အပြင်ခန်း၊ ခန်းမ၊ စာကြည့်ခန်း၊ ဧည့်ခန်း၊ နားနေခန်း၊ ထမင်းစားခန်းများရှိ မီးအားလုံးကို ဖွင့်လိုက်သည်။ ခရစ္စမတ်သစ်ပင်မှ မီးကြိုးကိုလည်း ပလပ်ပေါက်ထဲသို့ ထည့်လိုက်သည်။

ယခင်ရက်တွေတုန်းက သူ၏ ဧည့်ခန်းသည် နွေးနွေးထွေးထွေး ရှိသည်ဟု ခံစားနေရထိုင်ရသည်မှာ သက်သောင့်သက်သာ ရှိသည်။

ယခုမူ အကြောင်းတစ်ခုခုကြောင့် နေသာထိုင်သာ မရှိလှ။ အမှောင်ထဲမှာ တွေ လွှမ်းနေသည်ဟု စိတ်ထဲမှာ ထင်နေသည်။

"ဘာကြောင့်လဲ"

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖော အစပ်နားတွင် ပြောင်ပြောင်လက်လက် အရာဝတ္ထုကလေး တစ်ခုကို တွေ့သည်။ ဖဲပြားအစကလေး ဖြစ်သည်။ မနေ့တုန်းက လိုင်လာနှင့်သူ ထိုင်နေတုန်းက ခရစ္စမတ်သစ်ပင်မှ အလှပြင်ပစ္စည်းလေးတစ်ခု ပြုတ်ကျနေသည်ဟု သူ ထင်ခဲ့သည်။ မဖြစ်နိုင်။ ထိုပစ္စည်းကလေးကို မြင်ပြီး သူ အထင်မှားခြင်းသာ ဖြစ်နိုင်သည်ဟု တွေးကြည့်လိုက်မိလေသည်။

ရုပ်မြင်သံကြားစက်က စာကြည့်ခန်းထဲမှာ ရှိသည်။ ထို့ကြောင့် ဝိုင်အရက်ခွက်နှင့် ဆင်းဒဝစ်များကို စာကြည့်ခန်းထဲသို့ သူ ယူလာခဲ့သည်။

ပိုတိုမက် ရုပ်မြင်သံကြားဌာနက အရေးကြီးသည့် သတင်းများကို တစ်နာရီတစ်ကြိမ်ကျ ထုတ်လွှင့်ပေးသည်။ ဘုရားရှိခိုးကျောင်းသို့ အက်ဘီဂေးလ် သွားပြီး ဝတ်ပြုဆုတောင်းသည့် သတင်းများ ထုတ်လွှင့်လေမည်လားဟု ပက်က တွေးကြည့်သည်။

ထုတ်လွှင့်ပေးပါသည်။

ကားပေါ်မှ ဆင်းလာသော အက်ဘီဂေးလ်ကို အာဃာတမထားဘဲ သတင်းကို သတင်းလို ပက်က ကြည့်နေသည်။

တောက်ပသော အနီရောင်ဝတ်စုံကလေးကို အက်ဘီဂေးလ်က ဝတ်ထားသည်။ အပြစ် အနာအဆာ ကင်းလှသည့် သူ့အသားအရေ၊ သူ့ဆံပင်တို့နှင့် အလွန်တရာ လိုက်ဖက်သည့် ဝတ်စုံ ဖြစ်လေသည်။

ဝတ်မှတ်ခေါင်းပါးနေသူများအတွက် ဆုတောင်းသောအခါ အက်ဘီဂေးလ်၏ မျက်လုံး အရိပ်အယောင်သည် နူးညံ့ပျော့ပျောင်းနေလေသည်။

ထိုအမျိုးသမီးသည် ပက်ထရေးမိုး အလွန်အထင်ကြီး လေးစားကာ အားကျခဲ့ဖူးသည့် အမျိုးသမီး ဖြစ်လေသည်။

ထို့နောက် သတင်းကြေညာသူ၏ အသံ ပေါ်လာသည်။

"အဲဒီနောက် မယ်ရွေးပွဲမှာ အနိုင်ရတုန်းက ဓာတ်ပုံနဲ့ ပတ်သက်တဲ့ မေးခွန်းကို ဆီနိတ်တာဂျင်းနင်းက ဖြေပါတယ်၊ ဒီအပတ်ထုတ် နေ့ရှင်နယ်မီရာ ဂျာနယ် မျက်နှာဖုံးမှာ ပါခဲ့တဲ့ ဓာတ်ပုံအကြောင်း ဖြစ်ပါတယ်"

မီရာ မျက်နှာဖုံးတွင် ပါရှိသည့် အက်ဘီဂေးလ်၏ ဓာတ်ပုံကို တံဆိပ်ခေါင်း အရွယ်လောက်ကလေး ထုတ်လွှင့်ပြသည်။

"မယ်ရွေးပွဲကို သူ့အမေက ဝင်စေချင်တဲ့အကြောင်း ဆီနိတ်တာက မျက်ရည်ကလေး စမ်းစမ်းနဲ့ ပြန်ပြောင်း အောက်မေ့တာသပြပါတယ်၊ အခုလို မွန်မြတ်တဲ့ ခရစ္စမတ်ပွဲတော် အချိန်အခါမှာ ပိုတိုမက်ရုပ်မြင်သံကြားဌာနက ဆီနိတ်တာဂျင်းနင်းတို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်၊ နောက်ပြီးတော့ သူ့ရဲ့ အောင်မြင်မှုတွေ အကြောင်းကိုများ သူ့အမေ သိရမယ်ဆိုရင် စာဖွဲ့လို့ မကုန်နိုင်အောင်ကို ဂုဏ်ယူဆုံး ဖြစ်နေလိမ့်မယ် ဆိုတာ ကျွန်တော်တို့ အတပ်ပြောရဲပါတယ် ခင်ဗျာ

www.burmeseclassic.com



"ဘုရားသခင်…"

ပက်က ယောင်အော်လိုက်မိသည်။ ပြီးတော့ ထိုင်ရာမှ ခုန်ထ ရုပ်မြင်သံကြားစက်ကို ပြေးပိတ်သည်။

အင်း… လူသာက ဒါကို သတင်းလို့ ခေါ်တာကိုး၊ သတင်းစာဆရာ တွေ ဘက်လိုက်တယ်လို့ အဝေဖန်ခံနေကြရတာ ဘာမှ အံ့သြစရာ မရှိပါဘူး— ဟုလည်း အသံထွက်အောင် ပြောနေမိသည်။

ပက်၏ စိတ်မှာ ဘယ်လိုမှ မတည်ငြိမ်နိုင်တော့ပါ။ အကြီးအကျယ် ဂနာမငြိမ် ဖြစ်နေမိသည်။

ယခုတစ်ပတ်အတွင်း သူ ကြားခဲ့သမျှ မတူ ကွဲပြားနေသည့် ထွက် ချက်များကို စာရွက်တစ်ရွက်ပေါ်မှာ ချရေးမိသည်။

*အက်ဘီဂေးလ်နှင့် ဝေးလတ်တို့သည် ကွာရှင်းပြတ်စဲကြတော့မည့်သူ ဖြစ်သည်ဟု ကက်သရင်းဂရာနေက ပြောသည်။*

*ဆီနိတ်တာဂျင်းနင်းက သူ့ယောက်ျားကို သူ အရမ်းချစ်ကြောင်း ပြောသည်။*

*ဆီနိတ်တာဂျင်းနင်းထံမှ ဒေါ်လာငွေ ၇၅၀၀၀ ကို အယ်လီနာ ဘရောင်း ခိုးယူသည်။*

*ထိုငွေကို သူ မခိုးကြောင်း အယ်လီနာဘရောင်းက ကျမ်းကျိန် ထွက်ဆိုသည်။*

*ဂျေဂရာနေသည် အလွန်တော်သည့် လေယာဉ်မှူးတစ်ဦး ဖြစ်သည်။ သူ့လေယာဉ်ကို မပျံသန်းမီက သေချာကျနစွာ စစ်ဆေးထားပြီး ဖြစ် သည်။*

*ဂျေဂရာနေသည် ဒုတိယတန်းစား ပစ္စည်းများ တပ်ဆင်ထားသည့် လေယာဉ်ပျံကို ပစ်စလက်ခတ် နမော်နမဲ့ မောင်းနှင်ပျံသန်းခဲ့သည်ဟု ဆီနိတ်တာဂျင်းနင်းက ပြောသည်။*

သည့်ထက်ပိုပြီး ဆက်ရေးစရာ အကြောင်းမရှိတော့ပါ။ လုံးဝကို မရှိ ပါဟု ပက်က တွေးကြည့်နေသည်။

၁၁ နာရီ ထိုးခါနီးအထိ ဆမ် ရောက်လာကြောင်း တီးသည့် ခေါင်းလောင်းသံကို မကြားရသေးပါ။

၁၁ နာရီခွဲသွားတော့ ပက် အားလျော့လိုက်သည်။ ထိုင်ရာမှ ထ သူ့အခန်းထဲသို့ ဝင်ခဲ့သည်။ ဆမ် မလာဖြစ်တော့ဘူး ဆိုရင်လည်း ဖုန်းဆက် ဆက်မှာပါလေဟု သူ့ကိုယ်သူ ပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုးဝတ်စုံကလေးကို သူ လဲဝတ်သည်။ ညှိသည်နှင့် စကားပြောသည့် အခါများတွင် အလွန်သက်သောင့်သက်သာ ရှိသည့် အဝတ်အစား ဖြစ်သည်။

မျက်နှာ သွားသစ်သည်။ မျက်ခွံများ၊ နှုတ်ခမ်းများကို စစ်ဆေးကြည့်သည်။ အိုင်းရှဲဒိုးများ ကုန်စင်အောင် ဆေးပစ်သည်။

အလှဘုရင်မ တစ်ယောက်နှင့် တွေ့ပြီး ပြန်လာသော ဆမ်လို လူတစ်ယောက်မှာ မိမိက ကြွက်စုတ်နှင့် တူ၍ မဖြစ်ဟုလည်း သူ စဉ်းစားလိုက်မိလေသည်။

အခန်းထဲမှာ ပွစာကြဲနေသည့် အဝတ်များကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ခပ်သွက်သွက် ကောက်သိမ်းသည်။

ဆမ်ရော သပ်သပ်ရပ်ရပ် နေတတ်သလား။

အဲဒီအကြောင်းကလေးကိုမှ ငါ သေသေချာချာ မသိပါလားဟုလည်း တွေးနေမိသည်။

သူတို့နှစ်ယောက် တစ်ညလောက် အတူတူနေခဲ့ဖူးရုံနှင့် တစ်ယောက်အကျင့်စရိုက်များကို အခြား တစ်ယောက်က သိဖို့ မလွယ်နိုင်ပါ။

တည်းခိုခန်းလေး တစ်ခုမှာ သူတို့ ဝင်တည်းတုန်းက ခရီးဆောင် သွားပွတ်တံကလေးကို ထုတ်ပြီး ပက်က သွားတိုက်သည်။ သူ သွားလေရာသို့ အလှပြင်အိတ်ထဲမှာ ထည့်ယူလေ့ရှိသော ခါးချိုးသွားပွတ်တံကလေး ဖြစ်ပါသည်။

"ကိုယ့်မှာလည်း အဲဒါမျိုးလေး တစ်ချောင်းလောက် ရှိချင်လိုက်တာ"

ဟု ဆမ်က ပက်ကို လှမ်းပြောသည်။

ပက်က မှန်ထဲမှနေပြီး သူ့ကို ပြုံးပြသည်။

"ကျွန်မ အကြိုက်ဆုံး ကောက်ရိတ်ချိန် ဝတ္ထုထဲက အကြိုက်ဆုံး အကြောင်းကလေးတွေ ရှိတယ်၊ စမစ်သီနဲ့ ပေါ်လာကို မင်းတို့နှစ်ယောက် သိပ်ချစ်ကြသလားလို့ မေးတယ်၊ စမစ်သီနဲ့ ပေါ်လာက သူတို့နှစ်ယောက် သွားပွတ်တံ တစ်ချောင်းတည်းကို အတူတူ သုံးကြကြောင်း ပြန်ဖြေတဲ့ စာကြောင်းကလေးတွေ…"

ပက်က သူ့သွားပွတ်တံကို ရေနွေးနှင့် ဆေးသည်။ ပြီးတော့ သွားတိုက်ဆေးဆည့်ပြီး ဆမ်ကို လှမ်းပေးခဲ့လေသည်။

"ရှင်ဟာ ကျွန်မရဲ့ ဧည့်သည်ပေါ့"

ဟုလည်း ပြောလိုက်သည်။

ယခုအခါတွင် ထိုသွားပွတ်တံကလေးကို လက်ဝတ်ရတနာများ ထည့်သည့် သေတ္တာကလေးထဲမှာ ထည့်ပြီး တမြတ်တနိုး သိမ်းထားသည်။

အချို့ အမျိုးသမီးများကတော့ နှင်းဆီပန်းကလေးတွေကို သိမ်းထားတတ်ကြသည်။ သို့တည်းမဟုတ် ချစ်သူထံမှ ပေးစာများကို ဖဲကြိုးကလေးနှင့် စုပြီး ချည်နှောင်ထားတတ်ကြသည်။ ငါကတော့ သွားပွတ်တံကလေးကို သိမ်းထားနေမိပါကလားဟု ပက်က တွေးနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အပေါ်ထပ်မှ ပြန်ဆင်းလာသည့် အချိန်မှာပင် တံခါးခေါင်းလောင်း မြည်သံ ကြားရလေသည်။

"ဝင်ခဲ့ပါ... ဝင်ခဲ့ပါ၊ ဘယ်သူပဲဖြစ်ဖြစ် ဝင်သာလာခဲ့ပါ"

ဟု ပက်က လှမ်းပြောသည်။

ဆမ် ဝင်လာသည်။ သူ့အမူအရာမှာ အရမ်းစိတ်မကောင်းဖြစ်နေပုံ ရသည်။

"ပက်... ကိုယ် စိတ်မကောင်းပါဘူးကွယ်၊ ထင်ထားသလို ချက်ချင်း ပြန်ထွက်လို့ မရဘူး၊ ပြန်ထွက်ခွင့် ရပြန်တော့လည်း ကိုယ့်အိမ်ကို ခဏ ဝင်ရသေး တယ်၊ အထုပ်အပိုးတွေ ပြန်ထားရတယ်၊ ပြီးတော့ ကိုယ့်မော်တော်ကားကို ... တယ်၊ မင်း အိပ်ရာဝင်တော့မလို့လား"

"မဟုတ်ပါဘူး၊ မအိပ်သေးပါဘူး၊ ဒီအဝတ်အစားကို ကြည့်ပြီး ... လား၊ တစ်ခါတလေ ရင်းနှီးတဲ့ ဧည့်သည်ကို ကိုယ့်အိမ်မှာ ဧည့်ခံတဲ့အခါ ဝတ် တဲ့ အဝတ်မျိုးလေ"

"ဒီအဝတ် ဝတ်ပြီး ဧည့်ခံရင် ဘယ်လို ဧည့်သည်မျိုးကို ဧည့်ခံတယ် ဆိုတာတော့ သတိထားနော်၊ ဘာကြောင့်လဲ ဆိုရင် မင်းအဝတ်က ယောက်ျား ရဲ့ စိတ်ကို အရမ်းလှုပ်ရှားစေတယ်"

ဟု ဆမ်က ပြောသည်။

သူ့ကုတ်အင်္ကျီကို ပက်က ဆီးယူသည်။ သိုးမွေးများမှာ အဖြင်း လေအေးကြောင့် အေးစက်နေသည်။

ဆမ်က ပက်ကို ငုံ့နမ်းသည်။

"အရက်တစ်ခွက်လောက်တော့ သောက်မယ် မဟုတ်လား"

ပက်က သူ့အဖြေကို စောင့်မနေတော့ဘဲ စာကြည့်ခန်းထဲသို့ သူ့... ခေါ်သွားသည်။ အရက်ပုလင်းများ ထားသည့် နေရာကို တိတ်ဆိတ်စွာဖြင့် လက်ညိုး ညွှန်ပြသည်။

ဆမ်က ဖန်ခွက်များထဲသို့ ဘရန်ဒီ အရက်ထည့်ပြီး ပက်ကို တစ်ခွက် လှမ်းပေးသည်။

"ညစာ စားပြီး မင်း သောက်လေ့သောက်ထ ရှိတဲ့ အရက်ဟာ ဒါပဲ ကိုယ် ထင်တယ်"

ဟုလည်း ပြောသည်။

ပက်က ခေါင်းညိတ်ပြပြီး နှစ်ယောက်ထိုင် ဆိုဖာနှင့် မျက်နှာချင်းဆိုင် တစ်ယောက်ထိုင် ကုလားထိုင်ကိုမှ တမင်ရွေးပြီး ဝင်ထိုင်သည်။

ဆမ်သည် စောစောက အဝတ်အစားများနှင့် မဟုတ်တော့။ သူ့အိမ် ဝင်ပြီး ပစ္စည်းများ ထားတုန်းက အဝတ်အစား လဲခဲ့ပုံရသည်။ နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာ သူ ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ အတော်ကလေး ပင်ပန်းနွမ်းနယ်နေပုံရသည်။ မျက်လုံးပတ်လည်မှာ အရေးအကြောင်းများ ရှိနေသည်။

"ကျွန်မ ပြန်လာပြီးတဲ့နောက် ဟိုမှာ ဘာတွေ ဖြစ်ကြသေးသလဲ"

"မင်း မြင်တဲ့ အခြေအနေအတိုင်းပါပဲ၊ စိတ်ဝင်စားစရာ ကောင်းတာ တစ်ခုတော့ ဖြစ်ခဲ့တာပေါ့လေ၊ သမ္မတကြီးက အက်ဘီဂေးလ်ကို ဖုန်းဆက်ပြီး ရွေးမတ်ပွဲတော်အတွက် နှုတ်ခွန်းဆက်တယ်"

"သမ္မတကြီးက ဖုန်းဆက်သလား၊ ဆမ်… အဲဒီလို လုပ်တာရဲ့ အဓိပ္ပာယ်က…"

"သွေးတိုးစမ်းနေတာလို့ပဲ ကိုယ် ယုံကြည်တယ်၊ ကာလဲယားလောရင့်စ်ဆီကိုလည်း သူ ဖုန်းဆက်မှာပါပဲ"

"သူ ဆုံးဖြတ်ချက် မချရသေးဘူးလို့ ရှင် ဆိုလိုတာလား ဆမ်"

"အခုအချိန်အထိ သူ အကဲခတ်နေတုန်းပဲလို့ ထင်တယ်၊ လွန်ခဲ့တဲ့ အပတ်တုန်းက အိမ်ဖြူတော်မှာ ညစာစားပွဲ တည်ခင်း ဧည့်ခံတာ မှတ်မိတယ် မဟုတ်လား၊ အဲဒီညစာစားပွဲမှာ အက်ဘီဂေးလ်ကို သူ ဆက်ဆံပုံ ဆက်ဆံနည်းကို လည်း သတိထားမိတယ် မဟုတ်လား၊ ဒါပေမဲ့ နောက်နေ့ကျတော့ သူနဲ့ သမ္မတ ကတော်ဟာ ကာလဲယားလောရင့်စ်အိမ်ကို သွားပြီး သူတို့ချည်းပဲ ညစာ အတူစား ကြတယ်လေ"

"ဆမ်… မီရာမျက်နှာဖုံးမှာ ပါတဲ့ ဓာတ်ပုံကြောင့် ဆီနိတ်တာ ဂျင်းနင်း ရဲ့ အခြေအနေ ဘယ်လောက်တောင် ဆိုးရွားနိုင်သလဲ ဟင်"

ဆမ်က ပခုံးတွန့်သည်။

"အပြောရတော့ ခက်တယ်၊ အက်ဘီဂေးလ်က ဒီက လူတွေကြားထဲမှာ ဆောင်ပိုင်းသူကြီး တစ်ယောက်လို ဟန်ဆောင်ခဲ့တာ နည်းနည်းများသွားတယ်၊ တစ်ဖက်ကနေ ကြည့်ပြန်တော့လည်း သူ့ကို သနားစရာတော့ ကောင်းတာပေါ့လေ၊ နောက်တစ်ခုက မင်း အိမ်ထဲကို ဖောက်ထွင်း ဝင်ရောက်ခံရတာရယ်၊ မင်းရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်တာရယ်ကြောင့် အက်ဘီဂေးလ်ဟာ လူရယ်စရာ ကြီး ဖြစ်နေတယ်၊ လွှတ်တော် နှစ်ရပ်စလုံးမှာလည်း အမတ်တွေက အက်ဘီဂေးလ် အကြောင်းပဲ ပြောပြီး ရယ်ပွဲဖွဲ့နေကြတယ်"

ပက်က လုံးဝမတို့ရသေးသည့် သူ့ဘရန်ဒီခွက်ကို မျက်တောင်မခတ် ငေးကြည့်နေမိသည်။ သူ့ပါးစပ်ထဲမှာ ချက်ချင်း ခြောက်သွားပြီး ခါးသက်သက် အရသာ ပေါ်ထွက်လာသည်။

လွန်ခဲ့သည့် အပတ်တုန်းက အိမ်အဖောက်ခံရသောကြောင့် ပက်အတွက် ဆမ် စိုးရိမ်ကြောင့်ကြ ဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု အက်ဘီဂေးလ် နာမည်ပျက်မည့် အရေးအတွက် သူ ပူပင်သော ရောက်နေပြန်ပြီ။

သူ့အဖို့တော့ သည်လို ပြောင်းလဲရတာ လွယ်လိုက်တာ။

"ကျွန်မ တင်ဆက်မယ့် အစီအစဉ်ကြောင့် သူ့ရဲ့ ထင်ပေါ်ကျော်ကြား ကို သိပ်ထိခိုက်သွားနိုင်သလား ဟင်၊ သူ ဒုတိယသမ္မတ ဖြစ်ရေးနဲ့ ပတ်သက်ပြီး တော့လည်း ထိခိုက်သွားနိုင်သလား"

"ဖြစ်နိုင်တယ်၊ ဘယ်သူမဆို အပြစ်အနာအဆာ ကင်းရှင်းတဲ့တိုင်အော နိုင်ငံရေးသမား ဖြစ်လာတဲ့အခါ အချိန်မရွေး ထိခိုက်သွားနိုင်တာပဲ၊ အမြဲတမ်း သတိထားနေကြရတာ"

"ဟုတ်တယ်၊ အခု ရှင် ပြောလိုက်တဲ့ အဖြစ်မျိုးနဲ့ ကြုံရမှာကို ကျွန် အကြောက်ဆုံးပဲ ဆမ်"

ပက်က အယ်လီနာဘရောင်းနှင့် ကက်သရင်းဂရာနေတို့ အကြောင်း ပြောပြသည်။

"ကျွန်မလည်း ဘာလုပ်ရမှန်း မသိတော့ဘူး၊ သူတို့အကြောင်းတွေ အစီအစဉ်ထဲမှာ မထည့်ဖို့ လူသာ့ကိုပဲ ပြောရမလား၊ ကျွန်မ ဝေခွဲမရအော ဖြစ်နေတယ်၊ လူသာကို ကျွန်မ ပြောပြလိုက်ရင် လူသာက ဆီနိတ်တာဂျင်းနှင့် ပြန်ပြောပြမှာ သေချာတယ်"

"အက်ဘီဂေးလ်ဟာ နောက်ထပ် အနှောင့်အယှက် တစ်ခုခုကို လက်ခံ နိုင်တဲ့ အနေအထားမျိုးမှာ မရှိတော့ဘူး"

ဆမ်က လေသံပြတ်ပြတ်ဖြင့် ပြောသည်။

"ဒီနေ့ညလည်း တခြား ညှော်သည်တွေ ပြန်သွားပြီးတော့ အက်ဘီဂေး ဟာ စိတ်ထောင်းကိုယ်ကြေ ဖြစ်ကျန်ရစ်ခဲ့တယ်"

ဟု ဆမ်က ဆက်ပြောသည်။

ပက်၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"တခြား ဧည့်သည်တွေ ပြန်သွားပြီဆိုတော့ ရှင် နေရစ်ခဲ့သေးတယ် ဆိုလိုတာလား ဟင်"

"အက်ဘီဂေးလ်က နေပါဦးဆိုလို့"

"ဒီလိုကိုး..."

ပက်မှာ အသည်းကွဲမတတ် နာကျင်သွားသည်။ ငါ တွေးကြည့်မိတာ အားလုံး မှန်နေပြီဟုလည်း သဘောပေါက်သွားလေသည်။

"ဒီအတိုင်းဆိုရင် လူသာကို ကျွန်မ မပြောပြသင့်တော့ဘူးပေါ့"

"ဒီလို စဉ်းစားကြည့်ပါလား၊ အဲဒီမိန်းကလေးက..."

"အယ်လီနာဘရောင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ အယ်လီနာဘာရောင်းက မင်းကို ဖုန်းဆက်ရင် အာမခံကိစ္စ ကိုယ်တို့ စုံစမ်းကြည့်ပြီးတဲ့ အချိန်အထိ စောင့်ပါဦးလို့ သွားပြီး အဖမ်းမခံလိုက်ပါ နဲ့ဦးလို့ ပြောထားပါလား၊ အဲဒီအတိုင်းဆိုရင် သူ့ကိစ္စ လူသိထင်ရှား ဖြစ်မလာဘူး ပေါ့၊ ဒုတိယသမ္မတ ဘယ်သူ့ကို ခန့်လိုက်ကြောင်း သမ္မတကြီးက ကြေညာပြီးတဲ့ အချိန်အထိတော့ အချိန်ဆွဲထားနိုင်မှာပေါ့"

"နောက်ပြီးတော့ ကက်သရင်းဂရာနေ ကိစ္စက ရှိသေးတယ်"

"လေယာဉ်ပျံ ပျက်ကျသွားတဲ့ မှတ်တမ်းတွေ ကိုယ် ပြန်ပြီး လေ့လာ ကြည့်ပါရစေဦး၊ တရားစွဲလောက်အောင် သူ့မှာ ခိုင်လုံတဲ့ အကြောင်းပြချက် ရှိနိုင်ပါဘူး၊ မင်းကို ခြိမ်းခြောက်နေတာဟာ အဲဒီအမျိုးသမီး နှစ်ယောက်ထဲက တစ်ယောက်ယောက်များ ဖြစ်နေမလား"

"အယ်လီနာနဲ့ ကျွန်မ တစ်ခါမှ မတွေ့ဖူးဘူး၊ ကက်သရင်းဂရာနေ ဟုတ်ဘူး ဆိုတာလည်း ကျွန်မ သေချာပေါက် ပြောနိုင်ပါတယ်၊ နောက်ပြီး ကျွန်မကို ဖုန်းဆက်ပြောတဲ့ အသံဟာ ယောက်ျားသံ ဆိုတာကို မမေ့နဲ့လေ"

"ဟုတ်ပါပြီ… ဟုတ်ပါပြီ၊ သူ နောက်ထပ် ဖုန်းမဆက်တော့ဘူးလား"

စားပွဲအောက်မှာ ရှိနေသည့် စက္ကူဘူးထဲမှာ ထည့်ထားသည့် ရက်ဂက်ဒီအင်န် အချပ်ကလေးကို ထုတ်ပြပြီး အကျိုးအကြောင်း ပြောပြလိုက်ရလျှင် ကောင်းမည် လားဟု စဉ်းစားကြည့်မိသည်။ ချက်ချင်းပင် ထိုအကြံကို သူ ပယ်ဖျက်လိုက်သည်။ မိမိနှင့် သိပ်ပြီး မပတ်သက်စေချင်တော့ပေ။ ပြီးတော့ မိမိအတွက်လည်း ဘာက မရောက်စေလိုတော့ပေ။

"မဆက်တော့ဘူး"

"သတင်းကောင်းပါပဲ"

သူ့ဖန်ခွက်ထဲက လက်ကျန် ဘရန်ဒီကို အကုန်မော့လိုက်ပြီး ဖန်ခွက်ကို စားပွဲပေါ်မှာ ပြန်ချထားသည်။

"ကိုယ်လည်း ပြန်မှပဲ၊ ဒီနေ့ တစ်နေ့လုံး တစ်ချက်ကလေးတောင် နားရသေးဘူး၊ အရမ်း ပင်ပန်းနေပြီ"

ထိုစကားသည် ပက် မျှော်နေသည့် စကားပင် ဖြစ်လေသည်။

"ဆမ်… ဒီနေ့ည ဆီနိတ်တာရဲ့ အိမ်က ပြန်လာရင်း လမ်းတစ်လျှောက် လုံး ကျွန်မ အလေးအနက် စဉ်းစားလာတာ ရှိတယ်၊ အဲဒီအကြောင်း နားထောင် ချင်သလား ဟင်"

"သိပ်နားထောင်ချင်တာပေါ့"

"ဝါရှင်တန်မြို့ကို ကျွန်မ လာတာဟာ ကြီးမားတဲ့ ရည်မှန်းချက်ကြီး တစ်ချက်ကြောင့် လာတာ ဖြစ်တယ်၊ ပထမအချက်က အံ့သြဖွယ်ကောင်းတဲ့ စံပြ အမျိုးသမီးတစ်ယောက် အကြောင်း အစီအစဉ်တစ်ခု တင်ဆက်ပြီးတော့ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်ကြောင့် အကောင်းဆုံး ရုပ်မြင်သံကြား စီစဉ်တင်ဆက်သူဆု လိုချင်လို့ ပါပဲ၊ ဒုတိယအချက်က ကျွန်မ အဖေက ဘာဖြစ်လို့ ကျွန်မ အမေနဲ့ ကျွန်မကို သတ်ပစ်ဖို့ ကြိုးစားခဲ့တာလဲ ဆိုတဲ့ အကြောင်းရင်းကို သိအောင် စုံစမ်းလေ့လာဖို့ ဖြစ်ပါတယ်၊ တတိယအချက်ကတော့ ရှင်နဲ့ ပြန်တွေ့ပြီး ပြန်ပေါင်းထုပ်ချင်လို့ ဖြစ်ပါတယ်။

"အဲဒီ ရည်မှန်းချက်ကြီး သုံးချက်နဲ့ လာခဲ့တာ ဖြစ်ပေမယ့် တစ်ချက်မှ ကျွန်မ ပြည့်စုံအောင် မလုပ်နိုင်ပါဘူး၊ အက်ဘီဂေးလ်ဂျင်းနင်းဟာ နိုင်ငံရေးသမား ကောင်း တစ်ယောက် ဖြစ်ပါတယ်၊ အင်အားကောင်းတဲ့ ခေါင်းဆောင် တစ်ယောက် ဖြစ်ပါတယ်၊ ဒါပေမဲ့ လူကောင်းတစ်ယောက် မဟုတ်ပါဘူး၊ သူ့ကို အထင်ကြီးအောင် ဒီအစီအစဉ် တင်ဆက်ဖို့ ကျွန်မ လုပ်ခဲ့ပါတယ်၊ အခု ခရီးလွန်ကုန်တော့မှ ကျွန်မ လူရွေးမှားပြီ ဆိုတာ သိရပါတယ်။

"ကျွန်မ ဒီမှာ လုံလောက်တဲ့ အချိန်အတိုင်းအတာအထိ နေပြီးပါပြီ၊ ကျွန်မ အမေဟာ သူတော်စင် တစ်ယောက် မဟုတ်ကြောင်းလည်း ကျွန်မ သိပါပြီ၊ အခင်းဖြစ်တဲ့ ညတုန်းက ကျွန်မရဲ့ အဖေ ပေါက်ကွဲအောင် မလုပ်သင့်တာကို လုပ်ဖြစ်အောင် သွယ်ဝိုက်ပြီး အမေက လှုံ့ဆော်ခဲ့တယ် ဆိုတာလောက်ကို ကျွန်မ ခန့်မှန်းလို့ ရပါပြီ၊ ဒါဟာ ဇာတ်လမ်း အပြည့်အစုံ မဟုတ်သေးပါဘူး၊ အခုအချိန် မှာ ဇာတ်လမ်း အပြည့်အစုံ မရသေးပါဘူး၊ ဒါပေမဲ့ အပြည့်အစုံ သိဖို့ နီးလာပါပြီ။

"နောက်ပြီးတော့ ကျွန်မတို့ နှစ်ယောက်နဲ့ ပတ်သက်တာကို ပြောပါဦးမယ် ဆမ်၊ ရှင့်ကို ကျွန်မ တောင်းပန်စရာ ရှိနေပါတယ်၊ ကျွန်မဟာ ရှင့်အဖို့တော့ သာမန် ချစ်မှုရေးရာထက် ပိုအရေးကြီးတယ်လို့ ကျွန်မ ယုံကြည်ထားခဲ့ပါတယ်၊ ဒါပေမဲ့ ဂျင်းနစ် ကွယ်လွန်ပြီးတဲ့နောက် ရှင်ဟာ ကျွန်မကို ဖုန်းကလေးတောင် ဆက်ဖော်မရဘူး၊ ဒါပေမဲ့လည်း ကျွန်မ မရိပ်မိခဲ့ပါဘူး၊ အခုတော့ ကျွန်မနဲ့ ပတ်သက်ပြီး ရှင် စိတ်ပူစရာအကြောင်း မရှိတော့ပါဘူး၊ ရှင် အနေရ အထိုင်ရ ခက်အောင် ရှင့်ကို ကျွန်မ မလုပ်တော့ပါဘူး၊ ချစ်ကြောင်းလည်း မပြောတော့ပါ ဘူး၊ အက်ဘီဂေးလ်ဂျင်းနင်းနဲ့ ရှင် တစ်ခုခု ဖြစ်နေတယ် ဆိုတာ သိပ်ကို ထင်ရှား နေပြီလေ"

"အက်ဘီဂေးလ်ဂျင်းနင်းနဲ့ ကိုယ် ဘာမှ ဖြစ်မနေပါဘူး"

"ဖြစ်ပါတယ်... ဖြစ်ပါတယ်... ဒီလို ဖြစ်နေကြောင်း အခုအချိန်ထိ တော့ ရှင် မသိသေးဘူးပေါ့၊ ဒါပေမဲ့ ရှင် ဖြစ်နေပါတယ်၊ အမျိုးသမီးကြီးက ရှင့်ကို လိုချင်နေပြီ ဆမ်၊ ခပ်ရေးရေး မြင်နိုင်တဲ့ မျက်လုံး ရှိနေတဲ့ လူတိုင်း မြင်နိုင်ပါတယ်၊ ရှင် အနားယူရမယ့် ရက်တွေကို ပြည့်ဝအောင် မနေဘဲ တိုင်းပြည်ရဲ့ အနောက်ခြမ်းကနေ အရှေ့ခြမ်းကို ဖြတ်ပြန်ပြေးလာပြီး သူ့ညစာ စားပွဲကို ... ဖြစ်အောင် တက်တာဟာ ဒီအကြောင်း မဟုတ်ရင် တခြား ဘာအကြောင်း

www.burmeseclassic.com



ဖြစ်ရဦးမှာလဲ၊ ရှင်တို့ တစ်ခုခု ဖြစ်နေလို့ဆိုတာ အကောင်းဆုံး သက်သေပြချက်ပေါ့၊ ကျွန်မကို လွယ်လွယ်နဲ့ ခါချပစ်လို့ မရဘူး ဆိုတာကို မေ့ပစ်လိုက်ပါတော့ ဆမ်၊ အကယ် ပြောနေတာပါ၊ ရှင် ပင်ပန်းနေလို့ပါ… ခရီးပန်းနေလို့ လောလောဆယ် အဆုံးအဖြတ် မပေးနိုင်သေးဘူး ဆိုတာတွေက အပိုစကားတွေပါ၊ အဲဒီတော့ ကျွန်မ ပြောခဲ့တာတွေကိုလည်း မေ့ပစ်လိုက်ပါတော့"

"မင်းကို မှန်တဲ့အတိုင်း ကိုယ် ပြောခဲ့တာပဲ"

"မှန်တယ် ဆိုရင်လည်း မေ့ပစ်လိုက်ပါ၊ ရှင်နဲ့ မဖြစ်တော့ပါဘူး၊ ရှင်က ရုပ်ချောတယ်၊ နှစ် နှစ်ဆယ်… သုံးဆယ်လောက် သန်သန်မာမာကြီးနဲ့ ယောက်ျား ပီပီသသ အသက်ရှင်နေရဦးမယ်"

ပက်က စကားဖြတ်ပြီး ကြိုးစားပြုံးသည်။

"မြေးတစ်ယောက် ရတဲ့အတွက် ဘိုးအေ ဖြစ်ရမယ့် အရေးကတော့ ရှင့်ရဲ့ အတ္တစိတ်ကို အထိုက်အလျောက် ထိခိုက်စေမှာပေါ့လေ"

"မင်း စကား ဆုံးပြီလား"

"ဆုံးပါပြီ ရှင်"

"ဒီလိုဆိုရင်… မင်း စိတ်မဆိုးဘူး ဆိုရင်ပေါ့လေ… ကိုယ် နေသင့်တာထက် ပိုကြာသွားပြီ"

ထိုင်ရာမှ သူ ထသည်။ သူ့မျက်နှာမှာ သွေးရောင်ဖြင့် ရဲရဲနီနေသည်။

ပက်က လက်တစ်ဖက် ဆန့်တန်းပေးလိုက်သည်။

"ဒါပေမဲ့ သူငယ်ချင်း မိတ်ဆွေများအဖြစ်နဲ့ ဆက်လက် ပေါင်းသင်းနေရဘူးဆိုတဲ့ အကြောင်းတော့ ဘာမှ မရှိပါဘူး၊ ဝါရှင်တန်မြို့ ဆိုတာ ကျဉ်းကျဉ်းလေးပါ ဆမ်၊ ဒါကြောင့်လည်း ကျွန်မကို ရှင် ဖုန်းဆက်ခဲ့တာပဲ မဟုတ်လား"

သူ ဘာမှ ပြန်မဖြေပေ။

သူ အိမ်ထဲမှ အထွက်တွင် အိမ်ရှေ့တံခါးကို တအားဆောင့်ပိတ်သွားလေသည်။

ထိုတံခါးသံကြောင့် ပက်ထရေးမိုးက တစ်စုံတစ်ရာသော အတိုင်းအတာအထိ ကျေနပ်သွားလေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

# [—၂၅—]

''ဆီနီတ်တာ… သူတို့က ခင်ဗျားကို 'ယနေ့' ဆိုတဲ့ ရုပ်မြင်သံကြား အစီအစဉ်မှာ သတင်း တင်ဆက်သူအဖြစ် တာဝန်ပေးချင်နေတာလည်း ဖြစ်နိုင်တယ်''

တိုဘီက ယဉ်ယဉ်ကျေးကျေးကလေး ပြောသည်။ အက်ဘီဂေးလ်၏ တုံ့ပြန်မည့် အမူအရာကို မော်တော်ကား နောက်ကြည့်မှန်ထဲမှနေ၍ ကြည့်နေသည်။ သူတို့သည် အက်ဘီဂေးလ်၏ ရုံးသို့ သွားနေကြခြင်း ဖြစ်သည်။

အချိန်က ဒီဇင်ဘာလ ၂၆ ရက်နေ့ မနက် ၆ နာရီခွဲပဲ ရှိသေးသည်။ အလင်းရောင် မလာသေးဘဲ မှောင်နေဆဲ ဖြစ်ပြီး အရိုးခိုက်အောင် ချမ်းစိမ့်လှသည်။

''ယနေ့မှာ ဖြစ်ဖြစ်၊ ဘယ်မှာ ဖြစ်ဖြစ် သတင်း တင်ဆက်တဲ့ အမျိုးသမီး ငါ မဖြစ်ချင်ဘူး''

အက်ဘီဂေးလ်က တိုဘီကို ပြန်ငေါက်သည်။

''တိုဘီ… ငါ့ရုပ် ဘယ်လို ဖြစ်နေသလဲ၊ ညတုန်းက တစ်မှေးလောက်မှ အိပ်လို့ မပျော်ခဲ့ဘူး၊ တိုဘီ… သမ္မတကြီးက ငါ့ကို ဖုန်းဆက်တယ်၊ သူကိုယ်တိုင် ငါ့ကို ဖုန်းဆက်တယ်၊ ခရစ္စမတ် ရုံးပိတ်ရက်တွေမှာ ကောင်းကောင်းအနားယူ ပါစေတဲ့၊ ဘာကြောင့်လဲ ဆိုရင် လာမယ့် နှစ်မှာ အလုပ်တွေ များတော့မယ် ဒီစကားကို သူ ဘာသဘောနဲ့ ပြောတာလဲ ဟင် တိုဘီ၊ ငါ ခံစားရတဲ့ ရနေ ဒုတိယသမ္မတ ကိစ္စပဲ၊ ငါ့စိတ်ထဲက အလိုလို သိနေတာတွေကို ငါ ဘာဖြစ်လို့ မလိုက်နာခဲ့မိတာလဲ၊ ရုပ်မြင်သံကြားက ထုတ်လွှင့်ဖို့ လူသာကို ဘာကြောင့်

www.burmeseclassic.com



နှင့်ပြုလိုက်မိတာလဲ၊ ငါ့ခေါင်း ဘယ်ရောက်သွားသလဲ၊ ဒါလောက်မှ မစဉ်းစားတတ်တော့ဘူးလား"

"ဆိနိုတ်တာ… ကျွန်တော် ပြောတာကို နားထောင်ပါ၊ ခင်ဗျားနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်ခဲ့သမျှတွေထဲမှာ အခု မီရာမှာ ဓာတ်ပုံ ပါလာဟာ အကောင်းဆုံး ဖြစ်သွားနိုင်စရာ အကြောင်း ရှိပါတယ်၊ တစ်ခု သေချာသွားတာကတော့ ခင်ဗျားနဲ့ ပြိုင်ဘက် ဖြစ်နေတဲ့ ကလဲယားလောရင့်စ်ဟာ ဘယ်အလှမယ်ပြိုင်ပွဲမှာမှ မယ်အဖြစ် အရွေးမခံရဘူး ဆိုတာပါပဲ၊ ပက်ထရေးမိုး ပြောတာ မှန်နိုင်တယ်၊ ဒီလို အဖြစ်တွေဟာ ခင်ဗျားရဲ့ အလားအလာတွေ ပိုကောင်းဖို့ချည်း ဖြစ်နေတယ်၊ အဲဒီလို ပြောသွားတာ မဟုတ်လား"

ရစဗဲ့တံတားကြီးပေါ်သို့ သူတို့ကား ရောက်လာသည်။ ကားတွေ ပိုကျပ်လာသည်။ တိုဘီက ကားကို အာရုံစိုက်ပြီး သတိနှင့် မောင်းနေသည်။

ကား နည်းနည်းရှင်းသောကြောင့် နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်လိုက်သောအခါ အက်ဘီဂေးလ်သည် သူ့လက်ကလေး နှစ်ဖက်ကို သူ့ပေါင်ခွင်ပေါ်မှာ တင်ထားသည်ကို တွေ့ရသည်။

"တိုဘီ… ဒီရာထူးကို မျှော်ကိုးပြီး ငါ မနားမနေ ကြိုးစားလုပ်ခဲ့တာ"

အက်ဘီဂေးလ်က တိုဘီကို လှမ်းပြောသည်။

"ခင်ဗျား ဘယ်လောက် ကြိုးစားခဲ့ရတယ် ဆိုတာ ကျွန်တော် ကောင်းကောင်း သိပါတယ် အက်ဘီ"

"ငါ့တက်လမ်းအတွက် ရှန်းကန်တက်ခဲ့မိလို့ ဒီအခွင့်အရေးကြီးကို လက်လွှတ် ဆုံးရှုံးလိုက်ရမယ် ဆိုရင်တော့ နည်းနည်းကလေးမှ မတရားဘူး"

"ခင်ဗျား ဘယ်လိုနည်းနဲ့မှ မဆုံးရှုံးနိုင်ပါဘူး ဆိနိုတ်တာ"

"ငါလည်း မသိတော့ပါဘူး ဟယ်၊ ပက်ထရေးမိုးကြောင့် ငါ့ကို တစ်ခုခု က နှောင့်ယှက်နေသလိုပဲ၊ လူတွေကြားထဲမှာ ငါ အနေရ အထိုင်ရ ခက်အောင် ဒီတစ်ပတ်အတွင်းမှာပဲ သူ နှစ်ကြိမ်တောင် လုပ်ပစ်လိုက်ပြီ၊ သူ့အဖို့တော့ တို့ သိထားတာထက် ပိုပြီး အကျိုးရှိနေတော့မှာပေါ့"

"ဆိနိုတ်တာ… သူ့အကြောင်းကို ဖီးလစ် သေသေချာချာ စုံစမ်းပြီးပြီ၊ သူဟာ ကောလိပ်ကျောင်းသူ ဘဝကတည်းက ခင်ဗျားအပေါ် အထင်ကြီး လေးစားခဲ့တာပါ၊ ကောလိပ် ရောက်ပြီး ဒုတိယနှစ်မှာ ခင်ဗျားအကြောင်း စာစီစာကုံး တစ်ပုဒ် သူ ရေးခဲ့သေးတယ်၊ သူ့ကို စိတ်ချနိုင်ပါတယ်၊ သူ ကံဆိုးချင် ဆိုးနေလိမ့်မယ်၊ ဒါပေမဲ့ အဆင်ခြင်ဉာဏ် ရှိတဲ့ မိန်းကလေးပါ၊ သူ့ကို စိတ်ချနိုင်ပါတယ်"

"ဒီကောင်မလေးဟာ ဒုက္ခတုံးကလေးနော်၊ နင်တို့ကို ငါ သတိပေးလိုက်ပါရဲ့၊ ဒီကောင်မလေးမှာ တစ်ခုခု ရှိနေတာတော့ အမှန်ပဲ၊ ဒုက္ခတွေကို သယ်လာတဲ့ ကောင်မလေး"

www.burmeseclassic.com



ဆီးနိုတ်လွှတ်တော်အမတ်များ ရုံးရှေ့မှာ မော်တော်ကား ရပ်သွားသည်။

"ကျွန်တော် ခင်ဗျားအနားမှာ အမြဲ ရှိနေတာပါ ဆီနိုတ်တာ၊ ကတိပေး ပါတယ်၊ ပက်ထရေးမိုးကို တစ်ချက်ကလေး အလစ်မပေးဘဲ ကျွန်တော် စောင့်ကြည့် နေပါ့မယ်၊ သူ့ကြောင့်တော့ ခင်ဗျား ဘယ်လိုမှ အနှောင့်အယှက် မဖြစ်စေရပါ ဘူး၊ စိတ်ချပါ"

အက်ဘီဂေးလ်အတွက် တံခါးဖွင့်ပေးရန် အောက်သို့ သူ စုန်ဆင်းလိုက် လေသည်။

သူ ကမ်းပေးသည့် လက်ကို အက်ဘီဂေးလ်က ဆွဲယူသည်။ ကားထဲမှ ဆင်းသည်။ ပြီးတော့ တိုဘီ၏ လက်ကို သူ ခပ်တင်းတင်းလေး ညှစ်လိုက်သည်။

"တိုဘီ… အဲဒီကောင်မလေးရဲ့ မျက်လုံးတွေကို နင် သတိထား ကြည့် စမ်း၊ အဲဒီ မျက်လုံးတွေဟာ တစ်ခုခုပဲ၊ လျှို့ဝှက်ချက် တစ်ခုခု ရှိနေတယ် အကြောင်း…"

ဝါကျ ဆုံးအောင် သူ မပြောပါ။ သို့သော်လည်း တိုဘီအတွက်တော့ ဆုံးအောင် ပြောဖို့ မလိုတော့ပါ။

မနက် ၆ နာရီတိတိတွင် ပက်နှင့် ကင်မရာအဖွဲ့သားများ သူတို့ရုံးသို့ ရောက် လာရာ ဖီးလစ်က ဆီးကြိုပြီး တံခါးဖွင့်ပေးလေသည်။

ဆီးနိုတ်လွှတ်တော် အမတ်များ အဆောက်အအုံထဲတွင် အိပ်ချင်မူးတူး ဖြစ်နေသော လက်နက်ကိုင် အစောင့်များ၊ ပျင်းရိငြီးငွေ့စွာ လုပ်ကိုင်နေကြသည့် သန့်ရှင်းရေး အမျိုးသမီးများကို မြင်နေရသည်။

သို့သော်လည်း အက်ဘီဂေးလ်၏ ရုံးခန်းထဲမှာတော့ အားလုံး တိတ်ဆိတ် နေကြလေသည်။

ပက်နှင့် ကင်မရာ ဆရာများသည် ဓာတ်ညွှန်းကို ငုံ့ကြည့်နေကြသည်။

"ဒီအကွက်ကို ကျွန်မတို့ သုံးမိနစ်ပဲ အချိန်ပေးမယ်၊ ရုံးကို ဘယ်သူမှ ရောက်မလာကြသေးခင် လူသူကင်းရှင်းနေတဲ့ ရုံးထဲကို ဆီနိုတ်တာ တစ်ယောက် တည်း အရင်ဆုံး ရောက်လာပြီး အလုပ် စလုပ်နေတာကို ရိုက်မယ်၊ သူများထက် ဝီရိယကောင်းတယ် ဆိုတဲ့ သဘောကို မိအောင် ရိုက်ယူမယ်"

ပက်က ရိုက်ရမည့် အကွက်အကွင်းများကို သူ့လူများ သဘောပေါက် နားလည်အောင် ရှင်းပြနေသည်။

"အဲဒီနောက် ဖီးလစ် ရောက်လာမယ်၊ ဆီနိုတ်တာကို သူပင်နဲ့ ပတ်သက် တဲ့ ဒီနေ့ အစီအစဉ်တွေကို ပြောပြမယ်၊ ဆီနိုတ်တာရဲ့ ဒီနေ့ ပြက္ခဒိန်ကို ရိုက်မယ်

www.burmeseclassic.com



ပြက္ခဒိန်ပေါ်မှာ ရက်စွဲ မပေါ်စေနဲ့၊ အဲဒီနောက် ရုံးအကူတွေ ရောက်လာကြမယ်၊ တယ်လီဖုန်း ခေါင်းလောင်းသံတွေ မြည်လာမယ်၊ စာတိုက်က ရောက်လာတဲ့ စာအိတ် အပုံကြီးကို ရိုက်ပြမယ်။

"ဆီနိတ်တာက သူ့ပြည်နယ်က ရောက်လာတဲ့ လူတွေကို လက်ခံ တွေ့ဆုံမယ်၊ မဲဆန္ဒရှင် တစ်ယောက်နဲ့ ဆီနိတ်တာနဲ့ စကားပြောနေမယ်၊ ဖီးလစ်က အခန်းထဲကို ဝင်လိုက် ထွက်လိုက် လုပ်နေရမယ်၊ ဆီနိတ်တာကို သတင်းတွေ လာပေးသလို ဖြစ်နေရမယ်၊ ကျွန်မတို့ ဘာကို လိုချင်တယ် ဆိုတာ ရှင်တို့ သဘော ပေါက်တယ် မဟုတ်လား၊ ဆီးနိတ်လွှတ်တော်အမတ် တစ်ယောက်ရဲ့ တစ်နေ့တာ လုပ်ငန်းဆောင်တာတွေနဲ့ သူ့ရဲ့ လှုပ်ရှားမှုတွေကို မှတ်တမ်းတင်လိုက်တဲ့ သဘောပဲ"

အက်ဘီဂေးလ် ရောက်လာသောအခါ ပက်တို့ အဖွဲ့သားများ အားလုံး အဆင်သင့် ဖြစ်နေကြလေပြီ။

ပထမဆုံး ရိုက်မည့် ရိုက်ချက်နှင့် ပတ်သက်၍ ပက်က အက်ဘီဂေးလ်ကို အသေးစိတ် ရှင်းပြသည်။ အက်ဘီဂေးလ်က ခေါင်းညိတ်ပြပြီး အခန်းပေါက်ဝသို့ ပြန်သွားသည်။ ကင်မရာများကို ခလုတ်ဖွင့်ကြသည်။ သူ တံခါး သော့ဖွင့်ပုံကို ရိုက်သည်။ သူ့အမူအရာသည် တစ်ခုခုမှာ အာရုံဝင်စားနေပြီး အလုပ်သဘောဆန် နေသည်။

ဦးထုပ် ချွတ်သည်။ ဆံပင်များကို လက်ဖြင့် သပ်သည်။ ပြီးတော့ ဦးထုပ် ကို စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။ အားလုံး သဘာဝအတိုင်း ဖြစ်နေသည်။ သရုပ်ဆောင်နေသည်နှင့် လုံးဝ မတူ။

"ကတ်…"

ပက်က အော်သည်။

"ဆီနိတ်တာ… အရမ်းကောင်းတာပဲ၊ ကျွန်မ လိုချင်တဲ့ ခံစားချက်မျိုး ကို ရလိုက်တယ်"

ပက်က ချီးကျူးစကား ပြောသည်။ သူ့နားထဲသို့ပင် ချိုမြိန်စွာ ပြန်ဝင် သွားသော ချီးကျူးစကားများ ဖြစ်ပါသည်။

ဆီနိတ်တာကျင်းနင်းက ပြုံးသည်။ အသိရခက်သော အပြုံးမျိုး ဖြစ်ပါသည်။

"ကျေးဇူးတင်ပါတယ်၊ ကဲ… အခု ဘာဆက်လုပ်ပေးရမလဲ"

စာတိုက်မှ စာများနှင့် ပတ်သက်သည့် အခန်း၊ ဖီးလစ်နှင့် မဲဆန္ဒရှင်တို့ကို လက်ခံ တွေ့ဆုံကာ စကားပြောသည့် အခန်း၊ နောက်ပြီးတော့ မဂ္ဂီဆိုင်းလ်စ်နှင့် စကားပြောသည့် အခန်းများအကြောင်း ပက်က အသေးစိတ် ရှင်းပြသည်။

ရုပ်မြင်သံကြား ရိုက်ကူးခြင်းမှာ အားလုံး ချောချောမောမော ဖြစ်သွား ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အက်ဘီဂေးလ်ဂျင်းနင်းသည် ကင်မရာစားအောင် မျက်နှာပေး မည်နည်း မည်ပုံ ထားရမည်ကို အလိုလို သိနားလည်နေသည့် အမျိုးသမီးကြီး ဖြစ်ကြောင်း ပက် သဘောပေါက်သွားသည်။

သူ့ရုံးခန်းထဲမှာ အမေရိကန်ပြည်ထောင်စု အလံနှင့် ဗာဂျီးနီးယားပြည်နယ် အလံများကို လွှင့်ထူထားသည်။ ထိုအလံများကို ရိုက်ပေးပါဦးဟု အက်ဘီဂေးလ်က မေတ္တာရပ်ခံသောကြောင့် ပက်တို့ အဖွဲ့က ရိုက်ပေးရသည်။

စာတိုက်မှ ရောက်လာသည့် စာအိတ်ပုံကြီးထဲမှ စာအိတ်တစ်အိတ်ကို အက်ဘီဂေးလ်က သေသေချာချာ ရွေးထုတ်နေသည်။ စာအိတ်ပေါ်က လက်ရေး မှာ ကလေး လက်ရေးကလေး ဖြစ်သည်။ ကင်မရာက ထိုလှုပ်ရှားမှုကို အသေးစိတ် ရိုက်ပေးနေလေသည်။

တယ်တော်ပါလား… တယ်ပြီး ဇာတ်ဆန်ပါလား… ဟု ပက်က တွေးကြည့်နေမိလေသည်။

ထို့နောက် မဲဆန္ဒရှင်တစ်ဦး ဖြစ်သူ မဂ္ဂီ ဝင်လာသည်။ မဂ္ဂီ၏ အမေအိုကြီး ကို လူအိုရုံသို့ ပို့ဖို့ အခက်အခဲ ဖြစ်နေရာ အက်ဘီဂေးလ်က ကူညီဆောင်ရွက် ပေးတာကြောင့် အဆင်ပြေသွားခဲ့သည်။

အက်ဘီဂေးလ်က သူ့ကို ဝမ်းသာအားရ ဆီးကြိုသည်။ ရင်းနှီးချစ်ခင် စွာ နမ်းရှုပ် နှုတ်ဆက်သည်။ ကုလားထိုင် တစ်ခုဆီသို့ ခေါ်သွားပြီး နေရာထိုင်ခင်း ပေးသည်။

အားလုံး လှိုက်လှိုက်လှဲလှဲချည်းပင်။

စိတ်ပါလက်ပါ စကားပြောနေကြောင်း ပက် တွေ့ရသည်။ ထိုအမျိုးသမီး ဖုန်းဆက်ပြီး သူ့အမေအိုကြီး ပြဿနာကို ပြောပြစဉ်က သည်အခန်းထဲမှာ ပက် ရှိနေခဲ့သည်။ ယခု သရုပ်ဆောင်နေသည်မှာ ဟိုတုန်းကထက်ပင် လှိုက်လှိုက်လှဲလှဲ ရှိနေလေသည်။

နိုင်ငံရေးသမားများသည် သည်လိုချည်းပဲလား။

သည်လိုမှ မဟုတ်လျှင် ငါကပဲ သိပ်ကို အ,လွန်း၊ နုံလွန်းနေသလားဟု ပက် တွေးကြည့်နေသည်။

၁၀ နာရီထိုးတော့ အားလုံး ရိုက်ကူးပြီးစီးသွားသည်။ လိုချင်သည်များ အားလုံး ရပြီဖြစ်ကြောင်း ပက်က အက်ဘီဂေးလ်ကို ပြောသည်။

ပက်နှင့် ကင်မရာဆရာများ ပြန်ကြဖို့ အဆင်သင့် ပြင်ပြီးကြလေပြီ။

“ပထမ အကြမ်းထည် တည်းဖြတ်တာကို ကျွန်မတို့ ဒီနေ့ ညနေ အပြီးလုပ်မယ်”

ပက်က ဒါရိုက်တာကို ပြောပြသည်။

“ပြီးရင် ညကျတော့ လူသာနဲ့ ထပ်ညှိမယ်”

www.burmeseclassic.com

www.burmeseclassic.com



"အင်မတန်ကောင်းတဲ့ တင်ဆက်မှု ဖြစ်မယ်လို့ ကျွန်တော် ထင်တယ်" ဟု ကင်မရာဆရာက ပြောသည်။

"ကောင်းပါလိမ့်မယ်၊ ကျွန်မကတော့ ဒါလောက်ပဲ ပြောဝံ့ပါသေးတယ်ရှင်"

ဟု ပက်က ပြန်ပြောလေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၆ ]

အာသာသည် တစ်ညလုံး မစ္စက်ဂေးလက်စ်ဝိုင်း၏ မျက်လုံးများကိုသာ အိပ်မက်
များ မက်နေသည်။

မနက် မိုးလင်းတော့ သူ့မျက်ခွံတွေ လေးနေသည်။ နှံးချည့်နေသည်
အိပ်ရာက ထပြီး ကော်ဖီဖျော်သည်။ ပြီးတော့ မုန့် သွားဝယ်ဖို့ တာ
သည်။ သို့သော် သွားမဝယ်ဖို့ ဂလိုရီက ပြောသည်။

"ကျွန်မ ဘာမှ မစားတော့ဘူး၊ ကျွန်မ ရုံးသွားပြီးရင် ဖေဖေ နားနေ
နော်၊ ညတုန်းက ဖေဖေ ကောင်းကောင်း အိပ်မပျော်ဘူး မဟုတ်လား"

"မင်း ဘယ်လိုလုပ် သိသလဲ"

ဂလိုရီနှင့် မျက်နှာချင်းဆိုင်မှာ သူ ထိုင်နေသည်။ ကုလားထိုင်ကို ဖင်
ချိတ်မိရုံ ချိတ်ပြီး ထိုင်နေသည့် ဂလိုရီကို သူ ကြည့်ပြီး အကဲခတ်နေသည်။

ဂလိုရီကလည်း သူ့ကို မသိမသာ ပြန်ကြည့်နေသည်။

"ဖေဖေ တစ်ညလုံး အော်နေတယ်၊ မစ္စက်ဂေးလက်စ်ဝိုင်း ဆုံးသွား
အတွက် ဖေဖေ အရမ်းစိတ်ပူနေသလား ဟင်၊ သူ့အကြောင်း ဖေဖေ မ
ပြောပြနေတာလည်း ကျွန်မ သိတယ်လေ"

ကြောက်စိတ်သည် သူ့တစ်ကိုယ်လုံးသို့ပျံ့နှံ့သွားလေသည်။ မိမိ
သူတို့က ဂလိုရီကို မေးလျှင် မည်သို့ လုပ်မည်နည်း။ ဂလိုရီကရော မည်သို့
မည်နည်း။ မိမိကို ထိခိုက်နိုင်သလား၊ မထိခိုက်နိုင်ဘူးလား ဆိုတာကို
ဘယ်လိုလုပ် သိမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



သူ အပြန်ပြန်အလှန်လှန် စဉ်းစားနေသည်။ ပြီးတော့မှ စကားလုံးများကို တစ်စိုက် ရွေးချယ်ပြီး ပြန်ပြောသည်။

"သူ မသေခင် သူ့သမီးနဲ့ တွေ့မသွားရလို့ ဖေဖေ အရမ်းဝမ်းနည်းသွား တာပါ၊ သူကလည်း သူ့သမီးနဲ့ အရမ်းတွေ့ချင်၊ ဖေဖေကလည်း တွေ့စေချင် တယ်လေ"

ဂလိုရီက ကော်ဖီကို မော့ချပြီး ထိုင်ရာမှ ထသည်။

"ရုံးကနေ လေး ငါး ဆယ်ရက်လောက် ခွင့်ယူပြီး ဖေဖေ အနားယူလိုက် ကောင်းတယ်၊ အလုပ်ကို ဖေဖေ အပြင်းအထန် လုပ်နေတယ်လို့ ကျွန်မ ထင်တယ်"

"ဖေဖေ နေကောင်းပါတယ် ဂလိုရီ၊ ဖေဖေ အိပ်ပျော်နေတုန်း ဘာတွေ များ ယောင်နေတာလဲ"

"မစ္စက်ဂေးလက်စ်ဝိုင်းကို မျက်လုံး မှိတ်ခိုင်းနေတယ်၊ သူ့အကြောင်း ဘာတွေများ အိပ်မက် မက်နေတာလဲ ဟင်"

ဂလိုရီက သူ့ကို ကြည့်နေသည်။ ကြောက်လန့်တကြား ကြည့်နေခြင်း ဖြစ်သည်ဟု အာသာ ထင်သည်။

ဂလိုရီ ဘာတွေ သိသွားပြီလဲ။

ဒါမှမဟုတ် ဘာတွေကိုများ ခန့်မှန်းကြည့်နေသလဲ။

ဂလိုရီ ရုံးသွားရန် ထွက်သွားပြီးသည့်နောက် ထိုနေရာမှာပင် သူ ထိုင် ကျန်ရစ်သည်။ ကော်ဖီပန်းကန်ကို ငေးကြည့်နေသည်။ စိုးရိမ်ပူပန်လာသည်။ ပြီးတော့ အရမ်းပင်ပန်းနွမ်းနယ်လာသည်။

သူ ဂနာမငြိမ်နိုင်အောင် ဖြစ်နေသည်။ အပြင်ထွက်ပြီး လမ်းနည်းနည်း လျှောက်ဖို့ ဆုံးဖြတ်သည်။

အပြင် ထွက်ခဲ့သည်။ သို့သော်လည်း သူ့စိတ် မငြိမ်ပါ။ ထို့ကြောင့် သုံး လေးလမ်းကျော်အထိ လျှောက်ပြီးသောအခါ အိမ်ဘက်သို့ ပြန်လှည့်လာသည်။

သူတို့ လမ်းထောင့်သို့ ရောက်သောအခါ သူတို့အိမ်ရှေ့တွင် ရဲကား ရပ်ထားသည်ကို တွေ့ရသည်။

အနီးရှိ အဆောက်အအုံ လှေကားအတွင်းသို့ သူ အလိုအလျောက် ဝင်ရောက် ပုန်းကွယ်ပြီး ဖြစ်သွားသည်။ ထိုအထဲမှနေ၍ ရဲကားကို စောင့်ကြည့် အကဲခတ်သည်။

ရဲများက မည်သူ့ကို အလိုရှိနေသလဲ။

သူ့ကိုလား...

ဂလိုရီကိုလား...

ဂလိုရီကို သတိပေးမှ ဖြစ်တော့မည်။ သူတို့ နှစ်ယောက် တစ်နေရာရာ မှာ ချိန်းတွေ့ပြီး လွတ်ရာသို့ ပြေးကြရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှာ ငွေသား ဒေါ်လာ ၃၀၀ ရှိသည်။ ဘောလ်တီမိုးရှိ ဘဏ်တိုက်ထဲတွင် အခြားနာမည် တစ်ခုခုနှင့် အပ်ထားသော ဒေါ်လာ ၆... ရှိသည်။

ထိုမျှသော ငွေသည် သူ နောက်ထပ် အလုပ်တစ်ခု ရသည်အထိ ထိုင်စား လောက်သည်။ လူအိုရုံ တစ်ခုခုတွင် အလုပ်တစ်ခုခု ရဖို့ ဆိုသည်မှာ အလွန်တ... လွယ်ကူပါသည်။ လူအိုရုံတိုင်းတွင် သူတို့လို အထူးအလုပ်သမားများ အလွန်အ... လိုအပ်နေလေသည်။

အိမ်ဘေးမှ သူ အသာကပ်ပြီး မျက်စောင်းထိုး ခြံဘက်သို့ ကူးသည်။ ပြီးတော့ လမ်းထောင့်သို့ အပြေးအလွှားသွားကာ အများသုံးဖုန်းမှနေ၍ ဂလိုရီ... ရုံးသို့ လှမ်းဆက်သည်။

သို့သော်လည်း ဂလိုရီက အခြားဖုန်းတစ်ခုနှင့် စကားပြောနေသည်... ဆိုသည်။

"အခုချက်ချင်း ခေါ်စမ်း"

ဖုန်းဖြေသည့် မိန်းကလေးကို သူ ဒေါသတကြီး အော်ပြောသည်။

"သိပ်အရေးကြီးတယ်၊ သိပ်အရေးကြီးတယ်လို့၊ သူ့အဖေက ပြော... တယ်လို့ ပြောလိုက်"

ဂလိုရီ ဖုန်းလာကိုင်သည်။ အသံက စိတ်မရှည်သည့် လေသံမျိုး ဖြစ်သည်။

"ဖေဖေ… ဘာဖြစ်တာလဲ"

အကျိုးအကြောင်း သူ ပြောပြသည်။ ဘာဖြစ်သည်ကို သိလျှင် ဂလို... ငိုမည်။ သို့မဟုတ် ချောက်ချောက်ချားချားနှင့် အထိတ်တလန့် ဖြစ်လိမ့်မည်... သူ ထင်ထားသည်။ သို့သော် ဂလိုရီက ဘာမှ ပြန်မဖြေဘဲ ငြိမ်နေသည်။

"ဂလိုရီ…"

"ဟုတ်ကဲ့… ဖေဖေ"

ခပ်တိုးတိုး ပြန်ဖြေသည်။ ခံစားချက် ကင်းမဲ့နေသော အသံလည်း ဖြစ်သည်။

"အခုချက်ချင်း ရုံးက ထွက်ခဲ့ပါ၊ ဘယ်သူ့ကိုမှ ဘာမှ မပြောနဲ့၊ အိမ်... သွားမယ့် ပုံမျိုးလုပ်ပြီး ထွက်ခဲ့၊ ဗဟိုဘူတာရုံကြီးက ပလက်ဖောင်း နံပါတ်... က ဂိတ်ပေါက် အမှတ် ၇ မှာ ဖေဖေနဲ့ တွေ့ပါ၊ ထွက်လမ်းတွေ အားလုံးကို သူ... ပိတ်ဆို့ပြီး မရှာခင် တို့ လွတ်အောင် ထွက်သွားမှ ဖြစ်မယ်၊ ဘောလ်တီမိုးဘဏ်... ထဲမှာ ရှိနေတဲ့ ပိုက်ဆံကို ထုတ်ယူပြီးရင် တောင်ပိုင်းကို သွားကြမယ်"

"မဖြစ်ဘူး… ဖေဖေ"

ဂလိုရီ၏ လေသံသည် စောစောကထက် ပိုမာလာသည်။ ပြီးတော့ ပိုင်ပိုင်နိုင်နိုင် ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထွက်ပြေးနေတဲ့ အလုပ်ကို ကျွန်မ မလုပ်တော့ဘူး၊ ကျေးဇူးတင်ပါတယ် ဖေဖေ၊ ဖေဖေလည်း ကျွန်မအတွက် ပြေးလွှား ပုန်းအောင်းနေတာမျိုးတွေ မလုပ်ပါနဲ့တော့၊ ကျွန်မ ရဲစခန်းကို သွားပြီး အဖမ်းခံလိုက်တော့မယ်"

"ဂလိုရီ… မလုပ်ပါနဲ့ မလုပ်ပါနဲ့၊ နေပါဦး… အားလုံး အဆင်ပြေသွားမှာပါ၊ အခု သွားပြီး အဖမ်းမခံပါနဲ့ဦး၊ ဖေဖေ့ကို ကတိပေးပါ၊ အခု အဖမ်းမခံပါနဲ့ဦး"

ရဲကားက သူ့ဘက်ခြမ်းသို့ ခပ်ဖြည်းဖြည်း မောင်းလာသည်။ သူ ဘယ်နည်းနှင့်မှ အချိန်မဖြုန်းနိုင်တော့ချေ။

ဂလိုရီက လေသံကလေးနှင့် ပြောသည်။

"ကျွန်မ ကတိပေးပါတယ်"

ဖုန်းကို သူ ပြန်ချလိုက်သည်။ ပြီးတော့ အဆောက်အအုံတစ်ခု၏ လှေကားထဲသို့ သူ ဝင်လိုက်သည်။

သူ ပုန်းနေသည့် အဆောက်အအုံကို ကျော်ပြီး ရဲကား မောင်းသွားသည်။ လမ်းနှစ်ဖက်ကို အိတ်ထဲသို့ ထည့်လိုက်ပြီး မီးရထားဘူတာရုံ ရှိရာသို့ ခပ်တော့တော့ လျှောက်သွားလေသည်။

*

၁၀ နာရီခွဲ အချိန်လောက်တွင် မော်တော်ကား ရပ်ထားရာသို့ လျှောက်လာသော အက်ဘီဂေးလ်၏ မျက်နှာမှာ မကောင်းလှချေ။

တိုဘီက စကားပြောဖို့ ဟန်ပြင်သည်။ သို့သော်လည်း ပါးစပ်ပိတ်ထားရန် တစ်စုံတစ်ခုက သူ့ကို ပြောလိုက်သလို ဖြစ်နေသည်။ ထို့ကြောင့် ငြိမ်နေလိုက်သည်။

အက်ဘီဂေးလ်က ရင်ဖွင့်ချင်သည် ဆိုလျှင်လည်း သူ ပြောသမျှကို နားထောင်ရုံပဲ ရှိသည်။

"တိုဘီ… ငါ အိမ်မပြန်ချင်သေးဘူး၊ ဝါးတားဂိတ် အဆောက်အအုံကို ပို့ပေးစမ်း၊ နောက်ကျနေတဲ့ မနက်စာကို အဲဒီမှာ ရနိုင်တယ်"

အက်ဘီဂေးလ်က ရုတ်တရက် ပြောချသည်။

"သေချာပေါက် ရနိုင်တာပေါ့ ဆီနီတ်တာ"

အက်ဘီဂေးလ်သည် ဟိုနား သည်နားသို့ ယခုလို ခိုင်းရိုးထုံးစံ မရှိသော်လည်း တိုဘီက လိုက်လိုက်လဲလဲ လေသံဖြင့် ပြန်ပြောသည်။

ထိုနေရာကို အက်ဘီဂေးလ်ဘာကြောင့် ရွေးပြီး ပို့ခိုင်းကြောင်း တိုဘီ သိပါသည်။ ထိုအဆောက်အအုံမှာပင် ဆမ်ကင်စလေ နေသည်။ ထို့ကြောင့် ဝါးတားဂိတ် အဆောက်အအုံရှိ စားသောက်ဆိုင်သို့ ရောက်လျှင် အပေါ်ထပ်မှာ နေသော ဆမ်ကို သူ ဖုန်းဆက်မည်။ သူနှင့် အတူတူ ကော်ဖီ ဆင်းသောက်ဖို့ ခေါ်မည်။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြပေ့ါ။

သို့သော်လည်း မနေ့ညတုန်းက ခန်းမ အပြင်ဘက်က အဝတ်အ ထားသည့် အခန်းကလေးထဲမှာ ဆမ်နှင့် ပက်ထရေးမိုးတို့ စကားပြောနေကြ ကတော့ ရှိးသားသည်ဟု မဆိုနိုင်ပါ။

သူတို့နှစ်ယောက် ကြားမှာ တစ်ခုခုတော့ ရှိနေသည်။ အက်ဘီဂေ နောက်တစ်ကြိမ် ထိခိုက်နစ်နာသွားမည့် အဖြစ်မျိုးကို သူ မခံနိုင်ပါ။

နောက်သို့ သူ မသိမသာ ငဲ့ကြည့်သည်။ အက်ဘီဂေးလ်က လက်ကိုင် မှန်ကလေးထဲမှ သူ့မိတ်ကပ် အနေအထားကို စစ်ဆေးကြည့်နေသည်။

"ခင်ဗျား အရမ်းလှပါတယ် ဆီနိတ်တာ"

တိုဘီက လှည့်ပြောသည်။

ဝါးတားဂိတ် အဆောက်အအုံ ဝင်းထဲ ရောက်တော့ တံခါးစောင့် မော်တော်ကား တံခါး ဆီးဖွင့်ပေးသည်။ ပြီးတော့ အက်ဘီဂေးလ်ကို အားပါးတ ပြုံးပြပြီး ခါးညွတ် အရိုအသေပေးသည်ကိုပါ တိုဘီ သတိထားလိုက်မိလေသည်။

ဟုတ်ပေသည်ပေ့ါ။ ဝါရှင်တန်မြို့တွင် ဆီးနိတ်လွှတ်တော် အမတ်ပေါင်း တစ်ရာ ရှိနေသော်လည်း ဒုတိယသမ္မတ ဆိုတာက နှစ်ယောက်တည်း ရှိသည် မဟုတ်လား။

အဲဒီရာထူးကို ခင်ဗျား ရစေချင်ပါတယ် အက်ဘီ... ကျွန်တော့် ဒီလို ဆန္ဒမျိုး ရှိလာပြီဆိုရင် ပေါ်ပေါက်လာမယ့် ဘယ်လို အနှောင့်အယှ ဆူးငြောင့်ခလုတ်ကိုမဆို ကျွန်တော် ဖယ်ရှားပေးသွားပါ့မယ်... ဟု တိုဘီ ကျိတ်ပြီး တွေးကြည့်နေမိလေသည်။

အခြား ဒရိုင်ဘာများ ကားရပ်ထားသည့် နေရာသို့ သူ့ကားကို မောင်း ပြီး ထိုဒရိုင်ဘာများကို နှုတ်ဆက်ရန် ကားပေါ်မှ ဆင်းခဲ့သည်။

ယနေ့ သူတို့ ပြောကြ ဆိုကြသည့် အကြောင်းအရာမှာ အက်ဘီဂေ အကြောင်းချည်း ဖြစ်သည်။

ဝန်ကြီးတစ်ယောက်၏ ကားဒရိုင်ဘာ ပြောသည့် စကားကိုလည်း ကြားလိုက်သည်။

"အခြေအနေတွေ အားလုံးကတော့ ဆီနိတ်တာဂျင်းနင်းဘက်ကို ဦးတည်နေတာပါ"

အက်ဘီ... ခင်ဗျားဟာ အဲဒီရာထူးကို ရသလောက် ဖြစ်နေ လား... ဟု တိုဘီက အကြီးအကျယ် ဝမ်းသာအားရ တွေးလိုက်မိလေသည်။

စားသောက်ဆိုင်ထဲမှာ အက်ဘီဂေးလ် တစ်နာရီကျော် ကြာသည် ထို့ကြောင့် သူ့အဖို့ သတင်းစာဖတ်ရန် အချိန်တွေ အများကြီးရသည်။

www.burmeseclassic.com

နောက်ဆုံးတွင် နာမည်ကြီး ပုဂ္ဂိုလ်များအကြောင်း ရေးသည့် ကဏ္ဍကို သူ လှန်လိုက်သည်။ အက်ဘီဂေးလ်သည် စာဖတ်ချိန် လုံလောက်အောင် မရ။ ထို့ကြောင့် စုံစီနဖာ အတိုအထွာများကို သူက ရှာဖွေ ဖတ်ပြရတတ်သည်။ သို့တည်းမဟုတ် သူက ရှာပေးပြီး အက်ဘီဂေးလ်ကို ဖတ်စေရသည်။

ဂျိုနာဘာတာဖီးသည် ဝါရှင်တန်မြို့ရှိ သတင်းစာဖတ် ပရိသတ်တိုင်း ကြိုက်သည့် ပင်တိုင်ဆောင်းပါးရှင် ဖြစ်သည်။ သူ့ဆောင်းပါးကို လူတိုင်း ဖတ်ကြသည်။

ယနေ့ထုတ် သတင်းစာတွင် သူ၏ ဆောင်းပါးသည် အလယ်စာမျက်နှာ နှစ်မျက်နှာလုံးကို ခွပြီး ယူထားသည်။ ခေါင်းစဉ်ကိုလည်း နှစ်မျက်နှာကြီး ခွပြီး ဘောင် ခေါင်းစီးအဖြစ် တပ်ထားသေးသည်။

ခေါင်းစဉ်ကြီးကို တိုဘီ ဖတ်သည်။ ပြီးတော့ နောက်တစ်ကြိမ် ထပ်ဖတ်သည်။ ပြီးတော့ နောက်တစ်ကြိမ် ထပ်ဖတ်သည်။ သူ မြင်နေရသော ခေါင်းစဉ်ကို မဟုတ်ဘူးဟု ငြင်းဆိုဖို့ သူ့စိတ်ထဲက ကြိုးစားနေမိသည်။

**အဒမ်စ် အသတ်ခံရသည့် အိမ်မှ ခြိမ်းခြောက်မှု**
**ဂျင်းနင်းနှင့် ပတ်သက်နေခြင်း**

ခေါင်းစဉ် စာလုံးမည်းကြီးက ထင်းခနဲ ဖြစ်နေသည်။ ဆောင်းပါး၏ အပိုဒ်များကို စာလုံးကြီးနှင့် စီထားသည်။

ဆီးနိုက်လွှတ်တော်အမတ် ဂျင်းနင်းအကြောင်း အထူးစီစဉ်တင်ဆက်ပေးရန် ငှားရမ်းခြင်း ခံလိုက်ရသော ပက်ထရေးမိုးသည် နေ့ချင်းညချင်း ကျော်ကြားလာသည့် ရုပ်မြင်သံကြား သတင်း ကြေညာသူ အမျိုးသမီးငယ်လေး ဖြစ်လေသည်။

ဂျင်းနင်း အကြောင်း ထုတ်လွှင့်ပေးဖို့ ဆက်လက်လုပ်ကိုင်နေမည် ဆိုလျှင် အသက်ကို ရန်ရှာမည် ဖြစ်ကြောင်း စာများ ရေးသား ပေးပို့ခြင်း၊ ဖုန်းဆက်ခြင်း အပြင် အိမ်ထဲသို့ ဖောက်ထွင်း ဝင်ရောက်ခြင်းများဖြင့် ခြိမ်းခြောက်ခြင်း ခံနေရသူမှာလည်း ပက်ထရေးမိုးပင် ဖြစ်ပါသည်။

ခရစ္စမတ် အကြိုနေ့ ညက သံအမတ်ကြီး ကာဒယ်လ်၏ နေအိမ်တွင် သီးသန့် ညစာ စားပွဲကလေးတစ်ခု ကျင်းပသည်။ ချောမောလှပသော ပက်ထရေးမိုးသည် ထိုညစာစားပွဲတွင် ဧည့်သည်တစ်ဦး ဖြစ်သည်။ လက်ရှိ သူ ငှားရမ်းနေထိုင်သော အိမ်ကြီးတွင် လွန်ခဲ့သည့် ၂၄ နှစ်လောက်က အဒမ်စ် မိသားစု အသတ်ခံခြင်း၊ မိမိကိုယ်မိမိ သတ်သေခြင်းများ ဖြစ်ပွားခဲ့ကြောင်း ပက်က ထုတ်ဖော်ပြောဆိုသွားသည်။

ကြောက်မက်ဖွယ်ကောင်းသော အတိတ်သမိုင်းကြောင်း ရှိသည့် ထိုအိမ်ကြီးသည် မိမိကို မည်သို့မှ အနှောင့်အယှက် မဖြစ်စေပါကြောင်းဖြင့် ပက်က ပြောသည်။ သို့သော်လည်း ထိုအိမ်ကြီးအနီးတွင် နှစ်ပေါင်းများစွာ ကြာအောင်

www.burmeseclassic.com



နေထိုင်ခဲ့ကြသူများကမူ စိတ်ထဲမှာ စနိုးစနောင့် ဖြစ်မိကြောင်း ပြောကြားကြ သည်။

နောက်စာပိုဒ်များကမူ အဒဲမ်စ်တို့မိသားစု နှစ်လောင်းပြိုင် လူသတ်မှု ဖြစ်ပွားသည့် အကြောင်းကို အသေးစိတ် ရေးသားလာလေသည်။

တစ်ကိုယ်လုံး ပတ်တီးများ စည်းထားသည့် သူတို့၏ ၃ နှစ်အရွယ် သမီးကလေး၏ အနီးကပ် ရိုက်ထားသော ဓာတ်ပုံလည်း ပါသည်။

'အသက်ရှင်နိုင်ဖို့ ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့သော ကယ်ရီကလေး သည် နောက် ၆ လ ကြာသောအခါ အရေးနိမ့်သွားရရှာလေသည်' ဟူသော ပုံစာကိုလည်း ထိုဓာတ်ပုံအောက်တွင် ရေးထားလေသည်။

ဆောင်းပါးက လူသတ်မှုကြီးနှင့် ပတ်သက်၍လည်း မသိမသာ ဖုံးကွယ် ပေးထားလေသည်။

ကွန်ဂရက်လွှတ်တော်အမတ် အဒမ်စ်သည် ခြေငြိမ်သူတစ်ယောက် မဟုတ် ကြောင်း၊ ရိုးရိုးအေးအေး နေတတ်သည့် ဇနီးသည်နှင့် မကြာမီ ကွာရှင်း ပြတ်စဲဖို့ ရှိကြောင်းဖြင့် ကွယ်လွန်သူ ရီနီ၏ မိခင် ပက်ထရီရှာရမ်း စတွိုင်လာက ထုတ်ဖော် ပြောဆိုခဲ့သည်။ သို့သော်လည်း ဒင်းအဒမ်စ် ပတ်သက်ပြီး တစ်စုံတစ်ယောက်က နောက်ပြောင် ပြောဆိုလိုက်သည် ထိုခေတ်က ဝါရှင်တန်မြို့တွင် နေထိုင်ဖူးသူများက ထင်ကြသည်။

ထိုသို့ နောက်ပြောင်လိုက်သည့် ညမှာပင် ရီနီအဒမ်စ်က သေနတ် ကိုင်ထားမိနေသည်။ တစ်ယောက်ယောက်က နောက်တာ တကယ် ထင်ပြီး ရီနီက ဒေါသဖြစ်နေတယ်ဟု သူတို့၏ မိတ်ဆွေ တစ်ယောက်က ပြန်ပြောပြသည်။

သည်အတိုင်းဆိုလျှင် ယောကျ်ားအပေါ် အခြား မိန်းမများ ပတ်သက်ပြီး သဘောထားသေးရာက ထိုည၏ ကြေကွဲဖွယ် ဓာတ် ကြီး ဖြစ်ပွား ပေါ်ပေါက်ခဲ့ရလေသလော။

မည်သူက သေနတ် မောင်းဖြုတ်ကာ ကြေကွဲစရာ ဇာတ်လမ်း စတင်လေသနည်း။

အဖြစ်အပျက်သည် ၂၄ နှစ်ပင် ကြာမြင့်ခဲ့ချေပြီ။ သို့သော် ဝါရှင်တန် မြို့သူမြို့သားများကတော့ ယခုတိုင် မည်သို့မည်ပုံ ဖြစ်ခဲ့ ကို မှန်းဆကြည့်နေကြဆဲပင်။

အက်ပယ်လ်ဂျန်းရှင်းမြို့ မယ်အဖြစ် အရွေးခံရပြီး သရဖူ ဆောင်း သည့် အက်ဘီဂေးလ်၏ ဓာတ်ပုံမှာ ထင်းထင်းကြီး ဖြစ်နေသည်။ ထိုဓာတ်ပုံ အောက်တွင်လည်း ဆောင်းပါးကို ဆက်ရေးထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကျော် ပုဂ္ဂိုလ်များ၏ အကြောင်းကို တင်ဆက်ကြရာတွင် များသော အားဖြင့် ပုံစံဟောင်းကြီးကို တို့တို့တိတိ မွမ်းမံပြီး တင်ဆက်ကြသည်က များသည်။ သို့သော်လည်း ယခု တင်ဆက်တော့မည့် အက်ဘီဂေးလ် ဂျင်းနင်းကမူ လူကြိုက်အများဆုံး စာရင်းဝင်သွားမည်မှာ သေချာလေသည်။

မည်သို့ဆိုစေ ဆီနိတ်တာဂျင်းနင်းသည် ကျွန်မတို့ နိုင်ငံ၏ ပထမဆုံးသော အမျိုးသမီး ဒုတိယသမ္မတ ဖြစ်လာနိုင်စရာ အကြောင်း ရှိနေပေသည်။ အားလုံးက ကိန်းသေပေါက် တွက်နေကြလေသည်။

သူ့အကြောင်း ရုပ်မြင်သံကြား အထူးအစီအစဉ်အဖြစ် တင်ဆက်ရာတွင် အက်ပယ်လ်ဂျန်းရှင်း မယ်ဘွဲ့ ရခဲ့စဉ်က ဓာတ်ပုံအများအပြားကို ရှုမြင်ကြရလိမ့်မည်ဟု အများက မျှော်လင့်တောင့်တနေကြသည်။

သူ့အကြောင်း တင်ဆက်မည့် ကိစ္စနှင့် ပတ်သက်ပြီး ရုပ်မြင်သံကြား တင်ဆက်သူ အမျိုးသမီး၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေလေရာ မည်သို့သော သူက ဆီနိတ်တာဂျင်းနင်းအား သည်လောက်တောင် မုန်းတီးစက်ဆုပ်နေသနည်း ဆိုသည်ကို မည်သူမှ မတွေးတတ်နိုင်အောင် ဖြစ်နေကြလေသည်။

လက်ယာဘက် စာမျက်နှာ တစ်ဝက်လောက်ကို 'တက္ကသိုလ် အကြိုနှစ်များ' ဟူသော ခေါင်းစဉ်ငယ် ထပ်တပ်ပြီး ဓာတ်ပုံများကို ဝေဝေဆာဆာ ဖော်ပြသည်။ ဓာတ်ပုံ အများစုမှာ အပျော်တမ်း ရိုက်ထားသည့် ပုံများ ဖြစ်လေသည်။ ထိုပုံများနှင့် အတူလည်း ဆောင်းပါးကို ယခုလို ဆက်ရေးသားပြန်သည်။

ထူးထူးဆန်းဆန်း တိုက်ဆိုင်နေတာ တစ်ခုလည်း ရှိပါသေးသည်။ ဆီးနိတ်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျင်းနင်းသည် တစ်ချိန်တုန်းက ကွန်ဂရက်လွှတ်တော်အမတ် အဒမ်စ်၏ အိမ်သို့ မကြာခဏ ဝင်ထွက်သွားလာလည်ပတ်လေ့ရှိသော ဧည့်သည်တစ်ယောက် ဖြစ်ခဲ့ဖူးလေသည်။

အက်ဘီဂေးလ်နှင့် ကွယ်လွန်သူ သူ၏ ခင်ပွန်းသည် ကွန်ဂရက်လွှတ်တော်အမတ် ဝေးလတ်ဂျင်းနင်းတို့သည် ဒင်းနှင့် ရီနီအဒမ်စ်တို့ လင်မယားနှင့် လည်းကောင်း၊ ဖွန်ကနေဒီတို့ လင်မယားနှင့် လည်းကောင်း၊ အလွန်တရာ ရင်းနှီးသော မိတ်ဆွေ အပေါင်းအသင်းများ ဖြစ်လေသည်။

လူတိုင်း စိတ်ဝင်စားခဲ့ကြသည့် ထိုသုံးစုံတွဲတို့ခမျာမှာ သူတို့အပေါ်သို့ ကံကြမ္မာဆိုးကြီးများ ကျရောက်တော့မည့် အကြောင်းကို ကြိုတင်သိနိုင်စွမ်း မရှိခဲ့ကြရှာချေ။

'ဂျော့တောင်းမြို့တွင် လည်းကောင်း၊ ဗာဂျီးနီးယားပြည်နယ်ရှိ ဂျင်းနင်းတို့၏ ခြံထဲတွင် လည်းကောင်း၊ ဟိုယန်းနစ်ကမ်းခြေတွင် လည်းကောင်း သူတို့

www.burmeseclassic.com



သုံးစုံတွဲ ရိုက်ကူးထားခဲ့ကြသည့် ဓာတ်ပုံများကိုလည်း ဝေဝေဆာဆာ ဖော်ပြထား လေသည်။

ထိုမျှမကသေး၊ ဝေးလတ်ဂျင်းနှင်း ကွယ်လွန်ပြီးနောက် ရိုက်ကူးသည့် အက်ဘီဂေးလ်၏ ဓာတ်ပုံ ဒါဇင်ဝက်လောက်ကိုလည်း ဖော်ပြထားပါသည်။

တိုဘီသည် ကြောက်မက်ဖွယ်ကောင်းသော ဟိန်းဟောက်သံကြီး ပြုလိုက်မိလေသည်။ ဒေါသစိတ်တို့သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားလေသည်။

လက်ထဲမှာ ကိုင်ထားသည့် သတင်းစာကို လုံးချေပစ်လိုက်သည်။ ဂျီနီဘာတာဖီး၏ ဆောင်းပါး ပါသည့် စာမျက်နှာများသည် သူ၏ လက်ထဲတွင် စိစိညက်ညက် ကြေကာ ပျောက်ကွယ်သွားစေလိုသည်။

သို့သော်လည်း မဖြစ်နိုင်ပါ။ ထိုဆောင်းပါးသည် မည်သည့်နည်းနှင့် ပျောက်ကွယ်မသွားနိုင်ပါ။

နေအိမ်သို့ ပြန်ရောက်လျှင်ရောက်ချင်း အက်ဘီဂေးလ်ကို ထိုဆောင်းပါး ပြရပေတော့မည်။ အက်ဘီဂေးလ် မည်သို့ တုံ့ပြန်မည်ကို ဘုရားသခင်မှသာ ကြိုတင်သိနိုင်ပေတော့မည်။

အက်ဘီဂေးလ်သည် ခေါင်းအေးအေးထားပြီး တည်တည်ငြိမ်ငြိမ် ရင်ဆိုင် ရပေတော့မည်။

အရာရာတို့သည် သူ ဘယ်လောက် ခေါင်းအေးအေးနှင့် ရင်ဆိုင်ဖြေရှင်း နိုင်သနည်း ဆိုသည့် အပေါ်တွင် တည်မှီနေတော့သည်။

စားသောက်ဆိုင်ရှေ့သို့ တိုဘီ မော်တော်ကား မောင်းယူသွားသောအခါ အက်ဘီဂေးလ်သည် အပြင်ထွက်ပြီး အဆင်သင့် စောင့်နှင့်နေပေပြီ။

သူ့ဘေးမှာ ဆမ်ကင်စလေ ရပ်နေသည်။

တိုဘီက အက်ဘီဂေးလ်အတွက် ကားတံခါး ဖွင့်ပေးဖို့ ဆင်းဖို့ ပြင်သည်။ သို့သော်လည်း ဆမ်က အက်ဘီဂေးလ်အတွက် လျင်မြန်စွာ တံခါးဖွင့်ပေးနှင့်သည်။ ထိုမျှမက ကားထဲသို့လည်း တွဲပြီး တင်ပေးသည်။

"ကျေးဇူးတင်ပါတယ် ဆမ်၊ တော်တော်ကလေး စိတ်ချမ်းသာသွားတယ်။ ညစာ အတူတူ မစားနိုင်ဘူး ဆိုတာကိုတော့ ဝမ်းနည်းတယ်"

အက်ဘီဂေးလ်က ဆမ်ကို လှမ်းပြောသည်။

"တွေ့ကြဦးမှာပဲလေ"

တိုဘီက မော်တော်ကားကို ခပ်မြန်မြန် မောင်းပြီး ထွက်ခဲ့သည်။ အက်ဘီဂေးလ် ကို အိမ်သို့ မြန်မြန် ပြန်ရောက်စေချင်သည်။ ဆောင်းပါးနှင့် ပတ်သက်ပြီး ဘယ်လို ဘယ်ပုံ တုံ့ပြန်မည် ဆိုသည်ကို မဆုံးဖြတ်ရသေးမီ အက်ဘီဂေးလ်ကို လူမြင်ကွင်း တွင် ရှိမနေစေချင်။

www.burmeseclassic.com

www.burmeseclassic.com



"ဆမ်ဟာ ဘယ်သူနဲ့မှ မတူဘူး"

ကားထဲမှ တိတ်ဆိတ်နေမှုကို အက်ဘီက ရုတ်တရက် ဖျက်ဆီးပစ်လိုက်သည်။

"နှစ်ပေါင်းများစွာ ကြာအောင် ငါ ဘယ်လောက် စိတ်ဆင်းရဲနေခဲ့ရတယ်ဆိုတာ နင် သိပါတယ် တိုဘီ၊ ဒါပေမဲ့ သူက ဘီလီကို ငါ သတိပြန်ရအောင် တစ်မျိုးတစ်ဖုံ ဖန်တီးပေးနေသလို ဖြစ်နေတယ်၊ ငါ့စိတ်ထဲမှာ တစ်မျိုး ခံစားနေရတယ်၊ ခံစားချက်သက်သက်ပဲ ဆိုပါတော့လေ၊ ဆမ်နဲ့ ငါ့ကြားထဲမှာ တစ်စုံတစ်ခုဟာ တဖြည်းဖြည်းနဲ့ ကြီးထွားလာနေတယ်၊ ဒုတိယအခွင့်အရေးကို ရနေပြီ ဆိုတာမျိုးနဲ့ အတူတူပဲ"

သည်လို စကားမျိုး အက်ဘီဂေးလ် ပြောသည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်လေသည်။

တိုဘီက နောက်ကြည့်မှန်ထဲမှတစ်ဆင့် ပြန်ကြည့်သည်။

အက်ဘီဂေးလ်က ကားကူရှင်ပေါ်မှာ သက်သောင့်သက်သာ မှီထိုင်နေသည်။ သူ နေသာထိုင်သာလည်း ရှိနေပုံရသည်။ မျက်နှာ အမူအရာ နူးညံ့ပျော့ပျောင်းနေသည်။ မပြုံး တစ်ဝက်၊ ပြုံး တစ်ဝက်လည်း ဖြစ်နေသည်။

အက်ဘီဂေးလ်၏ မျှော်လင့်ချက်နှင့် ယုံကြည်ချက်ကို ဖျက်ဆီးပစ်ဖို့ ခိုး ကြံစည်သည်မှာ ဘယ်လောက် မိုက်မဲလိုက်ပါသနည်းဟု တိုဘီက သူ့ကိုယ်သူ ပြန်အပြစ်တင်မိလေသည်။

"တိုဘီ… သတင်းစာ ဝယ်ခဲ့သလား"

လိမ်ညာနေလို့လည်း အကြောင်းမထူးတော့ပါ။

"ဟုတ်ကဲ့၊ ဝယ်ခဲ့ပါတယ် ဆီနိုတ်တာ"

"ကြည့်ရအောင်၊ ပြစမ်းပါဦး"

တိုဘီက မျက်နှာဖုံးကို ထောင်ပြသည်။

"သတင်း မဖတ်ချင်ဘူး၊ ပုဂ္ဂိုလ်ရေးရာကဏ္ဍ ဘယ်မှာလဲ"

"အခု မဖတ်ပါနဲ့ဦး ဆီနိုတ်တာ"

ကားအသွားအလာ အတော်လေး ရှင်းနေသည်။ တံတားပေါ်သို့ သူတို့ ရောက်နေသည်။ မိနစ် အနည်းငယ်အတွင်း အိမ်ပြန်ရောက်ကြတော့မည်။

"အခု မဖတ်ပါနဲ့ဦး ဆိုတာ ဘာကို ဆိုလိုတာလဲ"

တိုဘီက ဘာမှ ပြန်မဖြေ။ သူတို့နှစ်ယောက် အကြာကြီး စကားပြတ်သွားကြသည်။

ပြီးတော့မှ အက်ဘီဂေးလ်က ပြောသည်။ သူ့လေသံက အေးစက်စူးရှနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းပါးထဲမှာ မကောင်းတာ တစ်ခုခု ပါနေပြီ မဟုတ်လား၊ ငါ့ကို ထိခိုက်နစ်နာစေမယ့် အကြောင်းတစ်ခုခု ပါနေပြီ မဟုတ်လား"

"ခင်ဗျား မကြိုက်နိုင်မယ့် အကြောင်းတစ်ခု ပါနေတယ် ဆိုနိုင်တာ"

ကျွန်ုပ်ခရီးကို သူတို့ နှစ်ယောက် တိတ်ဆိတ်စွာ ဆက်လက် မောင်းနှင်ကြလေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## [ ၂၇ ]

ခရစ္စမတ် ရုံးပိတ်ရက်များတွင် အစိုးရ ရုံးစိုက်ရာ ဝါရှင်တန်မြို့တော်ကြီးသည် သုသာန် တစပြင်ကြီးလို ခြောက်ကပ်နေလေ့ ရှိသည်။

သမ္မတကြီးသည် အနောက်တောင်ပိုင်းရှိ သူ၏ ရုံးပိတ်ရက် အနားယူစခန်းသို့ သွားရောက် အနားယူလျက် ရှိသည်။

ကွန်ဂရက်လွှတ်တော် အစည်းအဝေးများကို ရပ်နားထားသည်။ တက္ကသိုလ်ကျောင်းများကို ပိတ်ထားသည်။ ထို့ကြောင့် ဝါရှင်တန်မြို့ကြီးသည် အိပ်ငိုက်နေသည့် မြို့ကြီးတစ်မြို့လို ဖြစ်နေသည်။

သမ္မတကြီး ပြန်လာမည့်အချိန်၊ ဥပဒေများ ပြဋ္ဌာန်းသည့် လွှတ်တော်နှစ်ရပ်မှ အမတ်များ အစည်းအဝေး ပြန်ထိုင်ကြမည့် အချိန်၊ တက္ကသိုလ်ကျောင်းများ ပြန်ဖွင့်မည့် အချိန်ကို ဝါရှင်တန်မြို့ကြီးက တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ဆိုင်းမျှော်လင့်နေလေသည်။

ပက်က အိမ်သို့ ကားမောင်းပြန်လာသည်။ လမ်းပေါ်မှာ ကားအသွားအလာ ရှင်းပါသည်။

ကြက်ဆင်သားဟင်း နည်းနည်းနှင့် လက်ဖက်ရည် တစ်ခွက်လောက် သောက်လိုက်ရလျှင် သူ့အဖို့ လုံလောက်ပြီဟု စိတ်ကူးထားသည်။

အက်ပယ်လ်ဂျန်းရှင်းမြို့မှာ လူသာ ဘာတွေများ လုပ်ခဲ့သလဲဟု တွေးကြည့်သည်။ သူ့ကို အလုပ် လာကမ်းလှမ်းတုန်းတကဲ့သို့ပင် လူတိုင်းကို မျက်နှာချိုသွေးနေလေသလား။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်သည် အချိန်တွေ သိပ်ကို ကြာမြင့်သွားပြီဟု စိတ်ထဲမှာ ခံစားနေရသည်။

အက်ပယ်လ်ဂျန်းရှင်းမြို့ အကြောင်း စဉ်းစားမိတော့ အယ်လီနာဘရောင်းကို သတိရသည်။ မာဂရက်လန့်ဂလေကို သူ ဖုန်းမှ ပြန်ဆက်ပါရဲ့လား။

အယ်လီနာဘရောင်း…

မိမိ တင်ဆက်မည့် ရုပ်မြင်သံကြား အစီအစဉ် ပြီးပြည့်စုံဖို့အတွက် အယ်လီနာဘရောင်းသည် အဓိက အခန်းကများ ပါနေသလားဟု သူ သံသယဖြစ်နေမိသေးသည်။

မည်သို့သော အချက်အလက်များ ရှိနေသနည်း။

အယ်လီနာ၏ ထွက်ချက်သည် တိုဘီ၏ ထွက်ချက်နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသည်။

တိုဘီက အယ်လီနာကို ဖုန်းဆက်ပြီး ဆိနိတ်တာ၏ စိန်လက်စွပ် ရုံးတွင်ကျန်၊ မကျန် သွားကြည့်ခိုင်းသလော။

ဖုန်းဆက်ပါသည်ဟု ထွက်ဆိုချက် ရှိသော အချိန်တုန်းက တိုဘီသည် မိမိကို ကားမောင်းပို့နေသည်ဟု ဆီးနိတ်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျင်းနင်းက ထွက်ဆိုထားသည်။

နောက်ပြီးတော့ ငွေအချို့ကို အယ်လီနာ၏ အခန်းထဲမှာ တွေ့သည်။ သည်လို မခိုင်မာသည့် သက်သေခံချက်များကို အကြောင်းပြုပြီး သူ လွှတ်မြောက်နိုင်သည်ဟု အယ်လီနာ ဘာကြောင့် ထင်မှတ်ခဲ့လေသနည်း။

အမှုစစ်တဲ့ မှတ်တမ်းတွေ ရရင် ကောင်းမှာပဲဟု ပက်ထရီရှာထရေးနီးက တွေးမိသည်။

သူ့မှတ်စုစာအုပ်ကို ဖွင့်သည်။ တစ်နေ့ညတုန်းက ရေးချထားသည့် စာကြောင်းများကို ပြန်လှေလာကြည့်နေသည်။ ဟိုနေ့ညကအတိုင်း ရှိသည်။ နောက်ထပ်ဘာမှ ဆက်မရေးရသေး။

နောက်စာမျက်နှာတွင် 'အယ်လီနာဘရောင်း' ဟု သူ ရေးချလိုက်သေးသည်။

သည်မိန်းကလေးအကြောင်း ကျောင်းအုပ်ဆရာမကြီး မာဂရက်လန့်ဂလေက ဘာပြောခဲ့သလဲ။ ဘောလ်ပင်နှင့် စားပွဲကို ခေါက်ပြီး စဉ်းစားနေသည်။ အာရုံစိုက် စဉ်းစားနေသောကြောင့် မျက်မှောင်ကြီး ကုတ်နေသည်။

သူတို့ ပြောခဲ့ကြသည့် စကားလုံးများကို သူ ရေးချနေသည်။

*အယ်လီနာက ကြောက်တတ်တယ်…*

*ဆရာ မရှိတဲ့အခါ အတန်းထဲမှာ ချွင်းဂမ်း ဝါးနေတာမျိုး၊ စကားပြောနေတာမျိုး၊ ဘယ်တော့မှ မလုပ်ဘူး။*

www.burmeseclassic.com

www.burmeseclassic.com



*ဆီနိတ်တာကျောင်းနေစဉ်ရဲ့ ရုံးမှာ အလုပ်လုပ်ရတာကို သူ သဘောကျနေတယ်။*
*သူ ရာထူးကို ရခါစကလေးပဲ ရှိသေးတယ်။*
*သူ ဖန်းချီသင်တန်း တက်နေတယ်။*
*အဲဒီနေ့တုန်းက ဖန်းချီဆွဲ လေ့ကျင့်ဖို့ သူ ဘော်လ်တီမိုးကို သွားဖို့ ရှိနေတယ်… ။*

မှတ်စုများကို ပက်က ဖတ်သည်။ နောက်တစ်ကြိမ် ပြန်ဖတ်သည်။

ထိုမိန်းကလေးသည် တာဝန်ရှိသော အလုပ်တွင် ရာထူးတိုးပေးခြင်း ခံရသည်ဆိုတော့ အလုပ် ကြိုးစားသောကြောင့်သာ ဖြစ်ရပေမည်။ သို့သော်လည်း ခိုးလာသည့် ပိုက်ဆံကို သူ့ကိုယ်ပိုင်အခန်းထဲမှာ ထည့်ထားသည် ဆိုခြင်းကတော့ ဘာမ်းကုန်အောင် မိုက်မဲလှလေသည်။

ခိုးလာသော ပိုက်ဆံအချို့…

အလွန်များပြားသည့် ဒေါ်လာ ၇၀၀၀၀ တည်းဟူသော ငွေပုံကြီးကတော့ ပျောက်ခြင်းမလှ ပျောက်သွားသည်။ ယနေ့တိုင် ပြန်မတွေ့တော့။

အကြောက်ကြီးသကဲ့သို့ပင် သူ့ကိုယ်သူ မကာကွယ်တတ်သော မိန်းကလေး ဖြစ်လေသည်။

အယ်လီနာသည် ထောင်ထဲမှာ စိတ်ဖောက်ပြန်သွားသည်။ လူတွေ ယုံကြည်အောင် ပိုင်နိုင်စွာ မူရာမာယာ များပြခြင်းလည်း ဖြစ်နိုင်သည်။ သို့သော် အာမခံရထားသည့် အခွင့်အရေးကိုတော့ ချိုးဖောက်သွားသည်။

တိုဘီ အကြောင်းကရော ဘယ်လိုလဲ။

အယ်လီနာ၏ ထွက်ဆိုချက်နှင့် ဆန့်ကျင် ထွက်ဆိုခဲ့သော သက်သေ ဖြစ်လေသည်။ ထိုနေ့ မနက်တုန်းက အယ်လီနာဘရောင်းဆီသို့ သူ လုံးဝဖုန်းမဆက်ကြောင်း ကျမ်းကျိန် ထွက်ဆိုသွားသည်။

ဖုန်းဆက်ပါသည်ဟုစွပ်စွဲခြင်း ခံရသော အချိန်တွင် တိုဘီသည် မိမိကို ကားမောင်းပို့ပေးနေကြောင်းဖြင့် ဆီးနိတ်လွှတ်တော်အမတ် အက်ဘီဂေးလ်ဂျင်းနင်းကလည်း တိုဘီကို ထောက်ခံထွက်ဆိုသွားသည်။

အက်ဘီဂေးလ်ဂျင်းနင်းသည် တိုဘီအတွက် ပြောင်ပြောင်တင်းတင်းကြီး ဆီမ်ညာ ထွက်ဆိုသွားသလော။ အပြစ် လုံးဝမရှိသည့် မိန်းကလေးတစ်ယောက် ထောင်ကျသွားအောင် တမင် ထွက်ဆိုလိုက်ခြင်းလော။

သို့သော် တိုဘီနှင့် အသံချင်း တူသည့် အခြားတစ်ယောက်ယောက်က အယ်လီနာကို ဖုန်းဆက်တာမျိုးရော မဖြစ်နိုင်ဘူးလား။

ထိုအတိုင်း မှန်မည်ဆိုလျှင် အယ်လီနာ၊ တိုဘီ၊ ဆီနိတ်တာ ဆိုသူ သုံးယောက်စလုံး အမှန်ကိုချည်း ထွက်ဆိုကြခြင်း ဖြစ်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မှန်လျှင် အယ်လီနာ၏ စတိုခန်းကို မည်သူ သိသနည်း။ မည်သူက ငွေ ၅၀၀၀ သွားထားသနည်း။

မိမိကို ခြိမ်းခြောက်ခြင်း၊ အိမ်တွင်းသို့ ဖောက်ထွင်း ဝင်ရောက်ခြင်း ရက်ဂက်ဒီအင်န် အရုပ် ထားပစ်ခဲ့ခြင်းများကို မည်သူက ပြုလုပ်သနည်း။

ရွေးကောက်ပွဲ ရန်ပုံငွေများ ပျောက်ဆုံးသွားခြင်းနှင့် ပတ်သက်၍ ဖော်ပြ၍ မရနိုင်သူတွင် တာဝန်ရှိနေသလော။

ရက်ဂက်ဒီအင်န်အရုပ်...

စားပွဲအောက်ရှိ စက္ကူဘူးကြီးထဲမှ အရုပ်ကို ထုတ်ကြည့်ခြင်းအားဖြင့် ဘာအကျိုးကျေးဇူးမှ ရမလာနိုင်။ ငိုနေသည့် မျက်နှာ အမူအရာကလေးကို မြင်ရ ခြင်းအားဖြင့် စိတ်ညစ်ညူးရုံသာ ရှိချေမည်။

အစီအစဉ်ကို လွှင့်ထုတ် တင်ဆက်ပြီးလျှင် နောက်ထပ် ခြိမ်းခြောက်မှု များလည်း မရှိတော့လျှင် ထိုအရုပ်ကလေးကို လွှင့်ပစ်ရုံသာ ဖြစ်သည်။

သို့တည်းမဟုတ် ခြိမ်းခြောက်စာတွေ ထပ်ရောက်လာမည်။ ဖုန်းဆက်ပြီး ခြိမ်းခြောက်မည်။ သို့တည်းမဟုတ် အိမ်ထဲသို့ ထပ်မံ ဖောက်ထွင်း ဝင်ရောက်ဦးမည် ဆိုလျှင်တော့ အကျိုးအကြောင်း ပြောပြပြီး ထိုအရုပ်ကလေးကို ရဲ လက်သို့ အပ်လိုက် ရုံသာ ရှိလေသည်။

နောက်စာမျက်နှာပေါ်တွင် တိုဘီ... ဟု ရေးလိုက်သည်။

သူ တွေ့ဆုံမေးမြန်းရာတွင် အသံသွင်းထားခဲ့သည့် ကက်ဆက်ခွေများကို စားပွဲ အံဆွဲထဲမှာ မွှေနှောက် ရှာသည်။

ပထမဦးဆုံးအကြိမ် တိုဘီက ကားမောင်းပြီး သူ့ကို အိမ်ပြန်ပို့ပေးစဉ်က ကားထဲမှာ ပင် အသံသွင်းထားခဲ့သည်။ သူ အသံသွင်းယူထားသည်ကို တိုဘီ မသိ။

ထိုကက်ဆက်ခွေကို ဖွင့်ကြည့်သည်။ တိုဘီ၏ အသံအနည်းငယ် ဝါးနေ သည်။ ထို့ကြောင့် အသံကို ချဲ့လိုက်သည်။ ပြီးတော့ မှတ်စုစာအုပ်မှာ လိုက်ရေး သည်။

*အက်ဘီက ကျုပ်ကို ကယ်တင်ခဲ့တာ ဖြစ်ပါလိမ့်မယ်... ။*

*နယူးယောက်မြို့က မြင်းပွဲ ဘွတ်ကီဒိုင်တစ်ခုမှာ ကျုပ် အလုပ် လုပ်ခဲ့ဖူး တယ်။ ဒုက္ခရောက်တော့မယ့်ဆဲဆဲ အခြေအနေအထိ ရောက်သွားဖူးတာ...*

*အက်ဘီနဲ့ ဝေးလတ်ကို အဲဒီအိမ်ကြီးမှာ လုပ်တဲ့ ညစာစားပွဲတွေကို ကားနဲ့ လိုက်လိုက်ပို့ပေးရဖူးတယ်...*

*ကလေးလေးက ချစ်စရာလေး... ကယ်ရီ တဲ့...*

www.burmeseclassic.com

www.burmeseclassic.com



အယ်ပယ်လ်ကျွန်းရှင်းမြို့ ရောက်တုန်းက စားသောက်ဆိုင်ပိုင်ရှင် လင်မယား နှင့် စကားပြောခွင့် ကြုံခဲ့သည်မှာ အလွန်ဝမ်းသာစရာ ကောင်းသွားလေသည်။

အီသယ်စတပ်ဘင်စ်နှင့် သူ့ယောက်ျား အာနီ… ။

တိုဘီ အကြောင်း အချို့အဝက်ကို သူတို့ ပြောခဲ့ကြသည်။ ထိုအပိုင်းကလေး ကို ကက်ဆက်ခွေထဲမှာ သူ သွားတွေ့သည်။

အာနီက ပြောသည်။

"တိုဘီကို နှုတ်ဆက်တယ်လို့ ပြောလိုက်ပါ၊ မြင်းပွဲရော ရှုံးတုန်းပဲ ဟုတ်လားလို့ မေးလိုက်ကြောင်းလည်း ပြောလိုက်ပါ"

ဂျူရယ်မီဆောင်းဒါးစ်ကလည်း တိုဘီအကြောင်း ဆွေးနွေးသည်။ သူများ အား ခိုးမောင်းပြီး ယာဉ်တိုက်မှု ဖြစ်သည့်ကိစ္စနှင့် ပတ်သက်၍ တိုဘီအပေါ် ဂျူရယ်မီဆောင်းဒါးစ်က သရော်တော်တော် မှတ်ချက်ချခဲ့သည်။

သူ့အဖေက အက်ဘီဂေးလ်ကို ပိုက်ဆံပေးပြီး မောင်းထုတ်ကာ သူနှင့် ခွဲလိုက်သည့် ကိစ္စနှင့် ပတ်သက်၍လည်း-

"ဒီကိစ္စထဲမှာ တိုဘီ ဆရာ ဝင်လုပ်သွားတယ်လို့ ကျုပ် အမြဲထင်နေတယ်"

ဟု ပြောခဲ့လေသည်။

နောက်ဆုံး ကက်ဆက်ခွေများကို နားထောင်ပြီးသောအခါ ပက်သည် သူ ရေးချထားသည့် မှတ်စုများကို ဖတ်ကြည့်သည်။ နောက်တစ်ကြိမ် အသေးစိတ် ပြန်ဖတ်ကြည့်သည်။

သူ ဘာလုပ်ရမည်ကို ပက် သိသွားလေပြီ။

အယ်လီနာဘရောင်းက ရဲစခန်းသို့ သွားအဖမ်းခံပြီး ထောင်ထဲသို့ ပြန်ပို့မည် ဆိုလျှင် အယ်လီနာဘရောင်းသည် အမှန်တကယ်ပဲ အပြစ်ကို ကျူးလွန် ခဲ့သလား၊ သို့တည်းမဟုတ် အပြစ်ကင်းစင်သူလား ဆိုတာ ရှင်းရှင်းလင်းလင်းပဲ သိရအောင် သူ ဆက်လက် ကြိုးစားရတော့မည်။

အကယ်၍ အယ်လီနာဘရောင်းတွင် အပြစ် မရှိကြောင်း ယုံကြည်လျှင် အယ်လီနာ လွတ်မြောက်ရေးအတွက် သူ အစွမ်းကုန် ကြိုးစားမည်။

ထိုသို့ ကြိုးစားရာတွင် ဘယ်သူတွေ မည်သို့ပင် ထိခိုက်နစ်နာကြစေကာမူ သူ ဂရုမစိုက်နိုင်တော့ပြီ။ ယုတ်စွအဆုံး အက်ဘီဂေးလ်ပင်လျှင် နစ်နာချင် နစ်နာ ပါစေတော့။ အမှန်တရားဘက်က သူ ပြတ်ပြတ်သားသား ရပ်တော့မည်။

ပက်က စာကြည့်ခန်းထဲမှ အပြင်ခန်းကလေးထဲသို့ ထွက်ခဲ့သည်။ ထိုမှ တစ်ဆင့် လှေကားဆီသို့ သွားသည်။

**အပေါ်သို့ မော့ကြည့်သည်။ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။**
**တစ်ဆစ်ချိုး အကွေ့အပေါ်က လှေကားထစ်…**

www.burmeseclassic.com

www.burmeseclassic.com



ငါ အမြဲထိုင်ခဲ့တဲ့ လှေကားထစ်ပဲ…

လှေကားအတိုင်း သူ တက်သွားမိသည်။ တစ်ဆစ်ချိုး အကွေ့အထက်ထ လှေကားထစ်မှာ သူ ထိုင်ချလိုက်သည်။ လှေကားလက်ရန်းကို မှီထားလိုက်သည်။ မျက်လုံးများကိုပါ မှိတ်ထားသည်။

**ဖေဖေက အခန်းကလေးထဲမှာ… ဖေဖေ မြင်မှာစိုးသောကြောင့် မှောင်ရိပ် ထဲသို့ သူ ပိုပြီး တိုးကပ်သည်။ ဖေဖေ စိတ်ဆိုးနေသည်ကို သူ သိသည်။ ယခုလို အချိန်မျိုးတွင် သည်နေရာမှာ သူ ထိုင်နေသည်ကို ဖေဖေ တွေ့သော်လည်း အခါတိုင်းလို ရယ်စရာ လုပ်မည် မဟုတ်။ အိပ်ခန်းထဲသို့ ပြန်ပြေးမှ ဖြစ်တော့မည်။**

သတိရသလောက် ပြန်စဉ်းစားကြည့်သည်။ ပြီးတော့ ထိုင်ရာမှ ထပြီး အပေါ်ထပ်သို့ ဆက်တက်ခဲ့သည်။ သူ့အိပ်ခန်းဟောင်းသည် ဧည့်သည်များအတွက် ထားသော အိပ်ခန်း၏ ဟိုမှာဘက်တွင် ရှိသည်။ အိမ်၏ နောက်ဘက်ခြမ်းတွင် ရှိကာ ပန်းခြံကို အပေါ်စီးမှနေ၍ မြင်နေရသည်။ ယခုတော့ အခန်းထဲမှာ ဘာမှ မရှိတော့။

ပထမဆုံးမနက် ပစ္စည်းတွေ သယ်လာသည့် အချိန်တုန်းက ထိုအခန်းထဲ သို့ ဝင်သွားကြည့်မိသေးသည်။ ပစ္စည်း သယ်သူများ၊ နေရာချထားပေးသူများနှင့် ရှုပ်ထွေးနေသောကြောင့် ထိုအချိန်တုန်းက ဘာကိုမှ ပြန်၍အမှတ်မရခဲ့ချေ။

ယခုတော့ သူ နည်းနည်း ပြန်သတိရလာသည်။ ဟိုတုန်းက သူ အိပ်ခဲ့ သည့် အိပ်ရာကလေးကို ပြန်လည် မြင်ယောင်လာသည်။ မျက်နှာကြက် အဖြူ တံခါးပေါက်နားက လှုပ်ကုလားထိုင်များကို ပြန်သတိရလာသည်။

စာတ်ပြားများ ထည့်သည့် ဘူးနှင့် အရုပ်များ တင်သည့် စင်ကိုလည်း ပြန်လည် မြင်ယောင်လာသည်။

**အဲဒီညတုန်းက အိပ်ခန်းထဲကို ငါ ပြန်လာတယ်။ ငါ ကြောက်နေတယ်။ ဘာကြောင့်လဲဆိုတော့ ဒက်ဒီ အရမ်းစိတ်ဆိုးနေလို့ပဲ။ ဧည့်ခန်းထ ဒီအခန်းရဲ့ အောက်တည့်တည့်မှာ ရှိတယ်။ အသံတွေကို ငါ ကြားနေ တယ်။ သူတို့ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် အော်ကြ တယ်။**

**အဲဒီနောက် ဆူညံသံတွေနဲ့အတူ အမေ့ရဲ့ အော်သံ ကျယ်ကြီးကို လည်း ကြားလိုက်ရတယ်။**

www.burmeseclassic.com

www.burmeseclassic.com



'မလုပ်ပါနဲ့… မလုပ်ပါနဲ့…"

အမေက အော်နေတယ်။ အသံ အကျယ်ကြီး ပေါ်ထွက်လာပြီးတဲ့နောက် အော်လိုက်တာ ဖြစ်တယ်။ သူ သေနတ်မှန်လို့ အော်လိုက်တာ လား။ ဒါမှမဟုတ် သူ့ယောကျ်ားကို သူ ပစ်လိုက်မိပြီ ဆိုတာ သိသွားလို့ အော်တာလား… ။

ပက်၏ ကိုယ်လုံးမှာ တုန်ယင်လာသည်။ လဲသွားမည်စိုးသောကြောင့် နီးရာ တံခါးပေါင်ကို လှမ်းကိုင်ထားလိုက်ရလေသည်။ သူ့လက်ဖဝါးများနှင့် နဖူးမှာ ချွေးစေးများဖြင့် ရွှဲနေသည်။

အသက်ရှူ မြန်လာသည်။ ငါ ကြောက်နေပါပေါ့လားဟု သူ့ကိုယ်သူ သိသည်။ ဒါပေမဲ့ ဒါတွေဟာ ပြီးသွားပြီပဲ။ နှစ်အကြာကြီးကတည်းက ပြီးသွားခဲ့ကြပြီပဲဟု သူ့ကိုယ်သူ ပြန်ပြောနေသည်။

အောက်ထပ်သို့ သူ ပြေးဆင်းလာနေမိသည်ကို သတိပြုလိုက်မိလေသည်။ သည်နေရာကို ငါ ပြန်ရောက်လာပြီ။ ငါ ဘာတွေ မှတ်မိသလဲဟု တွေးကာ ပြန်စဉ်းစားကြည့်သည်။

"ဒက်ဒီ… ဒက်ဒီ…"

နူးညံ့သည့် လေသံကလေးဖြင့် သူ တိုးတိုးကလေး ခေါ်ကြည့်သည်။ လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းပြီး ရှေ့ဆက်တိုးလာသည်။

"ဒက်ဒီ… ဒက်ဒီ…"

စည့်ခန်း အပေါက်ဝ ရောက်တော့ သူ ဒူးထောက်ချလိုက်သည်။ သူ့ ပတ်လည်မှာ မထင်ရှားသော အရိပ်များ ဖြစ်လာသည်။ သို့သော် အလုံးအထည်ကို တော့ မမြင်ရ။

သူ့မျက်နှာကို လက်ဝါးနှင့် အုပ်ပြီး ငိုချလိုက်သည်။

"မေမေ… ဒက်ဒီ… ပြန်လာကြပါတော့"

သူ အိပ်ရာက နိုးလာသည်။ မျက်နှာစိမ်း ကလေးထိန်း တစ်ယောက် သူ့ဘေးမှာ ရှိနေသည်။ မေမေ… ဒက်ဒီ… မေမေ့ကို တွေ့ချင်တယ်။ ဒက်ဒီနဲ့ တွေ့ချင်တယ်။ ထို့နောက် သူတို့ ရောက်လာသည်။ မေမေက သူ့ကို ပွေ့ပြီး လွှဲယမ်းပေးနေသည်။

ကယ်ရီ… ကယ်ရီ… ဘာမှ မဖြစ်ပါဘူးကွယ်။

ဒက်ဒီက သူ့ဆံပင်များကို ပွတ်ပေးနေသည်။ ပြီးတော့ သူတို့ သားအမိ နှစ်ယောက်ကို သိမ်းဖက်ထားလိုက်သည်။

တိုးတိုး… ကယ်ရီ တိုးတိုး… ဒက်ဒီတို့ ရောက်လာကြပြီလေ…။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ပက်က ထိုင်ချလိုက်သည်။ အုတ်နံရံကို မှီထားသည်။ အခန်းထဲသို့ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

နောက်ထပ် မှတ်မိတာ တစ်ခု ပေါ်လာသည်။ တိတိကျကျကြီး မှတ်မိခြင်း ဖြစ်ကြောင်း သူ သေချာပေါက် သိသည်။

ထိုနေ့ ညတုန်းက မည်သူ့မှာပဲ အပြစ်ရှိသည် ဖြစ်စေကာမူ မေမေတော ရော… ဒက်ဒီကရောပါ ငါ့ကို တကယ်ချစ်ကြတာကိုတော့ ငါ သေသေချာချာ သိလိုက်ရပါကလား။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၂၈

မနက် ၁၀ နာရီတွင် ဖွင့်သော ရုပ်ရှင်ရုံ တစ်ရုံ ဝစ္စကွန်စင်ရိပ်သာလမ်းတွင် ရှိသည်။ ထိုရုပ်ရှင်ရုံနှင့် မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်ထဲသို့ အာသာ ဝင်လာသည်။ ကော်ဖီ သောက်ရင်း အချိန်ဖြုန်းသည်။ ပြီးတော့ ရုပ်ရှင်ရုံ လက်မှတ်ရောင်းသည့် အချိန်အထိ အနီးတစ်ဝိုက်မှာ လမ်းလျှောက်နေသည်။

သူ စိတ်ချောက်ချားသည့် အခါတိုင်း ရုပ်ရှင်ရုံမှာ ရုပ်ရှင် သွားကြည့်လေ့ရှိသည်။ နောက်ဆုံးတန်း အုတ်နံရံသို့ ကျောမှီထားသည့် ခုံကို သူ ရွေးလေ့ရှိသည်။ ပြီးတော့ ဝါးစရာ တစ်ခုခု ခပ်များများ ဝယ်ကာ ပိတ်ကားပေါ်မှ လှုပ်ရှားနေသော အရုပ်များကို ဘာမှ မခံစားတတ်သော စိတ်ဖြင့် ငေးကြည့်နေတတ်သည်။

သူ့ အနီးတစ်ဝိုက်တွင် လူများ ရှိနေပြီး ထိုလူများက သူ့ကို ရှိမှန်းမသိသည်ကို သူ သဘောကျသည်။

လူသံများ··· တေးဂီတသံများ··· မှောင်ပိန်းနေသည့် ရုပ်ရှင်ရုံ··· သူ့ကို ဘယ်သူမှန်း မသိသည့် ပတ်ဝန်းကျင်ကို သူ သဘောကျသည်။ ထိုပတ်ဝန်းကျင်တွင် သူ ထိုင်ကာ သူ အတွေးနယ်ချဲ့သည်။

မီးရှူးမှုကတော့ မှားသွားသည်။ သတင်းစာထဲတွင် လူအိုရုံ မီးလောင်သည့် သတင်း မပါ။ ဘူတာရုံမှနေ၍ သူ ဖုန်းဆက်ကြည့်သည်။ အော်ပရေတာက ချက်ချင်း ပြန်ထူးသည်။

သက ခပ်ဝါးဝါး အသံဖြင့် မေးသည်။

www.burmeseclassic.com



"ကျွန်တော် မစွက်ဘားနစ်ရဲ့ သားပါ၊ မီးလောင်တာ တော်တော်များများ ဆိုးပါသလား"

"အိုး… ချက်ချင်း မြင်လိုက်လို့ပေါ့ရှင်၊ စီးကရက်ကို မီးညှိပြီး အမှိုက်အိတ်ထဲ ထည့်ထားခဲ့တာလေ၊ ဒါထက် နေပါဦး၊ ဒီကိစ္စ အပြင်လူတွေ မသိကြသေးပါဘူး"

သည်အတိုင်း ဆိုလျှင်တော့ တာပင်တိုင်ဆီဘူး မှောက်ချထားခဲ့သည်ကိုလည်း သူတို့ တွေ့သွားကြပေမည်။ မတော်တဆ ဖြစ်နေသည်ဟု မည်သူကမှ ယုံကြည်ကြမည် မဟုတ်။

သူ တက်ရောက်ခဲ့သည့် ကျမ်းစာသင်ကျောင်း အကြောင်းကိုလည်း ထုတ်ဖော် မပြောသင့်ခဲ့ပေ။ ယခု ထုတ်ဖော်ပြောခဲ့မိပြီ ဖြစ်သဖြင့် ထိုကျောင်းသို့ သွားရောက် စုံစမ်းနိုင်သည်။ ထိုသို့ စုံစမ်းလျှင်…

'ဟုတ်ပါတယ်… ကျွန်တော်တို့မှာ ရှိနေတဲ့ မှတ်တမ်းတွေအရ အာသာ စတီဗင် ဆိုသူဟာ ကျွန်တော်တို့ ကျမ်းစာသင်ကျောင်းကို ခဏ ရောက်လာခဲ့ပါတယ်'

ဟု ပြန်ဖြေပေလိမ့်မည်။

အသေးစိတ် အချက်အလက်များကို စစ်ဆေး မေးမြန်းမည် ဆိုလျှင်-

"သူ့ကို ဒါရိုက်တာက ကျောင်းထုတ်ပစ်လိုက်တာပါ"

ဟု ဖြေလိမ့်မည်။

"ဒါရိုက်တာနဲ့ စကားပြောလို့ ရမလား"

"ဆုံးသွားတာ အတော်ကြာပါပြီ ခင်ဗျာ"

ဘာကြောင့် သူ့ကို ကျောင်းထုတ်လိုက်ရကြောင်း သူတို့က ထုတ်ဖော်ပြောကြမည်လား။

သူ အလုပ်လုပ်ခဲ့သည့် လူအိုရုံများကို လိုက်လံ စစ်ဆေးကြည့်မည်လား။ သူ တာဝန်ယူ ပြုစုရသည့် အဘိုး၊ အဘွားများ သေဆုံးကုန်ကြသည့် အကြောင်းကို စစ်ဆေးမည်လား။

သူ ဘယ်လောက် အကြင်နာတရား ကြီးကြောင်းကို စစ်ဆေးသူများ နားလည်နိုင်ကြမည် မဟုတ်ကြောင်း သူ သေသေချာချာ သိပါသည်။ အမှန်တော့ ဝေဒနာကို မချိမဆံ့ ခံစားနေရခြင်းမှ ကင်းဝေးအောင် သူ ဆောင်ရွက်ပေးခြင်းသာ ဖြစ်ပါသည်။

သူ ပြုစုရသည့် အဘိုးအို၊ အဘွားအို လူနာများ ဘုရားသခင်ထံ ပြန်သွားခြင်းနှင့် ပတ်သက်၍ သူ နှစ်ကြိမ်တိုင်တိုင် စစ်ဆေးခြင်း ခံခဲ့ရဖူးသည်။

"သူတို့ သေသွားတာကို မြင်ရတဲ့အတွက် ခင်ဗျား ဝမ်းသာသလား အာသာ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ငြိမ်းချမ်းစွာ အိပ်ပျော်သွားတာကို မြင်ရတဲ့အတွက် ကျွန်တော် ခမ်းသာပါတယ်၊ သူတို့ နေကောင်းအောင် ကျွန်တော် တတ်နိုင်သမျှ နည်းအားလုံး ကို သုံးပြီး ကူညီပါတယ်၊ နေမကောင်းတာ မပျောက်သည့်တိုင်အောင် သက်သောင့် သက်သာ နေနိုင်ရေးလောက်ကိုတော့ ကျွန်တော် အစွမ်းကုန် ဆောင်ရွက်ပေးပါ တယ်"

မျှော်လင့်ချက် မရှိတော့သောအခါ…

နာကျင်သည့် ဝေဒနာ ပျောက်ကင်းဖို့ အကြောင်း မရှိတော့သောအခါ…

လေသံနှင့် တိုးတိုးကလေး ပြောဖို့၊ သို့တည်းမဟုတ် ဝေဒနာ ခံစားနေရ သဖြင့် ညည်းညူဖို့လောက်ပင် အင်အား မရှိတော့လောက်အောင် အားအင် ကုန်ခန်း သာသောအခါ…

ဘုရားသခင်က ခေါ်လျှင်လည်း ခေါ်ပါစေတော့ဟု ဆရာဝန်များနှင့် လူနာ အသိုး အဘွား၏ ဆွေမျိုးများက သဘောတူသောအခါ…

ထိုသို့သော အခါများတွင်သာ ဘုရားသခင်ထံသို့ သူ ကူညီ ပို့ဆောင် ပေးခြင်း ဖြစ်ပါသည်။

အနီတာဂေးလက်စ်ဝိုင်းသည် သူ့သမီးနှင့် တွေ့ဖို့ စောင့်နေသည့် အကြောင်း သူ သိမည်ဆိုလျှင် သူလည်း အချိန်စောင့်မိမည်သာ ဖြစ်သည်။

မတွေ့ရတာ ကြာပြီဖြစ်သော သမီးနှင့် တွေ့ပြီးမှ စိတ်ချမ်းချမ်းသာသာဖြင့် အနီတာဂေးလက်စ်ဝိုင်း ကွယ်လွန်သွားသည် ဆိုလျှင် သူလည်း ဝမ်းသာမည် ဖြစ်ပါသည်။

ပြဿနာက ဒါပါပဲ။

ဂေးလက်စ်ဝိုင်းက မသေချင်သေး။ သူက ဝေဒနာ သက်သာအောင် ကူညီသည်။ ဒါကို အဘွားကြီးက နားမလည်။ သူ ကူညီသည်ကို အရမ်းကာရော ကြောက်နေသည်။

အမှန်တော့ ဂလိုရီအတွက် အရမ်းစိတ်ပူနေမိသောကြောင့် သူ ပေါ့ပေါ့ ဆဆ လုပ်ခဲ့မိခြင်း ဖြစ်သည်။

စိုးရိမ်သောကစိတ်များ စတင် ဖြစ်ပွားရသည့် အကြောင်းကို သူ ကောင်း ကောင်း မှတ်မိနေသေးသည်။

ထိုညက အိမ်မှာ သူနှင့် ဂလိုရီ ညစာ အတူစားသည်။ ပြီးတော့ သတင်းစာ တစ်စောင်စီ ဖတ်နေကြသည်။

ထိုအခိုက် ဂလိုရီက အလန့်တကြား ထအော်သည်။

"အို… ဘုရားသခင်"

ဂလိုရီသည် သမာဓိသတင်းစာ၏ ရုပ်မြင်သံကြား အစီအစဉ် ကဏ္ဍကို ဖတ်နေသည်။ ဆီနီက်တာအက်ဘီဂေးလ်ဂျင်းနင်းအကြောင်း အထူးအစီအစဉ် လွှင့်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်မည် ဖြစ်ကြောင်း ကြေညာချက်ကို သူ ဖတ်မိပြီး အလန့်တကြား ထအော် လိုက်မိခြင်း ဖြစ်လေသည်။

အက်ဘီဂေးလ်ဂျင်းနင်း အကြောင်း တင်ဆက်ရာတွင် အရေးကြီးသည့် အချက်အလက်များကို ထည့်သွင်း တင်ဆက်သွားမည် ဖြစ်ကြောင်း သတင်း ကြေညာချက်တွင် ပါရှိလေသည်။

ဂလိုရီကို စိတ်မလှုပ်ရှားဖို့ သူ တောင်းပန်သည်။ ဘာမှ မဖြစ်နိုင်ကြောင်း သူ သေသေချာချာ သိသည်။ သို့သော်လည်း သူ့စကားကို ဂလိုရီ နားမထောင်။ စတင် ငိုကြွေးသည်။

"လာမယ့်ဘေး ပြေးတွေ့လိုက်တာပဲ ကောင်းမယ်၊ ကျွန်မ တစ်သက်လုံး ခုလိုပုံမျိုးနဲ့ နေမသွားချင်ဘူး"

ထိုအချိန်မှစပြီး ဂလိုရီ ပြောင်းလဲသွားလေတော့သည်။ ငေးမိငေးမှ ငေးနေတတ်သည်။

သူသည် ဆင်းရဲခြင်း၊ ဖြူစင်ခြင်း၊ ကျိုးနွံခြင်းများအတွက် တစ်ကိုယ်တည်း သစ္စာဆိုထားသူ ဖြစ်သည်။ ထိုတရား သုံးပါးအတွက် ဘယ်တုန်းကမှ သူ မချိုးဖောက် နိုင်။

လွန်ခဲ့သည့် ၉ နှစ်က ဂလိုရီနှင့် စတင်တွေ့ဆုံခဲ့သည်။ ပုံပျက်ပန်းပျက် နိုင်လှသော ဆေးခန်းတစ်ခန်းထဲမှာ ဂလိုရီ ထိုင်နေသည်။ ရက်ဂက်ဒီအင်္ကျီ အရုပ်ကလေး ကို ပိုက်ပြီး စိတ်ရောဂါအထူးကုဆရာဝန်နှင့် တွေ့ဖို့ သူ့အလှည့်ကို စောင့်နေသည်။

ထိုအရုပ်ကလေးက အာသာ၏ စိတ်ကို ဖမ်းစားလိုက်သည်။ ထိုအရုပ် ကြောင့်လည်း အရုပ်ပိုင်ရှင်ကို တွေ့ဖို့ ဆေးခန်းအပြင် တစ်နေရာက သူ စောင့်နေ ခဲ့မိသည်။

ဘတ်စ်ကားမှတ်တိုင်ဆီသို့ သူတို့နှစ်ယောက် အတူလျှောက်သွားကြသည်။ အာသာက မိမိသည် တစ်ချိန်တုန်းက ဘုန်းကြီး ဝတ်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် နေမကောင်းသူများကို တိုက်ရိုက် ကူညီနိုင်ရန်အတွက် လူဝတ်လဲခဲ့ကြောင်း ပြော သည်။

ဂလိုရီကလည်း သူ့အကြောင်းများကို အိတ်သွန်ဖာမှောက် ပြောပြသည်။ သူ မကျူးလွန်ရသော ရာဇဝတ်မှု တစ်ခုတွင် ထောင်ကျခဲ့ကြောင်း၊ ယခု အာ နှင့် အပြင်မှာ နေရကြောင်း၊ ဘော်ဒါဆောင်တစ်ခုတွင် နေရကြောင်းများ ပြော သည်။

"ကျွန်မ နေတဲ့ အခန်းထဲမှာ ဆေးလိပ်သောက်ခွင့် မရှိဘူး၊ ကော်ဖီ ဘာလေး နွေးသောက်ဖို့ လျှပ်စစ်မီးဖိုကို ထားခွင့်မပေးဘူး၊ ဒါကြောင့် တစ်ခု စားချင်ရင် မသွားချင်ပေမယ့်လည်း အပြင်ကို သွားရတယ်၊ ဈေးဆိုင် ရှိရာ သွားစားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရေခဲမုန့် သွားစားကြသည်။ မှောင်လည်း မှောင်လာပြီ။

ဂလိုရီက သူ နောက်ကျနေပြီ ဖြစ်ကြောင်းနှင့် ယခုလို နောက်ကျပြီး ပြန်သွားလျှင် ဘော်ဒါဆောင် ပိုင်ရှင်က စိတ်ဆိုးကြောင်း ပြောပြသည်။ ပြီးတော့ အိမ်ပြန်မယ့်အစား သေလိုက်ရတာမှ ကောင်းဦးမယ်ဟု ပြောပြီး ငိုပါလေတော့သည်။

ထို့ကြောင့် အာသာက ဂလိုရီကို သူ့အိမ်သို့ ခေါ်လာခဲ့သည်။

"မင်းကို ကလေးလေး တစ်ယောက်လို ငါ စောင့်ရှောက်ပါ့မယ်"

ဟုလည်း ပြောပြသည်။

ဂလိုရီမှာ တကယ်လည်း နိုကိုးရာမဲ့သည့် ကလေးလေးလို ဖြစ်နေသည်။ အာသာက ဂလိုရီကို သူ့အိပ်ခန်းထဲမှာ အိပ်စေသည်။ သူက ကွပ်ပျစ်ပေါ်မှာ သွားအိပ်သည်။

ဂလိုရီက အိပ်ရာထဲမှာ တငိုတည်း ငိုနေသည်။ အပြင်သို့ လုံးဝမထွက်။ ထမင်း ဆယ့် လေး ငါးရက်တော့ ဆေးခန်းသို့ ရဲများ လာရှာကြသေးသည်။

နောက်တော့ သူ့ကိုလည်း စိတ်ဝင်စားပုံ မပေါ်တော့ချေ။

ဘော်လ်တီမိုးသို့ သူတို့ သွားကြသည်။ ထိုအချိန်မှစပြီး ဂလိုရီသည် သူ၏ သမီး ဖြစ်ကြောင်း လူတိုင်းကို သူ ပြောလေတော့သည်။

"အခုအချိန်က စပြီး ငါ့ကိုလည်း ဖေဖေလို့ ခေါ်တော့"

မိန်းကလေးကိုလည်း ဂလိုရီ ဟူသော နာမည်ကို သူ မှည့်ပေးလိုက်လေသည်။

ဂလိုရီ၏ ကျန်းမာရေး အခြေအနေမှာ တဖြည်းဖြည်း ကောင်းလာသည်။ သို့သော်လည်း ၇ နှစ်လုံးလုံး အိမ်ထဲမှာသာ နေသည်။ အပြင်ထွက်ချင်လျှင် ညဘက်များမှာသာ ထွက်သည်။

ရဲအဖွဲ့ဝင်များ သူ့ကို တွေ့လျှင် မှတ်မိသွားမည်ဟု ဂလိုရီက ယုံကြည်နေသည်။

အာသာကမူ ဘောလ်တီမိုးတစ်ဝိုက်ရှိ လူအိုရုံများမှာ လှည့်လည်ပြီး အလုပ် လုပ်သည်။ လွန်ခဲ့သည့် နှစ်နှစ်လောက်ကမှ ဘော်လ်တီမိုးကို စွန့်ခွာရတော့မည့် အခြေအနေမျိုး ပေါ်လာသည်။

ထို့ကြောင့် အလက်ဇန္ဒရီးယားသို့ ပြောင်းရွှေ့လာသည်။

ဝါရှင်တန်မြို့ကြီးနှင့် နီးနီးနားနား နေရသည်ကို ဂလိုရီက သဘောကျသည်။ သို့သော်လည်း အသိများနှင့် သွားတိုးမည်ကို အမြဲတမ်း ကြောင့်ကြနေရသည်။

ထိုသို့ ကြောင့်ကြခြင်းသည် ရူးခြင်းသာ ဖြစ်ကြောင်း သူက ဂလိုရီကို အမြဲ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆီနီတ်တာရဲ့ ရုံးကလူဆိုရင် ဘယ်လိုလူမှ ဒီရပ်ကွက်မျိုးကို လာ
နေနေသာသာ အနားကိုတောင် သီမှာ မဟုတ်ဘူး"

ထိုကြားထဲက အပြင်ထွက်တိုင်း ဂလိုရီက မျက်မှန်နက်ကြီး တပ်ပြီး
ထွက်လေ့ရှိလေသည်။

မည်သို့ဆိုစေ… ဂလိုရီ၏ စိတ်ကျရောဂါသည် တဖြည်းဖြည်း သက်သာ
လာသည်ကို တွေ့ရသည်။ အာသာက လူအိုရုံမှ ဆေးများ ယူယူလာပေးသည်။
ယခု ထိုဆေးများကို တဖြည်းဖြည်း လျှော့စားလာရသည်အထိ တိုးတက်လာ
သည်။

နောက်ဆုံးတွင် လက်နှိပ်စက် စာရေးမအဖြစ် အလုပ်တစ်ခု ရ
ဝင်လုပ်နိုင်သည်အထိ ထူးခြားလာလေသည်။

အာသာသည် ရုပ်ရှင်ရုံထဲမှာ ထိုင်ပြီး စားစရာကို မပြတ် ဝါးရင်း
အောင် တွေးနေသည်။ လက်ထဲက စားစရာလည်း ကုန်ပြီ။

မနက်ဖြန်ည ထုတ်လွှင့်မည့် ဆီနီတ်တာဂျင်းနင်း၏ အစီအစဉ်ကို မ
ရသေးဘဲနှင့်တော့ ဝါရှင်တန်မှ ထွက်ခွာသွား၍ မဖြစ်သေး။

ဆရာဝန် လက်မမြှောက်သေးဘဲနှင့်တော့ မည်သူ့ကိုမှ ဘုရားသခင်
တော်သို့ သူ ပို့ပေးခြင်း မရှိခဲ့ပါ။ ထိုသို့ ပြုလုပ်ရန် တမန်တော် နတ်သားက သူ့
အသံနှင့် ညွှန်ကြားခြင်း မပြုသေးသမျှ သူ ပြုလုပ်ခဲ့ခြင်း မရှိပါ။

ပက်ထရီရှာထရေးမိုးကိုလည်း အကြောင်းမဲ့သက်သက်တော့ သူ ရှ
ပြစ်တင်မည် မဟုတ်ပါ။ သူ တင်ဆက်မည့် အစီအစဉ်ထဲတွင် ဂလိုရီအကြောင်း
ထုတ်ဖော် ပြောဆိုခြင်း မရှိလျှင် ဂလိုရီ၏ ဓာတ်ပုံကို လွှင့်ထုတ်ပြခြင်း မရှိလျှင်
ဂလိုရီ၏ ဘဝသည် လုံခြုံနေမည် ဖြစ်သည်။

သို့သော်လည်း ဂလိုရီကို သူခိုးမ တစ်ယောက်အဖြစ် ကမ္ဘာ့လူပုံအလယ်
တွင် ချပြလိုက်မည် ဆိုပါက ဂလိုရီသည် သက်ဆိုင်ရာသို့ သွားရောက် အဖမ်းခံ
ပေတော့မည်။

ယခု တစ်ကြိမ်တွင်မူ ထောင်ထဲမှာသာ ဂလိုရီ သေတော့မည်။ ဒါကို
သူ သေချာပေါက် သိနေသည်။

အသက် မရှင်ချင်တော့သည့် လူပေါင်းများစွာကို သူ တွေ့မြင်ခဲ့ရ
သည်။ အကယ်၍ ထိုအတိုင်း ဖြစ်ခဲ့လျှင် ပက်ထရီရှာထရေးမိုးကို ဆိုးရွား
ထိုအကုသိုလ်တရားအတွက် ပြစ်ဒဏ်ပေးရပေမည်။

ပက်ထရီရှာထရေးမိုး နေသည့် အိမ်သို့ သွားရမည်။ တရားသဖြင့်
အောင် ဆောင်ရွက်ပေးရမည်။

**အမှတ်-၃၀၀၀၊ အင်န်လမ်း။**

www.burmeseclassic.com

www.burmeseclassic.com



ပက်ထရီရှာထရေးမိုး နေသည့် အိမ်ကြီးကိုယ်၌ကပင်လျှင် ဒုက္ခတရားနှင့် သေခြင်းတရားတို့၏ အမှတ်လက္ခဏာ ဖြစ်နေသည်။

ရုပ်ရှင် ပြီးသွားပြီ။

အခု သူ ဘယ်ကို သွားနိုင်သနည်း။

"မင်း ပုန်းနေမှ ဖြစ်မှာပေါ့ အာသာ"

အသံကို ကြားလိုက်ရသည်။

"ဟုတ်ပါပြီလေ၊ ဒါပေမဲ့ ဘယ်မှာ သွားပုန်းနေရမှာလဲ"

ကျယ်ကျယ်လောင်လောင် အသံထွက်ပြီး သူ ပြန်ပြောလိုက်မိကြောင်း သဘောပေါက်လိုက်လေသည်။ သူ့ရှေ့မှာ ထိုင်နေသည့် အမျိုးသမီးက နောက်ပြန်လှည့်ပြီး သူ့ကို ကြည့်သည်။

"အင်န်လမ်းက အမှတ် ၃၀၀၀ အိမ်လေကွာ၊ အဲဒီကိုသွား အာသာ၊ ဟိုတစ်နေ့က ဝင်ခဲ့တဲ့ ပြတင်းပေါက်က နေပြီးတော့ပဲ အိမ်ထဲကို ဝင်၊ ဗီရိုထဲမှာ ဝင်ပုန်းနေပေါ့"

အသံက လေသံတိုးတိုးဖြင့် သူ့ကို ပြောပြနေသည်။

အသုံးမပြုသော အိပ်ခန်းထဲမှ နံရံကပ် ဗီရို၏ ပုံပန်းသဏ္ဌာန်ကို သူ မြင်ယောင်လာသည်။ ထိုဗီရိုထဲမှာ သူ နွေးနွေးထွေးထွေးနှင့် လုံလုံခြုံခြုံ နေနိုင်မည် ဖြစ်ကြောင်း နားလည်လိုက်သည်။ ရုပ်ရှင်ရုံထဲက မီးများ လင်းလာသည်။ သူ တမင်းကတန်း ထိုင်ရာက ထလိုက်ရသည်။ တခြားလူတွေ သတိထားမိသွားအောင် နေ၍ မဖြစ်။

အခြား ရုပ်ရှင်တစ်ကားကို သူ သွားကြည့်ရမည်။ ထိုကား ပြီးလျှင်လည်း နောက် တစ်ကား ဆက်ကြည့်ရဦးမည်။ ထိုကား ပြီးတော့မှ မှောင်မည်။

မနက်ဖြန် ရုပ်မြင်သံကြားမှ စီစဉ်တင်ဆက်သည့် အချိန်အထိ ပုန်းအောင်းနေဖို့ နေရာသည် ပက်ထရီရှာထရေးမိုး အိမ်ထက် ကောင်းသော နေရာ ဘယ်မှာ ရှိပါဦးမည်နည်း။

သူ့ကို ပက်ထရီရှာထရေးမိုး အိမ်မှာ လိုက်ရှာရမည် ဖြစ်ကြောင်း မည်သူကမှလည်း စိတ်ကူးရမည် မဟုတ်။

"ပက်ထရီရှာထရေးမိုးကို ခွင့်လွှတ်တန်ရင်လည်း ခွင့်လွှတ်ရမှာပဲ အာသာ၊ မင်း သိပ်ပြီး အရင်လိုလို့ မဖြစ်ဘူး"

အမိန့်ပေးသံများက သူ့ခေါင်းပတ်လည်တွင် ပျံ့ဝဲနေပြန်သည်။

"ကျွန်တော် သဘောပေါက်ပါတယ်"

ဟု သူက ပြန်ဖြေသည်။

ရုပ်မြင်သံကြား အစီအစဉ်ထဲမှာ ဂလိုရီအကြောင်း လုံးဝ မပါလို့ကတော့ ထိုအိမ်ထဲမှာ သူ ရှိနေကြောင်း ပက်ထရီရှာထရေးမိုး လုံးဝ မသိစေရပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဂလိုရီအကြောင်း ထုတ်လွှင့်မည်။ ဂလိုရီ ဖြစ်ကြောင်းလည်း ထင်ရှားစေမည် ဆိုလျှင်မူ ပက်ထရီရှာသည် နတ်သားများ၏ အပြစ်ဒဏ်ပေးခြင်းကို ခံရပေမည်။

လက်စားချေရေး မီးတုတ်ကြီးကို မီးကလေး ကူးပေးလိုက်ရုံသာ ဖြစ်လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## ၂၉

၁ နာရီ ထိုးသောအခါ လိုင်လာ၏ အိမ်ဖော် အမျိုးသမီး ဈေးက ပြန်လာသည်။ လိုင်လာက မေရီလင်းတက္ကသိုလ်တွင် သူ ပို့ချရမည့် သင်ကြားချက်ကို ပြင်ဆင်နေသည်။ လာမည့် အပတ်ထဲတွင် ပို့ချရတော့မည် ဖြစ်သောကြောင့် လက်နှိပ်စက် တစ်လုံးနှင့် ခေါင်းမဖော်နိုင်အောင်၊ အလုပ်ရှုပ်နေသည်။

အိမ်ဖော် အမျိုးသမီးက သူ အလုပ်လုပ်နေသည့် အခန်းတံခါးကို လာခေါက်သည်။

"မစ္စလိုင်လာ... ရှင့်မျက်နှာ မကောင်းပါလား၊ ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား"

အိမ်ဖော် ဆိုသော်လည်း လူချင်းက အရမ်းရင်းနှီးနေသည်။ အိမ်သားလိုဖြစ်ပြီး ယုံကြည်စိတ်ချရသော မိတ်ဆွေလည်း ဖြစ်လေသည်။

"သင်ခန်းစာထဲမှာ စိတ်ရောက်နေလို့ပါ၊ သင်ခန်းစာကလည်း စိတ်ရောဂါအကြောင်းဆိုတော့ စိတ်ပင်ပန်းတာပေါ့"

"ကျွန်မ သမာဓိသတင်းစာ ဝယ်ခဲ့တယ်၊ အခု ဖတ်တော့မလား"

ဟု အိမ်ဖော်အမျိုးသမီးက မေးသည်။

"ဖတ်တာပေါ့"

နောက် ၅ မိနစ်လောက် ကြာတော့ လိုင်လာသည် ဂျိုနာဘာတာဖီး၏ ခေါင်းပါး မျက်နှာကို ဖြန့်ထားရင်း မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိသည်။ ဒေါသလည်း ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ၁၅ မိနစ်လောက်ကြာတော့ ပက်၏ အိမ်တံခါး ခေါင်းလောင်းထိုး သွားတီးနေလေသည်။

ပက် ငိုနေသည်ကိုလည်း သူ အံ့သြတကြီး တွေ့ရသည်။

"မင်းကို ပြစရာတစ်ခု ရှိလို့"

ဟု လိုင်လာက ပြောသည်။

စာကြည့်ခန်းထဲသို့ သူတို့ သွားကြသည်။ လိုင်လာက စားပွဲပေါ်မှာ သတင်းစာတင်ပြီး ဖြန့်ပြသည်။

ခေါင်းစဉ်ကို မြင်လိုက်ရုံနဲ့ သွေးရောင် ပျောက်သွားသော ပက်၏ မျက်နှာကို လိုင်လာက အကဲခတ်ကြည့်နေသည်။

ဘာမှ မတတ်နိုင်သူ တစ်ယောက်ကဲ့သို့ ပက်က သတင်းစာကို လက်ဖြင့် ဆန့်လိုက်ပြီး ဓာတ်ပုံများကို တစ်ချက် ကြည့်သည်။

"ဘုရားသခင်... အိမ်ဖောက်ခံရတာ၊ ဆီနိတ်တာရဲ့ ကိစ္စ၊ ဒီအိမ်ကြီး ကိစ္စတွေ အားလုံး ကျွန်မက ဖော်ကောင် လုပ်နေတဲ့ သဘောမျိုး ဖြစ်နေပါပေါ့ လား၊ လိုင်လာ... သူတို့ ဘယ်လောက် ချောက်ချားကုန်ကြမယ် ဆိုတာ ကျွန်မဖြင့် ပြောမပြတတ်နိုင်အောင် ဖြစ်နေပြီ၊ မှတ်တမ်းတင် ရုပ်ရှင်အဟောင်းတွေထဲမှာ ပါတဲ့ ကျွန်မ အဖေနဲ့ အမေ့ ပုံတွေအားလုံးကို လူသာပယ်လ်ဟမ်းက သေသေ ချာချာ ဖြတ်ထုတ်လိုက်တယ်၊ ဆီနိတ်တာနဲ့ အဒမ်စ် နှစ်လောင်းပြိုင် သတ်မှုကို သူက ဘယ်လိုမှ အဆက်အစပ် မရှိစေချင်ဘူး၊ မပတ်သက်စေချင်ဘူး၊ အခုတော့ ကျွန်မ ဘယ်လိုမှ ဆီးတွန်းထားနိုင်စွမ်း မရှိတဲ့ အင်အားကြီးတစ်ခုက အတင်း တွန်းပစ်နေသလို ဖြစ်နေပြီ၊ သူတို့ နားလည်အောင် ရှင်းပြရမလား၊ ဒါမှမဟုတ် အလုပ်ကနေ ထွက်ပစ်လိုက်ရမလား ဆိုတာကိုတောင် ကျွန်မဖြင့် နားမလည်နိုင် အောင် ဖြစ်နေပြီ"

ဒေါသဖြစ်လွန်းသောကြောင့် ကျလာသည့် မျက်ရည်များကို သိမ်းဖို့ ပက်က ကြိုးစားသည်။

လိုင်လာက သတင်းစာကို ပြန်ခေါက်သည်။

"အလုပ်ထွက်ဖို့ မထွက်ဖို့နဲ့ ပတ်သက်လို့ကတော့ ငါလည်း အကြံမပေး တတ်ဘူး၊ ဒါပေမဲ့ ဒီဆောင်းပါးကို နောက်တစ်ကြိမ် မင်း ပြန်မဖတ်ဖို့နဲ့ ဒီဓာတ်ပုံ တွေကို ပြန်မကြည့်တော့ဖို့ အကြံပေးချင်တယ် ကယ်ရီ၊ မင်းကို ပြသင့်လို့ လာပြတာ၊ အခု အိမ်ပြန်ယူသွားတော့မယ်၊ အဲဒီနေ့တုန်းက ကျိုးကြေနေတဲ့ အရုပ်ကလေး ဖြစ်နေတဲ့ မင်းကိုယ်မင်း ပြန်မကြည့်သင့်ဘူး"

ပက်က လိုင်လာ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်လေသည်။

"ဘာဖြစ်လို့ အဲဒီစကားကို ပြောလိုက်တာလဲ ဟင်"

ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို မေးတာလဲ၊ မင်းကို ကယ်ရီ... လို့ ခေါ်လိုက်မိတာကို ပြော
တာလား၊ ပါးစပ်ထဲက အလိုလို ခေါ်လိုက်မိတာပါ"

"မဟုတ်ဘူး၊ အဲဒါကို ပြောတာ မဟုတ်ဘူး၊ ကျွန်မကို ကျိုးကြေနေတဲ့
အရုပ်ကလေးနဲ့ နှိုင်းလိုက်တာကို ပြောတာ"

လိုင်လာက ပက်ကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။ ပြီးတော့
သတင်းစာကို ငုံ့ကြည့်သည်။

"ဒီထဲမှာ ပါတယ်လေ၊ အခုပဲ ငါ ဖတ်လိုက်မိတယ်၊ ဟောဒီမှာ ကြည့်..."

လူသတ်မှု ဖြစ်သည့် သတင်းကို ထိုစဉ်က သမာဓိသတင်းစာမှာ ဖော်ပြခဲ့
သည်။ ထိုသတင်းထဲမှ စာပိုဒ်တစ်ပုဒ်ကို ဂျိုနာဘာတာဖီးက ယခု သူ့ဆောင်းပါးထဲ
တွင် ပြန်လည်ကိုးကား ဖော်ပြထားသည်။

**ရဲအရာရှိချုပ် ကောလင်းစ်က 'မိမိ တစ်သက် မြင်ခဲ့ဖူးသမျှ မြင်ကွင်းထဲ
တွင် အဆိုးရွားဆုံးနှင့် ကြောက်မက်ဖွယ်ရာ အကောင်းဆုံး မြင်ကွင်း
ဖြစ်ကြောင်း၊ ကျိုးကြေနေသည့် အရုပ်ကလေးနှင့် တူသော ကလေးမ
ကလေးကို မြင်ရသည့်တွင် အဒမ်စ်က သည်ကလေးကိုပါ ဘာကြောင့်
ပစ်မသတ်သနည်းဟု မိမိ တွေးကြည့်မိကြောင်း၊ အသေ ပစ်သတ်လိုက်
ခြင်းက ကလေးမလေးအတွက် ပို၍ သက်သာရာရမည် ဖြစ်ကြောင်း'
ထိတ်လန့်ချောက်ချားဖွယ်ရာ မြင်ကွင်းဆိုးကြီးနှင့် ပတ်သက်၍ မှတ်ချက်
ချသွားသည်။**

"ကျိုးကြေနေတဲ့ အရုပ်ကလေး..."

ပက်က လေသံလေးဖြင့် ရေရွတ်နေသည်။

"အဲဒီအချိန်က ငါ့ကို သိတဲ့ လူတစ်ယောက်က အဲဒါလေးကို ထားပစ်
ခဲ့တာကိုး"

ဟုလည်း သူ့ကိုယ်သူ ပြောသလို ပြောနေမိသည်။

"ဘာကို ထားပစ်ခဲ့တာလဲ ပက်... ထိုင်စမ်း၊ မင်းကို ကြည့်ရတာ
သတိလစ်သွားတော့မလို ဖြစ်နေတယ်၊ ငါ ရေပြေးခပ်လိုက်မယ်"

လိုင်လာက အခန်းထဲမှ အပြေးအလွှား ထွက်သွားလေသည်။

ပက်သည် ကုလားထိုင် နောက်မှီမှာ မှီချလိုက်ပြီး မျက်လုံးကို မှိတ်ထား
သည်။ အလောင်းများကို သယ်ထုတ်နေကြပုံ၊ ပတ်တီး စည်းထားသည့် သူ့ကိုလည်း
ထမ်းစင်နှင့် သယ်ထုတ်နေပုံများကို မြင်လာသည်။

ရဲအရာရှိချုပ် ပြောသည့်စကား ပါသော သတင်းစာကို ဖတ်မိသလား၊
မဖတ်မိဘူးလား သူ မမှတ်မိတော့။ ထိုသတင်းစာကို သူ လုံးဝမတွေ့ခဲ့ခြင်းလည်း
ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဆိုစေ ယခု သူ့ကို ခြိမ်းခြောက်နေသော သူသည် သူ မည်သူ မည်ဝါ ဖြစ်သည်ကို သိသောသူ ဖြစ်ကြောင်း သေချာသွားပြီ။ ကျိုးကြေနေသည့် အရုပ်ကလေး ထားပစ်ခဲ့ခြင်းက သက်သေခံနေပြီ။ နောက်ပြီး ထိုအချိန်ကတည်းက သူ့ကို သိသောသူ ဖြစ်ရပေမည်။

လိုင်လာ ပြန်ဝင်လာသည်။ ရေခဲရေ တစ်ခွက် ယူလာသည်။

"ကျွန်မ… နေသာထိုင်သာ ရှိသွားပါပြီရှင်"

ပက်က ရေသောက်လိုက်ပြီး ပြောသည်။

"လိုင်လာ… ကျွန်မ အိမ်ထဲကို ဖောက်ထွင်း အဝင်ခံရတဲ့ ညတုန်းက စာကလေး တစ်စောင်တည်း ထားခဲ့တာ မဟုတ်ဘူး"

ပက်က စားပွဲအောက်သို့ ထိုးကြိတ်သွင်းထားသော စက္ကူဘူးကြီးကို အပြင်သို့ ဆွဲထုတ်သည်။ သို့သော်လည်း ရုတ်တရက် ဆွဲထုတ်၍ မရ။ စားပွဲအောက် ထဲမှာ ညပ်နေသည်။ ဒါလောက် ကျပ်နေအောင် ငါ ထိုးထည့်မထားမိပါဘူးဟု လည်း ပြန်စဉ်းစားကြည့်နေသည်။

စက္ကူဘူးကြီးကို သူ ထိုးသွင်းထားတုန်းက ကျစ်ကျစ်လျစ်လျစ် ရှိသည်။ ယခုလောက် ပွမနေဟု ထင်သည်။ စက္ကူဘူး ပွနေသောကြောင့် စားပွဲအောက်မှာ ညပ်နေခြင်း ဖြစ်သည်။

စက္ကူဘူးကို မရမက ဆွဲထုတ်နေခိုက် ကျိုးကြေနေသော ရက်ဂက်ဒီအခြင်း အရုပ်ကလေးအကြောင်း ပက်က ရှင်းပြနေသည်။

ထိုအကြောင်း ကြားရတော့ လိုင်လာ တုန်လှုပ်ချောက်ချားသွားသည်။

အိမ်ထဲသို့ ဖောက်ထွင်း ဝင်ရောက်သူက ကျိုးကြေနေသည့် အရုပ်ကလေး တစ်ခုကိုပါ မီးလင်းဖိုနားမှာ ထားခဲ့သလား။

သည်အိမ်ကြီးထဲမှာ ပက်အဖို့ အန္တရာယ်ရှိနေပြီ။ လိုင်လာ၏ စိတ်ထဲမှာ အလိုလို သိရှိခံစားနေရသည်။ ပက်အဖို့ အန္တရာယ်သည် ရှိနေဆဲပင် ဖြစ်သည်။

ပက်က စက္ကူဘူးကို ဖြေသည်။ အဖုံး ဖွင့်သည်။ အထဲမှာ ခပ်မြန်မြန် မွှေနှောက်ရှာသည်။

အံ့သြသည့် အမူအရာမှ ထိတ်လန့်သည့် အမူအရာသို့ ပြောင်းသွားသော ပက်၏ မျက်နှာ အနေအထားကို လိုင်လာက အကဲခတ် ကြည့်နေသည်။

"ပက်… ဘာဖြစ်တာလဲ"

လိုင်လာက စိုးရိမ်တကြီး မေးသည်။

"အရုပ်… အရုပ်ကလေး မရှိတော့ဘူး"

"မင်း သေချာရဲ့လား"

"ကျွန်မကိုယ်တိုင် ဒီထဲမှာ ထည့်ထားတာ၊ ဟိုတစ်နေ့ကပဲ ကျွန်မ တစ်ခါ ထုတ်ကြည့်သေးတယ်၊ လိုင်လာ… အဲဒီအရုပ်က ခါးစည်းအဝတ်ပါလေးကိုတောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဖြုတ်ယူထားလိုက်သေးတယ်၊ ကြည့်ရတာ စိတ်မချမ်းသာလွန်းလို့၊ ဟောဒီအောက်မှာ ကျွန်မ ပြန်ထည့်ထားလိုက်တယ်၊ ဒီထဲမှာပဲ ရှိရမှာပေါ့"

ပက်က စက္ကူဘူး အောက်ထဲသို့ ရှာသည်။ အရုပ်၏ ခါးစည်းအဝတ်စလေး ထွက်လာသည်။

"တွေ့တယ် မဟုတ်လား၊ ဟောဒီမှာ..."

တွန့်ကြေနေသည့် အဝတ်ကလေးကို လိုင်လာက ကြည့်သည်။ နီညိုရောင်များ စွန်းနေသည်။ ကြိုးကလေး နှစ်ချောင်းက ဘေးသို့ တွဲလောင်းကျနေသည်။

"အရုပ်ကလေးကို ဘယ်တုန်းက နောက်ဆုံးအကြိမ် တွေ့ခဲ့တာလဲ"

"စနေနေ့ နေ့ခင်းက စက္ကူဘူးထဲက ထုတ်ပြီး စားပွဲပေါ်မှာ ကျွန်မ ထားခဲ့တယ်၊ ဆီနီတ်တာရဲ့ ကားဒရိုင်ဘာက နောက်ထပ် မာတ်ပုံတွေ ထပ်လာပို့ပေးတယ်၊ ဒါကြောင့် စက္ကူဘူးထဲမှာ ပြန်ဝှက်ထားလိုက်တယ်၊ သူ မမြင်စေချင်လို့"

ပက်က စကား ခဏဖြတ်ထားသည်။ ခဏကြာမှ ဆက်ပြောသည်။

"ခဏနေဦး... ကျွန်မ စဉ်းစားမိပြီ၊ အိမ်ထဲကို တိုဘီ ဝင်လာတုန်းက တစ်ခုခုတော့ တစ်ခုခုပဲ၊ သူဟာ ရိုင်းရိုင်းစိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်းကြီး၊ အိမ်ထဲမှာ ရှိရှိသမျှတွေကိုလည်း ကျီးကန်းတောင်းမှောက် ကြည့်နေကြတယ်၊ သူ တံခါး ခေါင်းလောင်း တီးတီးချင်း ကျွန်မက သွားဖွင့်မပေးမိဘူး၊ ဒါကြောင့် ကျွန်မ ဘာတွေများ လုပ်နေသလဲဆိုတာ သူ စပ်စုတဲ့ သဘောလို့ ထင်ခဲ့တယ်၊ ပြီးတော့ သူ့ဘာသာသူ တံခါးဖွင့်ပြီး ပြန်မယ်၊ သူပဲ ပြန်ပိတ်ထားပေးခဲ့မယ်လို့ ပြောတယ်၊ သူ တံခါးပိတ်သွားသံ ကြားတော့ အဲ့တွင်းကနေ မင်းတုပ်ပါ ထိုးထားလိုက်ဖို့ ကျွန်မ ဆုံးဖြတ်ပြီး တံခါးဆီကို လျှောက်သွားတယ်။

"အဲဒီတော့ လိုင်လာ... တံခါး ပြန်ပွင့်လာပြန်တယ်၊ တိုဘီရဲ့ အမူအရာဟာ တစ်မျိုးပဲ၊ တံခါးက သော့ ကောင်း မကောင်း စစ်ဆေးကြည့်တဲ့ပုံမျိုး လုပ်ပြီး ကျွန်မကို အကြောင်ရိုက်တယ်လို့ ကျွန်မ ထင်တယ်၊ တံခါးကို လုံခြုံအောင် အထဲကနေပြီး မင်းတုပ် ထပ်ထိုးထားဖို့လည်း သူ ပြောသေးတယ်။

"ကလေး ဘဝတုန်းက ကျွန်မကို သူ သိတယ်၊ ဒါကြောင့် ကျွန်မကို ခြိမ်းခြောက်နေသူဟာ သူလည်း ဖြစ်ချင် ဖြစ်နိုင်တာပဲ။ သူ ဟုတ်တယ်ဆိုရင် ဘာဖြစ်လို့ ကျွန်မကို ခြိမ်းခြောက်နေရတာလဲ"

ညနေပိုင်း မရောက်သေးချေ။ သို့သော်လည်း မိုးသားတွေ အုံ့လာပြီး ပတ်ဝန်းကျင်မှာ မည်းမှောင်နေသည်။ ထိုသို့ ရာသီဥတု ဆိုးရွားနေချိန်တွင် ပက်ကို ကြည့်ရသည်မှာ ခိုကိုးရာမဲ့ပြီး အားနွဲ့သူ မိန်းကလေးတစ်ယောက် ပုံစံမျိုး ပေါက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရဲကို ချက်ချင်း အကြောင်းကြားမှ ဖြစ်တော့မယ်၊ ဆီနီတ်တာနဲ့ ဒရိုင်ဘာကို သူတို့ စစ်ဆေးကြည့်ကြလိမ့်မယ်"

ဟု လိုင်လာက ပြောသည်။

"အဲဒီလိုတော့ ကျွန်မ မလုပ်နိုင်ဘူးရှင်၊ ဆီနီတ်တာက ဘယ်လို ထင်သွားမလဲ၊ စဉ်းစားကြည့်ပါဦး၊ နောက်ပြီးတော့ အခု ပြောတာကလည်း ဖြစ်နိုင်စရာ အကြောင်း ရှိတယ်လို့ ဆိုလိုတာပါ၊ အတိအကျ စွပ်စွဲလို့ မဖြစ်သေးဘူး၊ ဒါကြောင့် တိုဘီကို သွယ်ဝိုက်တဲ့နည်းနဲ့ စစ်ဆေးပေးနိုင်တဲ့ လူတစ်ယောက် ကျွန်မမှာ ရှိနေပါတယ်"

စိုးရိမ်သောက ရောက်သွားသည့် အမူအရာကို လိုင်လာ၏ မျက်နှာပေါ်တွင် ပက် မြင်လိုက်ရလေသည်။

"အားလုံး အဆင်ပြေသွားမှာပါရှင်"

လိုင်လာ စိတ်ချမ်းသာအောင် ပက်က ပြောသည်။

"တံခါးတွေကို ကျွန်မ သေသေချာချာ ပိတ်ထားပါ့မယ်၊ အတွင်းကို မင်းတုပ်တွေ ချထားပါ့မယ်၊ နောက်ပြီးတော့ လိုင်လာ ကျွန်မ တင်ဆက်မယ့် အစီအစဉ် မတင်ဆက်နိုင်အောင် တစ်စုံတစ်ယောက်က ကြိုးစားနေတာ ဆိုရင်တော့ သူတို့ သိပ်ကို နောက်ကျသွားပြီ၊ ဒီနေ့ ညနေ ဆီနီတ်တာ ရုံးက ဆင်းပြီး အိမ်ပြန်ရောက်တဲ့ အခန်း ရိုက်မယ်၊ မနက်ဖြန်ကျတော့ စတူဒီယိုထဲက အခန်းတွေ ရိုက်မယ်၊ မနက်ဖြန်ညမှာပဲ ဒီအစီအစဉ်တွေကို လွှင့်တော့မှာ၊ အဲဒီနောက်မှာ ကျွန်မကို ခြိမ်းခြောက်စရာ အကြောင်း ဘာမှ မရှိတော့ဘူး၊ အခုလို လုပ်နေတာနဲ့ ပတ်သက်ပြီး ကျွန်မ စဉ်းစားကြည့်တယ်၊ တကယ်ကတော့ ကျွန်မကို တခြား သက်သက် ခြောက်လှန့်နေတာနဲ့ တူပါတယ်"

ပက်က သူ့ထင်မြင်ချက်များကို အသေးစိတ် ရှင်းပြသည်။

နောက် မိနစ်အနည်းငယ် ကြာတော့ လိုင်လာ ပြန်သွားသည်။

ညနေ ၄ နာရီတိတိတွင် စတူဒီယိုသို့ ပက် ရောက်နေရမည် ဖြစ်သည်။ သူ့မိတ်ဆွေ ကွန်ဂရက်လွှတ်တော်အမတ် ဆမ်ကင်စလေကို ဖုန်းဆက်ပြီး တိုဘီအား စုံစမ်း စစ်ဆေးပေးဖို့ ကိစ္စ ပြောပါမည်ဟုလည်း လိုင်လာကို သူ ကတိပေးလိုက်သည်။

သတင်းစာကို လိုင်လာက မထားခဲ့ချင်။ ထိုသတင်းစာကို ပက် ဖတ်မှာ စိုးရိမ်သည်။ ထို့ကြောင့် သူ ပြန်ယူသွားမည်ဟု ပြောသည်။

ပက်က ပြန်မပေး။

"ကျွန်မ အသေးစိတ် သေသေချာချာ ဖတ်ကြည့်ချင်သေးတယ်၊ သူက ဘာကို ဆိုလိုတာလဲ ဆိုတာ အတိအကျ သိချင်သေးတယ်၊ တကယ်လို့ ဒီသတင်းစာ ကျွန်မကို မပေးဘဲ ပြန်ယူသွားရင်လည်း ကျွန်မ နောက်တစ်စောင် ထွက်ဝယ်လိုက်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ လိုင်လာက သူ့သတင်းစာကို ထားသွားသည်။

လိုင်လာ အိမ်ပြန်ရောက်သွားသောအခါ သူ့အိမ်ဖော်အမျိုးသမီးက တံခါးဖွင့်ပေးသည်။

"ရှင့်ကို ကျွန်မ စောင့်ကြည့်နေတာ မစ္စလိုင်လာ၊ ရှင် နေ့လယ်စာကို ပြီးအောင်လည်း စားမသွားဘူး၊ နောက်ပြီးတော့ အိမ်ပေါ်က ရှင် ဆင်းသွားတုန်းက ထည်း အရမ်းကို စိတ်လှုပ်ရှားနေတဲ့ အတိုင်းပဲ"

အိမ်ဖော် အမျိုးသမီးက လိုင်လာကို ဆီးပြောသည်။

"မင်းက ငါ့ကို စောင့်ကြည့်နေတာကိုး"

လိုင်လာက ထိုမျှ ပြောပြီး ထမင်းစားခန်းထဲသို့ ဝင်သွားသည်။ ပြီးတော့ သမ်းဘက်သို့ မျက်နှာပြုနေသော ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။

ထိုနေရာမှနေ၍ ပက်၏ အိမ်ရှေ့ပိုင်း အကုန်လုံးကို လည်းကောင်း၊ အိမ်၏ ညာဘက်ခြမ်းကို လည်းကောင်း၊ အိမ်ခြံဝင်းကို လည်းကောင်း လှမ်းမြင်နေရသည်။

"ဒါလည်း အလုပ်ဖြစ်ဦးမှာ မဟုတ်ဘူး"

လိုင်လာက သူ့ဘာသာ ညည်းသလို ပြောသည်။

"လူဆိုးက နောက်ဘက် ပန်းခြံဘက်ကနေ ဖောက်ထွင်းပြီး ဝင်တာ၊ အဲဒီဘက်ခြမ်းကို ဒီနေရာကနေ မြင်ရတာ မဟုတ်ဘူး"

"ဘာတွေ ပြောနေတာလဲ မစ္စလိုင်လာ"

"ဘာမှ မဟုတ်ပါဘူးကွယ်၊ ငါတော့ ဖင်ကျောက်ချပြီး ထိုင်စောင့်ကြည့်မှ ဖြစ်တော့မယ်၊ နောက်ပြီးတော့ ဟောဒီ ပြတင်းပေါက်နားမှာ ငါ့လက်နှိပ်စက်ကို ရွှေ့ပြီး ငါ အလုပ်လုပ်မှ ဖြစ်မယ်"

"ဖင်ကျောက်ချပြီး ထိုင်စောင့်ကြည့်ရမယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ မင်း အမှုအရာက တစ်ခုခု မှားသွားပြီ ဆိုတာကို ယုံကြည်နေတဲ့အတိုင်းပဲ၊ မင်းလည်း သတိ-ဝီရိယနဲ့ နိုးနိုးကြားကြား နေပါ"

"မစ္စထရေးမိုး အိမ်မှာ တစ်ခုခု မှားနေပြီလို့ ရှင် ထင်လို့လား၊ သူခိုး ပြန်ကပ်လိမ့်ဦးမယ်လို့ ထင်လို့လား"

ပက်၏ အိမ်ပတ်လည်တွင် သဘာဝမကျသော အမှောင်ထုကြီး ကျနေသည်ကို လိုင်လာ ငေးကြည့်နေသည်။ သူ့စိတ်တွေ လေးနေသည်။ တစ်ခုခု ဖြစ်တော့မည်ကို အာရုံထဲတွင် သိနေသည်။

မျက်နှာ မသာမယာနှင့် သူ ပြန်ဖြေသည်။

"ဟုတ်တယ်၊ အဲဒါကိုပဲ ငါ စဉ်းစားနေတာ"

□

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၀ ]

ဖေဖေ ဖုန်းဆက်ပြီးသည့် အချိန်မှစ၍ ဂလိုရီသည် ရဲကား ရောက်လာတော့မည်ကို စောင့်ဆိုင်းနေမိလေသည်။

၁၀ နာရီထိုးတော့ သူ ထင်သည့်အတိုင်း ဖြစ်လာလေသည်။

သူ အလုပ်လုပ်နေသည့် အိမ်ငှား မြေငှား ကုမ္ပဏီရုံးတံခါး ပွင့်သွားသည်။ အသက် ၃၅ နှစ်အရွယ် ယောကျ်ားတစ်ယောက် ဝင်လာသည်။

ဂလိုရီက မော့ကြည့်သည်။ သူတို့ ရုံးရှေ့မှာ ရဲကားတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ လက်နှိပ်စက်ပေါ်တွင် တင်ထားသည့် သူ့လက်ချောင်းကလေးများ လျှော့ကျသွားသည်။

"စုံထောက်ဘားရှေ့ပါ"

ထိုသူက သက်သေခံကတ်ပြားကို မြှောက်ပြသည်။

"ဂလိုရီယာစတီဗင်နဲ့ စကားပြောချင်လို့ပါ၊ သူ ဒီရုံးမှာ အလုပ်လုပ်တယ် မဟုတ်လား"

ဂလိုရီက ထိုင်နေရာမှ ထရပ်သည်။ စုံထောက်ဘားရှေ့ မေးမည့် မေးခွန်းများကို သူ့နားထဲမှာ အလိုလို ကြားထားပြီး ဖြစ်လေသည်။

'ခင်ဗျားနာမည်အရင်းဟာ အယ်လီနာဘရောင်း မဟုတ်လား၊ ဘာကြောင့် ဥပဒေကို ခင်ဗျား ဘာဖြစ်လို့ ချိုးဖောက်သလဲ။ ဒီလို ချိုးဖောက်ပြီး ဘယ်လောက်ကြာကြာ ထွက်ပြေးနေနိုင်မယ်လို့ ခင်ဗျား ထင်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ဘားရှေက သူ့ဆီသို့ လျှောက်လာသည်။ သူ့မျက်နှာသည် ပွင့်လင်းပုံ ရသည်။ နားရွက် နှစ်ဖက်နားမှာ ဆံပင်များ ရစ်ခွေနေသည်။ သူ့မျက်လုံးများက စပ်စပ်စုစုတော့ ရှိသည်။ သို့သော်လည်း ရိုင်းရိုင်းစိုင်းစိုင်း ပုံမျိုး မဟုတ်။

မိမိနှင့် အသက်တူလောက် ရှိမည် ဖြစ်ကြောင်း ဂလိုရီယာ ခန့်မှန်းကြည့်မိသည်။ စုံထောက်ဘားရှေသည် သိပ်ကြောက်စရာ ကောင်းလှသည်တော့ မဟုတ်။ သူ့စတိုခန်းထဲမှာ ပိုက်ဆံ တွေ့တုန်းက သူ့ကို စစ်ဆေးခဲ့သည့် စုံထောက်နှင့်တော့ တွေ။

ဟိုစုံထောက်တုန်းကတော့ အလွန်ရန့်လိုသည်။ သူ့ကို နှိပ်စက်ဖို့လောက်သာ တစ်ချိန်လုံး စဉ်းစားနေသူ ဖြစ်သည်။

"မစ္စစတီဗင်လား… မကြောက်ပါနဲ့ဗျာ၊ ခင်ဗျားနဲ့ နှစ်ယောက်ချင်း စကားပြောနိုင်မလား"

ဟု ဘားရှေက မေးသည်။

"ကျွန်မတို့ အတွင်းခန်းထဲ သွားပြောလို့ ရပါတယ်"

သူတို့ အလုပ်ရှင်၏ သီးသန့်ခန်းလေးထဲသို့ ဂလိုရီယာ စုံထောက်ဘားရှေကို ဦးဆောင် ခေါ်သွားသည်။ အခန်းထဲမှာ ကုလားထိုင် နှစ်လုံး ရှိသည်။ တစ်ယောက် တစ်လုံး ဝင်ထိုင်ကြသည်။

"ခင်ဗျား ကြောက်နေတာကိုး"

ကြင်နာသည့် လေသံဖြင့် စုံထောက်က ပြောသည်။

"မပူပါနဲ့ဗျာ၊ စိတ်အေးအေး ထားပါ၊ ခင်ဗျား အဖေအကြောင်း ပြောချင်လို့ပါ၊ ခင်ဗျား အဖေကို တွေ့ချင်ရင် ဘယ်သွားတွေ့ရမလဲ"

အဖေ့အကြောင်း ပြောချင်လို့တဲ့…

နည်းနည်းတော့ ဂလိုရီ စိတ်အေးသွားသည်။ တံတွေး မျိုချလိုက်မိသည်။

"ကျွန်မ ရုံးကို လာတော့ သူ အိမ်မှာ ကျန်ရစ်ခဲ့ပါတယ်၊ မုန့်ဆိုင် သွားပြီး မုန့်ဝယ်နေတာလည်း ဖြစ်နိုင်ပါတယ်"

"သူ ပြန်မလာဘူး၊ ခင်ဗျားတို့ အိမ်ရှေ့မှာ ရဲကား ရပ်ထားတာကို တွေ့လို့ သူ ပြန်မလာတော့ဖို့ ဆုံးဖြတ်လိုက်တာလည်း ဖြစ်နိုင်ပါတယ်၊ သူ့အမျိုးတွေဆီမှာ ဖြစ်ဖြစ်၊ အပေါင်းအသင်းတွေဆီမှာ ဖြစ်ဖြစ် သူ သွားနေတယ်လို့ ထင်ပါသလား"

"ကျွန်… ကျွန်… ကျွန်မ မသိပါဘူးရှင်၊ သူနဲ့ ဘာကိစ္စ စကားပြောချင်ရတာပါလဲ"

"သိချင်တာလေး နည်းနည်းပါးပါး မေးချင်လို့ပါ၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ၊ ဒီနေ့ မနက် ခင်ဗျားဆီကို သူ ဖုန်းဆက်သေးသလား"

www.burmeseclassic.com

www.burmeseclassic.com



ဒီလူက အာသာကို ငါ့အဖေလို့ ထင်နေတယ်၊ သူက ငါ့ကို စိတ်ဝင်စား တာတော့ မဟုတ်ဘူးဟု ဂလိုရီ တွေးနေသည်။

"သူ... သူ... ဖုန်းတော့ ဆက်ပါတယ်၊ ဒါပေမဲ့ ကျွန်မက ကျွန်မ အလုပ်ရှင်နဲ့ စကားပြောနေလို့"

"ဘာကိစ္စ သူ ဖုန်းဆက်တာလဲ"

"သူက သူက... သူနဲ့ လာတွေ့ဖို့ ပြောပါတယ်၊ လာတွေ့ဖို့ မဖြစ်နိုင်ဘူး လို့ ကျွန်မ ပြန်ပြောလိုက်တယ်"

"သူက ခင်ဗျားနဲ့ ဘယ်မှာ တွေ့ချင်တာတဲ့လဲ"

အာသာ၏ စကားလုံးများ ဂလိုရီ၏ နားထဲမှာ ပြန်လည်ကြားယောင်လာ သည်။

ဗဟိုဘူတာရုံကြီး စင်္ကြံအမှတ်-၁၂၊ ဂိတ်ပေါက် အမှတ် ၇ မှာ လာတွေ့ ဖို့ အာသာက သူ့ကို ဖုန်းဆက်ခေါ်သည်။

သူ အဲဒီနေရာမှာ စောင့်နေသလား။

သူ ဒုက္ခရောက်နေပြီလား။

အာသာသည် သူ့ကို နှစ်ပေါင်းများစွာ စောင့်ရှောက်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ယခုအချိန်တွင် အာသာ နစ်နာအောင် သူ မလုပ်နိုင်တော့ပြီ။

သူက စကားလုံးများကို သတိထား ရွေးချယ်ပြီး ပြန်ဖြေသည်။

"ကျွန်မ... ကျွန်မ ဖုန်းကို အကြာကြီး စကားပြောနေလို့လည်း မရပါဘူး ဒါကြောင့်... ကျွန်မ... ကျွန်မ ရုံးက ထွက်လာလို့ မရဘူးလို့ပဲ ပြန်ပြောလိုက် ပါတယ်၊ အဲဒီလို ပြောပြီး ဖုန်းချလိုက်ပါတယ်၊ သူနဲ့ ဘာကိစ္စ စကားပြောချင်ရ တာလဲ ဟင်၊ ဘာများ ဖြစ်နေလို့လဲ၊ တစ်ခုခုများ မှားနေသလား"

"အင်း... ဘာမှ မဟုတ်ပါဘူးလေ"

စုံထောက်၏ လေသံမှာ ကြင်နာသံများ အပြည့်အဝ ပါနေသည်။

"ခင်ဗျား အဖေက သူ့လူနာတွေအကြောင်းများ ခင်ဗျားကို ပြောပြဖူး သလား"

"ဟုတ်ကဲ့... ပြောပါတယ်၊ သူ့လူနာတွေကို သူ အရမ်းဂရုစိုက်တယ်"

သည်မေးခွန်းလောက်ကိုတော့ လွယ်လွယ်ကူကူ ဖြေနိုင်ပါသည်။

"မစ္စက်ဂေးလက်စ်ဝိုင်း အကြောင်းရော ခင်ဗျားကို သူ ပြောပြဖူးသလား"

"ဟုတ်ကဲ့... ပြောပါတယ်၊ လွန်ခဲ့တဲ့ အပတ်ထဲက အဲဒီအဘွားကြီး ဆုံးသွားတယ်လေ၊ ဟုတ်တယ်နော်၊ သူ အရမ်း စိတ်ထိခိုက်သွားတယ်၊ အဘွားကြီး ရဲ့ သမီးကလည်း သူ့အမေကို လာတွေ့တော့မလို့ ဆိုလား"

ထိုသို့ ပြောရင်း အိပ်နေရာမှ အာသာ ထယောင်သည့် အသံများကို သူ ကြားယောင်နေမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မျက်လုံး မှိတ်လိုက် မစ္စက်ဂေးလက်စ်ပိုင်း... မျက်လုံးမှိတ်လိုက်'

မစ္စက်ဂေးလက်စ်ပိုင်းကို အာသာ အကူအညီပေးရာတွင် တစ်ခုခု မှားသွားပုံရသည်။ ထိုအမှားနှင့် ပတ်သက်ပြီး သူ့ကို အပြစ်တင်နေကြခြင်း ဖြစ်နိုင်လေသည်။

"ဒီနောက်ပိုင်းမှာ သူ့အမူအရာတွေ ဘာတွေ ပြောင်းလဲတာများ ရှိသလား၊ ခါတိုင်းနဲ့ မတူဘဲ ထူးခြားတာများ ရှိသလား၊ စိတ်လှုပ်ရှားနေတာတို့ ဘာတို့ပေါ့"

"ကျွန်မ သိဖူးသမျှထဲမှာတော့ သူဟာ အကြင်နာတရား အကြီးဆုံးလူတစ်ယောက်ပါပဲ၊ သူ့ဘဝတစ်လျှောက်လုံး သူတစ်ပါးကို ကူညီတဲ့ အလုပ်မှာပဲ သူ နှစ်မြှုပ်ထားတယ်၊ နောက်ပြီးတော့ သူ့ကို တင်နက်စီမှာ ရှိတဲ့ လူအိုရုံကို အလုပ်ပြောင်းလုပ်ဖို့လည်း သူ့ကို ပြောနေကြတယ်"

စုံထောက်က ပြုံးသည်။

"ခင်ဗျား အသက် ဘယ်လောက် ရှိပြီလဲ မစ္စစတီဗင်"

"၃၄..."

သူ့အမူအရာ အံ့သြသွားပုံရသည်။

"ခင်ဗျား အရွယ် အရမ်းတင်တာပဲ၊ အဲဒီလောက် ရှိပြီလို့ မထင်ရဘူး၊ အလုပ်ခန့်ထားတဲ့ မှတ်တမ်းတွေအရ ဆိုရင် အာသာစတီဗင်က လေးဆယ့်ကိုးနှစ်ရှိပြီ"

သူ စကားမဆက်ဘဲ ခဏ ဖြတ်ထားသည်။ ပြီးတော့မှ ရင်းနှီးသည့် လေသံမျိုးဖြင့် ဆက်မေးသည်။

"သူဟာ ခင်ဗျားရဲ့ အဖေအရင်း မဟုတ်ဘူးပေါ့နော်"

မကြာခင်မှာပင် မိမိကို မေးခွန်းများဖြင့် မလှုပ်နိုင်အောင် တုပ်နှောင်တော့မည် ဖြစ်ကြောင်း ဂလိုရီ တွေးကြည့်သည်။

"သူက ဘုန်းကြီး ဖြစ်ခဲ့ဖူးတယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ အဘိုးအိုအဘွားအိုတွေကို တိုက်ရိုက် ပြုစုတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ကျွန်မ အရမ်းမကျန်းမမာ ဖြစ်နေတဲ့အချိန်တုန်းက ကျွန်မမှာ ခိုကိုးစရာ မရှိဘူး၊ အဲဒီမှာ သူက ကျွန်မကို ခေါ်ပြီး စောင့်ရှောက်ကျွေးမွေးခဲ့တာပါ"

ယခုဆိုလျှင် မိမိ၏ နာမည်ရင်းကို သူ မေးတော့မည်ဟု ဂလိုရီက ခန့်မှန်းကြည့်နေပြန်သည်။ သို့သော်လည်း သူ မမေး။

"သိပါပြီ မစ္စ... အဲ... မစ္စစတီဗင်၊ ကျွန်တော်တို့က မစ္စစတီဗင်နဲ့ စကားပြောကြည့်ချင်နေတာ၊ သူများ ဖုန်းဆက်မယ်ဆိုရင် ကျွန်တော့်ကို အကြောင်းကြားပေးပါနော်"

'စုံထောက် ဝီလျံဘားရော့' ဆိုသော နာမည် ပါသည့် လိပ်စာကတ်ပြားကလေး တစ်ခု ထုတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိကို အကဲခတ်နေကြောင်း ဂလိုရီ သိရှိ ခံစားရသည်။ မိမိအကြောင်း တွေ သူ ဘာကြောင့် မမေးသလဲ။ မိမိရဲ့ နောက်ကြောင်းတွေကို ဘာကြောင့် ဆက်မမေးတာလဲ။

စုံထောက်ဘားရော့ ပြန်သွားသည်။

အိုပယ် ပြန်ရောက်လာသည်အထိ ထိုသီးသန့်ခန်းလေးထဲမှာ သူ ဆက်ထိုင် နေမိသည်။

"ဂလိုရီယာ... ဘာဖြစ်လို့လဲ ဟင်"

အိုပယ်သည် သူ၏ အရင်းနှီးဆုံး သူငယ်ချင်း ဖြစ်သည်။ သူ့တစ်သက် တွေ့ခဲ့ဖူးသမျှထဲ၌ အကောင်းဆုံး သူငယ်ချင်းလည်း ဖြစ်လေသည်။

သူ့ကိုယ်သူ မိန်းကလေးတစ်ယောက်လို ပြန်တွေးနိုင်အောင် အိုပယ်က ကူညီခဲ့သည်။ ညှော်ခံပွဲများသို့ ခေါ်သွားပေးသည်။ လူကြားသူကြား တိုးနိုင်အောင် စီစဉ်ပေးသည်။

"ဂလိုရီယာ... ဘာဖြစ်တာလဲ၊ မင်း အရမ်းမျက်နှာပျက်နေတယ်"

အိုပယ်က ထပ်မေးသည်။

"မဖြစ်ပါဘူး၊ ဘာမှ မဖြစ်ပါဘူး၊ ခေါင်းကိုက်လို့ပါ၊ ငါ အိမ်ပြန်လို့ ရနိုင်မလား ဟင်"

"သိပ်ရတာပေါ့၊ လက်နှိပ်စက်ရိုက်စရာ ရှိတာတွေ ပြီးအောင် ငါ ဆက်ရိုက်လိုက်မယ်၊ ဂလိုရီယာ ငါ ကူညီနိုင်တာ တခြား ဘာရှိသေးသလဲ ဟင်"

စိတ်ပူနေသည့် သူ့သူငယ်ချင်း၏ မျက်နှာကို သူ မော့ကြည့်သည်။

"ဘာမှ မရှိတော့ပါဘူး ဟယ်၊ အစစအရာရာ ငါ့ကို ကူညီခဲ့တဲ့အတွက် နင့်ကို ကျေးဇူးတင်ပါတယ်"

အိမ်ကို သူ လမ်းလျှောက်ပြီး ပြန်လာသည်။ အပူချိန် ဒီဂရီ ၄၀ ကျော် ရှိသော်လည်း သူ ချမ်းနေသည်။ လေအေးများက သူ့ကုတ်အင်္ကျီအတွင်းသို့ လည်းကောင်း၊ လက်အိတ်များအတွင်းသို့ လည်းကောင်း ထိုးဖောက် ဝင်ရောက် နေသည်။

အိမ်ပြန်ရောက်တော့ အိမ်ကြီးကို ကြည့်ရသည်မှာ ဟာလာဟင်းလင်း ဖြစ်နေသည်ဟု သူ့စိတ်ထဲမှာ ခံစားနေရသည်။

ဗီရိုဆီသို့ လျှောက်သွားသည်။ ခရီးဆောင်အိတ်ကလေး ထုတ်ယူသည်။ လျှော့ဈေးနှင့် ရောင်းသည့် ဆိုင်တစ်ဆိုင်မှ အာသာ ဝယ်လာပေးခြင်း ဖြစ်သည်။

အိတ်ထဲသို့ အဝတ်အစားများ၊ အလှပြင်ပစ္စည်းများနှင့် အိုပယ် လက်ဆောင် ဝယ်ပေးထားသည့် ဝတ္ထုစာအုပ်သစ်ကို ထည့်သည်။ အိတ်က သိပ်အကြီးကြီး မဟုတ်သောကြောင့် အဝတ်တွေနှင့် ကျပ်ပြီး အပိတ်ရ ခက်နေသည်။

နောက်တစ်ခု ကျန်နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ရက်ဂက်ဒီအင်နဲ ရုပ်ကလေး…

စိတ်ရောဂါကု ဆေးခန်းသို့ သူ သွားပြစဉ်က ဆရာဝန်က သူ့ကို အရုပ်တစ်ရုပ် ဆွဲခိုင်းသည်။ မိမိ ခံစားနေရသည့် ရုပ်နှင့်တူအောင် ဆွဲပါဟု ပြောသည်။ သို့သော်လည်း သူ အရုပ်မဆွဲတတ်ပါ။

စင်ပေါ် တစ်နေရာတွင် ရက်ဂက်ဒီအင်နဲ အမျိုးအစား အရုပ်ကလေး တစ်ရုပ် ရှိနေသည်။ ဆရာဝန်က ထိုအရုပ်ကလေး ယူလာပေးသည်။

"ဒီအရုပ်ကလေးဟာ မင်း ဖြစ်မယ်ဆိုရင် မင်း စိတ်ထဲမှာ ဘယ်လို ခံစားနေရတယ် ဆိုတာ သည်အရုပ်ကလေးပေါ်မှာ ဆွဲပြစမ်းပါ"

ဟု ဆရာဝန်က ပြောသည်။

ဒါကတော့ သိပ်မခက်ပါ။

အရုပ်ကလေး၏ မျက်နှာပေါ်တွင် မျက်ရည်စီးကြောင်းများ ဆွဲလိုက်သည်။ မျက်လုံးများက ထိတ်လန့်နေသည့် အမူအရာ ဖြစ်အောင် ခြယ်သည်။ ပြုံးနေသည့် ပါးစပ်ကို ထိတ်လန့်တကြား အော်တော့မည့်ပုံမျိုး ပြောင်းပေးလိုက်သည်။

"အဲဒီလောက်တောင် ဆိုးသလား"

သူ ဆွဲပြီးသွားတော့ ဆရာဝန်က မေးသည်။

"အဲဒီထက် ဆိုးပါတယ် ရှင်"

ထိုအကြောင်းများကို သူ ပြန်သတိရနေသည်။

အာသာ ဖုန်းဆက်သည်အထိ သည်အခန်းမှာ သူ နေချင်ပါသည်။ သို့သော်လည်း သူ့အကြောင်းကို ရဲတွေ သိတော့မည်။ စောစောက ရုံးသို့ လာသွားသည့် စုံထောက်သည် ယခုလောက်ဆိုလျှင် မိမိ မည်သူ ဖြစ်ကြောင်း စစ်ဆေးကြည့်နေလောက်ပြီဟု သူ တွေးကြည့်သည်။

သည်အတိုင်း ငါ ထွက်ပြေးနေလို့ မဖြစ်တော့ဘူး။ ငါ့မှာ သတ္တိရှိနေတုန်း သွားပြီး အဖမ်းခံလိုက်တာ ကောင်းတယ်။ သည်လို ကိုယ်တိုင် အဖမ်းခံလိုက်ရင် အာမခံဥပဒေကို ချိုးဖောက်လို့ အပြစ်ပေးရာမှာ လျှော့ပေါ့ပေးနိုင်တယ်။

သူ ပေးထားခဲ့သည့် ကတိတစ်ခုကိုတော့ တည်အောင် ထိန်းရမည်။

တစ်ခုခု မလုပ်မီ ရုပ်မြင်သံကြားသတင်း ကြေညာသူ ပက်ထရီရှာထရေးမိုးကို ဖုန်းဆက်ပါမည်ဟု ကျောင်းအုပ်ဆရာမကြီး မာဂရက်လန်ဂလေအား သူ ကတိပေးခဲ့သည်။

ထိုကတိအတိုင်း သူ ဖုန်းဆက်သည်။ စိတ်လှုပ်ရှားစွာဖြင့် တောင်းပန်နေသည့် ပက်၏ အသံများကို သူ တည်ငြိမ်စွာဖြင့် မတုန်မလှုပ် နားထောင်နိုင်လေသည်။

၃ နာရီထိုးတော့ အခန်းထဲမှ သူ ထွက်ခဲ့သည်။ လမ်းထိပ်မှာ ကားတစ်စီး ရပ်ထားသည်။ ကားထဲမှာ ယောကျ်ား နှစ်ယောက် ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအမျိုးသမီးပဲ၊ စတီဗင်နဲ့ တွေ့ဖို့ အစီအစဉ် မရှိပါဘူးဆိုတာ သူ လိမ်တာပဲ"

ယောက်ျားတစ်ယောက်က နောင်တရသည့် အသံဖြင့် ပြောသည်။

ကျန်တစ်ယောက်က ကားလီဗာကို နင်းလိုက်သည်။

"မပူပါနဲ့ကွာ၊ စတီဗင်ဆီ ရောက်အောင် တို့ကို သူ လမ်းပြသွားပါလိမ့်မယ်"

ဟု ပြန်ပြောသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## ၃၁

ဈေးကွန်စင်ရိပ်သာရှိ လိုးတပ်စ်အင်း စားသောက်ဆိုင်သို့ ပက် ကားမောင်းလာခဲ့သည်။

ရဲစခန်းသို့ သွားရောက် အဖမ်းမခံဖို့ အယ်လီနှာဘရောင်း နားဝင်အောင် ဘယ်လို ပြောဆို ဖျောင်းဖျရမည်နည်းဟု လမ်းတစ်လျှောက်လုံး အပြင်းအထန် ခေါင်းစားလာသည်။ နားဝင်အောင် ပြောနိုင်လိမ့်မည်ဟုလည်း သူ အပိုင်တွက်ထားသည်။ ဆမ်ကို ဖုန်းဆက်ကြည့်သေးသည်။ သို့သော်လည်း ကိုင်မည့်သူ မရှိသောကြောင့် ဖုန်းကို ပစ်ချပြီး သူ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

စားသောက်ဆိုင်ထဲသို့ သူ ဝင်လာသည်။ အထက်တန်းကျောင်းသူဘဝတုန်းက ရိုက်ကူးထားသည့် ဓာတ်ပုံကိုပဲ မြင်ဖူးရာ လူကိုယ်တိုင်ကို တွေ့လျှင် မှတ်မိပါ့မလားဟု တွေးကြည့်နေမိသည်။

နောက်ပြီးတော့ သူ့နာမည်ရင်းကိုပဲ အသုံးပြုထားလေသလား။ ဖြစ်နိုင်ချေ အကြောင်းတော့ မရှိ။

စားပွဲထိုး အမျိုးသမီးက သူ့ကို ဆီးကြို နှုတ်ဆက်သည်။

“မစ္စတရေးမိုး မဟုတ်လား”

“ဟုတ်ပါတယ်၊ ကျွန်မပါပဲ”

“မစ္စဘရောင်း စောင့်နေပါတယ် ရှင်”

အတွင်းပိုင်းကျသည့် စားပွဲတစ်လုံးပေါ်တွင် အချိုရည် သောက်ရင်း အယ်လီနှာဘရောင်း ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပက်က မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။ ပြောရမည့် စကားများ စဉ်းစားသည်။ အထက်တန်းကျောင်းသူ ဘဝတုန်းက ရိုက်သည့် ဓာတ်ပုံထဲက ရုပ်နှင့် သိပ်ပြီး မခြားနားလှသော အယ်လီနာဘရောင်းကို တွေ့ရသည်။ အသ ပိုကြီးလာတာပဲ ထင်ရှားသည်။

ပိန့်ပိန့်ကလေး မဟုတ်တော့ ပက် မျှော်လင့်ထားတာထက် ပိုလှသည်။ သို့သော်လည်း လူ မမှားနိုင်သော ရုပ်မျိုး ဖြစ်သည်။

နူးညံ့သည့် လေသံကလေးဖြင့် သူက ပြောသည်။

"မစ္စထရေးမိုးလား… အခုလို လာတွေ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ရှင်"

"အယ်လီနာ… ကျွန်မ စကားကို နားထောင်ပါ၊ ရှင့်အတွက် ကျွန်မ ရှေ့နေတစ်ယောက် ငှားပေးမယ်၊ ကျွန်မတို့ တစ်ခုခု စီစဉ်နေတုန်းမှာ ရှင် အာ အပြင်မှာ နေနိုင်တာပဲ၊ အရင်တစ်ခါ အာမခံဥပဒေကို ချိုးဖောက်မိတာကော အဲဒီအချိန်တုန်းက ရှင့်စိတ်မှ မမှန်ဘဲ၊ ရှေ့နေကောင်းတစ်ယောက်အနေနဲ့ လျှော နိုင်တဲ့ အချက်တွေ အများကြီး ရှိနေပါတယ်"

စားပွဲထိုးက အယ်လီနာ မှာထားသည့် စားစရာများ လာပေးသည်။

"ဒါတွေ စားချင်နေတာ ကြာပြီ၊ ရှင်ရော တစ်ခုခု စားဦးမလား"

အယ်လီနာက ပက်ကို မေးသည်။

"မစားတော့ပါဘူးရှင်၊ အယ်လီနာ ကျွန်မ ပြောနေတာတွေ ရှင် နားလည် ရဲ့လား"

"ဟုတ်ကဲ့… နားလည်ပါတယ်"

အယ်လီနာက ပုစွန်ကြော်ကို ချဉ်ရည်နှင့် တို့စားသည်။

"အိုး… အရသာရှိလိုက်တာ"

သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သို့သော်လည်း ပြတ်သားသော ဆုံးဖြတ်ချက် ချထားပြီးကြောင်း သိသာသည်။

"မစ္စထရေးမိုး… ကျွန်မ အာမခံ ပြန်ရနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ် ဒါပေမဲ့ တကယ်လို့ ကျွန်မ မရခဲ့ရင် သူတို့ ပေးမယ့် ပြစ်ဒဏ်ကို ခံနိုင်လောက်အောင် ကျွန်မရဲ့ စိတ်ဓာတ် ကြံ့ခိုင်နေပါတယ်၊ တိုက်ပိတ်တာကို ကျွန်မ ခံနိုင်ပါတယ် အလုံတိုက်ခန်းထဲမှာ ကျွန်မ အိပ်နိုင်ပါတယ်၊ ထောင်အဝတ်အစားကို ဝတ်နိုင်တယ် ထောင်က ကျွေးတာကို စားနိုင်ပါတယ်၊ ဘယ်လောက်ပဲ ငြီးငွေ့စရာ ကောင်းကောင်း ကျွန်မ ခံနိုင်ရည် ရှိပါတယ်၊ ထောင်ကျရက်စေ့လို့ ကျွန်မ အပြင် ပြန်ရောက် ရင် ပုန်းအောင်း ရှောင်တိမ်းနေစရာ လုံးဝမလိုတော့ဘူး၊ ကျွန်မမှာ လုံး မရှိခဲ့ကြောင်း လွတ်လွတ်လပ်လပ်နဲ့ ကျွန်မ တစ်သက်လုံး သက်သေပြသွားနိုင် တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အယ်လီနာ… ရှင့်စတိုခန်းထဲမှာ ပိုက်ဆံတွေ တွေ့တာ မဟုတ်ဘူးလား"

"မစ္စထရေးမိုး… ကျွန်မတို့ ရုံးမှာ ရှိတဲ့ လူတစ်ဝက်လောက်က အဲဒီစတိုခန်းအကြောင်းကို သိကြတယ်၊ ကျွန်မ အဲဒီအိမ်ခန်းကို ပြောင်းတော့ ကျွန်မတို့ရုံးက လူ ၈ ယောက်လောက် လိုက်ကူပြောင်းပေးကြတယ်၊ ကျွန်မ အသုံးမလိုတဲ့ အိမ်ထောင်ပရိဘောဂတွေကို အဲဒီစတိုခန်းထဲမှာ သွားသိမ်းထားပေးကြတယ်၊ ပိုက်ဆံအချို့ကို အဲဒီစတိုခန်းထဲမှာ ပြန်တွေ့တယ်၊ ဒါပေမဲ့ ဒေါ်လာ ခုနစ်သောင်းကတော့ တစ်ယောက်ယောက်ရဲ့ အိတ်ထဲကို ရောက်သွားပြီလေ"

"အယ်လီနာ… တိုဘီ ဖုန်းဆက်တယ်လို့ ရှင်က ပြောတယ်၊ တိုဘီက သူ မဆက်ရပါဘူးလို့ ဘူးကွယ်တယ်၊ တနင်္ဂနွေလို နေ့မျိုးမှာ ရွေးကောက်ပွဲအနိုင်ရရှိရေး ရုံးကို သွားခိုင်းတာဟာ သဘာဝမကျဘူးလို့ ရှင် မတွေးမိဘူးလား"

အယ်လီနာက ပန်းကန်ကို ဘေးသို့ တွန်းသည်။

"မထင်ပါဘူး၊ ဒီလိုလေ ဆီနိတ်တာက ရွေးကောက်ပွဲ ပြန်ဝင်ဖို့ ရှိနေတယ်၊ ရွေးကောက်ပွဲ အနိုင်ရရေး ရုံးကနေပြီး စာတွေ ပို့ပို့ပေးတယ်၊ ဆီနိတ်တာကလည်း အဲဒီရုံးကို မကြာခဏ သွားလေ့ရှိတယ်၊ လုပ်အားပေးနေတဲ့ လူတွေကို အားပေးတဲ့ အနေမျိုးပေါ့၊ အဲဒီကို ရောက်ရင် သူလည်း အလုပ် ကူလုပ်တတ်တယ်၊ နယ်က လာတဲ့ စာတွေကို ကူဖောက်တတ်တယ်၊ အဲဒီလို လုပ်အားပေးတဲ့အခါမှာ သူ့စိန်လက်စွပ်ကို ချွတ်ထားတတ်တယ်၊ စိန်လက်စွပ်က သူ့လက်နဲ့ နည်းနည်းချောင်နေတယ်၊ အဲဒီလို နှစ်ခါလောက် ချွတ်ပြီး မေ့ထားခဲ့ဖူးတယ်"

"အဲဒီတော့ တိုဘီက ဖြစ်ဖြစ် ဒါမှမဟုတ် တိုဘီရဲ့ အသံနဲ့ တူတဲ့ အသံရှင်က ဖြစ်ဖြစ် လက်စွပ် ကျန်ခဲ့လို့ သွားကြည့်ပေးပါလို့ ရှင့်ကို ဖုန်းဆက်ပြီး ပြောတယ်ပေါ့"

"ဟုတ်ပါတယ်၊ စနေနေ့တုန်းက ရွေးကောက်ပွဲ အနိုင်ရရှိရေး ရုံးကို သူ သွားပြီး မဲဆန္ဒရှင်တွေဆီ စာတွေ ပို့ဖို့ လုပ်အားပေးတွေနဲ့ အတူတူ အလုပ်လုပ်ခဲ့တာကို ကျွန်မ သိထားတယ်၊ ဒါကြောင့် အရင်လိုပဲ သူ မေ့ကျန်ခဲ့ပြီလို့ ကျွန်မ ထင်တာပေါ့၊ မေ့ကျန်ခဲ့လို့ လက်ထောက် တစ်ယောက်က ယူသိမ်းပေးထားတယ်လို့ ရိုးရိုးပဲ ကျွန်မ ထင်ခဲ့တယ်…

"ကျွန်မကို ဖုန်းဆက်တဲ့ အချိန်တုန်းက တိုဘီက ဆီနိတ်တာကို ကားလိုက်မောင်းပို့ပေးနေရတယ် ဆိုတာကို ကျွန်မ ယုံတယ်၊ ဖုန်းဆက်တဲ့ သူကလည်း သဲသဲကွဲကွဲ မပြောဘူး၊ ဗလုံးဗထွေးပဲ၊ စကားကိုလည်း များများ မပြောဘူး၊ ဆီနိတ်တာရဲ့ စိန်လက်စွပ် ကျန်ခဲ့တယ်၊ အာမခံသေတ္တာထဲမှာ တစ်ယောက်ယောက် ကောက်သိမ်းထားသလား သွားကြည့်ပေးပါ ဆိုတာလောက်ပဲ ပြောတယ်၊ ကျွန်မ စိတ် အတော်ပျက်သွားတယ်၊ ပန်းချီ လေ့ကျင့်ရအောင် ရစ်ချ်မွန်ကို သွားဖို့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ပြီးနေပြီ၊ ဒါကြောင့် ယောက်မ ခါးထိုးပြီး ရှာခိုင်းနေပြန်ပြီလို့တောင် ကျွန်မ ပြန်ပြောလိုက်မိသေးတယ်၊ ကျွန်မကို ဖုန်းဆက်တဲ့ လူက ရယ်ပြီး ဖုန်းပြန်ချသွား တယ်…

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ထောင်ဒဏ် စီရင်တာကို ခံလိုက်ပြီ ပေါ့လေ၊ ကျွန်မ မကျူးလွန်ခဲ့တဲ့ ပြစ်မှုတစ်ခုအတွက် ကျွန်မ ထောင်ဒဏ် စီရင် ခံရတယ်၊ ကျွန်မဘဝမှာ ၁၁ နှစ်လုံးလုံး အချိန်တွေ အလကားဖြစ်ကုန်ပြီ၊ ဒါကြောင့် နောက်ထပ် တစ်ရက် ထပ်ပြီး အကြောင်းမဲ့ အချိန်ကုန်မခံနိုင်တော့ဘူး"

ထိုင်ရာမှ သူ ထသည်။ စားပွဲပေါ်သို့ ပိုက်ဆံတချို့ တင်သည်။

"ကျွန်မ မှာစားထားတာ အဲဒီပိုက်ဆံနဲ့ လောက်ပါတယ်"

သူ ခါးကိုင်းသည်။ ကြမ်းပြင်ပေါ်တွင် ချထားသော ခရီးဆောင်အိတ် ကောက်ကိုင်သည်။ ခဏ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

"အခုအချိန်မှာ ကျွန်မအဖို့ အခက်ဆုံး အလုပ်တစ်ခုဟာ ဘာဖြစ်နေတယ် ဆိုတာ သိလား၊ ကျွန်မနဲ့ အတူတူ နေခဲ့တဲ့ ယောကျ်ားတစ်ယောက်အပေါ် ထား ခဲ့တဲ့ ကတိကို ကျွန်မ အခု ချိုးဖောက်မိနေပြီ၊ သူဟာ ကျွန်မအပေါ်မှာ အရမ်း ကောင်းခဲ့တယ်၊ အခု လောလောဆယ် ရဲစခန်းကို သွားပြီး အဖမ်းမခံဖို့ ကျွန်မ သူ အနူးအညွတ် တောင်းပန်ခဲ့တယ်၊ အဲဒီကတိကို ကျွန်မ မထိန်းနိုင်တော့ကြောင်း သူ့ကို ရှင်းပြချင်တယ်၊ ဒါပေမဲ့ သူ ဘယ်ရောက်နေတယ် ဆိုတာ ကျွန်မ မသိ တော့ဘူး"

"နောက်ပိုင်းမှာ ကျွန်မ ဖုန်းဆက်ပေးရမလား၊ သူ့နာမည် ဘယ်လို ခေါ်သလဲ၊ သူ ဘယ်မှာ အလုပ်လုပ်သလဲ"

"သူ့နာမည်က အာသာစတီဗင်၊ သူ့အလုပ်ထဲမှာ ပြဿနာ တစ်ခု ပေါ်နေတယ်လို့ ကျွန်မ ထင်တယ်၊ အလုပ်ထဲမှာ သူ ရှိမှာ မဟုတ်ဘူး၊ ရှင် ဘာမှ လုပ်မပေးနိုင်ပါဘူးလေ၊ ရှင် တင်ဆက်မယ့် ရုပ်မြင်သံကြား အထူးအစီအစဉ်က သိပ်ကို အောင်မြင်လိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ် မစ္စထရေးမိုး၊ သတင်းစာ ထဲမှာ အဲဒီအစီအစဉ်အကြောင်း ကြေညာချက် ဖတ်ရကတည်းက ကျွန်မ စိတ်ထဲမှာ အကြီးအကျယ် ချောက်ချားခဲ့ရတာ…

"ရှင့်အစီအစဉ်ထဲမှာ ကျွန်မ ဓာတ်ပုံတစ်ပုံလောက် ထည့်ပြလိုက်တာနဲ့ ၂၄ နာရီအတွင်း ကျွန်မ ထောင်ထဲ ပြန်ရောက်သွားရတော့မယ် ဆိုတာကို ကျွန်မ သိနေတယ်၊ ဒါပေမဲ့လေ… ကျွန်မ ထွက်ပြေးနေရတာ ဘယ်လောက် ပင်ပန်းတယ် ဆိုတာကို အဲဒီ ကြေညာချက်ကြောင့်ပဲ ကျွန်မဘာသာ ကျွန်မ ပြန်ပြီး သဘောပေါက် နားလည်လာတယ်၊ သိတယ် မဟုတ်လား၊ နောက်ပြီးတော့ ခပ်ကြောင်ကြောင်ပဲ လို့ ဆိုချင်လည်း ဆိုပါ၊ ပြန်အဖမ်းခံပြီး ထောင်ထဲ ပြန်သွားဖို့ သူငယ်ချင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကြေညာချက်ကြောင့် ကျွန်မ ရခဲ့တယ်၊ ထောင်ထဲ ပြန်ဝင်သွားရရင် တစ်နေ့မှာ ကျွန်မ သေချာပေါက် လွတ်မယ်လေ…

"အာသာစတီဗင်က အဲဒီအချက်ကို နည်းနည်းကလေးမှ လက်မခံနိုင်ဘူး၊ ကဲ… ကျွန်မ သွားမှပဲ၊ ပြန်အဖမ်းခံရဲ့တဲ့ သတ္တိကလေးတွေ ကွယ်ပျောက်မသွားခင် သွားမှ ဖြစ်တော့မယ်"

အယ်လီနှာဘာရောင်း၏ နောက်ကျောပြင်ကြီးကို ဘာမှ မတတ်နိုင်တော့သလို ပက်က လှမ်းမျှော် ငေးကြည့်နေလိုက်လေသည်။

စားသောက်ဆိုင်ထဲမှ အယ်လီနှာ ထွက်သွားသောအခါ ထောင့်တစ်ထောင့်ရှိ စားပွဲတစ်လုံးတွင် ထိုင်နေသည့် ယောက်ျားနှစ်ယောက်ကလည်း ထိုင်ရာမှ ထပြီး အယ်လီနှာ၏ နောက်သို့ လိုက်သွားကြလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၂ ]

"အက်ဘီ… ဒီကိစ္စဟာ ဒါလောက်လည်း ဆိုးရွားမသွားနိုင်ပါဘူး"

ဟု တိုဘီက ပြောသည်။

အက်ဘီဂေးလ်နှင့် တိုဘီတို့ သိကျွမ်းခင်မင်ကာ အတူနေလာကြသည်မှာ နှစ်ပေါင်း ၄၀ ကျော်ခဲ့ပါပြီ။

သို့သော်လည်း အက်ဘီကို ရင်ခွင်ထဲ ထည့်ပြီး ဖက်ထားခွင့်ရခြင်းသည် ယခု တတိယအကြိမ်သာ ရှိပါသေးသည်။

အက်ဘီဂေးလ်က ဆောက်တည်ရာမရသူလို ငိုကြွေးနေသည်။

"အဲဒီအိမ်ကြီးထဲမှာ ပက်ထရီရှာ နေနေတယ် ဆိုတာကို ဘာဖြစ်လို့ နင် ငါ့ကို မပြောတာလဲ"

"ပြောစရာ အကြောင်းလည်း ဘာမှ မရှိဘူးလေ"

သူတို့သည် အက်ဘီဂေးလ်၏ နားနေခန်းထဲမှာ ရှိနေကြသည်။ သူတို့ အိမ်ပြန်ရောက်လာတော့ တိုဘီက သတင်းစာပြလိုက်သည်။ ထိုသို့ ပြပြီး မလွဲမသွေ ပေါ်ပေါက်လာမည့် ပေါက်ကွဲမှု သေးငယ်နိုင်သမျှ သေးငယ်အောင် အက်ဘီဂေးလ် ကို သူ ဖျောင်းဖျနေခြင်း ဖြစ်ပါသည်။

"အက်ဘီ… မနက်ဖြန်လောက်ဆိုရင် ဒီသတင်းစာဟာ အမှိုက်ပုံထဲ ရောက်သွားမှာပါ"

"ဘယ်ထဲ ရောက်ရောက် ငါ သောက်ဂရုမစိုက်ဘူး"

အက်ဘီဂေးလ်က အသံကုန် ပြန်အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုဘီက ဝီစကီအရက် ထည့်ပြီး ဘာမှ မရောဘဲ သောက်ခိုင်းသည်။

"ကဲ… ဆိနိုတ်တာ စိတ်ကို ထိန်းထားပါ၊ ဒါလောက်တောင်လည်း လှုပ်ရှားမနေပါနဲ့၊ ယောဟိုက ချုံပုတ်တွေထဲမှာ သတင်းထောက် တစ်ယောက်ယောက် ပုန်းပြီး စောင့်ကြည့်ချင် ကြည့်နေမှာ"

"နင့်ပါးစပ်ပေါက်ကြီး ပိတ်ထားစမ်း ခွေးမျိုး"

အက်ဘီဂေးလ်က ကြမ်းကြမ်းတမ်းတမ်း ပြန်ဆဲသည်။ သို့သော်လည်း တိုဘီ၏ ခြိမ်းခြောက်မှု အတော်ထိရောက်ပါသည်။ သူ့ကိုယ်သူ အက်ဘီ ထိန်းသွားသည်။

ဝီစကီအရက်လေး ဝင်သွားတော့ သူ စတင်ငိုကြွေးလေသည်။

"တိုဘီ အရင်တစ်ခါ ပြဿနာ ပေါ်ခဲ့တုန်းကအတိုင်းပဲ၊ အဲဒီဓာတ်ပုံပဲ တိုဘီ၊ ငါ့စိတ်ကို ချောက်ချားအောင် လုပ်လိုက်တာ အဲဒီဓာတ်ပုံပဲ"

သူတို့ သားအမိ နှစ်ယောက်၏ ဓာတ်ပုံကို ဆိုလိုခြင်း မဟုတ်ပါ။ တိုဘီကလည်း ဒါကို သဘောပေါက် နားလည်လိုက်ပါသည်။

တိုဘီက အက်ဘီဂေးလ်ကို လက်နှစ်ဖက်နှင့် သိုင်းဖက်ထားပေးသည်။ ပြီးတော့ အက်ဘီဂေးလ်၏ ကျောကို လက်ဖြင့် ပုတ်ပေးနေသည်။ အတော်တော့ ကိုးရိုးကားရားနိုင်သည်။

မိမိသည် သူ အလိုရှိသောအခါတွင် အသုံးတော်ခံဖို့နှင့် သူ၏ အထိန်းတော် အဖြစ်ကလွဲပြီး ဘာကောင်မှ မဟုတ်ကြောင်းကိုလည်း ထိုအချိန်ကလေးမှာပင် တိုဘီက သဘောပေါက် နားလည်နေပါသည်။

"တစ်ယောက်ယောက်ကများ အဲဒီဓာတ်ပုံကို သေသေချာချာ လေ့လာကြည့်နေမယ်ဆိုရင် ဒုက္ခပဲ တိုဘီ၊ အဲဒီပုံကို ကြည့်စမ်း"

"ဘယ်သူကမှ အချိန်ကုန်ခံ၊ အလုပ်ရှုပ်ခံပြီး ဒီပုံကို သေသေချာချာ လေ့လာကြည့်နေမှာ မဟုတ်ပါဘူး အက်ဘီ"

"တိုဘီ… ဟိုမိန်းကလေး ပက်ထရေးမိုး… ဘယ်လိုဖြစ်ပြီး အဲဒီအိမ်ကြီး ကို ငှားလို့ ရသွားတာလဲ၊ မတော်တဆ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ဘူး"

"လွန်ခဲ့တဲ့ ၂၄ နှစ်အတွင်းမှာ မိသားစုပေါင်း ၁၂ စုတို့က ငှားရမ်း နေထိုင်ခဲ့ကြဖူးတယ်၊ သူလည်း အဲဒီအိမ်ငှား ၁၂ ဦးထဲက သာမန် တစ်ဦးပဲ"

တိုဘီက သူ့အသံကို အားပါးတရ ဖြစ်အောင် ကြိုးစားပြောသည်။ အက်ဘီဂေးလ် ပြောနေသည်ကို သူ မယုံကြည်ပါ။ သို့သော်လည်း တစ်ဖက်မှာတော့ ဖီးလစ်က ထိုအိမ်အကြောင်းနှင့် အိမ်ငှားများအကြောင်း စုံစမ်းရင်း ပက်ထရီရှာ ထရေးမိုး မည်သည့်နည်းနှင့် ထိုအိမ်ကို ငှားရမ်း၍ ရရှိသွားသနည်း ဆိုသည်ကိုပါ စုံစမ်းနေသည်။ မကြာခင် သိရမည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆီနိတ်တာ... အခုဆိုရင် ခင်ဗျားပါ ဝင်ပြီး ပတ်သက်နေပြီ ပက်ထရေးမိုးကို ဘယ်သူကပဲ ခြိမ်းခြောက် ခြိမ်းခြောက်..."

"တိုဘီ... ခြိမ်းခြောက်မှုတွေ ရှိနေတယ် ဆိုတာ တို့ ဘယ်လိုလုပ် သိနိုင်မှာလဲ၊ အခုကိစ္စဟာ ငါ အရှက်တကွဲ ဖြစ်အောင် တမင်စီစဉ်ပြီး လုပ်တာ မဟုတ်ဘူးလို့ တို့ ဘယ်လိုလုပ် သိနိုင်မှာလဲ"

တိုဘီ အရမ်းကြောက်သွားသည်။ ထို့ကြောင့် နောက်သို့ ဆုတ်လိုက်မိသည်။ အက်ဘီဂေးလ်လည်း နောက်သို့ ဆုတ်သွားသည်။

သူတို့ နှစ်ယောက် အပြန်အလှန် စိုက်ကြည့်နေကြသည်။

"ဘုရားသခင်... အက်ဘီ ဒါတွေ အားလုံးကို ပက်ထရေးမိုး လုပ်နေတယ်လို့ ခင်ဗျား ထင်နေသလား"

တယ်လီဖုန်း ခေါင်းလောင်း ထမြည်သည်။ နှစ်ယောက်စလုံး လန့်ပြီး တွန့်ခနဲ ဖြစ်သွားကြသည်။ တိုဘီက အက်ဘီကို လှမ်းကြည့်သည်။

"ကျွန်တော် ကိုင်လိုက်ရမလား"

"ကိုင်လိုက်ပါ၊ ဘယ်သူပဲ ဆက်ဆက် ငါ စကားမပြောချင်ဘူး၊ ငါ မရှိဘူးလို့ ပြောလိုက်"

အက်ဘီဂေးလ်က သူ့မျက်နှာကို လက်ဝါးနှင့် အုပ်ထားသည်။

"ဆီနိတ်တာဂျင်းနင်း အိမ်ကပါ ခင်ဗျာ"

တိုဘီက အိမ်ဖော်တစ်ယောက် အသံမျိုးဖြင့် ပြန်ထူးသည်။

"ဆီနိတ်တာကို မှာစရာရှိရင် ကျွန်တော့်ကို မှာထားပါ ခင်ဗျာ၊ ဆီနိတ်တာ အပြင်သွားနေပါတယ်"

အက်ဘီဂေးလ်ကို မျက်လုံး တစ်ဖက် လှမ်းမှိတ်ပြသည်။ သူ့မျက်နှာပေါ်တွင် အပြုံးရိပ်ကလေး ရှိနေသည်။

"ဗျာ... သမ္မတကြီး"

"...."

"ခဏကလေး စောင့်ပါ သမ္မတကြီး ခင်ဗျား"

"တိုဘီက ဖုန်းစကားပြောခွက်ကို လက်ဝါးနှင့် ဖုံးလိုက်ပြီး အက်ဘီဂေးလ်ကို လှမ်းပြောသည်။

"အက်ဘီ... သမ္မတကြီးက ခင်ဗျားကို ဖုန်းဆက်နေတယ်"

"တိုဘီ... ငါ စကားမပြောချင်ဘူးလို့ ပြောထားတယ် မဟုတ်..."

"အက်ဘီ... သေတော့မှာပဲ၊ အခု ဖုန်းဆက်နေတာ သမ္မတကြီး..."

အက်ဘီက သူ့ပါးစပ်ကို လက်ဖြင့် ဖျတ်ခနဲ ပိတ်လိုက်သည်။ ပြီးတော့ ရှေ့သို့ တိုးလာကာ ဖုန်းကို ဆွဲယူသည်။

"နင် ငါ့ကို နောက်မယ် မကြံနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သို့ ပြန်ဖြေသည်။

"အက်ဘီဂေးလ်ဂျင်းနင်း စကားပြောနေပါတယ်"

သူ့မျက်နှာ အမူအရာ ပြောင်းလဲသွားသည်ကို တိုဘီက အကဲခတ်ကြည့်နေသည်။

"သမ္မတကြီး ကျွန်မ အရမ်းဝမ်းနည်းပါတယ်"

"...."

"အရမ်းဝမ်းနည်းပါတယ်"

"...."

"စာဖတ်နေပါတယ်"

"...."

"ဒါကြောင့် ကျွန်မ မှာထားခဲ့တာပါ"

"...."

"ကျွန်မ စိတ်မကောင်းပါဘူးရှင်"

"...."

"ကောင်းပါပြီရှင်... ဟုတ်ကဲ့၊ ကောင်းပါပြီ၊ ဟုတ်ကဲ့၊ မနက်ဖြန်ညနေမိဖုရားတော်ကို ကျွန်မ အရောက်လာခဲ့ပါ့မယ်"

"...."

"ည ၈ နာရီခွဲ၊ ကောင်းပါပြီရှင်၊ ဟုတ်ကဲ့... ရုပ်မြင်သံကြား အစီအစဉ်ကြောင့် ကျွန်မတို့ နည်းနည်းတော့ အလုပ်များနေကြပါတယ်၊ မှန်ရာကို ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ဒီကိစ္စမျိုးမှာ ကျွန်မ သိပ်မကျွမ်းပါဘူး၊ အနေရအထိုင်ရ ခက်တာပေါ့"

"...."

"ဘာဖြစ်လို့လဲ၊ အားနာစရာကြီးရှင်"

"...."

"ရှင်... သမ္မတကြီး ဆိုလိုတာက"

".... .... ...."

"အို... ကျွန်မ ဘာပြောရမှန်းတောင် မသိတော့ပါဘူး"

".... .... ...."

"မှန်ပါတယ်၊ ကျွန်မ သဘောပေါက်ပါတယ် ရှင်"

".... .... ...."

"ကျေးဇူးတင်ပါတယ် သမ္မတကြီး"

တယ်လီဖုန်းကို သူ ပြန်တင်ထားလိုက်သည်။

သူ ခပ်ကြောင်ကြောင် ဖြစ်နေသည်။ တိုဘီကို လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုမှ ငါ ပြောလို့ မဖြစ်ဘူး၊ မနက်ဖြန်ည ငါ့ရုပ်မြင်သံကြား အစီအစဉ် လွှင့်ထုတ်ပြီးရင် ငါ့ကို ဒုတိယသမ္မတ တာဝန်မှာ ခန့်အပ်လိုက်ကြောင်း သမ္မတကြီးက ကြေညာမယ်တဲ့၊ ရုပ်မြင်သံကြားက အသံလွှင့်ပြီးစမို့ တိုင်းသူပြည်သား တွေက ငါ့အကြောင်း အတော်ကလေး ပိုသိလာကြတဲ့ အချိန်မှာ အဲဒီကြေညာချက် ကို ထုတ်လိုက်တာဟာ လျော်ကန်သင့်မြတ်ပါတယ်တဲ့၊ နေရှင်နယ်မီရာ အဲ ပါတဲ့ ဓာတ်ပုံနဲ့ ပတ်သက်လို့ သူက ရယ်တယ်၊ သူ့အမေလည်း ဝဝတုတ်တုတ် ကြီးပဲတဲ့၊ ဒါပေမဲ့ ငါဟာ ၁၇ နှစ်သမီး အရွယ်ထက် အခုက ပိုလှနေတယ် တိုဘီ ငါ အမေရိကန်ပြည်ထောင်စုကြီးရဲ့ ဒုတိယသမ္မတ ဖြစ်တော့မယ်"

အက်ဘီဂေးလ်သည် အရူးတစ်ယောက်လို ရယ်နေသည်။ ပြီးတော့ တိုဘီကို ပြေးဖက်ထားသည်။

"အက်ဘီ··· ခင်ဗျား အောင်ပွဲခံလိုက်ပြီ"

တိုဘီက အက်ဘီကို လေထဲသို့ မြှောက်လိုက်သည်။

ချက်ချင်းဆိုသလိုပင် အက်ဘီဂေးလ်၏ မျက်နှာမှာ တင်းမာသွားပြ သည်။

"တိုဘီ ဘာဆိုဘာမှ မဖြစ်စေရဘူး၊ ဒါကြီး ပျက်ပြားသွားအောင် ဘာကမှ မဟန့်တားနိုင်စေရဘူး"

တိုဘီက သူ့ကို ပြန်ချပေးသည်။ လက်နှစ်ဖက်ကို ပူးပြီး ဆုပ်ကိုင် ပေးလိုက်သည်။

"အက်ဘီ··· ဒီအခွင့်အရေးကြီးနဲ့ ခင်ဗျား ဘယ်လိုမှ မလွဲစေ ဆိုတာ ကျွန်တော် သစ္စာဆိုပါတယ်"

အက်ဘီဂေးလ် ရယ်သည်။ ပြီးတော့ ငိုပြန်သည်။

"တိုဘီ··· ငါ ချားစီးနေရသလိုပဲ၊ နင် ဝီစကီတွေ တိုက်လို့ ငါ ပြီ၊ ငါ အရက်ပြင်း မသောက်နိုင်ဘူးဆိုတာ နင် အသိသားနဲ့၊ တိုဘီ ငါ ဒု သမ္မတ ဖြစ်ပြီ"

တိုဘီက အက်ဘီဂေးလ်ကို သက်သောင့်သက်သာ ရှိအောင် ထိုင်စေ ပြီးတော့ ချော့သည့် လေသံဖြင့် ပြောသည်။

"ခဏနေရင် ကျွန်တော်တို့ ကားလျှောက်စီးမယ်၊ ခင်ဗျား နေ ဒုတိယသမ္မတ အိမ်ကိုလည်း ဖြတ်မောင်းကြည့်မယ်၊ နောက်ဆုံးမှာတော့ အိမ်ကြီးပေါ်ကို ခင်ဗျား ရောက်ပြီပဲ"

"တိုဘီ··· နင့်ပါးစပ် ပိတ်ထားစမ်း၊ ငါ့ဖို့ လက်ဖက်ရည်တ ဖျော်ပေး၊ ငါ ရေချိုးလိုက်ဦးမယ်၊ ပြီးတော့ ငါ အေးအေးဆေးဆေး စဉ် တယ်၊ ဒုတိယသမ္မတ··· ဘုရားသခင်··· ဘုရားသခင်···"

တိုဘီက ရေနွေးအိုး တည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စာတိုက်ပုံးထဲမှ စာများ ယူရန် အပြင်သို့ ထွက်ခဲ့သည်။ ဘုတ်အင်္ကျီပင် သူ ဝတ်မနေတော့ပါ။ စာတိုက်ပုံးထဲမှာ စာတွေ များလှသည်။

ထိုအထဲမှ စာတစ်စောင်ကို သူ တွေ့လိုက်ရလေသည်။

စာအိတ်က အပြာ…

လိပ်စာကို လက်နှိပ်စက်နှင့် မရိုက်ဘဲ လက်ရေးဖြင့် ရေးထားသည်။ အင်္ဂလိပ်ထံသို့ ပုဂ္ဂိုလ်ရေး ပေးစာအဖြစ် ရေးသည့်စာ ဖြစ်သည်။

စာအိတ်၏ လက်ဝဲအပေါ်ထောင့်ကို သူ ကြည့်လိုက်သည်။

သူ့မျက်နှာပေါ်တွင် သွေးရောင် ပျောက်သွားသည်။

ကက်သရင်းဂရာနေထံမှ ပေးပို့လိုက်သော စာပါကလား။

❑

www.burmeseclassic.com

www.burmeseclassic.com

[—၃၃—]

ဆမ်သည် ၇ လမ်းအတိုင်း ကားမောင်းလာသည်။

အမျိုးသား သယ်ယူပို့ဆောင်ရေး လုံခြုံမှုဘုတ်အဖွဲ့မှ လာရီဆက်ဂျီယော နှင့် ချိန်းဆိုထားရာ အချိန်ပင် အနည်းငယ် နောက်ကျနေပေပြီ။

ညတုန်းက ပက်၏ အိမ်မှ သူ ထွက်လာပြီးနောက် အိမ်သို့ တန်းပြန်ခဲ့ သည်။ သို့သော် တစ်ညလုံး အိပ်မပျော်။ ပက်၏ စွပ်စွဲချက်များကို ပြန်စဉ်းစားနေခဲ့ သည်။

လှုပ်ရှားနေသော စိတ်သည် ဒေါသစိတ်သို့ ပြောင်းသွားသည်။ ထိုဒေါသစိတ် သည် တည်ငြိမ်မှုသို့ ပြောင်းသွားသည်။

"ကျွန်တော် ဘာကူညီရမလဲ ခင်ဗျာ"

"ဘာပြောတယ်၊ အိုး··· ဆောရီး"

ဆမ် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

ဘုတ်အဖွဲ့ အဆောက်အအုံသို့ ရောက်ပြီး အခန်းတံခါးတစ်ခုကို တွန်းဖွင့် ဝင်နေသည်။

သို့သော်လည်း သူ့စိတ်ကူးများကတော့ တခြား ရောက်နေသည်။

ပက်နှင့် စကားများခဲ့သည့် အကြောင်းများကို ပြန်စဉ်းစားနေမိသည်။

လုံခြုံရေးအစောင့် တစ်ယောက်က မေးတော့မှ သူ အသက်ပြန်ဝင်လာ သည်။ အစောင့်က သူ့ကို စူးစမ်းသလို ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



၈ ထပ်သို့ သူ တက်သွားသည်။ ချော့ကြိုစာရေးမလေးကို သူ့နာမည် ပြောပြလိုက်သည်။

“ခဏလေး စောင့်ပါရှင်…” ဟု စာရေးမလေးက ပြောသည်။

ကုလားထိုင် တစ်လုံးမှာ သူ ဝင်ထိုင်သည်။ ဝေးလတ်ဂျင်းနင်း ကွယ်လွန်သည့် နောက်ဆုံးနေ့က ဝေးလတ်နှင့် အက်ဘီဂေးလ်တို့ အကြီးအကျယ် ရန်ဖြစ်စကားများခဲ့ကြသလား။ သူ စဉ်းစားကြည့်နေမိသည်။

ရန်ဖြစ်သည် ဆိုတော့ရော ဘာအဓိပ္ပာယ် ရှိမည်နည်း။

သူကိုယ်တိုင်လည်း ကွန်ဂရက်လွှတ်တော်အမတ် ဘ၀ကို စွန့်လွှတ်ကာ သက်သာသလို နေတော့မည် ဖြစ်ကြောင်း ပြောဖူးသည်။ ထိုသို့ ပြောသည့်အခါတွင် ဂျင်းနစ်က သူ့ကို ရန်တွေ့သည်။ သူတို့ လင်မယား စကားများကြသည်။

ထိုသို့ စကားများသည်ကို ဘေးလူ တစ်ယောက်ယောက် ကြားပါက သူတို့ လင်မယား အဆင်မပြေ၊ ကွာရှင်းပြတ်စဲကြတော့မည်ဟု ထင်နိုင်ဖွယ်ရာ ရှိပေသည်။ သို့သော် သူတို့ လင်မယားကတော့ ဘာမှ မဖြစ်။

ယခုလည်း အက်ဘီဂေးလ်နှင့် ဝေးလတ်ဂျင်းနင်းတို့ ထိုနေ့က စကားများနေကြသည်ကို လေယာဉ်မှူး၏ ဇနီးက ကြားသွားပုံရသည်။ ထို့ကြောင့် သူ အဓိပ္ပာယ်လွဲပြီး ကောက်ယူနေခြင်း ဖြစ်ပုံရလေသည်။

ဝေးလတ်သည် တစ်စုံတစ်ခုကို မကျေမနပ် ဖြစ်နိုင်သည်။ ထို့ကြောင့် ကွန်ဂရက်လွှတ်တော်အမတ် ဘ၀ကို စွန့်လွှတ်တော့မည် ဖြစ်ကြောင်း အက်ဘီဂေးလ်ကို ပြောနိုင်သည်။ အက်ဘီဂေးလ်က မထွက်ရန် တားရာမှ သူတို့ နှစ်ယောက် သာမန် စကားများကြတာပဲ ဖြစ်နိုင်သည်။

ထိုလေယာဉ်ပျံ ပျက်ကျမှုနှင့် ပတ်သက်ပြီး ဆမ်က အက်ဖ်ဘီအိုင်ရှိ သူ့သူငယ်ချင်းကို ဖုန်းဆက်ပြီး ပြန်စုံစမ်းပေးရန် ပြောသည်။ ထိုစဉ်က ရေးသားတင်သွင်းခဲ့သည့် အစီရင်ခံစာကို တောင်းခိုင်းသည်။

“လွန်ခဲ့တဲ့ ၂၇ နှစ်က အစီရင်ခံစာကိုလား… စုံစမ်းစစ်ဆေးမှုတွေကို အမျိုးသား သယ်ယူပို့ဆောင်ရေး လုံခြုံမှုဘုတ်အဖွဲ့က တာဝန်ယူ လုပ်တယ်၊ ဟိုတုန်းကတော့ ပြည်သူ့လေကြောင်း အုပ်ချုပ်မှုဌာနက တာဝန်ယူတယ်၊ စုံစမ်းကြည့်ဦးမယ်လေ၊ ဖုန်းပြန်ဆက်မယ်”

ဟု သူ့သူငယ်ချင်း ဂျက်က ပြန်ပြောခဲ့သည်။

၉ နာရီခွဲတော့ ဂျက်က ဖုန်းပြန်ဆက်သည်။

“ခင်ဗျား ကံကောင်းတယ်၊ မှတ်တမ်းအားလုံးလိုလိုကို ၁၀ နှစ်ထက် ပိုမသိမ်းဘူး၊ ၁၀ နှစ် ပြည့်ရင် ဖျက်ဆီးပစ်လိုက်တာပဲ၊ ဒါပေမဲ့ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်တဲ့ မှတ်တမ်းတွေကိုတော့ ဖျက်ဆီးမပစ်ဘဲ တစ်နေရာမှာ သပ်သပ်သိမ်းထားတယ်၊ လမ်းဘတ်တို့လို… ကုလအတွင်းရေးမှူးချုပ် ဒက်ဟာမာရှိုး

www.burmeseclassic.com



တို့လို ပုဂ္ဂိုလ်မျိုးတွေ ဆိုပါတော့၊ ကျွန်တော် လာရီဆက်ဂျီယော့နဲ့ အဆက်အသွယ် ရတယ်၊ အစီရင်ခံစာကို သူ့ရုံးမှာ ယူထားလိမ့်မယ်၊ နေ့ခင်းလောက် သူ့ရုံးကို လာခဲ့ပါတဲ့၊ ခင်ဗျားနဲ့ အတူတူ ပြန်စစ်ကြည့်ကြတာပေါ့တဲ့''

''ခွင့်လွှတ်ပါရှင်… မစ္စတာဆက်ဂျီယော့ အခန်းထဲကို ကြွနိုင်ပါပြီ''

သူ အတွေးလွန်သွားသောကြောင့် ညှို့ကြိုစာရေးမလေး လာခေါ်မှပဲ သတိပြန်ရလေသည်။

ဆမ်က မော့ကြည့်သည်။ ပြီးတော့ စာရေးမလေး နောက်မှ သူ လိုက် သွားသည်။

လာရီဆက်ဂျီယော့ ဆိုသူမှာ ကိုယ်လုံးကိုယ်ထည် ထွားထွားကျိုင်းကျိုင်း ကြီး ဖြစ်သည်။ သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။

ဆမ်က ထိုအစီရင်ခံစာကို သူ ဘာကြောင့် ကြည့်ချင်ကြောင်း၊ ဂရုတစိုက် ကြိုတင်ပြင်ဆင်ထားသည့် အကြောင်းပြချက်ကို ပြောပြသည်။

လာရီက နေရာပြင်ထိုင်သည်။ မျက်မှောင်ကုတ်နေသည်။

''ဒီကနေ့ ဒီမြို့မှာ သာသာယာယာ ရှိနေတယ် မဟုတ်လား၊ ဒါပေမဲ့ ဒီအချိန်မှာပဲ နယူးယောက်မြို့မှာ မြူတွေ ပိတ်နေလိမ့်မယ်၊ မင်နီယာပိုးလစ်မြို့မှာ တော့ ရေတွေ ခဲနေတယ်၊ ဒါးလတ်စ်မြို့မှာတော့ သဲကြီးမဲကြီး မိုးရွာနေတယ်၊ ၂၄ နာရီအတွင်း ဒီတိုင်းပြည်ထဲမှာ လေယာဉ်ပျံပေါင်း တစ်သိန်းနဲ့ နှစ်သောင်းလောက် အဆင်း အတက် လုပ်နေကြတယ်၊ အဲဒီအထဲမှာ စီးပွားရေး လုပ်ငန်းရှင်တို့ ပိုင်တဲ့ လေကြောင်းကုမ္ပဏီက လေယာဉ်ပျံတွေ၊ စစ်လေယာဉ်ပျံတွေ၊ ကိုယ်ပိုင်လေယာဉ်ပျံ တွေ ပါဝင်တယ်၊ ရာသီဥတုကို အကြောင်းပြုပြီး အဲဒီလေယာဉ်ပျံတွေထဲက မတော်တဆ ပျက်ကျတာတွေ ရှိနိုင်တယ်၊ ဒါကြောင့်မို့လို့ လေယာဉ်ပျံတစ်စီး ကောင်းကင်ပေါ်ကို ပျံသန်းမတက်ခင်မှာ ကျွမ်းကျင်တဲ့ အင်ဂျင်နီယာတွေနဲ့ သေချာအောင် အသေးစိတ် စစ်ဆေးကြည့်စမြဲပဲ၊ အဲဒီလို စစ်ဆေးကြည့်ထားတဲ့ လေယာဉ်ပျံကိုပဲ ကျွမ်းကျင်တဲ့ လေယာဉ်မှူးတစ်ယောက်က ရာသီဥတု ကောင်း နေတုန်းမှာ ပျံတက်ခဲ့တယ်၊ ဒါပေမဲ့ အပေါ်လည်း ရောက်ရော ရာသီဥတုက ချက်ချင်း ပြောင်းလဲသွားတယ်၊ ဘာကိုမှ မမြင်ရတော့ဘူး၊ ဒါကြောင့် ရှေ့မှာ ကာဆီးနေတဲ့ တောင်ကြီးကို ဝင်တိုက်မိပြီး လေယာဉ်ပျံ ပျက်ကျသွားတယ်၊ ပတ်ဝန်းကျင် ၂ မိုင်လောက်မှာ လေယာဉ်ပျံပျက် အပိုင်းအစတွေ ပြန့်ကျဲသွားတယ်၊ ဒီလို ဖြစ်တဲ့အတွက် ကျွန်တော်တို့ မပျော်ပါဘူး''

''ဝေးလတ်ဂျင်းနင်း စီးသွားတဲ့ လေယာဉ်ပျံပေါ့''

''ဟုတ်ပါတယ်၊ ဂျင်းနင်းရဲ့ လေယာဉ်ပျံပါ''

www.burmeseclassic.com

www.burmeseclassic.com



လာရီဆက်ဂျီယော့က အတည်ပြု ပြောကြားသည်။

"ကျွန်တော် အခုပဲ အစီရင်ခံစာကို ဖတ်ပြီးပါပြီ၊ ဘာဖြစ်တာလဲ၊ ကျွန်တော်တို့ မသိဘူး၊ ဂျော့ဂရာနေနဲ့ နောက်ဆုံး အဆက်အသွယ် ရတာဟာ သူနဲ့ ရစ်ချ်မွန်မျှော်စင်နဲ့ အဆက်အသွယ် လုပ်တာပဲ၊ အဲဒီအချိန်က သူ့မှာ ပြဿနာ ရှိနေတယ်လို့ ပြောမသွားဘူး၊ ခရီးကလည်း ပျံနေကျ ၂ နာရီခရီးတိုကလေးပဲ၊ ဒါပေမဲ့ ရောက်ချိန်တန်တဲ့အခါ သူ ရောက်မလာဘူး"

"အဲဒီတော့ ဆုံးဖြတ်ချက်က လေယာဉ်မှူးရဲ့ အပြစ်ပဲ မဟုတ်လား"

ဟု ဆမ်က မေးသည်။

"ဖြစ်နိုင်စရာ အကြောင်း ရှိတာကတော့ လေယာဉ်မှူးရဲ့ အမှားပေါ့၊ လေယာဉ်ပျံတစ်စင်း ပျက်ကျရာမှာ တခြား အဖြေရှာမရရင် လေယာဉ်မှူးရဲ့ အပြစ်လို့ပဲ အားလုံး ပုံချလိုက်ကြတာပါပဲ၊ သူ မောင်းသွားတဲ့ လေယာဉ်ဟာ စက်စနာအမျိုးအစား လေယာဉ်ပျံအသစ်ပဲ၊ စက်အခြေအနေ အင်မတန် ကောင်းပါတယ်လို့ အင်ဂျင်နီယာတွေက ပြောကြတယ်၊ ဝေးလတ်ဂျင်းနင်းရဲ့ မိန်းမကတော့ တအား အော်ငိုနေတာပေါ့ဗျာ၊ သူ့ယောက်ျား သေရတာ လေယာဉ်ပျံအစုတ်ကို ငှားစီးမိလို့၊ လေယာဉ်မှူး ပေါ့ဆလို့၊ ဂရာနေ အခံ့ဆင်းကြမ်းတယ်လို့ သူ့ယောက်ျားက ပြောတယ် ဆိုတာတွေပါ ထည့်ပြီး အော်ငိုတော့တာပေါ့"

"မသမာမှု တစ်ခုခု ရှိနိုင်တဲ့ အနေအထားမျိုးရော ရှိပါသလား"

ဆမ်က မေးပြန်သည်။

"ဒီလို အမှုမျိုးမှာ မသမာမှု ရှိ မရှိ ကျွန်တော်တို့ စစ်ဆေးကြည့်ရှုကြစမြဲပါ အမတ်မင်း၊ မသမာမှု ဆိုတာ နည်းမျိုးစုံ ရှိနိုင်ပါတယ်၊ ဘယ်လိုနည်းဖြစ်နိုင်သလဲ ဆိုတာ ကျွန်တော်တို့ စစ်ဆေးကြရပါတယ်၊ ဒါပေမဲ့ တကယ်တမ်း ပျက်ကျသွားပြီ ဆိုတဲ့အခါကျတော့ အကြောင်းရင်းအမှန်ကို တွေ့ဖို့ဆိုတာ အင်မတန် ခက်ခဲပါတယ်။

"ဓာတ်ဆီတိုင်ကီခလုတ် ချို့ယွင်းသွားတာမျိုးလည်း ဖြစ်နိုင်တာပါပဲ၊ တိုင်ကီတစ်ခုမှာ ဓာတ်ဆီကုန်ရင် နောက် ဒုတိယတိုင်ကီရဲ့ ပိုက်ကို ဖွင့်ရပါတယ်၊ အဲဒီပိုက် ချို့ယွင်းသွားရင်လည်း အင်ဂျင်ထဲကို ဓာတ်ဆီ မရောက်တော့ဘဲ ပျက်ကျတာမျိုး ဖြစ်နိုင်ပါတယ်"

"နောက်တစ်နည်းက ငရဲမီးပါ၊ လေယာဉ်ပျံကို ပျက်ကျစေချင်သူတစ်ယောက်ယောက်က လေယာဉ်ပျံပေါ်ကို မလုံတဲ့ အိုးထဲမှာ ငရဲမီး ထည့်ပြီး တင်ပေးလိုက်နိုင်ပါတယ်၊ ငရဲမီးအိုးကို ဓာတ်ဆီတိုင်ကီအနားမှာ ထားခြင်းအားဖြင့် တိုင်ကီ ပေါက်နိုင်ပါတယ်၊ ဓာတ်ဆီတွေ ယိုကျသွားပြီး လေယာဉ်ပျံ ပျက်ကျသွားနိုင်ပါတယ်၊ အဲဒီနည်းကတော့ တော်တော် လွယ်ပါတယ်"

"အဲဒီအကြောင်းရော အစီရင်ခံစာထဲမှာ ပါပါသလား"

www.burmeseclassic.com

www.burmeseclassic.com



"ငရဲမီး စား မစား ဆိုတာ လေယာဉ်ပျံ အပိုင်းအစတွေကို ကောက်ယူစစ်ဆေးကြည့်ရပါတယ်၊ အဲဒီလေယာဉ်ပျံ အပိုင်းအစတွေကို ပြန်ကောက်ရာမှာ လုံလောက်တဲ့ အပိုင်းအစတွေ မရခဲ့ပါဘူး"

"တခြား အကြောင်းရော"

ဆမ်က မေးပြန်သည်။

"တမင် ဖျက်အောင်ပဲ သူတို့ လုပ်ကြသလား ဆိုတာကိုလည်း ကြည့်ရပါတယ်၊ ဒါနဲ့ ပတ်သက်လို့လည်း မသင်္ကာစရာ အကြောင်း လုံးဝမရှိပါဘူး တချို့က အသက်အာမခံ လျော်ကြေး လိုချင်လို့ အသေခံကြတာ ရှိတယ်၊ ကွန်ဂရက် လွှတ်တော်အမတ် ဝေးလတ်ဂျင်းနင်းက အာမခံလည်း ဟုတ်တိပတ်တိ မထားပါဘူး ဒါကို သိရတော့ အံ့သြစရာတော့ ကောင်းတာပေါ့လေ၊ ဒါပေမဲ့ ဝေးလတ်ဂျင်းနင်း လို အင်မတန် ချမ်းသာတဲ့ ပုဂ္ဂိုလ်ဟာ ငွေမှ မလိုဘဲ၊ သူ ရရမယ့် အမွေတွေဟာ နည်းတာမှ မဟုတ်ဘဲ၊ ဒီတော့ အသက်အာမခံကြေး လိုချင်လို့ လုပ်တယ် ဆိုတာမျိုး လည်း မဖြစ်နိုင်ဘူး"

ထို့နောက် လာရီက ဆမ်ကို စိုက်ကြည့်နေသည်။ ပြီးမှ ဆက်ပြောသည်။

"တိုက်ဆိုင်မှုကလေးများ ဖြစ်နေမလားတော့ မသိဘူး၊ ဒီအစီရင်ခံစာ မိတ္တူကို တောင်းတာ အမတ်မင်းဟာ ဒုတိယမြောက် ပုဂ္ဂိုလ်ပဲ၊ လွန်ခဲ့တဲ့ အပတ် အတွင်းက လေယာဉ်မှူး ဂျေ့ာဂရာနေရဲ့ ဇနီးကလည်း မိတ္တူတစ်စောင် လာတောင်း သွားသေးတယ်"

"လာရီ ဒီအကြောင်းတွေ ပြန်ပေါ်လာရင် ဆီနိတ်တာအက်ဘီကေး ဂျင်းနင်းကို အရှက်ခွဲသလို ဒါမှမဟုတ် သူ့ အနေရ အထိုင်ရ ခက်အောင် လုပ် သလို ဖြစ်သွားနိုင်တယ်၊ ဒါကြောင့် အဲဒီလို မဖြစ်အောင်လည်း ကျွန်တော်တို့ ကြိုးစားရှောင်တိမ်းနေကြပါတယ်၊ ဒီအစီရင်ခံစာကိုလည်း ကျွန်တော် တစ်ယောက် တည်း လေ့လာမှာ ဖြစ်ပါတယ်၊ ကျွန်တော် တည့်တည့်ပဲ မေးပါရစေ၊ အခု လေယာဉ်ပျံ ပျက်ကျရတာဟာ ဂျေ့ာဂရာနေရဲ့ အတွေ့အကြုံ မရှိမှုကြောင့် ဖြစ်နိုင် သလား၊ ဒါမှမဟုတ် ပစ်စလက်ခတ် မောင်းလို့ ပျက်ကျရတာလား၊ ခင်ဗျား ထင်မြင်ချက် ဘယ်လို ရှိပါသလဲ"

"လုံးဝ မဖြစ်နိုင်ပါဘူး၊ သူ့ရဲ့ မှတ်တမ်းတွေဟာ အပြစ်အနာအဆာ လုံးဝ ကင်းစင်ပါတယ် အမတ်မင်း၊ ကိုရီးယားစစ်ပွဲမှာ သူဟာ တစ်လျှောက်လုံး တိုက်ပွဲဝင်ခဲ့တဲ့ လေသူရဲတစ်ယောက် ဖြစ်ပါတယ်၊ နောက် ယူနိုက်တက် လေကြောင်း ကုမ္ပဏီမှာ နှစ်နှစ်လောက် လေယာဉ်မှူး လုပ်ပါတယ်၊ အခုလို လေယာဉ် ကလေးကို မောင်းဖို့ဆိုတာ သူ့အဖို့တော့ ကလေး ကစားစရာလောက်သာ ရှိပါ တယ်"

"သူ့လေယာဉ်ပျံ အခြေအနေကရော ဘယ်လို ရှိပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အကောင်းဆုံး အနေအထားမှာ ရှိပါတယ်၊ သူ့အင်ဂျင်နီယာတွေက ည်း ပထမတန်းစား အင်ဂျင်နီယာတွေပါ"

"ဒီအတိုင်းဆိုရင်တော့ လေယာဉ်ပျက်ကျရတာဟာ ဂျော့ဂရာနေကြောင့် ဒို့ စွပ်စွဲမယ် ဆိုရင် သူ့ဇနီးသည်အနေနဲ့ စိတ်လှုပ်ရှားမယ် ဆိုတာ သဘာဝကျ တာပေါ့ဗျာ"

လာရီက ဆေးလိပ် မီးခိုးများကို အကွင်းများ ဖြစ်အောင် မှုတ်ထုတ်လိုက် သည်။

"မှန်ပါတယ် ခင်ဗျာ၊ စိတ်လှုပ်ရှားတာထက်တောင် ပိုမယ်ဆိုရင် ပိုနိုင် ှင့် ရှိပါတယ်"

ဟု လာရီက ပြန်ပြောလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## [ ၃၄ ]

၄ နာရီနှင့် ၁၀ မိနစ်တွင် ပက်က ဆမ်ဆီသို့ ပိုတိုမက် ရုပ်မြင်သံကြားဌာနမှ
ဖုန်းလှမ်းဆက်လိုက်လေသည်။

မနေ့ညက သူတို့ နှစ်ယောက် ရန်ဖြစ်ခဲ့ကြသည့် အဖြစ်ကို လုံးဝမပြော
ပက်က အယ်လီနာဘရောင်း အကြောင်းကို တန်းပြောသည်။

"သူ့ကို ကျွန်မ တားလို့ မရတော့ဘူး၊ သူ ပြန်ပြီးအဖမ်းခံဖို့ အခိုင်အမာ
ဆုံးဖြတ်ထားပြီးနေပြီ"

"စိတ်အေးအေးထား ပက်… စိတ်အေးအေးထား၊ ကိုယ် ရှေ့နေတစ်ယောက်
လွှတ်ပြီး သူနဲ့ တွေ့ခိုင်းလိုက်မယ်၊ မင်းအလုပ်ထဲမှာ ဘယ်လောက်တောင် ကြာဦး
မှာလဲ"

"ကျွန်မ မသိဘူး၊ ဒီနေ့ သမာဓိသတင်းစာ တွေ့ပြီးပြီလား ဆမ်"

"ခေါင်းစဉ်ပဲ ဖတ်ရသေးတယ်"

"ဒုတိယကဏ္ဍကို ဖတ်ကြည့်ပါဦး၊ ဟိုနေ့ညက ကျွန်မ တွေ့ခဲ့တဲ့
ဆောင်းပါးရှင်က ကျွန်မ ဘယ်မှာ နေတယ် ဆိုတာ ကြားသွားပြီး အကုန်လုံး
အသစ်ဖြစ်အောင် ချေးခြောက် ရေနှူး လုပ်လိုက်တယ်"

"ပက်… ကိုယ် ဒီမှာပဲ ရှိနေမယ်၊ မင်း အဲဒီက အလုပ်ပြီးရင် ကိုယ့်ဆီ
လာခဲ့ပါ" ဟု ဆမ်က ပြောသည်။

လူသာက သူ့ရုံးခန်းထဲမှနေ၍ ပက်ကို စောင့်သည်။ မိမိအပေါ် ချေးလချေး
တစ်ကောင်လို ဆက်ဆံတော့မည် ဖြစ်ကြောင်း ပက်က မျှော်လင့်ထားပြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း လူသာက သူ့စိတ်ကို သူ ချုပ်တည်းထားလေသည်။

"အက်ပယ်လ်ဂျန်းရှင်းမြို့မှာ ရိုက်ခဲ့တဲ့ အခန်းတွေ ကောင်းတယ်၊ နေ့တုန်းက ဟိုမှာ တစ်နေ့လုံး ဆီးနှင်းတွေ ကျနေတယ်၊ ဆောင်းဒါးစ်ရဲ့ အိမ်ရယ်.. အထက်တန်းကျောင်းရယ်.. အဲဒီကျောင်းရှေ့မှာ ရှိတဲ့ နေ့ကလေးထိန်းကျောင်းရယ်.. ခရစ္စမတ်သစ်ပင်နဲ့ ဗဟိုလမ်းမကြီးရယ်ကို ရိုက်ခဲ့တယ်၊ မြို့နယ်ခန်းမရှေ့မှာလည်း 'ဆီးနိတ်လွှတ်တော် ကိုယ်စားလှယ် အက်ဘီဂေးလ်ဖော်စတာဂျင်းနင်း၏ ဇာတိမြို့' ဆိုတဲ့ ဆိုင်းဘုတ်ကြီး ချိတ်ပြီး ရိုက်ခဲ့သေးတယ်"

လူသာက စကားဖြတ်ပြီး စီးကရက် ဖွာသည်။ ပြီးမှ ဆက်ပြောသည်။

"မာဂရက်လန်ဂလေ ဆိုတဲ့ အဘွားကြီး ရှိပါရောလား... အင်တာဗျူးလုပ်လို့ အရမ်းကောင်းတာပဲ၊ ရှေးဆန်ပေမယ့် အင်မတန် ချစ်စရာကောင်းတယ်၊ သူ့ကျောင်းမှာ ရည်းရွယ်ချက်ကြီးကြီးနဲ့ နေသွားခဲ့တဲ့ ကျောင်းသူဟောင်း အက်ဘီဂေးလ်အကြောင်းတွေလည်း အများကြီး ပြောပြတယ်၊ အက်ဘီဂေးလ် အကြောင်းပါတဲ့ နှစ်ပတ်လည် ကျောင်းမဂ္ဂဇင်းတွေလည်း ထုတ်ပြတယ်"

အက်ပယ်လ်ဂျန်းရှင်းမြို့သို့ သွားပြီး အက်ဘီဂေးလ်၏ နောက်ခံသမိုင်းများကို ဖော်ထုတ် ရိုက်ကူးရန်မှာ လူသာ၏ စိတ်ကူးပင် ဖြစ်ကြောင်း ယခုမှ ပက် သဘောပေါက် နားလည်လာလေသည်။

"မနေ့ညကနဲ့ ဒီနေ့ မနက် ကျွန်မ ရိုက်ထားတဲ့ အခွေတွေ ရှင် ကြည့်ပြီးပြီလား"

ပက်က မေးကြည့်သည်။

"ကြည့်ပြီးပြီ၊ ကောင်းပါတယ်၊ အက်ဘီဂေးလ် သူ့ရုံးမှာ အလုပ်လုပ်နေပုံနဲ့ ပတ်သက်ပြီး အခု ရိုက်ထားတာထက် နည်းနည်းလေး ပိုချဲ့ကားရိုက်နိုင်ရင် ကောင်းမယ်၊ ခရစ္စမတ် ညစာ စားပွဲ ရိုက်ချက်တွေကတော့ အချိတ်အဆက် အရမ်းမိတာပဲ"

"သမာဓိသတင်းစာကို ဖတ်ပြီးပြီ ဆိုတာတော့ မေးနေဖို့ မလိုတော့ပါဘူးနော်"

"မလိုပါဘူး၊ ဖတ်ပြီးပြီ"

လူသာက စီးကရက်တိုကို ထိုးချေလိုက်သည်။ ပြီးတော့ နောက်ထပ် အသစ်တစ်လိပ် မီးညှိသည်။

သူ့လေသံ ပြောင်းလဲသွားသည်။ သူ့မျက်နှာပေါ်ရှိ ဟန်ဆောင် ဖုံးကွယ်မှုများ ကွာကျသွားသည်။

"ပက်....ပွင့်ပွင့်လင်းလင်းပဲ ပြောကြရအောင်၊ အဲဒီဇာတ်လမ်းကြီးကို မင်း ဘာလို့ ဖွင့်ပြောချလိုက်ရတာလဲ"

"ဘာကို ဘာဖြစ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



စောစောက ချုပ်တည်းထားသော လူသာ၏ အမူအရာ ပျောက်ကွယ်သွားလေတော့သည်။

"ဆီနိတ်တာဂျင်းနင်း နာမည် ကျော်ကြားရေးအတွက် လုပ်ကိုင်ကြရာ ဒီတစ်ပတ်အတွင်း ဖြစ်ပေါ်လာတဲ့ အကြောင်းအရာတွေက သိပ်ကို များလွန်းတယ်၊ လူအများစုကတော့ ဒီကိစ္စတွေဟာ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ကုန်တာပဲလို့ သဘောရကောင်း ရကြလိမ့်မယ်၊ ကျုပ်အဖို့တော့ တိုက်ဆိုင်မှုလို့ ယုံကြည်စရာ အကြောင်း မရှိဘူး၊ မီရာဂျာနယ်ထဲမှာ သူ့ဓာတ်ပုံ ပါလာပြီး အက်ဘီနေဘ် ပြောတဲ့ စကားကို ကျုပ် သဘောတူတယ်၊ ဒီအစီအစဉ် တင်ဆက်ဖို့ လုပ်ငန်းစပြီ ပေါ့ ဆိုတဲ့ ပထမဆုံးနေ့က စပြီး မင်းဟာ မင်း တင်ဆက်ချင်တဲ့ နည်းနဲ့ တင်ဆက် နိုင်အောင် ကျုပ်တို့ကို အကြမ်းနည်းနဲ့ ဒယဥ့်တိုက် ခေါ်သွားတာပဲ၊ မင်း နာမည် ကျော်ကြားရေးအတွက် စာအုပ်ကြီးထဲမှာ ပါတဲ့ နည်းနာနိဿယတွေအတိုင်း လိုက်လုပ်နေတယ်၊ အခုဆိုရင် ဝါရှင်တန်မြို့မှာ မင်းအကြောင်းကို မပြောတဲ့ လူ တစ်ယောက်မှ မရှိတော့ဘူး မစ္စထရေးမိုး"

"အဲဒီအတိုင်း ရှင် ယုံကြည်နေတယ် ဆိုရင် ကျွန်မကို အလုပ်ကအ ထုတ်ပစ်လိုက်ပါလား"

"သတင်းစာတွေက မျက်နှာဖုံး သတင်းအဖြစ် ဝိုင်းရေးပြီး မင်းနာမည် ပိုကြီးသွားအောင်လို့လား၊ ဒါမျိုး ဘယ်တော့မှ မလုပ်ဘူး၊ ဒါပေမဲ့ သိချင်လို့ မေးစမ်းပါရစေ၊ မေးခွန်းတချို့လောက် ဖြေပေးနိုင်မလား"

"မေးကြည့်လေ…"

"ကွန်ဂရက်လွှတ်တော်အမတ် အဒမ်စ်နဲ့ သူ့ဇနီးနဲ့ ပတ်သက်တာ တွေ့ ရင် အားလုံးကို ဖယ်ထားပစ်ခဲ့ဖို့ မင်းနဲ့ ပထမဆုံးနေ့ ဟောဒီ ရုံးခန်းထဲမှာ တွေ့ တုန်းက ကျုပ် ပြောခဲ့တယ်၊ မင်း အခု ငှားနေတဲ့ အိမ်ဟာ သူတို့အိမ် ဖြစ်ကြောင်း မင်း သိလား"

"ဟုတ်ကဲ့… သိပါတယ်"

"သူတို့ အိမ်မှာ ငှားနေတဲ့အကြောင်း ထုတ်ဖော် ပြောပြသင့်တယ်လို့ မင်း မထင်ဘူးလား"

"ကျွန်မတော့ မထင်ဘူး၊ ရှင် ပြောတဲ့အတိုင်း အဒမ်စ်တို့ လင်မယား အကြောင်း ဆီနိတ်တာဂျင်းနင်း အစီအစဉ်ထဲမှာ မပါရအောင် ကျွန်မ ဖယ်ထုတ်ခဲ့ တာပဲ၊ ဒီကြားထဲက အင်မတန်ကောင်းတဲ့ တင်ဆက်မှု ဓာတ်လမ်းတစ်ခုကို ကျွန်မ လုပ်နိုင်ခဲ့တယ်၊ ကျွန်မ ရိုက်ပြီးသား အခွေတွေကို ရှင် ကြည့်ပြီးပြီလား"

"ကြည့်ပြီးပြီ၊ မင်း လုပ်ထားတာ အင်မတန် ကောင်းပါတယ်၊ အဲဒီလို ဆိုရင် မင်း ခြိမ်းခြောက်ခံနေရတဲ့ အကြောင်းရင်း ဘာဖြစ်တယ်ဆိုတာ ကျုပ်ကို

www.burmeseclassic.com



ပြောပြစမ်းပါလား၊ မင်း မရှိရင်လည်း ဒီအစီအစဉ်ဟာ ပြီးစီးအောင်မြင်အောင် ဆက်ရှိက်သွားကြမှာပဲ ဆိုတာ ဒီလုပ်ငန်းအကြောင်း သိသူတိုင်း သဘောပေါက်ကြမှာပါ၊ မင်း ရှိတာ မရှိတာနဲ့ မဆိုင်ဘူးလေ"

ပက်က ပြန်ပြောရမည့် စကားလုံးများကို သေသေချာချာ ရွေးသည်။

"ခြိမ်းခြောက်တာဟာ ခြိမ်းခြောက်တာပဲလို့ ကျွန်မ ထင်တယ်၊ ကျွန်မကို ထိခိုက်နာကျင်စေလိုတဲ့ သဘောနဲ့ ခြိမ်းခြောက်နေတာ မဟုတ်ဘူး၊ လန့်သွားအောင် လုပ်တဲ့ သဘောလောက်ပဲလို့ ထင်တယ်၊ တစ်ယောက်ယောက်က ဒီအစီအစဉ် ထုတ်လွှင့်မှာကို ကြောက်နေပုံရတယ်၊ ဒီအလုပ်ကို ကျွန်မ မလုပ်တော့ဘူးဆိုရင် ဒီအစီအစဉ် ပျက်ပြယ်သွားပြီလို့ အဲဒီလူက ထင်နေပုံရတယ်"

ပက်က စကား ခဏဖြတ်သည်။ ပြီးတော့ တဲ့တိုး ပြောချလိုက်လေသည်။

"အက်ဘီစေးလ်ဂျင်းနင်း ဒုတိယသမ္မတ ဖြစ်အောင် ဝိုင်းလှော်ပေးနေကြတဲ့ လုပ်ငန်းကြီးထဲမှာ ကျွန်မဟာ ရုပ်ပြသက်သက်ပဲ ဖြစ်တယ် ဆိုတာကို အဲဒီလူ သိပုံမပေါ်ဘူး"

"မင်း ငေါ့နေတာလား"

"မငေါ့ပါဘူး၊ ငေါ့ရမယ့် အနေအထားမျိုး မဟုတ်ပါဘူး၊ စဉ်းစားကြည့်လေ၊ ကျွန်မ အယုံသွင်းခံလိုက်ရတယ်၊ ကျွန်မကို ချက်ချင်း အလုပ်ခန့်လိုက်တဲ့အတွက် ယုံကြည်သွားတယ်၊ သူများ သုံးလလောက် လုပ်ရမယ့် အစီအစဉ်ကို တစ်ပတ်တည်းနဲ့ အပြီး ကျွန်မကို ခိုင်းတဲ့အတွက် ယုံကြည်သွားတယ်၊ ဖွန်းကလေးနဲ့ ခွံ့ကျွေးသလို လိုသမျှ အချက်အလက်တွေကို ရှင်နဲ့ ဆီနိတ်တာက အပြည့်အစုံ ပေးနေတဲ့အတွက် ယုံကြည်သွားတယ်၊ ဒီအစီအစဉ်ထဲမှာ ရှင်တို့ သဘောမတူဘဲ ကျွန်မဘာသာ ဖွတ်အတင်း ထည့်တာတွေပဲ ရှိးသားမှုဆိုတာ ပါတယ်၊ ဘာပဲဖြစ်ဖြစ် အက်ဘီစေးလ်အတွက် ကျွန်မ အကောင်းဆုံး လုပ်ပေးပါတယ်၊ ဒီလို လုပ်ရင်း မရည်ရွယ်ဘဲ သူ့ဂုဏ်သိက္ခာကို ထိခိုက်သွားနိုင်တာမျိုးတော့ ရှိနိုင်ပါတယ်၊ ဒါပေမဲ့ ရှင့်ကို အခုကတည်းက ကျွန်မ သတိပေးထားလိုက်မယ်၊ ဒီအစီအစဉ် ပြီးသွားတာနဲ့ တစ်ပြိုင်တည်း ကျွန်မ စုံစမ်းကြည့်ချင်တဲ့ ကိစ္စတချို့ ရှိနေတယ်"

"ဘယ်လိုဟာမျိုးလဲ··· ဆိုပါဦး"

"ရွေးကောက်ပွဲ ရန်ပုံငွေတွေကို အလွဲသုံးစား လုပ်သွားတယ် ဆိုတဲ့ အယ်လီနာဘရောင်း ဆိုတဲ့ အမျိုးသမီး ဆိုပါတော့၊ သူနဲ့ ကျွန်မ ဒီနေ့ပဲ တွေ့ခဲ့တယ်၊ ရဲစခန်းကို သွားပြီး အဖမ်းခံတော့မယ့်ဆဲဆဲပဲ၊ နောက်ပြီးတော့ အဲဒီပိုက်ဆံကို သူ လက်ဖျားနဲ့တောင် မတို့ခဲ့ပါဘူး ဆိုတာ ဒီနေ့အထိ ကျိန်တွယ် ပြောနေတုန်းပဲ"

"အယ်လီနာဘရောင်းက သူ့ဘာသာသူ သွားအဖမ်းခံတော့မလို့လား"

လူသာက စကားကို ဖြတ်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသတင်းကိုလည်း ကျုပ်တို့ အစီအစဉ်ထဲမှာ ထပ်ဖြည့်ထည့်နိုင်တာပေါ့၊ သူဟာ အာမခံဥပဒေကို ချိုးဖောက်တဲ့ မိန်းကလေးပဲ၊ သူ အာမခံ ထပ်မရနိုင်တော့ဘူး"

"သူ အာမခံ ရနိုင်ဖို့ ကွန်ဂရက်လွှတ်တော် အမတ် ကင်စလေ လိုက်ပြီး ကြိုးစားနေပါတယ်"

"မှားတာပေါ့၊ ဒုတိယသမ္မတ ခန့်ကြောင်း ကြေညာချက် ထုတ်ပြီးတဲ့အထိ ဒီမိန်းကလေး ငြိမ်ငြိမ်နေဖို့ ကောင်းတယ်၊ ကြေညာပြီးတဲ့နောက်တော့ ဘယ်သူကမှ ဂရုစိုက်နေစရာ မလိုတော့ဘူးလေ၊ သူ့ကို တရားဥပဒေနဲ့အညီ မျှမျှတတအမှုစစ်ခဲ့တာပဲ၊ ကျုပ်တို့ ဇာတ်ညွှန်းထဲမှာ ရေးထားခဲ့တဲ့အတိုင်း သူ့အကြောင်းထည့်မယ်လေ၊ နောက်ပြီး သူ့ဘာသာသူ ဥပဒေဘောင်ထဲ ပြန်ဝင်ကြောင်း ဆက်ဆွေးနွေးပေးလိုက်တာပေါ့၊ ဒါဆိုရင် သူက အန္တရာယ်တစ်ခုခု ပေးချင်တယ်ဆိုရင်လည်း သိပ်အရေးမကြီးတော့ဘူး"

မိမိအပေါ်တွင် အယ်လီနာဘာရောင်း ထားရှိခဲ့သည့် ယုံကြည်မှုကို မိမိသစ္စာဖောက်လိုက်မိပြီဟု ပက်၏ စိတ်ထဲမှာ ခံစားထိခိုက်ရလေသည်။

"ဒီအမျိုးသမီးမှာ အပြစ်လုံးဝမရှိဘူးလို့ ကျွန်မ ယုံကြည်ရမလို ဖြစ်နေတယ်၊ တကယ်လို့ သူ့မှာ အပြစ်မရှိရိုးမှန်ရင် အမှုကို အသစ်တစ်ဖန် ပြန်စစ်ဖို့ကျွန်မ တိုက်ပွဲဝင်မယ်"

"သူ့မှာ အပြစ်ရှိတယ်ကွ"

လူသာက ခပ်ဆတ်ဆတ် ငေါက်သည်။

"အပြစ်မရှိဘူးဆိုရင် အာမခံဥပဒေကို သူ ဘာဖြစ်လို့ ချိုးဖောက်မလဲ၊ သူ ဖြောင်ထားတဲ့ ငွေ ခုနစ်သောင်း ကုန်တော့ ဆက်မပြေးချင်တော့လို့ ပြန်အဖမ်းခံတာပဲ ဖြစ်ရမယ်၊ ဂျူရီလူကြီး အားလုံးက တညီတညွတ်တည်း အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့တာကို မမေ့နဲ့၊ ဂျူရီအဖွဲ့နဲ့ တရားစီရင်တာကို မင်း အခုထိ ယုံကြည်နေတုန်းမဟုတ်လား၊ ကဲ… နောက်ထပ် ဘာရှိသေးသလဲ၊ ဆီနိတ်တာကို ဆိုးဆိုးရွားရွား ထိခိုက်နိုင်တဲ့ အချက် မင်း ဘာသိထားသေးသလဲ"

ကက်သရင်းဂရာနေ အကြောင်း ပက်က ပြောပြလိုက်သည်။

"ဒီတော့ ကျုပ်တို့ ရုပ်မြင်သံကြားဌာနကို သူက တရားစွဲမယ်လို့ ပြောနေတာပေါ့၊ ဟုတ်လား၊ အဲဒီကိစ္စကို မင်းက စိတ်ပူနေတာလား"

လူသာ၏ အမူအရာမှာ အတော်ကြီး စိတ်သက်သာရာ ရသွားသည့်ပုံစံမျိုး ဖြစ်လေသည်။

"ဂျင်းနင်းတို့ရဲ့ အိမ်ထောင်ရေးအကြောင်းကို သူက အတင်းလည်တုန်းနေမယ် ဆိုရင်ပေါ့လေ၊ နောက်တစ်ကြောင်းကလည်း အက်ဘီဂေးလ်အတွက်

www.burmeseclassic.com

www.burmeseclassic.com



သူ့ယောက္ခမ အဘွားကြီးက အမွေတစ်ပြားတစ်ချပ်မှ ပေးမသွားတာကလည်း ရှိသေးတယ်လေ"

"ယောက္ခမနဲ့ မတည့်လို့ ဆိုတာမျိုးကို ဇာတ်လမ်းဆင်လိုက်လို့များတော့ အမေရိကန်ပြည်ထောင်စုထဲမှာ ရှိနေတဲ့ မိန်းမတွေ အားလုံးရဲ့ ထောက်ခံချက်ကို အက်ဘီဂေးလ် ရသွားမှာ သေချာတယ်၊ သူတို့ အိမ်ထောင်ရေး အဆင်မပြေပါဘူးလို့ ဘယ်လို သက်သေပြမလဲ၊ ဂရာနေရဲ့ မိန်းမစကားနဲ့တင် မလုံလောက်ဘူး၊ သူတို့ အိမ်ထောင်ရေး သာယာကြောင်းကို တိုဘီက သက်သေထွက်ပေးလိမ့်မယ်၊ သူတို့ လင်မယားနဲ့ တစ်သက်လုံး နေခဲ့သူ ဖြစ်ကြောင်းနဲ့ ဒီနေ့အထိ အဲတူတူနေနေတုန်း ဆိုတာကို မမေ့နဲ့၊ နောက်ပြီး ကျုပ်ကို မင်း ပေးထားတဲ့ စာကရော ဘယ်သွားထား မလဲ၊ အက်ဘီဂေးလ်က သူ့ယောက်ျားကို ပေးတဲ့ စာလေ၊ ဝေးလတ် မသေခင် လေး ငါးရက် အလိုက စာပဲ"

"အဲဒီစာတစ်စောင်ပဲ ရှိတယ်လေ၊ တစ်နှစ်လုံး အဆင်ပြေကြောင်း ပြ စရာ သက်သေမှ မရှိဘဲ"

"ဟိုတုန်းက မပြနိုင်ပေမယ့် အခု ပြနိုင်ရမှာပေါ့၊ နောက်ထပ် ဘာကျန် သေးသလဲ"

"ကျွန်မ သိထားတာတွေထဲမှာတော့ အဲဒီနှစ်ချက်ဟာ ဆီနိုက်တာရဲ့ ဝုဏ်သိက္ခာကို အထိခိုက်ဆုံး ဖြစ်နိုင်တယ်၊ ကျွန်မဘက်ကတော့ အတတ်နိုင်ဆုံး စောင့်ထိန်းပါ့မယ်လို့ ရှင့်ကို ကတိပေးပါတယ်"

လူသာ နေသာထိုင်သာ ရှိသွားပုံရသည်။

"ကောင်းပြီ၊ ဆီနိုက်တာ အိမ်ကို အဖွဲ့သားတွေနဲ့အတူ ကျုပ် သွားစရာ ရှိနေတယ်၊ တစ်နေ့တာ လုပ်ငန်းပြီးဆုံးတဲ့ အခန်း ရိုက်ဖို့"

"အဲဒီအခန်း ရိုက်တဲ့နေရာမှာ ကျွန်မကို မပါစေချင်တော့ဘူးလား"

"အက်ဘီဂေးလ် သူ့စိတ်ကို သူ ပြန်ထိန်းနိုင်တဲ့ အချိန်အထိ သူနဲ့ မင်း ဝေးဝေးနေစေချင်တယ်၊ ပက်⋯ ကျုပ်တို့ ကုမ္ပဏီနဲ့ မင်း ချုပ်ထားတဲ့ ကန်ထရိုက် စာချုပ်ကို သေသေချာချာ ဖတ်ကြည့်မိရဲ့လား"

"ဖတ်ကြည့်မိတယ် ထင်တာပဲ"

"ဒီလိုဆိုရင် မင်းကို လျော်ကြေးပေးပြီး ကန်ထရိုက်စာချုပ်ကို ဖျက်သိမ်း နိုင်ကြောင်းနဲ့ အလုပ်ထုတ်ပစ်လိုက်နိုင်ကြောင်း ရေးထားတာ သဘောပေါက်မှာ ပေါ့နော်၊ ကျုပ်တို့ ရုပ်မြင်သံကြားဌာနက တင်ဆက်မယ့် အစီအစဉ်ကို ကိုယ် ကြိုက်သလို ဖန်တီးတင်ပြသွားတာမျိုး ကျုပ် ဘယ်တော့မှ လက်မခံဘူးဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပါရစေ၊ ဒါပေမဲ့ ဝါရှင်တန်မြို့မှာ ရှိတဲ့ လူတိုင်း ပါးစပ်ဖျား မှာ မင်းနာမည် ရောက်နေအောင် လုပ်သွားနိုင်တဲ့အတွက်တော့ မင်းကို ကျုပ် အထင်ကြီးမိပါတယ်၊ တိုင်းသူပြည်သားတွေအတွက် တစ်သက်လုံး ကိုယ်ကျိုးစွန့်ပြီး

www.burmeseclassic.com



ဆောင်ရွက်သွားခဲ့တဲ့ အမျိုးသမီး တစ်ယောက်ရဲ့ ကျောကို ခွစီးပြီး မင်း လိုချင်တဲ့ နေရာကို ရောက်အောင် လုပ်ယူသွားတာပဲ"

"ကျွန်မနဲ့ ချုပ်ထားတဲ့ ကန်ထရိုက်စာချုပ်ကို ရှင် ဖတ်ပြီးပြီလား"

ပက်က မေးသည်။

"ကျုပ်ကိုယ်တိုင် ရေးတာပဲ"

"ဒီလိုဆိုရင် ကျွန်မကို တာဝန်ပေးအပ်ပြီး စီစဉ်စေတဲ့ အစီအစဉ်တိုင်းမှာ ကျွန်မ သဘောကျ ဖန်တီးခွင့်ရှိတယ် ဆိုတဲ့ စည်းကမ်းချက်တစ်ခုကို ရှင် သိပြီး ဖြစ်မှာပေါ့၊ အဲဒီကန်ထရိုက်စာချုပ်အတိုင်း ပြည့်စုံအောင် ဒီတစ်ပတ်အတွင်းမှာ ရှင် လိုက်နာဆောင်ရွက်ပြီးပြီလို့ ထင်သလား"

လူသာပယ်လ်ဟမ်း၏ ရုံးခန်းတံခါးကို ပက်က ဖွင့်လိုက်သည်။ သတင်းခန်းထဲမှာ ရှိနေသူ အားလုံးက သူတို့နှစ်ယောက် ပြောဆိုနေကြသည်များကို နားထောင်နေကြသည်မှာ သေချာသည်။

လူသာ၏ နောက်ဆုံး စကားလုံးများက တစ်ခန်းလုံးသို့ ပဲ့တင်ရိုက်သွားလေသည်။

"နောက်အပတ် ဒီအချိန်ကျရင် မင်းရဲ့ ကန်ထရိုက်စာချုပ်မှာ ပါတဲ့ စည်းကမ်းချက်တွေကို ပြန်လေ့လာကြည့်မယ်"

ပက်က တံခါးကို တအား ဆောင့်ပိတ်ပစ်လိုက်သည်။ သူ့ဘဝတွင် အလွန် ရှားရှားပါးပါး လုပ်လိုက်မိခြင်း ဖြစ်လေသည်။

နောက် ၁၅ မိနစ်ခန့် ကြာတော့ ဆမ် နေထိုင်သည့် အဆောက်အအုံရှိ ဧည့်ကြိုစားပွဲရှေ့မှာ ရပ်ပြီး သူ့နာမည်ကို ပြောပြနေလေသည်။

ဓာတ်လှေကား ရပ်သွားတော့ ဆမ်က သူ နေသည့် အထပ်ရှိ ဓာတ်လှေကား အဝမှာ ရပ်ပြီး အဆင်သင့် စောင့်နှင့်နေလေသည်။

"မင်းမျက်နှာ မကောင်းပါလား"

ဆမ်က ဆီးပြောသည်။

"ဟုတ်တယ်"

ပက်က ပင်ပန်းနွမ်းနယ်စွာ မော့ကြည့်သည်။ ဆမ်သည် မနေ့ညက အဝတ်အစားများကို ဝတ်ဆင်ထားဆဲပင် ဖြစ်သည်။ သူ့မျက်လုံးများက ရီဝေနေသည်ကို ကြည့်ပြီး ပက် စိတ်မကောင်း ဖြစ်သွားမိသည်။

ဆမ်က ပက်၏ လက်မောင်းကို ဆွဲပြီး စင်္ကြံအတိုင်း သူ့အခန်း ရှိရာသို့ ခေါ်သွားသည်။

အခန်းထဲ ရောက်တော့ ပက်က အခန်းကို အကဲခတ်ကြည့်သည်။ သူ

www.burmeseclassic.com

www.burmeseclassic.com



ထင်ထားသလို မဟုတ်ဘဲ အများကြီး သပ်ရပ်နေသည်ကို တွေ့ရသည်။ သို့သော်လည်း အိမ်ထောင်ပရိဘောဂများကတော့ ဟောင်းနေသည်။

"ကိုယ့်အခန်းနဲ့ ပတ်သက်ပြီး ဘယ်လို မြင်သလဲ"

ပက်က သူ မြင်သည့်အတိုင်း ပြောပြလိုက်သည်။

ဆမ်၏ မျက်လုံးများ ကျဉ်းသွားသည်။

"ဟုတ်ပါတယ်၊ ဒီနေရာကလေးက ဘာနဲ့ တူသလဲဆိုရင် ဟိုတယ်လေး တစ်ခုရဲ့ ဧည့်ခန်းနဲ့ တူနေတယ်"

"ဒီလိုဆိုရင် ဘာဖြစ်လို့ ဒီမှာ ဆက်နေနေသလဲ၊ တခြား နေရာတွေ အပုံကြီး ရှိနေတာပဲ"

"အိပ်ခန်းက ကောင်းပါတယ်၊ ကိုယ်က မပြင်ဆင်တတ်တာပါ၊ ပစ္စည်းတွေ ဟောင်းနေတယ်ဆိုတာ သိတယ်၊ ဒါပေမဲ့ ဘယ်လို အသစ်မျိုးနဲ့ အစားထိုးရမယ် ဆိုတာကို မသိဘူး"

"ဒါထက် ပင်ပန်းလာတဲ့ မိန်းကလေးတစ်ယောက်ကို တိုက်စရာ စကော့ချ်ဝီစကီကလေးများ မရှိဘူးလား ဟင်"

"သိပ်ရှိတာပေါ့"

ဆမ်က ဘားရှိရာသို့ လျှောက်သွားသည်။

"ဆိုဒါများများ… ရေခဲတစ်တုံး… ဖြစ်နိုင်ရင် သံပရာသီးလေး တစ်ခြမ်းလောက် ညှစ်ထည့်၊ သံပရာသီး မရှိလည်း ရပါတယ်"

ဆမ်က ပက် ပြောလေ့ရှိသည့် စကားလုံးများအတိုင်း ပြန်ပြောပြီး ပြုံးနေသည်။

"ဒါလောက်တော့လည်း ကျွန်မ ဇီဇာမကြောင်ဘူး ထင်ပါတယ် နော်"

"ဇီဇာကြောင်တာ မဟုတ်ပါဘူး၊ တိကျတာပါ"

ဝီစကီ စပ်ပြီး ဆမ်က ဖန်ခွက် ယူလာပေးသည်။

"ကဲ… ထိုင်၊ သိပ်ပြီးတော့လည်း ဂနာမငြိမ် ဖြစ်မနေပါနဲ့၊ အလုပ်ထဲမှာ အဆင်ပြေရဲ့လား"

"နောက်အပတ် ဒီလိုအချိန်ဆိုရင် ကျွန်မမှာ အလုပ်ရှိနိုင်တော့မှာ မဟုတ်ဘူး၊ ဒီအစီအစဉ်မှာ ကျွန်မက ရသမျှ အခွင့်အရေးတွေ သုံးပြီး ကျွန်မကိုယ်တိုင် နာမည်ကြီးဖို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်နေတယ်လို့ လူသာက ထင်နေတယ်၊ ကျွန်မ ဒီလို လုပ်နိုင်တာကိုတော့ သူက ချီးကျူးပါတယ်တဲ့"

"အက်ဘီဂေးလ်မှာလည်း အဲဒီလို အမြင်မျိုး ရှိနေတယ်လို့ ကိုယ် ထင်တယ်"

ပက်၏ မျက်လုံးများ မြင့်တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာ ပထမဆုံး သိထိုက်တဲ့ လူပါပဲ၊ ဆမ် မနေ့ညက ကျွန်မတို့ နှစ်ယောက် ကတောက်ကဆ ဖြစ်ခဲ့ကြပြီးတဲ့နောက် အခုချက်ချင်း ပြန်ပြီး ရှင်နဲ့ ဆက်သွယ်ရလိမ့်မယ်လို့ ကျွန်မ မထင်ခဲ့ဘူး၊ နှစ်ယောက်စလုံး သွေးအေးသွား အောင် အနည်းဆုံး သုံးလလောက်တော့ စောင့်ရဦးမယ်လို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ တစ်ယောက်ယောက်ရဲ့ အကူအညီကို ကျွန်မ အမြန်ဆုံး လိုနေပြီ၊ လူသာပယ်လ်ဟာ ဆိုကတော့ ဘယ်လိုနည်းနဲ့မှ မရနိုင်ဘူးလေ၊ ဒါကြောင့် ကျွန်မ အကူအညီတောင်း ရမယ့်လူဟာ ရှင်ပဲ ဖြစ်နေတော့တယ်"

"မင်း ပြတဲ့ အကြောင်းပြချက်ကို ကိုယ်တော့ သဘောမတူနိုင်ဘူး ဒါပေမဲ့ မင်းကို ကူညီရမယ်ဆိုလို့ ဝမ်းသာပါတယ်"

ဆမ်သည် ယနေ့မူ တစ်မျိုး ပြောင်းနေသည်။ ပက်က အလိုလို သိနေ သည်။ အခါတိုင်းလို ရည်ရွယ်ချက်မဲ့သည့် ပုံစံမျိုး မဟုတ်။

"ဆမ်… ကျွန်မ အိမ်ကို ဖောက်ထွင်းခံရတာနဲ့ ပတ်သက်ပြီး ဖွင့်မပြော ဖုံးထားတာ ရှိသေးတယ်"

ပက်က အတည်ငြိမ်ဆုံး ဖြစ်အောင် ကြိုးစားသည်။ ပြီးတော့ ရက်တဲ ဒီအင်န် အရုပ်ကလေးအကြောင်းကို အစအဆုံး ပြောပြသည်။

"ပက်… မင်း အိမ်ကို တစ်စုံတစ်ယောက်က နောက်တစ်ကြိမ် ထပ်ပြီး ဝင်ပြန်တယ်လို့ ပြောနေတာလား"

"ဟုတ်ပါတယ်"

"ဒီအတိုင်းဆိုရင် မင်း အဲဒီအိမ်ထဲမှာ နောက်ထပ် တစ်မိနစ်တောင် ဆက်ပြီး မနေသင့်တော့ဘူး"

ပက်မှာ နေမထိထိုင်မသာ ဖြစ်နေသည်။ ထို့ကြောင့် ထိုင်ရာမှ ထပြီး ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။

"ဒီအိမ်ကနေ တခြား ပြောင်းသွားတာဟာ အဖြေ မဟုတ်သေးဘူး ဆမ်၊ အခု အရုပ်ကလေး ပြန်ပြီး ပျောက်သွားတဲ့အတွက် ကျွန်မအဖို့ အဲဒီအရေး ဟာ ပိုသေချာလာတယ်၊ ကျွန်မကို ခြိမ်းခြောက်နေတဲ့ လူဟာ တကယ်ပဲ ကျွန်မကို နာကျင်အောင် လုပ်မယ့်သူ မဟုတ်ဘူး၊ ကျွန်မ အနာတရ ဖြစ်စေချင်တဲ့ ရည်ရွယ် ချက်မျိုး ရှိပုံမရဘူး၊ သူ့မှာ အဲဒီရည်ရွယ်ချက်သာ ရှိရိုးမှန်ရင် ကျွန်မကို ဒုက္ခပေး ပြီးပြီပေါ့၊ ကျွန်မ တင်ဆက်မယ့် အစီအစဉ်ဟာ သူ့ကို ထိခိုက်မှာ သူ ကြောက်နေ တယ်လို့ ကျွန်မ ထင်နေတယ်"

အယ်လီနာဘာရောင်း၏ အမှုနှင့် ပတ်သက်ပြီး သူ၏ သုံးသပ်ချက်တွေကို ခပ်မြန်မြန် သူ ရှင်းပြသည်။

"ဒီအမှုမှာ အယ်လီနာဘာရောင်း မလိမ်ဘူးဆိုရင် တိုဘီ လိမ်တာ ဖြစ်ရမယ်၊ တိုဘီ လိမ်တယ်ဆိုရင် အဲဒီလိမ်လည်ချက် ခိုင်လုံအောင် ဆိုနိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



ဂျွင်းနင်းက ကာကွယ်ပေးထားတာသာ ဖြစ်ရမယ်၊ အဲဒါဟာ အတော့်ကို မယုံကြည်နိုင်စရာပဲ၊ ဒါပေမဲ့ တိုဘီရဲ့အသံနဲ့ တူအောင် တုပြီး ပြောနိုင်တဲ့ တခြား တစ်ယောက်ယောက် ပါဝင်ပတ်သက်နေတာလည်း ဖြစ်နိုင်တယ်၊ အဲဒီလူဟာ အယ်လီနာရဲ့ စတိုခန်းအကြောင်းကိုလည်း သိရမယ်၊ ဒါကြောင့် အယ်လီနာ အပြစ်ကျသွားအောင် ပိုက်ဆံကို အဲဒီအခန်းထဲမှာ သွားထည့်ထားလိုက်တာ ဖြစ်နိုင်တယ်"

"မင်းအိမ်မှာ အရုပ်ကလေး လာထားပြီး မင်းကို ခြိမ်းခြောက်တာနဲ့ ဘယ်လို ပတ်သက်နိုင်သလဲ"

"ကျွန်မ ထင်တာ ပြောမယ်နော်၊ တစ်ယောက်ယောက်က ကျွန်မကို ငယ်ငယ်တုန်းက သိရမယ်၊ အခု ပြန်တွေ့တော့ ကျွန်မကို မှတ်မိရမယ်၊ သူက ဒီအစီအစဉ် မတင်ဆက်ဖြစ်အောင် ကျွန်မကို လှန့်တာ ဖြစ်ရမယ်၊ ဆမ်··· ဒီလို စဉ်းစားကြည့်ဦးလေ၊ တိုဘီက ငယ်ငယ်တုန်းက ကျွန်မကို သိတယ်၊ ကျွန်မကို တိုဘီ ဆက်ဆံတာ ရန်သူလိုပဲ၊ ဖော်ဖော်ရွေရွေ မရှိဘူး၊ အစတုန်းကတော့ ဆိနိုတ်တာနာမည်ပျက်အောင် ကျွန်မ တင်ဆက်လိုက်မှာ စိုးရိမ်ပြီး အဲဒီလို ဆက်ဆံနေတယ်လို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ တစ်နေ့ ကျွန်မ အိမ်ကို သူ လာတော့ ကျွန်မရဲ့ စာကြည့်ခန်းကို အသေးစိတ် လှေ့လာကြည့်နေတာကို တွေ့ရတယ်"

"အဲဒီနောက် သူ ပြန်သွားတယ်၊ တံခါးကို သူ့ဘာသာသူ ပြန်ပိတ်ထားခဲ့မယ်လို့ ပြောတယ်၊ ကျွန်မကလည်း သူ့နောက်ကနေ လိုက်သွားတယ်၊ အတွင်းကနေ မင်းတုပ် ထိုးထားဖို့ပါ၊ ဒါပေမဲ့ ကျွန်မ လိုက်သွားတာကို သူ မသိဘူး၊ တံခါးကို ပြန်ဖွင့်ပြီး အခန်းထဲကို သူ ပြန်ဝင်လာတယ်၊ ကျွန်မကို တွေ့တော့ တံခါးသော့ ကောင်း မကောင်း သူ စစ်ဆေးကြည့်တာပါလို့ ပြောတယ်၊ တစ်ယောက်ယောက် ဖွင့်ဝင်နိုင်တာမို့ သတိထားပါလို့ ကျွန်မကို ပြောတယ်၊ သူ့ကို ကျွန်မ မသင်္ကာဘူး ဆမ်၊ သူ့မှာ ဒုက္ခရောက်နေတာ တစ်ခုခုများ ရှိသလားဆိုတာ စုံစမ်းပေးနိုင်မလား၊ အကြီးအကျယ် ဒုက္ခရောက်နေတာမျိုးကို ပြောတာနော်"

"ရပါတယ်၊ စုံစမ်းပေးနိုင်ပါတယ်၊ အဲဒီလူကို ကိုယ့်စိတ်နဲ့လည်း သိပ်တွေ့လှတာ မဟုတ်ဘူး"

ပက် ရပ်နေသည့် နေရာသို့ သူ လျှောက်လာသည်။

ပက်၏ နောက်ကျောဘက်မှာ သူ ရပ်သည်။ ပက်၏ ခါးကလေးကို လက်တစ်ဖက်ဖြင့် ရစ်သိုင်း၍ ဖက်ထားသည်။

ပက်က သူ့ရင်ခွင်ကို အလိုလို မှီလိုက်မိလျက်သား ဖြစ်သွားလေသည်။

"မင်းကို ကိုယ် အရမ်းလွမ်းခဲ့ရတယ် ပက်"

"မနေ့ညက စပြီးတော့လား"

"မဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်ကစပြီး လွမ်းခဲ့ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၏ အတွေ့အကြုံမှာ ပက် သာယာနေမိလေသည်။ ဆမ်က သူ့ကိုယ်လုံးကလေးကို ပို၍ တင်းတင်းဖက်ထားလိုက်လေသည်။

ပြီးတော့ သူ့နှုတ်ခမ်းများသည်လည်း ဟိုနေ့များတုန်းကလို တုံ့ဆိုင်းဆိုင်း ဖြစ်မနေတော့။

ထိုနေရာမှာ သူတို့ အကြာကြီး ရပ်နေကြသည်။ ပြတင်းပေါက်မှ အလင်းရောင် နောက်ခံမှာ သူတို့အရိပ် ပေါ်နေသည်။

အတော်ကလေး ကြာတော့မှ ပက်က နောက်သို့ ဆုတ်သည်။ ဆမ်ကလည်း လွှတ်ပေးလိုက်သည်။ သူတို့ အပြန်အလှန် ငေးကြည့်နေကြသည်။

ပြီးတော့မှ ဆမ်က ပြောသည်။

"ပက်… ညတုန်းက မင်း ပြောတာ တစ်ခုကလွဲပြီး အကုန်လုံး မှန်ပါတယ်၊ အက်ဘီဂေးလ်နဲ့ ကိုယ် ဘာမှ မဖြစ်ပါဘူး၊ လုံးဝကင်းရှင်းပါတယ်၊ ကိုယ့်ဘဝကို ပြန်သုံးသပ်ဖို့ ကိုယ့်ကို အချိန်နည်းနည်းလောက် ပေးနိုင်မလား၊ ဒီအပတ်ထဲမှာ မင်းကို ပြန်တွေ့လိုက်ရတဲ့ အချိန်ကစပြီး ကိုယ်ဟာ အသက်ကင်းမဲ့စွာ လှုပ်ရှားနေရတာပါ၊ ဘာခံစားချက်မှ မရှိဘဲ ဖုတ်ကောင်တစ်ကောင်လို လှုပ်ရှားနေရပါတယ်"

ပက်က ပြုံးဖို့ ကြိုးစားသည်။

"ရှင် မေ့နေပြီ ထင်တယ်၊ ကျွန်မလည်း အချိန်ယူရဦးမယ်လေ၊ ဘာတွေကိုများ ပြန်မှတ်မိဦးမလဲလို့ ကျွန်မ မျှော်လင့်နေတာ"

"ကြေကွဲစရာတွေ ဖြစ်ခဲ့တဲ့ အဲဒီညအကြောင်းကို မင်း မှန်မှန်ကန်ကန် ပြန်စဉ်းစားလို့ ရပါ့မလား"

"ရမယ် ထင်တယ်၊ တိတိကျကျတော့ မဟုတ်နိုင်ဘူးပေါ့၊ အဲဒီညတုန်းက စိတ်ဖောက်ပြန်သွားတာဟာ ကျွန်မရဲ့ အမေ ဖြစ်မယ်လို့ ကျွန်မ ယုံကြည်စပြုလာနေပြီ၊ အဲဒီလောက်တော့ ကျွန်မ မှတ်မိသလိုလို ရှိလာတယ်"

"ဘာကြောင့် အဲဒီလို ထင်ရတာလဲ"

"ဘာကြောင့်ရယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မ စိတ်ထဲမှာ အဲဒီလို ခံစားနေရတယ်၊ အက်ဘီဂေးလ်ဂျင်းနင်းရဲ့ ဘဝနဲ့ ခေတ်အကြောင်းကမ္ဘာကို တင်ပြဖို့ တစ်ရက်ပဲ လိုတော့တယ်၊ ဒီအကြောင်း တင်ဆက်နိုင်ဖို့ စုံစမ်းထောက်လှမ်းမှုတွေကို ကျွန်မ လုပ်ခဲ့ရတယ်၊ အခု လုပ်သလို ဖုတ်ပူမီးတိုက်ကြီးတော့ မလုပ်ချင်ခဲ့ဘူးပေါ့လေ၊ လူသာပယ်လ်ဟမ်းက ကျွန်မကို ဘယ်လိုပဲထင်ထင် ကျွန်မ ဂရုမစိုက်ဘူး၊ လေယာဉ်ပျံ ပျက်ကျရတဲ့အကြောင်း တင်ပြချင်တာ အက်ဘီဂေးလ်ရဲ့ မျက်နှာကို ရွံ့ပုပ်စင်စေတဲ့ အပိုင်း ဖြစ်မှာပဲ၊ ကက်သရင်းဂရှမ်က တကယ်ကို လုပ်တော့မှာ"

ဆမ်က ညစာ သွားစားဖို့ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ပက်က ငြင်းလိုက်သည်။

"ဒီနေ့ အရမ်းပင်ပန်းတာပဲ၊ ဆီနိတ်တာရဲ့ ရုံးကို အချိန်မီ ရောက်နိုင်ဖို့ မနက် ၄ နာရီကတည်းက ကျွန်မ အိပ်ရာက ထခဲ့ရတာ၊ မနက်ဖြန်မှာ တီဗွီရိုက်စရာတွေ ရှိတာတွေအားလုံး အကုန်ပြီးအောင် ရိုက်ရမယ်လေ၊ ဒါကြောင့် ဆင်းဒဝစ်ကလေး စားပြီး ၉ နာရီမှာ အိပ်ရာဝင်တော့မယ်"

တံခါးပေါက်တွင် ဆမ်က ပက်ကို တစ်ကြိမ် ဖက်ထားမိပြန်သည်။

"ကိုယ့်အသက် ၇၀ ဆိုရင် မင်းအသက် ၄၉ နှစ် ရှိနေလိမ့်မယ်"

ဟု ဆမ်က ပြောသည်။

"ရှင့်အသက် တစ်ရာနဲ့ သုံးနှစ် ဆိုရင် ကျွန်မအသက်က ၈၂ နှစ် ရှိလိမ့်မယ်၊ တိုဘီအကြောင်း စုံစမ်းပေးနော်၊ အယ်လီနာဘရောင်း ကိစ္စ သတင်းထူးရင်လည်း ကျွန်မကို ဖုန်းဆက်ပါ"

"စိတ်ချပါ"

ပက် ပြန်သွားတော့ ဆမ်က ဂျက်ကာလ်ဆန်ထံ ဖုန်းဆက်ပြီး ပက်၏ ယုံကြည်ချက်များကို ခပ်မြန်မြန် ပြန်ပြောပြသည်။

ဂျက်က လေချွန်သည်။

"အိမ်ထဲ ဖောက်ဝင်တဲ့ အကောင် ပြန်ဝင်ပြန်ပြီလား၊ စိတ်ချ ဆမ်၊ တိုဘီ ဆိုတဲ့ ငတိအကြောင်း စုံစမ်းပေးမယ်၊ ဒါပေမဲ့ သူ့လက်ရေးနမူနာတော့ ကျုပ်တို့ကို ရှာပေးနော်"

ဟု ဂျက်က ပြောသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

[—၃၅—]

စုံထောက်ဘားရှေသည် အကြင်နာတရားရှိသူ ဖြစ်သည်။ အယ်လီနာ အမှန်အတိုင်း ထွက်ဆို အစစ်ခံနေခြင်း ဖြစ်ကြောင်း သူ ယုံကြည်သည်။

သို့သော်လည်း အသက်နည်းနည်း ကြီးသည့် စုံထောက်ကတော့ ရှုပ် လွန်းသည်။ မေးပြီးသား မေးခွန်းများကိုချည်း ထပ်ခါတလဲလဲ မေးနေရာ အယ်လီနာ မှာ ဖြေပြီးသားများကိုချည်း ထပ်ပြန်တလဲလဲ ဖြေနေရလေသည်။

သူ လုံးဝ လက်နှင့်ပင် တို့ခွင့်မရခဲ့သည့် ဒေါ်လာ ခုနစ်သောင်း ဘယ် နေရာမှာ သိမ်းထားသည် ဆိုသော မေးခွန်းကို သူ ဘယ်လိုလုပ်ပြီး ဖြေနိုင်မည်နည်း။

ပက်ထရီရှာထရေးမိုးက အက်ဘီဂေးလ်ဂျင်းနင်းအကြောင်း ရုပ်မြင်သံကြား မှ တင်ဆက်ရန် စီစဉ်သောကြောင့် သူ ပုန်းအောင်းနေရာမှ ထွက်ခဲ့ရလေ ပက်ထရီရှာထရေးမိုးကို သူ စိတ်ဆိုးနေသလား။

မဆိုးပါ။ လုံးဝ စိတ်မဆိုးပါ။

ပထမပိုင်းတုန်းကတော့ အယ်လီနာ ကြောက်သည်။

နောက်တော့ သူ ပုန်းအောင်းနေ၍ မဖြစ်နိုင်တော့ကြောင်း သိလာသည်။ သည်အမှုကြီး ပြီးစီးသွားလျှင် သူ သိပ်ကို ပျော်ပါမည်။

ပက်ထရီရှာထရေးမိုး ဘယ်မှာ နေသည်ကို သူ သိသလား… ။

သိပါသည်။

ဂျော့တောင်းရှိ အဒမ်စ်၏ အိမ်တွင် ပက်ထရီရှာထရေးမိုး နေကြောင်း အာသာက သူ့ကို ပြောဖူးသည်။ ထိုအိမ်ကြီးကိုလည်း တစ်ခါတုန်းက အယ်လီနာ ကို အာသာက လက်ညှိုးထိုးပြဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ကြီးထဲသို့ အာသာ သူနာပြုအကူဘဝတုန်းက တစ်ခေါက် ရောက်ဖူးသည်တဲ့။ ထိုအိမ်ကြီးထဲမှာ ကြေကွဲဖွယ်ကောင်းသော လူသတ်မှု ဖြစ်ပွားခဲ့သောကြောင့် အလောင်းများကို သူ သွားကောက်ရင်း ရောက်ခဲ့ဖူးသည်တဲ့။

ထိုအိမ်ကြီးထဲသို့ အယ်လီနာ ထိုးဖောက် ဝင်ရောက်ဖူးသလား။

အို… ကြံကြီးစည်ရာ… ဘယ်လိုလုပ်ပြီး အယ်လီနာ ဖောက်ထွင်းဝင်ရောက်လို့ရမှာလဲ။

ဘယ်လိုမှ အဆီအငေါ် မတည့်သည့် မေးခွန်းများကို အသက်ကြီးသောစုံထောက်က အယ်လီနာကို မေးလွှတ်လိုက်သည်။

အကျဉ်းထောင်အတွင်းရှိ အလုံစိုက်ခန်းကလေးထဲမှ ခုတင်စွန်းမှာ အယ်လီနာဘရောင်း ထိုင်နေသည်။

ဒီထောင်ထဲကို ပြန်လာရဲတဲ့ သတ္တိတွေ ငါ့မှာ ရှိနေပြီလို့ ဘာကြောင့်များ ငါကိုယ်ငါ ထင်မိလိုက်ပါလိမ့်နော်ဟု တွေးကြည့်နေမိသည်။

ပတ်လည်ရှိ သံမဏိတိုင်များ၊ အုတ်နံရံများ၊ အကာအကွယ် မရှိသည့်အိမ်သာ၊ လှောင်ပိတ်ခံနေရသည်ဟူသော ခံစားချက်။

မိုးနှင်းများလို မြင်ကွင်းကြီး တစ်ခုလုံးကို ပိတ်ဖုံးနေသည့် စိတ်ကျရောဂါသည် သူ့ကို စတင် ဖိစီးစပြုချေပြီ။

ခုတင်ပေါ်မှာ သူ လှဲနေသည်။ ဖေဖေ လုပ်သည်ကို သူတို့ တွေ့သည်ဆိုတာမျိုးတော့ မဖြစ်နိုင်ပါ။ အယ်လီနာ သိဖူးသမျှ လူထဲမှာ ဖေဖေသည် အကြင်နာတရား အကြီးမားဆုံးပုဂ္ဂိုလ် ဖြစ်ပါသည်။

သို့သော်လည်း မစ္စက်ဂေးလက်စ်ဝိုင်း ကွယ်လွန်ပြီးသည့် နောက်ပိုင်းမှာတော့ သူ အလွန်အမင်း စိတ်လှုပ်ရှားနေသည်ကို အယ်လီနာ တွေ့ခဲ့ရလေသည်။

ယခုလို မိမိသဘောနှင့် မိမိ ပြန်လည် အဖမ်းခံလိုက်သည့်အတွက် ဖေဖေစိတ်မဆိုးတန်ရာပါဟု တွေးသည်။ ဘယ်လိုပဲ ဖြစ်ဖြစ်၊ ရဲက သူ့ကို ဖမ်းတော့မည်ဖြစ်သည်။ စုံထောက်ဘားရှေ့က သူ့အကြောင်း စုံစမ်းဖို့ အစီအစဉ် ပြုလုပ်ထားပြီးကြောင်း အယ်လီနာ သေသေချာချာ ခန့်မှန်းမိသည်။

အဝေးကြီးသို့ ဖေဖေ ထွက်သွားပြီလား။ ဖြစ်နိုင်သည်။ သူ အလုပ်တွေတစ်ခုပြီး တစ်ခု ပြောင်းလဲလုပ်ကိုင်ခဲ့စဉ်ကတည်းက သူ့အတွက် အယ်လီနာစိတ်ပူခဲ့ရလေသည်။

ယခု သူ ဘယ်ရောက်နေပြီနည်း။

၁၄ လမ်းရှိ ဆိုင်တစ်ဆိုင်တွင် အာသာက ညစာကို ခပ်စောစောပဲ စားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖြည်းဖြည်းနှင့် များများ စားသည်။ သည်လို ပူပူနွေးနွေး အစားအသောက်ကို ရက်ပေါင်းများစွာ မစားနိုင်ဘဲလည်း နေနိုင်သည်ဟု သူ တွက်ကြည့်ပြီး ဖြစ်လေသည်။ ထို့ကြောင့် တတ်နိုင်သလောက် ဗိုက်ဖြည့်ထားဖို့ အရေးကြီးသည်။

သူ အစီအစဉ်များအားလုံး ပြုလုပ်ထားပြီးပြီ။

ညမှောင်လျှင် ပက်ထရီရှာထရေးမိုး အိမ်သို့ ပြန်သွားမည်။ ပထမအကြိမ်အတိုင်း အပေါ်ထပ် ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ ဝင်မည်။ ညှော်သည်အတွင်းထားသော အိပ်ခန်းထဲရှိ ဗီရိုထဲမှာ သူ ပုန်းနေမည်။

စားစရာ သောက်စရာ စည်သွတ်ဘူးများ အလုံအလောက် ယူသွားမည်။ မနက်ဖြန်ည ရုပ်မြင်သံကြား အစီအစဉ်ကို ကြည့်ပြီးသည်အထိ သူ့မှာ လုံလောက်သော အစားအသောက်များ ရှိနေဖို့ လိုသည်။ ထိုကိစ္စအတွက်လည်း မလစ်ဟင်းအောင် သူ စီစဉ်ထားပြီး ဖြစ်ပါသည်။

အလွန်အဖိုးတန်သည့် သူပိုင်ငွေများထဲမှ ဒေါ်လာ ၉၀ ကိုတော့ မဖြစ်မနေ သုံးရဦးတော့မည်။

အဖြူ အမည်း ရုပ်မြင်သံကြားစက် အသေးကလေး တစ်လုံးကို ဒေါ်လာ ၉၀ ပေးပြီး ဝယ်ရမည်။ သို့မှသာ ပက်ထရီရှာထရေးမိုး၏ အိမ်အပေါ်ထပ်မှာ ပုန်းနေရင်း ပက်ထရီရှာထရေးမိုး တင်ဆက်မည့် အက်ဘီစေးလ်ဂျင်းနှင်း အကြောင်း အထူးအစီအစဉ်ကို သူ ကြည့်ရှုနိုင်မည် ဖြစ်မည်။

ပက်ထရီရှာ၏ အိမ်သို့ အသွားလမ်းတွင် အိပ်ချင်ပြေဆေး ဝင်ဝယ်သွားရန်လည်း စိတ်ကူးထားပြီး ဖြစ်သည်။ သူ့အိမ်ထဲ သွားပြီး အိပ်ပျော်နေ၍ မဖြစ်။ အိပ်ပျော်နေရင်း ထယောင်ခဲ့သော် မခက်လား။

သူ ပုန်းနေမည့် နေရာသည် ပက်ထရီရှာထရေးမိုး အိပ်သည့် အခန်းနှင့်တော့ ဝေးသည်။ တော်ရုံတန်ရုံဖြင့် ကြားနိုင်မည် မဟုတ်။ သို့သော်လည်း သူ မစွန့်စားရဲပါ။

နောက် မိနစ် ၄၀ လောက်ကြာတော့ ဂျော့တောင်းရပ်ကွက်တွင်းသို့ အာသာစတီဗင် ရောက်နေပြီ။ ပက်ထရီရှာထရေးမိုး၏ အိမ်နှင့် နှစ်လမ်းကျော်မှာ သူ ရှိနေသည်။

တစ်ရပ်ကွက်လုံး တိတ်ဆိတ် ငြိမ်သက်နေသည်။ သူ ကြိုက်တာထက် ပိုပြီး တိတ်ဆိတ်နေခြင်း ဖြစ်ပါသည်။

ခရစ္စမတ်ပွဲတော်အတွက် ဈေးဝယ်မှုများလည်း ပြီးဆုံးသွားပြီ ဖြစ်သည်။ ထို့ကြောင့် လူသွားလူလာ သိပ်မများတော့။ သည်လို အချိန်မျိုးတွင် သူလို လူတစ်ယောက်ကို အလွယ်တကူ သတိထားမိနိုင်သည်။

မစ္စထရေးမိုး၏ အိမ်အနီးတစ်ဝိုက်တွင် ရဲသားအစောင့် ချထားချင်ထားမည်။ ကင်းပုန်း ဝပ်ခိုင်းထားချင် ထားမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မစ္စထရေးမိုး၏ အိမ်သည် ထောင့်အိမ် ဖြစ်သဖြင့် သူ့အတွက် အစစ အဆင်ပြေသွားပါသည်။ အိမ်နောက်ဘက်က မှောင်နေသောကြောင့် လုံလုံခြုံခြုံ ဝင်နိုင်သည်။

မီးမထွန်းထားသော အိမ်ကြီး ရှိရာ ခြံဝင်းအတွင်းသို့ သူ အလွယ်တကူ ဝင်လာနိုင်ခဲ့သည်။ နောက်ဘေးခြံနှင့် ခြားထားသည့် သစ်သား ခြံစည်းရိုးကလည်း နိမ့်နိမ့်ကလေး ဖြစ်သည်။ ထို့ကြောင့် စားစရာ သောက်စရာများ ထည့်လာသည့် ပလတ်စတစ်အိတ်ကို ခြံစည်းရိုး ကျော်ပြီး နှင်းခဲများပေါ်သို့ အသာချလိုက်သည်။ ပြီးမှ လူက အလွယ်တကူ ကျော်တက်လိုက်သွားသည်။

သူ စောင့်ကြည့်နေသည်။ နားစွင့်ထားသည်။

ဘာသံမှ မကြားရ။ မစ္စထရေးမိုး၏ မော်တော်ကားသည်လည်း အခါတိုင်း ရပ်နေကျ နေရာမှာ ရပ်မထား။ အိမ်ကြီး တစ်အိမ်လုံး မည်းမှောင်နေသည်။

စားစရာ သောက်စရာ ထည့်ထားသည့် ပလတ်စတစ်အိတ် ကိုင်ပြီး သစ်ပင်ပေါ် တက်ရသည်မှာ အတော်တော့ အဆင်မပြေ။ သစ်ပင်နှင့် သစ်ကိုင်းများကလည်း ဆီးနှင်းများ ဖုံးနေသည်။ လက်ကိုင် မမြဲ။

သတိထားပြီး ခက်ခက်ခဲခဲ တက်ခဲ့သည်။ ပြတင်းပေါက်ကို ကျော်ပြီး အခန်းထဲသို့ ဆင်းလိုက်သည်။ ကြမ်းက အသံမြည်သွားသည်။

ထို့ကြောင့် ရှေ့ဆက်မသွားသေးဘဲ ပြတင်းပေါက်နားမှာ ငြိမ်ငြိမ်ကလေး နေပြီး အိမ်ထဲမှ အသံကို နားထောင်ကြည့်နေသေးသည်။

အရေးအကြောင်း ပေါ်လာလျှင် လာလမ်းအတိုင်း ပြန်ထွက်ပြေးရန် အသင့်ဟန်ပြင်ထားသည်။

သို့သော်လည်း အိမ်ထဲမှာ တိတ်ဆိတ် ငြိမ်သက်နေသည်။ တစ်ချက်တစ်ချက် လေတိုးသံလောက်ကိုသာ ကြားရသည်။

သူ ပုန်းအောင်းနေမည့် နေရာကို ပြင်ဆင်သည်။ ဗီရိုကြီးကို နံရံတွင် အသေကပ်ထားခြင်း မဟုတ်သောကြောင့် သူ သဘောအကျကြီး ကျသွားသည်။ ဗီရိုကြီးကို ရှေ့သို့ နည်းနည်းရွှေ့လိုက်ခြင်းအားဖြင့် အတွင်းမှာ အတော်ကလေး ချောင်ချောင်ချိချိ နေနိုင်သွားသည်။

ပုန်းအောင်းမည့် နေရာကို အထူးဂရုစိုက်ပြီး ပြင်ဆင်သည်။ ဗီရိုထဲမှာ ရှိနေသည့် ဂွမ်းကပ်များကို ခင်းသည်။

အစားအသောက်များနှင့် ရုပ်မြင်သံကြားစက်ကို နေရာထားသည်။

ဗီရိုကြီး၏ အောက်ဆုံး အဆင့်တွင် ခေါင်းအုံး အကြီးစားလေးလုံး အဆင်သင့် ရှိနေသဖြင့် နတ်တို့ ဖန် ရေကန်အသင့် ကြာအသင့် ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိနစ်အနည်းငယ်အတွင်းမှာပင် သူ နေသားတကျ ပြင်ဆင်ပြီးသွားသည်။

ယခုအခါတွင် အိမ်ကြီးအတွင်းမှာ လှည့်လည် လေ့လာဖို့ပဲ ရှိတော့သည်။

ကံဆိုးသည်ဟု ပြောရမလားတော့ မသိ။ ပက်ထရီရှာထရေးမိုးက တစ်အိမ်လုံးရှိ မီးများ ပိတ်သွားသည်။ ထို့ကြောင့် အသင့်ပါလာသည့် လက်နှိပ်ဓာတ်မီးကလေး အားကိုးဖြင့် သူ လေ့လာရပေတော့မည်။

လက်နှိပ်ဓာတ်မီးကို ကြမ်းပေါ်သို့ ခပ်နိမ့်နိမ့် စိုက်ထိုးသည်။ ပြတင်းပေါက်မှတစ်ဆင့် အလင်းရောင် အပြင်သို့ ထွက်မသွားစေရန် သတိထားသည်။ အောက်ထပ်ရှိ နားနေခန်းနှင့် သူ ပုန်းအောင်းနေသည့် နေရာကို ခေါက်တုံ့ခေါက်ပြန် အထပ်ထပ် အသန်း ကျင့်သည်။

ကြမ်းအနေအထားများကို လေ့လာသည်။ နင်းလိုက်လျှင် မြည်တတ်သည့်နေရာများကို မှတ်သားထားသည်။

သူ ပုန်းအောင်းနေသည့် နေရာကလေးမှ ပက်၏ အခန်းသို့ သွားကြည့်ရာ ၁၂ စက္ကန့်ပဲ ကြာသည်။

ပက်၏ အခန်းထဲမှာ သူ မမြင်ဖူးသော အလွန်တရာ လှပသည့် လှအသုံးအဆောင်ပစ္စည်းများကို တွေ့ရသည်။ ဘီးများနှင့် အလှပြင်ပစ္စည်း အတော်များများသည် ငွေထည်ပစ္စည်းများ ဖြစ်လေသည်။

ရေမွှေးပုလင်းများကို ဖွင့်ပြီး သူ ရှူကြည့်မိသည်။

ထိုနောက် ရေချိုးခန်းထဲသို့ ဝင်ကြည့်သည်။ အဝတ်အစားများကို တွေ့ရပြန်သည်။ ကိုင်ကြည့်သည်။

ဒေါသတကြီးဖြင့် လက်ကို ပြန်ရုပ်လိုက်သည်။

ဂလိုရီ သဘောကျမည့် အဝတ်အစားများ ဖြစ်လေသည်။

ဂလိုရီ၏ ရုံးသို့ ရဲလိုက်သွားပြီး စစ်လား ဆေးလား လုပ်နေသလား၊ ယခုလောက်ဆိုလျှင် အိမ်ပြန် ရောက်နေလောက်ပြီ။

ဂလိုရီနှင့် သူ စကားပြောချင်လာသည်။

ပက်ထရီရှာ၏ အိပ်ခန်းထဲသို့ သူ သွားသည်။ ခုတင်ဘေးမှာ တယ်လီဖုန်းတွေ့သည်။ ကောက်လှည့်သည်။ အသံရှည် လေးချက် ခေါ်သည်။ တစ်ဖက်မှ မကိုင်။

သူ မျက်မှောင်ကုတ်သွားသည်။

ရဲစခန်းမှာ သွားအဖမ်းခံဖို့ ဂလိုရီ ပြောသည်။

သို့သော်လည်း စောင့်ပါဦးမည်ဟု ကတိပေးထားသည်။

အိမ်မှာပဲ ရှိပါလိမ့်မည်။ အိပ်ရာပေါ်မှာ လှဲနေတာ ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ည ရုပ်မြင်သံကြား အထူးအစီအစဉ် ထုတ်လွှင့်လျှင် သူ့ဓာတ်ပုံကြီး ထုတ်လွှင့်မည်ကို တုန်လှုပ်ချောက်ချားစွာ စောင့်ဆိုင်းနေခြင်း ဖြစ်ပေလိမ့်မည်။

ဖုန်းကို ပြန်ချသည်။ ပက်၏ ခုတင်စွန်းမှာ သူ ဝင်ထိုင်သည်။

ဂလိုရီကို သူ လွမ်းဆွတ်နေလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

[ ၃၆ ]

"အခု ကြည့်လို့ကောင်းသွားပါပြီ ဆီနီတ်တာ၊ အခုလို အဝတ် ပြန်လဲခိုင်းရတာ ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ရိုက်ချင်တဲ့ အကွက်က တစ်နေ့တာရဲ့ အကြောင်းပါ၊ ဒါကြောင့် အိမ်က ထွက်သွားတုန်းက ဝတ်သွားတဲ့ အဝတ်အစားကို ဝဲ အိမ်ပြန်လာတဲ့အခါ ဝတ်ပြီး ပြန်လာတဲ့ သဘောမျိုး ဖြစ်ဖို့ လိုပါတယ်"

လူသာပယ်လ်ဟမ်းက အသေးစိတ် ရှင်းပြနေသည်။

"ရပါတယ်… ရပါတယ်၊ အစကတည်းက ဒါကို ကျွန်မ သဘောပေါက်ထားဖို့ ကောင်းတယ်"

အက်ဘီဂေးလ်က တိုတိုတုတ်တုတ် ပြန်ပြောသည်။

ထိုနေ့အတွက် ရိုက်ကူးပြီးစီးသည်။

အက်ဘီဂေးလ် နေအိမ်ရှိ နားနေခန်းထဲမှာ သူတို့ ရှိနေကြသည်။ ကင်မရာဆရာများက သူတို့ ပစ္စည်းများကို ထုပ်ပိုးသိမ်းဆည်းနေကြသည်။

အက်ဘီဂေးလ်သည် လူသာပယ်လ်ဟမ်းကို အရက်သောက်သွားစေချင်သည့် ရည်ရွယ်ချက် မရှိကြောင်းကို တိုဘီ သတိထားမိနေသည်။

လူသာကို သူ့အိမ်ထဲက မြန်မြန် ပြန်သွားစေချင်နေသည်။

လူသာကလည်း ကောင်းကောင်း ရိပ်မိနေသည်။

"မြန်မြန်သိမ်းကြဟေ့"

သူ့လူများကို လောဆော်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်နှာလို မျက်နှာရ အမူအရာမျိုးဖြင့် အက်ဘီဂေးလ်ကို ပြုံးကြည့်သည်။

"ဒီနေ့ ခင်ဗျား ဘယ်လောက် ပင်ပန်းတယ် ဆိုတာ ကျွန်တော် သိပါတယ် အက်ဘီဂေးလ်၊ မနက်ဖြန် မနက် စတူဒီယိုထဲမှာ တစ်ကြိမ် ရိုက်လိုက်ရင် အားလုံး ပြီးသွားပါပြီ"

"အဲဒီအချိန်လေးဟာ ကျွန်မ ဘဝတစ်သက်တာမှာ အပျော်ရွှင်ဆုံးအချိန် ဖြစ်မှာပဲ"

တိုဘီက အက်ဘီဂေးလ်ကို စိတ်လျှော့ထားစေချင်သည်။

သူတို့နှစ်ယောက်သည် ဒုတိယသမ္မတ နေရမည့် အိမ်ကြီး ရှေ့သို့ ကားနှင့် နှစ်ကြိမ် ဖြတ်မောင်းကြည့်ပြီးပြီ။ ထိုအပြုအမူနှင့် ပတ်သက်ပြီး အက်ဘီဂေးလ် ကတောင် အရွှန်းဖောက်သေးသည်။

"တို့နှစ်ယောက် ဒီလို ကားနဲ့ ဖြတ်မောင်းကြည့်တာကို ဆောင်းပါးရှင် မြင်သွားရင် ဘာပြောမယ် ထင်သလဲ"

ထိုအချိန်တုန်းကတော့ သူ စိတ်လက်ပေါ့ပါးစွာ ရှိနေသည်။ ရယ်လား မောလား ရှိနေသည်။

သို့သော်လည်း ကင်မရာအဖွဲ့သားများ ရောက်လာသည့် အချိန်မှစ၍ သူ ပြန်ပြီး ကျဉ်းကျပ်သွားခြင်း ဖြစ်လေသည်။

လူသာပယ်လ်ဟမ်းက ကုတ်အင်္ကျီ ဝတ်နေသည်။

"သမ္မတကြီးက ဒီနေ့ည ၉ နာရီမှာ သတင်းစာကွန်ဖရင့် လုပ်ဖို့ ဖိတ်ထားတယ်၊ အရှေ့ဘက်ဆောင်မှာ လုပ်မယ်၊ ခင်ဗျားရော အဲဒီ ရောက်နေဖို့ အစီအစဉ် ရှိသလား အက်ဘီဂေးလ်"

"ကျွန်မလည်း အဖိတ်ခံထားရပါတယ်"

အက်ဘီဂေးလ်က ဒါလောက်ပဲ ပြန်ပြောသည်။

"ကျွန်တော်တို့ အချိန်ကိုက်ထားတာကတော့ အံ့သြစရာ ကောင်းလောက်အောင်ကို ကောင်းတာပါပဲဗျာ၊ ဒီအစီအစဉ်ကို ၆ နာရီခွဲနဲ့ ၇ နာရီကြားမှာ တင်ဆက်မယ်၊ သတင်းစာကွန်ဖရင့်က ၉ နာရီ ဆိုတော့ ရုပ်မြင်သံကြား ကြည့်မယ့် ပရိသတ် အဖို့ အချိန် ထပ်မနေရတော့ဘူးပေါ့"

"ဝါရှင်တန် မြို့သူမြို့သားတွေတော့ ခန့်မှန်းချက်နဲ့ မျှော်တလင့်လင့် လုပ်နေကြရတာနဲ့ မူးမေ့ပြီး လဲကျကုန်တော့မယ် ထင်တယ်၊ လူသာ တကယ့်ကိုပဲ ကျွန်မ အရမ်းပင်ပန်းနေပြီ"

အက်ဘီဂေးလ်က ပြန်ပြောသည်။

"မှန်တာပေါ့၊ မှန်တာပေါ့၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ မနက်ဖြန် မနက် ပြန်တွေ့ကြမယ်နော်၊ အဆင်ပြေမယ် ဆိုရင် ၉ နာရီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လှသာတို့ လှသိုက် ပြန်သွားကြသည်။

အက်ဘီဂေးလ်နှင့် တိုဘီ နှစ်ယောက်တည်း ကျန်တော့မှ အက်ဘီဂေးလ်က ပြောသည်။

"နောက်ထပ် တစ်မိနစ်လောက်များ ဆက်ရိုက်ရဦးမယ် ဆိုရင် ငါ ရူးသွားတော့မယ် ထင်တယ်၊ နောက်ပြီး ဒီဥစ္စာကြီးဟာ လုံးဝကို မလိုအပ်ဘူးလို့ ငါ ထင်နေပြန်တော့..."

"ဒီလိုလည်း မဟုတ်ဘူးလေ၊ မလိုအပ်ဘူး ဆိုတာ မဟုတ်ပါဘူး ဆိုနိုင်တာ"

တိုဘီက ချော့မော့ ဖျောင်းဖျသည့် လေသံနှင့် ပြန်ပြောသည်။

"ဒုတိယသမ္မတအဖြစ် သမ္မတကြီး ခန့်ပေမယ့် ကွန်ဂရက်လွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူဦးမှာ မဟုတ်လား၊ အများစုက ခင်ဗျားကို ထောက်ခံမဲ ပေးကြမှာ သေချာပါတယ်၊ ဒါပေမဲ့ ဒီလို မဲမပေးခင် ရုပ်မြင်သံကြားက ခင်ဗျား အကြောင်း အထူးအစီအစဉ် ကြိုတင်လွှင့်ထုတ်ထားတယ် ဆိုတော့ ပိုကောင်းတာ ပေါ့၊ ခင်ဗျားကို ဒုတိယသမ္မတ ခန့်တဲ့အတွက် ဝမ်းသာကြောင်း တိုင်းသူပြည်သား တွေက ကြေးနန်းတွေ ရိုက်ကြမယ်၊ စာတွေ ရေးပို့ကြမယ်၊ ရုပ်မြင်သံကြား အစီအစဉ်က အဲဒါတွေ စွမ်းဆောင်ပေးနိုင်တယ်"

"အဲဒီကိစ္စအတွက်တော့ ဒီအစီအစဉ်ဟာ အဖိုးတန်ပါတယ်လေ"

"အက်ဘီ... ကျွန်တော့်ကို ဒီနေ့ည ခိုင်းစရာ တစ်ခုခုများ ရှိနေသေး သလား"

"မရှိတော့ပါဘူးဟယ်၊ ငါလည်း အိပ်ရာ စောစောဝင်တော့မှာပါ၊ အိပ်မပျော်မချင်း စာဖတ်လိုက်မယ်"

အက်ဘီဂေးလ်က ပြုံးသည်။ သူ့စိတ်ကို လျှော့လိုက်ပြီ ဖြစ်ကြောင်း တိုဘီက သိသည်။

"ဘယ်ဆိုင်က စားပွဲထိုး မိန်းကလေးဆီကို သဝေထိုးဦးမလို့လဲ၊ ဒါမှ မဟုတ် ပိုကာဝိုင်းကို သွားမလို့လား တိုဘီ"

အက်ဘီဂေးလ်က အပြုံးနှင့် လှမ်းမေးလိုက်လေသည်။

၆ နာရီခွဲမှာ အိမ်သို့ ပက် ပြန်ရောက်သည်။ အဝင်ဝအခန်းက မီးကို ဖွင့်လိုက်သည်။ သို့သော်လည်း အပေါ်ထပ် တက်သည့် လှေကားကတော့ မှောင်ရိပ်ထဲမှာ ကျနေ သည်။

သူ့အဖေ၏ ဒေါသတကြီး ပြောဆိုနေသည့် အသံများ သူ့နားထဲသို့ တိုးဝင်လာလေသည်။

"မင်း ဒီကို လိုက်လာဖို့ မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



လူသတ်မှု ဖြစ်သည့်ညက တံခါးခေါင်းလောင်း တီးသည့် အသံ အဆက်မပြတ် ပေါ်ထွက်နေခဲ့သည်။

သူ့အဖေက တံခါး သွားဖွင့်ပေးသည်။

တစ်စုံတစ်ယောက်က သူ့အဖေကို တွန်းထိုး ဖယ်ပစ်ပြီး အိမ်ထဲသို့ ကမူးရှူးထိုး ဝင်ခဲ့သည်။

ထိုသို့ အတင်းဝင်လာသူက အပေါ်ကို မော့ကြည့်သည်။

ထိုအကြောင်းကြောင့် ပက် ကြောက်နေခြင်း ဖြစ်သည်။

ဒက်ဒီကလည်း အရမ်းစိတ်ဆိုးနေသည်။

မိမိ လှေကားထောင့်ချိုးတွင် ထိုင်နေသည်ကို ဒက်ဒီ မြင်သွားလေပြီလားဆိုပြီး သူ အကြောက်ကြီး ကြောက်ခဲ့ခြင်း ဖြစ်လေသည်။

ထိုအကြောင်းများကို ပြန်သတိရလာသောကြောင့် လှေကား လက်တန်းပေါ်သို့ တင်လိုက်သည့် ပက်၏ လက်မှာ တဆတ်ဆတ် တုန်နေသည်။

စိတ်လှုပ်ရှားစရာ အကြောင်း မရှိတော့ပါဘူးလေ၊ ဒီနေ့ ငါ အလုပ်တွေ အရမ်းပင်ပန်းလို့ ဖြစ်ရတာပါ။ ကောင်းသွားမှာပါ။ ပြီးရင် ညစာ ပြင်ရမယ်ဟု တွေးနေသည်။

အိမ်ခန်းထဲ ရောက်တော့ ခပ်မြန်မြန် အဝတ်လဲသည်။

သက်သောင့်သက်သာ နေနိုင်မည့် အဝတ်ကို ရွေးလဲသည်။

မှန်တင်ခုံမှာ ထိုင်သည်။

ဆံပင်ကို နောက်တွဲ ထုံးသည်။

မျက်နှာကို ကရင်မ် လိမ်းသည်။

ဆံစပ်မှ ခပ်ရေးရေး ကျန်နေသေးသော အနာရွတ်ကို လက်ဖြင့် စမ်းကြည့်မိသည်။

အနောက်မှာ ရှိသည့် ခုတင်က မှန်ထဲမှာ လာပေါ်နေသည်။ ခုတင်တိုင်များကို ကြည့်သည်။

မှန်ထဲက ခုတင်တိုင်ကို ပို၍ အာရုံစိုက်ပြီး ကြည့်သည်။

အာရုံတစ်ခုခု ရလာလျှင် မှန်ထဲမှ ကိုယ့်နဖူး ကိုယ် ပြန်ကြည့်ခြင်းအားဖြင့် အိပ်မွေ့ချနိုင်ကြောင်း၊ မေ့နေသည်များ ပြန်ပေါ်လာတတ်ကြောင်း သူ ကြားဖူးသည်။

ထို့ကြောင့် မှန်ထဲမှာ ပေါ်နေသည့် သူ့နဖူးကို သူ ပြန်စိုက်ကြည့်သည်။

ဥမင်လိုဏ်ခေါင်းကြီး တစ်ခုထဲသို့ နောက်ပြန်လျှောက်ပြီး ဝင်သွားနေသည့် သူ့ကိုယ်သူ ပြန်ကြည့်နေရသလို ခံစားလာရသည်။

နောက်ပြီးတော့ သူတစ်ယောက်တည်း ဟုတ်ပုံမရ။ သူနှင့်အတူတူ အခြားတစ်ယောက်ယောက် ရှိနေသည်ဟု စိတ်ထဲမှာ ခံစားလာရသည်။

အတော်ရယ်စရာ ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်လက်ပေါ့ပါး ရွှင်လန်းလာလေသည်။

အောက်ထပ်ရှိ မီးဖိုချောင်ထဲသို့ ဆင်းခဲ့သည်။ ညစာ ပြင်သည်။

မဲဆာသော်လည်း အတင်းကြိတ်မှိတ်ပြီး ဝင်နိုင်သမျှ ဝင်အောင် စား သည်။

မီးဖိုချောင်မှာ နေရတာ သက်သက်သာသာ ရှိသည်။ နွေးနေသည်။ သူ့အမေရယ်၊ သူ့အဖေရယ်၊ သူရယ်… တစ်ခါတလေ ဒီမီးဖိုချောင်ထဲမှာ ထမင်း စားဖူးကြသည်။

ထိုကဲ့သို့ စားကြတုန်းက သူ့အဖေ ပေါင်ပေါ် တက်ပြီး သူ ထိုင်ဖူးသလား စဉ်းစားကြည့်သည်။ ဝါးနေသည်။

သူတို့ မိသားစု ပို့လိုက်သည့် ခရစ္စမတ်ကတ်ပြားကို ဗရိုနီကာက ထုတ်ပြ ဖူးသည်။ 'ဒင်း… ရီနီ… ကယ်ရီ…' ဟု ထိုကတ်ပြားတွင် လက်မှတ်ထိုးထား သည်။

ထိုနာမည်များကို သူ အကျယ်ကြီး အော်ဆိုသည်။

"ဒင်း… ရီနီ… ကယ်ရီ…"

သံစဉ်တွေ ဘာကြောင့် ကမောက်ကမ ဖြစ်နေသနည်းဟု စဉ်းစားကြည့် သည်။

စားသောက်ပြီးသည့် ပန်းကန်များကို ပန်းကန်ဆေးစက်ထဲသို့ ထည့်သည်။ ဒါတွေ ပြီးလျှင် ဘာလုပ်ရမည် ဆိုသည်ကို သိထားသောကြောင့် ဖြည်းဖြည်း ဆေးဆေး လုပ်နေမိသည်။

ဒါတွေ ပြီးလျှင် သတင်းစာထဲက ဆောင်းပါးကို ပြန်ဖတ်ကြည့်ရဦးမည်။ ဒင်းနှင့် ရီနီတို့အကြောင်း ဘာတွေများ ထပ်မံ သိရှိနိုင်သေးသနည်းဟူသော မျှော်လင့်ချက်ဖြင့် ဆောင်းပါးကို အသေးစိတ် ဖတ်ရမည်။

သတင်းစာသည် စာကြည့်ခန်းထဲက စားပွဲပေါ်မှာ ရှိနေဆဲ ဖြစ်သည်။ အလယ်စာမျက်နှာကို လှန်လိုက်သည်။ ဆောင်းပါးကို တစ်ကြောင်းချင်း ကြိုးစား ဖတ်သည်။

အကြောင်းအရာ အများစုသည် သူ သိပြီးသားများချည်း ဖြစ်သည်။ ထို့ကြောင့် ဘာမှ ထူးဆန်းပြီး မှတ်ဉာဏ် ပေါ်မလာပါ။

သေနတ်ပေါ်တွင် နှစ်ယောက်စလုံး၏ လက်ဗွေများ ရှိနေသည်… ဒင်းအဒမ်စ်သည် နဖူးတည့်တည့်တွင် မှန်သော သေနတ်ဒဏ်ရာကြောင့် ချက်ချင်း သေဆုံးသွားပုံရသည်… ရီနီအဒမ်စ်ကတော့ အချိန်… အောင် အသက်ရှင်နေပုံရသည်…

www.burmeseclassic.com

www.burmeseclassic.com



ကော်လံတစ်ခုတွင်မူ ရီနီ၏ အိမ်နီးနားချင်းများ ညှော်ခံပွဲတစ်ခုတွင် ကြားခဲ့ရသည့် ကောလာဟလများအကြောင်း ရေးထားသည်။

သူတို့ အိမ်ထောင်ရေး အဆင်မပြေကြောင်း၊ ဝါရှင်တန်မှ တခြားသို့ ပြောင်းဖို့ ရီနီက သူ့ယောက်ျားကို နားပူနားဆာ လုပ်နေကြောင်း၊ ညှော်ခံပွဲများ နောက်တမ်း တက်နေရသည်ကို ရီနီ ရွံမုန်းနေပြီ ဖြစ်ကြောင်း၊ အခြား အမျိုးသမီးများက သူ့ယောက်ျားအား စွဲမက်ကြသည်ကိုလည်း သူ မနာလိုအူတို ဖြစ်နေကြောင်း...။

'ရီနီဟာ သူ့ယောက်ျားကို အရူးအမူး ချစ်နေသူ ဖြစ်တယ်၊ သူ့ယောက်ျားကလည်း နည်းနည်းလေးမှ ခြေမငြိမ်ဘူးလေ...' ဟု အိမ်နီးချင်းတစ်ယောက်က ပြောကြောင်းဖြင့်လည်း ဆောင်းပါးထဲမှာ ထည့်ရေးထားသေးသည်။

နောက်ပြီးတော့ သေနတ်နှင့် ပစ်သူမှာ ရီနီ ဖြစ်ကြောင်း၊ ဒင်းအဒမ်စ် မဟုတ်ကြောင်း ရေးထားသည်။

စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သောအခါ ရီနီ၏ မိခင်က ထိုစွပ်စွဲချက်ကို ပျက်ပြယ်အောင် ကြိုးစားခဲ့သေးသည်။

**"ဒီကိစ္စဟာ လျှို့ဝှက်သည်းဖို စာတ်လမ်း မဟုတ်ဘူး၊ ကြေကွဲစရာကောင်းတဲ့ ကြမ္မာဆိုးကြီး ဖြစ်တယ်၊ ကျွန်မ သမီး အသတ်မခံရခင် သုံး လေးရက် အလိုလောက်က သူနဲ့ သူ့သမီး ကယ်ရီ ကျွန်မဆီကို ပြန်လာမယ်လို့ ကျွန်မကို ပြောတယ်၊ သူ့ယောက်ျားနဲ့ ကွာရှင်းပြတ်စဲဖို့နဲ့ သမီးကို အုပ်ထိန်းခွင့် ရဖို့ ရုံးတော်မှာ လျှောက်မယ်လို့လည်း ကျွန်မကို ပြောတယ်"**

စသည်ဖြင့် ရီနီ၏ မိခင် ပြောဆိုခဲ့သည် ဆိုသော စကားများကိုလည်း ဆောင်းပါးတွင် ပြန်လည်ကိုးကား ဖော်ပြထားသည်။

သူ့စကားများ မှန်နိုင်သည်ဟု ပက်က တွေးကြည့်သည်။

အိမ်ပေါ်က ဆင်းလာပြီး ခလုတ်တိုက် လဲတာဟာ မေမေ့အပေါ်မှာ လဲတာပါလို့ ငါ သိနေတယ်၊ ဒက်ဒီ့ကိုယ်ပေါ်ကို လဲကျတာ မဟုတ်ဘူး၊ ဘာကြောင့် လဲဟုလည်း ပက် စဉ်းစားကြည့်သည်။

'ဒုတိယ စာမျက်နှာတွင် ပါသည့် ကြံ့သလို ရိုက်ထားသော ဓာတ်ပုံများကို လှော့လာကြည့်သည်။

ဝေးလတ်ဂျင်းနင်းသည် ပညာတတ် ကျောင်းဆရာတစ်ယောက်နှင့် တူနေသည်။ နိုင်ငံရေးလောကကို ကျောခိုင်းပြီး ကောလိပ်ကျောင်းတစ်ခုမှ ကမ်းလှမ်းလာသည့် ဥက္ကဋ္ဌ ရာထူးကို လက်ခံချင်နေကြောင်းဖြင့် ကက်သရင်းဂရာနေက ပက်ကို ပြောပြလိုက်လေသည်။

အက်ဘီဂေးလ်ကတော့ အသက်ကလည်း ငယ်သေးသည်။ အလွန်တရာလည်း ချောမောလှပသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြား ဓာတ်ပုံ အများကြီးကြားထဲမှာ ညပ်နေသည့် ခပ်ဝါးဝါး ဓာတ်ပုံ တစ်ပုံလည်း ရှိသေးသည်။ ထိုပုံကို ပက်က အကြိမ်ပေါင်းများစွာ ပြန်ကြည့်နေသည်။

ထို့နောက် မီးရောင်နားမှာ ကပ်ကြည့်သည်။

ပင်လယ်ကမ်းခြေ တစ်နေရာတွင် အမှတ်တမဲ့ ရိုက်ယူထားလိုက်သော ပုံ ဖြစ်သည်။ သူ့အဖေ၊ သူ့အမေနှင့် အက်ဘီဂေးလ်တို့ အခြား နှစ်ယောက်နှင့် အတူရှိနေသော အုပ်စုပုံ ဖြစ်သည်။

သူ့အဖေက စာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာ ဖတ်နေသည်။ မျက်နှာစိမ်း နှစ်ယောက်က စောင်ပေါ်မှာ လှဲပြီး မျက်လုံးများ မှိတ်ထားကြသည်။

သူ့အဖေနှင့် အက်ဘီဂေးလ်တို့ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကြည့်နေကြပုံကို ကင်မရာက အမိအရ ရိုက်ထားသည်။ သူတို့နှစ်ယောက်၏ ကျွမ်းဝင်ရင်းနှီးမှုကို အထင်းသား မြင်တွေ့နေရသည်။

အံဆွဲထဲမှာ မှန်ဘီလူး ရှိသည်။ ပက်က မှန်ဘီလူး ထုတ်ပြီး ထိုဓာတ်ပုံကို မှန်ဘီလူးနှင့် ထပ်ကြည့်ပြန်သည်။

ထိုသို့ ချဲ့ကြည့်လိုက်တော့မှ အက်ဘီဂေးလ်၏ အမူအရာသည် မှိုရသည့် မျက်နှာပမာ အူအမြူးကြီး မြူးနေကြောင်း ထင်ထင်ရှားရှားကြီး တွေ့ရလေတော့ သည်။

အက်ဘီဂေးလ်ကို ငုံ့ကြည့်နေသော သူ့အဖေ၏ မျက်လုံးများတွင်လည်း ကြင်နာမြတ်နိုးသည့် အရိပ်အယောင်များ ဖုံးလွှမ်းနေသည်။

သူတို့ နှစ်ယောက် လက်ချင်း ထိနေကြသည်။

ပက်က သတင်းစာကို ခေါက်လိုက်သည်။

ထိုဓာတ်ပုံက ဘာအဓိပ္ပာယ်ကို ဖော်ပြသနည်း။

ကြုံတုန်းကြုံခိုက် ဖောက်ပြန်ကြသည့် သဘောလော…။

သူ့အဖေကို အမျိုးသမီးတွေ ကျကြသည်။ အမျိုးသမီးများ စိတ်ဝင်စား လာအောင် သူကလည်း ဖန်တီးကောင်း ဖန်တီးပေလိမ့်မည်။

ထိုအချိန်က အက်ဘီဂေးလ်သည် ချောမောလှပပြီး အသက် ငယ်ရွယ် နုပျိုသေးသော မုဆိုးမကလေး ဖြစ်သည်။

ထို့ကြောင့် စိတ်လှုပ်ရှားမည် ဆိုက လှုပ်ရှားနိုင်ကြသည်။

စိတ်ညစ်လာသည့်အခါများ… စိတ်ရှုပ်လာသည့်အခါများတွင် ပက်သည် စန္ဒရားတီးလေ့ရှိသည်။

မီးပန်းဆိုင်းကို ပိတ်လိုက်သည်။ ခရစ္စမတ်သစ်ပင်မှ မီးများကို ဖွင့်သည်။ စန္ဒရား ခလုတ်များပေါ်တွင် သူ့လက်ချောင်းကလေးများ လှုပ်ရှားပြေးလွှားနေပြီ သည်။

ဘီသိုဗင်၏ စောင်းသွားတစ်ခု ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆမ်သည် ယနေ့ ယခင်က ဆမ် ဖြစ်လာသည်။ ပက် မှတ်မိနေသော ဆမ်သည် စိတ်ဓာတ် ကြံ့ခိုင်သည်။ ယုံကြည်ချက် အပြည့်အဝ ရှိသည်။

သူ့ကို အချိန်ပေးဖို့ပဲ လိုသည်။ အချိန်က သူ့ကို ကုစားသွားပါလိမ့်မည်။

ထို့အတူ ပက်အဖို့လည်း အချိန်လိုပါသည်။

လွန်ခဲ့သည့် နှစ်နှစ်လောက်တုန်းက သူတို့နှစ်ယောက် သံယောဇဉ် ငြိတွယ်နေမိကြသည့်အတွက် နှစ်ယောက်စလုံး စိတ်မသန့်ခဲ့ကြ။ အပြစ် တစ်ခုခုကို ကျူးလွန်ထားမိသလို ခံစားခဲ့ကြရပြီး စိတ်ထိခိုက်နေခဲ့ကြရလေသည်။

ယခုကတော့ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်ပါသည်။

သူ့အဖေနှင့် အက်ဘီဂေးလ်ဂျင်းနင်း…

သူတို့ နှစ်ယောက် ငြိစွန်းနေကြသလော…

မြောက်မြားစွာသော အချစ်ဇာတ်လမ်းများထဲမှ ဇာတ်လမ်းကလေး တစ်ခုများ ဖြစ်နေသလော။

သူ့အဖေသည် ပို့တိုင်း ကြိုက်သည့် နှင်းဆီခိုင် ဖြစ်ခဲ့ပုံရသည်။ ဘာကြောင့် မဖြစ်ရမည်နည်း။ အလွန်ချောသော ယောက်ျားတစ်ယောက် ဖြစ်သည်။

ပြီးတော့ အောင်မြင်ကျော်ကြားသော နိုင်ငံရေးသမား တစ်ယောက်။ ထိုအချိန်က ရှေ့အလားအလာ ကောင်းနေသော နိုင်ငံရေးသမား လူငယ်တစ်ယောက်။

ကနေဒီ၏ အဖြစ်ကို ကြည့်ပါလား… ။

အယ်လီနာဘရောင်း…

သူ အာမခံရဖို့အတွက် ရှေ့နေက လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပြီးပါပြီလေ။

ဆမ်ကလည်း ဖုန်းမဆက်။

အယ်လီနာသည် အပြစ်ကင်းသည့် အမျိုးသမီး တစ်ယောက် ဖြစ်ကြောင်း ပက်က သူ့ကိုယ်သူ ပြန်ပြောနေမိသည်။ အကြွင်းမဲ့လည်း ယုံကြည်နေလေသည်။

ဘီသိုဗင်၏ နောက်သီချင်းတစ်ပုဒ်ကို သူ တီးနေမိသည်။

**"ရီနီ… ငါ ပြောတာ နားထောင်စမ်း၊ စန္ဒရား တီးနေတာကို ရပ်ပစ်လိုက်၊ ငါ ပြောတာကို နားထောင်စမ်း"**

**"မရပ်နိုင်ဘူး၊ ရှင် ထွက်သွားပါ၊ ကျွန်မတစ်ယောက်တည်း နေပါရစေ"**

အသံတွေ…

သူ့အသံက စိတ်ဒုက္ခရောက်ပြီး အရေးတကြီး ပြောနေသည့် အသံ…

ရီနီ၏ အသံက စိတ်ပျက်သည့် အသံ…

သူတို့နှစ်ယောက် အကြီးအကျယ် ရန်ဖြစ်ခဲ့ကြသည်ကို ပက် ပြန်စဉ်းစားကြည့်သည်။ ထိုသို့ ရန်ဖြစ်ပြီးတိုင်း ရီနီက နာရီပေါင်းများစွာ ကြာအောင် စန္ဒရား တီးနေတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ ရှိနို စိတ်ကြည်ကြည်လင်လင် ရှိနေသည့်အခါများတွင် ပက်ကို ခုံတန်းလျားပေါ်ရှိ သူ့ဘေးမှာ ထိုင်ခိုင်းတတ်သည်။

"မဟုတ်ဘူး ကယ်ရီ… လက်ချောင်းလေးတွေကို ဒီနေရာမှာထား ဟောဒီလို ခလုတ်ပေါ်မှာတင်"

ပက်က သီချင်းသွားကို လိုက်ညည်းနေသည့် အချိန်၌ ရှိနိုက ဂီတသင်္ကေတများကို ထုတ်ကြည့်နေလေသည်။ ထိုအဖြစ်များသည် သဘာဝအတိုင်းပင် ဖြစ်ပါသည်။

ပက်က ထိုင်ရာမှ ထသည်။ သည်အခန်းထဲမှာ အမှတ်ရစရာ အကြောင်းတွေ များလွန်းလှသည်။

အပေါ်ထပ်သို့ တက်မည်အလုပ်တွင် ဆမ်က ဖုန်းလှမ်းဆက်သည်။

"အယ်လီနာဘာရောင်းကို သူတို့ အာမခံနဲ့ လွှတ်ပေးမှာ မဟုတ်ဘူး။ အာမခံပေးလိုက်ရင် အရင်တစ်ခါလိုပဲ ချိုးဖောက်သွားမှာကို စိုးရိမ်နေကြတယ်။ သူနဲ့ အတူတူ နေတဲ့ ယောကျ်ားတစ်ယောက်အပေါ်မှာလည်း သူတို့ မသင်္ကာကြဘူး၊ လူအိုရုံမှာ အဘိုး အဘွားတွေ သေဆုံးခဲ့တာနဲ့ ပတ်သက်ပြီး မယုံသင်္ကာ ဖြစ်နေကြတယ်"

"ဆမ်… အဲဒီအမျိုးသမီး ထောင်ထဲ ရောက်နေတာကို စဉ်းစားမိတိုင်း ကျွန်မ စိတ်ထိခိုက်လွန်းလို့ပါ"

"ကိုယ် လွှတ်ပေးလိုက်တဲ့ ရှေ့နေ ဖရင့်ခရော်လေက အဲဒီမိန်းကလေး အမှန်အတိုင်း ပြောနေတယ်လို့ ထင်တယ်တဲ့၊ သူ့အမှုတွဲတွေကိုလည်း ဖရင့်ခရော်လေ ပြန်ကူးထားပြီးပြီ၊ သူ့အတွက် ကိုယ်တို့ လုပ်နိုင်တာ အကုန် လုပ်ပေးပါ့မယ်၊ သိပ်ခက်ခဲမယ် မထင်ပါဘူး၊ မင်း နေကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ်၊ အခု အိပ်ရာဝင်တော့မလို့"

"တံခါးတွေ သေသေချာချာ ပိတ်ထားရဲ့လား"

"အထဲကနေပြီး မင်းတုပ်တွေ ထိုးထားပါတယ်"

"ကောင်းတယ်၊ ကိုယ်တို့ လွှတ်တော်ကိုယ်စားလှယ် တချို့ကို မနက်ဖြန် ည အိမ်ဖြူတော်ကို ဖိတ်ထားတယ်၊ သမ္မတကြီးက အရေးကြီးတဲ့ ကြေညာချက် တစ်ခု ထုတ်ပြန်စရာ ရှိနေတယ်၊ အဖိတ်ခံရတဲ့ သတင်းစာဆရာတွေ စာရင်းထဲမှာ မင်း နာမည်ကိုလည်း တွေ့ခဲ့တယ်"

"ဆမ်… ဘာလို့ ထင်သလဲ ဟင်"

"ကိုယ်လည်း မသိဘူး၊ အားလုံးကတော့ အက်ဘီဂေးလ်ကိုပဲ ထင်ကြေး ပေးနေကြတာပဲ၊ ဒါပေမဲ့ သမ္မတကြီး လုပ်ကိုင်နေပုံက အရမ်းပီရိနေတယ်၊ ဖြစ် နိုင်တယ်လို့ ထင်ရတဲ့ ဘယ်သူ့ဆီကိုမှ လုံခြုံရေး အစောင့်အရှောက် ပို့မပေးသေးဘူး၊ အဲဒီတော့ အပြောရခက်… အမှန်းရခက် ဖြစ်နေကြတာပေါ့၊ နောက်ဆုံးအချိန်အထိ

www.burmeseclassic.com

www.burmeseclassic.com



လူတွေ စဉ်းစားစရာ ဖြစ်ကုန်အောင် လုပ်ထားတာလို့ ကိုယ် ထင်တယ်၊ ဒါပေမဲ့ ဘယ်သူပဲရရ မင်းနဲ့ ကိုယ်ကတော့ အပြင် တစ်နေရာရာကို သွားပြီး အထိမ်းအမှတ် ပွဲလေး တစ်ခုခု ကျင်းပလိုက်ကြရအောင်"

"တကယ်လို့ သမ္မတကြီး ရွေးလိုက်တဲ့ လူကို ရှင် သဘောမတူဘူး ဆိုရင်ကော..."

"ဘယ်သူ့ကိုပဲ ရွေးရွေး ကိုယ် ဂရုမစိုက်ပါဘူး၊ ကိုယ့်ရင်ထဲမှာက တခြားကိစ္စတွေ ရှိနေတယ်၊ မင်းနဲ့ အတူတူ ပြန်ပြီး ပေါင်းသင်းဆက်ဆံရတဲ့အတွက် အထိမ်းအမှတ်ပွဲလေး တစ်ခု ကိုယ် လုပ်ချင်တယ်၊ ကိုယ်တို့ နှစ်ယောက် ကွဲသွားတဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ကို ရင်းစားရအောင် ပြန်ယူချင်တယ်၊ ကိုယ်တို့ချင်း အဆက် အသွယ် ဖြတ်လိုက်ပြီးတဲ့နောက် စိတ်မကောင်း ဖြစ်နေမိတာ တစ်ခု ရှိတယ်၊ ဘာလဲဆိုတော့ ကိုယ် လွတ်လပ်သွားပြီးတဲ့နောက်မှာတောင် ဘာဖြစ်လို့ မင်းနဲ့ အဆက်အသွယ် ပြန်မလုပ်မိသလဲ ဆိုတာပဲ"

ပက်က ရယ်သည်။

သို့သော်လည်း သူ့အသံ တုန်နေသည်။

မျက်လုံးထဲမှာ မျက်ရည်များ ဝေ့လာသည်။

ထို့ကြောင့် မျက်တောင်ခတ်ပြီး မျက်ရည်ကို သိမ်းလိုက်ရသည်။

"တောင်ပန်းချက်ကို လက်ခံပါတယ် ဆမ်"

"ဒီလိုဆိုရင် ကိုယ်တို့ ဘဝကို ဒီထက်ပိုပြီး အချိန်ဖြုန်းမပစ်ကြတော့ဖို့ ပြောချင်တယ်"

"ရှင် ဒီထက် ပိုပြီး အချိန်ယူဖို့ လိုလိမ့်ဦးမယ်လို့ ကျွန်မ ထင်တယ်"

"တို့နှစ်ယောက်စလုံး အချိန်ယူဖို့ မလိုတော့ပါဘူးကွယ်"

ဆမ်၏ အသံသည်ပင်လျှင် ပြောင်းလဲသွားချေပြီ။

ယုံကြည်ချက် အပြည့် ရှိနေသည်။

အားမာန်အပြည့် ပါနေသည်။

ညပေါင်းများစွာ အိပ်မပျော်ခဲ့ဘဲ ထိုသို့ အိပ်မပျော်တိုင်း သူ့အကြောင်း စဉ်းစားခဲ့ရသည်။

ယခု ဆမ်သည် ပက် ထိုသို့ စိတ်ကူးခဲ့ဖူးသော သူ ပြန်ဖြစ်နေလေသည်။

"ပက်... ကိုယ်တို့နှစ်ယောက် ကိပ်ကော့ပင်လယ်ကမ်းခြေမှာ အတူ ရှိနေခဲ့ကြတုန်းက မင်းကို ကိုယ် အရမ်းချစ်ခဲ့တယ်၊ ဘာနဲ့မှ နှိုင်းယှဉ်လို့ မရအောင် ချစ်ခဲ့တယ်၊ အဲဒီအချစ်ကို ဘယ်လိုအရာမျိုးကမှ ပြောင်းလဲမပစ်နိုင်ခဲ့ပါဘူး၊ အချိန်တွေ ဒါလောက် ကြာအောင် ကိုယ့်ကို မင်း စောင့်နေတဲ့အတွက် ကျေးဇူးတင် လို့ မဆုံးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"စောင့်ဖို့ကလွဲပြီး ကျွန်မမှာ တခြား ရွေးစရာလမ်းလည်း မရှိတော့ဘူးလေ၊ အိုး... ဘုရားသခင်... ဆမ် ကျွန်မတို့ အရမ်းပျော်စရာကောင်းမှာပဲနော်--ရှင့်ကို ကျွန်မ အရမ်းချစ်တာပဲ"

သူတို့နှစ်ယောက် နောက်ဆုံး နှုတ်ဆက်ပြီးသည့်တိုင်အောင် ပက်သည်တယ်လီဖုန်းပေါ်မှာ အချိန် အတော်ကြာအောင် လက်တင်မြဲ တင်ထားလေသည်။ ဆမ် ပြောသွားသည့် စကားလုံးများကို တစ်လုံးမကျန် သူ ပြန်လည် ကြားယောင်နေမိသည်။

နောက်ဆုံးကျမှ သူ မသိမသာ ပြုံးလိုက်သည်။ အပေါ်ထပ်သို့ သူ တက်သည်။

အပေါ်ထပ်မှ ချွတ်ခနဲ မြည်သံ ရုတ်တရက် ပေါ်ထွက်လာသဖြင့် သူ လန့်သွားသည်။

ဘာသံ ဖြစ်ကြောင်း သူ သိလိုက်သည်။ အပေါ်ထပ် တစ်နေရာတွင် ကြမ်းတစ်ချောင်း ချောင်နေသည်။ ထိုကြမ်းပေါ်သို့ တက်နင်းမိသည့်အခါတိုင်း ယခု ကြားလိုက်ရသည့် အသံမျိုး ပေါ်ထွက်လာမြဲ ဖြစ်သည်။

မကြောင်စမ်းနဲ့လေ... ဟု သူ့ကိုယ်သူ ပြောသည်။

အပေါ်ထပ်ခန်းမထဲမှာ မီးရောင်ခပ်မှိန်မှိန်ပဲ ရှိသည်။ သူ့အိပ်ခန်းဆီသို့ လျှောက်သွားသည်။ ပြီးတော့ အိမ်နောက်ဘက်ခြမ်းဆီသို့ အလိုလို လျှောက်သွားမိသည်။ ချောင်နေသည့် ကြမ်းပြင်ပေါ်သို့ တမင် တက်နင်းကြည့်သည်။ ကြားနေကျ အသံကို ကြားရသည်။ စောစောက အသံမျိုးပင် ဖြစ်သည်။

သူ ငယ်ငယ်က အိပ်ခဲ့သည့် အိပ်ခန်းဟောင်းထဲသို့ ဝင်သွားသည်။ ကော်ဇော ခင်းမထားသော ကြမ်းပြင်ပေါ်တွင် သူ့ခြေသံ မြည်နေသည်။ ထိုခြေသံက အခန်းထဲမှာ ပဲ့တင်ရိုက်နေသည်။ အခန်းထဲမှာ အိုက်စပ်စပ် ဖြစ်နေသည်။

ဧည့်သည်အတွက် ထားသည့် အိပ်ခန်းတံခါးကို စေ့အောင် ပိတ်မထားချေ။ ထိုအခန်းထဲမှာတော့ အတော်လေး အေးနေသည်။ အပြင်လေ ဝင်နေသည်ကို သတိပြုမိသဖြင့် ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။

ပြတင်းပေါက် အပေါ်ပိုင်းက ပွင့်နေသည်။ သူ ပိတ်ဖို့ ကြိုးစားသည်။ သို့သော်လည်း မင်းတုပ် ကျိုးနေသောကြောင့် ပိတ်၍မရချေ။

ဒါပဲ ဖြစ်မည်။ သည်ပြတင်းပေါက်မှတစ်ဆင့် လေတိုးနေသောကြောင့် တံခါးရွက် လှုပ်နေပြီး အသံ မြည်နေခြင်း ဖြစ်မည်။

ဗီရိုကိုလည်း သွားဖွင့်သည်။ ခေါင်းအုံးများ၊ အိပ်ရာခင်းများကို တစ်ချက် ကြည့်သည်။

အိပ်ခန်းထဲ ပြန်ရောက်တော့ ခပ်မြန်မြန် အဝတ်အစား လဲသည်။ ပြီးတော့ အိပ်ရာထဲ ဝင်သည်။ စိတ်လှုပ်ရှားနေသည်မှာ ရယ်စရာ ကောင်းသည်ဟု သူ့ကိုယ်သူ ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆာမ်အကြောင်း စဉ်းစားသည်။

သူတို့နှစ်ယောက် အတူတူ နေကြရမည့် ဘဝအကြောင်းကို စဉ်းစားသည်။

သူ အိပ်ပျော်မသွားမီ နောက်ဆုံး ဖြစ်ပေါ်လာသည့် အာရုံသည် သည်အိမ်ကြီးထဲမှာ သူ တစ်ယောက်တည်း မဟုတ် ဆိုသည့် အာရုံ ဖြစ်သည်။ ထူးတော့ အတော်ထူးဆန်းသည်။

သို့သော်လည်း သူ အရမ်းပင်ပန်းနေသည်။ ထို့ကြောင့် ထိုအကြောင်းကို စဉ်းစားမနေနိုင်တော့ချေ။

ကက်သရင်းဂရာနေမှာ ယခုမှပဲ စိတ်လက် ပေါ့ပါးစွာဖြင့် သက်ပြင်းချနိုင်တော့သည်။

ဆိုင်တံခါးပေါ်ရှိ 'ဖွင့်သည်' ဆိုသော ဆိုင်းဘုတ်ကို 'ဆိုင်ပိတ်သည်' ဟူသော ဘက်သို့ ပြောင်းပြန်လှန်လိုက်လေသည်။ ခရစ္စမတ်ပွဲတော် ရက်ပြီး နောက်တစ်ရက်တွင် သူ့ဆိုင်မှာ မမျှော်လင့်ဘဲ ရောင်းကောင်းနေသည်။ တက်ဆပ်ပြည်နယ်မှ လူတစ်ယောက်က ရှေးဟောင်းပစ္စည်း အတော်များများ ဝယ်သွားသည်။

ကက်သရင်းက ဆိုင်ထဲက မီးများ ပိတ်လိုက်ပြီး သူ နေနေသည့် အပေါ်ထပ်သို့ တက်လာခဲ့သည်။ သူ့အချစ်တော် ခွေး စလစ်ဂိုက သူ့ခြေထောက်ကြားမှ ကပ်လိုက်လာသည်။

အပေါ်ထပ် ရောက်တော့ အဆင်သင့် ပြင်ထားသည့် မီးလင်းဖိုထဲမှ ထင်းများကို မီးမွှေးသည်။ စလစ်ဂိုက သူ နေနေကျ နေရာမှာ သွားဝပ်သည်။

မီးဖိုချောင်ထဲသို့ သွားသည်။ ညစာ ပြင်သည်။ ယခုတော့ ဖြစ်သလိုပဲ စားဦးမည်။ နောက်အပတ်ဆိုလျှင် သူ့သား ပြန်လာမည်။ ထိုအခါကျမှ စားကောင်းသောက်ဖွယ်များကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်တော့မည်ဟု တွေးနေသည်။

တစ်မြန်နေ့က သူ့သားက သူ့ကို ဖုန်းဆက်သည်။ ခရစ္စမတ်အတွက် နှုတ်ခွန်းဆက်သည်။ နောက်ပြီးတော့ သူ ဗိုလ်မှူး ရာထူးသို့ တိုးမြှင့်ပေးခြင်း ခံရကြောင်း ပြောသည်။

"ဘုရားသခင်… အသက် ၂၇ နှစ်ပဲ ရှိသေးတယ်၊ ဗိုလ်မှူး ဖြစ်ပြီကိုး၊ သား အဖေသာ ရှိရင် ဘယ်လောက်တောင် ဂုဏ်ယူလိုက်မလဲ မသိဘူး"

ဟု ကက်သရင်းဂရာနေက ဝမ်းသာအားရ ပြောသည်။

သားကလေး ရာထူးတိုးလာသည်နှင့်အမျှ သူ့အဖေ၏ ဂုဏ်သိက္ခာကို အစွမ်းကုန်ဆည်ရမယ်။ သူ့အဖေကို အက်ဘီဂေးလ်ဂျင်းနင်း သိက္ခာချတာမျိုး လုံးဝအဖြစ်မခံနိုင်။

www.burmeseclassic.com

www.burmeseclassic.com



သူ ရေးလိုက်သည့် စာအပေါ် အက်ဘီဂေးလ်ဂျင်းနှင်း ဘယ်လို သဘော ထားသနည်းဟု သူ စဉ်းစားကြည့်နေသည်။ ခရစ္စမတ်အကြိုနေ့က ထိုစာကို စာတိုက် မှတစ်ဆင့် မပို့မီ သူ အကြိမ်ကြိမ် အဖန်ဖန် ပြန်ရေးခဲ့သည်။ စိတ်တိုင်းကျတော့မှ ပို့လိုက်ခြင်း ဖြစ်လေသည်။

**ရှင့်ယောက်ျား လေယာဉ်ပျံ ပျက်ကျပြီး သေဆုံးခဲ့ရတာဟာ လေယာဉ်မှူး ရဲ့ အပြစ်ကြောင့် ဖြစ်ရပါတယ် ဆိုတာမျိုး အခု ရှင်တို့ တင်ဆက်မယ့် ရုပ်မြင်သံကြား အစီအစဉ်မှာ လုံးဝ ထည့်မပြောဖို့ ကျွန်မ သတိပေးပါ တယ်၊ ကျွန်မ ယောက်ျားရဲ့ ဂုဏ်သိက္ခာ ထိခိုက်အောင် လုံးဝ မလုပ်ပါ နဲ့၊ ကျွန်မ ပြောတာကို နားမထောင်ဘဲ ဂုဏ်သိက္ခာကို ထိပါးလာမယ် ဆိုရင် ရှင့်ကို တရားစွဲမယ်။ နောက်ပြီးတော့ ရှင်နဲ့ ရှင့်ယောက်ျား ဝေးလတ်ဂျင်းနှင်း တို့ရဲ့ အမှန်တကယ် ဆက်ဆံရေး အခြေအနေကို ဖွင့်ချမယ်။**

၁၁ နာရီထိုးတော့ ရုပ်မြင်သံကြားသတင်း ကြည့်သည်။ ၁၁ နာရီခွဲတော့ စလစ်ဂိုက သူ့လက်ကို နှုတ်သီးဖြင့် လာထိုးသည်။

"သိတယ်... သိတယ်... သွား ကြိုးသွားယူလာခဲ့"

ဟု ကက်သရင်းဂရာနေက ပြောသည်။ ခွေးကို လမ်းလျှောက်ပေးရဦး မည်။

ညက မှောင်နေသည်။ စောစောတုန်းက ကောင်းကင်မှာ ကြယ်ကလေး များ ရှိနေသေးသည်။ ယခုတော့ တစ်မိုးလုံး မိုးသားများ ဖုံးနေသည်။ လေကလည်း ခပ်ကြမ်းကြမ်း တိုက်နေသည်။ ကက်သရင်းက အင်္ကျီကော်လာများကို ထောင်လိုက် သည်။

"ခပ်မြန်မြန် လျှောက်မှ ဖြစ်မယ်"

ကက်သရင်းက သူ့ခွေးကလေး စလစ်ဂိုကို ပြောသည်။ သူ့အိမ်အနီးရှိ တောအုပ်အတွင်းမှာ လူသွားလမ်းကလေး ရှိသည်။ သူနှင့် စလစ်ဂိုသည် ထိုလမ်း ကလေးအတိုင်း လမ်းလျှောက်လေ့ ရှိသည်။ အတော်ကလေး သွားမိတော့ အိမ်ဘက် သို့ လာလမ်းအတိုင်း ပြန်လျှောက်စမြဲ ဖြစ်သည်။

ထို့ကြောင့် စလစ်ဂိုသည် သူ့လမ်း သူ သိကာ ရှေ့မှ ရုန်းနေသည်။ ကက်သရင်းက ကြိုးကို ခိုင်အောင် ကိုင်ထားရသည်။ တစ်နေရာ ရောက်တော့ စလစ်ဂိုက ရုတ်တရက် ရပ်လိုက်သည်။ ပြီးတော့ တစ်ချက် ဟိန်းသည်။

"လာစမ်းကွာ..."

ကက်သရင်းက စိတ်မရှည်သလို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



စလစ်ဂိုက ရှေ့သို့ တိုးသွားသည်။ ချုံပုတ်ထဲမှ လက်ကြီး နှစ်ဖက် ထွက်လာပြီး ခွေးအိုကြီး၏ လည်ပင်းကို ဖမ်းဆွဲလိုက်သည်ကို မြင်လိုက်ရသောကြောင့် ကက်သရင်း လန့်သွားသည်။ စလစ်ဂို၏ လည်ပင်းကို ထိုလက်ကြီး နှစ်ဖက်က ဆုပ်ကိုင်လိုက်သည်။

ကျိုးကြေသွားသည့် အသံများကို ကြားရသည်။

စလစ်ဂို၏ ကိုယ်လုံးမှာ ပျော့ခွေပြီး ရေခဲပြင်ပေါ်သို့ ကျသွားလေသည်။

ကက်သရင်းက အော်ဖို့ ကြိုးစားသည်။ သို့သော်လည်း ဘာသံမှ ပေါ်ထွက်မလာချေ။

စလစ်ဂို၏ လည်ပင်းကို လိမ်ချိုးပစ်လိုက်သော လက်နှစ်ဖက်က ကက်သရင်း၏ ခေါင်းပေါ်သို့ ရောက်လာသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာတုန်းက ဘာဖြစ်ခဲ့သည်ကို ကက်သရင်းဂရာနေအသက် မကုန်ဆုံးမီကလေးမှာပင် သဘောပေါက် နားလည်သွားလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# ၃၇

ဒီဇင်ဘာလ ၂၇ ရက်နေ့ မနက် ၇ နာရီတွင် ဆမ် အိပ်ရာမှ နိုးသည်။ နိုးလျှင် နိုးချင်း ကွန်ဂရက်လွှတ်တော်အမတ် ဝေးလတ်ဂျင်းနင်း သေဆုံးရသည့် လေယာဉ်ပျက်ကျမှု အစီရင်ခံစာကို ဖတ်ရှု လေ့လာသည်။ ထူးဆန်းသော စာကြောင်းများ အောက်မှာ မျဉ်းသားသည်။

ပြီးတော့ ဂျက်ကာလ်ဆန်ကို ဖုန်းဆက်သည်။

"တိုဘီဂေါ်ဝ့န်းနဲ့ ပတ်သက်တဲ့ အစီရင်ခံစာကိစ္စ ဘယ်လိုလဲ"

ဟု ဆမ်က မေးသည်။

"၁၁ နာရီဆိုရင် ကျွန်တော့်လက်ထဲ ရောက်မယ်"

ဟု ဂျက်ကာလ်ဆန်က ပြန်ပြောသည်။

"နေ့လယ်စာ စားဖို့ အချိန်အား ရမလား၊ ခင်ဗျားကို ပြစရာ တစ်ခု ရှိနေလို့"

'ကွန်ဂရက်လွှတ်တော်အမတ် ဂျင်းနင်း၏ ကားဒရိုင်ဘာ တိုဘီဂေါ်ဝ့န်းက သူ၏ အထုပ်တစ်ခုကို လေယာဉ်ပျံပေါ်သို့ တင်လိုက်သည်' ဟူသော စာကြောင်း တစ်ကြောင်းကို အစီရင်ခံစာထဲမှာ ထူးဆန်းစွာ သူ တွေ့နေရသည်။

ထိုစာကြောင်းနှင့် ပတ်သက်ပြီး မဆွေးနွေးမီ တိုဘီနှင့် ပတ်သက်သော အစီရင်ခံစာကို ဆမ်က ဖတ်ကြည့်ချင်နေသည်။

နေ့လယ်မှာ စားသောက်ဆိုင် တစ်ဆိုင်တွင် သူတို့ နှစ်ယောက် တွေ့ဖို့ ချိန်းလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အယ်လီနာဘာရောင်း အမှုနှင့် ပတ်သက်ပြီး သူ ငှားရမ်းတာဝန် ပေးထားသည့် ရှေ့နေ ဖရင့်ခရော်လေကို ဖုန်းဆက်ပြန်သည်။ သူ့ကိုလည်း သူတို့နှင့် အတူတူ နေ့လယ်စာ လာစားရန် ဖိတ်လိုက်သည်။

"အယ်လီနာဘာရောင်းရဲ့ အမှုတွဲပါ ခင်ဗျားနဲ့ အတူတူ တစ်ပါတည်း ယူလာပေးနိုင်မလား"

"ပါအောင် ယူခဲ့မယ်လေ"

ဖရင့်ခရော်လေက ပြန်ပြောသည်။

ကော်ဖီကို နွေးထားပြီး ဖြစ်သည်။ ဆမ်က ကော်ဖီတစ်ခွက် ထည့်ပြီး မီးဖိုချောင်ထဲမှာ ရှိသည့် ရေဒီယိုကို ဖွင့်လိုက်သည်။

၉ နာရီ သတင်းများ ကြေညာပြီး ဖြစ်နေသည်။ မိုးလေဝသ သတင်း ကြေညာနေသည်။ နေသာချိန် ရှိမည် ဖြစ်ကြောင်း အပူချိန်များကမူ ဒီဂရီ ၃၀ အောက် ရှိနေမည် ဖြစ်ကြောင်း ကြေညာပြီး သတင်းခေါင်းစဉ်များကို ပြန်လည် ဖတ်ကြားသည်။

ရှေးဟောင်းပစ္စည်းများ ရောင်းဝယ်မှု လုပ်ငန်းတွင် နာမည်ကြီးသည့် မစ္စက်ကက်သရင်းဂရာနေ၏ အလောင်းကို ၎င်း၏ အိမ်အနီးရှိ တောအုပ်ထဲမှာ တွေ့ရကြောင်း၊ မစ္စက်ဂရာနေ၏ ခွေးသည်လည်း လည်ပင်းကျိုးပြီး သေနေကြောင်း၊ သခင်မကို ကာကွယ်ရင်း ရန်သူ၏ သတ်ဖြတ်ခြင်းကို ခံသွားရသည်ဟု ရဲများက ယူဆကြကြောင်း ဆိုသည့် ခေါင်းစဉ်တစ်ခုလည်း ပါဝင်လေသည်။

ကက်သရင်းဂရာနေ သေသွားပြီ…

အက်ဘီဂေးလ်ဂျင်းနင်းနှင့် ပတ်သက်ပြီး လူမှုအရှုပ်တော်ပုံကြီး တစ်ခုကို ဖွင့်ချတော့မည့်ဆဲဆဲတွင် အသတ်ခံလိုက်ရခြင်း ဖြစ်ကြောင်း ဆမ်က သိလိုက်သည်။

"ဒါဟာ တိုက်ဆိုင်မှု ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ငါတော့ ဘယ်လိုနည်းနဲ့မှ တိုက်ဆိုင်မှုအဖြစ်နဲ့ လက်မခံနိုင်ဘူး၊ မယုံကြည်နိုင်ဘူး"

ဆမ်က အသံထွက်ပြီး ပြောလိုက်မိလေသည်။

ထိုအဖြစ်အပျက်အပေါ် သံသယဝင်သော စိတ်ဖြင့် တစ်မနက်လုံး စိတ်ဆင်းရဲနေရတော့သည်။

အိမ်ဖြူတော်သို့ ဖုန်းဆက်ဖို့ သူ အကြိမ်ကြိမ် ကြိုးစားသည်။ ဖုန်းနားကို လက် ရောက်သွားပြီးမှ လက်ကို ပြန်ပြန်ရုပ်လိုက်ရလေသည်။

ထိုကိစ္စနှင့် ပတ်သက်၍ တိုဘီဂေါ့ဒ်ွန်းတွင် တာဝန် ရှိကြောင်း သူ့မှာ ဘာအထောက်အထားမှ မရှိချေ။ သို့သော်လည်း အက်ဘီဂေးလ်အပေါ် အလွန်တရာ သစ္စာရှိသည့် အက်ဘီဂေးလ်အတွက် ဆိုလျှင် ဘာမဆို လုပ်ကိုင်ပေးမည့် ဒရိုင်ဘာလည်း ဒရိုင်ဘာ၊ သက်တော်စောင့်လည်း သက်တော်စောင့်တော့ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရာဇဝတ်မှုနှင့် ပတ်သက်၍ တိုဘီဂေါ်ဝှန်းတွင် အပြစ်ရှိသည်ဟု ပြော နိုင်သည် ထားဦး၊ ထိုအမှု ကျူးလွန်ခြင်းကို အက်ဘီဂေးလ် သိသည် ဆိုခြင်းနှင့် ပတ်သက်၍မူ ဘာအထောက်အထားမှ ပြစရာ မရှိချေ။

အက်ဘီဂေးလ်ကို ဒုတိယသမ္မတအဖြစ် ခန့်ကြောင်း သမ္မတကြီးက ယနေ့ည ကြေညာကောင်း ကြေညာပေလိမ့်မည်။ ဆမ်ကတော့ သေချာပေါက် တွက်ထားသည်။

သို့သော်လည်း ကွန်ဂရက်လွှတ်တော်မှ အတည်ပြုရန် ညှိနှိုင်းဆွေးနွေးကြ ဖို့က အချိန်အများကြီး လိုသေးသည်။ ရက်သတ္တပတ်ပေါင်း အတော် လိုသေးသည်။ အသေးစိတ် စုံစမ်း စစ်ဆေးမှုများ လုပ်ဖို့တော့ အချိန် လုံလောက်စွာ ရှိနေပါသည်။

ဒီတစ်ခါတော့ ဘယ်နည်းနဲ့မှ အကြောင်ရိုက်တာမျိုးကို ငါ မခံတော့ ဘူး… ဟု ဆမ်က ပိုင်ပိုင်ကြီး သန္နိဋ္ဌာန် ချလိုက်လေသည်။

နောက်ပြီးတော့ ပက်အား ခြိမ်းခြောက်နေမှုနှင့် ပတ်သက်၍လည်း တိုဘီ တွင် တာဝန်ရှိနေသည်ဟု ဆမ်က ခိုင်ခိုင်မာမာကြီး ယုံကြည်နေသည်။ သူ့မှာ ဖုံးဖိလျှို့ဝှက်ထားစရာ တစ်ခုခု ရှိနေသည် ဆိုလျှင် အက်ဘီဂေးလ်၏ အတွင်းရေး များကို နှိုက်ယူ ဖော်ထုတ်တာမျိုး သူ လက်သင့်ခံလိမ့်မည် မဟုတ်ပေ။

ပက်ကို ခြိမ်းခြောက်နေသူသည် တိုဘီသာ ဖြစ်မည် ဆိုပါက…

ဆမ်က လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ မြေးတစ်ယောက်၏ ဘိုးအေ ဖြစ်တော့မှာပါလား… ဆိုသော အတွေးကို သူ လုံးဝ မတွေးတော့ချေ။

အက်ဘီဂေးလ်သည် အလွန်တရာ စိတ်လှုပ်ရှားစွာဖြင့် သူ့လက်နှစ်ဖက်ကို အပြန် ပြန် အလှန်လှန် လိမ်နေသည်။

"အစကတည်းက စောစောထွက်လာဖြစ်ရင် အကောင်းသား၊ အခုတော့ ကားတွေက အရမ်းကာရော များပြီး ကျပ်နေပြီ၊ တို့တော့ နောက်ကျနေတော့မှာပဲ" ဟုလည်း တဖျစ်တောက်တောက် ပြောလာသည်။

"မပူပါနဲ့ ဆီနိတ်တာ… ခင်ဗျား မပါဘဲ သူတို့ ဗွီဒီယိုရိုက်လို့ မရနိုင် ပါဘူး၊ ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား"

တိုဘီက ကားမောင်းနေရင်းမှ ချော့မော့ နှစ်သိမ့်သည့် လေသံဖြင့် ပြန်ပြောသည်။

"တစ်ညလုံး နိုးနေတယ်၊ ငါဟာ အမေရိကန်ပြည်ထောင်စုကြီးရဲ့ ဒုတိယ သမ္မတကြီး ဖြစ်တော့မှာပါလား ဆိုတာကိုချည်း တစ်ချိန်လုံး တွေးနေမိတယ်ဟယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရေဒီယို ဖွင့်လိုက်စမ်းပါ၊ ငါ့အကြောင်း ဘာတွေများ ပြောနေကြသေးသလဲ မသိဘူး"

၈ နာရီခွဲ စီဘီအက်စ် သတင်း စတင် ကြေညာနေလေပြီ။

"ဒီကနေ့ည သမ္မတကြီးက သတင်းစာ ရှင်းလင်းပွဲ ကျင်းပဖို့ ခေါ်ယူထားခြင်းဟာ အမေရိကန်ပြည်ထောင်စုရဲ့ ပထမဆုံး အမျိုးသမီး ဒုတိယသမ္မတအဖြစ် ဆီနိတ်တာအက်ဘီဂေးလ်ဂျင်းနင်းကိုသော် လည်းကောင်း၊ ဆီနိတ်တာကလဲယားလောရင့်စ်ကိုသော် လည်းကောင်း ခန့်အပ်ကြောင်း ကြေညာဖို့ ဖြစ်တယ်ဆိုတဲ့ သတင်းတွေ အပြင်မှာ ထွက်နေပါတယ်၊ သူတို့ နှစ်ယောက်အနက် အက်ဘီဂေးလ်ဂျင်းနင်းသာလျှင် ဖြစ်ဖို့ များတယ်လို့ အများက ထင်ကြေးပေးနေကြပါတယ်"

ထို့နောက် သတင်းတစ်ပုဒ်ကို ဆက်လက် ကြေညာသည်။

"တစ်ချိန်တည်းမှာပဲ ကြေကွဲစရာကောင်းတဲ့ တိုက်ဆိုင်မှု တစ်ခုလည်း ဖြစ်ပွား ပေါ်ပေါက်နေပါတယ်၊ ရစ်ချ်မွန်မြို့က ရှေးဟောင်းပစ္စည်း ကုန်သည် မစ္စက်ကက်သရင်းဂရာနေဟာ သူ့ခွေးကို လမ်းလျှောက် ခေါ်သွားရင်း အသတ်ခံလိုက်ရပါတယ်၊ မစ္စက်ကက်သရင်းဂရာနေဟာ လွန်ခဲ့တဲ့ ၂၇ နှစ်လောက်တုန်းက ကွန်ဂရက်လွှတ်တော်အမတ် ဝေးလတ်ဂျင်းနင်းနဲ့အတူ လေယာဉ်ပျံ ပျက်ကျပြီး သေဆုံးသွားတဲ့ လေယာဉ်မှူး ဂျော့ဂရာနေရဲ့ ဇနီး ဖြစ်ပါတယ်၊ အက်ဘီဂေးလ်ဟာ သူ့ခင်ပွန်း ကွယ်လွန်သွားတဲ့အတွက် ကွန်ဂရက်သက်တမ်း ပြည့်အောင် ခင်ပွန်းသည် ကိုယ်စား ဆက်လက် ထမ်းဆောင်ဖို့ ခန့်အပ်ခြင်း ခံခဲ့ရပါတယ်…"

"တိုဘီ…"

တိုဘီက နောက်ကြည့်မှန်မှတစ်ဆင့် ကွက်ခနဲ တစ်ချက် လှမ်းကြည့်သည်။ အက်ဘီဂေးလ်မှာ အလွန်တရာ တုန်လှုပ်ချောက်ချားသွားပုံရသည်။

"တိုဘီ… အဖြစ်ဆိုးလိုက်တာ"

"ဟုတ်ပါတယ်၊ အရမ်းအဖြစ်ဆိုးပါတယ်"

အက်ဘီဂေးလ်၏ အမူအရာကို သူ အထူးဂရုစိုက်ပြီး အကဲခတ်ကြည့်နေသည်။

"လေယာဉ်ပျံ ပျောက်နေတဲ့အချိန်မှာ ဝေးလတ်ရဲ့ အမေက အဲဒီမိန်းမဆီသွားပြီး အားပေးတဲ့အနေနဲ့ အတူတူ နေပေးတာကို ကနေ့ထက်တိုင်အောင် ငါ မမေ့သေးဘူး၊ ငါ ဘယ်လို ခံစားနေရတယ် ဆိုတာကိုတော့ တယ်လီဖုန်းကလေး တစ်ချက် ဆက်ပြီးတောင် မေးဖော် မရဘူး"

"အင်း… ဘာပဲဖြစ်ဖြစ် အခုတော့ သူတို့ ဘုရားသခင်ထံတော်ကို အတူတူ ရောက်သွားကြပြီပေါ့၊ အက်ဘီ… ကြည့်စမ်းပါဦး၊ မော်တော်ကားတွေ

www.burmeseclassic.com

www.burmeseclassic.com



မောင်းနေကြတာ ဘယ်လောက် မြန်သလဲ၊ ကျွန်တော်တို့ စတူဒီယိုကို အချိန်မီ ရောက်သွားကြမှာပါ"

စတူဒီယိုတွင်းရှိ သူတို့ ကားရပ်ရန် သီးသန့်ထားပေးသည့် နေရာတွင် ကားရပ်ပြီးသောအခါ အက်ဘီဂေးလ် က ခပ်တိုးတိုး မေးသည်။

"မနေ့ညတုန်းက နင် ဘာလုပ်နေသလဲ တိုဘီ၊ ပိုကာ သွားကစားနေသလား၊ ကောင်မ တစ်ကောင်ကောင်နဲ့ ချိန်းတွေ့နေသလား"

"စားသောက်ဆိုင်က စားပွဲထိုး အမျိုးသမီးလေးနဲ့ ချိန်းတွေ့နေတယ်၊ ညဦးပိုင်း တစ်ချိန်လုံး သူနဲ့အတူတူ ရှိနေတာပဲ၊ ဘာဖြစ်လို့လဲ အက်ဘီ၊ ကျွန်တော့်ကို စစ်တာလား၊ စားပွဲထိုး အမျိုးသမီးကလေးကို ခင်ဗျား မေးကြည့်ချင်သေးသလား ဆိုနိုတ်တာ"

တိုဘီ၏ လေသံထဲမှာ ဒေါသသံ ရောစွက်လာလေသည်။

"မဟုတ်ပါဘူး၊ နင့်ကို စစ်ဆေးတဲ့ သဘောမျိုး လုံးဝ မဟုတ်ပါဘူး၊ နင့်ကောင်မလေးနဲ့ နင် အချိန်မရွေး တွေ့နိုင်ပါတယ်၊ နင် စိတ်ချမ်းသာရင် ပြီးတာပါပဲ၊ ငါကလည်း နင် စိတ်ချမ်းသာစေချင်တာပါ"

"စိတ်ချမ်းသာပါတယ်၊ အခု နောက်ပိုင်းမှာ ကျွန်တော့်အတွက် ကိုယ်ပိုင် အချိန် သိပ်မယူတော့ပါဘူး"

"ငါ သိတယ်၊ နင့်ကို အလုပ်တွေ ဖိခိုင်းနေမိတယ်"

တောင်းပန်သလို အသံမျိုးဖြင့် အက်ဘီဂေးလ်က ပြောသည်။

"ငါ ထင်တာက..."

"ဘာကို ထင်တာလဲ ဆိုနိုတ်တာ..."

"ဘာမှ မဟုတ်ပါဘူးလေ၊ ဘာမှ မဟုတ်ပါဘူး၊ ထားလိုက်ပါတော့"

၈ နာရီတွင် အယ်လီနာဘရေးကို 'လိမ်ညာမှု တိုင်းတာသည့် စက်'ဖြင့် စစ်ဆေးသည်။

မနေ့ညတုန်းက အံ့သြဖွယ်ကောင်းလောက်အောင်ပင် သူ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်ခဲ့လေသည်။ လွန်ခဲ့သည့် ၁၁ နှစ်တုန်းက အလုံတိုက်ခန်းထဲသို့ ပထမဆုံး ရောက်သည့် ညတွင် သူ ကြောက်အားလန့်အား အော်ဟစ်ခဲ့ဖူးလေသည်။

"မနေ့ညတုန်းက မင်း ကောင်းကောင်းအိပ်မပျော်ခဲ့ဘဲကိုး"

ဟု ထိုစဉ်က စစ်ဆေးသည့် စိတ်ရောဂါအထူးကုဆရာဝန်ကပင် သူ့ကို ပြောခဲ့ဖူးလေသည်။

သို့သော်လည်း ယခုတစ်ခါတော့ စိတ်၏ ငြိမ်းချမ်းမှုကို သူ ကောင်းစွာ ရနေလေသည်။ ထွက်ပြေး ပုန်းအောင်းနေစရာ အကြောင်း မရှိတော့သောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို၊ အဘွားအိုများကို နာကျင်အောင် ဖေဖေ လုပ်ခဲ့လေသလား။ အယ်လီနာက သူ့ဦးနှောက်ကို ဖျစ်ညှစ် စဉ်းစားသည်။ သို့သော်လည်း ဘာတစ်ခုမှ ပေါ်မလာ။ ဖေဖေသည် အလွန်ကြင်နာတတ်ပြီး နူးညံ့သိမ်မွေ့သူ ဖြစ်ကြောင်းသာ ပေါ်လာသည်။

"ဒီအပေါက်ကနေ ဝင်"

အခန်းကျဉ်းကလေးထဲသို့ ဝင်သည့် တံခါးပေါက်ကို သူ့နာပြုဆရာမကြီးက ပြသည်။

ထိုအခန်းထဲမှာ စုံထောက်ဘားရော့ ထိုင်ပြီး သတင်းစာ ဖတ်နေသည်။ ဘားရော့ ရှိနေသဖြင့် အယ်လီနာ ဝမ်းသာသွားသည်။ ဘားရော့က သူ့ကို လူလိမ် တစ်ယောက်အနေဖြင့် မဆက်ဆံ။

သူ ဝင်သွားတော့ ဘားရော့က မော့ကြည့်ပြီး ပြုံးပြသည်။

အခြား လူတစ်ယောက် ဝင်လာပြီး အယ်လီနာကို 'လိမ်ညာမှု တိုင်းတာသည့် စက်' မှာ တပ်သည်။ ထိုအချိန်တွင်လည်း သူ့စိတ်မှာ တည်ငြိမ်နေသည်။

ထိုပထမ တစ်ခါတုန်းကတော့ သည်လို မဟုတ်ပါ။ ရွေးကောက်ပွဲ ရန်ပုံငွေများကို သူ ခိုးသည် ဆိုပြီး ပထမဆုံး အဖမ်းခံရစဉ်က သူ သည်းသည်းထန်ထန် ငိုကြွေးခဲ့လေသည်။

ယခုတော့ ကုလားထိုင်မှာ သူ ဝင်ထိုင်သည်။ အရုပ်ကလေးကို ပိုက်ထားသည်။ ထိုရက်ဂက်ဒီအင်န် အရုပ်ကလေးကို ယခုလို ပိုက်ထားမိသည့်အတွက်တော့ အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်မိပါသည်။

သည်အရုပ်ကလေးကို သူ ကိုင်ထားသည့်အတွက် အနှောင့်အယှက်များ ဖြစ်မလားဟု စုံထောက်များကို သူ မေးသည်။

စုံထောက်များက သူ့မေးခွန်းကို ရူးကြောင်ကြောင် မေးခွန်းဟု သဘောမထား။

သူ့ဘက်က ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ပေးမည့် ဖရင့်ခရော်လေ ဆိုသော ပုဂ္ဂိုလ်ကြီး ဝင်လာသည်။ အဖေအရွယ် ရည်ရည်မွန်မွန် ဖြစ်သည်။

အမှုအတွက် ရှေ့နေခကို ထိုက်ထိုက်တန်တန် ပေးနိုင်မည် မဟုတ်ကြောင်း၊ မိမိ စုဆောင်းထားသည့် ငွေ ၅၀၀ တော့ ရှိကြောင်း၊ ထိုငွေလောက်သာ ပေးနိုင်မည် ဖြစ်ကြောင်း မနေ့တုန်းက အယ်လီနာက ဖရင့်ခရော်လေကို ရှင်းပြခဲ့ပြီး ဖြစ်ပါသည်။

ခရော်လေက ထိုကိစ္စအတွက် မပူရန် ပြောသည်။

"အယ်လီနာ… ဒီစက်နဲ့ စစ်တာကို အစစ်မခံချင်ရင်မင်းမှာ ငြင်းပိုင်ခွင့် ရှိတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ခရော်လေ ဝင်လာပြီး ပြောသည်။ အယ်လီနာက သူ နားလည်ပြီးကြောင်း ပြန်ဖြေသည်။

ပထမဆုံး လူတစ်ယောက်က သူ့ကို နမူနာ မေးခွန်းများ မေးပြသည်။ အတော်တုံးသည့် မေးခွန်းများ ဖြစ်သည်။

မင်းအသက် ဘယ်လောက် ရှိပြီလဲ…

မင်း ပညာအရည်အချင်း ပြောပါဦး…

ဘယ်လို အစားအစာတွေကို အကြိုက်ဆုံးလဲ… ဆိုတာမျိုးတွေ ဖြစ်သည်။

သည့်နောက်တော့ တကယ့် မေးခွန်းများကို မေးလေတော့သည်။

"မင်း တစ်သက်မှာ တစ်ခုခုကိုများ ခိုးဖူးသလား"

"မခိုးပါဘူး"

"ပစ္စည်း သေးသေးမွှားမွှားကလေးကိုတောင် မခိုးဖူးဘူးလား၊ ရောင်စုံခဲတံလိုဟာမျိုးလေး မြေဖြူခဲလိုဟာမျိုးလေး ဆိုပါတော့"

ယခင် တစ်ခါတုန်းကလည်း ထိုမေးခွန်း အမေးခံခဲ့ရဖူးသည်။ ထိုသို့မေးတော့ သူ ငိုသည်။

"ကျွန်မ သူခိုး ဟုတ်ဘူး၊ ကျွန်မ သူခိုး မဟုတ်ဘူး"

ဟုလည်း တုန်လှုပ်ချောက်ချားစွာ ပြန်အော်ခဲ့သည်။

ယခုတစ်ခါတော့ ယခင်တုန်းကလို အခံရ မဆိုးတော့ချေ။ လူကြမ်းစိတ်ကြမ်း စုံထောက်ကြီးကို ဖြေနေတာမျိုး မဟုတ်ဘဲ သဘောကောင်းသည့် စုံထောက်ဘားရှော့ကို ဖြေနေသည့်ပုံမျိုးဖြင့် သူ အေးအေးဆေးဆေး ဖြေနိုင်ပါသည်။

"ကျွန်မ တစ်သက်မှာ ဘယ်တုန်းကမှ မခိုးခဲ့ဖူးပါဘူး ရှင်"

အလွန်လေးနက်သည့် လေသံဖြင့် သူ ဖြေသည်။

"ရောင်စုံခဲတံလေး တစ်ချောင်း၊ မြေဖြူလေး တစ်ခဲကိုမှ မခိုးခဲ့ဖူးပါဘူး။ သူများ ပိုင်တဲ့ ပစ္စည်းဆိုရင် ဘာတစ်ခုကိုမှ ကျွန်မ မခိုးခဲ့ဖူးပါဘူး"

"ခင်ဗျား အထက်တန်းကျောင်းသူဘဝတုန်းက ရေမွှေးပုလင်းခိုးမှု ဖြစ်ခဲ့တာကရော"

"အဲဒီ ရေမွှေးပုလင်းကိုလည်း ကျွန်မ မခိုးခဲ့ပါဘူး၊ ကျွန်မ ကိုယ်ပြောခဲ့ပါတယ်၊ အရောင်းစာရေးကို သွားပေးဖို့ မေ့သွားတာပါ"

"ဘယ်လောက် ကြာရင် တစ်ခါ အရက်သောက်သလဲ၊ နေ့တိုင်း သောက်သလား"

"အို… မသောက်ပါဘူး၊ ကျွန်မ အရက် မသောက်တတ်ပါဘူး၊ တစ်ခါတလေတော့ ဝိုင် သောက်ပါတယ်၊ များများကြီး မဟုတ်ပါဘူး၊ ဝိုင်သောက်ရင် ကျွန်မ အိပ်ငိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



စုံထောက် ဘားရှော့ ပြုံးသည်ကို သူ သတိထားလိုက်မိသည်။

"ဆီနိတ်တာဂျင်းနင်းရဲ့ ရွေးကောက်ပွဲ အနိုင်ရရှိရေး ရုံးက ဒေါ်လာ ခုနစ်သောင်း ငါးထောင်ကို မင်း ယူသလား"

ယခင်တစ်ခါ ထိုမေးခွန်း အမေးခံရတုန်းက သူ အရူးတစ်ယောက်လို ဖြစ်သွားလေသည်။ ယခုတော့ ရိုးရိုးကလေး အဖြေပေးနိုင်ပါသည်။

"မယူပါဘူး ရှင်၊ ကျွန်မ မယူပါဘူး"

"ဒါပေမဲ့ ငွေ ၅၀၀၀ ကိုတော့ ခင်ဗျားရဲ့ စတိုခန်းကလေးထဲမှာ ထည့်ထားတယ်လေ၊ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ရှင်၊ ကျွန်မ ထည့်ထားတာ မဟုတ်ပါဘူး"

"ဒီလိုဆိုရင် အဲဒီပိုက်ဆံဟာ ဘာကြောင့် ခင်ဗျားရဲ့ စတိုခန်းထဲကို ရောက်နေတယ်လို့ ထင်သလဲ"

ထို့နောက် မေးခွန်းတွေကို တစ်ခုပြီး တစ်ခု မနားတမ်း ဆက်မေးနေလေသည်။

"တိုဘီဂေါ်ဝွန်း ဖုန်းဆက်တယ် ဆိုတာ ခင်ဗျား လိမ်ပြီး ထွက်ဆိုခဲ့တာ လား"

"မလိမ်ပါဘူး၊ လိမ်ပြီး ထွက်ဆိုတာ မဟုတ်ပါဘူး"

"ဖုန်းဆက်သူဟာ တိုဘီဂေါ်ဝွန်း ဖြစ်တယ် ဆိုတာ သေချာရဲ့လား"

"တိုဘီလို့ ကျွန်မ ထင်တာပဲ၊ တကယ်လို့ တိုဘီ မဟုတ်ဘူး ဆိုရင် တိုဘီရဲ့ အသံနဲ့ အရမ်းကို တူပါတယ်"

ထို့နောက် မယုံကြည်နိုင်စရာ ကောင်းသည့် မေးခွန်းများကို စတင်မေး ကြလေသည်။

"အာသာစတီဗင်ဟာ သူ ပြုစုရတဲ့ အဘွား မစ္စက်အနီတာဂေးလက်စ် ဝိုင်း သေဆုံးရမှုနဲ့ ပတ်သက်ပြီး မသင်္ကာအဖြစ်ခံနေရတယ် ဆိုတဲ့ အကြောင်းကို ခင်ဗျား သိသလား"

အယ်လီနာမှာ သတိလက်လွတ်သွားတော့မလို ဖြစ်သွားသည်။

"မသိပါဘူး၊ ကျွန်မ မသိပါဘူး၊ ကျွန်မတော့ အဲဒါကို မယုံနိုင်ဘူး"

ထိုသို့ ပြောလိုက်မိပြီးမှ ညဘက်တွင် အာသာ ထထပြီး ယောင်နေသည့် အသံများကို သူ ပြန်သတိရလာသည်။

'မျက်လုံး မှိတ်ထားလိုက် မစ္စက်ဂေးလက်စ်ဝိုင်း၊ မျက်လုံး မှိတ်ထား လိုက်' ဟု အော်ကာ တစ်ညလုံး ထယောင်နေတတ်သည်။

"ဒါဟာ ဖြစ်နိုင်တယ်လို့ ယုံကြည်နေတယ်၊ ဟောဒီစက်ထဲမှာက အဲဒီ အတိုင်း ပြနေတယ်"

"မဖြစ်နိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



လေသံကလေးဖြင့် သူ ပြောသည်။

"ဖေဖေဟာ ဘယ်လိုလူမျိုးကိုမှ နာကျင်အောင် လုပ်မှာ မဟုတ်ပါဘူး လူတွေကိုသာ သူက ကူညီနေတာပါ၊ သူ ပြုမူနေရတဲ့ လူနာတစ်ယောက်ယောက် ဝေဒနာ ခံစားနေရပြီဆိုရင် သူကိုယ်တိုင် ခံစားရသလို သဘောထားပါတယ် နည်းနည်းလေးမှလည်း မကြည့်ရက်ပါဘူး"

"အဲဒီလို ဝေဒနာ ခံစားနေရခြင်းက လွတ်မြောက်သွားအောင် သူ ကြိုးစား ပေးလိမ့်မယ်လို့ရော ခင်ဗျား မထင်ဘူးလား"

"ရှင် ဘာကို ဆိုလိုတယ် ဆိုတာ ကျွန်မ မသိပါဘူး ရှင်"

"ခင်ဗျား သိတယ်လို့ ကျွန်တော် ထင်တယ် အယ်လီနာ၊ ခရစ္စမတ်နေ့ တုန်းက လူအိုရုံကို မီးတင်ရှို့ဖို့ အာသာစတီဗင် ကြိုးစားခဲ့သေးတယ်"

"မဖြစ်နိုင်ပါဘူး"

ကြားလိုက်ရသော စကားကြောင့် အယ်လီနာ၏ မျက်နှာမှာ သွေးဆုတ် သွားလေသည်။ အကြီးအကျယ်လည်း စိုးရိမ် ထိတ်လန့်သွားသည်။

နောက်ဆုံး မေးခွန်း ဆက်မေးသည့် စုံထောက်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိသည်။

"အာသာစတီဗင်ဟာ လူသတ်ချင်စိတ် ပေါက်နေတဲ့ အရူးတစ်ယောက် ဖြစ်ကြောင်း မသကာစရာ အချက်အလက်တွေ ရှိတယ်လို့ မင်း မထင်မိဘူးလား"

အာသာသည် အိပ်ချင်ပြေစေမည့် ဆေးပြားများကို ၂ နာရီကြား တစ်ခါ သောက်နေ လေသည်။

အိပ်ပျော်သွားပြီး ယောင်ယမ်း အော်ဟစ်နေမည့် အဖြစ်မျိုးကို သူ မစွန့်စား ရဲပါ။ သူသည် ဗီရိုထဲမှာ ခပ်ကွေးကွေးကလေး နေရင်း အမှောင်ထဲသို့သာ ငေးစိုက် ကြည့်နေလေသည်။

သူ့ အတော်ကြီးကို သတိလက်လွတ် ဖြစ်ခဲ့သည်။

ပက်ထရီရှာထရေးမီး အိမ်ပြန်ရောက်လာတော့ ဗီရိုတံခါးနားမှ နေ၍ ပက်ထရီရှာ၏ လှုပ်ရှားသံများကို သူ နားထောင်နေခဲ့သည်။

ပက်ထရီရှာ ရေချိုးနေသည့် အသံ၊ မီးဖိုချောင်ထဲသို့ ဆင်းသွားသည့် အသံ၊ ကော်ဖီအိုး တည်သည့် အသံ၊ စန္ဒရားတီးသည့် အသံများကို သူ ကြားနေ သည်။

စန္ဒရားတီးသံ ကြားနေရသောကြောင့် ဗီရိုထဲမှ ထွက်လာ၍လည်း အန္တရာယ် မကြီးဟု သူ တွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လှေကားထိပ်မှာ ထိုင်ပြီး စန္ဒရားသံကို သူ နားထောင်နေမိသည်။

ထိုအချိန်မှာပင် စကားပြောသံများကို သူ ကြားလာရသည်။ သူ့ကို ပြောနေသည့် အသံများ ဖြစ်သည်။

ယခု သည်မှာ ဆောင်ရွက်ရမည့် တာဝန်ပြီးဆုံးလျှင် အခြားတာဝန်များကို ဆက်လက် မထမ်းဆောင်ရန် အခြား လူအိုရုံရှာပြီး အလုပ် ဆက်လုပ်ရန် ထိုအသံက သူ့ကို ပြောနေသည်။

သူ့အာရုံက ထိုအထဲမှာ ရောက်နေသောကြောင့် စန္ဒရားသံ ရပ်သွားသည်ကိုပင် သတိမထားလိုက်မိချေ။ လှေကားထစ်များပေါ် တက်လာသည့် ပက်ထရီရှာ၏ ခြေသံကို ကြားတော့မှ သူ သတိပြန်ဝင်လာသည်။

သူ ပုန်းအောင်းသည့် နေရာသို့ ကမန်းကတန်း ပြန်သွားရသည်။ ကွဲနေသည့် ကြမ်းကို တက်နင်းမိသည်။ အသံမြည်သွားသည်။ ထို့ကြောင့် တစ်ခုခု မှားနေပြီကို ပက် သိသွားသည်။

သူ ပုန်းနေသည့် ဗီရိုတံခါးကို လာဖွင့်သည်။ အသက်ကိုဝင် သူ မရှူရဲတော့။ သို့သော်လည်း ပက်က အကန့်များ၏ နောက်ကွယ်သို့ ကြည့်မသွား။ သူ ကံကောင်းသွားလေသည်။

တစ်ညလုံး သူ သတိထားနေသည်။ ပက် အိပ်မပျော်သည့် အသံကိုလည်း ကြားနေရသည်။ အိပ်ပျော်သံ ကြားရမှ သူ သက်ပြင်းချနိုင်သည်။

နောက်တစ်နေ့တွင် ပက် အပြင်ထွက်သွားတော့မှ သူ ပျော်နိုင်သည်။ သို့သော်လည်း ဗီရိုထဲမှ ရုတ်တရက် မထွက်ရဲသေး။ အိမ်ဖော် တစ်ယောက်ယောက် လာလျှင် တိုးနေမည်ကို စိုးရိမ်ရသေးသည်။

နာရီပေါင်းများစွာ ကြာမြင့်သွားသည်။ ပက်ထရီရှာထရေးမိုး၏ အဝတ်အစား ဗီရိုထဲက အညိုရောင် ဂါဝန်ကြီးကို ထုတ်ယူဝတ်ဆင်ထားဖို့ အသံတွေက သူ့ကို ညွှန်ကြားနေသည်။

ဂလိုရီအပေါ် ပက်ထရီရှာထရေးမိုး သစ္စာဖောက်လျှင် ထိုက်တန်သည့် အပြစ်ဒဏ်ကို ပေးရပေတော့မည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## [ ၃၈ ]

မနက် ၉ နာရီ ၃၅ မိနစ် အချိန်တွင် ပိုတိုမက် ရုပ်မြင်သံကြားဌာန အဆောက်အအုံ သို့ ပက် ရောက်လာသည်။

မလှမ်းမကမ်းမှာ ရှိသော စားသောက်ဆိုင်တွင် ကော်ဖီ သွားသောက်ဖို့ ဆုံးဖြတ်လိုက်သည်။ ရုံးမှာ ရင်ဆိုင်ရမည့် အနေအထားနှင့် ပတ်သက်၍ သူ့မှာ အဆင်သင့် မဖြစ်သေးချေ။ စိတ်တွေလည်း လှုပ်ရှားနေဆဲ ဖြစ်သည်။

အက်ဘီဂေးလ် အထူးအစီအစဉ် ရိုက်ကူးခြင်းမှာ ယနေ့ နောက်ဆုံး ဖြစ်သည်။ အားလုံးလည်း စိတ်လှုပ်ရှားနေကြမည် ဖြစ်ကြောင်း သူ သိသည်။

သူ ခေါင်းကိုက်နေသည်။ တစ်ကိုယ်လုံးလည်း နာကျင် ကိုက်ခဲနေသည်။ ညတုန်းကလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်။ အိပ်ပျော်ပြန်တော့လည်း အိပ်မက်ဆိုးများ မက်နေပြန်သည်။

တစ်ကြိမ်တွင် လန့်ပြီး ထအော်မိသည်အထိ ဖြစ်သည်။ ဘာကြောင့် လန့်မှန်း သေသေချာချာ မမှတ်မိတော့။

ကားမောင်းလာရင်း ရေဒီယို ဖွင့်ကြည့်ရာ ကက်သရင်းဂရာနေ အသတ်ခံ ရသည့် သတင်းကို ကြားလိုက်ရလေသည်။

အဘွားကြီးကို မျက်လုံးထဲမှာ ဖျောက်၍မရတော့။ အထူးသဖြင့် သူ့သား အကြောင်း ပြောသည့်အခါတွင် တစ်မျက်နှာလုံး ဝင်းထိန်နေပုံကို ဘယ်လိုမှ ဖျောက်မရအောင် ဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အသက် အတော်ကြီးပြီ ဖြစ်ပုံရသော ခွေးအား ယုယပုံများကိုလည်း မြင်ယောင်နေမိသည်။

အက်ဘီဂေးလ်အကြောင်း သူတို့ ထုတ်လွှင့်ပြီးလျှင် အက်ဘီဂေးလ်နှင့် သူတို့၏ ပိုတိုမက်ရှပ်မြင်သံကြားဌာနကို အသရေဖျက်မှုနှင့် တရားစွဲဖို့လည်း ကက်သရင်းဂရာနေ စီစဉ်ထားသည်။

ယခု သူ သေသွားပြီဆိုတော့ ထိုခြိမ်းခြောက်မှုလည်း ဆုံးခန်းတိုင်သွားလေတော့သည်။

ကက်သရင်းဂရာနေသည် ရိုးရိုးလူဆိုး တစ်ယောက်ယောက်၏ လက်ချက်ဖြင့် သေဆုံးသွားရခြင်းလော။ သူ့ခွေးကို လမ်းလျှောက်ထွက်ပေးရင်း အသတ်ခံရခြင်း ဖြစ်သည်ဟု သတင်းက ဆိုသည်။

သူ့ခွေး နာမည် ဘာပါလိမ့်။ စလစ်ဂိုလား…

ရိုးရိုး လူဆိုးတစ်ယောက်ယောက်ကတော့ ခွေးတစ်ကောင် အစောင့်ပါသော အမျိုးသမီးတစ်ယောက်ကို တိုက်ခိုက်လိမ့်မည် မဟုတ်ပေ။ လုယက်လိုသော ရည်ရွယ်ချက်လောက်ဖြင့်တော့ သည်မျှ စွန့်စားမည် မဟုတ်ပေ။

ပက်က မုန့်မန်းကန်ကို ဘေးသို့ တွန်းပစ်လိုက်သည်။ သူ နည်းနည်းမှ မဆာပါ။ ကက်သရင်းဂရာနေနှင့် အတူတူ ကော်ဖီသောက်ခဲ့သည်မှာ ၃ ရက်ပဲ ရှိသေးသည်။

ယခုတော့ ချစ်စရာကောင်းသော၊ ပွင့်လင်းသော ထိုအဘွားကြီး ကွယ်လွန်သွားရှာလေပြီ။

စတူဒီယိုသို့ သူ ရောက်သွားတော့ ရိုက်ကွင်းထဲမှာ လူသာ ရောက်နှင့်နေသည်ကို တွေ့ရသည်။ သူ့မျက်နှာကို မြင်လိုက်ရုံနှင့် သူ ဘယ်လောက် စိတ်တိုနေကြောင်း သိသာသည်။ သူ့မျက်လုံးက အမှားကို လိုက်ရှာနေသည်။

"အဲဒီပန်းတွေကို လွှင့်ပစ်လိုက်လို့ ငါ ပြောထားတယ် မဟုတ်လား၊ ဘာဖြစ်လို့ အခုထက်ထိ အဲဒီအနားမှာ ထားနေရတာလဲ၊ ဒီနေရာမှာ သပ်သပ်ရပ်ရပ် ဖြစ်အောင် ဘယ်သူမှ မလုပ်တတ်ကြတော့ဘူးလား၊ ဟိုခုံက ဆိုနိုတ်တာ ထိုင်ဖို့ မနိမ့်လွန်းဘူးလား၊ နွားနို့ ညစ်တဲ့ ခွေးခြေကို ချထားရသလား"

ဘယ်သူမှ နေစရာမရှိအောင် ဆူပူကြိမ်းမောင်းနေသည်။ လူတွေအားလုံးလည်း ပျာယာခတ်နေကြသည်။

အခန်းထဲသို့ ပက် ဝင်လာသည်ကို သူ လှမ်းမြင်သွားသည်။

"ဩော်… မင်း ရောက်လာသေးသကိုး၊ ကက်သရင်းဂရာနေ အကြောင်း မင်း ကြားပြီးပြီ မဟုတ်လား၊ လေကြောင်း လုံခြုံမှုနဲ့ ပတ်သက်ပြီး အက်ဘီဂေးလ် ပြောထားတဲ့ အခန်းတွေကို ပြန်ရိုက်ရတော့မယ်၊ လေယာဉ်မှူးအပေါ် အက်ဘီဂေးလ်

www.burmeseclassic.com

www.burmeseclassic.com



က အပြစ်ပုံချထားတာ မဟုတ်လား၊ အခု သူ့မိန်းမ သေသွားပြီဆိုတော့ ပရိသတ်က ဒီအကြောင်းကို သိချင်ကြမှာပေါ့၊ ၁၀ မိနစ်အတွင်း အလုပ် စမယ်"

ပက်က လူသာကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိသည်။ ကက်သရင်းဂရာနေသည် စိတ်ထား သဘောထား ကောင်းပြီး ရည်မွန်သော အမျိုးသမီး ဖြစ်သည်။ ထိုအမျိုးသမီး သေဆုံးသွားသဖြင့် စိတ်မကောင်း ဖြစ်ရမည့်အစား လူသာက ရုပ်မြင်သံကြား အစီအစဉ် ပြန်ရိုက်ရမည့်အတွက် စိတ်တိုနေသည်။

ပက်သည် ဘာမှ မပြောတော့ဘဲ နောက်ပြန်လှည့်ကာ အဝတ်အစားလဲသည့် အခန်းထဲသို့ ဝင်ခဲ့လေတော့သည်။

မှန်တင်ခုံမှာ ဆီနိတ်တာဂျင်းနင်း ထိုင်နေသည်ကို တွေ့ရသည်။ သူ့ဇခုံးကို မျက်နှာသုတ်ပဝါ တစ်ထည်နှင့် ပတ်ထားသည်။ အမျိုးသမီးတစ်ယောက်က မိတ်ကပ် လိမ်းပေးနေသည်။ ထိုအမျိုးသမီးမှာ အတော်ကလေး စိတ်ပူနေပုံရသည်။

ဆီနိတ်တာသည် သူ့လက်ချောင်းကလေး အချင်းချင်း တင်းနေအောင် ချိတ်ထားသည်။ ပက်ကို လှိုက်လှဲစွာ နှုတ်ဆက်သည်။

"ရုပ်မြင်သံကြား ရိုက်လို့ ပြီးတော့မယ်ဆိုတော့ ငါလိုပဲ မင်းရော ဝမ်းသာနေသလား ပက်"

"ဟုတ်ကဲ့... ဝမ်းသာပါတယ် ဆီနိတ်တာ"

မိတ်ကပ် လိမ်းသည့် အမျိုးသမီးက ဆံပင်ကပ်ဆေး ဖျန်းဖို့ ပြင်သည်။

"အဲဒါကြီးနဲ့ မဖျန်းနဲ့၊ ကော်ပတ်ရုပ်နဲ့ တူသွားကာ ငါ မကြိုက်ဘူး"

အက်ဘီဂေးလ်က ငေါက်သည်။

"ဆောရီး... လူအများက"

သို့သော် မိန်းကလေးက စကားကို ဆုံးအောင် ဆက်မပြောတော့။

မှန်ထဲမှတစ်ဆင့် အက်ဘီဂေးလ်က မိမိကို ကြည့်နေကြောင်း ပက်သတိထားမိသည်။

သူနှင့် မျက်လုံးချင်း မဆုံမိအောင် တမင် ရှောင်တိမ်းနေလိုက်သည်။

"တို့ ဆွေးနွေးရမယ့် အချက် နည်းနည်းပါးပါး ရှိနေသေးတယ်"

အက်ဘီဂေးလ်က လှမ်းပြောသည်။ သူ ပြောပုံမှာ လုပ်ငန်းသဘော ဆန်လွန်းနေသည်။ ပြောပုံကလည်း-

ခပ်မြန်မြန် ခပ်ပြတ်ပြတ် ဖြစ်သည်။

"လေကြောင်း လုံခြုံရေးအခန်းကို ပြန်ရိုက်ရမယ်ဆိုလို့ ငါက အရမ်းဝမ်းသာနေတာ၊ မစ္စက်ဂရာနေ အသတ်ခံလိုက်ရတယ် ဆိုတာကြောင့် စိတ်တော့ မကောင်းဘူးပေါ့လေ၊ ဒါပေမဲ့ လေယာဉ်ကွင်း သေးသေးကလေးတွေမှာ လိုအပ်သလို စက်မှုပစ္စည်း အကောင်းစားတွေ တပ်ဆင်ပေးဖို့ အရေးကြီးနေတယ်၊ နောက်ပြီးတော့ ငါ့အမေနဲ့ ပတ်သက်လို့လည်း ခပ်များများလေး ပြောချင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



မိရာနဲ့ သမာဓိမှာ ဓာတ်ပုံတွေ ပါနေတာကို မသိချင်ယောင်ဆောင်နေလို့ ဖြစ်တာမှ မဟုတ်ဘဲ၊ နိုင်ငံခြားရေးရာတွေနဲ့ ပတ်သက်လို့လည်း အတော်များများလေး ပြောချင်သေးတယ်၊ မင်း မေးဖို့ မေးခွန်းတွေ ငါ ပြင်ဆင်ပြီး ယူလာခဲ့တယ်''

ပက်က လက်ထဲမှ ဘီးကို ချလိုက်ပြီး အက်ဘီဂေးလ်ဘက်သို့ လှည့်ကြည့်သည်။

''ပြင်ဆင်ခဲ့ပြီလား''

ဟု ခြောက်ကပ်ကပ် မေးသည်။

နောက် ၄ နာရီ ကြာတော့ ရုပ်ရှင်ပြခန်းထဲမှာ ကော်ဖီနှင့် ဆင်းဒဝစ် စားရင်း ရိုက်ပြီးသမျှ ရုပ်မြင်သံကြားကို သူတို့ လှသိုက် ထိုင်ကြည့်ကြလေသည်။

အက်ဘီဂေးလ်က ရှေ့ဆုံးတန်းမှာ ထိုင်သည်။ လူသာနှင့် ဖီးလစ်က သူ့ဘေး တစ်ဖက်တစ်ချက်မှာ ထိုင်သည်။

ပက်ကတော့ သူတို့နောက် ခုံတန်းပေါင်းများစွာ ခွာပြီး လက်ထောက် ဒါရိုက်တာနှင့် အတူ ထိုင်သည်။

ပက်၏ နောက် နောက်ဆုံးတန်းတွင် တိုတီ ထိုင်သည်။ တစ်ယောက်တည်း ထိုင်ပြီး အားလုံးကို အလစ်မပေးစတမ်း စောင့်ကြည့် အကဲခတ်နေခြင်း ဖြစ်လေသည်။

ရုပ်မြင်သံကြား အစီအစဉ်ကို ပက်၊ လူသာနှင့် ဆီနိတ်တာတို့ စက်ဝိုင်းခြမ်း ပုံသဏ္ဍာန် ထိုင်နေသည့် အခန်းဖြင့် စတင် ဖွင့်လှစ်သည်။

''ရုပ်မြင်သံကြား ပရိသတ်များ ရှင်··· အခုအချိန်ကစပြီး ကျွန်မတို့ ပထမဦးဆုံး တင်ဆက်မယ့် အစိုးရအဖွဲ့တွင်းမှ အမျိုးသမီးများ အစီအစဉ်ကို စတင် ထုတ်လွှင့်ပါတော့မယ်''

ပက်က ဖန်သားပြင်ပေါ်မှာ ပေါ်လာသည့် သူ့ရုပ်ကို အသေးစိတ် ကြည့်ရှုလေ့လာသည်။ သူ့အသံက အခါတိုင်းထက် ပိုပြီး ခပ်သြသြ ဖြစ်နေသည်။

နောက်ပြီးတော့ သူ ထိုင်နေပုံမှာ ခပ်တောင့်တောင့်ကြီး ဖြစ်နေသည်ကို လည်း သတိပြုမိသည်။

လူသာကတော့ သက်သောင့်သက်သာ ရှိလှသည်။ စိတ်အေးလက်အေး ပုံမျိုးဖြင့် ထိုင်နေနိုင်သည်။

ပက်နှင့် အက်ဘီဂေးလ်တို့ အပြန်အလှန် နှုတ်ဆက်ကြသည်။ အဖွင့် အသံများ အားလုံး ကောင်းမွန်သည်။

အက်ဘီဂေးလ်က အပြာရောင် ပိုးဂါဝန်ကို ဝတ်ထားသည်။ အလွန်လှသည်။ အရောင်နှင့် အဝတ် ရွေးချယ်ပုံ မှန်ကန်လှလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အက်ဘီဂေးလ် ပြုံးပုံမှာ အားရပါးရနှင့် နွေးနွေးထွေးထွေး ရှိလေသည်။ သူ့အမူအရာနှင့် သူ ပြောပုံဆိုပုံတို့မှာလည်း သပ်ရပ်သည်။ ရုက်ကိုးရုက်ကန်း အမူအရာမျိုး၊ သို့တည်းမဟုတ် ကလက်တက်တက် အမူအရာမျိုး ရိုးတိုးရိပ်တိတ် ကလေးမျှပင် မမြင်ရချေ။

အက်ဘီဂေးလ်၏ ဗာဂျီးနီးယားပြည်နယ်မှ ဝါရင့် ဆီးနိတ်လွှတ်တော် အမတ် အနေအထားကို သူတို့ ဆွေးနွေးကြသည်။

"အင်မတန်ကို ကျေနပ် နှစ်သိမ့်စရာကောင်းတဲ့ အလုပ်ပါပဲ"

ဟု အက်ဘီဂေးလ်က ပြောသည်။

အက်ပယ်လ်ဂျန်းရှင်းမြို့မှ ရိုက်ချက်များကို ပြသသည်။ သူ့အမေနှင့် အက်ဘီဂေးလ် ရိုက်ထားသည့် ဓာတ်ပုံကို ပြသသည်။

ပက်က ဖန်သားပြင်ကို စိုက်ကြည့်နေသည်။ အက်ဘီဂေးလ်၏ အသံက နူးညံ့ပျော့ပျောင်းလာသည်။

"ကျွန်မ အမေဟာလည်း ဒီကနေ့ အလုပ် လုပ်နေကြတဲ့ မိခင်တွေ အားလုံး ရင်ဆိုင်ကြရတဲ့ ပြဿနာတွေကို ရင်ဆိုင်ခဲ့ရတာပါပဲ။ ကျွန်မ ၆ နှစ်သမီး အရွယ်မှာ သူ မုဆိုးမ ဖြစ်ခဲ့ရတယ်၊ ကျွန်မကို တခြား တစ်နေရာမှာ တစ်ယောက် တည်း သူ ပစ်မထားချင်ဘူး၊ ဒါကြောင့်မို့လို့ အိမ်တစ်အိမ်မှာ အိမ်ဖော်အလုပ်ကို သူ ဝင်လုပ်ရတယ်၊ ဟိုတယ်တစ်ခုမှာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ရာထူးကို ရနိုင်ပါ လျက်နဲ့ ကျောင်းပိတ်ရက် အိမ်ပြန်လာမယ့် ကျွန်မနဲ့ မတွေ့ရမှာစိုးလို့ အဲဒီအလုပ် ကို စွန့်လွှတ်ပစ်လိုက်တယ်၊ ကျွန်မတို့ သားအမိဟာ အရမ်းရင်းနှီးပါတယ်။

"မေမေဟာ သူ အရမ်းဝနေတာနဲ့ ပတ်သက်ပြီး သိပ်ရှက်တယ်၊ သူ့ ကျန်းမာရေးက သိပ်မကောင်းတော့ အရမ်းဝလာတာပေါ့၊ ဒါကို လူအတော်များများ နားလည်နိုင်ကြလိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်၊ ဝေးလတ်နဲ့ အိမ်ထောင်ကျပြီးတော့ ကျွန်မတို့နဲ့ အတူတူ လာနေဖို့ ကျွန်မ ကြိုးစားပါသေးတယ်၊ သူက ရယ်ပြီးတော့ 'ဝါရှင်တန်မြို့ကို တောင်ကြီး တစ်လုံးက လာစရာ အကြောင်းမရှိပါဘူး' လို့ ပြန်ပြောတယ်"

ထိုနေရာ ရောက်တော့ အက်ဘီဂေးလ်၏ အသံများ တုန်ယင်လာသေး သည်။ ထို့နောက် အက်ဘီဂေးလ်က မယ်ရွေးပွဲအကြောင်း ဆက်ရှင်းပြသည်။

"မယ်ရွေးပွဲ ဝင်ရတာလည်း မေမေ့အတွက် ဝင်ရတာပါ၊ သူ စိတ်ချမ်းသာ စေချင်လို့ ဝင်တာပါ"

ပက်သည် အက်ဘီဂေးလ်၏ လှိုက်လှိုက်လှဲလှဲ ပြောနေသော စကား ရေယဉ်ကြောမှာ မျောပါနေမိလေသည်။ သူ့အမေနှင့် ပတ်သက်ပြီး မကောင်း ပြောခဲ့သည်များကိုပါ ပက် မေ့သွားသည်။ ယခု သူ့အမေအကြောင်း အကောင်း ပြောနေခြင်းများကို ယုံကြည့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အက်ဘီဂေးလ်သည် အင်မတန်ကို ကျွမ်းကျင်လိမ္မာစွာ သရုပ်ဆောင်နိုင်သည့် ရုပ်ရှင်မင်းသမီးတစ်လက်ပါလားဟုပင် ပက်က တွေးနေမိလေသည်။

ညှော်ခံပွဲနှင့် ပထမဆုံး မဲဆွယ်ပုံ အကွက်များကို မှတ်တမ်း ရုပ်ရှင်များထဲမှ ထုတ်နုတ်ပြသည်။

ပက်က မေးခွန်းထုတ်ပြန်သည်။

"ဆီနိတ်တာ... ရှင့်အသက်ဟာ သိပ်ငယ်သေးတယ်၊ ကောလိပ်ကျောင်းက ဘွဲ့ရပြီးခါစပဲ ရှိသေးတယ်။ အဲဒီအချိန်မှာ ရှင့်ယောက်ျားရဲ့ ပထမဆုံး ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲမှာ အနိုင်ရအောင် ကူညီနိုင်ခဲ့တယ်၊ အဲဒါတွေနဲ့ ပတ်သက်ပြီး ဘယ်လိုများ ခံစားရတယ် ဆိုတာ ကျေးဇူးပြုပြီး ပြောပြစေချင်ပါတယ်"

အက်ဘီဂေးလ် အဖြေ...

"အရမ်း အံ့သြစရာ ကောင်းပါတယ်၊ ကျွန်မက ကျွန်မ ယောက်ျားကို အရမ်းချစ်တာပါ၊ နိုင်ငံရေးခေါင်းဆောင် တစ်ယောက်ယောက်ဆီမှာ လက်ထောက်အလုပ် တစ်ခု ရဖို့ ကျွန်မ ငယ်စဉ်က အမြဲတမ်း တောင့်တခဲ့တယ်၊ မျှော်လင့်ချက်ထားခဲ့တယ်၊ အဲဒီလို မျှော်လင့်ချက် ရှိတဲ့ လူတစ်ယောက်အဖို့ ကိုယ့်ယောက်ျားကို နိုင်ငံရေး စင်မြင့်ပေါ်မှာ ကူညီခွင့် ရတယ် ဆိုတော့ အရမ်းကို စိတ်လှုပ်ရှားစရာကောင်းသွားတော့တာပေါ့၊

"နောက်ပြီးတော့ ရှင် စဉ်းစားကြည့်လေ၊ အဲဒီမဲဆန္ဒနယ်ကို ဂျင်းနင်း မိသားစုက အစဉ်အဆက် ထိန်းသိမ်းထားခဲ့တာ၊ အမြဲတမ်း ဂျင်းနင်း မိသားစုပဲ နိုင်ခဲ့တာ၊ ဒါပေမဲ့ ဝေးလတ်ရဲ့ ပြိုင်ဘက်က အခြေအနေ အတော်ကောင်းတယ်၊ ချောင်ချောင်လေးနဲ့ ကျွန်မတို့ မနိုင်နိုင်ဘူး၊ အတော်ကြိုးစားရတယ်၊ မဲရေအပြီး ဝေးလတ် နိုင်တယ် ဆိုတာလည်း ကြားရော၊ ကျွန်မဖြင့် မယုံကြည်နိုင်အောင် ဖြစ်သွားတယ်၊ ရွေးကောက်ပွဲမှာ နိုင်တယ် ဆိုတာ သိပ်ကို စိတ်လှုပ်ရှားစရာကောင်းတာပါ၊ ပထမဆုံးအကြိမ် ရွေးကောက်ပွဲဝင်ပြီး နိုင်ရတာ ဆိုတော့ ဆိုဖွယ်ရာတောင် မရှိတော့ပါဘူး"

ဝေးလတ်ဂျင်းနင်း၏ မွေးနေ့ပွဲတွင် ကနေဒီတို့ ဖနီးမောင်နှံ တက်ရောက်လာသည့် ပြကွက်များကို ထိုးပြသည်။

အက်ဘီဂေးလ်က ပြောပြန်သည်။

"ကျွန်မတို့ အားလုံး အသက်ငယ်ကြသေးတယ်၊ အမြဲ ဆုံနေကျ အမြဲ စကားပြောနေကျ အတူသွား အတူလာ စုံတွဲ သုံး လေးတွဲလောက် ရှိခဲ့တယ်၊ ဘယ်အခါကြည့်ကြည့် ကျွန်မတို့ဟာ တပူးတွဲတွဲပဲ၊ ကမ္ဘာကြီးကို ကျွန်မတို့ ပြောင်းလဲပစ်နိုင်မယ်လို့ သေသေချာချာ ယုံကြည်ခဲ့ကြတယ်၊ လူ့ဘဝကို ပိုကောင်းအောင် တည်ဆောက်နိုင်မယ်လို့ ယုံကြည်ခဲ့ကြတယ်၊ အခုတော့ အဲဒီ နိုင်ငံခေါင်းဆောင်

www.burmeseclassic.com



တွေ ကွယ်လွန်ကုန်ကြပါပြီ၊ အစိုးရအဖွဲ့ထဲမှာ ကျန်ခဲ့တာဆိုလို့ ကျွန်မ တစ်ယောက်တည်းပဲ ရှိပါတော့တယ်၊ ဒါကြောင့် ဝေးလတ်ရယ်… ကနေဒီရယ်… တခြားခေါင်းဆောင်တွေရယ် ချမှတ်ခဲ့တဲ့ စီမံကိန်းတွေအကြောင်း မကြာခဏ ကျွန်မ တွေးမိတယ်"

'တခြား ခေါင်းဆောင်တွေ…' ဆိုတဲ့အထဲမှာ ကျွန်မအဖေလည်း တစ်ယောက် အပါအဝင် ဖြစ်ပါတယ်ဟု ပက်က ဖန်သားပြင်ကိုကြည့်ရင်း တွေးမိသည်။

ဘဝင် စွဲငြိဖွယ်ကောင်းသည့် အကွက်များလည်း အမြောက်အမြား ပါဝင်ပါသည်။

မိခင်အိုကြီး ခိုကိုးရာမဲ့ ဖြစ်နေရာ ဘိုးဘွားရိပ်သာ တစ်ခုတွင် နေရေးထိုင်ရေး အဆင်ပြေအောင် အက်ဘီဂေးလ်က ကူညီဆောင်ရွက်ပေးသောကြောင့် ကျေးဇူးတင်စကား လာပြောသည့် မဲဆန္ဒရှင် မဂ္ဂီနှင့် အက်ဘီဂေးလ်တို့ အခန်း…။

အမျိုးသမီးငယ် တစ်ယောက်ကလည်း ၃ နှစ်အရွယ် သမီးလေးကို ရင်မှာ တင်းတင်းပိုက်ပြီး အက်ဘီဂေးလ်ဆီသို့ ရောက်လာကာ သူ့ယခင် ယောက်ျားက သူ့သမီးလေးကို ပြန်ပေးဆွဲဖို့ ကြိုးစားနေကြောင်း ပြောသည်။

"ကျွန်မကို ဘယ်သူကမှ အကူအညီ မပေးကြဘူး၊ အကူအညီပေးမယ့် လူတစ်ယောက်မှ မရှိတော့ဘူး၊ အဲဒီလို ဖြစ်နေတဲ့ အချိန်မှာ 'ဆီနိတ်တာဂျင်နင်းကို သွားတွေ့ပြီး အကူအညီ တောင်းကြည့်ပါ၊ လူတွေကို သူ ကူညီနိုင်ပါတယ်' လို့ တစ်ယောက်က ပြောလိုက်လို့ ကျွန်မ အကူအညီ လာတောင်းတာပါ"

မှန်ပါသည်။ သူ ကူညီနိုင်ပါသည်ဟု ပက်ကလည်း စိတ်ထဲက ကျိတ်ပြီး သဘောတူလိုက်သည်။

ထို့နောက် လူသာနှင့် အက်ဘီဂေးလ်တို့ အမေး အဖြေ လုပ်ကြသည်။ ရွေးကောက်ပွဲ ရန်ပုံငွေများ အလွဲသုံးစား ပြုလုပ်ခြင်း ခံရသည့် အကြောင်း ဆွေးနွေးကြခြင်း ဖြစ်ပါသည်။

"လူ့အဖွဲ့အစည်းရဲ့ အကြွေးကို ပြန်လည်ပေးဆပ်ဖို့အတွက် အယ်လီနာ ဘရောင်း ပြန်လည်အဖမ်းခံလိုက်တယ် ဆိုတာ ကြားရလို့ ကျွန်မအနေနဲ့ ဝမ်းသာပါတယ်ရှင်၊ ဘာပဲဖြစ်ဖြစ် ငွေကျန်နေသေးတယ် ဆိုရင် အဲဒီငွေ ပြန်ဆပ်ဖို့ အပြင် မဟုတ် အဲဒီငွေတွေကို ဘယ်သူတွေနဲ့ ဝေမျှ သုံးပစ်လိုက်တယ် ဆိုတာ ဖော်ပြဖို့လောက်တော့ အယ်လီနာ ရိုးသားပါစေလို့ ကျွန်မ ဆန္ဒပြုလိုက်ပါတယ်"

တစ်စုံတစ်ရာက ပက်ကို နောက်သို့ လှည့်ကြည့်ဖြစ်လိုက်စေသည်။

ရုပ်ရှင်ပြခန်းအတွင်းမှာ အလင်းရောင် အားနည်းနေသည်။ သို့သော်လည်း နောက်ဆုံးတန်းရှိ ခုံတစ်လုံးတွင် တိုဘီ၏ ကြီးမားလှသည့် ကိုယ်လုံးကြီး ရှိနေသည်ကို မြင်ရသည်။ လက်နှစ်ဖက်ကို ယှက်ပြီး မေးထောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလှသော မဟူရာလက်စွပ်ကြီးက အရောင် တဖျပ်ဖျပ် လက်နေသည်။

သဘောတူ လက်ခံသည့်အနေဖြင့် သူ့ခေါင်းကို တဆတ်ဆတ် ညိတ်နေသည်။

ပက်က ဖန်သားပြင်ဘက်သို့ ကမန်းကတန်း ပြန်လှည့်လိုက်ရသည်။ တိုဘီနှင့် မျက်လုံးချင်း မဆိုင်လိုပေ။

လေကြောင်း လုံခြုံစိတ်ချရေးနှင့် ပတ်သက်ပြီး အက်တီကေးလ်၏ သဘောထားနှင့် ပါဝင်ဆက်နွှယ်နေပုံကို လူသာက မေးသည်။

"ဝေးလတ်ကို ကောလိပ်ကျောင်းနဲ့ တက္ကသိုလ်တွေက ဟောပြောပို့ချပေးဖို့ မကြာခဏ ဖိတ်ပါတယ်၊ ဝေးလတ်ကလည်း အချိန်အားရတိုင်း ကောလိပ်နဲ့ တက္ကသိုလ်တွေကို သွားပြီး ဟောပြောပို့ချပေးပါတယ်၊ ကောလိပ်ကျောင်းနဲ့ တက္ကသိုလ် ဆိုတာဟာ လူငယ်တွေ စတင် ရင့်ကျက်ရာ ဌာန၊ အကောင်း အဆိုး ခွဲခြားနိုင်ဖို့ စတင် ဝေဖန်သုံးသပ်ရာ ဌာနလို့ ဝေးလတ်က အမြဲ ပြောလေ့ ရှိပါတယ်၊ ဒါကြောင့် အဲဒီလူငယ်တွေနဲ့ တွေ့ဖို့ဆိုရင် သူ ဘယ်တော့မှ မငြင်းဆန်ပါဘူး၊

"ကျွန်မတို့ဟာ ဝေးလတ် ရတဲ့ ကွန်ဂရက်လွှတ်တော်အမတ် လစာကလေးနဲ့ စားသောက် ရပ်တည်နေကြရတာပါ၊ ဒါကြောင့် လောက်အောင် အင်မတန် စစ်စီရပါတယ်၊ ကျွန်မဟာ ဒီကနေ့ မုဆိုးမ ဖြစ်နေရပါပြီ၊ ဘာကြောင့် မုဆိုးမ ဖြစ်ရသလဲ ဆိုတော့ ကျွန်မ ယောကျ်ားက သူ ရှာလို့ရတဲ့ ဈေးအပေါဆုံး လေယာဉ်ပျံကို ငှားစီးသွားလို့ပါပဲ၊ လေယာဉ်ပျံ အဟောင်းတွေ ဝယ်ပြီး ဈေးပေါပေါနဲ့ အငှားလိုက်နေတဲ့ လေယာဉ်မှူးတွေ ဘယ်လောက် များတယ် ဆိုတာ ရှင် သိသလား၊ သူတို့ အများစုဟာ အလုပ် မဖြစ်ကြပါဘူး၊ သူတို့ လေယာဉ်ပျံကို စိတ်ချရတဲ့ အနေအထားမှာ ရှိနေအောင် ပြင်ဆင်ဖို့ ငွေ အလုံအလောက် မရှိကြဘူးလေ၊

"ကျွန်မ ယောကျ်ား ကွယ်လွန်သွားတာ နှစ်ပေါင်း အစိတ်ကျော်ပါပြီ၊ ကျွန်မ ယောကျ်ား ကွယ်လွန်တဲ့ အချိန်ကစပြီး လေယာဉ်မှူးများ အစည်းအရုံးနဲ့ ကျွန်မ လက်တွဲပြီး ဆောင်ရွက်ခဲ့တယ်၊ လေယာဉ်မှူးတွေအတွက် တိကျတဲ့ စည်းကမ်းချက်တွေ ဥပဒေတွေ ပြဋ္ဌာန်းနိုင်အောင် ကျွန်မ ကြိုးစားခဲ့ပါတယ်"

ဂျော့ဂရာနေ၏ နာမည်ကိုတော့ ထုတ်ဖော် မပြော။ သို့သော်လည်း သူ့ယောကျ်ား ဘာကြောင့် သေဆုံးသွားရကြောင်းကိုတော့ ထုတ်ဖော် ပြောဆိုသွားပြန်သည်။

နှစ်ပေါင်း သည်မျှ ကြာလာသည်အထိ သူ အပြစ်တင်၍ မဆုံးသေးပါလားဟု ပက်က တွေးကြည့်နေမိသည်။

ရုပ်မြင်သံကြားကို ကြည့်နေရင်း မှတ်တမ်းရုပ်ရှင်ကားများကို ကြားထိုးဖော်ပြသည့် နေရာတွင် မိမိ စိတ်တိုင်းကျ ပြုလုပ်ထားခြင်း ဖြစ်ကြောင်း ပက် သဘောပေါက်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အက်ဘီဂေးလ်ကိုလည်း သနားဖွယ်ကောင်းသော အမျိုးသမီးကြီး၊ ကိုယ်ကျိုးကို လုံးဝ စွန့်လွှတ်ထားပြီး တိုင်းပြည်နှင့် လူမျိုးအတွက်သာ မအိပ်မနေ အလုပ်လုပ်နေသည့် အမျိုးသမီးကြီးအဖြစ် ပုံဖော်ရန် သူ စီစဉ်ခဲ့သည်။ ထိုစီစဉ်ချက်အတိုင်းလည်း ရိုက်ကူးလိုက်နိုင်ကြောင်း သဘောပေါက်လာသည်။

သို့သော်လည်း ကျေနပ် နှစ်သိမ့်နိုင်ခြင်းကား မရှိပါ။ တစ်ခုခု လိုနေသည်ဟု စိတ်ထဲမှာ ခံစားနေရသည်။

မှောင်ခါနီး အချိန်တွင် အက်ဘီဂေးလ် သူ့အိမ်သို့ ပြန်လာသည့် အခန်းနှင့် တင်ဆက်မှုကို အဆုံးသတ်သည်။ အိမ်ပြန်လာသည့် အခန်းကို ပြသနေခိုက် ပက်က---

"တစ်ကိုယ်ရေ တစ်ကာယသမား အသက်ကြီးသူများရဲ့ ထုံးစံအတိုင်း ဆီနိုတ်တာ အက်ဘီဂေးလ်ဂျင်းနင်းဟာလည်း ရုံးလုပ်ငန်းများ ပြီးဆုံးလို့ အိမ်ကို အဖော်မပါ တစ်ကိုယ်တည်း ပြန်လာခဲ့ပါပြီရှင်၊ အိမ်ပြန်ရောက်တော့လည်း သူ အေးအေးသက်သာ နားနေနိုင်ဦးမှာ မဟုတ်ပါဘူး၊ ဆီးနိတ်လွှတ်တော်ကို တင်ပြထားတဲ့ ဥပဒေကြမ်းတွေကို အသေးစိတ် လေ့လာရပါဦးမယ်"

ဟု နောက်ခံ အသံဖြင့် ပြောပေးသည်။

ဖန်သားပြင် မည်းသွားသည်။ အခန်းထဲမှာ မီးရောင်များ လင်းထိန်လာသည်။ သူတို့အားလုံး ထိုင်ရာမှ ထလိုက်ကြသည်။

အက်ဘီဂေးလ် မည်သို့ တုံ့ပြန်မည်ကို ပက်က အကဲခတ် လေ့လာနေသည်။

အက်ဘီဂေးလ်က တိုဘီကို လှမ်းကြည့်သည်။ တိုဘီက လက်ခံသဘောတူသည့် အမူအရာမျိုးဖြင့် ခေါင်းညိတ်ပြသည်။

အက်ဘီဂေးလ်၏ မျက်နှာ ပြုံးသွားသည်။ စိတ်သက်သာရာရသွားသည့် အမူအရာ ပေါ်လာသည်။ ရုပ်မြင်သံကြား တင်ဆက်မှု အစီအစဉ် အောင်မြင်ကြောင်း ထုတ်ဖော် ပြောဆိုသည်။

ပက်ကို တစ်ချက် လှမ်းကြည့်သည်။

"ပြဿနာပေါင်းစုံနဲ့ ကြုံခဲ့ရပေမယ့် သိပ်ကို ကောင်းတဲ့ အလုပ်တစ်ခုကို မင်း အောင်အောင်မြင်မြင် လုပ်လိုက်နိုင်ပြီ၊ ငါ့ရဲ့ နောက်ခံသမိုင်းတွေကို ပြန်သုံးရမယ်လို့ မင်း ပြောခဲ့တာ မှန်တယ်၊ မင်း စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်မိခဲ့တဲ့အတွက် ဝမ်းနည်းပါတယ်၊ လူသာ ရှင်ကရော ဘယ်လို သဘောရသလဲ ဟင်"

"ခင်ဗျား အတော်ပင်ပန်းသွားမယ်လို့ ကျွန်တော် ထင်ပါတယ် ပက်၊ မင်းစိတ်ထဲမှာရော ဘယ်လို ခံစားနေရသလဲ"

ပက်က စဉ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အားလုံးကတော့ ကျေနပ်ကြသည်။ တင်ဆက်မှု အဆုံးသတ်လိုက်ပုံမှာ နည်းပညာသဘောအရတော့ မှန်ကန်မှု ရှိပါသည်။ သို့သော်လည်း ပက်ကို တစ်စုံတစ်ခုက တိုက်တွန်း နှိုးဆော်နေသည်။

စာ...

ဝေးလတ်ဂျင်းနင်းထံသို့ အက်ဘီဂေးလ် ရေးခဲ့သည့် စာကို ပက်က ဖတ်ပြချင်နေသည်။

"ကျွန်မမှာ ပြဿနာတစ်ခု ရှိနေတယ်၊ ကိုယ်ရေးကိုယ်တာ ခံစားချက်ကလေးတွေ ထည့်လိုက်နိုင်မယ်ဆိုရင် ဒီအစီအစဉ်ဟာ ပိုပြီး ထူးခြားပြောင်မြောက်သွားမယ်လို့ ကျွန်မ ထင်နေတယ်၊ လှေကြီးထိုး ရိုးရိုး လုပ်ငန်းသဘောဆန်ဆန် အဆုံးသတ်သွားတာမျိုးကြီးတော့ ကျွန်မ မဖြစ်စေချင်ဘူး"

အက်ဘီဂေးလ်က စိတ်မရှည်နိုင်သလို မျက်လုံး လှန်ကြည့်သည်။

တိုဘီက မျက်မှောင်ကုပ်သွားသည်။

အခန်းထဲမှ အခြေအနေသည် တင်းမာသည့် အနေအထားသို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားသည်။

အသံချဲ့စက်မှတစ်ဆင့် စက်မောင်းသူ၏ အသံ ပေါ်ထွက်လာသည်။

"အာလုံး ပြီးပြီ မဟုတ်လား"

"မပြီးသေးဘူး၊ နောက်ဆုံးအခန်း ပြန်ပြစမ်း"

လူသာက ခပ်ဆတ်ဆတ် ပြန်ငေါက်လိုက်သည်။

အခန်းထဲမှာ ပြန်မှောင်သွားပြန်သည်။ ခဏချင်းမှာပင် နှစ်မိနစ်စာလောက် ရှိသော နောက်ဆုံးအခန်းက ဖန်သားပြင်ပေါ်မှာ လှုပ်ရှားသည်။

သူတို့အားလုံး အထူးအာရုံစိုက်ပြီး ကြည့်နေကြသည်။

လူသာ၏ ထင်မြင်ချက် ပထမဆုံး ပေါ်ထွက်လာသည်။

"ကျုပ်တို့ ဒီအတိုင်း ပြရင်လည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ပက် ပြောတာ မှန်မယ် ထင်တယ်"

"အခုဟာ သိပ်ကို ကောင်းနေပြီပဲ၊ ဒါကို ရှင်တို့ ဘာသွားလုပ်ဦးမလို့လဲ၊ နာရီအနည်းငယ်အတွင်း အိမ်ဖြူတော်ကို ကျွန်မ ရောက်နေဖို့ လိုတယ်၊ သတ်မှတ်ထားတဲ့ နောက်ဆုံးအချိန်မှ ကပ်ရောက်သွားတာမျိုးတော့ ကျွန်မ မဖြစ်ချင်ဘူး"

အက်ဘီဂေးလ်က ပြောသည်။

ငါပါ သူနဲ့ အတူတူ လိုက်သွားရရင် ကောင်းမလားဟု ပက်က စဉ်းစားကြည့်သည်။

အကြောင်းတစ်ခုခုကြောင့် 'ဘီလီ အချစ်ရေ...' ဆိုသော စာကို သူ အလွန်အမင်း ဖတ်ပြချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ ထိုစာနှင့် ပတ်သက်၍ အက်ဘီဂေးလ် မည်သို့ တုံ့ပြန်မည်နည်း ဆိုသည်ကိုလည်း အလွန်အမင်း သိချင်နေသည်။

သို့သော်လည်း သူတို့ ဓာတ်ညွှန်းကို အက်ဘီဂေးလ် ကိုယ်တိုင် တစ်ခုမကျန် အသေးစိတ် ကြည့်ထားပြီး ဖြစ်သည်။

ပက်က အသံကို ပုံမှန်အသံမျိုး ဖြစ်အောင် ကြိုးစားပြီး လှမ်းပြောသည်။

"ဆီနိတ်တာ… ရှင့်ရဲ့ ကိုယ်ရေးကိုယ်တာ ဖိုင်တွဲတွေ ကျွန်မတို့ကို ရက်ရက်ရောရော ကြည့်ခွင့်ပေးခဲ့ပါတယ်၊ ကျွန်မဆီကို တိုဘီ နောက်ဆုံး ယူလာပေးတဲ့ ဖိုင်တွဲထဲမှာ စာလေး တစ်စောင် သွားတွေ့ပါတယ်၊ အဲဒီစာကလေးဟာ တင်ဆက်မှု ဓာတ်မသိမ်းခင် ကျွန်မတို့ လိုချင်တဲ့ ကိုယ်ရေးကိုယ်တာ ခံစားချက်ကို ပီပြင်အောင် သရုပ်ဖော်ပေးနိုင်လိမ့်မယ်လို့ ကျွန်မ ထင်နေပါတယ်၊ ကျွန်မတို့ ရုပ်မြင်သံကြားမရိုက်ခင် အဲဒီစာကလေးကို ဆီနိတ်တာ ဖတ်ကြည့်နိုင်ပါတယ်၊ ဒါပေမဲ့ ကြိုမဖတ်ရင် ပိုပြီး သဘာဝကျသွားမယ်လို့ ကျွန်မ ထင်ပါတယ်၊ တကယ်လို့ ရိုက်ကြည့်ပြီးမှ ကျွန်မတို့ မျှော်လင့်သလို ကောင်းမလာဘူး ဆိုရင်လည်း အဲဒီအခန်းကို ပယ်ပြီး စောစောက ရိုက်ထားတဲ့ ဓာတ်သိမ်းကိုပဲ သုံးလိုက်တာပေါ့"

အက်ဘီဂေးလ်၏ မျက်လုံးများ ကျဉ်းသွားသည်။ လူသာကို လှမ်းကြည့်သည်။

"အဲဒီစာကို ရှင် ဖတ်ပြီးပြီလား"

"ဖတ်ပြီးပါပြီ၊ ပက် ပြောတာကို ကျွန်တော် သဘောတူတယ်၊ ဒါပေမဲ့ ခင်ဗျား သဘောပါ၊ ခင်ဗျား ကြိုက်မှ လုပ်ပါ"

ဖီးလစ်နှင့် တိုဘီဘက်သို့ အက်ဘီဂေးလ် လှည့်သွားပြန်သည်။

"ဒီအစီအစဉ်ထဲမှာ သုံးနိုင်တာတွေ အားလုံးကို မင်းတို့ နှစ်ယောက် သေသေချာချာ စစ်ဆေးကြည့်ပြီးသား မဟုတ်လား"

"တစ်ခုမကျန် စိစစ်ထားပြီးသားပါ ဆီနိတ်တာ"

အက်ဘီဂေးလ်က ပခုံးတွန့်လိုက်သည်။

"ဒီလိုဆိုရင် ကျွန်မ မယ်ဘွဲ့ ရပြီးတဲ့ နောက်နှစ်မှာ အက်ပယ်လ်ဂျွန်းရှင်း မယ်ဘွဲ့ ထပ်ရတဲ့ အမျိုးသမီး ရေးလိုက်တဲ့စာ မဟုတ်ရင် ပြီးတာပါပဲ"

ဟု အက်ဘီဂေးလ်က ပြောသည်။

သူတို့ အားလုံး ဝိုင်းရယ်ကြသည်။

အက်ဘီဂေးလ်မှာ တစ်ခုခုတော့ ပြောင်းလဲသွားသည်။ သူ့ကိုယ်သူ ပို၍ ယုံကြည်စိတ်ချသွားသည်ဟု ပက် ထင်သည်။

"ကျွန်တော်တို့ ၁၀ မိနစ်အတွင်း ရိုက်မယ်"

ဟု လူသာက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား လဲခန်းထဲသို့ ပက် အပြေးလာခဲ့သည်။ ချွေးသီးချွေးပေါက်များ စို့နေသော မျက်နှာကို ပေါင်ဒါ တို့သည်။ နဖူးပေါ်မှာ ချွေးသီးများ ပိုများနေသည်။

ငါ ဘာဖြစ်နေတာလဲ… ဟု သူ့ကိုယ်သူ ခပ်ကြမ်းကြမ်း မေးသည်။

တံခါးပွင့်သွားပြီး အက်ဘီဂေးလ် ဝင်လာသည်။ ပိုက်ဆံအိတ်ထဲမှ သူ့မိတ်ကပ်ဘူးကို ထုတ်ယူသည်။

"ပက်… ရိုက်ထားတဲ့ အခန်းတွေ ကောင်းပါတယ်နော်"

"ဟုတ်ကဲ့… ကောင်းပါတယ်"

"အစတုန်းက ဒီရုပ်မြင်သံကြား ထုတ်လွှင့်ဖို့ အစီအစဉ်ကို ငါ အကျောက်အကန် ဆန့်ကျင်ခဲ့တယ်၊ ဒါနဲ့ ပတ်သက်ပြီး ငါ့စိတ်ထဲမှာ ဘဝင်မကျဘူး၊ မယုံကြည်ခဲ့ဘူး၊ အခုတော့ ငါ့ကို လူတွေ သိပ်အထင်ကြီးသွားအောင် မင်း အောင်အောင်မြင်မြင် လုပ်ပေးနိုင်ခဲ့တာပဲ"

အက်ဘီဂေးလ်က စကားဖြတ်ပြီး ပြုံးသည်။

ပြီးမှ ဆက်ပြောသည်။

"ရုပ်မြင်သံကြားထဲမှာ ကြည့်ရင် ငါ့ကိုယ်ငါ ပိုလို့တောင် သဘောကျလာတယ်၊ တကယ် ရှိနေတာထက် ပိုလို့တောင် အထင်ကြီးလာစာယ်"

မိနစ် အနည်းငယ် ကြာတော့ သူတို့အားလုံး ရိုက်ကွင်းထဲသို့ ပြန်ရောက်နေကြလေသည်။

ပက်က သူ ဖတ်ပြရမည့် စာကလေးကို လက်နှင့် အုပ်ကိုင်ထားသည်။

လူသာက စကား စပြောသည်။

"ဆီနိတ်တာ ခင်ဗျား၊ အခုလို ခင်ဗျားရဲ့ ကိုယ်ရေးကိုယ်တာ အကြောင်းမေးဖို့ ကျွန်တော်တို့ကို အချိန်ပေးတဲ့အတွက် ကျေးဇူးတင်မဆုံးကြောင်း ပြောပါရစေ၊ ဘာပဲဖြစ်ဖြစ် ဒီလို ကိုယ်ရေးကိုယ်တာခန်းမှာ ကြွကွဲဝမ်းနည်းစရာ ကောင်းတဲ့အထဲက ကြည်နူးစရာလေးတွေ ဆီနိတ်တာမှာ ရှိနေပါကလား ဆိုတာကို ကျွန်တော်တို့ သိခွင့်ရကြတဲ့အတွက်လည်း ဝမ်းသာပါတယ်၊ ဒီအစီအစဉ် တင်ဆက်ဖို့ ပြင်ဆင်ကြတဲ့ အချိန်မှာပဲ ခင်ဗျားရဲ့ ကိုယ်ရေးကိုယ်တာ စာရွက်စာတမ်းပေါင်းများစွာ ကျွန်တော်တို့ကို ပေးခဲ့ပါတယ်၊ အဲဒီစာရွက်စာတမ်းတွေထဲမှာ ခင်ဗျားရဲ့ ခင်ပွန်းသည် ကွန်ဂရက်လွှတ်တော်အမတ် ဝေးလတ်ဂျင်းနင်းဆီကို ခင်ဗျား ရေးလိုက်တဲ့ စာတိုလေးတစ်စောင် ပါလာတာကိုလည်း ကျွန်တော်တို့ တွေ့မြင်ဖတ်ရှုကြရပါတယ်၊ ဒီစာတိုကလေးဟာ ငယ်ရွယ်သူ ခင်ဗျားရဲ့ ဘဝနဲ့ အခု အသက်ကလေးနည်းနည်း ရလာတဲ့ ဘဝကို ပေါင်းစပ်ပေးနိုင်လိမ့်မယ်လို့လည်း ကျွန်တော်တို့ ထင်ပါတယ်၊ ခင်ဗျား ကြားရအောင် ပက်ကို ဖတ်ပြခွင့်ပြုစေလိုပါတယ်"

အက်ဘီဂေးလ်က ခေါင်းကလေးကို ငုံ့လိုက်သည်။

မေးခွန်းထုတ်လိုက်သည့် အမူအရာမျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပက်က လက်ထဲမှ စာရွက်ခေါက်ကလေးကို ဖြန့်သည်။ သူ့အသံ ခပ်သြသြ ဖြစ်နေသည်။ တဖြည်းဖြည်းချင်း သူ ဖတ်သည်။

"ဘီလီ… အချစ်ရေ…"

သူ့လည်ချောင်းထဲမှာ ဆို့ကျပ်နေသည်။

ဟန်မပျက် ဆက်ဖတ်နိုင်အောင် သူ အတော်အားစိုက်နေရသည်။

သူ့အာခေါင်များလည်း ခြောက်ကပ်လာသည်။

အက်ဘီဂေးလ်ကို သူ မော့ကြည့်သည်။

အက်ဘီဂေးလ်က သူ့ကို မျက်တောင်မခတ် စူးစိုက်ကြည့်နေသည်။ သူ့မျက်နှာပေါ်မှာ သွေးရောင် ပျောက်သွားသည်။

**နေ့ခင်းတုန်းက အချစ် ပြောခဲ့တဲ့ မိန့်ခွန်းဟာ အရမ်းကို ကောင်းတာပဲ ကွယ်။**

**အချစ်အတွက် ကျွန်မ အရမ်းဂုဏ်ယူမိပါတယ်။**

**မောင့်ကို ကျွန်မ ချစ်တယ်။ ဘဝတစ်သက်တာလုံး မောင်နဲ့ အတူတူ နေကြဖို့ကို မျှော်မှန်းကြည့်နေမိတယ်။ မောင်နဲ့ အတူတူ လက်တွဲပြီး အလုပ်လုပ်သွားဖို့ စိတ်စောနေမိပါတယ်။**

**တကယ်ပါပဲ အချစ်ရယ်… ကျွန်မတို့ နှစ်ယောက်ဟာ ဒီကမ္ဘာလောကကြီးထဲမှာ ဘာနဲ့မှ မတူအောင် အထူးခြားဆုံးတွေ ဖြစ်နိုင်ပါတယ်ကွယ်။**

လူသာက စာဆုံးသည်နှင့် ဝင်ပြောသည်။

"အဲဒီစာဟာ မေလ ၁၃ ရက်နေ့က ရေးတာပါ၊ ကွန်ဂရက်လွှတ်တော်အမတ် ဝေးလတ်ဂျင်းနင်း လေယာဉ်ပျံ ပျက်ကျပြီး ကွယ်လွန်သွားတာက မေလ ၂၀ ရက်နေ့မှာ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီကမ္ဘာလောကကြီးထဲမှာ ထူးခြားတာတွေကို ခင်ဗျား တစ်ယောက်တည်း လုပ်ခဲ့ရပါတယ်၊ ကျေးဇူးတင်ပါတယ် ဆီနိတ်တာ အက်ဘီဂေးလ်ဂျင်းနင်း ခင်ဗျား…"

အက်ဘီဂေးလ်၏ မျက်လုံးများ အရောင် တဖိတ်ဖိတ် တောက်နေသည်။ မပြုံးချင် ပြုံးချင် အပြုံးသည် သူ့နှုတ်ခမ်းထောင့်မှာ တွယ်ကပ်နေသည်။ သူ ခေါင်းညိတ်သည်။ သူ့နှုတ်ဖျားမှ စကားလုံးများ ထွက်လာသည်။

"ကျေးဇူးတင်ပါတယ်"

"ကတ်…"

ဒါရိုက်တာက အော်သည်။

လူသာက ဝုန်းခနဲ ထိုင်ရာမှ ထသည်။

"ဆီနိတ်တာ… ကောင်းလိုက်တာဗျာ၊ လူတိုင်းက…"

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့စကား မဆုံးပါ။ အက်ဘီဂေးလ်က ပက်ကို ခုန်အုပ်ပြီး လက်ထဲမှ စာကို လုယူလိုက်သောကြောင့် ဖြစ်လေသည်။

"ဒီစာကို နင် ဘယ်က သွားရလာတာလဲ"

တုန်လှုပ်ချောက်ချားစွာ သူ မေးသည်။

"ငါ့ကို ဘာလုပ်ပစ်ဖို့ နင် ကြံစားနေတာလဲ"

"ဆီနီတ်တာ... ဒါကို ကျွန်တော်တို့ မသုံးလည်း ဖြစ်ပါတယ်လို့ ကျွန်တော် ပြောပြီးပြီလေ"

လူသာ ဝင်ပြောသည်။

အက်ဘီဂေးလ်၏ မျက်နှာ အမူအရာသည် ဒေါသဖြစ်ခြင်း၊ နာကျင်ခြင်းများသို့ ပြောင်းလဲသွားရာ ပက်ကလည်း အလွတ်မပေးစတမ်း စိုက်ကြည့်နေသည်။

ဒီမျက်နှာအမူအရာကို ငါ ဘယ်မှာ မြင်ခဲ့ဖူးသလဲ။

ဒီမျက်နှာပေါ်မှာ ဒီလို အမူအရာမျိုး ဟိုးရှေးရှေးတုန်းက တစ်ကြိမ် မြင်ခဲ့ဖူးသည်။

ဘယ်မှာ မြင်ခဲ့ဖူးသလဲ။

ပက်က အပြင်းအထန် စဉ်းစားသည်။

ကြီးမားသည့် ကိုယ်လုံးကြီးတစ်ခုက ပက်ဘေးမှ ဖြတ်ကျော်သွားသည်။

တိုဘီက အက်ဘီဂေးလ်၏ ကိုယ်လုံးကို ဆွဲလှုပ်နေသည်။ အော်ဟစ်သလောက်နီးပါး အသံဖြင့်လည်း ပြောနေသည်။

"အက်ဘီ... သတိထားလေ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းမှပေါ့၊ ဒါဟာ တင်ဆက်မှုကို အဆုံးသတ်ရာမှာ အကောင်းဆုံးပဲ၊ အက်ဘီ... ခင်ဗျား ယောက်ျားဆီကို ခင်ဗျား နောက်ဆုံး ရေးလိုက်တဲ့ စာအကြောင်း ပြည်သူတွေ သိသွားတာ ဘာဖြစ်နိုင်မှာလဲ"

"ငါ့ရဲ့ နောက်ဆုံးစာ"

ထိုစကားလုံးများကို တစ်လုံးချင်း ဖြည်းဖြည်း ပြောသည်။ ပြီးတော့ လက်တစ်ဖက်ကို မြှောက်ပြီး သူ့မျက်နှာကို အုပ်လိုက်သည်။

မျက်နှာပေါ်မှ အမူအရာကို ဖုံးကွယ်လိုက်ခြင်း ဖြစ်သည်။

"ဟုတ်ပါတယ်၊ ကျွန်မ ဝမ်းနည်းပါတယ်၊ ဝေးလတ်နဲ့ ကျွန်မဟာ ဒီလိုပဲ စာတိုကလေးတွေ အမြဲတမ်း အပြန်အလှန် ရေးပြီး ပေးကြလေ့ရှိပါတယ်၊ ဒီစာကို ရှင်တို့ တွေ့တာ ကျွန်မ အရမ်းဝမ်းသာပါတယ်၊ နောက်ဆုံးစာ..."

ပက်က မလှုပ်မယှက် ထိုင်နေသည်။

"ဘီလီ အချစ်ရေ... ဘီလီ အချစ်ရေ..."

ထိုအသံများသည် ပက်နားထဲမှာ အနိမ့်အမြင့် မညီမညာဖြင့် ပဲ့တင်ရိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်လက်တန်းကို တင်းတင်းဆုပ်ပြီး မော့ကြည့်သည်။

တိုဘီက ရိုင်းစိုင်းကြမ်းကြုတ်သည့် မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်နေကြောင်း တွေ့ရသည်။

ကြောက်ရွံ့စိုးထိတ်စွာဖြင့် ကိုယ်လုံးကလေးကို နောက်သို့ ကျုံ့လိုက်မိလေသည်။

အက်ဘီဂေးလ်ဘက်သို့ တိုဘီ ပြန်လှည့်သွားသည်။

လူသာနှင့် ဖီးလစ်တို့၏ အကူအညီဖြင့် အက်ဘီဂေးလ်ကို စတူဒီယိုအပြင်သို့ သူ ခေါ်ထုတ်သွားသည်။

မီးလုံးများ တစ်လုံးပြီး တစ်လုံး မှိတ်သွားသည်။

"ဟေး… ပက်၊ ပြီးသွားပါပြီနော်"

ကင်မရာဆရာက ပက်ကို အော်ပြောသည်။

အတော်ကြာတော့မှ သူ ထိုင်ရာမှ ထနိုင်သည်။

"ပြီးသွားပါပြီ"

ဟုလည်း ပြန်ပြောလိုက်သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## [—၃၉—]

ပြဿနာတစ်ခုခုကို ဖြေရှင်းဖို့ အပြင်းအထန် ကြိုးစားနေရပြီ ဆိုလျှင် ဆမ်သည် လမ်းများများ လျှောက်လေ့ရှိသည်။ ထိုသို့ လျှောက်လိုက်မှ အကြံဉာဏ်များ ထွက်လာတတ်သည်။

ထို့ကြောင့်လည်း မိုင်အတော်များများ ဝေးသည့် ဆိပ်ကမ်းမှ စားသောက်ဆိုင်သို့ သူ့အိမ်မှနေ၍ သူ လမ်းလျှောက်လာခြင်း ဖြစ်လေသည်။

စားသောက်ဆိုင်နှင့် နီးလာသောအခါ မြစ်ရေပြင်ကို သူ လှမ်းမျှော်ကြည့်သည်။

လှိုင်းခေါင်းဖြူကလေးများကို မြစ်ရေပြင်ပေါ်တွင် မြင်နေရသည်။

ကိပ်ကော့ ပင်လယ်ကမ်းခြေ…

လွန်ခဲ့သော နှစ်နှစ်က ထိုပင်လယ်ကမ်းခြေတွင် သူနှင့် ပက် လမ်းအတူ လျှောက်ခဲ့ဖူးသည်ကို ပြန်ပြောင်းအောက်မေ့လာသည်။

ပင်လယ်လေ ခပ်ကြမ်းကြမ်း တိုက်နေသောကြောင့် ပက်၏ ဆံပင်များ ဗျာရရာကြဲနေသည်။

သူတို့နှစ်ယောက် လက်ချင်း ချိတ်ထားခဲ့ကြသည်။

လွတ်လပ်မှုကို မယုံကြည်နိုင်စရာ ကောင်းလောက်အောင် ခံစားနေရလေသည်။

လောကကြီးတွင် မည်သူမှ မရှိ။

သူတို့ ချစ်သူ နှစ်ယောက်ရယ်…

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင်ကြီးရယ်…
ပင်လယ်ကမ်းခြေ သဲသောင်ပြင်ကြီးရယ်…
ပင်လယ်သမုဒ္ဒရာကြီးရယ်…
ဒါပဲ ရှိသည်။

လာမယ့် နွေရာသီကျရင်တော့ တို့နှစ်ယောက် တစ်ခေါက် ပြန်သွားမယ် ဟု သူ့ဘာသာသူ သန္နိဋ္ဌာန်ပြုနေမိသည်။

ဆိုင်ကို သဘော်ကျင်း တင်ထားသည့် သဘော်ပုံစံမျိုး တည်ဆောက်ထား သည်။ ကုန်းဘောင်နှင့် တက်ရသည်။

ခံစားချက်ကလေးလည်း ရှိနေသောကြောင့် သူ သဘောကျသွားသည်။

ပြတင်းပေါက်နားက စားပွဲတစ်လုံးမှာ ဂျက်ကာလ်ဆန် ရောက်နှင့်နေသည်။

သူ့ရှေ့က ပြာခံခွက်ထဲမှာ စီးကရက်တိုတွေ အများကြီး ရှိနေပြီ။ အရက် လည်း သောက်နှင့်နေသည်။

ဆမ်က သူ နောက်ကျရသည့်အတွက် တောင်းပန်သည်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော်ကလည်း အစောကြီး ရောက်နေတာပါ"

ဂျက်က ရိုးရိုးသားသား ပြန်ပြောသည်။

ဆံပင်တွေ ဖြူနေပြီ။ တောက်ပသော စပ်စုသည့် မျက်လုံးများ ရှိသည်။ သူနှင့် ဆမ် ရင်းနှီးခင်မင်ခဲ့ကြသည်မှာ နှစ်ပေါင်း နှစ်ဆယ်လောက် ရှိပြီ။

ဆမ်က မာတီနီ မှာသောက်သည်။

"ဒါမှပဲ ကျုပ်စိတ်တွေ ငြိမ်တော့မယ်၊ ဒါမှမဟုတ်ရင်လည်း အရက်များ ကျတာ ပြေသွားတာပေါ့"

ဆမ်က ပြုံးပြီး ပြောသည်။ သူ့ကို ဂျက်က မသိမသာ အကဲခတ် လေ့လာနေသည်ဟု စိတ်ထဲမှာ ခံစားနေရသည်။

"ကျွန်တော့် မျက်စိထဲမှာတော့ ခင်ဗျား အတော်အူရှုပ်နေတယ်လို့ ထင် တယ်၊ ဆမ် တိုဘီဂေါ်ဝှန်းအကြောင်းကို ဘာဖြစ်လို့ ခင်ဗျား စုံစမ်းခိုင်းတာလဲ"

ဂျက်က မေးသည်။

"စိတ်ထဲမှာ မသင်္ကာတာပါပဲလေ၊ စိတ်ဝင်စားစရာ ကောင်းတာတွေများ တွေ့သလား"

ဆမ်သည် စိတ်ထဲမှာ ခပ်လေးလေးကြီး ရှိနေသလို ခံစားနေရသည်။

"စိတ်ဝင်စားစရာ ကောင်းတယ်ပဲ ဆိုပါစို့"

"ဟဲလို.. ဆမ်"

ဖရင့်ခရော်လေ ရောက်လာသည်။ သာမန်အားဖြင့် ဖြူဖွေးနေတတ်သော သူ့မျက်နှာသည် အအေးဒဏ်ကြောင့် ရဲနေသည်။ ထူထဲသော သူ့ဆံပင်ဖြူများ လည်း ဖရိုဖရဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်နှင့် သူ့ကိုယ်သူ မိတ်ဆက်သည်။ ငွေကိုင်းမျက်မှန်ကို နေရာတကျ ဖြစ်အောင် ပြင်တပ်သည်။ လက်ကိုင်အိတ် ဖွင့်သည်။ စာအိတ်ဖောင်းဖောင်းကြီး တစ်လုံး ဆွဲထုတ်သည်။

"ကျုပ် ဒီအချိန် ရောက်လာတာ ကံကောင်းတယ်၊ အမှုတွဲတွေ ရှာလိုက်ရတာ၊ လွယ်လွယ်နဲ့ မရဘူး၊ ဘယ်နှနှာရီတွေ ထိုးကုန်မှန်းတောင် မသိအောင်ဘဲ"

ဖရင့်က သူ့ဒုက္ခကို ရှင်းပြသည်။ ရောက်လာသည့် စားပွဲထိုးကို သူ သောက်လိုသော အရက် မှာသည်။

ပြီးတော့ သူကပဲ ဆက်ပြောသည်။

"ပြည်ထောင်စုအစိုးရနဲ့ အယ်လီနှာဘရောင်း အမှု၊ ပြဿနာကတော့ တစ်ခုတည်းပဲ၊ ဆီနိုတ်တာဂျင်းနင်းရဲ့ မိသားစုထဲက တိုဘီ လိမ်သလား၊ အယ်လီနှာ လိမ်သလား ဆိုတာပါပဲ၊ အယ်လီနှာက သူ့ဘာသာသူ ထုချေသွားတာ သိပ်မှားတယ်၊ ဈေးဆိုင်က ပစ္စည်းခိုးမှု တစ်ခုမှာ သူ ပတ်သက်ဖူးကြောင်း ထုတ်ပြောလိုက်တာ သိပ်မှားသွားတယ်၊ တစ်ဖက် တရားလိုရှေ့နေက အဲဒီအချက်ကို အပိုင်ကိုင်ပြီး အယ်လီနှာကို ရာဇဝင်လူဆိုးကြီးလောက် ပုံကြီး ချဲ့ပစ်လိုက်တော့တာပေါ့၊ ဆီနိုတ်တာရဲ့ ထွက်ဆိုချက်ကလည်း အယ်လီနှာကို မကယ်တင်နိုင်ဘူး၊ အယ်လီနှာနဲ့ ပတ်သက်ပြီး သူ ထွက်ဆိုသွားတာတွေဟာ အလွန်အမင်းကို များလွန်းနေတယ်၊ အရေးကြီးတဲ့ စာမျက်နှာတွေကို ကျုပ် အမှတ်အသား လုပ်ထားတယ်"

ဖရင့်က ဂျက်ကို အမှုတွဲကြီး ကမ်းပေးလိုက်သည်။

ဂျက်က သူ့အိတ်ထဲမှ စာအိတ်တစ်လုံးကို ထုတ်သည်။

"ဟောဒီမှာ တိုဘီဂေါ်ဝွန်နဲ့ ပတ်သက်ပြီး ခင်ဗျား သိချင်တဲ့ အချက်အလက်တွေ ရေးမှတ်ထားတဲ့ စာရွက်"

ဆမ်ကို လှမ်းပေးရင်း သူက ပြောသည်။

ဆမ်က စာရွက်ကို ဖတ်ကြည့်သည်။ သူ့မျက်ခုံးများ မြင့်တက်သွားသည်။ ပြီးတော့ နောက်တစ်ကြိမ် ပြန်ဖတ်ကြည့်သည်။

**အက်ပယ်လ်ဂျန်းရှင်းမြို့** ။ ။ မော်တော်ကားခိုးမှု ဖြစ်သည်။ ရဲက နောက်မှ လိုက်ဖမ်းသည်။ ရဲကားတိုက်ပြီး လူသုံးယောက် သေသည်။ တရားစွဲဆိုခြင်း မခံရ။

**အက်ပယ်လ်ဂျန်းရှင်းမြို့** ။ ။ မြင်းပွဲ ဘွတ်ကီ ဒိုင်ပုန်းများကို ပိုက်စိပ်တိုက် ဖမ်းပွဲတွင် မသင်္ကာသူအဖြစ် အဖမ်းခံရဖူးသည်။ တရားစွဲဆိုခြင်း မခံရ။

**နယူးယောက်မြို့** ။ ။ မော်တော်ကား ဖုံးပေါက်ကွဲမှုတွင် မသင်္ကာမှုဖြင့် အဖမ်းခံရသည်။ အငှားလူမိုက်တစ်ယောက် သေသည်။ တရားစွဲဆိုခြင်း မခံရ။

www.burmeseclassic.com

www.burmeseclassic.com



**မာဖီးယားဂိုဏ်းနှင့် အဆက်အသွယ် ရှိသည်ဟု ထင်မှတ်ရသည်။**

**လောင်းကစား များတွင် ရှုံးပြီး တင်သော အကြွေးများကို ဆပ်နိုင်ရန်** ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်။

**သက်ဆိုင်နိုင်သည့် အခြားအချက်** ။ ။ စက်မှုလက်မှုဆိုင်ရာများကို အထူးစိတ်ဝင်စားသည်။

"အင်မတန် သန့်ရှင်းတဲ့ မှတ်တမ်းပါပဲ"

ဟု ဆမ်က ငေါ့တော့တော့ ပြောသည်။

တိုဘီဂေါ်ပွန်းနှင့် ပတ်သက်၍ ရှာဖွေတွေ့ရှိချက်များ၊ အယ်လီနာဘာရောင်း၏ အမှုတွဲ၊ လေယာဉ်ပျံ ပျက်ကျမှုနှင့် ပတ်သက်သည့် လေကြောင်းပို့ဆောင်ရေးအသင်း၏ စုံစမ်းရရှိချက်နှင့် ကက်သရင်းဂရာနေ အသတ်ခံရသည့် အကြောင်းများကို သူတို့ သုံးယောက် အပြန်ပြန်အလှန်လှန် ဆွေးနွေးတိုင်ပင်ကြသည်။

ကော်ဖီအိုး လာချပေးသည့် အချိန်တွင် 'ဖြစ်နိုင်ခြေ'များကို သူတို့တစ်ဦးချင်း တွက်ကြည့်ကြသည်။

စက်မှုလက်မှုဆိုင်ရာများကို အထူးစိတ်ဝင်စားသော တိုဘီဂေါ်ပွန်းသည် ဝေးလတ်ဂျင်းနင်း စီးနင်းလိုက်ပါသွားမည့် လေယာဉ်ပျံ ထွက်ခါနီး အချိန်ကလေးတွင် အဝတ်အစားအိတ် တစ်လုံးကို လေယာဉ်ပျံပေါ်သို့ တင်ပေးလိုက်သည်။

ထို့နောက် လေယာဉ်ပျံ ပျက်ကျသွားသည်။ အလွန်အသိရခက်သော ပျက်ကျမှု တစ်မှု ဖြစ်နေသည်။

တိုဘီသည် လောင်းကစားသမား တစ်ယောက် ဖြစ်သည်။ ရွှေကောက်ခွဲရန်ပုံငွေများ ပျောက်ဆုံးသွားသည့် ကာလတုန်းက ဘွတ်ကီဒိုင်ကြွေးများ သူ့အပေါ်တင်ရှိနေသည်။

တိုဘီဂေါ်ပွန်းနှင့် ပတ်သက်ပြီး ထိုအချက်များကို သူတို့ သုံးယောက် လေ့လာတွေ့ရှိကြရလေသည်။

"ဒါတွေကို ကြည့်ရင် ဆီနိုတ်တာဂျင်းနင်းနဲ့ တိုဘီ ဆိုတဲ့ ငတိဟာ အပြန်အလှန် အကျိုးပြုနေကြပုံရတယ်၊ တိုဘီအတွက် လိုအပ်တဲ့အခါမှာ ဆီနိုတ်တာဂျင်းနင်းက သက်သေခံပေးပြီး ဆီနိုတ်တာ ဒုက္ခရောက်တဲ့အခါတွေမှာတော့ တိုဘီက အသက်စွန့် ဝင်ကယ်နေကြတဲ့ ပုံမျိုးပဲ"

ခရော်လေက သူ၏ ထင်မြင်ချက်ကို ပြောသည်။

"အက်ဘီဂေးလ်ဂျင်းနင်းက မဟုတ်မှန်း သိသိကြီးနဲ့ မိန်းကလေးတစ်ယောက်ကို ထောင်ထဲ ပို့လိုက်မယ် ဆိုတာမျိုးကိုတော့ ကျွန်တော် မယုံဘူး"

ဆမ်က တုံးတိတိ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီးတော့ သူ့ယောက်ျားကို သတ်ပစ်တဲ့ နေရာမှာ သူပါ ပူးပေါင်းကူညီတယ် ဆိုတာကိုလည်း မယုံနိုင်ဘူး"

သူတို့အားလုံး လေသံကလေးဖြင့် ခပ်တိုးတိုး ပြောနေကြခြင်း ဖြစ်ကြောင်း ဆမ် သတိထားလိုက်မိသည်။ သူတို့သည် မကြာမီ အမေရိကန်ပြည်ထောင်စု၏ ဒုတိယသမ္မတလောင်း ဖြစ်လာတော့မည့် အမျိုးသမီး တစ်ယောက်အကြောင်းကို ပြောနေကြခြင်း ဖြစ်လေသည်။

သူတို့ ရှိနေသည့် ဆိုင်ထဲမှာ တဖြည်းဖြည်း လူပါးစပြုလာသည်။ လာရောက်စားသောက်ကြသူ အများစုမှာ အစိုးရဝန်ထမ်းများ ဖြစ်လေရာ ရုံးသို့ အချိန်မီ ပြန်ကြရသည်။

ယနေ့ည ၉ နာရီတွင် သမ္မတက သတင်းစာကွန်ဖရင့်တစ်ခု ပြုလုပ်မည် ဖြစ်ရာ ထိုသတင်းစာကွန်ဖရင့်တွင် ဘာတွေ ကြေညာမည်နည်း ဆိုသည်ကိုလည်း နေ့လယ်စာ စားရင်း သူတို့အားလုံး ခန့်မှန်းကြည့်နေကြမည်မှာ သေချာသည်။

"ဆမ်… တိုဘီလို အကောင်မျိုး တစ်ဒါဇင်လောက်ကို ကျွန်တော် တွေ့ခဲ့ဖူးပါတယ်၊ အဲဒီလူ အားလုံးလိုလိုဟာ ဒုစရိုက် အသိုင်းအဝိုင်းချည်းထဲကပဲ၊ သူတို့ဟာ ခေါင်းဆောင် လုပ်သူအပေါ်မှာ သစ္စာအပြည့်ခံတယ်၊ ခေါင်းဆောင် သွားမယ့် လမ်းကြောင်း ဖြောင့်ဖြူးသာယာအောင် လမ်းရှင်းပေးတယ်၊ တစ်ချိန်တည်းမှာပဲ သူတို့ကိုယ် သူတို့ အနေချောင်အောင် နေတယ်၊

"ဆီနိတ်တာဂျင်းနင်းဟာ တိုဘီ ကျူးလွန်တဲ့ ပြစ်မှုတွေနဲ့ မပတ်သက်ဘူးပဲ ထားပါ၊ ဒါပေမဲ့ ဒီလို စဉ်းစားကြည့်ရအောင်လား၊ ဝေးလတ်ဂျင်းနင်းက နိုင်ငံရေးနယ်က ထွက်ဖို့ ဆုံးဖြတ်ထားတာနဲ့ အက်ဘီဂေးလ်နဲ့ ကွာရှင်းပြတ်စဲမှာကို တိုဘီက သိတယ်၊ ဂျင်းနင်း ဆိုတာ ဘာတန်ဖိုးမှ မရှိဘူး၊ သူ့လက်ထဲမှာ ပိုက်ဆံ တစ်ပြားမှ မရှိဘူး၊ အားလုံး အမေက ကိုင်ထားတယ်၊ အမေ့ဩဇာကို မလွန်ဆန်နိုင်ဘူး၊ ဒါကြောင့် ဂျင်းနင်းက ကွာရှင်းပြတ်စဲပစ်လိုက်မယ် ဆိုရင် အက်ဘီဂေးလ်ဟာ လမ်းဘေး ရောက်သွားမယ်၊ နိုင်ငံရေးအသိုင်းအဝိုင်းကနေ အပြင် ရောက်သွားမယ်၊ ဝေးလတ်ဂျင်းနင်းရဲ့ အသိုင်းအဝိုင်းရဲ့ အပြင်ကို ရောက်သွားမယ်၊ တောမြို့ကလေး တစ်မြို့က မယ်ဘွဲ့ ရခဲ့ဖူးတဲ့ သာမန် အမျိုးသမီးတစ်ယောက် ဘဝကို ပြန်ရောက်သွားမယ်၊ ဒါကြောင့် ဒီလို ဘဝမျိုး မရောက်စေရဘူးလို့ တိုဘီက သန္နိဋ္ဌာန်ချခဲ့တာ ဖြစ်နိုင်တယ်"

ဂျက်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"အဲဒီကျေးဇူးတရားတွေကို တုံ့ပြန်တဲ့အနေနဲ့ ရန်ပုံငွေ ပျောက်တဲ့ကိစ္စမှာ အက်ဘီဂေးလ်က တိုဘီအတွက် လိမ်ညာ ထွက်ဆိုပေးတယ်လို့ ခင်ဗျား ဆိုလိုချင်တာလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆမ်က မေးသည်။

"တမင်သက်သက် လိမ်ပေးဖို့လည်း မလိုပါဘူး၊ ဟောဒီမှာ ခင်ဗျား ဖတ်ကြည့်၊ ရုံးတော်မှာ ဆီနိတ်တာ ထွက်ဆိုခဲ့တဲ့ ထွက်ဆိုချက်၊ အယ်လီနာ ဖုန်းအဆက်ခံရတယ် ဆိုတဲ့ အချိန်လောက်မှာ ဓာတ်ဆီဆိုင်မှာ ဆီထည့်ဖို့ သူတို့ ကား ခဏရပ်ကြောင်း အက်ဘီဂေးလ်က ဝန်ခံတယ်၊ မော်တော်ကားစက်ကလည်း နည်းနည်း ဖောက်နေတယ်၊ အဲဒါကိုလည်း တိုဘီက စစ်ဆေးကြည့်ချင်တယ် တိုဘီဟာ သူ့မျက်စိအောက်က လုံးဝပျောက်မသွားပါဘူးလို့ အက်ဘီဂေးလ် ကျမ်းကျိန် အစစ်ခံတယ်၊

"ဒါပေမဲ့ အက်ဘီဂေးလ်ဟာ မိနစ်ခွန်း ပြောမလို့ သွားနေတာ၊ ဒါကြောင့် သူ ပြောရမယ့် မှတ်စုတွေကို ကြည့်ကောင်း ကြည့်နေလိမ့်မယ်၊ မော်တော်ကား စက်ထဲ ငိုက်ကြည့်နေတဲ့ တိုဘီကို သူ လှမ်းမြင်လိုက်ရတယ် ဆိုပါတော့၊ နောက် ခဏကြာတော့ တိုဘီဟာ မော်တော်ကားပြင်ပစ္စည်း ယူဖို့ ကားနောက်ပိုင်းကို ရောက်သွားနိုင်တယ်၊ ကားနောက်ကနေပြီး အများသုံး တယ်လီဖုန်းရုံကို သွားဖို့ ဘယ်လောက် ကြာမှာလဲ၊ အယ်လီနာရဲ့ ဖုန်းနံပါတ်ကလေး ကောက်လှည့်ပြီး စကား နှစ်ခွန်း ပြောဖို့ အချိန် ဘယ်လောက် ကြာမှာလဲ၊ ကျွန်တော်သာ ဒီအမှုကို လိုက်ခဲ့ရမယ်ဆိုရင် ဒီထွက်ဆိုချက်နဲ့ ပတ်သက်ပြီး အခုလိုပဲ သုံးသပ်မှာ ဖြစ်တယ် ဒါပေမဲ့ ကျွန်တော်တို့ရဲ့ တွက်ကိန်း မှန်ပြီပဲထား၊ တိုဘီက ဘာကြောင့် အယ်လီနာ ကိုမှ ရွေးပြီး ဓားစာခံ လုပ်ရသလဲ ဆိုတာကိုတော့ နားမလည်နိုင်ဘူး"

ဖရင့်ခရော်လေက သူ့ထင်မြင်ချက်ကို စီကာပတ်ကုံး ရှင်းပြသည်။

"ဒါလောက်ကတော့ လွယ်ပါတယ်ဗျာ"

ဂျက်ကာလ်ဆန်က ဝင်ရှင်းပြပြန်သည်။

"အယ်လီနာအကြောင်းကို သူ အကုန်သိတယ်လေဗျာ၊ နောက်ပြီးတော့ အယ်လီနာ ထိခိုက် ခံစားလွယ်တာကိုလည်း သူ သိတယ်၊ အခုလို အမှုဖွင့်ပြီး အမှုပြန်ပိတ်ပစ်လိုက်တာမျိုး မဟုတ်ရင် ဒီရန်ပုံငွေ ပျောက်မှုကြီးကို မြေလှန်ပြီး အသေးစိတ် စစ်ဆေးကြတော့မှာပေါ့၊ သူ့ကိုလည်း မသင်္ကာဘူး ဆိုတော့ သူ့ နောက်ကြောင်း ရာဇဝင်တွေ ပြန်လိုက်မယ်၊ ပေါ်ပြီပေါ့၊ သူ့အကြောင်း ရေးထားတဲ့ ဟောဒီစာရွက်ကို ကြည့်၊ ပြစ်မှု တစ်ခုခု ကျူးလွန်ပြီးတိုင်း သူ့ကို အမှု မပတ်အောင် ရှောင်နိုင် တိမ်းနိုင်ခဲ့တယ်၊ ဒါပေမဲ့ သူ့ကို အလုပ်ထုတ်ပစ်ဖို့တော့ အက်ဘီဂေးလ် ဟာ ဝိုင်းဝန်းဖိအားပေး တောင်းဆိုကြတာကို ခံရမှာ အမှန်ပဲ"

"တိုဘီဂေါ်ဝွန်းနဲ့ ပတ်သက်ပြီး အခု သုံးသပ်ချက်တွေကို ကျုပ်တို့ လက်ခံမယ်ဆိုရင် ကက်သရင်းဂရာနေ အသတ်ခံရမှုဟာလည်း ဘာကြောင့်ကို အဓိ

www.burmeseclassic.com



ကိုက် ဖြစ်နေတယ်၊ ရိုးရိုးလုယက်လိုတဲ့ လူဆိုးက သတ်သွားတာတော့ မဟုတ်နိုင်ဘူး"

ဆမ်က ဝင်ပြောသည်။

"အက်ဘီဂေးလ်ကို ဒုတိယသမ္မတအဖြစ်နဲ့ သမ္မတကြီးက ဒီနေ့ည အဆိုပြုလိုက်မယ်ဆိုရင်… နောက်ပြီးတော့ သူ့ကားဒရိုင်ဘာက ကက်သရင်းဂရာနေကို သတ်ပစ်မှုလည်း ပေါ်လာမယ်ဆိုရင် ဒုတိယသမ္မတအဖြစ် လက်ခံရေး မခံရေး ဆွေးနွေးပွဲကြီးဟာ တစ်ကမ္ဘာလုံးက စိတ်ဝင်စားတဲ့ အရှုပ်တော်ပုံကြီး ဖြစ်တော့မှာပဲ"

ဟု ဂျက်က ပြောသည်။

သူတို့သုံးယောက် စားပွဲမှာ ဝိုင်းထိုင်ရင်း အတွေးကိုယ်စီနှင့် ငြိမ်နေကြပြန်သည်။ မည်သို့သော ပြဿနာမျိုးတွေ ပေါ်လာနိုင်သည်ကို ကိုယ့်စိတ်ကူးနှင့်ကိုယ် သူတို့ တွေးကြည့်နေကြခြင်း ဖြစ်သည်။

နောက်ဆုံးတွင် တိတ်ဆိတ်မှုကို ဆမ်က စတင် ချိုးဖောက်လိုက်လေသည်။

"ခြိမ်းခြောက်စာတွေ ရေးနေတာ တိုဘီ ဖြစ်တယ် ဆိုတဲ့ သက်သေခံလေး တစ်ချက်လောက် ရလိုက်ရင် သူ့ကို ဖမ်းလိုက်နိုင်မယ်၊ အဲဒီအခါကျတော့မှပဲ ဝက်အတွက် ကျွန်တော် စိတ်အေးရတော့မယ်"

ဖရင့်ခရော်လေက ဂျက်ကာလ်ဆန်ကို ခေါင်းညိတ်ပြသည်။

"ခင်ဗျား လူတွေသာ လိမ္မာပါးနပ်ကြမယ်ဆိုရင် ရွေးကောက်ပွဲ ရန်ပုံငွေ ကိစ္စကိုလည်း တိုဘီ အမှန်အတိုင်း ဖွင့်ပြောဖြစ်အောင် ဆွဲဆောင်နိုင်ကြမှာပဲ၊ ဒီနေ့ မနက်တုန်းက အယ်လီနာဘရောင်းကို လိမ်ညာမှု တိုင်းတာတဲ့ စက်နဲ့ စစ်တယ်၊ ကလေးမလေး ဖြစ်နေပုံကို ခင်ဗျားတို့ မြင်ရင် အသည်းကွဲမယ်၊ သူဟာ မြေဖြူခဲလေး အကျိုး တစ်ချောင်းတောင် မခိုးဖူးပါဘူးလို့ ကျိန်တွယ် ပြောရှာတယ်၊ သူ့အသက်ဟာ ၃၄ နှစ် ရှိပြီ၊ ဒါကြောင့် ၁၈ နှစ်သမီးကလေးနဲ့တော့ မတူဘူးပေါ့၊ ထောင်ထဲမှာ ခံစားခဲ့ရတဲ့ ဒုက္ခဟာ သူ့အဖို့ သေလုမြောပါးပဲ၊ သူ စိတ်ဖောက်ပြန်သွားတဲ့ နောက်ပိုင်းမှာ ဆရာဝန်က အရုပ်ကလေး တစ်ရုပ် ပေးပြီး သူ့စိတ်ထဲမှာ ဘယ်လို ခံစားနေရတယ် ဆိုတာ အဲဒီအရုပ်ကလေးရဲ့ မျက်နှာပေါ်မှာ ဆွဲပြခိုင်းတယ်၊ အဲဒီအရုပ်ကလေးကို ကနေ့ထက်တိုင်အောင် သူ သွားလေရာရာ ယူသွားနေတုန်းပဲ၊ အရုပ်ကလေးကို မြင်ရတာနဲ့ စိတ်ထိခိုက်စရာ ကောင်းလှတယ်၊ ဒုက္ခ ခေါင်းစုံကို ခံစားနေရတဲ့ ကလေးတစ်ယောက်လိုပဲ"

"အရုပ်…"

ဆမ်က အလန့်တကြား ထအော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ အရုပ်ကလေး တစ်ရုပ် ရှိနေသလား၊ နေစမ်းပါဦး… အဲဒီအရုပ် ဟာ ရက်ဂက်ဒီအင်န် အမျိုးအစား အရုပ်လား"

ဖရင့်က အံ့အားသင့်ပြီး ခေါင်းညိတ်ပြသည်။ ပြီးတော့ ကော်ဖီ ထပ်ချေ ရန် စားပွဲထိုးကို အချက်ပြသည်။

"ကျွန်တော်တို့ အားလုံး ရေလိုက်လွဲကုန်ကြပြီ ထင်တယ်၊ တစ်ကာ ပြီး ပြန်စကြရအောင်"

ဟု ပင်ပန်းနွမ်းနယ်စွာ ပြောလိုက်လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## [ ၄၀ ]

တိုဘီက ဖန်ခွက်ထဲသို့ အရက်ထည့်ပြီး အက်ဘီဂေးလ်၏ ရှေ့ စားပွဲပေါ်မှာ တင်ပေးလိုက်သည်။

"သောက်လိုက် ဆီနီတ်တာ၊ ခင်ဗျား သောက်ထားဖို့ လိုတယ်"

"တိုဘီ... အဲဒီစာကို ဒီကောင်မလေး ဘယ်က သွားရလာတာလဲ ဟင်၊ သူ ဘယ်က ရလာတာလဲ"

"ကျွန်တော် မသိဘူး ဆီနီတ်တာ"

"သူ့ကို နင် ပေးလိုက်တဲ့ ပစ္စည်းတွေထဲမှာ ရောညပ်ပြီး ပါသွားတာတော့ မဖြစ်နိုင်ဘူး၊ အဲဒီစာကို ငါ ရေးပြီးကတည်းက လုံးဝ ပြန်မတွေ့ရတော့ဘူး၊ ဒီကောင်မလေး ဘယ်လောက်တောင် သိထားနေပြီလဲ၊ တိုဘီ... အဲဒီညတုန်းက အဲဒီအိမ်ထဲမှာ ငါ ရှိနေတယ် ဆိုတာကို သူ သက်သေများ ပြနိုင်မယ် ဆိုရင်..."

"သူ မပြနိုင်ပါဘူး ဆီနီတ်တာ၊ ဘယ်လိုလူမှ သက်သေမပြနိုင်ပါဘူး၊ နောက်ပြီးတော့ ဒီကောင်မလေး ဘယ်လောက်ပဲ နှိုက်နှိုက်ချွတ်ချွတ် လေ့လာပါစေ၊ ဘာသက်သေခံမှ သူ မရနိုင်ပါဘူး၊ စိတ်အေးအေးထားပါ၊ ခင်ဗျား အကျိုးရှိအောင် သူ လုပ်ပေးနေတာပါ၊ အဲဒီစာကလေးကြောင့် လူတွေက ခင်ဗျားအပေါ် အကြင်နာ ပိုလာကြလိမ့်မယ်၊ စောင့်ကြည့်နေပါ"

နောက်ဆုံးမှာတော့ ထုံးစံအတိုင်း အက်ဘီဂေးလ် စိတ်ချမ်းသာစေမည့် စကားလုံးများဖြင့် နှစ်သိမ့်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ယုံပါ၊ ဒီကိစ္စအတွက် ဘာမှ စိုးရိမ်ကြောင့်ကြ ဖြစ်မနေပါနဲ့၊ ခင်ဗျား ဒုက္ခရောက်နေတာကို ကျွန်တော် အဖြစ်ခံဖူးလို့လား"

အထိုက်အလျောက်တော့ အက်ဘီဂေးလ် ဂုဏ်ငြိမ်မှု ရသွားသည်။ သို့သော်လည်း စိတ်ကတော့ လှုပ်ရှားနေဆဲ ဖြစ်သည်။ နာရီအနည်းငယ်အတွင်း အိမ်ဖြူတော်အတွင်းသို့ သူ သွားဖို့ကလည်း ရှိနေသေးသည်။

"ကျွန်တော် ပြောတာ နားထောင်ဦး အက်ဘီ၊ ခင်ဗျား စားဖို့ ကျွန်တော် တစ်ခုခု သွားပြင်ဆင်နေတုန်း ဒီအရက် နှစ်ခွက်ကို ကုန်အောင် သောက်ထားလိုက်ပါ၊ ပြီးရင် ရေနွေးနဲ့ ရေချိုးပြီး တစ်နာရီလောက် အိပ်လိုက်၊ အဲဒီတော့မှ ခင်ဗျား ကြည့်လို့ အကောင်းဆုံး ဖြစ်သွားမယ်၊ ဒီနေ့ညဟာ ခင်ဗျား ဘဝမှာ အကြီးကျယ်ဆုံး ညပဲလေ"

သူ အလေးအနက် ပြောနေခြင်း ဖြစ်ပါသည်။ အက်ဘီဂေးလ်မှာ စိတ်ချောက်ချားစရာ အကြောင်းတွေ ရှိနေပါသည်။ မြောက်မြားစွာကို ရှိနေပါသည်။

'ဘီလီ အချစ်ရေ…' ဆိုသော စာကို ဖတ်သံ ကြားလိုက်တော့ တိုဘီသည်ပင်လျှင် ထိုင်နေရာမှ ခုန်ထလိုက်မိသည်။ သို့သော်လည်း ပယ်လ်ဟမ်းက–

"နောက် ရက်သတ္တ တစ်ပတ် ကြာတော့ ခင်ဗျား ယောက်ျား ဆုံးသွားတာပဲ"

ဟု ပြောသည့်အသံကို ကြားလျှင်ကြားချင် သူ သဘောပေါက် နားလည်သွားခဲ့သည်။

ဘာအန္တရာယ်မှ မရှိနိုင်တော့ကြောင်း သူ အဓိပ္ပာယ် ပေါက်သွားသည်။

အက်ဘီဂေးလ်သည် ပေါက်ကွဲလုလု ဖြစ်သွားလေသည်။ ဆိုးရွားသည့် အမှားများ မဖြစ်အောင် သူ တစ်ကြိမ် ဝင်ပြီး ဟန့်တားလိုက်ရပြန်သည်။

အက်ဘီဂေးလ်က သူ့ရှေ့မှ အရက်ဖန်ခွက်ကို လှမ်းယူသည်။

"ကုန်အောင် သောက်လိုက်မယ်"

ထိုသို့ ပြောရင်း သူ့နှုတ်ခမ်းများပေါ်တွင် အပြုံးကလေးတစ်ခု ရှိလာသည်။

"တိုဘီ… ခဏကြာရင် တို့ အလုပ်ဖြစ်တော့မယ်"

ဟုလည်း ဆက်ပြောသည်။

ဒုတိယသမ္မတ ရာထူးကို ဆိုလိုခြင်း ဖြစ်ကြောင်း တိုဘီ သိပါသည်။

"သိပ်မှန်တာပေါ့ ဆီနိတ်တာ"

တိုဘီသည် အက်ဘီဂေးလ် ထိုင်နေသည့် ဆိုဖာရှည်နှင့် မျက်နှာချင်းဆိုင်ရှိ ခြေတင်ခုံကလေးပေါ်မှာ ထိုင်နေသည်။

"တိုဘီ… နင်သာ မရှိရင် ငါ့ဘဝဟာ ဘာဖြစ်နေမလဲ ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အက်ပယ်လ်ကျွန်းရှင်းမြို့က ရွှေကောက်တင်မြောက်ခြင်း ခံရတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဖြစ်မှာပေါ့"

"အိုး... မှန်လိုက်တာနော်"

အက်ဘီဂေးလ်က ပြုံးဖို့ ကြိုးစားသည်။

သူ့ဆံပင်များ ပြေကျနေပြီး မျက်နှာတစ်ပိုက်မှာ ဝဲနေသည်။ သူ အရမ်းငယ်နေသည်ဟု ထင်ရသည်။ အသက် ၃၀ လောက်ပဲ ရှိမည်ဟု ခန့်မှန်းရသည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း အလွန်သွယ်သည်။ မိန်းမများ ရှိသင့်ရှိထိုက်သည့် ကိုယ်လုံးမျိုးလို သွယ်ခြင်း ဖြစ်သည်။ အရိုးပဒေသာ ပုံမျိုး မဟုတ်ပါ။ ပြီးတော့ တင်းတင်းရင်းရင်းနှင့် ပြေပြေပြစ်ပြစ် ရှိသည်။

"တိုဘီ... နင့်ကို ကြည့်ရတာ စဉ်းစားနေသလိုပဲ၊ အစကတည်းက စဉ်းစားသင့်တာပေါ့"

တိုဘီက အက်ဘီဂေးလ်ကို ပြုံးပြသည်။ အက်ဘီဂေးလ် ရွှင်ရွှင်လန်းလန်း ရှိလာသည့်အတွက် သူ ဝမ်းသာနေပါသည်။

"ခင်ဗျား တကယ် တော်တာပဲ၊ ခင်ဗျားပဲ စဉ်းစားလိုက်တော့"

အက်ဘီဂေးလ်က အရက်ကို ခပ်မြန်မြန် သောက်သည်။

"ရုပ်မြင်သံကြား အစီအစဉ် အဆင်ပြေမှာပါနော်"

"ခင်ဗျားကို ကျွန်တော် ပြောနေတယ် မဟုတ်လား၊ ဒီစာကို ဖတ်ပြလိုက်တဲ့အတွက် ခင်ဗျားကို ဘယ်လိုမှ မထိခိုက်နိုင်ဘူး၊ ပက်ထရီရှာထရေးမိုးက ခင်ဗျား ကောင်းဖို့ကို လုပ်ပေးလိုက်တာပါ"

"ငါ သိပါတယ်၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ.."

သူ အရက်မူးစပြုလာပြီ။ သူ့ကို အစာကျွေးသင့်ပြီ ဖြစ်ကြောင်း တိုဘီ သိသည်။

"ဆီနိတ်တာ... နားနေလိုက်ဦး၊ ခင်ဗျား စားစရာ ကျွန်တော် သွားပြင်ယူလာခဲ့မယ်"

"ဟုတ်ပြီ... အဲဒီစိတ်ကူး ကောင်းတယ်၊ တိုဘီ... အခုအချိန်က စပြီး နောက်နာရီ အနည်းငယ်အတွင်းမှာ ငါဟာ အမေရိကန်ပြည်ထောင်စုကြီးရဲ့ ဒုတိယသမ္မတအဖြစ် အဆိုပြုခြင်း ခံရတော့မယ့်လူ ဖြစ်နေပြီဆိုတာ နင် သဘောပေါက်ရဲ့လား"

"ကျွန်တော် သိပါတယ် ဆီနိတ်တာ"

တိုဘီက ဖန်ခွက်ထဲသို့ အရက် ထပ်ထည့်ပေးသည်။

"ခင်ဗျားဖို့ စားစရာ ကျွန်တော် သွားယူလိုက်ဦးမယ်၊ စားပြီးရင် တစ်ရေးတစ်မော အိပ်လိုက်ပါ၊ ဒီနေ့ညဟာ ခင်ဗျားရဲ့ ညပဲ"

www.burmeseclassic.com

www.burmeseclassic.com



တိုဘီက ထိုင်ရာမှ ထသည်။ အက်ဘီဂေးလ်၏ မျက်နှာပေါ်ရှိ အလွန်တရာ လိုချင်ရမ္မက် ကြီးမားနေသည့် အမူအရာကို သူ ဆက်လက် ကြည့်နေနိုင်စွမ်း မရှိတော့ပါ။

ရက်ကလစ်တက္ကသိုလ်သို့ ပညာသင် ထောက်ပံ့ကြေးဖြင့် သူ ကျောင်း တက်ခွင့် မရနိုင်တော့ကြောင်း သိရသည့် အခါတုန်းကလည်း သည်လို အမူအရာ မျိုးကို အက်ဘီဂေးလ်၏ မျက်နှာပေါ်မှာ တိုဘီ မြင်ဖူးခဲ့သည်။

ထိုစဉ်တုန်းက တိုဘီက ခြံထဲမှာ မြက်ရိတ်နေသည်။ သူ ရှိရာသို့ အက်ဘီဂေးလ် ရောက်လာသည်။ ရက်ကလစ်တက္ကသိုလ်က လက်မခံနိုင်ကြောင်း အကြောင်းပြန် သည့် စာကို တိုဘီအား ပြသည်။

ပြီးတော့ တိုဘီအနီးရှိ လှေကားထစ်ကလေးပေါ်မှာ ထိုင်သည်။ ခြေထောက် နှစ်ချောင်းကို လက်နှင့် ဖက်ထားသည်။ မျက်နှာကို သူ့ဒူးနှစ်လုံးကြားမှာ သွင်း ထားသည်။

ထိုစဉ်က သူ့အသက် ၁၈ နှစ် ရှိပြီ။

"တိုဘီ... အဲဒီတက္ကသိုလ်ကို ငါ အရမ်းတက်ချင်တာပဲ၊ မတက်ရရင် သေမယ် ထင်တယ်၊ ဒါလောက် စုတ်ပြဲနေတဲ့ ဒီမြို့ကလေးမှာတော့ ငါ့ဘဝကို အနစ်မွန်းမခံနိုင်ဘူး၊ ငါ့စိတ်ကို ဘယ်လိုမှကို ထိန်းလို့ မရတော့ဘူးဟယ်"

ရက်ကလစ်တက္ကသိုလ် မတက်ရလျှင် သေမလောက် ဖြစ်ခဲ့သည်။ ထို့ ကြောင့် တိုဘီက အကြံကောင်း ဉာဏ်ကောင်း ပေးခဲ့သည်။

ငတုံး ဂျရယ်မီဆောင်းဒါးစ်ကို ပိုင်းရန် အကြံဉာဏ် ဖြစ်ပါသည်။

အခြားကိစ္စများတွင်လည်း အက်ဘီဂေးလ်ကို သူ ကူညီခဲ့သည်။ သူ၏ ပန်းတိုင်သို့ ရောက်အောင် ကူညီခဲ့သည်။

ယခုလည်း ကြုံရပြန်ပြီ။

တစ်စုံတစ်ယောက်သော သူသည် အက်ဘီဂေးလ်၏ ဘဝကြီးတစ်ခုလုံး ကို ဖျက်ဆီးပစ်ဖို့ ကြိုးစားနေပြန်သည်။

မီးဖိုချောင်ထဲသို့ တိုဘီ ဝင်သွားသည်။ အက်ဘီဂေးလ်အတွက် ညစာ ပြင်ဆင်နေရင်း အက်ဘီဂေးလ် မည်သို့ ခံစားနေရမည် ဖြစ်ကြောင်းကို စဉ်းစား ကြည့်နေလေသည်။

တယ်လီဖုန်း ခေါင်းလောင်း မြည်သည်။ ကောက်ကိုင်လိုက်တော့ ဆက် သူမှာ ဖီးလစ် ဖြစ်သည်။

"ဆီနိုတ်တာ နေကောင်းရဲ့လား"

"ကောင်းတယ်၊ သူ စားဖို့ အခုပဲ ငါ ညစာ ပြင်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု တိုဘီက ပြန်ဖြေသည်။

"ခင်ဗျား လိုချင်တဲ့ သတင်း အပိုင်းအစကလေးတွေတော့ ကျွန်တော် ရထားနေပြီ၊ ပက်ထရေးမိုး နေနေတဲ့ အိမ်ကို ဘယ်သူ ပိုင်တယ် ဆိုတာ ခင်ဗျား ခန့်မှန်းကြည့်စမ်းပါ"

တိုဘီက ဘာမှ ပြန်မပြောဘဲ စောင့်နေသည်။

"အိမ်ပိုင်ရှင်ဟာ ပက်ထရေးမိုး ကိုယ်တိုင်ပဲလေဗျာ၊ သူ ၄ နှစ်သမီး အရွယ်ကတည်းက အဲဒီအိမ်ကို သူ့နာမည်နဲ့ ပြောင်းလိုက်တယ်၊ ဘဏ်ကနေ ထိန်းသိမ်းစောင့်ရှောက်ပေးထားတယ်"

တိုဘီက အသံမထွက်သော လေချွန်ခြင်းမျိုးဖြင့် ချွန်လိုက်မိလေသည်။

ထိုမျက်လုံးများ...

ထိုဆံပင်...

ထိုရုပ်မျိုး...

စောစောတုန်းက ဘာကြောင့်များ မခန့်မှန်းနိုင်ခဲ့လေသနည်းဟု တိုဘီက သူ့ကိုယ်သူ မချင့်မရဲ ဖြစ်နေလေသည်။ ဒါလောက်တောင် အကင်းမပါးခဲ့မိသည့် အတွက် အားလုံး ဒုက္ခရောက်ကုန်နိုင်သည်။

တစ်ဖက်မှာ ဖီးလစ်၏ စိတ်မရှည်သော အသံ ပေါ်လာသည်။

"ကျွန်တော် ပြောနေတာ ကြားရဲ့လား... ကျွန်တော် ပြော..."

"ကြားပါတယ်၊ ဒီကိစ္စ မင်း ခေါင်းထဲမှာပဲ ထည့်ထား၊ ဘယ်သူမှ မသိစေနဲ့၊ ဆီနိုတ်တာ မသိရင် သူ ဘာမှဖြစ်မှာ မဟုတ်ဘူး၊ စိတ်ဆင်းရဲစရာ အကြောင်း ဘာမှ မရှိဘူး"

ထို့နောက် အက်ဘီဂေးလ်ကို ညစာ ပြင်ကျွေးသည်။ အက်ဘီဂေးလ် အိပ်ရာဝင်သွားတော့ မော်တော်ကား ဂိုဒေါင် အပေါ်ထပ်ရှိ သူ့အခန်းသို့ သူ ပြန်သွားသည်။

အက်ဘီဂေးလ်ကို သူ့အိပ်ခန်းထဲမှာသာ ရုပ်မြင်သံကြား အထူးအစီအစဉ် ကို နားနားနေနေ ကြည့်ရန် သူက တိုက်တွန်းခဲ့သည်။ အက်ဘီဂေးလ်ကလည်း သဘောတူ လက်ခံလိုက်သည်။

၈ နာရီထိုးလျှင် သူ မော်တော်ကား ထုတ်ယူလာခဲ့မည် ဖြစ်ကြောင်း၊ အိမ်ဖြူတော်သို့ သူတို့ သွားကြမည် ဖြစ်ကြောင်း အက်ဘီဂေးလ်ကို အစီအစဉ် များ ပြောပြခဲ့သည်။

ရုပ်မြင်သံကြား အထူးအစီအစဉ် မိနစ်အနည်းငယ်ကြာအောင် ပြပြီးသည် အထိ သူ စောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ့အခန်းထဲမှ သူ တိတ်တဆိတ် ထွက်လာခဲ့သည်။

သူ၏ အမည်းရောင် တိုယိုတာကားသည် ဂိုဒေါင်ရှေ့မှာ ရှိသည်။ ကားကို မြို့ပြင်သို့ တွန်းထုတ်လာသည်။ လမ်းမပေါ် ရောက်တော့လည်း စက်မနှိုးသေးဘဲ အိမ်နှင့် အတော်ဝေးဝေး ရောက်သည်အထိ တွန်းယူလာသည်။

သူ အပြင်ထွက်သွားသည့် အကြောင်း အက်ဘီဂေးလ် သိမသွားစေချင်ပါ။

ပက်ထရေးမိုး၏ နေအိမ်သို့ သူ သွားဖို့နှင့် ပြန်ဖို့ တစ်နာရီခွဲ မရှိတရှိ အချိန်ကလေးပဲ ရသည်။

ထိုမျှသော အချိန်သည် လိုအပ်သည်ကို ဆောင်ရွက်ဖို့ လုံလောက်သော အချိန်ပင် ဖြစ်ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## [__၄၁__]

ပက်သည် အိမ်သို့ ကားမောင်းပြန်လာသည်။ သူ့ခေါင်း အတော်ကြီး ကိုက်နေသည်။ မောင်းသာလာသော်လည်း လမ်းပေါ်သို့ စိတ်မရောက်။ လမ်းအချက်ပြမီးကို စိတ်မှတ်မထင် ကြည့်ပြီး မောင်းနေခြင်း ဖြစ်သည်။

သူ့အိမ်သို့ ပြန်ရောက်လာသည်။ ကားကို အိမ်ဘေးမှာ ရပ်ခဲ့သည်။ လှေကားထစ်များပေါ်သို့ တက်လာသည်။ လေအေးအေးက သူ့မျက်နှာကို ခပ်ကြမ်းကြမ်း တွန်းထိုးတိုက်သွားသည်။

သူ့လက်ချောင်းကလေးများသည် ပိုက်ဆံအိတ်ထဲမှာ လှုပ်ရှားနေကြသည်။ အိမ်သော့ကို သူ စမ်းနေခြင်း ဖြစ်ပါသည်။ သော့ဖွင့်သည့် အသံ ပေါ်ထွက်လာသည်။ တံခါး ဖွင့်ဝင်လိုက်သည်။ အဝင်ဝ အခန်းငယ်ထဲတွင် အမှောင်ရိပ် ကျနေသည်။

အသိစိတ် မပါဘဲနှင့် တံခါးကို အလိုလို ပြန်ပိတ်မိသည်။ ပြီးတော့ ထိုတံခါးကို မှီပြီး ရပ်နေမိသည်။

ကုတ်အင်္ကျီကြီးက သူ့ပခုံးပေါ်မှာ လေးနေသည်။ ထို့ကြောင့် ဘေးဘက် တစ်နေရာသို့ ဖြုတ်ချလိုက်သည်။

သူ ခေါင်းမော့လိုက်သည်။ သူ့မျက်လုံးအစုံသည် လှေကား တစ်ဆစ်ချိုး အကွေ့ဆီသို့ ရောက်သွားသည်။ ထိုနေရာကို စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလှေကား တစ်ဆစ်ချိုး နေရာမှာ ကောင်မလေးတစ်ယောက် ထိုင်နေတယ်။ ကောင်မလေးက ရွှေရောင်ဆံပင်ရှည်ကလေးနဲ့။ မေးစေ့ကို လက်ဝါးလေး နှစ်ဖက်နဲ့ ထောက်ထားတယ်။ သူ့အမူအရာက အရမ်းသိချင် မြင်ချင်နေတဲ့ အမူအရာမျိုးပဲ။

အဲဒီ အချိန်တုန်းက ငါ အိပ်ပျော်မနေပါဘူးဟု သူ စဉ်းစားကြည့်မိသည်။

တံခါးခေါင်းလောင်း တီးသံ ကြားရတယ်။ ဘယ်သူ လာတာလဲ ဆိုတာ ငါ အရမ်းကြည့်ချင်နေတယ်။

ဒက်ဒီက တံခါး သွားဖွင့်တယ်။ တစ်ယောက်ယောက်က သူ့ကို အတင်းတွန်းထိုးပြီး ဝင်လာတယ်။ ဒက်ဒီ စိတ်ဆိုးနေတယ်။ အိပ်ခန်းထဲကို ငါ ပြန်ပြေးဝင်လာခဲ့တယ်။

ပထမဆုံး သေနတ်သံ တစ်ချက် ကြားရတော့ အောက်ထပ်ကို ငါ ဆင်းမလာသေးဘူး။ အိပ်ရာထဲမှာ နေရင်း ဒက်ဒီကိုသာ တအော်အော်ခေါ်နေမိတယ်။ ဒါပေမဲ့ ဒက်ဒီ တက်မလာဘူး။

နောက်ထပ် ကျယ်လောင်တဲ့ သေနတ်သံ တစ်ချက်ကို ကြားလိုက်ရပြန်တယ်။ လှေကားအတိုင်း အောက်ထပ်ကို ငါ အတင်းပြေးဆင်းလာခဲ့တယ်။ ညေ့ခန်းထဲကို ပြေးဝင်လာခဲ့တယ်။

အဲဒီနောက်…

သူ တစ်ကိုယ်လုံး တုန်ယင်နေကြောင်း ပက် သတိထားမိသည်။ စာကြည့်ခန်းထဲသို့ ဝင်လာခဲ့သည်။ မတ်ခွက်ထဲသို့ ဘရန်ဒီ ထည့်သည်။ ခပ်မြန်မြန် သောက်လိုက်သည်။

သူ ဖတ်ပြသည့် စာကို အကြောင်းပြုပြီး ဆီနိုတ်တာကျင်းနင်းက ဘာကြောင့် ဒါလောက်တောင် တုန်လှုပ်ချောက်ချားသွားရတာလဲ။

အက်ဘီဂေးလ် စိုးရိမ်တကြီး ဖြစ်သွားသည်။ ဒေါသ ပေါက်ကွဲဖြစ်သွားသည်။ ထိတ်လန့်တကြား ဖြစ်သွားသည်။

ဘာကြောင့်လဲ…

ဘယ်လို စဉ်းစားလို့မှ အဖြေမပေါ်။

နောက်ပြီးတော့ ထိုစာကို ဖတ်သည့်အခါ ဘာကြောင့် စိတ်တွေ ဘယ်လောက်ချောက်ချား ဖြစ်ရသနည်း။ တစ်ကြိမ် မဟုတ်။ ဖတ်သည့် အကြိမ်တိုင်း ဘာကြောင့် တုန်လှုပ်ရသနည်း။ မိမိကို တိုဘီက မုန်းတီးရွံရှာသည့် အကြည့်မျိုးဖြင့် ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဆီနီတ်တာကို တိုဘီ လှမ်းအော်ပုံ…

တိုဘီသည် အက်ဘီဂေးလ် စိတ်တည်ငြိမ်မှု ရသွားအောင် ကြိုးစားသည့်ပုံမျိုး မဟုတ်။ တစ်စုံတစ်ခုအတွက် အက်ဘီဂေးလ်ကို သတိပေးဖို့ ကြိုးစားနေသည့် သဘောမျိုး ဖြစ်သည်။

ဘာအတွက်လဲ…

ဆိုဖာထောင့်မှာ ခပ်ကွေးကွေးကလေး ထိုင်နေသည်။ ဒူးနှစ်လုံးကို လက်နှစ်ဖက်နှင့် ဖက်ထားသည်။ ဒက်ဒီ သူ့စားပွဲမှာ အလုပ်လုပ်နေရင် သည်နေရာမှာ ငါ ထိုင်နေကျပဲဟု တွေးကြည့်နေမိသည်။

"ဆူညံ ဆူညံ မလုပ်သမျှ ကာလပတ်လုံး အဲဒီနေရာမှာ ထိုင်နိုင်ပါတယ် ကယ်ရီ…"

ဟု ဒက်ဒီက ပြောဖူးသည်။

ထိုအကြောင်းများကို ယခုမှ ဘာကြောင့် ထင်ထင်ရှားရှား ပြန်သတိရနေသနည်း။

ဒက်ဒီကိုလည်း မြင်နေရသည်။ သူ ပြန်ကြည့်သည့် မှတ်တမ်းရုပ်ရှင်များထဲက ဒက်ဒီ မဟုတ်။ သည်အခန်းထဲမှာ လူကိုယ်တိုင် လာထိုင်နေသလို မြင်ရခြင်း ဖြစ်သည်။ သူ့ ကုလားထိုင် နောက်မှီကို မှီထားသည်။ တစ်ခုခုကို စဉ်းစားသည့် အနေဖြင့် စားပွဲကို လက်ချောင်းကလေးများဖြင့် ခေါက်နေသည်။

စားပွဲပေါ်တွင် သတင်းစာမှာ ပွင့်လျက် ရှိနေဆဲပင်။ အလယ်မျက်နှာ ဆောင်းပါးနေရာကို လှန်ထားခြင်း ဖြစ်သည်။

သတင်းစာ တင်ထားသည့် စားပွဲဆီသို့ သူ့အလိုလို ရောက်သွားသည်။ ဆောင်းပါးကို ဂရုစိုက်ပြီး အသေးစိတ် ပြန်ဖတ်သည်။

သူ့အဖေနှင့် အက်ဘီဂေးလ်ဂျင်းနင်းတို့ ပင်လယ်ကမ်းခြေတွင် ရိုက်ထားသည့် ဓာတ်ပုံပေါ်သို့ သူ့မျက်လုံးများ ရောက်သွားပြန်သည်။ သူတို့နှစ်ယောက် ရင်းနှီးကြသည် ဆိုခြင်းကို ဘယ်လိုမှ မငြင်းနိုင်အောင် ဓာတ်ပုံထဲမှ အမူအရာက ဖော်ပြနေသည်။

သာမန် ကြုံတုန်းကြုံခိုက် အချစ်ဇာတ်လမ်းကလေးမျိုးထက် ပိုသလား။

သူတို့နှစ်ယောက် မျက်လုံးချင်း ဆက်သွယ်နေကြသည်ကို သူ့အမေ မော့အကြည့်လိုက်တွင် ဖမ်းမိသွားလေသလား။

ဘာကြောင့် သူ သိပ်ကြောက်နေသလဲ။ ညတုန်းက သူ အိပ်မက်ဆိုးတွေ မက်ခဲ့သည်။ ရေနွေးနှင့် ရေချိုးပြီး ခဏလောက် နားလိုက်ရလျှင် စိတ်တည်ငြိမ် လာနိုင်သည်။

အပေါ်ထပ်ရှိ သူ့အိပ်ခန်းသို့ ခပ်ဖြည်းဖြည်း တက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်က စောင့်ကြည့်နေသည်ဟူသော ခံစားချက်မျိုး ခံစားလာရပြန်သည်။ မနေ့ညတုန်းကလည်း ထိုအတိုင်း ခံစားခဲ့ရဖူးသည်။ မနေ့ညတုန်းက အိပ်မပျော်ခင် ထိုခံစားချက် ပျောက်သွားအောင် ကြိုးစား ဖျောက်ခဲ့သည်။

အခန်းထဲသို့ ရောက်သည်နှင့် တစ်ပြိုင်တည်း တယ်လီဖုန်း ခေါင်းလောင်း မြည်သည်။ ဆက်သူမှာ လိုင်လာ ဖြစ်သည်။

"ပက်··· မင်း နေကောင်းရဲ့လား၊ ဘာဖြစ်သေးသလဲ၊ မင်းအတွက် ငါ စိတ်ပူနေတယ်၊ မင်းကိုတော့ မလှန့်ချင်ပါဘူး၊ ဒါပေမဲ့ ငါ ပြောမှကို ဖြစ်တော့မယ်၊ မင်း ပတ်လည်မှာ အန္တရာယ်ရှိနေပြီလို့ ငါ့စိတ်ထဲမှာ ခံစားနေရတယ်၊ ပက် ကျေးဇူးပြုပြီး ငါနဲ့ အတူတူ လာနေပါကွယ်၊ ငါ့ဆီကို လာပါ"

"လိုင်လာ··· အဲဟိုညတုန်းက ဘာတွေ ဖြစ်ခဲ့တယ် ဆိုတာ ကျွန်မ ပြန်မှတ်မိတော့မယ့်ဆဲဆဲ ဖြစ်နေပြီ၊ အဲဒါကြောင့် ရှင် အဲဒီလို ခံစားနေရတာ ဖြစ်မယ်၊ ဒီနေ့လည်း တစ်ခုခု ဖြစ်ပြန်တယ်လေ၊ ရုပ်မြင်သံကြား နောက်ဆုံးအချိန်တွေ ရိုက်နေတုန်း ဖြစ်ခဲ့တာ၊ ဒါပေမဲ့ စိတ်မပူပါနဲ့၊ ဘယ်လို အခက်အခဲမျိုးနဲ့ ကြုံရကြုံရ ကျွန်မ ရင်ဆိုင် ဖြေရှင်းနိုင်ပါတယ်"

"ပက်··· ငါ့စကားကို နားထောင်ပါ၊ အဲဒီအိမ်ကြီးထဲမှာ မင်း ထိုင်မနေပါနဲ့တော့"

"တစ်စချင်း ပြန်မှတ်မိနေတာလေးတွေ ဆက်စပ်သွားမိအောင် လုပ်ရမယ့် နည်းလမ်းက ဒီအိမ်ထဲမှာ နေဖို့ တစ်လမ်းပဲ ရတယ်လေ"

ထို့နောက် ဖုန်းချလိုက်သည်။

လိုင်လာ ဒါလောက် ပူပင်သောက ရောက်နေခြင်းသည် အိမ်ဆီ အဖောက်ထွင်းခံရသောကြောင့် ဖြစ်ကြောင်း ပက်က ရေချိုး ကြွေဇလုံထဲမှာ ရေစိမ်ရင်း စဉ်းစားကြည့်နေသည်။

အမှန်တရားကို ငါ ရင်မဆိုင်ရဲမှာ သူ စိုးရိမ်နေတာပဲဟုလည်း သူ့ကိုယ်သူ ပြောသည်။

ကိုယ်ရုံအဝတ်ကြီး ဝတ်ပြီး မှန်တင်ခုံရှေ့မှာ ထိုင်သည်။ ဆံထုံး ဖြေပြီး ဆံပင်များ ဖြီးသည်။ ယခု တစ်ပတ်လုံးလိုလို ဆံထုံးနှင့် သူ နေခဲ့သည်။

ဆံပင်ကလေး ဖြေပြီး ဖြန့်ချထားသည်ကို ဆမ်က သဘောကျသည်။ ထို့ကြောင့် ယနေ့ညတော့ ဆံပင်ကို ဖြန့်ချထားရမည်။

ရေဒီယိုကို ခပ်တိုးတိုး ဖွင့်ပြီး အိပ်ရာပေါ် တက်ခဲ့သည်။ သူ အိပ်ပျော် လိမ့်မည် မထင်။ သို့သော်လည်း ခဏချင်းမှာပင် အိပ်ပျော်သွားတော့သည်။

အယ်လီနာ၏ အမည်ကို ကြားလိုက်ရတော့မှ အိပ်ရာက လန့်နိုးပြီး အထိတ်တလန့် သတိပြန်ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာဘေးရှိ နာရီက ၆ နာရီ ၄၅ မိနစ်ကို ပြနေသည်။ နောက် ၁၅ မိနစ် ဆိုလျှင် သူ တင်ဆက်သည့် ရုပ်မြင်သံကြား အထူးအစီအစဉ်ကို ထုတ်လွှင့်ပေတော့မည်။

*မည်သူ တစ်စုံတစ်ယောက်မှ မမှတ်မိဘဲ တာရှည် ရှောင်တိမ်းပုန်းအောင်းနေ၍ ရနိုင်တော့မည် မဟုတ်ကြောင်း စိုးရိမ်စိတ် ဝင်လာကာ မစ္စဘာရောင်းသည် ယနေ့ပင် သက်ဆိုင်ရာ ရဲစခန်းသို့ လာရောက် အဖမ်းခံသွားပါသည်။ ထို့ကြောင့် ရဲက ၄င်းအား ချုပ်နှောင်ထားလိုက်ပါသည်။*

*၄င်းအား ထောင်ဒဏ်ပေးခြင်း ခံခဲ့ရသည့် ရွေးကောက်ပွဲ ရန်ပုံငွေ ပျောက်ဆုံးမှုနှင့် ပတ်သက်၍မူ မစ္စအယ်လီနာဘာရောင်းက ၄င်းတွင် အပြစ်မရှိကြောင်း ယနေ့တိုင် ငြင်းဆိုလျက် ရှိပါသည်။*

*အာမခံဥပဒေကို ချိုးဖောက်ခဲ့သည့် လွန်ခဲ့သော ၉ နှစ်ခန့် အချိန်မှစ၍ မစ္စဘာရောင်းသည် အာသာစတီဗင် ဆိုသူ လူအိုရုံ အလုပ်သမားတစ်ယောက်နှင့် အတူတူ နေထိုင်ခဲ့ကြောင်း၊ စတီဗင်သည် လူအိုရုံများတွင် ဖြစ်ပွားခဲ့သော လူသေမှုများနှင့် ပတ်သက်၍ သင်္ကာမကင်း ဖြစ်ခဲ့ရသူ ဖြစ်ကြောင်းနှင့် ရဲက ဖမ်းဝရမ်း ထုတ်ထားကြောင်း ရဲအရာရှိ တစ်ဦးက ထုတ်ဖော် ပြောဆိုပါသည်။ စတီဗင်သည် ဘာသာရေးနှင့် ပတ်သက်ပြီး စိတ်ဖောက်ပြန်နေသူ ဖြစ်ကာ သူ့ကိုယ်သူ 'လူအိုရုံ နတ်သား' ဟူ၍....*

သတင်း ကြေညာသံကို ပက် ကောင်းကောင်း မကြားတော့။ သူ့နားထဲတွင် 'လူအိုရုံနတ်သား' ဆိုသော စကားလုံးသည်သာလျှင် ထပ်ပြန်တလဲလဲ ပဲ့တင်ထပ်နေတော့သည်။

ပထမအကြိမ် ပက်ထံသို့ သူ ဖုန်းဆက်တုန်းက သူ့ကိုယ်သူ...

"သနားကြင်နာခြင်းရဲ့ ကောင်းကင်တမန် ဖြစ်တယ်၊ လွတ်မြောက်ခြင်းရဲ့ ကောင်းကင်တမန် ဖြစ်တယ်၊ လက်စားချေခြင်းရဲ့ နတ်သား ဖြစ်တယ်"

ဟု ပြောဆိုသွားလေသည်။

ပက်က ခေါင်းထောင်ထပြီး ဖုန်းကို လှမ်းဆွဲသည်။

ဆမ်၏ နံပါတ်များကို လှည့်သည်။ ဖုန်းက တစ်ဖက်သို့ ခေါ်နေသည်။ ဆယ်ကြိမ်... ဆယ့်နှစ်ကြိမ်... ဆယ့်လေးကြိမ် ခေါ်ပြီးသည်အထိ ဆမ်ဘက်က မကိုင်သောအခါ ပက်က ဖုန်းကို ပြန်ချထားလိုက်သည်။

အာသာစတီဗင်အကြောင်း အယ်လီနာဘာရောင်း ပြောခဲ့သည်များကို ပြန်သတိရလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲထံ သွားရောက် အဖမ်းမခံရန် အယ်လီနာကို သူ တောင်းပန်ခဲ့သည်။ အက်ဘီဂေးလ်ဂျင်းနှင်း အကြောင်း ရုပ်မြင်သံကြား အစီအစဉ် မတင်ဆက်ဖြစ် အောင် သူ ကြိုးစားဟန့်တားမည် ဖြစ်ကြောင်း အယ်လီနာကို သူ ကတိပေးခဲ့သည်။

မိမိ အခြိမ်းခြောက်ခံနေရသည်များကို အယ်လီနာ သိမည်လော။ မဖြစ် နိုင်ပါ။ သိလျှင် သူ့ရှေ့နေကို အယ်လီနာ ပြောပြမည်မှာ သေချာသည်ဟု ဖက် တွေးကြည့်သည်။

၆ နာရီနှင့် ၁၅ မိနစ် ရှိပြီ။ အိပ်ရာပေါ်မှ သူ ဆင်းသည်။ ကိုယ်ရုံအကျႌ ကြီး၏ ခါးပတ်ကို တင်းတင်းဆွဲပတ်လိုက်သည်။ ခြေညှပ်ဖိနပ် စီးသည်။

အောက်ထပ်သို့ ခပ်သုတ်သုတ် ဆင်းလာရင်း ယခုအချိန်လောက်တွင် အာသာစတီဗင် ဘယ်အရပ်သို့ ရောက်နေမည်နည်းဟု တွေးလာသည်။

အယ်လီနာ အဖမ်းခံလိုက်သည်ကို သူ သိသလား။

ရုပ်မြင်သံကြား အစီအစဉ်ကို သူ ကြည့်မိမည်လား။

အယ်လီနာဘာရောင်း၏ ဓာတ်ပုံ လွှင့်သည်ကို မြင်မည်လား။

ထိုသို့ မြင်လျှင် မိမိအပေါ် အပြစ်ပုံချလိုက်မည်လား။

ရဲထံသို့ သွားရောက် အဖမ်းမခံနိုင်ပါဘူးဟု ကတိပေးထားသော အယ်လီနာ သည် သူ၏ အစီအစဉ်ကြောင့် ကတိကို ဖောက်ဖျက်သွားသည်ဟု အပြစ်တင်ခဲ့ လား။

ဧည့်ခန်းထဲ ရောက်တော့ မီးများ ဖွင့်လိုက်သည်။

ခရစ္စမတ်သစ်ပင်မှ မီးများကိုပါ ဖွင့်သည်။

မီးတွေ ထိန်ထိန်လင်းအောင် ဖွင့်ထားသော်လည်း အခန်းထဲမှာ တစ်မှိုင် ဖြစ်နေသည်ဟု စိတ်ထဲမှာ ခံစားနေရသည်။

ဧည့်ခန်းထဲ ရောက်တော့ မီးများ ဖွင့်လိုက်သည်။

ဉောင်စောင်းပေါ်မှာ သွားထိုင်သည်။ ရုပ်မြင်သံကြားကို လှမ်းကြည့် သည်။

သူ တင်ဆက်သည့် အစီအစဉ်ကို သူ တစ်ယောက်တည်းပဲ ကြည့်ချင်ခဲ့ သည်။ စတူဒီယိုထဲမှာတုန်းက အများနှင့် ကြည့်ရသည်။ အများက မိမိ ရှိနေသည့် အဖြစ်ကို သိနေကြသောကြောင့် မိမိကို အာရုံစိုက်နေကြသည်။ ထို့ကြောင့် မလွတ်လပ် ကြောင်း ပက်က တွေးကြည့်နေမိလေသည်။

မိမိ တင်ဆက်သည့် အစီအစဉ်ကို ယခုလို တစ်ယောက်တည်း ပြန်ကြည့် ရတော့မည် ဆိုတော့လည်း ကြောက်ရွံ့နေမိကြောင်း သူ့ဘာသာသူ သတော‌ပေါက် နေသည်။ အစီအစဉ်သစ် တစ်ခုကို တင်ဆက်တိုင်း ဖြစ်ပေါ်လေ့ရှိသည့် စိုးရိမ် ကြောက်ရွံ့မှုထက် ပိုနေသည်။

အပူငွေ့ပေးသည့် စက်က ဖျစ်ဖျစ်နှင့် ရုတ်တရက် အသံမြည်သည်။ ပက်မှာ လန့်ပြီး ထခုန်မိသည်အထိ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်နေရာဟာ ငါ့ကို ဘာကြောင့်များ အထိတ်တလန့် ဖြစ်အောင် ခြောက်နေပါလိမ့်ဟု တွေးကြည့်မိသည်။

အစီအစဉ် စပြီ။

ပက်က ဝေဖန်ရေးမျက်စိဖြင့် အသေးစိတ် ကြည့်ရှုလေ့လာသည်။ ဆီနိတ်တာ၊ လူသံဘာနှင့် သူ့သည် စက်ဝိုင်းခြမ်းပုံသဏ္ဌာန် ထိုင်နေကြသည်။ နောက်ခံကား အလွန်ကောင်းသည်။ ပန်းအိုးများကို လူသာ ဖယ်ပစ်ခိုင်းသည်မှာ သိပ်မှန်သွားသည်။

အက်ဘီဂေးလ်သည် နည်းနည်းလေးမှ မကြောင်။ ကင်မရာကို လန့်နေသည်များလည်း လုံးဝမရှိ။

အက်ပယ်လ်ဂျန်းရှင်းမြို့ မြင်ကွင်းများကို ပြသည်။ အက်ဘီဂေးလ်က သူ၏ ငယ်စဉ်က အကြောင်းများကို ပြန်ပြောင်းသတိရသည်။ ပရိသတ် အထူးစွဲလမ်းစေမည့် အခန်းများ ဖြစ်သည်။ သို့သော်လည်း ထိုအကြောင်းအရာ အားလုံး လိမ်ညာထားခြင်း ဖြစ်ကြောင်း ပက် တွေးကြည့်နေမိပြန်သည်။

အက်ဘီဂေးလ်နှင့် ဝေးလတ်ဂျင်းနင်းတို့၏ မင်္ဂလာဧည့်ခံပွဲ အခမ်းအနား၊ နောက်ပြီးတော့ ဝေးလတ်၏ မဲဆွယ်ပွဲ ကာလအတွင်း သူတို့ ခြံကြီးထဲမှာ ကျင်းပခဲ့သည့် ဧည့်ခံပွဲများ…

သူ့ယောက်ျား ပုံများကို ထိုးပြပြီး အက်ဘီဂေးလ်က သူ့ယောက်ျားကို တမ်းတသည့် အခန်းများ…

"ဝေးလတ်နဲ့ ကျွန်မဟာ…"

"ကျွန်မ ယောက်ျားနဲ့ ကျွန်မ…"

အတော်တော့ ရယ်စရာ ကောင်းသည်။

သူ့ယောက်ျားကို 'ဘီလီ…' ဟု တစ်ခွန်းမျှ ခေါ်မသွား။

ဖန်သားပြင်ပေါ်မှ အက်ဘီဂေးလ်ကို ကြည့်နေရင်း ပက်သည် အတိတ်က အကြောင်းများကို ပြန်လည်အမှတ်ရသလို ရှိလာသည်။ နောက်ပြီးတော့ အက်ဘီဂေးလ်၏ မျက်နှာကိုလည်း မှတ်မိနေသလိုလို ရှိနေသည်။

ဘာတွေ ဖြစ်လာဦးမည်နည်း။

ကြော်ငြာ အစီအစဉ် ကြားဖြတ် ထိုးပြသည်။ ထိုကြော်ငြာပြီးလျှင် အယ်လီနာဘရောင်း ရွေးကောက်ပွဲ ရန်ပုံငွေ ခိုးသည့် အကြောင်းများကို ပြသမည် ဖြစ်လေသည်။

အောက်ထပ်သို့ ပက်ထရီရှာထရေးမိုး ဆင်းသွားသည့် အသံကို အာသာ ကြားလိုက်ရသည်။ သူ ခြေဖျားထောက်ပြီး ရှေ့နားသို့ လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပက်ထရီရှာထရေးမိုး ရုပ်မြင်သံကြား ဖွင့်သည့်အသံကို ကြားရသည်အထိ ရှေ့သို့ တိုးလာသည်။ အခြား မိတ်ဆွေများနှင့်အတူတူ ထိုအစီအစဉ်ကို ကြည့်မှာ သူ စိုးနေသည်။

သို့သော်လည်း ပက် တစ်ယောက်တည်း ကြည့်နေသည်။

ဘုရားသခင် ဝတ်စေချင်သော ဝတ်ရုံကို နှစ်ပေါင်းများစွာအတွင်း သူ ပထမဆုံးအကြိမ်အဖြစ် ဝတ်ဆင်ဖြစ်သည်ဟု သူ့စိတ်ထဲမှာ ခံစားနေရသည်။ ဗီရိုထဲမှာ တွေ့သော ပက်၏ သိုးမွေးဝတ်ရုံကြီးကို သူ ဝတ်ဆင်ထားလေသည်။

ဝတ်ရုံကြီးကို လက်ဖြင့် အသာသပ်ချသည်။

မြင့်မြတ်သော ဝတ်ရုံများကို ယုတ်ညံ့အောင် သည်ကောင်မလေး လုပ်ပစ် နေသည်ဟုလည်း သူ့စိတ်ထဲမှာ ခံစားနေရသည်။ ပက်နှင့် ထိုက်တန်သည့် အဝတ် သည် မည်သို့သော အဝတ်မျိုး ဖြစ်သနည်း။

သူ ပုန်းနေသည့် နေရာသို့ ပြန်ပြေးလာသည်။ နားကြပ်များကို တပ်သည်။ ရုပ်မြင်သံကြားစက်ကို ဖွင့်သည်။ အရုပ်များ ကြည်လင်အောင် ညှိသည်။ အင်တာ ကြိုးကို ကိုင်ပေးသည်။ အလွန်ကြည်လင်သွားသည်။

ဘုရားဝတ်ပြုသည့် ပုံစံမျိုးဖြင့် ရုပ်မြင်သံကြားရှေ့မှာ ထိုင်ပြီး အစီအစဉ်ကို အာသာ ကြည့်လေတော့သည်။

လိုင်လာက ပက် တင်ဆက်သည့် အက်ဘီဂေးလ်အကြောင်း ရုပ်မြင်သံကြား အထူး အစီအစဉ်ကို ထိုင်ကြည့်နေသည်။ သူ့ရှေ့မှာ ညစာ ပြင်ပေးထားသည်။ သို့သော် သူ စားကြောင်း ဟန်ဆောင်မှုကလေးမျှ မပြုနိုင်။

ဖန်သားပြင်ပေါ်တွင် ပက်၏ မျက်နှာကို ကြည့်နေရင်း ပက် ကြုံတွေ့ရ တော့မည့် အန္တရာယ်သည် ပို၍ပို၍ ကြီးမားလာနေကြောင်း စိတ်ထဲမှာ ခံစားနေရ လေသည်။

ငါ့ ပြောစကားကို နားမထောင်ပါလား··· ဟုလည်း စိတ်ထဲခိုက်ရှာ တွေးမိသည်။

ထိုအိမ်ကြီးထဲမှ ပက် ထွက်ကို ထွက်ရတော့မည်။ ထိုသို့မှ မဟုတ်ဘဲ ထိုအိမ်ထဲမှာ ဆက်နေနေမည်ဆိုလျှင် ယခင်တစ်ခါ ဖြစ်ခဲ့ရသည့် နှစ်လောင်းပြိုင် ကြေကွဲမှုကြီးထက် ပိုဆိုးသော အဖြစ်နှင့် ရင်ဆိုင်ရတော့မည်မှာ မလွဲပေ။

အချိန်ကလည်း မရှိတော့။

ဆမ်ကင်စလေကို လိုင်လာ တစ်ကြိမ်သာ မြင်ဖူးသည်။ ထိုတစ်ကြိမ် မြင်ဖူးရုံနှင့် ဆမ်ကို အလွန်အထင်ကြီး လေးစားသွားသည်။ ဆမ်သည် ပက်အချို အရေးကြီးသူ တစ်ယောက် ဖြစ်ကြောင်း အကဲခတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကွန်ဂရက်လွှတ်တော်အမတ် ကင်စလေနှင့် စကားပြောကြည့်လျှင် ဘယ်လို နေမည်နည်း။ မိမိ၏ စိုးရိမ်မှုကို ပြောပြသင့်သလား။ နောက်ပြီးတော့ ထိုအိမ်ကြီးထဲမှ ပက် ထွက်အောင် သူ့ကို ကူပြောခိုင်းရလျှင် ကောင်းမည်လား။

ပက်၏ အိမ်ကြီးပတ်လည်တွင် အမှောင်တိုက်ကြီး ဖုံးလွှမ်းနေသည်ဟု လိုင်လာ ခံစားနေရသည်။

ထိုအမှောင်တိုက်ကြီး ပျောက်ကွယ်သွားသည်အထိ အခြား တစ်နေရာမှာ ပက် သွားနေထိုင်သင့်သည်။

ညစာ ဗန်းကို ဘေးသို့ တွန်းလိုက်သည်။ ထိုင်ရာမှ ထသည်။ အစိမ်းရောင် တယ်လီဖုန်းလမ်းညွှန် စာအုပ်ကို လှမ်းဆွဲယူသည်။

ဆမ်ကင်စလေကို ချက်ချင်း ဖုန်းဆက်မှ ဖြစ်တော့မည်။

ဆမ်သည် စားသောက်ဆိုင်မှနေ၍ ရုံးသို့ တန်းပြန်လာခဲ့သည်။ သူ တက်ရမည့် အစည်းအဝေးတွေ အများကြီး ရှိနေသည်။ သို့သော်လည်း ဘာကိုမှ သူ စိတ်မဝင်စားနိုင်။ အာရုံမစိုက်နိုင်တော့ပါ။

နေ့လယ်စာ စားရင်း ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများကသာ သူ့ခေါင်းထဲမှာ နေရာယူနေသည်။

ပတ်ဝန်းကျင် အနေအထားများအရ တိုဘီဂေါ်ဝွန်းမှာ အပြစ်ရှိနေကြောင်း သူတို့ ကောက်ချက်ချနိုင်ခဲ့ကြသည်။ သို့သော်လည်း ပတ်ဝန်းကျင် အထောက်အထားလောက်မျှဖြင့် မလုံလောက်ပါ။

၄ နှစ်ကြာအောင် သူ တရားစွဲဆိုရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ခိုင်လုံသည့် အကြောင်းပြချက် မရှိသောကြောင့် လွတ်သွားသည့် တရားခံပေါင်းများစွာ ရှိသည်။

ရက်ဂက်ဒီအင်န်အရှုပ်သည် တိုဘီနှင့် ဘာမှ မသက်ဆိုင်ကြောင်းကို ဖော်ပြနေပြန်သည်။

ရန်ပုံငွေ ပျောက်ဆုံးမှုတွင် လည်းကောင်း၊ လေယာဉ်ပျံ ပျက်ကျမှုတွင် လည်းကောင်း၊ ကက်သရင်းဂရာနေကို အခြားလူဆိုး တစ်ယောက်က သတ်သွားခြင်း ဖြစ်သည် ဆိုလျှင် လည်းကောင်း တိုဘီတွင် လုံးဝအပြစ်မရှိဟု ဆိုပါက အက်ဘီဂေးလ်သည် အနေသာကြီး ဖြစ်သွားသည်။ ဒုတိယသမ္မတလည်း ဖြစ်ထိုက်သည့် အမျိုးသမီး ဖြစ်ပါသည်။

သို့သော်လည်း ဆမ်မှာ တိုဘီအကြောင်း တွေးကြည့်လေလေ··· စိတ်ထဲမှာ မရိုးမရွ ဖြစ်လေလေ ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



၆ နာရီနှင့် မိနစ် ၂၀ တွင် သူ အလုပ်အားသွားသည်။ ထို့ကြောင့် ပက်ကို ချက်ချင်း ဖုန်းလှမ်းဆက်သည်။

သို့သော်လည်း လိုင်းမအားဘဲ ရှိနေသည်။

စားပွဲတင် နာရီကို သူ လှမ်းကြည့်သည်။ ပက် တင်ဆက်မည့် အစီအစဉ်ကို အိမ်ပြန်ပြီး အေးအေးဆေးဆေး ကြည့်ချင်သည်။

ရုံးထဲမှ ပြေးထွက်လာသော သူ့ခြေလှမ်းများကို တယ်လီဖုန်း ခေါင်းလောင်းသံက ရပ်တန့်စေလိုက်သည်။

ထိုဖုန်းကို မကိုင်ဘဲ ထွက်မသွားဖို့ တစ်စုံတစ်ရာက သူ့စိတ်ကို နှိုးဆော်ပေးနေသလို ဖြစ်နေသည်။

ဆက်သူမှာ ဂျက်ကာလ်ဆန် ဖြစ်သည်။

"ဆမ်··· ခင်ဗျား တစ်ယောက်တည်းလား"

"ဟုတ်တယ်"

"ကက်သရင်းဂရာနေ အမှုနဲ့ ပတ်သက်ပြီး သက်သေခံ အထောက်အထားတွေ ကျွန်တော်တို့ ထပ်ရလာတယ်၊ အက်ဘီဂေးလ်ဆီ ကက်သရင်းဂရာနေ ရေးတဲ့ စာကြမ်းတစ်စောင်ကို သူ့သားက သွားတွေ့တယ်၊ ဒီစာဟာ မနေ့တုန်းက အက်ဘီဂေးလ်ရဲ့ အိမ်ကို ရောက်စရာ အကြောင်းရှိတယ်၊ စာကတော့ တော်တော်ကြမ်းတယ်၊ မစ္စက်ဂရာနေက သူ့ယောကျ်ားအပေါ် အက်ဘီဂေးလ်ရဲ့ အမြင်နဲ့ ပတ်သက်ပြီး အရင်တုန်းက သူ ပြောခဲ့မိတာတွေကို ပြန်လည်ရုပ်သိမ်းကြောင်း၊ အခု ရုပ်မြင်သံကြား အစီအစဉ်ထဲမှာ ထည့်မလွှင့်ရင် တရားစွဲမယ်လို့ စာကြမ်းရေးထားတယ်၊ အက်ဘီဂေးလ်က သူ့ယောကျ်ား သေရတာဟာ လေယာဉ်မှူးရဲ့ အမှားကြောင့်လို့ စွပ်စွဲခဲ့တယ် မဟုတ်လား"

ဆမ်က လေချွန်လိုက်သည်။

"အဲဒီစာကို မနေ့တုန်းက အက်ဘီဂေးလ် ရနိုင်တယ်လို့ ခင်ဗျား ဆိုလိုတာလား ဂျက်"

"အဲဒီအတိုင်း အတိအကျ ဆိုလိုတာပဲ၊ ဒီအချက် တစ်ခုတည်း မဟုတ်သေးဘူး၊ မနေ့ညတုန်းက မစ္စက်ဂရာနေရဲ့ အိမ်နီးနားချင်းတစ်ယောက်က ဧည့်ခံပွဲတစ်ခု လုပ်တယ်၊ ဧည့်ခံပွဲ တက်တဲ့ သူတွေ စာရင်းလည်း ကျွန်တော်တို့ ရထားပြီးပြီ၊ လူငယ် တစ်စုံတွဲက နောက်ကျပြီး ရောက်လာတယ်၊ ၁၁ နာရီနဲ့ ၁၅ မိနစ် ပတ်ဝန်းကျင်လောက်ပေါ့၊ နောက်ပြီးတော့ သူတို့ မျက်စိလည်ပြီး လမ်းပျောက်နေကြတယ်၊ အဲဒီနေရာနဲ့ နှစ်လမ်းကျော်လောက်မှာ လူတစ်ယောက် သူ့ကားထဲ ပြန်တက်နေတာ တွေ့တယ်တဲ့၊ အဲဒီလူကို သူတို့ လမ်းသွားမေးတယ်၊ အဲဒီလူက သူတို့ကို ကောင်းကောင်းမဖြေဘဲ ခါထုတ်ပစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူရဲ့ ကားက အနက်ရောင် တိုယိုတာလို့ အစစ်ခံတယ်၊ ဗာဂျီးနီးယားပြည်နယ် လိုင်စင်နံပါတ် တပ်ထားတယ်တဲ့၊ ပုံပန်းသဏ္ဌာန်ကို သူတို့ပြောပြတဲ့အတိုင်း ဆိုရင်တော့ ဂေါ်ဝွန်းနဲ့ သိပ်ကို တူနေတယ်၊ သူဟာ အင်မတန်ကြီးမားတဲ့ လက်စွပ်မည်းမည်းကြီး ဝတ်ထားတာကိုလည်း မိန်းကလေးက မှတ်မိနေတယ်၊ ဒါကြောင့် ကျွန်တော်တို့ တိုဘီဂေါ်ဝွန်းကို ဖမ်းပြီး စစ်တော့မယ်၊ အိမ်ဖြူတော်ကို ခင်ဗျား ဖုန်းဆက်ဖို့ လိုမယ် ထင်သလား"

တိုဘီဂေါ်ဝွန်းကို ကက်သရင်းဂရာနေ အသတ်ခံရသည့် အနီးအနားတစ်ဝိုက်တွင် တွေ့ခဲ့ရသည်။

ကက်သရင်းဂရာနေကို တိုဘီ သတ်ရိုးမှန်လျှင် သူတို့ မသင်္ကာ ဖြစ်နေသော အခြား ရာဇဝတ်မှုများကိုလည်း တိုဘီ ကျူးလွန်ခြင်းမှာ ဖြစ်နိုင်စရာ ရှိနေသည်။

ယုတ္တိတန်သည်ဟု ဆိုရတော့မည်။

"ဒီအကြောင်းကို အက်ဘီဂေးလ် ချက်ချင်း သိသင့်တယ်၊ သူ့ဆီကို အခုချက်ချင်း ကျွန်တော် သွားလိုက်မယ်၊ သူ့ကို ဒုတိယသမ္မတ ခန့်ဖို့ အစဉ်းစားခံနေရတာကို ပယ်ဖျက်ပေးဖို့ သူ ပြောသင့်တယ်၊ သူက ငြင်းရင် သမ္မတကြီးကို ကျွန်တော်ကိုယ်တိုင် ဖုန်းဆက် ပြောမယ်၊ တိုဘီ ဘယ်လို ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့တယ် ဆိုတာ သူ မသိဘူး ဆိုပေမယ့် စိတ်ဓာတ်ရေးရာအရတော့ သူ့မှာ တာဝန်ရှိနေတယ်"

"ဒီမိန်းမကြီးက စိတ်ဓာတ်ရေးရာ တာဝန်ရှိနေတာတွေ ဘာတွေ ထည့်စဉ်းစားနေမယ် မထင်ပါဘူးဗျာ၊ ရေဂျအက်ဂါသာ အသက်ရှင်နေမယ် ဆိုရင် သူ့ကို ဒုတိယသမ္မတ ခန့်ဖို့ ထည့်စဉ်းစားတဲ့ အဆင့်အထိ ရောက်လာနိုင်စရာအကြောင်း မရှိဘူး၊ ဟိုနေ့က သမာဓိသတင်းစာထဲက ဆောင်းပါး ခင်ဗျားဖတ်လိုက်မိတယ် မဟုတ်လား၊ ကွန်ဂရက်လွှတ်တော်အမတ် အဒမ်စ်တို့ လင်မယားနဲ့ သူ ဘယ်လောက် ရင်းနှီးကြောင်း ထည့်ရေးထားတာ တွေ့လိုက်တယ် မဟုတ်လား"

"တွေ့တယ်…"

"သတင်းစာ ဆောင်းပါးက ရေးသလိုပဲ၊ အဒမ်စ်တို့ လင်မယား စကားများကြရတာဟာ တခြား မိန်းမတစ်ယောက်ကို အကြောင်းပြုပြီး များရတာဆိုတဲ့ ကောလာဟလကလည်း ထွက်နေတယ်၊ အဲဒီအမှု ဖြစ်တဲ့ အချိန်တုန်းက ကျွန်တော်က အက်ဖ်ဘီအိုင်အဖွဲ့မှာ အလုပ်ဝင်ခါစပဲ ရှိသေးတယ်၊ ဒါကြောင့် ဒီအမှုကိုတော့ ကိုယ်တိုင် မကိုင်ခဲ့ရဘူး။

"ဒါပေမဲ့ အခု ဆောင်းပါးကို ဖတ်ကြည့်လိုက်မိတော့ အချို့အချက်တွေကို ကျွန်တော် ပြန်မှတ်မိလာတယ်၊ အဲဒီလို စိတ်ထဲမှာ မသင်္ကာသလို ဖြစ်လာကာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အဒမ်စ်ရဲ့ အမှုတွဲဖိုင်ကို ပြန်ရှာကြည့်မိတယ်၊ နောက်ပြီးတော့ ကွန်ဂရက်လွှတ်တော်အမတ်အသစ် အက်ဘီဂေးလ်ဂျင်းနင်းနဲ့ ပတ်သက်တဲ့ ဖိုင်တွဲလည်း ရှိတယ်၊ အဲဒီဖိုင်တွေကို ဖတ်ကြည့်လိုက်တော့ အဒမ်စ်တို့ လင်မယား ရန်ဖြစ်ရတဲ့ အကြောင်းရင်းဟာ အက်ဘီဂေးလ်ကြောင့် ဖြစ်နိုင်တယ် ဆိုတာ တွေ့ကို တွေ့လာရတယ်"

စိတ်ကို ဘယ်လောက်ပဲ ကြိုးစားပြီး ထိန်းထားသော်လည်း အက်ဘီဂေးလ်မှာ နည်းနည်းကလေးမှ ဂနာမငြိမ်နိုင်အောင် ဖြစ်နေလေသည်။

အမေရိကန်ပြည်ထောင်စုကြီး၏ ဒုတိယသမ္မတအဖြစ် အဆိုပြုခြင်း ခံရတော့မည် ဆိုသော အသိကြီးက သူ့စိတ်ကို အရမ်း လှုပ်ရှားနေစေလေသည်။

ဒုတိယသမ္မတကြီးဟု အခေါ်ခံရမည့် အဖြစ်··· လေတပ်အမှတ် ၂ သီးသန့်လေယာဉ်ကို စီးရမည့်အပြင် သီးခြားအိမ်နှင့် နေရမည့်အဖြစ်··· ဆီးနိတ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြီးကြပ်ရမည့် အဖြစ်··· ကမ္ဘာ့ရေးရာအားလုံးတွင် သမ္မတကြီးကို ကိုယ်စားပြုရမည့် အဖြစ်များကို တွေးမိလေလေ စိတ်လှုပ်ရှားလေလေ ဖြစ်နေသည်။

နှစ်နှစ်အတွင်းမှာ သမ္မတလောင်း ရွေးကောက်ပွဲ ရှိသည်။ အဲဒီရွေးကောက်ပွဲတွေမှာလည်း ငါ အနိုင်ရမှာပဲဟု သေချာပေါက် တွက်ထားသည်။

ထိုကဲ့သို့သာ အနိုင်ရမည်ဆိုလျှင် ဂိုလ်ဒါမီယာ၊ အင်ဒီရာဂန္ဒီ၊ မာဂရက်သက်ချာ··· နောက်ပြီးတော့ အက်ဘီဂေးလ်ဂျင်းနင်း··· ဟူသော အမျိုးသမီးခေါင်းဆောင် အမည်များ တန်းစီနေတော့မည်ကို မြင်ယောင်နေသည်။

ဆီးနိတ်လွှတ်တော်အမတ် ဆိုသည်မှာ အမြင့်ဆုံး ဖြစ်သည်။

သူ အရွေးခံရသည့် ညက···

"ကမ္ဘာပေါ်မှာ အထူးခြားဆုံး အဖွဲ့အစည်းတစ်ခုထဲမှာ ခင်ဗျားလည်း တစ်ယောက် အပါအဝင် ဖြစ်သွားပြီ အက်ဘီဂေးလ်"

ဟု လူသာက ပြောခဲ့ဖူးလေသည်။

ယခု နောက်ထပ် လှေကားတစ်ဆင့် တက်ရပေဦးတော့မည်။

ဆီးနိတ်လွှတ်တော်အမတ် ၁၀၀ ထဲက တစ်ယောက် မဟုတ်တော့ သည်တိုင်းပြည်တွင် ဒုတိယအမြင့်ဆုံး ရာထူး ဖြစ်သွားပေတော့မည်။

ယနေ့ည သူ ဝတ်ဆင်မည့် အဝတ်အစားကို ရွေးချယ်ထားပြီး ဖြစ်သည်။ ဒုတိယသမ္မတ အမည်စာရင်း တင်သွင်းရာတွင် ရုပ်မြင်သံကြား ရိုက်ဦးမည် ဖြစ်ရာ ဖန်သားပြင်ပေါ်တွင် လှလှပပ ရှိနေဖို့လည်း အရေးကြီးသေးသည်။

ဒုတိယသမ္မတ အက်ဘီဂေးလ်ဂျင်းနင်း···

www.burmeseclassic.com

www.burmeseclassic.com



၆ နာရီနှင့် ၁၅ မိနစ် ရှိပြီ။ မှန်တင်ခုံမှာ သွားထိုင်ပြီး ဆံပင်ရှင်းသည်။ အိုင်းရှဲ့ဒိုး ဆွဲသည်။ စိတ်လှုပ်ရှားမှုကြောင့် သူ့ပါးပြင်များတွင် သွေးရောင် ရဲနေသည်။

ယခုပဲ အဝတ်အစား လဲထားရတော့မည်။

ရုပ်မြင်သံကြား ထိုင်ကြည့်ပြီးလျှင် အိမ်ဖြူတော်သို့ မထွက်ခွာမီ ဒုတိယသမ္မတအဖြစ် ခန့်အပ်ဖို့ အဆိုတင်သွင်းခြင်းကို လက်ခံကြောင်း ပြောရမည့် မိန့်ခွန်းကို ကျင့်ရဦးမည်။

အဝတ်အစား လဲသည်။ ပြီးတော့ အကြီးဆုံး ရုပ်မြင်သံကြားစက် ရှိသည့် စာကြည့်ခန်းထဲသို့ ဝင်ခဲ့သည်။

"အစိုးရအဖွဲ့ထဲမှ အမျိုးသမီးများ အစီအစဉ်ကို တင်ဆက်ပါတော့မယ်"

နောက်ဆုံးခန်းမှ လွဲပြီး အားလုံး သူ ကြည့်ပြီးသား ဖြစ်ပါသည်။

သို့သော်လည်း အစအဆုံး သူ ပြန်ကြည့်သည်။

စိတ်ဝင်စားစရာလည်း ကောင်းပါသည်။

အက်ပယ်လ်ကျန်းရှင်းမြို့ကို ပြသည်။ ရေခဲဖုံးနေသော မြို့ကို သူ လှေ့လာကြည့်သည်။ အတော်ပုံပျက်ပန်းပျက်နိုင်သော မြို့ ဖြစ်သည်ဟု ခံစားနေရသည်။

ဆောင်းဒါးစ်၏ အိမ်ကို ပြသည်။

ကြည့်ရင်း စဉ်းစားနေမိသည်။

အိမ်ရှေ့ခန်းသို့ လာမိသည့်အတွက် မစ္စက်ဆောင်းဒါးစ်၏ မောင်းထုတ်ခြင်းခံရပုံ၊ နောက်ဖေးဘက်သို့ ပြန်သွားခိုင်းခံရပုံများကို ပြန်သတိရနေသည်။

ထိုမိန်းမကြီးကို ထိုအတွက်လည်း သူ ကလဲ့စားချေနိုင်ခဲ့ပါသည်။

ရက်ကလစ်တက္ကသိုလ် သွားတက်ဖို့ ငွေရအောင် မည်သို့ ကြံဆောင်ရမည် ဖြစ်ကြောင်း တိုဘီကသာ နည်းပေးလမ်းပြ မလုပ်ခဲ့လျှင် ယခုအခါတွင် မိမိ ဘယ်နေရာ ရောက်နေမည်နည်း။

ဘာပဲဖြစ်ဖြစ် ထိုပိုက်ဆံသည် ဆောင်းဒါးစ်တို့ မိသားစုအနေဖြင့် မိမိကို ပေးသင့်ပေးထိုက်သော ပိုက်ဆံ ဖြစ်သည်ဟု သူ့ကိုယ်သူ ပြန်ပြောနေမိသည်။

ထိုအိမ်တွင် ၁၂ နှစ်လုံးလုံး အရှက်ခွဲခံရ၊ အစော်ကားခံခဲ့ရသည် မဟုတ်ပါလော။

သူတို့ မင်္ဂလာဆောင် ညှော်ခံပွဲ မှတ်တမ်းရုပ်ရှင် အခန်းကို ကြည့်သည်။

ပြီးတော့ ဝေးလတ်၏ စောစောပိုင်း မဲဆွယ်ပွဲများ... ဝေးလတ်၏ အသုဘ အခမ်းအနား။

အသုဘပို့ရင်း ဝေးလတ်၏ ကျန်ရှိနေသေးသော ကွန်ဂရက်လွှတ်တော် အမတ် သက်တမ်းကို အက်ဘီဂေးလ် ဆက်လက် ထမ်းဆောင်ခွင့်ရအောင် ပြည်နယ် အုပ်ချုပ်ရေးမှူးကို တိုက်တွန်းပေးမည် ဖြစ်ကြောင်း ဂျက်ကနေဒီက ကတိပေး

www.burmeseclassic.com



သည်။ ထိုစဉ်ကလည်း သူ ဘယ်လောက် စိတ်လှုပ်ရှားခဲ့ရကြောင်း ပြန်အမှတ်ရနေ သည်။

အဆက်မပြတ် တီးလိုက်သော တံခါးခေါက်သံကြောင့် အက်ဘီဂေးလ် လန့်သွားသည်။

မည်သူမှ လာလေ့မရှိ။ သတင်းထောက် တစ်ယောက်ယောက်များ လာသလား။ ဖွင့်မပေးဘဲ ထားလိုက်ဖို့ စိတ်ကူးသေးသည်။ သို့သော်လည်း တံခါး ဆီသို့ သူ ပြေးသွားသည်။

"ဘယ်သူလဲ"

"ဆမ်…"

တံခါးကို သူ ဖွင့်လိုက်သည်။ အထဲသို့ ဆမ် ဝင်လာသည်။ သူ့မျက်နှာ တည်တည်ကြီး ဖြစ်နေသည်။

သို့သော် ဆမ်ကို အက်ဘီဂေးလ် သေသေချာချာ မကြည့်ဖြစ်။

"ဆမ်… ဘာဖြစ်လို့ ရုပ်မြင်သံကြား မကြည့်တာလဲ၊ လာ လာ…"

ဆမ်ကို လက်ဆွဲပြီး စာကြည့်ခန်းထဲသို့ ပြန်ပြေးဝင်ခဲ့သည်။ ရုပ်မြင် သံကြားတွင် လူသာ့က လေကြောင်းလုံခြုံမှုနှင့် ပတ်သက်၍ သူ့ကို မေးခွန်းထုတ် သည့်အခန်း ရောက်နေသည်။

"အက်ဘီဂေးလ်… ခင်ဗျားကို စကားပြောစရာ ရှိနေတယ်"

"ဆမ်… ဘာဖြစ်နေတာလဲ၊ ကျွန်မအကြောင်း တက်ဆက်တဲ့ အစီအစဉ် ကို ကျွန်မ ကြည့်နေတာ မကြည့်ရဘူးလား"

"အခြေအနေက စောင့်လို့ မဖြစ်တော့ဘူး"

ရုပ်မြင်သံကြား ထုတ်လွှင့်နေဆဲမှာပင် ဆမ်က ခလုတ်ကြောင်းကို ရှင်းပြ လိုက်လေသည်။

အက်ဘီဂေးလ်၏ မျက်လုံးထဲတွင် မယုံကြည်နိုင်သည့် အမူအရာများ ပေါ်လာသည်ကို ဆမ်က အကဲခတ်ကြည့်နေသည်။

"ကက်သရင်းဂရာနေ ဆိုတဲ့ မိန်းမကို တိုဘီက သတ်တယ်လို့ ရှင် လာပြောနေတာလား၊ ရှင်- ရူးနေပြီလား ဆမ်"

"ကျုပ် ရူးလို့လား"

"စားပွဲထိုး မိန်းကလေးတစ်ယောက်နဲ့ သူ ချိန်းတွေ့နေတာ၊ အဲဒီ မိန်းကလေးက သူနဲ့အတူ ရှိကြောင်း သက်သေခံလိမ့်မယ်"

"သူ့ပုံပန်းသဏ္ဌာန်ကို လူနှစ်ယောက်က တိတိကျကျ ဖော်ပြနိုင်တယ်၊ ခင်ဗျားဆီကို ကက်သရင်းဂရာနေ ရေးလိုက်တဲ့ စာဟာ သူ လူသတ်မှု ကျူးလွန် အောင် နှိုးဆော်လိုက်တာပဲ"

"ဘာစာလဲ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြသည်။ အက်ဘီဂေးလ်၏ မျက်နှာ သွေးရောင်ပျောက်သွားသည်။

"ခင်ဗျားဆီ လာတဲ့ စာတွေကို သူ သွားသိမ်းလေ့ရှိတယ် မဟုတ်လား အက်ဘီဂေးလ်"

"ဟုတ်တယ်"

"မနေ့ကရော သူ သိမ်းသလား"

"သိမ်းတယ်"

"သိမ်းရင် သူ ဘာစာယူလာပေးသလဲ"

"ထုံးစံအတိုင်း ပေါက်ကရစာတွေပဲပေါ့၊ နေပါဦး၊ ရှင်ဟာ သူ့ကို တိုက်ရိုက်စွပ်စွဲနေတာလား"

"ဒီလိုဆိုရင် သူ့ကို အခု ခေါ်လိုက်ပါ၊ ဘယ်လိုပဲဖြစ်ဖြစ် သက်ဆိုင်ရာက သူ့ကို မကြာခင်မှာ ဖမ်းစစ်တော့မယ်"

အက်ဘီဂေးလ်က တိုဘီ၏ ဖုန်းကို ဆက်သည်။ နံပါတ်များ လှည့်နေသည်ကို ဆမ်က စောင့်ကြည့်နေသည်။ လှလှပပ ဝတ်စားဆင်ယင်ထားသည်ကိုလည်း ကြင်နာစိတ် ကင်းမဲ့စွာဖြင့် အကဲခတ်နေမိသည်။ ဒုတိယသမ္မတ ဖြစ်လာဖို့ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားခြင်း ဖြစ်ကြောင်း ဆမ်က တွေးကြည့်နေသည်။

အက်ဘီဂေးလ်က ဖုန်းကို နားမှာ ကပ်သည်။ ခေါင်းလောင်း မြည်နေသည်ကို နားထောင်နေသည်။

"ဖုန်းမကိုင်ဘူး၊ ကျွန်မ ဆက်မယ် မထင်လို့နဲ့ တူတယ်"

သူ့အသံ တိမ်ဝင်သွားသည်။ ခဏနေတော့ ခပ်မြန်မြန် ပြန်ပြောသည်။

"ဆမ်··· ရှင် ဘာတွေ ပြောနေတယ် ဆိုတာ ရှင့်ကိုယ်ရှင် သိရဲ့လား၊ ယုံလို့ ပြောနေတာတော့ မဟုတ်ပါဘူးနော်၊ ပက်ထရေးမိုးက ရှင့်ကို မြှောက်ပေးလိုက်တာကိုး၊ အစီအစဉ် စကတည်းက ပက်ထရေးမိုးက ကျွန်မကို ဖျက်လိုဖျက်ဆီး လုပ်လာခဲ့တာ"

"ကက်သရင်းဂရာနေ အိမ်နားမှာ တိုဘီဂေါ်ဒွန်းကို တွေ့တာနဲ့ ပက်နဲ့ ဘာမှ မဆိုင်ဘူး"

ရုပ်မြင်သံကြားထဲတွင်မူ လေကြောင်းလုံခြုံရေးကိစ္စများ၌ သူ ခေါင်းဆောင်ခဲ့သည့် အကြောင်းများကို အက်ဘီဂေးလ်က ဆွေးနွေးတင်ပြနေသည်။

"ကျွန်မ ယောက်ျားဟာ ဈေးပေါပေါနဲ့ ရတဲ့ အပေါစား လေယာဉ်ပျံကို ဗုံးစီးမိခဲ့တဲ့အတွက် ကျွန်မ အခုလို မုဆိုးမ ဖြစ်နေရတာပါ"

ဟု ရှင်း ပြနေသည်။

ဆမ်က ရုပ်မြင်သံကြားဘက်သို့ လက်ညှိုးထိုးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ စကားလုံးလောက်နဲ့တင်ပဲ ကက်သရင်းဂရာနေက ခင်ဗျားကို တရားစွဲဖို့ လုံလောက်သွားပြီ၊ နောက်ပြီးတော့ ဒီအကြောင်းကို တိုဘီ သိတယ်။ အက်ဘီဂေးလ်… ခင်ဗျားကို ဒုတိယသမ္မတ ခန့်ကြောင်း ကြေညာဖို့ ဒီနေ့ည သတင်းစာကွန်ဖရင့် ခေါ်ထားတာ ဆိုရင် ပြဿနာတွေ ရှင်းသွားတဲ့ အချိန်အထိ ရွှေ့ဆိုင်းထားဖို့ သမ္မတကြီးကို ခင်ဗျား ပြောဖို့ လိုတယ်"

"ရှင် ဘာတွေ လာပြောနေတာလဲ၊ အသတ်ခံရတဲ့ မိန်းမနဲ့ နှစ်လမ်းကျော် လောက်မှာ တိုဘီ ရှိနေခဲ့တယ် ဆိုရင်လည်း ကျွန်မ ဘာမှ ဂရုစိုက်နေစရာ အကြောင်း မရှိဘူး၊ သက်သေ အထောက်အထား ဘာရှိသလဲ၊ သူ့ရည်းစားနဲ့ သူ ချိန်းသွားတာ ဖြစ်ချင် ဖြစ်မှာပေါ့၊ ဖဲကစားဖို့ သွားတာ ဖြစ်ချင်လည်း ဖြစ်မှာပေါ့၊ သူ တခင် ဖုန်းမကိုင်တာဘဲ ဖြစ်မယ်၊ ရှင် တံခါးလာခေါက်တုန်းက ဖွင့်မပေးလိုက်မိရင် အကောင်းသား"

သိပ်အရေးကြီးနေပြီဆိုသော အသိစိတ်က ဆမ်၏ တစ်ကိုယ်လုံးသို့ ဖုံးလွှမ်းသွားလေသည်။

တိုဘီသည် သူ့အပေါ် ရန်လိုလာကြောင်း မနေ့ကပဲ ပက်က သူ့ကို ပြောပြခဲ့သေးသည်။ ထို့ကြောင့် သူ့အနီးအနားတွင် တိုဘီ ရှိနေလျှင် သူ ကြောက်နေ သည်ဟု ပက်က ပြောသည်။

ယခုတစ်ဖန် ပက်က သူတို့ကို အစကတည်းက ကဖျက်ယဖျက် လုပ်နေ သည်ဟု အက်ဘီဂေးလ်က ပြောပြန်သည်။

တိုဘီကရော ထိုသို့ ယုံကြည်နေသလော။

ဆမ်က အက်ဘီဂေးလ်၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"ပက်က ခင်ဗျားကို ခြိမ်းခြောက်နေတယ်လို့ တိုဘီအနေနဲ့ ယုံကြည်စရာ အကြောင်း ရှိသလား"

အက်ဘီဂေးလ်က ပြန်မော့ကြည့်သည်။

"ဆမ်… လွှတ်ပါ၊ ကျွန်မကို ရုပ်မြင်သံကြားကနေ လွှင့်မယ်ဆိုလို့ ကျွန်မ စိတ်လှုပ်ရှားသလို တိုဘီလည်း လှုပ်ရှားတာပဲ ရှိတယ်၊ ဒါပေမဲ့ အားလုံး အဆင်ပြေသွားတယ်၊ အားလုံး ခြုံကြည့်ရင် ကျွန်မ ကောင်းကျိုးအတွက် ပက်က လုပ်ပေးတယ်လို့တောင် သူက ထင်နေသေးတယ်"

"သေချာရဲ့လားဗျာ"

"ဆမ်… တိုဘီဟာ ပက်ကို ဘယ်တုန်းကမှ မြင်ဖူးခဲ့တာ မဟုတ်ဘူး၊ လွန်ခဲ့တဲ့ အပတ်ကမှ စမြင်ဖူးတာ၊ ရှင် ဒါလောက်မှ မဆင်ခြင်တတ်ဘူးလား"

ဘယ်တုန်းကမှ မြင်ဖူးခဲ့တာ မဟုတ်ဘူး ဆိုသော စကားကတော့ မမှန် ချေ။ ကလေးဘဝကတည်းက တိုဘီ သိခဲ့သည်။ ပက်ကို သူ မှတ်မိနိုင်စရာ ရှိ သလား။

www.burmeseclassic.com

www.burmeseclassic.com



အက်ဘီဂေးလ်သည် ပက်၏ အဖေနှင့် ငြိစွန်းခဲ့သည်။ ထိုအကြောင်းကို ရော ပက် သိသလား။ ကိုယ် ဖွင့်ပြောပြမှ ဖြစ်တော့မယ်၊ ခွင့်လွှတ်ပါ… ဟု စိတ်ထဲက ကျိတ်ပြီး ပက်ကို သူ တောင်းပန်လိုက်လေသည်။

"အက်ဘီဂေးလ်… ပက်ထရေးမိုးဟာ အဒမ်စ်ရဲ့ သမီးလေး ကယ်ရီ"

"ပက်ထရေးမိုးဟာ ကယ်ရီလား"

အက်ဘီဂေးလ်၏ မျက်လုံးများမှာ တုန်လှုပ်ချောက်ချားမှုဖြင့် ပြူးကျယ် ဝိုင်းစက်သွားလေသည်။ ပြီးတော့ ဆမ်၏ လက်ထဲမှ ရုန်းထွက်လိုက်သည်။

"ရှင် ဘာတွေ လျှောက်ပြောနေတာလဲ၊ ကယ်ရီအဒမ်စ် သေသွားပြီ"

"ပက်ထရေးမိုးဟာ ကယ်ရီအဒမ်စ် ဖြစ်တယ်လို့ ခင်ဗျားကို ကျွန်တော် ပြောနေတယ်လေ၊ နောက်ပြီးတော့ ခင်ဗျားဟာ သူ့အဖေနဲ့ ငြိစွန်းခဲ့ဖူးတယ်တဲ့၊ အဒမ်စ်တို့ လင်မယား နောက်ဆုံး ရန်ဖြစ်ကြရတာဟာ ခင်ဗျားကြောင့်လို့ ကျွန်တော် သိလာရတယ်၊ အဲဒီညတုန်းက ဖြစ်ပျက်ခဲ့တာတွေကိုလည်း ပက်က ဖြည်းဖြည်းချင်း ပြန်သတိရနေပြီ၊ ပက်ထရေးမိုး တစ်ခုခု သိသွားမှာစိုးလို့ ခင်ဗျားကို တိုဘီ ကာကွယ်ဖို့ ရှိသလား၊ သူ့ကိုယ်သူရော ကာကွယ်ဖို့ ရှိနေသလား"

"မရှိဘူး"

အက်ဘီဂေးလ်က တိုတိုပြတ်ပြတ် ပြောသည်။

"ကျွန်မကို သူ မြင်တာ ပြန်သတိရတယ် ဆိုရင်လည်း ကျွန်မ ဂရုမစိုက်ဘူး၊ အဲဒီညက သူတို့ လင်မယား သေသွားတာ ကျွန်မ သတ်တာမှ မဟုတ်တာ"

"တိုဘီ… တိုဘီ့ကိစ္စက ဘယ်လိုလဲ၊ အဲဒီညတုန်းက တိုဘီရော အဲဒီ အိမ်မှာ ရှိနေသလား"

"တိုဘီကို ပက်ထရေးမိုး လုံးဝ မမြင်ပါဘူး၊ ကျန်ခဲ့တဲ့ ကျွန်မရဲ့ ပိုက်ဆံအိတ်ကို တိုဘီ သွားယူပြီး ထွက်လာတော့ ပက်ထရေးမိုး သတိလစ်နေပြီလို့ ကျွန်မ ကို ပြောတယ်"

သူတို့ ပတ်သက်နေကြောင်း အက်ဘီဂေးလ်၏ ပြောပြချက်များသည် သူတို့ နှစ်ယောက်စလုံးကို သောက ရောက်စေတော့သည်။

ဆမ်က တံခါးပေါက်ဆီသို့ ပြေးသည်။ အက်ဘီဂေးလ်ကလည်း ဒယီး ဒယိုင်နှင့် နောက်မှ ပြေးလိုက်သွားသည်။

ပြစ်ဒဏ် စီရင်ခြင်း ခံရပြီးနောက် လက်ထိပ်တန်းလန်းနှင့် တရားရုံးတော်မှ ထွက်လာသည့် ဂလိုရီ၏ ရုပ်ရှင်မှတ်တမ်းကို အာသာက ကြည့်နေသည်။

မျက်နှာကို အနီးကပ် ရိုက်ချက်တစ်ကွက် ပါသည်။ ဂလိုရီ၏ မျက်နှာ ပေါ်မှာ ခံစားချက် ကင်းမဲ့နေသည်။ သို့သော် မျက်စိသူငယ်အိမ်ကတော့ ကျယ်ချဲ့

www.burmeseclassic.com

www.burmeseclassic.com



တိုင်း ကျယ်နေသည်။ ဘာမှန်းမသိသည့် နာကျင်မှုကို သူ ခံစားနေရပုံပေါ်သည်။ မျက်ရည်များ စီးကျလာသည်။

ဂလိုရီ စိတ်ဖောက်ပြန်သွားသည့် အကြောင်း လူသာပယ်လ်ဟမ်း ပြော နေသည့် အချိန်တွင် အာသာက သူ့မျက်နှာကို လက်ဝါးနှင့် ဖုံးအုပ်ထားမိသည်။ စိတ်ဖောက်ပြန်သောကြောင့် အာမခံပေးလိုက်ကြောင်း၊ စိတ်ရောဂါကုဆေးရုံတွင် ပြင်ပလူနာအဖြစ် ကုသခိုင်းကြောင်း၊ သို့သော် လွန်ခဲ့သည့် ၉ နှစ်ခန့်မှ စ၍ ပျောက်သွားကြောင်းများကို လူသာက ဆက်ပြောပြနေသည်။

ကြားပင် ကြားရသော်လည်း သူ မယုံချင်သော လူသာပယ်လ်ဟမ်း၏ စကားများကိုပါ သူ ကြားလိုက်ရလေသည်။

"အယ်လီနာဘရောင်းဟာ သူ့ကို လူတွေ မှတ်မိတော့မှာပဲ ဆိုတဲ့ စိုးရိမ် စိတ်ကြောင့် မနေ့တုန်းက ရဲစခန်းမှာ သွားပြီး အဖမ်းခံလိုက်ပါတယ်၊ အယ်လီနာ ကို ယခု အချုပ်ထဲမှာ ထားပြီး မကြာခင်မှာ သူ ကျခံရမယ့် ပြစ်ဒဏ်များ အပြည့် အဝ ခံနိုင်အောင် ပြည်ထောင်စု အကျဉ်းထောင်ကြီးကို ပို့တော့မှာ ဖြစ်ပါတယ်"

ဂလိုရီ သွားပြီး အဖမ်းခံလိုက်ပြီကိုး။ ငါ့ကို ပေးခဲ့တဲ့ ကတိကို ချိုးဖောက် လိုက်တာပဲဟု သူ စဉ်းစားသည်။

မဖြစ်နိုင်ပါ။

သူ ကတိချိုးဖောက်အောင် အကျပ်ကိုင်ခံရခြင်း ဖြစ်သည်။ ရုပ်မြင်သံကြား အစီအစဉ်က သူ့ကို ဖော်ထုတ်မည် ဖြစ်သောကြောင့် သွားရောက် အဖမ်းခံလိုက်ရ ခြင်းသာ ဖြစ်ပေမည်။

ဂလိုရီကို ငါ ပြန်တွေ့ရတော့မည် မဟုတ်ပါလားဟု အာသာ တွေးကြည့် နေမိသည်။

သူ့ကို ပြောနေသည့် ဒေါသတကြီး အသံများကို သူ ကြားနေရသည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး သူ အာရုံစိုက် နားထောင်နေ သည်။

ထိုအသံများ တိတ်သွားသောအခါ နားကြပ်များကို ဆွဲဖြုတ်လိုက်သည်။ သူ ပုန်းအောင်းနေသည့် ဗီရိုတံခါးကို ခြေရာ လက်ရာ မပျက် ပြန်ပိတ်နေ၍ အလုပ်ပို လုပ်မနေတော့ဘဲ အပြင်သို့ ထွက်လိုက်သည်။ ပြီးတော့ အောက်ထပ်သို့ အပြေးအလွှား ဆင်းခဲ့လေတော့သည်။

ပက်က ငြိမ်သက်စွာ ထိုင်ပြီး ရုပ်မြင်သံကြား အစီအစဉ်ကို အကဲခတ်လေ့လာ နေသည်။ 'ဘီလီ အချစ်ရေ…' ဆိုသော စာဖတ်သည့် အခန်းကို ပိုဂရုစိုက်ပြီး ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘီလီ… ဘီလီ…"

လေသံကလေးဖြင့် သူ ရေရွတ်ကြည့်နေသည်။

အက်ဘီဂေးလ်ဂျင်းနင်း၏ တုန်လှုပ်ချောက်ချားသွားသော အမူအရာကို သေသေချာချာ လေ့လာကြည့်သည်။ သူ့ကိုယ်သူ မထိန်းနိုင်သေးမီ အချိန်ကလေးတွင် အက်ဘီဂေးလ်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေသည်။

အက်ဘီဂေးလ်၏ မျက်နှာပေါ်တွင် ကြီးစွာ စိတ်ထိခိုက်ရသည့် ဝေဒနာမျိုးကို ယခင်တုန်းက သူ မြင်ဖူးသည်ဟု ထင်နေသည်။

**"ဘီလီ အချစ်ရေ… ဘီလီ အချစ်ရေ…"**

**"မာမီ့ကို ရှိန်လို့ မခေါ်နဲ့လေ သမီး"**

**"ဒါပေမဲ့ မာမီ့ကို ရှိန်လို့ ဒက်ဒီက ခေါ်တာပဲဥစ္စာ"**

ကင်မရာ အရပ်လိုက်တွင် အက်ဘီဂေးလ်က ပက်၏ လက်ထဲမှ စာကို လုယူရန် ခုန်အုပ်လိုက်ပုံ… ။

"ဒီစာကို နင် ဘယ်က ရလာတာလဲ၊ ငါ့ကို ဘာလုပ်ပစ်ဖို့ နင် ကြံစားနေတာလဲ"

"အက်ဘီ… သတိထားလေ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းမှပေါ့၊ ခင်ဗျား ယောက်ျားဆီကို ခင်ဗျား နောက်ဆုံး ရေးလိုက်တဲ့ စာအကြောင်း ပြည်သူတွေ သိသွားတာ ကောင်းတာပေါ့"

ဟူ၍ တိုဘီ၏ အော်ဟစ် ပြောဆိုသံ။

"ခင်ဗျား ယောက်ျား…"

အက်ဘီဂေးလ်ကို တိုဘီ ပြောချင်သည့် စကားလုံးသည် ထိုစကားလုံးပင် ဖြစ်လေသည်။

ပင်လယ်ကမ်းခြေ တစ်နေရာမှာ သူ့အဖေနှင့် အက်ဘီဂေးလ်တို့ အပြန်အလှန် ကြည့်နေသည့် ဓာတ်ပုံ။ သူတို့နှစ်ယောက် လက်ချင်းလည်း ထိနေသည်။

**"မာမီ့ကို ရှိန်လို့ မခေါ်နဲ့လေ သမီး… နောက်ပြီးတော့ ဒက်ဒီကိုလည်း ဘီလီလို့ မခေါ်ရဘူးနော်"**

**ဒင်းဝီလ်ဆင်အဒမ်စ်…**

သူ့အဖေသည် ဝေးလတ်ဂျင်းနင်း မဟုတ်။

ဝီလ်ဆင်အဒမ်စ် ဖြစ်သည်။

ဘီလီအဒမ်စ် ဖြစ်သည်။

တိုဘီ ရောက်လာစဉ်က သူ့အဖေပစ္စည်းများကို တိုဘီ မြင်မှာစိုးသောကြောင့် ဝှက်ဖို့ ကြိုးစားသည်။ ထိုအခိုက် 'ဘီလီ အချစ်ရေ…' ဆိုသော စာကို စာကြည့်ခန်း ကြမ်းပြင်ပေါ်မှ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေ ဖိုင်တွဲများထဲမှ ကျသွားခြင်း ဖြစ်ရမည်။ အက်ဘီဂေးလ်၏ ပစ္စည်းများထဲမှ တွေ့ရခြင်း မဖြစ်နိုင်။

ထိုနေ့ ညတုန်းက သည်အိမ်မှာ အက်ဘီဂေးလ် ရှိနေခဲ့သည်။ အက်ဘီဂေးလ်နှင့် ဒင်းအဒမ်စ်… ဘီလီအဒမ်စ်တို့သည် ချစ်သူများ ဖြစ်ကြသည်။

ဘီလီအဒမ်စ်နှင့် ရီနီတို့ လင်မယား နောက်ဆုံး ရန်ဖြစ်သည့်ကြားသို့ အက်ဘီဂေးလ် ကမူးရှူးထိုးနှင့် အတင်းအဓမ္မ ဝင်လာခြင်းလော။

**ကလေးမလေးသည် သူ့အိပ်ရာပေါ်မှာ အတင်းပုနေသည်။ ဒေါသတကြီး အော်ဟစ် ပြောဆိုသံများကို မကြားရအောင် သူ့နားနှစ်ဖက်ကို အတင်းပိတ်ထားခဲ့သည်။**

**သေနတ်သံ…**

**"ဒက်ဒီ… ဒက်ဒီ…"**

**နောက်ထပ် ကျယ်လောင်သည့် သေနတ်သံ တစ်ချက်…**

**အဲဒီနောက် အောက်ထပ်ကို ငါ ပြေးဆင်းခဲ့တယ်… မာမီ ကိုယ်လုံးကြီးကို ခလုတ်တိုက်မိပြီး လဲသွားတယ်… တခြားလူ တစ်ယောက် ယောက် အဲဒီအနားမှာရှိနေတယ်… အက်ဘီဂေးလ်လား…**

**အိုး… ဘုရားသခင် ငါ ပြေးဆင်းသွားတဲ့ အချိန်မှာ အက်ဘီဂေးလ်ကျင်းနင်း အဲဒီအနားမှာ ရှိနေတာပဲ…**

ပန်းခြံဘက်မှ တံခါးပွင့်သွားသည်။

တယ်လီဖုန်း ခေါင်းလောင်း မြည်သည်။ တစ်ချိန်တည်းမှာပင် မီးပန်းဆိုင်းမှ မီးလုံးများ ငြိမ်းသွားသည်။

ပက်က ထိုင်ရာမှ ခုန်ထပြီး နောက်သို့ လှည့်လိုက်သည်။

ရုတ်တရက် ပေါ်ထွက်လာသည့် မကောင်းဆိုးဝါးလို သဏ္ဌာန်ကြီးတစ်ခု သူ့ဆီသို့ ဦးတည်လာနေသည်။ အရပ်ရှည်သည်။ ဘုန်းကြီးလို ဝတ်ဆင်ထားသည်။ မျက်နှာ အမူအရာကို အကဲခတ်ရ ခက်သည်။ ငွေရောင်ဆံပင်များက မျက်နှာပေါ်သို့ လျှောကျနေသည်။

တိုဘီက ဂျော့တောင်းဆီသို့ ဦးတည်ပြီး ကားမောင်းလာသည်။ အမြန်နှုန်းကို အထူးသတိထား မောင်းသည်။ သတ်မှတ်နှုန်းထက် မပိုစေရ။ ထိုနေ့ညတော့ ယာဉ်ထိန်းရဲ ဖမ်းသည်ကို လုံးဝလက်မခံနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်မြင်သံကြား အထူးအစီအစဉ် စတင် ထုတ်လွှင့်သည်ကို သူ စောင့်နေသေးသည်။ အက်ဘီဂေးလ်သည် နာရီဝက်တော့ မထတမ်း ထိုင်ကြည့်နေမည် ဖြစ်ကြောင်း သူ သိသည်။

အစီအစဉ် အပြီး၌ အက်ဘီဂေးလ် ဖုန်းဆက်လျှင် မိမိ အပြင်ထွက်ပြီး မော်တော်ကားကို စစ်ဆေးကြည့်နေကြောင်း အကြောင်းပြရမည်ဟုလည်း သူ စိတ်ကူးထားလေသည်။

စကတည်းက ပက်ထရေးမိုးကို မြင်ဖူးသလိုလို ရှိသည်ဟု သူ ထင်နေသည်။ သိဖူးသော မိန်းကလေးတစ်ယောက်ဟု ထင်နေသည်။

'ကယ်ရီအဒမ်စ်သည် သူ ရရှိထားသော ဒဏ်ရာများကြောင့် ကွယ်လွန်သွားရှာပြီ ဖြစ်ကြောင်း' လွန်ခဲ့သည့် နှစ်ပေါင်းများစွာတုန်းက သူ ဖတ်ရှုရသောအခါ သူ မျက်ရည် လုံးဝမကျခဲ့ပါ။

သုံးနှစ်ခွဲ လေးနှစ်အရွယ် ကလေးမလေး တစ်ယောက်က ရုံးတော်တက်ပြီး သက်သေထွက်ခြင်းကို သူတို့ အဖြစ်မခံနိုင်ပါ။ နောက်ပြီးတော့ ကယ်ရီအဒမ်စ် သေဆုံးသွားခြင်းသည် ကြေကွဲဝမ်းနည်းဖွယ်ရာလည်း မဟုတ်ပါ။

အက်ဘီ ပြောသည်မှာ မှန်သည်။ ပက်ထရေးမိုးသည် စကတည်းက သူတို့ အကျိုးစီးပွား ပျက်အောင် ပြုလုပ်လာခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း သူ လုပ်ချင်တိုင်း လုပ်ခွင့်မပေးနိုင်။

ပက်၏ အိမ်ရှိရာသို့ မောင်းသွားသည်။ ဘယ်နေရာမှာ ကားရပ်ရမည်ကို သူ သိသည်။ ယခင်တုန်းကလည်း တစ်ကြိမ် သူ ရပ်ခဲ့ဖူးပြီ။

တစ်ဖက်လမ်း၏ ထောင့်မှာ ရပ်သည်။ အိမ်ဆီသို့ လျှောက်သွားသည်။ အိမ်ရှေ့ပေါက်က မဝင်။ နောက်ဘက်မှ ခြံစည်းရိုး ကျော်ဝင်သည်။

အရိပ်ထိုးနေသည့် ပန်းခြံထဲသို့ ဘာသံမှ မမြည်ဘဲ အသာကလေး ကျသွားသည်။

သည်နေရာသို့ ယခုလို ရောက်လာသောအခါ ဟိုယခင် တစ်ခါ ညတုန်းက သည်အိမ်ထဲမှ အက်ဘီဂေးလ်ကို အတင်းဆွဲထုတ်ခဲ့ရသည့် အကြောင်း ပြန်ပြောင်း မစဉ်းစားဘဲ မနေနိုင်အောင် ဖြစ်ရလေသည်။

တအား အော်ငိုနေသည့် အက်ဘီဂေးလ်၏ ပါးစပ်ကိုလည်း လက်တစ်ဖက်ဖြင့် ပိတ်ရသေးသည်။ ပြီးတော့ မော်တော်ကား နောက်ထိုင်ခုံပေါ်မှာ အတင်းတွန်းလှဲရသည်။

ထိုအခိုက် ထိတ်လန့်တကြား ငိုညည်းသံကို ကြားရသည်။

"ငါ့ပိုက်ဆံအိတ် အဲဒီအိမ်ထဲမှာ ကျန်နေရစ်ခဲ့ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ထိုအိမ်ကြီးထဲသို့ သူ တစ်ခေါက် ပြန်ဝင်သွားရသည်။

သစ်ပင်ရိပ်ကို ခိုပြီး တိုဘီ ကပ်သွားသည်။ အိမ်ထဲသို့ ဂရုစိုက်ပြီး ကဲကြည့်လိုက်လေသည်။

သူ့တစ်ကိုယ်လုံးရှိ သွေးများ ခဲကုန်ပြီလားဟု ထင်လိုက်ရသည်။

ညောင်စောင်းပေါ်မှာ ပက်ထရေးမိုး လဲနေသည်။ သူ့ကို လက်ပြန်ကြိုး တုပ်ထားသည်။ ပါးစပ်ကို အဝတ်နှင့် ဆို့ထားသည်။

တိုဘီဘက်သို့ ကျောခိုင်းထားသည့် ဘုန်းကြီးတစ်ပါးက ညောင်စောင်းနားမှာ ဒူးထောက် ထိုင်ပြီး ခရစ္စမတ်သစ်ပင်ကို မီးတင်ရှို့နေသည်။

သူ ဘာလုပ်နေတာလဲ···

ထိုအခိုက် ထိုသူက တိုဘီဘက်သို့ လှည့်ကြည့်လိုက်သည်။ ထိုအခါကျမှ ဘုန်းကြီး မဟုတ်မှန်း သိသည်။ မိန်းမဝတ် ဝတ်ရုံကြီးတစ်ခုကို သူ့ကိုယ်ပေါ်မှာ ခြုံထားခြင်း ဖြစ်သည်။ ထိုသူ၏ မျက်နှာကို မြင်ရသောအခါ တစ်ခါတုန်းက အိမ်နီးနားချင်း တစ်ယောက် ရှူးသွားသည်ကို တိုဘီ ပြန်အမှတ်ရမိသည်။

ထိုသူက ပက်ထရေးမိုးကို အော်ဟစ် ပြောဆိုနေသည်။

"ငါ သတိပေးနေတာတွေကို နင် နားမထောင်ဘူး၊ နင့်ကို ငါ အခွင့်အရေး ပေးပြီးပြီ"

သတိပေးနေတာတွေ···

ပက်ထရေးမိုးက ပြောပြသည့် ဖုန်းဆက် ခြိမ်းခြောက်ခြင်း၊ အိမ်ထဲသို့ ဖောက်ထွင်း ဝင်ရောက်ခြင်းများသည် ပက်ထရေးမိုး၏ လုပ်ဇာတ်များ ဖြစ်သည် ဟု သူတို့ ထင်ခဲ့ကြသည်။

မဟုတ်ကြောင်း ယခု သိရပြီ။

တိုဘီ ကြည့်နေဆဲမှာပင် ထိုသူ မီးတင်ရှို့နေသည့် ခရစ္စမတ်သစ်ပင်မှ မီးမှာ အောက်ဆုံးကိုင်းကို ကောင်းစွာ စွဲနေပြီ။

သည်အိမ်ကြီးကို ထိုသူ မီးတင်ရှို့နေခြင်း ဖြစ်သည်။ ထိုအထဲမှာ ပက်ထရေးမိုး ပိတ်မိနေမည်။

တိုဘီအဖို့ ခြံထဲက ပြန်ထွက်ပြီး အိမ်သို့ ကားမောင်းပြန်သွားရုံသာ ရှိတော့သည်။

တိုဘီက အုတ်နံရံကို ကျောကပ်လိုက်သည်။ မီးတင်ရှို့သူက သူ ရှိသည့် တံခါးပေါက်ဆီသို့ လှည့်လာနေသည်။

ထိုသူကို သည်အိမ်ထဲမှာ တွေ့လျှင် မည်သို့ နေမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ပက်ထရေးမိုး အခြိမ်းခြောက်ခံနေရကြောင်း လူတိုင်း သိသည်။ သည်အိမ်ကြီး မီးလောင်သွားပြီး ပက်ကို ခြိမ်းခြောက်နေသူကိုလည်း သည်အိမ်ကြီးထဲမှာပဲ တွေ့သည်ဆိုလျှင် အားလုံး ဇာတ်သိမ်းသွားတော့မည်။

စုံစမ်းစစ်ဆေးမှုများ ဆက်လုပ်နေစရာ မလိုတော့။ မလှမ်းမကမ်း တစ်နေရာတွင် မြင်နေကျ မဟုတ်သည့် ကားတစ်စီး ရပ်ထားသည်ဟု တစ်ယောက်ယောက်က သက်သေ ထွက်နေစရာလည်း မလိုတော့။

တံခါးသော့ဖွင့်သံကို တိုဘီ နားထောင်နေသည်။ ဝတ်ရုံကြီးနှင့် လူက တံခါးတွန်းဖွင့်သည်။ ပြီးတော့ အခန်းထဲသို့ ပြန်လှည့်ကြည့်သည်။

တိုဘီက တိတ်ဆိတ်စွာဖြင့် သူ့နောက်ကျောတည့်တည့်မှာ သွားရပ်နေလိုက်သည်။

ရုပ်မြင်သံကြား တင်ဆက်မှု ပြီးသွားတော့ လိုင်လာက ဆမ်၏ ဖုန်းနံပါတ်ကို လှည့်ပြန်သည်။ သို့သော်လည်း အကြောင်းမထူးပါ။ စောစောကအတိုင်း ပြန်ထူးမည့်သူ မရှိ။

ပက်ကို ဖုန်း ထပ်ဆက်ကြည့်ပြန်သည်။ တစ်ဖက်ကို ဆယ့်နှစ်ကြိမ်လောက် ခေါ်နေသည်။ မကိုင်သောကြောင့် ချထားပြီး ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။

အိမ်ဘေးတွင် ပက်၏ မော်တော်ကား ရပ်ထားသည်ကို မြင်ရသည်။ ထို့ကြောင့် အိမ်မှာ ပက် ရှိနေကြောင်း လိုင်လာအဖို့ သေချာသွားသည်။

လိုင်လာ လှမ်းကြည့်နေဆဲမှာပင် ထိုအိမ်ကြီးကို ဖုံးအုပ်ထားသည့် အမှောင်ထုကြီး နောက်ကွယ်မှနေ၍ နီရဲသည့် မီးတောက်ကြီး တက်လာသည်ဟု မြင်ယောင်နေလေသည်။

ရဲကို အကြောင်းကြားရမည်လော။

ပက်သည် သူ သိချင်နေသော နောက်ကြောင်းများကို ပြန်အမှတ်ရလုဆဲဆဲ ဖြစ်နိုင်သည်။

အန္တရာယ်ဟု လိုင်လာ မြင်နေခြင်းမှာ အန္တရာယ် မဟုတ်ဘဲလည်း ဖြစ်နိုင်သည်။

ပက်သည် သူ့မိဘများ ကြုံတွေ့ခဲ့ရသည့် ကြေကွဲဖွယ် ဇာတ်လမ်းအဖြစ်မှန်ကို အရမ်းကာရော သိချင်နေသည်။ အဖြစ်မှန်က သူ ထင်ထားသည်ထက် ဆိုးချင်လည်း ဆိုးနေနိုင်သည်။

ထို့ကြောင့် လိုင်လာ၏ အာရုံရိပ်တွင် ကြီးမားသည့် အန္တရာယ်များကို မြင်နေခြင်း ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပက်က တံခါးဖွင့်မပေးနိုင်ပါဟု ဆိုလျှင် ရဲကရော ဘာတတ်နိုင်မည်နည်း။ မိမိ စိတ်ထဲ မသင်္ကာရုံနှင့် ရဲက တံခါးကို ချိုးဖျက်ဝင်နိုင်ခွင့် မရှိ။ ထိုသို့ လိုင်လာ စဉ်းစားမိလိုက်သည်။

ဘာမှ မတတ်နိုင်တော့ဘဲ ပြတင်းပေါက်နားမှာ ရပ်ပြီး ပက်၏ အိမ်ကြီးဆီသို့ ငေးကြည့်နေရတော့သည်။ သူ့အာရုံထဲမှာတော့ အိမ်ကြီးကို အမှောင်ထုကြီးက ဖုံးအုပ်ထားသည်ဟု မြင်နေရလေသည်။

ပန်းခြံထဲသို့ ဆင်းသည့် တံခါးကို နှစ်လောင်းပြိုင် ညတုန်းက သူတို့ ဖွင့်ထားကြသည်။ ပက်ထရေးမိုး မော့ကြည့်လိုက်တော့ သူ့ကို တွေ့သည်။ ထို့ကြောင့် သူ့ဆီသို့ ပြေးသည်။ ခြေထောက်ကို ဖက်ပြီး တောင်းပန်သည်။

တိုဘီ…

ဟုတ်ပါသည်။ တိုဘီသည် သူ့သူငယ်ချင်း ဖြစ်သည်။ တိုဘီကို သူ ကုန်းပိုးစီးနေကျ။ တိုဘီက သူ့ကို ကောက်ချီပြီး လေထဲသို့ ပစ်မြှောက်ကာ ပြန်ဖမ်းနေကျ။

တိုဘီ…

ယခုလည်း ပန်းခြံထဲသို့ ဆင်းသည့် တံခါးပေါက်ဝမှာ တိုဘီ ရပ်နေသည်ကို ပက် တွေ့နေရပြန်သည်။ အာသာစတီဗင်၏ နောက်တွင် တိုဘီ ရပ်နေသည်။

သူ့နောက်မှာ လူတစ်ယောက်ယောက် ရှိနေကြောင်း အာသာက သိလိုက်ရသည်။ ထို့ကြောင့် နောက်သို့ လှည့်လိုက်သည်။

တိုဘီ၏ လက်သီးက သူ့လည်ပင်းပေါ်သို့ တည့်တည့်ကျသွားသည်။ အာသာမှာ အခန်းထဲသို့ မှောက်လျက် လဲကျသွားသည်။ ခေါင်းလည်ထွက်သွားပြီး ငြိမ်သက်သွားသည်။

အခန်းထဲသို့ တိုဘီ ဝင်လာသည်။

တုတ်ခိုင်သည့် ခြေထောက်ကြီးများ၊ မည်းနက်သည့် ဘောင်းဘီ၊ ကြီးမားသည့် ကိုယ်လုံး၊ သန်မာသော လက်များနှင့် နက်မှောင်သည့် လေးထောင့်သဏ္ဌာန် မဟူရာလက်စွပ်ကြီးကို မြင်လိုက်ရသောကြောင့် ပက်မှာ နောက်သို့ တွန့်သွားလေသည်။

တိုဘီက ခါးကိုင်းပြီး ပက်ကို ငုံ့ကြည့်သည်။

"မင်း သိတယ် မဟုတ်လား ကယ်ရီ… မင်း ဘယ်သူလဲဆိုတာ ငါ သိတာနဲ့ တစ်ပြိုင်တည်း မင်း ဘာလုပ်တော့မယ် ဆိုတာကိုလည်း ငါ သဘောပေါက်လိုက်တယ်၊ ဖြစ်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ငါ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့

www.burmeseclassic.com



ငါကတော့ အက်ဘီကိုပဲ အကာအကွယ် ပေးရမယ်၊ အက်ဘီက ဘီလီကို အရူးအမူး ချစ်နေတယ်။

"မင်းအမေက မင်းအဖေကို သေနတ်နဲ့ ပစ်လိုက်တာလည်း မြင်ရော အက်ဘီဟာ နေရာမှာတင် ပုံလျက်သား လဲကျသွားတော့တယ်၊ တကယ်လို့ သူ့ ပိုက်ဆံအိတ် ယူဖို့ အိမ်ထဲကို ငါ ပြန်မဝင်ဖြစ်ဘူးဆိုရင် မင်းကို လက်ဖျားနဲ့တောင် မတို့မိမှာ သေချာပါတယ်၊ ဒါပေမဲ့ ငါ ပြန်ဝင်လာတော့ မင်းနဲ့ တိုးနေပြီလေ၊ ဒါကြောင့် မင်းရဲ့ နှုတ်ကို ပိတ်ပစ်ဖို့ ငါ့မှာ တာဝန်ရှိလာပြီ၊ အခုတစ်ခါ အက်ဘီကို ဒုက္ခပေးဖို့ မင်း ပြန်ရောက်လာပြန်တယ်၊ ဒီလို အဖြစ်မျိုးကိုတော့ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး"

တိုဘီက တောက်လျှောက် ပြောနေသည်။

ပက်က သူ ပြောသမျှကို စိုက်ပြီး နားထောင်နေသည်။

"ဒီတစ်ခါတော့ မင်းကို အပြတ်ရှင်းဖို့ ငါ့အတွက် သိပ်လွယ်သွားပြီ ကယ်ရီ၊ မင်း အခြိမ်းခြောက်ခံနေရတာ လူတိုင်း သိနေကြတယ်၊ ဒါလောက် ကံကောင်းမယ်လို့ ငါ နည်းနည်းလေးမှ မျှော်လင့်မထားဘူး၊ အခုဆိုရင် ဟိုငတိနဲ့ မင်းကို အတူတူ တွေ့ကြတော့မယ်၊ ဒီတော့ ဘာမေးခွန်းမှ ထုတ်စရာ မလိုတော့ဘူး၊ မင်းဟာ အမေးအမြန်း သိပ်ထူလွန်းတယ်၊ အဲဒါကိုရော မင်း သိရဲ့လား"

ခရစ္စမတ်သစ်ပင်မှ အပေါ်ကိုင်းများကို မီးကူးလောင်နေပြီ။ မီးကျွမ်းသည့် အသံများ ကြားလာရသည်။ မျက်နှာကြက်ဆီသို့ မီးခိုးလုံးများ တက်နေသည်။

"မိနစ်ပိုင်းအတွင်း ဒီအခန်းကြီး တစ်ခုလုံး ပြာကျသွားတော့မယ် ကယ်ရီ၊ ငါလည်း သွားတော့မှ ဖြစ်မယ်၊ ဒီနေ့ညဟာ အက်ဘီအဖို့ အကြီးကျယ်ဆုံး ညပဲ"

ပြီးတော့ ပက်၏ ပါးကို လက်နှင့် သူ အသာပွတ်သည်။

"စိတ်မကောင်းပါဘူးကွာ"

ခရစ္စမတ်သစ်ပင် တစ်ပင်လုံးကို မီးတောက်များက ဝါးမျိုသွားလေပြီ။

တိုဘီက ယန်းခြံထဲ ဆင်းသည့် အပေါက်မှ ထွက်သွားပြီး တံခါး ပြန်ပိတ်နေသည်။

ပက်က သူ လုပ်နေပုံကို လှမ်းကြည့်နေသည်။

ကော်ဇောကို မီး စလောင်ပြီ။ သစ်ရွက်စိမ်းများ မီးလောင်သည့် ညှော်နံ့သည် အခန်းထဲမှာ လုံးထွေးနေသည်။

ပက်က အသက်မရှူဘဲ အောင့်ထားကြည့်သည်။

မျက်လုံးများ စပ်လာသည်။

ထို့ကြောင့် ကြာကြာ မျက်လုံးဖွင့်ထား၍ မရ။ သည်အထဲမှာ သူ အသက်ရှူ ကျပ်သွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညောင်စောင်းအစပ်သို့ သူ့ကိုယ်ကို လိမ့်သွားသည်။ ပြီးတော့ ကြမ်းပြင်ပေါ်သို့ လိမ့်ချလိုက်သည်။ စားပွဲခြေထောက်ကို နဖူးနှင့် ပြေးတိုက်မိသည်။

နာကျင်သွားသည့်အတွက် ရုတ်တရက် အသက်ရှူ မှားသွားသည်။

တံခါးပေါက် ရှိသည့် နေရာသို့ ဖြည်းဖြည်းချင်း လိမ့်ယူသွားသည်။

လက်ပြန်ကြိုး တုပ်ထားသောကြောင့် အလွန်ခက်ခဲစွာ ရွှေ့နေရသည်။

ပက်လက်လှန်ပြီး နောက်ကျောနှင့် ရွှေ့သည်။ ကျောဘက်မှာ ရောက်နေသည့် လက်နှင့် ရနိုင်သမျှ ယက်ယူသည်။

စောစောက ဝတ်ထားမိသည့် ဝတ်ရုံကြီးက သူ့ကိုယ်ကို တုပ်ထားသလိုဖြစ်နေသည်။ ဖိနပ် စီးမထားသော ခြေထောက်ကလည်း ကော်ဇောပေါ်တွင် ခြေကုပ်၍ မရအောင် ချော်နေသည်။

အခန်းပေါက် ရောက်တော့ သူ ခဏရပ်သည်။ ညှိခန်းတံခါးကို ပိတ်လိုက်နိုင်လျှင် မီးမကူးအောင် တားလိုက်နိုင်မည့် သဘောမျိုး ဖြစ်ကြောင်း စဉ်းစားမိသည်။

အနည်းဆုံး မိနစ်အနည်းငယ်တော့ တားထားနိုင်ပေလိမ့်မည်။

တံခါးကို ခက်ခက်ခဲခဲ ပိတ်သည်။

ကြိုးတုပ်ထားသည့် လက်နှစ်ဖက်က နာလာသည်။

မရမနေ ကြိုးစားပြီး ပိတ်သောကြောင့် နောက်ဆုံးတွင် တံခါးပိတ်သွားသည်။

ညှိခန်း အပြင်ဘက်က ခန်းမကလေးထဲမှာ မီးခိုးတွေ မှောင်နေသည်။

ဘယ်ဘက်သို့ သွားရမည်ကိုတော့ သူ မသိတော့။

လမ်းမှားပြီး စာကြည့်ခန်းထဲ ဝင်မိလျှင် လုံးဝ ပြန်လမ်းမရှိတော့ချေ။

နံရံ အောက်ခြေကို စမ်းကာ အိမ်ရှေ့တံခါးပေါက် ရှိရာသို့ မှန်းပြီး ရွှေ့လာခဲ့လေသည်။

□

www.burmeseclassic.com

## [ ၄၂ ]

လိုင်လာက ပက်ကို နောက်ထပ်တစ်ကြိမ် ကြိုးစား ဖုန်းဆက်ကြည့်ပြန်သည်။ သို့သော် တစ်ဖက်က မကိုင်။

သည်တစ်ကြိမ်တော့ လိုင်လာက တယ်လီဖုန်း အော်ပရေတာကို ဆက်ပြီး ပက်၏ ဖုန်းကောင်း မကောင်း မေးကြည့်သည်။ ကောင်းပါသည်ဟူသော အဖြေရသည်။

သူ မစောင့်နိုင်တော့ပါ။ တစ်စုံတစ်ခုသည် ဆိုးဆိုးရွားရွား မှားယွင်းနေချေပြီ။

ရဲကို ဖုန်းဆက်မည်။ ပက်၏ အိမ်ကို စစ်ဆေးကြည့်ရန် ပြောမည်။ ပက်၏ အိမ်နားတွင် မှောင်ရိပ်ခိုနေသူကို မိမိ တွေ့ရကြောင်း ရဲကို သတင်းလိမ်ပေးရမည်ဟု စဉ်းစားလိုက်သည်။

ရဲစာရေးကြီးက ဖုန်းကိုင်သည်။

လိုင်လာ ဘာစကားမှ ပြောမထွက်တော့ပါ။

ပက်ထရီရှာ၏ အိမ်ဘက်မှ ညော်နံ့များ လွင့်လာသည်။ သူ့နှာခေါင်းထဲသို့ ဝင်လာသည်။ တစ်ကိုယ်လုံးမှာ ရှိသည့် အဆစ်အမြစ်များ ကိုက်ခဲလာသည်။ တစ်ကိုယ်လုံးလည်း ခြစ်ခြစ်တောက်အောင် ပူလောင်လာသည်ကို ခံစားလိုက်ရလေသည်။

တစ်ဖက်မှ စာရေးကြီးက စိတ်မရှည်နိုင်သလို သူ့နာမည်ကို အကြိမ်ကြိမ် အော်ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် အသံထွက်အောင် လိုင်လာ ပြောနိုင်လေတော့သည်။

"အင်နိုလမ်းက အိမ်နံပါတ် ၃၀၀၀ ပက်ထရီရှာထရေးမိုး သေတော့မယ်။ ပက်ထရီရှာထရေးမိုး သေတော့မယ်"

ဆမ်သည် မော်တော်ကားကို ကြောက်မက်ဖွယ် ကောင်းလောက်အောင် အရှိန် ပြင်းစွာ မောင်းနှင်နေသည်။ မီးနီများကိုလည်း ဖြတ်မောင်းလာသည်။ လမ်းတွင် ရဲသားတစ်ယောက်လောက် တွေ့လျှင် ကောင်းမည်ဟု စဉ်းစားသည်။ ကားပေါ် ခေါ်တင်ခဲ့ရမည်။

သူ့ဘေးမှာ အက်ဘီဂေးလ် ထိုင်လိုက်လာသည်။

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

သူ့ပါးစပ်ကို လက်သီးဆုပ်ဖြင့် ဖိပြီး ပိတ်ထားသည်။

"အက်ဘီဂေးလ်… ကျွန်တော် အမှန်ကို သိချင်တယ်၊ ဒင်းနဲ့ ရီနီအဒမ်စ် တို့ နှစ်ယောက် သေတဲ့ညက ဘာတွေ ဖြစ်ကြတာလဲ"

"ဘီလီက သူ့မိန်းမနဲ့ ကွာရှင်းပြတ်စဲပေးပါ့မယ်လို့ ကျွန်မကို ကတိပေး ထားတယ်၊ အဲဒီနေ့က ကျွန်မဆီကို သူ ဖုန်းဆက်တယ်၊ သူ့မိန်းမနဲ့ ကွာရှင်းပြတ်စဲ လို့ မဖြစ်နိုင်တော့ဘူးလို့ ပြောတယ်၊ သူတို့ အိမ်ထောင်ရေး အဆင်ပြေအောင် သူ လုပ်မှ ဖြစ်တော့မယ်တဲ့၊ ကယ်ရီကို သူ ဘယ်လိုနည်းနဲ့မှ မခွဲနိုင်ဘူးတဲ့၊ အဲဒီ အချိန်တုန်းက ရီနီ ဘော့စတွန်မြို့ကို သွားနေတယ်လို့ ကျွန်မ ထင်ထားတယ်။ ဒါကြောင့် သူတို့အိမ်ကို ကျွန်မ လိုက်သွားတယ်၊ ဘီလီကို အသနားခံဖို့ သွားတာပါ။

"ဟို ရောက်တော့ ရီနီ ရှိနေတာကို တွေ့ရတယ်၊ ဘီလီနဲ့ ကျွန်မ ချစ် နေတာကိုလည်း ရီနီ သိသွားပြီလေ၊ ဒါကြောင့် အခုလို ကျွန်မကို တွေ့တဲ့အခါ အကြီးအကျယ် ဒေါသူပုန်ထတော့တာပဲ၊ အံဆွဲထဲမှာ ဘီလီရဲ့ သေနတ် ရှိတယ်၊ ရီနီက အဲဒီသေနတ်ကို ယူတယ်၊ ပြီးတော့ သူ့ကိုယ်သူ သတ်သေဖို့ သေနတ်နဲ့ ချိန်တယ်၊ သူ့ လက်ထဲက သေနတ်ကို ဘီလီ ဝင်လုတယ်၊ ကျည်ဆန် ထွက်သွား တယ် ဆမ်၊ အဖြစ်ဆိုးလိုက်တာ… အိပ်မက်ဆိုးကြီးတွေ မက်နေရတဲ့အတိုင်းပဲ၊ ငရဲပြည်ကို ရောက်သွားရတဲ့အတိုင်းပဲ၊ ကျွန်မ မျက်စိအောက်မှာပဲ ဘီလီ အသက် ပျောက်သွားတယ်"

"ဒီလိုဆိုရင် ရီနီကို ဘယ်သူ သတ်တာလဲ"

ဆမ်က မေးသည်။

"ဘယ်သူ သတ်တာလည်း ပြောစမ်းပါဦး"

"သူ့ကိုယ်သူ ပြန်ပစ်သတ်လိုက်တာပါ"

စကားအဆုံးတွင် အက်ဘီဂေးလ်က ရှိုက်ငိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆိုးဆိုးရွားရွား တစ်ခုခု ဖြစ်တော့မယ် ဆိုတာကို တိုဘီက ခန့်မှန်းမိနေတယ်၊ ဒါကြောင့် ပန်းခြံဘက်က တက်တဲ့ တံခါးပေါက်ကနေပြီး သူ ချောင်းကြည့်နေတယ်၊ အဲဒီလိုလည်း ဖြစ်ကုန်ရော၊ ကျွန်မကို တိုဘီက အတင်းဆွဲထုတ်ပြီး ကားဆီကို ခေါ်သွားတယ် ဆမ်… အဲဒီအချိန်မှာ ကျွန်မ အရမ်းကြောက်နေတယ်၊ အရမ်းတုန်လှုပ်နေတယ်၊ ဘာတွေ ဖြစ်ကုန်တယ် ဆိုတာကိုတောင် မသိနိုင်လောက်အောင်ပဲ၊ နောက်ဆုံး ကျွန်မ မြင်လိုက်တာကတော့ သေနတ်ကိုင်ပြီး ရပ်နေတဲ့ ရီနီပဲ"

"အိမ်ထဲမှာ ကျွန်မ ပိုက်ဆံအိတ် ကျန်ခဲ့တယ် ဆမ်… တိုဘီက အဲဒီ ပိုက်ဆံအိတ် ပြန်သွားယူပေးတယ်၊ သူ အိမ်ထဲ ဝင်မသွားခင်မှာ ဒုတိယသေနတ်သံ တစ်ချက်ကို ကျွန်မ ကြားလိုက်ရတယ်၊ အဲဒါ အမှန်ပါပဲ၊ သူ ပြန်ဝင်မသွားခင် နောက်ထပ် သေနတ်သံ ကြားလိုက်ရတာပါ၊ ကယ်ရီ အကြောင်းကိုတော့ နောက်နေ့အထိ ကျွန်မကို သူ ဘာမှ မပြောဘူး။

"ကျွန်မတို့ ပြန်လာပြီးနောက်မှ ကယ်ရီ အပေါ်ထပ်က ဆင်းလာတာ ဖြစ်မယ်လို့ တိုဘီက ကျွန်မကို ပြောပါတယ်၊ ဆင်းလာတဲ့ ကယ်ရီကို သူ့အမေ ရီနီက မီးလင်းဖိုဘက်ကို ကိုင်ပေါက်ပစ်လိုက်တာ ဖြစ်မယ်တဲ့၊ ဒါပေမဲ့ ကယ်ရီ ဒါလောက် ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားလိမ့်မယ်လို့ သူ မထင်ခဲ့ဘူး"

"ပက်က သူ့အမေ ကိုယ်လုံးကြီးကို ဝင်ခလုတ်တိုက်မိတာကို မှတ်မိနေတယ်"

"မဖြစ်နိုင်ဘူး၊ ဒါ မမှန်ဘူး။ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး"

အက်ဘီဂေးလ်က အကျောက်အကန် ငြင်းသည်။

လမ်းချိုးတစ်ခုမှာ တအား ချိုးကွေ့လိုက်သည်။ ဘီးနှင့် ကတ္တရာလမ်း ပွတ်တိုက်သည့် အသံ ဆူညံစွာ ပေါ်ထွက်လာသည်။

"ခင်ဗျားဟာ တစ်သက်လုံး တိုဘီကို ယုံလာတာပဲ၊ တိုဘီ ဘာပြောပြော ခင်ဗျား ယုံတာပဲ"

ဆမ်က စွပ်စွဲအပြစ်တင်သည်။

"ဘာကြောင့်လဲ ဆိုတော့ ခင်ဗျားကကို သူ့အပေါ်မှာ ယုံချင်နေတယ်၊ အဲဒီလို သူ့ကို ယုံကြည်နေတာက ခင်ဗျားအတွက် ပိုကောင်းတာကိုး၊ လေယာဉ်ပျံဟာ မတော်တဆ ပျက်ကျသွားတယ်လို့ ခင်ဗျား ယုံကြည်နေသလား အက်ဘီဂေးလ်၊ ကံ စီမံရာအတိုင်း ပျက်ကျသွားတယ်လို့ ခင်ဗျား ယုံကြည်နေသလား၊ ရွေးကောက်ပွဲ ရန်ပုံငွေတွေ ပျောက်သွားတုန်းက ခင်ဗျား မျက်စိအောက်က တိုဘီ လုံးဝပျောက်မသွားပါဘူးလို့ သက်သေခံခဲ့တာကို ခင်ဗျား တကယ် ယုံနေသလား"

"ယုံတယ်… ယုံတယ်…"

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ လမ်းသွားလမ်းလာများနှင့် ရှုပ်နေသည်။ ညစာ စားမည့်သူများ စားသောက်ဆိုင်များသို့ သွားနေကြခြင်း ဖြစ်သည်။

ဆမ်က ဟွန်းကို အဆက်မပြတ် တီးလာသည်။

၃၁ လမ်းထောင့်သို့ ရောက်သည်။ အင်နီလမ်းသို့ ချိုးကွေ့လိုက်သည်။ ဘရိတ်ကို ဆောင့်နင်းသည်။ သူတို့နှစ်ယောက်စလုံး ရှေ့သို့ ငိုက်သွားသည်။

"အို… ဘုရားသခင်"

အက်ဘီဂေးလ်က လေသံကလေးဖြင့် ဘုရား တ,သည်။

မိန်းမကြီးတစ်ယောက်က ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် အော်ဟစ် အကူအညီတောင်းနေသည်။ ပက်၏ အိမ်ရှေ့တံခါးကိုလည်း သူ့လက်နှစ်ဖက်ဖြင့် အဆက်မပြတ် ထုနေသည်။

ရဲကားတစ်စီးသည် ဥသြ အဆက်မပြတ် ဆွဲကာ ပက်၏ အိမ်ဆီသို့ အရှိန်ပြင်းစွာ မောင်းလာသည်။

ပက်၏ အိမ်ကို မီးတောက်ကြီးက ဝါးမျိုနေလေပြီ။

တိုဘီက ခြံစည်းရိုးဆီသို့ ခြံဝင်းကို ဖြတ်ပြေးသည်။

ကိစ္စအားလုံး ရှင်းသွားပြီ။

အစွန်းအစ ဆိုလို့ ဘာမှ မကျန်တော့။

အက်ဘီဂေးလ်ကို ဒုက္ခပေးမည့် လေယာဉ်မှူး၏ ဖန်းလည်း မရှိတော့။

ထိုနေ့ ညတုန်းက သူတို့ အိမ်ခန်းထဲတွင် ဘာဖြစ်ခဲ့သည်ကို မှတ်မိနိုင်မည့် ကယ်ရီအဒမ်စ်လည်း မရှိတော့။

သူ မြန်မြန်ပြန်မှ ဖြစ်တော့မည်။ ခဏနေလျှင် အက်ဘီဂေးလ် သူ့ကို ရှာတော့မည်။

တစ်နာရီအတွင်း အိမ်ဖြူတော်သို့ အက်ဘီဂေးလ် အရောက်သွားရမည်။

တစ်ယောက်ယောက်က အော်ဟစ် အကူအညီတောင်းနေသည့် အသံကို သူ ကြားလိုက်ရသည်။ မီးလောင်နေသည်ကို တစ်စုံတစ်ယောက်က မြင်သွားပုံရသည်။

ဆက်တိုက် ဆိုသလိုပင် ရဲကား ဥသြဆွဲသံကိုပါ ကြားရသည်။ ထို့ကြောင့် သူ ခြေကုန် ပြေးတော့သည်။

ခြံစည်းရိုးနားသို့ သူ အရောက်မှာပင် ကားတစ်စီးကလည်း ဘရိတ်ဆောင့်နင်းပြီး ထိုနေရာမှာ ရပ်သွားသည်။

ထိုကားမှ တံခါးတွေ ပွင့်သွားသည်။ ပက်ထရေးမိုး၏ နာမည်ကို အော်ခေါ်နေသည့် ယောကျ်ားတစ်ယောက်၏ အသံကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆမ်ကင်စလေ၏ အသံ…

သည်နေရာမှ သူ အမြန်ထွက်မှ ဖြစ်တော့မည်။ အိမ်နောက်ဘက်ခြမ်းကို မီး စတင်ကူးနေပြီ။

တစ်ယောက်ယောက်က သူ့ကို မြင်သွားနိုင်သည်။

"အိမ်ရှေ့ပေါက်က မဝင်နဲ့ ဆမ်၊ ဒီနောက်ဘက်ကို လာ၊ နောက်ဘက် အပေါက်က ဝင်"

တိုဘီက ခြံစည်းရိုးပေါ်မှ အပြင်သို့ ခုန်ချလိုက်သည်။

အက်ဘီ…

အက်ဘီဂေးလ်၏ အသံ ဖြစ်လေသည်။

အက်ဘီဂေးလ်သည် ပန်းခြံဆီသို့ အိမ်ဘေးမှ ပန်းပြေးနေသည်။ တိုဘီက သူ့နောက်သို့ ပြေးလိုက်သည်။ မီလာသည်။

"အက်ဘီ… ဒုက္ခပါပဲ၊ ဒီနေရာနဲ့ လွတ်အောင်နေ၊ ဘာလာလုပ်နေတာလဲ"

အက်ဘီဂေးလ်က ထိတ်လန့်သော မျက်လုံးများဖြင့် တိုဘီကို မော့ကြည့်သည်။ ပတ်ဝန်းကျင်ကို မီးခိုးနံ့များ ဖုံးလွှမ်းနေပြီ။ အိမ်ဘေးမှ ပြတင်းပေါက်များ ပေါက်ကွဲထွက်ကုန်သည်။ မီးတောက်ကြီး ပိုမြင့်လာသည်။

"တိုဘီ… အိမ်ထဲမှာ ကယ်ရီ ရှိနေသလား"

တိုဘီ၏ အင်္ကျီ ရင်ဘတ်ကို ဆွဲပြီး အက်ဘီဂေးလ်က မေးသည်။

"ခင်ဗျား ဘာပြောနေတာလဲ၊ ကျုပ် မသိဘူး"

"တိုဘီ… မနေ့ညတုန်းက ကက်သရင်းဂရာနေရဲ့ အိမ်နားမှာ နင့်ကို မြင်တဲ့လူက မြင်လိုက်ရတယ်"

"အက်ဘီ… ပါးစပ် ပိတ်ထားစမ်း၊ မနေ့ညတုန်းက ကျုပ်ရည်းစားနဲ့ အတူတူ ညစာ စားနေတယ်၊ ကျုပ် ၁၀ နာရီခွဲမှာ ပြန်လာတာ ခင်ဗျား တွေ့တယ်"

"မတွေ့ဘူး၊ နင် အဲဒီအချိန် ပြန်လာတာလည်း မဟုတ်ဘူး"

"ဟုတ်တယ်၊ အဲဒီအချိန်မှာ ခင်ဗျား မြင်တယ် ဆိုနိုတ်တာ"

"ဒီအတိုင်းဆိုရင်တော့ မှန်နေပြီ၊ ငါ့ကို ဆမ် ပြောတဲ့စကားတွေ အားလုံး မှန်နေပြီ"

"အက်ဘီ… ကျုပ် ဒုက္ခရောက်အောင် ခင်ဗျား မလုပ်နဲ့လေ၊ ခင်ဗျားကို ကျုပ် စောင့်ရှောက်ခဲ့တယ်၊ ကျုပ်ကို ခင်ဗျား ပြန်စောင့်ရှောက်ရမှာပေါ့၊ အမြဲတမ်း ဒီအတိုင်းပဲ ဖြစ်နေရမယ်၊ ဒါကို ခင်ဗျား အသိသားနဲ့"

ဒုတိယမြောက် ရဲကားတစ်စီး မောင်းဝင်လာပြန်သည်။ အရေးပေါ် အချက်ပြမီးကို ခေါင်မိုးပေါ်မှာ ဖွင့်လာသည်။

"အက်ဘီ… ကျုပ် ဒီနေရာက ထွက်သွားမှ ဖြစ်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့လေသံထဲတွင် ကြောက်ရွံ့စိုးရိမ်သည့် လေသံ နည်းနည်းကလေးမှ မပါပေ။

"အိမ်ထဲမှာ ကယ်ရီ ရှိနေသလား"

"မီးကို ကျုပ် စရှို့တာ မဟုတ်ဘူး၊ ကယ်ရီကိုလည်း ကျုပ် ဘာမှမလုပ်ဘူး"

"အထဲမှာ ကယ်ရီ ရှိနေသလား"

"ရှိတယ်"

"နင် အလကား လူယုတ်မာ… လူမိုက်… လူတွေ လိုက်သတ်ပစ်နေတဲ့ လူယုတ်မာ၊ ကယ်ရီကို အခုချက်ချင်း သွားထုတ်ယူလာခဲ့"

တိုဘီ၏ ရင်ဘတ်ကို အက်ဘီဂေးလ်က တအားထုသည်။

"ငါ ပြောနေတာ ကြားတယ် မဟုတ်လား၊ အခုချက်ချင်း သွားခေါ်ထုတ်လာခဲ့"

အိမ်ခေါင်မိုးကို ကျော်ပြီး မီးညွန့်များ ထိုးတက်လာလေသည်။

"ငါ ပြောတဲ့အတိုင်း လုပ်"

အက်ဘီဂေးလ်က အသံကုန် အော်လိုက်သည်။

စက္ကန့်ပေါင်း အတော်ကြာအောင် သူတို့ချင်း အပြန်အလှန် စိုက်ကြည့်နေကြသည်။ နောက်ဆုံးတွင် တိုဘီက ပခုံးတွန့်သည်။ သူ အရှုံးပေးလိုက်သည်။

နှင်းခဲတွေ ဖုံးနေသည့် မြက်ခင်းပြင်ကို ဖြတ်ပြီး အိမ်ဆီသို့ ဒယီးဒယိုင် ပြေးသည်။ ပန်းခြံဘက်မှ ဝင်သည့် တံခါးပေါက်နားဝသို့ သူ ရောက်သွားသည်။ ထိုတံခါးကို သူ ခြေထောက်နှင့် ကန်ဖွင့်နေသည့် အချိန်မှာပင် မီးသတ်ကား ဥသြဆွဲပြီး ဝင်လာသံကို ကြားလိုက်ရလေသည်။

အိမ်ထဲမှာ အပူရှိန်က အရမ်းပြင်းနေပြီ။

တိုဘီက ကုတ်အင်္ကျီကို ချွတ်လိုက်သည်။ သူ့ခေါင်းပေါ်မှာ တင်သည်။ ပခုံးပေါ်မှာ ခြုံသည်။

ကယ်ရီသည် စောစောတုန်းက ညောင်စောင်းပေါ်မှာ ရှိသည်။ ညာဘက်က တံခါးနားမှာ ဖြစ်သည်။ ထိုနေရာကို မည်သို့ သွားရမည်နည်း။ သူ မခန့်မှန်းတတ်အောင် ဖြစ်နေသည်။

ကယ်ရီသည် ဘီလီ၏ သမီး ဖြစ်သောကြောင့် မရမနေ မိမိကို ဝင်ကယ်ခိုင်းခြင်း ဖြစ်ကြောင်း တိုဘီ တွေးကြည့်လိုက်မိလေသည်။ ခင်ဗျားအတွက် အန္တရာယ်တွေ အားလုံး ကင်းနေတာ ဒီအလုပ်မျိုးတော့ မလုပ်သင့်ဘူးဟုလည်း စိတ်ထဲမှ ကျိတ်ပြီး သူ ပြောနေမိသည်။

ညောင်စောင်းနားသို့ သူ ရောက်လာသည်။ ညောင်စောင်းပေါ်မှာ လက်နှင့် စမ်းသည်။ သည်အပေါ်မှာ ကယ်ရီ မရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ညောင်စောင်းဘေးတစ်ဝိုက် ကြမ်းပြင်ကို စမ်းသည်။ မတွေ့။ ခေါင်းပေါ်မှ ဖြိုးဖြိုးဖျစ်ဖျစ် အသံများ မြည်နေပြီ။ အိမ်ထဲမှ အမြန်ဆုံးထွက်မှ ဖြစ်တော့မည်။ ခဏနေလျှင် တစ်အိမ်လုံး ပြာကျသွားတော့မည်။

တံခါးပေါက်ဆီသို့ ပြန်လာသည်။ လေအေး တိုက်နေသောကြောင့် တံခါးပေါက် ဖြစ်ရမည်ဟု မှန်းဆမိခြင်း ဖြစ်သည်။

အင်္ဂတေများ သူ့ကိုယ်ပေါ်သို့ ကွာကျသောကြောင့် သူ ယိုင်သွားသည်။ မထိန်းနိုင်တော့ဘဲ လဲကျသွားသည်။

လူတစ်ယောက်ကို စမ်းမိသည်။ မျက်နှာကို စမ်းမိသည်။ မိန်းမမျက်နှာ မဟုတ်ပါ။

အရှး၏ မျက်နှာသာ ဖြစ်ချေသည်။

တိုဘီက လဲနေရာမှ ကုန်းထသည်။ သူ့ကိုယ်လုံးလည်း တုန်နေသည်။ သူ ရှိနေသည့် အခန်းကြီး တုန်ခါနေသည်ဟု သူ့စိတ်ထဲမှာ ခံစားနေရသည်။

ခဏကြာတော့ မျက်နှာကြက်ကြီး ပြိုကျလာသည်။

နောက်ဆုံး အသက်ရှုလိုက်နိုင်သည့် အချိန်ကလေးတွင် "အက်ဘီ…" ဟု သူ တ,လိုက်ပါသေးသည်။

သို့သော်လည်း သည်တစ်ကြိမ်တွင်မူ သူ့ကို အက်ဘီ ဘယ်လိုမှ မကယ်နိုင်တော့ပါ။

ပက်သည် တရွေ့ရွေ့ဖြင့် ခွန်အားရှိသမျှ ကြိုးစား ရွေ့ယူလာခဲ့သည်။ ကိုယ်လုံးကို လိမ့်၍ရလျှင် လိမ့်ယူသည်။ ယက်၍ရလျှင် ယက်ယူသည်။

ခြေထောက်ကိုပါ ကြိုးနှင့် ချည်ထားရာ ညာခြေထောက်မှ ကြိုးက တင်းလွန်းသောကြောင့် သွေးမလျှောက်တော့။ ထို့ကြောင့် ခြေထောက်ကို မသုံးနိုင်တော့ဘဲ လက်ပြန်ကြိုး တုပ်ထားသည့် လက်ကိုသာ အားကိုးရတော့သည်။

လက်ချောင်းကလေးများနှင့် လက်ဖဝါးများကို အသုံးပြုပြီး ကိုယ်ကို လှည့်ပတ် ရွှေ့ပေးရသည်။

ကြမ်းပြင်များသည် မထိနိုင်လောက်အောင် ပူစပြုလာပြီ။ မီးခိုးမွန်သောကြောင့် မျက်လုံးများ စပ်လာသည်။ အသားအရေများလည်း စပ်ဖျဉ်းဖျဉ်း ဖြစ်လာသည်။

အုတ်နံရံကို မစမ်းမိတော့။ ဘယ်နေရာ ရောက်နေသည်ကို မခန့်မှန်းနိုင်တော့။ မျှော်လင့်ချက် ကင်းမဲ့သွားပြီ။

အသက်ရှူ ကျပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်လတ်လတ် မီးအရှို့ခံရပြီး သေရတော့မည်မှာ သေချာသွားသည်။

ထိုအချိန်ကလေးမှာပင် အသံတွေကို ကြားလာရသည်။

အော်ခေါ်သည့် အသံနှင့် တံခါးကို ထုနေသည့် အသံများ ရောထွေး ကြားလာရသည်။

ကယ်ပါ… ယူပါ တစာစာ အော်နေသော လိုင်လာ၏ အသံကို ကြား လာရသည်။

ပက်က သူ့ကိုယ်လုံးကလေးကို လိမ့်လိုက်သည်။ အသံ ကြားရာဘက်သို့ ရှိသမျှ ခွန်အား ညွှစ်ထုတ် သုံးပြီး ရွေ့သည်။

အိမ်နောက်ဘက်က ကျယ်လောင်သည့် မြည်ဟည်းသံကြီး ကြားရသည်။ ကြမ်းပြင်တစ်ခုလုံး သိမ့်သိမ့်ခါသွားသည်။ အိမ်ကြီး တစ်အိမ်လုံး ပြိုကျသွားသည်။

သူ သတိလစ်တော့မလို ဖြစ်နေခိုက်မှာပင် တံခါးကို ထုရိုက်နေသည့် အသံများ ကြားရသည်။ အကျိုးအပဲ့များ ဘေးကို စဉ်ကုန်သည့် အသံများကိုပါ ကြားရသည်။ သူတို့ တံခါးကို ဖျက်နေကြခြင်း ဖြစ်ကြောင်း သဘောပေါက်လာ သည်။

သူ ရှိနေသည့် နေရာနှင့် အရမ်းနီးနေပြီ။

မီးခိုးလုံးများ ဝင်လာပြန်သည်။ မီးအပူငွေ့က မခံနိုင်လောက်အောင် ဟပ်လာသည်။

"သိပ်နောက်ကျသွားပြီ၊ ခင်ဗျား အထဲကို ဝင်လို့ မရဘူး"

ဟု စိတ်ဆိုးမာန်ဆိုး အော်ပြောနေကြသော ယောကျ်ားသံများကို ကြား ရသည်။

"ကယ်ကြပါ… ကယ်ကြပါ…"

ဟူသော လိုင်လာ၏ ကြောက်လန့်တကြား အော်နေသည့် အသံကို ကြားရသည်။

"ကျွန်တော့်ကို လွှတ်ပါ၊ ကျွန်တော် ဝင်မယ်"

ထိုအသံကတော့ ဆမ်၏ ဒေါသတကြီး အော်ဟစ် ပြောသံ ဖြစ်လေသည်။

ဆမ်… ဆမ်…

ပြေးလွှားနေသည့် ခြေသံများကို ကြားရသည်။ သူ့နာမည်ကို အော်ခေါ် နေသည့် အသံများကိုလည်း ကြားရသည်။

ပက်က ခြေထောက်ကို မြှောက်လိုက်သည်။ နံရံကို ဆောင့်ကန်လိုက် သည်။

ဆမ်က လှည့်ကြည့်သည်။ မီးရောင်များ အောက်တွင် ပက်ကို ... မြင်သွားသည်။ ကောက်ပွေ့ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အပြင်သို့ ပြေးထွက်သွားသည်။ လမ်းထဲမှာ မီးသတ်ကားများ၊ ရဲကားများဖြင့် ပြည့်ကျပ်နေသည်။ မီးလာကြည့်သူများလည်း ကြိတ်ကြိတ်တိုးနေသည်။

လူနာတင်ကားမှ သူနာပြုက ပက်ကို ပြုစုနေခိုက် အက်ဘီဂေးလ်က ကျောက်ရုပ်လို မတုန်မလှုပ် ရပ်ပြီး ကြည့်နေသည်။

ဆမ်က လူနာထမ်းစင်ဘေးမှာ ဒူးထောက်ပြီး ပက်၏ လက်မောင်းကို ဆုပ်ကိုင် အားပေးနေသည်။ သူ့မျက်နှာပေါ်တွင် အလွန်တရာ စိုးရိမ်ပူပန်သည့် အမူအရာ ရှိနေသည်။

သူတို့နှင့် မလှမ်းမကမ်းမှာ လိုင်လာ ရပ်နေသည်။ လိုင်လာ၏ မျက်နှာပေါ်တွင် သွေးရောင် လုံးဝမရှိတော့ပါ။ သူ့တစ်ကိုယ်လုံးလည်း တုန်ယင်နေသည်။ ငြိမ်သက်နေသည့် ပက်၏ ကိုယ်လုံးကလေးကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေသည်။

သူတို့ပတ်လည်တွင် မီးလောင်နေသည့် အိမ်မှ အပိုင်းအစများ လွင့်ပျံလာပြီး လာကျနေသည်။

"သွေးခုန်နှုန်းကတော့ တော်တော်ကထက် ပိုအားကောင်းလာပြီ"

ဟု သူနာပြုက ပြောသည်။

ပက်၏ ကိုယ်လုံးကလေး လှုပ်လာသည်။ မျက်နှာပေါ်မှ အောက်ဆီဂျင်မျက်နှာဖုံးကို ဆွဲချွတ်ဖို့ ကြိုးစားနေသည်။

"ဆမ် ..."

"ကိုယ့် အနားမှာ ရှိနေပါတယ် အချစ်ရေ"

အက်ဘီဂေးလ်က သူ့ပခုံးကို လာကိုင်သောကြောင့် သူ မော့ကြည့်သည်။ အက်ဘီဂေးလ်၏ မျက်နှာမှာ မီးခိုးမှိုင်းများ ရိုက်ထားသည်။ သူ ဝတ်ထားသည့် ဝတ်ကောင်းစားလှများလည်း တွန့်ကြေ ပျက်စီးကုန်ပြီ။

"ကယ်ရီ အသက်ဘေးက လွတ်သွားလို့ ကျွန်မ ဝမ်းသာပါတယ် ဆမ်၊ သူ့ကို ဂရုစိုက်လိုက်ပါနော်"

"ကျွန်တော်ကလည်း ဂရုစိုက်ချင်နေတာပါ"

"ကျွန်မ ရဲသားတစ်ယောက်ယောက်ကို ခေါ်ပြီး တယ်လီဖုန်း ရှိတဲ့နေရာကို လိုက်ပို့ခိုင်းမယ်၊ ပြည်သူ့ကိုယ်စားလှယ်အဖြစ်က ကျွန်မ နုတ်ထွက်တော့မယ့်အကြောင်း သမ္မတကြီးကို လူကိုယ်တိုင် ပြောမပြချင်ဘူး၊ အယ်လီနာဘရောင်းကို ကျွန်မ ဘယ်လို ကူညီရမယ် ဆိုတာကိုလည်း သိချင်သေးတယ်"

အနီးဆုံး ရဲကားဆီသို့ အက်ဘီဂေးလ်က နေးကွေးလေးလံသော ခြေလှမ်းများဖြင့် လျှောက်သွားနေသည်။ မီးလာကြည့်နေသည့် ပရိသတ်က သူ့ကို မှတ်မိသွားသည်။ အံ့အားသင့်ပြီး လမ်းဖယ်ပေးကြသည်။ အချို့က လက်ခုပ်တီးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်မြင်သံကြားက တင်ဆက်တဲ့ ခင်ဗျားအကြောင်း အစီအစဉ် သိပ်ကောင်းတယ် ဆိုနိုတ်တာ"

ဟု တစ်ယောက်က အော်သည်။

"ခင်ဗျားကို ကျွန်တော်တို့ ချစ်တယ်၊ ခင်ဗျား ဒုတိယသမ္မတ ဖြစ်ဖို့ ကျွန်တော်တို့ ထောက်ခံတယ်"

ဟု အခြားတစ်ယောက်ကလည်း အော်သည်။

ရဲကားထဲသို့ ဝင်ထိုင်ရင်း အက်ဘီဂေးလ်က လူအုပ်ကြီးကို လှည့်ကြည့်သည်။

ပြီးတော့ နှုတ်ဆက်သူများကို အသိအမှတ်ပြုသည့် အပြုံးကို နောက်ဆုံးပိတ်အနေဖြင့် ကြိုးစား၍ ပြုံးပြလိုက်လေသည်။

❑

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## [—၄၃—]

ဒီဇင်ဘာလ ၂၉ ရက်နေ့ ည ၉ နာရီအချိန်တွင် သမ္မတကြီးသည် အိမ်ဖြူတော် အရှေ့ဘက်ခန်းအတွင်းသို့ သတင်းစာကွန်ဖရင့် ပြုလုပ်ရန် ဝင်ရောက်လာလေသည်။

ထိုသတင်းစာကွန်ဖရင့်သည် လွန်ခဲ့သည့် နှစ်ရက်က ကျင်းပရန် ဖြစ်သော်လည်း အကြောင်းမညီညွတ်သဖြင့် ရွှေ့ဆိုင်းခဲ့သော သတင်းစာကွန်ဖရင့် ဖြစ်လေသည်။

စကားပြောရန် ပြင်ဆင်ထားသော စင်ကလေးဆီသို့ သူ လျှောက်သွားသည်။ ပြီးတော့…

"ကျွန်တော်တို့ ဒီနေရာကို ဘာလာလုပ်နေကြတာလဲ ဆိုတာ စဉ်းစားနေမိတယ်ဗျာ" ဟု ပြောသည်။

ဝါးခနဲ ပွဲကျသွားသည်။

အချိန်မကျသေးဘဲ ဒုတိယသမ္မတ ရာထူးမှ နုတ်ထွက်သွားသည့်အတွက် ဝမ်းနည်းကြောင်း ပြောသည်။ ပြီးတော့ ဆက်ပြောသည်။

"ကျန်နေသေးတဲ့ ကျွန်တော့်ရဲ့ သမ္မတသက်တမ်း ကုန်ဆုံးသွားအောင် ကျွန်တော်နဲ့ အတူတူ လက်တွဲ ဆောင်ရွက်သွားဖို့ အရည်အချင်း ပြည့်မီတဲ့လူတွေ ကျွန်တော်တို့မှာ အများကြီး ရှိနေပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ရွေးချယ်လိုက်တဲ့ ဒုတိယသမ္မတကို ကွန်ဂရက်လွှတ်တော်နဲ့တကွ အစိုးရ ဌာနများက လှိုက်လှိုက်လှဲလှဲ ထောက်ခံကြလိမ့်မယ် ဆိုတာကိုလည်း ကျွန်တော် ယုံကြည်ပါတယ်၊ ဂုဏ်သရေရှိ အမျိုးသမီးနဲ့ လူကြီးမင်းများ ခင်ဗျား… ကျွန်တော် ရွေးချယ်

www.burmeseclassic.com



လိုက်တဲ့ ဒုတိယသမ္မတနဲ့ လူကြီးမင်းများကို မိတ်ဆက်ပေးပါရစေ၊ အဲဒီပုဂ္ဂိုလ်က တော့ အမေရိကန်ပြည်ထောင်စုရဲ့ ပထမဦးဆုံး အမျိုးသမီး ဒုတိယသမ္မတ ဖြစ်လာမယ့် ဝစ္စကွန်စင်ပြည်နယ်က ဆီးနိတ်လွှတ်တော်အမတ် ကလဲယားလောရင့်စ် ဖြစ်ပါတယ် ခင်ဗျား"

တက်ရောက်လာကြသူများ အားလုံး ထိုင်ရာမှ ထပြီး ကျယ်လောင်စွာ သြဘာပေးကြလေသည်။

ဆမ်၏ အိမ်ရှိ နားနေခန်းထဲမှ ညောင်စောင်းပေါ်တွင် ဆမ်နှင့် ပက်တို့ နှစ်ယောက် ထိုင်ပြီး သမ္မတကြီး၏ သတင်းစာကွန်ဖရင့် ရုပ်မြင်သံကြားသတင်းကို ကြည့်နေကြလေသည်။

"အက်ဘီဂေးလ်လည်း ဒါကို ကြည့်များနေမလားလို့ ကျွန်မ စဉ်းစားနေမိတယ်"

ဟု ပက်က ပြောသည်။

"သူ ကြည့်နေမယ်လို့ ကိုယ် ထင်တယ်"

"တိုဘီ ပေးတဲ့ အကူအညီမျိုးကို သူ လုံးဝမယူသင့်ခဲ့ဘူး၊ ဒီလို အကူအညီ မျိုးတွေလောက်တော့ သူ့ဘာသာသူလည်း လုပ်ယူနိုင်တာပဲ"

ပက်က စဉ်းစားရင်း ပြောနေသည်။

"ဟုတ်တယ်၊ အခုတော့ ဝမ်းနည်းစရာ အကောင်းဆုံးတွေနဲ့ သူ ကြုံတွေ့ လိုက်ရတာပေါ့"

"သူ ဘာဖြစ်မလဲ ဟင်" ဟု ပက်က မေးသည်။

"ဝါရှင်တန်ကနေ သူ တခြားကို ပြောင်းသွားမယ်၊ ဒါပေမဲ့ သူ ဓာတ်သိမ်း သွားပြီလို့ လျှော့မတွက်လိုက်နဲ့၊ အက်ဘီဂေးလ်ဟာ စိတ်ဓာတ် ကြံ့ခိုင်တယ်၊ ဒီနေရာကို သူ ပြန်ရောက်လာအောင် ကြိုးစားလိမ့်ဦးမယ်၊ ဒီတစ်ခါတော့ သူ့ နောက်ကွယ်မှာ ဟိုလိုင်တုံးမျိုး မရှိတော့ဘူး"

"ကောင်းတာတွေ အများကြီး လုပ်ခဲ့ပါတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ၊ အကြောင်းအမျိုးမျိုးနဲ့ သူ့အပေါ်မှာ ကျွန်မ ဟိုတုန်းက ယုံကြည်မှု ရှိခဲ့ဖူးတယ်"

ပက်က ဝမ်းနည်းစွာ ပြောသည်။

ကလဲယားလောရင့်စ်၏ လက်ခံကြောင်း မိန့်ခွန်းကို သူတို့ နားထောင်ကြသည်။

ဆမ်က ပက်ကို တွဲထူပေးသည်။

"မင်း မျက်ခုံးမွေးနဲ့ မျက်တောင်တွေ မီးလောင်ထားလို့ ပြောင်နေတာ အံ့သြတဲ့ မင်းရဲ့ အမူအရာဟာ ပိုပြီးထင်ရှားပေါ်ပြင်လာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆမ်က ပက်၏ မျက်နှာကလေးကို လက်နှစ်ဖက်နှင့် အုပ်ကိုင်ထားသည်။

"ဆေးရုံက ဆင်းလာရတာ စိတ်ချမ်းသာတယ် မဟုတ်လား"

"ရှင် သိပါတယ်နော်"

ဆမ်သည် ပက်ကို ဆုံးရှုံးလုနီးနီး ဖြစ်ခဲ့ရလေသည်။ ယခုတော့ ပက်က ဆမ်၏ မျက်နှာကို မော့ကြည့်နေလေသည်။ သူ့မျက်နှာပေါ်တွင် ယုံကြည်မှု အပြည့်အဝပါသည်။ သို့သော်လည်း စိတ်လက်ချမ်းသာနေသည့် အမူအရာမျိုးတော့ မဟုတ်။

"အယ်လီနာ ဘာတွေများ ဖြစ်ဦးမလဲ ဟင်၊ ရှင်က သူ့အကြောင်း ဘာမှ မပြောဘူး၊ ကျွန်မကလည်း မေးရမှာ ကြောက်နေတယ်"

"မင်းကို တမင်မပြောဘဲ နေတာ မဟုတ်ပါဘူး၊ တိုဘီနဲ့ ပတ်သက်ပြီး အက်ဘီဂေးလ်က သက်သေထွက်ဆိုချက်ကို ပြန်ပြင်ထွက်မယ်၊ ဒါကြောင့် သူ ပြစ်ဒဏ်အားလုံးက လွတ်သွားမှာပါ။ မင်းအကြောင်းရော ဘယ်လိုလဲ။ အခု အမှန်တရားကို မင်း သိပြီမဟုတ်လား။ မင်းအဖေနဲ့ အမေနဲ့ ပတ်သက်ပြီး မင်း စိတ်ထဲမှာ ဘယ်လိုများ ခံစားနေရသလဲ"

"သေနတ်မောင်းကို ကျွန်မ အဖေ ဆွဲတာ မဟုတ်ဘူး ဆိုတာကို သိရလို့ ဝမ်းသာတယ်၊ ကျွန်မ အမေအတွက်တော့ ဝမ်းနည်းတယ်။ အဲဒီညတုန်းက ကျွန်မ ဒဏ်ရာ အနာတရဖြစ်အောင် လုပ်တာ သူတို့နှစ်ယောက် မဟုတ်ဘူးဆိုတာ သိရလို့လည်း ဝမ်းသာတယ်၊ အမှန်တော့ သူတို့နှစ်ယောက်ဟာ အသွင်မတူဘဲ ကြင်သူ ဖြစ်ကြတာပါ၊ ဒါကြောင့် အခုလို ကြီးကြီးကျယ်ကျယ်တွေ ဖြစ်ကုန်တာပေါ့၊ ဘယ်သူ့ကိုမှ အပြစ်တင်စရာလည်း မလိုတော့ပါဘူး၊ လူတွေအကြောင်းကို ကျွန်မ ပိုပြီးနားလည်လာတယ်၊ အနည်းဆုံး နားလည်လာပြီလို့ ထင်ရတာပါပဲလေ"

"ဒီလိုလည်း စဉ်းစားကြည့်ဦးလေ၊ မင်းရဲ့ အဖေနဲ့ အမေသာ အကြောင်း မပါကြဘူး ဆိုရင် မင်းလည်း လူဖြစ်လာစရာ အကြောင်းမရှိဘူး၊ ကိုယ်ကလည်း တည်းခိုခန်းနဲ့ တူတဲ့ အိမ်ခန်းကလေးထဲမှာ လူ့ဘဝကို အချည်းနှီး ကုန်ဆုံးလွန်မြောက် ရမှာ အမှန်ပဲ၊ တည်းခိုခန်းက ဧည့်ခန်းလို့ မင်း ပြောတယ် မဟုတ်လား"

"အဲဒီသဘောမျိုးပဲ ဆိုပါတော့"

"အလုပ်ကိစ္စ ဆုံးဖြတ်ပြီးပြီလား"

"မသိတော့ပါဘူးလေ၊ လူသာက ကျွန်မ ဆက်ပြီး အလုပ်လုပ်စေချင်ပုံ ရတာဟာ ရိုးရိုးသားသားလို့တော့ ထင်ရတာပဲ၊ အခု တင်ဆက်ခဲ့တဲ့ အစီအစဉ်ဟာ ဘယ်လောက် တန်ဖိုးကြီးသလဲ ဆိုတာ ကျွန်မ ခန့်မှန်းကြည့်နေတယ်၊ ကလဲယား လောရင့်စ်အကြောင်း တင်ဆက်နိုင်ဖို့ လိုအပ်တာတွေ စပြင်ဖို့ ကျွန်မကို သူ ပြောတယ်၊ နောက်ပြီးတော့ သမ္မတကြီးကတော်အကြောင်း တင်ဆက်ဖို့လည်း ဖြစ်လာနိုင်စရာ အကြောင်း ရှိတယ်၊ စိတ်လှုပ်ရှားစရာတော့ ကောင်းတယ်၊ ဒီတစ်ခါကျရင် ကျွန်မ ကြိုက်သလို ဖန်တီးခွင့် ရှိရပါစေ့မယ်လို့ သူက ကတိပေး

www.burmeseclassic.com



တယ်၊ နောက်ပြီး ကျွန်မအနားမှာ ရှင် ရှိနေပြီဆိုတော့ ဟိုတစ်ခါတုန်းကလို ကျွန်မကို သူ အီစီကလီလုပ်ဖို့လည်း ကြိုးစားတော့မှာ မဟုတ်ပါဘူး"

"အီစီကလီ မလုပ်လေ ကောင်းလေပေါ့ကွာ"

ဆမ်က ပက်၏ ပခုံးကို သိုင်းဖက်လိုက်သည်။ ပက်၏ မျက်နှာပေါ်တွင် အပြုံးကလေး တစ်ခု စတင် ပေါ်ပေါက်နေသည်ကို တွေ့ရသည်။

"ကဲ… လာ… ရေပြင်ကို ကြည့်ရတာ မင်း စိတ်ချမ်းသာတယ် မဟုတ်လား"

ပြတင်းပေါက်ဆီသို့ သူတို့ လျှောက်သွားသည်။ အပြင်သို့ လှမ်းကြည့်လိုက်သည်။ တိမ်ဖုံးသောည ဖြစ်သည်မှာ မှန်ပါသည်။ သို့သော်လည်း ပိုတိုမက် မြစ်ကြီးသည် ကနေဒီစင်တာ အဆောက်အအုံမှ မီးရောင်များဖြင့် လင်းလက်တောက်ပ၍နေလေသည်။

"ဒီလို အိမ်ကြီးတစ်လုံးလုံး မီးလောင်သွားလိမ့်မယ်လို့ ကိုယ် ဘယ်တုန်းကမှ မထင်ခဲ့ဖူးဘူး၊ အဲဒီလို မီးလောင်နေတဲ့ အိမ်ကြီးထဲမှာ မင်း ရှိနေလိမ့်မယ်ဆိုတာကိုတော့ ယောင်လို့တောင် မစဉ်းစားဝံ့ပါဘူး"

ဆမ်က ပက်ကို ခပ်တင်းတင်းကလေး ဖက်ထားလိုက်လေသည်။

"မင်းကို ကိုယ် အဆုံးရှုံးမခံနိုင်ဘူး ပက်၊ အခုလည်း အဆုံးရှုံးမခံနိုင်ဘူး၊ နောင်လည်း အဆုံးရှုံးမခံနိုင်ဘူး"

ပက်ကို သူ နမ်းသည်။

"နောက်ထပ်ပြီးတော့လည်း အချိန်တွေ မဖြုန်းနိုင်တော့ဘူး၊ ကိုယ် အလေးအနက် ပြောနေတာပါ ပက်၊ နောက်အပတ်မှာ ကနီးလ်ဘေးကို ဟူးရှည်ဆမ်း ခရီးထွက်မယ်ဆိုရင် မင်းအဖို့ အဆင်ပြေနိုင်ပါ့မလား"

"အဲဒီလောက်ကြီးတော့လည်း ငွေကုန်မခံပါနဲ့ ဆမ်၊ ကိပ်ကော့လောက်ကို သွားရရင်ပဲ တော်လောက်ပါပြီ"

"ကိပ်ကော့က အက်ဘီတိုက်ဟိုတယ်ကလေးကိုလား"

"ရှင်က အမှန်းကောင်းတာကိုး၊ ဒါပေမဲ့ တစ်ခုတော့ အပြောင်းအလဲ လုပ်ရမယ်"

ပက်က သူ့ကို မော့ကြည့်သည်။

စောစောတုန်းက ခပ်မှိန်မှိန် အပြုံးသည် ယခုအခါတွင် အရောင် အတောက်ကြီး တောက်လာလေသည်။

"ဒီတစ်ခါ ကျွန်မတို့ အိမ်ပြန်ရင်တော့ လေယာဉ်ပျံ တစ်စီးတည်း အတူတူ စီးကြမယ်နော်"

❑

www.burmeseclassic.com